

# ဂျာနယ်ကျော်မမလေး

GRAPHIC DESIGN : KYAW MOUNG

( နဝမ အကြိမ် )

## ဂျာနယ်ကျော် မမလေး [ ၁၉၁၇–၁၉၈၂ ]

ရောဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘက် မန်နေဂျာ ဦးပျားချို၊ အမိ ဒေါ်ကြွတို့က ၁၉၁၇ ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံ အေဘီအမ်ကျောင်း၌ ကျောင်း စ နေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်း အောင်သည်။ ထို့နောက် ရန်ကုန် မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု မေလ ၁၄ ရက်တွင် ဦးအောင်ဗေယျနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆–၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟာစ်တိုင် သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင် မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈–၄၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး(၁၉၆၁–၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်(၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့်[နယူးဒေလီ] (၁၉၅၅)၊ အကာမြို့ဆန့်ကျင်ရေး ကွန်ဖရင့် [ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး"ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း [ဂျပန်](၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပစ်စာ'တစ်စောင်ကို တုံ့ပြန် ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက် သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည် ဆို၏။ "အမျိုးသမီးများ 'ကကြီးသတ်' ဉာဏ် ရှိကြရန်" (မြန်မာ့အလင်း၊ ၁၉၃၆–၃၇)သည် ပထမ ပုံနှိပ်ဆောင်းပါး ဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" [ဂျာနယ်ကျော်၊ ၃၁–၅–၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ **သူမ**(၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ** (၁၉၄၈)၊ **ရွှေမငြိး**(၁၉၄၈)၊ **စိတ်**(၁၉၅၁)၊ **ကမ္ဘာမြေဝယ်**(၁၉၅၂)၊ **မုန်း၍မဟူ** (၁၉၅၅)၊ **တွေးတစိမ့်စိမ့်** (၁၉၆၃) [လှတစ်မျက်နှာ–၁၉၆၉]၊ **ရင်နှင့်အောင်မွေး**(၁၉၆၇)၊ **ရင်မှတစ်ရှိုက်** (၁၉၇၀)၊ **သွေး** (၁၉၇၃) တို့ ဖြစ်ကြ၏။ **မုန်း၍မဟူ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန်ဆု၊ **တွေးတစိမ့်စိမ့်**ဖြင့် ၁၉၆၃ ခု အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြား ဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ **မြက်ကလေးတစ်ပင်** (ဂျာမန်–၁၉၆၈)၊ **တွေးတစိမ့်စိမ့်** (ရုရှ–၁၉၈၄)၊ **သွေး**(ဂျပန်–၁၉၇၇)၊ **မုဆိုးမ**(အင်္ဂလိပ်)၊ **မုန်း၍မဟူ**(ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်) တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော် မမလေး၏ ကလောင်ခွဲများမှာ ရဝေလှိုင်၊ လှတခိုင်၊ ဘိုကလေး မတင်လှိုင် တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာဆောင်းပါးများ** (၁၉၆၂)[ **မြန်မာ့ဆေးပညာ**– ၁၉၆၇]ကို ပြုစုခဲ့သည်။

၁၉၈၂ ခု ဧပြီလ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

# မာတိကာ


| | |
|---|---|
| – စုတ်တသပ်သပ်နှင့် သူ့ကိုသာ နမြော(ကျိုက်လတ် ဆရာချစ်) | ၁၀ |
| – ဦးချစ်မောင် ဈာပနတွင် သံဝေဂဖြစ်ပုံ တေးထပ်(ဒဂုန်နတ်ရှင်) | ၁၀ |
| – ပထမတွဲ၊ ပထမအကြိမ် ဂုဏ်ရောင်၏ နိဒါန်း | ၁၁ |
| – ပထမတွဲ၊ ပထမအကြိမ် စာရေးသူ၏ အမှာ | ၁၃ |
| – ဒုတိယတွဲ၊ ပထမအကြိမ် စာရေးသူ၏ အမှာ | ၁၆ |
| – ဒုတိယတွဲ၊ ပထမအကြိမ် ဂုဏ်ရောင်၏ နိဒါန်း | ၁၇ |
| – နှစ်တွဲပေါင်း ပုံနှိပ်ခြင်းအတွက် စာရေးသူ၏ အမှာ | ၁၉ |
| – ပဉ္စမအကြိမ်မှ အဋ္ဌမအကြိမ်ထိ ပုံနှိပ်ခြင်းအတွက် စာရေးသူ၏ အမှာ | ၂၁ |
| – မှတ်တမ်းတင်အပ်ပါသည်(ဂျာနယ်ကျော် မိသားစု) | ၂၃ |
| ၁။ မြန်မာ့အလင်းမှ ပြန်စာ | ၂၅ |
| ၂။ ကျွန်မ၏ ကျွန်မ | ၃၀ |
| ၃။ ဘယ့်နှယ်ရှိပါစ | ၃၅ |
| ၄။ အတွေ့၏ အစ | ၄၆ |
| ၅။ ဘယ်လိုလူလဲ | ၅၉ |
| ၆။ ရန်ကုန်တွင် | ၆၇ |
| ၇။ မမေ့နိုင်သော ည | ၇၅ |
| ၈။ ဩော် ဘယ်ရွေးကံ | ၇၈ |
| ၉။ မမေးစဖူးသော စကား | ၉၂ |
| ၁၀။ ဈာန်လျှောပြီ | ၁၀၀ |
| ၁၁။ သူ သူ သူ | ၁၀၆ |
| ၁၂။ မတင်တင် ရေ့ | ၁၁၅ |
| ၁၃။ ဝန်ထုပ်ကြီး ကျသွားခြင်း | ၁၁၈ |
| ၁၄။ ကိုယ်တော်ကြီး | ၁၃၀ |
| ၁၅။ ပထမ ၇ ရက် | ၁၃၉ |
| ၁၆။ အယ်ဒီတာ ဆိုတာ | ၁၄၈ |
| ၁၇။ ပြန်ရမလား | ၁၅၈ |
| ၁၈။ စိတ်မကောင်း အဖြစ်ရဆုံး နေ့ | ၁၆၃ |
| ၁၉။ ကျွန်မ၏ သဲကန္တာရ ခရီးကြီး | ၁၇၂ |
| ၂၀။ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော | ၁၈၁ |
| ၂၁။ ကလောင်နှင့် အုပ်ချုပ်သော အစိုးရ | ၁၈၆ |
| ၂၂။ သံကန့်လန့်ကာနောက်မှ သူ | ၁၉၂ |
| ၂၃။ ဗရုတ်ဗရက် အချိန်ကြီး | ၁၉၅ |
| ၂၄။ အာဏာ ဖီဆန်ရေး | ၂၀၅ |
| ၂၅။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ | ၂၁၅ |
| ၂၆။ အထက်သို့ | ၂၂၁ |
| ၂၇။ ဂျာနယ်ကျော် ဖွားမြင်ခန်း | ၂၃၅ |
| ၂၈။ ဂျာနယ်ကျော် မမလေး | ၂၄၉ |
| ၂၉။ အတွင်းရေးများ | ၂၅၇ |
| ၃၀။ စစ် စစ် စစ် | ၂၆၂ |
| ၃၁။ ခေတ်ပျက်ကြီး | ၂၇၀ |
| ၃၂။ သူလျှိုဘဝ | ၂၈၀ |
| ၃၃။ ဖ ဆ ပ လ | ၃၃၀ |
| ၃၄။ ဒီသား ဒီသမီး | ၃၄၀ |
| ၃၅။ စိန်ဘယက်ကြီး | ၃၄၇ |
| ၃၆။ သူ့ဘဝ လမ်းခရီး၏ အဆုံး | ၃၅၅ |
| ၃၇။ သူလိုလူ | ၃၇၈ |


[ နောက်ဆက်တွဲ ]


| | |
|---|---|
| – ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း | ၃၈၅ |



## စုတ် တသပ်သပ်နှင့် သူ့ကိုသာ နမြော

အတင်းသာ ဖက်မငြင်းနိုင်လို့၊ မင်းမရဏာ လက်အတွင်းကိုဖြင့်၊ ဆက်ဆင်းရှာပေါ့ ဦးချစ်မောင်။ ။ သြော်....ဖြေမတင်းနိုင်ဘု၊ ကွေကွင်းကာ သွေဖည်သူကြောင့်၊ မနေဆယ်ဆူ ဘယ်မကပါဘူး၊ သည်းအိမ်မှာ မီးရှိန်ခတယ်၊ ပြင်းပြ ပူလောင်။ ။ ပြုန့်ပြောကျယ် ပါရမီ့ငယ်နှင့်၊ အံ့သြဖွယ် သမ္မာရှိပါဘိ၊ မြန်မာပြည့် မဟာအသရေဆောင် ငယ်၊ စွာသေရှောင်တာက အလွန်စော။ ။ ရှင်နှင့်လူ၊ ရင်ပင့်ကာ တဆူဆူနဲ့၊ သူ တစ်မှု ငါတစ်နည်းသာပ၊ သူ့ဂုဏ်ကို စုအုံလို့ ချီးကြရာမှ၊ ချုပ်တည်းကာ မျက်ရည်သုတ် ရှုကြ၊ (အမယ်မင်း) တစ်မုဟုတ် လတ်လတ်ဆတ်ဆတ် ယခုလို မရဏာ လျှောရတာ ကြောင့် (ပြည်သူတို့မှာဗျာ....) စုတ်တသပ်သပ်နှင့်၊ သူ့ကိုသာ နမြော။

ကျိုက်လတ် ဆရာချစ်

[ ၁၃၁၈ ခုနှစ် နှစ်သစ်မင်္ဂလာ ဂျာနယ်ကျော် အထူးစာစောင်ကြီး၊ ၁၃ ဧပြီ ၁၉၄၆ ]

## ဦးချစ်မောင် ဈာပနတွင် သံဝေဂဖြစ်ပုံ တေးထပ်

[illegible]လည်း၊ ပွားပူမှ လျှမ်းပွေ၊ များလူထု သန်းကုဋေကို၊ လွမ်းပစေ [illegible]) မမြဲတဲ့ သလဲပြင်မှာ၊ တဲ အရှင် ဆောက်ကြပြန်တော့၊ ပူးပေ[illegible]အောင် ကြဲပေါ့။ ဦးချစ်မောင် တစ်ဖန်ကျော့ပါလို့၊ မပြန်[illegible] တယ်လို့၊ မူလက စစ်မှ တော်မည်၊ တဏှာ၏ ဘာဝိနိုင်မှာ၊ [illegible]ဟာမို့၊ လူအဖြစ် ရောက်ရမသွေ၊ ထောက်ဆပါလေ၊ ကြောက်စရ[illegible] ကြုံခဲ့လို့လေး။ ။

ဒဂုန်နတ်ရှင်

[ ဈေးနှုန်းသတင်းစာ၊ ဧပြီ ၁၉၄၆ ]

## နိဒါန်း

လူတိုင်းမသိသော လျှို့ဝှက်ချက်ကြီး နှစ်ချက်သည် ယခု ဖတ်ရှုရလတ္တံ့သော "သူ့လို လူ*"ဝတ္ထုကြီး၌ ဆက်လက် ဖုံးဖိထားခြင်းငှာ မဖြစ်နိုင်တော့အောင် ဘူးပေါ်သလို ပေါ်ခဲ့ရပြီ ဖြစ်ပေ၏။

မည်သူများ ဖြစ်ပါလိမ့်မည်နည်း ဟု အထင်ရခက်နေသော အမျိုးသမီး စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ ဇာတိသည် ဤဝတ္ထုကြီး၌ မဖုံးနိုင် မဖိနိုင် ပေါ်၍ လာ၏။

အရှက်အကြောက် ကြီးလွန်း၍၊ မိန်းမမြင်လျှင် ခေါင်းမဖော်ဝံ့လောက်အောင် စက္ခုန္ဒြေ ချ၍ ချ၍ နေတတ်သော သူ၏ သိက္ခာကြီးမှုကြောင့်၊ ရင်းနှီးသူများက "ဘုန်းကြီး"ဟု အမည်မှည့်ထားသော ကွယ်လွန်သူ ဂျာနယ်ကျော် ဦးချစ်မောင်မှာ ဖူးစာကံပွင့်၍ သိက္ခာချရတော့သည့် အချိန်သို့ ရောက်သည့်ကာလ၌၊ သူ့ကိုယ်သူ 'ကျွန်တော်တော့ ဈာန်လျှောပြီ'ဟု ဖွင့်၍ ပြောရသည်အထိ ထူးထူးဆန်းဆန်း သွက်လက် လှုပ်ရှားလာပုံတို့သည်လည်း ဤဝတ္ထုကြီးတွင် မဖုံးနိုင် မဖိနိုင် ခရေစေ့တွင်းကျ ပေါ်ပေါက်လာခဲ့ရပေ၏။

ဂျာနယ်ကျော် ဦးချစ်မောင်အား အထင်တစ်မျိုးဖြင့် သိမြင်ထားကြသူများသည် ဤဝတ္ထုကြီးကို ဖတ်ရှုရသည့်အခါ အံ့အားအသင့်ကြီးသင့်၍ နေရလောက်အောင် လန့်ဖျပ်ကောင်း လန့်ဖျပ်သွားကြမည် ဖြစ်ပေ၏။ သူ့အား စာပေသူရဲကောင်းအဖြစ်ဖြင့် ကြည်ညိုလေးစားလျက် ရှိသူများသည် ဤဝတ္ထုကြီးကို ဖတ်ရှုရသည့်အခါ၊ ဘယ်နံ့ရောအခါကမျှ မမျှော်လင့်ခဲ့သော သူ၏ လက်ရာများကို ကြုံကြိုက်ခဲ့သော ဆုံစည်းခြင်းမျိုးဖြင့် ဆုံစည်းသုံးသပ်ကြရမည် ဖြစ်ပေ၏။ ဤအချက်ကို ဝတ္ထုကြီးအား ဖတ်ရှုမိသည့်အခါ သဘောပေါက်မိကြလိမ့်မည် ဖြစ်၏။

* စတုတ္ထအကြိမ် ပုံနှိပ်ခြင်းအထိ "သူ့လိုလူ" အမည်ကိုသုံးပြီး၊ ပဉ္စမအကြိမ် ပုံနှိပ်ခြင်းတွင် "သူလိုလူ" အမည်သို့ ပြောင်းပါသည်။ [ ရာပြည့် ]

ရာပြည့်စာအုပ်တိုက်

[illegible]ချစ် သတင်းစာဆရာ၊ နိုင်ငံရေးသမားကြီးတစ်ဦး၏ [illegible]ပှသော ဘဝသက်တမ်းတွင် ယုံကြည်နိုင်ရန် ခဲယဉ်း[illegible]၏ အတွင်းရေး အတ္ထုပ္ပတ္တိကြီးကို ဂျာနယ်ကျော် မမလေး [illegible] "သူ့လိုလူ"ဟူသော နာမည်ဖြင့် ယခု ရေးသား ထုတ်ဝေလိုက်ခြင်း ဖြစ်ပေ၏။ ဤစာအုပ်မျိုးသည် မြန်မာပြည်အဖို့ ထူးဆန်းသစ်လွင်၍ ခေတ်အလိုအားဖြင့် စောလွန်းနေမည်ကား မလွဲပေ။ အနောက်နိုင်ငံ [illegible]စ်လွှားဆိ၌မှု နှစ်ပေါင်းများစွာကပင် ဤစာအုပ်မျိုးပေါင်း မြောက်မြား ပွား ထွက်ပေါ်လျက် ရှိချေပြီ။

"သူ့လိုလူ"ဝတ္ထုကြီးကား ရိုး၏။ သို့သော် ဆန်း၏။

ဤဝတ္ထုသည် ဆန်းလွန်းသော လူရိုးတစ်ယောက်၏ အကြောင်းဖြစ်ပြီး၊ ရိုးလွန်းသော လူဆန်းကြီးတစ်ဦး၏ အကြောင်းလည်း ဖြစ်၏။ သို့ဖြစ်၍ ဤဝတ္ထုသည် ဆန်းဆန်းနှင့် ရိုး၍၊ ရိုးရိုးနှင့်ပင် ဆန်းနေ၏။

လူလည်း ဆန်း၏။ စာအုပ်လည်း ဆန်း၏။

ထို့ထက် စာရေးဆရာ မမလေး၏ ဤပုံ တိုင်းပြည်သို့ ဖွင့်၍ ပြဝံ့သော သတ္တိအရာမှာ အဆန်းဆုံး ဖြစ်ပေတော့သတည်း။

၁၃၀၉ ခု၊ ကဆုန်လဆုတ် ၅ ရက်နေ့။ ဂုဏ်ရောင်

အယ်ဒီတာချုပ်၊ ဂျာနယ်ကျော်

[ သူ့လိုလူ(ပထမတွဲ)၊ ပထမနှိပ်ခြင်း၊ ဂျာနယ်ကျော်၊ ၁-၅-၁၉၄၇ ]

## စာရေးသူ၏ အမှာ

ကျွန်မ စာရေးဆရာ မမလေးသည် ဤဝတ္ထုကြီးကို စာဖတ်သူများ ရှေ့မှောက်သို့ အရောက် ထုတ်ဖော်ရေးသားရာ၌ ယခင် "အဖြူ"၊ "သူမ"၊ "သူ့လိုမိန်းမ" ဝတ္ထုများကို ရေးစဉ်ကကဲ့သို့ လက်သွက်ခြင်း မရှိမူ၍ အမျိုးမျိုး ချိန်ဆရခြင်းတို့ကို ပြုလုပ်ရပေသည်။ ဤဝတ္ထုတွင် ဇာတ်လိုက်အဖြစ် ပါဝင်နေသူ ကျွန်မ၏ ခင်ပွန်းသည် ဂျာနယ်ကျော် ဦးချစ်မောင်မှာ ဘဝတစ်ပါးသို့ ကွယ်လွန်ပြောင်းသွားခဲ့ပြီဖြစ်ရာ၊ ဤဝတ္ထုကို သူ ကွယ်လွန်ခဲ့ပြီးသည့်နောက် ၁၀ လ အကျော် တပေါင်းလဆန်းတွင် စတင်၍ ရေးခဲ့ပေသည်။ ဤသို့ရေးရာတွင် တစ်ပိုဒ်နှင့်တစ်ပိုဒ် စိတ်ပါလက်သွက်ခြင်း မရှိနိုင်အောင် ဖြစ်ပေသည်။ တစ်ပိုဒ်ပြီးတစ်ပိုဒ် သူ့ကို မပြနိုင်ဘဲနှင့် ရေးသားနေရသည့် အတွက်ပင် ရင်ထဲတွင် ပူလောင်လွန်းသဖြင့်၊ ဆုတ်ဆုတ်ဆိုင်းဆိုင်း ပြုလုပ်ရေးသား နေခဲ့၍လည်း အထွက် နောက်ကျရခြင်း ဖြစ်လေသည်။

ဂျာနယ်ကျော်တွင် "သူ့လိုလူ" ဝတ္ထုရေးမည်ဟု ကြော်ငြာစဉ်က ဤဝတ္ထုကို ရေးဖို့ရာ ကြော်ငြာခြင်း မဟုတ်ဘဲ၊ မိန်းကလေးများအတွက် အိမ်ထောင်ရေးတွင် အိမ်ထောင်ရွေးနည်း ဝတ္ထုတစ်ပုဒ်ကို "သူ့လိုလူ" အမည်ပေး၍ ထုတ်ဝေရန်သာ ကြော်ငြာခဲ့ခြင်း ဖြစ်သည်ကို ဂျာနယ်ကျော် ပရိသတ်တိုင်း သိရှိပေလိမ့်မည်။

ဤဝတ္ထု ဖြစ်ပေါ်လာအောင် လှုံ့ဆော်တိုက်တွန်း တောင်းပန်သည့်သူ မပေါ်ပေါက်က ကျွန်မသည် "သူ့လိုလူ" အမည်နှင့် ဤဝတ္ထုကို ရေးဖြစ်လိမ့်ဦးမည် မဟုတ်ပေ။

ဆရာဖြစ်သူအား လေးစားကြည်ညို ချစ်ခင်၍၊ ဆရာ့အကြောင်းအရာ အတ္ထုပ္ပတ္တိကိုသာ အတ္ထုပ္ပတ္တိရင်းအတိုင်း သူ့လိုလူတစ်ယောက် သူ့လိုရှိခဲ့ဖူးခြင်း အကြောင်းကို "သူ့လိုလူ"ဝတ္ထုအဖြစ်နှင့် ရေးပါရန် တက္ကသိုလ် ကိုမျိုးသန့်က အကြိမ်ကြိမ် အဖန်ဖန် အတန်တန် လာရောက် တိုက်တွန်းရုံမက၊ မကြာမီက ထုတ်ဝေခဲ့သည့် ဦးချစ်မောင်၏ မှတ်တမ်းဒိုင်ယာရီထဲတွင် "ဘယ်ရှေးကံ အဘိရာစကရယ်ကြောင့်၊ သိလာရ ခုပုံ...."

ဆိုသည့် ဇနီးဖြစ်သူအား အဆန်းတကြယ် တွေ့ရပုံကို ရေးစပ်ထားခဲ့သည့် ကဗျာမှာ ဖတ်ရသူတိုင်း ထူးထူးဆန်းဆန်း အကြောင်းပါပုံပါနည်းကို သိချင် ကြားချင် ကြသည် တစ်ကြောင်း၊ ဦးချစ်မောင်မှာ အဘက်ဘက်က ပြည့်စုံပြုလုံနေသည့် ဗဟုသုတ ပိဋကတ်အိုးကြီး တစ်ဆူဖြစ်၍ မချကေန် ဗဟုသုတဖြစ်ဖွယ်၊ မှတ်သားဖွယ် ကောင်းလောက်အောင် ထူးထူးခြားခြားတွေဖြင့် ပြည့်သိပ်နေမည့်အပြင် မိန်းမမြင်လျှင် ခေါင်းမဖော်ဝံ့သူဖြစ်၍ "ဘုန်းကြီး" ဟု ခေါ်တွင်ခြင်း ခံခဲ့ရသော ဦးချစ်မောင်၏ အချစ်ဇာတ်လမ်းမှာ ဆန်းဆန်းပြားပြား တခမ်းတနား ရှိပေလိမ့်မည်ဟု သိချင်စိတ် ယိုဖိတ်ပြင်းထန်လှပြီး၊ ဦးချစ်မောင်၏ အဆွယ်အပွား သားသမီးများအတွက် သော်လည်းကောင်း၊ ဦးချစ်မောင်ကို ကျွန်တော်ကဲ့သို့ လေးစားကြည်ညိုသူတွေ အတွက် သော်လည်းကောင်း ဦးချစ်မောင်နှင့် ဇနီးဖြစ်သူတို့ တွေ့ဆုံကြပုံ အစမှ သေဆုံးသွားသည့် နောက်ဆုံးအချိန်အထိ၊ ဦးချစ်မောင်၏ အတွင်းရေးကြီးကို ကိုယ်တိုင်ပြည့်ဖွင့် မှတ်တမ်းတင်ထားအပ်ပါ၍ ရေးသားထုတ်ဝေသင့်ပါသည်ဟု အကြိမ်ကြိမ် အဖန်ဖန် အတန်တန် မေတ္တာရပ်ခံ တောင်းပန်လွန်း၍၊ သူ့လိုလူတစ်ယောက် သူ့လိုရှိခဲ့ဖူးခြင်းကို မူရင်းအတိုင်း ရေးသားမှတ်တမ်းတင်ထားအပ်သည်ဟု ယူဆမိသည့်အတိုင်း၊ ဤဝတ္ထုကြီးကို စာဖတ်ပရိသတ် ရှေ့မှောက်သို့ အရောက်တင်ပို့လိုက်ခြင်း ဖြစ်ပေသည်။

အနောက်နိုင်ငံများမှ ထင်ရှားကျော်ကြားသူ ပုဂ္ဂိုလ်ကြီးများ၏ **Auto Biography - Biography** စာအုပ်ကြီးများ မြောက်မြားစွာ ထွက်ပေါ်နေခဲ့သည်ကား ကြာခဲ့ချေပြီ။ မြန်မာပြည်တွင်မူ ဤသို့စာအုပ်မျိုးများ ထွက်ပေါ်မလာဖူးသေး၍ အရေးစောနေမည်လော ဟူ၍လည်း ချိန်ဆမိပေသည်။ ကွယ်လွန်သူ၏ အတွင်းရေးများဖြစ်၍ ၎င်း၏ အတွင်းရေးများကို ဤသို့ ထုတ်ဖော်ရေးသားခြင်းကြောင့် စာဖတ်သူ ပရိသတ်အဖို့ အကျိုးဖြစ်ထွန်းနိုင်ဖွယ်ရာ ရှိပါမည်လောဟုလည်း ချိန်ဆမိသေးသည်။

သို့သော် ကွယ်လွန်သူ ဦးချစ်မောင် ရှိစဉ်က တစ်နေ့နေ့တွင် "ကျွန်မ၏ ခင်ပွန်း"ဟူ၍ ကျွန်မ၏ ခင်ပွန်းသည်၏ အတ္ထုပ္ပတ္တိကြီးကို ရေးကာ ခင်ပွန်းသည်အား ပေးအပ်ရန်နှင့်၊ ဦးချစ်မောင်ကလည်း "ကျွန်ုပ်၏ ဇနီး"ဟူ၍ စာတစ်အုပ်ရေးပြီး ဇနီးဖြစ်သူအား ပေးအပ်ရန် တစ်ဦးနှင့်တစ်ဦး ကတိကဝတ် ထားခဲ့ကြခြင်းသည်ပင် ဤစာအုပ် ထွက်ပေါ်လာရခြင်း၏ အကြောင်းရင်း ဖြစ်ပေတော့သည်။ ဤသို့ ကတိကဝတ် ထားခဲ့ကြသည့် အချိန်ကစ၍ "ကျွန်မ၏ ခင်ပွန်း"နာမည်ဖြင့် ပေါ်ထွက်ရမည့် စာအုပ်ကြီး အတွက် ဦးချစ်မောင်၏ အကြောင်းအရာ ဥသုံကို နေ့စဉ်မပြတ် စုဆောင်းရေးသား မှတ်တမ်းတင်ခဲ့ရပေသည်။ သို့သော် ထိုကဲ့သို့ လက်ထပ်ပြီးမှ တစ်နေ့မပြတ် စုဆောင်းသိုသိမ်းထားသည့် ဖိုင်တွဲ မှတ်တမ်း မှတ်စုများမှာ ဂျပန်ခေတ်တွင် ပြည်လမ်းရှိ ဆရာဖြစ်သင် ကောလိပ်ကျောင်းနှင့် မျက်နှာချင်းဆိုင်အိမ်တွင် နေကြစဉ်က အင်္ဂလိပ်တို့ ဝင်ခါနီး



ပြင်းထန်သော ဗုံးမိသွား၍ အိမ်ကြီးပျက်စီးသွားရာက မှတ်တမ်းအချို့ပါ ပျက်စီး ပျောက်ပျက်ကုန်ခဲ့ရာ၊ ကိုးနှစ်တိုင်တိုင် စုဆောင်းလာသမျှ ပျက်စီးရလေစွ ဟု စိတ်နှလုံး ယူကျုံးမရ ဖြစ်ရပြီး "ကျွန်မ၏ ခင်ပွန်း" ဟူသော နာမည်ဖြင့် စာအုပ်ကြီး ထုတ်ဝေဖို့ရန် မဖြစ်နိုင်တော့ပြီဟု မှတ်ထင်ခဲ့မိပေသည်။ ယခုသော် အတ္ထုပ္ပတ္တိ မဟုတ်သော်လည်း "သူ့လိုလူ"ဝတ္ထုကြီးအဖြစ်နှင့် ရေးဖို့ရာ ဖြစ်ပေါ်လာ၍ နဂိုရည်ရွယ်ချက်ကား တစ်စိတ်တစ်ဝက် ပြည့်မြောက်သွားသည်ဟု ဆိုရပါပေမည်။

ဤဝတ္ထုသည် စာဖတ်ပရိသတ်တို့အား စိတ်ပါဝင်စားခြင်းရှိအောင် ဖန်တီး၍ ရေးရသည့် ဝတ္ထုမျိုး မဟုတ်ဘဲ၊ တကယ့် အဖြစ်အပျက် အမှန်ကိုသာ ရေးသားရသည့် အတွက် စိတ်ပါဝင်စားခြင်း ရှိ မရှိမှာ စာဖတ်သူများ ကိုယ်တိုင် ဤဝတ္ထုကြီး၏ ပထမတွဲနှင့် ဒုတိယတွဲကို ရေးလည်အောင် ဖတ်ရှုပြီးသောအခါ မိမိဘာသာ ဆုံးဖြတ်ကြဖို့ရာပင် ဖြစ်ပါကြောင်း။

၁၃၀၉ ခု၊ ကဆုန်လဆုတ် ၅ ရက်နေ့။ မမလေး

[ သူ့လိုလူ (ပထမတွဲ)၊ ပထမနှိပ်ခြင်း၊ ဂျာနယ်ကျော်၊ ၁-၅-၁၉၄၇ ]

# အမှာ

အကယ်၍သာ ကျွန်မ မှတ်တမ်းကြီးများနှင့် မှတ်စုမှတ်ရာများ ဂျပန်ခေတ်က ပျက်စီးပျောက်ပျက်ခြင်း မရှိပါက၊ သူ့အကြောင်းအရာကို ဤလို သာမန် အချက်လောက် ကလေးနှင့် ဝတ္ထုတစ်ပုဒ်လို ရေးသားထုတ်ဝေဖို့ရာ မရှိပေ။ အနောက်နိုင်ငံက ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိကြီးများကဲ့သို့ အတ္ထုပ္ပတ္တိစာအုပ်ကြီး တစ်အုပ်အဖြစ် ကျကျနန စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံ ရေးသားထုတ်ဝေနိုင်ဖို့ပင် ဖြစ်ပေသည်။

မှတ်တမ်းမှတ်ရာ အကိုးအကား အထောက်အထားများ သူ့အရင် ဆုံးသွားစဉ်က နောင်လာနောက်သားများအတွက် ဗဟုသုတ ဖြစ်ဖွယ်ရာ၊ မှတ်သားဖွယ်ရာ ရည်ရွယ်ရင်းအတိုင်း အတ္ထုပ္ပတ္တိကြီးတစ်အုပ် မထုတ်နိုင်ပြီဟု စိတ်မကောင်း ဖြစ်နေစဉ် သူ့ကိုပါ ထပ်မံ၍ ဆုံးရှုံးလိုက်ရသဖြင့်၊ ကျွန်မ၏ ဆုံးရှုံးမှုကြီးကား အဖတ်ဆယ်၍ မရသည့်အထိ နောင်လာနောက်သားများအတွက်ပါ ဆုံးရှုံးမှုကြီး ဖြစ်စေပြီဟု ယူကျုံးမရအောင် ဖြစ်ခဲ့ရပေသည်။

ယခုသော် အတ္ထုပ္ပတ္တိ စာအုပ်ကြီး မဖြစ်သည့်တိုင်အောင် သူ့အကြောင်းအရာ သာမန် အချက်အလက်ကလေးများနှင့် အရိပ်အမြွက်မျှ ရေးလိုက်ရသော "သူ့လိုလူ" ကို စာဖတ်ပရိသတ်များက မိမိတို့ဘာသာ အကောင်အထည်ကြီး အတိုင်း မြင်ကြည့်ကြစေလိုပါတော့သည်။

ကျွန်မ၌ ရည်မှန်းချက်ကြီးတွေ လုံးလုံးပျက်ပြားသွားပြီဟု စိတ်လျှော့ထားခဲ့ရာက တစ်စိတ်တစ်ပိုင်းမျှ ဖြစ်မြောက် အောင်မြင်ရပြန်သေးသည့်အတွက် လုံးလုံးမရလျှင် တစ်ဝက်ရသည်မှာ ကောင်းသေးသည်ဆိုသော အင်္ဂလိပ်စကားပုံကဲ့သို့ တစ်စိတ်တစ်ဝက်လောက်နှင့်ပင် နှစ်သိမ့် ကျေနပ်လိုက်ရပေတော့မည်။

မမလေး

၁၃၀၉ ခု၊ သီတင်းကျွတ်လဆန်း၊ ၅ ရက်။ ဂျာနယ်ကျော်။

[ သူ့လိုလူ (ဒုတိယတွဲ)၊ ပထမနှိပ်ခြင်း၊ ဂျာနယ်ကျော်ပုံနှိပ်တိုက်၊ အောက်တိုဘာ ၁၉၄၇ ]

# နိဒါန်း

စင်စစ်သော် ကျွန်ုပ်သည် ဤ "သူ့လိုလူ"ဒုတိယတွဲအတွက် နိဒါန်းတစ်ခု စာပြုရေးသားနေဖို့ရန်ပင် မလိုတော့ပေ။ "သူ့လိုလူ"သည် အဘယ်ပုဂ္ဂိုလ်ဖြစ်၍၊ "သူ့လိုလူ"အား ကလောင်ဖြင့် ပုံတူရေးဆွဲ၍ ပြနေသူ ဂျာနယ်ကျော် မမလေးသည်လည်း မည်သူမည်ဝါဖြစ်သည်ဟူသော အကြောင်းများကား "သူ့လိုလူ"ပထမတွဲ၌ပင် ထင်ရှားပေါ်လွင်ခဲ့လေပြီ၊ ဤစာအုပ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့်တွက်တာကြောင့် ရေးသားထုတ်ဝေရသည်ဆိုသည့် အကြောင်းကိုလည်း ဂျာနယ်ကျော်မမလေးသည် ဤစာအုပ် ပထမတွဲ၌ပင် ရေးသားရှင်းလင်း၍ ပြခဲ့ပေပြီ။ သို့ဖြစ်လျှင် ကျွန်ုပ်သည် ဤစာအုပ်အတွက် အဘယ်သို့သော ရှင်းလင်းချက် အချီးနိဒါန်းကို ရေးသားဖော်ပြရပါအံ့နည်း။ လိုအပ်ပါသေးသလော။

ဤစာအုပ်အတွက် ရှင်းလင်းချက် အချီးနိဒါန်းကား အမှန်ပင် တစ်စောင်တစ်ဖွဲ့ ရှည်ရှည်လျားလျား ရေးသားနေဖို့ရန် မလိုအပ်တော့ပေ။ ပထမတွဲကို ဖတ်ရှုပြီးစီးခဲ့ပြီး ဖြစ်သူတိုင်းပင် မြန်မာပြည်တွင် တစ်ခါက ခေါင်းဆောင်သတင်းစာကြီး တစ်စောင်၏ အယ်ဒီတာချုပ်ဖြစ်ခဲ့သော ဂျာနယ်ကျော်ဦးချစ်မောင်၏ အယ်ဒီတာဘဝ၊ ဦးချစ်မောင်၏ ဆန်းကြယ်သော နဖူးစာ၊ ဦးချစ်မောင်၏ ထူးခြားသော စိတ်နေသဘောထား စသည်တို့ကို ဖတ်ရှု သုံးသပ်ခဲ့ကြရပြီးပေသည်။ ပထမတွဲတွင် ဂျာနယ်ကျော် မမလေးသည် ဦးချစ်မောင်၏ လူပျိုဘဝကို သူ၏ လွတ်လပ်သောဘဝမှ လှမ်း၍ မြင်ရပုံကို ရေးသားခဲ့ပေသည်။

အအိပ်မမှန်၊ အစားမမှန်သဖြင့် အသားအရေ ခြောက်ခန်းလျက် မျက်တွင်း မျက်ချောင်ကျနေသော လူပျိုအယ်ဒီတာချုပ်တစ်ဦးသည် သူ အလုပ်လုပ်လျက် ရှိသော သတင်းစာတိုက်ကြီးအား သူ၏ တစ်ကိုယ်လုံးကို အပ်နှံလျက်၊ သူ၏ ဦးနှောက်မှ ယိုစိမ့်၍ထွက်သော အခိုးအလျှံဖြင့် သူ၏ တိုင်းပြည်ကို ပူဇော်လျက် ရှိနေစဉ်၊ သူနှင့် တစ်ခါဖူးမျှ မျက်နှာချင်း မဆိုင်ဖူးသော မိန်းမပျိုတစ်ဦးသည် သူ့မျက်မှောက်၌ ဘွားခနဲ ပေါ်လာကာ၊ သူ၏ အကျင့်လွန်မှုကို ကြေးမုံဖြင့် ပြပြီးနောက် မလျော့မတင်းသော အောင်းသံကို တီးပြခဲ့လေသည်။

ရာပြည့်စာအုပ်တိုက်

အယ်ဒီတာချုပ်သည် ထိုစောင်းသံရှင်ကြောင့် သူ၏ ဘဝကို သူ ပြန်၍ မြင်လာမေးသည်။ စောင်းသံရှင်ကို သူ အလွန်ကျေးဇူးတင်လေသည်။ သူသည် ကျေးဇူးတင်လွန်းသဖြင့် စောင်းသံရှင်နှင့် အနီးစပ်ဆုံးသော ဘဝသို့ရောက်အောင် အရ ကြိုးပမ်းခဲ့လေသည်။ အယ်ဒီတာချုပ်သည် စောင်းသံရှင်ကို ရခဲ့လေသည်။

ဂျာနယ်ကျော်မမလေးသည် စောင်းသံရှင်အဖြစ်ဖြင့် ဂျာနယ်ကျော် ဦးချစ်မောင်အား အကျင့်လွန်နေသော အယ်ဒီတာ မျိုးချစ်ကြီးဘဝမှ လမ်းမှန်သို့ရောက်အောင် မည်သို့ ယှဉ်ဆောင်ခဲ့ပုံများသည် "သူ့လိုလူ"ပထမတွဲတွင် စိတ်ဝင်စားဖွယ်ရာ ဖော်ပြပြီးဆုံးခဲ့ပြီ ဖြစ်ပေသည်။

ယခု ဒုတိယတွဲတွင် ဦးချစ်မောင်၏ အိမ်ထောင်သည် ဘဝမှသည် ကွယ်လွန်သည့် အချိန်အထိ၊ ဂျာနယ်ကျော်မမလေးသည် ဦးချစ်မောင်၏ အနီးစပ်ဆုံးသော မနေရာ၌ ရောက်နေသည့် ဇနီးသည်ဘဝမှ မြင်ရပုံကို အဆုံးသတ် စာပန်းချီ ရေးဆွဲ၍ ပြလိုက်ခြင်း ဖြစ်ပေသည်။

ဤစာပန်းချီကားကြီးတွင် ကွယ်လွန်သူ ဦးချစ်မောင် ရုပ်သွင်သည် အသက်ထင်ရှား ရှိစဉ်ကနှင့် မခြား ထင်ရှားပေါ်လွင်လာသည်ကို တွေ့မြင်ရမည် ဖြစ်သကဲ့သို့ သူ့အခန်းနှင့် သူ့အခန်း၊ အကွက်ကျ အချက်ကျ ဖွင့်ကာ ဖွင့်ကာ ပြလိုက်သော ဦးချစ်မောင် ဗဟုသုတ ပိဋကတ်တိုက်အတွင်းမှ အဖိုးတန် မှတ်စုမှတ်ရာ ပဒေသာ မျိုးစုံကိုလည်း မှတ်သား ဖတ်ရှုကြရလိမ့်မည် ဖြစ်ရကား၊ ဤစာအုပ်သည် တိုင်းပြည်အတွက် ပညာရေးအိုးကြီးတစ်လုံးကို လက်ဆောင်ရဘိ သကဲ့သို့သာ ဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပေသတည်း။

၁၃၁၉ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့။ ဂုဏ်ရောင်

အယ်ဒီတာ၊ ဂျာနယ်ကျော်

[ သူ့လိုလူ (ဒုတိယတွဲ)၊ ပထမနှိပ်ခြင်း၊ ဂျာနယ်ကျော်ပုံနှိပ်တိုက်၊ အောက်တိုဘာ ၁၉၅၇ ]

## စာရေးသူ၏ အမှာ

"ကျွန်မ၏ ခင်ပွန်း"ဟူ၍ အတ္ထုပ္ပတ္တိ စာအုပ်ကြီးတစ်အုပ် ရေးဖြစ်အောင် ရေးရန် နောက်နောက်က ကြံစည်ထားခဲ့သည်။ သို့ရာတွင် ကြံရွယ်ထားသည့်အတိုင်း အတ္ထုပ္ပတ္တိ စာအုပ် လုံးလုံးကြီး ဖြစ်မြောက်အောင် မရေးနိုင်ခဲ့ပေ။ လွန်ခဲ့သော ၆ နှစ်ခန့်ကမူ "သူ့လိုလူ"အမည်နှင့် အတ္ထုပ္ပတ္တိ မဟုတ်သည့်တိုင် ဝတ္ထုသဖွယ် ရေးသားထုတ်ဝေခဲ့လေသည်။

ထိုအချိန်က "ဟစ်တိုင်" သတင်းစာအလုပ် ပြီးစီးချိန် ည ၁၁ နာရီ၊ ၁၂ နာရီမှ စတင်၍ နံနက် ၅ နာရီ၊ ၆ နာရီ အထိ "သူ့လိုလူ"ကို တစ်ညလုံး ထိုင်ရေးပေးကာ ရိုက်နှိပ်ထုတ်ဝေ ခဲ့ရသည်။

အနားတွင် ရေဇလုံနှင့် မျက်နှာသုတ်ပဝါထားကာ အိပ်ချင်ရင်း မျက်နှာသစ်ရင်း စာအုပ် မပြီးမချင်း ညတိုင်း ဆက်တိုက် ရေးသားပုံနှိပ်ခဲ့ရခြင်းကြောင့် ဖုတ်ပူမီးတိုက် ရေးရသည့် စာအုပ်ဟု မှတ်တမ်းတင်ထားခဲ့မိသည်။

"သူ့လိုလူ"ကို ပထမတွဲ၊ ဒုတိယတွဲ၊ နှစ်တွဲခွဲကာ ထုတ်ဝေခဲ့ပေသည်။ စာအုပ်ထွက်သွားပြီးနောက် ပထမတွဲ ဝယ်ရသူက ရကာ၊ ဒုတိယတွဲ ဝယ်မရသူက မရ ဖြစ်နေကြသော စာဖတ်ပရိသတ်များထံမှ "သူ့လိုလူ"ကို နှစ်တွဲပေါင်း၍ ထုတ်ပေးပါရန် တိုက်တွန်းစာများ မြောက်မြားစွာ ရခဲ့ပေသည်။

စာဖတ်ပရိသတ် အလိုဆန္ဒအတိုင်း တစ်နေ့တွင် "သူ့လိုလူ"ကို နှစ်တွဲပေါင်း၍ ထုတ်ပေးရန် ကြံရွယ်ထားလေသည်။ နှစ်တွဲပေါင်းကာ ထုတ်ဖြစ်သည့် အခါ၌ ယခင်ကလို ဖုတ်ပူမီးတိုက် ရေးသားထုတ်ဝေရပုံမျိုး မဖြစ်စေဘဲ၊ အချိန်ယူလျက် အေးအေးဆေးဆေး ဖြည့်စွက် ရေးသား ပြင်ဆင် ရိုက်နှိပ်ရန်ပါ ကြံစည် စိတ်ကူးထားခဲ့သည်။

ယင်းသို့ ကြံရွယ် စိတ်ကူးထားခဲ့သော်လည်း ကြံရွယ်ရင်းအတိုင်း အဆင်မပြေချေ။ ယခုအကြိမ်တွင်လည်း နှစ်တွဲပေါင်းကို ၁၈ ရက်နှင့်အပြီး ရိုက်နှိပ်ရပြန်သောကြောင့်၊ ယခင်က ကဲ့သို့ပင် သုတ်သီးသုတ်ပျာ ဖုတ်ပူမီးတိုက် ထုတ်ဝေရသောအဖြစ်မျိုးသို့ ဆိုက်ရောက်ရပြန်ချေသည်။

ရာပြည့်စာအုပ်တိုက်

ယခင်က ကိုယ်ပိုင် စာပုံနှိပ်စက်နှင့် စာခံများရှိခဲ့၍ အချိန်မီအောင်သာ ဖုတ်ပူမီး [illegible]။ ယခုအကြိမ်၌ ကိုယ်ပိုင် စာပုံနှိပ်စက် မရှိပြန်၍ အချိန်မီအောင် အခြားစာပုံနှိပ်စက်များတွင် အပူတပြင်း ရိုက်နှိပ်ရလေသည်။

ဤစာအုပ်ကို တိုက်တွင် စာဖောင်များစီကာ စာပုံနှိပ်စက် ငါးစက်၌ ရိုက်နှိပ်ရသည်။ စာဖောင်များ စာစီ၍ ပြီးသည့်အခါ ပုံနှိပ်စက်များ ရှိရာသို့ သွားလျက် အချိန်မီ [illegible] ညဥ့်နက်သန်းခေါင်မရွေး လိုက်တောင်းပန်ကာ၊ တစ်စက်ပြီး တစ်စက် [illegible] တစ်တိုက် တလည်လည်နှင့် ရိုက်နှိပ်ရသည်။

တိုက်တွင် စာဖောင်များ စီပြီးတိုင်း အမှားအမှန် စစ်ဆေးဖတ်ရှုကာ ပြင်ပေးလိုက်သည်။ ကိုယ်၌ စာပုံနှိပ်စက် ရှိခဲ့ပါလျှင် အမှားအမှန်ကို စက်ပေါ်တွင် နောက်ဆုံးတစ်ကြိမ် စစ်ဆေးကြည့်ခွင့် အချိန်ရနိုင်သည်။ ယခုသော် ပုံနှိပ်စက်သို့ ညဥ့်နက်သန်းခေါင် ပို့လိုက်ရခြင်းကြောင့် အထပ်ထပ် စစ်ဆေးခွင့် မရဘဲ မိုးလင်း၍ ရိုက်နှိပ်ပြီးစီးမှ အမှားများကို မတွေ့မြင်ရသည့်အခါ၌ လူပင်ပန်းရုံသာ မဟုတ်သေးဘဲ၊ စိတ်လည်း တော်တော် ပင်ပန်းရသေးသည်။ ရှေ့တွင် "သူ့လိုလူ" ကို ထပ်မံ၍ ပြန်လည်ရိုက်နှိပ် ထုတ်ဝေရဦးမည် ဖြစ်လျှင် စိတ်သက်သာ ကိုယ်သက်သာ ရိုက်နှိပ်ထုတ်ဝေနိုင်သည့်ကိုယ် ဖြစ်စေရန် ဆုတောင်းမိသည်။

"သူ့လိုလူ"ကို နှစ်အုပ်တွဲပေါင်း ရိုက်နှိပ်သည့်အခါတွင် ဦးချစ်မောင်၏ ပုံမနှိပ်ရသေးသည့် (၁) မြန်မာရာဇဝင်နှင့် စပ်လျဥ်း၍ စိစစ်ဝေဖန်ချက်များနှင့် (၂) ဆရာစံတောင်းပါးကြီးများကို ထည့်သွင်းရိုက်နှိပ်မည်ဟု ကြံစည်စိတ်ကူးထားသည့် အကြံ မမြောက် အောင်မြင်သွားခြင်းကိုမူ ပင်ပန်းရကျိုး နပ်ပေသည်။

ပထမတွဲ၊ ဒုတိယတွဲ ကွဲပြားနေသော စာအုပ်နှစ်အုပ်ကို ပေါင်းစုကာ စာမူ [illegible] ဖြည့်စွက်လျက် တစ်အုပ်တည်းဖြစ်အောင် ပြန်လည်ပုံနှိပ်ဖြစ်ခြင်းသည် နှစ်အုပ် ပေါင်း မျှော်လင့်ကောင့်တ စောင့်စားနေသော စာဖတ်ပရိသတ်ကြီးနည်းတူ စာရေးသူ ကိုယ်တိုင်လည်း နှစ်ထောင်းအားရ ဖြစ်ရကြောင်းကို ဖော်ပြလိုပါသတည်း။

ဂျာနယ်ကျော်မမလေး

၂၀-၁၂-၅၃

[ သူ့လိုလူ (နှစ်တွဲပေါင်း၊ ပုံနှိပ်ခြင်း ) စတုတ္ထအကြိမ်၊ ဒီဇင်ဘာ၊ ၁၉၅၃၊ ဂျာနယ်ကျော်မမလေးစာပေ ]

## စာရေးသူ၏ အမှာ

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက်၊ ဂျာနယ်ကျော် ဦးချစ်မောင်၏ အတ္ထုပ္ပတ္တိဖြစ်သော "သူ့လိုလူ"စာအုပ်ကို ၁၉၄၇ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၎င်းနှစ်၌ပင် ထပ်၍ ဒုတိယအကြိမ် ထုတ်ဝေခဲ့ရသည်။

၁၉၄၇ ခုနှစ်၌ နှစ်ကြိမ် ထုတ်ဝေခဲ့ပြီးနောက်၊ ၎င်းနှစ်၌ အောက်တိုဘာလတွင် တစ်ဖန် ပြန်၍ တတိယအကြိမ် ထုတ်ဝေရပြန်သည်။

၁၉၅၃ ခုနှစ်၌ စာဖတ်ပရိသတ်၏ တိုက်တွန်း တောင်းဆိုချက်ကြောင့်၊ စတုတ္ထအကြိမ် ပြန်လည် ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

စတုတ္ထအကြိမ်မြောက် ထုတ်ဝေရာတွင် ဦးချစ်မောင် မကွယ်လွန်မီက ရေးခဲ့သည့် "နိုင်ငံတော် ရာဇဝင်နှင့် စပ်လျဉ်း၍ စိစစ်ဝေဖန်ချက်များ" ဟူသော အပြီးမသတ်သည့် စာမူတစ်ခုကိုပါ၊ ဖြည့်စွက်၍ ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။

ထိုနောက် ပဉ္စမအကြိမ်မြောက် "သူ့လိုလူ"ကို ပုဂံစာအုပ်တိုက်မှ ရိုက်နှိပ်ရန် တောင်းဆိုသည့် အခါ၌၊ စတုတ္ထ နှိပ်ခြင်း၌ ပါသော "နိုင်ငံတော် ရာဇဝင်နှင့် စပ်လျဉ်း၍ စိစစ်ဝေဖန်ချက်များ"စာမူကို ဖြုတ်လျက်၊ ဦးချစ်မောင် မကွယ်လွန်မီက ရေးသားခဲ့သည့် "နေ့စဉ်မှတ်တမ်း"ကို ဖြည့်စွက် ထုတ်ဝေလိုသော စေတနာ ပေါ်ပေါက်လာမိသည်။

ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကို ဦးချစ်မောင် ကွယ်လွန်သည့်နှစ် ၁၉၄၆ မှနှစ်က အရေးအတွက် ကန့်သတ်ချက်ဖြင့် စာအုပ်ရေ ၁၀၀၀ တိတိသာ ရိုက်နှိပ်လျက် သီးခြား ထုတ်ဝေခဲ့သည်။

ထိုစဉ်က နေ့စဉ်မှတ်တမ်း၏ အဖွင့်၌ "မြန်မာနိုင်ငံတော်တွင် လူဦးရေ အဘယ်မျှပင် တိုးတက် များပြား လာစေကာမူ၊ ဤစာအုပ်၏ ဦးရေကား မည်သည့်အခါမျှ တိုးတက် ပွားများလာမည် မဟုတ်ပါ"ဟု ရေးသား ဖော်ပြခဲ့လေသည်။

ရာပြည့်စာအုပ်တိုက်

ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း စာအုပ် ၁၀၀၀ ထုတ်ဝေပြီးနောက်၊ ၁၀ နှစ်မန် ကြာရှိလာသော အခါ၌ နေ့စဉ်မှတ်တမ်း စာအုပ်ကို မဖတ်ရှုရဖူးသော ပုဂ္ဂိုလ်များက ပြန်လည်၍ ထုတ်ပေးပါရန် ကျွန်မကို အတန်တန် တိုက်တွန်း တောင်းပန်ကြသည်။ ဤစာအုပ် ပြန်လည် ထုတ်ဝေလျှင် အကျိုးစီးပွား ရှိမည်ဟူ၍လည်း ပြောဆို အကြံပေးခဲ့ကြသည်။

ကျွန်မမှာ ဤစာအုပ်ကို ဦးရေကန့်သတ် သီးခြား ထုတ်ဝေခဲ့သည် ဖြစ်ခြင်း မကြုံရ၊ စာအုပ်အဖြစ် ထပ်မံ၍ ထုတ်ဝေခြင်း မပြုနိုင်ဘဲ နေခဲ့ရပေသည်။

ပုဂံစာအုပ်တိုက်က "သူလိုလူ"ကို ထုတ်ဝေခွင့်ပြုရန် ပြောဆိုစဉ် ၁၉၄၆ ခုနှစ်၌ မွေးဖွားသော သူတစ်ယောက်သည် ယခုအချိန်တွင် အသက် ၂၀ ကျော်ကာ လူလားမြောက်လာပြီ ဖြစ်သဖြင့် ဤသူတို့မှာ နေ့စဉ် မှတ်တမ်းစာအုပ်ကို ဖတ်ဖူးကြတော့မည် မဟုတ်ကြောင်းကို စဉ်းစားမိသည်။

နေ့စဉ်မှတ်တမ်းစာအုပ်ကို စာအုပ်အနေဖြင့် ပြန်၍ မထုတ်ဝေနိုင်သည့်တိုင်၊ စာပေဗဟုသုတ လိုက်စားကြသော မျိုးဆက်သစ် လူရွယ်လူငယ်များအတွက် ဖတ်ရှုနိုင်ကြစေရန် စေတနာ ဖြစ်ပေါ်လာမိသည့်အလျောက်၊ နေ့စဉ်မှတ်တမ်းကို သူလိုလူနှင့် ပေါင်း၍ ရိုက်နှိပ်စေခြင်း ဖြစ်ပါသည်။

ပုဂံစာအုပ်တိုက်မှ ထုတ်ဝေပြီးနောက် မရလိုက်ကြသော စာဖတ် ပရိသတ်များ၏ တိုက်တွန်း တောင်းဆိုချက်ကြောင့် ဆဋ္ဌမမြောက် ထုတ်ဝေခဲ့ပြီး ယခု သတ္တမမြောက် ထုတ်ဝေပါသည်။

[ ပဉ္စမအကြိမ် ပုံနှိပ်ခြင်းမှသည် အဋ္ဌမအကြိမ် ပုံနှိပ်ခြင်းအထိ ဖော်ပြခဲ့သည့် စာရေးသူ၏ အမှာ ဖြစ်သည်။]

## မှတ်တမ်းတင်အပ်ပါသည်

ရာပြည့်စာအုပ်တိုက်သည် စာပေလောက၏ မီးရှူးတန်ဆောင်အဖြစ် ထွန်းတောက်နေပါပြီ။ တိုတောင်းလှသော နှစ်များအတွင်းမှာပင် နိုင်ငံနှင့် စာပေဖတ်ရှုသူများ အကျိုးအတွက် မြန်မာနှင့် ကမ္ဘာကို နောက်ခံကာ ရသ၊ သုတ၊ ဘဝ၊ ဓမ္မ ဆိုင်ရာစာပေ မြောက်မြားစွာ ထုတ်ဝေခဲ့ပါသည်။ ခေတ်အဆက်ဆက်၊ စာဆိုအဆက်ဆက်တို့၏ အတွေးအမြင်နှင့် သုံးသပ်ခံစားမှုတို့မှာ လေ့လာသူများအတွက် များစွာ မှတ်သားနည်းယူစရာပါ။ စာပါ အကြောင်းအရာများကိုလိုက်၍ သက်ဆိုင်ရာ စာတမ်း၊ ဓာတ်ပုံ၊ ပန်းချီ အထောက်အထားများကိုပါ ပြည့်စုံနိုင်သမျှ ရာပြည့်တိုက်က ထည့်သွင်းဖော်ပြလေ့ ရှိပါသည်။ ထို့အပြင် စာအုပ်အသွင်အပြင်သည်ပင် ခံ့ညား ကောင်းမွန်ပါ၏။

ရာပြည့်စာအုပ်တိုက်က ထုတ်ဝေသော စာအုပ်များတွင် ဂျာနယ်ကျော် မိသားစု စာအုပ်များ ပါဝင်ခဲ့ပါသည်။ ဆရာမကြီး ဂျာနယ်ကျော် မမလေး၏ "လက်ရွေးစင် ဝတ္ထုတိုများ"ကို ရာပြည့်စာအုပ်တိုက်၏ ဒုတိယနှစ်လည် အထိမ်းအမှတ်အဖြစ် ၁၉၉၇ ခုနှစ် ဩဂုတ်လ ၁ ရက် စာအုပ်အမှတ် (၅၀) တပ်လျက် ထုတ်ဝေခဲ့ပါသည်။ တစ်ဖန် မိုးဟိန်း (သားဂျာနယ်ကျော်)၏ *"Harmony of Head and Heart"* ကဗျာစာအုပ်ကို ၁၉၉၉ ခုနှစ် ဇွန်လ ၁ ရက် စာအုပ်အမှတ် (၉၅) အဖြစ် ထုတ်ဝေပါသည်။ တစ်ခါ ဆရာမကြီး၏ "သွေး"ဝတ္ထုကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စာအုပ်အမှတ်စဉ် (၁၁၂) တပ်လျက် ထုတ်ဝေခဲ့ပြန်သည်။

**ရာပြည့်စာအုပ်တိုက်**

ယခု ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ "သူလိုလူ"ဝတ္ထုကို ရာပြည့်စာအုပ်တိုက်၏ ပဥ္စမနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စာအုပ်အမှတ်စဉ် (၁၂၅) တပ်လျက် ထုတ်ဝေပြန်ပါသည်။ ထူးခြားချက် အနေဖြင့် ဤ "သူလိုလူ" စာအုပ်သည် နဝမအကြိမ်မြောက် ဖြစ်ရုံသာမက ယခင်က မဖော်ပြခဲ့ဖူးသော ဓာတ်ပုံနှင့် မှတ်တမ်းများကိုပါ စုံလင်စွာ ထည့်သွင်းဖော်ပြထားပါသည်။

ရာပြည့်စာအုပ်တိုက်က ရှေ့ဆက်ထုတ်ဝေမည့် စာအုပ်များတွင် ဂျာနယ်ကျော် မမလေး၏ "မုန်း၍မဟူ"နှင့် "ရင်နှင့်အောင်မွေး"ဝတ္ထု၊ "ဘဝပုံရိပ်"ဝတ္ထုတိုများ၊ သမီး ဒေါက်တာခင်လေးမြင့်၏ "မင်းသားလေး" ဘာသာပြန်ဝတ္ထုတို့ ပါဝင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ရာပြည့်စာအုပ်တိုက်သည် ကွယ်လွန်သူ စာရေးဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဆရာမကြီး ဂျာနယ်ကျော်မမလေးတို့၏ စာပေများကိုသာမက ဂျာနယ်ကျော်မျိုးဆက်၏ စာပေများကိုပါ ထုတ်ဝေနေရာ၊ ဂျာနယ်ကျော်မိသားစု အနေဖြင့် ရာပြည့်စာအုပ်တိုက်အား အထူးကျေးဇူးတင်လျက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၂၁-၇-၂၀၀၀ ဂျာနယ်ကျော်မိသားစု

## ၁။ မြန်မာ့အလင်းမှ ပြန်စာ

၁၉၃၆ ခု မေလ ၁၈ ရက်နေ့ ဖြစ်လေသည်။

ဓမ္မသုခရွာ ဆရာဘုန်းတော်ကြီးထံ၌ သီလယူ၍ ပြန်ခဲ့ကြသည်။ မြို့သို့ ပြန်ရန် ရေလမ်းခရီးဖြစ်၍ မော်တော်ဘုတ်နှင့် ပြန်လာကြသည်။

လက်ယာဘက်သို့ ဖြစ်စေ၊ လက်ဝဲဘက်သို့ ဖြစ်စေ ကြည့်လိုက်လျှင် ဖရိဖရဲ တဲအိုတဲပျက်တစ်စုကို မကြာမကြာ မြစ်ကမ်းနဖူးပေါ်၌ တွေ့မြင်လိုက်ရသည်။

မြေယာ မျက်စိတစ်ဆုံး မြင်နေရသော်လည်း လယ်ခင်းလယ်ကွက် ဓနိတော သစ်ပင် ဝါးပင်များသာ မြေပြင် ပြန့်ပြူး ကျယ်ဝန်းတိုင်း ပေါက်ချင်သလို ပေါက်နေကုန်သည်။ လူနေသည့် တဲများမှာ အကျယ်အဝန်း မြေကို အသုံးမချနိုင်ကြဘဲ လူဆံ့သာ လူဝင်သာ လူနေသာရုံမျှ ဝါးခင်း၊ ဓနိမိုးနှင့် နေကြသည်။ ခိုင်ခံ့လှသည့် တဲတောင့်တောင့် တစ်တဲတလေမျှ မရှိဘဲ ယိုင်နွဲ့ ဟောင်းနွမ်းနေသော တဲအိုတွေသာ ဖြစ်လေသည်။ သူတို့ကား မြန်မာပြည် နယ်နိမိတ်ဖျား၌ သော်လည်းကောင်း၊ လူမနီး သူမနီး တောကြီး တောင်ကြီးထဲ၌ သော်လည်းကောင်း နေကြကုန်သော သူများမဟုတ်ဘဲ၊ မြန်မာပြည်အတွင်း မြို့နှင့် အလွန်ကပ်လျက်ရှိသော ကျေးလက်တောရွာမှ တိုင်းရင်းသား ဆင်းရဲသားများ ဖြစ်ပေသည်။ အလွန့်အလွန် ဆင်းရဲကြသော ဆင်းရဲသားများ ဖြစ်လေသည်။ သူတို့ကို လူတွေပဲဟု ဆိုနိုင်ရုံ ပြောနိုင်ရုံ လူစာရင်းထဲတွင် ပါဝင်သူများသာ ဖြစ်သည်။ လူတမ်းစေ့စေ့ လူ့အခွင့်အရေးကို လူလိုသူလို လူ့ဘဝ လူပီပီ ခံစား စံစားကြရသော လူမျိုးများ မဟုတ်ချေ။

မိုးသက်လေသည် ဇော့ယမ်းစွတ်တိုး တိုက်ခတ်နေ၏။ မြစ်ထဲတွင် လှိုင်းလုံးများ တလိမ့်လိမ့်လူး၍ မော်တော်ဝမ်းသို့ တဗုန်းဗုန်း ရိုက်နေသည်။ မော်တော်မှာ မြစ်ထဲတွင် နိမ့်တုံ မြင့်တုံ ဦးစိုက်ပဲ့ထောင်ဖြင့် လှိုင်းမိနေသည်။

[illegible] ဖော်ကို ကမ်းဘက်သို့ကွေ့၍ ကမ်းပါးနှင့် ကပ်မောင်း [illegible]။

[illegible] လှမ်းမြင်ရသည်ထက် နီးနီးနားနား ကပ်မြင်ရသည့်အခါ ဆင်းရဲ [illegible] ကြပုံမှာ စိတ်မချမ်းသာစရာ အလွန်ကောင်းပေသည်။ ထို့ထက် [illegible] ပတ်လန့်တုန်လှုပ်မိလိုက်သည်ကား အရွယ်အားဖြင့် ၆ နှစ်၊ [illegible] နှစ်ခန့်ရှိသော လူမမည် ကလေးတွေသည် လတာပေါ်တွင် ပုစွန်လုံး [illegible] ကြ၍၊ အချို့မှာ ကွန်ပိုက်နှင့် လတာစပ်တွင် ငါးဖမ်းနေကြ၏။

သူတို့အားလုံး ရွှံ့ညွန်ထဲတွင် ကိုယ်တစ်ပိုင်း နစ်နေသည်။ သူတို့၌ အင်္ကျီ [illegible] ဟူ၍ တစ်ဦးတစ်ယောက်မျှ ဝတ်မထားကြပေ။ ရုပ်မပေါ်သော ကိုယ်တုံးလုံး ကလေးတွေကို ဖြတ်ကျော်၍ မောင်းလာခဲ့သော်လည်း ကျွန်မ၏ မျက်စိထဲတွင် ကလေးတွေသာ မြင်နေတော့သည်။ ကျွန်မ ခေါင်းထဲတွင် ဤကလေးတွေ အကြောင်းသာ ထပ်တလဲလဲ စဉ်းစားလျက် နေမိသည်။

ငယ်ငယ်ကလည်း ဤသို့ဘဝ။ ကြီးလာပြန်လျှင်လည်း လူသာကြီး၍ အခြေအနေ အရည်အချင်း မတိုးတက် မကြီးမြင့်ဘဲ ဤသို့ဘဝ။

ယခုလိုဘဝ၊ ယခုကဲ့သို့ ဘဝမျိုး သူတို့ ဘာကြောင့် ရောက်ကြရသနည်း။ ဤဘဝမျိုးမှ သူတို့အား အဘယ်နည်းနှင့် ကယ်တင်နိုင်ခွင့် ရှိသနည်း။

ထိုစဉ်က ကျွန်မသည် အသက် ၂၀ ပြည့်၍ နေပြီ။ ကျွန်မ၏ အသိဉာဏ် သည် တစ်ခုခုကို ပေါ့ပေါ့တန်တန် အမှတ်တမဲ့ မနေတတ်ဘဲ၊ လေးလေးနက်နက် [illegible] ဆင်ခြင်တတ်သော အလေ့အကျင့် ရင့်သန်လျက် ရှိနေသည်။

ကျွန်မသည် ဟိုဟိုသည်သည် ကမ်းဘက်သို့ လှမ်းမကြည့်တော့ဘဲ၊ မြစ်ထဲ သို့ စိုက်ကြည့် လိုက်ပါလာသည်။ ခေါင်းထဲတွင် မရှင်းမလင်း ဖြစ်နေသဖြင့် [illegible] ကြည်ကြည်လင်လင် မရှိဘဲ နောက်ကျုကျုနှင့် မြစ်ထဲသို့သာ စူးစိုက် ကြည့်နေမိ[illegible] စိတ်ကူးအမျိုးမျိုး ထုတ်နေ၏။

ကျွန်မ [illegible] လက်ခံထားသည့် စိတ်ကူးများမှာ တစ်ခုပြီးတစ်ခု [illegible] သကဲ့သို့ ရှိပြီး၊ ၎င်းမှတစ်ဖန် ရေအောက်သို့ လွတ်၍ [illegible] နက်သွားသည့် အခါ၌ တစ်စုံတစ်ခုက လာ၍ [illegible] ကျွန်မ ဖမ်းမိထားသည့် အရာကို လွတ်ထွက်မသွားရန် [illegible] ဝင်လာပုံကား....

[illegible] နိုင်ငံရေး ဆောင်ရွက်နေသည့် နိုင်ငံရေးသမား များသာ [illegible] တစ်လမ်းဖြင့် သူတို့၏ လူတန်းမစေ့ ဘဝမှ လူ တန်းစေ့ [illegible] နိုင်လိမ့်မည် ဟူသော ဤသို့ အကောင်အထည်နှင့်





ဖမ်းမိလိုက်သည့် စွဲလမ်းယုံကြည်ချက်သည် ကျွန်မ ဘဝခရီးစဉ် လမ်းစမည့်နေ့နှင့် တိုက်ဆိုင်နေခြင်းကြောင့် ဤနေ့၊ ဤရက်၊ ဤစွဲလမ်းယုံကြည်ချက်တို့ကို မမေ့ နိုင်ဘဲ ရှိလေ၏။

ကျွန်မတို့သည် အိမ်သို့ ညနေ ၆ နာရီခန့်တွင် ပြန်ရောက်ကြသည်။ ရောက်လျှင်ရောက်ချင်း အပေါ်ထပ်သို့ အတက်တွင် လှေကားထစ်၌ ဒရဝမ် ကုလားက ကျွန်မအား စာတစ်စောင် စာတိုက်မှ ရောက်ကြောင်းပြော၍ ထုတ်ပေး လေသည်။

စာအိတ်ကို စိုက်ကြည့်ကာ ထူးခြားလှသည်နှင့် ရုတ်တရက် မဖွင့်သေးခင် ဤစာနှင့် သက်ဆိုင်ရာကို စဉ်းစားကြည့်ရသည်။

လွန်ခဲ့သည့် ၅ လခန့်က ကျွန်မတို့မြို့မှ အသင်းအဖွဲ့တစ်ခုနှင့် ပတ်သက်၍ ကျွန်မ မကျေနပ်သည်နှင့် ရှင်းလင်းဝေဖန်ချက် ဆောင်းပါးတစ်စောင် မြန်မာ့ အလင်း သတင်းစာတိုက်သို့ ရေးသား ပေးပို့လိုက်သည်။ ၎င်း ဆောင်းပါးသည် သတင်းစာတိုက်သို့ ရှေးဦးစွာ ပို့ဖူး၍ ရှေးဦးစွာ ရေးဖူးသော ဆောင်းပါးဖြစ် သည်။ ဆောင်းပါး ရေးခါနီးတွင် မည်သူ့အမည်တပ် ရေးရမည်ကို နားမလည်၍ သတင်းစာကို အပြန်အလှန် ကြည့်ရာ၌ "အယ်ဒီတာချုပ် ဦးစိန်း" ဟု မျက်နှာဖုံး တွင် ပါပြီး၊ ကျောဘက်တွင် "တာဝန်ခံ ထုတ်ဝေသူ မောင်ချစ်မောင်" ဟု နှစ် နာမည် ပါသောကြောင့် ကျွန်မလည်း အမည်နာမ မတပ်တော့ဘဲ "အယ်ဒီတာ ဦးကြီးရှင့်" ဟု ရေးလိုက်ကာ အယ်ဒီတာဟု လိပ်တပ်ပြီး ပို့လိုက်သည်။

၇ ရက် တစ်ပတ်ခန့်မျှ သတင်းစာတိုက်မှ ပြန်စာနှင့် သတင်းစာထဲတွင် ဆောင်းပါး ပါ မပါကို စောင့်မျှော်နေလေရာ စာလည်း ဘာအကြောင်းမျှ မပြန်၊ သတင်းစာထဲ၌လည်း မထည့်ဘဲ ထားရှိလိုက်ကြ၍ တစ်စတစ်စ ထိုစာကို လုံးဝ မေ့ပျောက်ပစ်ခဲ့ပေသည်။

ယနေ့သော်...

သတင်းစာတိုက် တံဆိပ်နှင့် စာဖြစ်၍ မြန်မြန်ဆန်ဆန် ဖွင့်မဖတ်နိုင်သေး ဘဲ "မြန်မာ့အလင်း သတင်းစာတိုက်" ဟူသော စာအိတ်ပေါ်က စာလုံးတွေကို စိန်းစိန်းကြီး စိုက်ကြည့်နေမိသည်။

စာတွင်ပါသော အကြောင်းအရာများကို ကျွန်မ မသိရသေးပေ။ 'ဘယ်က စာလဲ၊ ဘာလဲ' ဟု အိမ်သားတွေက လှမ်းမေးမှ ကျွန်မလည်း အပေါ်သို့ တက်ပြေး ကာ ခုတင်ပေါ်သို့ ပစ်လှဲလိုက်ပြီးနောက် စာအိတ်ကို ဖွင့်ဖတ်သည်။

ဘိုကလေးမြို့
ဒေါ်ဆင်ဘဏ်တိုက်မှ တစ်ဆင့်

မတင်တင်ထံသို့

စာရေး အကြောင်းကြားပါသည်။

မတင်တင်ထံမှ ဇန်နဝါရီလ ၂၂ ရက် နေ့စွဲဖြင့်၊ ကျွန်တော်များထံသို့ ပေးပို့လိုက်သော စာမှာ ပယ်၍ထားသည့် စာများအကြားကို ရောက်ရှိနေသဖြင့် ယခုမှ ပြန်တွေ့ရပါသည်။

ထိုစာပါ အချက်တို့သည် ယခုတိုင် ဖြစ်ရှိလျက် နေသည်၊ မနေသည်ကို ကျွန်တော်များ ဝေခွဲ၍ မရပါ။ အချိန်လွန်ပြီ ဟူ၍ကားယူဆမိပါသည်။ သို့သော် မတင်တင်မှပင် သေချာစွာ သိမည် ဖြစ်ပါ၍ ယခုကဲ့သို့ မေးမြန်း စုံစမ်းရခြင်း ဖြစ်ပါသည်။ အကယ်၍ အမျိုးသမီး ၁၅ ဦးအဖွဲ့သည် ယခုတိုင်ရှိ၍ အကျိုးဆောင်စာတွင် ပါရှိသော အချက်တို့သည်လည်း ယခုတိုင် အဓိပ္ပာယ် လေးနက်ထိရောက်သေးသည် ဆိုလျှင်၊ ကျွန်တော်များ သတင်းစာ မောင်းသတင်းခန်းမှ ဖြစ်စေ ထည့်နိုင်ပါ၏။ အကယ်၍ ထည့်ခြင်းဖြင့် အကျိုးမထူးတော့ပြီ ဆိုလျှင်လည်း ထိုအကြောင်းကို ကျွန်တော်များထံ ပြန်ကြားစေလိုပါကြောင်း။

မတင်တင်၏ စာကို ထိုစဉ်က လက်ထောက်အယ်ဒီတာတို့က အရေးမကြီးဟု ပယ်ထားသဖြင့် ရက်တရက် မပြန်ကြားရသည်ကို ခွင့်လွှတ်ရန်ပင် ဖြစ်ပါကြောင်း။

**ချစ်မောင်**

အယ်ဒီတာ မြန်မာ့အလင်း

မေလ ၁၇ ရက်။

ဤစာကို တစ်ကြိမ်မျှ ဖတ်ရုံဖြင့် အဓိပ္ပာယ် ရှင်းလင်း နားလည်နိုင်ပါမည်။ နားလည်လည်း နားလည်လွယ်ပါသည်။ သို့ပါမူလည်း ဘယ်နှကြိမ်မျှ ထပ်ကာ ဖတ်မိသည်ကို မမှတ်မိတော့ပေ။ အထပ်ထပ် အပြန်ပြန် ဖတ်၍ ကြည့်နေမိသေးသည်။

ဇန်နဝါရီလက ပေးလိုက်သည့်စာကို ယခု မေလကုန်ခါနီး ငါးလနီးနီးရှိမှ ပြန်စာရေးလိုက်နိုင်၊ ပေးပို့လိုက်သည့် စာကို စာပါအတိုင်း လက်ထောက် အယ်ဒီတာများက ပယ်ထားလိုက်ကြပါလျက် ဘယ်ပုံဘယ်နည်းနှင့် ဤအယ်ဒီတာ့ လက်ထံသို့ ရောက်ရှိပြီး အရေးတယူ စာပြန်ချင်စိတ် ပေါ်ပေါက်ရပုံကိုသာ ထပ်ကာထပ်ကာ တွေးနေသည်ဟု ဆိုနိုင်ပါ၏။

ဤသို့ဖြင့် ကျွန်မသည် အချိန်ကြာမြင့်၍ ထည့်သွင်းဖော်ပြရန် အကြောင်း မထူးတော့သည့် အကြောင်း၊ စာပြန်ကြည့်လိုက်ပြီးနောက်၊ အယ်ဒီတာထံမှ



တစ်နေ့နေ့တွင် ပြန်စာလာလိမ့်ဦးမည်ဟု အလိုလို သိနေခြင်းကို ကျွန်မကိုပင် ကျွန်မ အံ့ဩမိသည်။ ကျွန်မ ယုံကြည်နေသည့်အတိုင်းလည်း မလွဲသည်ကို သုံးလနီးနီးတွင် ထပ်မံ၍ အောက်ပါစာကို ရပြန်လေသည်။

စာရေး အကြောင်းကြားလိုက်ပါသည် မတင်တင်

မေလလောက်က မတင်တင်ထံမှ ယခု ဆောင်းပါးအတွက် အချိန်လွန်ပြီဖြစ်ကြောင်း ပေးပို့ရရှိသော စာတွင် မတင်တင်သည် နောင်မှ အမျိုးသမီးများ တိုးတက်ရန်အဖို့ သက်သက်ရည်စူး၍ ဆောင်းပါးတစ်ခုရေးကာ သတင်းစာများ၊ ဂျာနယ်များတွင် ထည့်သွင်းမည်ဟု ဖော်ပြ အဆုံးသတ်လိုက်သဖြင့် ကျွန်တော်များထံ ရောက်လာလေမလားဟု မျှော်လင့်နေခဲ့ပါသည်။

သို့သော်လည်း ယနေ့တိုင် တစ်စုံတစ်ရာ မရရှိသဖြင့် ကျွန်တော်များ ပြန်စာ စောစောပေးရန် ဝတ္တရားပျက်ကွက်၍ ဖြစ်ရသည်ဟုသာ မှတ်ယူရပါတော့သည်။

ကျွန်တော်များသည် အမျိုးသမီးများအတွက် အမျိုးသမီးများ ရေးသားသော ဆောင်းပါးတို့ကို အထူးထည့်သွင်းရန် စီစဉ်လျက်ရှိရာ၊ အကြောင်းအခွင့် တိုက်ဆိုင်က မတင်တင်မှာ ထိုအခါကပင် ရေးလိုသည့် ဆန္ဒကို ဖော်ပြခဲ့သော သူ ဖြစ်သည့်အလျောက်၊ မတင်တင်၏ ဆောင်းပါးကိုပင် ဦးစွာပထမ ထည့်ချင်ပါသည်။ မတင်တင် ကြိုက်နှစ်သက်ရာ တို့ကို ရေးသားနိုင်ပါသည်။ သို့ ရေးသားရာတွင် ဖူးစကက်စာရွက် တစ်မျက်နှာခွဲထက် ပိုလျှင် ထည့်သွင်းခြင်းငှာ နေရာရနိုင်မည် မဟုတ်ပါ။ သို့ပါ၍ အတိုချုံး၍ လိုရင်းကို ထိရောက် စူးရှလှသော အသုံးအနှုန်းတို့ဖြင့် ရေးသားရန် အကြံပေးလိုပါသည်။

မတင်တင်တွင် ကန့်ကွက်ဖွယ်မရှိက၊ မတင်တင်၏ ဓာတ်ပုံကိုပါ တစ်ပါတည်း ပေးလိုက်စေလိုပါသည်။ အကယ်၍ ဓာတ်ပုံကိုပါ ထည့်သွင်းဖော်ပြထိုက်က ဖော်ပြနိုင်ရန် ဖြစ်ပါသည်။

စာများ ပေးပို့သောအခါ၊ ကျွန်တော်၏အမည်ဖြင့် ကျွန်တော့်ထံသို့ တိုက်ရိုက်ပေးပို့ရန် ဖြစ်ပါကြောင်း။

ကျန်းမာပါစေ။

**ချစ်မောင်**

အယ်ဒီတာ မြန်မာ့အလင်း

ဩဂုတ်လ ၁၆ ရက်။

## ၂ ။ ကျွန်မ၏ ကျွန်မ

ကျွန်မတို့တွင် ညီအစ်ကို မောင်နှမ ငါးယောက်ရှိရာ ကျွန်မမှာ အလတ်ဖြစ်၍ ကျောင်းမှ ထွက်လိုက်ပြီးကတည်းက အစ်မများ၊ ညီမများကဲ့သို့ ဘဏ်လုပ်ငန်း ရုံးအလုပ်ကို ဝင်မလုပ်ဘဲ နေသဖြင့် လွတ်လပ်ခွင့် အချိန်များများ ရသူတစ်ဦး ဖြစ်နေလေသည်။

နေ့စဉ်သတင်းစာ၊ လစဉ်မဂ္ဂဇင်း၊ ကာလပေါ်ထွက်သမျှ ဝတ္ထုများအပြင် မြန်မာစာပေကျမ်း၊ ပျို့များပါ တစ်ဦးတည်း ဒိုင်ခံဖတ်လျက် အချိန်ဖြုန်းနေခဲ့သည်။

မိဘများမှာ ကျိုကျိုတက် ချမ်းသာလောက်အောင် သူဌေးသူကြွယ်ကြီးများ မဟုတ်ကြပေ။ သို့သော်လည်း ငွေကြေးပိုက်ဆံကို ရေတွက်၍မပြဘဲ အနေ၊ အစား၊ အဆင့်အတန်းကို ဖော်ပြရမည်ဖြစ်၍ ဖော်ပြရပါလျှင် မျက်နှာဖြူ လူမျိုးများ၏ အလုပ်ကို မိဘများက လုပ်သဖြင့်၊ ၎င်းတို့နှင့်လည်း တစ်အိမ်တည်းနေကြရသောကြောင့် မည်သည့်ဘက်ကမှ အောက်တန်းမကျ၊ ကြောင့်ကြ ပူပန်ရသည်မရှိဘဲ အင်္ဂလိပ်လူမျိုး အနေအထိုင်နှင့် တစ်တန်းတစားတည်းဖြစ်ကာ ခေတ်အနေအထိုင်၊ ခေတ်အလိုက် အထက်တန်းကျကျ ချမ်းချမ်းသာသာ နေရသည်ဟု ဆိုနိုင်ပါပေသည်။

အိမ်တွင်းအလုပ် အိမ်အလုပ်ဆိုလျှင်လည်း လိုလေသေးမရှိအောင် အိမ်ဖော်များ ထားရှိပေးသဖြင့် အိမ်အလုပ်ဆို၍ မည်သည့်အလုပ်မျှ ကိုယ်တိုင် ထလုပ်ရန် လုပ်ကွက် လုပ်ခင်းလည်း မရှိပေ။ အိမ်ထောင်ကြီးသော အိမ်ကြီးတစ်အိမ်လုံးကို ကျွန်မ၏ မိခင်က စနစ်တကျ ကျနစွာ စီမံခန့်ခွဲ အုပ်ချုပ်ထားသဖြင့် အနေအထိုင်၊ အဝတ်အစား၊ အစားအသောက်တွင် စနစ်သေဝပ်မှု ရှိဖို့ရာကိုသာ လိုက်နာ ရှိသေလေးစားကြရလျက် အခြားအရေးများမှာမူ လွတ်လပ်ခွင့် ပေးချင်တိုင်း ပေးထားလေသည်။

ကျွန်မသည် အဖိုးထိုက် အဖိုးတန် ကောင်းပေ့ဆိုသည့် အဝတ်အစားမျိုးကိုမူ ကြိုက်နှစ်သက်တတ်သည်။ အိမ်ပြင်သို့ သွားရသည် ဖြစ်စေ၊ မသွားဘဲ နေသည်ဖြစ်စေ အိမ်ထဲ၌ပင် ပဟ်ကောင်းစားကောင်းများဖြင့် အချိန်မှန် ဖြီးလိမ်းဝတ်စားပြီး နေ၏။ အဝတ်အထည်ကို တစ်ထည်ကောင်း နှစ်ထည်ကောင်း မဟုတ်ဘဲ ကိုယ်ရှိမပြည့်ထား၍ သန့်သန့်ရှင်းရှင်း၊ ကြော့ကြော့လွင်လွင်၊ အဖုံဖုံ အနည်းနည်း ပြောင်းလဲ ဆင်ယင်ဝတ်သည်။

အစ်မနှင့် ညီမလေးတို့မှာလည်း နေ့စဉ်ပင် အောက်ထပ်ရုံးခန်းသို့ ဆင်းကာ ဖခင်နှင့်အတူ အလုပ်လုပ်ရသဖြင့် အဝတ်အထည်ကို အလဲအလှယ်





အမြောက်အမြား ထားရှိကာ ဝတ်ဆင်ကြသူများဖြစ်၍၊ ကျွန်မနှင့် ၎င်းတို့မှာ စိတ်တိုင်းကျ ဝတ်ဆင်နေတတ်သော အလေ့တွင် တူညီကြသည်။

အိမ်တွင်း၌ အချင်းချင်း ဆက်ဆံရေး၊ အိမ်ပြင်ဆက်ဆံရေး စိတ်ဓာတ်ဝါသနာ စသည်တို့၌ ကျွန်မသည် ညီမနှစ်ယောက်နှင့် လုံးဝမတူဘဲ ကျွန်မ၏ လျင်မြန် ဖျတ်လတ် သွက်လက်သည့် အချက်များကြောင့် တစ်သီးပုဂ္ဂလ ဖြစ်၍ ဖြစ်၍ နေတတ်သည်။

သူတို့မှာ စိတ်သိမ်မွေ့၍ စိတ်ပျော့ပျောင်းပြီးလျှင် အေးအေးဆေးဆေး နေထိုင်တတ်သည်။ စကားလည်း နည်းကြသည့်ပြင် နေရာတကာတွင် အေးရာအေးကြောင်းသာ ရှေးရှုတတ်ကြသည်။ အေးအေးလူလူသာ ကိစ္စခပ်သိမ်း အလိုရှိကြသည်။

ကျွန်မအဖို့၌ မခံချင်စရာဖြစ်လျှင် မခံချင်တတ်ခြင်း၊ မခံခြင်း၊ ကိုယ်လုပ်ချင်ရာ ကိုယ်မလုပ်ရလျှင် မနေတတ်ခြင်း၊ ကြီးသည် သေးသည် ကိစ္စကို မခွဲဘဲ တရားအတိုင်းဖြစ်ရမှ ကျေနပ်နိုင်ခြင်း၊ ဘယ်သူ ဘာပြောပြော အညံ့မခံစတမ်း၊ လုပ်မယ် စသည့် တင်းမာသည့် စိတ်ဓာတ်ရှိခြင်း၊ အန္တအတာ အကြမ်းပတမ်းဒဏ်မှန်သမျှ တုံ့ပေးသရေ သည်းညည်း အမျိုးမျိုး ခံနိုင်ခြင်း၊ ကိုယ့်နည်းနှင့်ကိုယ် ကိုယ်ကြိုက်သလို ကိုယ့်စိတ်တိုင်းကျ ကိုယ်တိုင်ရွေးချယ်၍ ရှေ့ဆောင်ရှေ့ရွက် လက်ခံလုပ်ကိုင် သွားလာရမှ စသည့် အချက်အလက် မြောက်မြားစွာပင် ညီမများနှင့် အနေကွဲလွဲ၊ စိတ်ဓာတ်ကွဲလွဲ၊ အကျင့်ကွဲလွဲနေသည်။

မိခင်မှာ ကျွန်မကိုယ် ကျွန်မ အစိုးရနေပုံကို အချို့ နေရာ၌ အလိုမလိုက်နိုင်၍ ကျပ်တည်း ချုပ်ချယ်ပေးသည်။ ကျွန်မတစ်ယောက်အတွက် ကျပ်တည်းချုပ်ချယ် ထုတ်ပြန်ထားသည့် အိမ်တွင်း စည်းမျဉ်းဥပဒေကလေးများကို ကျွန်မစိတ်တွင် အကျိုးနှင့်အကြောင်းကို အမြဲဝေဖန် သုံးသပ်ကြည့်လေ့ရှိ၏။ အစိုးရိမ်အပူပန်ပိုမှုဖြင့် ချုပ်ချယ်သည့် စည်းမျဉ်းမျိုး ဖြစ်နေလျှင် အတိုက်အခံ မလုပ်သော်လည်း မကြိုက်မနှစ်သက်သည် အမှန်ဖြစ်၏။ ဤသို့ ပုံမျိုးကို စိတ်အအေးဆုံး ဖြစ်အောင် တစ်နေ့တွင် ပေါ်လွင်စေမည်ဟု အမြဲတမ်း အတွေးကြီးသူတစ်ယောက် ဖြစ်ခဲ့သည်။ ကျွန်မအတွက် စိတ်အအေးရဆုံး ဖြစ်စေမည်ဟူသည့် စိတ်ဓာတ်က ကျွန်မအား ကျိတ်၍ အစဉ်အားပေးနေသည်။

အများအမြင်၊ အများအပြောမှာ ဘာမဆို သူ့စိတ်နှင့် သူ့ကိုယ် လွတ်ပေးထားရင် ခက်မယ်ဟု လွတ်လပ်မှု ရှိနေခြင်းကို အပြစ်တင်ကြ၏။ အပြစ်တင်ရာမှ ကျွန်မဖက် အစိုးရိမ် အပူပန် ပိုသည်အထိ ရောက်သွားရသည့် အတွက်ကြောင့် အပြစ်ကို ပိုပိုမိုမို အတင်ခံရသည်။

ကျွန်မ၌ ကျွန်မစိတ်နှင့် ကျွန်မကိုယ်သာ လုပ်လို၊ နေလို၊ ပြောလို၊ ကျင့်လို၏။ သူများစိတ်နှင့် ကျွန်မကိုယ်ကို လုပ်ဖို့ရာ ဝေးစွ၊ ထားကြည့်၍ပင် မရနိုင်ပေ။ ကျွန်မ၏ အလျှင်အပြင် အမှုအရာသာ ကြည့်၍ ဆုံးဖြတ်ဝေဖန်သမှု လုပ်ကြခြင်းဖြစ်သည်။ အလွန်း၌ မည်သည့်စိတ်ဓာတ်မျိုး ကိန်းအောင်း စွဲမြဲနေခြင်းကို ကျွန်မအပါနှင့်သာ ကျွန်မတွင် လက်ခံရှိပြီး ဖြစ်နေကာ၊ သူတို့အား ရှင်းစရာမလိုဟု ကိုယ့်ကိုယ်ကိုယ် အယုံကြီးခဲ့သူ ဖြစ်သည်။

တစ်ဖက်၌ ကျွန်မတွင် သူတို့ထက် စိတ်တစ်စိတ် ထူးကဲစွာ ရှိသေးသည်။ သနားကြင်နာတတ်သည့် စိတ်နှင့် ပေးရကမ်းရ ဝေခြမ်းရသည်ကို အရက်ရောနိုင်ဆုံး၊ အနစ်မြိုက်ဆုံး၊ အပျော်ပိုက်ဆုံး ဖြစ်ပြီးလျှင် ဤစိတ်မှာ ဆွေမျိုးတစ်စုလုံးတွင် အကျော်ကြားဆုံး ဖြစ်သည်။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ တွန့်တို နှမြောတတ်သည်ဆိုလျှင် ဤပုဂ္ဂိုလ်ကို ကြည့်၍ မရတော့ပေ။ ဆက်ဆံ၍ မရတော့ပေ။ သူတို့အကြောင်း သိရ ကြားရလျှင်ပင် အလိုလို စိတ်ဆင်းရဲသည်။

ဤသည်တို့မှာ ကျွန်မစိတ်ဓာတ်နှင့် အကျင့်များဖြစ်၍ ဝါသနာမှာ အထက် ဖော်ပြသည့်အတိုင်း စာမဖတ်ရလျှင် မနေနိုင်ဘဲ၊ တစ်နေ့တစ်နေ့ ထမင်းစားရုံ၊ ရေချိုးရုံသာ ထ ပြီး စာသာလျှင် ထိုင်ဖတ်ချင်နေသည့် စိတ်သာ တစ်နေ့ထက် တစ်နေ့ ဝါသနာ ကြီးမားလာသည်။

မိဘများက ကျွန်မအား ဝတ္ထုဖတ်ခြင်းကို အလျှင်း သဘောမတူပေ။ ပြင်းပြင်းထန်ထန် ကန့်ကွက် တားမြစ်ထားကြသည်။

မိဘ ကန့်ကွက်သည်ကို လေးစားရရှိး ထုံးစဉ်လာအတိုင်း ၎င်းတို့ ရှေ့တွင် မဖတ်ဘဲ နေသည်။ ၎င်းတို့ ကွယ်ရာတွင်ကား တစ်အုပ်ပြီး တစ်အုပ် ဖတ်ခဲ့သည်။ ဝတ္ထုစာအုပ်များ ဖတ်ခြင်း အပြစ်ကိုပါ စာအုပ်ထဲတွင် ရှာ၍ ဖတ်သွားသည်။ ကြမ်းကြမ်းရမ်းရမ်း အခန်းများရောက်လျှင် လူကြီးတွေ ဒါကို မဖတ်စေချင်တာပါလာသည်ဟု အပြစ်ကို တွေ့မြင်ဆင်ခြင်မိ၏။ ဤအချက် ဤအခန်းကို ဖတ်လိုက်သည့် ကျွန်မအတွက်မူ သဘာဝကျအောင်၊ သရုပ်ပေါ်အောင် လျှောက်ရေးတာပဲဟု အောက်မေ့လိုက်သည်။

ဝတ္ထုစာအုပ် ဖတ်ပြီးလျှင် ဝတ္ထု အစဖော်ပုံ၊ အဆုံးသတ်ပုံ၊ ဝတ္ထုအကြောင်းနှင့်တကွ ဝတ္ထုတစ်ခုလုံးကို ခြုံ၍ ဝေဖန်ဆန်းစစ် ကြည့်သည်။ ဝတ္ထုခန်းကို ဖြည့်စွက်၍ သော်လည်းကောင်း၊ ဖြုတ်ဖျက်၍ သော်လည်းကောင်း၊ တစ်ပုဒ်လုံးကို ဖျက်၍ ပြင်ကြည့်ပြီးနောက် စာရေးဆရာ ကောင်းလျှင် ကောင်းသည်၊ စာရေးဆရာ ရော်လျှင် ရော်သည်ပါ မှတ်ဟမ်း တစ်ခါတည်း ချသွားသည့်အတွက် ထိုစဉ်က





ကျွန်မ ဝတ္ထုဖတ်သည်မှာ ဝတ္ထုဖတ်ရုံသာ မဟုတ်ဘဲ စာရေးဆရာ လက်ရာများပါ လေ့လာနေမှန်း၊ ဖတ်နေမှန်းကို ကျွန်မကိုယ်ပင် ကျွန်မ မရိပ်မိခဲ့ပေ။

အထူးသဖြင့် ပျို့များကို အထူးနှစ်ခြိုက်ခဲ့သည်။ စာကြောင်းကလေးများတွင် ရေးခြယ်၍ စီကုံးဖွဲ့နွဲ့ထားသည့် စာလုံးကလေးများကို ဘယ်ပုံဘယ်နည်း ချစ်မိမှန်း မသိပေ။

စကားလုံးကလေးများ လှလျှင် ရေးသူကို ချီးကျူး၍ မပြီးနိုင်ဘဲ၊ ၎င်းစကားလုံးတွေကို မြတ်နိုးပုံသည်လည်း အသည်းထဲ၌ စွဲသွားအောင် ဖြစ်သည်။

ကျောင်းတွင် နေစဉ်က မြန်မာစာပေဘက်တွင် ဆရာဖြစ်သူ ဆရာတင်သည် ကျွန်မကို အမြဲတမ်း မြေတောင် မြှောက်ပေးခဲ့သည်။ မြန်မာစာပေ လေ့လာလိုက်စား ဝါသနာကြီးရသည်မှာလည်း ဤဆရာ့ကျေးဇူးကြောင့်သာ ဖြစ်သည်။

ဤသို့ လွတ်လပ်ခွင့်ရလျက် အေးအေးချမ်းချမ်းဘဝ၌ စိတ်သဘောကျအတိုင်း လွတ်လပ်နေ၍ အချိန်ဖြုန်းနေစဉ် မိဘများမှာ ကျွန်မအား ဓမ္မတာအတိုင်း အိမ်ထောင်ချလိုကြသည်။ ကျွန်မ အစ်မကြီးမှာ အိမ်ထောင်ပြုသွားပြီ ဖြစ်သဖြင့် ညီမလေးသာလျှင် ဖခင်နှင့် ဘဏ်လုပ်ငန်းများကို နေ့နှင့်အမျှ တာဝန်ထမ်းနေရသည်။ ဖခင်က သားသမီးထဲတွင် တစ်နေ့ မည်သူ ကိုယ်ပိုင်လုပ်ငန်းနှင့် ရှိမည်မသိ၊ စာရင်းကိုင်အတတ်ကို တတ်သိထားလျှင် ကောင်းသည်ဟူသော ရည်ရွယ်ချက်ဖြင့် သားသမီးများအား ဘဏ်တိုက်တွင် အလုပ်သင်ကြား လုပ်ကိုင်စေသည်။ အစ်ကို၊ အစ်မ၊ ညီမများ ဝင်ရောက်လုပ်ကိုင်သော်လည်း ကျွန်မက မျက်နှာဖြူများ လက်အောက်တွင် မလုပ်လိုဟု ငြင်းဆန်ကာ မလုပ်ဘဲနေသည့်အတွက် အိမ်တွင် အပို ဖြစ်နေသည်။ နောက်ဆုံး၌ လူအား၊ လူပိုကို မြန်မြန် နေရာချထားရန် ကြံစည်ကြလေသည်။

ကျွန်မသည် ၁၆ နှစ်အရွယ်၌ လူငယ်ချင်း ခင်မင်သူတစ်ဦး ရှိသည်။ ကျောင်းသားဘဝအရွယ်၌ ဖြစ်ကြ၍ တစ်နေ့ လူကြီးဖြစ်ကြလျှင် လက်ခံနိုင်လောက်သည့် အရည်အချင်းနှင့် ပြည့်စုံက လက်ထပ်မည်ဟု ရည်ရွယ်ကြည့်သည်။ အရည်အချင်း ပြည့်ဝ၍ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ဘဝလမ်းကြောင်းကို အမျိုးမျိုး အားပေးကာ မြေတောင်မြှောက်လျက် ရေလောင်းပေးခဲ့သည်။

အိမ်ထောင်ပြုရမည် ဆိုလျှင် ကျွန်မ၌ ရည်မှန်းချက် စိတ်ကူးတွေ ရှိသည်။ ထိုရည်မှန်းချက် စိတ်ကူးတွေသည် ပွင့်ပွင့်လင်းလင်း မဟုတ်ပေ။ စိတ်ထဲတွင် တစ်စိတ် တစ်ဒေသ တစ်နေရာတွင် ခိုကပ် စွဲမြဲ ကိန်းအောင်းနေလျက် ကျွန်မ၌ အခွင့် ပေါ်ပေါက်တိုင်း ဤစိတ်ကူးများသည် တစ်ပါတည်းယှဉ်လျက် ပေါ်၍ လာတောက်သည်။

ကျွန်မ အိမ်ထောင်ပြုလိုသည့်သူမှာ မည်သို့သောသူမျိုး ဖြစ်ချင်သည်၊ အရွယ်မှာ မည်သည့်အရွယ်၊ ပညာအရည်အချင်း၊ အကျင့်၊ စိတ်ဓာတ် လူတစ်ကိုယ်လုံးကို ကျွန်မကြိုက် ပုံပန်းသဏ္ဌာန်ထု၍ စိတ်ကူးကြည့်ထားသည့် အကောင်အထည် မရှိသည့်လူမှာ ကျွန်မ၏ အိမ်ထောင်ရေးတွင် အမြဲတမ်း ရှေ့က အရိပ်ထိုးပြနေလေ၏။

ကျွန်မလည်း အရိပ်ကို အကောင်အထည်ဖြစ်အောင် အသက်သွင်းကြည့်ဖူးသည်။ ပညာကို ကြိုးစား၍ သင်ရန်၊ စိတ်ဓာတ်ကြီးမား မြင့်မြတ်ရန်၊ ကိုယ်ကျင့်တရား ပြည့်ဝရန်၊ ယောက်ျားဘဝ အောင်မြင်ပါရန် အချက်ပေါင်းများစွာနှင့် အသက်သွင်း ပုံသွန်း ကြိုးစားခဲ့သော်လည်း ထ မြောက် အောင်မြင်ခြင်း မရှိပေ။

ကျွန်မ အကြောင်းကိုလည်း ကောင်းကောင်း နားမလည်။ ကျွန်မ ရည်ရွယ်ချက်ကိုလည်း မရိပ်မိ။ ကျွန်မကို ချစ်သည့်စိတ် တစ်စိတ်သာရှိလျက် မိဘများ အိမ်ထောင်ချလိမ့်မည် သတင်းရလျှင်ရချင်း သူခေါ်ရာသို့ လိုက်ရန် တောင်းပန်ရှာသည်။

ယောက်ျားတစ်ယောက်နောက်သို့ မိဘများ မသိအောင် လိုက်ပြေးဖို့ကိစ္စကို ကျွန်မကဲ့သို့သော မိန်းကလေးအတွက် သွေးဆောင်၍ ရ မရ တွေးတောမကြည့်သည့် စိတ်ကူးကို အလွန်ပင် ဝမ်းနည်းမိသည်။ မိဘများ ပေးစားမည့်သူကို အလွယ်တကူ ခေါင်းညိတ်လိမ့်မည်ဟု ထင်လိုက်သည့်အတွက် ကျွန်မစိတ်ကို နားလည်မှု ရှိအောင် မကြိုးစားနိုင်သည့်အတွက်လည်း ကျွန်မ အလွန်ပင် စိတ်ပျက်မိသည်။

သို့သော် ကျွန်မ ဝတ္ထုရားအတိုင်း မည်သည့် ယောက်ျားမျိုးမဆို ကျွန်မသဘောကျ၊ မိဘသဘောကျ၊ နှစ်ဦးနှစ်ဝ အလိုပြည့်မှသာ အိမ်ထောင်ပြုလိမ့်မည့် အကြောင်း ပြန်ကြားလိုက်သည့် နေ့ရက်ကစ၍ ကျွန်မကို ရဖို့အရေး ကြိုးစားရန် စိတ်လျှော့ပစ်လိုက်သည်။ ဤကိစ္စ၌ သူ့အဖို့လည်း ကောင်းပါပေသည်။ ကျွန်မအဖို့လည်း ကောင်းပါပေသည်။ ရှေ့အနာဂတ်တွင် စိတ်တူကိုယ်တူ မရှိက နေရာတကာ သဘောကွဲလွဲကာ စိတ်ဆင်းရဲကြရမည်။ လက်လျှော့ ဆုံးဖြတ်လိုက်သည့် သူ့နည်းလည်း သူ့အတွက် တာဝန်ကင်း၍ ဒုက္ခငြိမ်းသည်ဟု ဆိုရပေမည်။ ကျွန်မနည်းလည်း ကျွန်မအတွက် ကျွန်မဘက်က လမ်းမှန်ကျသည်ဟု ယူဆလိုက်သည်။

မိဘများ ထိမ်းမြားပေးစားလိုသည့် သူများမှာလည်း ကျွန်မ အရိပ်ထဲက ပုံသဏ္ဌာန် ယောက်ျားမျိုးနှင့် တစ်ယောက်တလေမှ မကိုက်ညီပေ။

သူတို့မှာ ပစ္စည်းရှိကြသည်။ ပညာရှိကြသည်။ ရုပ်ရှိကြသည်။ ဂုဏ်ရှိကြသည်။ သို့သော် စိတ်သဘောမှာ သူလိုငါလို ယေဘုယျ စိတ်မျိုးထက် မြတ်နိုး





စုံမက်လောက်အောင် ထူးကဲ ပိုမို မြင့်မြတ်သည့် စိတ်နှလုံးမျိုး မက်မောလောက်စရာ အစအနမျှ မမြင်မိခြင်း ဖြစ်သည်။

ကျွန်မသည် သူတို့နှင့် အတူနေ၍ ထာဝစဉ် သူတို့ပေါ်တွင် 'ကျွန်မဘာကို မြတ်နိုးနေရမည်ကို ရှာမရပါဘူး' ဟု ပြောဆိုကာ လက်မခံဘဲ ငြင်းဆန်ပစ်လိုက်သည်။

ဖခင်ရော မိခင်ပါ ကျွန်မအတွက် အလွန် စဉ်းစားခက်သွားကြသည်။ ကျွန်မကို ဆုံးဖြတ်ရ ခက်ကုန်ကြသည်။ ကျွန်မကို ဇွတ်လုပ်၍ မရမှန်းလည်း သိကြသည်။ ကျွန်မ လုပ်ချင်ရာ လုပ်လေမည်လားဟု ရင်လေး၍ ရှေးကထက် ပို၍ပူပန်လာကြသည်။ သို့သော်လည်း အတင်းအဓမ္မ မလုပ်ကြဘဲ အကျိုးနှင့် အကြောင်းနှင့် ဖျောင်းဖျောင်းဖျဖျ ပြောဆိုကာ၊ ဤအရေးကို ကျွန်မ သဘောကျမှ ဟူသော လွတ်လပ်ခွင့် ပေးလိုက်ကြပြီးနောက် တစေ့တစောင်း အရိပ်အကဲ ခတ်နေကြသည်။

မိဘများအား ထိုစဉ်က ကျေးဇူးတင်မိသည်မှာ ပြောဖွယ်ရာ မရှိပေ။ စိတ်မချမ်းမသာ ဖြစ်မည် ပြောသည်ကို အတင်း မတိုက်တွန်းသကဲ့သို့၊ ကျွန်မကလည်း မိဘသဘောနှင့် ဖီလာဆန့်ကျင် မဖြစ်စေရဟု စွဲမြဲစွာ အဓိဋ္ဌာန်ချထားလိုက်သည်။

## ၃ ။ ဘယ့်နှယ်ရှိပါစ

ဤသို့ဖြင့် အသက် ၂၀ ထဲ ဝင်လာသည့်အထိ အိမ်ထောင်ပြုဖို့ အရေးကို လုံးဝ လက်လျှော့၍ ခွင့်လွှတ်ထားလိုက်ကြသဖြင့်၊ လွတ်လပ်စွာ ဝါသနာပါရမီအတိုင်း စာမှတ် စာဖတ် အလုပ်သာ ကျွန်မတွင် ရှိနေသည်။

နေထွက်က နေဝင် ငင်းအလုပ်ကလွဲ၍ အခြား လုပ်စရာ ကိုင်စရာ ဘာမျှ မရှိရသည့်အပြင် ကိုယ်ရေးအတွက်တာတွေတွင်လည်း လုံးလုံး ပူစရာ မရှိခဲ့ရပေ။ ချောင်ချိ အေးချမ်းသောဘဝ ဖြစ်သည်။ ဝတ်ချင်သည့် အဝတ်ကို ဝတ်ရသည်။ စားချင်သည့် အစားကို စားရသည်။ သွားချင်သည့် ခရီးကို သွားရသည်။ မကြောင့်မကြ မတောင့်မတ လိုအပ်သော ဆန္ဒတွေနှင့် တစ်လုံးတစ်ဝတည်း ပြည့်ဝပြီးနေလေသောကြောင့် အခက်ဆို၍ ဘာမျှ မကြုံဖူးချေ။

ဒုတိယအကြိမ်မြောက် သတင်းစာတိုက်မှ ရောက်လာသည့် ကျွန်မထံသို့ အမျိုးသမီးများအတွက် ရည်စူး၍ ဆောင်းပါးတစ်စောင်နှင့် ဓာတ်ပုံပါ ပေးပို့ရန် မေးသားလိုက်သော စာကြောင့် အခက်ကြုံရပေပြီ။ ကျွန်မကား စာရေးတတ်သူ တစ်ယောက် မဟုတ်ဘဲ စာဖတ်တတ်သူသာ အမှန်ဖြစ်၍ အခက်တွေ့ကြုံရလေပြီ။

မည်သည့်ဆောင်းပါး ရေးရမည်ကို ကျွန်မ၌ စဉ်းစားဉာဏ် ကင်းဝေးနေ

သည်။ စာကပ်ပုံကောင်းသည့် ကိစ္စ၌လည်း သတင်းစာတိုက်သို့ ပို့ရမည်ကို ယောက်ျားတစ်ယောက်ထံ ပို့ပေးရတော့မလို နားမလည်၍ ရှက်နေသည်။ ကျွန်မ ကိုယ်ကျွန်မ စာရေးတတ်သူတစ်ယောက်ဟု လုံးလုံးပင် မယုံကြည်နိုင်ပေ။ သို့ မရှိသဖြင့် ပေးပို့သည့်စာကို ဘာအကြောင်းမျှ မပြန်ဘဲ ပစ်ထားလိုက်သည်။

အယူးအဲ့သြဖွယ်ရာ ဖြစ်ရသည်မှာ၊ ကျွန်မ စာမပြန်ဘဲ ပစ်ထားလိုက်သော် လည်း တစ်နေ့နေ့တွင် စာထပ်လာလိမ့်ဦးမလို ထပ်မံ ယုံကြည်နေချက်သည် စာမကျွ ဆင့်ကဲရောက်လာခြင်းက အဟုတ်အမှန် သက်သေခံနေ၏။

စာရေး အစီရင်ခံလိုက်ပါသည် မတင်တင်။

ကျွန်တော် စာပြန်လိုက်ရာ ထိုစာကို တစ်စုံတစ်ရာ ပြန်ကြားချက် မရှိသဖြင့် များမကြာမီက စာတစ်စောင် ထပ်မံရေးသား စုံစမ်းလိုက်ပါသည်။ ၎င်းစာကိုလည်း တစ်စုံတစ်ရာ ပြန်ကြားချက် မရရှိသေးပါသဖြင့် နေမကောင်း ထိုင်မကောင်း ဖြစ်နေ၍လော၊ သို့မဟုတ် ခရီးလွန်နေ၍ပင်လော၊ သို့တည်းမဟုတ် ပြန်ကြားခြင်းငှာ အလိုမရှိ၍ လေလောဟု အမျိုးမျိုး တွေးတောကြံဆ ကြောင့်ကြ ပူပန်နေမိပါသည်။ တတိယ ပူပန်ချက်အတိုင်း မဟုတ်ပါစေနှင့်ဟု ဆုတောင်းရသည်နှင့် အမျှ၊ ပထမ ပူပန်ချက်တိုင်း မဟုတ်ပါစေနှင့် ဟူ၍လည်း ဩဒိဿ ပတ္ထနာ မေတ္တာရည်မှန်းလျက် ရှိပါသည်။

ကျွန်တော် ရေးသောစာများတွင် လိုသည်လည်း ရှိပါမည်။ လွန်သည်လည်း ရှိပါမည်။ လိုနေ၍ မတင်တင်၏ စိတ်တွင် စာပြန်ကြားခြင်း မပြုနိုင်လောက်အောင် အနှောင့်အယှက် ဖြစ်ခဲ့ပါလျှင် လည်းကောင်း၊ လွန်သွား၍ စိတ်စိုးနှောင့်ဖွယ်ရာ ဖြစ်နေပါလျှင် လည်းကောင်း ကျွန်တော်ကား ဝန်ချ တောင်းပန်ရုံမျှ ပြုနိုင်သည့်အတွက် တောင်းပန်သမှုကို ယခုတစ်ပါတည်း ပြုလိုက်ပါသည်။ အဘယ်အကြောင်းကြောင့် စာတစ်စောင်မှ မပြန်သည်ကို အသိပေးရုံမျှ ဖြစ်စေကာမူ အသိပေးစေလိုပါသည်။

ကျွန်တော် စာရေးရာတွင် ကျွန်တော့် စိတ်ဝယ် မတင်တင်အား မည်သို့ သဘောထားကြောင်းကို သိသာရုံမျှ အစီရင်ခံပါရစေ။ ကျွန်တော်၏ ဉာဏ်မြင်သမျှမှာ မြန်မာလူမျိုးတစ်မျိုးလုံး အောက်ကျနောက်ကျ ဖြစ်နေခြင်းမှ လွတ်မြောက်စေရန် အားသွန် ကြိုးစားကြရာ၌ အထောက်အပံ့များသော ဆောင်ရွက်ရုံမျှဖြင့် မပြီး။ အမျိုးသမီးများကိုယ်တိုင် ပါဝင်၍ အားပေး ဝိုင်းဝန်းကူညီမှ လိုရာခရီးသို့ အပြီးတိုင်





ရောက်နိုင်မည် ဖြစ်ပါသည်။ မြန်မာပြည်၏ ဒုက္ခပြဿနာ အဖြာဖြာကို အမျိုးသမီးများမှတစ်ဆင့် ဖြေရှင်းမှ ပြေလည်မည် ထင်ပါသည်။ အမျိုးသမီးများ စိတ်ဓာတ်ပြောင်းလဲသော်သာ၊ လိုရာခရီးသို့ ပေါက်မြောက်အောင်၊ ယောက်ျားများသည် ဆထက်ထမ်းပိုး တိုး၍ ကြိုးစားကြပါမည်။ ယောက်ျားများမှာ အမျိုးသမီးတို့ အားပေးမှသာ ရွပ်ရွပ်ချွံချွံ စွံစွံမြံမြံ လုပ်တတ်ကြောင်း ကျွန်တော် မရှက်မကြောက် ဝန်ခံရပါမည်။

သို့ဖြစ်ပါ၍ မြန်မာအမျိုးသမီးတို့ အထူးတလည် နိုးကြားခြင်း ဖြစ်အောင် သတင်းစာမှ ဆောင်ရွက်မည် ကြံရာတွင်၊ ကံအားလျော်စွာ မတင်တင်အား စာဖြင့် သိရ၍ မတင်တင်ကိုပင် အားကိုးတစ်ခု ပြုထားပါသည်။ မတင်တင်မှ တစ်ဆင့် အမျိုးသမီးများအား နိုးကြားစေမည်ဟု ရည်ရွယ်ရင်း ရှိပါသည်။ အခြား အမျိုးသမီးများထံမှ ရေးသားကြသည်များကို ရသည့်အခါ ထည့်သွင်းဖော်ပြခြင်း ပြုသော်လည်း အရနည်းလှပါသည်။ ရပြန်ပါလည်း ကျွန်တော် ဖြစ်စေချင်သော ဆန္ဒရှိသည့် အမျိုးသမီးစိတ်ဓာတ် အစအန အရိပ်အမြွက် မပါရှိလေသောကြောင့် မတင်တင်ထံတွင် ဆောင်းပါးတောင်းနေခြင်း ဖြစ်ပါသည်။

မတင်တင်တွင် တိုင်းပြည်ကြီးပွားစေရန် လိုအပ်သော စိတ်ဆန္ဒရှိကြောင်းနှင့် ပညာဉာဏ် ထက်မြက်ပုံကို မတင်တင်တို့ မြို့ အမျိုးသမီးအသင်း၏ စွပ်စွဲချက်ကို ပြန်လည်ချေပသော မတင်တင်၏ ဖြေရှင်းချက်ကြီးကို ဟိုစဉ်အခါ ဖတ်လိုက်ရကတည်းက သိရှိသဖြင့် စာဖြင့် ဆက်သွယ်တောင်းပန်ခြင်း ဖြစ်ခဲ့ရာ၊ ယခုအခါ၌ မတင်တင်ထံမှ တစ်စုံတစ်ရာ မကြားမသိရသည့်အတွက် ကျွန်တော့်၌ မည်မျှ စိတ်လက် ပူပန်ကြောင့်ကြသည်ကို စဉ်းစား၍သာ ကြည့်စေချင်ပါသည်။

ဤစာကို ရေးရာ၌ ကျွန်တော်သည် မတင်တင်အား မရေးမနေရဟု တိုက်တွန်းနိုင်ခွင့် မရှိကြောင်းကို ကောင်းစွာ သိပါသည်။ မတင်တင် ရေးမှ ရရှိမည်ကိုလည်း ကောင်းစွာ သိပါသည်။ သို့သော် မတင်တင်၏ ဆောင်းပါး မည်မျှ အလိုရှိကြောင်းကို သိသာရုံမျှ အစီရင်ခံရခြင်း ဖြစ်ပါသည်။

ကျွန်တော်တွင် မဟုတ်၊ မည်သူမဆို တိုင်းပြည်ကို ချစ်၍ တိုင်းသူပြည်သား ကြီးပွားစေလိုသော စေတနာ ဆန္ဒတို့ဖြင့် ပြည့်ဝနေသော အမျိုးသမီးအပေါ်၌ အားကိုးပြုကာ အကူတောင်းမည်ပင် ဖြစ်ပါသည်။

[illegible]ရေးကို စီးပွား အလစ်ဟင်းခံကာ လိုက်စားနေသော မြန်မာ [illegible] စီးပွားရေးကို ထိန်းသိမ်းနိုင်သော အမျိုးသမီးတို့က အဆော [illegible] ကယ်တင်ရန် အချိန်ကြီး ကျရောက်နေရာ၊ ယခုအချိန်တွင် [illegible] အခြေအနေ၌ နေရမည်ကို မတင်တင် ကိုယ်တိုင် စီရင် [illegible]ပါရန် တိုက်တွန်း တောင်းပန်လိုပါသည် ခင်ဗျား။

တိုင်းပြည်ကိုလည်း-

ညာတာတော် မူကောင်းပါငဲ့၊ အကြောင်းမှ မဆို၊ ဘယ်တွက်ကယ် သုန်မှုန်လေဘိ၊ ရေးအကုန် မျိုကာသိပ်ပါလို့၊ မျက်ရိပ် ကြည်မသာနှင့်၊ သည်တစ်ခါ ဖြစ်ပုံဆန်းပါဘိ၊ စွန်း လပြည့်ညို၊ တိမ်တောင်တိမ်ခဲနှင့်၊ တိမ်ထဲတွင်မှ သူနို၊ ဘယ်လိုသည့် ဗျာတော်ညွှန်း၊ တွေးခက်ဖွယ် မေးချက်ကယ် ထင်မပြေထင့်၊ တင်တဆွေ ဖြစ်အင် လင်းလို့ငယ်၊ ညင်းပ ချိုခွန်း။

ချစ်မောင်

ဒီဇင်ဘာလ ၈ ရက်နေ့။

ထိုစာကြောင့် မရှောင်သာတော့ဘဲ စားပွဲတွင် ဆောင်းပါးရေးရန် ပြင်ဆင်ရသည်။ စောင်ရေ အများဆုံး ထုတ်ဝေနေသည့် သတင်းစာကြီးတွင် ထည့်သွင်း[illegible]ပြလိမ့်မည်ဟု သတင်းစာအရှိန်ကို လန့်လျက် ဉာဏ်များလည်း မထွက်လာပေ။ မထွက်ရုံပင် မနေဘဲ ရှိသလောက် ဉာဏ်ကလေးပင် အားနည်း တွန့်ဝင်သွား[illegible]မှ အစရှာမရအောင် ဖြစ်နေသည်။ ဆောင်းပါး မရေးသေးခင် သတင်းစာထဲတွင် ပါလာမည့် ကိုယ့်ဆောင်းပါးကိုသာ မြင်နေသဖြင့် ဆောင်းပါးရေးစရာ ရှာမရ ဖြစ်ရ၏။

သတင်းစာကို ခေါင်းထဲမှာ လုံးလုံးမေ့ပျောက် ဖယ်ထုတ်လိုက်သည်။ [illegible] စာစီစာကုံး ရေးသလို ပို့ချင်မှ ပို့မယ်ဟု နှလုံးသွင်းလိုက်တော့မှပင် ဉာဏ်များ ထွက်လာလေသည်။

[illegible] အခက်အခဲကို ကျော်နင်း လွတ်မြောက်သွားပြီးနောက် [illegible]များကို လွယ်လွယ်ကူကူ ရေးလို့ရသွားသည်။ ဖူးစကက် [illegible] ပိုလျှင် မထည့်သွင်းနိုင်ပါဟူသော သူ့စာအရ ခက်ခက်ခဲခဲ [illegible]ရအောင် စာကို တိုင်း၍ ရေးပေးနေရ၏။ တိုင်းရေးရန် [illegible] ပင်ပန်းလှသည်။ ထိုထက် ပိုပင်ပန်းသေးသည်မှာ [illegible] ဆောင်းပါးရှင်၏ နာမည်ပေးရန် တွေးရပြန်သည့် အခက်နှင့် [illegible]။





နောက်တစ်နေ့၌ "ဏကြီးသတ် ဉာဏ်အမြင် ရှိကြရန်" ဟူသော ဆောင်းပါးနှင့် ဆောင်းပါးရေးသူ "ရဝေလှိုင်" ဟု ကိုယ့်ကိုယ်ကိုယ်ပင် ကလောင်နာမည် တပ်ကာ စာတိုက်မှ ထည့်လိုက်သည်။ နေ့တိုင်း နေ့တိုင်း သတင်းစာကို သူများထက် အရင်ဦးအောင် ထ ဖတ်ရသည်။ စာထည့်ပြီး ၂ ရက်အကြာတွင် မြန်မာ့အလင်း သတင်းစာ၌ ၎င်းဆောင်းပါး ပါလာသည်။ ကျွန်မ ရေးလိုက်သည့် စာလုံးကလေးတွေ စာပုံနှိပ်စာလုံးသို့ ကူးပြောင်းသွားပုံကို တစ်စိမ့်စိမ့်ကြည့်ရင်း ဘဝင်မြောက်ကာ ပီတိဖြစ်မိသည်။

ဤပုံ စ၍ ဆောင်းပါး တစ်စောင်မှ နှစ်စောင်၊ နှစ်စောင်မှ သုံးစောင် အကူအညီတောင်းတိုင်း ရေးသားပေးပို့နေသည်။ ဆောင်းပါးတောင်းရင်း ဆောင်းပါး ပို့ရင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရှည်ရှည်လျားလျား စာရေးသားလာကြသော်လည်း တစ်ဦးကိုမှ တစ်ဦး မမြင်ဖူးကြသေးပေ။ ရေးသည့်စာများမှာလည်း နိုင်ငံရေး၊ ပညာရေးများကို စိတ်ထက်ထက်သန်သန်နှင့် ဆွေးနွေး ရေးသားကြသည့် စာများသာ ဖြစ်သည်။ အထူးမှာ တစ်ဦးနှင့်တစ်ဦး အထူးနှိမ့်ချ၍ တစ်ဦးကိုတစ်ဦး အထူး ရိုသေကိုင်းရှိုင်းစွာ ရေးကြသည်။ သူ့ထံမှ ပေးသမျှစာတိုင်း မှတ်သားစရာ ကဗျာ လင်္ကာ ဗဟုသုတအဖြာဖြာ ပါရှိ၍ ပညာလေ့လာနေသော ကျွန်မအဖို့တွင် အခမဲ့ ပိဋကတ်တိုက်ကြီးနှင့် တိုးနေလေသည်။

ကျွန်မ၏ထံမှ စာကို ဖတ်၍ ကျွန်မအကြောင်း စဉ်းစားမည် မစဉ်းစားမည်ကား သူ့ဟာသူပင် သိမည်။ သူ့အကြောင်းကိုမူ သူ၏စာများက ကျွန်မအား အစဉ်းစားနိုင်းသဖြင့် တစ်ခါတစ်ရံ စဉ်းစားမိသည်။ တွေးမိသည်။ စဉ်းစားစရာ တွေးစရာ အချက်တွေ ဤစာတွေထဲ၌ ရှိလေသည်။

စာပြန်ကြားပါသည် ခင်ဗျား။

မတင်တင် ရေးပို့သမျှ စာများတွင် နံပါတ် ၂ ၌ မတင်တင်၏ စူးရှထက်မြက်သော ဉာဏ်ပညာကို ထင်ရှားစွာ ပိုမို တွေ့မြင်ရပါ၏။ စာနံပါတ် ၁ မှာ ဇဝနပဋိဘာန်ပင် ထွက်ဉာဏ်ရှိပုံကိုပြ၍၊ နံပါတ် ၂ မှာ ပညာဉာဏ်ရှိပုံကို ပြသဖြင့် ရှေ့ကို စာဆက်ရေးရမည်ပင် ခပ်လန့်လန့်။

ယောကျ်ားများသည် မိန်းမများထက် တတ်သည်ဟု အထင်ခံချင်ကြရာ၊ အကယ်ပညာရှိ မိန်းမကျလျှင် ထိုယောကျ်ားတို့သည် ရင်ဆိုင်ယှဉ်ပြိုင်ဝံ့သည် မရှိဘဲ၊ ၁၀ လမ်းကျော်လောက်က ရှောင်ပြေးတတ်ကြသည်ဟု စာရေးဆရာတစ်ဦး ရေးသားထားသည်ကို သတိရမိပါ၏။

ပညာရှိတစ်ဦးထံ မိန်းမနှင့် ယောကျ်ား ကဗျာ နည်းနာခံကြရာ

မယောက်ျားက [illegible]သည်မရှိ၊ မိန်းမကသာ စာပြိုင်စပ်ဆိုလျှင် ပထမ [illegible] ယောက်ျားသည် တစ်နေ့သ၌ မိန်းမ၏အိမ်ကို တစေ့တစောင်း [illegible] စောသောက စာစပ်ပြီးလျှင် မြင်းတစ်ကောင်ကို ကဆုန်ချ [illegible]၊ အိမ်ရှေ့က ဖြတ်ပြေးရင်း 'စောင်တင်းတိမ်နဲ့ ချင်းအိမ်ဟဲ့' ဟု [illegible]ပြေးပါသည်။ မိန်းမဖြစ်သူလည်း အသံကြား၍ ထွက်ကြည့် လိုက်ရာ ထိုသူကိုမြင်၍ ရုတ်ခြည်း 'ရောင်ဖျင်းသိမ်နဲ့ မြင်းပိန်ဟဲ့' ဟု အော်၍ ဆိုလိုက်၏။ ဤတွင်လည်း ထိုသူ ရှုံးသောထုံး ရှိပါသည်။

ဗြဒယော်ရွာတွင် လူကြီးကို မဆိုထားဘိ။ မိန်းမငယ်ကလေး များပင် စာစပ် စာချိုးလျှင် မြန်ကြသည်ဟု သတင်းကြား၍ ပညာစမ်း လိုသူ တစ်ဦးသည် ထိုရွာသို့ သွားပါသည်။ ရွာထိပ်တွင် မိန်းမငယ် ကလေးများကို တွေ့၍ ထိုသူက မိမိသည် မန္တလေးမြို့၌ ဘုရင်မင်းတရား ကြီး၏ လှေကို လှော်သူဖြစ်ကြောင်း၊ ဗြဒယော်ရွာသူများ တော်ကြောင်း ကြား၍ ပညာစမ်းရအောင် လာခဲ့ကြောင်းနှင့် ပြောပါသည်။ ထိုအခါ အငယ်ဆုံး မိန်းမကလေးက ကိုကြီးနာမည် ဘယ်လိုခေါ်သလဲဟု မေး၍၊ ထိုသူက စာစပ် မဖြစ်နိုင်စေသောငှာ မောင်ငွမ့်ငွမ်ငွမ်းဟု ပြန်ဖြေပါ သည်။ ထိုသို့ ဖြေလိုက်လျှင် အဆိုပါ သူငယ်မလေးက 'မန်းရွှေမြို့ပေါ် လှေလှော်မှုထမ်း၊ ဗြဒယော်သူ လာလို့စမ်း ကို ငွမ့်ငွမ်ငွမ်း' ဟု ခဏချင်း စာချိုးလိုက်ပါ၍ ထိုသူ လှည့်ပြေးရဖူးပါသည်။

ယခုလည်း ပညာတတ်တစ်ယောက် တွေ့နေပြီ။ ပြေးရ ကောင်း မလား။ မပြေးဘဲနဲ့ ဟန်ကိုယ့်ဖို့ ဆိုသကဲ့သို့ ဟန်လုပ်ပြီး တတ်ယောင် [illegible] လုပ်နေရလျှင် ကောင်းလေမည်လား။ စဉ်းစားကြည့်ရပါဦးမည်။

ချစ်မောင်

၁၆၊ ၂။

[illegible] ပုံး ကျွန်မကိုယ် ကျွန်မ အထင်ကြီးရတော့မလို၊ သူ့ကိုယ်သူ [illegible] ရေးသားလိုက်သည်။ စာရေးရန်မှာ သူက လန့်စရာမဟုတ်ဘဲ ကျွန်မကို များ [illegible] နေရောသလားဟု ကျွန်မကသာ လန့်စရာရှိကြောင်း စဉ်းစားမိ သည်။ [illegible] ကက်သိသည့်ကိစ္စပင် မတတ်သိပုံဆောင်၍ ရေးသားပြန် ကြားနေသည်။

[illegible]

[illegible] အထင်ကြီး၍ နေလေသလောဟု ထင်မိရုံမက တစ်ခါ တစ်ခါ [illegible] အဓိပ္ပာယ်ကို ကျွန်မပင် အစဉ်းစား လွန်နေ၍လောဟု မဆုံးဖြတ်နိုင်[illegible] ဖြစ်ရသေးသည်တကား။





မတင်တင် ခင်ဗျား။

နိုင်ငံရေးအခြေအနေကလေး မတော်တဆ ကောင်းလာသဖြင့် အချက်ပိုင်လှပြီဟူ၍ ဝမ်းပန်းတသာ အခါအလျောက် ထိထိရောက် ရောက် ပေါက်ပေါက်မြောက်မြောက် ဖြစ်ပါစေတော့ ဟူသော စေတနာ ကောင်းဖြင့် လမ်းကြောင်းညွှန်ပြ လမ်းစကလေး ထွင်၍ ပေးမည်ကိုပင် မလိုသူတစ်စုက သူ့ပယောဂ မကင်း၊ ဒေါက်တာ ဘမော်တို့ လှုံ့ဆော် ခြင်းကြောင့် စိုင်းပြင်းနေကြခြင်း ဖြစ်သည်၊ အစက ဘာမျှမပြောဟု လောဘ ဒေါသ မောဟ တစ်ဖန် ခြံရုံကွပ်ကဲလျက် စွပ်စွဲခြင်း ခံနေရပါပြီ။ တိုင်းပြည်ကလည်း အကဲခတ် အလွန်ခက်၍ နေဟန်တူပါ၏။ သို့ရာတွင် လည်း ယခု လုပ်ငန်းမှာ ဦးပုည ဆိုသကဲ့သို့ ဒုက္ခိတဝေဒနာ မကျန်းမာ သည်ကို သပ္ပာယဆေးဝါးဖြင့် ကုစားသော် ကောင်း၏ဟု အကြောင်း ထူး မဖက် စေတနာသက်သက် ပယောဂ မစွက်ဘဲ တစ်ရက်မျှတည်း သာ ကျွန်ပ်လာသည်ကို မသမာဆန္ဒ ယုတ်ညံ့လှသော စေတနာဖြင့် ဆောင်ရွက်သည်ဟု မရေ မရာ တွေးမှား ကြံမှား ဆိုမှား ရေးမှား ဖြစ်နေသဖြင့် များစွာ ဝမ်းနည်းခြင်း ဖြစ်မိပါသည်။

မတင်တင်၏ နိုင်ငံရေး ထင်မြင်ယူဆချက်ကို များစွာ ကြား လို လှပါသည်။ အချိန်မလွန်မီ အားလပ်ခွင့်ကလေး ရရှိပါကလည်း ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ဆောင်းပါးလေးတစ်စောင် မစ ပါရန်လည်း တောင်းပန်လိုပါ၏။ အကယ်၍ ဆောင်းပါး မရေးနိုင်စေ ကာမူ မတင်တင်၏ ထင်မြင်ချက်ကိုပါ အသိပေးမည်ဆိုက ထိုထင်မြင် ချက်သည် ထိုလုပ်ငန်းကို ဆောင်ရွက်သူတစ်ဦး၏ အဖို့တွင် များစွာ အထောက်အပံ့ ရမည် ဖြစ်ပါသည်။

မတင်တင်၏စာတွင် " 'အမြင့်သို့ တက်လှမ်းရန် ကြံရွယ်သော အမျိုးသမီးသည် ဉာဏ်ရှိသလောက် အဆင်းရူပဖြင့် ပြည့်စုံသည်ရှိသော် မုချအောင်မြင်ရမည်။' ဟု ဦးချစ်မောင် ရေးသားလိုက်ရာ ဉာဏ်ရှိရုံတွင် မဖြစ်ထွန်းနိုင်ဘဲ အဆင်းရူပရှိမှ အောင်မြင်ခြင်း ဖြစ်မည်ဟု အဓိပ္ပာယ် ရှိရာ အဆင်းရူပ မရှိသူ ဉာဏ်ရှိသော အမျိုးသမီးများအတွက် အားတက် ကြိုးစားဖို့ ရှိနိုင်ပါသေးသလော " ဟု ရေးသားလိုက်၍ နှစ်သစ်ကူး အထူးစာစောင် ဆောင်းပါးကြီးတွင် မတင်တင်၏ပုံကို မြင်ရသော ကျွန်တော်က မတင်တင်အကြောင်းကို တောင်သမန်လယ်စား ဦးဖေငယ် ဆုံးဖြတ်သွားကြောင်း အမြွက်မျှ ရေးထည့်လိုက်ပါသည်။

ယခု ရေးပြုသော မတင်တင်၏ တေးထပ်ကလေးကို လက်ခံဖို့ရာ မတွေ့ပါ။ သို့သော် ထိုတေးထပ်ကဲ့သို့ပင် အလွန့် အလွန် တော်တော် မှန်မှန်ကာ တေးထပ်တစ်ပုဒ် ဖြစ်ပါသည်။ ၎င်းကို ပုံနှိပ်စာအုပ်များတွင် တွေ့ဖူးပြီးဟု အမှတ်မရမိပါ။ ဦးဖေငယ်၏ စာများမှာ အလွန့် အလွန် သိမ်မွေ့ခြင်း ရှိပါသည်။

တောင်သမန်လယ်စား ဆုံးဖြတ်သွားသော တေးထပ်မှာ အောက်ပါအတိုင်းပါပေ။

"အတုလွန် တင်တင်တင့်၊ ယဉ်ယဉ်ယဉ့် တဆူ၊ ခင်ခင်ခင့် အမှူ၊ မြင်မြင့်သူ မနော။ ကြွေကြွေကြွေ့ ဝေဝေ့ဝေတယ်၊ သေသေ့သေ ဧပြတ်လိုမော။ ဥုဥုဥုံ့မာဒန္တီလို စာကြန် ညီသဘော၊ ကြာဟန်ချိ အချောမတော့ တလောက ကမ်းကုန်။ မြေမြေ့မြေ မြေအလုံး၊ ကေကေ့ ဘုန်း ဂိုဏ်းသတ်လိုခြုံ။ ပြေပြေ့လို့ ဆွေဆွေ့ခုန်သည်၊ ရွှေရွှေ့မှုံ အသား နှင့်၊ တစ်ပါးတင့် ကြန်ကြန့်ကြန်။ ငါးပဥ္စလျှံ ပတ္တမြား မှန်မှန့်မှန်ငယ်၊ စံစုံ့စံ စံရှားခင့်လေး။"

ကျွန်တော်လည်း ဦးဖေငယ်ကို မခံချင်၍ ရေးစပ်မည်ပြုရာ နာရီသာကုန်၍ စာတစ်ကြောင်း မဖြစ်သဖြင့် ကလောင်ကို ပစ်လိုက်ရပါတော့သည်။ သို့သော် မဆိုင်ဟု ဆိုလိုက ဆိုနိုင်သော ကဗျာ တေးထပ်တစ်ပုဒ် ဖြစ်လာသဖြင့် မည်မျှညံ့သေးသည် ဆိုသော်-

တောတစ်ခွင် မြိုင်အကွေ့၊ ကြိုင်သ၍ဂေါ်သဇင်၊ လှိုင်ရဝေ့ တော်ဝင်သည်၊ ဩော် အယဉ်အလှ၊ ဘယ်ပန်းမှ မယှဉ်နိုင်၊ သဇင်ခိုင် ဘုန်းတင့်ပေစွ။ ။ လူ့ထက် လူ့ဘုန်းခေါင်၊ သုံးဆောင်တော်မူကြ။ ပုံးကျောင်ပေါ် မယူ သခင်က ဘယ်သူမှ ဝံ့ပေါင်။ ။ ပန်ဆင်ရန် သဇင်ခက် မြင်လျက်နှင့် ဝေးကသာရှောင်။ ။ ရဝေခန်း ရွှေနန်းဆောင်မှာ မြူမြှုန်းအောင် သူ ယဉ်လှတတ်ကဲ့။ ချူစဉ်က ရီးပေ့သာမန်၊ တိုး၍သာ ဟန်။ ။ ကြိုးသရွေ့ ဘဏ္ဍာမှန်သည်၊ ခါတစ်ရံ ဟုတ်ဖူးဗျလေး။

ဘယ့်နှယ်ရှိပါစ…။

**ချစ်မောင်**

၂၇ ရက်။

ဘယ့်နှယ်ရှိပါစ ဆိုရင်း ကျွန်မထံသို့ တိုက်ရိုက် စာစပ်ပို့သည့် အဓိပ္ပာယ်မျိုး မဖြစ်စေဘဲ၊ သူများစပ်သည်ကို အားကျမခံ လိုက်စပ်ပြလိုက်ရင်းမှ စပ်ဖို့ရာ တေးထပ်အတွက် စကားလုံး အသုံးအနှုန်း ရွေးချယ်ရန်အတွက်သာ ကျွန်မကို





ဆွဲထည့် စပ်သွားထားလေဟန်ကဲ့သို့ မဆိုင်ဟု ဆိုလျှင် ဆိုနိုင်သော အဓိပ္ပာယ်ရောက်အောင် ရေးနိုင်လေသည့်အတွက်၊ ဘယ့်နှယ်ရှိပါစကို ဘယ့်နှယ်မှ မဖြစ်ပါဘူး ဟု ရိုးရိုးသားသား ပြောနိုင်ရန် ခက်၏။ ဘယ်လိုလဲဟု ဆိုမေးခဲ့လျှင် ဝေသွားပါသည်ဟု မှန်ရာ ဖြေရပေလိမ့်မည်။

ဤတေးထပ်ကဗျာသည် ချီတ်လိုက်သည့် ကဗျာ၊ ဆွယ်လိုက်သည့်ကဗျာ မဟုတ်ကြောင်းနှင့်၊ စာပေလိုက်စားသူ ကဗျာဆရာတို့၏ ကွန့်ဉာဏ် ကွန့်တွေး ကွန့်ရေး ရိုးရိုးသာဖြစ်၍၊ ဝေစရာ မဟုတ်ခြင်းကို ကျွန်မအား နောက်ဆုံး၌ ရှင်းလင်းသွားစေသည်မှာ ထိုစဉ်က ကျွန်မသည် "ကိုးခန်းပျို့" ကို လေ့လာ ကျက်မှတ်နေခိုက် ဖြစ်သည်။ ၎င်းပျို့မှာ အဓိပ္ပာယ် အလွန်ခက်ခဲ၊ စကားပြေ အဓိပ္ပာယ်ကြမ်း ရှိ မရှိ မေးမြန်းရေးသားလိုက်ရာက ပျို့၏ အဓိပ္ပာယ် အခက်အခဲတို့ကို ရှင်းလင်းရေးသား သင်ကြားပြသပေးနေပြီး၊ မည်သည့်အကြောင်းနှင့် ပတ်သက်သည့် စာတစ်ကြောင်းကိုမှ မမြင်ရတော့သဖြင့် ကျွန်မ ခေါင်းထဲတွင် "ဘယ့်နှယ် ရှိပါစ" ပျောက်သွားကာ ဆရာကို တပည့်က ရိုသေသကဲ့သို့ အထူးပင် ရိုသေခဲ့သည်။

ပညာပါရမီကို ထိုကဲ့သို့ ကူညီဖြေရှင်း ညွှန်ပြပေးနေသဖြင့် အဝေးက ကျေးဇူးတင်မိ၊ ကြည်ညိုမိသည့် အဟုန်မှာလည်း တရေးရေး တစိမ့်စိမ့် ဖြစ်ခဲ့သည်။ ပညာသည်များအား မည်မျှ စေတနာထားသည်ဟူမှု အောက်ပါ ကူညီ ရှင်းလင်းပေးသည့် စာမူဖြင့် မွန်မြတ်သည့် စေတနာကို ပေါ်လွင်နိုင်စေသည်။

ဖေဖော်ဝါရီလ ၁၉ ရက်။

ကိုးခန်းပျို့ ဒုတိယအပိုဒ်ကို မိမိဉာဏ်ဖြင့် နှိုက်၍ယူပုံ သိရသဖြင့် ပညာဉာဏ် ရင့်သန်ပုံကို ချီးမွမ်းမိပါသည်။ မှန်ရာပြောရလျှင် ထိုမျှလောက် သဘောပေါက်မှ ပေါက်ပါမည်လောဟု သံသယ ရှိမိပါသည်။ ယခုသော် ထိုသံသယ ရှိမိခြင်းကို ဝန်ခံ၍ ထိုသံသယရှိခြင်း အပြစ်ကို ခွင့်လွှတ်လျက် ချီးမွမ်းချက် ခံယူပါဟု တောင်းပန်လိုပါ၏။ ဤပျို့မှာ အလွန် ခက်ခဲ သိမ်မွေ့သောပျို့ ဖြစ်၍ သာမန်အားဖြင့် နားလည်ခြင်း မရှိနိုင်ပါ။ ပြန်ဆိုပေးလိုက်သော စကားပြေကို ကြည့်ရာ မသိ၍ ချွင်းချန်ထားသော စကားလုံး အချို့မှတစ်ပါး အဓိပ္ပာယ် ချွတ်ချော်ခြင်း မရှိသည်ကို တွေ့ရပါသည်။

"အခါတစ်ပါး… ဉာဏခြောက်မည်" အထိ ပြန်ဆို ယူဆချက်သည် မှန်ပါပေသည်။ "တုကင်းစည်ကို တီးမည်ကျုံကျုံ" ဟုရာ၌

"ကျုံကျုံ" ဆိုသည်ကား "ကျဉ်ကျဉ်" "ကျာကျာ" ဆိုသော စကားကဲ့သို့ ပစ်စေသတည်ဟူ၍ ဆိုလိုသော ပေါရာဏစကား ဖြစ်ပါသည်။ ထိုကြောင့် ပစ်မှုဆော်သံကား ကျုံကျုံ တမည် ကျည်ကျည် ကျာကျာ တွင်ဝေါဟာ ၏ဟု ဆိုပါသည်။

ပို့လိုက်သော စကားပြေတွင် "တစ်ရံရောအခါ ရဟန်းတို့သည် အသဗလဉာဏ် ၁၀ ပါး၊ အသာဓရဏဉာဏ် ၆ ပါး၊ ဂုဏ်တော် ၉ ပါးတို့ဖြင့် (တီးမြည်ကျုံကျုံမသိ) ကျော်စောတော်မူသော ဘုန်းတော်ကြီးသည့် ဘုရားသခင်၏" ဟု ပြန်ပါသည်။ တစ်ရံရောအခါမှ ဂုဏ်တော် ၉ ပါးတို့သည် ပြိုင်ဖက်ကင်းသော စည်ဖြစ်၍ တီးမြည်သော အသံသည် အထက်ဘဝဂ်သို့ ထိအောင် ဆိတ်ညံခြင်း မရှိ။ အုတ်အုတ် ကျက်ကျက် ဖြစ်၏ဟု ဆိုသည်မှာ မှန်ပါပြီ။

"သွေးသီတသုန်" ဆိုရာ၌ "သွေးသီ" ဆိုသည်မှာ ပြောဆိုခြင်း၊ "တသုန်" မှာ အထူးဖြစ်၍ အထူးပြောဆိုခြင်း၊ ချီးမွမ်းခြင်းကို ဆိုလိုပါသည်။

ပေးလိုက်သော အဖြေတွင် ကျေးနူးကို "သွေးသီတသုန် မသိ၊ ချီးမွမ်းပြောဆိုလျက် နေကြစဉ်" ဟု ဆိုပေသဖြင့် အဘယ်မျှ တိကျစွာ အဓိပ္ပာယ် ကောက်ယူ ရိပ်မိထားသည်ကို သတိပြုဖွယ်ပါပေ။

"သုံးလူ့ဘော်လည်း လာတော်မူပြီး စသည် မေးရှောင်း" ဟူသော အပိုဒ်ကို ကြံဆပုံလည်း မလွဲပါ။ လူသုံးပါးတို့၏ အဘော် သုံးလူ့ဘ ဟူ၍ ဤနေရာ၌ မဆိုပါ။ "ဖြစ်တော်မူသော မြတ်စွာဘုရားလည်း ကြွလာတော်မူပြီးလျှင် အလျှံထိန်ထိန်ထွန်းသော ရှားမီးကျီးကဲ့သို့ သဗ္ဗညုတဉာဏ်၏ တည်ရာ ရွှေနှလုံးတော်က ရင့်ပြီးသော ပညာဆီမီးနှင့် ပြည့်စုံသည့် ဟတ္ထိပါလဇာတ်ကို ထင်ရှားစွာ ဟောတော်မူလို၍ ကာယနှုတ္တ အစချီသော ဂါထာဖြင့် အဘယ်မည်သော စကားဖြင့် ရည်၍မေးကြသနည်း။ ငါ လာတော်မူခြင်းကြောင့် သင်တို့ စကားအပြီးသို့ မရောက်သတည်းဟု မေးတော်မူ၏။" ဤသို့ ပြန်ဆိုရပါမည် (အစ်သည်)။

နောက်ပါ အပိုဒ်တို့ကို ပြန်ဆိုချက်ကား မှန်ပါ၏။ "သဒ္ဒါလူ့လူ့" ဆိုသည်မှာ "စေတနာ သဒ္ဒါ ဗလဝဖြင့်" ဟု ဆိုလိုပါသည်။ "ရင်းနှစ်ပညာ အားဆိုလိုသည် မသိပါ" ဟု ဆိုလိုက်သည်။ "ရင့်နှစ် ပညာ" ဟု ဆိုမှ မှန်ပါမည်။ "ဘုရား ဖြစ်ရာဖြစ်ကြောင်း ပညာ အရင့်





အနှစ်ကို ရှာဖွေစဉ်ကပင်" ဟု ဆိုလိုပါသည်။ "လျာဏထားမှ" ဟု ဆိုသောစကားမှာ အစပြောထားခြင်းကို ဆိုလိုပါသည်။

ဤအပိုဒ်တွင် မူကွဲရှိ၍ လိုးလွဲကြံဖွယ်တစ်ရပ် ရှိပါသည်။ မတင်တင်ထံမှာ ရှိသော စာအုပ်မှာ ဟံသာဝတီမူ ဖြစ်၍ ကျွန်တော့် စာအုပ်နှင့် တူခြင်းကြောင့် ဒုတိယအပိုဒ် အဆုံးနားတွင် "မြွက်ဟ စကား၊ လျာဏထားမှ၊ တရားကျယ်ဖွင့်" ဟု ပါရှိလိမ့်မည်။ အချို့သော ပေမူများမှာ "တရားကျည်းဖွင့်" ဟု ပါရှိပါသည်။ "တရား ကျယ်ဖွင့်" ဟု ဆိုလျှင် ဘုရားရှင်က စကားကို စ ရုံမျှ စပြီး ဣန္ဒြေ ဝင်စားလျက်၊ "တရားအကျယ် ဟောတော်မူပါရန် တောင်းပန်ခြင်းကို ငံ့လင့်လျက်" ဟု အဓိပ္ပာယ် ထွက်ပါသည်။

သို့မဟုတ်ဘဲ အခြားမူများ၌ ဆိုသည့်အတိုင်း၊ "တရား ကျည်းဖွင့်" ဟု ဆိုလျှင်၊ "ကျည်း" ဆိုသည်မှာ တံခါးပင် ဖြစ်၍၊ "ရတနာမြတ်တို့၏ တည်ရာ ဘဏ္ဍာတိုက်မှ တံခါးကိုဖွင့်၍" ဟု ယူဆနိုင်ပါသည်။ ဤတွင် စကားကို တန်ဆာဆင်ထား၍ သမာဓိ ဂုဏ် မြောက်ပါသည်။ ကြိုက်ရာ ယူပါ။

အပိုဒ် ၃ သို့ပင် တက်၍နေပြီဟု သိရသဖြင့် ဝမ်းသာပါသည်။ အပိုဒ် ၃ ကိုလည်း စကားပြေပြန်ဆို၍ ပို့နိုင်ပါသည်။ အားနာရန်ကား မရှိပါ။ မတင်တင်အား ဤသို့ ကူညီရခြင်းကြောင့် ကျွန်တော်တွင်လည်း ယခင်က စွန့်ထားသော မြန်မာစာပေ လိုက်စားသည့် ဝါသနာအိုးကို ပြန်လည်မီးထိုးရာ ရောက်ပါသည်။ မတင်တင်၏ စာတစ်စောင်တွင် စာကြည့်ရဖန်များ၍ ဟုန်နေမည်ပင် စိုးရကြောင်း ရေးလိုက်သည်ကို သတိရမိပါသည်။

သင်သင်၊ အံအံ၊ ကြံကြံ၊ ကြည့်ကြည့် ပညာပြည့်ပါသည်။ သင်လည်း သင်၊ သင်သမျှ မမေ့မပျောက်ရန် အံလည်း အံ၊ သဘော ပေါက်ရန်လည်း အမျိုးမျိုးကြံ၊ မိမိ ကြံဆ ကောက်နုတ်ချက် မှန် မမှန် နှိုင်းချိန်နိုင်ရန် အခြားစာပေကိုလည်း ကြည့်ဟု ဆိုရပါမည်။ "သု စိ ပု ဘာ၊ ဝိ လိ သိ ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့" ဟု အရှင်ရဋ္ဌသာရ (ကိုးခန်းပျို့ဆရာ) ပင် သွန်သင် ဆုံးမတော် မူခဲ့ပါသည်။

ကိုးခန်းကို ကျနစွာ သိနားလည်လျှင် အခြားပျို့များကို နားလည်ရန် မခဲယဉ်းတော့ပါ။ မြန်မာစာ မြန်မာစကား၌ နေ့စဉ်

သုံးစွဲနေကြသော ယခုကာလခေါ် စကားပုံ အများပင် ဤကိုးခန်းပျို့မှ ပေါက်နုတ်ချက်များ ဖြစ်ပါ၍ ဤပျို့သည် အဘယ်မျှ မြန်မာစာအား များစွာကိုအပ်ပေးခဲ့သည်ကို ဆင်ခြင်ရန်လည်း ရှိသေးသည် ဖြစ်ပါကြောင်း။

ချစ်မောင်

## ၄ ။ အတွေ့၏ အစ

ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး စာနှင့် ရင်းနှီးခင်မင် ကြည်ညိုလျက် ရှိသော်လည်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဖူးဖို့ရာ တစ်ခါတစ်ရံမျှ တောင့်တသည့်စိတ် မပေါ်ပေါက်သည့်အတွက်လည်း အတော်ဆန်းပေသည်။ မည်သည့် ဆောင်းပါးရှင်မှလည်း ဆောင်းပါး ပို့ပေးပြီးနောက် အယ်ဒီတာကို ကြည့်ချင်စိတ်၊ မြင်ချင်စိတ် ရှိကြမည် မဟုတ်ပေ။ မိမိဆောင်းပါးသာလျှင် သတင်းစာတွင် မြင်ချင်စိတ်၊ ကြည့်ချင်စိတ် ရှိကြလေသည်။ ဆောင်းပါးရှင်ကိုလည်း ထို့အတူပင်။ အယ်ဒီတာက ကြည့်ချင် မြင်ချင်စိတ် လုံးဝမရှိဘဲ ဆောင်းပါးသာလျှင် ရချင်သည့်စိတ် ထားကြလေသည်။ လူလူချင်း မိတ်ဆွေဖြစ်ရန် အလိုမရှိသည့် အလားတူ၊ သူနှင့် ကျွန်မလည်း တွေ့ရအောင် ကြံမည်၊ တွေ့ကြအောင် လုပ်မည်ဟု အားထုတ်မှု လုံးဝ မရှိကြပေ။ ရန်ကုန်သို့ အလည်ရောက်သည့် အခါများတွင်လည်း တွေ့ရကောင်းစေဟု တစ်ခါမျှ သတိမရပေ။ ဗဟုသုတ ပညာရေး၌သာ ခင်မင်ဆက်သွယ် တုံ့ပြန်ကြိုးပမ်းလျက် လူလူချင်း တွေ့ဆုံ ခင်မင်ရင်းနှီးဖို့ရာကို မလိုသည့်ကိစ္စ၊ မဆိုင်သည့်ကိစ္စကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ရှင်းရှင်းကြီး ရှိနေကြသည်။

မြန်မာ့အလင်း သတင်းစာတွင် "ယနေ့ သတိပြုရန် အရပ်ခန်းကလေး" တစ်ခန်း နေ့စဉ် ပါလေသည်။ ကျွန်မလည်း လက်ဆော့ကာ ၎င်းအခန်းအတွက် လုံလောက်အောင် သုံးရန်ဟု အပိုဒ် ၅ ပိုဒ် စာထဲတွင် ထည့်သွင်း ရေးပို့လိုက်မိလေသည်။ အပိုဒ် ၅ ပိုဒ်စာပုံပင် နေ့စဉ်ရက်ဆက် ထည့်သွင်းဖော်ပြသည်။ ၎င်းအခန်းအတွက် မကြာမကြာ ရေးသားကူညီပါရန် တောင်းဆိုစာ ရသည့်အတွက် ရံဖန်ရံခါ ရေး၍ ပို့ပေးနေသည်။ ဆောင်းပါးများကိုကား မပို့နိုင်တော့ပေ။ ဤအချိန်၌ ကျွန်မတို့ မြို့တွင် အမျိုးသမီးအသင်း ဖွဲ့စည်းတည်ထောင်ဖြစ်၍ ထိုအသင်းတွင် အကျိုးဆောင်အဖြစ် အသင်း၏ တာဝန်များကို မပြတ်မလပ် မအားမနေ ဆောင်ရွက်နေရသဖြင့် ဆောင်းပါး မရေးနိုင်၍ မပို့နိုင်ခြင်း ဖြစ်သည်။ ရှေးကလောက် သတင်းစာတိုက်သို့ စာထည့်မပေးနိုင်တော့ပေ။ တစ်ဖန် ဒို့ဗမာအစည်းအရုံးကြီး မြို့တွင်





တည်ထောင်လိုက်ပြန်၍ ထိုအစည်းအရုံးကြီး၏ အမျိုးသမီးအသင်းဆိုင်ရာ အကျိုးဆောင် လုပ်ပြန်သေးသဖြင့် အသင်းနှစ်သင်းနှင့်ပင် မအားအောင် ဖြစ်နေသည်။ ထိုအချိန်တွင် ရန်ကုန်မြို့မှ နိုင်ငံရေးခေါင်းဆောင်များ ရောက်လာကြသောကြောင့် ၎င်းတို့ သွားလေရာ လိုက်ကာ တရားဟောခြင်း၊ တရားပွဲစီစဉ်ရခြင်း ကိစ္စအရပ်ရပ်တွေနှင့် ရှေးကထက် အလုပ်ရှုပ်နေလျက် စာပြန်ရန်၊ စာရေးရန် အတန်တန်ပျက်ကွက်ခဲ့သည်။

မိဘများမှာ မျက်နှာဖြူများနှင့် အလုပ်လုပ်ရသည် ဖြစ်၍ နိုင်ငံရေးတွင် ကျွန်မတစ်ယောက် ကိုယ်ဖိရင်ဖိ ဝင်ရောက်လုပ်ကိုင် ကူညီနေသည်ကို မျက်နှာဖြူပိုင်းမှ မျက်စမွေး တော်တော်စူးလျက် ဖခင်ကို အမျိုးမျိုး ဆူပွက်ကြလေသည်။

ဖခင်က ကျွန်မကို ကန့်ကွက်တားမြစ်ခြင်း မရှိသော်လည်း ဆောရှိသည်ကိုကား အရိပ်အမြွက် ထုတ်ပြောပြသည်။ မြို့မှ လာသမျှ နိုင်ငံရေးသမားများကို တစ်ဦးတည်း ဒိုင်ခံ၍ ပွဲကြီးပွဲရန်နှင့် ကျွေးမွေးပြုစုသည်ကိုလည်း မကန့်ကွက်ဘဲ အကုန်အကျခံသည်ကို ကျေကျေနပ်နပ်နှင့် ကြည့်နေသည်။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် ထားရှိကြသည့် စေတနာတွေကို ကြည်ညို၍ တတ်နိုင်သည့်ဘက်က လှိုက်လှိုက်လှဲလှဲ အကူအညီ ပေးခဲ့သဖြင့် ယခု နိုင်ငံရေးဆောင်ရွက်နေသူ ခေါင်းဆောင်များ ကျွန်မအား မသိသူ မရှိချေ။

တရားပွဲပြီး၍ ရန်ကုန်သို့ ပြန်သွားကြသည့်အခါ သတင်းစာတိုက်သို့ သတင်းပို့ရင်း ရောက်သွားကြသည့် နိုင်ငံရေးသမားအချို့က သူ့အား ကျွန်မ၏ စိတ်အားထက်သန် ဖွံ့မာန်ပြင်းမှုကို တစ်ဆင့် ဖောက်သည်ချကြသည်။ ကျွန်မထံသို့ နိုင်ငံရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြားသိရ၍ အလိုက်သိစွာ ဆောင်းပါး မတောင်းဘဲ နေခဲ့ကြောင်းနှင့် ရှေ့သို့တိုး၍ ကြိုးစားဆောင်ရွက်ရန် အားပေးစာများ ပေးပို့နေလေသည်။ ကျွန်မ၏ ရှိပြီး နိုင်ငံရေးစိတ်ဓာတ်ခံကို ပိုမိုရင့်သန်ရန် အကြောင်းပြု၍ "တရုတ်သူပုန်မကလေး ရှီမင်း၏ အတ္ထုပ္ပတ္တိ"ကို ဘာသာပြန်ကာ မြန်မာ့အလင်းတွင်ထည့်ရန် စီစဉ်ပြီဟု အောက်ပါကောက်နုတ်ချက်ကို ရေးသား ထည့်သွင်း ဖော်ပြသည်။

> သခင်များ၏ အယူခံမှုလည်း ဟိုက်ကုတ်သို့ ရောက်လာခဲ့လေပြီ။ မြန်မာပြည်တွင် နိုင်ငံရေးအကျဉ်းသမားများကို အဖိုးထား၍ ကိုးစားဂုဏ်ယူရမှန်း မသိကြသေးရုံမျှမက ရှုတ်ချပြစ်တင် ကဲ့ရဲ့ချင်သူတို့သာ များနေသဖြင့် ထို အထင်အမြင်များ ပြောင်းလွဲ၍ သွားစေရန် တစ်ကြောင်း၊ မတင်တင်၏ ရှိပြီး နိုင်ငံရေးစိတ်ဓာတ်ကို ပိုမို ရင့်သန်စေလိုသည်လည်း တစ်ကြောင်းကြောင့် တရုတ်အမျိုးသမီး သူပုန်မ

ကလေး ရှိမင်း၏ အတ္ထုပ္ပတ္တိကိုရေးရန် စိတ်ပိုင်းဖြတ်ကာ ရေးလိုက်သည့်မှာ ယခုမှ နိဒါန်းသာ ပြီးခဲ့ချေသေး၏။ သို့သော် မကြာမီအတွင်း ပြီးစီးခြင်း ရောက်၍ မြန်မာ့အလင်း သတင်းစာတွင် သွင်းကာ ဖော်ပြမည် ဖြစ်ပါသည်။ ထိုအခါတွင် မတင်တင်သည် ရှေးကထက် ပို၍ မျိုးချစ် စိတ်ဓာတ် ရင့်သန်ခြင်းဖြစ်လျက် မျိုးချစ်စိတ်ဓာတ်သန်သန်ဖြင့် ကိုယ်ပင်ပန်း စိတ်ပင်ပန်းခံကာ ဆင်းရဲငြိုငြင်စွာ တိုင်းပြည်အတွက် ပျန်းနေရရှာသူများနှင့်တကွ ၎င်းတို့၏ ခေါင်းဆောင်တစ်ဦးကိုပါ နဂိုက ကြည်ညိုဟောင်းတွင် ထပ်လောင်းကြည်ညို၍ မှီခိုသူတို့၏ မှီခိုရာတိုး၍ဖြစ်ပါစေဟု တောင်းဆုပတ္ထနာ စေတနာရည်ညွှန်း တိုက်တွန်းရာ ရောက်မည် ထင်ပါသည်။

ထို့ပြင် တစ်သီး တိုင်းပြည်အတွင်း၌လည်း ရှိမင်း၏ အကြောင်းကို သောင်းတင်းအုတ်အာ၊ လက်ဖျားခါ စုတ်သပ်နှင့်၊ အဟုတ်အဟတ်ပြောကြ ဆိုကြ ကောင်းချီးပေးကြနှင့်၊ ရှေးကနှင့် မတူ၊ ယခုမူတခြား၊ စိတ်ဓာတ်များ တက်ကြွ၍ ဆထက်လွန်ကျူး ထူးထူးကဲကဲ၊ ယောကျာ်းထဲကလည်း လက်သီးလက်ရုံးတန်း၊ မိန်းမနယ်တစ်ဝန်း၌လည်း တဖြန်းဖြန်း ကြက်သီးထလောက်အောင် စိတ်မာန်များ အုန်းအုန်းဝင်ရိုက်၊ ဓားပြတိုက်သလို လှိုက်လှိုက်ပြီး ကြွ စေချင်ပါသည်။

သို့ပင်ဖြစ်စေကာ ဘာသာပြန်ရာ၌ မကျွမ်းကျင်၊ စာသွားစာလာ စီစဉ်ရာ၌ ညံ့ဖျင်း၍ လိုရင်းသို့ ရောက်မှ ရောက်ပါမည်လားဟု ထွေပြားစွန်းငြိ သံသယ ရှိမိပါသည်။ ရေးရသည့် အချိန်ကလည်း မအားဟအား၊ အနားနားကလည်း အားရပါးရ ဟောက်ကြ ဟက်ကြ၊ နေ့ရှည်မျှကြာလုံး ရေးတုန်းပင် မှေးမှေးပြီး၊ တွေးတွေး– တွေးတွေးအဆမှာ တစ်ရေးနှစ်ရေး မကပါဘူးဗျာ (အိပ်ပျော်သွားတာ)။

ဈေးရှုံး။ ။ ဟိတ်မလျော်၊ အအိပ်တော် သီသီမွှေ့တာမို့၊ စိမ့်မဆိုး ဘယ်လိုခြယ်တော့၊ မဖွယ်စာသွား။ မှိုတင်းဖွယ်ကို၊ ရှိမင်းမယ် အရပ်သို့၊ နယ်တစ်ခို တုယူလို့ ရဲကြလျှင် (လွတ်လပ်ရေးလမ်းကို ကော်ဆောင်ရည်) လွှဲပါ့မလား။ ။

ချစ်မောင်

နိုင်ငံရေး ဆောင်ရွက်နေခြင်းကို အားပေး၍၊ ကျွန်မကို ဂရုတစိုက်ပြရာ အဓိပ္ပာယ်ရောက်သည့်အကျက် ကျေးဇူးတင်ကြောင်း ပြန်ကြားလိုက်သည်။

မြို့ပျက်ရွာပျက်၊ အဆောင်ကျက်၊ နိုင်ငံရေးကိစ္စတို့နှင့် နေ့စဉ် မအားရအောင်





ဖြစ်နေခိုက် ရုတ်တရက် ရှောင်တခင် ဖခင်ကြီးမှာ သွေးအန်ပြီး ချောင်းဆိုးသွေးပါ ဝေဒနာ စွဲကပ်၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ကုထားရပြီးနောက်၊ ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အရ မိတ္ထီလာသို့ သွားရမည်ဖြစ်ကြောင်း အကျိုးအကြောင်း သိရ၍ ဖခင်နှင့် တွေ့ဆုံရန် ရန်ကုန်သို့ လိုက်လာခဲ့ရသည်။


ရန်ကုန်ရောက်၍ ဆယ်ရက်လောက်အကြာတွင် ကျွန်မနာမည်နှင့် ရောက်သည့်စာများကို အိမ်ကတစ်ဆင့် လူကြုံနှင့်ပို့ပေး၍၊ ထိုပို့ပေးသည့် စာများထဲတွင် သတင်းစာတိုက်မှ စာတစ်စောင်လည်း ပါလာလေသည်။ ထိုစာမှာ အထူးထုတ်သတင်းစာအတွက် ဆောင်းပါး အမြန်ပို့ပေးရန် အယ်ဒီတာထံမှ တောင်းပန်စာဖြစ်သည်။ ရန်ကုန်တွင် ကြာနေ၍ စာရောက်နောက်ကျသဖြင့် ဆောင်းပါးရေး၍ မီ မမီလည်း မသိတော့ပေ။

ကျွန်မ၌ မူးတတ်သည့် ရောဂါဝေဒနာရှိ၍ ဖခင် မိတ္ထီလာသို့ ထွက်သွားသော်လည်း နေရပ်မြို့သို့ မပြန်သေးဘဲ ရန်ကုန်တွင်နေကာ၊ ဆူးလေဘုရားလမ်း အင်ဒိုဘားမား ဆေးတိုက်မှ ဆရာဝန်နှင့် ကုသ ဆေးစားနေရလေသည်။

အင်ဒိုဘားမား ဆေးတိုက်ကား မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကပ်လျက် ဖြစ်သည်။ မနက်တိုင်း ဆရာဝန်နှင့်တွေ့ရန် သွားနေသော်လည်း အဝေးမှနေ၍ ခင်မင်သိကျွမ်းနေသည့် သတင်းစာတိုက် အယ်ဒီတာကို တွေ့ချင်သည့်စိတ် မရှိခဲ့ပေ။ ယနေ့နံနက်မူကား ဆေးတိုက်လာရင်း ဆေးတိုက်သို့ ထွက်မလာခင်ကလေး အိမ်ကပို့လိုက်သည့် အယ်ဒီတာ့စာကြောင့် ဆေးတိုက်မဝင်ခင် အပေါက်ဝမှ လှမ်း၍ သတင်းစာတိုက်ကို မျှော်ကြည့်လိုက်မိသည်။ ဆေးတိုက်ထဲတွင် ဂျပန်ဆရာဝန်မကလေးနှင့် စကားထိုင်ပြောနေကြစဉ် မျက်နှာမူရာ တည့်တည့်၌ တယ်လီဖုန်းကို သွားမြင်သဖြင့်၊ ထိုင်ရာမှ ချက်ချင်းထလျက် တယ်လီဖုန်း လမ်းညွှန်တွင် မြန်မာ့အလင်း ဖုန်းနံပါတ်ကိုကြည့်ကာ အယ်ဒီတာထံသို့ ဆက်လိုက်သည်။

'ဘယ်သူ့ကို တွေ့ချင်ပါသလဲ' ဟု အယ်ဒီတာဌာနမှ ပြန်ကြားသံ ရသည်။ ကျွန်မက 'အယ်ဒီတာ ဦးချစ်မောင်နဲ့ စကားပြောလိုပါတယ်' ဟု ပြန်ပြော၍ အဆုံး၊ 'ကျွန်တော်ပါပဲ၊ အခု စကားပြောတာ ဘယ်သူပါလဲ' ဟူသော အဖြေနှင့် အမေး တွဲလျက် အသံ ပြန်လာလေသည်။

'ကျွန်မ မတင်တင်ပါပဲ။ ရန်ကုန်ရောက်နေလို့ ပေးတဲ့စာကို အခုမှ အိမ်က ပို့လို့။ ဆောင်းပါးပို့ဖို့ လိုပါသေးသလား။ နောက်ကျနေပါပြီလား' ဟု ပြော၍ ဆုံးခင် 'အခု ဘယ်ကနေ ဆက်တာပါလဲ။ ရန်ကုန် ဘယ်တုန်းက ရောက်နေပါသလဲ' ဟု မြန်မြန်ထက်ထက် မေးသံများ ကြားရသည်။ 'အင်ဒိုဘားမား ဆေး





* အပေါ်ပုံ– မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင် (အိမ်ထောင်မကျမီ)

* အောက်ပုံ– ဂျာနယ်ကျော် ဦးချစ်မောင် (အလုပ်လုပ်နေစဉ်)







* အပေါ်ပုံ– အိမ်ထောင်မပြုမီ ဘိုကလေးတွင် စာရေးသူ နေစဉ်။

* အောက်ပုံ– ဘိုကလေး မတင်လှိုင် (ရဝေလှိုင်) ကလောင်ရှင်ဘဝ။

ရာပြည့်စာအုပ်တိုက်

ဟိုက်က ဆက်ပါတယ်။ ရန်ကုန်ကို...' ဆို၍ မဆုံးရသေးခင်ပင် 'ကျွန်တော် အခုပဲ အိမ်ပြန် ထမင်းစားမလို့ အခန်းက ထွက်ပါပြီ။ တယ်လီဖုန်းသံကြောင့် ပြန်ဝင် ပြောရပါတယ်။ ကျွန်တော် ခု လာပါ့မယ်။ ကျွန်တော့်ကို စောင့်ပါ' ဟု ပြောသည့် အသံနှင့်တကွ တယ်လီဖုန်းခွက် လွှတ်ချသံပါ ကြားရ၍ ကိုယ့်နေရာ ကိုယ် ပြန်ထိုင်နေလိုက်ရသည်။

ဧည့်ခန်းတွင် လူရှင်း၍နေသည်။ ဆရာဝန်မလည်း နှုတ်ဆက်၍ အပေါ်သို့ ထွက်သွားလေပြီ။ ကျွန်မ တစ်ဦးတည်းရှိ၍ ခုံပေါ်က ရန်ကုန်ဂေဇက် သတင်းစာ ကို ဖြန့်ဖတ်ရင်း အယ်ဒီတာအလာကို စောင့်နေသည်။

ချုံးကျ ဟောက်ပက်နေသည့် မျက်နှာပေါ်၌ မျက်မှန်ထူထူကြီး တပ်လျက်၊ ဖောင်းနွမ်း၍ ပုံတိုင်းမကျသည့် ပင်နီအင်္ကျီ ထူကြမ်းကြီးကို ဝတ်ထားကာ အဆင် မပေါ်သည့် ပိုးလုံချည် တစ်ပတ်နွမ်းဖြင့်၊ ကမ္ဘဋ္ဌာန်းရပ်ပေါက်နေသည့် လူ တစ်ယောက် ကျွန်မ ဘေးတွင် ရပ်နေသည်ကို ကျွန်မ မမြင်သေး။ ဆေးစပ်သည့် ကုလားက ဆေးစပ်ရာမှ မေးထိုးပြလိုက်သည်ကို ကြည့်မိ၍သာ လှည့်ကြည့်မိ တော့သည်။

'မတင်တင်ဟာ ခင်ဗျားပဲနော်' ဟု မေးမေးချင်း သူ့အားလည်း အယ် ဒီတာ ဦးချစ်မောင်မှန်း သိလိုက်သည်။

သူ၏ ဟောက်ပက်ပက်ဖြစ်နေသော မျက်နှာနှင့် ဖြူဆွတ်နေသော ဆံပင် ကို့ကိုကြည့်ကာ မုချကေန် ၃၀ ကျော် ၄၀ ဆီသို့ လျှင်မြန်သောအဟုန်ဖြင့် ချဉ်း ကပ်နေသူ တစ်ဦးဟု ထင်မှတ်လိုက်သည်။ တည်တံ့ခံ့ညား၍ လေးစားကြည်ညို မာကျောသော ရင့်ကျက်သည့် ဣန္ဒြေကြောင့် ခန့်မှန်းသည့် အသက်ထက် ပို၍ ကြီးချင် ကြီးနေဦးမည်ဟုလည်း အောက်မေ့လိုက်သည်။ မျက်မှန်ထူထူကြီး အောက်မှ ရှုရှဲထက်မြက် တောက်ပနေသော မျက်လုံးနှင့် လက်ဝါးတစ်ဝါးမက ကျယ်ပြန့်သည့် နဖူးပြင်ကျယ်ကြီးကသာ ပညာဉာဏ် ရင့်သန်ထက်မြက်မည့်သူတစ်ဦး ဟု ကမ္ဘဋ္ဌာန်းရပ် အသရေကို ဆယ်ပေးနေသကဲ့သို့ ရှိသည်။

သူ့မျက်နှာသည် ကြည်ကြည်လင်လင် ရှိနေသည့် မျက်နှာမျိုးကဲ့သို့ မဟုတ်ဘဲ၊ သူ့မျက်နှာတစ်ပြင်လုံး ထူးထူးခြားခြား မှောင်နေသည့် အခြင်းအရာ ကြောင့် ပျိုနုသည့် အမိုက်အယောင်ကို မမြင်ရပေ။

ဆင်ယင် ဝတ်စားပုံတွေမှာ သူနှင့် ဂိုက်မကျ ဆိုက်မကျနှင့် ကိုးရိုးကားရား ရှိသော်လည်း သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ အဝတ်အထည်များကား ပင်နီ ကြမ်း တစ်ပတ်နွမ်း၊ ပိုးလုံချည် အဆင်မရှိ အထည်နှင့်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ပစ်စလက်ခတ် ဝတ်သူ၊ ကြွားကြွားဝင့်ဝင့် မရှိသူတစ်ယောက်မှန်း သိရသည်။





အဝတ်အထည်ကိုကြည့်၍ လူတစ်ယောက်ကို ဆုံးဖြတ်ကြစတမ်း ဆိုခဲ့လျှင် အိတ်ထဲတွင် ၅ ကျပ်မျိုး၊ ၁၀ ကျပ်မျိုးမှ ထည့်နိုင်မည့် လူစားမျိုး မဟုတ်သကဲ့သို့ တွေ့ရသည်။

သူ့လက်ထဲတွင် အိမ်တော်ရာ ပုသိမ်ထီးကြီး ညှပ်၍ ခြေထောက်တွင် ဘုန်းကြီးစီး ဖိနပ်ကြီး စွပ်ထားခြင်းကြောင့် ခေတ်ပညာတတ် လူတစ်ယောက်ပါဟု ဘုရားရှူး ကျမ်းရှူး ကျိန်တွယ်ပြောရတော့မလောက် ဘုန်းကြီးလူထွက်ကြီးနှင့် အလွန်တရာ တူလှသည်။

၂ မိနစ်၊ ၃ မိနစ် ခန့် ပုံပန်းကို ဖမ်းကြည့်လျက် ထိုင်ရန် နေရာထိုင်ခင်းများ ပေးလိုက်သည်။

ကြော့ရှင်းသပ်ရပ် တောက်ပသစ်လွင်နေသည့် အနောက်နိုင်ငံဖြစ် အဝတ် အထည်ကောင်းတို့ဖြင့် ပွဲထိုင်သွားသကဲ့သို့ ကျကျနန ဖြီးလိမ်း ဝတ်စားဆင်ယင် ထားသော ကျွန်မကို ကြည့်ကာ၊ သူ့တွင် အံ့ဩသွားသည့် အသွင်ကိုပါ လျှင်လျှင် မြန်မြန် အကဲခတ်မိသည်။

'ဦးချစ်မောင်ကို တွေ့ရတာ အလွန်ပဲ ဝမ်းသာပါတယ်။ ကျွန်မ ရန်ကုန် ရောက်နေတာ ကြာပါပြီ။ တည်းတဲ့အိမ်က ဒီဆေးတိုက်မှာ ဆရာမ လုပ်နေလို့ သူ့တိုက်တွန်းချက်အရ ဒီဆေးတိုက်က ဆရာဝန်မနဲ့ ဆေးစားနေတာနဲ့ ပြန်ဖို့ ရာ ရက်ကြာသွားပါတယ်။ ပေးလိုက်တဲ့စာလည်း အိမ်ကပို့လိုက်တာ ဒီနေ့မှရလို့ ဆောင်းပါး မိ မမိ တယ်လီဖုန်းဆက် မေးလိုက်တာပါပဲ'

ကျွန်မကို မကြည့်ဘဲ ခင်းထားသည့် သမံတလင်းကိုသာ ငုံ့စိုက်ကြည့် နေသည်။ ငြိမ်ငြိမ်သက်သက်ကြီး ထိုင်၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေလေဟန်ကဲ့သို့ ဖြစ်သည်။

'အထူးထုတ် သတင်းစာအတွက်က ပြည့်စုံသွားပါပြီ။ နေကောင်းအောင် ဆေးသာ အေးအေးချမ်းချမ်း အနားယူပြီး မှီဝဲပါ။ ရန်ကုန်လာတာ ကျွန်တော် မသိရတဲ့အတွက် စာမပြန်လို့ နေများမကောင်းလို့လားလို့ တွေးပူမိပါသေးတယ်။ ကိုးခန်းပျို့နဲ့ ဂါထာ ၆၀ ပျို့တော့ ကုန်သွားပြီ။ အခု ဘယ်ပျို့တက်မယ် ကြံပါသေး သလဲ'

ယခုလောက် သိမ်မွေ့ငြိမ်သက်သော အသံမျိုးကို ကျွန်မ တစ်ခါမျှ မကြား ဖူးခဲ့ပေ။ အသံကြားရုံဖြင့် ဒေါသ၊ လောဘ၊ မောဟ မရှိသူ လူအေး လူဖြောင့် တစ်ယောက်မှန်း အကဲခတ်ရနိုင်သည့် အသံဖြစ်သည်။

'ကျွန်မတော့ သံဝရပျို့ကို တက်ချင်ပါတယ်။ ဒါပေတဲ့ စာအုပ် မရှိပါ ဘူး။ အခု အပြန်မှာ ဝယ်သွားရမှာပဲ။ သံဝရပျို့ဟာ ကိုးခန်းထက် ခက်ပါ သလား'

'ဒီလိုလည်း ကိုးမန်းလိုပဲ ခက်တာပဲ။ မတင်တင်ကို ကျွန်တော် တောင်းပန်ချင်တာက ဒီစာအုပ်ကို ကိုယ်တိုင် မဝယ်ပါနဲ့။ ကျွန်တော် ပေးပါရစေ'

'ဦးချစ်မောင်မှာ အဆင်သင့် ရှိပါသလား'

'အဆင်သင့်တော့ မရှိပါဘူး။ သို့ပေမဲ့ လွယ်ပါတယ်၊ ဒီပြင် ဘာစာအုပ်များ မလိုရှိပါသေးသလဲ'

'ကျွန်မမှာ အကြံသာ ရှိပါတယ်။ ဘာစာအုပ်ရယ် မပြောနိုင်ပါဘူး။ ဟံသာဝတီတို့၊ ပြည်ကြီးမဏ္ဍိုင်တို့၊ ဇမ္ဗူ့မိတ်ဆွေတို့ သွားပြီး မြန်မာစာအုပ်တွေ လိုက်ရှာပြီး နှစ်ခြိုက်တဲ့စာအုပ်တွေ ဝယ်သွားမယ်လို့ ကြံစည်ထားပါတယ်'

'အခု ဘယ်မှာ တည်းပါသလဲ'

'လမ်း ၅၀၊ အိမ်နံပါတ် ၁၄၅ မှာ တည်းပါတယ်'

'ကျွန်တော်တို့ဆီကို ဆောင်းပါးတွေ၊ နေ့စဉ် သတိပြုရန်အပိုဒ်တွေ ရေးပို့ပေးနေတဲ့အတွက် မြန်မာ့အလင်းတိုက် ကိုယ်စား၊ တိုင်းပြည်ကိုယ်စား ကျွန်တော် ကျေးဇူးတင်တဲ့အကြောင်း လူချင်းတွေ့ရလို့ ထပ်ပြောပါရစေ။ ကျေးဇူးကြီးပါတယ် မတင်တင်'

ကျွန်မလည်း ကုလားထိုင်ပေါ်မှ လျှောကျသွားတော့မလောက် ဖြစ်သွားသည်။ ဆောင်းပါးပို့ခြင်းထက် ဆောင်းပါးရေးနိုင်အောင် ဖန်တီးလှုံ့ဆော် ချီးမြှင့်ပေးခြင်း၊ နေ့စဉ် မအားမလပ် မပြတ်သော အလုပ်တွေကြားထဲမှ ပျို့ကဗျာများကို ပြန်ကြား သင်ကြားပို့ချပေးခြင်း၊ ရေးသမျှ စာတွေမှာလည်း မှတ်သားလောက်အောင် အင်္ဂလိပ်လို အမျိုးမျိုး၊ မြန်မာလိုလည်း စာညွှန့်ပေါင်းစုံတို့ဖြင့် ဗဟုသုတ တင်လေးအိုးကြီးသဖွယ် ကျွန်မဆီက ဖိုင်တွဲကြီးတွေထဲတွင် ရှိသည့် သူ၏စာများက သက်သေခံ ရှိနေခြင်းတို့ကြောင့် သူက ကျေးဇူးတင်စရာ စိုးစဉ်းမျှမရှိဘဲ ကျွန်မကသာ ကျေးဇူးတင်ရမည် ဖြစ်လျက်၊ ကြီးမားလှသည့် ဤကျေးဇူးတွေကို ကျွန်မ မည်သို့တင်၍ မည်မျှ တန်ဖိုးထားကြောင်းကို ကျွန်မဟာပင် ကျွန်မ သိသည်။ ယခုလို ကျွန်မကို ကျေးဇူးတင်ကြောင်း ပြောလိုက်သောအခါ၌ သူ့ရှေ့၌ အနေမချောင် ဖြစ်သွားသည်။

'တိုင်းပြည်နဲ့ မြန်မာ့အလင်းတိုက်က ကျွန်မ ဆောင်းပါးများအတွက် အကျိုးရှိတယ်လို့ ကျေးဇူးတင်ကြရမယ်ဆိုရင် ဆောင်းပါးရေးသူကို ကျေးဇူးတင်စရာ မဟုတ်ပါဘူး။ ဆောင်းပါးရေးနိုင်အောင်၊ ဆောင်းပါးဖြစ်လာအောင် ကူညီချီးမြှင့်ပေးတဲ့ ဦးချစ်မောင်ရဲ့ လုံ့လနဲ့ စေတနာကိုသာ ကျေးဇူးတင်ကြဖို့ ရှိပါတယ်။ ဒီဆောင်းပါးတွေကြောင့် ဦးချစ်မောင်ကို ဝိုင်းပြီး ကျေးဇူးတင်ကြရင် ကျွန်မက သူတို့တစ်ယောက်ထက် ပိုပါတယ်ဆိုတာတော့ ကျွန်မ ပြောနိုင်ပါတယ်'





တုတ်တုတ်မျှ မလှုပ်ဘဲ နေသည်။ စကားပြန်ပြောရန် စကားမရှိသကဲ့သို့ စိုက်မိထားရာ စိုက်ကြည့်နေလေသည်။ ငြိမ်နေသည့်အချိန်မှာ မိနစ်လောက်သာ မဟုတ်ပေ။ နာရီဝက်ခန့်မျှ အချိန်ရောက်လာသည့်တိုင်အောင် ဘာတစ်ခွန်းမျှ မပြောဘဲ ဆိတ်ဆိတ်နေလေသည်။ ဆေးတိုက်ဧည့်ခန်းကို ကိုယ့်အိမ် ဧည့်ခန်းကဲ့သို့ အသုံးချနေရသည့်အတွက် အားနာလှသည်။ သူ့တစ်ယောက်တည်း သူ့အိမ်ထဲတွင် ငြိမ်သက်စွာ ထိုင်နေသကဲ့သို့ ထိုင်နေသည်။ သူ့ကို ဆက်ပြောစရာ စကားရှာလို့ မရဘဲ ဖြစ်နေသည်။

အိမ်သို့ ပြန်ချင်သည့်စိတ်ကလည်း စောနေသည်။ ထပြန်သွားရမှာလည်း ခက်တော့သည်။ စကား တစ်ခွန်းမျှ မပြောဘဲ ငုတ်တုတ်ထိုင်နေကြသည်ကို ဆေးတိုက်ထဲက လူတွေက ဘာများထင်မလဲဟုလည်း ပူပန်ရသေးသည်။ ကျွန်မအနားတွင် ရှိနေသည်ကို ဘာမျှ ပြောစရာမရှိသလို လုပ်နေ၍ စကားဆက်ဖို့ပင် ခက်နေသည်။ နာရီဝက်မှ ၁ နာရီနီးနီး ရောက်ရှိလာသည့်တိုင်အောင်လည်း ဘာတစ်ခွန်းမျှ မဟ၍ ကျွန်မကို သူက အလိုက်မသိသည့် သူငယ်မဟု ထင်ထင်၊ စကားပြောအောင် လုပ်ပြီး လူချင်းခွဲမှပဲဟု အကြံယူကာ လက်ကိုင်အိတ်ကြီးကို သူ့ရှေ့တွင် ဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး သွားချင်သည့်ဟန် ပြလိုက်ကာ 'ကျွန်မ နက်ဖြန် ဆေးတိုက်ကို ၁၀ နာရီလောက် ရောက်ပါမယ်။ စာအုပ်ကို ဒီကိုပဲ ပို့လွှတ်ပေးပါ။ ကျေးဇူးအထူးပဲ တင်ပါတယ်' ဟု ပြောလိုက်သည်။

'ကျွန်တော်ပဲ လာပေးပါ့မယ်' ဟု ပြန်ပြောလျက် ထ ပြန်သွားရမည့် အရိပ်လက္ခဏာကို ဘိတ်ဘိတ်သား နားမလည်သကဲ့သို့ စိုက်မိထားရာကိုသာ စိုက်မြဲ စိုက်ကြည့်နေလေ၏။

ကျွန်မက အရင်ထပြန်ရမည်မှာ သူ့ဆီ သွားရောက်တွေ့ဆုံခြင်း မဟုတ်ဘဲ သူက ကျွန်မဆီ လာလည်သည်ဖြစ်၍ အရင် ထပြန်သွားရမည်ကို အလွန်အားနာ၍ နေသည်။ သူပြန်ပြီးမှ ဖြစ်စေ၊ အတူတူထ၍ ပြန်ကြသည်ဖြစ်စေ၊ ပြန်မှ ကောင်းလိမ့်မည်။ အချိန်ကြာလာလေလေ ဘယ်လိုလူပါလိမ့်ဟု ကျွန်မစိတ်တွင် အစဉ်းစားရ ခက်လာသည်။ ဆရာဝန်များလည်း အပေါ်ထပ်မှ နေ့လယ်ချိန် ကျရောက်၍ အလုပ်ပြန်ဆင်းလာကြလေပြီ။ စကားမပြောကြဘဲ ခုချိန်ထိ ငုတ်တုတ်ထိုင်နေကြသော ကျွန်မတို့နှစ်ယောက်ကို တစေ့တစောင်းကြည့်၍ အကဲခတ်နေကြသည်။

ကျွန်မလည်း အနေကျပ်နေသည်။ တစ်မိနစ်ထက် တစ်မိနစ် အနေကျပ်နေသည်။ ကျွန်မ သွားပါရစေတော့ဟု ပြောချင်လှသည့် စကားကလည်း ပါးစပ်မှ မထွက်နိုင်ချေ။ ကသိကအောင့်ဖြစ်နေသည့် စိတ်နှင့်သာ မြန်မြန်ပြန်ပါတော့ဟု ကျိတ်၍ ဆုတောင်းရသည်။

ကြာသလောက်သာ ကြာနေလေသည်။ ပြန်မည့် အရိပ်လက္ခဏာလည်း မရှိ၊ စာပွဲနှင့် မျက်နှာမခွာဘဲ ကျုံ့ကျုံ့ယုံ့ယုံ့ ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်လို့သာ နေလေသည်။

စာရေးဝန်များ၏ ဖိနပ်သံများသည် ကျွန်မအား ပြန်တော့လေဟု နှင်နေသလို အောက်မေ့မိပြီး စိတ်မလုံဘဲ ဖြစ်နေသည်။

ကျွန်မအိမ်တွင်ဖြစ်က တတ်နိုင်လို့ တစ်နေ့လုံး တစ်ညလုံး ထိုင်နေနေ ကိစ္စ မရှိပေ။ ကျွန်မတစ်သက်တွင် ဘယ်သောအခါမှ မလုပ်ဖူးသည့်အလုပ်ကို လုပ်လွှက်လိုက်ရပေသည်။

'ဦးချစ်မောင်၊ နက်ဖြန်မှ တွေ့ကြသေးတာပေါ့။ ကျွန်မ တည်းအိမ်က ထမင်းစား စောင့်နေကြမှာမို့ ကျွန်မ ပြန်ဖို့ရာ အခွင့်ပြုပါ။ ဦးချစ်မောင်လဲ–'

ထိုအခါမှ 'ကောင်းပါပြီ' ဆိုလျက် ကျွန်မရှေ့က သွက်သွက်လက်လက် ကြီး ထ လျှောက် ထွက်သွားလေသည်။

ပြောသာ ပြောလိုက်ရသော်လည်း ကျွန်မတွင် နှင်ရာရောက်သွားသလား ဟု အားနာလိုက်မိသည်။ သူ့မှာမူ "လွတ်ပြီ၊ ကျွတ်ပြီ" ဟူသကဲ့သို့ ပေါ့ပါးသွက် လက်စွာ ထွက်သွားသည့် ပုံပန်းကို ကျွန်မ လုံးလုံးနားမလည်နိုင်ပေ။

နောက်တစ်နေ့မနက် ကံကောင်းသည်မှာ ကျွန်မ ဆေးတိုက်အဝင်တွင် သူ့အား ဆေးတိုက်ဝ၌ တွေ့ရသည်။ သူ့ကို မနေ့က တွေ့သည့်အချိုးအတိုင်း မလဲမဖယ်ဘဲ တွေ့ရသည်။ နှစ်ကြိမ်တွေ့ရရုံဖြင့် ကျွန်မ အမြင်တွင် မှုသေသွားပြီ။

သူ့ကို ဆေးတိုက်ထဲ ခေါ်မသွားဘဲ အပေါက်ဝ၌ပင် ရပ်ကာ စာအုပ် မပျက် ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

စကားတစ်ခွန်းမှ ပြန်မပြောဘဲ ခေါင်းကြီးကို ငုံ့စိုက်ထားသည်။ စာအုပ် အသစ်ကြိုးပို့ ဝယ်များ လာတာပါလား။ အဖိုးပေးခဲ့ရရင် အဖိုးပေးပါရစေဟု ထပ်ပြောသည်ကိုလည်း စကားတစ်ခွန်းမျှ ပြန်မပြောဘဲ နေသည်။

စာအုပ်ဖိုးကို ထပ်မမေးဝံ့၍ ဆေးတိုက်ထဲ ဝင်တော့မည့်ဟန်နှင့် ကျေးဇူး တင်ကြောင်းကို နှစ်ကြိမ် သုံးကြိမ် ထပ်ပြောမှ 'စာအုပ်တွေ ဝယ်ပြီးပါပြီလား' မေးသည်။ မဝယ်ရသေးကြောင်း ကျွန်မက ပြန်ပြောသည်။ 'ဖတ်ဖို့ကောင်းတဲ့ စာအုပ်စာရင်းကလေး ပို့ပါ ကျွန်တော်လုပ်ပြီး မနက်ဖြန် ဒီအချိန်လောက်မှာ ဒီမှာ လာပေးပါမယ်' ဟု ပြောလေသည်။

ကျွန်မက ကျေးဇူးတင်ကြောင်း ထပ်ပြောပြီး၊ အတင်းနှုတ်ဆက်ကာ ဆေး တိုက်ထဲ ဝင်ခဲ့လေသည်။ ယခုလောက် ပြောရုံကလေးပင် နာရီဝက်ခန့် ကြာသွား ရသေးသည်။





ခါတိုင်း လာနေကျ အချိန်ကဲ့သို့ မဟုတ်ဘဲ ယနေ့နံနက်တွင် ဆရာမက စောစောသွားရန် ကိစ္စရှိသည်ပြော၍ ဆရာမနှင့်အတူ လိုက်ခဲ့ရသဖြင့် အစောကြီး ရောက်လာသည်။ ဆေးထိုးပြီး၍ ပြန်ရန်ရှိသော်လည်း စာအုပ်စာရင်း လာပေးမည် ဆို၍ ထိုင်စောင့်နေရသည်။ ဆေးတိုက်ခန်းထဲတွင် လူများလာ၍ ၎င်းတို့ထိုင်စရာ နေရာရရန် နေရာမှ ထခဲ့ကာ ဆေးတိုက်ဝတွင် သူ့အလာကို ရပ်စောင့်နေသည်။ တအောင့်လောက်အကြာတွင် သူပေါက်လာသည်။

'နေကောင်းပါရဲ့လား မတင်တင်'

'ဟုတ်ကဲ့၊ သက်သာပါတယ်'

'စာရင်းတော့ လုပ်ပြီးပါပြီ၊ ဒီမှာပါ။ ဘယ်တော့ သွားဝယ်မှာပါလဲ'

'ကျွန်မ ရထားစောင့်နေပါတယ်။ ကျွန်မ အခုပဲ သွားလိုက်ပါမယ်'

'တစ်ယောက်တည်း သွားမှာပါလား၊ အဖော်မပါဘူးလား'

'မပါပါဘူး။ အဖော်မခေါ်ပါဘူး၊ တစ်ယောက်တည်းပဲ သွားပါမယ်။ ကိစ္စမရှိပါဘူး'

'မကောင်းပါဘူး။ ရန်ကုန်မြို့မှာ မိန်းကလေးတစ်ယောက်တည်း သွားဖို့ ဘယ်လမ်းမှ စိတ်ချရတယ်လို့ ကျွန်တော် မထင်ပါဘူး'

'ဟုတ်ကဲ့'

'မတင်တင်ကို အဖော် အစောင့်အရှောက်အဖြစ် စာအုပ်ဆိုင်ကို လိုက်ပို့ ချင်ပါတယ်။ စာအုပ်ဆိုင်ကို သွားဖို့ရာ ကျွန်တော် ဘယ်တုန်းကမှ ဦးမလေးခဲ့ ပါဘူး။ ဖတ်သင့်တဲ့ စာအုပ်တွေကို စိတ်တိုင်းကျ ကိုယ်တိုင်ရွေးချယ်ပြီး ဝယ်ပေး လိုက်ချင်ပါတယ်'

ရှေ့ဆက်မပြောဘဲ ရပ်နေသည်။

ကျွန်မအား ရိုးသားစွာ စောင့်ရှောက်လိုသည့် စိတ်နှလုံးနှင့် လိုက်ပို့ချင် သည် ပြောသည်ကို ယုံမှား သံသယ အနည်းငယ်မျှ မရှိပေ။ စာအုပ်တွေကို ရွေး၍ ဝယ်ပေးလိုသည့်အတွက် လိုက်ချင်သည် ဆိုသည်မှာလည်း သူ့စေတနာအတိုင်း သူ ပြောခြင်းသာ ဖြစ်သည်။ သူပြောပုံမှာ အလွန်တည်ကြည်ပေသည်။ သိက္ခာ အလွန် ရှိသူတစ်ဦးဖြစ်၍ သူနှင့်သွားရန် ဘာအကြောင်းမျှ ကိုယ်ရေးတွက်တာ ပူစရာ မရှိသော်လည်း တစ်ဦးတစ်ယောက် အသိက ကျွန်မကို မြင်သွားပါမူ သူစိမ်း ပစ်ရုံဆံ ယောက်ျားတစ်ယောက်နှင့် ခရီးတွဲသွားနေသည်ဟု ကဲ့ရဲ့မည်ကိုမူ မတွေးချင်ပေ။ ဆေးတိုက်က ဆရာမနှင့် ဆရာဝန်များကလည်း ကျွန်မတို့နှစ်ယောက် ရုံးပေါ် တက်သွားကြလျှင် ဘယ်ကဲ့သို့ ထင်ကြမည်ကိုလည်း ပူပန်ရပေသည်။ ကျွန်မ အပြောရကျပ်နေသည်။ စသိရကတည်းက ကျွန်မအပေါ်တွင် စောင့်ရှောက်

ကူညီလာသော ကျေးဇူးရှင်လည်း ဖြစ်သည်။ ဆရာဆိုလည်း ဟုတ်ပေသည်။ အလွန် ရိုးသားသော သူတစ်ယောက်၏ စေတနာကို ကိုယ့်ဂုဏ်တွက်တာ ငဲ့ကွက်၍ လက်မခံ ငြင်းဆန်ရမည်ကို မလုပ်ချင်သည်နှင့် နောက်ဆုံးတွင် ဘယ်သူ [illegible]ဟု သဘောထားကာ ...

'ဦးချစ်မောင် လိုက်ပို့နိုင်မယ်ဆိုရင် ကျွန်မကို လိုက်ပို့ပါ၊ ကျေးဇူးကြီးလှပါတယ်'

'မပို့ပါရစေနဲ့၊ ကျွန်တော် ပို့လို့ မဖြစ်ပါဘူး'

'ရှင် ...'

'ကျွန်တော် အခု မတင်တင်နဲ့ ရပ်စကားပြောနေတာတောင် လွန်လှပါပြီ။ ကျွန်တော် ဘယ်မိန်းမနဲ့မှ မရင်းနှီးဖူးပါဘူး၊ ဘယ်မိန်းမနဲ့မှလည်း ခရီးအတူ မသွားဖူးပါဘူး။ ကျွန်တော့်မိတ်ဆွေတွေဟာ ကျွန်တော့်ကို မိန်းမနဲ့ အလွန်ကင်းတဲ့ လူတစ်ယောက်လို့ ကျွန်တော့်ကို သိနေတော့ ခုလို နှစ်ယောက်သွားတာ တွေ့သွားရင် ကျွန်တော့်ကို ဝိုင်းပြောကြပါလိမ့်မယ်။ ဝိုင်းနောက်ကြပါလိမ့်မယ်၊ ကျွန်တော် စောင့်စည်း ထိန်းသိမ်းလာတဲ့ သိက္ခာတွေကို သူတို့ နောက်ကြမယ်ဆိုရင် မကောင်းပါဘူး။ ကျွန်တော်နဲ့ မိန်းမဟာ ကျွန်တော့်အဖို့မှာ တခြားစီ ရောလို့မရလို့ လိုက်ရမှာ ခက်နေပါတယ်'

'ရှင်၊ ဩော် ... ဩော် ...'

'ဒါကြောင့် ကျွန်တော် လိုက်မပို့နိုင်တာကို တွေးပြီး ဝမ်းနည်းနေပါတယ်'

'ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဦးချစ်မောင်လို့ ဂုဏ်သရေကြီးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ကျွန်မလို မိန်းကလေးတစ်ယောက်နဲ့ သွားရရင် ရှိသမျှ၊ စောင့်စည်းခဲ့သမျှ သိက္ခာတွေ လျှော့ကုန်ပြီလို့ အများထင်ကုန်မယ်ဆိုရင် ဘာပြုလို့များ ကျွန်မကို လိုက်ပို့ချင်ပါတယ်လို့ ထုတ်ပြောရတာလဲ။ မိန်းမကို ရှောင်ကြဉ်တဲ့ သိက္ခာ[illegible]ကို စောင့်စည်းနေရပါတယ်ဆိုတဲ့ ဦးချစ်မောင်ရဲ့ အခက်အခဲကို ပြောပြလို့တော့ နားလည်သွားပါပြီ၊ လိုက်မပို့နိုင်တယ်ရယ်လို့ ဘာမှ ဝမ်းနည်းစရာ မရှိပါဘူး။ လိုက်မပို့တဲ့အတွက် ကျွန်မကသာ ဘယ်လောက်ဝမ်းသာစရာ ဖြစ်ရမလဲ ဆိုတာ ကျွန်မပဲ သိပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ် ဦးချစ်မောင်၊ သွားပါဦးမယ်'

မပြောမပြောဆိုဆို ကျွန်မလည်း မြင်းရထားပေါ်သို့ လှမ်းတက်ကာ လှည့်၍မျှ မကြည့်ဘဲ ထွက်ခွာခဲ့သည်။ အသားတွေလည်း အေးစက်နေသည်။ ကျွန်မ ပြန်ပြောခဲ့သည့် စကားများကိုလည်း ဘာပြန်ပြောခဲ့သည်ကို မနည်း ပြန်စုဆောင်း စဉ်းစားကြည့်ရလေသည်။





လိုက်မပို့သချင်လျက်နှင့် သူ့ကျေးဇူး၊ သူ့စေတနာတွေကို ရှိသေထောက်ထားကာ ဖွတ်နှစ် လက်ခံလိုက်ရသည်ဖြစ်၍ ယခုလို လိုက်မပို့ဖြစ်ခြင်းကို ကျွန်မအတွက် ဝမ်းသာစရာ ဖြစ်လာသင့်ပါလျက်၊ သူ့ဘက်သာ သူ အရေးကြီး၍ မိန်းမသား အတွက်တော့ အရေးကြီးစရာ မဟုတ်သယောင်လို ပြောလိုက်ပုံကို တစ်လမ်းလုံး ခံပြင်းနေတော့၏။

"လိုက်ပို့ချင်ပါတယ်" ဟု ပြောပြီး စကားဖြတ်ကာ ရပ်ထားခြင်းသည် သူ့အခက်အခဲ သူတွေးနေ၍ မဆက်နိုင် ဖြစ်နေဟန်ရှိသည်။ ကျွန်မအဖို့၌ 'လိုက်ပို့ချင်ပါတယ်' ဆိုပြီး စကားရပ်ထားခြင်းကို အခွင့်တောင်းသည်ဟု ထင်မှတ်စရာပင် ရှိ၍ 'လိုက်ပို့ပါ' ပြောလိုက်ရခြင်း ဖြစ်သည်။ နောက်ဆုံး ကျွန်မကပင် စာအုပ်ဆိုင် လိုက်ပြပါဟု တောင်းပန်ခေါ်စေကာမူ သူ့တွင် ဤသို့ ဖြစ်နေသည့် ကိုင် တခြား လီးလွဲ၍ ပြောစရာ ရှောင်စရာ အများကြီးရှိသည်။ ယခုလို ပြောလိုက်ခြင်းအတွက် မိန်းမနှင့် ကင်းလှသည်၊ ရှင်းလှသည်။ ထို့ကြောင့် လေးစားထိုက်သည်၊ ဂုဏ်ပြုအပ်သည်၊ ချီးကျူးအပ်သည်ဟု နည်းနည်းမျှ မထင်လိုက်မိပေ။ လူတစ်မျိုးပဲဟု တွေးမိပြီး ဘယ်လိုလူတစ်မျိုးလဲဆိုသည့် မှတ်ချက်ချရမည့် အချက်ကို စဉ်းစားမရအောင်သာ ဖြစ်သည်။

## ၅ ။ ဘယ်လိုလူလဲ

သုံးရက်တိုင်တိုင် ဆေးတိုက်သို့မသွားဘဲ နေလိုက်သည်။ ဆေးထိုးပြီး၍ သုံးရက်ကျော်မှ ဆေးတိုက်သို့ တစ်ဖန် ဆေးသွားထိုးရလိမ့်မည်။

သုံးရက်မြောက်သောနေ့ ည ၇ နာရီလောက်တွင် ကျွန်မ အခန်းတွင်း၌ လှဲနေစဉ် အိမ်ရှေ့မှ ကျွန်မကို လှမ်းခေါ်သော အိမ်ရှင်အမေကြီး၏ အသံကို ကြားရ၍ ထွက်ခဲ့သည်။ ဧည့်ခန်းတွင် ဣန္ဒြေရရကြီး ထိုင်နေသော သူ့ကို သွားတွေ့ရ၍ အလွန်တရာ အံ့ဩသွားရသည်။

'ဩော် ...ဦးချစ်မောင်ပါလား' ဟု ဟန်မနည်းလုပ်ကာ နှုတ်ဆက်လျက် ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ့ရုပ်မှာ သုံးရက်အတွင်း ပို အိုစာသွားသလို ထင်ရသည်။ ပါးနှစ်ဖက်လည်း ယခင်ရက်တွေထက် ခွက်ချိုင့်ဝင်သွားသည်ဟု ထင်မှတ်ရသည်။ မျက်နှာ အလွန်ပျက်နေသည်။ မြင်မြင်ချင်း အားလုံး အကဲခတ်မိသည်။ 'ဘာနဲ့ လာပါသလဲ' ဟု စကားတစ်ခွန်းမျှ မပြော၍ စကားပြောအောင် လုပ်ရသည်။

'ကျွန်တော် ခေါ်ကျင်လျှောက်လာပါတယ်၊ ဆေးတိုက် မလာလို့ ပြန်များ သွားပြီလားလို့ ပူနေပါတယ်'

'ပြော၊ ပြော ... ဆေးတိုက် ရောက်ပါသေးသလား'

'သူ့ကို သူ မေးပါတယ်၊ မလာဘူးလို့ ပြောကြပါတယ်'

'ဟုတ်ကဲ့ ... ဆေး သုံးရက်ခြား ထိုးရလို့ နက်ဖြန်မှ သွားရပါလိမ့်မယ်၊ သူ၊ သူ ပေးတာက ဘာကိစ္စပါလဲ'

'ကျွန်တော် စာတစ်စောင် ရေးထားတာ ပေးဖို့ပါပဲ' ဟု ပြောပြီး အိတ်ထဲမှ စာကို ထုတ်ပေးလေသည်။

မတင်တင်

ကျွန်တော် မှားခဲ့ပြီ မတင်တင်။ မှားခြင်းကြီး မှားခဲ့ပြီ။ ထိုအကြောင်းမှာ ကျွန်တော် တစ်ဦးတည်းသာ သိရသောအကြောင်း၊ အပြောခံရလျှင် ကျွန်တော် တစ်ဦးတည်းသာ အပြောခံရရာသော ကိစ္စဖြစ်ပါလျက် မသက်မညာ ဖွင့်ဟပြောဆိုခဲ့မိခြင်းအတွက် မတင်တင်၏ စိတ်တွင် ကြီးစွာသော အနှောင့်အယှက် ဖြစ်သွားသည်ကို ဖြစ်ပြီးမှပင် သိမြင်ရပါသောကြောင့် လူမိုက်နောက်မှ နောင်တရ ရှေးက စကား အလား ဖြစ်ရပါတော့၏။

အတူ လိုက်ချင်လွန်းလှပါလျက် မလိုက်နိုင်ရာတွင် တစ်စုံတစ်ရာသော အကြောင်းကိစ္စကို လိုးလွဲ ဖော်ပြနိုင်သော ဉာဏ်ရှိလျှင် မတင်တင်တွင် ယခုကဲ့သို့ စိတ်အနှောင့်အယှက် ဖြစ်ရမည် မဟုတ်ပါ။ ကျွန်တော်တွင်လည်း မတင်တင် စိတ်အနှောင့်အယှက် ဖြစ်သွားသည်ကို သိမြင်လိုက်ရသဖြင့် ကြီးစွာ နောင်တရ၍ စိတ်မကောင်းဖြစ်ဖွယ်ရာ မရှိပါ။

ကျွန်တော် မှားခဲ့ပါပြီ မတင်တင်၊ မှားခြင်းကြီး မှားခဲ့ပြီ။

ထိုအမှား၏ အပြစ်ကို မတင်တင်၏ မြင်းရထား ထွက်သွားသည့် အချိန်ကစ၍ ယခုတိုင် ပြင်းထန်စွာ ခံစားနေရပါ၏။ မတင်တင်ထံမှ မေ့ပျောက်ပစ်လိုက်ပြီဖြစ်ကြောင်း မသိရသမျှ၊ မေ့ပျောက်သည်ကို မမြင်ရမချင်း၊ ထိုအပြစ်သည် ကျွန်တော့်အား ပြင်းစွာ နှိပ်စက်ခြင်း ပြုနေမည်သာ ဖြစ်ပါ၏။

ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါဦးမည်လား မတင်တင်။

ချစ်မောင်

စာဖတ်ပြီးနောက် စာရွက်ကို ခုံပေါ်တွင်ချ၍ လက်ထဲမှ သော့နှင့် ဖိထားလိုက်ကာ သူ့ကို ကြည့်လိုက်သည်။

မျက်နှာပျက်နေသည်။ အပြစ်ကျူးလွန်မိသည်ကို နောင်တ အလွန်ရသည့်





ရုပ်မျိုးနှင့် မျက်နှာပျက်ကာ ညှိုးငယ်နေသည်။ စိတ်၌ အလွန်ထိခိုက်ကြောင်းကိုလည်း မျက်နှာပေါ်၌ မြင်နေရသည်။

'ဟုတ်ကဲ့ ဦးချစ်မောင်။ ကျွန်မကို လိုက်ပို့ချင်ပါတယ်ပြောတော့ လိုက်ပို့လိုတယ်မှတ်လို့ မငြင်းမဆန် လိုက်ပို့ပါ ပြောရပါတယ်။ မပို့နိုင်တဲ့ အခက်အခဲတွေ မပြောပြတဲ့အခါမှာ ကျွန်မက လိုက်ပို့ပါ ပြောသည့်တိုင်အောင်၊ ဒီလိုမပြောသင့်ဘူး ထင်ပြီး စိတ်လိုက်မာန်ပါ အသုံးအနှုန်း ရင့်ရင့်သီးသီးကြီး ပြောခဲ့မိပါတယ်။ ဦးချစ်မောင်ဘက်က ဦးချစ်မောင် အခက်ကို ရိုးရိုးသားသား ပြောလိုက်တာပါလားဆိုတာ အိမ်ပြန်ရောက်တော့မှ တွေးလို့ရပြီး ဒီကိစ္စကို နာကြည်းစရာတစ်ခုလို ဦးချစ်မောင် အပေါ်မှာ မကျေနိုင် မချမ်းနိုင် ဖြစ်မနေပါဘူး။ ကျွန်မ ပြောခဲ့ဆိုခဲ့တာတွေ သီးရင့်နေရင်လည်း ခွင့်လွှတ်ပါ'

'ကျွန်တော် မှားပါတယ်။ ကျွန်တော် မပြောအပ်တာကို ပြောလိုက်ပြီဆိုတာ သိသိချင်း ကျွန်တော့်ကိုယ်ကို ဘယ်လိုမှ ခွင့်လွှတ်လို့ မရအောင် ဖြစ်နေပါတယ်။ ကျွန်တော့်ကိုယ်ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး အပြစ်မပေးရရင် မနေနိုင်လို့ ကျောဘက်ကစာကို ရေးပါတယ်။ ဖတ်ကြည့်ပါဦး။ အဲဒါကို မတင်တင် လက်ခံရင် ကျွန်တော့်ကို ခွင့်လွှတ်လိုက်ပြီလို့ ယူဆပြီး စိတ်ချမ်းသာစရာ ပြန်ဖြစ်ရမှာပါပဲ'

ကျွန်မအား ခုလို နှုတ်နှင့် ထပ်မံတောင်းပန်သည်ကို အလွန်ပင် အားနာသွားမိသည်။ ခုံပေါ်က စာကိုဆွဲ၍ ကျောဘက်သို့ လှန်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရသည်။

ကျွန်တော့်အတွက် ဆေးတိုက်သို့ လာမြဲ မလာသည်ကို တွေ့ရလျှင်၊ လာပါလျှင်လည်း လာကြောင်းကို လည်းကောင်း၊ တွေ့လိုကြောင်းကို လည်းကောင်း၊ မတွေ့နိုင်သော် အကျိုးအကြောင်း စာမပေးလျှင်လည်းကောင်း ကျွန်တော့်စိတ်တွင် ယူဆဖွယ်ရာ တစ်လမ်းသာ ရှိပါ၏။ ကျွန်တော် ပြောဖို့ လိုဦးမည်လား မတင်တင်။

အကယ်၍ ခွင့်လွှတ်သဖြင့်၊ စိတ်တွင် မည်သို့မျှ မထားတော့ပါလျှင်လည်း၊ ယခု ကြာသပတေးနေ့ည ၆ နာရီခွဲပွဲတွင် မြန်မာအဆွေ၏ အသံထွက် ဖူးစာရှင် ဇာတ်ကားကို အဖော်နှင့် လာ၍ ကြည့်စေလိုပါ၏။ အဖော်နှစ်ယောက်ကို ခေါ်ခဲ့နိုင်ပါ၏။ အားလုံး ကျွန်တော်ပါနှင့် လေးယောက်တွက် နေရာထိုင်ခင်းရမည် ဖြစ်ပါ၏။

လာနိုင်မည်၊ မလာနိုင်မည်ကို နက်ဖြန် ဆေးတိုက်သို့ အလာတွင် သိပါရစေ။ လာနိုင်မည်ဆိုလျှင် မတင်တင်နှင့် မတင်တင်၏ အဖော်နှစ်ဦး ဆေးတိုက်က ဖြစ်စေ၊ စောင့်၍ သွားနိုင်ပါ၏။ သို့မဟုတ်လျှင် ရုံဝမှာပင် ဆုံနိုင်ကြပါ၏။

ဂုဏ်နက်ကိုကား သတိပြုစေလိုပါသည် မတင်တင်။ ကျွန်တော်
သည့် မကောင်းကျင်၏ ဂုဏ်သရေကို မည်သည့်နည်းနှင့်မျှ နိမ့်ကျစေမည်
ဟူသော အကြံမျိုးကို မမွေးဖူးပါကြောင်းပါ မတင်တင်။

ချစ်မောင်

"ကျွန်တော်၏ ကိုယ်ကို ကျွန်တော် အပြစ်မပေးရရင် မနေနိုင်လို့ ဤစာကို လက်ခံပါ"ဟု သူပြောပုံမှာ ရုပ်ရှင်ကို သူနှင့် လိုက်ကြည့်လျှင် သိကြသည့် ပရိသတ် အမြောက်အများက ရှုတ်ချလှောင်ပြောင်ကြမည့် ဒဏ်ကို သူက ရဲရဲကြီး ခံလိုက်မည့်ပုံ၊ သူ့အပြစ်ကို ဤနည်းနှင့် သူ ခံချင်၍ ကျွန်မက သူနှင့်အတူ လိုက်ကြည့်ရဦးမည့်ပုံ အဓိပ္ပာယ် ရောက်နေလေသည်။

ဗိုလ်ပုံ ပရိသတ်အားလည်း ကျွန်မကို ပွဲလာပြပုံဖြင့် ပွဲလယ်ကောင်တွင် သူ့ကိုယ်သူ သိက္ခာချကာ အပြစ်ပေးလိုက်မည် ဖြစ်နေသည်။

'ဦးချစ်မောင် အခု ရုပ်ရှင်ဖိတ်ပြတဲ့ကိစ္စက ကျွန်မ ခွင့်လွှတ်ပါတယ် ဆိုရင် လိုက်ပြဖို့ လိုပါသေးသလား။ လူတွေ ကဲ့ရဲ့မှာခံပြီး ပြချင်သေးလို့လား'

'ကျွန်တော့်အတွက် ကျွန်တော် ကြည့်ဖို့ မရှိပါဘူး။ မတင်တင်က အပြစ်ပေးတာ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ပေးချင်တဲ့ ကိစ္စပါ။ ဒါမှလည်း နေသာရာ ထိုင်သာရာ ရမှာမို့ သဘောတူပါ မတင်တင်'

မည်မျှ ရိုးသားသော သူတစ်ယောက်ဖြစ်ခြင်းကို ကျွန်မသာ အကဲမခတ်နိုင်ခဲ့ပါလျှင် "ရှင့်ပရိသတ်က ရှင့်ကို ကျွန်မ ပါလာလို့ နောက်မှာကို ခံလိုက်မယ် ဆိုတာ ကျွန်မ ပရိသတ်ကကော ရှင်နဲ့ လာကြည့်လို့ သြဘာပေးကြမှာတဲ့လား၊ ရှင်လုပ်ပုံက ကျွန်မ ဗန်းပြပြီး ရှင်က အနာခံလိုက်မယ်ဆိုတာများ တွေးများကြည့်စမ်းပါဦးရှင်" ဟု တိုက်ရိုက်ပြောချလိုက်ဖို့ အလွန်ကောင်း၍ ပြောလည်း ပြောလိုက်မိပေလိမ့်မည်။ အလွန့်အလွန် ရိုးသားသည့်သူဟု နားလည်သွား၍သာ ဘယ်နှယ် စိတ်မဆိုးနိုင်ဘဲ ရှိတော့သည်။ ထပ်၍များ စိတ်ဆိုးပြလိုက်ဦးမည် ဆိုလျှင်လည်း အခြားပုဂ္ဂိုလ်ထက် ဤပုဂ္ဂိုလ်သည် မိန်းမဆိုလျှင် ကြားရုံနှင့်ပင် ကြောက်လန့် ထွက်ပြေးသွားမည်ကား သေချာလှပေသည်။

သူ၏ မိန်းမနှင့် အလွန်ရှင်းသည်ဆိုသည့် ဂုဏ်ကို ဖျက်ကာ ပရိသတ်အားလည်း ဂရုမစိုက်တော့ဘဲ ဤပုံဤနည်းဖြင့် ရဲရဲကြီး ခံပြမည့် သူ့တောင်းပန်ပွဲကြီးကို၊ ကျွန်မ တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ ကျွန်မဘက်က အခြားသူများ မြင်လျှင် မကောင်းကြံစည်စရာ မဖြစ်စေဘဲ အဖော်တစ်စုနှင့်လာ၍ ခွင့်လွှတ်ရန် ခေါ်နေခြင်းပင်။ ကျွန်မသည် သူ့ မျက်နှာကို စေ့စေ့ကြည့်မိသည်။ ရှူးရှူးစိုက်စိုက်လည်း ကြည့်လိုက်သည်။ သူ့တွင် လောကမှု၌ ချွတ်ယွင်းချက်တွေ မြောက်မြားစွာ ရှိနေဦးမည်ဟု အကဲခတ်လိုက်သည်။





သူ၏ ကင်းရှင်းလှသည်ဆိုသည့် ဂုဏ်ကို လိုက်ဖျက်ရန် စေတနာစိတ် မရှိပါဘဲနှင့်၊ သူ၏ ရိုးသားမှုကို သနားသွားမိသည့် စိတ်နှင့် လက်ခံလိုက်ဖို့ရာ သူကဲ့သို့ ရဲရဲကြီး ဆုံးဖြတ်လိုက်ရသည်ကိုမူ သူသိမည် မဟုတ်။ သိမည့်သူလည်း မဟုတ်ပေ။

'ဦးချစ်မောင်၊ ကျွန်မအဖို့မှာ ခွင့်မလွှတ်နိုင်စရာ ဘာမှမရှိပါဘူး၊ လိုက်ကြည့်မှ စိတ်ကျေနပ်မယ် ဆိုရင်လည်း လိုက်ကြည့်ဖို့ရာ ဝန်မလေးပါဘူး။ ဦးချစ်မောင် ကျွန်မကို ဒီနည်းနဲ့ တောင်းပန်တာတော့ ဝမ်းမသာမိဘူး'

'မတင်တင့်စိတ်ကို ကျွန်တော် သိပါတယ်၊ ကြည်လည်း ကြည်ညိုပါတယ်၊ စေတနာတွေကိုလည်း ရိုသေပါတယ်။ စိတ်နှလုံးဖြူစင်တဲ့ မိန်းမတစ်ဦးမို့ ကျွန်တော် ပြောမိတဲ့ စကားတွေကို ဒီအဖြစ်နဲ့ တောင်းပန်တာပါပဲ'

ဘယ်လိုလူတစ်မျိုးလဲဟု အဖြေရှာနေခဲ့သည်။ ယခုမှပင် သနားစရာ အလွန်ကောင်းသော လူတစ်မျိုးဟု အဖြေတွေ့ရတော့သည်။

ညနေတိုင်းလိုလိုပင် တည်းအိမ်သို့ လာရောက်နေသည်။ လာတိုင်းလာတိုင်း ဖတ်စရာကောင်းသော စာအုပ်များကို တစ်နေ့တစ်မျိုး ပေးလေသည်။ သူ့တွင်လည်း ဖတ်ရန် အင်္ဂလိပ်စာအုပ် အမြဲပါလာသည်။ စကားပြောနေလျှင် စာအုပ်၏ စာမျက်နှာထိပ်တွင် လက်ညှိုးခေါက်ထိုး သွင်းပိတ်ထားလျက် သူ့အနားမှ ခေတ္တခဏ ထသွားသည့် လူမရှိချိန် အားလပ်ခိုက်ကလေးကို စာတစ်ကြောင်းရရ၊ နှစ်ကြောင်းရရ၊ စာအုပ်နှင့်မျက်နှာ အပ်ထားလိုက်သည်။

ပြောကြသည့် စကားတွေမှာ ကိုယ်ရေးတွက်တာ နည်းပြီး နိုင်ငံရေး၊ ပညာရေးများသာ ဆွေးနွေး ပြောကြားကြသည်။ စကားပြောစရာ ကုန်လျှင်သော်လည်းကောင်း၊ စကားအသစ် ဆက်စရာဆီသို့ မရောက်သေးသည့် အချိန်အတွင်းတွင် သော်လည်းကောင်း မျက်နှာချင်းဆိုင် ထိုင်နေကြပါသော်လည်း ကျွန်မကသာ သူ့ကို ကြည့်လျက်၊ သူကမူ ကျွန်မကို လုံးလုံးမကြည့်ဘဲ ဝါတော်လွန်စွာ ရင့်လှသည့် ဘိက္ခုကြီးကဲ့သို့ မျက်လွှာချနေလေသည်။ တောက်ပ သစ်လွင်သော အဝတ်အစားများနှင့် ဘယ်တော့မှ မမြင်ရနိုင်ပေ။ အင်္ကျီ လုံချည်ကိုမူ ကိုယ်တွင် သပ်ရပ်စွာ ဝတ်တတ်သည်။ ဝတ်သမျှ အထည်သည် မြန်မာဖြစ် အထည်များသာ ဖြစ်၏။ လည်ပင်းကြယ်စေ့ကို အမြဲတပ်သည်။ အပေါ်အင်္ကျီအိတ်ထဲတွင် ဖောင်တိန်နှစ်ချောင်းနှင့် ခဲတံ အနီအပြာ တစ်ချောင်းကို အမြဲမြင်ရသည်။ သူ၏ဆံပင်မှာ ဖြီးစရာမလိုအောင် တိုတိုညှပ်ထား၍ ခေါင်းဖြီးရ၊ ဆီထည့်ရကိစ္စ ငြိမ်းလေသည်။ အလှအပ လုံးလုံးမလုပ်သောလူ ဖြစ်သည်။ အသားအရောင် မမည်းမဖြူ၊ အသားညိုဖြစ်၍ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကိုကြည့်၍ လူကောင်ကြီးသည့်

အမျိုးအဆက်မှ ဆင်းသက်ပေါက်ဖွားလာသူကဲ့သို့ ဖြစ်သည်။ နှာတံလည်းချွန်၊ ရုပ်လက္ခဏာလည်း ဖွားကျိုင်းသဖြင့် ရှေးရှေးက မြန်မာကြီးများနှင့် အဆက်နီးသည့် သူလားဟု အောက်မေ့မိသည်။ ပြောပုံဆိုပုံ ဟန်အမူအရာ အသံ အေးဆေးငြိမ်သက် သိမ်မွေ့နူးညံ့သလောက် ပြောသမျှ စကားတွေမှာလည်း သိမ်မွေ့နက်နဲလှပေသည်။

မြန်မာစာပေဘက်တွင် အတိမ်အနက် ကျွန်မဉာဏ်နှင့် မှန်းကြည့်သည်။ အဘက်ဘက်က ဆည်းပူးနှံ့စပ်လာသူဟု ထင်မှတ်လိုက်သည်။ ဗေဒင်၊ ဆေးကျမ်း၊ ပျို့၊ ကဗျာ၊ တရားဓမ္မကျမ်းဂန်၊ ပိဋကတ်တွေနှင့် ကျွန်မ၌ မရှင်းလင်းဘဲ သံသယဖြစ်နေသည်ကို ဆိုင်ရာ အဘက်ဘက်က ကိုးကားလျက် လေးလေးနက်နက် အကျယ်တဝင့် ရှင်းလင်းပြောကြား ပြသပေးသည်။ ဤအခါတွင် သူ့အား ရဟန်းဝါ အတော် ရခဲ့ရှာသလားဟု အောက်မေ့ရတော့မလောက် ဖြစ်သည်။ ရာဇဝင်၊ ဘောဂဗေဒ၊ လင်္ကာ၊ ဝတ္ထု၊ ကမ္ဘာ့နိုင်ငံရေးများနှင့် စပ်ဆိုင်နေလျှင် အနောက်နိုင်ငံ စာရေးဆရာကြီးများနှင့် အနောက်တိုင်း နိုင်ငံပေါင်းစုံတို့၏ အနေအခင်း၊ အယူအဆ၊ အမူဓလေ့၊ အဖြစ်အပျက်တွေကို တိုက်ဆိုင်တိုင်း အင်္ဂလိပ်လို ကိုးကားသုံးနှုန်း ပြောဆိုပုံများသည် စကားလုံး ခက်ခဲလွန်း၍ အချို့ကို နားမလည်ပေ။ ဝေဝေဆာဆာ ပြောဆိုနိုင်ပုံတို့ကြောင့် အင်္ဂလန်၊ အိုင်းရစ်၊ ပြင်သစ် စသည့် အနောက်နိုင်ငံတွေကို ရောက်ဖူး ပေါက်ဖူးသလို အောက်မေ့ထင်မှတ်လောက်အောင် ပြောနိုင်ပေသည်။

ထူးခြားသည်မှာ ကိုယ်ရေးကိစ္စကို "ကျွန်တော်" နှင့် ပြောလျက်၊ ကိုယ်ရေး ကိစ္စမှအပ အခြားကိစ္စအရပ်ရပ် အဝဝ ပြောသမျှ လုပ်သမျှကို "ကျွန်တော်တို့" ဟု အမြဲပြောသည်။ သတင်းစာ အခက်အခဲ၊ နိုင်ငံရေးအခက်အခဲ ပြဿနာရပ်များ ပြောသည့်အခါတိုင်း သူသိသည်၊ သူနားလည်သည်၊ သူလုပ်သည်ဟု ဝင့်ဝါ ပြောကြားလိုခြင်း လုံးလုံးမရှိပေ။ ကျွန်တော်တို့ဟူသော စကားလုံးနှင့် အမြဲတစေ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ ဖုံးပိတ်ပြောတတ်သည့် အကျင့်ကလည်း ထူးထူးခြားခြား သူ့တွင် ရှိသေးသဖြင့် သူ၏ ပညာပါရမီ မည်မျှ အခြေခံရှိနေသည်ကို အကဲခတ်ရ အလွန်ခက်အောင် သိပ်သည်း ဖုံးဝှက်ပစ်သည်။

ကျွန်မ၏ ဉာဏ်အား နှန့်နဲ့၍၊ သူ၏ ပညာအခြေခံကို လုံလောက်ပြည့်စုံ လုံးဝသို့ အကဲမခတ်နိုင်သော်လည်း ပညာဉာဏ် အခြေခံကြီးမားကြောင်းကိုမူ ရိပ်မိတန်သလောက်ဖြင့် ရိပ်မိလေသည်။

ဤပညာရပ်များကို ကောလိပ်တွင် မည်သို့မည်ပုံ မည်သည့်အခါက သူ ဆည်းပူးလာသည်ကို မြေရာကောက်ကြည့်သည်။





'ဦးချစ်မောင်၊ ကောလိပ်က ဘယ်နှစ်က ဆင်းခဲ့ပါသလဲ'

'ကျွန်တော် ကောလိပ် မရောက်ဖူးပါဘူး၊ ၁၀ တန်း ပညာကိုပဲ သူတို့ အအောင်ပေးလို့ အောင်ခဲ့ပါတယ်'

သူ့အဖြေသည် ကျွန်မကို ကြက်သေ သေသွားသော အဖြေဖြစ်သည်။

'နို့ ... ဆယ်တန်းအောင်ပြီး ကောလိပ်ကို ဘာလို့ မသွားပါသလဲ'

'ကောလိပ်ကို သွားမယ်ဆိုရင် ဟိုစဉ်က ကျွန်တော့်အသက် မပြည့်လို့ သုံးနှစ်လောက် စောင့်ရပါလိမ့်မယ်။ ဒီတုန်းက ကျွန်တော့်စိတ်မှာ ကောလိပ် ကျောင်းက ပညာနဲ့ ဘွဲ့ကို နည်းနည်းမှ အဟုတ်မထင်ခဲ့မိလို့ ကျောင်းမှာပဲ စာဖတ်ရင်း ဆရာလုပ်နေပါတယ်'

'ကျောင်းဆရာ လုပ်တုန်းက ဝါသနာကြောင့် ဝင်လုပ်တာပါလား'

'မဟုတ်ပါဘူး၊ အခြေတကျ နေချင်တဲ့အိမ်လည်း မရှိပါဘူး။ ဆရာကြီးကလည်း ကျွန်တော့်ကို အင်မတန်ပဲ ချစ်ခင်ပါတယ်၊ စာဖတ်နေတုန်းအချိန်မို့ ကျွန်တော်လည်း ဆရာ့စကားကို လက်ခံပြီး ကျောင်းမှာပဲ စာပြနေပါတယ်'

'နို့ ... အယ်ဒီတာ ဖြစ်လာတာကရော'

'အယ်ဒီတာကတော့ အစကတည်းက ကျွန်တော့်ရည်ရွယ်ချက်ကြီးပါပဲ။ ကျောင်းသားဘဝကတည်းက အင်္ဂလိပ်လို ဆောင်းပါးတွေ နယူးဘားမား သတင်းစာမှာ ကျောင်းကနေပြီး ခဏခဏ ရေးပို့နေပါတယ်။ တစ်နေ့ သတင်းစာ တစ်စောင်မှာ အုပ်စီးပြီး အယ်ဒီတာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသား အရွယ်ကတည်းက အပြီးအပြတ် ရည်မှန်းထားပြီးသားပါပဲ။ ကျောင်းမှာ မြို့ထဲက ကျောင်းသားတွေကို အပြင်မှာ ကျွန်တော် စာပြပါသေးတယ်။ နွေကျောင်းပိတ်ရက်မှာ သူတို့အတွက် ရန်ကုန်မှာ စာအုပ်တွေ လာဝယ်ရင်း နော်ရထာ သတင်းစာတိုက်က အယ်ဒီတာလုပ်ဖို့ရာ ခေါ်တာနဲ့ နေရပ်မပြန်ဘဲ တစ်ခါတည်း ဝင်လုပ်ပါတယ်'

'ဒီသတင်းစာက အခု ဘယ်လို မြန်မာ့အလင်း ရောက်ရပြန်ပါသလဲ'

'နော်ရထာသတင်းစာက ပြုတ်သွားပါတယ်၊ ကျွန်တော် လုပ်စဉ်တုန်းက စက္ကူထုပ်တောင် ဝယ်စရာ ငွေမရှိလို့ အပေါ်အင်္ကျီ ချွတ်ပေါင်ပြီး ဝယ်လုပ်ကြပါတယ်။ ညစာထမင်းကို ဘယ်တော့မှ ဝယ်မစားနိုင်ဘူး၊ ပဂိုးဒါး ဗယာကြော် ၁ ပဲ ဖိုးနဲ့ ရေအဝသောက်ပြီး အဆင်းရဲအမျိုးမျိုးခံ လုပ်ပေမယ့်လည်း နောက်ဆုံး တိုက်ပိတ်ရတာပဲ။ မြန်မာ့အလင်း ရောက်တာကတော့ ကျွန်တော့်မိတ်ဆွေ ဂျာမနီပြန် ဦးတင်ကြီးကို မြန်မာ့အလင်း အယ်ဒီတာ ယောဂီ ဦးတင်က သူ ကောင်းကောင်း မမာလို့ တိုက်မှာ ဝင်လုပ်ဖို့ ခေါ်တယ်။ ဦးတင်ကြီးရဲ့အိမ်က

သဘောမကျကြတာနဲ့ ဦးတင်ကြီးက ကျွန်တော့်ကို လုပ်ပါ တိုက်တွန်းပြန်တော့ ကျွန်တော်လည်း မြန်မာ့အလင်း ညအယ်ဒီတာအဖြစ်နဲ့ ဝင်ရပြန်ပါတယ်'

'အယ်ဒီတာချုပ် ဦးစိန်းက သတင်းစာတစ်စောင်လုံးကို ဦးစီးပြီး လုပ်နေရမှာပေါ့နော်'

'ဟုတ်ကဲ့'

'ကျွန်မ မြန်မာ့အလင်း ခေါင်းကြီးတွေကို အင်မတန်ပဲ နှစ်ခြိုက်ပါတယ်။ အသုံးအနှုန်းလည်း အင်မတန် ခံ့ညားပြေပြစ်ပြီး လိုရင်းကို ထိရောက်အောင် ရေးနိုင်လွန်းလို့ ဆောင်းပါးရေးလိုတဲ့ လူတွေအတွက် အတော်ပဲ အထောက်အပံ့ ရပါပေတယ်။ မြန်မာ့အလင်းသတင်းစာ ဒီလောက် အဆင့်အတန်းမြင့်ပြီး စောင်ရေ ဒီလောက် တက်ရတာ ဦးစိန်းရဲ့ ကလောင်စွမ်း ထက်လို့သာမို့ ဦးစိန်းဟာ အတော့်ကို အခြေခံရှိတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဒီခေါင်းကြီးတွေကို ဖတ်ရတိုင်း ဦးစိန်းကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိပါဘူး'

'ဟုတ်ကဲ့'

'တိုင်းပြည်အတွက် ကောင်းရာကောင်းကြောင်း လုပ်မယ်လို့ စေတနာထားတဲ့သူတွေ အမျိုးမျိုးထဲမှာ ကျွန်မဖြင့် အယ်ဒီတာအလုပ်ဟာ ဘယ်လောက် မွန်မြတ်တယ်၊ အပင်ပန်းခံပြီး လိုလေသေးမရှိအောင် ဆည်းပူးလေ့လာ ဖတ်ရှုပြီး တစ်ဆင့် ညွှန်ပြပေးနေတာတွေဟာ ကြည်ညိုစရာ ဘယ်လိုကောင်းတယ်ဆိုတာ စောစောက မသိလှဘူး။ ခုမှ ဦးချစ်မောင်နဲ့ ရင်းနှီးလို့ အယ်ဒီတာလုပ်ငန်းကို သိရတာပါပဲ။ ဦးချစ်မောင်အလုပ်ဟာ ပင်ပန်းသလောက် တကယ်အရာရောက်ပြီး တကယ် မွန်မြတ်ပါပေတယ်'

အယ်ဒီတာလုပ်ငန်းကို ကျေနပ် ကြည်ညိုကာ ရွှန်းရွှန်းဝေ ပြောနေသည်ကို ပြန်လှန်ထောက်ခံခြင်းလည်း မလုပ်၊ ငြင်းဆန်ခြင်းလည်း မရှိဘဲ သူ့ကို လှောင်ပြောင်ကာရဲ့ ရှုပ်ချနေသည်ကို ခံနေရသကဲ့သို့ မျက်လွှာမပင့်ဘဲ ခေါင်းကြီးသာ [illegible] ရှက်များသွားရော့သလားဟု ထင်ရလောက်အောင် အမူအရာ အတော် ထူးဆန်းနေသည်။

အိမ်ပြန်လာတိုင်း မည်သည့်အခါမျှ စောစောမပြန်ဘဲ ညဥ့်နက်မှ ပြန်လေသည်။ ပြောစရာ မရှိလျှင်လည်း ခေါင်းငုံ့၍ ထိုင်နေသေးသည်။ ကိုယ့်အိမ် ကိုယ့်ရာ မဟုတ်သဖြင့် အိမ်ရှင်များကို အားနာသည်က တစ်ဖက်၊ နှင်ရမှာလည်း အခက်နှင့် သူလာသည်မှာ လာစအချိန်၌ ပျော်စရာဖြစ်သော်လည်း ညဥ့်နက်လာလျှင် စိတ်ညစ်လာသည်။ 'ကဲ ဦးချစ်မောင်၊ ညဥ့်လည်း နက်ပြီ' ဟု အမြဲ နှင်လွှတ်ရသည့် အလုပ်ကိုလည်း ကြာတော့ စက်ဆုပ်လာသည်။ သူ့အားလည်း "လူ့အလိုက် မသိတတ်ဘူး" ဟု စိတ်ထဲက အပြစ်တင်မိသည်။





ယနေ့ညတွင် သူ့အလုပ်ကို ချီးမွမ်းမိ၍ ခေါင်းမဖော်ဘဲ ငုံ့နေသောကြောင့် အချိန်လည်း ညဥ့်နက်လှသဖြင့်၊ မသိတတ်သည်ကို သိတတ်အောင် လုပ်လွှတ်လိုက်မည် ဟူသော ရည်ရွယ်ချက်နှင့် စကား ရှာကြည့်သည်။

'ဦးချစ်မောင်နဲ့ ဆေးတိုက်မှာ ပထမဦးဆုံး တွေ့ကြတုန်းက ကျွန်မ ပြန်ဖို့ရာ အရင်လိုလို့မို့ ဦးချစ်မောင်ဆီကို အတင်းခွင့်တောင်း နှုတ်ဆက်ပြီး လှုချင်းခွဲရတာ ဘယ်လိုများ အားနာမိမှန်း မသိဘူး၊ ရိုင်းတယ်လို့ ထင်ရင်လည်း ခံရမှာပဲ။ ကျွန်မမှာ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်လို့'

'မထင်ပါဘူး၊ မထင်ပါဘူး။ ဒီတုန်းက ကျွန်တော်လည်းလေ ထပြန်ချင်ပါတယ်၊ တိုက်မှာ အလုပ်တွေက အများကြီးရှိလို့ မတင်တင်ကို ပြန်ပါရစေလို့ ခွင့်တောင်းရမှာ အားနာလွန်းလို့ အောင့်ထိုင်နေရပါတယ်'

'အို ... အို ... အခုရော'

'တိုက်ကတော့ ကျွန်တော့်ကို စောင့်နေကြမှာပဲ'

'ဩော် ... ဖြစ်မှ ဖြစ်ရပလေ ဦးချစ်မောင်ရယ်။ ပြန်၊ ပြန်ရောပေါ့။ ဘယ့်နှယ် အိမ်ရှင် အခွင့်ပြုမှ ပြန်ရတယ်ဆိုရင် အိမ်ရှင်အဖို့ ပြန်ပါပြောရတာ ရိုင်းနေတာပေါ့'

'ကျွန်တော် အိမ်မလည်တတ်လို့ ဒီလို မထင်မိပါဘူး။ ထပြန်တဲ့လူက ရိုင်းတယ်လို့ချည်း မှတ်နေပါတယ်။ ဒါဖြင့်ရင် အခု ကျွန်တော် သွားနိုင်တယ်ပေါ့နော်'

သူသည် ဆန်းလွန်းသော လူရိုင်းတစ်ယောက်။ သူသည် ရိုးလွန်းသော လူဆန်းတစ်ယောက်။ သူမှ သူ။

## ၆ ။ ရန်ကုန်တွင်

ယခုတစ်ခေါက် ရန်ကုန်သို့ ရောက်နေသည်မှာ ရက်ကြာလာခဲ့သည်။ သဲလဲစင် ကျန်းမာအောင်ကုရန် ဆွဲထားကြ၍ ကြာမြင့်နေသည်။ သူလည်း ညစဥ်လိုလိုပင် လာနေသည်။ ယခုလို ညစဥ် လာလာနေသည်မှာ သူက ရိုင်းရာမကျအောင် လုပ်ရမည့် ဝတ္တရားတစ်ခုဟု ယူဆ၍များ လာနေလေသလားဟု သူ့စကားနှင့်သူ ထင်မှတ်ရသည်။

ဟို မမြင်ဖူးစဉ်အခါက သူ့အကြောင်းကို ယခုလောက် မတွေးမိခဲ့ပေ။ ယခုမှ သတိရသည့် အချိန်တိုင်း သူ့အကြောင်းသာလျှင် တွေးစရာ ရနေသည်။ သူ့တွင် လိုနေသည့်အချက်တွေ မြောက်မြားစွာ မြင်မိသည်။ ထို လိုနေသည် ဆိုသော အချက်များမှာ လုံးလုံး ဂရုမမူဘဲ ထားသောကြောင့် သူ့၌ မပြည့်မစုံ ဖြစ်နေသည်။

အပ္ပမာဟိတ ပရဟိတ တရားနှစ်ပါးတွင် သူသည် ပရဟိတကို ရှေးရှုစူးစိုက် အားထုတ်လွန်းလျက် တစ်ဖက်သတ် လွန်အားကြီးနေသည်ဖြစ်၍ သူ့အတွက်၊ သူ့ကိစ္စ၊ သူ့အရေးများကို လုံးလုံး သတိမမူမိဘဲ ရှိလေသည်။ လုံးလုံး သတိလစ်လျက် နေပေသည်။

အများအတွက် အများအကျိုး ဟူဟူသမျှတို့ကို လေးလေးစားစား ကူညီဖြည့်ဆည်းနိုင်ခဲ့လေသလောက် ကိုယ့်ကိုယ်ကိုယ် အလွန် ရက်စက်စိမ်းကားနိုင်သူဟု ပြောဆိုရမလောက် သူ၌ မဖျိုမ ပဋိပဋ္ဌာတရား လက်လွတ်လျက် ရှိချေသည်။

တစ်နေ့သော် စကားထိုင်ပြောကြရင်း သူ့အသက်မှာ ၂၆ နှစ် မပြည့်သေးကြောင်း ပြောပြသဖြင့် အထိတ်တလန့် ဖြစ်သွားကာ၊ အံ့သြလွန်း၍ ကြက်သေသေပြီး ငေးကြည့်နေမိသည်။ ကျွန်မ ငေးကြည့်နေ၍ အတော်ပင် ရှက်သွားရုံမက အနေခက်သလို ခေါင်းငုံ့သွားသည်။

စိတ်ထဲ၌ ဧကန်မုချ ၃၀ ကျော်၍ ၄၀ ဆီသို့ ချဉ်းနေပြီဟု ထင်မှတ်နေသည်။ သူ့ကို အခြားသူများကလည်း ဤသို့ပင် ထင်ကြောင်း သူ ပြောပြသည်။ ၎င်းအကြောင်းကို ဆက်ပြောပြသေးသည်မှာ၊ ဤသို့ အခြားသူများက သူ၏ ရှေ့မှောက်တွင်ပင် အသက်ကြီးနေပြီဟု ထင်မှတ်ပြောဆို နေကြစေကာမူလည်း သူ့မှာမူ သူ၏လုပ်ငန်း တိုင်းပြည်အပေါ်တွင် အကျိုးရှိဖို့အရာ၌ သူတို့၏ ထိုကဲ့သို့ ထင်မြင်ချက်သည် ပမာန မဟုတ်ချေတကားဟု၊ တစ်ပြားတစ်ချေးသားမျှ မပူပန်မကြောင့်ကြဘဲ သူ့အလုပ် ရှိသလောက်ကိုသာ သိက္ခာရှိရှိနှင့် စူးစူးစိုက်စိုက် လုပ်ကိုင်နေထိုင်တာပဲဟု ခပ်အေးအေးပင် ပြောသည်။

ကျွန်မက အသက်ငယ်ငယ်နှင့် ယခုလို အိုရုပ်ပေါ်နေသည်မှာ အားရစရာ မဖြစ်နိုင်ကြောင်း၊ ကိုယ်နှိုက်ကလည်း နှစ်ခြိုက်နေဖို့ မသင့်ကြောင်း ပြောသည်။

ထိုအခါ သူက သူ၏အပေါ်တွင် အသက် သုံးလေးဆယ်ခန့် ရှိပြီဟူ၍ ထင်မှတ် ပြောဆိုနေကြခြင်းကိုပင် သူ့စိတ်၌ နှစ်ခြိုက်သာယာသလို ရှိမိသော အကြောင်းတစ်ခုမှာ သူရေးသောစာ၊ သူပြောကြားသော စကားတို့သည် သက်ကြီးစကားတို့၏ အလေးချိန်ကို သာမန်အားဖြင့်ထက် ပိုမိုစီးလေးဆောင်ယူလျက်၊ လူအများ၏ လေးစားခြင်းကို ပိုမိုခံယူရရှိသော အခြင်းအရာပင် ဖြစ်သည်ဟု ပြောပြီး ပြုံးနေပြီမှ၊ တစ်ဖန် ဤအခြင်းအရာသည် အလွန်ပင် သူ အားထားရသော အခြင်းအရာတစ်ရပ် ဖြစ်ကြောင်းကို အဘယ်သို့သော အထောက်အထားဖြင့် ဒိဋ္ဌသိရှိရချေသနည်း ဟူ၍မူ၊ သူ၏ အသက်မှန်ကို သိကြပြီးသော တောမြို့နေ သူ့ဆွေမျိုးတစ်ရကိုလည်း သူပြောသောစကားကို လက်မခံလိုကြဘဲ သူပြောသော သူ့စကားကိုပင် သူ့ထက် အသက်အရွယ်ကြီးသူ ကင်းဝန်မင်းကြီး၊ ဦးပုည





စသည့် ပုဂ္ဂိုလ်များပြောသော စကားများဖြစ်သည်ဟု ပြောပြပါမှ လက်ခံချင်ကြသည့် အဖြစ်ကို အကြိမ်ကြိမ် အဖန်ဖန် အတန်တန် အခါခါ တွေ့ရှိခဲ့ဖူးလေ၍၊ ယခုလည်း သူ့အား အသက်ကြီးသူတစ်ဦး၏ စကားပေတကားဟု များများကြီး လေးစားခြင်း ရှိနေကြသည့်အကြောင်း ပြောပြီး ရယ်မောနေလေသည်။

စတွေ့သည့် နေ့ရက်ကစ၍ ယနေ့အထိ ယခု တစ်ကြိမ်ပင် ကျွန်မရှေ့တွင် ရယ်စရာသဖွယ်ပြော၍ ရယ်မောဖူးသည်ကို မြင်ရဖူးသေးသည်။

သူသည် အလွန်အလုပ်များသော အယ်ဒီတာတစ်ယောက် ဖြစ်ပေသည်။ နေ့ဘက်၌ ရှိသမျှအချိန်မှာ သူအလုပ် လုပ်သော သတင်းစာတိုက်တွင် လာသမျှ ဧည့်သည်ပရိသတ်ကို ဧည့်ခံ၍ တိုင်းရေးပြည်ရေး၊ မြို့ရေးရွာရေးများကို ဆွေးနွေးရခြင်း၊ နောက်တစ်နေ့တွင် ထွက်လတ္တံ့သော သတင်းစာ၌ ပါစေရမည့် ခေါင်းကြီး ခေါင်းကလေးမှစ၍ အခြားအကြောင်းအရာများကို မအားမလပ် တရစပ် ရေးသားရခြင်း၊ နယ်ရှိ သတင်းထောက်၊ အထူးသတင်းထောက်များ၊ အထူးနယ်လှည့် သတင်းထောက်များမှစ၍ အကျိုးဆောင် သတင်းထောက်များ၊ ဆောင်းပါးရှင်များက ရေးသားပေးပို့သည့် စာအစောင် ၁၀၀ ကျော်ရှိ စာများကို ဖောက်ဖွင့်ဖတ်ရှု၍ နေထားတကျ ပြုလုပ်ရခြင်း စသည့် အလုပ်တို့ဖြင့် အချိန်ကုန်လွန်စေလျက်၊ ညဘက်၌ ရှိသမျှ အချိန်မှာလည်း ကမ္ဘာ့အရပ်ရပ်ထုတ် သတင်းစာကြီးများမှစပြီး နောက်ဆုံးပေါ် စာအုပ်ကြီးငယ်များအထိ တိုင်းသူပြည်သားများအား တစ်ဆင့်ဗဟုသုတ ဖောက်သည်ချနိုင်လေအောင် မပြတ်မလပ် လက်ကမချ ဖတ်ရှုရခြင်း၊ ဝင်ငွေသုံးလောက်စေရန် တစ်ဖက်တစ်လမ်းမှ ဝတ္ထု၊ ဆောင်းပါး၊ ခေါင်းကြီးများကို အင်္ဂလိပ်လိုတစ်မျိုး၊ မြန်မာလိုတစ်မျိုး ရေးသားရခြင်း စသည်တို့ဖြင့် နေ့စဉ်နေ့တိုင်း တစ်နေ့ ၂၄ နာရီတွင် တစ်နေ့တစ်နေ့ အိပ်စက်ရန် သူ့အတွက် နံနက် ၄ နာရီမှ မနက် ၆ နာရီအထိ၊ ၂ နာရီသာ အလုပ်အနားရသူအဖြစ် သူ့အကြောင်းတွေ တစ်စတစ်စ ပေါ်ပေါ်လာ၏။ သူ့မှာ ၂၆ နှစ်မျှ မပြည့်သေးလျက် ဆံပင် ဘာကြောင့် ဖြူနေသည်၊ ရင့်ကျက်သောအသွင် ဘာကြောင့် ရောက်နေသည်ကို တွက်ကြည့်နိုင်တော့သည်။

ဤအတိုင်းသာ သူ ကျင့်နေပါက သူ၏ ရည်ရွယ်ချက် တည်းဟူသော ပန်းတိုင် မရောက်ခင် အမောဆို့၍ အသက်ပျောက်သွားပေလိမ့်မည်။ ပထမအရွယ်တွင် ဒုတိယအသွင် ရောက်နေခြင်းကြောင့် သူ၏ လာမည့် ဒုတိယအရွယ်တွင် တတိယအရွယ် ဖြစ်နေမည်ဖြစ်ပြီး၊ သက်တမ်းနှင့် ဆိုရလျှင် ဒုတိယအရွယ်တွင် အသက်တိုမည့် သူပါ တကားဟု သူ့အတွက် ရင်လေးမိသည်။

'ကျန်းမာရေးဟာ လာဘ်ကြီးပဲလို့ ဘုရားဟောခဲ့တာ မမက်မောလို့လား ဦးချစ်မောင်' ဟု သူ့အား မပေါ့ဆစေလို၍ ခနဲ့သကဲ့သို့ ပြောမိသည်။

"My health is sound." (ကျွန်တော် ကျန်းမာပါတယ်) ဟု အင်္ဂလိပ်ဘာသာဖြင့် ဤသို့ ခပ်ကြွားကြွား ဖြေကြားသည်။ သူ့ကိုယ်သူ ကျန်းမာရေး ပြည့်စုံပြီးသော သူတစ်ဦးကဲ့သို့ ယုံယုံကြည်ကြည် စိတ်ချထားသည့် ဟန်နှင့်ပန်နှင့် ပြောသည်။

ကျွန်မလည်း သူ့ကို သူကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့် –

"Can't I look at you and see with my own eyes. You are committing slow suicide by over work. That's what it is" (ရှင်ဟာ အလုပ်ကို အချိန်ပိုလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် တဖြည်းဖြည်း ညှဉ်းသတ်နေတယ်။ ရှင့်မှာ ကျန်းမာရေး ပြည့်စုံတယ်၊ မပြည့်စုံတယ်ဆိုတာ ကျွန်မ မမြင်နိုင်တာမှ မဟုတ်တာဘဲ) ဟု ပြန်ပြောလိုက်သည်။

"I have been working exactly this way for eight years." (ဒီအချိုးအတိုင်း ကျွန်တော် လုပ်နေတာ ၈ နှစ်ရှိပြီ) ဟု အင်္ဂလိပ်ဘာသာနှင့် ပြန်ပြောသေးသည်။

၈ နှစ် ကာလပတ်လုံး တစ်နေ့ ၂ နာရီ အိပ်သော သူတစ်ယောက်သည် မုချ တစ်နေ့တွင် ကျန်းမာရေးချို့တဲ့ပြီး ဒုက္ခတွေ့ရမည်သာ အမှန်ဖြစ်၍၊ သူ့အား သူ့ကိုယ်သူ လူမမာကြီးတစ်ယောက်လို ထင်လာရလောက်အောင် ပြောလွှတ်လိုက်ရသည်။

ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ကြီး ဖြစ်သွားကြပေပြီ။ ရန်ကုန်တွင် ရက်ကြာကြာ နေလိုက်သည်နှင့် သူ့အကြောင်းတွေ ဖွင့်ဖွင့်လင်လင် သိနိုင်ခြင်း ဖြစ်ပေသည်။ သူ့တွင် အမေမရှိ။ ဖခင်သာရှိပြီး ညီအစ်ကို မောင်နှမ ခြောက်ယောက်ရှိသည်ဟု သူ ပြောပြသည်။ ညီအစ်ကို မောင်နှမများနှင့် ကင်းဝေးသည်သာမက ဖခင်နှင့်ပါ ကင်းဝေးနေသူ ဖြစ်သည်။ ဤစကားကို ထပ်မံရှင်းဖို့ လိုပေလိမ့်မည်။ မိဘ ဆွေမျိုးသားချင်းများနှင့် ကင်းဝေးသည် ဆိုရာ၌ အနေချင်းဝေး၍ ကင်းဝေးကြသည် မဟုတ်ဘဲ ဆက်ဆံချစ်ခင်မှု ကင်းဝေးခြင်းသာ သူ ဆိုလိုသည်။ အရွယ်ရောက်သည်အထိ ကျောင်းတွင်ကြီးပြီး ယခု တစ်ဖန် ဆေးကောလိဂ်ထဲတွင် နစ်မြုပ်နေသည့်အတွက် သူ၌ မည်သည့် သံယောဇဉ်မှုလည်း မရှိ။ မည်သည့် အပျော်အပါးမှုလည်း မရှိ။ အပိုအလုပ်ဟူ၍ ဆေးလိပ်မျှပင် သောက်တတ်သူ မဟုတ်ဘဲ စာအုပ်နှင့် မျက်နှာသာ အမြဲအပ်ထား၍ လောကမှုတွေနှင့် လုံးလုံး လွတ်နေသူ တစ်ဦးဖြစ်သည်။

အတွေ့အမြော် အကြံအစည် အယူအဆ လုပ်သမျှ ကိုင်သမျှ အားလုံးပင် ကျောက်တိုင် ကျောက်ခဲပမာ ကြီးကျယ်ခိုင်မြဲ တင်းမာခြင်း ရှိလှသည်။ အချို့နေရာ





တွင် လိုအပ်သည်ထက် ပိုလွန်အောင် ခက်ထန်မာကျောနေသဖြင့် နူးညံ့ချောမွေ့ ပျော့ပျောင်းရမည့် အဖြစ်မျိုး လိုအပ်သည့်အခါ၌ သူ့တွင် ကျောက်တုံး ကျောက်ခဲကြီး ကဲ့သို့ပင် အကြမ်းထည်ကြီးသာ ဖြစ်နေသည်။ ထိုသို့ ပျော့ရမည့် နေရာတွင်လည်း မာ၊ နုရမည့်အခါလည်း မာပြီး ချောချောမွေ့မွေ့မရှိ ဖြစ်နေသဖြင့် သူနှင့် ရင်းရင်းနှီးနှီး ဖြစ်မည့် မိန်းမမိတ်ဆွေ များများလိုပေသည်။ သူ၏ မပြေမပြစ်ဖြစ်နေသည့် လောကမှုမျိုးတွေကို ယောကျ်ားချင်းက ချောမွေ့ပြေပြစ်အောင် ဖွဲ့ဆောင်ပေးနိုင်မည် မဟုတ်ပေ။ မိန်းမမိတ်ဆွေများမှသာလျှင် ကြင်ကြင်နာနာနှင့် တတ်စွမ်းနိုင်သမျှ ကူညီပေးနိုင်ကြပေလိမ့်မည်။ သူ့အကြောင်းကို လေးလေးနက်နက် စဉ်းစားလိုက်တိုင်း "ဒီလူဟာ မိန်းမရင်လည်း ယူမှ၊ နို့မို့ရင် ခက်မယ်" ဟူ၍သာ နောက်ဆုံးတွင် တွေးလို့ရသည်။

သူ့အချိုးအစား၊ သူ ဘယ်လိုနေရတဲ့သူလဲဟု သူ၏ ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှု အစခပ်သိမ်း ပေါင်းခြုံ၍ ထောက်မှန်းကြည့်လိုက်သည်။ ကျွန်မ အထင်နှင့် အမြင် မလွဲကြောင်းကို သူ့အိမ်သို့ တစ်ခေါက်ရောက်သွား၍ သိလာတော့သည်။

ကြည့်မြင်တိုင်က အဖော် သူငယ်ချင်းများက သူတို့နှင့် တစ်ည လိုက်အိပ်ရန် ခေါ်၍ သူ့အား အကြောင်းကြားရန် ရှိနေသည်။ သတင်းစာတိုက်သို့လည်း လိုက်မသွားလို။ ဆေးတိုက်သို့သွား၍ တယ်လီဖုန်းဆက်ရန်လည်း အချိန်မရဖြစ်နေသည်။ ကြည့်မြင်တိုင်အသွား သူ့အိမ်တွင် စာဝင်ထားခဲ့မည်ဟု အကြံရသည်နှင့် ယနေ့ည မလာရန် သူ့ထံ စာရေးပြီး ကြည့်မြင်တိုင်သွားရင်း ၃၄ လမ်း ထိပ်တွင် ကားမှ ဆင်းလာခဲ့သည်။ သူပေးထားသည့် အိမ်နံပါတ်ကိုရှာကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ သူ့ကို အိမ်တွင် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သူ့အိမ်က လူများအား စာပေးထားခဲ့မည်ဟု စိတ်ကူးနှင့် ဝင်ခဲ့ခြင်းဖြစ်သည်။

တံခါးကို သုံးလေးချက် ခေါက်လိုက်မှ တံခါးဖွင့်ပေးသည်။ တံခါးရွက်နှစ်ရွက် ဟ သွားသွားချင်း ဖိနပ်အမျိုးမျိုး တံခါးဝတွင် တစ်ပုံတစ်ပင် သွားတွေ့သည်။ တစ်ယောက်တည်း နေသည့်အခန်း မဟုတ်ဘဲ လူများများ နေသည်ကို ချက်ချင်း သိရသည်။ အခန်းကျဉ်းကျဉ်းထဲတွင် လှောင်ထားသည့် အမှိုက်ပုံနှင့် ဖုန်များမှာ မမြင်ဝံ့ မရှုဝံ့လောက်အောင် ရှုပ်ပုံမည်းညစ်နေသည်။ အင်္ကျီတွေကို နံရံချိတ်တွင် အသစ်ရော၊ အဟောင်းရော စုထပ်ချိတ်ထားကြသည်။ အိပ်ရာလိပ်တွေကိုလည်း သပ်သပ်ရပ်ရပ် မလိပ်ဘဲ ဖြစ်ကတတ်ဆန်းပင် လိပ်ပြီး ထိုးထပ်ထားသည်။ ဂေါ်ရင်ဂျီကုလားတွေ စုနေကြသည့် အခန်းနှင့် အဝတ်အထည်

အသုံးအဆောင် များသာ မတူ၍ ခြားနားခြင်း ရှိနေသည်။ ညစ်ပတ်ပုံမှာ တူ၏။ တစ်အိမ်လုံး နေကြထိုင်ကြသည့် လူတွေကို အခန်းမြင်ရုံနှင့် သဘောသိနိုင်သည်။

'ဘာကိစ္စပါလဲ' ဟု မေးသည့် တံခါးဖွင့်ပေးသူမှာ ကျွန်မကို ကြည့်ပြီး အိမ်မှာ လာသည့် အထင်ရှိနေသည်။

'ဦးချစ်မောင် ရှိပါသလား'

'ခင်ဗျာ၊ သူ အခုပဲ တိုက်ပြန်သွားပါပြီ'

'သူ ဘယ်တော့ ပြန်လာတတ်ပါသလဲ။ ညနေဘက် ပြန်လာတတ်ပါ သေးလား'

'လာပါတယ်'

'ဒါဖြင့်ရင် စာတစ်စောင် ထားခဲ့ပါရစေ။ သူလာရင် ပြောပါ' ဟု ပြောပြီးနောက် စာကို ထိုသူ့လက်တွင် မထည့်ဘဲ လှေကားထိပ် အခန်းဝတွင် ကပ်ချိတ်ထားသည့် စာသေတ္တာပုံးထဲသို့ ထည့်လိုက်ပြီး ပြန်ဆင်းခဲ့သည်။

ဤအခန်း၌ နေကြသူတို့အထဲတွင် သေသေသပ်သပ် လုပ်တတ်နေတတ် သူလည်း ပါပါသေးကလားဟု စာသေတ္တာပုံးထဲသို့ စာထည့်ရင်း ပြုံးခဲ့မိသေးသည်။

ထမင်းကို ကြုံရာဆိုင်တွင် စားကာ၊ လက်ဖက်ရည်ကို တွေ့ကရာဆိုင်က သောက်မည့် လူတွေမှန်းလည်း မေးမကြည့်ဘဲနှင့် သူတို့အကြောင်းကို သိခဲ့လေ သည်။

ကျွန်မသည် မိတ်ဆွေတစ်ယောက်အနေဖြင့် သော်လည်းကောင်း၊ နမ တစ်ယောက်အနေနှင့် သော်လည်းကောင်း သူနှင့် တွေ့သည့်အခါ၌ ကောင်း ကောင်းကြီး ပြောလိုက်သည်။

'စောစောက အသက်တိုမှာပဲလို့ ထင်မိတယ်၊ အခုတော့ အသက်ရှည်မှာ မဟုတ်ဘူးလို့ ပြောနိုင်ပြီ။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေများ သေချင်လို့လား ဦးချစ် မောင်'

'ဘယ်လိုကြောင့်ပါလဲ'

'ကျွန်မ ပြောရမှာ အားတော့နာပါတယ်။ ဒါပေမဲ့လည်း ကောင်းရာ ကောင်းကြောင်း ညွှန်ကြားချင်လို့ ပွင့်ပွင့်လင်းလင်း ပြောရတော့မယ်။ မထောက် မညာ အားမနာဘဲ ပြောရမယ်ဆိုရင် ဦးချစ်မောင်နေတဲ့အိမ်ဟာ ဂေါ်ရင်ဂျီ တန်းလျားလိုပါပဲတော့။ ဦးချစ်မောင်ရဲ့ စဉ်းစားရတဲ့ အလုပ်က၊ လုပ်ရတဲ့ အလုပ် ထက် ပိုလိမ့်ဦးမယ်။ ဒီအလုပ်မျိုးဟာ ဘယ်လိုနေရမလဲဆိုရင် ကောင်းကောင်း စားရမယ်။ ကောင်းကောင်းနေရမယ်။ ကောင်းကောင်းအိပ်ရမယ်။ မပျော်ရွှင်ချင် နေ၊ စိတ်၏ ချမ်းမြေ့မှုကတော့ အမြဲဖြစ်နေရမယ်။ ကိုယ့်ကိုယ်ကိုယ် ဒီလိုမွေးမှ





တိုင်းပြည်ဝန်ကို အရှည်ထမ်းနိုင်စရာ ရှိတယ်။ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင် လိမ့်မယ်။ တိုင်းပြည်ဝန်ကို အမျိုးမျိုး ထမ်းနေတဲ့ လူတွေထဲမှာ ဦးချစ်မောင်က ခေါင်းနဲ့ ထမ်းနေတဲ့လူ ဖြစ်တယ်။ ခေါင်းနဲ့ ထမ်းနေတဲ့လူတွေဟာ ပတ်ဝန်းကျင် ဘယ်လောက် လိုတယ်ဆိုတာ တစ်ခါမှ တွေးမကြည့်မိဘူးလား'

'ဒါတွေကို တွေးမကြည့်ပါဘူး။ သာယာစရာရယ်လို့ တစ်ခါမှ မတွေး ဒီလို ခု အနေကိုလည်း စိတ်ညစ်စရာရယ်လို့ တစ်ခါမှ မမှတ်ပါဘူး။ ကျွန်တော့် အဖို့မှာ ဘာမှ မထူးပါဘူး။ ဘယ်လိုမှလဲ ထူးလာမှာ မဟုတ်ပါဘူး။ ကျွန်တော့်အိမ် ကို ရေချိုးရုံပဲ ပြန်ပါတယ်။ ကျွန်တော် အိပ်တာ သတင်းစာတိုက်က စားပွဲပေါ်မှာ သတင်းစာပုံ ခေါင်းအုံးအိပ်တာ များပါတယ်။ ကျွန်တော်ဟာ နေရတာကို ဘယ်လို မှ မစဉ်းစားပါဘူး။ လုပ်ရမှာသာ အမြဲတမ်း စဉ်းစားပါတယ်'

'တစ်နေ့ တိုင်းပြည်က အကျိုးခံစားရအောင်ဆိုတဲ့ တကယ့်စေတနာကြီး နဲ့ နေ့ရှိသမျှ တိုင်းပြည်အတွက်သာ ကြိုးစားအားထုတ်နေတဲ့ ဦးချစ်မောင်လို ပုဂ္ဂိုလ်တစ်ယောက်ဟာ ခုလို ဖြစ်သလိုနေ၊ ဖြစ်ကတတ်ဆန်းစား လုပ်နေတာ တစ်နေ့ တိုင်းပြည်က ခံစားခွင့်ရှိအောင် အသက်ရှည်ဖို့ လမ်းရှိသေးရဲ့လား။ စားတာလည်း မမှန်၊ နေတာလည်း မဟန်၊ အညောင်းလည်း ခံ၊ အိပ်ချိန်လည်း မလုံလောက်နဲ့ တစ်နေ့ လဲလိမ့်မယ်။ ဒီလိုလူမျိုး လဲရင် နာလန်မထူအောင် ဗုန်းဗုန်းလဲတတ်လို့ ကျန်းမာရေးကို ဂရုစိုက်ပါ။ ကျန်းမာရေးနဲ့ ပြည့်စုံမှ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံမယ်။ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံမှလည်း ကမ္ဘာတစ်ခွင်မှာ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ပေါက်မြောက်အောင် လုပ်နိုင်ပါတယ်။ အထွတ်အထိပ် ရောက်လိုတဲ့ ယောက်ျားဟာ ဉာဏ်ရှိသလောက် ဝီရိယကြီးမားရင် ပေါက်မြောက် နိုင်လို့ ဦးချစ်မောင်မှာ ဆိုဖွယ်ရာ မရှိပါဘူး။ ကျန်းမာရေးကိုသာ ဂရုစိုက်ပါ။ ဦးချစ်မောင်ရဲ့ ကျန်းမာရေးဟာ ဦးချစ်မောင် တစ်ဦးတည်းပိုင် မဟုတ်တော့ဘူး ဆိုတာ အသိအမှတ်ပြုပြီး ဦးချစ်မောင်အတွက် စိတ်မအေးရသူတွေကို ညာတာပြီး ပိုလို့ စောင့်ရှောက်ဖို့ တောင်းပန်ချင်ပါတယ်။ ခုလိုနေတာ တစ်ခါမှ ဖျားနာပြီး သဲသဲမဲမဲ မခံရဘူးသေးလို့လား'

'တစ်ခါတလေလည်း ဖျားချင်ပါတယ်၊ အဖျားကတော့ ဆိုင်းထားရင် ရတန်သလောက် ရပါတယ်'

'အဖျားကို ဆိုင်းထားလို့ ရတယ်လား'

'ပြောရင် ယုံမှ ယုံမယ်၊ ရူးတယ်ထင်ရင်လည်း ထင်မယ်။ ကျွန်တော့်ကိုယ် ကိုလည်း အကောင်းလို့ မဆိုလိုပါဘူး။ ဆိုင်းလို့ရတာတော့ အမှန်ပါပဲ'

'မြန်မြန် သေမယ်၊ ဒီလို လုပ်ရင်'

သန်းခေါင်တိုင်တိုင် ကျွန်မသည် သူ့ကို နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး စသည့် အဓိက အချက်ကြီးတွေကို ပြုပြင်ပြောင်းလွဲပစ်ရန်၊ အနောက်နိုင်ငံသားတွေနှင့် စံနမူနာပြကာ အကျယ်တဝင့် စိတ်ပါလက်ပါ စေတနာထက်သန်စွာနှင့် ပြောလိုက်သည်။

နောက်တစ်နေ့ မနက်စောစော ဆေးတိုက်အသွားတွင် ဆေးတိုက်ဆေးရုံဝန်မက ဆီး၍ စာတစ်စောင်ပေးသည်။ ညက ကျွန်မဆီမှအပြန် စာရေးပြီး၊ မနက် ကျွန်မ လာရင်ပေးရန် စောစောက ပို့ထားနှင့်သည်။

ဝေဒနာကို ဆိုင်းငံ့ဖို့ အကျင့်မလုပ်ဖို့ရာနှင့်၊ ကျန်းမာရေး ဂရုစိုက်ရန် အထပ်ထပ် ပြောလိုက်သည်ကို ဤစာနှင့်ရေး၍ ကတိပေးလိုက်သည်။

မတင်တင်

စကားပြောရသမျှတွင် ညက ပြောရခြင်းသည် ကျွန်တော်၌ များစွာအားရခြင်း၊ ဝမ်းမြောက်ခြင်း၊ ကျေးဇူးတင်ခြင်းတို့ ဖြစ်ရပါပေသည်။ မတင်တင် ရန်ကုန်၌ လာနေခြင်းသည် ကျွန်တော့်အား သက်သက် ဒုက္ခပေးရာ ရောက်နေတော့ကြောင်းနှင့် မတင်တင် ယူဆပုံကို သိရရာ၊ ဤနေရာ၌ကား ကျွန်တော်နှင့် သဘောကွဲလွဲ လှပါ၏။ တွေ့ရမည် ရှိခြင်း၌ ဝမ်းသာခြင်း၊ တွေ့ရခြင်း၌ ဝမ်းမြောက်ခြင်း၊ ပြောရခြင်း၌ အားရခြင်း၊ ကြားရခြင်း၌ နှစ်သိမ့်ခြင်း၊ တွေ့ရ ဆုံရ ပြောရ ကြားရခြင်းတို့ကို ပြန်လည်အောက်မေ့ ဆင်ခြင်ရာ၌ စိတ်ရွှင်ပျခြင်း၊ ဤသည်တို့သည် ကျွန်တော်၌ မတင်တင် ရန်ကုန်တွင် ရောက်ရှိနေခြင်းကြောင့် ခံစားရသော သုခတို့ပါပေတည်း။ ဤသည်တို့ဖြင့်သာ အားမရ တင်းပေကိမ်သေးမူ၍ Daily thoughts)များ ရေးပြီးလျှင် ကျွန်တော့်အား လက်ဆောင်အဖြစ် ဆက်ဆက်ပေးပါရန် တောင်းပန်ခဲ့ပြန်သေး၏။

ယခင်ကသော် မတင်တင်၏ စိတ်နေသဘောထား ဉာဏ်အမြင် အယူအဆတို့သည် နှယ်နှယ်ရရ မဟုတ်၊ မတင်တင်၌ ကိန်းအောင်းသော မျိုးချစ်စိတ်သည်လည်း အလွန် ကြီးမားလေစွဟု ကျွန်တော့်အား အမြင်အားဖြင့် ကျွန်တော်တစ်ယောက်သာ ပြောကြားခဲ့၏။ ယခုမူကား သခင်သိန်းမောင်ကဲ့သို့သော ပုဂ္ဂိုလ်ကပင် ကျွန်တော့် အထင်အမြင်အတိုင်း ပြောကြားရလေပြီဖြစ်၍၊ မတင်တင် မည်မျှပင် ငြင်းဆန်ခြင်း ပြုသောကာမှု ဟိုဂုဏ်ပုဒ်တို့ကား မတင်တင်အဖို့ မလွဲမသွေ ဖြစ်ခဲ့ပါပေပြီ။

မတင်တင်ကဲ့သို့သော သူအား ကံအားလျော်စွာ သိကျွမ်း





ရခြင်းသည် ကျေးဇူးကြီးပါပေ၏။ မတင်တင်၏ ဆောင်းပါးတို့သည် တိုင်းပြည်အား စဉ်းစားဉာဏ် ထက်သန်စေလေပြီ။ ဆင်ခြင်ဉာဏ် သက်ဝင်ခဲ့စေလေပြီ။ ကျွန်တော်တို့ကဲ့သို့သော ကျွန်တိုင်းပြည်၌၊ ထိုစိတ် ထိုမာန် ထိုဉာဏ် အစွမ်းကို အမျိုးသမီးတိုင်း ရနိုင်ရန် အရေးကြီးပါ၏။ မတင်တင် ကျန်းမာလာသောနေ့တွင် တိုင်းတုန် စေလောက်သော၊ အမျိုးသမီးများ ပြောင်းလဲခြင်းကို ပြနိုင်ပါစေဟု ကျွန်တော်တို့ ဝိုင်း၍ ဆုတောင်းကြပါကုန်အံ့။

ညဉ့်နက်သန်းခေါင်အထိ စကားပြောနေရခြင်း၌ ကျွန်တော့် စိတ်တွင် ဝမ်းသာခြင်းကို ငဲ့မိ၍၊ အတော်ပင် ညဉ့်နက်ခဲ့ပါသည်။ မတင်တင်၏ ကျန်းမာရေးကို မတွေးမိခြင်းတွင် ကျွန်တော် သက်သက် ညှဉ်းပန်းရာ ကျပါတော့သည်။

ဝေဒနာကို ဆိုင်းငံ့၍ ထားခြင်းသည် တစ်နေ့နေ့ တစ်ခါခါ ဗုန်းဗုန်းလဲ၍ သဲမဲစွာ ခံရသဖြင့် ဆင်ခြင်ပြီး ဖြတ်သင့်က ဖြတ်ရန် ပြောလိုက်သည့်အတိုင်း ညက စဉ်းစားကြည့်ရာ၊ မတင်တင် ပြောစကားများ မှန်လှသဖြင့် ဤအလေ့ဆိုးကို နောက် ထပ်မံ လိုက်နာကျင့်ကြံခြင်း မပြုတော့ဘဲ ကျန်းမာရေးကို ဂရုစိုက်နိုင်သလောက် စိုက်ပါတော့မည်ဟု ကတိပေးပါပြီ မတင်တင်။

**ချစ်မောင်**

သို့ကြောင့် သူ့တွင် ယောက်ျားမိတ်ဆွေတွင် မဟုတ်ဘဲ မိန်းမ မိတ်ဆွေကောင်းများပါ ရှိဖို့လိုသည်ဟု ကျွန်မ ယုံကြည်နေခြင်း ဖြစ်သည်။ ဖျားနေလျက်နှင့် အနားမပေးသည့် သူ့အလေ့ဆိုးကြီးကို တားမြစ်ပေးနိုင်ခဲ့သည့်အတွက် သူ့ကိုပင် ပြန်၍ ကျေးဇူးတင်ရသေးသည်။ ညနေဘက်တွင် လူလွှတ်၍ သူ့ထံသို့ ကျေးဇူးတင်ကြောင်း စာရေးပို့လိုက်သည်။

## ၇ ။ မမေ့နိုင်သော ည

တစ်ရက် အိမ်အမြန်ပြန်ဖို့ရာ ကိစ္စပေါ်လာ၍ ဝန်စည်စလယ် အထုပ်အပိုးပြင်နေစဉ်၊ သူသည် အိမ်ရှေ့ခန်းတွင် ရောက်နေသည်။ နက်ဖြန်ညနေ သင်္ဘောစီးရမည် ဖြစ်သဖြင့် အချို့ပစ္စည်းများကို ထုပ်ပိုးနေ၍ ချက်ချင်းထွက်မသွားနိုင်ကို အချိန်နည်းနည်းကြာသွားသည်။ ကျွန်မ နက်ဖြန်ပြန်တော့မည့် အကြောင်းကို အိမ်ရှေ့တွင် ထိုင်ထိုင်ချင်း ပြောလိုက်သည်။

သူ့စိတ်ထဲတွင် ကျွန်မ ပြန်သွားမည်ကို မပြန်လာမည့်လမ်းသို့ ပြန်သွားသူလို ထင်နေသည်လား မသိပေ။

'ကျွန်မ ပြန်သွားပေမဲ့ တပေါင်းလလောက် ပြန်ရောက်ချင် ရောက်ပါလိမ့်ဦးမယ်' ဟု ပြောလိုက်သည့်တိုင် စိတ်လက်ကြည်ရွှင် သွားသလိုလည်း မတွေ့ရပေ။ ညစဉ် သူနှင့်တွေ့၍ စကားပြောကြသည့် အကြိမ်မှာ ယနေ့ညပါ ၁၃ ကြိမ် ဖြစ်သည်။ ညတိုင်း ဗဟုသုတ ဖြစ်ဖွယ်ရာတွေကို ကြားနာ၍ မငြီးနိုင်အောင် ပြောသည်။ တစ်ည တစ်ည သူက အပြောသမားသက်သက် ဖြစ်သည်။ တစ်ည တစ်ည သူက နားထောင်သမားသက်သက် ဖြစ်သည်။ အချေအတင် ပြောကြသည့် ညများလည်း ရှိသည်။ ယနေ့ည၌ ကျွန်မလည်း မပြော၊ သူလည်း မပြော၍ တိတ်ဆိတ်နေကြသည်။ ပြန်ခါနီး ခွဲခါနီး သူပြောသည့် စကားသာ ကြားရမည် ဖြစ်သည်။ သူ့ကို ရွှန်းရွှန်းဝေ စကားပြောလိုသည့်စိတ် မပေါ်ပေါက်၍ သူ့အပြောသာ စောင့်နေလေသည်။

သူလည်း မပြော၊ ကျွန်မလည်း မပြောဘဲ ထိုင်နေကြသည်။

ကိုယ်လက် လှုပ်လှုပ်ရှားရှားပင် မလုပ်ဘဲ ငြိမ်ငြိမ်ကြီး ထိုင်နေကြသည်။ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းနေကြသကဲ့သို့ ဖြစ်သည်။

တစ်နာရီမှ တစ်နာရီသို့ ပြောင်းသွားတိုင်း တစ်ချက်ပြီးတစ်ချက် ရိုက်ခတ်တီးလိုက်သည့် ညှော့ခန်းနာရီကြီးက ကျွန်မတို့၏ ထွက်သက်ဝင်သက်ကို လိုက်မှတ်နေသလိုပင်။

ပတ်ဝန်းကျင် အရာဝတ္ထုတို့မှ မြည်ထွက်လာသည့် အသံဗလံတွေသာ ရှိသည်။ ပြင်ပမှ အသံသာ ကြားရသည်။ ညစဉ်ညတိုင်း ဤအခန်းထဲမှ ထွက်ပေါ်လာသည့် သူ့အသံကား ပျောက်၍နေပြီ။ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်ခြင်း ရှိမှုသည်။ ဤညသည် ကျွန်မတစ်သက်အတွက် မှတ်မှတ်ရရ ဖြစ်စရာ ကောင်းသောည ဖြစ်သည်။ ညဉ့်ဦးယံ ၉ နာရီခန့်ကနေ၍ စကားတစ်ခွန်းမျှ မပြောကြဘဲ ငြိမ်ထိုင်နေလိုက်ကြသည်မှာ သန်းခေါင်ကျော်လောက်ရှိမှ–

'ကျွန်တော် နက်ဖြန် သင်္ဘောဆင်းခဲ့ပါဦးမယ်' ဟူသော စကားတစ်ခွန်းတည်းနှင့် ပြန်သွားသောကြောင့် ဤညကို အမှတ်တရကြီး ဖြစ်ရလေသည်။

သူ ပြန်သွားပြီးနောက် တစ်မျိုးတစ်မည်ကြီးဖြစ်၍ ကျန်ရစ်ခဲ့သည်။ အခါတိုင်းလို စကားများ ပြော၍ ပြန်သွားလျှင်လည်း ဟုတ်သေးသည်။ ယခုသော် လေးနာရီလုံးလုံး တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ သူလုပ်သွားပုံကို အံ့ပြီး ဘာကြောင့် ယခုလောက်ကြာအောင် ငြိမ်ပြီး ထိုင်နေသလဲ၊ ဘာ့ကြောင့် စကားမပြောဘဲ ထိုင်နေသလဲ၊ ထိုင်နေရင်း ဘာတွေများ သူတွေးနေမလဲဟု သိချင်စိတ် အလွန်ပြင်းထန်မိတော့သည်။





ငြိမ်ချက်သားကောင်းလိုက်သည်မှာ အံ့စရာ ကောင်းလွန်း၍ ကျွန်မလည်း စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ၊ သူငြိမ်သလို လိုက်ငြိမ်ထိုင်နေလျက် အမူအရာကို လေးလေးနက်နက် အကဲခတ်နေမိသည်။

မနက်ဖြန် သင်္ဘောဆိပ်တွင် ကျွန်မကို စကားပြောမည်၊ မပြောမည်ကို မသေချာ၍ ပြန်မည့် နှုတ်ဆက်စာတစ်စောင် သူ့ကိုပေးလိုက်ရန် ထိုင်၍ရေးသည်။ ကျန်းမာရေးကို ဂရုစိုက်ဖို့ရာ အဓိကထား ရေးသည်။

မနက်အစောကြီးထပြီး ဘုရားသို့သွားသည်။ ဘုရားကအပြန် စကော့ဈေး (ယခု ဗိုလ်ချုပ်ဈေး) သို့ ဝင်သည်။ စကော့ဈေးတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် ဝယ်လိုက်ကြသည်မှာ အချိန်တော်တော် ကုန်ခဲ့သည်။ ကျွန်မနှင့် အဖော်ပါလာသည့် ဒေါ်ဒေါ်က သင်္ဘောလက်မှတ်ယူရန် နေရာဦးအောင် စောစောဆင်းချင်သည် ဆိုပြီး ကျွန်မကို ဆေးတိုက်တွင် ချထားခဲ့ပြီးနောက် အိမ်သို့ တန်းပြန်သွားလေသည်။

ဆေးတိုက်က ဆရာမတွေအား ညနေပြန်မည့်အကြောင်း နှုတ်ဆက်ကာ ဈေးမှဝယ်လာသော လက်ဆောင်ကို ဆရာမအား ထုတ်ပေးသည်။ ဆရာမနှင့် တော်တော်ကြာပင် စကားပြောနေပြီးမှ သူ့ထံသို့ ညနေသင်္ဘောဆိပ် စောစောဆင်းမည့် အကြောင်း၊ ပြန်ဖြစ်ကြောင်းကို တယ်လီဖုန်း ဆက်ပြောလိုက်သည်။

ခဏနေပါဦးဆို၍ တအောင့် စောင့်နေရပြန်သည်။ အမြန် ပေါက်မလာသည်နှင့် ကြာကြာမဆိုင်းနိုင်၍ အပေါက်ဝမှ ရပ်မျှော်စောင့်ကြည့်နေရသည်။ သူ လာပြီ။ သို့သော် သူတစ်ယောက်တည်း မဟုတ်ဘဲ အဖော် သုံးလေးယောက်နှင့် တွဲလာသည်။ ဆေးတိုက်ဝ၌ပင် ကျွန်မ ရပ်နေသည်။ ဆရာမများကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်ဖြစ်၍ ဆေးတိုက်ထဲသို့ ပြန်ဝင်၍ မဖြစ်ပေ။ လမ်းတွင်ပင် ရပ်စကားပြောမည်ဟု အနားရောက်လာသည်အထိ ရပ်စောင့်သည်။ 'ပြန်ဖြစ်တယ်နော်'ဟု သူက စ မေးသည်။ သူ့အဖော်တွေလည်း သူနှင့်အတူ ရပ်နေကြပြီးမှ သူ့ကို နှုတ်ဆက်၍ ဆက်လျှောက်သွားကြသည်။ ကျွန်မက ပြန်ဖြစ်ကြောင်းပြောပြီး 'စာတော့ ညနေ သင်္ဘောပေါ်ကျမှပဲ ပေးတော့မယ်' ဟု ပြောလိုက်သည်။ 'အခု ဘယ်ပြန်မလဲ၊ ဘယ်သွားမလဲ' မေးခွန်းနှစ်မျိုး မေး၍ 'ဘယ်မှ မသွားပါဘူး၊ အိမ်ပြန်မယ်'ဟု ပြောလိုက်သည်။ "တစ်ယောက်တည်းလား" ဟု သူက မေးလိမ့်ဦးမလားဟု ထင်လိုက်မိရာ 'တစ်ယောက်တည်းလား' ဟု သူက ရုတ်ချင်းပြန်မေးသည်။ ကျွန်မလည်း ပြုံး၍ 'ဟုတ်ကဲ့၊ လိုက်ပို့ဦးမလို့လား' ဟု ရယ်ပြီး ပြောလိုက်သည်။ အဟုတ်ပင် လိုက်ပို့တော့သည်။ 'လာလေ သွားမယ်' ဆိုကာ ခြေလှမ်းပြင်နေသည်။ 'ဖြစ်ပါ့မလား ဦးချစ်မောင်၊ တော်တော်ကြာ

ဟိုက ဒီက' စကားဆုံးအောင် နားမထောင်ဘဲ 'ကျွန်တော် လိုက်ပို့မယ်။ ဒီဆေးတိုက်မှာ တွေ့စက ကျွန်တော် လိုက်မပို့ခဲ့ဘူး။ တွေ့စက မပို့ရပေမဲ့ အခု မတင်တင် ပြန်ခါနီး ပြန်မယ့်နေ့ ကျွန်တော် လိုက်ပို့ဖြစ်ရပြီ။ လာပါ' ဟု စိတ်ပါလက်ပါ ပြောခေါ်နေ၏။ ငြင်းဖို့ ခက်သည်နှင့် သူနှင့်အတူ ထရော်လီစီး၍ လမ်း ၅၀ သို့ ပြန်ခဲ့ရသည်။ လမ်းထိပ်တွင် ဆင်းကြသည်။ 'ညနေ စောစော ဆင်းခဲ့ပါမယ်' ဟု နှုတ်ဆက်လျက် ထရော်လီပေါ်သို့ ပြန်တက်လိုက်သွားလေသည်။

## ၈ ။ ဩော် ဘယ်ရှေးကံ

သဘော်ဆိပ်သို့ သခင်သိန်းမောင် လိုက်ပို့သည်။ ကျွန်မတို့ သဘော်ခန်းထဲသို့ ရောက်ပြီး တအောင့်ကြာမှ သူ ပေါက်လာသည်။ သခင်သိန်းမောင်နှင့် သူ အနည်းငယ် စကားပြောပြီး ကျွန်မကို စာအုပ်တစ်ပုံကြီးနှင့် စာအိတ်တစ်အိတ် လှမ်းပေးသည်။

ကျွန်မလည်း ညက ရေးလာသောစာကို သူ့အား လှမ်းပေးလိုက်သည်။ အိမ်သို့ရောက်လျှင် စာထည့်လိုက်ပါမည်ဟု ပြောလိုက်သည်။ ဣန္ဒြေတွေ၊ သိက္ခာတွေနှင့် ဘယ်လိုပင် ဖုံး၍ထားပေလင့်၊ သူ့ရင်ထဲ၌ ဖြစ်နေသည့် အဓိပ္ပာယ်ကို သူ့မျက်လုံးတွင် တွေ့လိုက်ရသည်။ ကျွန်မလည်း ပြန်ခဲ့ရသည်ကို သူကဲ့သို့ပင် စိတ်မကောင်းလှပေ။ သူ၏ ချွတ်ယွင်းချက်တွေကို ကျွန်မလောက် ဇွတ်တရွတ် ပြောမည့်သူ သူ့၌ တစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ဟု သနားမိသည်။ နောက်ဆုံးမှကြုံသည့်တိုင် သူ့ထံမှ စကားတစ်ခွန်းမျှ မကြားလိုက်ရပေ။

သဘော် ထွက်လျှင်ထွက်ချင်း ရှေးဦးစွာ စာအိတ်ကို ဖောက်ကြည့်သည်။ စာကို အင်္ဂလိပ်ဘာသာနှင့် အင်္ဂလိပ်စကားလုံး ရိုးရိုးနှင့် ပြေပြေလှလှကလေး သုံးနှုန်းရေးသားထားသည်။ ဤစာတွင် စဉ်းစားဖွယ်ရာများ ပါသည်။ လေးလေးနက်နက် စဉ်းစားရန် ရှိပေသည်။

သူ့စာ၏ အဓိပ္ပာယ်ကား ...

မတင်တင် ဒီတစ်ခေါက် အလည်လာတာနဲ့ ပတ်သက်လို့ မနေ့က တွေ့ကြုံတာဟာ နောက်ဆုံးအကြိမ်ပဲလို့ ထင်မှတ်မိတယ်။ ကံအားလျော်စွာပဲ ကျွန်တော့်အထင်ဟာ မှားခဲ့တယ်။ ကျွန်တော့်အပေါ်မှာ ကျေးဇူးသက်ပြီး ဒီနေ့ နေ့လယ် နောက်ထပ်တစ်ကြိမ် တွေ့ခွင့် ပေးလိုက်ပါပြီပေါ့။ ဒါဟာ ကျွန်တော် ထင်မိမှားတာကို ပြတာပဲ။





ဒီလို တွေ့ကြရတဲ့ အထိမ်းအမှတ်ကလေးဟာလည်း ပျော်ရွှင် နှစ်သိမ့်ဖွယ်ရာ ကောင်းလွန်းလို့ ကျွန်တော့်အတွက်မှာဖြင့် အလွယ်ကလေးနဲ့ မမေ့သင့် မမေ့အပ်ပါဘူး။ ဒီအတွေ့ထူး အကြုံသစ်ကြောင့် ကျွန်တော့်မှာဖြင့် ဒုက္ခရောသုခပါ ဝေဒနာနှစ်မျိုးစလုံးကို ခံစားလိုက်ရတာပဲ။ ဒါပေမဲ့ အမှန်အတိုင်း ဖွင့်ပြီးပြောရမယ်ဆိုရင် ဒီလိုတွေ့ရတာ စိတ်နှလုံးကို ခိုက်ပြီး၊ အသည်းထဲမှာ ဖိုလှိုက် ဖိုလှိုက် ဖြစ်လွန်းလို့ ကျွန်တော်ဖြင့် ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဆိုတာ မခွဲခြားနိုင်အောင် ဖြစ်မိတယ်။ စိတ်ထဲမှာ ဒီလိုဖြစ်နေလျက်ကပဲ နောက်ဆုံးကျရင်ဖြင့် ဝမ်းသာရမယ်၊ ကျေးဇူးရှိရမယ်လို့ ယုံကြည်နေတာကိုတော့ ဝန်ခံရမှာပဲ။

မတင်တင်ဟာ ကျွန်တော့်ကို အသွင်တစ်မျိုး ပြောင်းလိုက်တယ် ဆိုတဲ့အကြောင်း ပြောခဲ့ဖူးပြီ။ ပြောင်းပုံပြောင်းနည်းကလည်း သိပ်မြန်တာပဲ။ အို ... မြန်တာမှလေ အံ့သြသွားလောက်အောင်ကို မြန်တာပါပဲ။ ကျွန်တော်ဖြင့် ဒီအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာတဲ့ ချိုအေးညင်သာတဲ့ ဝေဒနာတစ်မျိုးကို အခုထက်ထိ ခံစားနေရတုန်း ရှိသေးတယ်။ မတင်တင်လည်း "ဖော်သရင်းဂေး" လိုပဲ အဆန်းတကြယ်တွေကို လုပ်နိုင်စွမ်းခဲ့တယ်လို့ ပြောတာဟာ အမှန်ပါပဲ။ ကျွန်တော်ဟာလည်း ဖော်သရင်းဂေးလိုပဲ အဲဒီအဆန်းတကြယ်တွေကို ဆုံးရှုံးရတဲ့အတွက် ပိုပြီး ယူကျုံးမရ ဖြစ်ရတယ်ဆိုရင် မှားမယ် မထင်ပါဘူး။ ယူကျုံးမရ စိတ်ဒုက္ခဖြစ်မှုဟာလည်း ကျွန်တော့်အတွက် သက်သက်ပါပဲ။ ဒါပေမဲ့ ဒီဒုက္ခဟာ အဆန်းတကြယ် ထူးခြားနေပါတယ်။ ပျော်စရာကောင်းတဲ့ အတိတ်ကြောင်းတွေဟာ ဒီဒုက္ခထဲမှာ ရောနှောထားလျက်သား ဖြစ်နေတော့ ဒီဒုက္ခတွေဟာ ခံသာပါတယ်။ မတင်တင် ပြန်သွားပြီလို့ ကျွန်တော်တစ်ယောက်တည်း ဖြေရခက်အောင် ဖော်မဲ့ကျန်ခဲ့ရင် ကျွန်တော်တော့ မတင်တင် ပြန်လာဦးမှာပဲ ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့် ဖြေဖျောက်ရမှာပဲ။ ရန်ကုန်ကိုလေ ရန်ကုန် ရန်ကုန်။ မတင်တင်ကိုယ်တိုင် ဖန်တီးတည်ဆောက်ခဲ့တဲ့ မြို့ရန်ကုန်ကိုလေ။ ဒါကို စိုပြည်သာယာလာအောင် မတင်တင်တစ်ယောက်သာ အသက်သွင်း ဖန်တီးပေးနိုင်မှာပဲ။

နောက်ပြီး မတင်တင် ကျွန်တော့်အပေါ်မှာ သနားကြင်နာကရုဏာ ထားခဲ့တာတွေ၊ ရှေ့ကိုလည်း အရင်လိုပဲ ဆက်ပြီး သနားကရုဏာ ထားဦးမှာတွေကို ယုံကြည်မျှော်လင့်ပြီးတော့ ကိုယ့်ကိုယ်ကိုယ်

ဖြေပေးခဲ့ဖူးမယ်။ ကျွန်တော် ပြောခဲ့ဖူးတယ် မဟုတ်လား။ အရင်တုန်းက ကျွန်တော့်ကိုယ်ကျွန်တော် မသိခဲ့တဲ့ အချို့ အချက်တွေကို မတင်တင်က ဖော်ထုတ် ညွှန်ပြပေးခဲ့တယ်လို့။ အစတုန်းက ကျွန်တော့်ကိုယ်ကို ကျွန်တော် ခွန်အားနှင့် ပြည့်စုံလှပြီလို့ အောက်မေ့ခဲ့တယ်။ ဒါပေမဲ့ ဟားလား ကျွန်တော့်မှာ ခွန်အားရယ်လို့ မရှိခဲ့ပါကလား။ ကျွန်တော့်ကိုယ် ကျွန်တော် အတ္တ(ကိုယ်ကျိုး) ကင်းတဲ့ လူတစ်ယောက်ရယ်လို့လည်း ထင်မှားမိခဲ့သေးတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဘယ်လောက်တောင် အတ္တ (ကိုယ်ကျိုး) ကြည့်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ မတင်တင်ကိုယ်တိုင် မြင်လိုက်ရပြီနော်။ ကျွန်တော်ဟာဖြင့် ကျွန်တော့်ကိုယ်ကို ကျွန်တော် ဂရုမစိုက်ပါဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ မတင်တင်က ကျွန်တော့်ကိုယ်ကို ကျွန်တော့်အား ပြခဲ့တယ်။ ကျွန်တော်ဟာ ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ရဲ့ ဂုဏ်ထက် ကျွန်တော့် သိက္ခာကိုသာ ကျွန်တော် ပိုပြီး မက်ခဲ့တယ် ဆိုတာဟာပေါ့။

ဒါတွေဟာ ကျွန်တော့် ချွတ်ယွင်း ညံ့ဖျင်းချက်တွေပေါ့။ ကျွန်တော့်ကိုယ်ကို ကျွန်တော်မြင်အောင် ဘယ်သူ တစ်ဦးတစ်ယောက်မှ မပြခဲ့ဖူးတဲ့ နည်းမျိုးနဲ့ မတင်တင်က ကျွန်တော့်ကို ပြလိုက်တယ်။ ဒီအတွက်လည်း ကျေးဇူးအများကြီး တင်လှပါတယ်။ ကျွန်တော့်စိတ်ထဲမှာ နက်နဲလှပြီလို့ ထင်ခဲ့မိတဲ့ ကျွန်တော့် စိတ်ပညာဟာ အတိမ်ကလေး ရှိပါသေးကလား။ စိတ်ပညာ စာအုပ်ကြီးက ကျွန်တော့်ကို မပြနိုင်ခဲ့တာတွေကို မတင်တင်ရဲ့ ပါးနပ်လျင်မြန် အမြင်သန်မှုနှင့် ကျင်လည် ရေးခြားစွာ ဝေဖန်ပိုင်းခြားမှုကလေးတွေက ဒိုးခနဲ ဒေါက်ခနဲ ဖွင့်ပြခဲ့တာပဲလေ။

ကဲ ... မတင်တင်ရဲ့ စာနဲ့ ပတ်သက်ပြီး ပြောရဦးမယ်။ ဘယ်လိုပဲ အလျင်စလိုနဲ့ ရေးလိုက်တယ် ဆိုပေမဲ့ ရည်ရွယ်ရင်း အချက်တွေဟာ စာထဲမှာ အပြည့်အစုံပါပြီး ဖြစ်နေတယ်။ မတင်တင် ရေးလိုက်ပုံဟာ ကျွန်တော့် ဦးနှောက်ထဲကိုသာ မကဘဲ ကျွန်တော့် အသည်းထဲ ပေါ်အောင်ကို ရှဲသွားတာပဲ။ မတင်တင်ဟာ စကားပြောတဲ့ အခါမှာ [illegible] လိုမှာသလောက် စာရေးတဲ့ အခါမှာလည်း စကားပြောတဲ့ အတိုင်း တွေ့ရတယ်။ ဒီတော့ မတင်တင် ဒီလို စာရေးကောင်းတာကို နည်းနည်းမှ မခြားတော့ဘူးပေါ့။ တစ်ခါတုန်းက ကျွန်တော်ဟာ ယောက်ျားအဖြင့် မိန်းမတွေကို တယ်ပြီး အထင်မကြီးခဲ့ဘူး။ အခုတော့





ကျွန်တော့်အယူအဆကို ပြောင်းလဲပစ်ရတော့မယ်။ မတင်တင်ဟာဖြင့် မိန်းမတစ်မျိုးလုံးအတွက် ချီးကျူးလောက်တဲ့ အဖြေကို ပေးလိုက်တယ် ဆိုတာ ကျွန်တော် ဝန်ခံရမှာပဲ။ အရင်တုန်းက ကျွန်တော်ဟာ အတော့်ကို ခက်တရော် ရှိပုံရတယ်။ ဒါကြောင့်မို့ အဲဒီအတွက် အခု တောင်းပန်လိုက်ပါတယ်။

နောက်ပြီး ကျွန်တော့်အတွက် အဆန်းဖြစ်နေတာ တစ်ခု ရှိသေးတယ်။ လူနှစ်ယောက်ဟာ ဘယ်နည်းနဲ့မှ အတွေးချင်း တစ်ထပ်တည်း တူမနေဘူးဆိုတဲ့ စကားရှိတယ်။ ဒါပေမဲ့ မတင်တင်နဲ့ တွေ့ဆုံပြီး စကားပြောခဲ့ကြတာတွေကို ပြန်ပြောင်းပြီး တွေးကြည့်ရင်၊ မတင်တင်နဲ့ ကျွန်တော်တို့ နှစ်ယောက်မှာဖြင့် ထပ်တူထပ်မျှ အယူအဆ အတွေးအခေါ် တူညီတိုက်ဆိုင်နေတဲ့ အချက်တွေ ရှိပါကလားလို့ သိရတယ်။ ကြည့်ပုံ ရှုပုံ ယူဆပုံတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် တစ်သဘောတည်း ဖြစ်နေတဲ့ အချက်တွေ ရှိနေတယ်။ ဖြစ်နိုင်မယ်ဆိုရင် ဒီလို သဘောချင်း တိုက်ဆိုင်တဲ့ အချက်ကို အကြောင်းပြုပြီး မတင်တင်ကလည်း အဆင်သင့်ပဲဆိုရင် ကျွန်တော်တို့နှစ်ယောက် အခုထက်ပိုပြီး ခင်မင်ရင်းနှီးလာကြလိမ့်မယ်လို့ မျှော်လင့်မိတယ်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့ စကားဟာ ရှေးပညာရှိတွေရဲ့ နှုတ်က မြွက်ဟ ထွက်ပေါ်လာစဉ်က စပြီး၊ ဘယ်နံ့ရောအခါမှ ဘယ်သူတစ်ဦးတစ်ယောက်ကမျှ အဓိပ္ပာယ် မရှိဘူးရယ်လို့ မဆိုဝံ့ခဲ့ဖူးနော်။

ကျွန်တော်တို့ အချင်းချင်း ခင်မင်မှုဟာ ကျွန်တော့်အတွက် အကျိုးကျေးဇူး အများကြီး ဖြစ်ထွန်းလိမ့်မယ်လို့ ယုံကြည်မိတယ်။ ကျွန်တော်တို့အချင်းချင်း သိကျွမ်းမှုကလေးဟာတော့၊ ကျွန်တော့်အတွက် အကျိုးဖြစ်ထွန်းစေခဲ့ပြီးပြီ။ ယောက်ျားပီပီ အကြောက်မရှိဘဲ လုပ်ဖို့ကို မတင်တင် ကျွန်တော့်ကို လမ်းပြခဲ့တယ်။ ကိုယ် မပိုင်ဆိုင်တဲ့ အပျိုကလေးတစ်ယောက်နဲ့ အတူ နေထိုင်သွားလာတာကို တခြားသူတွေ မမြင်သင့်ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ အမြဲပဲ စွဲမှတ်ထားခဲ့တယ်။ လူတွေက မေးကြတယ်။ ကျွန်တော်နဲ့ သွားတဲ့ မိန်းကလေး လှလှကလေးဟာ ဘယ်သူလဲလို့။ သူတို့ကတော့ သိချင်လွန်းလို့ မေးကြတာပါပဲလေ။ ဒါပေမဲ့ ကျွန်တော် သူတို့ကို မပြောပြနိုင်ဘူး။ သူတို့ကို အမှန်အတိုင်း မပြောနိုင်ဘူး။ လိမ်လည်ပြီးတော့လည်း မပြောချင်ဘူး။ ဒီလို မတွေ့ကြခင်တုန်းကဆိုရင် ကျွန်တော့်ကိုယ်ကို ကျွန်တော်

ကျုပ်တို့ ကျဉ်းမြောင်းလှတဲ့ ပတ်ဝန်းကျင်ထဲမှာ ဖုံးအုပ်ထားမိခဲ့တယ်။ ဒါကြောင့်မို့ပေါ့၊ အခုလည်း အံ့ဩစဖွယ် တွေ့ဆုံကြတော့ ကျွန်တော့် စိတ်ထဲမှာ ဘာလုပ်ရမှန်းလည်း မသိခဲ့ဘူး။ ဘာပြောရမှန်းလည်း မသိဘူး။ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းသွားတယ်။ ဒါပေမဲ့ ဝမ်းလည်း သာနေတယ်။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်တော် စီကာပတ်ကုံး မပြောတတ်တော့ပါဘူးလေ။ ကျွန်တော့် စိတ်ထဲမှာ ရှိနေပုံတွေဟာ တရိတသေ ဖြစ်လွန်းလို့ မပြောပြနိုင်လောက် အောင်ပါပဲ။

မတင်တင်ရဲ့ စိတ်ထဲမှာ မတင်တင် ထွက်ခွာသွားလို့ ကျွန်တော် တို့မှာ လွတ်လပ်ပေါ့ပါးသွားပြီလို့များ ထင်မှတ်ရင် အကြီးအကျယ် လွဲတာပဲ။ မတင်တင် ထွက်သွားတယ် ဆိုကတည်းက ကျွန်တော်တို့အဖို့ ဝမ်းနည်းပက်လက် ဖြစ်နေရတဲ့ အထဲမှာ မတင်တင်က ဒီလို ထင်မှတ် ပြန်ဦးမယ်ဆိုရင် ကျွန်တော်တို့မှာ ဒီထက်ပိုပြီး ဝမ်းနည်းပက်လက် ဖြစ်ရတော့မှာပေါ့။ ကျွန်တော်တော့ မတင်တင်ကို စွဲသွားပြီ။ ကျွန်တော့် တစ်သက်တာမှာဖြင့် ဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်တော့ဘူး။ လောကမှာ မတင်တင်ကလွဲပြီး ဘယ်မိန်းမမှ ကျွန်တော့်အသည်းထဲကို ဖောက်ထွင်း ဝင်ရောက်မလာနိုင်ခဲ့ဘူး။ ဒါ အပိုပြောတာ မဟုတ်ဘူးနော်။ ဒါကြောင့်မို့ ကျွန်တော် သတိရတဲ့၊ ဂရုစိုက်တဲ့၊ ခင်တဲ့ မိန်းကလေးဟာ လည်း မတင်တင်မှ မတင်တင်ပဲလို့ ပြောချင်တယ်။ ဒီလို ရေးခါနီးမှာ ရေးသင့် မရေးသင့် ချိန်ဆနေမိသေးတယ်။ ဒါပေမဲ့ ကျွန်တော့် အရင်က ဟာကယ့်ပုဂ္ဂိုလ်ကြီးတွေဟာလည်း ဉာဏ်ပညာထက်မြက်တဲ့ မိန်းမ တွေကို သတိရခဲ့၊ ဂရုစိုက်ခဲ့၊ ခင်ခဲ့လာကြတာပဲ မဟုတ်လား။ လောကမှာ "မိန်းမ"ကို ဒီလို ချီးမြှင့်တာဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ် ဘူးလို့ ဖျော့်လင့်ပါတယ်။

ဒီတော့ မတင်တင်ကို ကျွန်တော် ခင်မင်တာတွေ၊ မတင်တင်ရဲ့ အပြုအမူ အရည်အချင်းတွေကို လေးစားမြတ်နိုးတာတွေကို စိတ်ချ [illegible]တယ်။ ကျွန်တော့် အကူအညီ လိုတဲ့အခါ မတင်တင်ရဲ့ အကြံဉာဏ်ကို တောင်းခံဖို့ အဆင်သင့် ဖြစ်နေသလို၊ ကိစ္စရှိတဲ့အခါမှာ ကျွန်တော့်ဆီက အကြံဉာဏ်ကိုပဲ ယူပါလို့ တောင်းပန်လိုက်ပါတယ်။ နောက်ပြီး ကျွန်တော် တကယ့်အကြံဉာဏ်တွေကို ပေးနိုင်အောင်လို့၊ မတင်တင်ကလည်း ကျွန်တော့်ကို အားသွင်းပေးပေါ့နော် ဟုတ်လား။

ချစ်မောင်





ဤကား မြန်မာဘာသာနှင့် ပြန်ယူခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် သုံးနှုန်းထားပုံ မူအတိုင်းကား–

My Dear Tin Ga Lay,

I had thought that our meeting last night was our very last in so far as this visit of yours is concerned. Fortunately I was deceived, for you have the kindness to give me this afternoon yet another opportunity — the happy memory of which I should not easily forget. The 'new' experience has given me both pain and pleasure, but, let me confess, it is *so* thrilling that I have not been able to stop to think whether I should be sorry or glad for it. Still I must admit that I believe that in the end I should be glad and grateful.

I have already told you that you have changed me. The change is so rapid – oh, so surprisingly rapid – that I am still suffering its sweet and tender shock. You are right when you said that like Fotheringay you have worked miracles. Nor am I at all wrong, when I state that like Fotheringay I should be more miserable for the loss of those miracles. Misery will be mine, but this misery is peculiar : it is mixed with happy memories and therefore should be bearable. If after your departure I should feel desolate —and I certainly will—I shall seek relief in the hope that you are coming back — back to Rangoon (Yangon) back to Paradise that you have built — the Paradise to which you alone can put life.

I shall also seek relief in the belief that you have been kind and you shall continue to be kind to me. As I have already told you, you have exposed to me that part of myself which I have not discovered myself earlier. I had thought that I was strong but, alas, I wasn't. I had believed that I was unselfish, but you have seen how grossly selfish I have been! I had told myself that I did not care for myself, but, you have shown

TIN GA LAY

My dear 21X–71–317,

I had thought that our meeting last night was our very last in so far as this visit of yours is concerned. Fortunately I was deceived, for you have the kindness to give me this afternoon yet another opportunity — the happy memory of which I should not easily forget. The 'new' experience has given me both pain and pleasure, but, let me confess, it is so thrilling that I have not been able to stop to think whether I should be sorry or glad for it. Still I must admit that I believe that in the end I should be glad and grateful.

I have already told you that you have changed me. The change is so rapid — oh, so surprisingly rapid — that I am still suffering its sweet and tender shock. You are right when you said that like Fotheringay you have worked miracles. Nor am I at all wrong, when I state that like Fotheringay I should be more miserable for the loss of those miracles. Misery will be mine, but this misery is peculiar: it is mixed with

* စာမျက်နှာ ( ၇၃ ) ၌ ပေးစာ၏ မူရင်းလက်ရေး





myself to me: I cared more for my own honour than that of a lady!

Such then are my weaknesses. You have revealed me to my self as no one has revealed. I am very thankful to you for it. All my supposed knowledge of Psychology is hollow: your shrewd observation and keen sense of judgement has revealed what the pages of Psychology have not been able to reveal.

Now let me discuss your letter. However hurriedly written, it has not failed to strike home. You write not only to my head but also to my heart. You talk even so cleverly, and you write just as you talk. Small wonder, then, that you write well. I have at one time no high opinion of women as a general rule. Now I must alter my opinion.I must confess that you have answered—and answered most admirably—for the whole of womankind. I have perhaps been too harsh: I must apologise now.

And there's one thing that strikes me as strange. No two people think alike goes the saying. But our conversations have disclosed the fact that there are things of which we happen to hold the same opinion. There are outlooks which we have in common. I do hope that we shall if possible take advantage of this common outlook and, if you are willing, strengthen our friendship. 'Like draws the like' and 'Love begets love' are sayings that have never been challenged since they were uttered by the ancient sages.

I beleive that this friendship will do me an immense good. Our acquaintance has already done me good. I mean you have led me to walk the way of all men without fear. I have always held the idea that it is improper to be seen alone with a young lady if she is not one's own. People asked me who my beautiful companion was. They asked out of curiosity but I could not tell them, I could not tell them the truth. Nor could I tell

them a lie. I have wrapped myself in such a rigid and tense atmosphere before that when this surprising experience encountered me, I did not know what to do or what to say. I was unhappy, and yet very happy. I could not explain actually how I felt. My feelings, dear lady, are too sacred to be expressed in man's tongue.

If you think that we are all happy for being relieved of your company, you will be grossly mistaken. We are already very sorry, and if you go away carrying this impression, we all shall be sorrier. You have impressed me very deeply: The impression will last as long as I live. It is indeed no exaggeration to say that as you are the only lady who has walked into my heart, so shall you be the only lady whom I care and remember and love. I hesitate to write this, but have not great men before me cared, remembered, and loved intelligent women? I do hope I am not alone in paying woman this compliment.

So dear lady, please be sure of my affection for you and, admiration for your tastes and talents. Just as I will seek your advice when I am in dire need, so would I request you to seek mine — whenever necessary, and, give me strength that I may give you only sound advice.

Yours very faithfully,

***Chit Mg***

တစ်ကြောင်းပြီး တစ်ကြောင်းဖတ်၍ စဉ်းစားသည်။ အားလုံး ဖတ်ပြီးသော အခါ ထပ်၍ ဖတ်သည်။ ထပ်၍ ဖတ်ပြီးသောအခါ ထပ်၍တစ်ဖန် ဖတ်မိပြန်သည်။ ဖတ်၍မပြီး ဖတ်၍မငြီး ဖတ်၍မရိုး အမျိုးမျိုး စဉ်းစားနိုင်စရာ ကောင်းသည့် စာဖြစ်၍ အထပ်ထပ် ဖတ်ကြည့်သည်။ အမျိုးမျိုးလည်း တွေးသည်။ အမျိုးမျိုးလည်း စဉ်းစားသည်။ သို့သော် ဤစာကို ဖတ်ပြီး ဆုံးဖြတ်ချက် ဖြစ်အောင် မချနိုင်ခဲ့ပေ။

နံနက် ၄ နာရီတွင် ကျွန်မတို့မြို့သို့ သင်္ဘောဆိုက်ကပ်သည်။ တစ်ညလုံး မအိပ်ဘဲ တစ်ညလုံး စာသာလိုက်ဖတ်ခဲ့၍ အိမ်ရောက်လျှင် ရောက်ချင်း ထိုးအိပ်





သည်။ နံနက် ၈ နာရီလောက်မှ အိပ်ရာက နိုးသည်။ လုပ်နေကျ ထုံးစံအတိုင်း မျက်နှာမသစ်ခင် စားပွဲပေါ်မှ သတင်းစာကို ဆွဲလှန်ဖတ်သည်။ မတ်လ ၂၂ ရက်၊ စနေနေ့ထုတ် သတင်းစာဖြစ်သည်။ ပါနေကျ ယနေ့သတိပြုရန် အခန်းကလေးကို သွားမြင်မိသည်။ အပိုဒ်နံပါတ် ၇၈ ဖြစ်သည်။

**လူချင်းခွဲကြရာတွင်၊ ဝမ်းသာသူက ဝမ်းသာ၍ ဝမ်းနည်းသူက ဝမ်းနည်း၏။ ဝမ်းသာသူကား လွတ်ပြီ ကျွတ်ပြီဟူသော ဝမ်းသာခြင်းဖြင့် ဝမ်းသာ၏။ ဝမ်းနည်းသူကား ကွဲကွာရလေပြီ ဟူသော ဝမ်းနည်းဖြင့် ဝမ်းနည်း၏။ အခွဲခြင်း တူသော်လည်း၊ စိတ်၌ ထိခိုက်ပုံချင်း တူချင်မှ တူသည်ကို သတိပြုဖို့ ကောင်းလေသည်။**

ဤ ယနေ့သတိပြုရန်သည် ယနေ့ ကျွန်မသတိရရန် သက်သက်ဖြစ်သည်။

ကျွန်မသည် သူ့ထံသို့ စာရေးရန် သတိရသည် မှန်သော်လည်း မရေးဘဲ နေသည်။ စာရေးရန် ငြီးငွေ့၍လည်း မဟုတ်။ စိတ်မပါ၍လည်း မဟုတ်။ မခင်၍လည်း မဟုတ်ပေ။ ရောက်လျှင်ရောက်ချင်း စာရေး၍ ပို့လိုက်မည်ဟု လေးလေးစားစား အမှတ်ထားလာသည်လည်း ဖြစ်သည်။ သို့သော်လည်း မရေးဘဲ နေသည်။ ဘာကြောင့်နည်းဆိုလျှင် ကျွန်မစိတ်တွင် တစ်ခုခုဖြစ်နေ၍ ဖြစ်သည်။ ဘယ်လိုနည်း ဆိုလျှင် တစ်ခုခုနှင့် တုပ်ငြိလျက် နေသလို ဖြစ်နေသည်။

သုံးလေးရက်ကြာလျှင် သူ့ထံမှ ဤစာ ရောက်လာသည်။

သောကြာနေ့ညက အလွန်လေးလံသော ခြေဖြင့် သင်္ဘောပေါ်မှ ဆင်းခဲ့၏။ စိတ်များသည် သင်္ဘော၌ ကျန်ရစ်ခဲ့သဖြင့် လူ့ကိုယ်၌ ပေါ့ပါးရန် ရှိသော်လည်း အလွန်လေးလံ ထိုင်းမှိုင်းလာခဲ့၏။ အနီးတွင် မစ္စတာရပ် တစ်ယောက်သာ မပါမရှိပါမူကား သင်္ဘောကြီး မျက်ဝါးအောက်မှ ပျောက်ကွယ်သွားသည့်တိုင်အောင် ရပ်နေမိမည် အမှန်ပင် ဖြစ်၏။ တစ်မျက်နှာကို ကြာနိုင်သမျှ ကြာမြင့်အောင် စောင့်ဆိုင်းကြည့်ရှု နေမိမည်ကား မုချမလွဲ ဖြစ်၏။ ယခုသော် အဖော်နှင့်ဖြစ်၍ ခေါင်းကိုမျှ မဖော်နိုင်ဘဲ ခွဲခွာ၍ လာခဲ့ရ၏။ ကမ်းနားလမ်းတွင် မစ္စတာရပ်လည်း ဓာတ်ရထားစီး၍ ပြန်သွား၏။ ၂၇ ရက်နေ့ သွားဖြစ်လျှင် တယ်လီဖုန်းဖြင့် အကြောင်းကြားမည်ဟု ပြောသွား၏။ ကိုယ်တိုင်သော်ကား ပေးခဲ့သော စာကလေးကို ဖတ်ချင်စိတ် အလွန်ပြင်းထန်သောကြောင့် လန်ချားဖြင့် ပြန်မည်ရှိစဉ် ကိုလှဖေ၊ ကိုနနှင့် ကာလကတ္တားပြန် ကိုသိန်းဖေတို့ ထိုသင်္ဘောပေါ်မှပင် အသိလိုက်ပို့ပြီး ပြန်ဆင်းလာကြသောကြောင့် ၎င်းတို့နှင့်အတူ ဒါလဟိုဇီလမ်း(ယခု

မဟာဇာတ္တလေလေမ်း)ကို လျှောက်၍ ပြန်ရ၏။ ကိုသိန်းဖေက ဖာလူဒါ သောက်ချင်သည် ဆို၍ ၄ ယောက်သား သောက်ရသေး၏။ စာကလေး ကား အိတ်ထဲမှာပင်။ ဖာလူဒါ မသောက်ဘဲ နေခဲ့သည်မှာ ၈ နှစ်ရှိပြီ ဖြစ်သော်လည်း ထိုသို့ ပြန်လည်သောက်ရာတွင် အရသာ ထူးထူးခြားခြား မရှိ။ စာကလေးကို ဖတ်ရသော်သာ ထူးခြားလှစွာသော အရသာကို ခံစားရအံ့ဟု ဖတ်ချင်စိတ်တို့သာလျှင် ယိုဖိတ်လျက် ရှိချေ၏။

တိုက်သို့ ရောက်လျှင် ရောက်ချင်း ဖတ်၍ကြည့်လိုက်ရာ မတင်တင်၏ ဆုံးမသွန်သင်ချက်တို့ကို တွေ့ရ၏။ အကယ်၍ ထို သွန်သင်ချက်တို့ကိုသာ မရမရှိပါက အစား၊ အအိပ်၊ အသွား အလာ တို့ကို ဆင်ခြင်၍နေမည် မဟုတ်။ မူလကကဲ့သို့ပင် ပေါက်လွတ်ပဲစား နေထိုင်၍ သွားမည်သာ ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ပေါက်လွတ်ပဲစား နေ၍ မိမိတွင် တစ်စုံတစ်ခု ပျက်စီးသည့်တိုင်အောင် မည်သူ တစ်ဦးတစ်ယောက်ကမျှ အရေးလုပ်ကြမည် မဟုတ်။ ယခုသော် မိမိ၏ သေရေးရှင်ရေးတမျှ အရေးကြီးလှသော ကိစ္စတွင်၊ အရေးပိုင်သော သူတစ်ဦးက "အားလုံး ချွတ်ယွင်း ပျက်စီးနေမယ်နော်။ ထိန်းပါ။ စိတ်ကောင်းပါရစေ" ဟု ဆိုဖော်ရပေသဖြင့် မိမိအတွက်ပင် မဟုတ်စေ ကာမူ၊ ထိုသူ၏ စေတနာ အလဟဿ မဖြစ်ပါစိမ့်သောငှာ၊ ရှေးအခါ ကထက် နေရေး ထိုင်ရေး စားရေး သောက်ရေးတို့၌ လေးစားသမှု ဂရုပြုရပါပေပြီ။

"အလုပ်အကိုင်ကိုလည်း ကြိုးစားပါနော်။ စီးပွားရေးဆိုရင် ဘာမှ မလစ်ဟင်းဘဲနှင့် တိုးပွားရာ တိုးပွားကြောင်း ပြုမယ်ဆိုရင် လောကမှာ အောင်မြင်ခြင်း တစ်မျိုးပါပဲ" ဟု ဆိုရာ၌လည်း၊ လိုက်နာ သင့် လိုက်နာထိုက်သော ကိစ္စ ဖြစ်ကြီး ဖြစ်လှသောကြောင့်၊ အမှာ အတိုင်း မဆိုင်းမတွ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း မတင်တင် သိရှိစေရန် အကြောင်းပြန်ရပါသည်။

ယို သောကြာနေ့ညက တစ်ညလုံးပင် အိပ်၍မပျော်၊ မိမိ အပေါ်၌ အလိုလိုက်၍ သွားပေသောသူ၏ အကြောင်းကို တွေးရခြင်း ဖြင့်ပင် မိုးသာ စင်စင်လင်းခဲ့လျက်၊ မျက်တောင်တစ်ချက်မျှ မခတ်မိဘဲ ရှိ၏။

စနေနေ့တွင် နေရင်းမြို့သို့ရောက်၍ ထိုမှတစ်ဖန် တောဘက်သို့ ခရီးဆန့်မည်ဟု ဆိုသွားခြင်းကြောင့်၊ ဤအချိန်တွင် ဤသို့ ရှိပေလိမ့်





မည်၊ ဤအခါ၌ ဤအရာကို ပြုပေလိမ့်မည်၊ ဤအကြား၌ ဤစကားကို ဆိုပေလိမ့်မည် စသဖြင့် တရေးရေး တယောင်ယောင် ထင်ယောင် မြင်ယောင်မိလျက်သာလျှင် တစ်နေကုန် တစ်နေခန်း တစ်ညဆန်း တစ်အရဏ်တက်၍ တစ်မိုးသောက် တစ်နေ ထွက်ခဲ့ပြန်ပေ၏။ ရောက်လျှင်ရောက်ချင်း စာထည့်လိုက်မည် ဆိုသွားပေခြင်းကို ထောက် လျှင်၊ ဤတနင်္ဂနွေနေ့၌ စာရောက်ရမည်ဟု အခေါက်ခေါက် အဖန်ဖန် ဒရဝမ်ကုလားကို စာတိုက်သို့ လွှတ်ရပြန်လေ၏။ ပထမတစ်ကြိမ်၌ ကား လာနေကျ မရသောကြောင့် ဒုတိယတစ်ကြိမ် စာပေးဝေချိန် ရောက်ပါစေဟုသာ ဆုတောင်းနိုင်၏။ ၁၁ နာရီ ခွဲခဲ့ပြီ။ ကုလားလည်း စာများယူ၍ လာခဲ့ပြီ။ ကြည့်လိုက်သောအခါ၊ တစ်ညလုံး တစ်နံနက်လုံး မျှော်လင့်တောင့်တနေသော စာကား ပါ၍မလာ။ စိတ်တွင် ကြီးစွာ ဟာ၍ သွားလေ၏။ တစ်ညလုံး တစ်နံနက်လုံး ထိုစာကိုသာ မှီ၍ နေခဲ့၏။ ထိုစာကိုသာ စော၍နေခဲ့၏။ လာချိန်တန်၍ မလာသော အခါ၌ကား တအားလျော့၍ သွားမိလေ၏။ "အိပ်ကားမပျော်၊ စားသော် မမြိန်၊ လွမ်းရှိန် မပျောက်၊ တအောက်မေ့မေ့၊ တသွေ့ယောင်းယောင်း၊ တပျောင်းပျပျ" ဟု ကိုးခန်းဆရာ ရေးစပ်ခဲ့သည့်ပမာ၊ ဗျာပါ ကျွမ်း လောင်ခြင်း ဖြစ်ရလေ၏။ ထိုဝေဒနာ၏ ပြင်းထန်ပုံကို သူ သိမည် မဟုတ်။ အချို့သော ပုဂ္ဂိုလ်တို့က အရေးမကြီးဟု ဆိုကာ ပေါ့ပေါ့ဆဆ နေလိုက်လျှင် အချို့သော သူတို့၌ စကြဝဠာ တိုက်တစ်သောင်း သွက်သွက်ခါသကဲ့သို့ ဖြစ်ရသည်ကို ထိုပုဂ္ဂိုလ်များ သိရှိရိပ်မိခြင်း မရှိ ကြ။ သို့ကြောင့်ပင် အေးအေးလူလူ နေကြခြင်း ဖြစ်လေသလော ဟု တွေးတောရင်း စိတ်၏ ဖြေဖျော်ရာကို ရှာပါသော်လည်း စကတည်းက ဖတ်လိုက်ရပေဦးအံ့ဟု ခဲထားသမျှတို့မှာ အချည်းအနှီး ဖြစ်ရသော ကြောင့် "ဖြေသာဖြေ မပြေတဲ့ သည်အလွမ်း" ဆိုသကဲ့သို့သာ ဖြစ်ရ လေတော့၏။ မြန်မာ့အလင်း သတင်းစာ မတ်လ ၂၂ ရက်ထုတ် ယနေ့ သတိပြုရန် အခန်းတွင် ဖော်ပြပါရှိသော အချက်ကလေးမှာ၊ မသိသူ တို့အတွက် လေးနက်သည့်အဓိပ္ပာယ် တစ်ဆိတ်စာမျှ မရှိသော်လည်း၊ သိသူတို့ အတွက်မှာသော်ကား အဘယ်မျှ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းသည်ကို ကိုယ်တိုင် အရေးကြုံလျှင် သိနိုင်ရာ၏။ ယနေ့ သတိပြုရန် ရေးသော ဆရာတို့ကား ပေါ့ပေါ့ဆဆပင် ရေးလိုက်ကြဟန် တူပေ၏။ သို့သော် သက်ဆိုင်သူများ အတွက်မှာမူ အသည်းနှလုံးထဲမှ

နာကျင်မှုမှ၍ ထွက်ပေါ်လာသော စားသွားပမာ ထက်သည့်စကား များ ဖြစ်ပေ၏။

တရားသိသူတို့ကား တရားနှင့် ဖြေဖျော်နိုင်က ပြေပျောက် ဖွယ်ရာ ရှိပါသေး၏။ တရားမရှိသူ တရားမသိသူတို့ကား၊ လွမ်းစိတ်ကို ဖြေမပျောက်၍ ရနိုင်မည်မဟုတ်။ ထိုစိတ်ဖြင့်ပင် တစ်ချိန်လုံး တစ်နေ့လုံး တစ်ညလုံး တရေးယောင်ယောင် ဖြစ်နေတော့မည် ဖြစ်၏။ "ထိုစိတ်" ၏ ဓာတ်သတ္တိကို ယခင်က မသိ၍၊ ထိုစိတ် ဖမ်းစားသဖြင့် သတိ လစ်ဟင်း နေသူတို့အား ရှုတ်ချပြစ်တင်ခဲ့သော်လည်း၊ မိမိကိုယ်တိုင် ထိုစိတ်၏ ဖမ်းစားခြင်းကို ခံရသည့် အခါ၌ကား၊ နောက်နောက်က ပြောမှား ဆိုမှား ဖြစ်ခဲ့သမျှတို့အတွက် အပြောခံရသူတို့ အပေါ်တွင် အားနာမိလျက် မိမိအတွက်လည်း ရှက်ကြောက်ခြင်း ဖြစ်မိ၏။ သို့သော် ထိုစိတ်သည် ထိုရှက်ကြောက်ခြင်း တည်းဟူသော စိတ်တို့ကိုပါ သံ့ပန်း ပမာ ဖမ်းဆီးနှိပ်ကွပ် ခဲ့ကြချေ၏။ ပြည်ထဲရေးထက် ဝမ်းရေး ခက်၏။ ဝမ်းရေးထက် လွမ်းရေး ခက်ချေပြီ။ တရားကိုသိသူ ဖြစ်ပြန်ပါကလည်း အသိခေါက်လျက် အဝင်နက်ခဲ့ချေပြီ။

ဩော် ဘယ်ရှေးကံ အဘိရာစကရယ်ကြောင့်၊ သိလာရ ခုပုံ။ ဘယ်ဆုတောင်း အကြောင်းဘယ်လို တဲ့လို့၊ မြတ်ဖုန်းမှိ သက်တော်ရှိ လျှင်၊ ကွက်ပေါ်အောင် မြွက်ဖော်သိစေလိမ့်မယ်လို့ စောမိအာရုံ ။ ။ စဆုံးယယ်စုံ၊ ဥသုံပမကြွင်း၊ အတိတ်ကယ် အလို၊ ခုများ ဘယ်မှုပိုလို့၊ နာဂတ်ကို ဘယ်လို ဖြစ်မယ်လို့၊ သနစ်ကုန် ပြန်လှန် လျှောက်ချင်လှ ရှေ့နောက်အခင်း။

ချစ်မောင်

၂၁၊ ၃။

သူ့စာကို ဖတ်ပြီးသောအခါ ကျွန်မလည်း စာထဲမှပါသည့် အကြောင်း အချက်များကို မစဉ်းစားတော့ဘဲ၊ စာထဲတွင် မပါသည့် အကြောင်းအချက်တွေကို သာ ကျော်လွှားပြီး စဉ်းစားကြည့်သည်။

ကျွန်မ ပြန်ပြောတော့မည် ဆိုလိုက်လျှင် ဆိုလိုက်ချင်း တစ်ခွန်း တစ်ပါဒမျှ မပြောဘဲ ငြိမ်ကျသွားသည့် အဓိပ္ပာယ်၊ လေးနာရီလုံးလုံး စကားတစ်ခွန်းမျှ မပြောဘဲ ဆက်လက်ပြီး ငြိမ်ကျနေသည့် အဓိပ္ပာယ်တွေကိုပါ မှတ်ညည်ထည့်သွင်းပြီး စဉ်းစား သည်။

သူ့အကြောင်းသာလျှင် စဉ်းစားသည်။ သူ့စာ အဓိပ္ပာယ်တွေကို အခြေခံ





ထားပြီး ကိုယ်မမြင် ကိုယ်မသိနိုင်သည့် ရှေ့အနာဂတ်ကိုလည်း တွေးကြည့်သည်။ သူ့စာ၏ နောက်ဆုံးအပိုဒ် ကဗျာကိုကား အလွတ်ရနေလေသည်။

"ဘယ်ရှေးကံ အဘိရာစကရယ်ကြောင့်၊ သိလာရ ခုပုံ" ဆိုလိုက်သည်မှာ သိပုံဆန်း၍ ကျွန်မလည်း ဤအတိုင်းပင် တွေးကြည့်သည့်သူ ဖြစ်သည်။ "ဘယ် ဆုတောင်း အကြောင်းဘယ်လိုတဲ့လို့၊ မြတ်ဘုန်းမို သက်တော်ရှိလျှင်၊ ကွက်ပေါ် အောင် မြွက်ဖော်သိစေလိမ့်မယ်လို့၊ စောမိအာရုံ" ဟူသော အပိုဒ်နှင့် "စဆုံးယယ်စုံ၊ ဥသုံပမကြွင်း၊ အတိတ်ကယ်အလို၊ ခုများ ဘယ်မှုပိုလို့၊ နာဂတ်ကို ဘယ်လိုဖြစ် မယ်လို့၊ သနစ်ကုန် ပြန်လှန်လျှောက်ချင်လှ၊ ရှေ့နောက်အခင်း" ဟူသော အဆုံး အပိုဒ်တွေကို ကျွန်မ လက်ခံ၍ စဉ်းစားစရာ ရှိသလားဟု တွေးကြည့်သည်။ ကျွန်မသည် သူ့ကဲ့သို့ ဘုရားရှင်အား လျှောက်ချင် မေးချင်စိတ် ရှိ မရှိ ကိုယ့်ကိုယ် ကိုယ်လည်း စစ်ကြည့်သည်။ ဘာဖြစ်ကြလိမ့်မည်ကို သူ့ကဲ့သို့ သိချင်စိတ် ထားရ မည်လား မသိအောင် ဖြစ်သည်။

သူ့အဓိပ္ပာယ်တွေနှင့် သူ့ကို ဘယ်လို စွဲရမည်နည်း။ စာတွေ ဖတ်ရုံနှင့် ဘယ်နည်းနှင့်မှ တိတိကျကျ မစွဲနိုင်ပေ။ မိမိ တွေးထင်တိုင်း ရနေသည့် အဖြေကို မှန်သည် မမှန်သည် ကျွန်မ အတပ် ပြောနိုင်ပါမည်လော။

ကျွန်မလည်း သူ့စာကိုဖတ်ပြီး စိတ်အိုက် စိတ်ရှုပ်သွားလေသည်။

ညနေဘက်တွင် မြို့စွန်ရှိ မြစ်ကမ်းနားသို့ လမ်းလျှောက်ထွက်ခဲ့သည်။ မြစ်ထဲသို့ရောက်အောင် ထိုးထွက်လျက် ပုံသဏ္ဍာန် ရှည်လျားလျားရှိသည့် အစိုးရ တံတားကြီးက၊ ထွေထွေရာရာ တွေးတောလာသော ကျွန်မအား သူ့နေရာသို့ လာရောက်၍ လွတ်လွတ်ကင်းကင်း စဉ်းစားချင်ရာ စဉ်းစားရန် ဖိတ်ခေါ်နေ လေ၏။

ညနေခင်းတွင် တအောင့်တနားနေရန် အလွန်ကောင်းသော နေရာကြီး ဖြစ်သည်။ လေကလည်း တဖြူးဖြူး တိုက်နေသည်။ လူသူလည်း ရှင်းသည်။

တစ်ဖက်ကမ်းမှ ဆန်စက်တွေနှင့် လှေ၊ သမ္ဗန်၊ တံ့ကင်း စသည့် ရေယာဉ် တွေကို ကြည့်ရသည်လည်း စိတ်၏ ပြောင်းလဲခြင်းတစ်မျိုး ရသည်။ ဟင်းလင်း ကြီး လင်းနေသည့် ကောင်းကင်ပြင်ကျယ်ကြီးတွင် တိမ်တွေ မြူးနေသည်။ ရေးက ရိုးရိုးရိပ်ရိပ် သွားနေရာသို့ နောက်ကလိုက်ကာ ယှက်သန်းလိပ်ဖွဲ့နေသည်။ တိမ် အုပ် တိမ်ဆိုင်ကြီးထဲသို့ တိမ်နီ၊ တိမ်ပြာ၊ တိမ်ဝါများ ရောသွားတိုင်း ရောင်စုံ ပေါင်းကူးသွားသည့် အလှကို ကောင်းကောင်းကြီး မြင်နေရသည်။

ဤနေရာ ဤတံတားတွင် စိတ်၏ ငြိမ်သက်ခြင်း ရခဲ့သည်။ စိတ်၏ ချမ်းသာခြင်းလည်း ဖြစ်ခဲ့သည်။ ဤမျှသာ မဟုတ်သေး။ ခုတစ်မျိုး ခုတစ်မျိုး

တွေးတောပျံ့လွင့်၍ ထိုင်းမှိုင်းတွေဝေသော စိတ်များ ပျောက်ကွယ်သွားလျက် စိတ်ဓာတ်တစ်ခုလုံး ကြည်လင်သွားသည့် အကျိုးကိုပါ ရခဲ့သည်။

အိမ်ပြန်ရောက်လျှင် ရောက်ချင်း ကျန်းမာစွာရှိကြောင်းနှင့် ကျန်းမာစေဖို့ရာ နေ့စဉ်ပင် ဆုတောင်းကြောင်းကို ကောင်းမွန်စွာ စာပြန်ကြားလိုက်သည်။

စာလာတိုင်းပင် စာပြန်လိုက်သည်။ ကျွန်မဆီသို့ ယခု ရေးပို့နေသည့် စာတွေမှာ သူနှင့်မတွေ့ခင်က ရေးနေကြသည့် စာတွေထက် ထက်မြက်သွက်လက်စွာ ရေးလာသည်။ စာတိုင်းစာတိုင်း ကဗျာမလွတ်အောင် ရေးသည်။ အချို့စာတွင် ကောင်းလိုက်သည့် ရတုပိုဒ်ရှည်တွေမှာ "ဦးချစ်မောင်၏ ပျို့ရွယ်စဉ်က ကဗျာ" ဟု စာအုပ်ရိုက်ထုတ်ဖို့ပင် ကောင်းသည်။ လူကြည့်လျှင် တော်တော့်ဘုန်းကြီးသူ့လောက် ဣန္ဒြေမကြီးနိုင်ပေ။ သို့သော် သူရေးသောစာနှင့် သူဖွဲ့သော ကဗျာများမှာ သူရေးတာမှ ဟုတ်ရဲ့လားဟု ထင်လောက်အောင် ညုလွန်း၊ ယဉ်လွန်း၊ တိတိတာတာ နိုင်လွန်း၍ သူနှင့်မလိုက်အောင် တခြားစီ ဖြစ်နေသည်။

## ၉ ။ မမေးစဖူးသော စကား

ဘိုကလေးသို့ ပြန်ရောက်၍ သုံးလလောက်ကြာလျှင် ဖခင်ထံမှ မိတ္ထီလာသို့ လိုက်လာရန် စာရသည်။ သူ့ထံသို့ စာရေးရင်း ရန်ကုန်သို့ ရောက်မည့်ရက်ကိုပါ စာထဲတွင် ထည့်ရေးလိုက်သည်။

သင်္ဘောဆိပ်တွင် သူ လာကြိုနေသည်။ ဗောတံတားသို့ သင်္ဘောမကပ်ခင် ကမ်းနံဘေးပေါ်၌ သူ ရပ်နေသည်ကို လှမ်းမြင်နေရသည်။ စာအုပ်ကို ကျိုင်းတွင် ညှပ်ထားသည်။ အိမ်တော်ရာထီးကို လက်တစ်ဖက်က ကိုင်ထားလျက်၊ လက်တစ်ဖက်က ပုဆိုးစကို မ ကိုင် ဆွဲထားသည်။

သူ့ကို ပြန်တွေ့ရပြန်ပြီ။ ယခုတစ်ခေါက်တွင် ရန်ကုန်၌ ယခင်လောက် ကြာကြာနေနိုင်မည် မဟုတ်ဘဲ၊ ယခုညပင် မိတ္ထီလာသို့ ဆက်လက်၍ ခရီးသွားရ လိမ့်မည်။

သင်္ဘောခန်းထဲတွင် ခရီးဆက်မည့် အကျိုးအကြောင်း ပြောပြလိုက်သည်။ သူ့မျက်နှာ ညှိုးသွားသည်။ ကျွန်မကို ရန်ကုန်တွင် တစ်ရက်နားရန် တောင်းပန်သည်။ ကျွန်မကို အခေါ်လည်း သူ့ဘက်ကလိုက်၍ အရေးဆိုသည်။ ကျွန်မလည်း သူတို့အား အနိုင်မပေးရဘာ သင်္ဘောဆိပ်၌ လူချင်းခွဲလိုက်ကြသည်။

ညနေဘက်တွင် ကည်းအိမ်သို့ သူ ပေါက်လာသည်။ သွက်လက်သော အမူအရာ မရှိဘဲ ကြည့်ရသည်မှာ လေးလေးမှန်မှန်ပင် တွေ့ရသည်။ သူ၏ နဂိုနေအတိုင်းပင် ဖြစ်သည်။





သူ ရောက်လာလျှင် လာချင်း ဧည့်ခန်းတွင် စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်ထိုင်နေကြသည့် နောက်ဆုံးညကို သွားသတိရသေးသည်။ ဟိုညက မျက်နှာနှင့် မတူဘဲ သူ့မျက်နှာ လန်းနေသည်။ အေးအေးဆေးဆေး အမူအရာကိုကား မပျက်ဘဲ တွေ့မြင်ရသည်။ ကျွန်မကို ပြန်တွေ့ရ၍ ဝမ်းသာကြောင်း၊ ဝမ်းမြောက်ကြောင်း၊ ပျော်ရွှင်ကြောင်း အမူအရာကို တစိုးတစိမှ မပြသဖြင့် ဘယ်လိုလူမှန်း မသိပေ။

သူ ပေးပို့လိုက်သည့် "ရွှေလင်းယုန်"အမည်ခံ သူ့ဝတ္ထုတွေ ဖတ်ရ၍ ကျေးဇူးတင်ကြောင်း စကားစလိုက်သည်။ "သေပန်းပွင့်ချိန်"၊ "ဟုတ်ပါ့မလား"၊ "အိမ်ကြီးမာယာ" စသည့် ဝတ္ထုများကို ဘယ်နေရာက လိုသည်၊ ဘယ်လို ပျက်ကွက်သည်နှင့် လူတတ်ကြီးလုပ်၍ ကျွန်မက ဝေဖန်သည်ကို ပြုံးနားထောင်နေသည်။ "မှိုင်းမှုန်မှုန်" ဝတ္ထုကို ဇာတ်လမ်းမကြိုက်သော်လည်း ရေးပုံရေးနည်း စာသားများကို အလွန် ကြိုက်ကြောင်း၊ အလွန်ကောင်းကြောင်း၊ ဖတ်ပြီးလျှင် ခရသာရှိသည့် စာတွေကို မျိုချလိုက်ရသလို ဝ အီသွားကြောင်း ချီးကျူးပြီး ပြောလိုက်သည်။ ဤအခါ စောစောကလို ပြုံးမနေဘဲ တစ်ခါတည်း ခေါင်းငုံ့သွားသည်။ သူ့အကြောင်းကို အကောင်းပြောလျှင် အလွန်ရှက်တတ်သည့်သူ ဖြစ်သည်။ ရှက်ရုံတွင် မဟုတ်ဘဲ အခံရ ခက်နေလိုက်သေးသည်။

"ရှာရှာဖွေဖွေ" စာအုပ်တွင် မိန်းမအကြောင်းတွေ ပြောင်လှောင် ရေးထားသဖြင့် မန်လည်ဆရာတော် အားကိုးနှင့် ရေးသလားဟု မခံချင်သလို ပြန်ပြောမှ ပြန်၍ ပြုံးလာသည်။

နိုင်ငံရေးအကြောင်းသို့ စကားရောက်သွားကြပြန်သည့်အခါ သူက သခင်ပါတီနှင့် ပတ်သက်၍ ဤလိုပါတီမျိုး မြန်မာပြည်တွင် ရှိဖို့ လိုအပ်ကြောင်းလည်း ပြောသည်။ သခင်အမည် တပ်ထား၍ လူတွေ နားမခံနိုင်အောင် ဖြစ်နေကြသေးသည်။ တစ်နေ့တွင် လူငယ်ပိုင်းမှ ကျောင်းသားများပါ ဤပါတီထဲသို့ တစ်စတစ်စ ဆွဲသွင်းသွားရန် သူ ကြံစည်ထားကြောင်း ထုတ်ပြောသည်။ 'ဦးချစ်မောင်ရော ဒီပါတီကို ကြိုက်ရင် ဝင်ပါလား' ဟု မေးသည့်အခါ သူ့အယ်ဒီတာအလုပ်သည် ပါတီရှိဖို့ ကောင်းသည့်အလုပ်မျိုး မဟုတ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောပြသည်။ နိုင်ငံရေး၌ ဤတစ်ကွေ့တွင် ဤတက်နှင့် လှော်ရမည်။ တစ်နေ့နေ့တွင် အင်အားကြီးမား၍ တန်ခိုးအာဏာ ရှိလာမည့် သခင်အသင်းကြီး တစ်ကြိမ်တစ်ခါတော့ ဖြစ်လိမ့်ဦးမည်ဟု ဟောကိန်းထုတ်ပြသည်။

သူ၏ ကျန်းမာရေးကို စစ်ဆေးကြည့်ရာတွင် အခါတိုင်းကဲ့သို့ မဟုတ်ဘဲ သူ ဂရုစိုက်ကြောင်း၊ အအိပ်မှန်မှန် မအိပ်နိုင်သေးသည့်တိုင် အစားကို မှန်မှန်စား

ကြောင်း၊ လမ်းမှန်မှန်လျှောက်ကြောင်း၊ ကျွန်မ၏ စေတနာအတိုင်း တတ်နိုင်သမျှ လိုက်နာကြောင်း ပြောပြသည်။

ကျွန်မယ်သို့ စာတွေရေး၍ ကျွန်မနှင့် ခင်မင်ကျွမ်းဝင်နေသည်ကို သိကြသူ အသိမိတ်ဆွေများက ဘယ်လိုထင်မြင်သလဲဟု မေးကြည့်သည်။ အသိမိတ်ဆွေတွင် မဟုတ်ဘဲ သူကိုယ်တိုင်ပင် မြင်စတွေ့စက "အင်မတန် ခေတ်ဆန်ပါကလား" ဟု အံ့သြသွားကြောင်း ပြောပြသည်။ အဝတ်အစားတွင် မဟုတ်ဘဲ အနေအထိုင် အမူအရာ အပြောအဆိုပါ အခြားမိန်းမများ ခေတ်ဆန်ပုံနှင့် လုံးလုံးမတူ၍၊ သူသည် အင်္ဂလိပ်စာအုပ်များ မြောက်မြားစွာ ဖတ်ဖူးသူ ဖြစ်သဖြင့်သာ မည်ကဲ့သို့ ခေတ်ဆန်နေသည်ကို ကောင်းကောင်းနားလည်နိုင်တော့ကြောင်း ပြောပြသည်။ အခြား ခေတ်ဆန်သူတွေ ခေတ်ဆန်ပုံနှင့် ကျွန်မ ခေတ်ဆန်ပုံမှာ လုံးလုံးမတူကြောင်း၊ ဟန်မတူကြောင်းကို သူက ထပ်လောင်းပြောပြသေးသည်။

မြန်မာအမျိုးသမီးများ၏ အဆင့်အတန်းကို ဆွေးနွေးပြောကြားလာသည့်အခါ ကျွန်မ စိတ်ထဲရှိသမျှ အကုန်ထုတ်ပြောလိုက်သည်။ ကျွန်မသည် မိန်းမ ယောကျ်ားဟူ၍ မမှတ်ဘဲ စိတ်သာ မှတ်သည်။ လူဖြစ်ရခြင်း၊ ခွေးဖြစ်ရခြင်း၊ ရှင်ဘုရင် ဖြစ်ရခြင်းတွေမှာ ယောကျ်ားကြောင့်၊ မိန်းမကြောင့် မဟုတ်ဘဲ စိတ်ကြောင့် ဖြစ်ကုန်ခြင်း ဖြစ်သည်။ သကဒါဂါမ်၊ အနာဂါမ်၊ မဂ်၊ ဖိုလ် ဝင်ကုန်ကြသည်လည်း စိတ်တွေကြောင့်သာ ဝင်နိုင်ခြင်း ဖြစ်သည်။ ကျွန်မကိုယ်ကျွန်မ မိန်းမဟူ၍ အညံ့ခံလိမ့်မည်ဟု ဘယ်အခါမျှ မထင်လေနှင့်ဟု ပြောရင်းပြောရင်း ကျွန်မ ဗီဇတွေ ပေါ်ကုန်သည်။

ဘာသာအယူအဆနှင့် လောကဓာတ်ပညာများကို တခမ်းတနား ပြောကြားသည်။ ကျမ်းဂန်စာပေ ကြေနေသည့်သူ ဖြစ်သည်။ ဘုရားရှင်အား ကြည်ညိုလွန်း၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို မေ့သည့်ရက် ဟူ၍ မရှိ။ အစဉ်အမြဲ ကျေးဇူးတင်လျက်၊ သတိဆင်ခြင်မိလျက် ဖြစ်သည်ဟု ပြောသည်။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတွေကို တစ်မျိုးပြီးတစ်မျိုး ထုတ်ဖော်၍ အကျယ်တဝင့် ပြောဟောသည်။ သဒ္ဓါတရားဖြစ်၍ ကြည်ညိုဖွယ်ရာ ကောင်းလောက်အောင် လေးလေးနက်နက် ပြောဟောသည်။

ရာဇဝင်နှင့် စပ်လျဉ်းလာသည့် အခါ၌ မြန်မာရာဇဝင်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ကျေးဇူးတွေကို ပြောသည်။ အင်္ဂလိပ်ရာဇဝင်တွင် နပိုလီယံကို သူ အလွန်နှစ်သက်ကြောင်း ပြောပြသည်။ ကျောင်းသားဘဝက နပိုလီယံ၏ ရုပ်ပုံကို သူ့အခန်းတွင် ဆွဲထားကြောင်း ပြောသည်။ သူ ဓာတ်ပုံရိုက်သည့်အခါ နပိုလီယံပုံနှင့် တွဲရိုက်ဖူးသည် ပြောသည်။ နပိုလီယံကို ကျောင်းတွင် ဘာသာပြန်





နေရင်း ပြီးခါနီးတွင် အခြားသူတစ်ယောက် ဘာသာပြန်နေမှန်းသိ၍ မီးရှို့ပစ်ခဲ့ရကြောင်းလည်း ပြောသည်။ နပိုလီယံ ဘာကြောင့်ကောင်းသည်ကို အချက်ပေါင်း မြောက်မြားစွာနှင့် ရှင်းလင်းချီးကျူးသည်။ ညဉ့်နက်အောင် ပြောသွားသည့် စကားများသည် စိတ်ဝင်စားစရာချည်း ဖြစ်သည်။

ဤညက ပြောကြဆိုကြသည့် စကားများကို အိတ်ဆောင်ဒိုင်ယာရီကလေးပုံမှတစ်ဆင့် ဖော်ပြနိုင်သည်။ သူပြောပြသည့် အချက်တွေကို အကျယ်တဝင့် ကျွန်မ မှတ်သားထားခဲ့သော မှတ်တမ်းကြီးသည် ဂျပန်ခေတ်တွင် လုံးဝပျက်စီးသွား၍ စုံစုံလင်လင် မဖော်ပြလိုက်နိုင်ပေ။

နောက်တစ်နေ့တွင် ဘူတာသို့ သူ လိုက်ပို့သည်။ လမ်းတွင် ဖတ်စရာစာအုပ်များ ပေးလိုက်သည်။ မြန်မြန်ပြန်လာရန် ဆုတောင်းမည်ဟု ပြောလိုက်သည်။ စာပေးရန်လည်း မှာသေးသည်။ တည်ကြည်သိမ်မွေ့သော အမူအရာတို့ကြောင့် ကျွန်မနှင့် ပါလာသူများပါ သူ့ကို လေးစား ချစ်ခင်သွားကြသည်။

မိတ္ထီလာသို့ ရောက်လျှင်ရောက်ချင်း သူ့ထံသို့ ကောင်းမွန်စွာ ရောက်ကြောင်း စာထည့်လိုက်သည်။

ညနေဘက် မိတ္ထီလာကန်ကြီးနားတွင် ထိုင်လျက် သူ့ထံမှ စာများကို ဖတ်သည်။ စာတစ်စောင်ဆိုလျှင် လက်ရေးသေးသေးလေးနှင့် စာရွက်နံပါတ် ၃၅၊ ၄၀ အထိ ရေးသည်။ မည်သည့်စာအုပ်မျှ သူ့စာလောက် စိတ်ဝင်စားခြင်း မရှိပေ။ အသေးငယ်ဆုံးသော ကိစ္စကလေးမျိုးမှ အကြီးကျယ်ဆုံးသော ကိစ္စရပ်များအထိ သူ ဖတ်ရှုဖူးသော စာအုပ်ပေါင်း မြောက်မြားစွာတို့မှ သော်လည်းကောင်း၊ အတွေ့အမြင်များထဲမှ သော်လည်းကောင်း ထွက်ပေါ်ပေါင်းစပ် ရေးသားပို့လိုက်သော စာများဖြစ်သည်။ ကျွန်မမှအပ မည်သူတစ်ဦးတစ်ယောက်မျှ သူ၏ ဗဟုသုတတွေကို ကျွန်မ သိဖူးသကဲ့သို့ ကုန်စင်အောင် သိဖူးကြလိမ့်မည် မဟုတ်ပေ။

သူ့စာတွေသည် ဖတ်လိုက်လျှင် စိတ်နှလုံး ငြိမ်သက်ဖွယ်ရာ ရှိလေသည်။ တွေးလိုက်လျှင်မူ စိတ်နှလုံး ငြိမ်သက်စရာ မရှိဘဲ ရင်အုံအတွင်းဝယ် လှိုင်းတံပိုးကြီးများသဖွယ် နိမ့်ချည်၊ မြင့်ချည် လှုပ်ရှားသွားစေအောင် ဖြစ်ပေသည်။ ကလောင်လက်ထက်သည့် ပုဂ္ဂိုလ်တစ်ဦးပါပေ။

မိတ္ထီလာမှ ရန်ကုန်သို့ ပြန်ရောက်သည့်မနက်၊ ဘူတာတွင် သူ လာကြိုနေသည်။ ညနေတွင် သူလာမည့် အကြောင်းလည်း ပြောလိုက်သည်။

ညဘက်တွင် ကျွန်မအား မမေးစဖူးသော မေးခွန်းတွေကို သူ မေးလေတော့သည်။

'မကောင်တင် ဟစ်လ တစ်လ သုံးစွဲတာ ဘယ်လောက်ကုန်ပါသလဲ'

'ကိုယ့်ငွေနဲ့ကိုယ် သုံးရတာ မဟုတ်လို့ ဘယ်ရွေ့ဘယ်မျှလို့ အတိအကျ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့ပါလဲ'

'ကျွန်တော် ထင်တယ်။ တစ်လကို ၁၀၀ လောက် အနည်းဆုံး ရှိလိမ့်မယ်လို့ မှန်းကြည့်မိပါတယ်'

'ဒါကိုလည်း ဒီလောက်ကုန်ပါတယ်လို့ ကျွန်မ မပြောနိုင်ပါဘူး။ ဒီ့ထက် လျော့တဲ့အခါလည်း ရှိပါတယ်။ ဒီ့ထက် ပိုတဲ့အခါလည်း ရှိပါလိမ့်မယ်။ ဒါက တော့ အကြောင်းအားလျော်စွာပါပဲ'

အခြားစကားများ ပြောနေကြရင်းမှ သူ ဖောက်မေးသော စကားများ ဖြစ်သည်။

ကျွန်မကလည်း သူကဲ့သို့ပင် အခြားစကားပြောရင်း ကြားထဲမှ သူ့ကို ဖောက်မေးလိုက်သည်။

'ဦးချစ်မောင် လောကမှာ ဂုဏ်အမျိုးမျိုး ရှိတယ်။ ဘယ်ဂုဏ်ဟာ အကောင်းဆုံးလဲ။ ဘယ်ဂုဏ်ကို အနှစ်ခြိုက်ဆုံးလဲ။ ဘယ်ဂုဏ်ကို ရွေးချယ်ကျင့် နေသလဲ'

'ကျွန်တော်တော့ ရိုးဂုဏ်ကို ကြိုက်ပါတယ်။ မြန်မာများဟာ ရိုးဂုဏ်လိုနေ ပါတယ်။ ဘာသာကောင်းပါလျက်နဲ့ အကျင့်ပျက်နေကြပါတယ်။ လောကမှာ စိတ်ပျော်မွေ့ဖွယ်ရာ အကောင်းဆုံးဟာ လူရိုးလူကောင်းတစ်ယောက် ဖြစ်အောင် လုပ်တာ၊ ကြိုးစားတာ ဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီလို လူရိုးလူကောင်း တစ်ယောက်ဖြစ်အောင် ထိန်းသိမ်းစောင့်စည်းရတာ မလွယ်လှကြောင်းကိုလည်း ကျွန်တော် သိပါတယ်။ မလွယ်သော်လည်း မဖြစ်နိုင်တာ မဟုတ်လို့ ကြိုးစားပြီး လူရိုးလူကောင်းတစ်ယောက် ဖြစ်အောင်ကျင့်မယ်လို့ ကြံပါတယ်။ ဘယ်လောက် အောင်မြင်မယ်၊ ပျက်ကွက်မယ်ကိုတော့ ကျွန်တော့်ရဲ့ ကျန်ရှိသေးတဲ့ သက်တမ်းက သက်သေခံပါလိမ့်မယ်။ ဒီသက်သေခံကို မတင်တင်လို ပုဂ္ဂိုလ်များက စစ်ဆေးဖို့ ဖြစ်ပါတယ်'

ကျွန်မ၏ မှတ်တမ်းထဲတွင် ဤအဖြေကို သဘောကျ၍ မင်နီနှင့် လိုင်း တားထားသည်။

ရန်ကုန်တွင် သုံးလေးရက် ကြာနေသည်။ ညစဉ်လိုပင် သူ လာသည်။ ယနေ့ညတွင် ကျွန်မ တည်းနေသည့် အိမ်သားများက ညဈေးတန်းလျှောက်ရန် ခေါ်ကြသည်။ ကျွန်မသည် သူလာမည်ကိုသိ၍ ၎င်းတို့နှင့် မလိုက်ပါဘဲ နေလိုက် သည်။ သူရောက်လာသည့်အခါ ကျွန်မက ညဈေးတန်းမလိုက်ဘဲ နေရစ်ခဲ့ကြောင်း





သူ့ကို ပြောပြသည်။ 'ဒီလို အလိုက်သိတာတွေကို ကျွန်တော် ဘယ်လောက် ကျေးဇူးတင်တယ်ဆိုတာ ထုတ်မပြောချင်ဘူး' ဟု ပြောသည်။ သူ့စကားကြောင့် သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ခုနကစကား သူပြောလိုက်တာ ဟုတ်မှ ဟုတ်ရဲ့လားဟု ထင်လောက်အောင် ဣန္ဒြေကြီးနှင့် လုပ်နေသည်ကို တွေ့ရသည်။

ကဗျာအကြောင်းများ စကားရောက်လာသည်။ 'ရှေးက တစ်ယောက်နဲ့ တစ်ယောက် နီးစပ်ဖို့ရာ ကျေးငှက်များ စေခဲ့တယ်။ ဒါကြောင့် ကျေးစေရတုတွေ ပေါ်ခဲ့တယ်။ ဒီနောက် နှစ်ပါးဆိုင်ရအောင် ဘုရားတိုင်ရတုများ ရေးလာကြတယ်။ နောက်တစ်ဖန် ချစ်သူနဲ့၊ ချစ်သူကို လျစ်လျူမရှုဖို့ လ ကို တိုင်ကြတယ်။ လလွတ်ဟန် ရေးတာပဲ။ ဒီနောက် အောင်သွယ်နဲ့ စာပါးကြတယ်။ ခုနှယ်မတော့ ဒါတွေ အကုန်ပစ်ပြီး လေယာဉ်ပျံနဲ့သာ စာပါးလိုက်ချင်တယ်လို့ ကျွန်တော့်မေမေ ငယ်ငယ်က တေးထပ်တစ်ပုဒ် စပ်သွားတာ သတိရမိသေးတယ်' ဟု ပြော လေသည်။

စက္ကူတောင်း၍ တေးထပ်ကို ရေးပြသည်။ ရေးပြသည့် တေးထပ်မှာ–

ရှေးသရော်ကာလက၊ စာ သ ဘိ ဝေးမြေ။ မှာကြသည့် တေး
တွေမှာ၊ ကျေးစေသည် တစ်ထုံး။ ။ ထိုကမှ နှစ်ပါးဆိုင်အောင်၊
ဘုရားတိုင် ရေးကြပြည်လုံး။ ။ သည်ကမှ စန်းငွေလွှာကို၊ လှမ်းခြွေ
ကာ စေသုံး။ ။ မြန်းလေရာ သပြေလုံး၊ ဖွေးအုံးတဲ့ သက်လယ်။ ။
နောက်တစ်ဖန် ရောက်ပြန်ကြ၊ ကြောက်ရန်ပ ကြားက အောင်
သွယ် ။ ။ ခုများဖြင့် ရှေးသွင်ပယ်ပြီ၊ လေး ပင်လယ် မေရုနှင့် မြေ
အထု စက္ကဝါတစ်တန်၊ ရက်မကြာပြန်။ ။ ရောက်စွမ်းတဲ့ လေယာဉ်
ပျံကို၊ စေချင်ဟန် တမ်းယောင်မိလေး။ ။

ကျွန်မ ယူဖတ်ပြီးနောက် 'သိပ်ပြီးယဉ်တဲ့ စာလေးပဲ။ ကျွန်မတော့ မရေး တတ်ဘူး' ဟု ပြောလိုက်သည်။

'ယဉ်တဲ့ကဗျာမျိုးကို သင်လိုက်ရင် မကြာပါဘူး။ စိတ်ကူးယဉ်ရင် ယဉ် သလိုပဲ ကွန့်ကွန့်ပြီး ရေးသွားနိုင်တာပဲ' ဟု ပြောသည်။

ကျွန်မက ကဗျာတွင် မဟုတ်။ စကားပြေအရေး စာစီစာကုံးရေးသည်ပင် မလွယ်ကြောင်း ပြောသည့်အခါ–

'စာစီစာကုံး ကျမ်းတွေထဲမှာ ဦးသာထို၊ ဆရာကြဲတို့ ရေးတဲ့ စာစီစာကုံး ကျမ်းတွေက အင်မတန်ရိုးတယ်။ ဆရာကိုအုန်းမောင်ဆိုတာလည်း တစ်အုပ် ရှိသေးတယ်။ ဒါတွေကတော့ ကျောင်းသားတွေအဖို့ ရည်ရွယ်တယ်။ စကားပြေ စာစီစာကုံးကျမ်း အကောင်းဆုံးကို ဖတ်ချင်ရင် ဝေဿန္တရာဇာတ်တော်ကြီးကို

ဖတ်ပေဟော့။ ဦးပြဲဘာသရေးတဲ့ ဓာတ်ကြီး ၁၁ ဘွဲ့ဟာ အကောင်းဆုံး ထားရပေမှာပဲ' ဟု ပြောပြသည်။ 'စာကို လူဖတ်ချင်အောင် ရေးတဲ့နည်းတော့ ပီမိုးနင်း ရေးတဲ့ ငွေကလေးကျမ်းဟာ အကောင်းဆုံးပဲ' ဟု ပြောသေးတယ်။

နှစ်ကြာကြာက ထွက်သည့် ဂျာနယ် မဂ္ဂဇင်းတွေအကြောင်းကို စကားရောက်သွားကြပြန်သည်။ 'တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း ဘာပြုလို့ ပျက်သွားရသလဲ' ဟု မေးကြည့်သည်။ 'ဒဂုန်နတ်ရှင်ကြောင့် ပျက်ရတာပဲ။ ဒီတုန်းက သုံးကာလာ အရောင်စုံ သုံးမျိုးနဲ့ ရိုက်ထုတ်ဖို့ ကျွန်တော်က အကြံပေးတယ်။ သူက နှစ်ကာလာနဲ့ ရိုက်ပြီး ထုတ်တယ်။ လူတွေက မစွဲလမ်းတော့ဘူး။ အရောင်က မွဲခြောက်ခြောက် ဖြစ်နေတယ်။ ပျက်သွားတော့မှ ဝန်ခံတယ်။ ကျွန်တော်လည်း မဂ္ဂဇင်းကောင်းတစ်ခု သူ့ကြောင့် ကွယ်မြုပ်သွားရလို့၊ သိပ္ပံကျော်ထင်ဆိုတဲ့ စာရေးဆရာနဲ့ တေးထပ်တစ်ပိုဒ် ရေးပေးလိုက်တယ်'

ကျွန်မလည်း သူ့တွင် ကဗျာ လွတ်နေသည့်နေရာများ ရှိသေးရဲ့လားဟု အောက်မေ့လိုက်သည်။ ၎င်းရေးပေးသည်ဆိုသည့် ကဗျာကို စောစောက ရေးပေးသည့် ကဗျာစာရွက် တစ်ဖက်မျက်နှာ အလွတ်တွင် ရေးပေးပါဟု တောင်းပန်၍ သူ ရေးပေးသည်။

တေးထပ်မှာ–

ဒဂုန်မှာ အသာဝင့်မယ်လို့၊ ခါမလင့်ထွက်လာ၊ စာမချင့်
ထွက်ဗလာငယ်၊ ရက်စရာပေပဲ။ ။ တက္ကသိုလ်မဂ္ဂဇင်းစာမှာ၊
ပျက်ယွင်းမှာ လွဲတော့မလွဲ။ သုံးကာလာ့ ဘလောက်ယဉ်ကို ကြောက်
အတွင်သွေး၊ ဖဲဆံတောက် ခင်မေပုလဲရယ်နှင့်၊ နှစ်တွေမွဲ အရောင်၊
အဖုံးဆင် သုံးချင်ရက်ပါပေ့၊ ရှုံးပြင်ဘက် ရှုံးမယ့်စာစောင်။ ။
ပျဉ်းဓာတိ ဦးမောင်မောင်ငယ်၊ နူးယောင်ယောင် ဟန်ဟိတ်နှင့်၊
သံပိတ်တက္ကသိုလ်၊ ထုတ်ခဲ့မြင့်မို၊ ယခုဖြင့် အဆင်းအိုပြီ၊ အရှင်းကို
ကွယ်မြုပ်ပေါ့လေး။ ။

'ဒီတေးထပ်ဖတ်ပြီး သူ့ခမျာ သိပ်ဝမ်းနည်းသွားမှာပဲ' ဟု ကျွန်မက ပြောလိုက်သည်။ ဒဂုန်နတ်ရှင် (ဦးမောင်မောင်ကြီး) အကြောင်းနှင့် ဆက်စပ်ပြီး စာရေးဆရာများ အကြောင်းကို ရောက်သွားကြပြန်သည်။

'မတင်တင်၊ ဇေယျကြီး ရေးတာတွေကို တော်တော်ပဲ ကြိုက်သလား' ဟု မေးသည်။ နှစ်သစ်ကူး စာစောင်ကြီးပြီး၍ ကျွန်မထံသို့ ပို့သည့်အခါတုန်းက ၎င်းစာစောင်တွင် ပါသည့်ဆောင်းပါး ကြိုက်သည်ကို အမြန်စာပြန်ရန် အမှာစာပါ ထည့်ပေးလိုက်သည်။ ကျွန်မက "နွေတန်ခူး လေရူးဆော်တော့" ဟူသော





ဇေယျ၏ ဆောင်းပါးကို အကြိုက်ဆုံးဖြစ်ကြောင်း သံကြိုးရိုက်၍ ပြန်ကြားခဲ့ဖူးသည်။ ဇေယျ၊ ဇဝန၊ သခ်ီ၊ မြမျိုးလွင်၊ ရွှေဒေါင်း၊ ပီမိုးနင်း၊ ညာဏ၊ ဒဂုန်ခင်ခင်လေး စသည့် စာရေးဆရာတွေ၏ လက်ရာတွေနှင့် အတ္ထုပ္ပတ္တိတွေပါ လျှောက်ပြောသည်။

ထိုနောက် ကဗျာဆီသို့ ပြန်ရောက်သွားပြန်သည်။ ကဗျာနှင့် ကဗျာဆရာများ၏ ရာဇဝင်ကို စုံစုံပြောသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ မယ်ကုဝဏ်တို့ အကြောင်းလည်း ပါသည်။ ရှာပုံတော်ကြီးလည်း ပါသည်။ ဆယ်အိမ်ခေါင်းမင်း၏ သမီးကလေးကို စပ်သည့် လွမ်းချင်းလည်း ပါသည်။ စိုင်တီဆရာကလေး၊ လမု ၇ ပင်ရွာက စာရေးဆရာ ကိုလုံးထပ်၊ ကန်တော်ဘိုးသူတော်ကြီး၊ ဆရာဦးပိုကြီး၊ ဦးသောမတို့၏ လင်္ကာ အချော်တွေ အကြောင်းလည်း ပါသည်။ ပဥ္စပါပီ ရကန် အကြောင်းလည်း ပါသည်။ ဝေါကြီးမှူး ဦးခြို တေးထပ်လည်း ပါသည်။ အနုမိုးဘွဲ့ တေးထပ်နှင့် အခန့်သံဝေဂ တေးထပ်ကြီး ၂ ပိုဒ်ကို ခွဲခြားရွတ်ပြသည်။ မင်းနန်မျို့လည်း ပါသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာ သမီးတော်အငယ်၏ မောင်ဘွဲ့ ရတုပိုဒ်စုံလည်း ပါသည်။ ပြည်မြို့ ဝန်တောင်လယ်ဘုန်းကြီး၏ ရတုပိုဒ်စုံလည်း ပါသည်။ ရွှေတောင် ရာဇကျော်၊ နဝဒေး၊ နတ်ရှင်နောင်တို့ပါ စုံစုံလင်လင်ကြီး ကဗျာဗျူဟာ ခင်းပြလေသည်။

တစ်ပိုဒ်စ နှစ်ပိုဒ်စ သော်လည်းကောင်း၊ တစ်ပိုဒ်လုံး သော်လည်းကောင်း ရွတ်၍ ပြသွားသည်ချည်း ဖြစ်သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ သခင်ကိုယ်တော်မှိုင်း၊ ရှင်သန်းမေတို့၏ ကဗျာတွေကို ဘိတ်ဆုံး၍ ရွတ်ပြသည်။ စုံလည်း စုံပါပေသည်။ မှတ်လည်း မှတ်မိပေသည်။ ကဗျာဘက်တွင် လိုက်စားခဲ့သည်မှာ ကလေးအရွယ်က ဖြစ်ကြောင်း သိရသည်။ သူ၏မိခင် စပ်ဆိုသော ပုဏ္ဏကကြိုး တစ်ပုဒ်လည်း ရွတ်ပြသည်။ သူ့ကို ပုခက်နှင့် သိပ်သည့်အခါ ဆိုသည်ဟု ပြောသည်။ မိခင်ထက် ဘွားအေ လုပ်သူမှာကား စာအလွန်တတ်၍ ရှေးနန်းတွင်းစာဆို ဖြစ်ကြောင်းလည်း ပြောသည်။

တော်တော်ပြောသွား၍ မောသွားပုံရသည်။ ယနေ့ည သူ့ကို ဒန်ပေါက် ကျွေးမယ်ခိုင်းပြီး အတင်းကျွေးရသည်။ စားသောက်ပြီးကြသည့်အခါ တစ်ဖန် ထိုင်၍ စကားပြောကြပြန်သည်။ အပြန်အလှန် ပြောနေကြရင်း သူက မေးသည်။

'မတင်တင်မှာ အိမ်ထောင်ပြုဖို့ရာ ရည်ရွယ်ထားသူများ ရှိပါသလား'

'ဟင့်အင်း၊ မရှိပါဘူး'

'အိမ်ထောင်ပြုမယ့်အခါ ဘယ်လိုရည်ရွယ်ချက် ထားပါသလဲ'

'ရည်ရွယ်ချက်တော့ မထားပါဘူး။ ရည်ညွှန်းချက်တော့ ရှိတယ် ဆိုပါတော့'

'ကျွန်တော် မသိရပါဘူးလား'

'ဒီကိစ္စမှာ ပထမ ကျွန်မ ကျေနပ်မှ ဖြစ်ရမယ်။ ကျွန်မ ကျေနပ်ပြီးတစ်ခါ၊ ဒုတိယ ကျွန်မမိဘ ကျေနပ်မှ ဖြစ်စေဖို့ ပိုင်းဖြတ်ထားတာပါပဲ။ အဲဒါတောင်ပြုဖို့ ကျွန်မ မစဉ်းစားသေးပါဘူး'

ဤအကြောင်း ဤမျှနှင့်ပင် ရပ်သွားလေသည်။ သူလည်း ဆိတ်ဆိတ်ထိုင်နေသည်။ သူရေးပေးသော ကဗျာကို ဖတ်ကြည့်နေသည်။ တအောင့်လောက်ကြာမှ 'မနက် ဘယ်သွားပါဦးမလဲ' ဟု မေးသည်။ ကျွန်မက 'ကမာရွတ် သွားမယ်' ပြောသည့်အခါ သူ လိုက်ပို့ပါရစေဟု ပြောပြီး ပြန်သွားလေသည်။ ကျွန်မလည်း သူ့ကို ဘာမျှ ပြန်မပြောလိုက်ပေ။

## ၁၀ ။ ချာန်လျှောပြီ

နောက်တစ်နေ့တွင် ကျွန်မတို့ ကမာရွတ်ကို သွားကြသည်။ သူ လိုက်ပို့၍ အဖော်မခေါ်ခဲ့တော့ပေ။ လမ်းတွင် နှစ်ယောက်သား စကားပြောလာကြသည်။ သူက သူ ငယ်ငယ်က အကြောင်းများကို ပြောလာသည်။ ကျွန်မကလည်း ကျွန်မ ငယ်ငယ်က အလွန်ဆိုးသည့် အကြောင်းတွေကို ပြောလာသည်။ ကျွန်မ ဖျားနေတုန်း အိမ်ရှေ့က 'ကဲ ... ဒီက နာနတ်သီး' ဟု နာနတ်သီးသည် အော်သွားသည်ကို လူကြီးတွေက ပူဆာမည်စိုး၍ ကျွန်မ မကြားအောင် ဂူးဝါးနှင့် ဆူညံကာ အသံဖျောက်ပစ်လိုက်ကြသည်။ ကျွန်မကလည်း နားစွန်နားဖျား ကြားလိုက်ရသည့် "ကဲ ... ဒီက" အသံကို 'ကဲ ဒီက ဝယ်ပေး' ဟု ပြောငိုသည်မှာ တစ်နေ့နှင့်တစ်ည ဖြစ်ကြောင်းဖြင့် ပြောပြသည်။

သူ ငယ်ငယ်က အလွန်ဆော့သဖြင့် ဘွားအေလုပ်သူက နေမကောင်း၍ အနားကျင် လာဆော့နေသောကြောင့် ခေါ်ထားရန် သူ့အမေထံသို့ စာတစ်စောင် ဒူးဂဏန်း ကြေးဂဏန်းနှင့် ရေးပြီး အပေးခိုင်းလိုက်ကြောင်း၊ သူသည် လမ်းတွင် စာအမိပွာယ်မသိ၍ သူ့အမေလက်ထဲ စာထည့်ပြီးနောက် စာအဓိပ္ပာယ်ကို ပြောရန်နှင့် ရေးနည်းကိုပါ သင်ပေးရန် အတင်းပူဆာ၍ သင်ပေးရကြောင်း ပြောသည်။ ငယ်ငယ်က လွန်စွာဆော့လွန်း၍ လူကြီးများက သူ့အား ပြောင်ဖူးမွေးတွေနှင့် ဝိုင်းထားကြကြောင်း၊ ဤအမွေးတွေကို ကြောက်လွန်း၍ လာမဖယ်မချင်း ဝိုင်းထဲမှာပဲ ငြိမ်ငြိမ်ကလေး ထိုင်နေကြောင်း ပြောပြသည်။





တစ်ယောက်အကြောင်း တစ်ယောက် ပြောပြီးကြသည့် အခါတွင် နှစ်ယောက်စလုံး ရယ်ကြသည်။

ကျွန်မက ဒူးဂဏန်း ကြေးဂဏန်း ကျွန်မကို သင်ပေးရန်ပြောရာ 'ညကျရင် သင်ပေးမယ်၊ အလွယ်ကလေးပဲ' ဟု ပြောသည်။

ကျွန်မကို စိတ်မြန်ပုံ ရသည်ဟု သူကပြော၍၊ မြန်ရုံတွင် မဟုတ် စိတ်လည်း ကြီးသည်ဟု ပြောလိုက်သည်။

'စိတ်ရော မထက်ဘူးလား' ဟု မေးသည်။

ကျွန်မလည်း ပြုံးနေလိုက်သည်။

ကမာရွတ်က အပြန်၌ လမ်းတွင်၊ နက်ဖြန် ပြန်မည့်အကြောင်း ပြောပြသည်။ သူက ညကို ရုပ်ရှင်ပြပါရစေဟု ပြော၍ ဖိတ်ကြားချက်ကို ငြင်းဆန်ခြင်း မပြုလိုက်ပေ။

ရုပ်ရှင်က ၉ နာရီခွဲတွင် ပြန်လာကြသည်။ စနေနေ့ဖြစ်၍ သူ အလုပ်အားသောနေ့ ဖြစ်သဖြင့် ယနေ့ည ညဉ့်နက်လိမ့်မည်ကို အရင်ကြိုတင် သိနေသည်။

တစ်ယောက်နှင့်တစ်ယောက် ပြောကြသည့် စကားများမှာ ထွေထွေထူးထူး မဟုတ်ဘဲ စပ်မိစပ်ရာတွေ လျှောက်ပြောနေကြသည်။

သူသည် ကျွန်မထံသို့လာ၍ စကားပြောရုံပင် မဟုတ်သေး၊ သူလာတိုင်း ကျွန်မဖတ်ရန် စာတစ်စောင် အမြဲရေး၍ ယူလာသည်။ ကျွန်မလည်း သူဖတ်ဖို့ စာတစ်စောင် အပြန်တွင် ပေးလိုက်ရသည်။ ဤစာထဲမှာ ပါသည့်ကိစ္စများသည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ အရေးကြီးသည်ဖြစ်စေ၊ အရေးမကြီးသည့် ကိစ္စဖြစ်စေ စကားထဲတွင် ထည့်၍မပြောကြပေ။ စကားက တခြား၊ စာက တခြား တစ်မျိုးစီ ခွဲခြားထားသည်။ ဤအလုပ်ကို သူကစ၍ ထွင်ထားခြင်းဖြစ်သည်။

သူပေးသည့် စာတွေမှာ တစ်လလျှင် တစ်ရက်မျှမပျက်ဘဲ ရက်စွဲအပြည့် မစဉ်လိုက်ရှိ၍၊ ကျွန်မထံသို့ နေ့စဉ် စာရေးသောသူ ဖြစ်သည်။

ရန်ကုန်တွင်နေသည့် ရက်တွေတွင် နေ့စဉ်နှင့်အမျှ သူပေးခဲ့သည့်စာကို နေ့စဉ် ပြန်ရေးလျက် သူလာလျှင် ပေးလိုက်ရသည်။ ဘိုကလေး၌လည်း သူ့ထံသို့ နေ့စဉ် စာပြန်ရသည်။ ကျွန်မသည် သူ့ကို ပေးရန်စာကို တစ်နေ့လုံး အပြင်ထွက်နေ၍ မရေးရသေးသဖြင့်၊ သူနှင့် စကားထိုင်ပြောရင်း စာလည်း ရေးနေသည်။ သူ့ကိုလည်း စကားပြန်ပြန်ပြောရသည်။ သူအပြန် ပေးလိုက်ရန်လည်း ရေးနေရသည်။

စာရေးပြီးသွားလျှင် စာကိုခေါက်ပြီး သူ့ကို လှမ်းပေးလိုက်သည့်အခါ တစ်စုံတစ်ခု ပြောလိုသည့် မျက်နှာမျိုး တွေ့ရသည်။ စာကို ဖြည်းဖြည်းဆေးဆေး လှမ်းယူလျက်၊ အပေါ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

သူပေးသည့် စာများကို သူ့ရှေ့တွင် မဖတ်သကဲ့သို့၊ ကျွန်မ ပေးသည့်စာကို လည်း ကျွန်မရှေ့တွင် မဖတ်ပေ။

'ရန်ကုန်ကို ဘယ်တော့လောက် ပြန်လာပါဦးမလဲ'

'ဒါတော့ မပြောတတ်ဘူး။ ပြာသိုလလောက်တော့ ရောက်ချင်ရောက်ဦးမှာပါပဲ'

'ကျွန်တော်တော့ မတင်တင် ပြန်သွားရင် သိပ်သတိရဦးမှာပဲ'

ကျွန်မ ဘာမျှ မပြောဘဲ နေသည်။ ဘယ်လိုမျှ ပြန်မပြောဘဲ နေသည်။

'တစ်နေ့က တစ်ခါပြောဖူးတဲ့ စကားကို အခုတစ်ခါ ထပ်ဆက်ပြောချင်ပါသေးတယ်။ မတင်တင် အိမ်ထောင်ပြုဖို့ စဉ်းစားရင် ကျွန်တော့်ကို စဉ်းစားပါစေလို့ ဆုတောင်းရတော့မှာပဲ။ ကျွန်တော့်မှာ ဘယ်မိန်းမကိုမှလည်း ဂရုမစိုက်ခဲ့ဖူးဘူး။ အခုလောက် စဉ်းစားခန်းထဲ မသွင်းခဲ့ဖူးဘူး။ အခုလောက် မရင်းနှီးခဲ့ဖူးဘူး။ မတင်တင်ကို အမြဲလိုလို မြင်ချင် တွေ့ချင်နေတယ်။ တစ်ချိန်လုံးလုံး မတင်တင်ဆီမှာပဲ စိတ်ရှိနေခဲ့တာတွေဟာ အမှန်ပါပဲ။ ဒီလိုဖြစ်တာတွေကို ကျွန်တော် စဉ်းစားကြည့်တယ်။ ကျွန်တော်ဟာ ကျွန်တော့်အပေါ်မှာ တယ်မရိုးတော့ဘူးဆိုတာ စာအုပ်တစ်အုပ်ဖတ်ရင်း သွားပြီး သတိရတယ်။ အဲဒီစာအုပ်ထဲက စာက ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်အကြောင်း မိန်းမကြီးတစ်ယောက်ကို ပြောနေတဲ့ဟာ ရေးထားတာပါပဲ။ ဘယ်လိုလဲဆိုရင်–

'အဲဒီယောကျ်ားက " I want to be with her, I want to be close to her, I want to possess her and nobody else to approach her." လို့ ပြောတယ်။

'ဒီတော့ မိန်းမကြီးက " Why, isn't that love. I see you are in love, very deeply in love." လို့ ပြန်ပြောတယ်။ ကျွန်တော့်မှာ ဒီအတိုင်းပဲ။ ကျွန်တော့်စိတ်ထဲမှာ ရှိသမျှ ဖွင့်ဟပြောပြီးပြီ။ မတင်တင်ကို ရရင် ရတဲ့လူဟာ ကံအကောင်းဆုံး လူပဲလို့ ထင်ရတော့မှာပဲ။ မတင်တင်ရဲ့ စိတ်ဓာတ်တွေဟာ မယှဉ်နိုင်လောက်အောင် ရင့်သန်တယ်။ မတင်တင် ခေါင်းခါလိုက်တဲ့လူဟာ ကမ္ဘာမှာ ကံဆိုးတဲ့ သူပါပဲ။ ကျွန်တော့်ကံဟာ မတင်တင် လက်ထဲမှာပါပဲ။ ကျွန်တော် ကြားပါရစေ'

တိုးတိုးကလေးနှင့် ညင်ညင်သာသာကလေး သူ ပြောသွားသည်။

ကျွန်မ [illegible] မပျက်ဘဲနှင့် ဤစကားတွေကို ဤလို ဖွဲ့ဖွဲ့နွဲ့နွဲ့ သူပြောနေသည်ကို သူ့မိတ်ဆွေများ သိကြလိမ့်မည် မဟုတ်ပေ။

'ဦးချစ်မောင်၊ ဒီကိစ္စဟာ လွယ်တဲ့ကိစ္စလို့ ကျွန်မ မယူဆဘူး။ ကျွန်မကို





လည်း အများကြီး ထပ်စဉ်းစားဖို့ ကောင်းပါသေးတယ်။ ကျွန်မကလည်း ဦးချစ်မောင်အပေါ် အများကြီး စဉ်းစားရလိမ့်မယ်။ အခု တစ်ယောက်နဲ့ တစ်ယောက် တွေ့တဲ့အခါလောက်သာ တစ်ယောက်အကြောင်း တစ်ယောက် သိရတာ။ အတူတူနေကြတဲ့အခါ ခဏတစ်ဖြုတ် ခုတွေ့တာလို မဟုတ်တာတွေလည်း အများကြီး တွေ့ချင် တွေ့နေလိမ့်မယ်။ ဒီအခါမှာ တစ်ယောက်နဲ့ တစ်ယောက် အသိတစ်မျိုးဖြစ်ရင် စိတ်ဆင်းရဲကြမှာမို့ နှစ်ယောက်စလုံးအတွက် မကောင်းဘူးလို့ ကျွန်မ ထင်တယ်။ ဦးချစ်မောင်လည်း ထပ်စဉ်းစားပါဦး။ ကျွန်မလည်း စဉ်းစားပါရစေဦး။ ဆုံးဖြတ်ချက်ကို အခု မပေးပါရစေနဲ့။ ပြောတဲ့ စကားတွေကို လေးလေးစားစား အမှတ်ထားပါတယ်'

ကျွန်မသည် သူ့အား သက်သက်သာသာ ဖြစ်နိုင်သမျှဖြစ်အောင် ကြိုးစားပြီး ဤသို့ ပြောရသည်။

'ကျွန်တော့်ဘက်ကတော့ စဉ်းစားစရာ ဘာမှ မရှိတော့ပါဘူး။ မတင်တင်ရဲ့ ဆုံးဖြတ်ချက်ကိုသာ ကျွန်တော် စောင့်ဖို့ပါပဲ။ အချိန်မကြာဖို့ရာလည်း ထပ်တောင်းပန်ပါတယ်'

'ဟုတ်ကဲ့။ ကျွန်မ မြို့ရောက်တဲ့အခါမှာ စာရေး အကြောင်းကြားလိုက်ပါမယ်'

စကားထပ်ဆက်စရာ ရှာမတွေ့အောင် ဖြစ်နေကြသည်။ ယခင် တစ်ခေါက် ပြန်မည့်ညကဲ့သို့ တိတ်နေကြပြန်သည်။ တိတ်ပုံချင်းတူသော်လည်း အတွေးကိုယ်စီ တွေးနေကြသည်မှာ ထိုညနှင့် မတူတော့ချေ။

'ကျွန်တော် သွားပါတော့မယ်။ နက်ဖြန်ညနေ သင်္ဘောဆင်းခဲ့ပါမယ်' ဟူသော နောက်ဆုံး စကားတစ်ခွန်းပင် ပြော၍ ထပြန်သွားလျက်၊ အပေါက်ဝရောက်မှ လှည့်ကာ 'နောက်ထပ် ဘာစာအုပ်များ လိုချင်ပါသေးသလဲ' ဟု လှမ်းမေးသည်။ ကျွန်မလည်း တံခါးဝနားသို့ ထသွားကာ ခံဖူးဆရာတော်ကုထုံးကျမ်းကို လိုချင်ကြောင်း ပြောသည်။ 'ဒီကျမ်းကို မဖတ်ရသေးဘူးလား၊ နက်ဖြန် ယူခဲ့မယ်' ဟု ပြောသည်။ မဖတ်ရသေးကြောင်း၊ ဆေးကျမ်းဆို၍ ဥတုဘောဇနကျမ်းသာ ဖတ်ဖူးကြောင်း ပြောလိုက်သည်။ ဥတုဘောဇနကျမ်းကို အင်္ဂလိပ်ဘာသာနှင့် ပြန်ထားသည့် အကြောင်းအရာတွေ ပြန်ပြောနေ၍၊ အတော်ကြာကြာပင် ရပ်နားထောင် နေလိုက်ရသေးသည်။

တစ်ညလုံး တစ်ရေးမျှ အိပ်မပျော်ဘဲ သူ့အကြောင်းကိုသာလျှင် ထပ်တလဲလဲ စဉ်းစားကြည့်သည်။

နောက်တစ်နေ့ညနေတွင် သင်္ဘောဆိပ်သို့ ကားဆိုက်လျှင်ဆိုက်ချင်း

လက်ဖက်ရည်ဆိုင်ရှေ့၌ သူ့ကို တွေ့ရသည်။ လက်တစ်ဖက်က စာအုပ်တွေ ပိုက်ထားပြီး ထမ်းပိုးဟော်ရာထီးကြီးကို ဆုပ်ကိုင်ထားသည်။ လက်တစ်ဖက်က ပုဆိုးစ မ ဆွဲထား သည်။ သူ့ခြေထောက်တွင် စွပ်ထားသည့် ဘုန်းကြီးစီးဖိနပ်ကြီးမှာ အဖော်ပင် ဟောင်းနေသည်။

သဘော်ခန်းထဲသို့ ရောက်သည့်အခါ စာအုပ်မျိုးစုံနှင့် စာတစ်စောင်ပေးသည်။ ကျွန်မမျက်စိတွင် ကြည့်လို့မရ၍ ကတ္တီပါ ပိန်းတန်းဖိနပ် အနက်တစ်ရန် သူ့ကို လက်ဆောင်ပေးရန် ဝယ်လာခဲ့သည်။ သူ့ကို ဖိနပ်ထုပ် လက်ဆောင်ပြန်ပေးလိုက်သည်။

ကျွန်မကို လိုက်ပို့ကြသည့် ကျွန်မ တည်းသည့်အိမ်က ပိုလဆင်တိုက်မှ မန်နေဂျာ မစ္စတာရပ်တို့နှင့် သူ့ကို ရယ်ရယ်မောမော စကားတွေ ပြောနေသော်လည်း အသီးသီးကဲ့သို့ မရယ်မောဘဲ ခေါင်းကြီးငုံ့ထားသည်။ သင်္ဘောထွက်ခါနီးတွင် ကျန်းမာရေးကို ဂရုစိုက်ရန် အထပ်ထပ် မှာလိုက်သည်။ စာလည်း မကြာမီ ရေးလိုက်မယ်ဟု ပြောပြီး လူချင်းခွဲလိုက်ကြသည်။

သင်္ဘောထွက်လျှင် ထွက်ချင်း ယခင်အခေါက်ကကဲ့သို့ သူ့စာကို ဖတ်ရပြန်သည်။

သူ့စာကား ...

မနေ့က ကျွန်တော်အဖို့ ဝမ်းအသာဆုံး ဖြစ်သလောက် ဒီနေ့တော့ ဝမ်းအနည်းဆုံး ဖြစ်ရမှာပဲ။ မနေ့က ကမာရွတ် သွားတုန်းက အတူတူထိုင်ပြီး ပြောရဆိုရတာတွေ၊ ညက ရုပ်ရှင်မှာ အတူထိုင်ပြီး ပြောရဆိုရတာတွေ၊ ညက ထမင်းစားပွဲမှာထိုင်ပြီး ပြောရဆိုရတာတွေ၊ မပြန်နိုင်လို့ တံခါးကိုမှီပြီး ပြောရဆိုရတာတွေဟာ စိတ်ကို အင်မတန် ဖမ်းစားခဲ့ပြီ မတင်တင်ရဲ့။ ဒါတွေပြန်ပြီး မတွေးဘဲလည်း မနေနိုင်ဘူး။ တွေးပြန်လည်း အသစ်လိုပဲ ပြန်ဖြစ်ပြီး၊ ရှေ့အဖို့ ဖြစ်ဖို့ရာကိုသာ မျှော်လင့်မိတော့တာပဲ။ ဒီလို အမှုအရာ ပျက်ရတာတွေ၊ စိတ်ကို ထိန်းသိမ်းမရနိုင်လောက်အောင် တွေ တွေ၊ တွေ တွေပြီး တွေးရတာ တွေအကျက်၊ ကိုယ့်ကိုယ်ကိုယ်လည်း အင်မတန်ပဲ ပြန်ပြီးရှက်မိတယ်။ မိတ်ဆွေတွေက ဘုန်းကြီးလို့ ခေါ်ပြီး မိန်းမအကြောင်း ကျွန်တော့်ရှေ့ ကျူရှ် မပြောကြဘူး။ သူတို့က အခုတိုင် ကျွန်တော့်ကို ရိုသေ ထောက်ထား ညှာတာပြီး နေကြပေမဲ့ ဒီမှာတော့ စိတ်တစ်ခုလုံးဟာ မတင်တင် အတွက်ချည်း ဖြစ်နေပြီ။ ဘုန်းကြီး ရှာန်လျှောနေပြီလေ။ မတင်တင် ပြန်သွားရင် တစ်မျိုးကြီး ဖြစ်ကျန်ရစ်ပြီး နေဦးတော့မှာပဲ။ ရှိတော့လည်း





ရှိလို့ ဝမ်းသာအားရနှင့် တစ်မျိုးဖြစ်ရတယ်။ မရှိတော့လည်း မရှိလို့ ဝမ်းနည်းပူဆွေးပြီး တစ်မျိုးဖြစ်ရတယ်။ အတူတကွ မတွေ့မမြင်မနေရလို့ စာကို အမှီပြုရပါလည်း တစ်ခါတစ်ခါ စာမရရင် အင်မတန်ကို စိတ်ထဲမှာ ဟာ ဟာ သွားတော့တာပဲ။

မတင်တင် ရေးလိုက်တဲ့စာကို ဖတ်ကြည့်လို့ အားမရနိုင်ဘူး။ ညက ပေးလိုက်တဲ့စာကို ဖတ်ပြန်တော့လည်း ဖတ်လို့ပဲ မတင်းတိမ်နိုင်ဘူး။ အင်မတန် အဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံပါပေကလားလို့ တိုးလို့တိုးလို့များ ဝမ်းသာမိပါတယ်။ လူချင်း မသိရခင်ကတည်းက အယူအဆတွေကို ဆောင်းပါးမှာ တွေ့ရလို့ သဘောကျလှတာနဲ့ အသိလုပ်ပြီး စာရေးခဲ့တာကိုသာ စဉ်းစားပါတော့။ လူချင်းတွေ့ရပြန်တော့ ပထမတော့ အလွန် ခေတ်ဆန်နေတဲ့ သူတစ်ဦးပါကလား လို့ အံ့အားသင့်မိတယ်။ နောက် တဖြည်းဖြည်း သဘောကို သိရပြန်တော့ အခုလို စိတ်တွေ ဖြစ်ပွားပေါ်ပေါက်လာခဲ့တာပဲ။ တစ်ခါ ဟိုအကြောင်းကို ပြန်လှန်ပြောပြတော့မှ ဘယ်လောက်တောင် သူတစ်ပါးအတွက် ကိုယ်အနစ်နာခံတယ်ဆိုတာ ထင်ရှားစွာ သိရပြန်လို့ တိုးလို့သာ ချစ်လာတော့တာပဲ။

ကျွန်တော့်မှာ လိုနေတဲ့ အချက်တွေ အများကြီး ရှိတယ်။ ဒါတွေကို သိနားလည်ပြီး ပြုပြင်သင့်ရာကို ကျွန်တော် မပျက်စီးဘဲနဲ့ ပြုပြင်ပေးနိုင်မယ့် သူရယ်လို့လည်း အကဲခတ်ယုံကြည်လို့ အခုလို ပြောပြတာပါပဲ။ တစ်ယောက်ကိုတစ်ယောက် သိပြီး စေတနာထားကြပြီဆိုရင် နောက်နောင် ဘယ်လိုအကြောင်းပဲ ပေါ်ပေါ်၊ စိတ်ကွက်စရာ ဖြစ်ကြမယ် မထင်ပါဘူး။ မတင်တင်ဟာ ကျွန်တော် မပျက်စီးဘဲနဲ့ ကျွန်တော့်ကို ယောကျ်ားကြီးတစ်ယောက် မတ်မတ်မားမား ဖြစ်အောင် လုပ်ပေးနိုင်လိမ့်မယ်ဆိုတဲ့ အစွမ်းသတ္တိ ဉာဏ်ပညာ အရည်အချင်းတို့ကို သိလို့မြင်လို့ ပြောရတယ် ဆိုရင်လည်း မမှားပါဘူး။ အခုအထိတော့ လူမဟုတ်သလိုဘဲ နေနေတယ်။ သိသူတိုင်း ပြောကြတာပဲ။ မတင်တင်ကိုယ်တိုင်လည်း ပြောပြပြီ မဟုတ်လား။ အဆုံးလုပ်တာ ရှိရဲ့လားလို့။ ကျွန်တော့်သဘောက လုပ်တော့ လုပ်တာပဲ။ သို့သော် ကမ္ဘာမှာ ဘယ်သင်းမှ Perfect ဖြစ်တာ မရှိလို့ ကံတရားပဲလို့ဆိုပြီး ထားလိုက်ပါတယ်။ နို့ ဝီရိယအကြောင်း မသိဘူးလားဆိုတော့ သိတာပဲ။ ဒါပေမဲ့ ဝီရိယလည်း ကံပဲလို့ သိနေတာကို စွဲနေပြန်တော့ မတင်တင် အခုတွေ့တဲ့ မြင်တဲ့အတိုင်း ဖြစ်နေတာပဲ။ သို့သော် တစ်ဦးဦးမှာ ကိုယ် ချစ်သူခင်သူ ဖြစ်ရင် သာပြီး လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ရင်း ရှိတာပဲ။

ဒီလောက်နဲ့ပဲ သိလောက်ပါပြီ။ ဘာ့ကြောင့်ချစ်တယ်၊ ဘာကို ချစ်တယ်ဆိုတာ နားလည်လောက်ပါပြီနော်။ မတင်တင် ဆုံးဖြတ်ချက်ကို မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်ဆိုင်းနေမယ်။ ပထမကတော့ စိတ်လျှော့ လိုက်တော့မလောက်ပဲ ဖြစ်မိတယ်၊ တစ်ခါက နှစ်ခါ ပြောရတော့ သိပ်ရှက်ဖို့ကောင်းတယ်။ သူက အိမ်ထောင်ပြုဖို့ စိတ်မကူးဘူး ဆိုရင်လည်း ရှိစေတော့လို့ သဘောထားပြီး ဖြစ်သလိုပဲ မျောတော့မယ်လို့ အောက်မေ့ပါသေးတယ်။ နောက်မှ ကြိုးစားဦးမယ်လေလို့ ဆိုပြီး ရှိပြီးသား သိက္ခာတွေကို အကုန်ချပြီး မရှက်မကြောက် မျက်နှာပြောင် တိုက်ရတော့တာပဲ။

မတင်တင် ဆုံးဖြတ်ချက်ဟာ မတင်တင်မှာ အရေးကြီးသလို၊ ဒီမှာလည်း အရေးကြီးတယ်ဆိုတာ အသိအမှတ်ပြုရင် ဝမ်းသာပါပြီ။

မတင်တင်ပြန်ရင် ဘာဖြစ်ကျန်ရစ်မယ် ဆိုတာတော့ မတင်တင်မှာ မထူးခြားမှာမို့ မရေးလိုက်တော့ဘူးနော်။

ချစ်မောင်

၁၉၊ ၃။

## ၁၁ ။ သူ သူ သူ

စာဖတ်ပြီးသောအခါ စပြီး သူနှင့် သိရပုံတွေကို တရေးရေး ပြန်မြင်မိသည်။ ယခင် တစ်ခေါက်က ဤအခန်းထဲတွင် ဖတ်ခဲ့ရသည့်စာကို အမျိုးမျိုးစဉ်းစားလျက် ဆုံးဖြတ်ချက်ဖြစ်အောင် မချနိုင်ခဲ့။ ယခုတစ်ခေါက်တွင် သို့လော သို့လော စဉ်းစားစရာ လုံးလုံးမရှိတော့ဘဲ သူ့ကို ယူနိုင်သလား၊ မယူနိုင်ဘူးလား ကိုယ့်ကိုယ်ကိုယ် မေးဖို့ပင် ရှိတော့သည်။ အိမ်ထောင်ပြုဖို့အရေးအတွက် သားသမီးများအပေါ်တွင် မိဘများက ရှေ့ရေးရှေ့ရာများကို တွေးတောပူပန်ကြသလို ကျွန်မအဖို့တွင်လည်း အိမ်ထောင်ပြုရမည့် ကိုယ့်အရေး ကိုယ့်အရာကို စိုးနှောင့်ပူပန်ခြင်း ရှိလှ၍ စိစစ်စဉ်းစားခြင်း ဖြစ်ပေသည်။

လူရေးလူရာ၊ လေ့လာမကျွမ်း၊ လူသွမ်းစတေ၊ လူခြေစုံဆန်း၊ နှုတ်မှန်မှန် (အကာလုန်နှင့်)၊ မအုံမသက်၊ ရေတွက်မဝင်၊ တိုင်ပင်မရ၊ ဝမ်းဝအိပ်လို၊ ကုသိုလ်မချစ်၊ ကျင့်မှုညစ်နှင့်၊ လင်ပစ် လင်ရှုံး၊ လင်သစ်ထုံးကို၊ နလုံးပိုက်ပါ၊ အိမ်ထောင်များ၍၊ မယားကိုရည်၊ ယုတ်ပေသည်ဟု၊ လူ့ပြည်မျက်မြင်၊ ကဲ့ရဲ့ထင်၏။





ဟု အရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော် စပ်ဆိုသွားသည့်အတိုင်း မိမိကိုယ်ရည် ယုတ်ညံ့၍ သွားစေမည့် လူမျိုးနှင့် မတွေ့မကြုံ မဆုံရန် အထူးသတိထား၍ ရှောင်ရှားကာ အိမ်ထောင်ပြုဖို့အရေးကို ဝန်လေးနေခဲ့သည်။

ကျွန်မ အိမ်ထောင်ပြုလိုသည့် သူမှာ မည်သို့သောသူမျိုး ဖြစ်ချင်သည်၊ အရွယ်မှာ မည်သည့်အရွယ်၊ ပညာအရည်အချင်း အကျင့်စိတ်ဓာတ် ကျွန်မကြိုက် ပုံသွန်းထားခဲ့သော ရှေ့က အမြဲဆီးထိုးနေသည့် အရိပ်ကြီးကို သူ့အသွင်နှင့် ဖက်စပ်ထင်ဟပ် ကြည့်သည်။ နှိုင်းယှဉ်စစ်ဆေး စဉ်းစားကြည့်သည်။

အသက်အရွယ် ကျွန်မထက် ကြီးသည်ကို စိတ်ကူးချက်နှင့် လာ၍ ကိုက်ညီသည်။ သူသည် ကျွန်မထက် ငါးနှစ်ကြီးလေသည်။

ကျွန်မသည် ကိုယ့်ထက် ငယ်သည့်သူကို မယူလိုပေ။ ကိုယ်နှင့် သက်တူရည်တူလည်း မလိုချင်ပေ။ ကိုယ့်ထက် အသက်အရွယ်ကြီးသူ ဆိုရာမှာလည်း အဘိုးကြီးလောက်အရွယ်ကို မဆိုလိုပေ။ ငါးနှစ် ဆယ်နှစ် စသည်ဖြင့် ကြီးသူကို ဆိုလိုခြင်းဖြစ်သည်။ ဘာကြောင့် ကျွန်မထက် အသက်အရွယ်ကြီးသော သူကိုသာ လက်ထပ်လိုခြင်း ဖြစ်ရသည်မှာ ကျွန်မ၌ သိတတ်သည့် အရွယ်မှစ၍ ဆုတောင်း တစ်ခု ရှိနေသည်။ ဘယ်ကုသိုလ်ပြုပြု ဤဆုသာလျှင် တောင်းသည်ချည်း ဖြစ်သည်။ တောင်းရုံသာ မဟုတ်ဘဲ ပြည့်လည်း ပြည့်ချင်သည့်စိတ် ထက်သန်မိသည်။ မိမိခင်ပွန်း လင်သားကို မယားဝတ်ငါးပါးနှင့် ကျေပွန်ခဲ့သည်ရှိသော် ယောကျ်ားဆုကို မတောင်းဘဲနှင့် ရသည်ဟု စာထဲတွင် ဖတ်လိုက်ရကတည်းက ကျွန်မ တောင်းနေသည့် ယောကျ်ားဆုကို သေသေချာချာ ဖြည့်စွမ်းပို့ဆောင်ပေးမည့် အားထားနိုင်သည့် အချက်ကြီးပါတကားဟု အားတက်ခြင်း ဖြစ်မိသည်။ ယောကျ်ားလုပ်သူကို ထာဝစဉ် ရိုသေနေရမည်မှာ အရွယ်ငယ်ငယ်ကိုဖြစ်စေ၊ ရွယ်တူတန်းတူကိုဖြစ်စေ ရိုသေရသည်ထက် အသက်ကြီးသူကို ရိုသေရသည်က ပို၍ လိုက်လိုက်လှဲလှဲ ရိုသေနိုင်စရာ ရှိသည်ဟု ယုံကြည်မိသည်။ သို့အားဖြင့် ကျွန်မ မလိမ္မာသည်ရှိသော် လိမ္မာအောင်၊ ကျွန်မ မှားနေသည့် အချက်တွေကို အမှန်ဖြစ်အောင် ပို့ဆောင်လမ်းပြသည့် နေရာ၌ ဉာဏ်ပညာ အရည်အချင်းတွင် ကျွန်မထက် သာရမည်ဖြစ်၍၊ ကိုယ့်ထက်ဉာဏ်ရင့်၍ အသက်ကြီးသူ၏ ဩဝါဒကို နာယူလွယ်နိုင်လိမ့်မည် အမှန်ဖြစ်သည်။

သက်တူရွယ်တူကလေး လင်မယားများ အယူအဆ မမျှတနိုင်ကြတိုင်း တကျက်ကျက် စိတ်ဆိုးစိတ်ကောက် ဖြစ်နေကြသည့် ဒုက္ခမျိုးမှ လွတ်မြောက်သက်သာစရာ ရနိုင်သည်ဟုလည်း ထင်မြင်မိသည်။ မြန်မာပြည်တွင် အသက်အရွယ်ကြီးသော ယောကျ်ားကိုယူလျှင် ရှက်စရာလို ဖြစ်နေသည်။ အနောက်နိုင်ငံတွင်

၃၀ ကျော်၊ ၄၀ ကျော်၊ ၅၀ နီးတို့ကို လက်ထပ်ကြလေသည်။ လင်တစ်ယောက်ကို အချစ်တစ်ခုကိုသာ ပဓာနထား၍ ရွယ်တူတန်းတူနှင့် ယူလိုက်ကြရာ၊ ရှေ့အိမ်ထောင်ရေးကျွင် အချစ်နှင့် မပတ်သက်သည့် ကိစ္စမျိုးတွေနှင့် ရင်ဆိုင်တိုးရသောအခါ လို အချစ်မှာ အပြစ်ဖြစ်သွားတတ်သည်သာ များလေသည်။ အချစ်ကို မထိနိုက်ဘဲ အကျိုးပါ ဖြစ်ထွန်းသွားနိုင်ရန်သည် ရွယ်တူတန်းတူထက် ကိုယ့်ထက်အသက်ကြီးသောသူက စိတ်ချနိုင်စရာ ရှိသည်ဟု ထင်မိသည်။

ဤအချက်တွေမှာ အတိုချုံး ဖော်ပြလိုက်သည့်၊ အသက်ကြီးသူကို ရွေးချယ်လိုက်သည့် ကျွန်မ စိတ်ကူးချက်များ ဖြစ်ခဲ့သည်။

**ပညာဉာဏ် အရည်အချင်း။** ။ပညာဉာဏ် အရည်အချင်းမှာ သူ့တွင် ကောလိပ်ဘွဲ့ထူးတွေ မရှိသော်လည်း ကောလိပ်ပညာနှင့် မယှဉ်နိုင်အောင် ပညာအရည်အချင်းများ အဘက်ဘက်က ပြည့်နေကြောင်းကို ကောင်းစွာ သိမြင်ပြီးဖြစ်၍၊ ဤကိစ္စတွင် ကျွန်မ အလိုရှိသည်ထက် ပို၍ပင်နေသည် ထင်သဖြင့် လိုအပ်သေးသည် ဟု ယူဆဖို့ရာ မရှိပေ။

**အကျင့်။** ။ဤအချက်သည် အိမ်ထောင်ရေး၌ ပိုင်ပိုင်နိုင်နိုင် စူးစမ်းနိုင်မှသာလျှင် စိတ်၏ချမ်းမြေ့ခြင်း ဖြစ်စေနိုင်လိမ့်မည်။ ယောကျ်ားများတွင် အကျင့်အမျိုးမျိုး ရှိကြသည်။ လူရိုးလူကောင်း တစ်ယောက်ဖြစ်အောင် ကျင့်သည့်သူလောကတွင် အလွန်ရှားလေသည်။ ဂုဏ်ရှိသူတွေလည်း ဂုဏ်ရှိသည့်အလျောက်၊ ဂုဏ်မရှိသူတွေလည်း ဂုဏ်မရှိသည့်အလျောက် အနည်းနှင့်အများ အကျင့်ပျက်ပြားနေသော သူတွေသာ များနေသည်။ ကျွန်မသဘောမှာ ကိုယ်ကျင့်တရား ပြည့်ဝကာအပြစ်ဟူ၍ အစွန်းအထင်းမျှ မထင်သူကိုသာ ယူရန် မှန်းထားလျက်၊ မိဘများပေးစားလိုသည့် သူများကို လက်မခံခြင်း ဖြစ်ခဲ့သည်။

"နင် လိုချင်တဲ့လူ မမွေးသေးဘူး"ဟု အဆိုခံခဲ့ရသည့်အထိ ရွေးချယ်မိသည်။ ယခုခေတ်တွင် ရှေးခေတ်နှင့် မတူပေ။ အသောက်အစား အပျော်အပါး အဖုံဖုံ အနည်းနည်း ဆန်းပြားလှကာ ယောကျ်ားများ ကိုယ်ကျင့်တရား ပျက်ပြားလွယ်နိုင်သော ခေတ်ကြီး ဖြစ်လေသည်။ အရက်သောက်မှ၊ ဖဲကစားမှ၊ ကလပ်သွားမှ ဂုဏ်ရှိနေသည့် ခေတ်ဖြစ်သည်။ လူပေါ် လူဇော်လုပ်မှ၊ လိမ်နိုင်မှ၊ ညွှန့်နိုင်မှ၊ ဝ ကွက်နိုင်မှသာ တော်မလို ဖြစ်နေလျက် မှန်သည်ကို မမှန်သည်က ဖုံးနေသည့်ခေတ် ဖြစ်လေသည်။ လူတစ်ရာတွင် လူရိုးလူကောင်းတစ်ယောက် ထွက်နိုင်ခဲသော ခေတ်ဖြစ်သည်။ ခေတ်အလိုက် အကျင့်ပျက်ပြား နေကြသည်ကို သိလျက်နှင့် ဇွတ်မှိတ်ပြီး လက်ထပ်နိုင်ကြသူတွေကိုသာ အံ့သြမိလေသည်။ ကျွန်မ၌ စိတ်ကူးထဲ ထည့်၍ မရနိုင်ပေ။





သူ့တွင် အကျင့်ပျက်ပြားနေသည့် အချက်များ ကျွန်မအသိ၊ ကျွန်မအမြင်၊ ကျွန်မအတွေ့ လုံးလုံးမရှိပေ။ အကျင့် ပျက်ပြားစရာ မှန်သမျှ ကြိုးစား ရှောင်ရှားကာ နေထိုင်နိုင်သည့် သူ့သတ္တိကို ချီးမွမ်းဖို့ပင် ရှိနေသည်။

**စိတ်ဓာတ်။** ။ယောကျ်ားတစ်ယောက်အား အဆင်းကို ဖယ်လိုက်ကာ အချင်းကို ရှာဖွေစစ်ဆေးသည့်အခါ ဤအရာသည်လည်း အရေးအကြီးဆုံးသော အရာ အချက်ကြီး ဖြစ်လေသည်။ ယောကျ်ားတိုင်း ယောကျ်ားပီပီ စိတ်ဓာတ်တင်းပြည့်ကျပ်ပြည့် ဖြစ်ချင်သူချည်း ဖြစ်ကြသည်။ မိန်းမလို မိန်းမရစိတ်မျိုး ပြောလိုက်လျှင် ဆဲသည်ထက် နာသွားကြသည်။ သို့သော် ယောကျ်ားတိုင်း စိတ်ဓာတ် ကြီးမားခိုင်မာသလော။ စစ်ကြောလိုက်လျှင် မိန်းမလောက်မှ စိတ်နေမမြင့်ဘဲ မိန်းမလိုလို စိတ်နေနသူတွေလည်း အမြောက်အမြား ရှိသေးသည်။ ကိုယ်လည်း အကျိုးရှိသည်၊ သူလည်း အကျိုးရှိသည်ကို လုပ်မည်ဟူသော လူတစ်စားလည်း ရှိသည်။ ကိုယ်သာ အကျိုးရှိမည်၊ သူ့တွင် အကျိုးမဲ့သွားမည်ကို လုပ်သည့် လူတစ်စားလည်း ရှိသည်။ ကိုယ်လည်း အကျိုးမရှိ၊ သူလည်း အကျိုးမရှိဘဲနှင့် လုပ်သည့် လူတစ်စားလည်း ရှိသည်။ အစားစား ရှိကြသည့်အထဲတွင် သူကား ကိုယ့်တွင် အကျိုးမရှိ၊ သူသာ အကျိုးရှိပါစေဟု အမြဲတစေ အားထုတ်နေသူ ဖြစ်၍ ပိုလွန်းပင် နေပေသည်။

နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဟုတ်ရာမှန်ရာကို လုပ်မည်၊ ပြောမည်ဟု ဖြောင့်မှန် ရဲရင့်တည်ကြည်သော သမာဓိရှိသည့် လူစားမျိုးကိုသာ လင်တစ်ယောက်ဖြစ်လိုသည်။

ဟိုအကြောင်း သည်အကြောင်း အကြောင်းကြောင်းများကို ငဲ့ကွက်ကာ အဟုတ်အမှန် ဖြစ်ပါလျက်နှင့် မပြောနိုင်၊ မလုပ်နိုင်သည့် စိတ်မခိုင်သော လူမျိုးကို လင်လုပ်ချင်သည့်စိတ် မရှိ၍ "လင်ယူလျှင်" ဟူသော ရည်ရွယ်ချက်တွေ ရွေးချယ်ထားခဲ့ခြင်း ဖြစ်လေသည်။

တစ်ခုခုကို ချီတုံချတုံ မပြုဘဲ၊ လုပ်မိသည့်အရာကို နောက်ပြန် လှည့်မကြည့်ဘဲ ရှေ့တိုးကာ လုပ်သွားသည်တွင် ကောင်းသည့်အလုပ်ဖြစ်စေ၊ ဆိုးသည့်အလုပ် ဖြစ်စေ မရွံ့မတွန့်သည့် စိတ်သည် အံ့သြဖွယ်ရာ စိတ်ဖြစ်၍ ဤစိတ်မျိုးကို ချီးကျူးမိသည်။ ကြိုက်နှစ်သက်သည်။

ကျွန်မ ငယ်ရွယ်စဉ်က အင်္ဂလိမာလကို ဖတ်ကြည့်သည့်အခါ မိမိဆရာအား ပူဇော်ကန်တော့ရန် လက်ညှိုးတွေ လျှောက်ဖြတ်နေသည်ကို မကြိုက်မနှစ်သက်သည် မှန်သော်လည်း သူ့လုံ့လနှင့် သူ့စိတ်ဓာတ်ကို အံ့သြမိသည်။ မလုပ်ဖူးဆို မလုပ်ဖူးဟု တင်းမာနိုင်သည့် တေမိမင်းကြီး၏ ဓာတ်တော်ကြီးကို ကြည့်ပြန်

သည့် အခါလည်း မိုင်မာလှသည့် စိတ်ဓာတ်ကို အံ့သြ၍ မကုန်နိုင်အောင် ဖြစ်ကာ၊ စိတ်ဓာတ် ရင့်သန်နိုင်မာသည့် သူမျိုးနှင့်သာ အတူတကွ ပေါင်းသင်းလိုခြင်း ဖြစ်ခဲ့ခြင်း ဖြစ်သည်။ စိတ်နုသည့်သူများနှင့် လင်သားအဖြစ်ကို မဆိုထားနှင့်၊ ဤလို ယောက်ျားမျိုးများနှင့် သားအဖ မောင်နှမပင် မတော်ချင်ပေ။

သူသည် ၁၃ နှစ်သားမှ ၂၆ နှစ်သားအထိ အယ်ဒီတာဖြစ်ရန် ဟူသော ရည်ရွယ်ချက် ဖြစ်မြောက်အောင် တစ်နေ့ ၂ နာရီ၊ ၃ နာရီက ပိုမအိပ်ဘဲ နေနိုင်သည့် သူ့စိတ်ဓာတ်ကို ကျွန်မ လေးစားကြည်ညိုသည် အမှန်ဖြစ်သည်။ နိုင်ငံတော်အကျိုးရှိရာရှိကြောင်း ကိုယ့်ကိုယ်ကျိုးမျှ မကြည့်ဘဲ အမြဲမပြတ် မရပ်မနား ရှေးရှုဆောင်ရွက်အားထုတ် လုပ်ကိုင်နေသည့် စိတ်သည် အထင်အမြင် သေးဖွယ်ရာစိတ်မဟုတ်ပေ။ ထို့ထက်ပို၍ သူ့၌ ညာတာသည်းခံတတ်သည့် စိတ်တစ်စိတ်က ထူးကဲစွာ ရှိသေးလျက် စိတ်ဓာတ်ကိုကြည့်လျှင် ကြိုက်လောက်စရာလူ ဖြစ်သည်။

ကျွန်မ နှိုင်းယှဉ်ကြည့်သည့် အချက်တွေတွင် ပိုလျှင်သာ ပိုနေမည်၊ ယုတ်လျော့စရာကား ရှိမည်မဟုတ်ဟု ယုံကြည်မိသည်။ သို့သော် ကျွန်မသည် သူ့၌ တစ်ဖက်တွင် ချွတ်ယွင်းချက်တွေ မြောက်မြားစွာ ရှိသည်ကို မသိမမြင်ဘဲ နေသလော။

သူသည် လူတစ်ဖက်သားကို ဘေးသင့်အောင် အားနာတတ်သည့်လူဖြစ်သည်။ သူသည် ဖြစ်ကတတ်ဆန်း နေသူတစ်ယောက် ဖြစ်သည်။ သူသည် ကျန်းမာရေးကို လုံးလုံးဂရုမစိုက်သောသူ ဖြစ်သည်။ နေရာတကာတွင် စိတ်နှလုံးကောင်းလျက် နိမ့်ချလွန်းသူ ဖြစ်သည်။ စိတ်နှလုံးကောင်းလွန်းပြီး ကိုယ့်ပစ္စည်းကို ကိုယ့်ပစ္စည်း ဟူ၍မှ မခင်တွယ်သူလည်း ဖြစ်သည်။ သူ့တွင် အဆုံးသတ်သည့် ကိစ္စဟူ၍ မရှိဘဲ သံသရာနှင့် ပြိုင်ရှည်နေသူတစ်ယောက် ဖြစ်သည်။ အများအကျိုး၊ အများအတွက် သက်ညှာလေသလောက် ကိုယ့်ကိုယ်ကိုယ် ရက်စက်သူ ဖြစ်လေသည်။ သူ့၌ရှိသည့် အရည်အချင်းနှင့် အမြင့်သို့ရောက်အောင် အသုံးချမည်ဟူသော စိတ်မရှိသည့်သူ ဖြစ်ရုံမက၊ မထင်ပေါ်သည့်ဘက်ကသာ စိတ်အမြဲရှိနေ၍ သူရှိလို့မှ ရှိမှန်းမသိ၊ သူ သေလို့မှ သေမှန်းမသိအောင် ဇာတ်မြုပ်သွားမည့်သူ ဖြစ်သည်။ သူ၏ ပညာဗဟုသုတ အရည်အချင်းကို တိုင်းပြည်က ခံစားနိုင်ခွင့်ရှိအောင် ပေါ်ပေါ်ထင်ထင်ဖြင့် အသုံးချမည့်သူ မဟုတ်၍၊ တိုင်းပြည်က ထိထိရောက်ရောက် အကျိုးမရလိုက်ဘဲ အဟောသိကံ ဖြစ်မည့်သူသာ ဖြစ်လေသည်။

ဤအချက်တွေတွင် တစ်ယောက်နှင့်တစ်ယောက် နီးနီးစပ်စပ် မနေရ၍ အကြောင်းကုန် မသိရသေးသဖြင့် ပိုချင်သာ ပိုနေမည်၊ လျော့မည် မဟုတ်ကြောင်းကိုမူ သူ့အကြောင်း ကောင်းကောင်းသိမြင်ခဲ့ပြီး ဖြစ်သည်။ ဤချွတ်ယွင်းချက်တွေ





သည် အိမ်ထောင်ရေးတွင် ကျွန်မနှင့် တစ်ဖက်တစ်လမ်းဖြစ်ကာ စိတ်ညစ်စရာ ဖြစ်နေမည်လားဟု တွေးကြည့်သည်။

ကျွန်မသည် သူ့အား ကျန်းမာရေးနှင့် ပြည့်စုံ၍ အသက်ရှည်ရန်၊ စိတ်ချမ်းသာရန်၊ အနေချမ်းသာရန်၊ ယောက်ျားကြီးတစ်ယောက် ထူးလောက်အံ့လောက်အောင် ဖြစ်မြောက်သွားရန်၊ သူလိုလူတစ်ယောက်ရှိ၍ တိုင်းပြည်နှင့်တကွ နောင်လာ နောက်သားများပါ အကျိုးခံစားနိုင်ခွင့် ရရန်တွေ သူ့အား အကယ်ပင် ပြုပြင်ပေးနိုင်ပါသလော။ သူ့ကို အတိုက်အခံလုပ်၍ ပြုပြင်ရမည်ဆိုလျှင် စိတ်ချမ်းသာမှု ဖြစ်ကြပါမည်လော။

ယခုလို အမျိုးမျိုး ကျွန်မ တွေးကြည့်မိသည်။ ဤတွင်မက၊ သူနှင့်ကျွန်မမှာ အသွင်တခြားစီ ဖြစ်နေသည်။ အသုံးအဆောင်၊ အနေအထိုင်၊ အဝတ်အစားမှာ သူ့လိုမဟုတ်၍ သူ ကြိုက်ပါ့မလားဟုလည်း တွေးကြည့်သည်။ သူ့အကြိုက်လိုက်၍ သူ့လို ဖြစ်သလိုလည်း မနေနိုင်ပေ။ သပ်ရပ်သစ်လွင် သန့်ရှင်းစွာ နေတတ်သည့် စိတ်မှာ တစ်သက်လုံး ဖျောက်ဖျက်၍ ရမည် မဟုတ်ပေ။

ကျွန်မ၏ မိဘများ အတွက်ကလည်း ရှိသေးသည်။ သူ့အကြောင်းကို သေသေချာချာသိလျှင် ငြင်းဆိုကြမည် မဟုတ်ဟု ယုံကြည်စရာ ရှိသော်လည်း၊ သူ့ကို ကြည့်၍ အကဲခတ်လျှင် ဘယ်နည်းနှင့်မျှ သဘောတူလိမ့်မည် မဟုတ်ဟု ထင်မိသည်။ အခြားသော သမက်တွေနှင့် သူ့မှာ တစ်မျိုးတခြား၊ တစ်ဘာသာစီ ဖြစ်နေသည်။

သူတို့တစ်တွေမှာ မျက်နှာဖြူတွေနှင့် အလုပ် လုပ်နေကြ၍ ဘောင်းဘီဝတ်သည့် အခါလည်း ဝတ်သည်။ အနောက်နိုင်ငံစတိုင်နှင့် ခေတ်လူငယ်များပီပီ သည်ထည်ဝါဝါ နေကြသူတွေ ဖြစ်သည်။ သူ့လို ပင်နီကြမ်းကြီးကို မဝတ်ကြပေ။ သူလို ဘုန်းကြီးစီး ဖိနပ်ကြီးကို မစီးကြပေ။ သူလို အိမ်တော်ရာထီးကို မဆောင်းကြပေ။ ဦးထုပ်နှင့် ဘွတ်ဖိနပ်နှင့် ဘောင်းဘီနှင့် အချိုးအစားချင်း ကွာခြားလွန်း၍ မိဘ ဆွေမျိုးများ ငြင်းနေကြမည်လားဟု ပူပန်စရာ ရှိသည်။

ကျွန်မအဖို့၌ သူ့အဆင် သူ့အသွင်ကို နည်းနည်းမှ ထည့်မစဉ်းစားပေ။ လောက၌ မစစ်မမှန်သည်တွေကို အလှနှင့် ဖုံးထားသည်သာ ဖြစ်ကာ အမှန်အစစ်ကို တောက်တောက်လွင်လွင်တွေထဲက ရဖို့ခက်ကြောင်း သဘောကောင်းကောင်း ပေါက်ထားသူ ဖြစ်သည်။ သူ၌ လှသည်ဖြစ်စေ၊ အကျည်းတန်သည်ဖြစ်စေ ကျွန်မ ဘက်၌ ဘယ်လိုမှ ထူးခြားခြင်း မရှိရိုး အမှန်ဖြစ်သည်။

အိမ်သို့ ပြန်ရောက်သည်အထိ ကျွန်မ တစ်ချိန်လုံးလုံး အနာဂတ်ရှေ့ရေးကို အပြန်ပြန် အလှန်လှန် သုံးသပ်ဆင်ခြင် စဉ်းစား၍သာ နေသည်။ သူ့ထံသို့

ဆုံးဖြတ်ချက် မရေ သေးပေ။ ကျွန်မ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် သူ့ထံမှ အောက်ပါစာ ရောက်လာလေသည်။

"ဂျင်လေးဆီက ပြန်စာကို မျှော်နေတယ်" ဟု စာတစ်ရွက်တွင် ရေးပြီး၊ စာရွက် အလယ်တွေပေါ်တွင် အပေါ်က ပင်နှင့် ထိုးထားသည်။

ဂဏန်း ၇ ကို ဂဏန်း ၃ နှင့် သတ်ထားသည်မှာ ရန်ကုန်တွင် သူ သင်ပေးလိုက်သည့် ဒူးဂဏန်း ကြေးဂဏန်း၏ အဖြေကိုရှာသော "တင်လေး" ဟု ရေးလိုက်ခြင်း ဖြစ်သည်။

> သဘော်ကြီး ထွက်သွားသဖြင့်၊ ကြည့်၍ မဝနိုင်သော မျက်နှာကို မမြင်ရတော့သည့်အခါ တဖြည်းဖြည်း ထွက်ခွာသွားသော သဘော်ကြီးသည်ပင်လျှင် မိမိ၏ အသည်းနှလုံးကို ဆွဲငင်ယူဆောင်ဖွဲ့နှောင် ပတ်ရစ်သွားလေသကဲ့သို့ ထင်မိတော့သည်။ ခွဲရမည့်အချိန်နီးသည်ထက် နီးကပ်လာချေပြီဟု စိတ်တထင့်ထင့်နှင့် မျက်နှာချင်းဆိုင် ရပ်လျက်နေစဉ် တထိတ်ထိတ်ဖြစ်နေသော နှလုံးသည် သဘော်ကြီး ထွက်သွား၍၊ ထိုမျက်နှာကို ထိုမျှလောက်သော အခါကာလအတွင်း မြင်ရတော့မည် မဟုတ်ဟု သိရသည့်အခါ တဒိတ်ဒိတ်နှင့် အရှိန်ပို၍ ပြင်းလာသကဲ့သို့ ထင်ရသည်။ မောသလို ပန်းသလိုဖြစ်ပြီး၊ လမ်းလျှောက်၍မှ လျှောက်မှန်းမသိ ဖြစ်ပါဘိတော့။ ကျွန်တော့်စိတ်တွင် ဟာလာဟင်းလင်းကြီး ဖြစ်ကျန်ရစ်ပြီ။
>
> သဘော်ထဲ၌ တွေ့မြင်ရသော အမူအရာ၊ ကြားသိရသော အသုံးအနှုန်း တည်းဟူသော အာရုံတွေလည်း မျက်စိ၌ လည်းကောင်း၊ နား၌ လည်းကောင်း၊ အသစ်တစ်ဖန် ထပ်မံဝင်စားပြန်သဖြင့်၊ အသစ်တစ်ဖန် ပြန်၍ မြင်သိကြားနာ နေရတော့သည်။ "လှတန်ဆောင်မူ၊ မျက်တောင်ကော့ညွတ်သေး၊ စုတ်ဖြင့် ရေးသို့၊ ကြိုင်အေး ကတိုးရည်၊ ဟုံမျိုးကြည်၍၊ နတ်ပြည်မိုးသူဇာ၊ ပျံကျလာသို့၊ ရှုသာ တင့်စနိုး၊ လှမေါင်မိုးလျှင်၊ ပြစ်မျိုးမှဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင် လွန်းရောင်ဝင်း၊ လှမှန်ကင်းသို့၊ ညတွင်းဆည်းဆာတွင်၊ ကျွန်ုပ် မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့၊ မပြုံးတုံ့" ဟူ၍ အရှင်မဟာရဋ္ဌသာရ ရေးစပ်သွားခြင်းသည် သူ့အတွက် ပင် ကြိုတင်ရည်မှန်း၍ ရေးလေသလောဟုလည်း တွေးတောမိလေသည်။
>
> ဂျင်လေးရဲ့ အမူအရာတွေ ဖျောက်ဖျက်လို့မရဘူး ဂျင်လေး။ ဂျင်လေး ကျွန်တော့်ပေါ်မှာ သိပ်ပြီး ကြင်နာခဲ့သမျှဟာ ဒီမှာ





လွမ်းအားပိုဖို့ ဖြစ်လာတော့တာပဲ။ ဂျင်လေးကို စွဲလမ်းနေတာတွေဟာ လာတိုင်းလာတိုင်း ပြန်ခါနီးမှာ ကျွန်တော် ပြန်ပါဦးမယ် ဆိုပြီး မပြန်နိုင်တာဘဲ ကြည့်ပါတော့။ စကားပြောရတာ ဘယ်လောက်ပဲကြာကြာ အားရတယ်လို့ မရှိဘူး။ မျက်နှာကလေးကို ကြည့်ရတာ ဘယ်လောက်ပဲ ကြာကြာ ရောင့်ရဲတင်းတိမ်တယ်လို့ပဲ မရှိဘူး။ ညက ဂျင်လေး တံခါးနားထ လာပြီး မီးရပ်နားထောင်နေတုန်းကလေ လမ်းမီးကလေးကလည်း သစ်ကိုင်းသစ်ရွက်တွေကြားထဲက ပြောက်တိပြောက်ကျား ထိုးနေတော့ မျက်နှာကလေးဟာ သိပ်ပြီး ချစ်စရာကောင်းတာပဲ။ စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိဘူး။ အပုံကြီး ဣန္ဒြေဆည်ထားရတယ်။

ကမာရွတ် သွားတဲ့နေ့က တစ်နေ့ခင်းလုံး ဂျင်လေးနဲ့ သွားနေရပေမဲ့လဲ ဂျင်လေးကို သေသေချာချာ မကြည့်ရဲဘူး။ ဆရာမက ရိုက်မှာစိုးလို့။ ဆရာမကလေးက အင်မတန်ကို သွက်လက်တယ်။ အဲဒီဆရာမကလေးဟာ စကားတစ်လုံးမှ ထွေထွေထူးထူး မပြောဘဲနဲ့ အတတ်မျိုးစုံ သင်သွားသလိုပဲ။ ရဲရဲမကြည့်ဝံ့ဘူး။ ဆရာမကလေး အလစ်မှာ ဆရာမကလေးကို ခိုးပြီး ကြည့်ချင်တာတောင် မကြည့်ဝံ့ဘူး။

အိမ်ရောက်မှ စဉ်းစားပြီး ဆုံးဖြတ်လိုက်မယ် ပြောသွားတာ တွေးနော်။ အေးအေးဆေးဆေး တွေးပါ။ တွေးပြီးမှ ဆုံးဖြတ်မှာကို သဘောကျရတာပ ခင်ဗျား။ သဘောကျရတာပ။

"ကျန်းမာရေးကို မေ့နေတယ် မှတ်တယ်။ ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ ပြန်ကြည့်ပါဦး။ မျက်နှာ ဘယ်လောက်ကျသလဲ" ဆိုသွားတာ။ ဟုတ်တယ်၊ မှန်ကြည့်ရဦးမယ်။ မှန်လည်း မကြည့်မိပါဘူး ဂျင်လေးရယ်။ ခေါင်းဖြီးရင် ဆံပင်သာ ကြည့်ခွဲလိုက်တာပဲ။ မျက်နှာကို ဘယ်တော့မှ ဂရုစိုက်ပြီး မကြည့်မိဘူး။ ဆရာမ ပြောသွားတဲ့ ဩဝါဒကို လိုက်နာပါ့မယ်။ လိုက်နာနိုင်သမျှ လိုက်နာပါ့မယ်။ ဆရာမလည်း အထူး သတိပြုပြီး ကျန်းမာရေးကို ဂရုစိုက်ပါဦး။ ဆရာမ ကိုယ်တိုင် လဲနေပါဦးမယ်။

ဂျင်လေး လက်ဆောင်ပေးတဲ့ အထုပ်ကို မနေ့က ဖွင့်ကြည့်တယ်။ လှလိုက်တဲ့ဖြစ်ခြင်း။ မစီးရက်နိုင်ဘူး။ ဘယ်သူနဲ့ ဘယ်သူ့ကို ပေးလိုက်ပါလို့ ကျွန်တော့်သူငယ်ချင်း သိန်းမောင်ကိုပြောတော့ "ဟာ ...မလုပ်နဲ့၊ သူက တမင်ဝတ်စေချင်လို့ ပေးတာ။ သူများ ပေးပစ်လို့ ဘယ်တော်မလဲ" လို့ ပြောနေတယ်။ ဒီဖိနပ်ကို မစီးတတ်တဲ့

ဝါသနာကြောင့် တစ်ယောက်ယောက်ကို ပေးပစ်လိုက်ပါရစေ ဂုဍ်လေးရယ်။ လက်ဆောင်ပေးတယ် ဆိုတာကို ဘယ်တော့မှ မမေ့ပါဘူး။ ကျွန်တော် ဘယ်တုန်းကမှ ဒါမျိုး မစီးပါဘူး။ အရင်ကဆိုရင် မော်လမြိုင်က လုပ်တဲ့ ညှပ်စီးရတဲ့ ခုံဖိနပ်ကြီးတွေကိုပဲ ဝယ်စီးပါတယ်။ အဲဒီဖိနပ်မျိုး ပေးခဲ့တယ် ဆိုရင်တော့ ဘယ်သူ့မှ ပေးမပစ်ပါဘူး။ တရိုတသေ စီးမှာပါပဲ။ အခုပေးခဲ့တဲ့ ပိန်းတန်းဖိနပ်က ခုံဖိနပ်မျိုး မဟုတ်လို့ မစီးတတ်ပါဘူး။ ဒါကြောင့် ပေးပစ်လိုက်ပါရစေ။

ရန်ကုန်ကို ပြာသိုလမှာ လာခဲ့မယ်ဆိုတာ ပြာသိုလဆိုတာ အဝေးကြီးပဲနော်။ လက်များချိုးပြီး ရေကြည့်ပါဦး။ အခုအခါမှ တန်ခူး ရှိသေးတယ်။ ပြင်ဆင်ချက်ကလေးများ ပြုပါဦးလို့ တောင်းပန်ပါရစေ ဂုဍ်လေး။

ဆုံးဖြတ်ချက်ကြီး ပို့လိုက်မယ်ဆိုလို့ အခုက မျှော်နေပြီ။ လက်ရေးသေးသေးလေး ရေးနော်။ သူများလက်ထဲ ရောက်သွားမှာစိုးလို့ Registered လုပ်ပို့ပါလို့တောင် မှာချင်တယ်။ သိပ်ပြီး အလိုက်မသိရာ၊ သိပ်ပြီး အားမနာရာ၊ သိပ်ပြီး မညှာတာရာ ရောက်နေမှာမို့ သိပ်ပြီး မပြောဝံ့ဘူး။ လုံလုံခြုံခြုံနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်စေချင်တာပဲ။

ဂုဍ်လေး ဆုံးဖြတ်ချက်ကို ကြားရတော့မှာမို့ တထိတ်ထိတ်ပဲ။ ဒီဂရီကို ကြာသပတေးနေ့မှ မျှော်လင့်ရမယ် ထင်ပါရဲ့။

တော်ဦးမယ် ဂုဍ်လေး။ စာကို ဆက်ပြီး ရေးတော့ ရေးချင်သေးတာပဲ။ နို့ပေမဲ့ သိမ်ကြီးဈေး မီးလောင်တာက တစ်မျိုး၊ အူထဲ အသည်းထဲမှာ မီးလောင်နေတာက တစ်မျိုးနဲ့။ တော်ဦးမယ် ဆရာမလေးရယ်။

ချစ်မောင်

၂၃၊ ၃။

သူသည် ပြန်စာကို စောင့်မျှော်နေလေပြီ။ သူ့ကို စာပြန်ရန် တာဝန်ရှိနေသည်။ ပြန်ရမည့် စာကလည်း ဆုံးဖြတ်ချက်ကို ပြန်လိုက်ရမည့်စာ ဖြစ်၍ အရေးကြီးသည့် စာကို ပြန်ရပေလိမ့်မည်။

တစ်ညလုံး မအိပ်မနေ အထပ်ထပ် တွေးနေမိသည်။ မျက်စိထဲတွင် သူပေါ်နေသည်မှာလည်း ပျောက်၍မရအောင် ဖြစ်သည်။ သူပြောလိုက်သည့် စကားတွေသည်လည်း နားထဲတွင် ပြန်ကြားနေရသလို ကြားယောင်လျက် နေသည်။





မှုမမှုအရာတွေနှင့် ပတ်သက်၍ ချစ်စရာ တစ်ကွက်မျှ မတွေ့ရသော်လည်း၊ မှုစိတ်ထားနှင့် သူ့အကျင့်မှာ မြတ်နိုးဖွယ်ရာကြီး ဖြစ်နေသည်။ တွေးရင်းတွေးရင်း တစိမ့်စိမ့် တသက်သက် မြတ်နိုးလို့လာသည်။ တစိမ့်စိမ့် တသက်သက် ကြည်ညိုလို့ လာသည်။ ထိုစိတ်မျိုးတွေ ဖြစ်ပေါ်လာကုန်သည့်အပြင် သူ့အပေါ်တွင် ထားမိသည့် စိတ်ကား လှိုက်လှိုက်လှဲလှဲ အဖြစ်ဆုံး ဖြစ်လေသည်။ သူ့ကို ထားသည်မှာ တွေ့စကတည်းက ဖြစ်သည်။ ရွံ့ညွန်ထဲတွင် နစ်နေသည့် ကျောက်ကောင်းတစ်လုံးလို နမြောမိသည်မှာလည်း တွေ့စကတည်းက ဖြစ်သည်။ ပျက်စီးမှာမည်ကို ပူပန်သည်မှာလည်း တွေ့စကတည်းက ဖြစ်သည်။ သူ့အပေါ်တွင် ကြိမ်ကြိမ် အဖန်ဖန် ကြောင့်ကြပူပန် သနားလာသည့် ကရုဏာခံ ရှိပြီးဖြစ်၍၊ ယခုတွင် ဤကရုဏာခံ ပင်ရင်းပင်မကြီးမှ မေတ္တာခက်၊ မေတ္တာရွက်၊ မေတ္တာပန်းပွင့် တစ်ပြိုင်တည်း ထွက်ပေါ် ပွင့်လန်းလာကုန်သည်။

သို့သော် ပွင့်လန်းလာသော မေတ္တာသည် ခိုင်မြဲစွာ ရှိနိုင်ပါ့မလားဟု ပြန်စဉ်းစားလိုက်သည့်အခါ အမြဲတမ်း မညှိုးမနွမ်း ထားနိုင်လိမ့်မည်ဖြစ်ကြောင်း ကိုယ့်စိတ်ကို ပိုင်ပိုင်ကြီး ယုံကြည်စိတ်ချသွားသည်။ သူ့ကို မေတ္တာထားသည်မှာ ကိုယ့်ပြည်ကို မေတ္တာထားသည်နှင့် အတူတူပင် ခရီးရောက်မည်ဟု ကိုယ့်မေတ္တာကို ကိုယ်ပင် ပြန်၍ မြတ်နိုးကြည်နူးမိသည်။ ရှေ့တွင် မိမိ၏ စိတ်ဆင်းရဲခြင်း၊ ပင်ပန်းခြင်းကို ပဓာန မထားတော့ဘဲ သူ၏ စိတ်ချမ်းမြေ့ရေးနှင့် ယောကျ်ားကြီးတစ်ယောက် ဖြစ်ဖို့အရေးသာ အဓိက ထားလိုက်ကာ သူ့ကိုယူရန် ဆုံးဖြတ်ချက် ချလိုက်သည်။

## ၁၂ ။ မတင်တင် ရေ့

နက်လင်းရောင်ခြည် ထွက်လာမှ အိပ်ရာမှထကာ လမ်းလျှောက်ထွက်သွားသည်။ ညင်းမှိုင်းလေးလံသောစိတ်များ တစ်စမကျန် လွင့်စဉ်ပျောက်ပျက်သွားကုန်ပြီဖြစ်၍ စိတ်နှလုံး ကြည်ကြည်လင်လင် ရှိနေလေသည်။ စောစောစီးစီး ရှုရှိုက်ရသည့် လေသည်လည်း လန်းဆတ်လွန်း၍ ကြည်လင်နေသည့် စိတ်နှလုံးကို အားရသွားသည်။ အားရပါးရ ပြင်းပြင်းရှုရှိုက်ရင်း သွက်သွက်ကြီး လျှောက်သွားမိသည်။ သူ၏ နှလုံးထဲသို့ မကြာခင်ပင် စိမ့်စီးဝင်သွားမည့် မေတ္တာတွေမှာ တစ်ပြင်လုံး ပြည့်လျှံတက်နေပြီကို သူ သိဦးမည် မဟုတ်ပေ။ ယနေ့သည် သူ့ထံသို့ အကြောင်းပြန်ရမည့်နေ့ ဖြစ်ပေသည်။

လမ်းလျှောက်ရာမှ ပြန်ရောက်လျှင် အခန်းထဲတွင် ဒေါ်ဒေါ်မရင်ကို တွေ့ရ

လေသည်။ စိတ်ထဲတွင် အတားအဆီးမရှိ၊ မည်မျှပင် ပျော်ရွှင်ချမ်းမြေ့သွားသနည်းဟူမူ ဒေါ်ဒေါ့်ကို နောက်ချင်သည့် စိတ်တွေပင် ပေါက်လာသည်။

'ဒေါ်ဒေါ်၊ ကျွန်မ ဘိလပ်ပြန် အိုင်စီအက်တစ်ယောက်နဲ့ လက်ထပ်တော့မယ်'

'ဟင် ... ဘယ်သူလဲ၊ ဘယ်ကလဲ'

'ဒီလိုပေါ့၊ ဘိလပ်ပြန်လေ၊ ဝမ်းမသာဘူးလား'

'တကယ်လား၊ လိုက်ပါတယ်။ တင်တင်ကလည်း ဘိုဆန်ဆန်၊ ဟိုကလည်း ဘိလပ်ပြန်ဆိုရင် လိုက်ပေါ့။ ဝမ်းသာတယ်'

'လူတွေက ကဲ့ရဲ့နေကြဦးမှာလား'

'အမယ်လေး၊ ဘိလပ်ပြန် အိုင်စီအက်ပါဆိုမှ ဘယ်လာကဲ့ရဲ့ပါ့မလဲ။ ဒါမှ ရှေ့သွားနောက်လိုက် ညီမှာပေါ့၊ ဘယ်သူလဲ တင်တင်ရယ်၊ ဝမ်းသာလိုက်တာ'

'ကျွန်မဟာ ဘိလပ်ပြန် ဘောင်းဘီဝတ်နဲ့မှပဲ ရှေ့သွားနောက်လိုက် ညီသလား ဒေါ်ဒေါ်ရယ်။ ဘုန်းကြီးလူထွက်နဲ့ကော ရှေ့သွားနောက်လိုက် မညီဘူးလား'

'ကြံကြံဖန်ဖန်၊ တင်တင် ယူမလား'

'ဘယ်လို ထင်သလဲ'

'တော်စမ်းပါ၊ နောက်မနေစမ်းပါနဲ့။ ဘယ်သူလဲ၊ ဒေါ်ဒေါ် သိပါရစေ'

'ဘုန်းကြီးလူထွက်နဲ့'

'သြော်၊ တင်တင်ကလည်း ပြောစမ်းပါ၊ ဘယ်က အိုင်စီအက်လဲ'

'အိုင်စီအက်လည်း မဟုတ်ဘူး၊ ဘိလပ်ပြန်လည်း မဟုတ်ဘူး။ ယူမှာကတော့ တကယ့်ကို ဘုန်းကြီးလူထွက်ကြီးပဲ'

'နောက် နောက်'

'သြော် ... တကယ် တကယ်'

ဒေါ်ဒေါ်သည် မချင့်မရဲ ဖြစ်သည့်စိတ်ဖြင့် 'နို့ ... ခုနက အိုင်စီအက်ဆို' ဟု အောင့်သက်သက် မျက်နှာဖြင့် ပြန်ပြောသည်။

'ဒေါ်ဒေါ့်ကို နောက်နေတာပါ။ ကျွန်မ ဘုန်းကြီးလူထွက်ကြီးကို ယူဖို့ ဒီနေ့ တကယ့်ကို ဆုံးဖြတ်လိုက်ပြီ'

'ဘယ်ကလဲ တင်တင်ရယ်' ဟု စိတ်မချမ်းမသာ ဖြစ်စွာဖြင့် မေးလေသည်။

'ဒေါ်ဒေါ် သိချင်လား။ ဦးချစ်မောင်လေ၊ ဦးချစ်မောင်ကို ယူဖို့ ဆုံးဖြတ်လိုက်ပြီ'





'သြော် ...'

'ဘယ့်နှယ်၊ ရှေ့သွားနောက်လိုက် မညီဘူးလား ဒေါ်ဒေါ်'

ဒေါ်ဒေါ်သည် ခွက်ထိုးခွက်လန် ရယ်နေကာ ကျွန်မလည်း သူနှင့်အတူလိုက်၍ ခွက်ထိုးခွက်လန် ရယ်ရသည်။

'ခင်တာသာ သိတာ၊ ကြိုက်လိမ့်မယ်လို့ ထင်ကို မထင်မိဘူး။ အဆန်းပဲ၊ အဆန်းပြောကြတော့မှာပဲ။ အဟုတ်ပဲ ယူမှာလား။

'သူနဲ့ဆိုရင် သဘောမတူစရာ မရှိပါဘူး။ လူက လူရိုးပဲ၊ သဘောကျပါတယ်။ တင်တင် သူ့ကို မေတ္တာရှိတယ်လား'

'အသည်းထဲကရော၊ အူထဲကရော ဆိုပါတော့'

ကျွန်မသည် စာရေးရန် အောက်သို့ ဆင်းခဲ့သည်။ ဒေါ်ဒေါ်လည်း အပေါ်ထပ်တွင် ဟက်ဟက်ပက်ပက် ရယ်ကျန်ရစ်ခဲ့သည်။

ယနေ့ သူ့ထံသို့ ရေးပြန်လိုက်သောစာကို တစ်နေ့လုံး စာတိုက်သို့ စာတွေမပွားမီ အချိန်အထိ ဖတ်ပြီးရင်းဖတ်ရင်း ဖတ်နေသည်။ ဤစာကို ကျွန်မအကြိမ်ကြိမ် ဖတ်သလို နောက်တစ်နေ့တွင် သူလည်း ဘယ်နှကြိမ်ဖတ်မည်မသိပေ။

ပြန်စာ ထည့်လိုက်ပြီးနောက် အချိန်တွေ ကုန်ပါတော့၊ သူ့ဆီက ပြန်စာရောက်မည့် သန်ဘက်ခါ မြန်မြန်ရောက်ပါစေတော့ဟုသာ တောင့်တ မျှော်လင့်နေပေသည်။

စာဝေချိန်တွင် သူ့ထံမှ ပြန်စာရကာ ဖွင့်မဖတ်ခင် ဝမ်းသာလွန်း၍ တုန်နေမည်။ ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း မတင်တင်ဟု အစကို သွားမြင်၍ စိတ်ထဲတွင် ထောင့်သွားလေသည်။ သို့သော် စာမှာ–

မတင်တင်

မတင်တင်ကို ပြန်တောင် ပြောမပြချင်ဘူး၊ သူရေးလိုက်တဲ့ စာကြောင်းကလေးတွေကို ဘယ်သူ့ကိုမှ ပြောမပြချင်ဘူး။ ပြောမပြချင်ဘူး ဆိုပေမဲ့လည်း ပြောချင်တာပဲ။ သူကလေးက သိလား၊ ဘယ့်နှယ် ရေးတယ် မှတ်သလဲ။

ဦးချစ်မောင်ကိုယူရန် ဆုံးဖြတ်ချက် ချလိုက်ပါပြီတဲ့ ခင်ဗျ။ ဒီနေ့ကစပြီး တစ်ယောက်တစ်ယောက် သဘောစိတ်နေလည်း သိကြပြီး ဖြစ်တဲ့အတိုင်း တစ်ယောက်အမှားကို တစ်ယောက်ပြင်ပြီး တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ ခိုင်မြဲကြမယ့် မေတ္တာမွန် မေတ္တာမြတ်ကြီးကို ဘယ်တော့မှ အလွဲသုံးစား မလုပ်ကြဘဲ၊ သစ္စာရှိရှိ ကတိတည်တည်

မေတ္တာနောင်ကြိုး ခိုင်ခိုင်ချည်ကြဖို့ပဲ ရှိပါတော့တယ်တဲ့ ခင်ဗျာ။ မသင့်လား ခင်ဗျာ။

ဒါတင် မကသေးဘူး ခင်ဗျ။ စိတ်အေးသွားပြီ မဟုတ်လား၊ ဝမ်းသာသွားပြီ မဟုတ်လား။ တင်လေး ဒီဆုံးဖြတ်ချက်ကို နောက်တစ်ခါ မပြင်ပါရစေနဲ့၊ တင်လေး မပြင်နိုင်အောင် ထားရှိတဲ့ မေတ္တာကို ဆထက်တိုးဖို့ရာသာ ကြိုးစားပါနော် တဲ့ဗျာ။ ချစ်စရာနော်။

တစ်ခါ သူက မလိမ္မာတာ မနှစ်သက်တာ ရှိခဲ့လျှင် ဒီအချစ်ကို ဘာမှ မထိနိုက်ဘဲနှင့် တခြား ဆုံးမစေချင်တယ်၊ မလိုက်နာဘူးဆိုရင် တင်လေးဟာ တကယ်မချစ်လို့လို့ ယူဆပါပေတော့ တဲ့။ သိပ်လိမ္မာတာပဲနော်။

ပြီး ငါ ဒီတစ်သက်မှာ ငါ့အလိုနဲ့ ဆန့်ကျင်ခြင်း မရှိ၊ အလိုအလိုက်သိသူ တစ်ယောက်နှင့် တွေ့ရလေပြီဟု ကြိတင်၍ ဝမ်းသာထားနှင့်ကလည်း လွဲမယ်တော့ မဟုတ်ပါဘူး တဲ့။ ကိုင်း လိုလေသေးရှိသေးသလား ခင်ဗျာ။ သောကြာနဲ့ ကြာသပတေး ပူးခြင်းကြောင့် မယားကောင်း ရမည်ဆိုတဲ့ ဗေဒင်ဆရာတော့ လက်တိုက်ပေတော့မှာပဲ။

ဒို့ပြင်လည်း ရှိသေးတယ် ခင်ဗျ။ ကျွန်တော် မတင်တင်ကို မပြောနိုင်ဘူး။ သူ ရေးတာကလေးတွေ လုံးစေ့ပတ်စေ့ အကုန်မပြောနိုင်ဘူး။ သူ ရေးလိုက်ပုံကလေးက ဘယ်လောက်ချစ်စရာကောင်းတယ်ဆိုတာ ကျွန်တော်ကလွဲပြီး ကျွန်တော် ဘယ်သူ့ကိုမှ ပြောမပြနိုင်တာတွေလည်း ရှိသေးတယ် ခင်ဗျ။

ကျွန်တော်ကလေ ကျွန်တော် သူ့ဆီကို ဒီည ပြန်စာရှည်ရှည်ကြီး ရေးပြီး နက်ဖြန် Register လုပ်လိုက်မယ် ဆိုတဲ့ သတင်းကို မတင်တင်ရေ့ တင်ကလေးကို ပြောပြလိုက်စမ်းပါ၊ တစ်ဆိတ်ဟစ်ဆိတ်။

**ချစ်မောင်**

၂၆၊ ၃။

## ၁၃ ။ ဝန်ထုပ်ကြီး ကျသွားခြင်း

ဘယ်သော[illegible]များ တေးထားခဲ့သည် မသိ၊ ယခုအခါတွင် ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ၊ ကဗျာဆရာကြီးလုံးလုံး ဖြစ်နေလေပြီ။ သူ့ကို သဘောတူကြောင်း အကြောင်းပြန်လိုက်သည့် နေ့ရက်မှစ၍ သူ့ထံမှ စာများမှာ ကဗျာချည်းလိုလို





ဖြစ်နေလေပြီ။ နေ့စဉ်ပင် သူ့ထံမှ စာမှန်မှန်ရောက်သည်။ ကျွန်မလည်း သူ့ထံကို စာမှန်မှန်ထည့်သည်။ တစ်ယောက်နှင့်တစ်ယောက် စာတွေကို အတိုအရှည် ပြိုင်ရေးနေကြလေသည်။

ယခင်က မည်သည့်ကဗျာဆရာက မည်ပုံရေးစပ်သည်ဟု ကဗျာပိုဒ်တွေကို ကောက်နုတ်ချက်များ ထည့်သွင်းဖော်ပြသေးသည်။ ယခုတွင် သူတစ်ယောက်တည်း ဒိုင်ခံပြီး ရေးစပ်ပို့ပေးနေသည်။ ကဗျာ ဆည်းပူးစဉ်က တစ်နေ့နေ့တွင် ဤလိုကဗျာမျိုး ရေးခွင့်ပေါ်လျှင် ဘယ်လိုဖွဲ့နွဲ့လိုက်မည်ဟု စိတ်ကူးရှိထားသမျှ မှတွင် အခွင့်ကြုံနေချေပြီ။ ရတု၊ ရကန်၊ ဒွေးချိုး၊ လေးချိုး၊ မယ်ဘွဲ့၊ မောင်ဘွဲ့ သွားအမျိုးမျိုးဖြင့် လှည့်ပြောင်းဖွဲ့စပ်နေသည်။ တစ်ခါတစ်ရံ စကားပြေတစ်လုံး မရေးဘဲ စာတစ်စောင်လုံးလုံးကို မေတ္တာစာ ရေးပို့သည့်အခါလည်း ရှိသေးသည်။ ထို့ပြင် ဆိုလိုချင်သည့် အဓိပ္ပာယ်တွေကို ရိုင်းရာမကျအောင် ဝှက်ပြီးစပ်သွားသည့် ကဗျာတွေလည်း ပါသေးသည်။ သူသည် အချစ်နှင့်ပတ်သက်၍ စိတ်ထဲမှာ ရှိသမျှ ဖြစ်သမျှ စပ်ဆိုသည့် ကဗျာတွေကို နောက်နောက်က တစ်ခါမျှ မရေးခဲ့ဖူး၍ ယခုလောက် ရေးနိုင်လိမ့်မည် မထင်ကြောင်း ပြောသည်။

တစ်ခါတစ်ခါလည်း သူ့စာများမှာ ကဗျာချည်း ဖြစ်နေ၍ သူ့ဟာသူပင်–

ကိုကိုတစ်ယောက်ဟာ ဘုရားလက်ထက်က ကာဠုဒါယီ ရဟန်းကြီးနဲ့ တူမနေဘူးလား။ ကာဠုဒါယီ ရဟန်းကြီးဟာ မင်္ဂလာအခါ မင်္ဂလာသဘင် ဆင်ယင်ပြီ ဆိုမှဖြင့်၊ အနိစ္စသံဘောတရားများကိုသာ ပြောကြားသတဲ့။ အသုဘ အခမ်းအနားများကျမှဖြင့် မင်္ဂလာရှိပေ့ဆိုတဲ့ စကားများကို ရွေးချယ်သုံးစွဲရော တဲ့။ အဲဒီလို အခါနှင့်မတော်မသင့်၊ မသင့်မလျော်တာတွေချည်း ပြောတဲ့အတွက် လူတကာကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရသတဲ့။ ကိုကိုဟာ ဒီလိုများ ဖြစ်တယ်ထင်ရင် ဒါမှမဟုတ်လို့ ငြီးငွေ့နေရင် ပြောနော်။

ရေးသေးသည်။

တစ်ခါတွင် ကျွန်မထံသို့ ကေပိုဒ်ရတုတစ်ပုဒ် စပ်ပြီးထည့်လိုက်သည်။ ဤကဗျာအတိုင်းဆိုလျှင် ဤအတိုင်း ဖြစ်မှာပါပဲဟု ပြန်ကြားဝန်ခံလိုက်ပါက လက်၍ အဖြည့်ခံရတုနှင့် ပိုဒ်စုံရတု ရေးပို့လိုက်မည် ပြောသည်။

သူ့ကေပိုဒ်ရတုမှာ–

ကိုကို ကိုကို၊ အို ...ကိုကို ဟု၊ ဆိုဆိုလျက်ပင်၊ မယ့်သခင်လည်း၊ သည်တွင်ပျော်ဖွယ်၊ သည်ဝယ်ပျော်ဖို့၊ သည်သို့ပျော်ခန်း၊ အသိဆန်းလျက်၊ ချစ်ပန်းရွယ်ချူ၊ ချစ်မည်ဟူ၍၊ ချစ်မူချစ်ဇော၊ ချစ်သဘော

ဖြင့်၊ နှစ်မျှောစည်းစိမ်၊ အချစ်မြိန်၍၊ ကြိမ်ကြိမ်ထပ်ထပ်၊ အချစ်ဓာတ်ဝယ်၊ ရစ်ပတ်ရောထွေး၊ သုံးသပ်သေးလည်း၊ ချစ်ရေးမကုန်၊ ရှိပါတုံခဲ့၊ ဖျစ်ငုံချစ်ပန်း၊ ညွန့်ညွန့်လန်းလည်း၊ ကြည့်စမ်း ကိုကို၊ ဟင်အင့် ဆိုလျက်၊ နာလိုရွှေစိတ်၊ ဘယ်မညိတ်ခဲ့၊ ယိုဖိတ် မေတ္တာ၊ ရှိတိုင်းသာတည့်၊ စိတ်ပါကိုယ်လက်၊ သူ ချေဖျက်၍၊ လွမ်းခက်ရိုးတံ၊ ချည်းသာကျန်သည်၊ ရင့်သန်စွာလှ နှောင့်မေတ္တာ။

"ကိုယ့်အစပ်နဲ့သာ ကိုယ်စပ်ချင်ရာ ကိုယ်စပ်ပါလေ။ သူများကို နယ်လွန်ပြီး ဆွဲမထည့်ပါနဲ့။ အဖြည့်ခံလည်း မဖတ်ပါရစေနဲ့။ ပိုဒ်ရန်လည်း မဖတ်ပါရစေနဲ့"ဟု စာရေးပြန်လိုက်မှ ကျွန်မက စပ်ဆိုသည့် ဟန်များကို ကိုယ်ရှိန်သတ်သွားကာ သူ့ ဘာသာသူသာ ဖွဲ့နွဲ့စပ်ဆို ရေးပို့နေလေသည်။

ဤလိုနှင့် မပြီးဘဲ လူကြီးများအား အသိပေးရန်ကိစ္စ ကျွန်မတွင်ရှိ၍ သူ့အား တိုင်ပင်ကြည့်သည်။ ထိုအခါ ကျွန်မကို တောင်းရမ်းဖို့ကိစ္စမှာ သူ့တွင် ပိုက်ဆံ တစ်ပြားမျှမရှိ၍ အခက်ကြုံနေပြီဖြစ်ကြောင်းကို ငိုချင်းရှည်ကြီးတစ်ပုဒ် ရေးပို့လိုက်သည်။ ကျွန်မက "ဒီကိစ္စကို စင်တော်ကြီးများ အောက်မေ့နေသလား" ဟု ရေးလိုက်မှ ကောင်းကောင်းမွန်မွန် ပြန်ရေးသည်။ မင်္ဂလာဆောင်သည့်အခါတွင် ကျွန်မကို ဂုဏ်ရှိသော သူတစ်ယောက်အနေနှင့် "ကြီးကြီးကျယ်ကျယ် တစ်ခမ်းတနား လုပ်ဖို့ကို ဘယ်လိုနည်းနှင့်မျှ သဘောတူမှုနိုင်မှာ မဟုတ်ဘူး" ဟု ရေးပို့လိုက်သည်။ မြန်မာ့အလင်းသတင်းစာတွင် ကျွန်မ ရေးပို့သော ဆောင်းပါးကို ဖတ်ရကတည်းက "ဆိုင်းတွေ ဗုံတွေနဲ့ မင်္ဂလာမဆောင်ချင်မှန်း သိပါတယ်ခင်ဗျာ၊ ကျေနပ်ပါတယ်။ ဒီကလည်း ဒီလိုပါပဲ" ဟု ပြန်ကြားကာ ဤကိစ္စတွင် နှစ်ယောက် သဘောတူသွားကြသည်။ မိဘများက ဤလို တိုးတိုးကိတ်ကိတ် မင်္ဂလာဆောင်မည်ကို ခွင့်ပြုပါမည်လားဟု သူ ပူပန်မိသည်။ ဤအရေးကို ကျွန်မတို့ စိတ်တိုင်းကျဖြစ်အောင် ကြိုးစားမည်ဟု စာပြန်ကြားလိုက်သည်။

သီတင်းကျွတ်လျှင် လက်ထပ်ချင်သည်။ သို့သော်လည်း ပိုက်ဆံတစ်ပြားမျှ မရှိ၍ အကြံပေးပါရန် သူ တောင်းပန်သည်။ မင်္ဂလာဆောင်လျှင် ကုန်ကျမည့်ငွေကို ဘယ်ငွေ ဘယ်မျှ ခန့်မှန်းပြီး ရေးလိုက်ရန် မှာသည်။ ခန့်မှန်းပေးလိုက်သည့်ငွေကို သူ ရှာရမှာပဲဟု တေးထပ်ကလေးနှင့် ညည်းပြလိုက်သည်။ သူ့ဖခင်နှင့် အစ်မကြီးတို့ အုတ်ဖိုမြို့က ရောက်လာကြ၍ ကျွန်မနှင့် ယူမည့်အကြောင်း ပြောပြရာ အားလုံးက သဘောကျကြောင်း ထည့်ရေးလိုက်သည်။

မင်္ဂလာဆောင်မည့်ကိစ္စ လိုပါသေးသည်၊ ဘိုကလေးသို့ အလည်တစ်ခေါက် လာပါဦးဟု စာရေးမှာကြားလိုက်သည်။ ဘိုကလေး၌ သူ၏အသိ မြို့အုပ်





ဦးချစ်တင်ရှိ၍ ၎င်းအိမ်တွင် တည်းခိုကာ ကျွန်မတို့အိမ်သို့ အလည်လာရန် ဖိတ်စဉ်ပေးလိုက်သည်။ သို့မှသာ ပထမ အိမ်သူအိမ်သားများနှင့် မိတ်ဖွဲ့ပေးနိုင်လိမ့်မည် ဖြစ်ပေသည်။

သောကြာနေ့ည ရန်ကုန်မှ သူလိုက်လာ၍ စနေနေ့ မနက်တွင် ဘိုကလေးသို့ သူရောက်လာသည်။ စနေနေ့ည သင်္ဘောနှင့် သူ ပြန်မည်ဖြစ်၍ ဘိုကလေးတွင် တစ်နေ့သာ နေနိုင်သည်။

မြို့အုပ်ဦးချစ်တင်၏အိမ်မှာ ကျွန်မတို့တိုက်နှင့် တစ်အိမ်ခြားတွင် ရှိသည်။ သတင်းစာတိုက်က အယ်ဒီတာ အလည်လာလိမ့်မည် ဖြစ်ကြောင်းကို အိမ်သူအိမ်သား ညီအစ်ကို မောင်နှမများအား အသိပေးထားလိုက်သည်။ ထမင်းကျွေးရန်လည်း ပြင်ဆင်ထားသည်။

နံနက်စောစောပင် ရေထချိုးလျက် အပေါ်ထပ် အခန်းထဲတွင် စာထိုင်ဖတ်ရင်း သူအလာကို စောင့်မျှော်၍ နေရသည်။

အပြင်ဘက် ခန်းမကြီးမှ ချာပရာစီကုလားနှင့် ကျွန်မ တူမကလေး ကြည်ကြည်တို့ ဆူညံဆူညံ ဖြစ်နေကြ၍၊ စာဖတ်ရာမှ နားစိုက်ထောင်လိုက်သည်။

'အောက်မှာ လူတစ်ယောက် လာတယ်၊ ခေါင်းငုံ့လာတယ်။ ထိုင်ပါပြောတယ်၊ မထိုင်ဘူး။ ခေါင်းငုံ့ပြီး မတ်တတ်ရပ်နေတယ်။ အလှူလာခံတဲ့ လူမျိုးလည်း မဟုတ်ဘူး၊ လူတစ်မျိုးပဲ အစ်မ။ လာပါဦး၊ လာကြည့်ပါ'

'ဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်း မမေးဘူးလား'

သူတို့ ပြောနေသံကြောင့် သူမှန်း ချက်ချင်းသိလိုက်သည်။ ကျွန်မတို့ အဏ်တိုက်က ချာပရာစီကုလားမှာ ချာပရာစီ ရုံးဝတ်တန်ဆာများ ဆင်ယင်ဝတ်စားထားလျက် အလွန်ခံ့သည့် ကုလားကြီးဖြစ်သည်။ လူအမြင် ခံ့ရုံမက၊ မြန်မာစကားကိုလည်း ရေရေလည်လည် ခံ့ခံ့ကြီး ပြောတတ်သည့် ကုလားကြီးဖြစ်သည်။ ကုလားသံမပျောက်ဘဲ မြန်မာလို ရေရေလည်လည်ဖြင့် လူပုံပန်းပြောင်ပြနေသည်ကို ကြည်ကြည်တို့ ဝိုင်းရယ်နေကြသည်။

ကပျာကယာ အောက်ထပ်သို့ ပြေးဆင်းသွားသည်။ အပေါက်ဝတွင် ခေါင်းကြီးငုံ့၍ ရပ်နေသော သူ့ကို တွေ့ရသည်။ စာအုပ်ကို ဂျိုင်းတွင်ညှပ်ထားသည်။ အိမ်တော်ရာထီး အရိုးတံကို လက်နှစ်ဖက်နှင့် ဆုပ်ထောက်လျက် ခေါင်းငုံ့ထားသည်။ ပုဆိုးတိုတို ဝတ်ထားကာ ဘုန်းကြီးစီး ဖိနပ်ကြီးမှာ ကွင်းကွင်းထင်ထင်ထင်းကြီး ပေါ်နေသည်။

သူ့ဆီသို့ ပြေးသွားကာ ဧည့်ခန်းသို့ ခေါ်သွင်းလာခဲ့သည်။ သူ့ဖိနပ်ကြီးကို ကော်ဇောနားတွင် ချွတ်ပြီးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကျွန်မက ဖိနပ်ကို

ကောက်ယူ၍ အဟောင်းစွပ်ထားရန်ပြောမှ အားနာနာနှင့် ကော်ဖောပေါ်တွင် ဖိနပ်စွပ်ထားသည်။

'အိမ်ပရောက်မှ လှည့်ပြန်ရသေးတယ်ဆို' ဟု မေးသည်ကို ကျွန်မအား အဖြေမပေးဘဲ ပြုံးနေသည်။

ဖေဖေ မိတ္ထီလာတွင် ရှိနေသေး၍ ဖေဖေနှင့် မိတ်ဖွဲ့မပေးလိုက်ရပေ။ အစ်ကို၊ ညီမတွေနှင့်သာ မိတ်ဖွဲ့ပေးရသည်။

တစ်ချိန်လုံး စကားကို အပိုတစ်လုံးမျှ မပြောဘဲ သူများ မေးသမျှသာ တိုတောင်းစွာ ဖြေပြောနေသည်။ သိက္ခာကြီးနှင့် ခေါင်းငုံ့စိုက်နေသည်။ ထမင်းကျွေးသည့်အခါလည်း အနည်းငယ်ပင် စားသည်။ သူ့ကို ဂရုတစိုက် ကျွေးမွေးညှဉ့်ခံနေသည့်အတွက် အလွန်အားနာနေမှန်းကို တစ်အိမ်လုံးက သိကြသည်။ အနားတွင် လူမရှိ၍ လူလစ်သည့် အခိုက်ကလေးတွေတွင် "စာရသလား။ နေကောင်းသလား။ ညက အိပ်လို့ပျော်ရဲ့လား" စသဖြင့် ခပ်တိုးတိုးမေးသည်။ တစ်အိမ်လုံး ဒေါ်ဒေါ်မှလွဲ၍ မည်သူမျှ မရိပ်မိကြပေ။ မည်သူမျှ မထင်ကြပေ။ မည်သူမျှလည်း မသိကြပေ။

ကျွန်မ ဆွေမျိုးများမှာ အယ်ဒီတာဆိုလျှင် ဘုန်းကြီးလူထွက်လျှင်လည်း ဖြစ်စေ၊ မြန်မာစာ တတ်သိကျွမ်းကျင်၍သော်လည်း ဖြစ်စေ၊ အယ်ဒီတာ ဖြစ်ရသည်။ ဤသို့သောသူမျိုးသာ အယ်ဒီတာလုပ်သည်ဟု သဘောထားကြပုံပေါ်သည်။ သူ့အား မည်သူမျှ အထင်မကြီးလိုက်ကြပေ။ သူ နေပုံ သူ ပြောပုံမှာ သူတို့ အထင်ကြီးသွားစရာ တစ်ကွက်မျှ မရှိပေ။

ရန်ကုန်တွင် တွေ့ကြစဉ်ကလို မဟုတ်။ စကားကို ဟက်ဟက်ပက်ပက် မပြောဘဲနေသည်။ ကျွန်မ အတွေးအထင်တွေနှင့် လွဲနေသည်။ ထိုနေ့ညပင် ညသဘော်ကနှင့် ပြန်လိုက်သွားလေသည်။

ရန်ကုန် ရောက်လျှင်ရောက်ချင်း စာထည့်လိုက်သည်။ ဘိုကလေးတွင် စကားဟဟ ပြောမသွားသော်လည်း၊ ရန်ကုန်မှနေ၍ စာမျက်နှာ ၃၂ မျက်နှာရေး၍ စာထည့်လိုက်သည်။

ကျွန်မတို့အိမ်သို့ ရောက်လျှင်ရောက်ချင်း စိတ်ဓာတ်ထိခိုက်သွားကာ ပြန်လှည့်ထွက်သွားရ ကြောင်းလေမလားဟုပင် စဉ်းစားမိသေးကြောင်း ရေးသည်။ အနေအထိုင် အဆောင်အယောင် အဆက်တန်းကျလွန်း၍ "သူ့ကို ငါ ဒီလိုထားနိုင်ပါ့မလား။ ငါနဲ့ယူရင် သူ ဆင်းရဲတော့မှာလား" ဟု တစ်ချိန်လုံး ဒါကိုပင် တွေးနေလျက်များစွာ စိတ်မကောင်း ဖြစ်ခဲ့ရကြောင်းကို အထူးတလည် ရေးသားလိုက်သည်။

ဤအကြောင်းကြောင့် သူစိတ်မကောင်း၍ စကားဟဟ ပြောမသွားဘဲ





နေသည်ကို သိရတော့သည်။ ကျွန်မအပေါ်တွင် သက်ညှာခြင်းကို ဝမ်းမြောက်ကြောင်းနှင့် အိမ်ကလို ထားနိုင်သည် ဖြစ်စေ၊ မထားနိုင်သည် ဖြစ်စေ၊ ဘယ်နေရာဘယ်မြေကြီး ဘယ်ခြေနင်းဖတ်မှာဖြစ်ဖြစ် မည်သို့မျှ ထူးခြားလိမ့်မည် မဟုတ်ကြောင်းကို ပြန်လှန်အားပေး ရေးသားလိုက်မှ စိတ်လက်ချမ်းသာ သွားရှာသည်။

သီတင်းကျွတ်လျှင် ကိစ္စပြီးစီးသွားရန် စီစဉ်ကြသည်။ သူ့မှာ တောင်းရမ်းယူဖို့ ငွေမရှိ၍ ပိုက်ဆံရှာဖွေနေကြောင်းနှင့် မြန်မာ့အလင်းတွင် ဝတ္ထုရှည်တစ်ပုဒ်ရေးသားလျှင် ငွေရမည်ကြောင့် ဝတ္ထုရှည်ရေးရန် စဉ်းစားနေကြောင်း စာရေးလိုက်သည်။ မည်သည့်ဝတ္ထုမျိုးကို ဖတ်ချင်သလဲဟု မေးလိုက်သည်။ သူရေးသည်ဆိုလျှင် မည်သည့်စာဖြစ်စေ၊ မည်သည့်ဝတ္ထုဖြစ်စေ ဖတ်ချင်သည်သာ ဖြစ်ကြောင်းနှင့် အကယ်၍ မည်သည့်ဝတ္ထုမျိုး ဖြစ်စေချင်သလဲ မေးလိုက်လျှင်သာ ဖြစ်စေချင်သည့်ဝတ္ထုမျိုးကို ဖြေရလိမ့်မည်ဖြစ်ကြောင်း ပြန်ကြားလိုက်သည်။

သူ့ထံမှ ဖြစ်စေချင်သည့် ဝတ္ထုကို ဖြစ်အောင် သူကြိုးစား၍ ရေးမည်ဖြစ်သဖြင့် မြန်မြန်ပြောလိုက်စမ်းပါ ဟူသော အမှာစာအတိုင်း ကိုယ်ကျင့်တရားအတွက် စိတ်ဓာတ်ပြုပြင်ရေး ဝတ္ထုကြီးမျိုးကိုရေးရန် တောင်းပန်လိုက်သည်။

ဤဝတ္ထုမျိုးကို ရေးရန်ခက်သော်လည်း သူ့အတွက် အလွယ်နှင့် ရေးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ ယခု ရေးမည့်ဝတ္ထုသည် လက်မထပ်ခင် ချစ်သူ၏ဆန္ဒအတိုင်း ရေးသည့်ဝတ္ထုဖြစ်၍ ကိုယ့်ချစ်သူတွင်မကဘဲ တိုင်းပြည်ကပါ မေ့သည်းစွဲအောင် ရေးစေလိုကြောင်း တိုက်တွန်းအားပေးစာကို တတ်နိုင်သမျှ နှစ်နှစ်ကိုကာ ရေးသားပေးပို့လိုက်သည်။

လက်ထပ်ရန် ငွေ ၁၀၀ ကျပ် ရဖို့အတွက် ရေးသော သူ့ဝတ္ထုရှည်မှာ မြန်မာ့အလင်းတွင် နေ့စဉ်ပါခဲ့သော "သူ" ဝတ္ထုကြီး ဖြစ်လေသည်။ ဤဝတ္ထုကြီးမှာ ကျွန်မတွင် မကဘဲ တစ်ပြည်လုံး စွဲသွားသော ဝတ္ထုကြီးဟု ဆိုရပေမည်။

မြန်မာ့အလင်းတိုက်က ငွေ ၅၀၀ ကျပ်လောက် ချေးရလျှင်၊ ရှိသည့်ငွေများနှင့် မလောက်ဘူးလားဟု မေးမြန်းပြန်သည်။ ထိုစဉ်က သူ့စာကိုဖတ်၍ ကျွန်မ ပြုံးမိသည်။ ဤကိစ္စတွင် သူ့တွင် ငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သီတင်းကျွတ်လျှင် လက်ထပ်ဖြစ်အောင် ကျွန်မ အားလုံးစီစဉ်ပြီး ဖြစ်သည်။ ကျွန်မတို့တစ်အိမ်သားလုံးပင် ဖခင်ထံသို့ သွားကြမည်ဖြစ်၍ မိတ္ထီလာသို့ရောက်လျှင် ဖခင်အား အရိပ်အမြွက် ပြောခဲ့မည့်အကြောင်း သူ့ကို ကြိုတင်၍ အသိပေးလိုက်သည်။

ရန်ကုန်မှ နေ့ချင်းဆက်၍ ညရထားစီးကြသည်။ ဘူတာသို့ သူလာ၍ စာတစ်စောင်နှင့် စာအုပ်များ လာပေးသည်။ လူတွေရှိ၍ တစ်ယောက်နှင့်

တစ်ယောက် မြင်နေရရုံမှအပ အခြားအတွင်းစကားများကို တစ်ခွန်းမျှ မပြောလိုက်ရပေ။

မိတ္ထီလာတွင် ဖခင်နှင့် ၁၀ ရက်လောက် အတူနေကာ မန္တလေးသို့ သွားကြသည်။ နေ့စဉ်ပင် သူ့ထံမှစာများ ရောက်သည်။ ကျွန်မကလည်း နေ့စဉ်ပင် စာပို့ပေးရသည်။ မိတ္ထီလာတွင် နေ့စဉ် ညနေဘက်တိုင်း ဖခင်နှင့်အတူ ကန်ကြီးနားတွင် လမ်းလျှောက်ကြလေသည်။ ညနေတိုင်း ဖခင်အား ဖွင့်ပြောမည်ဟု ကြံပါသော်လည်း ပြောလို့မထွက်၊ နှုတ်မသွက်၍ ရက်တွေ ကုန်လာခဲ့သည်။ သူ့ထံမှလည်း ဘယ်လိုပြောကြသည်ကို တစ်လုံးမကျန် ရေးပါရန် မှာနေလေသည်။

တစ်ညနေတွင် ဖခင်နှင့် ကျွန်မသာ အိမ်တွင်ရှိသည်။ အားလုံး လမ်းလျှောက် ထွက်သွားကြသည်။ စကားပြောရန် အခွင့်ရ၍ သူတို့နှင့် မလိုက်ဘဲ တမင် နေရစ်ခဲ့သည်။

ထိုစဉ်က ပြောဖြစ်အောင် ပြောလိုက်ရသော်လည်း၊ ချွေးဒီးဒီးထွက်အောင် အပြောခက်၊ အစခက်ပုံကို သူ့ထံသို့ တေးထပ်တစ်ပုဒ် ရေးစပ်ထည့်လိုက်သည်။

'ကျွန်မ အိမ်ထောင်ပြုရမယ်ဆိုရင် အိမ်ထောင်ပြုဖို့ရာ သင့်လျော်တဲ့ လူတစ်ယောက်ကို တွေ့ပါတယ်။ ဒါပေမဲ့ ကျွန်မဉာဏ်နဲ့ ကျွန်မ ချင့်ချိန်ရည်ရွယ် ကြည့်သေးတာပဲ ဖြစ်ပါတယ်။ ဖေဖေတို့ တွေ့ဆုံအကဲခတ် ထောက်လှမ်းကြည့်ရင် ပိုပြီး တော် မတော်၊ သင့် မသင့် ဆုံးဖြတ်ပေးနိုင်မှာပဲ။ ဖေဖေတို့ကိုယ်တိုင် သဘောကျတယ်ဆိုရင် ကျွန်မတော့ ဒီလူကို လက်ထပ်ဖို့ပဲ'

'ဘယ်သူများလဲ သမီး'

'မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင် ဆိုတာပါပဲ'

'သူ့စာတ်ယာယီ ကုန်စင်အောင် သမီး သိပြီးပလား'

'ကုန်စင်အောင် သိပါတယ်လို့တော့ မပြောနိုင်ပါဘူး။ သိရသလောက်ထဲမှာ လက်ထပ်သင့်တဲ့ အချက်တွေ သူ့မှာ အများကြီး ရှိနေပါတယ်'

'လက်ထပ်သင့်တဲ့ အချက်တွေ ရှိတယ်ဆိုတဲ့ အထဲမှာ ဘယ်အချက်တွေလဲ။ သမီးက ဘယ်အချက်ကို သဘောကျနေသလဲ'

'ရိုးသား ဖြောင့်မတ်တဲ့ အချက်ကိုပါပဲ'

'ရိုးသားတာနဲ့ မပြည့်စုံသေးဘူး သမီး။ ပညာအရည်အချင်းကကော'

'အင်္ဂလိပ် မြန်မာ အဘက်ဘက်က ပြည့်ပြည့်စုံစုံ တတ်ပါတယ်'

'သူ့ကို လက်ထပ်ရင် သမီး တစ်သက်လုံး စိတ်ချမ်းသာမယ် ထင်သလား'

'ထင်ရုံ မဟုတ်ပါဘူး၊ ယုံကြည်ပါတယ်'

'ဖေဖေ သူ့ကို ဘယ်လိုတွေ့နိုင်မလဲ'





'ဖေဖေ ရန်ကုန်ပြန်ရင် သူနဲ့တွေ့ဖို့ စီစဉ်ပေးပါမယ်'

ဤပုံစံအတိုင်း သူ့ထံသို့ တစ်ခွန်းမကျန် ပြောကြဆိုကြသည့် စကားများကို မန္တလေးမှ ရေးသား ပေးပို့လိုက်သည်။

ကျွန်မတို့ ရန်ကုန်ပြန်ရောက်သည့်အခါ တစ်ခ်နေ့ပင်နေ၍ ချက်ချင်း ဘိုကလေးသို့ ပြန်ခဲ့ကြသည်။ လေးငါးဆယ်ရက် နေပါရန် သူ တားသော်လည်း မိတ္ထီလာမှ ခိုင်းစေရန် မိသားစုကို ခေါ်လာခဲ့၍ လူများသဖြင့် မနေနိုင်ဘဲ ပြန်ခဲ့ရသည်။ ဖေဖေ ရန်ကုန်သို့ နယုန်လဆန်း ရောက်လိမ့်မည်။ ရောက်လျှင် မစ္စတာပုက အကြောင်းကြားပါက လာရောက်တွေ့ရန် မှာကြားပြောဆိုထားခဲ့သည်။

သဘော်ဆိပ်သို့ ဆင်း၍ စာလာပေးသည်။ ချက်ချင်းပြန်ခြင်းကြောင့် ကြည်မသာ ဖြစ်နေလေသည်။

သဘော် ထွက်လျှင်ထွက်ချင်း သူ့စာကို ဖတ်လိုက်သည်။ စာမျက်နှာကိုဘက်သည်ဘက် လက်ရေးသေးသေးနှင့် လေးဆယ့်ငါးရွက်ဖြစ်၍ တွံတေးရောက်မှ ဖတ်၍ပြီးသည်။

ဤစာ အစကို လေးချိုးကြီးတစ်ပုဒ်နှင့် စ ရေး၍ ချက်ချင်းပြန်သည့်အတွက် အောင့်သက်သက် ဖြစ်နေဟန်ကို သူ့လေးချိုးကြီး ဖတ်ပြီးသည့်အခါ ပိုမိုထင်ရှားသွား၏။

တွေးလို့သာရှုတော့၊ ဆွေးမှုပွေဗျာပါငယ်၊ ဆွေကလျာ တင်
တဖုန်းငယ်ကြောင့်၊ ယှဉ်နှုန်းဖွယ် တူမတွေ့လေဘု၊ ပူဝွေ့လောင်။ ။
မပြန်ပါရန် ခါတန်တန် တောင်းပန်ပါလျက်၊ ကရဏာ ကွက်သည်သို့၊
ဉာသက်တော့ မူတမူ၊ ပြန်အားသာယူတော့၊ သည်တလူ သည်းအူမှာ၊
မီးအပူ ဘယ်ရှိန်ခလို့၊ ဘယ်မျှပင် ဘယ်လိုကျွမ်းတယ်လို့၊ စုံစမ်းတော်
မမူဖို့နိုင်ဘု၊ ဖုန်းရို့သွေရှောင်။ ။ ပမာဆိုမူ၊ ခါလိုနေ့ညာ၊ ယခင်ကသို့၊
ရှင်ပျူငယ် သာကြည်၊ ဘယ်ဝယ်ဘယ်ပုံ့၊ ခွန်းပြန်လှယ် တုံ့ကြလို့၊
ရှင်ပြုံး ဖွယ်ရည်၊ ဤသည်ခါမျိုး၊ ဘယ်တော့ခါ တိုးမယ်လို့၊ မျှော်ကိုး
တော် မူလေသိ၊ တစ်ဆူ လှထိပ်ခေါင်ငယ်၊ နိမိတ်ဆောင်ဟောလို့
လင်းပါခဲ့။ ။ မြဲမပြတ်ပေပင်၊ စွဲမှတ်စေချင်သည်၊ တင်တင်မူရာ၊
သွင်မူလကိုလ၊ ဘယ်မျှပင်ကြာစေ၊ မမေ့ပျောက်နိုင်ဘု၊ ဆွေ့တစ်ယောက်
အဆွေမို့၊ မြဲတစေ ရော်ကာရမ်းကာပ၊ မျှော်မှန်း ပူလောင်ကြွေပါလိမ့်၊
မေ့လိမ့် ထင်နဲ့။

ဤလေးချိုးတွင်မက ရတုပိုဒ်စုံများလည်း ပါသေးသည်။ ဘိုကလေးသို့ ရောက်သောအခါ တစ်နေ့နှင့် တစ်ညလုံးလုံး မနားတမ်းထိုင်ရေးကာ စာပြန်လိုက်

သည်။ သူ့ထံသို့ ပို့သမျှစာတွေတွင် ဤစာ အရှည်ဆုံးဖြစ်၍ စာမျက်နှာ ၉၅ မျက်နှာ ဖြစ်လေသည်။ ၎င်းစာ အသုံးသတ်နေချိန်တွင် မိုးတွေ တအုန်းအုန်း ရွာသွန်းသည်းနေ၍ ကဗျာတစ်ပုဒ် ထည့်စပ်ပြီး အသုံးသတ်လိုက်သည်။

ကဗျာမှာ–

ရပ်စနေ ဟိုတောင်ထောင့်ဆီက၊ ညိုမှောင်မှောင့် သန်းလာ၊ ပြိုယောင်ယောင့် ဆန်းတာငယ်၊ ပန်းလွှာတိမ်နှစ်ကျော့။ ။ ကမ္ဘာ ဖျက် မေဃိန့်သာအောင်၊ ခွေလိမ့်မှာပဲ ထင့်နော်နော့။ ။ ဖော်ဝေး တဲ့ တင့်ကလျာမှာ၊ ဆင့်ဖျာပါပွေရော့၊ မြင့်ဝဋ္ဋာဗွေမော့က၊ ကြွေတော့ မယ့်အသွင်၊ ဒဂုန်ဆီ၊ ဩော်၊ ရွာသွန်းပြီ ထင့်၊ မျှော်ခါလွမ်း လွမ်းရ တော့အင်၊ မိုးဣန္ဒာ နတ်စစ်ဆင်သော်၊ ရပ်ရှစ်ခွင် ညို့မှိုန်မှိုန့်ပါလို့၊ ဂျိုးဂျိန်ဂျိန့် ပတ်ရစ်စည်ဆော်၊ နတ်ဖြစ် စည်တော်။ ။ ပွေဆဲမို့ ငွေဖဲ ပေါ်မှာ၊ ရွှေသည်းတော် ထိတ်လှချည့်လေး။

ဤစာရှည်ကြီးကို ပြန်ရေးပို့လိုက်သည့် သူ့စာအဆုံးတွင်လည်း ကျွန်မ ကဲ့သို့ပင် မိုးဘွဲ့စပ်၍ ကဗျာတစ်ပုဒ်နှင့် ဆုံးလိုက်သည်။

သူ့ကဗျာမှာ–

ဖော်မစုံကွဲခိုက်မို့ သည်းလိုက်ပေ့ မေဃီ၊ မည်းလိုက်၍ လေချီ တယ်၊ ဘေရီတော် သံဟိန့်။ ။ ဖြေတတ်ပေါင့် လွမ်းနယ်သန်တယ်၊ ကျွမ်းဆယ်ပြန် လူးလို့သာလိမ့်။ ။ မြူချော့မယ့် ကတိုးညာငယ်၊ ညိုးရှာတော်ပေလိမ့်။ ။ မိုးရွာသော် အနေစိမ့်ပါ့ဘိ၊ ရွှေမနိမ့် ဇီဝိန် ။ ။ ကြွေမလို နှလုံးညွှန့်ဆီက၊ ရန်းလွန့်လွန့် တားလို့မငြိမ်။ ။တိမ်ခိုး က ခပ်မှိုန်မှိုန်၊ လျှပ်ထိန်ထိန် လွမ်းစဖွဲ့တွင်မှ၊ ဖျန်းခနဲ့ သောက ရန်ရှာ၊ လောမ ဟဲ့သာ။ ။ နှစ်ကိုယ်ဖြင့် မလန့်ပါတယ်၊ အခန့်သာ စံကိန်းပလေး။

ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် ကဗျာရေးနေရင်း ဖခင်အပြန်ကို နှစ်ဦးစလုံး မျှော်မှန်းနေကြရလေသည်။

ကျွန်မထံသို့ မိုးနှင့်ပတ်သက်၍ မိုးဘွဲ့အမျိုးမျိုး ရေးစပ်ပို့နေရာ စလေဆရာ ကြီး ဦးပုညရေးပုံက ဘယ်လို၊ အချုပ်တန်းဆရာဖေက ဘယ်လို၊ သူက ဘယ်လို စသည်ဖြင့် စိတ်လက်ရှည်ရှည် အပုဒ်အမျိုးမျိုး ရေးစပ်နေသည်။

ပျော့သဏ္ဍာ ကြာကြွမ့်၊ ဝါသဝ ဘုန်းကြွယ်၊ ရွှေမှူးစာ ကံ နှစ်သွယ်ကို၊ ဖန်ရှယ်တော်မူသည့်

စသော ဦးပုည မိုးဘွဲ့ကို အပုဒ်ဆုံး ရေးလိုက်ပြီး၊ တစ်ဖန်–





စိန်သလွန် အလယ်မြင့်၊ စံပယ်ပွင့် လက်ယာ၊ တကယ်ဖြင့် စက်ပါသော်၊ နှစ်မျက်နှာ ဆိုင်တွေ့

ဟူသည့် ဆရာဖေ၏ တေးထပ်ကို အပုဒ်ဆုံး ရေးသားဖော်ပြပြန်ပြီးမှ–

ချိန်ဝသန် ရာသီဆင့်ပြန်တော့၊ သာကီခင့် ထုံးစံ။ ကြာရှည် မြင့် အုံးပျံ့မှာ၊ ပြုံးဟန်တော်ကလေ့။ ။မှိုင်းအုံ့လို့ တိမ်တက်လာသော်၊ စိန်မျက်နှာ ဖုံးအုပ်ကွယ်၍။ ။ ရွှေရည်ညွှန့် အတွေ့ခိုတယ်၊ ကလေ့လိုမှုပေ့၊ တဖေ့ကို မြူထေ့တဲ့၊ သူကလေ့ မျက်နှာ။ ။ နတ် စည်တော် ဗဟိုအရှေ့တွင်မှ၊ အလိုလေ့ နှုတ်မြွက်ယောင်ကာ။ ။ အို ပွေ့လို့ နေစမ်းဖျာငယ်၊ မေလန့်ပါတယ်နော်လို့၊ ငယ်တော့တဲ့ အရွယ် လိုပင်၊ တိုးဝှေ့ရွှေရင်။ ။ မိုးစွေတိုင်း ဖေ့ရင်ခွင်မှာ၊ ပွေ့စဉ်တွင် စက်မြဲပလေး။ ။

သူ့ကို စာရေးသည့်အခါ ဤအမေးကို ကဗျာနှင့် ဖြေလိုက်ပါ၊ လင်္ကာနှင့် ဖြေပါ၊ ရတုနှင့်ဖြေပါဟု ဖတ်ချင်ရာရာကို ရေးစပ်ခိုင်းလေသည်။ ကျွန်မဓာတ်ပုံ ရိုက်လိုက်ပြီး ၎င်းဓာတ်ပုံ ပို့ပေးတဲ့အတွက် အမှတ်တရဖြစ်အောင် စာပြန်ရင် တေး ထပ်တစ်ပုဒ် မမေ့ပါနှင့်ဟု မှာကြားလိုက်သည်။ နောက်တစ်ရက်ခြားတွင် သူ့ထံမှ စာများ၌ တေးထပ်ပါလာသည်။ လေးဆစ်ပါ အပိုအဆစ် ထည့်လိုက်သည်။

တေးထပ်မှာ–

မှုဟန်တော် ဒေဝီသွင့်လိုပ၊ ရွှေညီတင့်စဉ်မှာ၊ ငွေခြည်ပွင့် သခ်ါလို၊ ယဉ်မဟာ ခေါင်ညွှန့်။ ။ ဟန်နကို ကျော့အမူမှာ၊ တော့် တစ်ဆူ ထိုးရော့မော်ကွန့်။ ။ သူ့ရူပ သွင့်အတူလို၊ ယှဉ်မပြူ လာဝံ့၊ မြင့်သသူ ပဏ္ဍာမွှန်ငယ်နှင့်၊ လွှာသဝဏ် ပါးစေ။ ။ မင်းစကြာ လက်ယာမှန်းလောက်တဲ့၊ မျက်နှာစန်း ပွင့်တဲ့နန်းကေ။ ။ ယဉ် အချော ဇမ္ဗူ့ဆွေမှာ၊ သူ့အခြေ တုမနိုင်းသာဘု၊ ရူပဂိုဏ်း ချုပ်အပ်တဲ့ ခင်၊ ဥက္ကင့် နွယ်ဝင်။ အလှနန်း မြရိပ်သဉ်ဝယ်၊ လှထိပ်တင် ခေါင်မှူး မို့လေး။ ။

ကိုယ်မယားရယ်လို့၊ ပိုမကြွားပါဘူးတင်။ ။ တကယ်ပြော တာပ၊ ဘယ်သော ဘယ်ညာနှင့်၊ ဘယ်ရပ်ဝါ ချောသည်လို့ ဟစ်သော် လဲ၊ မောင်ချစ်သူ သည်ကသိုဏ်းရယ်နှင့်၊ နှိုင်းဖို့မမြင်။ ။ အသွေး ငယ်ယဉ်၊ လေးတင်တင့် တင်လေး။ ။ လှထိပ်တင် မြရိပ်သဉ်၊ အလှနန်းမှာလ၊ လှစမ်းမယ် သည်တစ်ဆူလိုဖြင့်။ တရည်တူ ပြိုင်ဘက် ကင်းပါဘိ၊ ဆင်းသာကိသွေး။

ဥတုသုံးပါးတွင် သုံးဥတုစလုံး မလွတ်အောင် သူ့ကဗျာများကို တွေ့နိုင်လေသည်။ ကျွန်မလည်း တစ်ခါတစ်ရံ ကြိုးစားပြီး သူ့လိုရေးစပ်၍ ပို့သည်။ ဘိုကလေးသို့ နောက်တစ်ခေါက် လာရန်ကို မှာတော်ပုံ တေးထပ်တစ်ပုဒ် ကျွန်မရေးပို့ခဲ့သည်။

ချစ်ကြီးသွယ် သိန်းထောင်သောင့်ခါမှ၊ စိမ်းယောင်ယောင့်
မှုတယ်၊ တိမ်းရှောင်ရှောင့် သူ့ဖယ်ရင်၊ အပူသယ် သေဖို့။ ။ ခွေပျော့လို့
မတော့ယိုင်ပြီ၊ နေရှော့နိုင် စိမ်းတဲ့ကိုကို့။ ။ ရင်ရှေ့က ရွှင်မွေ့တာကို၊
ထင်တရေ့သာ မြင်လို့၊ တင်ကလေ့မှာ ဘဝင်ဆို့ပါပေ့၊ တမင်မို့
ကြဉ်ခွာ။ ။ချစ်တယ်ဆို ထိုစကားကိုဖြင့်၊ ကိုယ်တစ်ပါး မေ့ပြီထင့်ဖျာ၊
ဝပ်တွားလို့ ပန်ထွာမယ်၊ နဘက္ကာဆေဟင့်က၊ လေယာဉ်နှင့် ပြေးကြွခဲ့ပါ။
ဖေးမလှဲ့ဖျာ။ ။ ဘေးပလို့ အေးမြရာကို၊ တွေးဆကာ စိတ်ကူးနှင့်
လေး၊ မျှော်ရခိုက် ရှင်မလာရင်၊ တင်ကညာ သေရလိမ့်လေး။ ။

၎င်းမှာတော်ပုံကို ပြန်လည်ရေးစပ်၍ ပေးအပ်လိုက်သော လေးချိုးကြီးမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆန်နေလေသည်။

ဖြေမရှင် မေတင်အသက်ဆီသို့၊ ဝေဟင် လေယာဉ်ငှက်ကယ်နဲ့၊
ဖေအလျင် ထွက်ချင်သနဲ့ မထွက်နိုင်။ ။ ဩော် အဖြစ်ထူးပါဘိ
(တင်တင်ဆိုတဲ့ ဟောဒီ) အချစ်ဦးရယ်နဲ့၊ နှစ်ဦးကွယ် အနီးဆောင်ယံ၍၊
ပလူးမယ် သည်မောင် ကြံပေမယ့်၊ မဟန်သလေ ကံခေလို့ မွဲတာကြောင့်၊
ရတက်ကြွယ်ကြွယ် သက်လယ်နဲ့ ကွဲခဲ့ရ၊ လွဲတရွှဲ့ အခြေမခိုင်ပါတယ်
နော်ကွယ်၊ အကဲမတဲ့ အနဲ့နဲ့မဲ့တာကြောင့်၊(တင်လေးရယ်) လွဲဖယ့်
နေထိုင်။ ။ ဩော် ...ဆောင်းဟေမန် လေပြေအဖြန်းတွင်မှ၊
သောင်းကေပ် မေမဒီဖြင့် ချမ်းရှာလိမ့်၊ ရွှေပြည်နန်းဆီက တွေးကာမှိုင်။
မအေးပါနိုင်ဘု အပူ့အပူလွှမ်း၊ ဆွေးကာယိုင်လုပါပေ့ သူ့တူဘနန်း။
စိုးပါနှင့်ခင်၊ ဖြိုးသမ္ဘာတင့် အခြေက မြင်တော့၊ တမေတင် ရွှေစင်သား
ဆီသို့၊ ခြေမကျင် လေယာဉ်ရထားငယ်နဲ့၊ ဖေအလျင် ဝေဟင်က
လားခဲ့ပါမကွယ့်၊ အားမနွဲ့တနွဲ့ စကားမချွဲ့တချွဲ့နဲ့ အစဉ်မျှော်ကာ
ကမ်းသူ့ရဲ့၊ သနားစဖွဲ့ တကယ့်မယား အနွဲ့ အနွဲ့ရယ်လို့ တစ်အား
ထ တ ကို အတွင် ခေါ်ကာ နမ်းပါမကွယ့်၊ အို အများမဲ့ပေတယ်လို့၊
ရှင်ပျော်စရာ စခန်းကိုဖြင့် (တင်လေးရယ်)၊ တအားခဲပါလို့ မင်း
ပြင်ပျော်ပါစမ်း။ ။

မြန်မာကဗျာ လင်္ကာတွင်မကဘဲ တစ်ခါတစ်ရံ အင်္ဂလိပ်လင်္ကာကလေးပါ စပ်၍ ပေးသေးသည်။ လက်ယပ်ကြလျှင် မည်သို့နေကြမည် စသည့် အိမ်ထောင်





ရေး ကိစ္စများကို တစ်ဦးနှင့်တစ်ဦး သဘောချင်းကိုက်ညှိပြီး အပြန်အလှန် စုံစမ်းမေးမြန်း ရေးသားတိုင်ပင်နေကြသည်မှာ နေ့စဉ်လိုပင် ဖြစ်တော့သည်။ သူရေးသမျှကို့မှာ ဗဟုသုတဖြစ်ဖွယ်ရာ အိမ်ထောင်ရေးတွင် အိမ်ထောင်ရှင်တို့ မှတ်လောက်သားလောက်အောင် ရိုက်နှိပ်ထုတ်ဝေနိုင်သည့် ကျမ်းကလေးတစ်စောင်လောက် ဖြစ်နိုင်ပေသည်။

သူ့ထံမှ စာမှန်သမျှကို ရက်စွဲနှင့် စာနံပါတ်ထိုး၍ ဖိုင်တွဲအမျိုးမျိုး ဖွင့်ထားလေသည်။ ကဗျာသပ်သပ်၊ စာသပ်သပ်၊ အင်္ဂလိပ်လင်္ကာသပ်သပ်၊ အင်္ဂလိပ်စာသပ်သပ် တစ်မျိုးစီ၊ အကြောင်းအရာ တခြားစီ ခွဲလျက် ဖိုင်များ တွဲထားသည်။ သူနှင့် အကြောင်းပါ၍ တစ်နေ့ အသက်အရွယ်ကြီးသည့်အခါ "ကျွန်မ၏ ခင်ပွန်း" ဟူ၍ စာအုပ် ရေးဖြစ်အောင် ရေးမည်ဟု ရည်ရွယ်၍ တရိုတသေ သိမ်းစုခြင်း ဖြစ်လေသည်။

ဖခင်နှင့်သူ ရန်ကုန်တွင် တွေ့ဆုံကြလိမ့်မည့် အရေးကိုကား တရေးရေး တွေးထင် ပူပန်နေမိတော့သည်။ ဖခင်က စိတ်တိုင်းကျပါ့မလားဟု စိတ်မအေးအောင် ဖြစ်နေရသည်။ မိတ္ထီလာမှ ဖခင် ရန်ကုန်သို့ရောက်၍ ဘိုကလေးသို့ ပြန်မည့်နေ့တွင် ဖခင်ထံသို့ သူသွားကာ ကျွန်မဖတ်ရန် စာအုပ်များ ပေးလိုက်ခြင်းဖြင့် ဖခင်နှင့် တွေ့ဆုံကြလေသည်။

ကျွန်မသည် သူနှင့် တွေ့ဆုံခဲ့သည့် အကြောင်းများကို ဖခင်အား မမေးဝံ့ပေ။ စာအုပ်များ ပေးလိုက်သည်သာ ပြောလျက် သူ့အကြောင်းအရာများကို ဘာမျှမပြော၍ ဆက်မမေးရဲဘဲ အပြောသာ စောင့်ဆိုင်းနေရသည်။ သူ့ထံမှ ဖခင်က မည်သို့ပြောဆိုပုံကို အစုံအလင် အမြန်ပြန်ကြားရန် သံကြိုးရိုက် မေးနေလေသည်။

ဖေဖေ ဘိုကလေးသို့ရောက်ပြီး တစ်ပတ်ကျော်လောက်အကြာမှာ တစ်နေ့တွင် သူ့အနားသို့ခေါ်၍ သူနှင့်တွေ့ဆုံပြီး စကားပြောခဲ့ကြောင်း၊ အကဲခတ်ခဲ့ရကြောင်းများကို ပြောပြသည်။ 'သူ့ကို ထာဝစဉ် ချစ်ခင်မြတ်နိုးနိုင်ပါ့မလား' ဟု ကျွန်မအား မေးခွန်းထုတ်လေသည်။

ဤမေးခွန်းသည် ကျွန်မစိတ်ကို သံသယရှိပုံလည်း ပြသည်။ စိုးရိမ်ပူပန်ခြင်းလည်း မကင်းဖြစ်နေသည်။ သူနှင့်ကျွန်မ အသွင်မတူ အမူအရာ ခြားနားနေခြင်းကြောင့် ဤမေးခွန်း ပေါ်ပေါက်ရခြင်းသာ ဖြစ်ရသည်။ လှိုက်လှိုက်လှဲလှဲ မြတ်နိုးချစ်ခင်ကြောင်းကို ဖခင်အား ဖွင့်လှစ် မပြောပြလိုက်သော်လည်း 'ကျွန်မက သူ့လိုလူမျိုးကို ရွေးချယ်ရည်မှန်းနေပါပြီဟာ ဒီမေးခွန်းမျိုး မေးဖို့ ဖြေဖို့ လိုသေးသလား ဖေဖေရယ်' ဟု ပြောလိုက်သည်။

'သမီး ကစ်သက်လုံး စိတ်ချမ်းသာလိမ့်မယ်လို့ ယုံကြည်ရင် ဖေဖေကတော့ ငြင်းဖို့ မကြံပါဘူး။ မြင်ရုံနဲ့ပဲ လူရိုးလူကောင်းမှန်း အကဲခတ်လို့ ရခဲ့တယ်။ သူ့ငယ်ပုံပန်းက ကာလနဲ့ တခြားစီမို့ ကာလမျက်စိနဲ့တော့ တယ်မယဉ်ဘူး။ ဖေဖေတို့ ရှေးမျက်စိနဲ့တော့ သဘောမကျစရာ မရှိပါဘူး။ သူကသာ မိသား ဖသား ပီပီ လူကြီးစုံရာနှင့် လာရောက် ပြောကြားပစေလေ' ဟု အမိန့်ချမှတ်လိုက်သည်။

ခေါင်းပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး ချလိုက်ရသလို စိတ်များ ပေါ့ပါးသွားပေသည်။ သူ့ထံသို့ လူကြီးစုံရာနှင့် နေ့ကောင်းရက်သာရွေး၍ လာမြန်းရန်သာ စီစဉ်ပေတော့ဟု အကြောင်းကြားလိုက်သည်။

## ၁၄ ။ ကိုယ်တော်ကြီး

အယ်ဒီတာ ဦးစိန်း၊ ကြော်ငြာဘက်ဌာန ဦးလူကြီး၊ ဈေးနှုန်းသတင်းစာတိုက်ရှင် ဦးစံသိန်းတို့ကို ခေါ်လာကာ တော်သလင်းလဆန်းတွင် လိုက်လာကြသည်။

သဘော်ဆိုက်ကပ်သည့်မနက်က သူတို့ တက်လာလျှင် လာချင်း တရေးတမော အိပ်စက်နိုင်အောင် တိုက်သုံးထပ်ပေါ်တွင် အိပ်ရာများပါ ခင်းကျင်းပြင်ဆင်လျက် လိုလေသေးမရှိအောင် စီမံထားလိုက်သည်။

မန္တလေးပန်းရောင်နုလုံချည်၊ ပင်နီချောချော သူဝတ်လာ၍ ကျွန်မ မျက်စိတွင် ဆန်းနေသည်။ သူက ဤလုံချည်ကို သူ့တွင် ဝတ်စရာမရှိ၍ သူများလုံချည်ကို ငှားဝတ်လာရကြောင်း ခရီးရောက်မဆိုက် ပြောပြမှ သူ့ကို ပြုံးပြုံးကြီးကြည့်လျက် 'ကိုကို့မှာ ဘာမှ အပိုင်မရှိဘူးလား' ဟု မေးမိသည်။

'အခုအထိတော့ ဘာတစ်ခုမှ အပိုင်ပစ္စည်း မရှိသေးဘူး။ ဒါပေမဲ့ အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းကို ပိုင်ရတော့မှာတော့ မကြာပါဘူး' ဟု ပြောပြီး ပြုံးပြုံးကြီး လုပ်နေသည်။

သဘော်ပေါ်တွင် အယ်ဒီတာဦးစိန်း လက်သုတ်ရန် သူ့လက်ကိုင်ပဝါကို ထုတ်၍ ပေးလိုက်သည့်အခါ၌ သူ၏ ညစ်မည်းဟောင်းနွမ်းနေသော လက်ကိုင်ပဝါကို ဖြန့်လျက် 'သတို့သားပဝါကို ကြည့်ကြပါဦး' ဟု အဖော်များအား ပြသပြောဆိုရင်း ရယ်မောကြကြောင်း ဆက်ပြောပြသည်။ သူ့အမူအရာကို ကြည့်ပြီးလျှင် အသံထွက်အောင် ရယ်မောမိသည်။

ကျွန်မဘက်က ဆွေမျိုး ညီအစ်ကို မောင်နှမများကား တိုးတိုးတိတ်တိတ် လက်ထပ်မည့် အစီအစဉ်ကို မနှစ်မြို့က်ဘဲ တားမြစ်ကြလေသည်။ ဖခင်မှာလည်း ကျွန်မ သဘောကျ စီစဉ်ပေးရတော့မည်ကို ဝမ်းနည်းနေရှာသည်။





လူကြီးတွေနှင့် မေးမြန်းစဉ်က သူ၏ဂုဏ်ပုဒ်များကို ဦးစိန်းကြီးက ထုတ်ဖော် ဖွင့်လှစ် ချီးကျူးပြောနေပုံကို နားထောင်ကာ သူပြုံးနေသည်။ ဦးစိန်းနှင့် သူသည် အလုပ်နှင့်ပတ်သက်၍ အယူအဆ မည်သည့်အခါမျှ မတူညီကြဘဲ သဘောချင်း ကွဲလွဲရုံမက သူ့ကို လွန်စွာမုန်းတီးနေသဖြင့်၊ ယခုလို ချီးကျူးနေသည်ကို ဤအကြိမ်ပင် ကြားဖူးရ၍ မပြုံးဘဲမနေနိုင်ကြောင်း သူပြောပြ၍ သိရသည်။ ထို့အပြင် ဆက်လက်၍ ကျွန်မ အမေးအမြန်း ထူလှသဖြင့် သိရသည့်အချက်များမှာ ဦးစိန်းမှာ အယ်ဒီတာချုပ်ဟူသော နာမည်သာရှိကာ တိုက်သို့ပေလာတော့ဘဲ သတင်းစာတစ်စောင်လုံး သူသာလျှင် တာဝန်ခံ၍ အယ်ဒီတာချုပ် အလုပ်ကို သူသာလျှင် လုပ်ရကြောင်း သိရှိရသည်။ ဦးစိန်း မလုပ်ခဲ့လျှင် ဘာကြောင့် ဦးစိန်း နာမည်တပ်၍၊ သူ့နာမည် ဘာကြောင့်မတပ်သလဲဟု မေးမြန်းကြည့်သည်။ တိုက်အုပ်က အယ်ဒီတာချုပ် ဦးချစ်မောင်ဟု နာမည်ပြောင်းလွဲပေးလိုသော်လည်း သူက မပြောင်းလွဲရန် တားမြစ်လိုက်ကြောင်းနှင့် ဦးစိန်းမသေမချင်း ဦးစိန်းနာမည်ကိုသာ တပ်ထားရန် သူ တောင်းပန်ခဲ့ကြောင်း ပြောပြသည်။

သူနှင့်တွေ့စဉ်က ဦးစိန်းပင် သတင်းစာတစ်စောင်လုံးကို တာဝန်ခံ၍ စီမံထုတ်ဝေနေသည်ဟု အထင်နှင့် ဦးစိန်းကို ထပ်တလဲလဲ ချီးကျူးစကားပြောစဉ်က သူလုပ်နေကြောင်း၊ ဦးစိန်း မဟုတ်ကြောင်းကို တစ်ခွန်းမျှ ဖွင့်ပြောဘဲ နေလိုက်နိုင်သည့် သူ့စိတ်ဓာတ်ကို အံ့မိလေသည်။ ယခု ညားခါနီးမှ သူသာလျှင် အယ်ဒီတာချုပ် အလုပ်ကို လုပ်နေသူဖြစ်ကြောင်း သိရ၍ အံ့ဖွယ်ရာ ကောင်းနေပါသည်။

သတင်းစာကျောဘက်က တာဝန်ခံထုတ်ဝေသူ မောင်ချစ်မောင်ဟူသော အတစ်ကြောင်းကြောင့်သာ သူရှိသေးမှန်း သိနိုင်သည်။ သူ့ကို ကျွန်မကဲ့သို့ အယ်ဒီတာချုပ်မှန်း မသိသေးသော သူများလည်း အများအပြား ရှိပေဦးမည်။ သူသည် ထင်ပေါ်ကျော်ကြားခြင်းကို အလျှင်းအလိုမရှိသည့်သူ အမှန်ပါတကားဟု သူ့အတွက် ဝမ်းနည်းသလိုလို ဖြစ်မိလေသည်။

သူ့ဘက်မှ ပါလာသည့် လူကြီးများနှင့် ကျွန်မဘက်မှ မိဘလူကြီးများ စုစပ်ကြောင်းလမ်း မြန်းပြီးသည့်အခါ၊ လက်ထပ်မင်္ဂလာရက်ကို ၁၉၃၈ ခု အောက်တိုဘာလ ၂၆ ရက်နေ့ဟု ရွေးချယ် သတ်မှတ်လိုက်ကြသည်။

ကျွန်မတို့မြို့သို့ လာရောက် ကြောင်းလမ်းကြခြင်းကို မြို့က မသိကြသေးပေ။ လက်ထပ်သည့်အခါလည်း ကြီးကြီးကျယ်ကျယ် ဘာမျှမလုပ်ဘဲ သူ့ဘက်က လူကြီး လေးငါးယောက်၊ ကျွန်မဘက်က လူကြီးလေးငါးယောက်နှင့် ပြီးစေရန်

ထိုနေ့က သူနှင့်ကျွန်မ စည်းလားရိုက်ကာ စီစဉ်လိုက်ကြသည်။ လက်ထပ်မင်္ဂလာ ဖိတ်စာကတ်ကိုမျှ မရိုက်ဘဲ၊ လူကြီးများကို စာရွက်ပေါ်တွင် လက်ရေးနှင့်ရေး၍ ဖိတ်လျက် လက်ဖွဲ့ပစ္စည်းများ သည်းခံကြရန်ပါ စာထည့်ရေးရန် သဘောတူ တိုင်ပင် ဆုံးဖြတ်လိုက်ကြသည်။

ကျွန်မတို့ လက်ထပ်ထိမ်းမြားသည့် အရေးကိစ္စကို အတိုချုံးနိုင်သမျှ ချုံးခြင်းမှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခမပေး ဝန်မလေးစေလို၍ ဖြစ်သည်။ ဖိတ်စာမရိုက်ဘဲ လေးငါးယောက်သာ ဖိတ်မည့်အကြောင်းကို ဖေဖေတို့အား ပြောပြသည့်အခါ၌ ဖခင်၏ညီဖြစ်သူ ဦးလေးကြီးမှာ နဖူးကြောကြီးများ ထောင်ထလာအောင် ဒေါသအလွန်ထွက်ကာ ဖခင်အား 'ကိုရင်က ကလေးကို တယ်အလိုလိုက်တာကိုး။ သူငယ်ကလည်း ဂုဏ်နဲ့ဒြပ်နဲ့လူ။ ကိုယ်ကလည်း ဂုဏ်နဲ့နေတဲ့ လူ။ နှစ်ဦးနှစ်ဖက် အကြောင်းကောင်းပါလျက်နဲ့ အကြောင်းမကောင်းသလို ဖြစ်ရမှာ ကျွန်တော် မကျေနပ်ဘူး။ တစ်မြို့လုံး ဖိတ်ပါ' နှင့် ဆူပွက်နေလေသည်။ ဖခင်က ကျွန်မကို လွှဲချ၍ နောက်ဆုံး ကျွန်မကို ပြော၍ မရသည့်အခါ၌ အိမ်မှ ဒေါသနှင့် ထွက်သွားလေသည်။

ခန်းဝင်ပစ္စည်းများကို ရန်ကုန်သို့ ကျွန်မ လာရောက်ဝယ်ပြီး ဘိုကလေးသို့ မယူဘဲ ရန်ကုန်နေမည့်အိမ်တွင် ဝယ်တင်ထားခဲ့မည်ဟု စီစဉ်လိုက်သည်။ တစ်နေ့လုံးလုံး သူနှင့်ကျွန်မ ပြောကြသည့် စကားများမှာ လက်ထပ်ပြီးရင်ဟူသော အနာဂတ် အကြောင်းအရာတွေကို ပြောလို့မဆုံးနိုင်အောင် ပျော်ရွှင်ချမ်းမြေ့နေကြသည်။

မြန်မာ့အလင်းတိုက်တွင် သူ မိန်းမယူလို၍ ငွေ ၅၀၀ ကျပ် ချေးသည့်အခါ သူ့အား တိုက်အုပ်ဦးတင်က ငွေ ၅၀၀ ကျပ် မချေးဘဲ ချီးမြှင့်လက်ဖွဲ့သည့် သဘောနှင့် ပေးလိုက်ကြောင်း ပြောပြသည်။ ကျွန်မကို ငွေ ၅၀၀ ကျပ် ထုတ်ပေးသည်။ ကျွန်မက ငွေ ၅၀၀ ကျပ်ကို သူ့ပင် ပြန်ပေးလိုက်ပြီး လက်ထပ်လျှင် လူကြီးတွေ ခေါ်ခဲ့ရမည့် စရိတ်တွေ ရှိလိမ့်မည်၊ ယူသွားပါ ပြောလိုက်သည်။

'ဒီငွေ ယူသွားလို့ ခန်းဝင်ပစ္စည်း ဝယ်ဖို့ရာကော ဘယ့်နှယ်လုပ်မလဲ' ဟု မေးနေ၍ ဘာမျှမပူမပန်ဘဲ အေးအေးနေဖို့ရာနှင့် ကျွန်မ အားလုံးစီစဉ်မည့်အကြောင်း၊ စီစဉ်ပြီးကြောင်း ပြောပြမှ 'စောစောက ပြောပါတော့ဗျာ။ ဒီမှာဖြင့် ပူလိုက်ရတာ။ ဒါ မြန်မာ့အလင်းက ပေးပေလို့။ မချေးနိုင်ဘူးဆိုရင် မိန်းမ မတောင်းနိုင်လို့ ရာဇဝင်ရိုင်းတော့မလို့။ ကံသိပေလို့ပဲ' ဟု ပြောလေသည်။

သူဟို့ ပြန်သွားကြပြီးနောက် ဒေါ်ဒေါ်နှင့် အိမ်ထောင်ပစ္စည်းတွေဝယ်ရန် ရန်ကုန်သို့ လိုက်လာခဲ့သည်။ ပစ္စည်းတွေ ဝယ်သည့်အခါ သူလည်း အတူလိုက်





သည်။ ကျွန်မ နေရမည့်အိမ်မှာ ၃၄ လမ်းမှ ပေ ၂၅ ရှိ အခန်းကလေးတွင်ဖြစ်၍ မသုံးလျှင် မဖြစ်နိုင်သည့် ပစ္စည်းများသာ အကျဉ်းချုံး၍ ဝယ်ရသည်။ ထမင်းစားရန် စားပွဲခုံနှင့် ကုလားထိုင်လေးလုံး ဝယ်သည်ကို သူ့မိတ်ဆွေများက ကြမ်းပေါ်ကွင်ခင်းသည့် စားပွဲဝိုင်းနှင့်စားရင် တော်ရောပေါ့ဗျာဟု ပြောကြသည်။ ကျွန်မ ကြမ်းပေါ်တွင် ထိုင်မစားတတ်ကြောင်း ပြောပြလိုက်ရသည်ဟု ပြောလေသည်။

၃၄ လမ်း အိမ်ခန်းကလေးမှာ ကုလားတန်းထဲတွင်ဖြစ်၍ နေဖို့ရာမဆိုထားနှင့်၊ မြင်ရုံနှင့်ပင် အသက်ရှူကျပ်စရာ ဖြစ်လေသည်။ ရန်ကုန်သို့ ပစ္စည်းများ ဝယ်လာသည့်အခါမှ မြန်မာ့အလင်းတွင် လခဘယ်လောက်ရသလဲဟု မေးကြည့်ရသည်။ မြန်မာ့အလင်းတွင် လခ ၁၂၀ ကျပ် ရသည်။ မြန်မာ့အလင်းမှ မင်္ဂလာဆောင်ခြင်းအတွက် ငွေ ၃၀၀ ကျပ် ချေး၍ ပေးလိုက်သဖြင့် တစ်လလျှင် ၃၀ ကျပ် ဖြတ်ရသော်၊ သူ့လခ တစ်လလျှင် ၉၀ ကျပ်သာ ရရှိမည် ပြောသည်။ ကျွန်မသည် အလွန့်အလွန် အံ့အားသင့်မိလေသည်။

စောင်ရေ ၁၀,၀၀၀ ကျော် နေ့စဉ် ထုတ်ဝေနေရသည့် သတင်းစာတိုက်ကြီး တစ်တိုက်က နေ့မအား ညမနား စားပွဲခုံပေါ်အိပ်ပြီး ကုန်းကျုံးလုပ်ပေးသော အယ်ဒီတာချုပ်ကို တစ်လ ၁၂၀ ကျပ်တည်း ပေးသလားဟု တိုက်အပေါ်တွင် မျက်ချင်း အထင်သေးသွားတော့သည်။ ကျွန်မက အနည်းဆုံး ၃၀၀ ကျပ်၊ ၃၅၀ ကျပ်တော့ ရမှာပဲဟု အထင်ရှိ၍ တစ်ခါမျှ မေးမကြည့်ဘဲ နေခဲ့ခြင်း ဖြစ်သည်။

'ဖြစ်မှဖြစ်ရလေ။ ဒီလောက်ပဲ ပေးသလား၊ ကိုယ့်လခ ကိုယ်ပြောရမှာ ရှက်တယ်လို့များ မရှက်မိဘူးလား' ဟု ပြောမိသည်။

'ဒီလောက်ပဲ ပေးထားတာ ကိုကိုက ရှက်စရာ မဟုတ်ဘူး၊ ရှက်စရာရှိရင် လည်း မြန်မာ့အလင်းကသာ ရှက်စရာပဲ။ ကိုကို ဝင်လုပ်တုန်းက ဒီလောက် စောင်ရေ မရှိဘူး၊ ကိုကိုလုပ်မှ စောင်ရေသိပ်တက်ပြီး မျက်နှာဖုံးသတင်းစာကြီး ဖြစ်လာတာပဲ။ ကိုကို့မှာတော့ ဘယ်ငွေ ဘယ်မျှပေးပေး နည်းတယ်လို့ တစ်ခါမျှ မထင်မိဘူး။ တိုင်းပြည်အတွက် ကိုယ့်စိတ်တိုင်းကျ သဘောရှိ လုပ်ရတာကိုပဲ ကျေနပ်တင်လို့ ပြန်အမ်းနိုင်ပါသေးတယ်' ဟု ပြောပြသည်။

'မြန်မာ့အလင်းဟာ အတော်ကံကောင်းတဲ့ မြန်မာ့အလင်းပါပဲလား' ဟု ပြောလိုက်သည်။

၃၄ လမ်း အိမ်လခမှာ ၂၅ ကျပ်ဖြစ်၍ ၉၀ ကျပ်ထဲမှ ၂၅ ကျပ်နုတ်လျှင် ၆၅ ကျပ်သာ ကျန်ပေလိမ့်မည်။ အခန်းကျယ်ကျယ်ဝန်းဝန်း ၌နေမည်ဟု စိတ်ကူးမှ လာခဲ့ရာ သူ့လခ ကြားရရုံနှင့် ၃၄ လမ်းကိုနေရန် ဆုံးဖြတ်လိုက်ရသည်။

ဤလခနှင့် မလုံလောက်၍ အပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေသုံးလောက် အောင် ဝတ္ထု၊ ဆောင်းပါးများ ရေးရှာရတယ်ဟု ပြောပြသည်။ 'တစ်ဖက်တစ်လမ်း က ဝင်ငွေရအောင် ရှာရတဲ့အချိန်က ရှိသေးလို့လား' ဟု မေးကြည့်သည့်အခါ၊ သတင်းစာမျက်နှာဖုံး ဖောင်ပိတ်ပြီးလျှင် ညသုံးနာရီလောက်မှ မနက် ၅ နာရီ လောက် အထိ အချိန်ရှိသားပဲဟု ပြောသည်။ ကျွန်မသည် မြန်မာ့အလင်းကို မေတ္တာပျက်ကာ မကျေမနပ် ဖြစ်နေမိသည်။ သူ့ကို လက်ထပ်သည့်အတွက် လခနည်းခြင်းကြောင့် မကျေမနပ်စိတ် ပေါ်ပေါက်လာရသည် မဟုတ်ဘဲ "ဒီလို လူကို ဒီလောက်ပဲ ပေးထားရသလား" ဟု မကျေမနပ်ဖြစ်မိခြင်း ဖြစ်ပေသည်။ နေ့ရောညပါ လူတစ်ယောက်လုံး လုပ်နေသည်ကို သုံးလောက်စားလောက် လူကြားကောင်းလောက်အောင်မှ ပေးမထားတာ သတင်းစာတိုက်မှ ဟုတ်ရဲ့ လားဟု ခံပြင်းမိသည်။ အယ်ဒီတာကို ပိုက်ဆံပေးလျှင် ရသည်ဟု စာရေး စာချီ များလို ပေါပေါအမှတ်ထားကြသလားဟု အလွန်ပင် ဝမ်းနည်းမိသည်။

'ကျွန်မသာ သတင်းစာတိုက်ပိုင်ရင် အယ်ဒီတာကို ထိုက်ထိုက်တန်တန် လခကြီးကြီးပေးတာ မြန်မာပြည်မှာ ကျွန်မ အစပထမ ဖြစ်စေရမယ်' ဟု ထိုအခါ ကပင် ကြုံးဝါးပြောထားလိုက်သည်။

လက်ကျန် ၆၅ ကျပ်ထဲမှာ စာအုပ်ဆိုင်ကြွေး ၂၀ ကျပ် ဆပ်ရမည်ဟု သိရပြန်သောအခါ မြန်မာ့အလင်းမှ သူ့ကို အမြန်ဆုံး လွတ်မြောက်အောင် လုပ် မည်ဟု သန္နိဋ္ဌာန် ချမှတ်လိုက်သည်။ သတင်းစာ တိုးတက်ရာ တိုးတက်ကြောင်း အတွက် အယ်ဒီတာ ဖတ်လိုသမျှ စာအုပ်တွေကို တိုက်က ဝယ်ပေးဖို့ရာ သင့် သည်ဟု ထင်မြင်မိပြီး မြန်မာ့အလင်းတိုက်ပေါ်တွင် စိတ်နာသွားပြန်သည်။

တစ်လ ၄၀ ကျပ်နှင့် ရန်ကုန်တွင် ဘယ်လိုနေရပါ့မလဲဟု မတွေးဝံ့အောင် ဖြစ်သည်။ မိန်းမရလျှင် အပြင်အပ ဝင်ငွေများအောင် ဆောင်းပါး၊ ဝတ္ထု ခေါင်းကြီးတွေကို ကျုံးရေးလိုက်ပြီး ကျွန်မ သုံးလောက်အောင် ငွေရှာမည်ဟု အားပေးထားရှာသည်။ ဖွင့်၍လည်း ပြောသည်။

မြန်မာ့အလင်းမှ လွတ်မြောက်အောင် မလုပ်နိုင်ခင် မြန်မာ့အလင်း အလုပ် ချိန်မှ ပိုသမျှ မိနစ်တွေကို ကျွန်မ ပိုင်သည်ကိုမူ သူ မရိပ်မိ မတွေးမိဘဲ နေသည်။ သူ့ကျန်းမာရေးအတွက် အပိုတစ်မိနစ်မှ မည်သည့်အလုပ်အတွက်မျှ မပေးဘဲ အိပ်စက်ရလိမ့်မည်၊ အနားယူရလိမ့်မည်ကို သူကား မသိရှာပေ။ ကျွန်မ အားမပေး ရန်သာ ကတွက်တွက် အားပေးစကား ပြောနေသည်။

သူ့ကို ကောင်းကောင်းကျွေးချင်သည်။ ကောင်းကောင်းထားချင်သည်။ သူ့လခ လေးဆယ်နှင့် သူ့ကို ချမ်းချမ်းသာသာ ထားနိုင်မှာ မဟုတ်ဘူးဟု များစွာ ပူပန်ဝမ်းနည်းမိပေသည်။





လက်ထပ်သည်ဆိုလျှင် ကျွန်မသဘောမှာ မိဘကို မည်သည့်တာဝန်မျှ မပါစေဘဲ၊ မိဘများကိုသာ ကိုယ်က တတ်နိုင်လျှင် စောင့်ရှောက်ကျွေးမွေးရမည် ဖြစ်သည်။ ကျွန်မ အစ်ကိုကြီးမှာ အိမ်ထောင်ကျ၍ လခကြီးစား ဖြစ်နေသော်လည်း အသုံးအလွန်ကြီးကာ မလောက်နိုင်တိုင်း မိဘများက ထောက်ရ ပို့ရသေးသည်။ မေးရသည့် အခါတိုင်း 'ဩော် ...လက်ထပ်ပြီးလည်း ဝန်တင်သေးတာပါပဲလား' ဟု ဖခင်၏ ညည်းညူသံကို စိတ်မချမ်းသာလွန်း၍ တစ်နေ့တွင် တစ်လ ၁၅ ကျပ် သမားနှင့် အကြောင်းပါရသည် ဖြစ်စေ၊ မိဘများထံမှ တစ်ပြားတစ်ချပ်မျှ မကောင်းဘဲ၊ ကိုယ့်ဝမ်း ကိုယ်ကျောင်းမည်ဟု သန္နိဋ္ဌာန်ချထားသူ ဖြစ်သည်။ မိဘကိုလည်း အားမကိုးချင်၊ ငွေ ၄၀ ကျပ်နှင့် နေရမည့် အရေးကလည်း ရင်လေး နှင့်။ လာမည့် အနာဂတ်ကို မတွေးဝံ့အောင်ဖြစ်ကာ တစ်ယောက်တည်း ကျိတ်မှိတ် ဖွေးသွားသဖြင့် ကျွန်မ၏ အိမ်ထောင်ရေးကား ဤအချက်ကအစ စိတ်မချမ်း သာခြင်း ပထမ ဖြစ်လေသည်။

ကျွန်မအတွက်မူ မနက်တစ်နပ် ညတစ်နပ် စားရန်သာ ပူပန်ရန်ရှိသည်။ လေးငါးဆယ်နှစ် ဝတ်လို့မကုန်အောင် အဝတ်အစားများ ပြည့်စုံဖူလုံ၍ တော်သေး ရဲ့ဟု အောက်မေ့ရသည်။

ဖခင် လက်ဖွဲ့ချီးမြှင့် ပေးအပ်လိုက်သော ငွေများနှင့် အိမ်ထောင်ပစ္စည်း များကို မီးပူ၊ ကတ်ကြေး၊ အပ်ချည်လုံး၊ အပ်၊ အိုး၊ ခွက်၊ ငရုတ်ဆုံပါမကျန် စားအိမ်လုံး အသုံးအဆောင်တွေကို ပိုက်စိတ်တိုက် ဝယ်လေသည်။ ဘိုကလေးမှ လက်ထပ်ပြီး လိုက်လာသည့်အခါ စာသုံးရန်အတွက် ပိုသမျှ ငွေတွေကို နို့ဆီ၊ ကြား၊ ကော်ဖီ မှုန့်၊ အာလူး၊ ပဲ၊ ငရုတ်သီးပါ မကျန် အိတ်သွန်ဖာမှောက် ကုန်လျှောက်ဝယ်ထားပစ်ခဲ့သည်။

သဘော်ထွက်ခါနီးတွင် သူက 'ဘာမှာစရာ ရှိသေးသလဲ' မေး၍ အိပ်ခန်း လေးကို ဆေးကြောပြီး ကြမ်းခင်းကို ပေါ်လစ်ဆေး တိုက်ခိုင်းထားပါဟု အမှတ် ရ ပြောမိသည်။ သူ မျက်နှာပျက်သွားသည်။ ကျွန်မအား ဤအခန်းတွင် ထားရမည်ကို သူလည်း များစွာ စိတ်မချမ်းမသာ ဖြစ်နေကြောင်းကို ဖွင့်မပြော သော်လည်း၊ မြန်းစဉ်က ပါလာသည့် ဈေးနှုန်းဦးစံသိန်းက ကျွန်မကို ၃၄ လမ်းမှာ ထားမယ်ဆိုရင် 'လှောင်ချိုင့်ထဲမှာ ထည့်ထားတဲ့ ငှက်ကလေးလို ဖြစ်တော့မှာပဲလို့ ပြောတယ်' ဟု ပြောပြီးနောက် မျက်နှာမကောင်း ဖြစ်သွားသည်။ ဤအခန်းကျဉ်း ကလေးနှင့် နေရမည်ကို စိတ်မချမ်းသာကြောင်းမှုကား တစိုးတစိမျှ မပြခဲ့ပေ။

ခွင့် ၇ ရက်ယူ၍ ၂၅ ရက်နေ့ညတွင် လူကြီးတွေနှင့် လိုက်လာမည့် မင်္ဂလာစဉ်တွေကို ပြောပြကာ၊ စိတ်အေးလက်အေးရှိရန် မှာလိုက်သည်။ စာလည်း ကောင်းကောင်းရေး၍ လမ်းတွင်ဖတ်ရန် ပေးလိုက်သည်။

ဘိုကလေးသို့ ရောက်သည့်အခါ ဖခင်အား အိမ်ခန်းရ၍ ထိုအိမ်ခန်းတွင် အိမ်ထောင်ပစ္စည်းများအားလုံး ဝယ်၍ထားခဲ့ကြောင်း ပြောပြရသည်။

'ရန်ကုန်မှာ အသုံးအစွဲကို မိဘလက်ထဲမှာလို မဖြုန်းနဲ့၊ မသုံးနဲ့နော်။ တစ်လတစ်လ ရတဲ့လခထဲက စု။ အိမ်ထောင်ရေးဆိုတာ ငွေလိုက်နိုင်မှ စိတ်အေးရတာ။ တစ်လကို လခ ဘယ်လောက်ရသတဲ့လဲ' ဟု မေးမြန်းလေသည်။ ကျွန်မတွင် ချွေးများ ပြန်သွားလေသည်။ မိဘစိတ်ချမ်းသာစေရန် 'အပြင်အလုပ်တွေနဲ့ ဘာနဲ့ ဆိုရင် တစ်လ တစ်လ သုံးလေးရာ ရပါတယ်' ဟု ပြောပြလိုက်ရသည်။

ကျွန်မ အသက်ပေါင်ငွေမှာ တစ်လလျှင် ၁၇၅ ကျပ် သွင်းရ၍ 'ဒီလခနဲ့ ဆက်သွင်းနိုင်ပါ့မလား' ဟု ဖခင်က ပြောလေသည်။

'စာအုပ်ရေးပြီး ရိုက်ရောင်းရင် သွင်းနိုင်ပါတယ်' ဟု ပြောလိုက်ရသော်လည်း ၁၇၅ ကျပ်ကို မဆိုထားနှင့်၊ ကျွန်မ ဝင်ငွေမှာ တစ်လ ၄၀ ကျပ်သာ ရှိ၍ သွင်းထားပြီးသည့် ငွေတွေကိုပင် အရှုံးခံ၍ ထုတ်တန်ထုတ်ရမည်။ ဖခင်ကြီးအား မပြောဝံ့သေးပေ။

အိမ်တွင် စားချင်သလို စား၊ ဝတ်ချင်သလို ဝတ်နေသည့် အခွင့်အရေးတွေသည် လက်ထပ်လျှင် လုံးဝ မရှိနိုင်တော့ဘူးဟု ကိုယ့်ကိုယ်ကိုယ် ခြိုးခြံကာ ဆင်းရဲခံရတော့မည့် ဖြစ်အင်ကို အစဉ်သတိရနေသည်။

ငွေ ၄၀ ကျပ်ကို တစ်နေ့ ၁ ကျပ် သုံးရမလား၊ သုံးမတ် သုံးရမလားဟု စိတ်ထဲတွင် စာရင်း တွက်နေရသည်ကြောင့် စိတ်မအားအောင် ဖြစ်နေသည်။ သူ့ကိုသာ ကော်ဖီတိုက်ပြီး ကိုယ်က ကော်ဖီ မုန့်ပဲသရေစာတွေ ဖြတ်ကာ ထမင်းသာ စားလျှင် ၁ ကျပ်နဲ့တော့ ကောင်းကောင်းလောက်မှာပဲဟု ကော်ဖီသောက်ချိန်၌လည်း စာရင်း တွက်ကြည့်သည်။ သူ့ကိုသာ ဟင်းကောင်းကောင်းကျွေးပြီး ကိုယ်က ဝမ်းဘဲဥ ပြုတ်ကလေး၊ ပဲပြုတ်ကလေးနဲ့ စားရင် သုံးမတ်နဲ့လည်း လောက်မှာပါဟု ထမင်းစားချိန်၌လည်း စာရင်းတွက်မိလျက်သား ဖြစ်နေသည်။

မိဘလက်ထဲတွင် အဝတ်လည်း မလျှော်ဖူးပေ။ ထမင်းလည်း မချက်ဖူးပေ။ သနပ်ခါးသော်မှ ကိုယ့်ဟာကိုယ် သွေး၍ မလူးဖူးပေ။ အိမ်အလုပ်တွေကို အခိုင်းအစေ မငှားဘဲ တစ်ယောက်တည်း လုပ်နိုင်အောင် လုပ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရသည်။

ငွေ ၁ ကျပ်သည် ကျွန်မအဖို့တွင် သူတောင်းစားကို စွန့်ကြဲဖို့ရန်ပင် ဝန်မလေးခဲ့ပါဘဲ၊ ယခု တစ်နေ့ ၁ ကျပ်အတွက် ကျွန်မ၌ မည်မျှဝန်လေးနေရသည့် ဖြစ်ပုံတွေကို စာဖွဲ့၍ မဆုံးနိုင်အောင် ဖြစ်ရပေတော့သည်။ ငွေ ၄၀ ကျပ်ကို ဇယားချကာ စာရင်းလုပ်ကြည့်၍ မပြီးနိုင်အောင် ဖြစ်နေပေသည်။





အိမ်တွင် စီးကရက် လက်မချဘဲ ကော်ဖီ၊ မုန့်ပဲသရေစာ၊ အချိုအချဉ်၊ ချောကလက်၊ သကြားလုံးအပြင် ညနေကိုယ်လက်လှုပ်ရှား ကစားပြီးလျှင် လိမ္မော်ရည်၊ ဘီလပ်ရည်၊ ဆိုဒါ အပိုဆာဒါး သုံးဖြုန်းနေပုံတွေကို မကြာခင် သပိတ်မှောက်ပစ်လိုက်ရတော့မည်။ စားနေတိုင်း သောက်နေတိုင်း ဒါတွေ နောက်ဆုံးပါပဲ ဟူသော အသိတရားက ဝင်စားလာသည့်အခါ အခါတိုင်းထက် အရသာရှိသလိုလို မှတ်ထင်မိသည်ကို ဝန်ခံရပေမည်။

တစ်ရက် တစ်ရက်နှင့် ၂၆ ရက် မနက်သို့ ရောက်လာခဲ့ပြီ။ သူ့ထံမှစာကို စာတိုက်မှ သူတို့ ရောက်လာသည့် ၂၆ ရက်နေ့ မနက်ဘက်အထိ ရလေသည်။ ဤစာသည် နေ့စဉ်ရက်ဆက်မှ လက်ထပ်သည့်နေ့အထိ နောက်ဆုံးရသည့်စာ ဖြစ်လေသည်။ စာမှာ–

တင်လေးနှင့် ကိုကိုတို့ ယနေ့ လက်ထပ်ကြရတော့မည်။

ဟု တစ်ကြောင်းတည်း ဖြစ်သည်။

သားရေအိတ် သေးသေးတစ်လုံး သူ့တွင် ပါလာသည်။ သေတ္တာထဲတွင် ပိုးလုံချည် တစ်ပတ်ရစ် နှစ်ထည်၊ ရှပ်အင်္ကျီ သုံးထည်၊ အပေါ်အင်္ကျီ နှစ်ထည် ပါလာသည်။ ဤပစ္စည်းများမှာ သူပိုင်ပစ္စည်းအားလုံး အကုန်ပဲဆို၍ အဝတ်အစား မရှိခြင်းကို စိတ်မကောင်း ဖြစ်ရသည်။

တိုက်က တစ်လတစ်လ ၃၀ ကျပ် နုတ်မည့်ကြွေးမှာ ၁၀ လကြာမှ ကြေမည်ဖြစ်သည်။ ဤအတွင်း ၄၀ ကျပ်ထဲမှ သူ့အတွက် အဝတ် ဝယ်ပေးနိုင်ပါမလားနှင့် စိတ် တော်တော်အိုက်သွားပြန်လေသည်။

ကျွန်မသည် အခန်းထဲတွင် သူ့အဝတ်အစားတွေကို လှန်လှော၍ ကြည့်နေသည်။ သူလည်း ကျွန်မနားတွင် ရပ်ပြီး တစ်ခန်းလုံးကို နှံ့နှံ့စပ်စပ် လိုက်ကြည့်နေလေသည်။

'ဒီဗီရိုထဲက ဖိနပ်တွေနဲ့ ကင်းဗတ်ရှူးဖိနပ်ဖြူတွေက တင်လေးပစ္စည်းတွေလား'

'ဟုတ်တယ်လေ၊ တင်လေးစီးတဲ့ ဖိနပ်တွေပဲ။ ရှူးစီးတာ မကြိုက်ဘူးလား'

'ဘယ်လိုထင်လို့လဲ'

'ဘယ်လိုထင်ရမလဲ'

'ရှူးစီးတာ ဘာဖြစ်သလဲ။ ယောကျ်ားတွေလည်း စီးကြတာပဲဟာ။ ဒီဖိနပ်စီးတာ ခြေလုံလို့ ဣန္ဒြေပျက်စရာ ဘာမှ မရှိပါဘူး။ အခု အစီးနည်းကြသေးလို့သာပါ။ တစ်နေ့ မိန်းမပညာတတ်တွေ ခြေထောက်မှာ ဒီဖိနပ်မျိုးတွေ မြင်ရမှာပဲဟာ'

'ဘက်ကစားတဲ့ အခါသာ စီးတာပါ။ ရန်ကုန်မှာစီးရင် ဦးချစ်မောင့်မိန်းမက ဖိနပ်ဖြူနဲ့ဆိုရင် သိပ်ကို ကိုးရိုးကားရားနိုင်မှာပဲနော်။ ထားခဲ့မှ ထားခဲ့မှ'

သူသည် ဖိနပ်တွေကို တစ်ရန်စီ လိုက်ကြည့်ကာ ဘာကိုတွေး၍ ပြုံးသည် မသိ၊ ပြုံးပြုံးကြီး ကြည့်နေလေသည်။

သတို့သားမှာ သတို့သားနှင့်မတူဘဲ လက်ထပ်ပေးရအောင် လိုက်လာသည့် လူကြီးသူကြီးတစ်ဦးနှင့် တူနေ၍၊ ကျွန်မဘက်မှ ဆွေမျိုးများမှာ သူ့မိတ်ဆွေများနှင့် လူမှား၍ နေကြသည်။ လက်ထပ်လျှင်ဝတ်ရန် ကျွန်မ ဝယ်ယူလာသော အဝတ်အစားသစ်များကို လဲလှယ်ထားပါတော့ဟု ဗီရိုထဲမှ ထုတ်ပေးလိုက်ရသည်။

'ဒါတွေ ဝတ်ရဦးမှာလား။ ဒီလိုနဲ့ မပြီးဘူးလား' နှင့် ညည်းညူနေ၍ မတော်ကြောင်း၊ မသင့်ကြောင်းကို အတော်ပင် ဖျောင်းဖျတောင်းပန် ပြောရသည်။

အဝတ်လဲလျက် သုံးထပ်မှ ဆင်းလာကာ လှေကားထိပ်အပေါက်ဝတွင် ကျွန်မနှင့် ရပ်စကားပြောနေစဉ် ချွေးစော်နံမည်စိုး၍ အားနာသလိုဟန်နှင့် အနားသိပ်မကပ်ဝံ့သည့်ဂိုက်မျိုး ဖြစ်နေသည်။ 'မပြောပါနဲ့တော့။ တင်ဖေကြီးနဲ့ အုံးမြင့်

---

* လက်ထပ်မင်္ဂလာပွဲတွင်–





တို့ ရေမွှေးဆွတ်ပေးလိုက်ကြလို့' ဟု ဆိုကာ ရှက်သလိုလို၊ မလုံသလိုလို၊ အားနာ၍ အနားမကပ်ရဲသလို အနေကျပ်သည့် အမူအရာတွေဖြင့် သနားဖို့ပင် ကောင်းတော့သည်။

သတို့သမီးထက် သတို့သားက မျက်နှာမထားတတ်အောင် ဖြစ်နေပုံကို တစ်အိမ်လုံး ပြုံးနေကြသည်။ နဂိုမူပင် ဣန္ဒြေသိက္ခာ အလွန်ကြီးသူဖြစ်ရာ၊ ခေါင်းကြီးကို တွင်တွင်ငုံ့ပြီး ဣန္ဒြေကြီးကြီးနှင့် မျက်လွှာချထားပုံမှာ၊ လက်ထပ်မည့် သတို့သားနှင့် မတူဘဲ မနက် မနက် ဆွမ်းခံကြွလာသည့် ကိုယ်တော်ကြီးနှင့် တစ်ထေရာတည်း တူနေတော့သတည်း။

## ၁၅ ။ ပထမ ၇ ရက်

ဤသို့ဖြင့် နောက်ဆုံး၌ သူနှင့်ကျွန်မတို့၏ ထိမ်းမြားလက်ထပ်မှု ကိစ္စသည် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ရှိခဲ့တော့သည်။

လက်ထပ်ပွဲအတွက် အလုပ်တိုက်မှ ၇ ရက်မျှ ခွင့်ယူလာခဲ့သည်။ သူ့မှာ ထို ၇ ရက်အတွင်း ဘိုကလေးသို့ ဝါဆိုရန် ကြွရောက်လာသည့် ထေရ်ကြီးဝါကြီး တစ်ပါးနှင့် တူနေလေသည်။

အနေအထိုင် အစားအသောက် လူမှုရေးရာမှန်သမျှ လူကျင့် မကျင့်၊ လူနှင့် မတူ၊ ဘုန်းကြီးကျင့် ကျင့်၍၊ ဘုန်းကြီးနှင့်သာ တစ်ထပ်တည်း တူနေသည်။

သူ့ဖခင်ကြီးနှင့် ဧည့်သည်များမှာ မင်္ဂလာဆောင်ပြီး၍ ပြန်သွားကြသည့် အခါတွင် မနက်က လာကြသော ဧည့်သည်တစ်စုထဲမှ ခဏနေရစ်ခဲ့သော ဧည့်သည်တစ်ယောက်ကဲ့သို့ အိမ်သူအိမ်သားများနှင့် ရောနှောရင်းနှီးကာ ရဲရဲတင်းတင်း မနေဘဲ၊ စာတစ်အုပ်နှင့် အဖော်လုပ်၍ နေ့ရှိသရွေ့ သူ့အဖော်နှင့်သာ မှိုက်တိတ်တဆိတ် မျက်နှာချင်းအပ်ကာ ထိုင်နေလေသည်။

သူ့ဘာသာသူ တစ်ယောက်တည်း နေသော်လည်း၊ တစ်အိမ်သားလုံးက သူ့အပေါ်တွင် မစိမ်းကြဘဲ အလွန်ချစ်ခင်ကြလေသည်။ အထူးသဖြင့် ဖခင်ကြီးက သူ့ကို ပို၍ ဂရုစိုက်လေသည်။

ယခုလောက် ကျယ်ဝန်းလှသော အထပ်သုံးထပ်ရှိသည့် တိုက်ကြီးတစ်တိုက်၌ သူတစ်ယောက် တိုးလာသည့်အတွက်တာကြောင့် အားလုံး နေစရာထိုင်စရာ နေရာ မရှိလောက်အောင် ကျပ်တည်းကျဉ်းမြောင်း သွားတော့မည့်ပုံ၊ လျှောက်လည်း ကျုံ့ကျုံ့၊ ထိုင်လည်းကျုံ့ကျုံ့၊ စားလည်းကျုံ့ကျုံ့၊ အသံမထွက်အောင်ညည်းစရာအောင် တကျုံ့ကျုံ့ သူဖြစ်နေပုံတွေမှာ အိမ်သူအိမ်သားတွေအတွက်

သူတစ်ယောက် ပိုလာ၍၊ အနေအထိုင် မည်သို့မျှ ကျဉ်းကျပ်မသွားစေကာမူ၊ သူ့ဘာသာသူ ကျပ်နေမှန်းကို မစဉ်းစားမိ။ သူ့ကြောင့် သူများတွေ ကျပ်နေမလား ဟူ၍သာ ဖပူသင့် မပူထိုက်သည်ကို ပြောင်းပြန်ကြီး ပူပန် စိုးရိမ်နေလေသည်။

နံနက်တိုင်း သတင်းစာ စုံစုံလိုချင်သည်။ မြို့ထဲသို့သွားကာ လက်ဖက်ရည်ဆိုင်ကို ထိုင်ရမှ နေလို့ထိုင်လို့ရသောသူ ဖြစ်သည်။ ခုနစ်ရက်ကို ခုနစ်နှစ်လောက် သူ့စိတ်ထဲတွင် အောက်မေ့သလား မသိပေ။ သတင်းစာအတွက် စိတ်မအေး၊ စိတ်မချ။ တကြောင့်ကြကြ တပူပန်ပန် ဖြစ်နေကာ လက်ထပ်ရက်အတွင်း ပျော်စရာ စွင့်ရက်ဟူ၍များ မမှတ်တော့ဘူးလားဟု ထင်မိသည်။

လက်ထပ်ပြီး နောက်တစ်နေ့ကအစ၊ မနှစ်မြို့ဖွယ်ရာ ကောင်းလှသည့် သူ့အကျင့်ဆိုးကြီး ပေါ်လာချေပြီ။

သူသည် တပိုတပါး အပြင်ထွက်ရန် အလွန် ရှက်တတ်သည့် သူပေတည်း။

တစ်နေ့လုံး သူ့ကို အကဲခတ်နေသည်။ မနက်ဘက်တွင် မျက်နှာသစ်ရန် ရေချိုးခန်း၊ အိမ်သာခန်းများကို လိုက်ပြပြီးနောက်၊ တစ်နေ့လုံး ညနေစောင်းအထိ တစ်ခါမှ အိမ်သာခန်းဘက်သို့ ထ သွားသည်ကို မတွေ့ရပေ။ ရှေးဦးမဆွက ဧည့်သည်တွေနှင့် သုံးထပ်ပေါ်တွင် သူတို့အတွက် နေရာပြင်ဆင်ပေးလျက်၊ သုံးထပ်၌ ရေချိုးခန်းရှိသောကြောင့် သူ့အလေ့ဆိုးကို မသိရပေ။ ယခု လက်ထပ်၍ အလယ်ထပ်တွင်နေမှ သူ့အကျင့်ကို နေ့ချင်း အကဲခတ်မိသည်။ ပထမသော် ဧည့်သည်တစ်ယောက်ကဲ့သို့ စိမ်းနေသေးကာ ဟိုဟိုသည်သည် အထွက်အဝင် မများချင်၍ ထိုင်နေသည်ဟု ထင်မှတ်မိသည်။ သုံးလေးရက်ကြာမှ သူရှက်တတ်၍ အောင့်အည်းနေမှန်းကို သိရလေသည်။

သူ့အား ရှက်သင့်သည်မှ ရှက်ဖို့ကောင်းကြောင်းကို ပြောပြလျက် ရေချိုးခန်းဝင်ရန် တိုက်တွန်းသည့်အခါ 'မသွားချင်လို့ပါ၊ နေနိုင်ပါတယ်။ မသွားပါရစေနဲ့၊ ညကျမှပဲ ဝင်ပါရစေတော့' ဟု ငြင်းဆန်နေသည်။ နေ့ဘက်၌ ဤအခန်းထဲသို့ သူဝင်နိုင်ရန် တစ်အိမ်လုံးက တခြားတစ်အိမ်သို့ သွားပြီး ရှောင်ရှောင် ပေးကြရတော့မလို ဖြစ်နေသည်။

၁ ရက်၊ ၂ ရက်၊ ၃ ရက်။ ဤအခန်းသို့ဝင်ရန် သူ့ကို တောင်းပန်ပြောသည်။ နောက်ရက်များတွင် အထပ်ထပ် တိုက်တွန်းနှိုးဆော် ပြောကြည့်သည်။ နောက်တွင် ဤသို့ပြော၍ မရသဖြင့် ခွတ်တရွတ် ပြောရသည်။ အန္တရာယ် လွယ်ထားသူက တစ်ယောက်၊ မနေနိုင် မထိုင်နိုင် ဖျပ်ဖျပ်လူး ဖြစ်နေသူက တစ်ယောက်။ သူ့အမျိုး ကို ကျွန်မအချိန်လို ကန့်သတ်လျက် အိမ်သာသွားရန် နားပူနားဆာ လုပ်နေရသည်။





သို့ကလောက် နားပူအောင် လုပ်ပါလျက်လည်း "ချေး" များနေသည်။ 'ဘယ်သူမှ ဒီအခန်းတွေဘက်မှာ မရှိကြပါဘူး။ အခုပဲ ကြည့်ခဲ့ပါပြီ။ မီးဖိုဘက်မှာလည်း ဘယ်သူမှ မရှိပါဘူး။ ထ ပါ။ အခုနေ လူရှင်းတုန်း ဝင်ပါ။ သွားပါ၊ ရှိုးပါရဲ့။ အန္တရာယ် မလွယ်ကောင်းပါဘူး' နှင့် တတွတ်တွတ် ပူဆာ တိုက်တွန်းလာရသည့် အခါ၌ သူလည်း စိတ်ညစ်၊ ကျွန်မလည်း စိတ်ညစ်။ ၇ ရက်လုံးလုံး ဒုက္ခကြီး တဒုက္ခ ဖြစ်နေသည်။

လွတ်လွတ်ကင်းကင်း ဇနီးမောင်နှံ နေထိုင်ကြရန် အခန်းကြီးတစ်ခန်း ပြင်ပေးထားပါလျက် ဤအခန်းထဲတွင်လည်း ကိုယ်လက်ဆန့်တန်း၍ လွတ်လွတ်ကင်းကင်း မနေရဲပေ။ ဤအခန်းထဲတွင် နေရမည်ကိုလည်း မနေဝံ့အောင် ရှက်နေသည်။ ဧည့်ခန်းထဲ၌သာ စာဖတ်၍ စာရေး၍ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသည်။ သူ့အနားသို့ သွားလျှင် 'မိုးကလည်း ချုပ်ခဲ့ပါဘိတော့တယ် တင်လေးရယ်' ဟု ညည်းရှာသည်။ မှန်ပါပေသည်။ သူ့မှာ မိုးချုပ်၍ လူတွေအိပ်မှ ရေချိုးဝံ့ရှာသည်။ မိုးချုပ်၍ လူတွေရှင်းမှ နောက်ဖေး သွားဝံ့ရှာသည်။ မိုးချုပ်သွားမှပင် တစ်နေ့တစ်နေ့အတွက် ဝဋ်ဒုက္ခ ကျွတ်ရသည့် သူပေတည်း။

လူတစ်ဖက်သားကို အားနာတတ်သည့် ဒုက္ခကား သူ့တွင် အကြီးဆုံးဒုက္ခကြီး ဖြစ်လေသည်။ သူ အားနာပုံမှာ တစ်အိမ်လုံးက သူ့ကိုပြန်၍ အားနာနေကြရသည့် အဖြစ်ကို ရောက်အောင် သူ အားနာနေသည်။ နေရာတကာတွင် မဆင်မခြင် လွင်တွင်သာ အားနာနေသည်။ 'မောင်ချစ်မောင် မြင်ရတာ ငါတောင် အနေကျပ်လာပြီ' ဟု ဖေဖေက ညည်းသည်။ နေချင်သလို လွတ်လွတ်လပ်လပ် နေပါရန်လည်း ပြောမရပေ။ လေးငါးရက်အတွင်း သူနေပုံ၊ သူထိုင်ပုံ၊ သူစားပုံ၊ သူ့အကျင့်၊ သူ့အမူအရာ၊ သူ အားနာပုံတွေသည် ကျွန်မ ထင်သည်ထက် ပိုကဲနေလေသည်။ အလွန်ကျွံကျွံ ချုပ်တည်းခြိုးခြံ အောင့်အည်းလွန်းသဖြင့် "တစ်သက်လုံး ဒီလိုသာ ကျင့်ရင် အခက်ပဲ" ဟု ရင်များပင် လေးမိသည်။

အိမ်တွင် ၇ ရက်နေပြီးနောက် သူနှင့်ရန်ကုန်သို့ လိုက်ရပေမည်။ ကျွန်မ၌ ယူစရာ သယ်စရာများကို သိမ်းဆည်းထည့်သွင်း၍ တစ်နေ့တစ်နေ့ မပြီးနိုင်အောင် အလုပ်များနေသည်။ အခန်းထဲသို့ သူ ဝင်လာရဲမည် မဟုတ်၍ ကျွန်မဘာသာ တစ်ယောက်တည်း သိမ်းဆည်းနေခိုက် သူ ဝင်လာသည်။ မျက်နှာ မသာမယာဖြင့် ဝင်လာသည်။ မသိဟန်ဆောင်ကာ 'နေမကောင်းဘူးလား ကိုကို' ဟု ချက်ချင်း မေးလိုက်သည်။

'တင်လေး၊ ဖေဖေ့ကို ဘာတွေ သွားပြောသလဲ'

'ဘာများလဲ ကိုကို၊ ဖေဖေက ဘာပြောလိုက်လို့လဲ'

'ကိုကို စာရေးနေတုန်း ကိုကို့ရှေ့မှာ လာထိုင်ပြီး တင်လေးအကြောင်းတွေ ပြောပြတာ ကိုကိုဖြင့် စိတ်မကောင်းဘူး'

'ဘာအကြောင်းတွေလဲ ကိုကို၊ ပြောပဲ ပြောပါဦး'

'တင်လေးက လက်ဝတ်လက်စားတွေ မလိုချင်ဘူးလို့ ပြောတယ်ဆို။ သူ့ဖို့ လုပ်ပေးတဲ့ပစ္စည်း သူ ယူမသွားရင် ဘယ်သူ ဝတ်ဦးမှာလဲတဲ့။ သူ မယူသွားရင် မိဘကကော စိတ်ကောင်းပါဦးမလားတဲ့။ တင်လေး ဘယ်လိုများ သွားပြောလိုက်သလဲ။ ဖေဖေ့စိတ်ထဲမှာ သိပ် ထိခိုက်နေပုံ ရတယ်'

'ဪ ...ဒါကို ပြောတာလား'

ကျွန်မ အစ်မကြီးသည် အိမ်တွင် ဦးစွာလက်ထပ်သူ ဖြစ်ပြီးလျှင် လက်ထပ်ပြီးသည့်အခါ၌ မိဘများ ဆင်ပေးထားသော လက်ဝတ်လက်စား တစ်ဆင်စာ ယူသွားခဲ့သည်။ အစ်မကြီးကဲ့သို့ ယူသွားရမလားဟု စဉ်းစားကြည့်သည့်အခါ ယခုအချိန်တွင် ကျွန်မ၌ လင်သားရှိပြီ ဖြစ်သည်လည်းတစ်ကြောင်း၊ အသက်အရွယ် ကြီးမှ မကျန်းမမာသော မိဘများ၏ အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို ယူသွားလိုစိတ် နည်းနည်းမျှ မရှိသည်ကလည်း တစ်ကြောင်းတို့ကြောင့် ရန်ကုန်လိုက်သွားလျှင် လက်ဝတ်လက်စားများ မယူဘဲ ထားခဲ့မည်ဟု ဖခင်ကို ပြောမိပေသည်။ ပြောစဉ်က ကျွန်မကို ဘာမျှပြန်မပြောဘဲ ပက်လက်ကုလားထိုင်ကြီးပေါ်တွင် မျက်စိနှစ်လုံး မှိတ်ထားသည်။ ကျွန်မလည်း တိတ်တိတ်ကလေး အပေါ်သို့ တက်လာခဲ့သည်။ သူ့ကို သည်လိုသွားပြောသည်ကို သိရသည့်အခါ၌ သမီးတွေ အပေါ်တွင် ဤမျှ ချစ်ပါကလားဟု ဝမ်းမသာနိုင်ဘဲ ဝမ်းနည်းသွားမိသည်။

အထူးသဖြင့် ဖခင်သည် သားသမီးတွေထဲတွင် ကျွန်မအား အချစ်ခင်ဆုံးဖြစ်သည်။ ချစ်လှစွာသော ဖခင်ကြီးနှင့် ခွဲခွာကွေကွင်းရတော့မည့် အဖြစ်ကိုပါ တစ်လျှောက်တည်း တွေးလိုက်ကာ မျက်နှာမပျက်အောင် ကြိုးစား၍ ပြုံးထားရသည်။

'တင်လေးက ဒီပစ္စည်းတွေကို ယောက်ျားရလို့ မိဘပစ္စည်းကို မယူဘူးလို့ မပြောခဲ့ပါဘူး။ "ရန်ကုန်ကို ယူမသွားဘူး ဖေဖေ၊ ထားခဲ့မယ်" လို့သာ ပြောခဲ့တာပါ။ တင်လေး စိတ်ထဲမှာတော့ ဒီပစ္စည်းတွေဟာ တင်လေး မပိုင်လို့ ယူမသွားသင့်ဘူး ထင်တာတော့ အမှန်ပါပဲ'

'တင်လေး ဒီလို ဖွင့်မပြောလည်း တင်လေးစိတ်ကို ဖေဖေက သိနေတော့ မယူမှာကို သူ စိတ်မကောင်း ဖြစ်နေရှာတယ်'

'ကိုကို ဘယ်လို သဘောရသလဲ'

'တင်လေးစိတ်ကို ကိုကိုလည်း နားလည်ပါတယ်။ ဒါပေမဲ့ ဖေဖေ စိတ်





ကောင်းအောင်တော့ ခဏပဲဖြစ်ဖြစ် ယူခဲ့ရင် ကောင်းလိမ့်မယ် ထင်တယ်။ ယူသွားမည့် အကြောင်း ဖေဖေ့ကို စိတ်ကောင်းအောင် ပြန်ပြောဖို့ ကောင်းတယ်။ ကိုကို့မှာ ဖေဖေ ရှိပေမယ့်လည်း တင်လေးဖေဖေ ချစ်သလို အချစ်ခံခဲ့ဖူးတာ မဟုတ်ဘူး။ တင်လေး ဖေဖေ တင်လေးတို့အပေါ်မှာ ချစ်တာတွေဟာ မကြားစဖူး မကြုံဖူးအောင်ကို ရှားပါတယ်။ ဖေဖေ့စိတ်ကို ထိခိုက်အောင် တင်လေး လုပ်ဖို့ မသင့်ဘူးလို့ ကိုကိုတော့ ထင်တာပဲ'

'ဒါဖြင့်ရင်လည်း ယူခဲ့မယ်လေ'

စိတ်သက်သာသွားပြီလားဟု သူ့အား ကြည့်လိုက်သည့်အခါ၌ သူသည် တံခါးပွင့်နေသော ဗီရိုကြီးကို စူးစူးစိုက်စိုက်ကြီး လှမ်းကြည့်နေသည်။ 'ဘာကို ကြည့်သလဲ ကိုကို' ဟု မေးလိုက်ကာ သူကြည့်နေသော နေရာဆီသို့ ကျွန်မလည်း လိုက်ကြည့်သည်။ သူသည် ဗီရိုအောက်ထပ်ထဲတွင် ထည့်ထားသော အင်္ဂလိပ်မဂ္ဂဇင်းတွေကို ထူးထူးဆန်းဆန်းကြီး ကြည့်နေ၏။ ကျွန်မကိုလည်း အံ့ဩသည့် အမူအရာနှင့် ပြန်လှည့်ကြည့်၏။

'စာအုပ်တွေ များလှချည်လား။ ဒါတွေ တင်လေး ဝယ်ဖတ်တာလား'

ဗီရိုထဲမှ စာအုပ်တွေကို တစ်အုပ်စီ ဆွဲလှန်ယူကြည့်ပြီးမှ တစ်ဖန် 'စာအုပ်တွေ ဘယ်တုန်းက စုလာတာလဲ။ လစဉ် ဝယ်နေသလား' ဟု မေးလေသည်။

ကျွန်မကို မြန်မာစာပေတွင်မက အင်္ဂလိပ်မဂ္ဂဇင်း စာအုပ်များပါ တရိတသေ ဖတ်ကာ စုနေသူဟု အထင်အမြင် ကြီးသွားလျက် တစ်မျက်နှာလုံး ဝင်းထိန် တောက်ပသွားသည်။

'ဒီစာအုပ်တွေဟာ တင်လေး ဝယ်ဖတ်တဲ့ စာအုပ်တွေ မဟုတ်ပါဘူး။ တင်လေးတို့နဲ့ အတူတူနေသွားတဲ့ စတီးဘရားသားကုမ္ပဏီက မစ္စတာအက်ဒဝပ် ဆိုတဲ့ အင်္ဂလိပ်တစ်ယောက်ရဲ့ စာအုပ်တွေပဲ။ ဒီစာအုပ်တွေထဲမှာ တင်လေး လိုချင်တာတွေရှိလို့ သူ့ဆီက တောင်းပြီး ဖြတ်စုလာခဲ့တာ။ ၁၃ နှစ်၊ ၁၄ နှစ် သမီး အရွယ်ကတည်းကပဲ'

ဤစာအုပ်များသည် ကျွန်မစာအုပ်များ မဟုတ်ကြောင်းကို ပြောပြလိုက်သည်။ ကျွန်မအပေါ်တွင် အထင်ကြီးသွားသည့် အမူအရာများ မပျောက်သေးဘဲ 'ဒီထဲက ငယ်ငယ်လေးထဲက ဘာတွေများ စုနေတာလဲ တင်လေး။ ကိုကို မသိရဘူးလား' ဟု ဆက်လက်၍ အားတက်သရော မေးပြန်သည်။

သူ့ကို သေတ္တာတစ်လုံးပေါ်တွင် ထိုင်ခိုင်းကာ ရန်ကုန်သို့ ယူသွားရန် ပြင်ဆင်ထားသည့် သေတ္တာတွေထဲမှ ထင်းရှူးသေတ္တာကြီးကို ဖွင့်လိုက်သည်။ သေတ္တာထဲမှ အပေါ်ယံက ပစ္စည်းများကို အောက်သို့ ယူချသည်။ အောက်ဆုံး၌

မဂ္ဂဇင်းတွေထဲက ဖြတ်ယူထားသည့် စာရွက်တွေကို စုထပ်၍ အိတ်တွေနှင့် ကြိုးစည်းပြီး ထုပ်ထားသည့် စာအိတ်ကြီးနှစ်အိတ်ကို ယူထုတ်ပေးလိုက်သည်။

သူသည် စာအိတ်ကို ပတ်ထားသည့် ကြိုးများကို ဖြေပြီးသကာလ စာရွက်တွေကို ထုတ်ယူပြီး ကြည့်လေသည်။ တစ်ရွက်ပြီးတစ်ရွက် ဖြည်းဖြည်းဆေးဆေး လှန်၍ လှန်၍ ကြည့်သွားသည်။ စာရွက်တွေကို စားတော့ဝါးတော့မလို မျက်တောင်မှျ မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေသည်။ မည်မျှ စိတ်ပါဝင်စား နေသည်ကိုမူ ကျွန်မကို လှည့်၍မျှ မကြည့်ဘဲ သဲသဲမဲမဲ စာရွက်တွေကိုသာ လှန်ကြည့်နေလေသည်။

အချိန် အတော်ကြာမြင့်သွားမှ တစ်အိတ်ကုန်သွားသည်။

နောက်တစ်အိတ်ဖွင့်ရန် ကြိုးဖြေရာတွင် ကြိုးကို ကြည့်မဖြေချေ။ ကျွန်မကို ကြည့်နေရင်း သူ့လက်နှင့် စမ်းဖြေနေသည်။

ကျွန်မ ပြုံးလိုက်သည်။ "ဘာများ ပြောမလဲ။ ဘယ်လိုများ ပြောမလဲ" ဟု မျှော်လင့်ကာ ပြုံးလိုက်သည်။

ကြိုးတွေ ပြေသွားသည်အထိ ကျွန်မကို ကြည့်နေသည့် မျက်လုံးအစုံသည် စုဆောင်းထားသည့် အဓိပ္ပာယ်တွေကို အရန္တိုက်ကာ ရှာဖွေနေသကဲ့သို့ ကြည့်နေပြီးနောက်၊ ကြိုးများ ပြေသွားသောအခါမှ စက္ကူမြွေချကာ စိတ်ဝင်စားစွာဖြင့် စာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်ပြန်သည်။

ခုတင်ပေါ်တွင် ကျွန်မ လှဲလိုက်သည်။ သူ ကြည့်နေသည်ကို သူ့ဘက်သို့စောင်း၍ သူကြည့်ပုံကြည့်နည်း အမူအရာတွေပါ လှမ်းကြည့်နေမိသည်။ တစ်ရွက်ပြီး တစ်ရွက်မှ နောက်ဆုံးရွက်ထိအောင် ကျွန်မကို တစ်ချက်မျှ လှည့်မကြည့်ဘဲ ကြည့်နေသည်။ အားလုံး ကြည့်ပြီးသည့်အခါ စာရွက်ထပ်ကြီးတွေကို အိတ်ထဲသို့ တစ်ထပ်စီ ပြန်သွင်းလျက် ကြိုးစည်းလိုက်ပြီးမှ ကျွန်မကို လှမ်းစိုက်ကြည့်နေပေသည်။

စကား ပြောချင်ဟန် လက္ခဏာ မရှိပေ။ ကျွန်မကို စိုက်ကြည့်နေသည့် မျက်လုံးသည် စာအုပ်တွေ မြင်စကလို အထင်အမြင်ကြီးသွားဟန် ဝင်းထိန်တောက်ပလက်ခြင်း အလျှင်းမရှိတော့ပေ။ စူးရှလေးနက်စွာ ကြည့်နေလေသည်။

သူ့ အကြည့်ဒဏ်ကို မခံနိုင်၍ ကျွန်မ မျက်စိကို စုံမှိတ်ကာ ပြုံးနိုင်သမျှ ပြုံးထားလေသည်။

မျက်စိများ မှိတ်ထားသော်လည်း စိတ်ထဲက "သူ ကြည့်နေတုန်းပဲလား" ဟု သိချင်လွန်းပြန်၍ မျက်လုံးပြန်ဖွင့်လိုက်သည်။ မျက်တောင်မှျ မခတ်ဘဲ ငေးစိုက်





ကာ စင်းစင်းကြီး ကြည့်မြဲကြည့်နေလေသည်။ ကပျာကယာ မျက်နှာကို လက်ဝါးနှင့် ဖုံးအုပ်ကာ ရှက်ရှက်နှင့် ပြုံးရယ်နေရသည်။

သူ့နှုတ်ဖျားမှ ညင်သာလှစွာ တစ်လုံးချင်း ထွက်နေသော 'တင်လေး၊ တင်လေး' ဟူသည့် အသံများ ကြားရမှပင် မျက်နှာဖွင့်ရဲတော့သည်။

သိမ်းစုထားသည့် စာရွက်ထပ်တွေနှင့် ပတ်သက်၍ စပ်ဆိုင်ရာ တစ်ခွန်းမျှ မပြောဆိုဘဲ၊ သေတ္တာထဲသို့သာ ပစ္စည်းတွေ ပြန်ထည့်နေလေသည်။

၁၃ နှစ်သမီး အရွယ်လောက်ကစ၍ တရိတသေ သိမ်းစုလာခဲ့သည့် စာအိတ်ကြီး နှစ်အိတ်ကား တစ်အိတ်မှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဒိန်းမတ်၊ ဂျာမနီ၊ အီဂျစ်ပြည်တို့မှ ရှင်ဘုရင်၊ မြို့စားနှင့် မင်းမိဖုရားများ ခမ်းခမ်းနားနား နေကြသည့် အဆောက်အအုံ နန်းတော်ပုံ၊ အိမ်ပုံတွေ ဖြစ်သည်။ အိပ်ခန်းပြင်ထားပုံ၊ စားခန်းပြင်ထားပုံ၊ အဝတ်လဲခန်း ဆင်ပြင်ထားပုံ စသည့် ခမ်းနားကြီးကျယ်လှသည့် ပုံမျိုးစုံကိုဖြတ်၍ စုဆောင်းလာခဲ့သည့် စာရွက်တွေ ဖြစ်လေသည်။

အချို့မှာ အဆောက်အအုံ ကြီးကြီးမြင့်မြင့်ကြီးမှ ခံ့ညားလှသည့် တိုင်ကြီးတွေကို သဘောကျခဲ့၍၊ တိုင်လုံးကြီးတွေကို ပုံစံအမျိုးမျိုး ကိုက်ညှပ်လျက် ယူသိမ်းထားသည့် စာရွက်တွေ ဖြစ်သည်။ ၎င်းပြင် အိမ်တွင် လှေကားတပ်ထားသည့် ပုံစံ တွေနှင့် ကျက်သရေရှိသည့် လှေကားပုံတွေကို အမျိုးမျိုး ဖြတ်ယူထားသည့် စာရွက်တွေလည်း တစ်ထပ်ကြီး ပါသည်။

မဂ္ဂဇင်းတွေထဲတွင် ခမ်းခမ်းနားနား ပါသမျှ ပုံတွေကို ဖြတ်လျက် စုထည့်ထားသော စာအိတ်ကြီးဖြစ်သည်။

နောက်တစ်အိတ်ကား မင်းဆွေမင်းမျိုး၊ မိဖုရားမှ စ၍ ရုပ်ရှင်မင်းသမီးများပါ မကျန် အနောက်နိုင်ငံသူတွေ၏ လည်တွင် ဆွဲထားသည့် လည်ဆွဲတန်ဆာဘယက်ပုံတွေကို ကိုယ်တစ်ပိုင်းပါအောင် ကိုက်ဖြတ်စုဆောင်းလာခဲ့သည့် ဘယက်ပုံစံ စာရွက်တွေ ဖြစ်လေသည်။

ယနေ့ည ရန်ကုန်သို့ သွားရတော့မည်။ တစ်အိမ်သားလုံးပင် ဝမ်းနည်းနေကြသည်။ အထူးသဖြင့် ဖခင်ကြီးမှာ မျက်နှာ အလွန် ပျက်နေလေသည်။ မိန်းမဖြစ်ရသည့် ဒုက္ခထဲတွင် မိဘတို့ကို ဘယ်လိုဒုက္ခမျိုးနှင့် ခွဲခွာရသည့် ဒုက္ခကို ထည့်သွင်းထားရာ၊ ယခင်က ဤဒုက္ခ၏ ကြီးမားပုံကို ကောင်းစွာ မသိ။ ယခု ကိုယ်တိုင် တွေ့ကြုံမှပင် သိမြင်သွားပေသည်။

သွားခါနီး စိတ်အနှောင့်အယှက်များ ဖြစ်ခဲ့ရသည်။ မြန်မာ့အလင်းက ထုတ်ဖွဲ့လိုက်သော ငွေငါးရာမှာ လူကြီးတွေ ခေါ်လာခဲ့သည့် စရိတ်စကများနှင့် ထက်မယပ်ခင် ပေးသင့်ပေးထိုက်သော သူတွေကို ပေးကမ်းခဲ့လျက်၊ ပိုငွေ ၁၂၅

ကျပ်ကို ကျွန်မအား ပေးသဖြင့် ထိုငွေထဲမှ သူ့တွင် မရှိသော ချည်လုံချည်၊ စွပ်ကျယ်၊ လက်ကိုင်ပဝါ၊ ရှပ်အင်္ကျီများ အိမ်ကမသိအောင် တိတ်တဆိတ် ဝယ်ဆင်ပေးရသောကြောင့် လက်ထဲတွင် ငွေ ၈၀ ကျပ်သာ ရှိလေသည်။ ဖေဖေ ပေးလိုက်သော ငွေတွေမှာလည်း ရန်ကုန်တွင် ပြန်စရိတ်သာချန်ကာ အကုန်ဝယ်ထားခဲ့သဖြင့် ကျွန်မလက်ထဲတွင် ငွေ ၈၀ ကျပ်အပြင် တစ်ပြားတစ်ချပ်မျှ မရှိတော့ပေ။

၁၅ ရက်နေ့မှ လခတစ်ဝက် ထုတ်ရမည်ကို သိရသောအခါ ငွေ ၈၀ ကျပ်နှင့် သင်္ဘောစရိတ်၊ ရန်ကုန်တွင် ၁၅ ရက်နေ့ မတိုင်မီ နေရမည့် စရိတ်တွေအတွက် ကတ်ကတ်သတ်သတ် ခြစ်ခြစ်ခြုတ်ခြုတ် လုပ်ရပေလိမ့်မည်။

အခါတိုင်းသော် ရန်ကုန် တစ်ခေါက်သွားလျှင် ငွေ လေးငါးရာ ဖေဖေ့ထံမှ တောင်းယူ ဖြုန်းသုံးပစ်ခဲ့သည်။ ယခုတွင် ဖေဖေ့ထံမှ တောင်းလည်း မတောင်းဝံ့ပေ။ တောင်းလည်း မတောင်းချင်ပေ။ ပိုက်ဆံမရှိကြောင်းကို ဖေဖေ သိမှာပင် အလွန် စိုးရိမ်နေသည်။

ရန်ကုန်သင်္ဘောမှာ မော်လမြိုင်ကျွန်းမှ ကျွန်မတို့မြို့သို့ ည ၈ နာရီတွင် လာရောက်ဆိုက်ကပ်သည်။ သင်္ဘောမဆိုက်ခင် အထုပ်အပိုးများ အောက်တွင် ချလျက် ပြင်ဆင်နေကြစဉ် ဖေဖေ ခေါ်၍ အပေါ်သို့ တက်သွားကြသည်။ ဖေဖေက ရန်ကုန်တွင် ခိုင်းစေရန် မိတ္ထီလာမှ ခေါ်လာခဲ့သော ငွေဇင်ဆိုသည့် မိန်းကလေးနှင့် ဓမ္မသုခရွာတွင် မိဘမရှိ သူငယ်ကလေးတစ်ယောက် တွေ့ခဲ့၍ သနားသဖြင့် ကျွန်မ ခေါ်လာကာ ကျောင်းလည်း ထား၊ ရှင်လည်း ပြုပေးထားသည့် မောင်သောင်းပါ ခိုင်းစေဖို့ရာ နှစ်ယောက် ခေါ်သွားရမည်။ ထမင်းချက်တော့ ရန်ကုန်မှာပဲ ဘင်္ဂါလီကုလား ငှားယူဟု အမိန့်ချမှတ်လိုက်သည်။

လောလောဆယ် ကျွန်မ သုံးရမည့် ဝင်ငွေမှာ တစ်လ ၄၀ ကျပ်သာရှိ၍ သူတို့အတွက် ဘိုကလေးတွင် နေကြသည်က ချမ်းသာကြပေလိမ့်မည်။ ကျွန်မနှင့် လိုက်လာခဲ့လျှင် မုချ ဖောဖောသီသီ ရှိကြမည် မဟုတ်ပေ။ ဖခင်အမိန့်ကို မလှန်ဝံ့၍ ခေါင်းကြီးသွားလေသည်။ မည်သူ့ကိုမျှ မခေါ်ဘဲ အိမ်ထောင်တာဝန်ကို ကျွန်မ ကိုယ်တိုင် တစ်ဦးတည်း ကြည့်၍ စီမံသွားမည်ဟု ဆုံးဖြတ်လျက် ဤကိစ္စကို အမှတ်တမဲ့ လုပ်ထားခဲ့သည်။ ယခု သွားခါနီးမှ အဖော်တွေ ခေါ်သွားရမည်ဟု ထည့်နေ၍ အကျပ်ကျသွားသည်။

တစ်ယောက်မှ ခေါ်မသွားခဲ့လျှင် တစ်သက်လုံး ဘာမှမလုပ်ဘဲ နေသူဖြစ်၍ အပိုလူ ခေါ်မသွားနိုင်သည့် အခိပ္ပာယ်တွေ ပေါ်ကုန်မှာလည်း စိုးရသေးသည်။ ငွေဇင်ကို လက်ဟိုး၍ 'မလိုက်ချင်ဘူးပြော။ အိမ်ကျယ်ကျယ်ဝန်းဝန်းရတော့





ဂါ လာခေါ်မယ်။ အခု အခန်းက ကျဉ်းကျဉ်းကလေးမို့ ဖေဖေ့ကို မပြောဝံ့လို့ နှင့် နေရစ်ခဲ့ပါဦး' ဟု ချော့ရသည်။ မောင်သောင်းအတွက် ယောက်ျားကလေး ဖြစ်သဖြင့် မောင်သောင်းကို ခေါ်ဖို့ လုပ်ရသည်။ ငွေဇင်က မလိုက်လိုကြောင်း ပြောသည့်အခါ ဖေဖေက မိန်းမဖော်မရှိ၍ ဒေါ်ဒေါ်မရင်ကို ထည့်နေပြန်သည့် ထဲတွင် သူကပါ ခေါ်ရန် တိုက်တွန်းနေသောကြောင့် စိတ်ညစ်ညူးသွားသည်။

'မောင်သောင်းနဲ့လည်း ဖြစ်ပါတယ်။ ဟိုမှာလည်း ရနိုင်ပါတယ်။ ဒေါ်ဒေါ်ကို မထည့်ပါနဲ့' ဟု အဖော်ပြဿနာ ပြေပြစ်ချောမောသွားအောင် အတော်ပင် ပုံးပန်း ကြိုးစားလိုက်ရသည်။

ကျွန်မ ညီမလေး ရွှေရွှေကို ကျွန်မအတွက် ငွေ ၃၀၀ ကျပ် ပေးလိုက်ဟု ဆိုပြန်သည့်အခါ၊ ငွေကို လိုချင်လိုက်သည်မှာ လက်ယားနေပါလျက် ကျွန်မတွင် ရှိနေဟန်ကဲ့သို့ မလိုသလို ပြောပစ်ခဲ့သည်။

'ငါ့မှာ ငွေတွေ ရှိပါတယ်၊ မယူသေးဘူး'

ကျွန်မညီမလေးအား ငွေမလိုသလို ပိပိရိရိ လုပ်ပြခဲ့သည့် ဟန်အမူအရာတွေကို သင်္ဘောပေါ်ကျမှ ပြန်တွေးကာ ဆွေးနိုင်တော့သည်။

သင်္ဘောမထွက်ခင် ဖခင်ကြီးလည်း ကျွန်မတို့အတွက် အားလုံးစီစဉ်ပေးပြီး စောစောစီးစီး အိပ်ရာထဲသို့ ဝင်သွားလေသည်။ သင်္ဘောအဆင်းတွင် ဖခင်ကြီးကို သွားကန်တော့ကြသည်။ ခြင်ထောင်ထဲမှနေ၍ တုန်တုန်ယင်ယင်ကြီး ဆုပေးနေသဖြင့် မျက်ရည်မကျအောင် အတော်ပင် ချုပ်တည်းခဲ့ရသည်။ 'မောင်ချစ်မောင့်မယားကို ကိုယ့်အဖေ အရင်းလိုပဲ ချစ်ခင်ရိုသေဖို့ရာ ဖေဖေ့စကားကို မြေဝယ်မကျ စေပါနဲ့ မှာကြားလိုက်သော ဩဝါဒသည် နားထဲမှ မထွက်နိုင်အောင် ဖြစ်ရသည်။

ကျွန်မ၏ မိခင်မှာ သည်းခြေပျက်သွား၍ စကားမပြောဘဲ နေရှာသော်လည်း ကျွန်မတို့ ကန်တော့သည့်အခါ၌ ဆုအရှည်ကြီး ပေးလိုက်သည့်အပြင်၊ 'ဤလင် ဤသားနှင့် အိုအောင် မင်းအောင် ပေါင်းရပါစေသတည်း' ဟု ဆုံးလိုက်၍ နိမိတ်မင်္ဂလာကောင်းသည်ဟု ဒေါ်ဒေါ်က ပြောလိုက်သည်။

ညီမလေးနှင့် တူမလေးတွေလည်း ကျွန်မနှင့် ခွဲရတော့မည်ကြောင့် တစ်ညနေလုံး ငိုနေကြလေသည်။ ကျွန်မသည် အိမ်သူအိမ်သားတွေနှင့် ခွဲ၍ သင်္ဘောဆိပ်သို့ ဆင်းလာခဲ့ရသည်။ စိတ်ထဲတွင် လေးလံ၍ နေသည်။ အိမ်က ခွဲထွက်လာခဲ့ခြင်းဖြစ်၍ ရှေ့တွင် ရင်ဆိုင်ရမည့် ကျွန်မဘဝကြီးကို သာသာယာယာ ခင်မင်တွယ်တာမည်လည်း မဟုတ်လှဘဲ၊ အိမ်နှင့် ခွဲလာခဲ့ရသည့်အတွက် အိမ်ကအထွက်တွင် မိန်းနည်း ကြေကွဲခြင်းကား အမှန် ဖြစ်မိလေသတည်း။

## ၁၆ ။ အယ်ဒီတာ ဆိုတာ

သူကလည်း တစ်မျိုး၊ ကျွန်မကလည်း တစ်မျိုးနှင့် မျက်စိထဲတွင် ဆန်းနေကြကာ၊ ကျွန်မတို့ချင်း ဘယ်ပုံဘယ်နည်း တွေ့ကြဆုံကြ အကြောင်းပါကြသည်ကို မည်သူမျှ ဂဃဏန မသိကြချေ။ ထူးပေ့ဆန်းပေ့ လင်မယားအဖြစ်နှင့် ၃၄ လမ်း အခန်းတွင် နေရပေပြီ။

၂၅ ပေ ခန်းကလေး အိမ်ရှေ့ဘက်ကို ဧည့်ခန်းလုပ်သည်။ အကာခြားသည့် အတွင်းဘက်တွင် အိပ်ရာ၊ ခုတင်၊ ထမင်းစားပွဲ၊ မှန်တင်ခုံများ ရောပြုံထားရသည်။ မီးဖိုခန်းမှာ အပိတ်မရှိ၍ ဟောင်းလောင်းကြီး မြင်နေရသည်။ ၁၀ လှမ်း ၁၅ လှမ်းလောက် လှမ်းလျှင် အိမ်ဦးခန်းမှ နောက်ဖေးသို့ ရောက်သွားနိုင်လေ၏။

အိမ်တွင် သူနှင့်ကျွန်မ၊ မောင်သောင်းအပြင် သူ့ညီအငယ်ဆုံး မောင်စံအောင်ပါ ပေါင်း လေးယောက် နေကြသည်။ သူ့ညီလေးမှာ ငယ်စဉ်ကပင် အိမ်မှ ပျောက်သွားကာ ကြီးမှ သာခုကန်ရွာမှ ပြန်တွေ့၏။ ကျောင်းထားရန် အတွက် သူ့ဖခင်ကြီးက ကျွန်မတို့နှင့် လာထားလေသည်။ ကျွန်မသည် စိတ်မကောင်း ဖြစ်စွာဖြင့် သဘောတူလိုက်သည်။ ဤကလေးအတွက် တာဝန်ပိုသည်ထက် ဤကလေး အဖြစ်ကိုလည်း များစွာ သနားမိပေသည်။

ကျွန်မတို့အိမ်တွင် လာမနေသော်လည်း အိမ်သို့ နေ့စဉ်ပင် သူ့ညီ ကိုသန်းထွန်းနှင့် သူ့တပည့်လေး ကိုအုန်းမြင့်တို့ လာကြသည်။ ပထမ သူတို့မှာ ဤအိမ်တွင် သူနှင့်အတူ နေကြသောသူတွေ ဖြစ်ကြသည်။ သူတို့နှစ်ယောက်အပြင် ကိုကိုလေး၊ ဆရာဦးရွှေကြူး၊ ကိုသိန်းမောင်၊ ကိုတင်ဖေတို့ပါ သူနှင့်အတူ နေကြလေသည်။ သူ့တပည့် ကိုအုန်းမြင့်မှာ လူရည်သန့်သန့် လူချောချောကလေး ဖြစ်သည်။ ကလေးစိတ် အမူအရာ မပျောက်ဘဲ ဆရာ့အလိုက် သိတတ်သူ ဖြစ်သည်။ မြင်မြင်ချင်း သူ့ကို မောင်လေးတစ်ယောက်ကဲ့သို့ ချစ်ခင်သွားသည်။ သူကလည်း ကျွန်မကို အစ်မရင်းကဲ့သို့ ချစ်ခင်ရှာသည်။ ဘိုကလေးသို့ လိုက်လာစဉ်က ကျွန်မတို့ အနေအထိုင် အဆင့်အတန်းကို မြင်ခဲ့ရ၍၊ ကျွန်မအပေါ်တွင် အစစ သနားကြင်နာကာ အဘက်ဘက်က သူနှင့် တော်သည်ဖြစ်စေ၊ မတော်သည် ဖြစ်စေ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရှာသည်။ သူ့သားချင်း၊ သူ့ အပေါင်းအသင်းတွေထဲတွင် သူနှင့် အရင်းနှီးဆုံး ဖြစ်လေသည်။

အိမ်နီးနားချင်း အသိလည်း မရှိပေ။ အိမ်ရှေ့ ကြည့်ကြည့်၊ အိမ်ဘေး ကြည့်ကြည့်၊ မြန်မာဟူ၍ မရှိ။ ဟိန္ဒူကုလားတွေသာ နေကြသည်။ နံနက်လင်းလျှင် သခွားသီး၊ သဘော်သီး၊ စိမ်းစားဥ၊ နာနတ်သီး စသည့် အသီးအနှံများကို ဗန်းနှင့်





လည် အရောင်းထွက်ကြလျက် ညကျလျှင် မှန်ညင်းဆီ အညော်တိုက်ကာ တစ်ညလုံး ဗုံတီးနေကြသောကြောင့် နေ့စဉ်နေ့တိုင်း မျက်စိနောက်စရာ၊ နားခါင်းရှုပ်စရာ၊ နားမချမ်းသာစရာ အရပ် ဖြစ်နေသည်။

ရန်ကုန်ရောက်၍ နောက်တစ်နေ့တွင် သူ အလုပ်တက်သည်။ ထိုနေ့ညတွင် ကျွန်မကို သတင်းစာတိုက်သို့ ခေါ်သွားလေသည်။ မြန်မာ့အလင်းသတင်းစာတိုက်ရှေ့သို့ ရောက်သောအခါ တိုက်ဝတွင် ကုလားဂုန်အိတ် ခုတင်ပေါ်၌ လှဲအိပ်နေကြသော ဒရဝမ်ကုလားများသည် ပျာပျာသလဲထကာ ကျွန်မတို့နှစ်ယောက်ကို ဆလံပေးလိုက်ကြသည်။ ဘယ်နံ့ရောအခါမှ သူဖြတ်လာလျှင် သူ့ကို ပျာပျာသလဲ ဆလံ ထ မပေးဘဲ ယနေ့မှ ထူးထူးခြားခြား ကျွန်မပါ၍ ဆလံပေးသည်ဟု ရယ်မောကာ ပြောပြရင်း အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

အပေါ်ထပ်ခန်းမကြီးကား အတော်ကျယ်ဝန်းပေသည်။ အယ်ဒီတာအခန်းကို မှန်ခန်းတွေဖြင့် တသီးတသန့် အရှည်လိုက် ကာခြားထားသည်။ တိုက်အုပ်အခန်းလည်း တိုက်မျက်နှာစာတွင် အခန်းဖွဲ့၍ ကာထားသည်။ စာရေးစာချီ၊ ကြော်ငြာဌာန စသည့် နေရာများကို ကောင်တာနှင့် ခမ်းခမ်းနားနား ကျကျနန လုပ်ထားသည်။

ညဘက်ဖြစ်၍ အယ်ဒီတာခန်းဘက်တွင် မီးတွေ ထိန်လင်းနေသည်။ အခန်းထဲသို့ ဝင်လျှင်ဝင်ချင်း သူက ရှေ့ကဝင်လျက် အလုပ် ထိုင်လုပ်နေကြသည့် သူများကို တစ်ယောက်စီ ကျွန်မနှင့် မိတ်ဆက်ပေးလေသည်။

သူက ဦးမောင်မောင်ခင်၊ သူက ဦးဘနှင်း၊ သူက ဦးကျော်မင်း စသည်ဖြင့် မြန်မာလို မဟုတ်ဘဲ အင်္ဂလိပ်လိုပြောကာ မိတ်ဖွဲ့ပေးသည်။ ၎င်းအယ်ဒီတာခန်းကြီးထဲမှာ အခန်းဖွဲ့ထားသော သူ့အခန်းထဲကို ဝင်လိုက်သွားရသည်။

'ကိုမောင်မောင်ခင်နှင့် ကိုဘနှင်းက အင်မတန် နောက်တယ်။ သူတို့နောက်မှာစိုးလို့ အင်္ဂလိပ်လိုတတ်ကြောင်း အသိပေးခဲ့ရတယ်' ဟု စားပွဲတွင် ကိုးတိုးပြောပြသည်။

သူ့စားပွဲကြီးပေါ်တွင် စာရွက်အထပ်တွေ၊ စာအုပ်တွေနှင့် ရှုပ်ပုံနေသည်။ ပူ့ဘေးက စားပွဲကြီးတွင် ဦးစိန်း တစ်ခါတစ်ရံ လာ၍ထိုင်သည့် ဦးစိန်း စားပွဲဖြစ်ကြောင်း ပြောသည်။ နောက်စားပွဲမှာ ဦးထွန်းရှိန်၏ စားပွဲ ဖြစ်သည်။ သူတို့အခန်းထဲတွင် သပ်ရပ်လှသည့် ဘုရားစင်လည်း ရှိသည်။ ပြာလဲ့လဲ့ မီးရောင်ကလေးဖြင့် မီးပူဇော်ထားသည်။ မော့ကြည့်လိုက်လျှင် ဟိုက်ကုတ်နာရီစင်ကြီးမှ မီးရောင်ပြာနှင့် ပြာလဲ့လဲ့ ဘုရားမီးရောင်သည် မျက်စိ အေးနေလေသည်။

အခန်းထိပ်တွင် စာအုပ်စင်ကို တွေ့ရသည်။ အင်္ဂလိပ်မဂ္ဂဇင်း အမျိုးမျိုး၊

အင်္ဂလိပ်သတင်းစာ အမျိုးမျိုး တွေ့ရ၍ 'တိုက်က ဝယ်ပေးသလား' ဟု မေးကြည့်သည်။ ဖတ်ချင်သည့် မဂ္ဂဇင်းများ မည်သည့်မဂ္ဂဇင်း စာအုပ်မဆို တိုက်က ဝယ်ပေးကြောင်း ပြော၍၊ အိမ်ထောင်မကျခင်က တိုက်က ဝယ်မပေးဘူးလားဟု တိုက်ကို စိတ်နာခဲ့သည်ကို အားနာသွားမိသည်။

ပက်လက်ကုလားထိုင် တစ်လုံးလည်း ရှိသည်။ အထူးသဖြင့် ထွေးခံကြီး တစ်လုံးရှိ၍ ဤအခန်းတွင် တံထွေးတပျစ်ပျစ် ထွေးတတ်သူလည်း ရှိရမည်ဟု တွေးမိသည်။ ရောက်ရောက်ချင်း သူသည် နက်ဖြန်ထုတ် သတင်းစာအတွက် "သူ" ဝတ္ထုအဆက်ကို ဆက်ရေးသည်။ ကျွန်မ မပျင်းရန် မဂ္ဂဇင်းတွေကို ဆွဲယူပေးသည်။

အပြင်ဘက် သတင်းထောက် ဦးဘနင်းက တေးတအေးအေးနှင့် ကျွန်မတို့ကို "ထေ့"နေလေသည်။ တစ်ယောက်ပြီးတစ်ယောက် အခန်းထဲသို့ဝင်၍ သူနှင့် လာ စကားပြောကာ ကျွန်မကို ကြည့်ကြသည်။

ညစ်ညစ်ပေပေ လူတစ်ယောက် ဝင်လာကာ 'ဆရာ၊ ကော်ပီ ကော်ပီ'ဟု ပြော၍ 'ဘာပြောတာလဲ' ဟု နားမလည်၍ ကြည့်လိုက်ရာ၊ သူရေးသားသော စာရွက်တွေကို ကမ်းပေးလိုက်မှ ကော်ပီအဓိပ္ပာယ်ကို သိရလေသည်။ စာစီသမားဟုလည်း ပြောပြသည်။

ထိုသူပင် ခဏခဏ ဝင်လာကာ 'ကော်ပီ ကော်ပီ' နှင့် လာလာတောင်းသည်။ သူသည် ရေးပြီးသော စာရွက်ထပ်များကို ဆွဲ ယူကာ မင်နီနှင့် ခြစ်လိုက် ဖျက်လိုက် လုပ်နေသည်ကို ကျွန်မလည်း စိတ်ဝင်စားစွာ ကြည့်နေသည်။ နယ်က သတင်းများ၊ သတင်းထောက်များ ရေးပေးသည့် သတင်းများကို ဖြတ်တောက် ဖျက်ပြင်လျက် စာရွက်လွတ်ကလေးများပေါ်တွင် ခေါင်းစဉ်ရေးတပ်ကာ တွယ်အပ်နှင့် ပူးတွဲထိုးထားလိုက်သည်။

စာရွက်များကို ကျွန်မ တစ်ခုပြီးတစ်ခု ဆွဲယူ ဖတ်ကြည့်သည်။

'ဒါက အယ်ဒစ်လုပ်ရတာ တင်လေးရဲ့။ သတင်းစာမှာ "အယ်ဒစ်တင်း" ဟာ အင်မတန်လိုတယ်။ တည်းဖြတ်တဲ့အလုပ်ဟာ သတင်းစာရဲ့ တကယ့်အဆီအနှစ်ကြီးပဲ။ မြင်တော့သာ မြန်တာ၊ တယ် မလွယ်ဘူး'

သတင်းထောက် ရေးထားသည့် သတင်းတစ်ရွက်လုံးကို ဖတ်ကြည့်လျက် ထိုစာရွက်တွင် သူ ဖျက်ပုံဖျက်နည်း၊ ဆက်ပုံဆက်နည်း၊ ပြင်ပုံပြင်နည်းတွေကို လိုက်၍ကြည့်သည်။ အချို့စာရွက်ကို တစ်ရွက်လုံး မင်နီနှင့် မျဉ်းကြောင်းကန့်လန့်ကြီး ခြစ်ပစ်လိုက်သည်။ တစ်မျက်နှာသို့သွား၍ မြားပြကာ "နောက်၊ နှင့်၊ သို့၊ ဖြင့်" စသည့် စာလုံးတွေနှင့် ဆက်ယူသွားပုံ၊ အဓိပ္ပာယ်ချုံ၍ ပြင်လိုက်ပုံ၊ အဓိပ္ပာယ်





ဖော်၍ ပြင်လိုက်ပုံတွေကို စေ့စေ့စပ်စပ် လိုက်ကြည့်သည်။ သတင်းတစ်ခုလုံးကို အဓိပ္ပာယ် အကုန်ပေါ်အောင် အပေါ်မှ ခေါင်းတပ်လိုက်သည့် စာလုံးများကို ဖတ်ကာ သဘောကျမိသည်။ ထိုစာလုံးများ ဘေးတွင် ၆ လိုင်း၊ ၃ လိုင်း၊ မည်း၊ ဖြူ၊ ဂရိတ် ပါသေးရာ မသိသဖြင့် မေးမြန်းကြည့်ရသည်။ စာစီသမားများ စာလုံးအနေအထား လုံးကြီး လုံးကလေး ညွှန်ကြားထားပုံဟု စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။ ကျွန်မသည် စာပုံနှိပ်တိုက်ဟူ၍ ကြားဖူးပေသည်။ စာပုံနှိပ်တိုက်ကိုလည်း မြင်ဖူးပေသည်။ သို့သော် စာပုံနှိပ်တိုက် ပစ္စည်းဆိုင်ရာ အခေါ်အဝေါ် ကိရိယာ တန်ဆာတွေကို မကြားဖူး၊ မမြင်ဖူး၍ နားထဲတွင် ဆန်းနေသည်။

သတင်းစာတစ်စောင်ကို ဆွဲယူကာ အခေါ်အဝေါ်များကို မေးမြန်းကြည့်၏။ စိတ်ထဲတွင် ၉ လိုင်း၊ ၆ လိုင်း၊ ၃ လိုင်း၊ ၂ လိုင်း၊ ဂရိတ် မည်း ဟု မှတ်ထားလိုက်သည်။

စာစီသမား ဝင်လာသည့်အခါ စာရွက်ထပ်များကို ပေးလိုက်ကာ အိတ်ထဲမှ ပိုက်ဆံတစ်မတ် နှိုက်လျက် ကမ်းပေးလိုက်သည်။ ထိုသူက သူ့အခန်းထောင့်နားက ပုလင်းတစ်လုံးကိုဆွဲ၍ ထွက်သွားသည်။

အတန်ကြာလျှင် ထိုသူပင် ပုလင်းနှင့် လက်ဖက်ရည် ဝယ်လာသည်။ 'အပြင်ဘက်မှာ ပေးလိုက်ပါ။ ပိုမှ ကျွန်တော့်ဆီ ယူလာ' ဟု ဆို၍ ပုလင်းကို ပြန်ယူ ထွက်သွားသည်။ ကျွန်မသည် ဘာတစ်ခွန်းမျှ မပြောဘဲ သူလုပ်ပုံ၊ သူ့အမူအရာတွေကို ထိုင်ကြည့်နေမိသည်။

'ဒီပုလင်းဟာ ဘုံပုလင်းပဲ တင်လေးရဲ့။ အိမ်မှာ ဘယ်လိုကောင်းအောင် ဖျော်ဖျော်၊ ဒီပုလင်းထဲက လက်ဖက်ရည်လောက် သောက်လို့ အရသာ မရှိဘူး။ ပိုက်ဆံပြတ်ကြရင် ဟိုလူ့ဆီက တစ်ပဲ၊ ဒီလူ့ဆီက တစ်ပြားနဲ့ ဝယ်သောက်ကြရတဲ့အခါ သာပြီး အရသာရှိသေးတယ်'

သူ့ရှေ့သို့ လာချသည့် ပန်းကန်ကိုင်းပဲ့နှင့် လက်ဖက်ရည်ကို အားပါးတရ ကျိုက်ချလိုက်သည်ကို ခေါင်းတဆတ်ဆတ်ညိတ်၍ ကြည့်နေပြီး 'ကြပ်ကြပ်သောက်။ တစ်နေ့ ဘေးဖြစ်လိမ့်မယ်' ဟု ပြောလိုက်ရသည်။

'ဒီပုလင်းထဲက လက်ဖက်ရည် သောက်လိုက်ရရင် ခေါင်းထဲမှာရှင်းပြီး ဉာဏ်လည်း သွက်လာတာ တကယ်ပါပဲ'

'တစ်နေ့တစ်နေ့ ဘယ်နှခွက်လောက် ကိုကို သောက်တတ်သလဲ'

'ပိုက်ဆံရှိ ရှိသလို အကြိမ်ကြိမ် အခါခါပဲ။ ထမင်း မစားရရင် နေပါစေ၊ လက်ဖက်ရည်တော့ သောက်ချင်တာပဲ။ ဘယ်နှခွက်သောက်သောက် ရင်မပြည့်ဘူး'

သူ့အဖို့သာ ရင်မပြည့်လျှင် ရှိပေမည်။ သူ သောက်နေပုံကိုကြည့်၍ သူပြောပုံကို နားထောင်ရသော ကျွန်မအဖို့မှု မသောက်ရဘဲနှင့်ပင် ရင်ပြည့်သွားလေသည်။

'တင်လေး ထမင်းဆာရင် ပြန်စားကြစို့။ ပြီးမှ ကိုကို ပြန်လာမယ်' ဆိုသဖြင့် ကျွန်မတို့ ပြန်လာခဲ့ရသည်။ အခန်းအထွက်တွင် ကျွန်မတို့နှစ်ယောက်ကို သတင်းထောက်များက ဓာတ်ပုံရိုက်ယူ လိုက်ကြသည်။ အိမ်တွင် ထမင်းစားကြပြီး သူ ထွက်သွားရာ ည ၂ ချက်တီးမှ ပြန်လာသည်။

ကျွန်မ မအိပ်ဘဲ ထိုင်စောင့်နေသည်။ ကျွန်မအား အပြစ်တင်နေသည်။ အင်္ကျီချွတ်ပြီး ထမင်းစားပွဲတွင်ထိုင်ကာ စာရေးမည်လုပ်၍ ကျွန်မက 'မပြီးသေးဘူးလား' ဟု မေးလိုက်သည်။ 'နက်ဖြန် ဈေးနှုန်း သတင်းစာအတွက် ခေါင်းကြီး' ဟု ပြောကာ ထိုင်ရေးနေပြန်သဖြင့် "နေလေဦး" ဟု စိတ်ထဲတွင် ကြိမ်းထားလိုက်လေသည်။

ပါလာသည့် ငွေ ၈၀ ကျပ်မှာ သဘော်ာစရိတ်၊ မိန်းမရစ လာကြဝင်ကြ နှုတ်ဆက်ကြသော ဧည့်စရိတ်တွေဖြင့် ကုန်လုနီးနီး ရှိနေ၏။ တစ်ခါဖူးမျှ ပိုက်ဆံအတွက် စိတ်မညစ်ဖူးခဲ့။ ယခု ပိုက်ဆံအတွက် စိတ်အလွန်ညစ်နေသည်။ ငွေရှိ မရှိ ကျွန်မကို မေး၍ 'ငွေရှိသားပဲ၊ အိမ်က ပါလာပါတယ်' ဟု အပရိက အနေမျိုး ပြောပြထားရသည်။

နံနက်တွင် မောင်သောင်းကို ဈေးလွှတ်၍ နံနက် ၈ နာရီခွဲ ၉ နာရီလောက်တွင် သူအလုပ်သွားမှ မောင်သောင်းနှင့်အတူ ထမင်းဝင်ချက်ရသည်။ ဝင်သာချက်ရသော်လည်း မောင်သောင်းလည်း မချက်တတ်။ ကျွန်မလည်း ချက်တတ်၍ ချက်သည် မဟုတ်ဘဲ စိတ်မှန်းနှင့်သာ ချက်ကြရသည်။

ကျွန်မသည် မီးဖိုချောင်အလုပ်ကို ဝါသနာမပါပေ။ ဤအလုပ်သည် ဉာဏ်တုံးသည်ဟု အယူအဆ ရှိခဲ့သည်။

ခက်ခက်ခဲခဲ ပညာမဟုတ်ဘဲ သညာပဲဟု ပေါ့ပေါ့ဆဆ မှတ်ခဲ့သည်။ အစပထမ ကျင်ကျင်လည်လည် မရှိ၍ မီးပူ ခဏခဏလောင်သည်။ ချက်ရင်းချက်ရင်း တစ်နေ့ထက်တစ်နေ့ မီးဖိုတွင် စိတ်ဝင်စားစရာများကို တွေ့လာရသည်။ ဤအလုပ်သည် လုပ်တတ်ရုံဖြင့် မပြီးဘဲ ဉာဏ်လည်း လိုသည်ကို တစ်နေ့တခြား သဘောပေါက်လာသည်။ မီးသွေးနှင့်ချက်ရန် ပထမနေ့က တစ်အိုးပြီးတစ်အိုး ပြင်တယ်နေသဖြင့် မီးသွေးလည်းကုန်၊ အချိန်လည်း ကုန်သွားသည်။ နောက်တစ်နေ့တွင် ဟင်းရံစီမံ၍ အဆင်သင့် ခုတ်ထစ်ပြင်ဆင်ပြီးကုန်မှ တစ်အိုးပြီးတစ်အိုး ကောက်တည်လိုက်သည့်အခါ မီးသွေးသက်သာလာသည်ကို တွေ့ရသည်။ ကြက်





သွန်၊ ငရုတ်သီး၊ ဆီ၊ ဆား ထည့်ပုံတွေကိုလည်း မလစ်ဟင်းရအောင် အလုပ်ကပင် သင်၍သွားသည်။

ကျွန်မသည် ထမင်းချက်ရလိမ့်မည်ဟု တစ်ခါဖူးမျှ မထင်ခဲ့သောကြောင့် မီးဖိုယဲ ဝင်စနေ့က ပျော်သလို ရှိနေသည်။ ဉာဏ်နှင့် ဆင်ခြင်စဉ်းစားပြီး ချိန်ချိန်ဆဆ လုပ်နေရသဖြင့် နေ့းကွေးနေသည်။ နောက်နေ့များတွင် ကြိုးစားပြီး မြန်လည်းမြန်အောင် လုပ်ရသည်။

ငရုတ်သီးထောင်း၊ ထမင်းအိုးငှဲ့၊ ပန်းကန်ဆေး၊ ငါးခုတ်၊ ပုစွန်ခြွေ၊ အိုးဟိုက် အလုပ်တွေကို မောင်သောင်းက လုပ်လျက် ဟင်းချက်ရုံသာ ချက်ရ၊ စီမံခန့်ခွဲရ၍ သိပ် မပင်ပန်းလှပေ။

အိမ်ထောင် တစ်အိမ်ထောင်တွင် ဗာဟီရအလုပ်လည်း များသည်။ ဗာဟီရအကုန်လည်း များသည်။ မိုးလင်းမှမိုးချုပ် ထိုင်နေမှပင် အားနိုင်သည်။ မိုးလင်းလင်းချင်း ဖုန်သုတ်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ကော်ဖီဖျော်၊ ဘုရားဆွမ်းတော်တင်၊ ထမင်းချက်ရသည်။ နေ့ဘက်၌ အဝတ်လျှော်၊ မီးပူထိုး၊ အိမ်ရှင်း၊ သေတ္တာရှင်း၊ တိုလီမိုလီ သိမ်းဆည်းနေရာမှ ညနေစောင်းလျှင် ထမင်းချက်ရသည်။ အဖော်သာ မရှိလျှင် လက်အားနိုင်စရာ မရှိရအောင် အလုပ်များလှသည်။

အဝတ်လျှော်အလုပ်နှင့် ကြမ်းတိုက်သည့်အလုပ်သည် အကျင့်မရှိသဖြင့် ပင်ပန်းမခံနိုင်သေးသောကြောင့် လက်ပေါက်လာ၍ အရှုံးပေးလိုက်ရသည်။ အလုပ်လုပ်နေရင်း တစ်ခါတစ်ရံ အိမ်က ဂျာဒူးကုလားနှင့် မိန်းကလေးအိမ်ဖော်တွေကို ပြေး၍ခေါ်ချင်သော စိတ်များပင် ပေါက်သည်။ တစ်ခါတစ်ရံ အိမ်ကလူတွေ လာမြင်စေချင်သည့် စိတ်တွေ ဖြစ်မိသည်။ မီးဖိုချောင်က နောက်နောင်က မသိမမြင်ခဲ့သော အချက်တွေကို ပြသ ဆုံးမလိုက်သည်တွေလည်း ရှိသည်။ ကျွန်မတို့အိမ်ကား အိမ်ထောင်ကြီး ဖြစ်၏။ လူလည်း များသည်။ ဓိဇာလည်း အလွန်ကျယ်ကြသည်။ နံနက်တိုင်း မိခင်ကြီးမှာ ဖခင်ကြီးအတွက် အကြိုက်တစ်မျိုး၊ သားသမီးများအတွက် အကြိုက်အမျိုးမျိုး၊ အမည်ပေါင်းစုံ၊ အမျိုးပေါင်းစုံ စီမံခန့်ခွဲချက်ပြုတ်ရသည်။ အိမ်ရှိ လူတွေ၏ ပါးစပ်တွေကို တစ်ယောက်မကျန် လိုက်၍ဖြည့်လေသည်။ နံနက် လက်ဖက်ရည်ချိန်တွင်ပင် အကြိုက်ချင်းမတူဘဲ တစ်ဦးက ကော်ဖီ၊ တစ်ဦးက လက်ဖက်ရည်၊ တစ်ဦးက ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ များ၊ ပေါင်မုန့်နှင့် ဗယားရှုပ်ခဲ့ကြသည်။ မည်မျှ အကုန်အကျ များလိမ့်မည်ကို ကိုယ်ငွေနှင့် ကိုယ်သုံးမှ လှမ်း၍ သတိတရားရကာ၊ မိဘများကို အားနာမိကြသည်။

မိုးလင်းလျှင် ငွေ ၁ ကျပ်ထုတ်၍ ဈေးဖိုး ၈ ပဲ ပေးလိုက်သည်။ ဆီ ဆန်

ရေတ်သီး ကြက်သွန်မှာ ရန်ကုန်အလာတွင် ဝယ်ထားခဲ့၍ ဈေးဖိုးအတွက်ပါ ငါးမူးပေးလိုက်သည်။ အရည်တစ်ခွက်၊ အခြောက်တစ်ခွက်ချက်ရန် စီမံမှာကြား လိုက်သည်။ အသုပ် အကြော်တွေကို မပါစကောင်း မစားစကောင်းဟု အမှတ် ထားလိုက်ရသည်။ ဈေးဖိုးအပြင် မိုးလင်းမှ မိုးချုပ်အထိ ဆပ်ပြာ၊ သကြား၊ မဲနယ် တို့တိ အသုံးအဆောင် တိုလီမိုလီကလေးတွေက ခုတစ်မျိုး ခုတစ်မျိုး တစ်မျိုးပြီး တစ်မျိုးလိုလို ခုတင်ခု ပေါ်လာ၏။ အကြွေတွေကို တနိုက်တည်း နှိုက်ပေးရမှ ပိုက်ဆံအကြွေတွေကိုလည်း ရှိသေရမှန်း သိလာသည်။

နေမကုန်ခင် ၁ ကျပ် ကုန်လာခဲ့လျှင် "နက်ဖြန် ဘာတွေ လျှော့သုံးရမလဲ" ဟု အလျှင်စလို စဉ်းစားရသည်။ သည်ကြားထဲ ဧည့်သည်များပါလာပြီး ထမင်းစား မည် သိရသည့်အခါ၌ ဟင်း ပြေးဝယ်ခိုင်းရ၊ ထမင်း ပြေးဝယ်ခိုင်းနှင့် စိတ်ရော လူပါ ဗျာများ သွားရသည်။

သူလည်း ဂနာမငြိမ်ဘဲ အိမ်ရှေ့ထွက်သွားလိုက်၊ နောက်ဖေး ဝင်လာလိုက် နှင့် ပြီး မပြီး လာကြည့်ရင်းက 'တင်လေးကလည်း ပိုပိုမိုမို ချက်ထားပါ။ အိမ်ရှိရင် ဧည့်ရှိတာပဲ။ နေ့တိုင်း အများကြီးချက်ထားရင် မကောင်းဘူးလား' နှင့် အကြံပေး နေပြန်သည်။ အားရပါးရ ရယ်ပစ်လိုက်ချင်သည်။ 'အပို ချက်ရမယ်လား၊ ချက် တာပေါ့' ဟု သူ့အလိုသို့လည်း လိုက်ပြောလိုက်ရသည်။

နေ့လယ် နေ့ခင်းဘက်တွေ၌ အခန်းကျဉ်းကလေးထဲ တံခါးပိတ်ထား၍ ကျွန်မတို့ကို အခန်းထဲတွင် လှောင်ထားသလို ဖြစ်နေသည်။ ထိုသို့နေရ၍ အနေ ကျပ်သည့်စိတ်မျိုး ပေါ်ပေါက်လာလျှင် အိမ်ရှေ့ပြတင်းပေါက်နားသို့သွားကာ ပြတင်းပေါက်မှ အပြင်ဘက်သို့ ခေါင်းထွက် ပြူကြည့်နေလိုက်သည်။ ထိုအခါ ရန်ကုန်မြို့ကြီး မည်မျှကြီး၍ မည်မျှကျယ်နေစေကာမူလည်း ကျွန်မဘဝ ကျဉ်းပုံ ကျပ်ပုံတွေကို တွေးမိပြီးလျှင် "နောက်ဘဝက ငှက်ကလေးတွေများ လှောင်မွေးခဲ့ ဖူးလို့လား" ဟု အောက်မေ့မိသည်။

ရန်ကုန်မြို့တွင် အိမ်နှင့်ခြံနှင့် ကျကျနန နေဖို့ရန် ဘယ်တော့လောက် ကြာအောင် စောင့်ရမလဲဟု အတိုင်းအတာ ခန့်မှန်း မျှော်လှမ်းကြည့်မိသည်။ "တစ်နေ့နေ့တော့" ဟူ၍ စိတ်ကို ကြိတ်မှိတ် တင်းထားလိုက်လေသည်။

၄ ရက်၊ ၅ ရက်၊ ၁၀ ရက်အထိ ကျွန်မသည် သူ့အကဲကိုသာ ခတ်လျက် သူ့အလိုကိုသာ လိုက်နေသည်။ အိမ်ထောင်ရေးတွင် သူ့အယူအဆ၊ သူ့စိတ်နေ စိတ်ထား၊ သူ့အပြုအမူတွေ အကုန်လုံး သိနိုင်အောင် အလျှော့ပေးနိုင်သမျှ ပေးကာ အလိုလိုက်နိုင်သမျှ လိုက်ပြီး အကဲစောင့်ကြည့်နေသည်။

သူသည် ညကို ၂ ချက်၊ ၃ ချက်မှ အိပ်သည်။ နံနက် ၇ နာရီ ထလျက်





သတင်းစာများဖတ်ရင်း လက်ဖက်ရည်သောက်သည်။ လက်ဖက်ရည်သောက်ပြီး စာအုပ်ဆွဲ၍ ၈ နာရီ၊ ၈ နာရီခွဲလောက်အထိ စာဖတ်နေသည်။ ၈ နာရီခွဲလျှင် ရေမချိုးဘဲ အဝတ်လဲကာ အလုပ်တိုက်သို့ ထိုစာအုပ်နှင့် ထွက်သွားလေသည်။

အဝတ်လဲ၍ ဆိုသည်မှာ အိမ်ပြန်ရောက်သည့်အခါ လဲထားသည့် ချည် လုံချည်ကိုချွတ်၍ မနေ့က အဝတ်ကို ပြန်ဝတ်ထွက်သွားသည်။ နေ့စဉ် လုံချည် အသစ်လဲရန် ပြင်ဆင်ပေးထားသည်ကို ရှုံ့မဲ့ညည်းညူကာ တောင်းတောင်း ပန်ပန်နှင့် အဟောင်းကိုသာ ဆွဲဝတ်သွားသည်။

ထမင်းစားပြီး ၉ နာရီ၊ ၁၀ နာရီလောက်မှ သွားရန် ပြောသည်ကိုလည်း 'စောစော မစားတတ်ဘူး' ဆိုကာ ထမင်းမစားဘဲ စောစောသွားသည်။

နေ့ဘက်တွင် ၁၂ နာရီ၊ တစ်ခါတစ်ခါ တစ်ချက်၊ တစ်ချက်ခွဲမှ စာအုပ်နှင့် ပြန်ရောက်လာသည်။ ထိုအခါကျမှ ကျွန်မတို့ မနက်စာ စားရသည်။

ထမင်းစားရင်း စာအုပ်ကို ဘေးတွင်ချလျက် စာကြည့်စားသည်။ ထမင်းကို အာရုံထား၍ မစားပေ။ ချဉ်သည်၊ ချိုသည်၊ ကောင်းသည်၊ ဆိုးသည် တစ်ခွန်းမျှ ပြောဖော်မရ။ ဝ သလောက်အထိ တစ်လုပ်ပြီးတစ်လုပ် စာဖတ်ရင်း သွင်းနေသည်။

ထမင်းစားပြီးသည့်အခါ ဧည့်သည်ရောက်လာလျှင် ဧည့်သည်နှင့်ထိုင်၍ ၂ နာရီ၊ ၃ နာရီ အထိ စကားပြောသည်။ မည်သည့်ဧည့်သည်မှ သူ့ထံ ရောက်လျှင် အလျှင်စလို မပြန်ချင်ကြပေ။ သူပြောသော စကားတွေကို စိတ်ဝင်စားစွာ နားစိုက်နေကြသည်။ ဧည့်သည်များ ထ မပြန်မချင်း တပိုးတပါးကိုမှ မထဘဲ ထိုင်နေသည်။ ဧည့်သည်မရှိလျှင် ထမင်းစားပွဲမှာပင် စာအုပ်ကို တိုက်ပြန် သွားခါနီးအထိ ထိုင်ဖတ်သည်။ ထိုအတွင်း လက်ဖက်ရည်သောက်သည်။ ၃ နာရီလောက်တွင် လက်ဖက်ရည် နောက်ထပ်တစ်ခွက်သောက်ကာ ထိုစာအုပ်နှင့် တိုက်သို့ ထွက်သွားသည်။

ညနေ ၆ နာရီ၊ ၇ နာရီလောက်ကျမှ ထိုစာအုပ်နှင့် ပြန်ရောက်လာသည်။

အလုပ်ကအပြန် ရေချိုးရန် ပြင်ဆင်ထားသဖြင့် ရေချိုးဖို့ရာ ပြောသည့် အခါ 'ချိုးတာပေါ့၊ ချိုးတာပေါ့' နှင့်ပင် စာဖတ်နေရင်း ထမင်းစားချိန် ရောက် သွားသည်။ အိမ်ပြန်ရောက်လာသော်လည်း ထမင်း မပြင်မချင်း စာအုပ်ကိုသာ ထိုင်ကြည့်နေသည်။

သူ့ကို စကားပြောသည့်အခါ စာအုပ်နှင့် မျက်နှာခွာ၍ ပြန်ပြောသည်။ တစ်ခါတစ်ရံ စာအုပ်နှင့် မျက်နှာအပ်လျက် ပြန်ပြောသည်။ ညစာ ထမင်းစားပြီး ကြလျှင် စာအုပ်ကို ဂျိုင်းတွင်ညှပ်ကာ ကျွန်မကိုပါ တိုက်သို့ ခေါ်သွားသည်။ ည ၁၀ နာရီလောက်တွင် 'ပြန်ချင်ပြီလား' ဟု မေးသည်။ ရောက်ခါစ နေ့ကသာ

အရင်ပြန်ခဲ့သည်။ နောက်ညများတွင် သူပြန်သည့် သန်းခေါင်ကျော်မှ အတူပြန်သည်။ ည ၁၂ နာရီ၊ ၁ ချက်လောက် အိမ်ပြန်ရောက်ကြလျှင် ထမင်းစားပွဲတွင် ထိုင်၍ အမြားတိုက်များအတွက် ခေါင်းကြီးများနှင့် နက်ဖြန်သတင်းစာအတွက် တိုက်ရောက်လျှင်ရောက်ချင်း ကော်ပီပေးရန်တွေ လုပ်လေသည်။ အိုးနှင့် ဖျော်ပေးထားရသည့် လက်ဖက်ရည်ကို ခွက်ဆင့်ချသောက်ကာ အလုပ်လုပ်နေသည်။ အလုပ်ပြီးလျှင် စာ ဆက်ဖတ်နေပြန်သည်။ တစ်ခါတစ်ရံ နံနက် ၃ နာရီလောက် ထိုးခါနီးနေ၏။ အိပ်ချင်လာသော်လည်း ဗွတ်မိုတ်ကာ သူ့လိုပင် ထိုင်စာဖတ်နေလိုက်သည်။ ကျွန်မကို သူ့အရင် စားနှင့်ရန်၊ အိပ်နှင့်ရန် ၃၊ ၄ ရက် ဆက်ပြောလေသည်။ ကျွန်မ နားမထောင်၍ ကျွန်မကို သဘောအတိုင်း ခွင့်လွှတ်ထားလိုက်သည်။ နှစ်ယောက်ထဲ စာအုပ်မပါဘဲနှင့် စကားပြောရန် သက်သက် အချိန်ဟူ၍ မရှိပေ။ သူ စာရေးနေစဉ်တွင် လည်းကောင်း၊ သူ စာဖတ်နေစဉ်တွင် လည်းကောင်း ပထမသော် အနှောင့်အယှက် မပေးလို၍ စကားပြောစရာ ရှိသော်လည်း မပြောဘဲ နေမိသည်။ သူက စာရေးရင်း၊ စာဖတ်ရင်း စကား လှမ်းလှမ်းပြောမှ စာရေးနေစဉ်၊ စာဖတ်နေစဉ် ကျွန်မ သူ့ကို စကားပြောတတ်သွားသည်။

သူသည် စာရေးနေရင်း၊ စာဖတ်နေရင်းလည်း ပြောနေသမျှကို နားထောင်နိုင်လျက် ပြန်ပြောတတ်သည့် အလေ့ကို ကောင်းကောင်းကြီး ကျင်လည်သည့်သူ ဖြစ်သည်။

ညဉ့်နက် သန်းခေါင်ကျော်နေသော်လည်း သတင်းထောက်များ အရေးကြီး၍ လိုက်လာကြလျှင် လက်ဖက်ရည်တိုက်ရန် ပြောလေ၏။ မီးမွှေးပြီး ရေနွေးတည်ရ၊ ဖျော်ရနှင့် အလုပ်များသွားသည်။ သူက ညစဉ် ဓာတ်ဘူးနှင့် သတင်းထောက်များအတွက် အဆောင်ဖျော်ထားရန် အကြံပေးသည်။ သူ့အလိုအတိုင်း သတ်သတ်ဖျော် ဆောင်ထားရသည်။ သတင်းထောက်လာလျှင် တိုက်လိုက်သည်။ မလာလျှင် မနက်မိုးလင်းသည့်အခါ ချဉ်စော်နံနေ၍ နောက်ဖေးပေါက်မှ သွန်ချလိုက်သည်။

'ဒီလောက်တောင် စာဖတ်တာ စာအုပ်တွေရော' ဟု သူ့ကို မေးသည့်အခါ ဝယ်လာတိုင်း သူများ ဆွဲသွား၍ တချို့သာ ရှိသည်၊ တချို့ မရှိတော့ဟု ပြောပြ၏။ ရှိသည့် စာအုပ်များသည် အိမ်၌ တွေ့ရသမျှ အကုန်ပဲလားဟု မေးသည့်အခါ 'တစ်နေရာမှာ ရှိတယ်။ တစ်နေ့မှ သွားယူတာပေါ့' ဟု ပြောသည်။

တစ်နေ့တွင် ကျွန်မကို စကော့ဈေး (ယခု ဗိုလ်ချုပ်ဈေး) ဘက်သို့ ခေါ်သွားကာ စကော့ဈေးနှင့် မျက်နှာချင်းဆိုင် *Royal Book Stall* စာအုပ်ဆိုင်ထဲသို့ ခေါ်သွားသည်။ ထိုဆိုင်တွင် စာအုပ်များ တစ်အုပ်စီလိုက်ပြီး ကြည့်နေသည်မှာ





သည်းမခံနိုင်လောက်အောင် အချိန်ကြာလေသည်။ ကုလားတွေလည်း ပထမ၌ ကျွန်မကို သူ့လိုပင် စာအုပ် လာဝယ်သူဟု မှတ်ထင်နေကြသည်။

ကျွန်မမှာ အကြာကြီး စောင့်နေရသဖြင့် ညောင်းလှ၍ ခွေးခြေပေါ်တွင် သွားထိုင်ပြီး သူ့ကို စောင့်နေရသည်။ တစ်ချက်တစ်ချက် လှည့်ကြည့်၍ ပြန်ရန် မျက်ရိပ်ပြလိုက်သည့်အခါ ခေါင်းညိတ်ရုံသာ ညိတ်ပြပြီး မပြန်ဘဲနေသည်။ မဂ္ဂဇင်း တစ်စောင်ဆွဲပြီး တစ်အုပ်လုံး ကုန်လုအောင် ထိုင်ဖတ်နေရသည်။ ဆိုင်က ကုလားတွေမှာ သူ့ကို ရိုးနေပုံရသည်။ သူ နေချင်သလောက် နေနိုင်ရန် အခွင့်ပြုထားပုံရသည်။ ဆိုင်က စာအုပ်တွေကြည့်၍ အားရသလောက်ရှိမှ သူလိုချင်သည့် စာအုပ်များကို ယူကာ လက်မှတ်ထိုးပေးသဖြင့် အကြွေးဝယ်မှန်း သိရသည်။

ထိုနောက် သူက ကုလားအား လက်ထပ်ပြီးပြီဖြစ်၍ သူ့စာအုပ်များကို ပြန်ပေးရန် ပြောလေသည်။ ဤတွင် ကုလားတွေက ကျွန်မကိုကြည့်၍ ပြုံးသွားကြသည်။ ပျာပျာသလဲ မြင်းလှည်းတစ်စီး ထွက်ခေါ်သည်။ စာအုပ်ဆိုင်မှ စာအုပ်များ ဝယ်ပြီး၊ ဖတ်ပြီးသောအခါ၌ သူကြိုက်သည့် စာအုပ်များကို ဤဆိုင်တွင် လာ၍ ပေးထားသည့်အကြောင်းကို လည်းကောင်း၊ ကုလားများက သူ့စာအုပ်တွေကို မပျောက်မပျက်ရအောင် ကောင်းမွန်စွာ အနောက်ဘက်စင်တွင် သိမ်းပေးထားသည့် အကြောင်းကို လည်းကောင်း သိရတော့သည်။ စာအုပ်များကို သယ်၍ မြင်းလှည်းထဲသို့ ထည့်ပေးကြသည်။ မြင်းလှည်းပြည့်သွားသဖြင့် ကျွန်မတို့က ဟန်ခြားနှင့် ပြန်ခဲ့ရသည်။

နောက်တစ်နေ့တွင် ၃၂ လမ်း ကုလားစာအုပ်ချုပ်ဆိုင် တစ်ဆိုင်တွင် စာအုပ်အဖုံး စုတ်၍ အဖုံးသစ် ချုပ်ခိုင်းထားသော စာအုပ်ကို သွားယူသည်။

'ကိုကို တစ်သက်တာ အနှစ်ခြိုက်ဆုံး စာအုပ်တွေထဲမှာ အကြိုက်တကာ့ အကြိုက်ဆုံး စာအုပ်ကလေးပဲ။ ဒီစာအုပ်ကို စာအုပ်ဗီရိုကြီး တစ်ဗီရိုနဲ့တောင် လဲနိုင်ဘူး။ အင်္ဂလိပ်စာ ခက်လွန်းလို့ ဘယ်သူမှ ဖတ်ခိုင်းတာ မရဘူး။ ဒီစာအုပ်ကို ဖတ်ရင် အယ်ဒီတာကြီးတစ်ယောက် အောင်အောင်မြင်မြင်ကြီး ဖြစ်မြောက်သွားနိုင်အောင် ပို့ဆောင်ပေးနိုင်တယ်။ လမ်းဘေး အဟောင်းဆိုင်ကလေး တစ်ဆိုင်က တွေ့လို့ ဝယ်ဖတ်ခဲ့တာ အကြိမ်ပေါင်း ၅၀ မကဘူး။ ကိုကို ဒီစာအုပ်ကိုဖတ်ပြီး ကိုကိုနဲ့ တစ်ထပ်တည်း တူနေတဲ့ အချက်တွေ အများကြီး သွားတွေ့ရတယ်။ ဒီစာအုပ်ထက် ပိုမိုပြီး အသည်းစွဲလောက်အောင် ခိုက်သွားတဲ့စာအုပ်ကို ခုအထိ မတွေ့ရသေးဘူး'

ကျွန်မသည် သူပြောပြချက်အရ ထိုစာအုပ်ကို စာအုပ်ဗီရိုထဲတွင် မထည့်ဘဲ ကျွန်မ အဝတ်ဗီရိုထဲတွင် တသီးတခြား တရိုတသေ ထည့်ထားလိုက်သည်။

စာအုပ်အမည်မှာ "ကွီ" (*Queed*) ဖြစ်၍ ကွီ ဆိုသော လူထူးလူဆန်းတစ်ယောက် အယ်ဒီတာဖြစ်လာသော ဘဝစာအုပ် ဖြစ်လေသည်။

## ၁၇ ။ ပြန်ရမလား

၁၀ ရက်၊ ၁၅ ရက်နှင့် သူ့အကြောင်းတွေကို စုံစုံသိလာရသည်။ သူနှင့် အတူနေ၍ သော်လည်းကောင်း၊ သူနှင့် အလွန်ရင်းနှီးသည့် မိတ်ဆွေများထံမှ သော်လည်းကောင်း၊ သားချင်းများထံမှ သော်လည်းကောင်း တစ်စတစ်စ စုံစုံသိရသမျှတွေမှာ အိမ်ထောင်ဦးတွင် ဦးစွာ စူးစမ်းမေးမြန်း ထောက်လှမ်းရသမျှတို့ပင် ဖြစ်သည်။ သိရသမျှသော အချက်အလက်တွေတွင် အချို့လည်း သူ့ကို ကြည်ညိုဖွယ်ရာ ကောင်းလှသည့် အချက်တွေ ဖြစ်သည်။ အချို့ကား စိတ်နှောက်ကျူစရာ၊ စိတ်ညစ်စရာ အချက်တွေ ဖြစ်သည်။ အချို့မှာမူ ရယ်စရာသဖွယ် ဖြစ်သည်။ ဤတွင်မက အချို့မှာ အိမ်ထောင်ရေးတွင် အသည်းထိတ်စရာတွေဖြစ်၍ ကြောက်လန့်ဖွယ်ရာ ကောင်းလေသည်။ ကျွန်မ သဘောကျ၍ လက်ခံနိုင်သည့် အချက်တွေလည်း ရှိသည်။ သဘောကျသော်လည်း မလိုက်နာနိုင်သည့် အချက်တွေလည်း ရှိသည်။ သဘောမကျဘဲနှင့် လိုက်နာရမည့် အချက်တွေလည်း ပါသေးသည်။ သဘောလည်း မကျ၊ လိုက်လည်း မလိုက်နာနိုင်အောင် အဆင်မပြေဖွယ်ရာတွေလည်း ရှိနေလေသည်။

သူ၏ စိတ်နေစိတ်ထားတွေကို အနုစိတ်လျက် စစ်ကြည့်လျှင် ဤအချက်တွေကို တွေ့ရပေမည်။ သူသည် လူတစ်ယောက်ကို သဘောမကျဟု နှုတ်နှင့်လည်း မပြောတတ်၊ အမူအရာနှင့်လည်း ဘယ်နံရောအခါမျှ မပြောပေ။ တစ်ဖက်သားကို သနားတတ်သည့်အတွက် သူ့အား သနားအောင် လိမ်၍ညာ၍ ဆက်ဆံနေလျှင်လည်း အကယ်အဟုတ်ပင် သနားလွယ်သည်။ တစ်ဖက်သားအပေါ်တွင် သဘောကောင်းလှသည့်အတွက် သူ့အား ဒေါသအဆိပ် မရှိဟူ၍ မလေးမခန့် မလုပ်ဘဲနေသော်လည်း မရိုးမဖြောင့် လုပ်လို့ရသည်။

ပထမဦးစွာ စ၍ သိရသည့် အကြောင်းများတွင် နောက်နောင်က ဖြစ်ခဲ့သော သူ၏ အတိတ်အကြောင်းများဖြစ်၍၊ ၎င်းတို့မှာ ရှေ့အိမ်ထောင်ရေးတွင် အမြဲတမ်း မမေ့နိုင်အောင် ခေါင်းတွင် သံမှိုနှက်သကဲ့သို့ မပျောက်ပျက်နိုင်ဘဲ၊ အခွင့်ပေါ်ပေါက်တိုင်း ဤအကြောင်းတွေဖြင့် ယှဉ်၍ယှဉ်၍ သတိတရ ဖြစ်စေသည်။

တစ်နေ့တွင် ကိစ္စတစ်ခုဖြင့် အပြင်ထွက်ကြရသည့်အခါ အိမ်ပြန် ထမင်း





မစားနိုင်အောင် ကိစ္စမပြီးပြတ်သဖြင့် သူရိယတိုက်နှင့် မျက်စောင်းထိုး ကုလားထမင်းဆိုင်သို့ သူခေါ်၍ လိုက်သွားရသည်။ ကျွန်မသည် မသန့်ပြန့်သော အပြင်ဆိုင်တွင် မစားတတ်ပေ။ ကျွန်မ မစားဘဲ သူသာ စားသည်။

'ဘယ်နှယောက် စားမလဲ' ဟု ကုလားက မေး၍ သူက တစ်ယောက်တည်းဟု ပြောသောအခါ ကုလားလည်း ချက်ချင်း ထွက်သွားလေသည်။ ကျွန်မမှာ ထမင်းဟင်းမှာရန် ဆိုင်တွင် အားမည့် ကုလားတစ်ယောက်ကို ရှာကြည့်နေရသည်။ ထိုအခိုက် ပထမကုလားက ထမင်းတစ်ပန်းကန်နှင့် ကြက်သားဟင်းတစ်ခွက် ယူလာပြီး ချ၍ 'ဒီက ဘာမှာသေးလို့လဲ' ဟု ကုလားကို ကြိမ်းလိုက်သည်။ ကုလားက 'အစ်မ၊ ဒီမှာ ဆပ် ထမင်းစားတာ တစ်နှစ်လောက် ရှိတော့မယ်။ လာတိုင်း ဒီဟာပဲ စားတယ်။ ဒါကြောင့် ကျွန်တော် ယူလာတယ်' ဟု ပြောကာ လှည့်ထွက်သွားသည်။

'ကိုကို့ကို သူတို့ ရိုးသွားပြီ။ လေး ငါးလ ဒီမှာချည်း မနက်ည လာစားတာ ထမင်းနဲ့ ဒီဟင်းပဲ စားလို့ နောက်တော့ သူတို့လည်း မမေးရ၊ ကိုကိုလည်း မပြောရနဲ့ ကိုကို ရောက်တယ်ဆိုရင် လာချတာပဲ။ ကိုကိုလည်း စားပြီး ထွက်သွားနဲ့ ဖြစ်နေရာကျတာပဲ'

'နေ့တိုင်း ဒါချည်း စားနေတာ မငြီးငွေ့ဘူးလား ကိုကို'

'ကိုကို တစ်ခုခုကြိုက်ပြီဆိုရင် ဘယ်တော့မှ မငြီးဘူး။ ကိုစံသိန်းတို့ဆီမှာ ထမင်းလခ ပေးစားတုန်းက တစ်နေ့တော့ ပုံးရည်ကြီး ထည့်ပေးတယ်။ ကိုကို စားတော့ ကြိုက်လားလို့ မေးကြတယ်။ ကြိုက်ပါတယ်၊ နေ့တိုင်းလည်း စားနိုင်ပါတယ် ပြောမိလို့ နှစ်လလောက် ပုံးရည်ကြီး နေ့တိုင်း ယူလာတယ်။ ကိုကိုကလည်း ဘယ်ဟင်းမှ မနှိုက်ဘဲ နေ့တိုင်း မနက်ပြန် ညပြန် ပုံးရည်ကြီးနဲ့ပဲ စားနေတယ်။ ကြာတော့ ကိုကိုက မငြီးရဘဲ ဘေးက အတူထမင်းစားတဲ့ လူတွေက ကိုကို့ကို ကြည့်ပြီး ငြီးကြတာနဲ့ သူတို့ကို အားနာပြီး ဖြတ်လိုက်ရတယ်။ ကိုကိုတော့ တစ်သက်လုံး ဒါနဲ့ပဲ စားရမယ်ဆိုလည်း ဒါနဲ့ပဲ စားလို့ရတာပဲ'

မဖောက်မပြန် မပြောင်းမလဲသော အရင့်အမာ စိတ်မျိုးပေတကား။

တစ်နေ့တွင် ညနေဘက် ရေကျော်မှအပြန် လမ်းလျှောက်၍ လာကြသည်။ မိုးလုံ့နေ၍ ရန်ကုန်ဂေဇက် သတင်းစာတိုက်ရှေ့၌ ခေတ္တရပ်ပြီး လန်ခြားစောင့်နေစဉ်၊ အမှတ်ရ၍ သူပြန်ပြောခဲ့သည့် အဖြစ်အပျက်ကလေး တစ်ခုမှာလည်း သူ့အကြောင်းကို စဉ်းစားမိတိုင်း မမေ့ပျောက်နိုင်သည့် အဖြစ်အပျက်ကလေးတစ်ခု ဖြစ်သည်။

ဤလမ်းရှေ့မှ နှင်းပန်းလမ်း သူ့အိမ်ရှိရာသို့ ဖြတ်ပြန်လာစဉ် မိုးတွေသည်း

နေ၍ လူတစ်ယောက် သူ့ထီးအောက်ကို ဝင်ခိုလာသဖြင့် သူလည်း ထိုသူ မစိုအောင် ထီးကို ထိုသူဘက်သို့ ညွတ်၍ မိုးပေးလာခဲ့သည်။ ဤသို့ လာကြရာ မိုးကြီး သည်းရွာလာသဖြင့် နှစ်ယောက်စလုံး စိုကုန်မည်ဖြစ်၍ ရန်ကုန်ဂေဇက်သတင်းစာတိုက် အောက်သို့ မိုးဝင်ခိုကြသည်။ ထိုအချိန်တွင် သူ့အိတ်ထဲမှ ပိုက်ဆံအိတ်ကို သူ့ထီးရိပ် ဝင်ခိုလာသူက တဖြည်းဖြည်း ဆွဲထုတ်ယူနေသည်ကို သူ သိသော်လည်း သူ သိသည်ကို ထိုသူ မမြင်အောင် တစ်ဖက်သို့ ငေးပေးလိုက်ရကြောင်းနှင့် ပိုက်ဆံ ၁ ကျပ်နှင့် ၅ ပဲ ရသွားကြောင်း ပြောပြ၍–

"သူ့ကို ဘယ်သူ စော်ကားစော်ကား သူ ခံတော့မှာလား" ဟု ကြားရသည်ကို ဝမ်းမသာမိဘဲ စိတ်အနှောင့်အယှက်ပင် ဖြစ်လာမိကာ ရှေ့ရေးကို တွေးလျက် အမျိုးမျိုး ပူပန်သွားသည်။

သူနှင့် အလွန်ရင်းနှီးသော ချစ်ဆွေကြီး ပန်းချီကျော် ဦးအုန်းလွင်က တစ်နေ့တွင် သူ့အကြောင်းကို သူ မရှိခိုက် ကျွန်မကို ပြောပြပြန်သည်။

'ဒီလူတော့ ကျွန်တော် တစ်ခါ ဆွဲတောင်ထိုးချင်တဲ့စိတ် ဖြစ်မိတယ်။ ဒီတုန်းက သူတို့ နှင်းပန်းလမ်းမှာ နေတယ်။ သူ့အိမ်မှာ လူစုံပဲ။ တချို့လည်း အလုပ်ရှိတယ်၊ တချို့လည်း အလုပ်မရှိကြဘူး။ သူ့လခကိုမှီပြီး သူ့အိမ်မှာ လာစားနေတဲ့ လူတွေ များတယ်။ သူ အလုပ်တိုက်က ပြန်တဲ့အချိန်က ည ၂ ချက်၊ ၃ ချက်မှ ပြန်တယ်။ ကျွန်တော်လည်း သူ့အိမ်မှာပဲ နေတယ်။ တစ်ညတော့ သူ ပြန်လာတယ်။ အိမ်တံခါးကို သူလာရင် တွန်းပင်နိုင်အောင် စေ့ရုံ စေ့ထားနေကျပဲ။ သူ ဘာလုပ်သလဲ သိရဲ့လား။ ဖြည်းဖြည်းလေးဗျ။ တံခါးကို အသာတွန်းပြီး အသံမကြားအောင် သူ ဝင်လာတယ်။ ကျွန်တော်လည်း အိပ်ရာကနေ ကြည့်နေတယ်။ သူ့လက်ထဲမှာ မုန့်လေပွေတွေ ပါလာတယ်။ ပုံပန်းကတော့ အားလုံးစားဖို့ သူ ဝယ်ခဲ့တာပဲ။ နောက် ဒီလူ ဘယ်ပျောက်နေပါလိမ့်လို့ သိလည်းသိချင်တာနဲ့၊ အပြင်လည်း ထွက်ချင်တာနဲ့ ထတော့၊ လား လား၊ သူက နောက်ဖေးဘက်မှာ မုန့်လေပွေ ထိုင်စားနေတယ်။ ကျုပ်က "ခင်ဗျား ဘယ့်နှယ် ဒီနောက်ဖေးမှာ လာစားနေသလဲ။ အိမ်ထဲမှာ ဘာလို့မစားသလဲ" လို့ မေးတော့ "မုန့်လေပွေ ဝါးရင် အိပ်နေတဲ့လူတွေ နိုးသွားမှာစိုးလို့" တဲ့။ ကျုပ်ဗျာ မုန့်လေပွေအသံထွက်မှာ ဒီလောက် စိုးရသလားလို့ ဆွဲကို ထိုးချင်တာပဲ'

သူ့အကြောင်းတွေ ပြောပြသည့်အထဲမှ ဤအချက်သည်လည်း ခေါင်းထဲတွင် စွဲ၍နေသည်။

ကျွန်မ ရရှိလက်ခံထားသမျှ အချက်များတွင် မည်သည့်အချက်ကို ပြုပြင်ပြောင်းလဲပစ်၍၊ မည်သည့်အချက်ကို သည်းခံပြီး လက်ခံရမည်တို့ကို ဆန်းစစ်ပြီး





သကာလ၊ ကျွန်မသည် အိမ်ထောင်ရေး စည်းမျဉ်းကြီးကို တစ်နေ့လုံး ခေါင်းထဲတွင် ရေးဆွဲ၍ နေလေသည်။

ညနေ သူ ပြန်လာသည့်အခါ၌ အိပ်ရာလိပ်၊ သေတ္တာ ပြင်ဆင်ထားသော ကျွန်မကို တွေ့၍ အံ့အား အသင့်ကြီး သင့်သွား၏။

'တင်လေး ဘယ်သွားမလို့လဲ' ဟု အထိတ်တလန့် မေးလေသည်။

'ပြင်ထားတာကတော့ ဘိုကလေးပြန်ဖို့ပဲ ကိုကို။ ကိုကိုက သွားရမယ်ဆိုရင် တင်လေးတော့ ပြန်ရတော့မှာပဲ'

'ဘာပြောတယ် တင်လေးရဲ့၊ ကိုကို နားမလည်ဘူး။ ကိုကိုက တင်လေးကို ပြန်ခိုင်းရမယ်၊ ဒီလိုလား'

'တင်လေး ပြောပါဦးမယ်။ တင်လေး လိုက်လာတာ အခု တစ်လနီးတော့မယ်။ တင်လေးကို ကိုကိုယူတာ ဘယ်လိုရည်ရွယ်ချက်နဲ့ ယူတယ်ဆိုတာ ကိုကို အသိဆုံးပဲ။ ကိုကိုက အင်မတန် သဘောကောင်းတယ်။ တင်လေး ထင်တာထက် ပို သဘောကောင်းတယ်။ ခါးက အင်္ကျီတောင် လမ်းက ဆီးတောင်းရင် ချွတ်ပေးချင်တဲ့လူ ဖြစ်နေတယ်။ သဒ္ဓါတရားနဲ့ ပတ်သက်ပြီး လောကမှာ Give နဲ့ Take အပေးနဲ့ အယူရယ်လို့ ရှိပေမယ့် (Give, Give, Give) ပေး ပေး ပေးတဲ့ဘက်ကချည်း နေရတာ ဘယ်လောက် ပျော်စရာကောင်းတယ်ဆိုတာ တင်လေးလည်း သိပါတယ်။ အခု အိမ်ထောင်ရေးမှာ တင်လေး တွေးကြည့်တယ်။ ဦးချစ်မောင်ရဲ့ မိန်းမဟာ ဦးချစ်မောင်လိုပဲ သဘောကောင်းတာပဲ၊ ရက်ရောတာပဲ ဆိုရင် တင်လေးတို့ အိပ်ရာအောက်က ဖျာတောင် ရှိတော့မှာ မဟုတ်ဘူး။ ဦးချစ်မောင်ဟာ အရင်နဲ့ မတူဘူး။ မိန်းမရလာမှ တသွေးတမွေး ဖြစ်လာတယ်ရယ်လို့ သတင်းထွက်လာမှ တင်လေးနဲ့ လက်ထပ်ရကျိုး နပ်လိမ့်မယ်။ ဦးချစ်မောင်ရဲ့ မိန်းမဟာ ဦးချစ်မောင်လို သဘောမကောင်းဘူးလို့ ဖြစ်ပါမှလည်း တသွေးတမွေး ဖြစ်တော့မှာမို့ နာမည်ပျက်ခံပြီး ပေါင်းရမလို ဖြစ်နေတယ်။ တင်လေးက နာမည်ပျက် ခံနိုင်ပေမယ့်လည်း ဒီဝါဒကို ကိုကိုက ကြိုက် မကြိုက် သိချင်မိတယ်။ ဒီလို ဘယ်ပစ္စည်းမှ မခင်တွယ်တဲ့ ဝါဒကို အိမ်ထောင်ရေးမှာ ထားလို့ မဖြစ်နိုင်ကြဘူး။ ကိုကို ဘယ်လို သဘောရသလဲ'

သူသည် ကုလားထိုင်တွင် ဝင်၍ ထိုင်ချလျက် ခေါင်းကြီး ငုံ့ကာ ငိုင်နေ၍စားနေလေသည်။

'အိမ်ထောင်ရေးမှာ ကိုကို့ကို တင်လေး မကြိုက်တဲ့အချက်တွေ အများကြီး ရှိတယ်။ ဒါတွေကို ပြုပြင်သင့်တာတွေကို ပြုပြင်ပေးဖို့ရာ ဝတ္တရားရှိနေတယ်။ ပြုပြင်မှုကို မကြိုက်နိုင်ဘူး ဆိုရင်တော့ တင်လေးဟာ ဒီမှာနေလို့ အပိုဖြစ်မနေဘူးလား'

'ဘယ်အချက်တွေလဲ တင်လေးရယ်'

'ရည့်သည် လာမယ် မလာမယ် မသိဘဲ ပိုချက်ခိုင်းတာတွေ၊ ည ည သတင်းယောက်တွေအတွက် ခာတ်ဘူးနဲ့ လက်ဖက်ရည် အဆောင်ဖျော်ထားရတာ၊ မလာတော့ သွန်ပစ်ရတာတွေဟာလေ။ ငွေ ဖောဖောသီသီကြီးရှိတောင် လုပ်အပ်တဲ့ အလုပ်မဟုတ်ဘူးလို့ ထင်တယ်။ ကိုကိုလည်း သိသားပဲ။ ဝိရူရဟာ ပုဏ္ဏကနောက် လိုက်ခါနီး အိမ်သူအိမ်သားတွေကို မှာတဲ့ အခန်းတွေမှာ ဆန်ကို ချက်တဲ့အိုးထဲက တစ်ဆုပ်စာလောက် ပြန်နှိုက်ယူရင် ကြာတော့ တဖြည်းဖြည်း ပြည့်သွားလိမ့်မယ်လို့ ချွေတာရေးတရားကို ဟောပြောဆုံးမသွားတယ်။ ကိုကိုကတော့ နေ့တိုင်းပဲ အသွန်ခိုင်းနေတယ်။ တင်လေး ဘယ်ဟာ နားထောင်ရပါ့မလဲ။ ပြောပါဦး'

သူသည် စဉ်းစားနေလေရာမှ ပြုံး၍လာသည်။

'ကိုကို့ကို မယူခင်က တင်လေး ပြုပြင်ပြီး ယူမယ်လို့ အောက်မေ့ခဲ့တယ်။ ကိုကိုက ပြုပြင်တာ မကြိုက်ဘူးဆိုရင်တော့ ပြုပြင်ပေးချင်တဲ့ တင်လေး ရည်ရွယ်ချက်တွေဟာ အလကားပဲ။ ကျန်းမာရေးလည်း မယူခင်ကတည်းက ပြောလာတာ၊ ဘယ်မှာလဲ ကျန်းမာရေး ဂရုစိုက်တာ။ ည ညကျရင် ညဥ့်နက်မှအိပ်၊ နေ့လည်း မအိပ်၊ တကုတ်ကုတ်နဲ့ ရေးမှတ်ဖတ်နေတယ်။ ရေလည်း အချိန်နဲ့ မချိုးဘူး၊ အစားလည်း အချိန်နဲ့ မစားဘူး၊ ဣရိယာပုဒ် မျှအောင်လည်း မနေဘူး။ ဒါတွေကို တင်လေး ပြုပြင်ရလိမ့်မယ်။ ကိုကိုက နားမထောင်ဘဲ ဒီလိုသာ လုပ်နေမယ်ဆိုရင် အိမ်ထောင်ပြုလို့ကော အကြောင်းထူးလာလို့လား'

'ဒါကတော့ တင်လေးရယ်၊ ကိုကို့အလုပ်က အချိန်ကန့်သတ်လို့ မရဘူး။ ၂၄ နာရီ အလုပ်ရှိနေတော့ လုပ်နိုင်သမျှ လုပ်မှဖြစ်မှာမို့ တင်လေး နားလည်ဖို့ ကောင်းတယ်'

'မလုပ်ရဘူး မပြောပါဘူး။ ဒါပေမဲ့ အချိန်ကန့်သတ်လို့ မရဘူးဆိုတာ အားလုံး မဟုတ်နိုင်ဘူး။ ကိုကို့အလုပ်ကို မထိခိုက်ဘဲ တင်လေးက အချိန်လုပ်ပေးရင်ကော'

'အချိန်ကို မြင်လို့လား'

'သဘော တူ မတူသာ ပြောပါလေ'

သူသည် ပြုံး၍သာနေပြီး အဖြေမပေးပေ။

'ဝတ်မှုစားမှု နေမှုထိုင်မှု အစခပ်သိမ်း ကိုကို့ကို အားလုံး ပြုပြင်ပစ်ရလိမ့်မယ်။ ဒီလို ပြုပြင်ဖို့ရာ ပြုပြင်ခွင့်ရမယ်ဆိုရင် တင်လေးတော့ နေရမှာပဲ။ ပြင်ဖို့ မလိုဘူး၊ ပြန်တော့ ဆိုရင်လည်း ပြန်ရမှာပဲ'

'မပြန်ပါနဲ့ ကျောင်းအစ်မလေးရယ်'

## ၁၈ ။ စိတ်မကောင်း အဖြစ်ရဆုံးနေ့

နောက်တစ်နေ့ နံနက်တွင် သူ လက်ဖက်ရည်သောက်နေစဉ် တိုက်သို့သွားရန် အဝတ်အစားသစ်များကို ထုတ်ယူပြင်ဆင်နေခိုက် မုတ်ဆိတ်ရိတ်ကုလား ရောက်လာသည်၊ ကုလားရိတ်ပေးသည်က စင်သည်ဆိုပြီး သူ့ဟာသူ မရိတ်ဘဲ ကုလားကိုသာ အရိတ်ခိုင်းလေသည်။ သူ့ကို မုတ်ဆိတ်တွင်မကဘဲ ဆံပင်ပါ တစ်ခါတည်း ညှပ်ရန်ပြောသည်။ 'မရှည်သေးပါဘူး၊ နောက်မှ ညှပ်မယ်။ ဆံပင်ညှပ်ရင် ရေချိုးနေရဦးမယ်' ဟု ညည်းနေသဖြင့် ညှပ်ဖြစ်အောင် အတင်းတိုက်တွန်းရသည်။ ဆံပင်ညှပ်နေစဉ် လက်က စာအုပ်ကို မချဘဲ ဖတ်နေသည်။

ဆံပင်ညှပ်ပြီး၍ ရေချိုးခန်းသို့ အဝင်တွင် 'မျက်နှာပဲသစ်ပြီး သွားတော့မယ်။ အချိန်မရှိဘူး' ဟု ဆိုနေပြန်သဖြင့် အပေါက်ဝက ရပ်ကာ ရေချိုးဖြစ်အောင် ရှိခိုးမတတ် ပြောရလေသည်။

ကျွန်မသည် ကြမ်းပေါ်မှ သူ၏ ဆံပင် ဆံစတွေကို လှည်းကြုံးပြီး အပေါက်ဝမှ လွှမ်းပစ်လိုက်မည်ပြုစဉ် ရုတ်တရက် ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။ ထိုအကြံကြောင့် ထိုဆံပင်တွေကို မပစ်လိုက်နိုင်ဘဲ စာအိတ်အလွတ်တစ်ခုထဲတွင် ထည့်ပိတ်ပြီး ၁၉၃၈ ခု နိုဝင်ဘာလ ၂၄ ရက်နေ့ဟု ရက်စွဲထိုးလိုက်ကာ စာအိတ်ကို မှန်ခုံအံဆွဲထဲသို့ ထည့်ထားလိုက်သည်။

ရေချိုးပြီးသောအခါ 'ဒါ မင်္ဂလာဆောင်တုန်းက လုံးချည်မဟုတ်လား။ သစ်အားကြီးပါတယ်၊ မဝတ်ပါရစေနဲ့။ တစ်ပတ်နွမ်းပဲ ပေးပါ' ဟု အဝတ်သစ်ဝတ်ရန် အတင်းငြင်းနေသည်။

'အဝတ်အစားကို ကောင်းကောင်း ဝတ်မှပေါ့။ ဒါမှ လူရိုသေတယ် ကိုကို။ တစ်နေ့လာလည်း အနွမ်း၊ တစ်နေ့လာလည်း အဟောင်းနဲ့ မကောင်းပါဘူး'

'အဝတ်အစား အသစ်ဝတ်မှ လူရိုသေမယ်လား။ လူတစ်ယောက်ကို အဝတ်အစားကြည့်ပြီး ဆုံးဖြတ်မယ်၊ ရိုသေမယ်၊ လူထင်မယ်ဆိုရင် ကိုကိုတော့ သိပ်မကြိုက်တာပဲ'

'ဒီလိုလည်း မဟုတ်ပါဘူး ကိုကို။ အဝတ်ဆိုတာ ကောင်းကောင်းမွန်မွန် ဝတ်သင့်ပါတယ်၊ တင့်တင့်တယ်တယ် ဝတ်သင့်ပါတယ်၊ ဘုရားတောင် ရဟန်းတွေကို သင်္ကန်းကို လက်ကတော့ထိုးပြီး သပ်သပ်ရပ်ရပ် သစ်သစ်ဝတ်ဖို့ရာ မိန့်ရှိပါတယ်။ ဒါမှ မြင်ရတဲ့ ဒကာ ဒကာမတွေက ကြည်ညိုပြီး သဒ္ဓါတရား ဖြစ်အောင်လေ။ ကိုကို့ကို နေ့တိုင်း အဟောင်းကြီးနဲ့ မြင်ရတာ တင်လေး မကြည့်နိုင်လို့ပါ။ တောင်းမှာအကွပ် လူမှာအဝတ်၊ ဝတ်ကောင်းစားလှကို သူ့အရာနဲ့သူ ဝတ်ထိုက်ပါတယ်။ ဝတ်ပါနော်'

သူသည် သက်ပြင်းကြီးချလိုက်ကာ ပိုးလုံချည်ကို ဖြန့်၍ခြွပ်သည်။ 'ဘယ်လောက် ပူလိုက်အိုက်လိုက်မလဲ' ဟုလည်း တဖျစ်တောက်တောက် ညည်းနေ၏။ ကျွန်မလည်း မကြားဟန်ဆောင်လျက် အလုပ်သွားရန် ဝေယျာဝစ္စများ လုပ်နေလေသည်။

'သွားတော့မယ် တင်လေး' ဟု လှေကားမှ ဆင်းခါနီး နှုတ်ဆက်လေသည်။ ကျွန်မက ဘိုဆံတောက်အသစ်၊ အင်္ကျီ လုံချည် အသစ်နှင့် ဖြစ်နေသည့်ပုံကို ပြုံးကာ 'ကိုကို တိုက်ရောက်ရင် ခေါင်းကြီး ငုံ့မလျှောက်ပါနဲ့။ မတော်တဆ ကလေးတွေ အရိပ်နင်းမိရင် ငရဲအုံကြီးနေပါဦးမယ်။ သတိထားပါ ကိုကိုရယ်' ဟု မှာကြားလိုက်၏။

မြန်မာ့အလင်းတိုက်တွင် ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၅ နှစ်အရွယ်ထိ ခိုင်းစေရန် ရုံးစေပြာတာကလေးတွေ ထားသည်။ ပန်းရောင် ခေါင်းပေါင်းကလေးတွေနှင့် ပန်းရောင်ချည်လုံချည်ကလေးတွေ ဆင်တူဝတ်ထားသဖြင့် ချစ်စရာကောင်းသည့် သူငယ်ကလေးတွေ ဖြစ်သည်။ အချို့သူငယ်ကလေးတွေကို သူက ကျွန်တော် ခင်ဗျားနှင့် ပြောနေသဖြင့် ဤသို့ သွားခါနီး သူ့အား မှာလိုက်သည့် အဓိပ္ပာယ်ကို ရိပ်မိပြီး ပြုံးရယ်ဆင်းသွားလေ၏။

ကျွန်မသည် သားရေဖုံး စာအုပ်အလွတ်ကြီးထဲတွင် ယနေ့မနက် အဖြစ်အပျက်များကို မှတ်တမ်းအတိုရေး၍ တေးထားလိုက်သည်။

ညစဉ်ညတိုင်း မြန်မာ့အလင်းတိုက်သို့ ကျွန်မ လိုက်သွားသည်။ ယနေ့ည မြန်မာ့အလင်းတိုက်သို့ လိုက်ခဲ့ရာတွင် ညတိုင်း လိုက်လာသလို သူ့ရှေ့တွင် ထိုင်မနေဘဲ သူ့ထံမှ ခွင့်တောင်းကာ အောက်ထပ်သို့ ဆင်းလာသည်။ စာစီခန်း၊ စက်ခန်းတွေကို လျှောက်ကြည့်သည်။ လုပ်ကိုင်နေကြသည့် ညအလုပ်သမားများကိုလည်း လိုက်လံ အကဲခတ်ကြည့်သည်။ ညဘက်တွင် တိုက်အုပ်မရှိဘဲ သူတို့နှင့် အယ်ဒီတာတွေသာ ရှိသည်။ လုပ်ငန်းကြီးတစ်ခုတွင် မျက်နှာလွှဲထားနိုင်အောင် ဆိုင်ရာ ဆိုင်ရာ အကြီးအကဲထား၍ အုပ်ချုပ်လုပ်ကိုင်နေသည့် တိုက်အုပ် ဝတ္တရားလုပ်ငန်းတွေကို ထိုသူတွေ၊ ထိုအလုပ်တွေကို ကြည့်၍ ချင့်မှန်းကြည့်မိသည်။ စနစ်သေဝပ်ပြီး စည်းကမ်းတကျလည်း ရှိလှ၍ တိုက်အုပ်လုပ်သူအား လေးစားသွားသည်။

သတင်းစာအလုပ်ကား အယ်ဒီတာ့လက်မှ ရောင်းမည့်သူလက်ထဲအထိ တစ်လက်ပြီးတစ်လက် ကူးသွားပုံ၊ တစ်လက်နှင့်တစ်လက်တွင် တာဝန် မည်မျှကြီး၍ အချိန် မည်မျှ အရေးပါပုံတွေကို စဉ်းစားရင်း တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်သည်။





တိုက်အုပ်မှ အစထား၍ စာရေးစာချီ၊ အယ်ဒီတာ၊ သတင်းထောက်၊ စာစီသူ၊ စက်ရိုက်သူတွေအထိ ၎င်းတို့၏ စိတ်နေစိတ်ထား၊ အလုပ်အကိုင်တွေကို ရှုစမ်း မှန်းဆ ကြည့်ရသဖြင့် အလွန် စိတ်ဝင်စားနေသည်။

မိမိ မသိသည့်အချက်နှင့် မမြင်ဖူးသည့် ပစ္စည်းတွေ၏ အခေါ်အဝေါ်တွေကိုလည်း အနည်းအကျဉ်း စာစီသမားတွေထံတွင် မေးမြန်းစုံစမ်းကြည့်ခဲ့သည်။

အောက်တွင် နှစ်နာရီလောက် အချိန်ဖြုန်း၍ နေခဲ့ပြီး အပေါ်ထပ်သို့ တက်လာစဉ် လှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ် လှမ်းတက်လာသည့်အလားတူ၊ ကျွန်မ စိတ်ထဲ၌လည်း ကျွန်မပိုင် သတင်းစာတိုက်တစ်တိုက်ကို အုတ်မြစ် တစ်ချပ်ပြီးတစ်ချပ် ထပ်လျက် တည်ဆောက်တက်လာလေသည်။

ထိုနေ့ကစ၍ ညအပြန်တွင် စာမဖတ် စာမရေးစေရဘဲ အိပ်စက်ရန် အတင်းပူဆာ၍ တိုက်က ပြန်ရောက်ရောက်ချင်း အိပ်ရာဝင်စေရသည်။ အိပ်ရာမဝင်ခင် 'ဝတ္ထုဖြစ်ဖြစ် စာအုပ်ဖြစ်ဖြစ် ရေးမှ တင်လေးရဲ့။ ဒီလခနဲ့ ဘယ်လာလောက်မလဲ။ ဒီလိုသာ အိပ်ရရင် ဘယ်မှာလာ ရေးဖြစ်တော့မလဲ' ဟု ပြောလေသည်။

'လူနည်းသားပဲဟာ၊ ဒီလခနဲ့လည်း လောက်ပါတယ်။ နောက်တော့ ရေးတာပေါ့' ဟု ချော့ချော့မော့မော့ ပြောရသည်။

ထမင်းစားချိန်တွင် စာဖတ်သည့် အလုပ်ကိုလည်း စာအုပ်ကို ဆွဲလုယူလိုက်ကာ 'ကိုကို ထမင်းစားတာလား၊ စာအုပ်စားတာလား' ဟု ပြောလိုက်သည်။

'ထမင်းရော စာရောပေါ့ တင်လေးရာ' ဆို၍ 'ဒီလိုလုပ်ရင် နှစ်ခုစလုံး အစာမကြေ ဖြစ်လိမ့်မယ်။ ချက်ပြုတ်ထားရပြီး အရသာခံ စားပါဦးမှပေါ့။ ဒီလိုဆိုရင် ဘာပြုလို့ မိန်းမ ယူသေးသလဲ။ ဆိုင်မှာပဲ ထမင်းနဲ့ စာအုပ်နဲ့ စားရောပေါ့'ဟု စိတ်မကောင်းသလိုပြောမှ စာအုပ်မပါဘဲ စားလေသည်။

ထမင်းစားပြီးသည့်အခါ စာမဖတ်ဘဲ တစ်ရေးအိပ်ရန်ပြောရာ ပထမ ၁ ရက်၊ ၂ ရက် ဇွတ်ပေပြီး ဧည့်သည်လာလျှင် ဧည့်သည်နှင့် ထိုင်စကားပြောနေကာ၊ ဧည့်သည်မလာလျှင် အိပ်ရာပေါ်တွင် လှဲ၍ စာဖတ်နေသဖြင့် နောက်တွင် နက်တရွတ် လုပ်ရသည်။ ဧည့်သည်လာလျှင် အရေးမကြီးသည့် ဧည့်သည်ဆိုက တံခါးမဖွင့်ဘဲ အပေါက်ကလေးမှ ချောင်းကြည့်လျက် အပြင်ထွက်သွားသည်ဟု ပြောလိုက်ရသည်။ စာအုပ်ကိုလည်း ဝှက်ရ လုရသည်။ ဧည့်သည်ကို ဤသို့ပြော၍ စာအုပ်ကို ဝှက်သည့် လုသည့်အခါတွင် သူလည်း စိတ်ညစ်သွားသည်။ တညည်းညည်း တညူညူနှင့် အိပ်ပျော်သွားတော့သည်။ စိတ်ညစ်လာအောင် လုပ်မှပင် အိပ်ဖြစ်တော့သည်။ လက်ဖက်ရည်ကိုလည်း နေ့ဘက်၌သာ တိုက်၍ မနက်တွင် ကော်ဖီ၊ ညတွင် ကော်ဖီ၊ အိမ်တွင် အချိန်ပြင်ပစ်လိုက်သည်။

'နေ့လည်းအိပ်၊ ညလည်းအိပ်ဆိုရင် ဘယ်မှာလဲ စာရေးရမယ့်အချိန်။ တခြားမှာ ရေးမှ ပိုက်ဆံဝင်မယ်' ဟု ပြောကာ ရေးမည့်ဟန် ပြင်ပြန်လျှင်လည်း မရေးဖြစ်အောင်၊ မရေးအောင် အတန်တန် တောင်းပန်ရသည်။ ဈေးနှုန်းသတင်းစာ ခေါင်းကြီးမှာ မိတ်ဆွေချစ် ဖြစ်၍ အကူအညီ ရေးပေးရသဖြင့်၊ ထိုခေါင်းကြီးမှလွဲ၍ အပြင်အလုပ် မည်သည့်အလုပ်မှ လုပ်ခွင့်မပေးတော့ပေ။ တစ်နေ့တစ်နေ့ သူ့ကို အတိုက်အခံ ဘယ်လို လုပ်ရမယ်၊ ဘယ်လို ဇွတ်တရွတ် ပြောရမယ်၊ ဘယ်လို တောင်းပန်ရမယ် တို့ကိုသာ အချိန်အားလပ်တိုင်း စဉ်းစားတွေးတော ပြင်ဆင်ထားရသည်။

ခြောက်လလောက် သူ့ကျန်းမာရေးကို ဂရုစိုက်ပြီး အချိန်မှန်မှန် လုပ်ပေးနိုင်လျှင် ချုံးကျပောက်ပက် ချိုင့်ခွက်နေသည့် မျက်နှာမှာလည်း ပြည့်လာမည်။ အညောင်းအညာနည်း၍ လူလည်း ယခုထက် ကျန်းမာဝဖြိုးလာမည်ဟု ယုံကြည်ကာ၊ ဇယားချလျက် အချိန်ဆွဲပြီး အချိန်အတိုင်းဖြစ်အောင် မရမက ဇွတ်လုပ်နေရသည်။

ဤသို့ လုပ်သဖြင့် သူ့၌ စိတ်ညစ်ရ၍ စိတ်ညစ်သည်ဆိုလျှင်၊ ကျွန်မကလည်း ဤသို့ လုပ်နေရခြင်းအတွက် မည်မျှ စိတ်ညစ်ရသည်ကို ကျွန်မပင် အသိဆုံး ဖြစ်သည်။

ကျွန်မတို့နှင့် အတူနေသော သူ့ညီကလေး မောင်စံအောင်မှာ ရန်ကုန်တွင် မပျော်ပိုက်၍ အုတ်ဖိုသို့ ပြန်သွားလေသည်။ ငယ်စဉ်က မိဘ အအုပ်အထိန်း လွတ်လျက် ကြီးပြင်းလာရပြီး၊ ယခုလည်း လူမမည်အရွယ်လေး ဖြစ်နေသဖြင့် ပြန်သွားခြင်းကို ကလေးအတွက် စိတ်ထိခိုက်သွားလေသည်။

လကုန်ခါ နီးပြန်၍ ပိုက်ဆံလည်း ကုန်တော့မည် ဖြစ်သည်။ စိတ်ညစ်ညူးရသည်မှာလည်း နေ့နှင့်အမျှ ဖြစ်နေသည်။ ရန်ကုန်တွင် ချို့ချို့ငဲ့ငဲ့ ဖြစ်နေကြပုံကို အိမ်က သိအောင် ပေါက်ကြားသွားမှာ ပူပန်နေရသည်။

အခြေအနေမှာ ညှော်သည်လာလျှင် တိုက်နိုင်ရန်အတွက် ကျွန်မပင် ကော်ဖီမသောက်ဘဲ လျှော့လိုက်ရသည့် အခြေသို့ ရောက်ပေပြီ။ ကျွန်မနှင့် ပါလာသော မောင်သောင်းမှာလည်း ကျွန်မအကြောင်းကို ရိပ်မိတန်သလောက် ရိပ်မိကာ နောက်ဖေးတွင် မျက်ရည်ကျိတ် သုတ်နေရှာသည်။ ကျွန်မတို့နှစ်ယောက် ချုပ်တည်း ခြိုးခြံကာ တတ်နိုင်သမျှ သူမသိအောင် ဖုံးဖိပြီး အငတ်ခံနေကြသည်။ နေ့လယ် တစ်ချက်၊ တစ်ချက်ခွဲအထိ သူ ပြန်မလာမချင်း ထမင်းမစားကြဘဲ သူ့ကို စောင့်နေကြသည်။ မိုးလင်းမှ နေမြင့် မွန်းတည့်သည့်အထိ သူပြန်မလာမချင်း ဝမ်းထဲသို့ ဘာအစားအစာမှ မသွင်းဘဲ ထားကြရလျက်၊ ကြာသော် ကျွန်မ





တစ်ယောက်က အရေးမကြီးလှဘဲ အဖော်လိုက်လာသူ မောင်သောင်းအတွက် ဆာရှာမှာပဲဟု လွန်မင်းစွာ ကရုဏာသက်မိသည်။ အိမ်တွင် တစ်နေ့ သုံးလေးခါ အလျှံပယ် ကော်ဖီ သောက်နေကြရသူတွေဖြစ်၍၊ ကိုယ်ချင်းစာမိပြီး သူ မပျော်ပိုက်၍ ပြန်သည့်အနေနှင့် သူ့ကို တစ်ဖက်လှည့်၍ အိမ်ပြန်လွှတ်လိုက်ရသည်။ အိမ်ကို ထမင်းချက် ငှားထားသလို ပြောရန်လည်း အထပ်ထပ် မှာလိုက်ရသည်။

မောင်သောင်း ပြန်သွားသည့်နေ့က သူလည်း ကျွန်မ ချက်ပြုတ်လုပ်ကိုင်နေသည်ကို ကြည့်ကာ မျိုမကျအောင် ဖြစ်သည်။ ထမင်းပန်းကန် ဝိုင်းထုတ် ဝိုင်းပြင်နှင့် ဝိုင်းဝန်းကူညီ လုပ်နေသဖြင့် မလုပ်ရန် အတင်းပြောရသည်။

ဘိုကလေးသို့ နောက်ထပ် လူလွှတ်ရန် အမြန်စာရေးဖို့ရာ ကျွန်မကို နှိုင်းနေသည်။ လူ မရှိသည်ထက် ပိုက်ဆံ မရှိသည်ကိုများ သိလျှင် သူ ဘယ်လောက်များ စိတ်မကောင်း ဖြစ်ရှာမလဲဟု သူ့ကို သနားလာသည်။ ပိုက်ဆံ မရှိကြောင်းကို လုံးလုံး မပြောဘဲ နေလိုက်သည်။

ဤနေ့သည် ဒီဇင်ဘာလ ၂၉ ရက်နေ့ ဖြစ်သည်။ ဤနေ့သည် ပူပန်သောက ရောက်ခဲ့ရသောနေ့ ဖြစ်သည်။ ဤနေ့ထက် ပိုမို၍ အသည်းနှလုံး ကျွမ်းလှအောင် ပူပန်သောက ရောက်ခဲ့ရဖူးသည် မရှိဟု ထင်မြင်မိပေသည်။

နံနက်ဘက် လည်ရောင်းကြသော ဈေးသည်ထံမှ ကြက်တစ်ခြမ်း ဝယ်ယူထားလိုက်သည်။ အိမ်တွင်ရှိသည့် ပဲနှင့် ပဲဟင်းတစ်ခွက်၊ ကြက်သားဟင်းတစ်ခွက် ချက်မည်ဟု ထိုနေ့အတွက် စီစဉ်လိုက်သည်။

ဈေးဝယ်ခြမ်းပြီးသောအခါ ပိုက်ဆံတစ်မတ်သာလျှင် ရှိတော့၍၊ အလုပ်သွားခါနီး သူ့အား ကိုအုန်းမြင့် တိုက်သို့လာလျှင် ကျွန်မထံသို့ လွှတ်လိုက်ရန် အတန်တန် မှာလိုက်သည်။ ဆန်အိုးထဲတွင် ချက်စရာဆန် နံနက်စာ တစ်နပ်သာသာပင် ရှိတော့၍၊ လခမထုတ်ခင် တစ်ခုခုပေါင်မှဟု ရည်ရွယ်ကာ ကိုအုန်းမြင့်ကို မပေါင်ခိုင်းရန် လွှတ်ဖို့ရာ မှာလိုက်ခြင်းဖြစ်သည်။

ထမင်းချက်နေစဉ် လက်မအားအောင် အလုပ်များနေသော်လည်း စိတ်များမှာ တခြားသို့ ရောက်နေလေသည်။ လက်ဝတ်လက်စားထဲမှ မည်သည့်ပစ္စည်းကို ပေါင်ရန် တစ်ခုစီ ရွေးချယ်နေသည်။ မိဘပစ္စည်းကို မိဘမသိဘဲ ပေါင်သင့် မပေါင်သင့် ချင့်ချိန်နေသည်။ တစ်ခုခုမှ မပေါင်လျှင်လည်း မဖြစ်သည့်အခြေတွင် ရောက်နေသည်။ အဖိုးထိုက်အဖိုးတန် ပစ္စည်းတွေ ပိုက်လျက် အငတ်နေရမည်ကလည်း နည်းလမ်းမကျပေ။ ပစ္စည်းကို တစ်ခါမှ မပေါင်နှံဖူး၍ ပစ္စည်းကို မနှမြောဘဲ ပေါင်ရသည့်အဖြစ်ကို နှမြောသလို ဖြစ်နေသည်။ နောက်ဆုံးတွင် လခလည်း ထုတ်ခါနီး၍ မြန်မြန်လည်း ရွေးနိုင်ရန် စိန်ရင်ထိုးကို ပေါင်မည်ဟု ဆုံးဖြတ်ကာ ကိုအုန်းမြင့်ကိုသာ ထမင်းချက်ရင်း မျှော်နေမိသည်။

တစ်ချက်ခွဲလောက်တွင် သူ ပြန်လာသည်။ သူတစ်ယောက်တည်း မဟုတ်ဘဲ ထိုနေ့က သူ့မိတ်ဆွေ ဦးရွှေကြူး၊ မြန်မာ့သိပ္ပံ ပုံနှိပ်တိုက်ရှင် ဦးစိန်၊ စီအိုင်ဒီရုံးမှ ကိုဘိုကြီးတို့ ပါလာကြသည်။ ၎င်းတို့ကို မြင်လိုက်လျှင် မြင်လိုက်ချင်း ခြေဖျားလက်ဖျားများအေး၍ နှလုံးတုန်သွားတော့သည်။ သူတို့ကို မုချ ထမင်းကျွေးပေလိမ့်မည်။ ကျွေးရန်လည်း ဝတ္တရားရှိသည်။ ချက်ထားသည့်ဟင်းမှာ နှစ်ယောက်စာအတွက် ညမနက်ချက်ထား၍ ဟင်းနည်းနေသဖြင့် ရှက်လည်း ရှက်လှသည်။ ဝမ်းလည်း နည်းလှသည်။ အဝယ်လွှတ်စရာလူလည်း မရှိပေ။ ဝယ်စရာ ပိုက်ဆံလည်း မရှိပေ။

သူက ဧည့်သည်များ ထမင်းကျွေးရန် ပြောလိုက်သောအခါ မျက်နှာမပျက်သွားစေရန် များစွာ သတိထားလိုက်ရသည်။ သို့ပင် သတိထား၍ ဆင်ခြင်လိုက်ရသော်လည်း တစ်ကိုယ်လုံးပင် မည်သို့ဖြစ်သွားသည် မသိ။ ပူသလိုလို ထူသလိုလို ဖြစ်သွားကာ သူ့ရှေ့တွင် အကြောင်းမှန်ကို ဖုံးကွယ်၍ မရနိုင်ဘဲ နေမည်ဟု တစ်ချက်တည်း မီးဖိုဘက်သို့ လှည့်ထွက်သွားရသည်။

ထမင်းပြင်ပေးပြီး သူတို့ စားနေကြစဉ် ကျွန်မမှာ မွန်ထူ၍ အမ်းနေသည်။ ဟင်းကုန်သွားလျှင် လိုက်စရာမရှိ၍ ရေချိုးခန်းထဲတွင် ဖြစ်စေ၊ အိမ်သာခန်းထဲတွင် ဖြစ်စေ ဝင်၍သာ ပုန်းနေလိုက်ချင်တော့သည်။

ထမင်း လောက်မည် မဟုတ်သည်ကို သူ သိ၍လားမသိ။ သူသည် စကားသာ တွင်တွင်ပြောလျက် ထမင်းလျှော့စားနေသည်။ စိတ်မချမ်းသာလိုက်သည်မှာ ဥပမာဆောင်၍ မပြနိုင်အောင်ပင် ဖြစ်နေသည်။ ဧည့်သည်များလည်း မြိန်မြိန်ရှက်ရှက် သုံးဆောင်ကြပြီးနောက် အပြင်သို့ ထွက်သွားကြသည်။ သူက ကိုအုန်းမြင့် မလာကြောင်းနှင့် ဘိုကလေးက ဖခင်ထံမှ ယနေ့ည ရန်ကုန်သို့ လိုက်လာမည်ဟု သံကြိုးရကြောင်းပြောကာ သံကြိုးကို ထုတ်ပေးသည်။

ကျွန်မသည် သေလိုက်ချင်လောက်အောင် စိတ်ညစ်ညူးသွားသည်။ ဖခင်လာလျှင် ဤအိမ်ခန်းတွင် နေသည်ကို မုချ စိတ်ဆင်းရဲသွားပေလိမ့်မည်။ ထမင်းချက်လည်း မရှိ၊ ပိုက်ဆံလည်း မရှိ၍ ဖခင် သိမြင်သွားမည်ကို ဝမ်းနည်းမိ၏။

ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ သေသော်သာ သေနိုင်လျက် ယခုကဲ့သို့ ဟစ်ငိုဖို့ကို မဆိုထားဘိ၊ တစ်ကိုယ်မှနှစ်ကိုယ် မြင်သည်အထိ မျက်ရည်မျှပင် လည်ဖို့ မဖြစ်နိုင်သည်ကို တွေ့ရလေ၍၊ ကြိတ်မှိတ်ကာ သံကြိုးစာရွက်ကို လှမ်းယူ ဖတ်လိုက်သည်။ ဖေဖေ ရောက်လာမည့်အတွက် ဝမ်းသာသွားသည့် အမူအရာတွေကို သူ့အား တတ်နိုင်သမျှ ပြလိုက်ရသည်။

ထိုနေ့နံနက်၌ ထမင်းစားချင်သည့် စိတ်လည်း မရှိပေ။ စားစရာထမင်းလည်း မရှိ၊ ဟင်းလည်း မရှိတော့ပေ။





သူလည်း ဧည့်သည်များနှင့် စကားထိုင်ပြောနေလျက် ဧည့်သည်များနှင့်ပင် တိုက်သို့ ပြန်သွားသည်။ ကိုအုန်းမြင့်ကို အခေါ်လွှတ်ကာ ဆက်ဆက်လွှတ်လိုက်ရန် အတန်တန် မှာလိုက်ရသည်။ ဖေဖေ လာမည်ကို သူလည်း စိတ်ကောင်းပုံမရပေ။

သူတို့ ဆင်းသွားကြပြီးနောက် ဘာအလုပ်မျှ လုပ်ချင်သည့်စိတ် မပေါ်ပေါက်တော့ဘဲ ပြတင်းပေါက်တွင်ထိုင်ကာ ကိုအုန်းမြင့်ကို မျှော်နေရသည်။ လူတွေ လမ်းထဲသို့ လျှောက်ဝင်လာတိုင်း ကိုအုန်းမြင့်လားဟု လှမ်းမျှော်စိုက်ကြည့်သည်။ အိမ်ရှေ့မှ ဖြတ်ကျော်သွားကြ၍ ကိုအုန်းမြင့် မဟုတ်မှန်း သိရသည့်အခါ မနေတတ် မထိုင်တတ်အောင် ဖြစ်သွား၏။ ရင်တဖိုဖိုနှင့် "ကိုအုန်းမြင့် မြန်မြန်လာပါစေ"ဟု ဆုတောင်းနေခဲ့သည်။ အချိန်ကြာအောင် ထိုင်စောင့်နေပါသော်လည်း ကိုအုန်းမြင့်၏ အရိပ်အယောင်ကိုမျှ မမြင်ရပေ။ ကိုအုန်းမြင့် နေသည့်လမ်းသာ သိကာ အိမ်နံပါတ်လည်း မသိသဖြင့် လိုက်ဖို့ရန် ခက်နေသည်။ လိုက်သွား၍ လွဲမှာလည်း စိုးမိသည်။ "သူ ခေါ်ခိုင်းမှာပဲလေ၊ လာမှာပဲ" ဟု ကိုယ့်စိတ်ကို ကိုယ် ဖြေဖျော် အားပေးလျက် တထင့်ထင့်နှင့်သာ မျှော်နေရသည်။ ဤအတွင်း "မနက် ဖေဖေ ရောက်လာလျှင်..." ဟူသည့် အတွေးတွေကလည်း တသီတတန်းကြီး ဝင်လာ နှောင့်ယှက်နေ၍ စိတ်များ ယောက်ယက်ခတ်နေလေသည်။

ညနေစောင်းလာသောအခါ ပြတင်းပေါက်တွင် ကိုယ်တစ်ပိုင်းပြူလျက် ကိုအုန်းမြင့်ကိုသာလျှင် အရမ်းမျှော်နေလေသည်။

တိုက်က ကိစ္စတစ်ခုခုနှင့် ပြာတာကလေးများ လွှတ်လိုက်လျှင် ကိုအုန်းမြင့်ကို အမြန်လွှတ်ရန် မှာဦးမည်ဟု စာရေးထားလိုက်သည်။

ပြာတာလည်း ပေါ်မလာ။ ကိုအုန်းမြင့်လည်း ပေါ်မလာ။ နေလည်း ဆင်းလာတော့၏။ ရပ်၍နေလျှင် လဲကျသွားတော့မည်လောက် စိတ်မငြိမ်မသက်ဖြစ်လှသောကြောင့် အိပ်ရာပေါ်တွင် သွားခွေလှဲလိုက်သည်။

'နော်ရထာသတင်းစာတိုက် မဝင်ခင် ကိုကို့မှာ အလုပ်ကလည်း မရှိ။ မြန်မာ့ဘားမား သတင်းစာတိုက်ကလည်း ကိုကိုရေးတဲ့ ဆောင်းပါးကြောင့် အာမခံငွေ တောင်းခံရနဲ့။ ဒီတုန်းကများ ကိုကို ငတ်ဖူးတယ် တင်လေး။ အင်းစိန်မှာ C.I.D.က ကိုဘိုကြီးဆိုတဲ့ ကိုကို့သူငယ်ချင်းဆီမှာ ခဏ နေရတယ်။ အင်းစိန်ကနေပြီး ရန်ကုန်ကို အလုပ်ရှာရအောင် ခြေကျင်လျှောက်ရတဲ့ အခါလည်း ရှိတယ်။ ရန်ကုန်က နေပြီး အင်းစိန်ကို ခြေကျင်ပြန်ရတဲ့ အခါများလည်း ရှိတယ်။ မထင်မှတ်၊ ဘာမှ မဟုတ်တဲ့ လူတစ်ယောက်လို ဒီတုန်းက ကိုကို ဖြစ်နေတယ်။ ဒီလိုဖြစ်နေလို့လည်း ကိုကို စိတ်မပျက်ဘူး။ တစ်နေ့နေ့တော့ နေရာကျမှာပဲလို့

ကံအားကိုးနဲ့ ပီရိယကို နည်းနည်းမှ မလျှော့ဘူး။ ဒီကြားထဲ အင်းစိန်ထောင်ပိုင် တစ်ယောက်က မြန်မာစာ တစ်နေ့ နှစ်နာရီလောက် သင်ချင်တယ်ပြောလို့ ကိုကို သွားတွေ့တယ်။ ဒီတော့ ထောင်ပိုင်က လခကို ၂၀ ကျပ် ပေးတယ်။ ဒီကောင် ၄၀ ကျပ်၊ ၅၀ ကျပ်လောက် ပေးနိုင်ပါတယ်။ အဲဒါ ၂၀ ကျပ်ပဲ ပေးပြီး သူ့ပါးစပ်ကလည်း ပြောသေးတယ်။ "The best Munshi could be hired at 15 and I offer you 20" (ပိုက်ဆံ ဆယ့်ငါးကျပ် ပေးငှားရင် အကောင်းဆုံး ဆရာတစ်ယောက် ရနိုင်တယ်။ မင်းကို ၂၀ တောင် ပေးတယ်) တဲ့။ ပြောပုံကို တင်လေး စဉ်းစားစမ်း။ Hired at ("ငှားရင်") လို့ အငှားသုံးထားတာ။ ကိုကိုက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြန်ပြောပစ်လိုက်တယ်။

'"Well, Superintendent you might wait till Doomsday to get a good teacher at 20 per month, I for one will hire my vast knowledge in Burmese (myanmar) to those worthy pupils who offer more than double of what you now pay. Good bye.'(ဒီမယ် ထောင်ပိုင်ကြီး၊ ဆရာကောင်းတစ်ယောက်ကို တစ်လ ၂၀ ကျပ်နဲ့ ရဖို့ကတော့ ကမ္ဘာလဆန်း တစ်ရက်နေ့အထိ ခင်ဗျား စောင့်ရလိမ့်မယ်။ ကျုပ် အတွက်ကတော့ ခင်ဗျား အခုပေးတာထက် နှစ်ဆမက ပေးနိုင်တဲ့ လူတွေကိုပဲ ကျုပ်ရဲ့ ကျယ်ဝန်းလှတဲ့ မြန်မာစာပေ ဗဟုသုတွေကို သင်ပေးရမှာပဲ) ဆိုပြီး ထွက်လာခဲ့တယ်။ အဲဒီတုန်းက ငတ်တာမှ အဟုတ်ငတ်တာ။ ငတ်လေ မျှော်လင့်ချက် ပိုထားနိုင်လေလေ ဖြစ်တော့ ငတ်မှလည်း အကျိုးဖြစ်ထွန်းနိုင်တာပဲ'

အိပ်ရာပေါ်တွင် လှဲနေလျက် သူ ပြောဖူးသော ဤအကြောင်းကို စိတ်ရောက်သွားပြီး ပြန်လည်ကာ တွေးကြည့်နေသည်။

ထောင်ပိုင်အား ပြောလိုက်ပုံကို သဘောကျ၍လည်း ပြုံးမိသည်။

ငတ်မှလည်း အကျိုးဖြစ်ထွန်းနိုင်တာပဲဆိုသည့် အချက်ကိုလည်း များစွာ သဘောပေါက်ကာ အားကျ အားတက်သွားသဖြင့် အငတ်ဒဏ်ကို ခံနိုင်ရန် စိတ်များ ဝင်စားလာသည်။

နေ့ရက်မပြတ် ရှာမှီးထားသည့် အဘက်ဘက်က ဗဟုသုတတွေ သူ့၌ ပြည့်စုံနေပေသည့်အလျောက်၊ တစ်ဆင့်ထက်တစ်ဆင့် အတန်းမြင့်ကာ ဂုဏ်ဝါရင့်သော မြို့သိနယ်ကျော် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ဖို့ရာ သူ့အတွက် လမ်းဖြူးနေပေသည်။ သူ၏ စိတ် ဓွဲနှင့် ရိုးသားသိပ်သည်း စိတ်ကြီးမဝင် ပညာရှင်တစ်ယောက်ပီပီ ကျင့်ဆောင်နေသည့် စိတ်နှလုံးက သူ့အား ထိုလမ်းသို့ အမှန်ပို့ဆောင်ပေးပြီးလျှင်၊ လူ ရှင် ကြည်ညိုခံရသော ကျော်စောသည့် ပုဂ္ဂိုလ်ကြီး





တစ်ယောက် တစ်နေ့နေ့၌ ကေန်မုချ ဖြစ်ရမည်ဟု ပြောင်းဆန်နေသော စိတ်နှလုံးကို တစ်ဖက်လှည့်၍ ဖြေဖျော် နှစ်သိမ့်ကြည့်သည့် အခါ၌ စောစောက မသက်မသာ ဖြစ်နေသော စိတ်များသည် များစွာပင် သက်သာရာ ရသွားလေ၏။ နောင်တစ်နေ့တွင် ဟူ၍ စိတ်ထဲ၌ ဗိမာန်ကြီး တည်ဆောက်ရင်း သူ့အလာသာ နားစွင့်နေကာ၊ ညစာအတွက် ပိုက်ဆံတစ်မတ်နှင့် ဘယ်ပုံဘယ်နည်း ဖန်တီးရမည်ကို စဉ်းစားလျက် နေလေသည်။

ည ၇ နာရီလောက်တွင် သူ ပြန်ရောက်လာသည်။ တံခါး ဖွင့်ပေးပေးချင်း 'ကိုအုန်းမြင့်ကို နှစ်ခေါက်ရှာခိုင်းတာ မတွေ့ဘူး' ဟုပြောကာ ကျွန်မကို 'နေမကောင်းဘူးလား' ဟု စိတ်ပူကြီးစွာ မေးနေသည်။ ဤမေးခွန်းကို အမှီပြုလျက် ချက်ချင်း အကြံတစ်ခု ရသွားသည်။

'နေမကောင်းလှဘူး ကိုကို။ ထမင်းတောင် မချက်နိုင်ဘူး။ ကိုကို ထမင်း လက်သုပ် မကြိုက်ဘူးလား'

'စားသားပဲ။ ကိုကိုတို့ ၃၉ လမ်းထိပ်က အဒေါ်ကြီးဆိုင်မှာ တစ်ခါတစ်ခါ သွားစားကြတယ်'

'ဒါဖြင့်ရင် ကိုကို၊ တင်လေး သိပ်စားချင်တာပဲ။ ထမင်းလက်သုပ် သွားစားကြရအောင်' ဟုပြောလျက် သူ့ကို ခေါ်လာရာ ၃၉ လမ်းထိပ်သို့ ရောက်လာခဲ့သည်။ ပိုက်ဆံတစ်မတ်နှင့် နှစ်ယောက် ထမင်းဝယ်စား၍ မဖြစ်နိုင်။ ဖြစ်နိုင်စေကာမူလည်း တစ်မတ်တည်းရှိသည်ကို သူ အသိမခံနိုင်သဖြင့်၊ လက်သုပ်ကို ရက်တရက် သွားအကြံရသည်အတွက် "တော်ပါသေးရဲ့" ဟု စိတ်သက်သာရာ ရသွားသည်။

ကျွန်မသည် လမ်းဘေးဆိုင်တွင် တစ်ခါမှ ထိုင်မစားဖူးပေ။ ကျွန်မ စားလိမ့်မည်ဟု သူ အထင်ရှိ၍ ခေါ်လာခြင်း ဖြစ်သည်။

သူ့ကိုသာ လက်သုပ်တစ်မတ်ဖိုး ယနေ့ ဝယ်ကျွေးလိုက်မည်ဟု စိတ်ကူးနှင့် ထွက်လာသည်။ ဆိုင်ရောက်သောအခါ သူ့အတွက် အစုံတစ်မတ်ဖိုး အရင်ပြင်နိုင်းလိုက်သည်။

'တင်လေးကော ဘာစားမလဲ'

'တင်လေး စားမလို့ လာတာ။ မြင်ပြန်တော့လည်း ရင်ပြည့်နေတာပဲ။ စားရင် မုချအန်မှာပဲ၊ စားလို့ မဖြစ်ဘူး။ ကိုကိုသာ စားပါ'

ပိုက်ဆံမရှိသည်ကို မသိရှာဘဲ ကျွန်မ မစားနိုင်သည်ကို စိတ်မကောင်းဖြစ်သွားကာ 'တစ်ခုခုတော့ စားဦး တင်လေးရယ်။ အသုပ်မစားချင်ရင် ဖာလူဒါ မသောက်ဘူးလား၊ ဘာစားမလဲ' နှင့် စေတနာတွေ ဝေနေ၏။ သူ့ကို စကားဖြင့်

ပြန်မပြောချင်တော့ဘဲ ရင်ပြည့်နေသည့် အမူအရာတွေဖြင့် မျက်နှာရှုံ့ကာ ခေါင်းကိုသာ တွင်တွင် ယမ်းခါပြလိုက်သည်။

သူသည် ပြင်ပြီးသား ဖြစ်၍သာ စားရသလို စိတ်မပါတပါနှင့် စားနေသည်။ နေမကောင်း၍ မစားနိုင်သည့်အဖြစ်ကို သိ၍ ဤလို မျိုမကျအောင်ဖြစ်နေလျှင်၊ ပိုက်ဆံမရှိ၍ဟု သိများသွားပါက ဘယ်နည်းနှင့်မျှ ယနေ့ညတွင် ဘာမျှစားမည့်သူ မဟုတ်သောကြောင့်၊ မသိရှာဘူးဟူ၍ ဖြစ်ပေါ်လာသည့်စိတ်သည် ရင်ထဲတွင် မခံမရပ်နိုင်အောင် ဆို့သွားသည်။

ဤအဖြစ်မျိုးနှင့် ဤနေရာတွင် စားဖို့ရာ သူနှင့် ထိုက်တန်သောနေရာမဟုတ်လိုက်တာဟု တွေးရင်းတွေးရင်း၊ သူ စားနေရပုံကို စိုက်ကြည့်နေလိုက်သည်မှာ အသိမိတ်ဆွေတွေ အနားလာကပ် နှုတ်ဆက်လိုက်လျှင် မြင်ချင်မှမြင်၊ ကြားချင်မှ ကြားပေလိမ့်မည်။

တစ်ပန်းကန် ကုန်၍ 'ယူဦးမလား ကိုကို' ဟု ထုံးစံအတိုင်း ဟန်လုပ်မေးလိုက်သောအသံမှာ တုန်ယင်၍ နေပေလိမ့်မည်ဟု စာဖတ်သူများ ထင်မှန်းကြပေလိမ့်မည်။ အမှန်မှာ ပိုက်ဆံရှိ၍ နောက်ထပ်ထည့်ရန် ပြောသည့် ရိုးရိုးအသံထက် ပိုမို၍ ကြည်လင်သွက်လက်စွာ ထွက်သွားသည်။

သူသည် နောက်ထပ်ထည့်မည် မဟုတ်သည်ကို ကောင်းကောင်းကြီး ယုံကြည်သဖြင့် ရဲရဲကြီး မေးဝံ့၍သာ တုန်တုန်ယင်ယင် မရှိခြင်းကို ကျွန်မ၏ မှတ်တမ်းတွင် ရိုးသားစွာ ရေးမှတ်ထားခဲ့သည်။ ဤတွင်မက အသက် ၂၁ နှစ်ထိ မနက်ပြန် ညပြန် ထမင်းစားလာခဲ့သော ကျွန်မသည် ယနေ့တွင် မနက်ရော ညစာပါ အစာ မစားဘဲ အငတ်ခံလိုက်ကြောင်းပါ ထည့်သွင်းရေးမှတ်ခဲ့သည်။

## ၁၉ ။ ကျွန်မ၏ သဲကန္တာရ ခရီးကြီး

နံနက်စောစောကြီး ထကာ ဖေဖေ့ကိုကြိုဆိုရန် သင်္ဘောဆိပ်သို့ အညောင်းပြေလမ်းလျှောက်သွားရအောင်ဟု သူနှင့် တိုင်ပင်ထားသည်။ နံနက်စောစောထ၍ ဆင်းကြိုရန် ပြင်ဆင်နေစဉ် ဖေဖေတို့ ရောက်လာကြသည်။ အိမ်ပေါ်သို့ ဖေဖေတက်လာလျှင်လာချင်း ဧည့်ခန်းတွင် အိပ်ရာအပြင်ခိုင်းကာ 'ဖေဖေ နေမကောင်းလှဘူး' ဆိုပြီး ရောက်ရောက်ချင်း လှဲအိပ်လေသည်။ ဖေဖေ စိတ်မချမ်းမသာဖြစ်သွားပုံကို ချက်ချင်း ရိပ်မိသည်။ ကျွန်မပင် ဤအခန်းတွင် နေရ၍ နေ့စဉ်စိတ်မချမ်းမသာ ဖြစ်နေသေးလျှင် ကျွန်မကို ချစ်ခင်ယုယရှာသည့် ဖခင်ကြီးကားပြောဖွယ်ရာ မရှိအောင် စိတ်ဆင်းရဲသွားရှာမည်ကို ကျွန်မကဲ့သို့ သူလည်း တွေးမိရိပ်မိဘိသကဲ့သို့ မျက်နှာပျက်နေသည်။





ထိုနေ့နံနက် မျက်နှာမသာမယာနှင့် အလုပ်တိုက်သို့ ထွက်သွားလေသည်။

ဖေဖေနှင့် ပါလာသော ဘွိုင်ကုလားကို ဖေဖေ့ အပေါ်အင်္ကျီအိတ်ထဲမှ ငွေ ၁၀ ကျပ် နှိုက်ယူပေးလိုက်ပြီး ဈေးသို့ လွှတ်လိုက်သည်။ သူပြန်လာလျှင် လခ ပါလာပါစေဟုလည်း အခါခါ ဆုတောင်းနေမိသည်။

ဖေဖေ့ရင်ထဲ၌ ဘာတွေဖြစ်နေမည်ကို သိနေသည့်စိတ်ကြောင့် ဖေဖေ့အနားသို့လည်း မကပ်ဝံ့ပေ။ လမ်းလျှောက်ရသည်ပင် ကျွန်မခြေသံမှန်းသိ၍ ခေါ်လိုက်မည်ကို စိုးရိမ်နေသည်။ နံနက် ၁၀ နာရီလောက်တွင် ဖေဖေ ထ၍ ရေချိုးသည်။ ရေချိုးပြီးသည့်အခါ ဘာတစ်ခွန်းမျှ မပြောဘဲ အပြင်တွင် အဝတ်လဲနေသည်။ မီးဖိုဘက်သို့ လျှောက်လာစဉ်၌ လည်းကောင်း၊ ရေချိုးခန်းမှ ပြန်ထွက်သွားစဉ်တွင်လည်းကောင်း အခန်းကလေး၏ အနေအထား၊ အထားအသို အစခပ်သိမ်း ဟိုကြည့် သည်ကြည့်၊ ကြည့်၍ သွားသည်။ ဘာများ ပြောမလဲဟု တထိတ်ထိတ်ပူနေမိသည်။ ဘာမျှ ပြောမသွားဘဲ အဝတ်လဲကာ 'အပြင်ခဏ' ဆို၍ ထွက်သွားတော့မှ ကျွန်မလည်း နေသာရာ ထိုင်သာရာ ရသွားပေသည်။

သူ ပြန်မရောက်ခင်ကလေး ဖေဖေ ပြန်ရောက်လာသည်။ ကုလားကိုအောက်သို့လွှတ်ပြီး 'ကားထဲကဟာတွေ ယူခိုင်းလိုက်' ဟုဆိုကာ ကုလားထိုင်တွင်ဝင်ထိုင်သည်။ မျက်နှာ မသာမယာဖြင့် စားပွဲတွင် ခြေလှမ်းတင်ကာ မောပန်းသလိုမျက်စိကို စုံမှိတ်နေလေသည်။

ကုလား ယူတက်လာသော ပစ္စည်းတွေကို မြင်လိုက်လျှင် မြင်လိုက်ချင်း ဖေဖေ့ရင်ခွင်တွင် တိုးခွေ့၍သာ ငိုလိုက်ချင်သည်။ ကက်ဘာရီဘီစကွတ်ချောကလက်ကို ကျွန်မ အလွန်ကြိုက်မှန်းသိ၍ ၎င်းမုန့်ဘူးများအပြင် အခြားမုန့်သေတ္တာ၊ ထောပတ်၊ သစ်သီးဘူး၊ ကရင်ဘူး၊ သကြားလုံး၊ ချောကလက်စသော စားစရာ သရေစာမျိုးစုံတွေကို ဘားနက်တိုက်မှ ဝယ်၍ လာသည့်အပြင်နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်၊ ကြက်မောက်သီး၊ မင်းကွတ်သီးတွေပါ ဝယ်လာလေသည်။

အိမ်တွင် အကောင်းကြိုက်မှန်း သိသဖြင့် ကျွန်မတို့ အနေအထိုင်ကိုမြင်မြင်ချင်း ဤဟာတွေနှင့် ပြတ်နေမှန်း ငတ်နေမှန်းကို ချက်ချင်းအကဲခတ်မိကာဈေးရောက်မဆိုက် လက်ဦးဆုံး ပြေးဝယ်သော ပစ္စည်းတွေ ဖြစ်လေသည်။

ဖေဖေနှင့် ရှေ့ဆင့်နောက်ဆင့်ပင် သူ ပြန်ရောက်လာသည်။ စားပွဲပေါ်တွင်တစ်ပုံတစ်ပင်ကြီး တင်ထားသော စားစရာဘူးတွေကိုမြင်လျှင် တွေဝေကာ ရပ်ကြည့်နေလေ၏။ အိမ်ရှေ့တွင် ဖေဖေ ခြေပစ်လက်ပစ် ဖြစ်နေသည်ကို မြင်ခဲ့သလို၊ သူလည်း အပေါ်အင်္ကျီတို့ကို ချွတ်ကာ အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲပစ်လိုက်သည်။

ဖခင်နှင့် ခင်ပွန်းသည်တို့ စိတ်မချမ်းမသာ ဖြစ်နေကြသလို သူတို့ နှစ်ယောက်ကိုကြည့်လျက် စိတ်နေ ကျဉ်းမြောင်းကျပ်တည်းလွန်းသဖြင့်၊ တစ်ချောင်ချောင်ဖွင် ကွယ်၍ သွားထိုင်နေလိုက်ချင်လျက် မနေသာဘဲ နံနက်စာစားကြရန် ပြင်ဆင်လုပ်ကိုင် စီမံနေရသည်။

ကျွန်မ ထမင်းပြင်နေစဉ် အိပ်ရာမှ ထလာကာ 'ဖေဖေ ဘာတွေ မေးသေးသလဲဟင်။ ဘာတွေ ပြောနေသလဲ' နှင့် တတွတ်တွတ် လိုက်မေးနေသည်။ ဖေဖေ့ကို ယခုအချိန်တိုင် ထမင်းမကျွေးသည်ကိုလည်း တတွတ်တွတ် အပြစ်တင်နေသည်။ 'ဖေဖေ စိတ်ကောင်းအောင် သူ ဝယ်လာတာတွေ သူ့ရှေ့မှာ အားရပါးရ စားပြလိုက်စမ်းပါ' ဟုလည်း တတွတ်တွတ် ပြောနေသည်။

သူမေးသမျှ မေးခွန်းတွေတွင် မဟုတ်ဘူး၊ ဟုတ်တယ်လောက်ကိုသာ ရယ်ကာ ပြုံးကာ ခေါင်းယမ်းခေါင်းညိတ် ပြနိုင်၏။ ရွှန်းရွှန်းဝေ စကားပြောချင်စိတ် မရှိဘဲ လျှာလေးအာလေးကြီး ဖြစ်နေသည်။

ဖေဖေ့ကိုခေါ်၍ သားအဖသုံးယောက် ထမင်းဝိုင်းစားကြသည်။ သုံးယောက်စလုံး မြိန်မြိန်ရှက်ရှက် မစားကြပေ။ အသင့်အတင့်လောက်သာ စားကြသည်။ ထမင်းစားပြီးကြ၍ ထမင်းပန်းကန်တွေ သိမ်းယူမှ ဖေဖေလည်း သူ့ကို စကားပြောတော့သည်။

'မောင်ချစ်မောင် အလုပ်ပြန်တာ နေမြင့်တယ် နော်။ ထမင်းစားတာ သိပ် နေမြင့်ခံရင် မကောင်းဘူး' ဟုပြောကာ အပြင်သို့ ထ သွားသည်။

ညနေဘက် အလုပ် ပြန်မသွားမချင်း အိမ်ရှေ့တွင် ဖေဖေ့နား၌ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေသည်။ ဖေဖေ ပြောသမျှကို ရိုရိုသေသေ ခေါင်းငုံ့နားထောင်ဖြေကြားနေသည်။ ညနေစောင်း သူ အလုပ်သို့ ပြန်သွားမှ ဖေဖေလည်း ကျွန်မကို ခေါ်၍ ဤအခန်းတွင် ဘာကြောင့်နေသနည်းဟု စစ်ဆေးမေးမြန်းသည်။

ကျွန်မက အိမ်မရသေး၍ ခေတ္တနေရကြောင်း ပြောပြသည်။ အနေအထိုင်ကျဉ်းကျပ်သည့် အပြစ်တွေကို လျှောက်၍ပြောပြသည်။ 'အိပ်ရာ ခုတင်နှင့် ထမင်းစားပွဲ ကပ်ပြီး ထားရကတည်းက အိပ်ခန်း၊ စားခန်း မရှိဘဲ နေကြတာ ကောင်းနိုင်ကြသေးရဲ့လား' ဟု အပြစ်တင်လေသည်။ ဤအပြစ်တွင် မဟုတ်သေးဘဲ ခိုင်းစေရန် လူတစ်ယောက်မျှ မရှိသည့်အပြစ်ကို မေးမြန်းစစ်ဆေးပြန်သဖြင့် ရုတ်တရက် ငှားမရသေးကြောင်းကို ပြောပြရသည်။ 'အိမ်ကို ဘာကြောင့် အကြောင်းမကြားရတာလဲ' ဟု များစွာပင် မကျေမနပ် ဖြစ်နေသည်။ 'ရတဲ့လခနဲ့ လောက်လောက် ငှ ရှိပါ့မလား' ဟု မေး၍၊ ကျွန်မက မလောက်ငှစရာ ဘာမျှမရှိ၍ မပူပန်ရန်ကို စိတ်အေးအောင် ပြောပြရလေသည်။





ညဘက် သူ ပြန်လာလျှင်လာချင်း၊ 'နက်ဖြန် လမ်းကောင်းကောင်းမှာ အိမ်ခန်းကျယ်ကျယ်ရှာပါ။ ဖေဖေ မသွားခင် ပြောင်းပေးခဲ့ချင်တယ်' ဟုဆို၍ ရန်ကုန်တွင် ရုတ်တရက် အိမ်ကောင်းကောင်း မရနိုင်ကြောင်း၊ ခဏခဏ မပြောင်းရအောင် စိတ်တိုင်းကျရှာပြီး အမြန်ဆုံး ပြောင်းပါမည့်အကြောင်းကို ကျွန်မကပင် တောင်းပန်ပြီး ပြောရသည်။

ထိုနေ့ညတွင် သူ့ထံမှ လခရသည်။ လခတွင်မက တိုက်က အပိုကြေးအတွက် ငွေ ၂၅ ကျပ်ပါ ပေးသည်။ အိမ်လခအတွက် ငွေ ၂၅ ကျပ် ဝင်ခုနေသဖြင့် စိတ်သက်သာရာ ရသလောက် ရသည်။

နောက်တစ်နေ့၌ ဖခင်က ဆန်အိတ်၊ ဆီပုံးတွေနှင့် မီးဖိုချောင်ပစ္စည်းတွေကို မြင်းလှည်းနှင့်တိုက်၍ ဝယ်လာပြန်သဖြင့် သက်သာရာ ပို၍ ရသွားလေသည်။

ရန်ကုန်တွင်နေသည့် လေးငါးရက် အတွင်းတွင်လည်း ကျွန်မကို သွားလေရာသို့ ခေါ်သွားသဖြင့်၊ နောက်က တကောက်ကောက် လိုက်သွားရသည်။

ဘုရားပို့၊ ဈေးခေါ်၊ ရုပ်ရှင်လိုက်ပြရုံမက ကွန်တီနင်တယ်၊ ဘုံဘေ၊ ဆဗွိုင်း စသော ဆိုင်တွေတွင် တစ်ဆိုင်ပြီးတစ်ဆိုင် လှည့်၍ မနက်ပြန် ညပြန် ထမင်းကျွေးသဖြင့် ထိုရက်တွေတွင် လှိုင်လှိုင်ကြီး ဖြစ်နေကြသည်။

ဖခင်ရောက်နေစဉ် အိမ်သို့လာကြသည့် ဧည့်သည်များမှာ ကျွန်မခေါင်းကို ဖခင်ကိုယ်တိုင် ဘီးစိပ်တိုက်ပေးနေသည်ကို မြင်သွားကြသဖြင့် ကျွန်မတို့သားအဖ ချစ်ခင်ပုံ၊ ယုယပုံတွေကို မြင်ရသူတိုင်း အံ့သြနေကြသည်။ သူကလည်း ကျွန်မတို့ မိသားတစ်စု ချစ်ခင်ကြင်နာကြသည့် အကြောင်းနှင့် ဖခင် လာရောက်ပြုစုပုံတွေကို ဧည့်သည်များအား သိရှိအောင် အလုံးစုံ ဖွင့်ပြောပြသည်။ သူနှင့် အလွန်ရင်းနှီးဆုံး မိတ်ဆွေများမှာ ကျွန်မကို တွေ့စကလို မဟုတ်တော့ဘဲ ကြင်နာသနား၍ သွားကြသည်။

ဖေဖေ ပြန်ခါနီးတွင် အိမ်ကို အမြန်ဆုံးငှား၍ ပြောင်းရန် အထပ်ထပ်မှာကို မှာသွားသည်။ သူလည်း အိမ်ကျယ်ကျယ်ငှားနိုင်ရန် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင် စာအုပ်ရေးမည်ဟု ပြောသည်။ ကျွန်မက မရေးရန် တောင်းပန်ပါသော်လည်း ဖခင်ကို ကတိပေးလိုက်ပြီးဖြစ်၍ အိမ်ကျယ်ကျယ် နေနိုင်ရန် ဝင်ငွေများအောင် လုပ်ရမည်ဟု ဇွတ်ပြောနေသည်။ ကျွန်မလည်း ဤအရေးကို ဖြစ်မြောက်အောင် တတ်နိုင်သမျှ ကာကွယ်နေရသည်။

ရုတ်တရက် အိမ်ပြောင်းရွှေ့ဖို့ရန်မှာ ဝင်ငွေနည်းလှသဖြင့် စိတ်ကူးထဲမျှ ...ည့်ဝံ့သေးအောင် ဖြစ်နေသည်။ ဖခင်ထံမှလည်း "အိမ်ပြောင်းရွှေ့ပြီးကြပြီလား" ဟု ခဏခဏပင် စာရောက်နေသည်။ "အိမ်ရှာလို့ မရသေးပါဘူး" ဟု

စာပြန်ပို့လိုက်ရာတွင် "ရန်ကုန်မှာ အိမ်ရှာမရအောင် ဒီလောက်ပဲ ခဲယဉ်းရသလား" ဟု အပြစ်တင်စာများပင် အရေးခံရသည်။ ဖခင် လိုက်လာမည်ကို အကြောက်ဆုံး ဖြစ်၍ "ရခါနီးပါပြီ" ဟု ဖခင်အား စိတ်အေးအောင်သာ အမျိုးမျိုး လှည့်ပတ်ရေးပို့ နေရသည်။

တစ်လတစ်လ ရသည့် လခကလေးထဲမှ တိုက်ကြေး၊ အိမ်လခ၊ စာအုပ်ကြေးများ နုတ်လိုက်ပြီး ကြွင်းကျန်သည့်ငွေထဲမှ လစဉ်မပြတ်မလပ် စာအုပ်၊ မဂ္ဂဇင်းများ ဝယ်ဖတ်သည့် စာအုပ်ဖိုးများက သုံးပုံတစ်ပုံလောက် ထပ်၍ တစ်ဖန် အနုတ်ခံရပြန်သည်။ ချောင်ချောင်လည်လည် မသုံးနိုင်အောင် ဖြစ်နေသည်။

တစ်နပ်နှင့်တစ်နပ် အလျှင်မီအောင် တိုင်းထွာ ခြိုးခြံ လုပ်ရဖန် များလွန်းသဖြင့် ကြာမြင့်လာသော် ကိုယ့်ဝမ်းပင် ကိုယ်မသထာချင်သလို တွန့်တိုသည့် စိတ်မျိုးတွေ ဖြစ်လာသည်။

အပိုသရေစာ ထားစေဦး။ ကော်ဖီ၊ မုန့်ကို သောက်ရစားရမှဖြစ်သော စိတ်များပင် ခြောက်ခန်းသွားပေပြီ။ သူလည်း ကျပ်တည်းလိမ့်မည်ကိုသာ သိ၏။ မည်မျှ ကျပ်တည်းနေသည်ကို ရိပ်မိပုံ မရပေ။ မရိပ်မိအောင် ဖုံးဖိ၍ နေခဲ့သည်။ စာအုပ်ဆိုင်များသို့ သွားကြတိုင်း သူလိုချင်သလောက် မဝယ်ဘဲ ကျွန်မကို မေးပြီးမှ ဝယ်လေသည်။ တစ်ခါတစ်ရံ စာအုပ်များနေ၍ အားနာသလို နောက်တစ်ဆိုင်က စာအုပ်ကို ကိုင်ပြီးမှ ချလိုက်လျှင်၊ ကျွန်မလည်း ရှေ့နောက် ချိန်မနေနိုင်တော့ဘဲ ဇွတ်ဝယ်ယူလိုက်သည်။ ဇွတ်ဝယ်သာ ဝယ်လိုက်ရသော်လည်း ကိုယ့်အခြေအနေ ကိုယ်သာ သိသဖြင့် ရင်ထဲတွင် ဟာသွားလေသည်။ ကျွန်မ အိမ်သုံးစာရင်းထဲတွင် စာအုပ်များ ဝယ်လာတိုင်း စာအုပ်ဖိုးတွေကို သွင်းမှတ်ထားရာ၊ တစ်လတစ်လ သူ ဝယ်သော စာအုပ်များမှာ အိမ်သုံးထက် ပိုလေသည်။ မည်သည့်သတင်းစာတိုက်ကမျှ သူဖတ်ချင်သလောက် ဝယ်ပေးနိုင်ကြလိမ့်မည် မဟုတ်ပေ။ သူ့အသုံးကား စာအုပ်ဖိုးနှင့် လက်ဖက်ရည်ဖိုးကလွဲ၍ အပိုတစ်ပြားမှ မဖြုန်းသော်လည်း ကျွန်မ အသုံးထက် စာရင်းတွင် ပိုနေသည်။

သူ့၌ အကြောင်းမသင့်သေး၍ လက္ခဏာပါးရှားနေသော သားချင်းများလည်း ရှိပေသေးရာ၊ ထောက်ပံ့ကူညီရမည့် ဝတ္တရားများ ရှိလျက်နှင့် လုံလောက်အောင် မထောက်ပံ့ မကူညီနိုင်အောင် ဖြစ်ရသဖြင့်လည်း ကြားထဲက များစွာပင် မျက်နှာပူရသည်။

အိမ်ကိုလာ၍ ကျွန်မ အနေအထိုင်နှင့် ကျွန်မ အကဲကို ကြည့်ကြလျှင် မည်သူ တစ်ဦးတစ်ယောက်မျှ ပိုက်ဆံမရှိ ငတ်ပြတ်နေသည်ဟု ယုံကြည်နိုင်စရာ မရှိ၍ မယုံကြည်ကြမှန်း သိရကား၊ ရှိလျက်နှင့် မပေးလေချင်ဟန်ပင် အထင်ခံရ





သည်။ ကျွန်မ ခင်ပွန်းသည်၏ဂုဏ် မညှိုးမနွမ်းရလေအောင် သူနှင့် ရင်းနှီးလှသည့် မိတ်ဆွေများအား ကျပ်တည်းဆင်းရဲကြောင်းကို အရိပ်အမြွက်မျှ ထုတ်ဖော်၍ မပြောမိပေ။ သူ့ကိုလည်း ချောင်လည်သည့်အနေဖြင့် နေ့စဉ်နေ့တိုင်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ စိတ်နှလုံး အေးမြစေအောင် တတ်နိုင်သမျှ ဝတ်ကြီးဝတ်ငယ် ပြုစု၍သာ နေလေသည်။

ဖခင် ပြန်သွားပြီးနောက် ကျွန်မနှင့် အဖော်နေရန် ဒေါ်ဒေါ်မရင်အား လွှတ်လိုက်သည်။ ဒေါ်ဒေါ်တစ်ယောက်ကိုမူကား အတူနေသောကြောင့် ဖုံးကွယ်၍ မရနိုင်သဖြင့် အခြေအနေမှန်ကို ဖွင့်ပြောရသည်။ ဒေါ်ဒေါ်လည်း ကရုဏာကြီးစွာ ဖြစ်သွားလျက် ကျွန်မနှင့်အတူ အဆင်းရဲခံကာ ချို့ချို့ငဲ့ငဲ့ နေရှာတော့သည်။

တစ်လတစ်လ ရသည့်ဝင်ငွေနှင့် မလောက်လောက်အောင် ခြစ်ခြုတ်လုပ်ကာ လူမသိအောင် နေခဲ့ပုံတွေကို ကျွန်မတို့အဒေါ်မှာ စပ်မိကြတိုင်း ပြောမဆုံးအောင် ဖြစ်နေသည်။ ဤသို့ ဖြစ်နေသဖြင့် တစ်နေ့မှ စိတ်အေးခဲ့ရသည့်နေ့ဟူ၍ မတွေ့ခဲ့ရပေ။ စိတ်မသက်သာစရာ ကောင်းလှသည့် ဤအဖြစ်ကို သူလည်း မသိသချင်၊ လူလည်း မသိသချင်။ ကျွန်မအပေါ်ပင် ကျွန်မ မသိဘဲ နေ၍ရလျှင် မသိချင်သည်မှာ အမှန်အတိုင်းပင် ဖြစ်ပေသည်။

လေးလ ငါးလ ကြာမြင့်လာသည့်တိုင် သူ့အား အခြားအလုပ်များ လုပ်ရန် ခွင့်မပြုဘဲ အပြင်းအထန် ကန့်ကွက်တားမြစ်ခဲ့သည်။ သူ၏ ချို့တဲ့နေသည့် ကျန်းမာရေးကိုသာ အထူးဂရုစိုက်လျက် ကျန်းမာဝဖြိုးလာအောင် နေ့စဉ်နှင့်အမျှ ဂရုစိုက်နေလေသည်။ ကျန်းမာရေးကို ယခုလောက် အရေးတကြီး ဂရုစိုက်နေသော်လည်း ကျွန်မ ဂရုစိုက်သည့်အတိုင်း သူ့ကိုယ်သူ ဂရုမစိုက်ဘဲ၊ ကျွန်မကသာလျှင် တစ်ဖက်သတ် ဂရုစိုက်နေရသောကြောင့် ခရီးရောက်သင့်သလောက် မရောက်အောင် ဖြစ်နေပေသည်။

နေ့တိုင်း အပူကင်းအောင် တစ်နေ့တစ်ခါ ရေမှန်မှန်ချိုးစေချင်၍ ရေချိုးရန် သတိပေးရသည်။ သတိပေး၍ မရလျှင် အထပ်ထပ်တိုက်တွန်း၍ နားပူနားဆာ လုပ်ရသည်။ နားပူနားဆာ လုပ်ပါလျက် မရပြန်လျှင်၊ ရှိခိုးမတတ် တောင်းပန်၍ ပြောရသည်။ အလုပ်က ပြန်လာလျှင် ရေချိုးခန်းသို့ ပို့ရသည့် အလုပ်တစ်ခုသည် သူနှင့်ကျွန်မ အိမ်ထောင်ရေးတွင် စိတ်ညစ်စရာအကောင်းဆုံး ဖြစ်ခဲ့သည်။ စာအုပ်ကို လက်ကချ၍ ထပြီး မချိုးချင်သည့် အခါများတွင် သူလည်း စိတ်ညစ်သွားသည်။ ကျွန်မလည်း မချိုးမချင်း စိတ်ညစ်ရသည်။ တစ်ခါတစ်ခါ တောင်းပန်ရင်းတောင်းပန်ရင်း မျက်ရည်များပင် လည်လာသည်ကို မြင်ရပါမှ ရေချိုးခန်းသို့ ထသွားတော့သည်။

သူကား ရေချိုးရန် အလွန်ပျင်းသည့်သူ ဖြစ်လေသည်။

ရေချိုးခန်းသို့ ဝင်သွားရုံဖြင့် ရေချိုးပြီဟု စိတ်ချ၍ မဖြစ်ပေ။ ရေသံကြားမှ စိတ်အေးနိုင်ရသည့် အကြောင်းမှာလည်း သူ့အား ရေချိုးလျှင် ကိုယ်လက်သန့်ရှင်းပေ့ါပါး၍ အညောင်းအညာ ဘယ်လိုကင်းသည်၊ ပေါ့သည်၊ စိတ်နှလုံး ဘယ်လိုကြည်လင်လာသည်တို့ကို ဒွေးချိုးကလေးများရေးကာ သူပြန်လာသည့်အခါ ပြလိုက်ရလျှင် အလွယ်တကူပင် ရေချိုးဖြစ်သွားမည်ဟု တွေးမိလျက် အပတ်တကုတ်ကြိုးစားအားထုတ်ပြီး ရေးစပ်ရသည်။ ကျွန်မ ရေးစပ်သော ကဗျာမှာ ကာဠုဒါယီအမတ်ကြီး ဘုရားရှင်အား ခမည်းတော် မယ်တော်များထံသို့ ကြွဖြစ်အောင် အမွှမ်းတင်၍ ပင့်ဖိတ်လေသော၊ ရှင်အုန်းညို စပ်ဆိုတော်မူသော ဂါထာ ၆၀ ပျို့တို့ကဲ့သို့ အနှစ်သာရမရှိ၊ မနှိုင်းယှဉ်လောက်အောင် နုံချာညံ့ဖျင်းပါသော်လည်း ဤလေးချိုးကလေး ဖတ်၍ ရေချိုးရန် စိတ်ပါမလာစေကာမူ အနည်းဆုံး အားနာကောင်းပါရဲ့ ထင်မှတ်ယုံကြည်အားကိုးမိသည်။ ကျွန်မ ရေးစပ်ထားသော ကဗျာကို ဖတ်ကာ ရေချိုးခန်းသို့ ဖြောင့်ဖြောင့်တန်းတန်း ဝင်သွားပြီးမှ ချမ်းလှချည်ရဲ့ဆိုကာ ရေမချိုးဘဲ မျက်နှာသာသစ်ပြီး ထွက်လာသောအခါ၌၊ တစ်နေ့လုံး ကြိုးပမ်းလိုက်ရသမျှ အကျိုးမနပ်ပေ။ ကျွန်မ၏ နေ့စဉ်မှတ်တမ်းထဲတွင် "ကဗျာကပဲ ချာလို့လား။ သူကပဲ အပျင်းထူလို့လား" ဟု ထိုနေ့အဖို့ စိတ်မကောင်းဖြစ်လှစွာဖြင့် ရေးမှတ်ထားလိုက်သည်။

အိမ်ထောင်ရေး၌ ရေမှန်မှန်မချိုးသည့် ကိစ္စကြောင့် စိတ်ညစ်ရသလို၊ အိမ်သာမဝင်၍ အမြဲစိတ်ညစ်ရသည့် ဒုက္ခကလည်း ရှိသေးသည်။ အိမ်ရောက်လာသော အချိန်၌ပင် အနားကစောင့်၍ သတိပေးနေရလျှင်၊ တိုက်တွင် အိမ်သာမှဝင်ရဲ့လားဟု ပူပန်လွန်း၍ တိုက်သွားတိုင်း ထိုင်ချည်းမနေပါရန်လည်း အကြိမ်ကြိမ် အဖန်ဖန် မှာရသည်။

တစ်ဦးကိုတစ်ဦး မြတ်နိုးကြသည့်အတိုင်း အိမ်ထောင်ရေးတွင် ချစ်ရေးချစ်ရာ ကိစ္စမှန်သမျှ လင်မယားဘဝ၌ ခွန်းတုံ့ပြန်နေကြမည်ဟု ထင်မှတ်ကြပါလျှင် အလွဲကြီး လွဲနေပေလိမ့်မည်။

ရှေ့ပိုင်းတွင် ကျွန်မ ရေးသားဖော်ပြလိုက်သော သူ့ကဗျာအတိုင်း–

ပမာဆိုမူ၊ ခါလိုနေ့ည၊ ယခင်ကသို့၊ ရှင်ပျငယ်သာကြည်၊
ဘယ်ဝယ်ဘယ်ပုံ၊ ခွန်းပြန်လှည့်တုံ့ကြလို့၊ ရှင်ပြုံးဖွယ်ရည်၊ ဤ
သည်ခါမျိုး၊ ဘယ်တော့ခါ တိုးမယ်လို့၊ မျှော်ကိုးတော် မူလေသိ။

ဟု သူ ရေးစပ်ဖူးသည့် အသွားအတိုင်း အိမ်ထောင်မကျခင်က သူ့အပေါ်တွင် နားလည်မှတ်သားလာသကဲ့သို့ မဖြစ်နိုင်တော့ပေ။ ကဗျာက တခြား၊ သူက





တခြား ဖြစ်နေပေသည်။ ကဗျာတခြား၊ သူတခြား ဖြစ်နေရုံတင် မဟုတ်သေးဘဲ အားလုံးသော ယောကျ်ားများနှင့်လည်း တခြားစီ ခြားနားသေးသည်။

ရန်ကုန်ရောက်၍ မကြာခင် တစ်ညနေတွင် စာအုပ်ဆိုင်မှ မြင်းလှည်းထဲတွင် မျက်နှာချင်းဆိုင် ထိုင်စီး၍ ပြန်လာခဲ့ကြရာ၊ လမ်းတွင် ကျွန်မလက်ဖဝါးကို ဖြန့်စေပြီး သူ့လက်ညှိုးနှင့် လက်ဖဝါးအလယ်ကို ထောက်ကာ စိတ်ဝင်စားစွာ စိုက်ကြည့်နေလေသည်။ ကျွန်မက ကျွန်မလက္ခဏာကို ထင်ရှားအောင် လက်ညှိုးနှင့် လက္ခဏာကြောင်းများကို ဆွဲကြည့်နေသည် အောက်မေ့၍ လက်ကို ပြန့်သထက် ပြန့်အောင် ဖြန့်ပေးထားသည်။

'ဘယ်လို မြင်ရသလဲ ကိုကို၊ ဟောစမ်းပါ'

'ကိုကို လက္ခဏာကြည့်နေတာမှ မဟုတ်ဘဲ'

ပျာပျာသလဲ ထိတ်လန့်သလို မော့ကြည့်ပြီး ပြောသည်။

'နို့ ...ဘာကြည့်နေတာလဲ'

'ဩော် ... ရွှေပိန်သောင်းက ဒီလိုပဲ မိန်းမလက်ကို ကိုင်ရတယ် ပြောလို့ပါ' ဤစကားကို ဤအထိ ပြောပြီး ဟန်ဆောင်ရုံကလေးမျှ မပြုံးသည့်ပြင် မျက်နှာပျက်ပျက် ရှက်ရှက်နှင့် ကျွန်မကို မကြည့်ရဲဘဲ စာအုပ်ကို ငုံ့ကြည့်နေသည်။

ကျွန်မရှေ့တွင် ထိုင်နေသော လူတစ်ကိုယ်လုံးကို မျက်စိအောက်တွင် ကဖြည်းဖြည်း သေးငယ်မှုန်မွှားသွားသည့်အထိမှ "သူ" ဟူ၍ အရိပ်အယောင် အစိတ်အပိုင်းမျှ မမြင်နိုင်ဘဲ ပျောက်ကွယ်သွားသည့်တိုင်အောင် မျက်လုံးများ ပိတ်လျက် သက်ပြင်းကြီး ချမိသည်။

ဤအကြိမ်ကလောက် သူ့အပေါ်တွင် သနားသွားဖူးသည့် အကြိမ်အခါကို မေ့ပါလွင်အောင် စာမဖွဲ့နိုင်ဟော့ပြီ။

"လူ့အပြင်ဘက်တွင် ရောက်နေသော သနားစရာကောင်းသည့် လူရိုးတစ်ယောက်" ဟု အိမ်ထောင်မကျခင်က ထင်မှတ်ခဲ့သည့်အတိုင်း သနားရလေပြီ။ ထို့ကြောင့်လည်း ရင်းနှီးသူများက "ဘုန်းကြီး" ဟု ခေါ်ကြသည်မှာ ဟုတ်မှန်ကြောင်း ဖွင့်ရေးလိုက်ရပေသည်။

ဤတွင်မက၊ လူရှေ့သူရှေ့တွင် သူ့ကို "ကိုကို" ဟု ခေါ်လိုက်လျှင် မျက်နှာမထားတတ်အောင် ရှက်သွားသည်။ တတ်နိုင်သမျှ ဆင်ခြင်ရသည်။ ကျွန်မကို လူရှေ့တွင် "တင်လေး" ဟု မခေါ်မပြောဘဲ "သူက" "သူ" ဟု ပြောသည် ဆိုသည်များကိုလည်း အလိုက်သိစွာ နားလည်ပြီး နေရလေသည်။

အလုပ်ကပြန်လာသည့် ခဏတစ်ဖြုတ်အချိန်၊ အလုပ်ပိတ်သော တစ်နေ့လုံး အချိန်တွေ၌ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်နူး၍ ဘယ်ဝယ်ဘယ်ပုံ ခွန်းပြန်လှည့်

တုံ့ကြလို့ ရှင်ပြုံးဖွယ်ရည် ဤသည့်အခါမျိုး ရှိကို မရှိသလောက် စာအုပ်နှင့်သာ ပျော်မွေ့လျက်၊ ကဗျာကို မေ့နေလေသည်။ ကျွန်မ၏ မှတ်တမ်းထဲတွင် "သဲကန္တာရ ခရီးကြီးထဲတွင် တစ်ယောက်တည်း သွားနေရသကဲ့သို့ ခြောက်သွေ့လှကာ ပျင်းရိဖွယ်ရာ ကောင်းလှသော အိမ်ထောင်သည်ဘဝ" ဟူ၍ အတိအလင်း ရေးသားထားသည့် စာမျက်နှာကား စိတ်မကျေမနပ် ဖြစ်ပုံများကို အထင်အရှား ရေးပြထားသော်လည်း၊ စိတ်မကျေမနပ်ကြောင်းကိုကား စောင့်စည်းနေသည့် အရှက်အကြောက်တို့၏ ကန့်ကွက်တားမြစ်မှုကြောင့် သူ့ကို အရိပ်အငွေ့ ကလေးမျှ မပြခဲ့ပေ။ တစ်ယောက်တည်းသာလျှင် မျိုသိပ် ထားမိသည်။ တစ်နေကုန် တစ်နေခန်း ထိုင်၍ သူ စာဖတ် စာရေးနေလျှင် သူနှင့်ဝေးရာ တစ်နေရာရာတွင် နောက်နောက်က သူရေးခဲ့သော မေတ္တာစာများကို တစ်ပုဒ်ပြီးတစ်ပုဒ် ပျင်းပျင်းနှင့် ထိုင်ဖတ်နေလိုက်သည်။ စာမဖတ်ချင်၍ အလုပ်လည်း မရှိခဲ့လျှင် ငုတ်တုတ်ထိုင် နေသည့် အခါလည်း နေလေသည်။

လေး ငါး လ ကြာလာသည့်အခါမှ "စာ" သမားတစ်ယောက်ကို လက်ထပ်ခဲ့လျှင် တွေ့ကြုံရသည့် ခြောက်ကပ်တိတ်ဆိတ်နေသည့် ဘဝကြီးကို နေသားရသွား၏။ သည်းခံလျက် သူ့အပေါ်တွင် ကြည်ကြည်နူးနူးဖြင့် အလိုက် သိစွာ ခွင့်လွှတ်လိုက်ပေသည်။

ညားခါစ ဇနီးမောင်နှံများကဲ့သို့ နှုတ်ဖြင့် တီတီတာတာ ချစ်ခင်စွာ မနေကြ ပေသော်လည်း ဖောက်ဖောက်ပြန်ပြန် မရှိ။ ရိုးမြေကျ စိတ်နှလုံးနှင့် နူ ကျိုး ကန်း ရွဲ နေလေဦး သက်ဆုံးတိုင် ချစ်ခင်ပေါင်းသင်းမည့်သူဟု သူ့အပေါ်တွင် နှစ်နှစ်ကာကာ ယုံကြည်စိတ်ချရသောကြောင့် ကျွန်မပေါ်တွင် အချစ်ပေါ့လျော့ သည်ဟု မအောက်မေ့ပေ။

သူသည် အင်္ဂလိပ်စာပေများကို မြန်မာစာပေများထက် ပိုမို၍ ဆည်းပူး လိုက်စားသည်။ အင်္ဂလိပ်ပစ္စည်းဟူ၍ ဘာတစ်ခုမျှမသုံးဘဲ မြန်မာအလွန်ဆန်သော မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက် လုပ်နေသော်လည်း မိန်းမကို ဆက်ဆံသည့် စိတ် သဘော အမူအရာတွေမှာ အင်္ဂလိပ်အမူအရာ၊ ဓလေ့ထုံးစံများအတိုင်း တူနေသည်။ မိန်းမကို သက်သက်ညှာညှာ ပြုတတ်ရုံမက အရေးလည်း ပေး၊ အလိုလည်း လိုက်လေသည်။ လှေကားအဆင်းအတက်၊ ယာဉ်ရထား၊ မော်တော်ကား အဆင်း အတက် စသည့် နေရာကလေးများ၌ပင်လျှင် ဘယ်သောအခါမျှ သူ ရှေ့က တက်သွားခြင်း၊ ရှေ့က ဆင်းသွားခြင်း မလုပ်လေဘဲ ကျွန်မကိုသာလျှင် အရင် တက် အရင် ဆင်းခိုင်းလေသည်။ မယားကို ညှာတာယုယသည့် စိတ်သဘောမှာ အနောက်နိုင်ငံသားများပင် သူ့လောက် ညှာတာယုယကြလိမ့်မည် မဟုတ်ပေ။





အိမ်ထောင်ရေးတွင် ကျွန်မစိတ်နှင့် ကျွန်မကိုယ်ကို ချုပ်ချယ်တားမြစ် ပိတ်ပင် ကန့်ကွက် ဟန့်တားသည့် အလုပ်မျိုးဆို၍ ဘယ်အကြောင်းနှင့်မျှ မလုပ်ဘဲ၊ ကျွန်မ သဘောအတိုင်း လွှတ်လပ်ခွင့်ပေး၍ အလိုလိုက်လေသည်။ အယူအဆ မှားနေ၍ လမ်းပြသည့် နေရာများ၌လည်း နားခံသာအောင်၊ သက်ညှာစွာ တရား လမ်းကျအောင် ပြောဆိုဆုံးမ တတ်သူဖြစ်၍ သူပြောနေသည်ကို နားထောင်၍ မဆုံးသေးခင်ပင် ကျွန်မ၏ လွဲမှားသော အယူအဆများကို လမ်းမှန်ရာသို့ တစ်ချက်တည်း လျင်လျင်မြန်မြန် လွယ်လွယ်ကူကူ ပြောင်းလဲလိုက်ပြီးသား ဖြစ်နေသည်။

ဤလို ကျေးဇူးဂုဏ်တွေကြောင့် သူ့အပေါ်တွင် လင်ကဲ့သို့ချည်း ၁၆၀၀ မေတ္တာမျိုးသက်သက် မဟုတ်ဘဲ၊ ဆရာ မိဘကဲ့သို့ အလိုလို ကြည်ညိုရိုသေ ချစ်ခင်နေသော မေတ္တာများပါ သက်ဝင်ပေါင်းစပ် ဖွဲ့နှောင်၍ နေသောကြောင့်၊ ရှုပိုင်းတွင် ဖော်ပြခဲ့သော ကျွန်မ တောင်းလာခဲ့သည့် ဆုတောင်းကြီးနှင့် ခရီးမဝေး ကော့ ဟု အောက်မေ့မိသည်။

ည အိပ်ရာဝင်တွင် သူ့ကို ဦးချလိုက်တိုင်း 'တင်လေး တောင်းနေတဲ့ ယောက်ျားဆုကြီး နောက်ဘဝက စပြီး နိဗ္ဗာန်မရောက်မချင်း ဘဝအစဉ်အဆက် ယောက်ျားစင်စစ် အမျိုးမြတ်ထဲက ဖြစ်ပါစေဗျား' ဟု ဆုပေးလိုက်တိုင်း ကိုယ် မှားရမည့် ဘဝကို ဆိုင်းဘုတ်ဆွဲထားပြီးသကဲ့သို့ အောက်မေ့မိပေ၏။

## ၂၀ ။ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော

ကဲ့သို့ တစ်ဦးအလို တစ်ဦးလိုက်ကာ တစ်ဦးကိုတစ်ဦး ကျေးဇူးတုံ့ပြန်ကြပြီး ချစ်ခင်ပေါင်းသင်းလျက် နေကြပါသော်လည်း အိမ်ထောင်ရေးတွင် စိတ်မအေးစရာ ရေးကြေးရေး မလုံမလောက် ချို့ငဲ့နေမှုတွေကြောင့် စိတ်ထဲမှာ ထားခဲ့သလောက် အပေါ်တွင် အားရအောင် ချမ်းချမ်းသာသာကြီး မပြုစုနိုင်၍ ငွေဝင်များမည့်လမ်း ကြံဆကြည့်သည့်အခါ၊ သူတစ်ပါးထံတွင် လခစားမလုပ်ဘဲ ကိုယ်ပိုင်လုပ်ငန်း မှ သတင်းစာဖြစ်စေ၊ ဂျာနယ်ဖြစ်စေ ထုတ်ရလျှင် မုချကြီးပွားလာနိုင်မည်ဟု မိသဖြင့် သူ့အား တိုင်ပင်ကြည့်သည်။ မြန်မာ့အလင်းမှ သူ ထွက်လိုက်လျှင် ရက် လူစားရရန် ခက်သဖြင့် ဘယ်နည်းနှင့်မျှ သူ မထွက်နိုင်ကြောင်း၊ လည်း မထွက်အပ်ကြောင်း ငြင်းနေပြန်သောကြောင့် ဤအကြံကို လက် ထားလိုက်ပြီး အခြားနည်းလမ်းတစ်ခုကို ကြံဆ တွေးတောရှ်နေသည်။

တစ်နေ့တွင် သူအလုပ်သွားနေစဉ် ညနေဘက် အားလပ်သဖြင့် ဈေးနှုန်း

သတင်းစာဖိုင်ကြီးတွေကို လှန်လှော၍ ဖတ်နေစဉ် အကြံတစ်ခုရသည်နှင့် သူ မြန်မြန်ပြန်လာဖို့ရာ စိတ်စော၍နေသည်။ သူ ပြန်ရောက်သည့်အခါ၌ ကျွန်မက ဗျေးနှုန်း သတင်းစာထဲတွင်ပါသည့် သူရေးသော "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" အခန်းတွေကို စုပေါင်း၍ စာတစ်အုပ် ပုံနှိပ်ထုတ်ဝေ ရောင်းချရလျှင် ဝင်ငွေ များလာမည်ဟု တိုင်ပင်ကြည့်သည်။

'အခုနေ ဒီစာအုပ်ထုတ်ရင် တစ်အုပ်မှ ရောင်းရမှာ မဟုတ်ဘူး။ ကိုကို တခြား အသစ်တစ်အုပ် ရေးပါ့မယ်'

'တခြား အသစ်တစ်အုပ် စကားတော့ ခု မပြောပါနဲ့ဦး ကိုကိုရယ်။ အင်မတန်ကို ကျန်းမာလာပြီဆိုမှပဲ စိတ်ကူးချင်ကူးပါ။ ဒီစာအုပ်ထုတ်ရင် မရောင်းရဘူး ထင်တာ ဘာဖြစ်လို့ပါလဲ'

'အချိန်မရောက်သေးဘူး တင်လေး။ ကိုကို ရေးတာက စောနေသေးတယ်၊ ၁၉၃၅ ခုနှစ်က ရေးခဲ့တာ။ စစ် မဖြစ်သေးတော့ အခုနေထုတ်ရင် လူ ဘယ်ဖတ်ချင်ပါမလဲ'

'မထုတ်သေးလို့ပါ ကိုကိုရယ်။ စာအုပ်ထုတ်ပြီး ကြော်ငြာရင် ဖတ်မှာပေါ့'

'ဘာပြုလို့ ဒီဟာကိုမှ စာအုပ်ထုတ်ချင်တာလဲ'

'ကိုကို မပင်ပန်းရအောင် ရေးပြီးသား ရှာရတာပဲ။ အခုလည်း စစ်ရိပ်စစ်ငွေ့တွေ သမ်းနေပြီတာပဲ။ ထုတ်ရင် ရောင်းရမှာ မုချပါပဲ'

'ဒီထဲကအတိုင်း ထုတ်လို့မဖြစ်ဘူး တင်လေးရဲ့။ နိုင်ငံရေးတွေက တစ်နေ့တစ်မျိုး အဆင့်ဆင့် ဖြစ်ပွားနေတော့ အကိုးအကား အထောက်အထားတွေ ရှာရဦးမယ်။ ဒါမှလည်း ပြည့်စုံလိမ့်မယ်။ ပြီးတော့ ထုတ်မယ်ဆိုရင် အရင်းအနှီးကလည်း ရှိသေးတယ်။ စက္ကူဝယ်ရမယ်။ ရိုက်ခတို့၊ ချုပ်ခတို့၊ ဘလောက်ခတို့လည်း လိုလာလိမ့်မယ်။ တစ်ခုခုကို ရေးပေးပြီး မူကို ရောင်းစားရင် အရင်းမစိုက်ရဘဲ ငွေရမှာမို့ ကိုကို ရေးပါရစေ တင်လေးရယ်'

'ဒီစာအုပ်အတွက် အကိုးအကား အထောက်အထားတွေ တင်လေးကို ဘယ်က ရှာရမလဲဆိုတာ ပြပေးပါ။ တင်လေး ဝိုင်းဝန်းပြီး ရှာပါ့မယ်။ အရင်းအနှီးကတော့ တင်လေး ကိုကိုနဲ့ မယူခင်က ဆန်းလိုက်မှာ အသက်ပေါင် ငွေထားတယ်။ အခု ကိုကိုနဲ့ အိမ်ထောင်ကျမှ တင်လေးလည်း မသွင်းမိတော့ဘူး။ အဲဒီ သွင်းပြီးတဲ့ ငွေတွေကို ပြန်ထုတ်ရင် အရင်းရလာမှာပေါ့။ ကိုယ့်ဟာကိုယ်ထုတ်တော့ အမြတ်ကြီးလာမယ် မဟုတ်လား'

'ဆန်းလိုက်မှာ ငွေထားတယ်လား။ ဒါဖြင့်ရင် မြန်မြန်ထုတ်လိုက်၊ စစ်ဖြစ်မှာ မုချပဲ တင်လေး။ မစုနဲ့တော့'





'ငွေထုတ်ပြီးရင် ဒီစာအုပ် ရိုက်မယ်နော်'

'ဒါတော့ တင်လေး သဘောပဲ။ ကိုကိုတော့ ရောင်းရမယ် တယ်မထင်ပါဘူး'

သူက ဤစာအုပ် ထုတ်ဖို့ရန် စိတ်မပါလှအောင် ဖြစ်နေသည်။ ကျွန်မသည် ဤစာအုပ်ကိုထုတ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

ဆန်းလိုက်တိုက်သို့သွား၍ ကျွန်မ သွင်းလာခဲ့သည့် ငွေများကို သွားထုတ်သည်။ လ မကြာသေးသဖြင့် အပြည့်မရခဲ့ဘဲ ၈၀၀ ကျပ် ကျော်ကျော်လောက်နှင့်ပင် အရှုံးခံ၍ ထုတ်ယူရသည်။

နေ့စဉ်နေ့တိုင်း ဤစာအုပ် ဖြစ်မြောက်ရေးကိုသာ လုံးပန်းနေလေသည်။ ညစဉ်ညတိုင်း သတင်းစာတိုက် လိုက်သွားသူဖြစ်၍ ကျွန်မတွင် မြန်မာ့အလင်းကဲ့သို့ စက်ပိုင်၊ စာစီခုံပိုင် ဖြစ်ခဲ့လျှင် ဤစာအုပ်အတွက် မည်မျှလွယ်ကူမည်နည်းဟု အောက်မေ့မိကာ၊ စာပုံနှိပ်လုပ်ငန်းများကိုလည်း ရေးကထက် တစ်ယောက်တည်း ကျိတ်ဆည်းပူးနေလေသည်။

သူ့မှာ တစ်နေ့တစ်နေ့ သတင်းစာအလုပ်တစ်ဖက်နှင့် မအားလပ်နိုင်အောင် ဖြစ်နေ၍၊ ဤစာအုပ်အတွက် ဖြည့်စွက်ရန် တာဝန်ဝတ္တရားကို သူ ညွှန်ကြားသည့်အတိုင်း ရှာဖွေစုဆောင်းပေးသည်။

ဘီလပ် အောက်လွှတ်တော်မှာ မေးမြန်းတုန်းက စစ်ဘက်ဆိုင်ရာဝန်ကြီးက ဖြေကြားသည့် စစ်သားစာရင်းများ ရှာရမည်ဆိုလျှင် အင်္ဂလိပ်သတင်းစာတွေထဲတွင် လိုက်၍ရှာပြီး ပေးရသည်။

'ဂျပန် တိုင်း သတင်းစာကြီးထဲမှာ ကိုကို ခဲတံအပြာနဲ့ ခြစ်ထားတယ်။ ဂျပန်အထက်လွှတ်တော်က ဘယ်ရွှန်းဆိုနိဒါရဲ့ ထုတ်ပြန်ကြေညာချက်ကို ရှာမှဖြစ်မယ်' ဆို၍ ဂျပန် တိုင်း သတင်းစာတွေကို လှန်လှောကာ သူ ခြစ်ထားသည့်အခန်းကို လိုက်ရှာပြီး ပေးသည်။

ဒိုမေကြေးနန်း၊ ရိုက်တာကြေးနန်းတွေထဲတွင် ဂျပန်ပြန် စစ်ဗိုလ်များ ပြောပြသည့် စကားရပ်များနှင့် စစ်အကြောင်းအရာတွေကို အကုန်စုထားဟု မှာသွားလျှင်လည်း၊ ကြေးနန်းဖိုင်တွဲ အထပ်ကြီးတွေထဲမှ သူ့အမှာအတိုင်း လိုက်စုပေးသည်။

ဂျပန်ပြည်မှ ထုတ်ဝေသော မိရာကိုးသတင်းစာ၊ နီချီနီချီ သတင်းစာ၊ ကိုချီသတင်းစာ၊ တိုင်း သတင်း၊ ယိုမြူရီ သတင်းစာများကို တစ်ရွက်ပြီးတစ်ရွက်လှန်ရှာ၍ ခဲတံပြာနှင့် ခြစ်ထားသော အခန်းများမှ စစ်နှင့်ပတ်သက်ရာ အကုန်လိုက်၍ ရွေးပြီး ထုတ်ပေးရသည်။

"ဂျပန်သည် အင်္ဂလိပ်ကို တိုက်သင့်ပြီလော" ဟူသော စာအုပ်တစ်အုပ် ဝယ်ရလိမ့်မည် ပြော၍ သူ အလုပ်သွားနေတုန်း ပန်းဆိုးတန်းရှိ စီးတီးဘွတ်ကလပ် ခေါ် စာအုပ်ဆိုင်တွင် ကိုယ်တိုင် သွား၍ဝယ်သည်။ ထိုစာအုပ်ဆိုင်တွင်ပင် ဂျပန် လူမျိုး ဆိုတာနင်နှင့် အီဟိုဟာန်ရေးသော "ဂျပန် စစ်တိုက်သွားလျှင်" ဆိုသည့် စာအုပ်ပါ တွေ့ခဲ့၍ ၎င်းစာအုပ်ပါ ဝယ်ယူလာသည်။

ဤစာအုပ်ကြီးကို ဖြည့်စွက်ရန်အတွက် သခင်သန်းထွန်းထံမှ ဂျာမန် လူမျိုး တစ်ဦးရေးသည့် "သခင်တိုင်းပြည်ဟောင်းကြီးများ၏ အသက်ငင်ချိန်" ဟူသော စာအုပ်ကို ယူလာကာ၊ ၎င်းထဲမှ ပါသည့် အချို့အကြောင်းအရာများကို ကူးခိုင်း၍ ကူးပေးသည်။

မေဂျာ ဘော့ဒလေး၏ "ပစိဖိတ်သမုဒ္ဒရာကြီး၏ ဓာတ်ထုပ်" ခေါ် စာအုပ် ကြီးထဲတွင် သူလိုချင်တာတွေ ရှိသည်။ ခဲတံပြာနှင့် ခြစ်ထားသည်ဆို၍ ရှာရာ ရှာသည့်အတိုင်း တွေ့ရသဖြင့်၊ သူစာဖတ်လျှင် ခဲတံအပြာတစ်ချောင်း အမြဲကိုင် သည့် အလေ့၏ကျေးဇူးကို ကောင်းကောင်းကြီး သိမြင်သွားသည်။ သူ့ခေါင်းထဲ တွင် ခဲတံပြာနှင့် မှတ်ခဲ့ရသမျှတွေအား မမေ့အောင် စွဲနေပုံကို အံ့ဩမိသည်။

'ဂျာမန် ဆေးဆရာကြီး ဒေါက်တာ ဂျေ၊ ပေါလ်ဆင်က လာမည့်စစ်ကြီး ဟာ ပြီးခဲ့တဲ့ စစ်ပွဲထက် ကြောက်စရာကောင်းမယ်လို့ မဂ္ဂဇင်းထဲမှာ ရေးထား တယ်။ ရှာစမ်းပါ' ဆို၍ လိုက်ရှာရာ၊ "ခေတ်သစ်ထူထောင်ရေး" မဂ္ဂဇင်းထဲတွင် ပါရှိသည့် ဒေါက်တာ ဂျေ၊ ပေါလ်ဆင်၏ စကားရပ်များကို အဖိုးထိုက် အဖိုးတန် ပစ္စည်းများအဖြစ် တွေ့ရလေသည်။

ဤစာအုပ်နှင့် ပတ်သက်၍ အထောက်အထား အကိုးအကား မှတ်တမ်း မှတ်ရ စာအုပ်များမှာ အရေအတွက် များပြားလှပေသည်။ အားလုံးလိုလိုပင် သူ ဖတ်ဖူးပြီးသား အကြောင်းအရာတွေကို တေးမှတ်ထားခဲ့ပြီးသားဖြစ်၍ စုံစုံ လင်လင် အလွယ်တကူ ရှာဖွေ ဖော်ပြလိုက်နိုင်ခြင်း ဖြစ်သည်။

ဤစာအုပ်ကို သူ့မိတ်ဆွေကြီးဖြစ်သူ မြန်မာ့သိပ္ပံ စာပုံနှိပ်တိုက်ရှင် ဦးစိန် ထံ ရိုက်နှိပ်လေသည်။ တစ်ခန်းပြီးတစ်ခန်း ရိုက်နှိပ်ပြီးတိုင်း ယူလာရာ စာအုပ်ကြီး ဖြစ်မြောက်သွားတော့မည့်ပုံကို ကြိုတင်လျက် ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်နေ သည်။

စာအုပ်ကြီး ပြီးစီးအောင် ဖြည့်စွက်ရေးသားနေသည့်အခိုက်၌ ဦးနှောက် များ ကြည်ကြည်လင်လင်ရှိ၍ စိတ်ပါလက်သွက်နိုင်အောင် စိတ်ညစ်ညူးစရာ အကြောင်းအရာများ အိမ်တွင် ဘာမှ မပေါ်ပေါက်စေရဘဲ၊ သူ့နားတွင်ထိုင်၍ တစ်ရွက်ပြီးတစ်ရွက် ဖတ်ရင်းက 'ကိုကို့ကိုလေ မညားခင်က တော်တာသာ





သိတာ။ ဘယ်လို တော်တယ်၊ ဘယ်လောက် အရည်အချင်းတွေ ပြည့်စုံနေတယ် ဆိုတာ ခုလောက် မသိခဲ့ဘူး။ ခုမှ ပိုသိရပါကလား။ တစ်နေ့နေ့ တင်လေးတို့ ဒီလို မနေသေးပါဘူးနော်' ဟု အားရ အားတက်လောက်အောင် စိတ်ပါလက်ပါ ပြောမိလေသည်။

ဤစာအုပ်ကြီး ရိုက်ပြီး၍ နိဒါန်း၌ "ယင်းသို့ စာအုပ်အဖြစ် ရိုက်နှိပ်ရာတွင် ၁၉၃၅ ခုနှစ် မူလရေးသားသည့်အချိန်မှ ၁၉၃၈ ခုနှစ် စက်တင်ပုံနှိပ်သည့် အချိန် အထိ ထပ်မံဖြစ်ပွား ပေါ်ပေါက်လာသော အရေးအရာတို့ကို မှတ်ချက်များအဖြစ် ဖြင့် ဖြည့်စွက်ရန် တာဝန်ရှိလာရာ၊ ကျွန်ုပ်မှာ နေ့စဉ်သတင်းစာ အလုပ်တစ်ဖက်နှင့် မအားလပ်နိုင်အောင် ရှိခဲ့သည့်အတွက် ထိုတာဝန်ကို ကျွန်ုပ်၏ ဇနီးဖြစ်သူက ယူ၍ ဆောင်ရွက်ပေးခဲ့ပေသည်။" ဟု စာအုပ်တွင် ဖွင့်ထုတ်ရေးသား ရိုက်နှိပ် လေသည်။

၁၉၃၅ ခုနှစ်လောက်က ကြိုတင်၍ သူ မြင်ပြီး ရေးထားခဲ့သည်တို့ကို ၁၉၃၈ ခုနှစ်တွင် စာအုပ်အဖြစ် လူအများသိအောင် ကြိုတင်ထုတ်ဝေနိုင်လိုက်သည့် အတွက် "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" ခေါ် စာအုပ်ကြောင့် သူ၏ဂုဏ်သတင်း ကြီးမြင့်လာရပေလိမ့်မည်ဟု ကျိတ်၍ ဝမ်းသာမိသည်။ စာအုပ်ကို ၈ ပဲနှင့် အုပ်ရေ ၇၅၀၀ ရိုက်နှိပ်မည် ပြောသည်။ ကျွန်မက ဤစာအုပ်ကို ၁ ကျပ်ထားရန် ပြောသည့် အခါ 'လူတိုင်း ၁ ကျပ်ပေးပြီး ဖတ်နိုင်ပါ့မလား' ဟု ညည်းနေ၍ 'စိတ်ချပါ၊ စာအုပ်တွေ ကုန်ပါတယ်' ဟု ယုံကြည်ပြီး ပြောမိသည်။

လက်ထဲမှာ ကျန်သည့်ငွေများအပြင် စာအုပ်ပြီးလျှင် ဝင်လာမည့်ငွေတွေ နှင့် အိမ်ခန်းကျယ်ကျယ် ပြောင်း၍နေမည်ဟု ဝမ်းပန်းတသာ မိတ်ဆွေများအား အိမ်ရှာခိုင်းမိသည်။

စာအုပ်ကြီးပြီး၍ ထုတ်ဝေရောင်းချလိုက်သည့်အခါ စာအုပ် ၂၀၀ လောက် ကုန်အောင် ၁၀ ရက်လောက် ရောင်းနေရသောကြောင့် ကျွန်မ အထင်နှင့်အမြင် ကွာခြား၍ နေရတော့သည်။ 'ကိုကို မပြောဘူးလား။ စောနေတယ်၊ မရောင်းရပါ ဘူးလို့ ပြောသားပဲ' ဟု ပြောနေသဖြင့် 'အခု မရောင်းရလည်း နောက်တော့ ရောင်းရမှာပေါ့' ဟု ပြောလိုက်ရသော်လည်း စာအုပ်ပုံကြီးကိုကြည့်၍ အားမလို အားမရ ဖြစ်နေသည်။

ကျွန်မတို့လည်း ၃၈ လမ်းတွင် အိမ်ရ၍ ပြောင်းလာခဲ့ကြသည်။ ကျွန်မ အထင်နှင့်အမြင် မည်မျှလောက် လှမ်းသေးသည်ဆိုမူ ၃၈ လမ်းတွင် ကျွန်မ ကြိုက်သည့် ဒေါက်တာလက်မက်၏ အိမ်အပေါ်ထပ် တစ်လလျှင် ၇၅ ကျပ် ပေးရမည့် အခန်းကြီးကို လက်လွှတ်လိုက်ရလျက်၊ ၎င်းလမ်းတွင်ပင် မကျဉ်း

မကျယ် နေသာ ထိုင်သာလောက်သော တစ်လ ၄၀ ကျပ် ပေးရသည့် အခန်းကို နေရန် ရွေးချယ်လိုက်ရသောကြောင့် ဖြစ်သည်။

## ၂၁ ။ ကလောင်နှင့် အုပ်ချုပ်သော အစိုးရ

၃၈လမ်းသို့ ပြောင်းရွှေ့ကြပြီးနောက် တိုက်မှလည်း လခ တစ်လလျှင် ၁၆၅ ကျပ် အထိ တိုးပေးသဖြင့်၊ အိမ်လခ ၄၀ ကျပ် ဖယ်နုတ်၍ ကျန်ငွေ ၁၂၅ ကျပ်တွင် ပေးစရာ ဆပ်စရာ ကြွေးများ နုတ်လိုက်ပြီး ငွေ ၆၀ ကျပ်လောက်နှင့် နေရသော်လည်း၊ ဖခင်ထံမှ လစဉ် မဟုတ်သည့်တိုင် ရံဖန်ရံခါ ၂၀၀ ကျပ်မျိုး၊ ၃၀၀ ကျပ်မျိုး ကျွန်မ မတောင်းဘဲနှင့် မပြတ် တင်ပို့ပေး၏။ ကျွန်မသည် သူ ဖတ်ချင်သည့် စာအုပ်တွေကို မလွတ်တမ်းဝယ်၍ ပေးနိုင်လေသည်။ အင်္ဂလိပ်ရုပ်ရှင်ကားကောင်းများကိုလည်း မလွတ်တမ်းသွား၍ ကြည့်ကြသည်။ သူ့အတွက် ဟောလစ်၊ အိုဗာတင်း စသည့် အားရှိစေမည့် အစာအာဟာရတွေကို အချိန်မှန်မှန် အမျိုးမျိုးကျွေးကာ ကျန်းမာရေးကို အထူးဂရုစိုက် ပေးနေသည့်အတိုင်း၊ ရှေးကနှင့် မတူ ယခု အသွင် ထူးခြားလာလေသည်။ မျက်နှာပြည့်ဖြိုး၍ ကုပ်ပိုးများပင် ဖုတက်လာသည်။ ထို့ပြင် ယခင်ကလို "ကိုဒါဝတ်" မဟုတ်တော့ဘဲ ဘန်ကောက်၊ မန္တလေး စသည့် ပိုးပုဆိုး အမျိုးမျိုးနှင့် နေ့စဉ် ထည်လဲ ဖြစ်လာပေပြီ။

'ကိုကို့ကို ဆရာစိန်က ဘန်ကောက်လုံချည်တွေ ဝတ်နေလို့ နောက်နေပြီ။ တစ်မျိုးဖြစ်လာပြီလို့ ထင်ကြမှာပဲနော်' ဟု ပြောသည့်အခါ၌ ကျွန်မက 'နောက်ဒါမျိုးတွေထက် မကတဲ့ ဒါထက်တစ်မျိုး ဖြစ်ရဦးမယ်' ဟု ပြောလိုက်သည်။ 'တော်ပါတော့ အမိရယ်၊ အသစ် ဝတ်ရတာလောက် စိတ်ညစ်ရတာ မရှိဘူး' ဟု ညည်းလေသည်။ အရောင်နုနုကို မကြိုက်သဖြင့် အရောင်ရင့်ရင့် မှိန်မှိန်ကို ရွေးချယ်၍ ဝယ်ပေးရသည်။

ကျွန်မမှာ သူ့အတွက်သာလျှင် အစခပ်သိမ်းကြည့်၍ ဝယ်ခြမ်းပြုစုနေရသဖြင့်၊ ကျွန်မအတွက်များလည်း စဉ်းစားပါဦးဟု ပြောလေသည်။

ညစဉ်ညတိုင်း သတင်းစာတိုက်သို့ လိုက်လာရာ ယခုအခါတွင် ယခင်ကလို မဟုတ်တော့ဘဲ၊ သူ့အလုပ်များကိုပင် ကူညီဝိုင်းဝန်း၍ လုပ်ပေးနိုင်လာသည်။ ကျွန်မသည် သတင်းစာအလုပ်ကို များစွာ စိတ်ပါဝင်စားလာသည်။ လောလောဆယ် အရေးတကြီး ဖြစ်ပေါ်လာသော သတင်းတွေကို အပူတပြင်း ခေါင်းကြီးရေးနေသည့်အခါ၌၊ ပြီးအောင် စောင့်မနေနိုင်တော့ဘဲ တစ်ကြောင်းပြီးတစ်ကြောင်း ရေးနေရင်း လိုက်ဖတ်ရမှ အားရသည်။ နောက်ကရပ်ပြီး လိုက်ဖတ်ကြည့်သည်။





တစ်ခါတစ်ရံ စာမျက်နှာ တစ်ဝက်လောက် ရေးပြီးမှ စိတ်တိုင်းမကျ၍ အသစ်ပြန်ရေးရန် စာရွက်ကို ခြေမွပြီး ခြင်းတောင်းထဲသို့ ပစ်လိုက်သည့်အခါ၊ ခြင်းထဲမှ ထိုစာရွက်ကို မပစ်ရက်နိုင်၍ ပြန်ကောက်ယူကာ နေ့စွဲထိုး၍ သိမ်းယူခဲ့ပြီး ဖိုင်တွဲထားသည်။

နေ့စဉ်နှင့်အမျှ ခေါင်းကြီး၊ ခေါင်းကလေး စသည်တို့အပြင် နယ်သတင်းတွေနှင့် လက်ရှိ ဖြစ်ပွား ပေါ်ပေါက် ရှုပ်ပွေနေသည့် နိုင်ငံရေးသတင်းတွေကို တစ်ရက်ကြို၍ လုပ်ရသည့်အတွက်၊ တစ်ရက်စောနေသော အလုပ်ကို အဖန်ဖန် အလေ့အထ ဖြစ်နေသောကြောင့် သူ့အယူအဆ သူ့အတွေးတွေသည် အရင်ကြို၍ အမြဲစောနေသည်။ ထိုသို့ အရင်ကြို၍ အမြဲစောနေသော သတင်းစာအလုပ်မှာ ဂန္ဒီ မကျန်းမာဟူသော သတင်းရောက်လာလျှင်၊ ဂန္ဒီ သေသွားသော် သတင်းစာတွင် ကြိုတင်၍ သူ့အတ္ထုပ္ပတ္တိ ဦးအောင်ပါနိုင်ရန် ဂန္ဒီပုံနှင့် ဂန္ဒီ အတ္ထုပ္ပတ္တိကို ရှာဖွေလုပ်ကိုင် စီစဉ်နေသဖြင့် 'ဟိုမှာ မသေသေးပါဘူး' ဟု ရယ်များပင် ပြောမိသည်။ သတင်းတွေကို စောရုံ ဦးရုံတွင် မဟုတ်ဘဲ၊ တစ်ခုခုကို မြန်မြန်ဆန်ဆန် ဆုံးဖြတ် ထည့်သွင်းပေးလိုက်ရသော အလုပ်ကလည်း တိကျမှန်ကန် အံကိုက်ဖြစ်အောင် ချင့်ချိန်မှန်းဆပြီး ရဲရဲရင့်ရင့် လုပ်မှလည်း ဖြစ်နိုင်သဖြင့်၊ ဘေးက ကြည့်နေသော ကျွန်မအဖို့တွင် သတင်း ဟုတ်မှဟုတ်ပါ့မလားဟု ဖိုလှိုက်ဖိုလှိုက် ဖြစ်နေပေသည်။ ဤသတင်းအတွက် များစွာ စိတ်ပူနေမှန်းသိလျှင် သူက 'သတင်းစာအလုပ်ဟာ ဒါကြောင့် ပျော်စရာကောင်းတာ' ဟု ပြောသေးသည်။ နောက်တစ်နေ့တွင် သူ ရေးသားထည့်သွင်းလိုက်သည့် သတင်းတွေ အမှန်အတိုင်း ဖြစ်နေပါက ကျွန်မ၌ စိတ်သက်သာရာ ရသွားနိုင်ပါလျက် စိတ်သက်သာရာ မဖြစ်ရဘဲ၊ နောက်တစ်နေ့အတွက် ထပ်၍ ချိန်ဆနေပြန်သောကြောင့် ကျွန်မမှာ ရင်ပင့်၍ 'သတင်းစာဆရာ ဘဝဟာ ထောင်နှုတ်ခမ်း နင်းနေတာပါပဲလား' ဟု ပြောမိလေသည်။

'ကိုကိုလေ၊ အက်ဒဝပ် နန်းစွန့်တုန်းက ရတဲ့သတင်းမှာ သုံးထားတဲ့ စကားက "စွန့်နေပြီ" လို့လည်း ကောက်နိုင်တယ်။ "နန်းစွန့်ပြီ" လို့လည်း ပူဆာနိုင်တယ်။ အဓိပ္ပာယ်နှစ်မျိုး ဖြစ်နေတယ်။ ဒါပေမဲ့ ကိုကိုတော့ မစ္စက် င်ပဆင်ရဲ့ပုံကို လိုက်ရှာပြီး နန်းစွန့်ပြီလို့ ရက်မဆိုင်းဘဲ နက်ဖြန်သတင်းစာမှာ ပါအောင် တစ်ခါတည်း ချိန်ထည့်လိုက်တာပဲ။ မနက်မိုးလင်းတော့ အင်္ဂလိပ်သတင်းစာတွေ ဘယ်သတင်းစာမှ မပါဘဲ မြန်မာသတင်းစာတွေထဲမှာလည်း ကိုကိုတို့ သတင်းစာ တစ်စောင်တည်းမှာသာ ပါနေတော့ တယ်လီဖုန်းနဲ့ ဌာန ယီးသီးက လူမျိုးပေါင်းစုံက မေးလိုက်ကြတာ။ အင်္ဂလိပ်သတင်းစာမှာ မပါပေမဲ့

မယုံရမှာလည်း အခက်မို့ လူတွေ သိပ်ပြီး စိတ်ဝင်စားသွားကြတယ်။ ဒါတင် မကသေးဘူး၊ ဒီသတင်းကြောင့် အစိုးရပိုင်းက သူတို့ ဘီလပ်က သတင်း မလာသေးခင် မြန်မာ့အလင်း သတင်းစာက ထည့်ရမလားလို့ မျက်လုံးပြူးသွားပြီး၊ တစ်ခါတည်း ကိုကို့ကို အတွင်းဝန်ချုပ်ကြီး မစ္စတာကရောက အတွင်းဝန်ရုံးကို ချက်ချင်း ခေါ်တာပဲ။ ဒီနေ့က ချည်လုံချည်ဝတ်၊ ခုံဖိနပ်ကြီးစီးပြီး တဂျောက်ဂျောက်နဲ့ သူ့အခန်းထဲ ဝင်သွားတယ်။ သူကြီးဂေဇက် ဦးခင်မောင်က ခေါ်သွားတယ်။ ကိုကို့ကို ထိုင်ပါလို့ နေရာမပေးဘူး။ ကိုကိုက သူ့ရှေ့က ကုလားထိုင်ကို အသံမြည်အောင် ဆွဲထိုင်လိုက်တော့ မျက်လုံးကြီး လှန်ကြည့်လိုက်ပြီး "မင်း ဘယ်သူလဲ" လို့ မေးတယ်။ ကိုကိုက "ချစ်မောင်၊ မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ"လို့ ပြောလိုက်တယ်။

'"ဒီနေ့ထည့်တဲ့ နန်းစွန့်တဲ့သတင်းဟာ ဘယ်ကရလို့ ထည့်သလဲ" လို့ မေးတယ်။ "ခင်ဗျားဆီကို ဘယ်ကရလို့ ထည့်တာပါလို့ ခိုင်လုံကြောင်းကို ကျုပ် အစစ်ဆေးလာခံတာ မဟုတ်ဘူး" လို့ ပြောလိုက်တော့ နဖူးကြောကြီးကို ထောင်ထသွားတာပဲ။ "ဒီသတင်းဟာ မမှန်ရင် မင်း ဘယ်လိုဖြစ်မယ်ဆိုတာ မင်း မထည့်ခင်က မင့်တာဝန်ကို သတိရပြီး စဉ်းစားမိရဲ့လား"လို့ မေးတယ်။ ကိုကိုက "ခင်ဗျား ကျုပ်ကို မြန်မာ့အလင်း သတင်းစာတိုက်က တာဝန်ခံအယ်ဒီတာမှန်း သိတယ် မဟုတ်လား" လို့ ပြန်ဖြေလိုက်တယ်။ ဒီတော့ကာ စားပွဲကို လက်သီးနဲ့ထုပြီး "ဒီသတင်းဟာ အခု မမှန်သေးဘူး၊ ဘီလပ်က ဒီသတင်းနဲ့ ပတ်သက်လို့ ဘာမှ မရသေးဘူး။ နက်ဖြန်သတင်းစာမှာ အတည် မဟုတ်သေးဘူးဆိုတာ မင်းပြန်ပြင်ပြီး ထည့်ပါ။ မထည့်ရင် မင်းကို တရားစွဲရလိမ့်မယ်။ အချိန်မီ အမြန်ဆုံးထည့်ပါ" ဆိုပြီး ဒေါသကြီးနဲ့ ပြောတယ်။

'"ဒီမှာ အတွင်းဝန်ချုပ်ကြီး ခင်ဗျား။ ဒီသတင်းကို ပြင်လိုက်ရအောင် ကျုပ်ဟာ ခင်ဗျားတို့ အမိုးရတစ်ဖွဲ့လုံးရဲ့ တာဝန်ခံ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ဘူး။ ကျုပ်ဟာ မြန်မာ့အလင်းသတင်းစာရဲ့ တာဝန်ခံ ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ ခင်ဗျားတို့ သိဖို့ ကောင်းပါတယ်။ ခင်ဗျားတို့ အစိုးရ သတင်းအရ နောက်ကျနေတာကို ကျုပ်က တိုင်းသူပြည်သား တစ်ယောက်အနေနဲ့တော့ အများကြီး ဝမ်းနည်းပါတယ်။ ဒီသတင်းဟာ အမှန်သတင်း ဖြစ်နေပြီမို့ ကျုပ်ပြင်ပြီး ထည့်မပေးနိုင်ပါဘူး။ အချိန် မကြာတော့ပါဘူး။ ဘီလပ်က ဒီသတင်းနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ဆီ အမြန် ရောက်လာတော့မှာမို့ ခင်ဗျားတို့ အစိုးရအဖွဲ့ကြီး မကြာခင် လိမ္မာလာပါလိမ့်မယ်" ဆိုတဲ့ စကားကို အင်္ဂလိပ်လို wiser ဆိုပြီး သုံးခဲ့လို့ ဆတ်ဆတ်ခါ ကျန်ရစ်ခဲ့တာပဲ။ အပြင်ရောက်တော့ သူကြီးဂေဇက် ဦးခင်မောင်က





ကိုကိုနဲ့ အတွင်းဝန်ချုပ် ပြောကြဆိုကြတာတွေကို အပြင်လူတွေကို ပြောပြတော့၊ လွှတ်တော်အမတ် ဂန်ဂါဆင်ကြီးက ကိုကို့ကိုဖက်ပြီး အားရပါးရ မွှေ့ယမ်းလိုက်တာ မပြောပါနဲ့တော့။

'သတင်းစာအလုပ်ဟာ အသိဉာဏ် ကြီးရုံတင် မပြီးသေးဘူး။ သတ္တိလည်း ရှိရတယ် တင်လေးရဲ့'

သို့ဖြင့် သူနှင့် အတွင်းဝန်ချုပ်တို့ တစ်ယောက်တစ်ခွန်း ပြောကြပုံတို့ကို ပြောပြရာ၊ ကျွန်မ၏ မှတ်တမ်းထဲတွင် ထိုသတင်းကို သူတို့ပြောပုံအတိုင်း အင်္ဂလိပ်ဘာသာနှင့် ရေးမှတ်ထားခဲ့သည်။

နေ့စဉ်နေ့တိုင်း တိုင်းပြည်၏ စီးပွားရေး၊ ကြီးပွားရေး၊ သာသနာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတို့ကို ဝေဖန်နည်းညွှန်ရေးသား၍၊ အစိုးရအပေါ်တွင်လည်း ပြစ်တင်ရှုတ်ချစရာရှိက မထောက်မညှာ ပြစ်တင်ရှုတ်ချကာ၊ မှန်ရာမှန်ကြောင်းသို့ လမ်းကောင်းညွှန်ပြ ပေးလေရာ၊ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ၏ ဘုန်းတန်ခိုးမှာ ဖိန့်ဖိန့်တုန်အောင် အာဏာရှိနေသော အစိုးရအဖွဲ့နှင့် စင်ပြိုင်တန်ခိုးအာဏာ ရှိနေခဲ့သည်။

မြန်မာ့အလင်းက ယနေ့ ရေးလိုက်လျှင် နောက်တစ်နေ့တွင် မည်သည့် အစိုးရမှ ပေါ့ပေါ့ဆဆ အမှတ်မထားဝံ့ဘဲ၊ ဆိုင်ရာဌာနတို့မှ လေးလေးစားစား လိုက်နာ လုပ်ကိုင်ပေးရသည်အထိ ခရီးရောက်နေသောကြောင့် "သတင်းစာဟာ စင်စစ် ကလောင်နဲ့ အုပ်ချုပ်နေတဲ့ Government ပဲ" ဟု သူ ပြောသည့်စကားမှာ ခေါင်းထဲတွင် စွဲ၍နေသည်။ သတင်းစာ၏ ကြီးပွားရာ ကြီးပွားကြောင်းအတွက် သူ့တစ်ကိုယ်လုံးကို တစ်ချိန်လုံး ပေးအပ်ထားရုံသာမက၊ သူ ဆည်းပူးလေ့လာမှတ်သားသမျှ ပညာအရပ်ရပ်တွေကိုလည်း သတင်းစာ ကြီးပွားရာ ကြီးပွားကြောင်းသာ အစွမ်းကုန် အသုံးချ၍ နေလေသည်။

သတင်းစာဆရာဘဝနှင့် အတူတကွ နေရ၍ တွေ့မြင်နေရသည်မှာ တစ်နှစ်မျှ ကာလ မကြာသေးသော်လည်း၊ သူသည် သတင်းစာဆရာ အယ်ဒီတာဘဝ၌ သတင်းစာအတွက်သာ ကြိုးပမ်းအားထုတ်နေရုံတွင် မဟုတ်ဘဲ၊ တိုင်းရေးပြည်ရာ အုပ်ချုပ်နည်း အဘက်ဘက်က လုပ်ငန်းစဉ် အရပ်ရပ်တို့ကိုလည်း နေ့ညမပြတ် ဆည်းပူးမှတ်သား ရှာဖွေစုဆောင်းနေသောကြောင့်၊ ကျွန်မတွင် ဇဝေဇဝါ ဖြစ်၍ နေသည်။ မြန်မာနိုင်ငံတော်နှင့်တကွ နိုင်ငံအသီးသီးမှ ဘဏ္ဍာရေးကို လေ့လာစူးစမ်း ဆည်းပူးနေလေသည်။ ထိုသို့ နေ့ည မပြတ်လပ်အောင် အားထုတ်ဆည်းပူးနေလျှင် 'ကိုကိုက ဘဏ္ဍာရေးဝန်ကြီး လုပ်မလို့လား' ဟု သူ့အမှာအတိုင်း အပြည့်ပြည့်ဘဏ္ဍာရေးဆိုင်ရာ မှတ်စုမှတ်ရာများကို စုဆောင်း သိမ်းဆည်း

ပေးရင်း နှုတ်ဖျားမှ ထွက်သွားရာ 'ဒီလို မဟုတ်ပါဘူး တင်လေးရဲ့။ အယ်ဒီတာဆိုတာ အကုန် နှံ့စပ်ရတယ်။ လွှတ်တော်ထဲမှာ ရှိနေတဲ့ ဝန်ကြီးတွေထက် အုပ်ချုပ်မှုကို နားလည်ရင် ပိုကောင်းတယ်။ တိုင်းပြည် ကောင်းရာကောင်းကြောင်း ဖြစ်အောင် တိုင်းပြည်ပေါ်မှာ တိုင်းပြည်ဘက်ကနေပြီး အမှားအမှန် လမ်းမှန်ညွှန်ပြနေရတဲ့ အယ်ဒီတာဟာ သူတို့ထက် အရည်အချင်းညံ့လို့ မဖြစ်နိုင်ဘူး' ဟူ၍ ရှင်းလင်းပြောပြမှပင် "ဝန်ကြီး လုပ်မလို့လား" ဟူသော စိတ်များ ပျောက်ကွယ်သွားကာ အမှာအတိုင်း နေ့စဉ်မပြတ် ကူညီစုဆောင်း ပေးရသည်။

အိမ်တွင် စာအုပ်ဗီရိုများ တစ်ဗီရိုပြီး တစ်ဗီရို ဝယ်၍နေရပြီ။ စာအုပ်တွေတွင်မက အပြည်ပြည်မှ ထုတ်ဝေသော သတင်းစာများ၊ စာတမ်းများမှလည်း သူ့ခဲတံအပြာနှင့် ခြစ်ထားသမျှတို့ကို ဆုတ်ဖြတ်၍ ကဏ္ဍခွဲပြီး ဖိုင်ကြီးတွေနှင့် တွဲရလေပြီ။ စာအုပ်များမှာလည်း နိုင်ငံရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး၊ လောကဓာတ်ပညာ၊ ရာဇဝင်မှတ်တမ်းတွေအပြင် ကျော်စောလှသည့် အနောက်နိုင်ငံမှ ပုဂ္ဂိုလ်ကြီးတွေ၏ အတ္ထုပ္ပတ္တိမျိုးစုံတို့နှင့် ဝတ္ထု၊ လင်္ကာ၊ ကဗျာတွေပါ မလွှတ်တမ်းဝယ်၍ လက်ကမချ နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာ၍ နေလေသည်။ အထူးသဖြင့် ဥပဒေနှင့်ဆိုင်ရာ ပညာရပ်များကို နိုက်နိုက်ချွတ်ချွတ် ဆည်းပူးလိုက်စားပြီး သကာလ၊ ဥပဒေနယ်နိမိတ် နှုတ်ခမ်းစည်းရိုးပေါ်တွင် လျှောက်ပြေးနေသော သူ့ကို မြန်မာ့အလင်း သတင်းစာတွင် တွေ့မြင်နိုင်လေသည်။

မြန်မာ့အလင်း သတင်းစာ၏ ခေါင်းကြီးများ၊ နိုင်ငံရေးသတင်းများနှင့် ထင်မြင်ဝေဖန်ချက်များ၊ စီးပွားရေးသတင်းနှင့် ပြည်သူပြည်သားတို့အား နှိုးဆော်လမ်းညွှန်ချက်များတွင် သူ့အယူအဆ၊ သူ့အဆုံးအဖြတ်တွေတွင်မက ဤသတင်းရေးသားဝေဖန်နေစဉ် သူ့အမူအရာ၊ သူ့လုံ့လနှင့် သူကိုးကားသည့် အထောက်အထားတွေပါ သတင်းစာ စာရွက်တွေတွင် မှတ်ချက်နှင့်တကွ ရေးတွဲ၍ ဖြတ်တောက် စုစောင်းလာခဲ့သည်မှာ ကာလကြာမြင့်လာ၍ တစ်ပုံတစ်ပင်ကြီး ဖြစ်နေသည်။

အင်္ဂလိပ်သတင်းစာများတွင် အမည်အမျိုးမျိုးနှင့်ရေးသော သူ့ဆောင်းပါးများကို ဖြတ်ကာ စာအုပ်ကြီးတစ်အုပ်တွင် ကပ်လျက် ချုပ်ထားသော စာအုပ်တွေကိုလည်း၊ သူ့တပည့်ကလေး ကိုအုန်းမြင့်ထံမှ ပြန်တောင်းစုယူပြီးလျှင် အခြားသူများ ထံမှလည်း သူ၏ အင်္ဂလိပ်ဆောင်းပါးများကို တောင်းယူသိမ်းစုနေရသည်။

ဤတွင်မက တရိုတသေ သိမ်းထားရန် မှာသော "ဆဲ" စာများကိုလည်း ကောင်းမွန်စွာ ဖိုင်တွဲ၍ သိမ်းပေးသည်။ အထူးသဖြင့် သူ့ဝတ္ထုနှင့် ပတ်သက်၍ မချင့်မရဲ ဖြစ်နေကြသူများ၊ သည်လိုလူမျိုး လောကတွင် မရှိနိုင်သေးဘူးဟု





မယုံကြည်နိုင်ကြသောသူများ၊ ဓာတ်လိုက်နှင့် မိန်းကလေး မပေးစားရကောင်းလားဟု အပြစ်တင်ကြသော မိန်းမများထံမှ ဝိုင်း၍ဆဲကြသော စာများကို သတ်သတ်ဖယ်၍ ဖိုင်တွဲပြီး ထားလိုက်သည်။ နိုင်ငံရေးနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ခေါင်းကြီးများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ မြို့ရွာသတင်းများနှင့် ပတ်သက်၍ သော်လည်းကောင်း အမှန်ကို လက်မခံနိုင်၍ ဖြစ်စေ၊ တိုက်ရိုက်ထိမှန်နေခြင်းကြောင့် ဖြစ်စေ၊ မကြိုက် မနှစ်သက်၍ ဖြစ်စေ၊ ဆဲကြသော စာများကိုကား စု၍ တစ်ထပ်တည်း ဖိုင်တွဲထားသည်။

ဤဖိုင်တွဲများကို တွဲနေစဉ် သူနှင့် အိမ်ထောင်မကျခင်က ကျွန်မထံသို့ အင်္ဂလိပ်လို ရေးသားပေးပို့ဖူးသော စာတွေထဲတွင် ရေးသားဖော်ပြလိုက်သော ကောက်နုတ်ချက်ကလေးကိုပါ ၎င်းစာထဲမှ ကူးယူ၍ ထိုဖိုင်တွဲများ၌ ရေးမှတ်ထားလိုက်သည်။ ၎င်းစာပိုဒ်ကလေးမှာ–

It has long been a trite observation that no reader of any newspaper is so humble as not to be outspokenly confident that he could run that paper a great deal better than those who actually are running it. Every upstanding man who pays a cent for a daily journal considers that he buys the right to abuse it, nay, incurs the manly duty of abusing it. Every editor knows that the highest praise he can expect is silence. If his readers are pleased with his remarks, they nobly refrain from comment. But if they disagree with one job or little of his high speed dissertations he must be prepared to have quarts of ink squirted at him forthwith.

ဤစာပိုဒ်၏ အဓိပ္ပာယ်မှာ–

> သတင်းစာဖတ်သူများ၏ စိတ်တွင် သတင်းစာအလုပ်ကို ၎င်းတို့သာ ဝင်ရောက်လုပ်ကိုင်ရပါက ယခုလက်ရှိ လက်တွေ့ လုပ်ကိုင်နေကြသူများထက် အဆ ရာထောင်မက သာလွန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မည်ဟု ထင်တတ်ကြမြဲဖြစ်၍ ဤအထင်မှာ ရိုး၍ပင်နေချေပြီ။ ထိုသူများမှာ ၎င်းတို့၏ အထင်အမြင် ထင်မြင်ချက်ကို မျိုသိပ်၍ ထားနိုင်သည်အထိ နှိမ့်ချတတ်သူများလည်း မဟုတ်ကြပေ။ နေ့စဉ် သတင်းစာတစ်စောင်ကို ပိုက်ဆံတစ်ပြားမျှ ဖြစ်စေ ပေး၍ ဝယ်ရသူတိုင်း၏ စိတ်တွင် ထိုသတင်းစာကို ပြစ်တင် ဆဲရေးရန်ပါ ပေးလိုက်သည်ဟု ယူဆရုံမျှမက၊ ပြစ်တင်ဆဲရေးမှုကိုလည်း ပြုကြလေသည်။ သတင်းစာဖတ်သူများထံမှ သတင်းစာနှင့် ပတ်သက်၍ မည်သည့်ထင်မြင်ချက်ကိုမှ မကြားရခြင်းသည်ပင်လျှင် ထိုသတင်း

စာကို အထူးခြားဆုံး အမြတ်မြတ်ဆုံးသော (ဝါ) ထူးထူးခြားခြားကြီး ချီးကျူးသမှုကို ပြုကြခြင်းပင် ဖြစ်တော့သည်ဟု အယ်ဒီတာတိုင်းက ယူဆကြသည်။ သတင်းစာဖတ်သူသည် သတင်းစာတွင် ပါသော အယ်ဒီတာ့မှတ်ချက်နှင့် အရေးအသားများကို နှစ်ခြိုက် သဘောကျသည် ဖြစ်အံ့။ ထိုသူသည် တစ်စုံတစ်ခုသော ထင်မြင်မှုကိုမှ မပြုဘဲ ဆိတ်ဆိတ် နေသည်သာလျှင် ဖြစ်တော့၏။ သို့သော် အယ်ဒီတာ၏ အချိန်မီ အပူတပြင်း ထင်မြင်ရေးသားချက်များနှင့် ပတ်သက်၍ အနည်းငယ်မျှ ကလေးကို ဖြစ်စေ၊ တစ်ကြောင်းတစ်စက်ကလေးကိုဖြစ်စေ ၎င်းတို့၏ စိတ်ကြိုက်နှင့် မတွေ့သည် ဖြစ်အံ့။ ထိုအယ်ဒီတာမှာ (မင်များဖြင့် အပက်ခံရသကဲ့သို့) မင်အိုးနှင့် ဝိုင်းပေါက်ကြမည့် ဆဲစာ၊ အပြစ်တင်စာ များဖြင့် ချက်ချင်းလက်ငင်း ကြုံတွေ့ရတော့မည်သာ ဖြစ်သည်ကို အသင့်ပြင်နေရပေမည်။

'တင်လေး ဒီလိုလုပ်နေတာ ကိုကို့မှာ အများကြီး အထောက်အပံ့ဖြစ်ပြီး တစ်နေ့နေ့မှာ ဒါတွေဟာ အဖိုးတန်တော့မှာပဲ' ဟု ပြောသည့်အခါ၊ ကျွန်မ၌ ကျွန်မ ရည်ရွယ်ချက်တွေနှင့် ကျွန်မ ရှိပြီးဖြစ်သဖြင့် ရှေးကထက် ကြိုးစားလျက် မပျင်းမရိ နေ့စဉ်ပင် စုဆောင်းသိမ်းစု နေခဲ့သည်။

## ၂၂ ။ သံကန့်လန့်ကာနောက်မှ သူ

တစ်နေ့တွင် နေ့လယ်ဘက် တိုက်မှ ပြန်လာရာ ခါတိုင်း ပြန်လာသလို မဟုတ်ဘဲ စိတ်ရှုပ်သောဟန်ဖြင့် ပြန်ရောက်လာသည်။

'တို့ဗမာအစည်းအရုံးတော့ တစ်မျိုးတစ်ဖုံ ဖြစ်တော့မှာပဲ။ တင်လေးတော့ ညကျရင် စိတ်ဝင်စားစရာတွေ အများကြီး မြင်ရတော့မှာပဲ။

'အစည်းအရုံးကြီးမှာ သခင် နှစ်ခြမ်း ကွဲလိမ့်မယ်။ သခင်ထွန်းအုပ်ကို လွှတ်ဖို့ရာ သခင်ဗစိန်တို့ ဒေါက်တာဘမော်ကို သွားတောင်းပန်နေတယ်လို့ သတင်းရတယ်။ ဒေါက်တာဘမော်က လွှတ်ပစ်လိုက်တဲ့ ကြေညာချက်တစ်ရပ်ကို အသားယူပြီး ထုတ်လိမ့်မယ်လို့ သိရတယ်။ နိုင်ငံရေးနဲ့ ကြည့်ရင် ဒီကြေညာချက် ကို အထွက် မခံနိုင်ဘူး။ ဒီကြေညာချက် ထွက်လာရင် အစည်းအရုံးကြီး အင်အားနိမ့်သွားမယ့် အခြေအနေမျိုး ဖြစ်ချင် ဖြစ်သွားမယ်။ ခုနေအခါမှာ နိုင်ငံရေးကိုကြည့်ရင် ဒီ အစည်းအရုံးကြီးသာ ရှေ့အဖို့ အားထားနိုင်စရာ တွေ့ရ တယ်။ သခင် သတင်းတွေကို မြန်မာ့အလင်းမှာ ထည့်စဉ်က ကိုကို့ကို ဘယ်သူမှ မကျေနပ်ကြဘူး။ ဒီအသင်း ရှိဖို့ရာ လိုလားလွန်းလို့ အတိုက်အခံလုပ်ပြီး





ထည့်လာခဲ့ရတယ်။ ကိုကို့စိတ်ထဲမှာတော့ မကွဲစေချင်ဘူး။ ညီညီညွတ်ညွတ် တိုက်ကြရမယ်။ ဒါပေမဲ့ ကွဲရမယ်ဆိုရင် ဒီအသင်းကြီးရဲ့ အင်အား မယုတ်လျော့ အောင်တော့ တစ်မျိုးတစ်ဖုံ ကိုကို လုပ်ရလိမ့်မယ်။ နည်းနည်းမှ စိတ်မအေးဘူး တင်လေး'

ထိုနေ့ညက သတင်းစာတိုက်တွင် အစည်းအရုံးဥက္ကဋ္ဌ သခင်သိန်းမောင် နှင့် တွေ့ဆုံ၍ ရှေ့နိုင်ငံရေးတွေကို တိုင်ပင်ဆွေးနွေးကြရုံမက သခင်ဘစိန်တို့အား 'ဒေါက်တာဘမော်ရဲ့ ကြေညာချက် မထုတ်သေးခင် အသင်းက ထုတ်စာ ပေးခဲ့ ကာ အပေးစောခဲ့ပြီ' ဟုလည်း စိတ်မကောင်းဖြစ်စွာ သူ ပြောနေသည်။ ကျွန်မ သည် သူတို့ဘေးမှထိုင်လျက် ကျွန်မ၏ မှတ်တမ်းအတွက် တစ်စုံတစ်ခု ရေးနေ သလို တစ်လုံးမကျန် လိုက်မှတ် ရေးနေသည်။

သခင်သိန်းမောင် ပြန်သွားပြီးနောက် သတင်းစာတွင် သခင်သိန်းမောင် ၏ ကြေညာချက်နှင့် နိုင်ငံရေးသတင်းများကို ရေးသားရလေရာ လေးလေးနက် နက် စဉ်းစားချိန်ဆစွာ ရေးနေ၍၊ ဤအခိုက်အတန့်၌ သူ့အား အသက် ၄၀ လောက် ထင်မှတ်ရအောင် ရုပ်ရည် အိုမင်းသွားသလို ရင့်ကျက်မှောင်ကုတ်နေ သည်။ "ဒါကြောင့်လဲ ဆံပင်တွေ ဖြူကုန်တာပဲ" ဟု စဉ်းစားရင်း မျက်တောင် တစ်ချက်မျှ မခတ်မိဘဲ သူ့ကို ကြည့်နေလေသည်။

စာစီသမား ကော်ပီ လာမယူခင် ကပျာကယာ သတင်းများကို ယူ၍ ဖတ်လိုက်ရသည်။ ကျွန်မ ဖတ်၍ပြီးသောအခါ အလုပ်လုပ်နေရာမှ 'ဘယ့်နှယ့်လဲ တင်လေး' ဟု လှမ်း၍မေးသဖြင့် 'ကောင်းပါတယ်' ဟု ပြောလိုက်ရသော်လည်း စိတ်မချမ်းမသာ ဖြစ်သွားသည်။ ကျွန်မသည် သခင်ဗစိန်၊ သခင်အောင်သန်း၊ ဗိုလ်စကြာ၊ သခင်ထွန်းအုပ်၊ သခင်ညို၊ သခင်လေးမောင်၊ သခင်သိန်းမောင် စသည့် ပုဂ္ဂိုလ်တွေနှင့် နောက်နောင် နိုင်ငံရေးလုပ်ခဲ့စဉ်က အလွန်ပင် ရင်းနှီးခဲ့ သည်။ သူတို့ တရားပွဲတွေတွင် ကျွန်မကိုပါ စင်ပေါ်တွင် တင်ပေးခဲ့သည်။ ကျွန်မသည် သူတို့အား ထိုစဉ်က ကြည်ညိုရင်းစွဲ ရှိခဲ့သည်။

အထူးသဖြင့် သခင်ညိုမှာ ကျွန်မကဲ့သို့သော ခေတ်ဆန်သော အမျိုးသမီး တစ်ဦးက သခင်အသင်းထဲတွင် ပါဝင်၍ ကိုယ်ဖိရင်ဖိ ဝင်ရောက်ကူညီမှုတွေ ကြောင့် ကျွန်မအပေါ်တွင် လေးစားပိုမို ခင်နေသူ ဖြစ်သည်။ ယခုလို နှစ်ခြမ်းကွဲ လောက်အောင် အဆင်မပြေဖွယ်တွေ တွေ့ရသောအခါ၌ စိတ်မကောင်းဘဲ မနေ နိုင်ပေ။ ကျွန်မ စိတ်မကောင်းနေသည်ကိုသိ၍ သူက 'အသင်းတွေ ကွဲတာတော့ အဆန်း မဟုတ်တော့ဘူး တင်လေး။ ကောင်းချင်လို့သာပဲလို့ မှတ်ကြရဖို့ပဲ' ဟု ပြောလေသည်။

နောက်တစ်နေ့တွင် သခင်ကိုယ်တော်မှိုင်းကြီးက သခင်အစည်းအရုံးမှ ထွက်စာတစ်စောင်ရေး၍ သတင်းစာတွင် ထည့်သွင်းရန် လူလွှတ်ပေးခိုင်းလိုက်သောအခါ 'မဖြစ်ဘူး တင်လေး၊ ကားငှားပြီး ကြည့်မြင်တိုင် လိုက်မှပဲ။ ဆရာကြီးကို မထွက်ဖို့ရာ အမီ သွားပြောရမယ်။ ထွက်မယ်ဆိုရင်တော့ ကိုကို့ အကြံအစည်တွေ ပျက်ကုန်တော့မှာပဲ' ဟု ပြောလေသည်။

'ဘာတွေများ ကြံစည်နေလို့လဲ ကိုကိုရဲ့'

ညဘက်တွင် ဆရာကြီး၏အိမ်သို့ ကျွန်မတို့ သွားကြသည်။ ဆရာကြီးအား ဤအသင်းမှ မထွက်ရန် သွားရောက်တောင်းပန်ခြင်း ဖြစ်သည်။ ထိုစဉ်က သတင်းစာက တစ်ဖက်၊ နိုင်ငံရေးက တစ်ဖက်။ သူဖြစ်နေပုံမှာ စိတ်မောစရာ အလွန်ကောင်းလှသည်။ အိပ်ချိန် စားချိန်လည်း မမှန်ပေ။ အိမ်တွင် ငြိမ်ငြိမ်မနေနိုင်အောင် နဂါးနီ သွား၊ တို့ဗမာအစည်းအရုံး သွားနှင့် အလုပ်ရှုပ်ပွနေလေသည်။

'ဒီနေ့ည ကိုကို ဗိုလ်တထောင်တံတားကြီးမှာ သခင်သန်းထွန်းနဲ့ ကိုနုကို စကားပြောဖို့ ချိန်းထားလိုက်တယ်။ ကိုနုက သခင်အသင်းထဲ ဝင်ဖို့ရာ သခင်နာမည်ကို သူ မတပ်ချင်ဘူး။ ကိုအောင်ဆန်းကိုလည်း ပါအောင် လုပ်ရလိမ့်မယ်။ သူတို့ မဝင် ဝင်အောင် ကိုကိုတော့ မရမက တိုက်တွန်း ကြိုးစားရတော့မှာပဲ။ သူတို့ ဝင်ရင် နိုင်ငံရေးဟာ တစ်မျိုးဖြစ်လာမယ်။ ကြည့်နေ တင်လေး'

ဗိုလ်တထောင်တံတားကြီးသို့ ထွက်သွားနေခိုက် သခင်အရေးတော်ပုံကြီးကို မှတ်တမ်း အကျယ်တဝင့်ရေး၍ အချောပြင်ကူးနေသည်။ သူတို့ တံတားတွင် မည်သို့မည်ပုံ ပြောဆိုနေကြလိမ့်မည့်ပုံကို သိချင်စိတ် ပြင်းထန်နေသည်မှာလည်း တားဆီးမရအောင် ဖြစ်နေသည်။

သူ ပြန်လာလျှင်လာချင်း နေရာကျပုံ ရရဲ့လားဟု ဆီး၍မေးရာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ထိုည၌ အယ်ဒီတာနှင့် နိုင်ငံရေးသမား ယှဉ်ပြိုင်ဖြစ်နေသော သူ့ဘဝကို ကောင်းကောင်းကြီး သိမြင်သွားတော့သည်။

သတင်းစာနယ်ပယ် အပြင်ဘက်ရှိ မိုးမှောင်ကျနေသည့် နိုင်ငံရေးနယ်ကြီးဆီသို့ လျှပ်အပြက် လက်ခနဲ ဝင်းသွားသည့် အခိုက်အတန့်၌ သူ့အား နိုင်ငံရေးသမား တစ်ယောက်အဖြစ်နှင့် ထင်းခနဲ မြင်လိုက်ရပေပြီ။

သူသည် စာပေဝါသနာပါလွန်း၍ အယ်ဒီတာလုပ်နေခြင်း မဟုတ်ပေ။ စာရေးခြင်းအလုပ်ကို လိုရာခရီးတစ်ခုသို့ ရောက်အောင်သွားနေစဉ် အသုံးပြုသော ယာဉ်လောက်သာ သဘောထားလေသည်။ နိုင်ငံရေးစိတ်ဓာတ် ကြီးမားထက်သန်လွန်းသောကြောင့်သာ အယ်ဒီတာလုပ်နေခြင်းဖြစ်ကြောင်း အမှန်ကို မြင်ရပေပြီ။





နိုင်ငံရေးတွင် နိုင်ငံရေးသမားတစ်ယောက် အဖြစ်ဖြင့် ခြေစုံပစ်၍ ဝင်ရောက်မလုပ်နိုင်ရှာသေးပေ။ သူလိုလူတစ်ယောက် သတင်းစာဘက်တွင် ယခုအခါ ရှိဖို့ လိုလေသည်ကို သူ ကောင်းစွာသိသည်ဖြစ်၍၊ အယ်ဒီတာဘဝကို လက်မလွှတ်နိုင်သေးမှန်း ကျွန်မအမြင်တွင် ရှင်း၍နေသည်။ သို့သော် နိုင်ငံရေးတွင် သူကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်လိုက်က ခရီးမည်မျှရောက်နိုင်သည်ကို ခန့်မှန်းကြည့်မိလေသည်။ မိမိနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွေကို ကောင်းစွာသိနိုင်အောင် စာအုပ် လက်ကမချ ဆည်းပူးပြီးလျှင်၊ နေ့ရက်မပြတ် သတင်းစာမှတစ်ဆင့် နိုင်ငံသူ နိုင်ငံသားတို့အား အကြံပေး၍ လမ်းပြနေသည့် တကယ့် အလုပ်ကြီးကို လုပ်နေခိုက် နိုင်ငံရေးသမားတစ်ယောက် ဖြစ်မသွားစေ သေးချင်သော်လည်း၊ တစ်နေ့နေ့တွင် ဤလမ်းသို့ သူ ရောက်သွားအောင် တိုက်တွန်း၍ ပေးမည်ဟု စွဲစွဲမြဲမြဲကြီး သန္နိဋ္ဌာန် ချထားလိုက်သည်။

## ၂၃ ။ ဗရုတ်ဗရက် အချိန်ကြီး

၁၃၀၀ ပြည့် နယုန်လကွယ်နေ့တွင် ၃၈ လမ်းနေအိမ်၌ သားဦးကလေးကို ဖွားမြင်သည်။ ထိုနေ့၌ပင် သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာအစည်းအရုံးတွင် အသင်းသားမဖြစ် သခင်အောင်ခင်ဟု အမည်သွားသွင်းလိုက်ကာ ဝင်ကြေးကိုပါ သူ ပေးခဲ့သဖြင့်၊ မည်မျှ နိုင်ငံရေးစိတ်ဓာတ် ထက်သန်ကြီးမားသနည်း ဟူမူကား မွေးခါစသားကိုပါ နိုင်ငံရေးနယ်ထဲတွင် မှတ်ပုံသွားတင်ထားလေသည်။

စာရေးဆရာမကြီး ပါးလ်ဘတ် ရေးသော Good Earth ခေါ် "ဝသုန္ဓြေ" ရုပ်ရှင်ကားကြီးထဲကကဲ့သို့ ပေါ်မူနီ သားဦးရစဉ် "My Son"(ကျွန်ုပ်သား) ဟူ၍ ကျူးရင့်သီကြွေးနေသလို သူလည်း ကလေးနှင့် မျက်နှာချင်းဆိုင်မိရလျှင် "My Son, My Son" ဟု နှုတ်ဖျားမှ မြည်ကြွေးနေလေသည်။

ညတိုင်း ညတိုင်း မြန်မာ့အလင်းတိုက်သို့ တစ်ရက်မပျက် အတူလိုက်သွားသော ကျွန်မမှာ သားကလေး ဖွားမြင်သည့်နေ့ကမှ အိမ်တွင် နေရစ်ခဲ့တော့သည်။

အချိန်ကာလ ၇ လဖြင့် မီးရှူးသန့်စင် ဖွားမြင်ရသော ကလေးဖြစ်၍ ခင်ကြီး ထံသို့ သံကြိုးပို့လိုက်လျှင် ပို့လိုက်ချင်း အံ့အားသင့်ပြီး ကတိုက်ကရိုက်ချင်း လိုက်လာလေသည်။ ဖခင်ကြီးကိုယ်တိုင် ကိုယ်ဖိရင်ဖိ မီးတွင်းကိစ္စရပ်သမျှကို မြန်မာနည်းစနစ်အတိုင်း အနားကမခွာ ပြုစု၍ ပေးနေသောကြောင့် သူလည်း ခွင့်ရက်မယူဘဲ အလုပ်တိုက်သို့ စိတ်ချလက်ချ သွားနိုင်ခဲ့လေသည်။

ဖခင်မှာ အလုပ်မှ ခွင့်ရက်ရှည်မရခဲ့သဖြင့် ၇ ရက်မြောက်သောနေ့ ညတွင် ကလေးသို့ပြန်သွားပြီး အိမ်ကျယ်ကျယ်ပြောင်းနေရန် အထပ်ထပ် မှာသွားသည်။

ဖခင် ပြန်သွားပြီး၍ သုံးလေးရက် မကြာခင် တစ်နေ့တွင် သူလည်း သွားနေကျ အချိန်အတိုင်း အလုပ်တိုက်သို့ ထွက်သွားသည်။ ကျွန်မ နေမကောင်းစဉ် ပြုစုရန် ကျွန်မ၏ ကြီးကြီးနှင့် တူမများကို အိမ်မှ ပို့လိုက်၍ အိမ်တွင် လူများနေသည်။

နံနက် ၉ နာရီလောက်အချိန် ရှိလေမည်။ မိုးသားများကား ကင်းရှင်းပြီး နေပွင့်နေသည်။

ကျွန်မမှာ ခုတင်ပေါ်တွင်ပင် လှဲ၍ နေရသေးသည်။ ထိုသို့ လှဲနေစဉ် လမ်းထဲတွင် ဆူဆူညံညံ အုန်းအုန်းကျွက်ကျွက် ဖြစ်လာသောကြောင့် ကပျာကယာ ထ ကာ ပြတင်းပေါက်မှ ကြည့်လိုက်သည်။ 'မာရီး မာရီး' နှင့် အော်ဟစ်ပြီး ကုလားအုပ်ကြီး ကျွန်မတို့လမ်းထဲသို့ ပြေးဝင်လာသည်ကို မြင်ရသည်။ လူတွေ ကစဉ့်ကလျားနှင့် လမ်းပေါ်တွင် ဦးတည့်ရာ ပြေးနေကြသည်ကိုလည်း လှမ်းမြင်နေရသည်။

"ကုလားနဲ့ဗမာများ ရိုက်တာလား" ဟု စဉ်းစား၍ ကြည့်နေစဉ် လမ်းပေါ်က ကုလားများက ကျွန်မကို အပေါက်ဝတွင် မြင်၍ 'ဘရမာ၊ ဘရမာ' ဟူ၍ ဝိုင်းအော်ကာ အိမ်အောက်သို့ ပြေးလာကြရာ၊ ကျွန်မသည် အသည်းထိတ်သွားလျက် တံခါးကို မြန်မြန်ပိတ်၍ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။

အိမ်ရှိ လူများအား 'ကုလားနဲ့ဗမာ ရိုက်ပြီ' ဟု အသိပေးလိုက်ပြီး အိမ်တွင် သူ မရှိသည်ကို အလွန်ပင် စိတ်အားငယ်သွားသည်။ ရိုက်ကြ နှက်ကြ၊ ပြေးကြ လွှားကြသည့် အသံဗလံတွေမှာ အိမ်အောက်တွင် ဆူညံနေသည်။ ကျွန်မမှာ မီးမထွက်သေးဘဲ သွေးနုသားနုဖြစ်နေ၍ မထိတ်မလန့်ရန် ကြီးကြီးနှင့် အဖော်နေ မချစ်က အထူးသတိပေးကြသည်။

အောက်က ကုလားများ အပေါ်သို့တက်၍ တံခါးကို အတင်းဖွင့်ပြီး ရန်မူခဲ့ပါမူ သေကြဖို့ပင် ရှိတော့၏။ ကျွန်မတို့ လမ်းထဲတွင်နေသော မြန်မာအိမ်များကို လူရိပ်လူကဲ ချောင်းကြည့်လိုက်ရာ၊ ကျွန်မတို့အိမ်နှင့် မျက်စောင်းထိုး သုံးထပ်တိုက်ပေါ်တွင်နေသော ကြေးနန်းရုံးမှ ကြေးနန်းဝန်ထောက် ဦးဘသိန်း၏သား ကိုပါကို မြင်လိုက်သောကြောင့် လှမ်းအော်ခေါ်လိုက်သည်။

ကုလားများ လမ်းထဲတွင် စဲသွားလျှင်သွားချင်း ကိုပါလည်း လာရောက်၍ ဤအိမ်တွင် မနေရန်၊ ဤလမ်းတွင် ကုလားများ၏ စိုးရိမ်စရာများရှိသဖြင့် သူတို့နှင့် သံကြိုးရုံးကြီးသို့ အတူလိုက်ခဲ့ရန် ခေါ်လေသည်။

ထိုသို့ခေါ်နေ၍ လိုက်ရကောင်း မလိုက်ရကောင်း စဉ်းစားနေစဉ် ကုလားတွေ လမ်းထဲသို့ တစ်အုပ်ကြီး ပြေးဝင်လာပြန်ပြီး ပစ်ကြ၊ ခုတ်ကြ၊ ရိုက်ကြသည့်





အသံများမှာ လမ်းထဲတွင် ပွက်ပွက်ညံနေသဖြင့် ကိုပါက ကျွန်မအား သူတို့ သွားတော့မည်ဖြစ်၍ လိုက်လျှင်လည်း ယခုလိုက်ရန် အတင်း ဇွတ်ခေါ်နေလေသည်။ ကျွန်မ စိတ်ထဲတွင် သူ ကျွန်မထံသို့ ပြေးအလာ လမ်းတွင် ကုလားများ ရိုက်၍ သေများနေပြီးလားဟု စိတ်ပူကြောင့်ကြ ကြီးရသည်မှာ တစ်ဖက်၊ သူမသိဘဲ လိုက်သွား၍ တစ်ယောက်နှင့်တစ်ယောက် အကြောင်းမကြားနိုင်အောင် အဆက်ပြတ်နေမည်ကိုလည်း ပူပန်ရသည် တစ်ဖက်ကြောင့် တစ်ခါတည်း မဆုံးဖြတ်နိုင်ဘဲ တွေဝေနေမိသည်။

အတူနေကြသော အိမ်သားများမှာ ဤအိမ်မှ ချက်ချင်း ထွက်သွားချင်ကြသော စိတ်ဆန္ဒ ကြီးမားကြပြီး ကျွန်မအား ဟိုရောက်မှ သူ့ထံ အကြောင်းကြားမည်၊ လိုက်သွားရအောင်ဟု တိုက်တွန်းကြသည်။

ကြီးကြီးနှင့် တူမများ၏ မျက်နှာတွေတွင် သွေးမရှိလောက်အောင် ဖြူရော်ကြောက်ရွံ့ထိတ်လန့် နေကြသောကြောင့် စဉ်းစားမနေတော့ဘဲ ကျွန်မ၏ မှတ်တမ်းကြီး၊ သူ နှစ်ခြိုက်သော "ကွိ" စာအုပ်ကလေးနှင့် လက်ဝတ်လက်စားများ၊ ကလေးအတွက် အဝတ်အစားများကို သားရေအိတ်ထဲတွင် ထည့်ယူကာ၊ ကိုပါတို့နှင့် သံကြိုးရုံးကြီး အပေါ်ထပ်သို့ ထွက်ပြေးလာခဲ့ကြသည်။ အိမ်ကိုမူ ကမ္ဘာသကာဟု သဘောထားကာ သော့ပိတ်ပစ်ခဲ့သည်။

သံကြိုးရုံးကြီးတွင် ကျွန်မတို့ အိမ်သားတစ်စုနေရန် နေရာပေးသော အခန်းကြီးမှာ ဝိုင်ယာလက် အခန်းကြီး ဖြစ်သည်။ တစ်ခန်းလုံး မှန်ခန်းကာထားသဖြင့် အခန်းထဲသို့ တိုးလျှိုပေါက် မြင်နေရသည်။ ကုလားတွေ အခန်းပြင်ဘက်မှ လျှောက်သွားကြတိုင်း ကြီးကြီးတို့မှာ ကြောက်လွန်လွန်း၍ လုံမည်အထင်နှင့် စားပွဲကြီးအောက်တွင် ဝင်ပုန်းကြသည်။ ကျွန်မကိုလည်း စားပွဲအောက်ကနေ၍ လက်ယပ်ပြ ခေါ်ကြသည်။

ကျွန်မသည် ကလေးကို ရင်ခွင်တွင်ပိုက်လျက် သူတို့ကိုကြည့်ပြီး စိတ်ထဲ၌ နောက်ကျူနေလေသည်။ သံကြိုးရုံးအလာ လမ်းတွင် သွေးထွက်သံယို လူနာများကို မြင်ခဲ့ရ၍ လူမလန့်သော်လည်း သွေးလန့်လာသည်။ အားငယ်နေသည့် စိတ်မှာလည်း ကိုးကွယ်ရာ မရှိသလောက် ဖြစ်နေပေသည်။

တယ်လီဖုန်းဖြင့် သူ့ထံသို့ ကိုပါက အကြောင်းကြားပေးရာ၌ မြန်မာ့အလင်းတိုက် ထိပ်တွင် ကုလားများ ပိတ်ဆို့နေ၍ မထွက်နိုင်ကြောင်းနှင့် သံကြိုးရုံးပေါ်တွင် ရောက်နေပြီဆို၍ စိတ်အေးသွားကြောင်း၊ ညတွင် သူနာပြုဦးဘနင်းကားနှင့် သူ လာခဲ့မည့် အကြောင်းကို ကိုပါ လာပြောမှ သူ့အတွက် စိတ်အေးသွားသည်။

ညနေ နေဝင်၍ မိုးချုပ်ခါနီးတွင် ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ကြီးပေါ်၌ ကုလားနှင့်ဗမာများ ဌာသံပေး၍ အော်ဟစ်ရိုက်နှက်နေကြသည့် အသံများမှာ နားထဲတွင် စူးသွားအောင် ကြောက်ခမန်းလိလိ ဖြစ်တော့သည်။

၇ နာရီလောက်တွင် သူနှင့် ဦးဘနှင်းတို့ ကျွန်မတို့အခန်းထဲသို့ ဝင်လာကြသည်။ သူ့ကို တွေ့ရလျှင် တွေ့ရချင်း စောစောက ကြောက်လန့်နေသည့် စိတ်များ ခဏချင်း ဘယ်ပျောက်သွားမှန်း မသိတော့ဘဲ ပြောစရာ မရှိအောင် အားရှိသွားသည်။

'ကိုကို့အတွက် ပူလိုက်ရတာ၊ ခုမှပဲ စိတ်အေးတယ်။ ကြီးကြီးတို့ ကြောက်တာတော့ မပြောနဲ့တော့။ တင်လေးထက် ပိုကြောက်ကြတယ်။ ဒီကိုအလာ လမ်းမှာလည်း လူနာတွေမြင်ရလို့ စိတ်ကိုမနည်းဘဲ တင်းထားရတယ်။ ဒါတောင်မှ လာရတာ ကိုကို မပါတော့ စိတ်အားငယ်ပြီး သွေးလန့်နေလို့ နှလုံးတွေ တုန်နေတာပဲ။ တိုက်ကကော အေးရဲ့လား'

'ဟိုမှာလည်း တယ်စိတ်မချရဘူး။ ကုလားတွေ မြန်မာ့အလင်းတိုက်ကို အတင်းဝင်မယ်လုပ်လို့ ကိုကို ထွက်ရိုက်ဖို့ လူစုပြီးဆင်းတော့၊ ကိုကိုတို့တိုက်အုပ်က အတင်းခေါ်ပြီး ခြောက်လုံးပြူး ဖောက်လိုက်မှ ကုလားတွေ မကပ်ရဲတယ်'

'တင်လေးတို့အတွက် ကိုကို သိပ်ပူသွားတယ် မဟုတ်လား'

'တင်လေးအတွက် ပူတာတော့ မပြောနဲ့တော့။ အပြင်ကို ထွက်လို့မရဘူး။ ကုလားတွေ စဲသွားသွားချင်း လာမယ်အလုပ်မှာ ဒီရောက်နေတာ သိရတာပဲ။ အိမ်ကို သော့ပိတ်ခဲ့သလား'

'ကမ္ဘသကာပဲ ထားခဲ့တယ်။ ကိုပါကို ကျေးဇူးအများကြီး တင်ရတော့မယ်။ သူ့ကြောင့်ပါပဲ။ အခုလည်း မနက်ကတည်းက ကြီးကြီးတို့ ဘာမှ မစားရသေးဘူး။ ဒီမှာ ဘာမှ စားစရာ မရဘူး။ ကိုပါ ကော်ဖီလာပို့လို့ သူတို့ သောက်ရတယ်။ ဒီအခန်းကြီးထဲမှာ ဒီလိုပဲ နေရမလား ကိုကို'

'ဒီမှာလည်း ကိုပါတို့ အရှိသားပဲ။ စိတ်လည်း ချရပါတယ်။ တခြားကို ထွက်လို့တော့ မဖြစ်ဘူး။ မ အေးခင်တော့ ဒီလိုပဲ နေရဦးမယ် တင်လေး။ အိမ်က လိုချင်တာရှိရင် သော့ပေးလိုက်။ ကိုဘနှင်းကားနဲ့ သွားယူပေးမယ်'

'ညအတွက် အိပ်ရာလိပ်တော့ ယူမှပဲ။ သမံတလင်းပေါ်မှာ ဘာမှမရှိဘဲနဲ့ ဘယ်လိုအိပ်မလဲ။ ကိုကို့အတွက်ရော၊ တင်လေးတို့အတွက်ရော ယူမှပဲ'

'ကိုကို့အတွက်တော့ ရှိပါစေ။ ကိုကို ဒီမှာ မအိပ်နိုင်ဘူး'

'ဘယ်လိုပြောတာလဲ ကိုကို၊ ဘယ်မှာ အိပ်မလို့လဲ'

'တိုက်မှာ အိပ်ရမယ်။ ခုအချိန်ဟာ သတင်းစာအတွက် သိပ်အရေးကြီး





နေတဲ့ အချိန်။ ကိုကို တိုက်မှာမရှိရင် သတင်းစာထွက်နိုင်မှာ မဟုတ်ဘူး။ ကိုကို ဘယ်နည်းနဲ့မှ ဒီမှာ မနေနိုင်ဘူး။ တင်လေးတို့သာ ကြည့်နေကြပေတော့'

ကျွန်မနားထဲတွင် ခါးသွားလေသည်။ ဤရုံးကြီးပေါ်တွင် သူမရှိဘဲနှင့် ကျိုးလန့်စာစား နေကြရမည်မှာ မတွေးဝံ့လောက်အောင်ပင် ဖြစ်သည်။ မြို့ပျက်သကဲ့သို့ အုန်းအုန်းကျွက်ကျွက်ကြီး ဖြစ်နေစဉ် သွေးနုသားနုရှိသေးသော ကျွန်မကို ဤရုံးပေါ်တွင် ထားပစ်ခဲ့နိုင်သလားဟု ရင်ထဲ၌ မခံမရပ်နိုင်အောင် အောင့်သွားသည်။ နေ့စဉ် ထွက်နေသည့် သတင်းစာကြီးတစ်စောင် ဤအချိန်ကြီးတွင် ပိတ်၍မထားရန်၊ သတင်းစာအတွက် မည်မျှအရေးကြီးသည်ကို ကောင်းစွာ သိမြင်ပါသည်။ သို့သော် ကျွန်မတို့ နေရသည့်နေရာမှာ အိမ်လိုရာလို နေရာမျိုး မဟုတ်ဘဲ၊ အဆီးအပိတ်မရှိသည့် ရုံးခန်းကြီးဖြစ်နေ၍ ဤရုံးခန်းထဲတွင် ညအိပ်ညနေ ကျွန်မတို့ချည်း နေကြရမည်။ နေရဲ၍ သတ္တိရှိစေကာမူ မိန်းမသားများဖြစ်၍ မသင့်တော်ပေ။ အထူးသဖြင့် ကျွန်မမှာ မျက်နှာမြင်ပြီးစ မီးမှ မထွက်ရသေးဘဲ ရက်နုနုလေး ရှိသေး၍ ဤအချိန်တွင် သွေးပျက်သွားပါက ဝေဒနာအမျိုးမျိုး ကပ်ရောက် ဖောက်ပြန်နိုင်သဖြင့် ကျွန်မအတွက် စိတ်ချ၍ မနေထိုက်ဘဲ၊ ကျွန်မအနားတွင် သူ ရှိအပ် ရှိသင့်သည်။ သတင်းစာအရေးကဲ့သို့ ကျွန်မအရေးကလည်း အရေးကြီးသည်ဟု လက်ခံ တွေးတော ယူဆ စေချင်ပေသည်။

အိပ်ရာလိပ်များ ယူလာပေးပြီး 'သွားတော့မယ် တင်လေး။ ကိုကို နက်ဖြန် အချိန်ရရင် လာခဲ့ဦးမယ်'ဟု နှုတ်ဆက်သွားသည်အထိ ကျွန်မသည် စကားတစ်ခွန်းမျှ မပြောချင်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

သူ ပြန်သွားသွားချင်း ရင်ထဲတွင် အောင့်သွားသည့် ဒဏ်ရာဒဏ်ချက်မှာ မခံမရပ်နိုင်အောင် နာနေသည်။ ဖခင်ကြီးသာ ဤအဖြစ်ကို တွေ့မြင်သွားပါက မည်သို့ နေ့ရှာမည်နည်းဟု တွေးရင်းတွေးရင်း ဝမ်းနည်းလွန်း၍ မျက်ရည်မကျမိစေရန် ချုပ်တည်းထားရသည်။

ကြီးကြီးတို့တစ်တွေမှာ ကြောက်ကြရသည့်အထဲ သူပြန်သွား၍ စိတ်မကောင်း ဖြစ်သွားကြသည်။ မျက်နှာငယ်ကလေးတွေနှင့် ကျွန်မကို စကားမပြောရဲလောက်အောင် ဖြစ်နေကြသည်။ ကျွန်မ အရိပ်အကဲခတ်၍ အခန်းထောင့်တွင် ကုပ်ထိုင်နေကြသည်။ ကိုပါလည်း အားငယ်နေမည်ကိုစိုး၍ ကျွန်မထံသို့ ခဏခဏ လာအားပေးရှာသည်။ သူ လာစဉ်သာလျှင် အားရှိသလို ဖြစ်ကြလျက် သူ ပြန်ထွက်သွားသည့် အခါ၌ မအိပ်ရဲကြဘဲ၊ ရုံးခန်းကြီးထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ငုတ်တုတ် ထိုင်နေကြလေသည်။

အရုဏ်တက်၍ မိုးလင်းသွားသည့်အထိ ကျွန်မတို့ ငုတ်တုတ်ထိုင်နေ

သည်။ ကလေးငိုလိုက်လျှင် ကျွန်မစိတ်ထဲတွင် အခါတိုင်း ငိုယိုသံကို ကြားရသလို မဖြစ်ဘဲ၊ သူ့အဖေ ပစ်ထားခဲ့သည်ကို ဆွ၍ ပေးလိုက်သလို ကျွန်မပါ အတူရော၍ ငိုလိုက်ချင်သလို ဖြစ်မိသည်။

သတင်းစာကို ကျွန်မထက် ပို၍ အရေးကြီးသွားသည်ကို မခံချင်လျက်နှင့် အောင့်ခံလိုက်ရသည်။

မိုးလင်း၍ ထမင်းအတွက် စဉ်းစားကြရာ အိမ်ပြန်ချက်မှ စားကြရမည် ဖြစ် သည်။ အနီးအနားတွင် ဝယ်စားရန် ထမင်းဆိုင်ကို မဆိုထားဘိ၊ လမ်းတွင် လူတစ်ယောက်မျှ မလျှောက်ရဲအောင်ပင် ရှင်းနေသည်။ ထမင်းအတွက် အကြံခက်၍ နေကြသည်။ ကိုပါက ပြန်ချက်လိုက သူနှင့် လိုက်ခဲ့ပါဆို၍ မချစ်သည် အရဲစွန့်လျက် သူ သွားချက်မည်ဟု ပြောသည်။ မချစ် သွား၍ ချက်မည်ကို စိတ်မချနိုင်။ ကျွန်မသာ ပြန်ချက်ပြီး သူတို့ကို ကျွေးလိုက်ချင်သည့်စိတ် တကယ်ရှိသော်လည်း နေမကောင်းနေသူဖြစ်၍ ကျွန်မကို ခွင့်ပေးကြလိမ့်မည် မဟုတ်သည့်အတွက် ပြောလည်း အပိုသာ ဖြစ်နေမည်မို့ “ကျွန်မ သွားချက်မယ်” ဟု မပြောသာဘဲ ဖြစ်နေသည်။

မချစ်မှာ ကိုပါနှင့် အရဲစွန့်၍ လိုက်သွားသည်။ ပန်းဆိုးတန်းလမ်းထောင့်မှ ၃၈ လမ်းထဲသို့ ခြေကျင်လျှောက်၍ သွားရရှာသည်။ ရုံးကြီးအပေါ်ထပ်မှနေ၍ မချစ်တို့ သွားကြသည်ကို လှမ်းမျှော်ကြည့်နေစဉ် ကုလားများ ရိုက်နှက်၍ မချစ် တစ်စုံတစ်ခု ဖြစ်သွားပါက ကျွန်မလည်း တာဝန်မကင်း၊ သူလည်း တာဝန်မကင်း ဖြစ်လိမ့်မည်။ ယခုလို အချိန်တွင် မချစ် သွား၍ ချက်ရန် မထိုက်။ သူသာလျှင် ရှာဖွေ၍ ကျွေးထိုက်သည်ဟု အောက်မေ့မိသည်။

ကျွန်မသာ အကယ်၍ သူ့ကို အတင်းအကျပ် တားလိုက်မည်ဆိုက ဤလိုပစ်သွားချင်မှ သွားလိမ့်မည်။ မတားလိုက်၍သာ ကျွန်မတို့ ယခုလို ဒုက္ခဖြစ်နေကြသော်လည်း အနယ်နယ်က ဘုမသိ ဘမသိနှင့် ထွက်လာမည့် ခရီးသည်များအတွက် ရန်ကုန်တွင် ကုလားဗမာ ရိုက်နေသည်ဟူသော သတင်းကို သတင်းစာကြောင့် သိနိုင်ကြသည့်အတွက်၊ အမျိုးမျိုးသော ကိစ္စဖြင့် လာရောက်ကြမည့် သူတွေကို မလာရန် ဆိုင်းငံ့တားမြစ် ပေးနိုင်တာပဲဟု စိတ်သက်သာရာ သက်သာကြောင်းများ ဖြစ်အောင် အဘက်ဘက်မှ လှည့်၍ စိတ်ကို ဖြေကြည့်ရသည်။

နေ့လည် ၂ ချက်လောက်တွင် သူ ရောက်လာသည်။ ရောက်ရောက်ချင်း ‘နေကောင်းရဲ့လား’ ဟု မေးသည်။ ကျွန်မကလည်း ‘အိမ်သာကို ခဏခဏ ထရဲ့လား’ ဟု ပြိုင်တူ မေးမိသည်။ ‘သွားပါတယ်’ ဟု ဖြေ၍ ကျွန်မအား မေးသော မေးခွန်းကို မဖြေရတော့ပေ။





ရိုက်ပွဲကြီးအခြေအနေ သတင်းစုံကို ယနေ့နံနက် သတင်းစာထဲတွင် ပါသည်ထက် စုံစုံစေ့စေ့ ပြောပြသည်။ အစိုးရကို အတိုက်အခံ အကြိတ်အနယ် ရေးလိုက်ရ၍လည်း အတော်ပင် ကျေနပ်အားရနေပုံ ရသည်။ မြို့ပျက်မတတ် ဆူနေသည့် ကြားထဲက သတင်းစာ ထွက်နိုင်အောင် လုပ်နေရသည့်အတွက် ပျော်နေပုံကိုလည်း တွေ့ရသည်။ ‘ကိုကို့အတွက် ဘာမှမပူနဲ့။ စားဖို့သောက်ဖို့ပါ တိုက်အုပ်က အကုန်စီစဉ်ပေးတယ်’ ဟု စိတ်အေးအောင် ပြောသည်။

မချစ် ချက်ပြုတ်ယူလာသည့် ထမင်းကို သူ့အား ပြင်၍ကျွေးရာ ကျွန်မပါ စားရန် ခေါ်သဖြင့် မစားချင်ဘဲနှင့် မှိတ်မျိုချလိုက်ရသည်။

‘ညကို တစ်ခါလာခဲ့ဦးမယ်’ ဆို၍ ဘေးရန်တွေကြားထဲက မလာရန်နှင့် ကျွန်မတို့အတွက် စိတ်မပူရန် မှာလိုက်သည်။ သူ စားသွားသည့် ထမင်းကို ဘယ်က ရသလဲဟု တစ်ခွန်းမျှ မေးမသွားသည့်အတွက် “နေနိုင်ရန်ကော” ဟု ထပ်၍သာ စိတ်မကောင်း ဖြစ်နေသေးသည်။

ရိုက်ပွဲကြီး၏ အခြေအနေမှာလည်း တိုး၍သာ ဆိုးရွားနေသည်။ စစ်ပုလိပ်များပင် မအုပ်နိုင်၊ မထိန်းနိုင်အောင် ဖြစ်နေသည်။ တစ်မြို့လုံးတွင် တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် ရိုက်ပွဲဖြစ်နေသည်။ ငြိမ်သက်သွားသည့် အရိပ်အယောင်ကိုမျှ မတွေ့ မမြင်ရဘဲ ဆူပွက်နေပေသည်။

ရုံးကြီးပေါ်တွင် ရောက်စ နေ့ကကဲ့သို့ မဟုတ်တော့ဘဲ နေလို့ထိုင်လို့ ရလာသည်။ မချစ် မနက်စောစော ထ၍ သွားချက်ပေးသော ထမင်းကို စားရသည်မှာ မျိုမကျနိုင်ဘဲ စိတ်အထိခိုက်ဆုံး ဖြစ်နေတော့သည်။ မြန်မာ့အလင်းတိုက်တွင် ကိုယ်ဖိရင်ဖိ သွား၍ လုပ်နေသည့် သူ့အတွက်ကိုမူ စိတ်မကွက်တော့ဘဲ ဘေးရန်ကင်းစေရန် မေတ္တာသာ လှမ်းပို့နေရသည်။ ‘တစ်နေ့လုံး တစ်ညလုံး ထိုင်နေမလား၊ ဘာပိုတပါးမှ ထွက်ပါ့မလား။ ရေလည်း မချိုးရနဲ့ သိပ်ညောင်းနေမှာပဲ’ ဟု နှုတ်မှ တတွတ်တွတ် ပြောမိသည်။ ကြီးကြီးက ‘တိုက်လိုက်ပြီး အိမ်သာဝင်ဖို့ ပြောပါဦးလား’ ဟု ဆိုပြီး အရေးထဲတွင် လှောင်နေကြသည်။

နောက်တစ်နေ့တွင် မချစ်တို့ ထမင်းသွားချက်ကြရာ အပြန်နောက်ကျနေသဖြင့် စိတ်တပူပူနှင့် ပြတင်းပေါက်မှ ရပ်မျှော်နေရသည်။ အတော်နေမြင့်မှ သုတ်သီးသုတ်ပျာ ပြန်လာကြသည်။

သူ့ခေါင်းပေါ်မှ ထမင်းအိုးကြီးနှင့် ဟင်းချိုင့်တွေကို လှမ်းကူချပေးပြီး ငိုယိုလာသည့် မျက်နှာကို ကွက်ခနဲ မြင်လိုက်ရသည့်အခါ၌ ကျွန်မမှာ အံ့အားသင့်သွားရာမှ ကတုန်ကယင်ကြီး ဖြစ်သွားလျက် ‘မချစ်၊ မချစ် ဘာဖြစ်လာသလဲ’ ဟု ကြောက်အားလန့်အား မေးမိသည်။

'တင်တင်ရာ၊ တင်တင့်ကို ချစ်လွန်းလို့သာ သွား သွားချက်တာ။ မချစ်ဝမ်းအတွက်ဆိုရင် မသွားဝံ့ပါဘူး။ ချက်ပြီးလို့ တံခါးဖွင့်အဆင်းမှာ ကုလားတွေ လိုက်လို့ ပြန်ပြေးတက်ရတယ်။ အခန်းထဲမှာ တံခါးပိတ်ပြီး နေပေမဲ့ ကြောက်လိုက်တာဆိုတာ မပြောပါနဲ့တော့။ ကိုပါ လာခေါ်မှ ဆင်းပြီး လိုက်ခဲ့ရတော့တယ်။ မချစ် ခြေဖျားလက်ဖျားတွေလည်း အေးနေပြီ၊ ရင်ထဲမှာလည်း ဘယ်လိုဖြစ်နေမှန်း မသိဘူး။ နေ့တိုင်းသာ ဒီလို သွားရရင်....'

ပြောရင်းပြောရင်း မချစ်လည်း ဒူးပေါ်တွင် ခေါင်းတင်ပြီး ငိုနေလေသည်။ ကျွန်မရင်ထဲတွင် ဘယ်လိုအရာဝတ္ထုဖြင့် ခိုက်မိတိုက်မိသည်နှင့်မှ မတူအောင် နာကျင်သွားလေသည်။ ကျွန်မကိုယ်ကို ပြတင်းပေါက်နားသို့ အနိုင်နိုင် အမြန်သယ်ခဲ့လျက် ပြတင်းပေါင်တွင် ခေါင်းမှီပြီး ထားရသည်။

ကိုပါ ဝင်လာသည်ကို သိသော်လည်း လှည့်၍မျှ မကြည့်လိုက်ပေ။ မချစ်ကို ကျွန်မအား ထမင်းကျွေးရန် မှာကြားပြီး ကိုပါ ထွက်သွားသည်ကိုလည်း နှုတ်မဆက်လိုက်နိုင်ပေ။ နေ့လယ်ဘက် သူ ရောက်လာသည်အထိ ကျွန်မမှာ ပြတင်းပေါင်တွင် ခေါင်းချပြီး ရပ်နေလေသည်။

'ကိုကို့ကို စောင့်နေသလား၊ ထမင်း မစားသေးဘူးလား၊ နေမကောင်းဘူးလား'နှင့် ကြင်ကြင်နာနာပင် ကျွန်မကို မေးနေသည်။ ကျွန်မလည်း စကားပြန်မပြော၊ ခေါင်းမဖော်ဘဲ ငုံ့နေသည်။ 'တင်လေး ဘာဖြစ်သလဲ၊ ဘယ်လိုဖြစ်လို့လဲ' နှင့် စိတ်ပူကြီးစွာဖြင့် မရမက မေးနေသည်။

'ကိုကို တင်လေးတို့ကို ဒီည သင်္ဘောဆိပ်ကို လိုက်ပို့ပါ။ ဘိုကလေးကို ပြန်ပါရစေတော့'

'ဘယ်ဖြစ်မလဲ တင်လေးရဲ့၊ ကမ်းနားမှာလည်း ရိုက်နေကြတယ်။ ဘယ်ပြန်လို့ ဖြစ်မလဲ။ ဖေဖေ့ဆီက သံကြိုးတွေ ဒီနေ့မှ စုပြုံရောက်လာတယ်။ တစ်နေ့ ဘယ်နှစောင်များ ရိုက်တယ် မသိဘူး။ အားလုံး ၆ စောင် ရတယ်'

'ဘာတဲ့လဲ ကိုကို'

'လုံခြုံရဲ့လား၊ နေကောင်းရဲ့လား၊ ပြန်ပို့နိုင်ရင် ပြန်ပို့ပါ၊ အခု ဘယ်မှာ နေသလဲ၊ အခွင့်မရရင် အလုပ်ထွက်ခဲ့နဲ့ စုံနေတာပဲ'

'ဟုတ်ပါတယ်၊ တင်လေးတို့ကို ဒီနေ့ည တစ်နည်းနည်းနဲ့ သင်္ဘောပေါ်ရောက်အောင် ပို့ပေးပါ'

'ဘာဖြစ်လို့လဲ တင်လေးရယ်'

'တင်လေး စိတ်မကောင်းဘူး'

'ဪ ... ဒါကတော့ အလျဉ်းမသင့်လို့ နေရတာပဲ။ မကြာပါဘူး အေး





သွားမှာ ပါပဲ။ ခဏတစ်ဖြုတ် အောင့်အည်းပြီး သည်းခံလက်စနဲ့ သည်းခံပါ တင်လေးရယ်'

'တင်လေးကြောင့် မဟုတ်ဘူး၊ သူတို့တစ်တွေကြောင့် တင်လေး ပြန်ချင်တယ်'

'သူတို့က မနေချင်ဘူးတဲ့လား'

'မနေချင်တာထက် မချစ် အဖြစ်က သာဆိုးတယ်။ ကိုကို့ကို ပြောရမှာ အင်မတန်ပဲ စိတ်မကောင်းဘူး။ ဒီမှာ ထမင်းစားနေကြတာ ဘယ်က ရတယ် ထင်သလဲ'

'ကိုပါတို့နဲ့ စားတယ် မဟုတ်လား'

'ဘယ်ဟုတ်မလဲ၊ ကိုပါတို့လည်း ပြန်ချက်ရတာပဲ။ မချစ်လည်း သွားပြီး ချက်ရတာပဲ။ ကိုပါတို့က ယောကျ်ားဆိုတော့ အရေးမကြီးဘူး။ မချစ် မနက်က ပြန်လာပြီး ထမင်းချက်ရတာ ကြောက်တယ်ဆိုပြီး ငိုနေတယ်။ တင်လေး စိတ်ထဲ ဘယ်လိုဖြစ်မလဲဆိုတာ ကိုကိုပဲ စဉ်းစားကြည့်ပါတော့'

'ဖြစ်မှဖြစ်ရလေ တင်လေးရယ်။ ကိုကို မသိရပါကလား'

ကျွန်မ စိတ်မကောင်းတာထက်မက၊ သူ စိတ်မကောင်းသွားပုံမှာ ကျွန်မနှင့် မနှိုင်းယှဉ်နိုင်အောင် ပိုမို၍ စိတ်မကောင်းဖြစ်နေသည်ကို တွေ့မြင်ရသည်။ ခေါင်းကြီး ငိုက်ကျသွားလျက် စကားတစ်ခွန်းမျှ မပြောဘဲ မတုန်မလှုပ်ကြီး ဖြစ်နေသည်။ ကျွန်မတို့ ဤသို့ သက်စွန့်ဆံဖျား ချက်စားနေကြသည့်ကို အမှန်တကယ် မသိရှာ၍သာ ကျွန်မထံသို့ လာသည့်အခါ၌ ဝင်စားသွားခြင်း ဖြစ်သည်။

နေရာတကာ ကုန်စင်အောင် လိုက်၍ ကြည့်နိုင် မသိနိုင်အောင် သူ့လောက် အလုပ်များ၍၊ စိတ်မအားသော လူတစ်ယောက် လောကတွင် ရှိမှ ရှိပေမည်။ ကျွန်မတို့အပေါ်တွင် ဝတ္တရားပျက်ကွက်သလောက် ပျက်ကွက်နေသည်မှာ တိုင်းပြည်ပေါ်တွင် တစ်ဖက်သတ် စေတနာ လွန်အားကြီးနေ၍ ဂရုမမူမိသည် အမှန်ဟု သိမြင်၍ သွားပြီး တိုးလို့များပင် ကြည်ညိုသွားမိသည်။

'ပြန်လို့ မဖြစ်ရင်လည်း ကိုကိုတို့ တိုက်နားနီးနီးမှာ အခန်းလွတ် မရှိဘူးလား'

'အခုတော့ မရှိသေးဘူး ထင်တယ်။ ရှိလည်း ဘယ်လိုလုပ် ပြောင်းမလဲ။ ပြန်လို့လည်း မဖြစ်သေးဘူး'

သူရော၊ ကျွန်မရော စကားမပြောနိုင်ဘဲ ဖြစ်နေကြသည်။

'မောင်ချစ်မောင်တို့ တိုက်မှာရော ကြီးကြီးတို့အတွက် နေစရာ မရှိဘူးလား။ ၁ ရက်၊ ၂ ရက် မ အေးခင် ခဏနေဖို့ရာလေ။ အေးတော့ ဘိုကလေးကို

ပြန်ကြပေါ့။ နောက်မှ တိုက်နားနီးနီး အိမ်ရမှပဲ ပြန်လာကြဖို့ပဲ။ မောင်ချစ်မောင် အလုပ်က အချိန်နဲ့ လုပ်ရတဲ့ အလုပ်မျိုး မဟုတ်ဘူး။ ခုလိုဖြစ်တော့ မခက်လား။ တိုက်နား နီးနီး အိမ်ရမှပဲ နေကြဖို့ ထိုက်တော့တယ်။ ကြီးကြီးတို့ ၂ ရက်၊ ၃ ရက် နေတဲ့ အတွင်းတော့ မနက်စာ ညစာကို တိုက်ကလူတွေနဲ့ ကြည့်ပြီး စီမံပေး နိုင်တယ် မဟုတ်လား။ ဒီမှာနေဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး'

'ဟုတ်ကဲ့ကြီးကြီး၊ ကျွန်တော် ညကို လာခေါ်ပါ့မယ်။ တိုက်အုပ်ကို လည်း ကျွန်တော် ပြောပါ့မယ်'

ဗရုတ်ဗရက် အချိန်ကြီးတွင် သူက ကျွန်မတို့နှင့်အတူ လာ၍နေလျှင် အလုပ်ပျက်နေမည်ဖြစ်သဖြင့် ကျွန်မတို့ကပင် သူ့နေရာသို့ အားနာစွာဖြင့် လိုက် နေကြရသည်။ အယ်ဒီတာအခန်းထဲရှိ သူ့အခန်းထဲ၌ ကျွန်မတို့နေရန် ရှင်းလင်း၍ ပေးသည်။ ကျွန်မစိတ်ကို ဆောင်၍ နေခဲ့သော်လည်း နေ့စဉ်ရက်ဆက် အစားပျက်၊ အအိပ်ပျက်ရုံမက သွေးလည်းပျက်ခဲ့၍ ထိုညတွင် မြန်မာ့အလင်းတိုက်တွင် မူးမေ့၍ သွေးတက်သွားသည်မှာ ကံကောင်း၍ပင် မသေတော့သည်။

တိုက်တွင် လေးငါးရက်နေပြီး ဘိုကလေးသို့ ပြန်ခဲ့ကြသည်။ ဘိုကလေးသို့ မပြန်ခင် တိုက်နားနီးနီး အိမ်မရက ဘယ်နည်းနဲ့မှ ဖေဖေ လွှတ်မှာ မဟုတ်၍ အိမ်ရအောင် ရှာကြရသည်။ ရသည့်အိမ်မှာ တိုက်နှင့် တစ်တိုက်ခြား မြန်မာ အဆွေတိုက် အပေါ်ထပ်ကြီးရ၍ အိမ်လခ ၉၀ ကျပ် ဆိုသဖြင့် သူက 'ရတဲ့လခနဲ့ ပေးနိုင်ပါ့မလား' ဟု ပူနေသည်။ ကျွန်မက '၉၀ ကျပ် မကလို့ ၁၀၀ ကျပ် ဖြစ်နေပစေ။ ဒီအလုပ်က မထွက်နိုင်ရင်တော့ ဒီမှာပဲ နေရမှာပဲ။ ဖေဖေ့ကို အိမ်လခပေးပါလို့ ပြောခဲ့တော့မယ်' ဟု ပြောမိ၍ 'မပြောခဲ့ပါနဲ့။ လခတိုးပေးဖို့ရာ ပြောကြည့်ပါဦးမယ်။ လခကို တစ်ခါမှ ကိုကို့ပါးစပ်နဲ့ တိုးပေးပါလို့ မပြောခဲ့ဖူးလို့ ပြောရမှာတော့ သိပ်မျက်နှာပူတာပဲ' ဟု ညည်းနေသည်။

'ပြောချင်လည်း ပြော၊ မပြောချင်လည်း နေ။ အခန်းစရန်တော့ ဆက်ဆက် ပေးပါ' ဟု မှာခဲ့သည်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ရန် ရေငတ်သလို မှာခဲ့သည်။

တိုက်၌ ခဏနေစဉ် တိုက်ပေါ်တွင် အယ်ဒီတာများ အစည်းအဝေးလုပ် သည်။ သတင်းစာကိုလည်း တစ်ရက်ပိတ်သည်။ သတင်းစာ တစ်ရက် ပိတ်လိုက် ရသည့်အတွက် အစိုးရအား ပြင်းပြင်းထန်ထန် ရေးလိုက်သော ခေါင်းကြီးမှာ၊ နောက်နောင်က တစ်ခါဖူးမျှ ဤမျှလောက် လက်သံပြောင်သော ခေါင်းကြီးမျိုး ကို မဖတ်ဖူးခဲ့ရ၍ ကျွန်မ မှတ်တမ်းကြီးထဲတွင် ကုလားဗမာ အရေးတော်ပုံကြီးတွင် ကြုံဆုံရပုံတွေနှင့်၊ အယ်ဒီတာအစည်းအဝေး၌ ပြောကြဆိုကြသည့် စကားရပ်များ အပြင်၊ ထိုခေါင်းကြီးကိုပါ ကူးယူ မှတ်တမ်းတင်လိုက်သည်။





ကျွန်မတို့ အိမ်ရောက်သွားသောအခါ ဖခင်ကြီးမှာ ရောဂါတိုးပြီး အိပ်ရာ ပေါ်တွင် လဲနေသည်။ အောက်ထပ်သို့ပင် မဆင်းနိုင်တော့ပေ။ ကုလား ဗမာ အဓိကရုဏ်းအတွက် များစွာစိတ်ပူပန်ကာ သွေးများ ပြန်အန်သည်ဟု သိရှိရသည်။ ကျွန်မသည် ဖခင်အား သံကြိုးရုံးကြီးတွင် ကျွန်မတို့ချည်း တက်၍ ပုန်းနေရ ကြောင်းကို လေသံမျှ မသလပ်ခဲ့ပေ။ မြန်မာအဆွေ အပေါ်ထပ်ကြီးတွင် အိမ်ရ ကြောင်း ပြောပြ၍ အတော်ပင် စိတ်ချမ်းသာသွားရှာသည်။ အိမ်လခ မေး၍ 'အိမ်လခတော့ ကြီးတယ် ဖေဖေ' ဟု ပြောရာ၌ 'ဘာဖြစ်သလဲ၊ နေပေါ့။ ဖေဖေ ပေးမယ်' ဟု ပက်လက်ဖြစ်နေရာက အားပေးလိုက်သည်။

သူ့ထံမှ အိမ်သစ်တွင် ပစ္စည်းများ ပြောင်းပြီးကြောင်းနှင့် ရန်ကုန်တွင် ရန်မီးငြိမ်းသွားကြောင်း စာရလျှင်ရချင်း ပြန်ခဲ့ရသည်။ မကျန်းမမာဖြစ်နေသော ဖခင်ကြီးကို အနားကမခွာ ပြုစုလိုလှသော်လည်း ဖခင်က ရန်ကုန်တွင် မောင်ချစ် မောင် တစ်ယောက်တည်း၊ ပြန်လေ၊ ပြန်နှင့် တနှင်တည်း နှင်နေ၍ ချက်ချင်းပြန် လိုက်လာရသည်။ အိမ်တွင် အခန်းမရှိဆို၍ ထင်းရှူးသားများဖြင့် မှန်ခန်းဖွဲ့၍ နေကြရန် ငွေပါ ပေးလိုက်သည်။

## ၂၄ ။ အာဏာဖီဆန်ရေး

ဆူးလေဘုရားကြီးအနီး မြန်မာအဆွေ အပေါ်ထပ်ကြီးသို့ ရောက်လာခဲ့ရပြီ။ အခန်းမှာ ဟင်းလင်းကြီး ဖြစ်နေ၍ အခန်းဖွဲ့ရန် စီစဉ်ကြရသည်။ တိုက်နှင့်နီးသွား ပြီဖြစ်၍ ထမင်းကို စောစောပြန်စားလိမ့်မည်၊ ခဏခဏ ကူးလာလိမ့်မည်ဟု ထင်မှတ်မိသော်လည်း ယခင် ၃၄ လမ်း၊ ၃၈ လမ်း အိမ်တွင်နေသည့် အချိန် အတိုင်းပင် နံနက် ၈ နာရီသွား၍ နေ့တစ်ချက်မှ ပြန်ပြီးလျှင်၊ ညနေ ၃ နာရီသွားပြီး ည ၈ နာရီတွင် ပြန်ပြီးသကာလ၊ ည ၉ နာရီမှ သန်းခေါင် သန်းလွဲ ၁ ချက် ၂ ချက် မှပင် ပြန်လာသည်။ ကျွန်မမှာ ကလေးတစ်ဖက်နှင့် ဖြစ်သော်လည်း ညဘက် တွင် ယခင်ကအတိုင်း သတင်းစာတိုက်ကို လိုက်နိုင်အောင် လိုက်သွားသည်။

မြန်မာ့အလင်း၏ အလုပ်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းရွက်၍ နေပုံမှာ ပစ္စည်းရှင်များပင် သူ့လောက် အပင်ပန်းခံနိုင်ကြလိမ့်မည် မဟုတ်သည်ကို နေ့စဉ် ...င် တွေ့မြင်နေရသောကြောင့် ဤလို လုံ့လ၊ ဝီရိယ၊ အရည်အချင်း ရှိပုံမျိုးနှင့် ကိုယ်ပိုင်သတင်းစာတစ်စောင် ထုတ်ဝေရလျှင် မုချကြီးပွားစရာရှိမည်ဟု ရှေးက ...က် တိုး၍ ကိုယ်ပိုင်အလုပ်ကို စိတ်အား ထက်သန်နေမိသည်။ ကိုယ်ပိုင်လုပ်ငန်း ...ပ်ရန် စကားစသည့်အခါတိုင်း မြန်မာ့အလင်းမှ သူ မည်သည့်နည်းနှင့်မျှ မထွက်

နိုင်ကြောင်းသာ ငြင်းနေ၍ ပြောရသည့် စကားများ အောင်မြင်ခြင်း မရှိသဖြင့် များစွာ စိတ်ပျက်မိသည်။

လခမှာ အပိုကြေးပါ တစ်လလျှင် ၁၉၅ ကျပ်သို့ တိုးမြှင့်ပေးထားသော်လည်း အိမ်လခ ၉၀ ကျပ် နုတ်လိုက်သည့်အခါ ၁၀၅ ကျပ် ကျန်ရှိသော်လည်း၊ ယခင်ကလိုပင် ဟိုကြွေး သည်ကြွေး စာအုပ်ကြွေးများက အမြီးနုတ် ခေါင်းနုတ်နှင့် တစ်လတစ်လ ဝင်ငွေနည်းနေကာ၊ ဖခင်ကြီးက အတင်းအဓမ္မ တင်ပို့ပေးနေ၍သာ အသက်ရှူချောင်တော့သည်။

သူသည် သူ့အချိန် တစ်ချိန်လုံး၊ သူ့တစ်ကိုယ်လုံး တိုက်သို့ ပေးအပ်၏။ တိုက်၏ ကြီးပွားရာ ကြီးပွားကြောင်းတွေကို မပြတ်မလပ် အားထုတ် လုံးပန်းလျက် အလုပ်ဝတ္တရားကို ကျေပွန်စွာ ထမ်းရွက်နေသော်လည်း သူ ဤသို့ လုပ်ပါသည်ဟု တိုက်ပေါ်တွင် သူ့တွက်တာအတွက် အခွင့်အရေး လုံးလုံးမယူဘဲ သူ့ကိုယ်သူ အမြဲတစေ နှိမ့်ချ၍သာ ထားကျင့်နေလေသည်။ မည်မျှလောက် နှိမ့်ချသည့် စိတ်နှလုံး ထားရှိသနည်းဟူမူ တစ်နေ့တွင် ကိုယ်လက်ကိုက်၍ နေမကောင်းဖြစ်ရာ အလုပ်မသွားနိုင်သောကြောင့် အိပ်ရာထဲ၌ ခွင့်စာရေးလျက် အလုပ်တိုက်သို့ ပို့ခိုင်းသည်။ သူ ရေးထားသော ခွင့်စာကိုဖတ်ပြီး သူ့ရှေ့တွင် အစုတ်စုတ် အမွှာမွှာ ဆုတ်ချေမွကာ ပြတင်းပေါက်သို့ လှမ်းပစ်လိုက်ပြီးလျှင် ခုတင်အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်ချလိုက်သည်။

'တင်လေး ဘယ့်နှယ်လုပ်တာလဲ။ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ' နှင့် အိပ်ရာပေါ်က မျက်လုံးမျက်ဆန်ပြူးကာ အံ့သြကြီးစွာဖြင့် မေးနေသည်။

ကျွန်မသည် သူ့အမေးကို ဖြေရန်ပင် ဆန္ဒမရှိတော့ပေ။ ကျွန်မ စိတ်ထဲတွင် မကျေမနပ် ဖြစ်၍နေသဖြင့် သူ မေးသည်ကို ရုတ်တရက် မဖြေချင်ဘဲ ဖြစ်မိသည်။ ပြတင်းပေါက်သို့သာ လှမ်းကြည့်ပြီး နေလိုက်သည်။

သူလည်း လှဲနေရာမှ ထ ထိုင်လျက် 'ပြောပါဦး တင်လေးရဲ့၊ ဘာပြုလို့ ဆုတ်ပစ်လိုက်ရတာလဲ' နှင့် သိချင်လွန်းဟန်ဖြင့် ကျွန်မ မတုန်မလှုပ် လုပ်နေသည်ကို သာ၍ အားမလို အားမရ ဖြစ်နေသည်။

ကျွန်မ စိတ်ထဲတွင် ထိုအချိန်က သူ့ကို များစွာပင် စိတ်ဆိုးနေမိတော့သည်။ ကျွန်မသည် ရုံးအလုပ်များတွင် လည်းကောင်း၊ ကုန်တိုက် အလုပ်တိုက်များတွင် လည်းကောင်း အလုပ်လုပ်သောသူများ အလုပ်မတက်နိုင်သည့်အခါ ခွင့်စာရေး၍ တိုင်သော ခွင့်စာများကို အများအပြား ဖတ်ဖူး မြင်ဖူးခဲ့ပေသည်။ သို့သော် သတင်းစာတိုက်တွင် အယ်ဒီတာက ရေးသော ခွင့်စာမျိုးကို မဖတ်ဖူး၊ မမြင်ဖူးစေကာမူ သူ ရေးသား သုံးနှုန်းလိုက်သော စကားလုံးများမှာ ကမ္ဘာတစ်ခွင်





တွင် မည်သည့် အယ်ဒီတာမျှ ရေးလိမ့်မည် မဟုတ်သော ခွင့်စာမျိုးကို သူလိုလူတစ်ယောက်က ရေးသဖြင့် သာ၍ မကျေနပ်နိုင်အောင် ဖြစ်သွားမိခြင်း ဖြစ်ပေတော့သည်။

"နေထိုင်မကောင်းပါ၍ ခွင့်တစ်ရက်လောက် ပေးစေလိုပါသည်" ဟု ရေးလျှင် မယဉ်ကျေးသေးဆိုက "ခွင့်တစ်ရက်လောက် ပေးပါရန် တောင်းပန်ပါသည်" ဟု ရေးလျှင် ကျေနပ်ဖွယ်ရာ ရှိပါသေးသည်။ ယခုသော် "ခွင့်တစ်ရက်လောက် ပေးပါရန် အသနားခံပါသည် ခင်ဗျား"ဟု ရေးထားလေရာ၊ နေ့စဉ် အိပ်ချိန် စားချိန်မှ လွဲ၍ နာရီရှိသရွေ့ သတင်းစာအတွက် လုပ်နေသည့် သူက တစ်ရက် ပျက်ကွက်သည့်အတွက် အသနားခံရမှာလား ဟု စိတ်ထွက်သွားကာ၊ သူ့ရှေ့တွင် ရိုင်းရိုင်းပျပျ သူ့စာကို ဆုတ်ပစ်လိုက်မိခြင်း ဖြစ်သည်။

'ကိုကို့ ခွင့်စာမှာ တိုက်အုပ်ကို အသနားခံရအောင် ကိုကိုက သတင်းစာတိုက်က ပြာတာလား၊ စာရေးလား။ ပြောစမ်းပါဦး'

'စိတ်ကလည်း ထက်ပါဘိတော့ တင်လေးရယ်။ အယ်ဒီတာရယ်၊ ပြာတာရယ်၊ စာရေးရယ် မဟုတ်ဘူး။ သူ့လခ စားနေတာ သူ့အလုပ် ပျက်ကွက်ရင် အသနား ခံရတာပဲ'

'ကိုကိုတို့ တိုက်မှာ ဒီလိုပျက်ကွက်ရင် ခွင့်စာကို အသနားခံ ရေးရမယ်လို့ ဥပဒေ ထုတ်ထားသလား'

'ဘယ်ဥပဒေမှ မထုတ်ပါဘူး၊ ကိုကို့ဘာသာ ကိုကို ရေးတာပါ။ အသနားခံတယ် ရေးတာ ဘာများ ဖြစ်သွားလို့လဲ တင်လေးရယ်'

'ခွင့်တစ်ရက်လောက်ကို တာဝန်ခံ အယ်ဒီတာကြီးတစ်ယောက်က အသနားခံစာ တင်ရတယ်ဆိုတာ ကိုယ့်ဟာကိုယ် ဘယ်ရောက်သွားသလဲဆိုတာ စဉ်းစားပါဦး။ စိတ်နှလုံး နှိမ့်ချတာက နေရာနဲ့နေရာ နှိမ့်ချရင် ကောင်းမယ်။ ကိုယ်က အဲဒီလို လွန်လွန်မင်းမင်း နှိမ့်ချနေရင် နောက်တော့ ကိုယ့်အထက်က လူကရော ကိုယ်နဲ့ တန်းတူ လူကပါ ကိုယ့်ကို တစ်သက်လုံး ဒီလိုသာ မြင်လို့ရတဲ့ စိတ်တွေ ဖြစ်လာကြလိမ့်မယ်။ ကိုယ်က မနှိမ့်ချနိုင်တဲ့ အခါကျတော့ နှိမ့်ချနေကျလူက မနှိမ့်ချဘူးလားဆိုပြီး သူတို့မျက်စိမှာ လက်အောက်လူတွေ မနှိမ့်ချတာထက် ကိုကို မနှိမ့်ချတာကို ကြည့်လို့မရအောင် အပြစ် ဖြစ်သွားလိမ့်မယ်။ အဲဒီ အပြစ်ဟာ ကိုယ့်ဂုဏ် ကိုယ်မသိ၊ ကိုယ့်ကိုယ်ကိုယ် အဖိုးမထားတဲ့ လူရဲ့ ချွတ်ယွင်းချက်ကြီးပဲ။ သူတို့ရဲ့ ချွတ်ယွင်းချက် မဟုတ်နိုင်တော့ဘူး။ ကိုယ့်ဘာသာ ဘစ်ယောက်တည်း ဟိုတုန်းက အသနားခံလို့ သွားရှိခိုးချင် ရှိခိုး။ တင်လေးနဲ့ လင်မယားတော်နေတဲ့ ဘဝမှာတော့ ဒီလို နေရာတကာ မနှိမ့်ချဖို့ရာ တောင်းပန်ချင်တာပဲ'

သူသည် အိပ်ရာတွင် ပြန်လှဲကာ ဖောင်တိန်ကို ပြန်ဖွင့်သည်။

'ကိုကို မရေးပါနဲ့။ ကျွန်မယောကျ်ား နေမကောင်းလို့ တစ်ရက်လောက် လာနိုင်မှာ မဟုတ်ကြောင်း အကြောင်းကြားပါတယ်လို့ တင်လေး ရေးလိုက်မယ်' ဟု ပြောသည့်အခါ၌ 'မလုပ်ပါနဲ့၊ မလုပ်ပါနဲ့။ ကိုကိုပဲ ရေးပါ့မယ်' ဆိုကာ "ခွင့်တစ်ရက်ပေးရန် တောင်းပန်ပါသည်" ဟု ပြန်ရေးလျက် 'သဘောကျပြီလား' ဟု မေးသည်။

ကျွန်မက 'အသနား ခံတာထက်တော့ တောင်းပန်တာက တော်ပါသေးတယ်' ဆိုကာ ခွင့်စာကို တိုက်သို့ ပို့လိုက်ရသည်။

သူ့ကိုယ်သူ နေရာတကာ နှိမ့်ချလွန်း လွန်း၍ တစ်ခါတစ်ရံ၌ ကျွန်မသာ သူလို အရည်အချင်းမျိုးနှင့် သူ့နေရာမှာ နေရမည်ဆိုက ဤလခထက် နှစ်ဆ ပေးရမည်။ သို့မဟုတ် ကိုယ်ပိုင် သတင်းစာတိုက်ကြီး ဖြစ်နေတာ ကြာလှပြီ ဟု တွေးတောမိတော့သည်။ တစ်ခါကစ်ခါလည်း သူ့ကိုယ်သူ ဘာမှန်းမှ သိရဲ့လား ဟု များစွာပင် မချင့်မရဲ ဖြစ်မိပေသည်။

ဤသို့ တိုက်ပေါ်တွင် လည်းကောင်း၊ အလုပ်ပေါ်တွင် လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍ သော်လည်းကောင်း စိတ်နှလုံး နူးညံ့၍ စိတ်နေ နှိမ့်ချလျက် ကျင့်သုံးနေပေသော်လည်း အင်္ဂလိပ်လူမျိုးတို့ အပေါ်၌ လည်းကောင်း၊ အစိုးရအပေါ်၌ လည်းကောင်း ဆက်ဆံပုံမှာကား တစ်ဖက်၌ နှိမ့်ချနိုင်သလောက် ဤဘက်တွင် အလွန် တင်းမာ ခက်ထန်လှပေသည်။ အတွင်းဝန်ရုံးတွင် သတင်းစာ အစည်းအဝေးရှိ၍ အတွင်းဝန် ဦးကျော်မင်း (အိုင်စီအက်) က သူ့အား သတင်းစာ အစည်းအဝေးလာရန် တယ်လီဖုန်းနှင့် အကြောင်းကြားလိုက်သည်။ 'အခု စကားပြောတာ ဘယ်သူလဲ'ဟု ခက်ထန်လှသည့် အသံနှင့် ပြန်၍ မေးလိုက်သည်။ ထိုအခါ 'ကျော်မင်း၊ အိုင်စီအက်၊ အတွင်းဝန်'ဟု ပြန်ပြောလိုက်လျှင် ပြောလိုက်ချင်း 'စာနဲ့ ဖိတ်ပါ။ ပါးစပ်နဲ့ ဖိတ်တာနဲ့ ကျုပ်တို့ မလာနိုင်ဘူး'ဟု ပြောပြီး တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သည်။ ကျွန်မက သူ့ကို ပြုံး၍ 'ထန်လှချည့်လား'ဟု ပြောလိုက်သည်။ 'အယ်ဒီတာတွေကို ဘာထင်တယ် မသိဘူး' ဟု ပြော၍၊ ဒီလိုတော့လည်း အထန်သားပဲ ဟု အောက်မေ့ရတော့သည်။ အင်္ဂလိပ်လူမျိုးများနှင့် တွေ့လျှင် ကျွန်မပင် သူတို့နားတွင် ထိုင်နေသည်ကို အားနာလာလောက်အောင် တင်းတင်းမာမာကြီး သူ ပြောတတ်သည်။ ကျွန်မနှင့် ခင်မင်နေသော စတီးဘရားသား ကုမ္ပဏီက မျက်နှာဖြူများက 'မင်းယောကျ်ားသာ နိုင်ငံရေးအာဏာရရင် တို့လူမျိုးတွေကို မောင်းထုတ်မှာတော့ အသေအချာပဲ' ဟု ကျွန်မကို ပြောပြကြသည်။ တစ်ခါတွင် ဖခင် နေမကောင်း၍





ကျွန်မတို့ နေ့ချင်းပြန် လိုက်သွားရာ သူ့အား ဘဏ်တိုက်ကြီးမှ မန်နေးဂျင်း ဒါရိုက်တာထံသို့ အလုပ်နှင့်ပတ်သက်၍ စာတစ်စောင် ဖခင်က ရေးခိုင်းသည်။ ထိုစာကို ဖတ်ရသော မန်နေးဂျင်း ဒါရိုက်တာ မစ္စတာဒေါဆင်သည် ဤစာကို မည်သည့်နည်းနှင့်မျှ ဘဏ်တိုက်ကြီးတွင် ဖိုင်တွဲ မထားနိုင်ကြောင်း ပြောပြကာ စာကို ပြန်ပို့လိုက်ပြီး၊ အသုံးအနှုန်း ဤမျှ ပြင်းထန်အောင်ရေးတာ ဘယ်သူ ရေးတာလဲဟု ဖခင်အား ခေါ်ယူစစ်ဆေးလေသည်။ အနာပေါ် တုတ်ကျဘိသကဲ့သို့ မကျေနိုင် မချမ်းနိုင်အောင် ဆတ်ဆတ်ခါ နာကြည်းသွားကြောင်းကို ဖခင် ပြောပြသည့်အခါ၌ သူလည်း ကျေကျေနပ်နပ်ကြီး ပြုံး၍ နားထောင်နေသည်။

အစိုးရပိုင်းနှင့် မျက်နှာဖြူပိုင်းမှလွဲ၍ အခြားမဲ့၌ကား သူ၏စိတ်နှလုံး ခက်ထန်မာကျောပုံများကို အလျှင်း မတွေ့ရပေ။ အဆိပ်မရှိသော မြွေကဲ့သို့ ပုခွေ၍ နေလေသည်။ လူတို့၌ သာမန်အားဖြင့် ထားရှိနိုင်သည်ထက် သူ့စိတ်နှလုံးကို သူ ဖိနှိပ်ထားလွန်းသဖြင့် စိတ်နေ ကျနေသည်။ လူမှာလည်း မြန်မာ့အလင်း ဟူသော အတွယ်အတာ ရှိ၍သာ ဦးချစ်မောင်ဟူ၍ အချို့ သိကြရလေသည်။ သူ့၌ ပြည့်ဝနေသည့် အသိဉာဏ်နှင့် မည်ရွေ့ မည်မျှလောက် အရည်အချင်းရှိသည်ကို အကုန်အစင်သိဖို့ ခက်သည်။ သို့သော် မြန်မာပိုင်းမှ မရိပ်မိကြ၍ မသိနိုင်ကြသေးသော်လည်း အင်္ဂလိပ်ပိုင်းတွင် ထက်မြက်လှသော သူ့ကလောင်သွားကို သတိအစဉ် ထားနေကြသော ပုဂ္ဂိုလ်များ ရှိကြလေသည်။ အတွင်းဝန်ရုံးတွင် ရာထူးကြီးပေးမည်ဟု အစိုးရ မျက်နှာကြီးပိုင်းထဲမှ မျက်နှာဖြူ အရာရှိကြီးတစ်ဦးက သူ့ကို ဆွယ်ရသည်အထိ၊ အင်္ဂလိပ်ပိုင်းကို ကလောင်သွားဖြင့် ဒုက္ခအပေးဆုံး သူတစ်ယောက် ဟု သိကြလေသည်။

ကုလား ဗမာ ရိုက်ပွဲငြိမ်း၍ မြို့ရွာအေးသွားသော်လည်း ကျွန်မတို့မှာ အေးအေး မနေရပေ။ အိမ်တွင် ဦးစော၊ သခင်နု စသည့် ပုဂ္ဂိုလ်များအပြင် အယ်ဒီတာတွေနှင့် အာဏာဖီဆန်ရေး သတင်းစာ ထုတ်ရန် ခေါင်းချင်းရိုက်နေကြပြန်သည်။

လက်သမားများ မပြီးသေး၍ ထိုစဉ်က အိမ်တွင် အခန်းမတပ်ရသေးပေ။ ဦးစော၊ သခင်နုနှင့် သူ သုံးယောက်သား အာဏာဖီဆန်ရေး သတင်းစာတစ်စောင် ထုတ်ရန်အတွက် ဆွေးနွေးနေကြသည်ကို ကလေးသိပ်နေရင်း ကြားနေရသည်။

အာဏာဖီဆန်၍ ထောင်ကျခံဖို့ရာ ထိုစဉ်က သူတို့တစ်တွေထက် ဦးစောက အရေးကြီးနေသည်ကို နားထောင်နေရင်း အကဲခတ်မိသည်။ အားလုံးသော အယ်ဒီတာများမှာ စိတ်ရောကိုယ်ပါ ရိုးရိုးသားသား အာဏာဖီဆန်ရန် ထိုစဉ်က အဆင်သင့် ဖြစ်နေကြသည်။

သူလည်း ထောင်ထဲသို့ မကြာမြင့်မီ ဝင်လေတော့မည်။ ဤကိစ္စ ဖြစ်မြောက်သွားလျှင် ထောင်ကျတော့မည်မှာ မလွဲဧကန် ဖြစ်သည်။ နိုင်ငံရေးနှင့် အယ်ဒီတာဘက်တွင် အသွားနှစ်ဖက် ထက်နေသော သူ့စိတ်ဓာတ်ကို တလက်လက် တဝင်းဝင်း မြင်တွေ့နေရသည်။

ကျွန်မကို သူ ထောင်ထဲတွင်နေခိုက် ရန်ကုန်တွင် မနေဘဲ အိမ်ပြန်နေရန် ပြောသည်။ အိမ်သို့ ကျွန်မပြန်လျှင် ဖေဖေတို့ စိတ်မကောင်းဖြစ်မည်စိုး၍ ရန်ကုန်တွင် နေမည်ဟု ပြောသည်ကို သဘောမကျအောင် ဖြစ်နေသည်။ အိမ်ပြန်နေရန်သာ တိုက်တွန်းသည်။ သူ တိုက်တွန်းမှုကြောင့် ကျွန်မလည်း ကြိုတင်၍ အိမ်သို့ အကြောင်းကြားရတော့သည်။

ဤကိစ္စနှင့် ပတ်သက်၍ ဤစာအုပ်တွင် သူ့အတွက် ရှင်းလင်းခွင့်ရသဖြင့် ဤစာအုပ်ကို ဖတ်ရှုရသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များသည်၊ သူ့အပေါ်တွင် ဤအလုပ်၌ အထင်အမြင် လွဲဖူးခဲ့ပါက အကြောင်းအမှန် ဖွင့်ထုတ်ရေးသားချက်ကြောင့် သူ့အပေါ်၌ လွဲမှားကြသော အထင်အမြင်များ ရုပ်သိမ်းနိုင်ကြပါစေဟု ရေးရှုသော နှလုံးဖြင့် အဖြစ်အပျက်မှန်ကို ဝန်ခံ၍ ရေးသားရပေမည်။

ကျွန်မ ညီမလေးထံမှ ပြန်စာ အမြန်ရောက်လာသည်။ စာထဲတွင် ဖခင်ကြီးမှာ ဤသတင်းကို သိလျှင်သိချင်း များစွာပင် စိတ်မချမ်းမသာဖြစ်ကာ၊ ရေးကထက် ရောဂါတိုး၍ ချောင်းဆိုးတိုင်း သွေးများ အခဲလိုက် အတုံးလိုက် ကျနေပြီ ဖြစ်သဖြင့်၊ ဖခင်အပေါ်တွင် မထောက်ထား မညှာတာတော့ဘူးလားဟု ထည့်သွင်းရေးလိုက်သည်။

ကျွန်မစိတ်ထဲတွင် ဝေနေသည်။ ဖခင်အား စိုးရိမ်ပူပန်ရသည်က တစ်ဖက်၊ သူ့အား ပြောဖို့ရန် ခက်သည်က တစ်ဖက်နှင့် အကျပ်အတည်းထဲတွင် ကျရောက်နေသည်။ ဖခင်ကြီး ဆေးရုံမှ အဆင်းတွင် ကျွန်မတို့အဖေ အသက်ရှည်ဖို့ ရှိမရှိ ဆေးရုံကြီးမှ ဆရာဝန်ကြီး ကာနယ်ဖောရစ်ဆင်အား မေးမြန်းကြည့်ရာ၊ 'မင့်အဖေမှာ အသက်ရှင်ဖို့ မရှိ၊ သို့သော် အသက်ရှည်နိုင်စရာ နည်း နှစ်နည်းရှိ၍ ဤနည်းများမှာ အစားအသောက်နှင့် အပြုအစုကောင်းခြင်း တစ်နည်းနှင့် စိတ်နှလုံး ထိခိုက်စရာ ဘာမျှမဖြစ်စေဘဲ စိတ်အမြဲ ချမ်းသာစေမှ သုံးလေးနှစ် ခံမည်' ဟု မှတ်ချက်ချလိုက်သောကြောင့် ကျွန်မ အိမ်ပြန်ရသည့် အဖြစ်မှာ ဖခင်ကြီးအား မြန်မြန်သေအောင် သတ်လိုက်သလို ဖြစ်သွားမှာလားဟု များစွာပင် ပူပန်ထိတ်လန့်သွားသည်။ ဘိုကလေးသို့ ပြန်သွားစဉ် အိပ်ရာပေါ်တွင် ပက်လက်မမာနေရာက ကျွန်မတို့အတွက် အဓိကရုဏ်းအတွင်း မည်ရွေ့မည်မျှ ပူပန်ရပုံတွေကို တစ်ခွန်းချင်း တစ်ခွန်းချင်း အားယူပြီး လေသံသဲ့သဲ့လေးဖြင့် ပြောပြနေပုံတွေကို မျက်စိထဲ





တွင် ဖျောက်မရအောင် ပေါ်နေသဖြင့်၊ ဘယ်လို လုပ်ရပါ့မလဲဟု အကြံအိုက်နေလေသည်။ ကျွန်မတို့ဖခင်မှာ သူပြောသကဲ့သို့ သားသမီးများပေါ်တွင် မကြွံဖူး၊ မကြားဖူးအောင် ချစ်ခင်သည်။ မျက်နှာမြင်နေစဉ်တွင် နန္ဒင်းကို ကိုယ်တိုင်ဖျော်၍ မျက်နှာကို လူးပေးသည်။ လင်ဖြစ်သူမှာ နန္ဒင်းမပေဘဲ ဖခင်ဖြစ်သူသာ နန္ဒင်းထိန်၍ နေသောကြောင့် 'မကြားဖူးအောင်ကို ချစ်တာပဲ' ဟု သူ ပြောခြင်း ဖြစ်သည်။ သားသမီးထဲတွင် ကျွန်မအား ပို၍ ချစ်ခင်လှသဖြင့် ဤအရေးကို တွေးကြည့်တိုင်း သာ၍ သာ၍ စိတ်ညစ်လေသည်။

'အာဏာဖီဆန်ရေး သတင်းစာမှာ ကိုကို လက်မှတ် မထိုးဘူးဆိုရင် ဘယ်လိုများ ဖြစ်မလဲ' ဟု မေးမိရာ၊ 'တင်လေးပဲ စဉ်းစားကြည့်လေ' ဟု ဖြေသည်။ 'ဒါဟာ မလုပ်ရင် မဖြစ်ဘူးလား' ဟု မေးပြန်လျှင်လည်း 'ဘယ်ဖြစ်မလဲ၊ လုပ်ရမယ်။ ဘယ့်နှယ် မလုပ်လို့ ဖြစ်မလဲ' ဟုသာ ပြန်ဖြေ၍ စိတ်အေးစရာ တစ်ချက်မျှ မမြင်မိပေ။

သူ အလုပ်သွားလျှင် သွားချင်း ကျွန်မ ဤကိစ္စအတွက် ထိုင်၍ စဉ်းစားသည်။ သူ ထောင်ကျလျှင် ဤအရေးနှင့် ပတ်သက်၍ ဖခင် စိတ်မချမ်းမသာဖြစ်၍ ရောဂါတိုးသော် ကျွန်မ ပယောဂပါမည် အမှန်ဖြစ်သောကြောင့် ထောင်ကျမခံနိုင်အောင် နောက်ဆုံး ဖခင်အတွက် တစ်ချက်တည်းသာ မြင်မိတော့သည်။ ဖခင် အရေးကိစ္စ မဟုတ်ဘဲ ကျွန်မ အရေးကိစ္စသာဖြစ်က ထောင်မက၍ တစ်ကျွန်းသွားသွား မကြိုက်သော်လည်း ပြောလိမ့်မည် မဟုတ်ပေ။ ကုလားဗမာ ရိုက်ပွဲကြီးတွင် ရုံးကြီးပေါ်၌ ပစ်ထားခဲ့သည်ပင် သွေးနသားနနှင့် ကြိတ်မှိတ်၍ မျိုသိပ်နေလိုက်ပါသေးသည်။ ယခုလည်း ဖခင်သာ မရှိခဲ့သော်၊ သို့မဟုတ် ဖခင် ကျန်းမာ၍နေသော် သူ့စိတ်ကြိုက်အတိုင်း သဘောတူ လိုက်လျောမည် အမှန် ဖြစ်သည်။ သို့သော်လည်း ဖခင်အတွက်သာ ကြည့်၍ တစ်ဖက်သတ် စိတ်ဆင်းရဲရသည် မဟုတ်သေးဘဲ သူ ပျက်ကွက်ခဲ့သော် သူ့အား ခေါင်းရှောင်သည်ဟု အရိုသေတန်၊ အယုံအကြည် ကင်းမဲ့ကုန်ကြလျှင်ဆိုသည့် အချက်တွေကလည်း တစ်ဖက်က လာင်နေပြန်သဖြင့် ဖခင်နှင့် လင်သားစပ်ကြားတွင် ကမ္ဘာမီးလောင်၍ နေတော့သည်။

စိတ်များ မည်မျှ ယောက်ယက်ခတ်နေသည်ဟူမှု တစ်ခါဖူးမျှ တိုက်အုပ်နှင့် တွေ့ဆုံ စကားမပြောဖူးဘဲ၊ ထိုနေ့က သူ အလုပ်သွားလျှင် သွားချင်း သူမသိဘဲနှင့် မြန်မာ့အလင်းတိုက်သို့ နေ့လယ်ဘက် ထွက်သွားကာ တိုက်အုပ်ကို သွားတွေ့သည်။ အခန်းထဲသို့ ဝင်သွားသွားချင်း တိုက်အုပ်မှာ ကျွန်မ ရောက်လာသည်ကို အံ့သြသွားသည်။ အကြောင်းကိစ္စမေး၍ ကျွန်မက အယ်ဒီတာများ အာဏာဖီဆန်

ရေး သတင်းစာ ထုတ်မည့်ကိစ္စနှင့် ပတ်သက်၍ သူ့အား မတားလိုသော်လည်း ဖခင်ကြီးမှာ ရောဂါတိုးနေသဖြင့် ဤကိစ္စ သူ မပါရန် ဦး ကူညီနိုင်လျှင် ကူညီပေးပါ၊ သူ့အား ပြောနိုင်လျှင် ပြောပေးပါရန် လာရောက်တောင်းပန်ခြင်း ဖြစ်ကြောင်း အကျယ်တဝင့် ပြောပြသည်။ တိုက်အုပ် ဦးတင်လည်း ကျွန်မအပေါ်တွင် သနားကြင်နာသွားလျက် 'ကျွန်တော် သူ့ကို ပြောပါဦးမယ်' ဟု ပြောလိုက်သည်။

ညနေ သူ ပြန်ရောက်လာသည့်အခါ၌ တိုက်အုပ်ကို သွားပြောကြောင်းနှင့်တကွ အိမ်က စာပါ ထုတ်၍ပြလိုက်ရာ၊ သူလည်း စကားတစ်ခွန်းမျှ ပြန်မပြောဘဲ မျက်နှာမကောင်းစွာဖြင့် အိပ်ရာပေါ်တွင် သွားလှဲအိပ်နေလေသည်။

သူ့စိတ်ထဲတွင် ဖြစ်ပေါ်ခံစားနေရမည့် အခြင်းအရာ အလုံးစုံကို သိမြင်နေပြီး သူ ပူလောင်နေသလို ကျွန်မ၌လည်း ပူဆွေးနေသဖြင့်၊ ကျွန်မ မလုပ်ချင်သည့် အလုပ်ကို လုပ်ရပါပေသည်တကားဟု လွန်စွာပင် စက်ဆုပ်မုန်းတီးသွားမိသည်။ မိဘဂုဏ်ကျေးဇူးကို ထောက်ထားကာ မိဘအတွက်ပဲဟူ၍ စိတ်ကို ဖြေကြည့်သော်လည်း ဖြေ၍ မရနိုင်အောင် များစွာမှ ပူလောင် စိတ်ညစ်နေသည်။

ကျွန်မကို စကားမပြော၊ မျက်နှာချင်းမဆိုင်ဘဲ မျက်စိမျက်နှာ ပျက်ပျက်နှင့် တိုက်သို့ ပြန်ထွက်သွားသည်။ ကျွန်မမှာ စောစောကထက် ဟုန်းဟုန်းတောက် ပူလောင် ကျန်ရစ်ခဲ့သည်။ "ကိုကို လုပ်ချင်တာ လုပ်ပါ" ဟု လိုက်ပြေးပြီး ပြောလိုက်ရ ကောင်းမလား။ အဖေ သေလည်း သေပစေတော့ဟု သဘောပိုက်လိုက်ရ ကောင်းမလားကို မဆုံးဖြတ်နိုင်အောင်ဖြစ်ကာ ခေါင်းအုံးပေါ်တွင် မျက်နှာမှောက်လျက် ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

၉ နာရီလောက်တွင် သူ ပြန်ရောက်လာသည်။ သူ့အတွက် ထမင်းစားရန် ပြင်ဆင်နေစဉ် အခန်းထဲမှ နေ၍ 'တင်လေး' ဟု လှမ်းခေါ်သဖြင့် သူ့နားသို့ သွားရာ 'ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ ကြည့်စမ်း၊ ဘယ်လောက်များ ကျသွားတယ်ဆိုတာ။ အေးအေးနေပါ တင်လေး။ ဒီကိစ္စ ဖြစ်ချင်မှ ဖြစ်မှာပါပဲ။ ဦးစောကြောင့် လုပ်သင့် မလုပ်သင့် စဉ်းစားရဦးမှာပါ။ ဖေဖေ့ကို အများကြီး သနားပါတယ်၊ ဖေဖေ အသက်ရှည်ဖို့ရာ ကိုကို မကြည့်ဘဲ မနေပါဘူး။ တကယ်လို့ လုပ်ဖြစ်တယ်ဆိုရင်လည်း ကိုကို့ကို ထင်ချင်တာ ထင်ကြပါစေတော့'

ပါးပေါ်သို့ မျက်ရည်တွေ မတားဆီးနိုင်အောင် တဖြိုင်ဖြိုင် စီးကျလာသည်။ ဖခင်အတွက် ငဲ့မည်ကို အမှန်တကယ်လည်း ဝမ်းသာမသွားဘဲ "ထင်ချင်တာ ထင်ကြပါစေတော့" ဆိုသည့် စကားကို ဖြေဆည်၍ မရနိုင်အောင် ဝမ်းနည်းသွားမိသည်။





လင်သားတစ်ယောက်အဖြစ် အမျိုးမျိုး ကျေးဇူးတင်လာရသည့် အချက်တွေထဲတွင် ဤကျေးဇူးမှာ ပြန်ပြီး မဆပ်ရလျှင် မဖြစ်နိုင်သည့် ကျေးဇူးမျိုးကဲ့သို့ အောက်မေ့လိုက်သည်။ ဤကျေးဇူးကို ဖေဖေ့ကိုယ်စား သူ့အပေါ်တွင် မသေခင် ဆပ်သွားနိုင်ပါစေသတည်းဟု ဆုလည်း တောင်းသည်။ ဆုံးလည်း ဆုံးဖြတ်သည်။ မှတ်တမ်းတွင်လည်း ရေးမှတ်ထားသည်။

'ကိုနက ကိုကို့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး အထင်လွဲတယ် ထင်တယ်'

သူ့နှုတ်ဖျားမှ အမှတ်မထင် ပြောလိုက်တိုင်း သခင်နုအား သူ့ကို အထင်မလွဲဘဲ အထင်သေးချင်သေးရင် ကျွန်မကိုသာ အထင်သေးပါဟု ပြေး၍သာ ပြောလိုက်ချင်စိတ် ဖြစ်မိသည်။ ယခုကား အခွင့်ပေါ်၍ လာပြီ။ သူ့အပေါ်တွင် ဤအရေးနှင့် ပတ်သက်၍ အထင်လွဲဖူးခဲ့ပါလျှင် ကျွန်မကိုသာ အထင်သေး၍ အပြစ်တင်ရန် ဤနေရာမှနေ၍ အမှန်ကို ဖွင့်ရေးနိုင်ပေသည်။ သူသည် တိုင်းပြည်အပေါ်တွင် အစွန်းမထင်အောင် သစ္စာရှိလျက် စိတ်နှလုံး ရင့်မာသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည့်အတိုင်း သူ့အရေး သူ့အတွက် မည်သည့်အခါမျှ ကြည့်သည့်သူ မဟုတ်ကြောင်း သိမြင် ထင်ရှားကြစေလိုပါသတည်း။

အိမ်တွင် မှန်အခန်းများ တပ်ဆင်၍ ပြီးသွားပေပြီ။ စာအုပ်ဗီရိုများကိုလည်း တစ်ဗီရိုပြီး တစ်ဗီရို လုပ်ခိုင်းနေရပေသည်။ စာအုပ်ကို တစ်အုပ်ပြီး တစ်အုပ် လက်ကမချ မပြတ်မလပ် ဖတ်ရှုနေသဖြင့် သူ့မျက်စိများမှာ မျက်မှန်ချွတ်လိုက်လျှင် မမြင်နိုင်အောင် မှုန်ဝေနေပေပြီ။ အနေအထိုင် အစားအသောက်ကောင်း၍ လူ ကျန်းမာဝဖြိုးနေသော်လည်း မျက်စိများမှာ ရှေးကထက် မှုန်လာသည်။ စာဖတ်လျှော့ရန် ပြော၍ မရပေ။ ဆံပင်တွေမှာ ရှေးကထက် ဖြူလာသည်။ ဆံစတွေကို တစ်အိတ်ပြီး တစ်အိတ် သိမ်းခဲ့၍ မှန်ခုံ အံဆွဲကြီးတစ်ခုလုံး ဆံပင်ထုတ်တွေနှင့် ပြည့်သိပ်နေသည်။ အလုပ်တိုက်သို့ လိုက်၍ သူ့အား နယ်သတင်းများကို ထည့်သွင်းရန် ရွေးချယ် ကူညီပေးနိုင်ရုံမက၊ အိမ်၌လည်း သူ့ မှတ်စုမှတ်ရာများ ရေးနည်းအတူ စုဆောင်း၍ ပေး၏။ သတင်းစာအတွက် ဝတ္ထုရှည်ကြီးတွေကို ကောင်း မကောင်း ကျွန်မပင် ရွေးချယ်ကူညီပြီး ဖတ်ပေးသည်။ အချို့ဝတ္ထုရှည်ကြီးတွေမှာ နာမည်ရ စာရေးဆရာများ မဟုတ်သော်လည်း အရေးအသားကောင်း၍ သတင်းစာတွင် ထည့်သွင်းသင့်ကြောင်း ပြောပြသဖြင့် "အို တံငါ" ဟူသော ဝတ္ထုရှည်ကို ကျွန်မ ထင်မြင်ချက်အတိုင်း သတင်းစာတွင် ထည့်သွင်းပေးလိုက်သည်။

ယခုအခါ၌ ကျွန်မမှာ စာရေးဆရာများနှင့် မိတ်ဖြစ်၍ နေပေပြီ။ နိုင်ငံရေးသမားများနှင့်လည်း မျက်မှန်းတန်းမိ နေပေပြီ။ သူသည် စာရေးဆရာများထဲတွင်

ဆရာကြီး ပီမိုးနင်းကို လေးလေးစားစား မေတ္တာထားသည်။ ဆရာကြီးပီမိုးနင်း ရန်ကုန်တွင် မချောင်လည်၍ တောသို့ ပြန်နေတော့မည့် သတင်းကို ကြားလျှင် သူ့မှာ နေမထိ ထိုင်မသာ ဖြစ်သွားသည်။ သတင်းစာတွင် ဆရာကြီး ဆောင်းပါး ထည့်ရန် တိုက်အုပ်အား ပြောပြလျက် ဆရာကြီးကိုလည်း မပြန်ရန် သွား၍ တားမြစ်ခဲ့လေသည်။ ထို့ကြောင့် ဆရာကြီးမှာ တောသို့ မပြန်ဖြစ်တော့ဘဲ မြန်မာ့ အလင်းတွင် "လေပွေ" ခန်းကို ရေးရင်း ရန်ကုန်နှင့် မြဲနေလေသည်။ ထိုအချိန်တွင် သူ့မှာ စာရေးဆရာ အစည်းအရုံးကြီး ဘယ်တော့များ ဖြစ်မလဲဟု ဆန္ဒပြင်းပြစွာ ဖြင့် ခဏခဏ ထုတ်ဖော် တောင့်တနေလေသည်။

နိုင်ငံရေးမှာ ညွန့်ပေါင်းအစိုးရ တက်နေချိန် ဖြစ်သည်။ လွှတ်တော်နှင့် ပတ်သက်သော သတင်းများကို မြန်မာ့အလင်းတွင် အခြားသတင်းများထက် ထူးခြားပြည့်စုံအောင် သူ ထည့်သွင်းပေးခဲ့သည်။ လွှတ်တော်မှတ်တမ်း စာအုပ် များကိုလည်း တစ်အုပ်မှ မပျောက်ရအောင် စုဆောင်း သိမ်းဆည်းခိုင်းသည်။ အစိုးရ ထုတ်ပြန်သော ကြေညာချက် စာရွက်စာတမ်း မှန်သမျှကို အကြောင်းအရာ ခွဲ၍ အုပ်တွဲလုပ်ကာ စာအုပ်ချုပ်ဆိုင်၌ အဆက်မပြတ် ချုပ်ခိုင်းသည်။ အပြည်ပြည် လွှတ်တော် လွှတ်ရပ်မှ ထုတ်ပြန်ကြေညာချက် အရပ်ရပ်ကို စုဆောင်း၍ အုပ်တွဲ အမျိုးမျိုး ချုပ်ပြီးသကာလ အိမ်တွင် လွှတ်တော်နှင့် ပတ်သက်သမျှ စပ်ဆိုင်ရာ ဗီရိုတစ်ဗီရို သီးခြား ခွဲထားသည်။ စာမျက်နှာတိုင်း၊ စာရွက်တိုင်း မင်နီကြီးတွေနှင့် ရဲနေအောင် သူ မျဉ်းသားခြစ်မှတ်ထားသဖြင့် ဤဗီရိုကို "ရဲရဲတောက် ဗီရို" ဟု နာမည် ပေးရသည်။

နိုင်ငံရေး သတင်းဝေဖန်ချက်နှင့် နိုင်ငံရေးကို ကွက်ကျော်မြင်သည့် အသိ ဉာဏ်မှာ ထူးထူးခြားခြား သူ့တွင် ရှိသည်။ နိုင်ငံရေးသတင်းထောက် ဆရာစိန်ကို နိုင်ငံရေးသတင်းများယူရန် အစရှာပေးရုံမက တစ်ခါတစ်ရံ သူကိုယ်တိုင် လိုက် လိုသည်ဆိုပြီး ဆရာစိန်နှင့် သွားကြလျှင် ကျွန်မလည်း အတူ လိုက်သွားသည်။ တစ်ညသ၌ နန်းရင်းဝန် ဦးပု အိမ်သို့ သွားကြသည်။ ဆရာစိန်အား ဦးပုနှင့် တွေ့ဆုံ မေးမြန်းဖို့ရာတွေ မှာကြားကာ ကျွန်မတို့က ဦးပု ခြံဝင်းတွင်း ကားထဲ၌ စောင့်နေ ကြသည်။ နံနက်တွင် သူ့သတင်းကို ထည့်သွင်း ဝေဖန် ဖော်ချမည့် အယ်ဒီတာ လင်မယား သူတို့ခြံထဲ ရောက်နေသည်ကို သူတို့ မသိဘူးဟု ကားထဲတွင် ရယ်စရာ ပြောမိသည်။ ကျွန်မတို့ကို ဦးပု အိမ်သားများက ဦးစိန်နှင့် ပါလာသူတွေပဲဟု အမှတ်တမဲ့ နေကြလေသည်။

လွှတ်တော်အစည်းအဝေး သတင်းများကို သတင်းစာတွင် သတင်းယူ၍ ထည့်ရုံနှင့် မပြီးသေးဘဲ လွှတ်တော်နောက်ပိုင်း၌ ဖြစ်နေသည့် လူမသိသော





သတင်းများကို လူသိအောင် စုံစုံလင်လင် ထည့်သွင်းဖော်ပြ ပေးနေပြန်သည့် အတွက်လည်း သူ့တွင် စားချိန် အိပ်ချိန် မရှိနိုင်အောင် အလုပ်များလှစေကာမူ၊ တိုင်းပြည်အပေါ်တွင်မူ ဝတ္တရားကျေလှသည့် အယ်ဒီတာတစ်ယောက် ဖြစ်ပေတော့ သည်။ ဤသတင်းတွေကို သူ့လက်ထဲက ရှန်းမထွက်သာအောင် ဆုပ်ထားနိုင်ဖို့ ရာ ခြေရာကောက်၍ အမိဖမ်းသည့် နေရာတွင် အလွန်ပင် အသိဉာဏ် လျင်မြန် ပါးနပ် ဖျတ်လတ်ခြင်း ရှိလှသဖြင့်၊ တောအကြောင်းကို နားလည်ကျွမ်းကျင်သည့် တောလိုက်မုဆိုး တစ်ယောက်နှင့် သဏ္ဌာန်တူလှသည်။

သူ့ကို လှည့်ချင်သော အစိုးရဘက်မှ နိုင်ငံရေး "ဂျင်" တွေကို ၎င်းတို့ မျက်စိရှေ့တွင် ယုံလောက်အောင် အလှည့်ခံနေလိုက်ပြီးနောက်၊ ၎င်းတို့ မျက်စိ ကွယ်ရာတွင် သူတို့လှည့်သွားသမျှ သတင်းတွေကို သတင်းစာထဲ၌ ပြောင်းပြန် ပြန်၍ လှည့်ထည့်ပေးလိုက်ရာ၊ သွေးထွက်အောင် မှန်သွားသဖြင့် ထိုသတင်းတွေကို ဖြတ်ကာ မှတ်တမ်းကြီးတွင် ကူးစဉ်က "ရှာမှရှားတဲ့ အယ်ဒီတာ" ဟု မှတ်ချက်ပါ ထည့်သွင်း ရေးမိသည်။

## ၂၅ ။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးကား မြန်မာရာဇဝင်တွင် စာတင်ရလောက် အောင် ဖြစ်လေသည်။ နိုင်ငံရေးနှင့် ပတ်သက်၍ ရှုပ်ပွေနေအောင် အမျိုးမျိုး အဖုံဖုံ ပေါ်ပေါက်လာလေသည်။ ရေနံမြေ သပိတ်မှောက် အလုပ်သမား ၁,၀၀၀ ရန်ကုန်သို့ သခင်ဖိုးလှကြီး ခေါင်းဆောင်၍ လာတော့မည်ဟု သတင်းရသည့် နေ့ရက်က စ၍ သူ့မှာ ခါတိုင်းထက် အလုပ်များနေသည်။ နိုင်ငံရေးသမားတွေနှင့် ခေါင်းချင်း ပြေးရိုက်သည်က တစ်ဖက်ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ သပိတ်တပ် ကြီးကို ဗိုလ်များစု၍ အုပ်ချုပ်ပြီး ထွက်လာကြရာ မကွေးမြို့တွင် ခေါင်းဆောင်၍ လိုက်ပါလာသော သခင်ဖိုးလှ၊ သခင်ဘတင်၊ သခင်ဘမောင်၊ သခင်ခင်တို့နှင့် တကွ ရဟန်းပုဂ္ဂိုလ် သုံးပါးတို့ပါ ဖမ်းဆီးပြီဟု သတင်းရပြန်ရာ သူလည်း အိမ်ပြန် ထမင်းလာစားရသည်ကိုပင် အချိန်ကြာသည်ဟု မှတ်ထင်နေသည်။ ညွန့်ပေါင်း အစိုးရကို သတင်းစာမှနေ၍ ပြင်းပြင်းထန်ထန် ရှုတ်ချရေးသားခဲ့သော ရေနံမြေ သပိတ်နှင့် ပတ်သက်သည့် သူ၏ နှိုးဆော်လမ်းပြချက်၊ ဝေဖန်ချက်၊ လှုံ့ဆော်ချက် တွေကိုလည်း သတင်းစာမှ အပိုဒ်ဖြတ် တွဲစုထားသည်။

"ကျွန်မ၏ ခင်ပွန်း" ဟု ကျွန်မ ရေးမည့် စာအုပ်ကြီးတွင် သူရေးခဲ့သော ထို ဝေဖန်ချက်များကို ထည့်သွင်းဖော်ပြမည်ဟု အားခဲထားသည်။ သူ အလုပ်

ရှုပ်လေလေ၊ ကျွန်မတွင်လည်း မှတ်တမ်းကြီးနှင့် လက်နှင့်မပြတ်အောင် အလုပ်များလေလေ ဖြစ်တော့သည်။ သတင်းစာတွင် မပါသော သူ့နှုတ်မှ ပြောကြားသော ထင်မြင်ချက်များကိုပါ ရေးမှတ်၍ ထည့်သွင်းခဲ့သည်။

တို့ဗမာအစည်းအရုံးမှ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်လှမောင်တို့က ရေနံမြေတပ်ကြီးအတွက် ဗိုလ်များ အလိုရှိသည်ဟု ကြေညာရာ၊ ထိုစဉ်က လူငယ်များ များစွာ စိတ်အားထက်သန် နေကြသည်။ တစ်နိုင်ငံလုံး လူကြီးလူငယ် နိုးနိုးကြားကြား လှုပ်လှုပ်ရှရှ စိတ်အားထက်သန်လာအောင် သတင်းစာမှ အားပေးလှုံ့ဆော် ရေးသားနေချိန်လည်း ဖြစ်သည်။

ရန်ကုန်သို့ ချီတက်လာကြမည့် ရေနံတပ်ကြီးကို ကြိုဆိုရန် အသင်းပေါင်းစုံ၊ နိုင်ငံရေးဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး ဘုရားခြေတော်ရင်း ဦးဘရီဇရပ်တွင် ကျင်းပသဖြင့် သူ သွား၍ ကျွန်မလည်း လိုက်ပါသွားသည်။ နိုင်ငံရေးဆောင်ရွက်နေသည့် သခင်များနှင့် ဇရပ်တွင် စည်းလားရိုက်လာသည်တွေကိုလည်း ကျွန်မ မှတ်တမ်းတွင် ထည့်မှတ်ခဲ့သည်။

မကွေးမြို့ အစည်းအရုံးမှ နောက်ထပ် ဗိုလ်များ ရွေးချယ်၍ လွှတ်လိုက်စဉ် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ သခင်၊ ဗိုလ်များအပြင် မကွေးမြို့သို့ ရောက်၍နေသော ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုဘဟိန်းက သပိတ်သမားတို့အား တရားဟောနေစဉ် ဝရမ်းနှင့် လာရောက်ဖမ်းသွားသည့် သတင်းကို ရပြန်သည်။ ထိုနေ့၌ကား သူသည် နေ့တိုင်းထက် ထူးကဲ၍ လက်ဖက်ရည် ပိုသောက်တော့သည်။

'ကိုယ်လည်ပင်းကို ကိုယ် ကြိုးကွင်းတပ်တဲ့ အစိုးရ ပြုတ်ပြီ၊ ပြုတ်ပြီ' ဟု နှုတ်မှ မြည်တမ်းရင်း လက်ဖက်ရည်ကို ခွက်ဆင့်ချသောက်ပြီးလျှင် စားပွဲတွင် ကုန်းရေးနေတော့သည်။ ပစ္စည်းတစ်ခုခု ကောက်ရထားသလို မျက်နှာမှာလည်း ကြည်လင်ရွှင်လန်းနေသဖြင့် ကျွန်မမှာ သူ့အမူအရာကို အဓိပ္ပာယ်မသိအောင် ဆန်းနေသည်။

ဗျူရိုကရေစီ အစိုးရတို့အား လက်နက် တစ်စုံတစ်ရာဖြင့် တိုက်ခိုက်တော်လှန် ပုန်ကန်သောင်းကျန်းခြင်း မပြုပါဘဲ လူထုကြီးကို မြင်းနှင့်တိုက်၊ တုတ်နှင့် သိမ်းရိုက်နှက်ပြီး လူတွေကို ဖမ်းချုပ်ရလောက်အောင် ရက်စက်ရမလားဟု အသည်းနာသထက် နာအောင် သတင်းစာမှ ပုံမျိုးစုံ၊ သတင်းမျိုးစုံတွေနှင့် ဖော်ပြ၍ မှတ်ချက်အမျိုးမျိုး ချပေးလျက် တိုင်းပြည်နှင့် အစိုးရကို တခြားစီဖြစ်အောင် တစ်ခြမ်းခွဲပေးလိုက်သည်မှာ အရေးလိမ္မာ ပိရိလွန်းသဖြင့်သာ သူပါ အဖမ်းမခံရခြင်း ဖြစ်ပေတော့သည်။





တို့ဗမာအစည်းအရုံးမှနေ၍ စာတမ်း၊ စာရွက် ရိုက်ပြီး ဝေငှရသည်ထက် စောင်ရေအများဆုံး သတင်းစာကြီးမှ အမြို့မြို့သို့ရောက်အောင် လှုံ့ဆော်ပေးနိုင်သဖြင့်၊ နိုင်ငံရေးဘက်ကကြည့်လျှင် သူလို အယ်ဒီတာတစ်ယောက် ရှိသည်မှာ အလွန် တာသွားလွန်းသောကြောင့် ထိုစဉ်က နိုင်ငံရေးသမားများ သူ့ကို အားကိုးကြသည်မှာ အားကိုးလောက်ပေသည်။ သူသည် ကလောင်တစ်ချောင်းနှင့် ထက်ထက်မြက်မြက် ဝါဒဖြန့်လျက် တို့ဗမာအစည်းအရုံးသို့ စိတ်ညွတ်လာအောင် သိမ်းသွင်းနေလေသည်။

ရန်ကုန်မြို့ ပုလိပ်များလည်း သူတို့၏ ကြီးစွာသော တာဝန်ဝတ္တရားများနှင့် ရေထဲတွင် ငါးရှာသည့်ဖျိုင်းလို နိုင်ငံရေးသမားများအား မျက်စိပြတ်မခံကြဘဲ ချောင်းနေကြရာ၊ သူလည်း ထိုအချိန်၌ နိုင်ငံရေးသမား သခင်များနှင့် လုံးထွေးနေလေသဖြင့် သူ့အားပါ ဖမ်းမလားဟု အောက်မေ့ခဲ့မိသည်။

တိုင်းသူပြည်သား ကျောင်းသားများ၏ လွတ်လပ်ရေးကို ခနရှင်များဘက်မှ ကူညီအားပေးနေသူ ညွန့်ပေါင်းအစိုးရက အမျိုးမျိုး ဥပဒေထုတ်ကာ ချုပ်ချယ်သထက် ချုပ်ချယ်လာရာ၊ သူလည်း နိုင်ငံရေးသမားများကဲ့သို့ အစိုးရအား စင်ပေါ်တက်ပြီး အော်ဟစ်ရှုတ်ချခြင်း မလုပ်သော်လည်း၊ သတင်းစာတွင် သူရေးလိုက်သည့် စာကြောင်းတိုင်း စာကြောင်းတိုင်း၊ သုံးနှုန်းထားသည့် စကားလုံးတိုင်း စကားလုံးတိုင်းမှာ အစိုးရ ခိုင်မြဲစရာ မရှိနိုင်အောင်ပင် ရှုတ်ချပြစ်တင် ရေးသားချက်များ ဖြစ်ပေတော့သည်။ ဆင်းရဲသား လယ်သမားကို ၅ ဧက ပေးမည်ဟု ဝန်ခံ၍ တက်လာသော ညွန့်ပေါင်း အစိုးရအဖွဲ့ကြီးကို တစ်တိုင်းပြည်လုံးက မကြည့်ချင်လောက်အောင်၊ အယုံအကြည် ကင်းမဲ့အောင် ရေးနိုင်စွမ်းရှိသည့်အတွက် 'သတင်းစာဟာ တကယ်တန်ခိုးကြီးလာရင် အစိုးရကို ဖြုတ်ချနိုင်တယ်၊ အစိုးရဟာ သတင်းစာ လက်အောက်က နေရတယ်' ဆိုသည့် သူ့စကားမှာ ဤအကွက်တွင် အံကိုက်၍ နေပေတော့သည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့ ည ဖြစ်သည်။

ညွန့်ပေါင်းအစိုးရ မပြုတ်ခင် တစ်နေ့တွင် ဈေးထဲသို့သွားရာ ဖိနပ်ဆိုင်က ဖိနပ်ဝယ်သူတစ်ဦးအား 'ဒေါက်တာဘမော်ဖိနပ် ယူမလား' ဟု မေးသံကြား၍ လှည့်ကြည့်လိုက်သည်။ သားရေဖိနပ် ကြိုးအဖြူပုံ တစ်ရန် ထုတ်ပြနေသည်ကို မြင်ခဲ့ရသဖြင့် သူ့အား 'ဒေါက်တာဘမော်တော့ ဒီတစ်သက် နိုင်ငံရေး နာလန်ထူပါ့မလား။ ကျောင်းသားတွေကလည်း သေပါစေ၊ အရပ်ကလည်း သေပါစေနဲ့။ ဖိနပ်တောင် ဒေါက်တာဘမော်ဖိနပ်နဲ့ ရောင်းနေပြီ' ဟု ပြောပြသည်။

'နိုင်ငံရေးမှာ ဒီလိုချည်း မှတ်လို့မရဘူး။ အခုသာ ခြေထောက်အောက် ရောက်နေတယ် ဆိုပေမဲ့၊ တော်တော်ကြာ ဒေါက်တာဘမော် ဒေါက်တာဘမော်နဲ့ ခေါင်းပေါ် ပြန်ရောက်ဦးမှာပဲ။ အင်္ဂလန်မှာ တစ်ခေတ်တုန်းက နန်းရင်းဝန်တွေ မှိုင်းခံမီးပုံး ဖြစ်နေလိုက်ကြတာ။ ဂလက်စတုံး တက်လိုက်၊ ပီးလ် တက်လိုက်။ ဂလက်စတုံး ပြန်တက်လိုက်၊ ဒီစရေလီ တက်လာလိုက်၊ ပီးလ်က ပြန်တက်လာ လိုက်နဲ့ နိုင်ငံရေးမှာ အတက်ချည်းပဲ မဟုတ်ဘူး။ အကျလည်း ရှိတယ်။ အကျချည်းပဲလည်း မဟုတ်ဘူး။ အတက်လည်း ရှိတယ်။ ဘိလပ်မှာ အိမ်ကို ခဲနဲ့ဝိုင်းပြီး ပေါက်ကြတာတောင် ပြန်ပြီး လူထုက မဲပေးနေသေးတယ်။ နိုင်ငံရေးမှာ အကျခံနိုင်ရင် ဘယ်တော့မှ မသေဘူး' ဟု ပြော၍ နိုင်ငံရေးလုပ်လျှင် အရေထူဖို့ရာ သဘောသိသွားလေသည်။

ဦးစောအစိုးရ တက်လာပြီး နောက်တစ်နေ့တွင် ကျွန်မတို့ ဈေးသို့မြင်းလှည်းနှင့် သွားကြသည်။ သံဈေးထောင့်သို့ ရောက်သောအခါ တစ်ယောက်နှင့် တစ်ယောက် ပြောလာကြသော စကားများမှာ နိုင်ငံရေးစကားများဖြစ်ပြီး၊ ဈေးထောင့်တွင် ရှေ့မှ ကားများပိတ်နေ၍ မြင်းလှည်းရပ်နေသည့် အချိန်၌ သူ့ကို အယ်ဒီတာ လုပ်မနေဘဲ နိုင်ငံရေးတွင် ကိုယ်ထိလက်ရောက် ဝင်ရောက်လုပ်ရန် တိုက်တွန်းပြောမိသည်။

'ကိုကို့ကို နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အဖြစ်နဲ့ ဘယ်တော့များမှ မြင်ရပါ့မလဲ' ဟု စ လိုက်သည်။

'နိုင်ငံရေး ခေါင်းဆောင်တစ်ယောက် အဖြစ်နဲ့တော့များ ဘယ်တော့မှ မမြင်ချင်ပါနဲ့' ဟု ပြန်ပြောသည်။

'ဘာဖြစ်လို့လဲ'

'ဒီနိုင်ငံမှာ နိုင်ငံရေးခေါင်းဆောင် ဖြစ်ချင်တဲ့လူတွေက များပြီး အယ်ဒီတာ လုပ်ချင်တဲ့ လူတွေက နည်းတယ်။ နိုင်ငံရေးခေါင်းဆောင်ဖြစ်ဖို့ရာ အလွယ်ကလေးရယ်။ အယ်ဒီတာတစ်ယောက် အောင်အောင်မြင်မြင် ဖြစ်ဖို့ရာက မလွယ်လှဘူး။ နိုင်ငံမှာ တကယ့်နိုင်ငံရေး ခေါင်းဆောင်ကောင်းတစ်ယောက် ရှိဖို့ လိုသလို၊ အယ်ဒီတာကောင်းတစ်ယောက် ရှိဖို့ကလည်း အရေးကြီးတယ်။ အစိုးရ ကောင်းကောင်း လိုချင်ရင် အယ်ဒီတာ ကောင်းကောင်း ရှိရတယ်'

'ကိုကို အယ်ဒီတာလုပ်နေတာက စာပေဝါသနာကြီးလို့ရုံတင်မှ မဟုတ်ဘဲ။ နိုင်ငံရေးစိတ်ဓာတ် ထက်သန်လွန်းလို့ ပြောရတာပဲ'

'နိုင်ငံရေးလုပ်တာကတော့ မလွတ်လပ်မချင်း လုပ်ရမယ်။ ကိုကို နိုင်ငံရေးလုပ်နေတာက အာဏာလိုချင်တဲ့ နိုင်ငံရေး၊ ရာထူးယူချင်တဲ့ နိုင်ငံရေးကို လုပ်တာမှ





မဟုတ်ဘဲ။ ကိုကိုက Power Politics ရအောင် လုပ်တာထက် Social Reformer)ဖြစ်အောင် လုပ်တာကို ကြိုက်တယ်'

'နိုင်ငံရေးပညာနဲ့ နိုင်ငံအုပ်ချုပ်မှု ပညာရပ်တွေ နေ့နဲ့အမျှ ဒီလောက်တောင် မအိပ်မနေ ဆည်းပူးလိုက်စားနေပြီး၊ ဒီပညာတွေကို ဒီနိုင်ငံမှာ အသုံးမချရင် ဘယ်နိုင်ငံမှာ သွား အသုံးချမလို့လဲ'

'ဒါကတော့ အသုံးချမှာပေါ့။ အသုံးလည်း ချနေသားပဲ။ အသုံးချပေမဲ့ အသုံးချနည်း နှစ်နည်းရှိတယ်။ ကိုယ်တိုင်တက်ပြီး လုပ်တဲ့နည်း တစ်နည်းနဲ့ ကန့်လန့်ကာနောက်က နေပြီး လုပ်တဲ့နည်းရယ်လို့ ရှိတယ်'

'ကိုကိုက ဘယ်နည်းများ ကြိုက်နေသလဲ'

'ကိုကို ကြိုက်တဲ့နည်းကတော့ ဘယ်သူမှ မသိဘဲ အကျိုးရှိအောင် လုပ်တဲ့နည်းကို ကြိုက်တယ်။ ဒီနည်းက ရှိဖို့လိုအပ်တဲ့နည်းဆိုတာ တစ်နေ့တခြား ကိုကို ယုံကြည်တယ်။ နိုင်ငံရေးလုပ်နေတဲ့ သူတွေရဲ့နောက်မှာ အေးအေးဆေးဆေး တွေးဆချင့်ချိန်တဲ့ ခေါင်းကောင်းကောင်း ရှိမယ့်လူ ရှိဖို့ လိုတယ်။ ဒီလူကို ပရိသတ် သိဖို့ မလိုဘူး။ ဒီလူကို ပရိသတ် ကြည်ညိုဖို့ မလိုဘူး။ ဒီလူ လုပ်နေတာကို လူလည်း မသိရဘူး။ အစိုးရကလည်း မသိရဘူး။ လူကြည်ညိုမယ့် ခေါင်းဆောင်ကောင်း တစ်ယောက်ကို စင်ပေါ်တင်ပြီး နောက်ကွယ်ကနေ လမ်းပြ အကြံဉာဏ်ပေးပြီး ခေါင်းဆောင်လုပ်တဲ့လူ၊ မားမားမတ်မတ် ဖြောင့်ဖြောင့်မှန်မှန် ဖြစ်ဖို့ရာ အတွက် ထိန်းသိမ်းပေးမယ့်သူတစ်ဦး ဖြစ်ဖို့ရာသာ အဓိက သူ့အလုပ်ပဲ။ တခြားနိုင်ငံတွေမှာ လက်သီး လက်မောင်းတန်း အော်နေတဲ့ ထိပ်ထိပ်ကြဲ ခေါင်းဆောင်တွေနောက်မှာ တကယ့် အသိဉာဏ်ကြီးတဲ့ အကြံပေးလမ်းပြအလုပ်ကို လူမသိအောင် လုပ်နေတဲ့လူတွေ အများကြီးရှိလို့ ခရီး ပိုတွင်ကျယ်တယ်။ ဒီတိုင်းပြည်မှာတော့ ဒီလိုနေရာမျိုး ဘယ်သူမှ စိတ်ကူးထဲတောင် မထည့်ဘူး။ နိုင်ငံရေးလုပ်ရင် တစ်ခါတည်း စင်ပေါ်တက်ရတော့ ထင်ပေါ်ကျော်ကြားသွားရင်ပဲ ပြည့်စုံလှပြီလို့ မှတ်သွားတယ်။ ကိုကို့ကို စင်ပေါ်မှာ ဘယ်တော့မှ တင်လေး မြင်ရမယ် မဟုတ်ဘူး'

'ဒါပေမဲ့ လမ်းညွှန်ပေးတဲ့အတိုင်း ထိထိရောက်ရောက် မလုပ်လို့ တိုင်းပြည်မှာ နှောင့်နှေးပြီး အကျိုးမရှိဘူး၊ ခရီးမတွင်ကျယ်ဘူးဆိုရင် ဒီလိုပဲ ကြည့်နေမလား'

'ဒါကတော့ လုပ်အောင် အားထုတ်ရမှာပေါ့'

'မလုပ်ရင်ကော'

'လုပ်အောင် ကြိုးစားပေးရမှာပဲ'

'လုပ်အောင် ပြောလျက်သားနဲ့ မလုပ်ဘူး၊ မလုပ်တတ်ဘူး ဆိုရင်ကော'

'လုပ်တတ်အောင် နည်းပြ ပေးရမှာပဲ'

'အဲဒါကိုက ဘယ်လောက် ခရီးကြာနေပြီလဲ။ ကိုယ်တိုင်ကိုယ်ကျ ဝင်လုပ်တော့ မြန်မြန်ကြီး ခရီးရောက် မသွားဘူးလား။ ကြည့်နေပါ၊ ကိုကို တစ်နေ့ စင်ပေါ် ရောက်ရမယ်'

'ဘယ့်နှယ်ကြောင့် ပြောနိုင်တာလဲ။ စင်ပေါ် မတက်ပါဘူး ပြောနေတာ'

'အခုတော့သာ ပြောတာကိုး။ နောက်တော့ ကိုကို့ကို စင်ပေါ် ပို့လိုက်မှာပဲ'

'ဘယ်သူက ပို့မှာလဲ'

'ကိုကို ဆည်းပူးနေတဲ့ နိုင်ငံရေးပညာတွေက ကိုကို့ကို စင်ပေါ်ရောက်အောင် ပို့ပေးလိုက်မှာပဲ'

'အဲဒါတော့ တင်လေးနဲ့ ကိုကို သဘောချင်း မတိုက်ဆိုင်ဘူး'

'မတိုက်ဆိုင်ရင် စောင့်ကြည့်နေလေ။ တင်လေးက ဒီသံဓျေးကို သက်သေထားပြီး ပြောလိုက်မယ်။ ကိုကို တစ်နေ့ နိုင်ငံရေးသမားတစ်ယောက်အဖြစ်နဲ့ စင်ပေါ်ရောက်သွားပြီး လူကြည်ညို ရှင်ကြည်ညိုမယ့် တကယ့် နိုင်ငံရေး ခေါင်းဆောင်ကြီးတစ်ယောက် မုချ ဖြစ်ရမယ်'

'စင်ပေါ်ကို ကိုကို ရောက်ရမယ်လား'

သူသည် ဤစကားကို ရယ်သွမ်းသွေး၍ ပြောနေသည်။ မဟုတ်နိုင်ဘူး ဆိုသည့် အဓိပ္ပာယ်မျိုးဖြင့်လည်း ကျွန်မကို ကြည့်၍ ခေါင်းယမ်းပြီး ပြသည်။

သူ့အား ဖြစ်စေချင်လှသည့် စိတ်နှလုံးဖြင့် ပြောလိုက်ခြင်း မဟုတ်ပေ။ ဖြစ်ထိုက်၍ ဖြစ်ရမည်ဟုသာ အတပ်ပြောလိုက်ခြင်း ဖြစ်သည်။ အရည်အချင်းရှိသည့် တစ်နေ့တွင် သူနှင့် ထိုက်တန်သော နေရာသို့ ရောက်မည်မှာ မလွဲဧကန် ဖြစ်၍လည်း ပြောသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ သာသနာရေး၊ ကူးသန်းရောင်းဝယ်ရေး စသည့် နိုင်ငံရေးရာ အုပ်ချုပ်မှု အုပ်ချုပ်နည်း အဖြာဖြာတွေကို အဘက်ဘက်က လိုလေသေးမရှိရအောင် သူ ဘယ်လို လိုက်စားသည်၊ ဘယ်ထိအောင် ခရီးပေါက်နေသည်ကို နေ့စဉ်နေ့တိုင်း သူ ဆည်းပူးနေသမျှကို မြင်နေရသော ကျွန်မ အဖို့၌ ထိုစကား ပြောဆိုရာ၌ အနည်းငယ်မျှ ယုံမှား သံသယမရှိဘဲ အတပ်ပြောနိုင်ခြင်း ဖြစ်ပေသည်။

မည်သူ မှန်မည်၊ မှားမည်ကို မသေခင် တစ်နေ့၌ တစ်ယောက်နှင့်တစ်ယောက် ဝန်ခံကြစတမ်းဟု ကျွန်မက ဈေးရုံကြီးကို သက်သေပြုကာ နောက်ဆုံးကတိထားလိုက်ကြသည်။



## ၂၆ ။ အထက်သို့

တစ်ဆောင်းက တစ်နွေ ကူး၍ တစ်နွေက တစ်မိုး ကျလာသဖြင့် အိမ်ထောင်ပြုလာခဲ့သည့် အချိန်တွေပင် ရက်ကာလပြောင်း၍ လမှ တစ်ဖန် နှစ်သို့ ကူးပြောင်းလာခဲ့ပြီးလျှင်၊ သားယောကျ်ားကလေးတစ်ဦး ဖြစ်ထွန်းပေါ်ပေါက်၍ လာခဲ့ပြီးမှ ရုတ်တရက် ကောက်ကာငင်ကာ အခါမလည်ခင် ဘဝတစ်ပါးသို့ ပြောင်းကွယ်သွားလေသည်။ အိမ်ထောင်ရေးတွင် ရှေးဦးစွာ တွေ့ရဖူးသော အပူကြီးဖြစ်၍ "ဖြေသော်ဖြေပဲ" ဆိုသကဲ့သို့ မေ့၍ မရ၊ ဖြေ၍ မပျောက်နိုင်နှင့် များစွာပင် ဗျာပါမီးတောက်၍ နေလေတော့သည်။

ကလေးအတွက် ဆွမ်းသွတ်ကြပြီးနောက် စိတ်နှလုံး နောက်ကျုလျက်ရှိစဉ် ဖခင်ကြီးမှာ ဝေဒနာသည်းနေ၍ မလာရောက်နိုင်ပေသော်လည်း အဝေးကနေ၍ အပူငြိမ်းအေးရန် တရားပြပြီး ဖျောင်းဖျသည့်စာ ရေးပေးလိုက်ပြီးနောက်၊ စိတ်ပြေပျောက်ရန် တိုက်မှ ခွင့်ယူ၍ အမြို့မြို့အနယ်နယ် လျှောက်လည်ဖို့ရန် အကြံပေးပြီး၊ ဤအကြံကို သဘောကျ၍ သွားလိုသည်ဆိုက သူ့ထံသို့ အမြန်လိုက်လာရန်ပါ မှာကြားလိုက်သည်။

စနေ တိုက်ပိတ်ရက်ဖြစ်၍ သောကြာနေ့ညတွင် ဘိုကလေးသို့ လိုက်သွားကြသည်။ ဖခင်ကို အထက်မြန်မာပြည်သို့ သွားချင်ကြောင်း ပြောရာ ကြေးငွေစရိတ် အပြည့်အစုံ လုံလုံလောက်လောက် ပေးလိုက်သည်။

တိုက်မှ ခွင့်ယူ၍ အထက်မြန်မာပြည်သို့ သွားကြမည်ဟု နှစ်ယောက်သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

တိုက်တွင် ခွင့်ယူပြီး၍ ရန်ကုန်မှ မထွက်ခင် တစ်နေ့တွင် တိုက်မှ ဧရာဝတီသင်္ဘောလက်မှတ် နှစ်စောင် ယူလာသည်။ ကျွန်မမှာ လက်မှတ်နှစ်စောင်ကို ကြည့်၍ နားမလည်နိုင်အောင် ဖြစ်သွားသဖြင့် သူ့အား ရှင်းအောင် မေးရသည်။

'ဒီလက်မှတ်ကို ကိုကို့ကို ဘယ်သူက ပေးတာလဲ၊ ကုမ္ပဏီက ပေးတာလား'

'တိုက်အုပ်က ပေးလိုက်တာလေ'

'တိုက်အုပ်က ဘာဖြစ်လို့ လက်မှတ်နှစ်စောင် ပေးရတာလဲ။ အဓိပ္ပာယ်က ဘယ်လိုလဲ'

'ဩော် ... ဒါကတော့ ပထမတန်းလက်မှတ်ကို သုံးချင်သုံး၊ ဒါမှမဟုတ်လို့ ဒုတိယတန်း လက်မှတ်ကို သုံးချင်သုံး၊ ကြိုက်ရာသုံးဖို့ ပေးလိုက်တာပဲ။ ပထမတန်း လက်မှတ်ကို အသုံးပြုရင် သူတို့အစာကို စားမှ ကောင်းမယ်လို့ တိုက်အုပ်က ပြောလိုက်တယ်'

'သြော် ... သြော်၊ ဒါဖြင့်ရင် ဒီလက်မှတ်က ကြိုက်ရာသုံးဖို့ လက်မှတ်ပေါ့'

'ဟုတ်တယ်လေ'

'ဒါဖြင့် ကိုကို ဒုတိယတန်းလက်မှတ်ကို မသွားခင် ပြန်ပေးလိုက်ပါ'

'နှစ်ခုစလုံး ပေးလိုက်တာ ပြန်ပေးလို့ ဘယ်ကောင်းမလဲ။ နောက်မှ ကိုယ် သုံးချင်တာသုံးပြီး ပြန်ပေးလိုက်တာပေါ့။ ကုမ္ပဏီက ပေးတဲ့ လက်မှတ်က တစ်စောင်ကို နှစ်ယောက်အတွက် ပေးတာ။ လေးယောက်စာ သုံးလိုရင် လက်မှတ် နှစ်မျိုးရှိတော့ မလွယ်ဘူးလား'

'ဒါဖြင့်ရင်လည်း ထား ထား'

သူသည် ခရီးမထွက်ခင် အထက်မြန်မာပြည်ရှိ အမြို့မြို့ မြန်မာ့အလင်း ကိုယ်စားလှယ်များနှင့်၊ အထူးသဖြင့် သတင်းထောက်များကို ဘူတာတွင် တွေ့ဆုံလိုကြောင်း စာကြိုတင် ရေးပို့လိုက်သည်။ ရန်ကုန်မှ မန္တလေးသို့ အသွားတွင် ရထားနှင့် သွားကြသည်။ လမ်းတွင်ဖတ်ရန် စာအုပ်များကို ရွေး၍ သေတ္တာတစ်လုံးနှင့် သပ်သပ် ထည့်ယူလာသည်။ 'ဘုရင်ခံ ခရီးသွားရင် Library တွဲတစ်တွဲ သပ်သပ် ပါတယ်လို့ ကြားဖူးတယ်။ ကိုကို့အတွက်လည်း တွဲတစ်တွဲငှားပြီး တစ်တွဲစာ စာအုပ်တွေ ထည့်ယူလာခဲ့ရင် သိပ်ကောင်းမှာပဲ' ဟု ပြော၍ သူ့ကို နောက်နေသည် ထင်သည်။ ကျွန်မသာ ထိုစဉ်က တွဲတစ်တွဲ ရနိုင်လျှင် စာအုပ်တွေ တစ်တွဲစာ ယူထည့်လာဖို့ရန် စိတ်ရှိနေ၍ ပြောလိုက်ခြင်း ဖြစ်သည်။ သူနှင့် စာအုပ်ကို ခွဲခွာပြီး ထား၍မရသဖြင့် တစ်အုပ်ပြီးတစ်အုပ် လမ်းတွင် အေးအေးဆေးဆေး ဖတ်ချင်တိုင်းဖတ်ရန် စေတနာအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

ဘူတာတွေတွင် လာရောက်တွေ့ဆုံကြသော သတင်းထောက်များနှင့် နှုတ်ဆက်ကြသည်။

မြို့ရွာအခြေအနေ၊ မြို့ပေါ်ရှိ ပါတီများနှင့် မြို့သူမြို့သားများ၏ စိတ်နေသဘော၊ စရိုက် ဓလေ့ စသည်တို့နှင့် ပတ်သက်သမျှ နိုင်ငံရေးသဘောနှင့် သော်လည်းကောင်း၊ စီးပွားရေးသဘောနှင့် သော်လည်းကောင်း၊ ပေါင်းသင်း ဆက်ဆံရေး အကျင့်စာရိတ္တနှင့် သော်လည်းကောင်း တစ်မြို့လုံးကို အဘက်ဘက်မှ နေ၍ ထောက်လှမ်းမေးမြန်း စုံစမ်းနေပုံများမှာ အချိန်အနည်းငယ် အတွင်း၌ပင် သေချာစေ့စပ် စုံလင်လှပေတော့သည်။

ဘူတာတစ်ဘူတာတွင် သတင်းထောက်တစ်ဦးအား ဤမြို့တွင် ကုလားဆိုင် ဘယ်နှဆိုင်၊ တရုတ်ဆိုင် ဘယ်နှဆိုင်လောက် ရှိသလဲဟု မေးသည်။ သတင်းထောက်က အမှတ်အသား ရေတွက်မထားကြောင်း ပြောသဖြင့် သူက ရေတွက်





မှတ်သား၍ သူ့ထံသို့ ပို့ပေးရန်နှင့် ဘာကြောင့် စာရင်းယူထားထိုက်သည်ဆိုသည့် အကြောင်းကို စီးပွားရေးသင်ခန်းစာများဖြင့် တိုတိုတုတ်တုတ် လိုရင်းအချုပ်ကို အဓိပ္ပာယ်ပါပါ ရှင်းလင်းပြောပြလိုက်သည်။ သတင်းထောက်လည်း စိတ်ပါဝင်စားစွာဖြင့် ကောင်းစွာ နာယူမှတ်သား သွားလေသည်။

မန္တလေးမြို့ကြီးသို့ ရထားဝင်တော့မည် နီးလာသောအခါ နိုင်ငံတော်တွင် အိမ်ရှေ့ကိုယ်တော်ကြီး၏ ကျေးဇူးတွေ တင်ရှိနေခဲ့ပုံကို အမျိုးမျိုးအဖုံဖုံ ပြောပြလာသည်။ မြန်မာရာဇဝင် ရေးသွားသော ဂျီ၊ အီး၊ ဟာဗီက 'မြန်မာပြည်ကို ဖျက်ဆီးရန် မဟုတ်ဘဲ ပြည့်စွက်နှင်းအပ်ရန် သိမ်းသည်ဆိုသော စကားမှာ သက်သက်မဲ့ နောင်လာနောက်သား ကလေးတွေကို မျက်စိမှိတ် ယုံခိုင်းတာပဲ' ဟု ပြောပြီး နောက် ဆက်လက်ကာ–

'အရှေ့ဘက်တစ်လွှားမှာ အင်္ဂလိပ်အစိုးရကိုယ်စားလှယ်တွေ အကြောင်းအမျိုးမျိုးပြပြီး နိုင်ငံတွေကို မတရားသိမ်းပိုက်တာကို အင်္ဂလန်က မကြိုက်ကြဘူး။ လော့အဲလ်မင်းဟတ်ကို ဝိုင်းဆဲကြတယ်။ စစ်ဖြစ်ပွားတုန်းက တိုက်ပုံကျင့်ပုံတွေကို ပြစ်တင်ရှုတ်ချကြတယ်။ အရှေ့အိန္ဒိယကုမ္ပဏီက မြင်မြင်ရာရာကို လိုချင်လောဘ တရွရွရှိတာကို ဖိုက်က ရေးသွားတယ်။ နောက်တစ်ခါ တတိယစစ်ပွဲကို မြန်မာတွေ မတရားတာ ကြည့်မနေနိုင်လို့ တိုက်ရတာပါလို့ အကြောင်းပြပြန်တယ်။ ဒါလည်း မတရားသက်သက် ပြောတာပဲ။ အင်္ဂလိပ်တွေနဲ့ အင်္ဂလိပ်ရာဇဝင်ဆရာတွေကတောင် ဒီ ပလီပလာ အကြောင်းပြချက်ဟာ မခိုင်လုံကြောင်း ပြောကြတယ်။ ဘိလပ်မှာ ရွှေတိုက်စိုးဝန်ကြီး လုပ်ခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်ကြီး ရှင်းဒေါ့ဖ်ချာချီက ဝန်ခံထားတယ်။ "မြန်မာပြည် မိတ်ဆွေများ" ဆိုတဲ့ စာအုပ်မှာလည်း လော့ဝီးလ်က ဒီသဘောမျိုးပဲ အတိအလင်း ရေးထားတယ်။ မြန်မာပြည်က ကျောင်းသုံး မြန်မာရာဇဝင် စာအုပ်တွေကို မဟုတ်မမှန် လုပ်ကြံလည်ဆယ်ပြီး သူတို့အပေါ်မှာ မှီတွယ်ကပ်ရပ် နေချင်တဲ့စိတ်တွေ ပေါ်လာအောင် ရည်ရွယ်ပြီး ရေးတာ ပေါ်နေတာပဲ' ဟု ပြောပြသည်။

'ရှင်းဒေါ့ဖ်ချာချီက ဘယ်လို ဝန်ခံသလဲ' ဟု မေးသည့်အခါ 'မြန်မာပြည်ကို ပြင်သစ် လွှမ်းမိုးမှာ စိုးလို့ အင်္ဂလိပ်အစိုးရက ပါလီမန်နဲ့ ဆန့်ကျင်ပြီး အတင်းသိမ်းပိုက် ယူငင်ခဲ့ရတယ်လို့ ဝန်ခံတယ်' ဟု ရှင်းပြသည်။

'နို့၊ ဟာဗီက ဖျက်ဆီးရန်လာတာ မဟုတ်ဘူး၊ လိုနေတဲ့အရာတွေ ဖြည့်စွက်ရန် လာရတာ ဆိုတာကကော' ဟု ကျွန်မက ဆက်မေးပြန်သည့်အခါ–

'ဒါက အကျယ်တဝင့် ရှင်းပြောမှ သူတို့ ကလိမ်ဉာဏ်ကို သိမယ်' ဟု ဆိုပြီး အောက်ပါအတိုင်း အကျယ်တဝင့် ပြောပြလေသည်။

' "ရှိပြီးအရာတွေကို ဖျက်ဆီးရန် မဟုတ်ခြင်း၊ လိုနေတာတွေကို ဖြည့်စွက်ရန် ဖြစ်ခြင်း" ဆိုတဲ့ ဒီစကားနှစ်ရပ်ကို ဆင်ခြင်စဉ်းစားရမယ်။ အင်္ဂလိပ်တွေ မြန်မာပြည် သိမ်းထားတာ နှစ်ကြာလှပြီ။ အဲဒီ ၅၃ နှစ်၊ ၅၄ နှစ်အတွင်းမှာ ရှိပြီးတဲ့ အရာတွေ ဖျက်ဆီးခြင်း ပြုသလား၊ မပြုဘဲ နေသလား ဆိုတာနဲ့ လိုနေသေးတဲ့ အရာတွေကို ဖြည့်စွက်ပေးသလား၊ မဖြည့်စွက်ဘူးလား ဆိုတာကို သေသေချာချာ စစ်ရမယ်။

'ကိုကိုသာ သူတို့နဲ့ မျက်နှာချင်းဆိုင်ပြီး ပြောရမယ်ဆိုရင် သူတို့ဟာ ရှိပြီးအရာတွေကို တတ်နိုင်သမျှ ဖျောက်ဖျက်ပစ်ခဲ့တယ်လို့ ပြောမှာပဲ။

'လိုနေသေးတဲ့ အရာတွေကို ဖြည့်စွက်တန်သမျှ ဖြည့်စွက်တယ်ဆိုတာ မှန်ပေမယ့် ဖြည့်စွက်တဲ့လုပ်ငန်းမှာ သူတို့ အင်္ဂလန်ပြည်သူတို့၊ အင်္ဂလိပ်လူမျိုးတို့ရဲ့ အကျိုးကျေးဇူး တိုးတက်ပိုမို ဖြစ်ထွန်းစေဖို့သာ အာရုံရှေးရှုပြီး ဆောင်ရွက်တာပဲလို့ ပြောမယ်'

ထိုအခါ ကျွန်မက ကြားဝင်၍ 'မြန်မာပြည်ကို သိမ်းတဲ့နေ့ကစပြီး၊ ရှိပြီးအရာတွေ တတ်နိုင်သမျှ ဖျောက်ဖျက်စေခဲ့တယ်လို့ ကိုကို စွပ်စွဲတာ ရှိပြီးအရာဆိုတာ ဘာတွေကို ဆိုလိုတာလဲ' ဟု မေးလိုက်သည်။

'ဟုတ်တယ်၊ ဒါ မေးရမယ်။ မြန်မာမင်းလက်ထက်က အင်္ဂလိပ်အစိုးရလက်ထက်မှာလို ပြောပလောက်အောင် ဘာများရှိလို့လဲဆိုပြီး အင်္ဂလိပ်တွေရေးတဲ့ ရာဇဝင်ကို ယုံကြည်နေကြတဲ့ ကျောင်းသားတွေ၊ စာရေးစာချီတွေ၊ အမှုထမ်း အရာထမ်းတွေကလည်း ဒီလိုပဲ ပြောနေကြတာပဲ။

'မြန်မာပြည်ကို အင်္ဂလိပ်မသိမ်းခင်က မြန်မာပြည်၊ မြန်မာလူမျိုးတွေဟာ အခု ကိုကိုတို့ခေတ် မြန်မာများထက် ပိုမိုပြည့်စုံကြတယ်။ မြန်မာမင်းလက်ထက်တုန်းက မြန်မာပြည်ဟာ အင်္ဂလိပ်များလက်အောက် ရောက်ရှိနေတဲ့ အခု မြန်မာပြည်ထက် အဆပေါင်းများစွာ တိုးတက်ပြီး ခေတ်ကိုလည်း ကောင်းကောင်းမီတယ်။

'အခုခေတ် မြန်မာတွေဟာ ရှေးခေတ်က မြန်မာအမျိုးသားတွေလောက် ပညာ မစုံလင်ဘူး၊ မတတ် မသိကြဘူး။

'ရှေးခေတ်က မြန်မာတွေတတ်တဲ့ အတတ်က ပိဋကတ်ကျမ်းဂန်အတတ်၊ သဒ္ဒါကျမ်းအတတ်၊ ကဗျာလင်္ကာကျမ်းအတတ်၊ ဆန်းကျမ်းအတတ်၊ ဗေဒင်ကျမ်းအတတ်၊ ဆေးကျမ်းအတတ်၊ နက္ခတ်ဓာတ်ကျမ်းအတတ်၊ အဋ္ဌလက်၊ နဝလက်၊ ပဥ္စလက်၊ မျက်လှည့် ဆိုတဲ့ လှည့်ပတ်တတ်တဲ့ အတတ်၊ ဒူးလေး၊ လင်းလေး၊ မြား ပစ်ခတ်တတ်တဲ့ အတတ်၊ လက်သမား ဗိသုကာအတတ်၊ ပန်းပဲအတတ်၊





သံတမန်အတတ်၊ ရယ်ရွှင်မှုအတတ်၊ လက်ပစ်အတတ်၊ မန္တန် မန္တရားအတတ်၊ အင်းအိုင်ခလဲ့ လက်ဖွဲ့ဆေးဝါး ဟူးရားအတတ်၊ ဂဏန်းသချာအတဘ်၊ ဆင်စီး၊ မြင်းစီး၊ ရဲစီး၊ စစ်ဝင်၊ စစ်ထိုး၊ စက်ကြိုး ယန္တရားအတတ်၊ အဲဒီလို ၁၈ ပါးအတတ်တွေ တတ်ကြတယ်။

'သူတို့ထက် တတ်မြောက်ကြတဲ့ လက်မှုပညာရပ်တွေဟာ အမြောက်အမြားပဲ။ အသက်မွေးဝမ်းကျောင်း ပညာတွေဟာလည်း စုံနေတာပဲ။ ပိုးချည်၊ ဝါချည် ရက်ကန်း၊ ဗိုင်းချည် လုပ်ရက်တဲ့အတတ်။ သီတင်း၊ နနွင်း၊ မဲနယ်၊ ပိန်းနဲ၊ ကန့်၊ ဖန်ခါး၊ နီပဆေး၊ ဝတ်ပန်း စတဲ့ သစ်ခေါက်သစ်မှုန့် အမျိုးမျိုးတို့နဲ့ ရောစပ်ပြီး အရောင်အမျိုးမျိုးဆိုးတဲ့ ဆေးဆိုးအတတ်။ ခင်းအုတ်၊ မီးအုတ်လုပ်တဲ့ အုတ်လုပ် အတတ်။ စဥ့်အိုး၊ စဥ့်ထွေးခံ၊ စဥ့်ပြွန်၊ စဥ့်ရုပ် စတဲ့ စဥ့်ထည် အမျိုးမျိုး လုပ်တဲ့ အတတ်။ စားအိုး စားခွက်၊ သောက်အိုး၊ သုံးအိုး၊ မြေအိုး မြေခွက် လုပ်တဲ့အတတ်။ ရွှေ၊ ငွေကို ဖလား၊ လင်ပန်း၊ ဇွန်း၊ ကလပ်၊ အိတ်၊ ကြုတ်၊ အစ်၊ ထုံးဘူး၊ မင်းဝတ် တန်ဆာ၊ နန်းထည်၊ ကျောက်ထည်၊ ပုတီး၊ နားတောင်း၊ လက်ကောက်၊ ခြေကျင်း၊ ဘယက်တန်ဆာ ဒွါဒရာတွေလုပ်တဲ့ ရွှေပန်းထိမ်၊ ငွေပန်းထိမ် အတတ်။ ပန်းပျောက်မှင်ကာ ရုပ်ပုံရုပ်တုတို့ပါ ထုလုပ်တဲ့ ပန်းပု အတတ်။ သံကိရိယာ အမျိုးမျိုးကို အထည်သတ္တုလုပ်တဲ့ ပန်းပဲအတတ်။ ကြေးဖြူ၊ ကြေးနီ၊ ကြေးဝါတွေကို တွင်ခံထည်လုပ်တဲ့ ပန်းပွတ်အတတ်။ ကြေး၊ ငွေ၊ ရွှေထည်၊ သံထည်တွေကို အပျောက်မှင်ကာ ပန်းရုပ်ပုံလုပ်ပြီး သံပြာသာဒ်၊ သံထီး၊ သံတံခွန် ပြုလုပ်ထုလုပ်နိုင်တဲ့ ပန်းတင်းအတတ်။ သားရိုးဆင်စွယ်တွေကို အလိုရှိရာမှာ တွင်ခံပြီး ဆင်စွယ်ပွတ်အတတ်။ ရတနာ ခုနစ်ပါး သွေးတဲ့ ကျောက်သွေးအတတ်။ စာလုံးအက္ခရာ ရုပ်ပုံ ရုပ်တုတော်တွေကို ကျောက်သားမှာထုတဲ့ ကျောက်ဆစ်အတတ်။ ဓာတ်သေတ္တာ၊ တောင်း၊ အစ်၊ ကွမ်းအစ်၊ ပွဲတော်အုပ်၊ ဆွမ်းတော်အုပ်၊ ကွမ်းတောင်း၊ ကွမ်းခွက်၊ ဆွမ်းတောင်း စတဲ့ နှီးထိုးတဲ့အတတ်။ အထည်တွေကို သစ်စေးသရိုးကိုင်တဲ့အတတ်။ နောက်တစ်ခါ ရုပ်စုံယွန်းထည် လွန်းထိုးအတတ်။ ဒါတွေကို ရွှေရေး၊ ငွေရေး၊ သစ်စေးသရိုးကိုင်တဲ့ အတတ်။

'အို အမျိုးစုံပဲလေ။ ဒီအတတ်တွေဟာ ရှေးတုန်းက မြန်မာပြည်တစ်ဝန်းလုံး တွင်ကျယ်အောင် လုပ်ကိုင်ကြတယ်။ အခုတော့ မန္တလေးလောက်မှာပဲ ရှိတော့တယ်။ မန္တလေးကျတော့ မြန်မာ့လက်ရာတွေကို ရာဇဝင်နဲ့ အကုန်လိုက်ပြမယ်။ ဒီလောက် အသုံးဝင်တဲ့ ပညာတွေ ပြန့်ပွားဖို့ရာ ထားပါဦး။ တည်မြဲဖို့ရာတောင် လုံ့လစိုက်ထုတ်ခြင်း အလျှင်းကို မလုပ်တဲ့ ပြည်ပိုင်အစိုးရတွေကို ဘယ်လောက် အပြစ်ဆိုစရာ ကောင်းသလဲ။

'ဒီပညာရပ်တွေဟာ အခု ညှိုးမှိန်ကုန်ပြီ။ အခုခေတ် လူတွေက ဒီပညာရပ်တွေကို အသက်မွေးဝမ်းကျောင်း ပညာမှန်းတောင် မသိတော့ဘူး။ များသောအားဖြင့် အင်္ဂလိပ်စာသင်ပြီး လခစား မင်းမှုထမ်း ဝင်လုပ်မှ လူချင်းတူသလို ထမင်းစားနိုင်သလို စိတ်သက်ဝင်ကုန်ကြတာ သူတို့ အင်္ဂလိပ်တွေကြောင့်ပဲ။

'ဒါတင်မကသေးဘူး။ မင်းတုန်းမင်းတရားကြီး လက်ထက်မှာ မြန်မာပြည်မှာ တတ်မြောက်ပြီး လုပ်ကိုင်နေကြတဲ့ စက်မှုလက်မှု ပညာကြီးတွေ ရှိတယ်။ အခု မြန်မာတွေဟာ အခုမှ မြင်ဖူးလို့ ကိုယ့်မြန်မာကို အထင်သေးရတာပဲ။ အဲဒီအခါတုန်းက စကားပြောတဲ့ကြေးနန်း၊ အက္ခရာ အသံဖမ်းကြေးနန်းတွေ ရှိနေပြီ။ အမြောက်၊ စိန်၊ ဗုံး၊ လက်နက်ကိရိယာစက်တွေ ပြုလုပ်တဲ့ ရုံတော်ကြီးတွေ ရှိတယ်။ သံပုံ၊ ကြေးပုံ၊ ကျောက်ပုံရိုက်၊ စာပုံနှိပ်စက်တွေလည်း ရှိတယ်။ ပိုးဖဲ၊ ကတ္တီပါ၊ မှိုင်းလုံးကော်ဇော၊ ပိတ်အမျိုးမျိုးလုပ်တဲ့ စက်ရုံတွေ၊ ဖန်ချက်တဲ့ အလုပ်ရုံတွေ၊ သံချက်တဲ့ အလုပ်ရုံတွေ၊ ရွှေ၊ ငွေ၊ ကြေးတွေကို သွန်းပြီးလုပ်တဲ့ ဒင်္ဂါးစက်ရုံတွေ၊ အင်္ဂလိပ်စာ အတတ်ပညာ၊ ပြင်သစ်ဘာသာစာ အတတ်ပညာ၊ အီတာလျံဘာသာစာ အတတ်ပညာ၊ ဟိန္ဒူစတန် ဘာသာစာ ပညာ၊ တရုတ်ဘာသာ ပညာရပ်တွေကို ဟိုခေတ်က ဘယ်နေရာမှ အောက်မကျခဲ့ဘူး၊ အစုံရှိတယ်။ အစုံလုပ်ရ၊ သင်ရတယ်။

'အဲဒီစက်ရုံတွေ ၅၀ ကျော်လောက် ရှိခဲ့တာ အခု ဘယ်မှာလဲ၊ ဘယ်ရောက်ကုန်သလဲလို့ မေးလိုက်ချင်တယ်။ ဘာဖြစ်လို့ ဖျောက်ဖျက်ပစ်သလဲလို့မေးရင် အင်္ဂလိပ်တွေ ဘယ်လိုဖြေကြမလဲ။ မြန်မာလူမျိုးရဲ့ ဇာတိမာန်ဟာ ဘယ်နိုင်ငံသားနဲ့မှ မတူတာကို သူတို့ ကြောက်လွန်းလို့ပဲ။ ဒါတွေ ရှိခဲ့တာကို နောက်လူတွေ မမြင်စေချင်လို့ မတည်မြဲအောင် ဖြိုဖျက်ပစ်လိုက်တာပဲ။ ဘယ်လောက် အသည်းနာစရာ ကောင်းသလဲ။ ဖျက်ဆီးဖို့လာတာ မဟုတ်ဘူးလို့ သူတို့ပြောတဲ့ စကားဟာ မှန်သေးရဲ့လား။

'သူတို့ပြောတိုင်း တင့်တယ်နေတဲ့အခါဖြစ်တော့ သူတို့ပြောတာကို ယုံနေတဲ့ လူငယ်တွေကို ကိုကိုဖြင့် သိပ်သနားတာပဲ။ ဒါကြောင့် လူငယ်ကျောင်းသားတွေ အတွက် ရည်စူးပြီး စာအုပ်တစ်အုပ် ရေးချင်တယ်'

ဤသို့ အဆုံးသတ်လိုက်သည်။

'ကောင်းတာပေါ့ ကိုကို။ အနားရတဲ့အခါ ဒါကို ဆက်ဆက်ရေးစမ်းပါ။ ရေးရင် ဒီစာအုပ်ကို ဘယ်လိုနာမည် ပေးမလဲ'

'ကိုကို လား'

သူသည် စဉ်းစား၍ နေသည်။





သူ့လက်တစ်ဖက်တွင် ခဲတံအပြာတစ်ချောင်းကို ကိုင်ထားပြီး လက်တစ်ဖက်၌ A Burmese Arcady စာအုပ်ကြီးကို လက်ညှပ်ပြီး ခေါက်ကိုင်ထားသည်။ ရထားပြင်ဘက် လယ်ကွင်း လယ်ကွက်တွေကို ရှုမျှော်ကြည့်နေရာမှ စာအုပ် လှန်ဖွင့်လိုက်ပြီး နောက်ကျောမျက်နှာ စာရွက်အလွတ်တွင် အောက်ပါအတိုင်း ခဲတံပြာနှင့် ရေးသည်။

၁။ ။ အင်္ဂလိပ်လက်အောက်သို့ ရောက်ရခြင်းအတွက် တွေ့ကြုံရသော အဖြစ်အပျက်။
What the annexation has brought.

၂။ ။ ယခု ကျွန်ုပ်တို့ ကြုံတွေ့နေရသော အဖြစ်အပျက်။
As things are and shall be.

၃။ ။ ဤကား လွတ်လပ်ခွင့်လော။
Is this Liberty.

၄။ ။ သို့ဖြစ်လျှင် လွတ်လပ်ခွင့်ကား အဘယ်နည်း။
What then is Liberty.

၅။ ။ ဒီမိုကရေစီ အုပ်ချုပ်ရေးသည် လွတ်လပ်ခွင့်ကို ပေးနိုင်အံ့လော။
Will Democracy bring Liberty.

၆။ ။ မပေးနိုင်လျှင်
Democracy of Revolution.

၇။ ။ မည်သို့ တိုက်ရမည်နည်း။
How to make a Revolution.

'စာအုပ်တော့ ရေးပြီးသလောက် ဖြစ်သွားပြီ။ နာမည်ပဲ လိုတော့တယ်' ဟု ဆိုလေသည်။

ဤကား သူရေးမည့် စာအုပ်အတွက် ရေးရမည့် အခန်းများကို စဉ်းစားရေးမှတ်လိုက်ခြင်း ဖြစ်ပေသည်။ သူသည် ဤစာအုပ်ကို "လွတ်လပ်ရေးတိုက်ပွဲ" ဟူ၍ အမည်ပေးသွားသော်လည်း စာရွက် ၄၊ ၅ ရွက်လောက်သာ စ ထားကာ စာအုပ်အဖြစ်ကိုမူ မည်သည့်လူငယ်မျှ မတွေ့မမြင် မဖတ်ရှုလိုက်ကြရပေ။

မန္တလေးသို့ ရထားဝင်လျှင် ကြိုတင်၍ စာရေးထားသည့်အတိုင်း သူ့မိတ်ဆွေကြီး မြန်မာ့အလင်း ကိုယ်စားလှယ်နှင့် သတင်းထောက်ကြီး ဦးကိုကိုလတ်၊ စာရေးဆရာကြီး မြမျိုးလွင်၊ ခဲစာလုံးတိုက်ရှင် ဦးကြွယ်တို့ ဘူတာတွင် လာရောက် ကြိုဆိုနေကြသည်။

ကျွန်မတို့လည်း ၎င်းတို့ ခေါ်ရာသို့ လိုက်ပါမတည်းဘဲ မိတ်ဆွေကြီး ဦးလှ အိမ်တွင် တည်းကြသည်။

ရောက်သည့်နေ့မှစ၍ ပြန်သည့်နေ့အထိ ဖော်ပြပါ မိတ်ဆွေကြီးများက ကျွန်မတို့ သွားလိုရာ မှန်သမျှကို လိုက်၍ပို့ကြပြီး ဧည့်ဝတ်ကျေပွန်စွာ ပြုစုရုံမက ပိုနေအောင် ပြုကြသဖြင့် များစွာမှပင် ဝမ်းမြောက်အားနာခဲ့ရသည်။

နောက်တစ်နေ့ နန်းတော်ကြီးနှင့် မန္တလေးတောင်သို့ သွားကြသည့်အခါ နန်းတော်ကြီးနှင့် ပတ်သက်၍ ရှေးက အသက်ဝင်နေသည့် နန်းတော်ကြီးကို မျက်စိထဲတွင် ပေါ်ထင်လာအောင် ရာဇဝင်ကြောင်း ပြောပြသည်မှာ ဗဟုသုတ မှတ်သားဖွယ်ရာ များစွာပင် ပါရှိသည်။

နန်းတော်ဝင်းထဲတွင် ပျောက်ဆုံးဖျက်ဆီးပစ်လိုက်သည့် စက်ရုံကြီးတွေကို မျက်စိထဲတွင် မှန်းကြည့်မိ၍ စိတ်မကောင်းခြင်း ဖြစ်ရသည်။ နန်းတော်ကြီးမှ ဖန်ပွတ်လုံးတွေကို မြင်ရသည့်အခါ၌ သာ၍ပင် ဖန်ချက်စက်ရုံတွေကို သတိတရ ဖြစ်ရသည်။

မန္တလေးတောင်နှင့် နန်းတော်ကြီးကို သူနှင့်လက်မထပ်ခင် နှစ်ခေါက် ရောက်ခဲ့ဖူးသော်လည်း ထိုစဉ်က အမှတ်တမဲ့ အပေါ်ယံကြည့် ကြည့်ပြီး တွေ့မြင် ရသလို မဟုတ်တော့ဘဲ ယခုတစ်ခေါက်တွင် အသေးစိတ်၊ အနုစိတ် ပညာရပ် အမျိုးစုံနှင့် အဓိပ္ပာယ်ရှိပုံတွေကို လက်တွေ့ လိုက်ပြ ပြောဆိုသည်ကို ကြားရ၊ မြင်ရသောကြောင့် မန္တလေးကို ယခုမှ ရောက်ဖူး၊ မြင်ဖူး သွားရသည်ဟု ဝန်ခံရ သည်။ ပြကတေ့ သာမန်မျက်စိနှင့် မကြည့်ဘဲ နံ့နံ့စပ်စပ် နိုက်နိုက်ချွတ်ချွတ် ပညာမျက်စိနှင့် အမြင်ကျယ်ကျယ် ကြည့်တတ်သူဖြစ်၍ သူပြောပြမှ ဤအသိမျိုး မှာ အဖိုးမည်မျှ ထိုက်တန်မှန်းကို သိရှိသွားရသည်။

သူသည် ရာဇဝင် အလွန်လိုက်စားပြီး ရာဇဝင်ကို အတော်လေးစားသည့် သူတစ်ယောက် ဖြစ်သည်။ ရှေးထုံးအစဉ်အလာကို အလွန် လေးစားရိုသေ ထိန်း သိမ်းသူ တစ်ယောက်ဖြစ်သည်။ သူ့ကို နောက်နောက်က ဤသို့ပြောပြသည့်အခါ 'လူမျိုးတစ်မျိုးရဲ့ အကဲတန်ဖိုးဟာ သူတို့ရဲ့ နောက်နောက်က ရာဇဝင်အကြောင်း လက်ရာတွေကို ကြည့်လိုက်ရင် မဖုံးမကွယ်နိုင်အောင် ပေါ်တာပဲ' ဟု သူက ပြောဖူးသည်။ သူ လိုက်လံပြသနေသည့် လက်ရာ ပညာရပ်တွေမှာ လက်ရာ ကောင်း၍ ချီးမွမ်းလောက်ရုံတင် မဟုတ်ဘဲ လူမျိုး၏ စိတ်ဓာတ်၊ စရိုက်ဓလေ့၊ ဇာတိမာန်ပါ အကျုံးပါဝင်ပြီးကြောင်း၊ အဓိပ္ပာယ်ဖော်ကာ ရှင်းပြော၍ မြင်ရသည့် အခါသော်မှပင် "သူ ဒါကြောင့် ရှေးစဉ်လာကို မတိမ်မြုပ်ရအောင် ဒါလောက် ထိန်းသိမ်းစောင့်ရှောက်ပါလား"ဟု သဘောပေါက်သွားသည်။

အမရပူရတွင်ရှိသော ဦးပိန်တံတားကြီးကို ကျွန်မအား ခေါ်ပြသည်။ အမရပူရက သတင်းထောက် ဦးကိုကိုကြီးနှင့် ဆရာကြီး မြမျိုးလွင်၊ ဦးကိုကိုလတ်





တို့က လိုက်ပို့ကြသည်။ တံတားပေါ်တွင် ဦးကိုကိုလတ်က ဓာတ်ပုံရိုက်ယူသည်။ ရှေးရှေးက မြို့နန်းတည်ပုံ၊ မြောင်းဆည်ပုံ၊ ကျုံးတည်ပုံ၊ တံတားဆောက်ပုံတွေကို အမျှော်အမှန်း မည်မျှကြီးကြောင်း ကျွန်မကို လက်တွေ့လျှောက်ပြနေသည်။ စစ်ကိုင်းသို့ သွားသည့်အခါ၌လည်း စစ်ကိုင်းတံတားကြီးမှာ သံထည်ကြီးဖြစ်၍၊ ဦးပိန်တံတားမှာ သစ်သားတံတားဖြစ်သော်လည်း သံတံတားနှင့် သစ်သားတံတား တို့၏ အတိုင်းအတာ၊ အကွာအဝေး၊ အချိုးအကောက်၊ အကွေ့အလှည့်၌ ဦးပိန် တံတားက စစ်ကိုင်းတံတားထက် မည်မျှလက်ရာကောင်း၍ အချိုးကျပုံကို သံနှင့် သစ်သား နှိုင်းယှဉ်ကာ ပြောနေပုံမှာ ယခုခေတ် မည်သည့်အင်ဂျင်နီယာမှ ခံနိုင် စရာ မရှိလောက်အောင် ဖြစ်သည်။ သူသည် မြိန်မြိန်ရှက်ရှက်ကြီးဖြင့် ဦးပိန် တံတားကို ချီးမွမ်း၍ မကုန်နိုင်အောင် ဖြစ်နေသည်။ စစ်ကိုင်းတွင် ကောင်းမှု တော်ကြီး ဖူးကြစဉ် ဘုရားပတ်ပတ်လည် အနံ့အစပ် လိုက်ပြီးပြသည်။ ဘုရား ခြေရင်း၌ မြန်မာဘုရင်တွေကို အထင်မသေးဖို့ရာ အကိုးအကားနှင့်တကွ အကျယ် တဝင့် လျှောက်ပြောနေသည်။ မင်းကွန်းသို့ လိုက်ပို့ရာ၌ မင်းကွန်းလူအိုရုံတွင် အဘိုးအို၊ အမယ်အိုများအား ပါလာသည့် ပိုက်ဆံတွေကို တစ်ဦးစီ လိုက်၍လှူသည့် အခါ၌ သူသည် သဒ္ဓါကြည်လင်စွာဖြင့် သာဓုသုံးကြိမ် ခေါ်သည်။ ရွှေဘိုသို့ သွားသည့်အခါ၌ အလောင်းဘုရားဂူကို ရှေးဦးစွာ သွားပြီးမှ မြို့ထောင့်စေတီသို့ သွားဖူးကြသည်။ မဲဇာတောင်ခြေရတု အရသာကို ရွှေလင်းပင်နှင့် ရွှေခြသေ့ဘုရား ရှေ့တွင် တစ်ပိုဒ်စီ အဓိပ္ပာယ်ရှင်းနေ၍ အတော်ကြာသွားသည်။ ကျွန်မတို့ကို မြန်မာ့အလင်း ကိုယ်စားလှယ် ဦးစံမြကို သူ ကြည့်လိုသမျှတွေကို နေရာအနှံ့အပြား လိုက်၍ပို့သည်။ အထက်မြန်မာပြည်တွင် သွားလာခဲ့သမျှ သူ ပြောပြသည့် အချက် အလက်တွေမှာ မှတ်သားဖွယ်ရာ ကောင်းလွန်း၍ နောင်တွင် ဆောင်းပါး တစ်စောင် ရေးမည်ဟု စိတ်မှန်းထားလိုက်သည်။ ကျွန်မ၏ မှတ်တမ်းကြီးထဲတွင် အကျယ်တဝင့် ရေးမှတ်နိုင်ရန် အိမ်ပြန်ရောက်တိုင်း နေ့စဉ်မှတ်တမ်း အကျဉ်းချုပ် ကို ရေးရသည်။

အင်းဝသို့ မြမျိုးလွင်၊ ဦးကြွယ်၊ သူနှင့်ကျွန်မ လေးယောက်သွားကြသည်။ သင်္ဘောကို ပထမခန်း၊ ဒုတိယခန်း နှစ်ခန်းအတွက် လက်မှတ်နှစ်စောင်ကို ထုတ်သုံးရသည့်အခါမှ ရန်ကုန်မှ မထွက်ခင် သူ့အမြော်အမြင်ကို မှန်၍နေပြီဟု ဝန်ခံရသည်။

အင်းဝဆိပ်ကမ်းသို့ ဆိုက်လျှင် ရှေးဦးစွာ မှန်ပြဘုရား၊ လောကသရပူ စေတီတို့သို့ ဝင်ဖူးကြသည်။ ဘုရားကြီးကို ပတ်ပတ်လည် လိုက်ကြည့်စေပြီး အင်္ဂလိပ်လူမျိုးများ ဘုရားပေါ်မှနေ၍ မီးအချက်ပြရန် ဘုရားအား လှေကားလုပ်

သုံးသွားသည့် နေရာတွေကို ကြည့်ရင်း၊ ရုတ်တရက် သူ တောက်ခေါက်အံကိုက်ထားသည်ကို တွေ့ရသော ကျွန်မမှာ သူ့ရင်ထဲ၌ မည်ကဲ့သို့ ဖြစ်ရှာမည်ကို စဉ်းစားမိသည်။ သူတို့ ဘုရားပေါ်သို့တက်၍ ကြည့်နေကြစဉ် ကျွန်မလည်း မန္တလေးဘက်သို့ ဘုရားခြေတော်ရင်းမှနေ၍ လှမ်းမျှော်ကြည့်လိုက်ပြီး "တို့လူမျိုးတွေ ကျွန်ဘဝက ဘယ်တော့မှ လွတ်ပါမလဲ" ဟု စိတ်ထဲတွင် အတိုင်းမသိအောင် တောင့်တမိလေသည်။

လောကသရဖူစေတီကြီးကို ဖူးပြီးနောက် တံတားဦးသို့ သွားကြသည်။ တံတားဦးမှ သတင်းစာကိုယ်စားလှယ် ဦးတောက လျှောင်းတော်မူဘုရားသို့ လိုက်ပို့သည်။ ထိုဘုရားမုခ် သံတန်ဆောင်းများ၌ ခေတ်ဆန်ဆန် ပန်းချီကားများ ချိတ်ဆွဲထားသည်။ ဘုရားလူကြီး၊ မြူနီစီပယ်လူကြီး၊ မင်းတိုင်ပင်အမတ် စသဖြင့် ထိုပုဂ္ဂိုလ်များ သေလျှင် လားမည့်ငရဲခန်းကြီးကို ရောင်စုံဆွဲ၍ ချိတ်ထားသည်။

ထိုမှတစ်ဖန် လက်မရွှံ့ထောင်ထဲ၌ အကျဉ်းချခံထားရသည့် နာမည်ကျော် သာသနာပြု ဆရာယုဒသန် သေရာ အထိမ်းအမှတ်ထားသည့် ကျောက်တုံးကြီးကို သွား၍ကြည့်ရသည်။ ထိုနေရာတွင် ဘာစိတ်ကူးရ၍ မသိ 'ကမ္ဘာကို မြန်မာက သိချင်တယ်၊ မြန်မာကို ကမ္ဘာက မသိဘူးလို့ ဆိုနေကြတယ်။ မြန်မာကို ကမ္ဘာက သိချင်ရင် ဒီတုံးကြီးကို ဖယ်ပစ်လိုက်ပါလား။ သိရုံမကဘူး၊ တစ်ကမ္ဘာလုံး တုန်လှုပ်သွားမယ်'ဟု ရယ်စရာပြော၍ အားလုံး ရယ်မောကြလေသည်။

ဓမ္မစေတီ၊ ဓမ္မပါလတို့ ပညာသင်ကြားသည့် ရှေးကျောင်းတော်ကြီးသို့ ဝင်ကြည့်ကြစဉ် ထိုပုဂ္ဂိုလ်တို့၏ ရာဇဝင်နှင့် ရှေးကျသော ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာတွေကို စိတ်ဝင်စားဖွယ်ရာ ဟောပြောလိုက်ပြသည်။

ကျွန်မတွင် မမေ့နိုင်လောက်အောင် အထူးသဖြင့် စိတ်စွဲလမ်းခဲ့သော အကြောင်းများ၌ ဟိုဟိုသည်သည် လိုက်ပို့သော မြင်းလှည်းဆရာ မောင်ခွေးက နှုတ်သွက်သွက်နှင့် ပြောဟောလိုက်သော လက်တန်းရာဇဝင်များလည်း ပါဝင်သည်။ အင်းဝတစ်မြို့လုံး ရာဇဝင်ကြောင်း၊ စစ်ကြောင်း၊ မြို့ဟောင်း၊ မြို့ရိုး၊ မြို့ကျုံးမကျန် ကြည့်လိုသမျှ အကုန်လိုက်၍ကြည့်သည်။

ကျောက်ထက်အက္ခရာ ကျောက်စာသမိုင်း မော်ကွန်းထိုးထားသည့် နေရာများ ရှေ့သို့ ရောက်တိုင်း သူသည် တစ်ဖဝါးမျှ ကျော်လွန်ဖြတ်လျှောက်ခြင်း မပြုဘဲ ရပ်တန့်ပြီး ကုတ်ကုတ်ကပ်ကပ် ဖတ်ကြည့်သည်။

ဗန်းမော်၊ မြစ်ကြီးနားသို့ ဆက်၍ ခရီးဖြန့်လိုသော်လည်း ဖခင်အတွက် စိတ်မချ၍ ရန်ကုန်ပြန်လိုသဖြင့် မရောက်ခဲ့ရတော့ပေ။

မန္တလေးမှ ရန်ကုန်သို့ သင်္ဘောကြီးနှင့် ပြန်လာခဲ့ကြသည်။ သင်္ဘောဆိပ်





သို့ မိတ်ဆွေများ လိုက်ပို့ကြပြီး ဦးကိုကိုလတ်က ဓာတ်ပုံရိုက်သည်။ သင်္ဘောမထွက်ခင် မန္တလေးတွင် အစစအရာရာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ကြသည့် မိတ်ဆွေများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားပြော၍ လူချင်းခွဲကြရသည်။

ပထမခန်းထဲတွင် ကျွန်မတို့နှစ်ယောက်အပြင် ဘီအိုစီကုမ္ပဏီမှ အထက်တန်းကျကျ အင်္ဂလိပ်လူမျိုးနှစ်ယောက် ပါလာသည်။ ကျွန်မက 'ခုနစ်ရက်ခရီးသွားရမှာ ပျင်းစရာကောင်းမှာပဲ' ဟု ညည်းမိရာ 'ဒီအခန်းထဲက စီးရင်တော့ ပျင်းစရာကြီးပေါ့၊ အပြင်ကမှ ပျော်စရာကောင်းတာ' ဟု ပြောသည်။ သင်္ဘောကြီးဆိပ်ကမ်းမှ ထွက်ခွာလာလျှင် လာချင်း သူလည်း အိပ်စင်ပေါ်တွင်လှဲကာ စာဖတ်သည်။ ကျွန်မလည်း မန္တလေး ခရီးမှတ်တမ်းကို အိပ်စင်ပေါ်တွင် အလျားမှောက်၍ ရေးလေသည်။ မမှတ်မိသည့် အရာများ၊ အထူးသဖြင့် မန္တလေးအဝင် ရထားတွင် ပြောသည့်စကားများ၊ အင်းဝတွင် ပြောသည့် စကားရပ်များကို စာရေးနေရာမှ လှမ်း၍ ခဏခဏ သူ့ကိုမေးသောကြောင့် သူက စာဖတ်နေရာမှ ဖြေကြားပြီး 'ဘာလုပ်မလို့လဲ တင်လေး' ဟု မေးသည်။ ဤမေးခွန်းကို 'နောက်တော့ သိမယ်လေ' ဟု ပြောလိုက်သည်။ သူ့အကြောင်းအရာကို မှတ်တမ်းရေးဖို့ရာ တေးမှတ်နေသည်ကို သူ မသိပေ။ သူ စာရေးနေလျှင်သာ ကျွန်မ ကြည့်တတ်လျက်၊ ကျွန်မ စာရေးနေလျှင်မူ သူသည် ဘယ်သောအခါမျှ မပြဘဲနှင့် ဖတ်မကြည့်တတ်ပေ။

ညနေစောင်းမှ ကျွန်မ ရေထချိုးသည်။ သူ့ကို မန္တလေးတွင် ရေချိုးရန်၊ နောက်ဖေးသွားရန် တတွတ်တွတ် ပြောပါသော်လည်း အရှက်အကြောက် ကြီးလွန်းသဖြင့် ရေကို တစ်ခါသာ ချိုးခဲ့သည်။ နောက်ဖေးကို လူခြေတိတ်မှ ဝင်သည်။ ကျွန်မ ရေချိုးအပြီးတွင် သူ့ကို ရေချိုးရန် အမျိုးမျိုးပြောသော်လည်း စာသာဖတ်နေသဖြင့် ကျွန်မက 'ညကျရင် နိုင်ငံခြားသားတွေနဲ့ ထမင်းစားရမှာ။ ရေပါချိုး၊ ကျကျနန ဝတ်စားပြီးမှ ကောင်းမှာ' နှင့် တဖျစ်တောက်တောက် နားငြီးလောက်အောင် ပြောမှပင် ထ ၍ ရေချိုးသည်။

ကျွန်မ ထုတ်ပေးထားသည့် အဝတ်အစားများကိုကြည့်လျက် ရှုံ့မဲ့သွားပြီး 'ဒါပဲ ဝတ်ပါရစေတော့' ဆိုကာ ရှပ်အင်္ကျီဟောင်းနှင့် ရေချိုးပြီး စွပ်ထွက်လာသော ချည်လုံချည် ရေစွတ်စွတ်ကို မချွတ်ဘဲ ဝတ်ထားသည်။

အပေါ် ပင်နီအင်္ကျီနှင့် ပိုးလုံချည်ကို ထုတ်ထားရာ ဤအဝတ်တွေကို သူ မဝတ်ဘဲ အဟောင်းတွေကိုသာ ပြန်စွပ်နေသည့်အခါ သူ့ဂိုက်ကို ကြည့်၍

များစွာမှ စိတ်ညစ်သွားမိသည်။ 'ဒီညတော့ ကိုကိုပဲ ထွက်စား။ တင်လေးတော့ သွားတောင် မစားချင်ဘူး' ဟု ဆိုလိုက်သည်။

'ဘာဖြစ်လို့လဲ တင်လေးရဲ့။ မဟုတ်ထာ၊ စားမှပေါ့'

'ဒီအင်္ကျီ၊ ဒီလုံချည်နဲ့ ဘယ်ကောင်းမလဲ။ ကပ္ပတိန်လည်း တက်စားမှာပဲ။ သူ့ဧည့်သည်အဖြစ်နဲ့ စားရမှာ။ ကိုယ်က အဟောင်းကြီးနဲ့ ထွက်စားလို့ ဧည့်သည်တွေနဲ့ ကောင်းပါ့မလား။ အပေါ်အင်္ကျီ မဝတ်ရင် လူကြီးနဲ့ တူပါ့မလား'

'အမယ်လေးဗျာ၊ သူတို့လက်အောက်နေရတာ မလွတ်လပ်လိုက်ရတာ။ ထမင်းစားရာမှာတောင် ကိုယ်မဝတ်ချင်တာကို ဝတ်ပြီးမှ စားရမှာလား။ ဒီသတ္တဝါတွေနဲ့ နေရတာ ဘယ်နေရာမှ မလွတ်လပ်ပါလား'

သူ ခေါင်းမာနေသဖြင့် ကျွန်မလည်း ဘာမျှပြန်မပြောဘဲ ကျွန်မ၌ ပါလာသည့် ကောင်းပေ့၊ အဖိုးတန်ပေ့ ဆိုသည့် အဝတ်အစားတွေကို တမင်တကာ ထုတ်ဝတ်ရသည်။ ဝတ်ပြီးလျှင် သူ့အား 'ကောင်းတယ်။ တစ်ယောက်က အဲသလို ဝတ်ပြီး တစ်ယောက်က အဲသလိုဝတ်တော့ တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီး ပနံရတာပဲ။ ဘာလို့ ရှပ်အင်္ကျီ ဝတ်သေးလဲ။ ရှုပ်ပါတယ် ကိုကိုရယ်၊ စွပ်ကျယ်နဲ့ပဲ ထွက်စားရောပေါ့' ဟု ပြောလိုက်သည်။

ကျွန်မကိုကြည့်၍ ပြုံးပြီးလျှင် 'ပွဲတော်သွားမှာ ကျနေတာပဲ။ ဖိတ်ဖိတ်တောက် ဝတ်ထားလိုက်တာ။ မင်္ဂလာဆောင်တုန်းကထက် စတိုင်ကျနေပါသေးလား။ ကဲဗျာ၊ အမိကို အားနာပြီး လဲပါ့မယ်' ဟုဆိုကာ အင်္ကျီဟောင်းကို ပြန်ချွတ်၊ အသစ်တွေကို ပြောင်းဝတ်နေသဖြင့် ကျွန်မပါ ရောစ၍ မပြုံးဘဲ မနေနိုင်သော အဖြစ်သို့ ရောက်ရပေတော့သည်။

ကျွန်မတို့ ထမင်းစားကြသည့်အခါ ကပ္ပတိန်က ထိပ်က ထိုင်၍စားသည်။ ကပ္ပတိန်ကပင် ကျွန်မတို့နှစ်ယောက်ကို ခရီးသွား အင်္ဂလိပ်နှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သူတို့လည်း ညစာစားပွဲဝတ်သည့် အဝတ်အစားများကို ကောင်းမွန်စွာ ဝတ်စားထားကြသည်။ သူက ဣန္ဒြေကြီးနှင့် တည်တည်ကြီး လုပ်၍ သူ့ဘာသာ စားနေသည်။ ကျွန်မစိတ်တွင် သူ့ကို အင်္ဂလိပ်များက အင်္ဂလိပ်စကားမှ ပြောတတ်တယ်လို့ ထင်ကြရဲ့လားဟု အောက်မေ့မိသည်။ အင်္ဂလိပ်တွေနှင့် စကားတစ်ခွန်းမှ ရောမပြောဘဲ ဆိုင်ဘွင် ထမင်းမှာစားသလို ဘွိုင်ကုလား လာချပေးသမျှ သူ့ဘာသာသူ စားနေသည်။ မျက်နှာဖြူများလည်း ကျွန်မကိုသာ ထမင်းစာရင်းက လှမ်းစကားပြောနေကြသည်။

ကျွန်မနှင့် မျက်နှာချင်းဆိုင်ထိုင်သော တစ်ယောက်က မြန်မာလူမျိုးအစစ်ပဲလား မေးသဖြင့် ကျွန်မက မြန်မာအစစ်ဖြစ်ကြောင်း ပြောလိုက်သည်။ သူက





မြန်မာမများဟာ အင်္ဂလိပ်မများနှင့် မတူကြောင်း၊ အင်္ဂလိပ်မများနှင့် အင်္ဂလိပ် အဝတ်အစားမှာ ကိုယ်လုံးကိုယ်ပေါက်လည်း လှမှ၊ အဝတ်လည်း အင်မတန်ကောင်းမှ ကြည့်၍ အဆင်ပြေကြောင်း၊ မြန်မာအဝတ်အစားမှာ ပိန်သည်ဖြစ်စေ၊ ဝ သည်ဖြစ်စေ၊ အဝတ်ကောင်းသည်ဖြစ်စေ၊ အဝတ်မကောင်းသည်ဖြစ်စေ ဝတ်ဆင်ယင်ပုံမှာ ကိုယ်ပေါ်၌ အလွန်အဆင်ပြေသဖြင့် ကြည့်ရသည်မှာ အလွန်ပင် ကျက်သရေရှိ၍ အလွန်ယဉ်ကျေးလှကြောင်းနှင့် ပြောပြနေရာ သူ့ဘက်သို့လှည့်၍ ကျွန်မက မသိမသာ ပြုံးပြလိုက်သည်။

'ရှေးက နန်းတော်သူ မင်းမိဖုရား၊ ဆွေတော်မျိုးတော်တွေ ဝတ်ပုံစားပုံဟာ ကျွန်မတို့ အခုဝတ်တဲ့ ဝတ်ပုံနဲ့ မတူဘဲ အဆပေါင်းများစွာ အဖိုးတန်ပြီး ကျက်သရေ ရှိတယ်။ ရှင်တို့ တိုင်းပြည်က နန်းသုံးအဝတ်တွေနဲ့ ကျွန်မတို့တိုင်းပြည်က နန်းသုံး အဝတ်တွေကို နှိုင်းယှဉ်ပြီး ရှင် မြင်ရရင်၊ ရှင်ဟာ မြန်မာလူမျိုးတွေရဲ့ အလှအပ၊ ယဉ်ကျေးမှုကို အသေးစိတ်ပိုပြီး သိမြင်ခွင့်ရမှာပဲ' ဟု ပြောလိုက်သည်။ ထိုပုဂ္ဂိုလ်နှင့် အဖော်ဖြစ်သော ပုဂ္ဂိုလ်က သူ့မိတ်ဆွေကို သူမြင်ဖူးသည့်အတိုင်း ထိုင်မသိမ်း အင်္ကျီနှင့် ထဘီရှည်၊ ငွေချည်ထိုး အထည်တွေ၏ လှပပုံ၊ ကျက်သရေ ရှိပုံတွေကို ချီးမွမ်း၍ ပြောပြနေသည်။

ကျွန်မတို့အား 'ဘယ်က ပြန်လာကြသလဲ' ဟုမေးရာ 'ကျွန်မယောကျ်ား အခွင့်ရလို့ အထက်မြန်မာပြည်ကို လာလည်တယ်' ဟု ပြောပြီး သူ့ကို စကားမပြော ပြောအောင် စကားစ ရှာပေးရသည်။ တစ်ခွန်းစ နှစ်ခွန်းစ ပြန်ပြန်ပြောရာမှ စကားလက်ဆုံ ကျလာသည့်အခါ၌ ခနရှင်စနစ်နှင့် အင်္ဂလိပ် အုပ်ချုပ်နေသဖြင့် မြန်မာများ အဆင့်အတန်း နိမ့်ကျရသထက် နိမ့်ကျရပြီး စီးပွားရေး ချို့တဲ့ရသည့် အကြောင်းတွေ စိတ်ထဲရှိသလောက် ထုတ်ဖော်ပြောတော့၏။ မျက်နှာဖြူများမှာ များစွာ စိတ်ပါဝင်စားလျက် စူးစိုက်ကာ နားထောင်နေကြသည်။ ပြောမယ့်ပြောတော့ ကရားမှ ရေလွှတ်သလို တရဟော သွန်ပြောနေသည်။ ထမင်းစား တစ်စားပွဲလုံး သူ့အသံသာ ပေါ်ထွက်နေသည်။ ကပ္ပတိန်က သူပြောသည့် စကားရပ်များ အင်မတန် စိတ်ဝင်စားဖွယ် ကောင်းနေသော်လည်း သူ့၌ အလုပ်ဝတ္တရားရှိ၍ သူ့ကို သွားခွင့်ပြုရန်ပြောလျက် ကပ္ပတိန်သာ နှုတ်ဆက်ထွက်သွားသည်။ အခြားဧည့်သည်များမှာ ထမင်းစားပွဲမှ မထကြဘဲ မေးခွန်းပေါင်း မြောက်မြားစွာဖြင့် သူနှင့် အပြန်အလှန် ဖြစ်နေသဖြင့် ညဥ့်အတော်နက်သွားသည်။

သူ့ကို မျက်နှာဖြူများက အနောက်နိုင်ငံတွင် ပညာဆည်းပူးစဉ်က မည်သည့်နိုင်ငံ၌ အချိန်ကြာခဲ့သလဲဟု မေးသည့်အခါ၊ သူက မြန်မာပြည်အပြင်ဘက်ကို

မဆိုထားနှင့်၊ မန္တလေးအထက် ဗန်းမော်၊ မြစ်ကြီးနားသို့ပင် မရောက်ဖူးသေးကြောင်း ပြောပြလိုက်လေသည်။

တစ်လမ်းလုံး အိပ်ခန်းထဲတွင်လှဲကာ စာဖတ်ပြီး လိုက်လာသည်။ သင်္ဘောပေါ်မှာ စာဖတ်ရတာ သဘောအကျဆုံးဟု စာဖတ်ရာမှ ခဏခဏ လှမ်းပြောသည်။ စားစရာ စားရုံနှင့် သတင်းထောက်များကို တွေ့ရုံသာ အပြင်သို့ထွက်လျက် အိပ်စင်ပေါ်တွင် စာတစ်အုပ်ပြီးတစ်အုပ် ဖတ်နေလေသည်။ ကပ္ပတိန်ထံတွင် အချိန်တစ်နာရီ ခွင့်တောင်း၍ သရက်မြို့ပေါ်သို့တက်ကာ အနှံ့အပြား လည်ပတ်ကြသည်။ သင်္ဘောခန်းထဲတွင် အချိန်နှင့် လက်ဖက်ရည် သောက်ရသည်ကို ခွက်ရေနည်းသည်ဟု ညည်းတွားကာ အပြင်ဘက် လက်ဖက်ရည်ဆိုင်တွင် နေ့တိုင်းသွားထိုင်သည်။ လက်ဖက်ရည်ဆိုင်ကို မထိုင်ရလျှင် မနေတတ် မထိုင်တတ်သူတစ်ယောက်ဖြစ်သည်။ မင်းဘူးသို့ သင်္ဘောဆိုက်ကပ်စဉ်က ဆိပ်တွင် သတင်းထောက်နှင့် သူ ဆင်းတွေ့သည်။ အတန်ကြာလျှင် သူလည်း အခန်းထဲသို့ ပြန်မရောက်သေးဘဲနှင့် သင်္ဘော ဆိပ်ကမ်းမှ ခွာထွက်လာသဖြင့် သူ ကျန်ရစ်ခဲ့ပြီဟု ပူပန်ကာ ဘွိုင်ကုလားအား ကပ္ပတိန်ကို သူ မရောက်သေးကြောင်း အပြေးပြောခိုင်းလိုက်သည်။ မြစ်ရေကို ဆန်လျက် မလှုပ်တလှုပ် ခုတ်မောင်းနေသည့် သင်္ဘောကိုယ်ထည်ကြီးကို မြို့ဘက်သို့ ပြန်လှည့်ကွေ့ပြီး ကမ်းသို့ ပြန်ကပ်ပေးလေသည်။ သူ့ အရိပ်အယောင်ကို ကမ်းပါးတွင် မမြင်ရ၍ မြို့ပေါ်များ လိုက်သွားသလားဟု များစွာပူပန်နေတုန်း ကပ္ပတိန်တက်လာပြီးလျှင် ကျွန်မကိုခေါ်၍ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်ရင်း စာထိုင်ဖတ်နေသော သူ့ကို လက်ညှိုးထိုးပြကာ အားရပါးရ ရယ်မောလျက် အောက်သို့ ပြေးဆင်းသွားပြီး သင်္ဘောကို ကမ်းမှ ပြန်ခွာစေသည်။

လက်ဖက်ရည်ဆိုင် မထိုင်ရလျှင် မနေနိုင်ကြောင်းကို မျက်နှာဖြူများကိုပင် ပြောပြလိုက်ရသည်။

ပြည်မြို့ မရောက်ခင် ပြည် မရောက်ဖူး၍ ပြည်တွင် ဆင်းပြီး ရထားနှင့် ရန်ကုန်ပြန်ရအောင် ပြောသဖြင့် ကျွန်မ သဘောကျအတိုင်း ပြည်တွင် ဆင်းကြကာ၊ ဒဂုန်ရွှေမျှားကြီးက ကျွန်မတို့ကို သွားလိုသမျှ လိုက်၍ပို့ပြီးနောက် ပြည်မှ ရန်ကုန်သို့ ရထားနှင့် ပြန်လာခဲ့ကြသည်။

ရန်ကုန်သို့ရောက်လျှင် သူလည်း မြန်မာ့အလင်းမဂ္ဂဇင်းထဲ၌ "မြို့ပျက်ကြီးများ"ဟူသော ခေါင်းစဉ်ဖြင့် "ရွှေလင်းယုန်"အမည်နှင့် အထက်မြန်မာပြည် အင်းဝတွင် မြင်တွေ့ခဲ့ရသော အကြောင်းအရာ ဆောင်းပါးရေး၍ ထည့်လိုက်သည်။ ဆရာကြီး မြမျိုးလွင်ထံမှလည်း "ရွှေဝသား ပါးလိုက်တဲ့ ဆောင်းပါးလေး၊





လှမ်းသူ့ စာခွေ" ဟူ၍ ကျွန်မတို့ ဇနီးမောင်နှံ အထက်မြန်မာပြည်သို့ ရောက်ခန်းကို ရေးလေသည်။

ရန်ကုန်သို့ ပြန်ရောက်လျှင် ရောက်ချင်း တိုက်အုပ်အား ကျေးဇူးတင်သည့် အထိမ်းအမှတ်ဖြင့် မိတ်ဆက် ထမင်းကျွေးချင်ကြောင်း ပြော၍ သူလည်း သဘောတူကာ၊ မြန်မာ့အလင်းတိုက်အုပ် ဦးတင်နှင့် ဦးတင်၏ဇနီးကို ကွန်တီနင်တယ် တိုက်တွင် ညစာ ထမင်းစားကြပါရန် ဖိတ်လိုက်ပြီး လေးယောက်စားကြသည်။

မြန်မာ့အလင်းတိုက်သို့ တစ်ခေါက်ရောက်စဉ်က တိုက်အုပ်နှင့် စကားပြောခဲ့သော်လည်း ကိစ္စနှင့်ဖြစ်၍ အမှတ်တမဲ့ပင် ပြန်လာခဲ့သော်လည်း၊ ယခုအခါတွင် မျက်နှာချင်းဆိုင်ကာ အေးအေးဆေးဆေး စကားစမြည်ပြောလျက် ထမင်းစားကြရသဖြင့်၊ ဦးတင်အား လူကြီးပီသသော လူကြီးတစ်ယောက်ဟု ကောင်းကောင်းကြီးအကဲခတ်မိသည်။ လူကို မြင်ရုံနှင့်ပင် နာယကဂုဏ်နှင့် ပြည့်စုံ၍ ဖြောင့်မတ်တည်ကြည်ကြောင်းကို ရုပ်သွင်က အထင်အရှား ပေါ်နေသည်။ ဦးတင်၏ဇနီးမှာ သိမ်မွေ့ပျော့ပျောင်းကာ စိတ်သဘော အလွန်ကောင်းသည်ကို တွေ့ရသည်။ စကားပြောပုံမှာ အလွန်အေးသဖြင့် ချစ်စရာကောင်းလှပေသည်။ ထိုညက တိုက်အုပ်နှင့် အယ်ဒီတာကဲ့သို့ မဟုတ်ဘဲ ရင်းနှီးသော မိတ်ဆွေရင်းချာကြီးကဲ့သို့ ကျွန်မစိတ်တွင် မှတ်ထင် အောက်မေ့လျက် ရှိသည်။

သူတို့အိမ်သို့လည်း အလည်လာပါရန် ဖိတ်ကြား၍ နောက်ဆုံး လူချင်းခွဲကြသည်။

## ၂၇ ။ ဂျာနယ်ကျော် ဖွားမြင်ခန်း

ထိုကဲ့သို့ အလုပ်တိုက်သို့ နံနက် ၈ နာရီ၌ သွားကာ နေ့ ၁ ချက်တွင်ပြန်လျက်၊ နေ့ ၃ နာရီသွား၍ ည ၈ နာရီပြန်ပြီး၊ တစ်ဖန် ည ၉ နာရီ သွား၍ ၁ ချက် ၂ ချက်မှပြန်ကာ နေ့စဉ်နေ့တိုင်း အလုပ်ဝတ္တရားကို မှန်မှန်ထမ်းရွက် လုပ်ကိုင်နေစဉ်၊ တစ်နေ့တွင် သူ့ထံမှ စကားအဆန်းတစ်ခု ကြားရသည်။ ဤစကားသည် ဆန်းသည်။ သူနှင့် ရကတည်းက မျှော်မှန်းတောင့်တနေသော စကားဆန်းဖြစ်၍ မင်္ဂလာရှိသော စကားဆန်းကြီး ဖြစ်လေသည်။

'တင်လေး၊ ဦးတင်က ကိုကို့ကို ပြောတယ်။ တိုက်က လီမိတက်ဖြစ်လာတော့ အစုစပ်ဒါရိုက်တာ အချို့က ကိုကို့ကို တယ်မကြိုက်ဘူး ဖြစ်နေကြတယ်။ ခင်ဗျား ကိုယ်ပိုင်အလုပ်တစ်ခု ရှာလုပ်ထားရင် ကောင်းမယ်လို့ ပြောလိုက်တယ်။ ဒါလည်း ကိုကို့အတွက် ပူပန်ပြီး ကြိုတင်ပြီး ပြောလိုက်တာပဲ'

'ဦးတင် ဘုန်းကြီးလို့ သက်ရှည်ပါစေရှင်' ဟု နှုတ်မှ ထွက်သွားကာ ကျွတ်ပြီ လွတ်ပြီ ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်မိလေသည်။

သူက ဆက်လက်၍ 'ဒီအကြံဟာ ဦးစော ပယောဂမှ ကင်းရဲ့လား မသိဘူး။ ကိုကို့ကို ဦးစော သေသေချာချာ လန့်တယ်။ သူ နန်းရင်းဝန် လုပ်နေတဲ့ အချိန်မှာ မြန်မာ့အလင်းက သူ့ကို နှိမ်မှာ မခံနိုင်လို့ သူ့ပယောဂက မပါဘူးလို့

---

**ဂျာနယ်ကျော် ထုတ်ဝေမည့်အကြောင်း လက်ကမ်းကြော်ငြာ (မူရင်းသတ်ပုံအတိုင်း)**

## မလွတ်တမ်းကြည့်ရှုနည်း။

ကျွန်ုပ်တို့ ထုတ်ဝေမည့် ဂျာနယ်ကျော်တွင် ဖေါ်ပြ ပါရှိသော အခဏ်းကဏ္ဍတို့မှာ၊ မုချ အားဖြင့် စိတ်ဝင်စားဘွယ် ဖြစ်မည် မှန်ရကား၊ အဆက် မပြတ် ဘတ် ရှုနိုင် ကြ စေ ရန်၊ အောက်ပါ နှုန်းထားဖြင့်၊ မည်သည့် မြို့ရွာဒေသသို့ မဆို၊ စာတိုက်မှ မှန်မှန်ပေးပို့မည်ဖြစ်ပါကြောင်း။

ဂျာနယ်ကျော်ကြည့်ခနှုန်း။

| | | | |
|---|---|---|---|
| ၃ | လ | ........ | ၃-၆-၀။ |
| ၆ | လ | ........ | ၄-၄-၀။ |
| ၁၂ | လ | ....... | ၈-၀-၀။ |

မှာကြားရန်ဌာန။

ဂျာနယ်ကျော်ဘိုက်။

အမှတ်-၇၁၊ ဆူးလေဘုရားလမ်း။

ရန်ကုန်မြို့။








မပြောနိုင်ဘူး' စသည်ဖြင့် သူ သံသယ ဖြစ်သမျှတွေကို လျှောက်ပြောနေသည်။ ကျွန်မမှာ ဝမ်းသာလျက် သူပြောနေသည့် စကားတွေကို လုံးလုံးပင် စိတ်မဝင်စားပေ။

စာပုံနှိပ်စက်ကြီးတွေ အတုံးအရုံး လှဲလျက် အရှိန်မပြတ် လည်ရိုက်နေမည့် ကျွန်မ သတင်းစာတိုက်ကြီးကိုသာ ပုံပန်းနှင့်တကွ မြင်နေတော့သည်။

ကျွန်မက ချက်ချင်းထွက်၍ သတင်းစာထုတ်ရန် ပြောသောအခါ 'သူတို့မှ မထုတ်သေးဘဲ ထွက်လို့ ဘယ်ဖြစ်ဦးမလဲ' ဟု ပေကပ်ကပ် လုပ်နေပြန်သဖြင့် သတင်းစာအလုပ်ကို လက်လျှော့လိုက်ရကာ ဂျာနယ်ထုတ်ရန် စီစဉ်ရတော့သည်။

ဂျာနယ်ကို အမည်ပေးရန် စဉ်းစားကြသည့် အခါ၌ သူသည် ဆန်းနှင့် တစ်မျိုး၊ နေ့နှင့် နာမ်နှင့် တစ်မျိုး အခါတွက်၍ အမည်စဉ်းစားနေသည်။ ကျွန်မကား သူ့လို ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောကာ တွက်ချက်မနေဘဲ "ဂျာနယ်တကာ့ ဂျာနယ်မှာ ဒီဂျာနယ် အကျော်ဆုံး ဖြစ်ရမယ်"ဟု တစ်မဟုတ်ချည်း **ဂျာနယ်ကျော်** ဟု အမည်ပေးလိုက်သည်။

သူက 'ဒီနာမည်တော့ တည်တံ့မယ့် နာမည်ပဲ။ ဒါပေမဲ့ ဂုဏ်မြောက်လွန်းရာ ရောက်မနေဘူးလား' ဟု တွက်ချက်ကြည့်နေရာက ချိန်ဆ စဉ်းစားနေသည်။ သူ့ခဲတံ အနီ အပြာကြီးကို ကောက်ယူ၍ စာရွက်လွတ် တစ်ရွက်ပေါ်တွင် ကျွန်မက "ဂျာနယ်ကျော် ဦးချစ်မောင်" ဟု စာလုံးကြီးများရေးကာ ဆေးရောင်စုံ ခြယ်နေသည်။

'ဂျာနယ်ကျော် ဦးချစ်မောင် လုပ်လို့ မဖြစ်ဘူး တင်လေးရဲ့။ ကိုကိုက မြန်မာ့အလင်းမှာ လုပ်နေတော့ အယ်ဒီတာနာမည် တပ်လို့ မကောင်းဘူး ထင်တယ်။ အယ်ဒီတာ တစ်ယောက် နာမည်ထားမှ ဖြစ်မယ်' ဟု ဆေးခြယ်နေသော စာရွက်ကို ဆွဲယူကြည့်ပြီး ပြောပေသည်။

ကျွန်မက 'ထွက်လိုက်ပါတော့' ဟု စိတ်မကျေနပ်သလို ထပ်ပြောရာတွင် ခေါင်းခါနေသည်။ ခေါင်း အလွန်မာလှသည့်သူ ဖြစ်သဖြင့် အယ်ဒီတာကို ကျွန်မအမည်နှင့် ခေတ္တထားပြီး ထုတ်ရသည်။

ဂျာနယ်ကျော် ဦးချစ်မောင် ဟူ၍ ဘွဲ့တံဆိပ် မှတ်လိုက်သည့် ဆေးရောင်ခြယ်ထားသော စာရွက်ကို မှတ်တမ်းအဖုံးကြီးတွင် ကော်နှင့်ကပ်ကာ၊ မှတ်တမ်းထဲတွင် ရက်စွဲနှင့်တကွ ဂျာနယ်ကျော်ဖြစ်လာပုံ အလုံးစုံကို မှတ်တမ်းတင်ထားလိုက်သည်။

ဤသတင်းကောင်းကို ဖခင်ကြီးအား အကြောင်းကြား၍ အရင်းငွေတောင်းရမည့်အတွက် တိုက်ပိတ်ရက်တွင် ဘိုကလေးသို့ ထွက်ခဲ့ကြသည်။

ထိုနေ့ကစ၍ တစ်နေ့ တစ်ရက်မှ စိတ်မလျှော့ဘဲ အမြဲတမ်းကြံလာသည့် အကြံကြီး ဖြစ်မြောက်ရပြီဟု များစွာပင် အားတက်မိသည်။ မြန်မာ့အလင်း ဦးချစ်မောင်ဟု လူသိ မများသော်လည်း ဂျာနယ်ကျော် ဦးချစ်မောင်ဟူ၍ လူသိများတော့မည်မှာ မလွဲကေန်ဟူ၍ တွေးမိတိုင်း ဦးတင်ကို ကျေးဇူးတင်နေလေတော့သည်။

ဖခင်ကြီးမှာ ကိုယ်ပိုင်အလုပ်ကို တည်ထောင်တော့မည်ဟု ပြောလိုက်လျှင် ပြောလိုက်ချင်း 'ငါ့သမီး စိတ်ဆန္ဒတွေ မုချအောင်မြင်ရမယ်' ဟု များစွာပင် အားပေးလိုက်သည်။ သူ့ကိုလည်း ကျွန်မ၌ မိန်းကလေးစိတ်မျိုး မရှိဘဲ မရမနေ ဇွဲကြီးသည့်စိတ် မွေးသူဖြစ်၍ ကျွန်မ စိတ်ထက်သန်လျှင် မဖြစ် မရှိကြောင်း ချီးကျူးပြောလိုက်ပေသည်။

ဘိုကလေးမှ ပြန်ရောက်လျှင် ဂျာနယ်ကျော်ထုတ်မည့် ကြော်ငြာစာတမ်းလေးကို ရပ်စုံထည့်၍ အဆန်းထွင်ကာ ကြော်ငြာလိုက်သည့်အခါ၌ ၈ ရက်ရက်ချင်းပင် စောင်ရေအမှာ ၃၀၀၀ လောက် ရှိနေသည်။ ကိုယ်ပိုင်ဂျာနယ်ထုတ်ဝေမည့်အကြောင်း အမြို့မြို့ ကိုယ်စားလှယ်များဆီသို့ စာပေးလိုက်သည့်အခါ သူ ထုတ်လျှင် ယူမည်ဟု ခန့်မှန်းထားသည်ထက် အမှာ များနေသည်။

သူ အလုပ်သွားသည့် အချိန်၌ အိမ်တွင်ရှိသည့် စားပွဲတွင် အလုပ်ထိုင်ရလေသည်။ အရပ်ရပ်မှ ငွေများလက်ခံ၍ စာများ ပြန်နေရသည်။ ဂျာနယ်ရိုက်ရန်အတွက် စက်များ၊ စာခုံများ ဝယ်ရန် ရတ်တရက် နေရာမရ၍ မြန်မာ့အလင်းတွင်ပင် အငှားရိုက်ရန် စီစဉ်ရသည်။

သူသည် မြန်မာ့အလင်း သတင်းစာက အလုပ်တစ်ဖက်၊ မြန်မာ့အလင်း မဂ္ဂဇင်းက အလုပ်တစ်ဖက်တွင် ဂျာနယ်ကျော်အတွက်ပါ လက်က ကလောင်တံ မချဘဲ အလုပ်သုံးလုပ်ကို တစ်ပြိုင်တည်း အပန်းတကုတ် ကြိုးစား၍ လုပ်ရှာပေ





သည်။ ဂျာနယ်ကျော် တစ်အုပ်လုံးလိုလိုပင် သူသာ ခေါင်းကြီးရေး၊ သူသာ ဘာသာပြန်၊ သူသာ ဝတ္ထုရေး၊ သူသာ နိုင်ငံရေးရာ ရေးနှင့် တစ်အုပ်လုံး ဖျောက်ဆိပ်ကြီး ဖြစ်နေသည်။ သို့ကလောက် အလုပ်များနေပေသော်လည်း သူ့လက်က စာအုပ်ကို ကလောင်ကိုင်မှပင် ခဏချထားပြီး၊ ကလောင်နှင့်လက် ခွာလျှင်ခွာချင်း စာအုပ်နှင့် မျက်နှာကို အချိန်ရှိတိုင်း အပ်ထားလိုက်သည်။

ကျွန်မမှာလည်း ကျွန်မပင် တိုက်အုပ်၊ ကျွန်မပင် စာရေး၊ ကျွန်မပင် ပြာတာ၊ ကျွန်မပင် ပါဆယ်ထုပ်နှင့် လူလေးငါးယောက် လုပ်ရမည့် အလုပ်ကြီးကို တစ်ယောက်တည်း ကျုံး၍လုပ်သည်။ သူ ရေးပေးသမျှကို စာအုပ်အဖြစ် ရိုက်နှိပ်စီစဉ်ပြီး နယ်အရောက် ကိုယ်တိုင်ဖြန့်ဝေနေသည်။ အလုပ်တိုက်ဟူ၍ မရှိသော်လည်း ကျွန်မအိမ်သည် အလုပ်တိုက်ဖြစ်၍ ကျွန်မစားပွဲသည် အလုပ်စားပွဲ ဖြစ်နေသည်။ သူ့တပည့်ကလေး ကိုအုန်းမြင့်ကို အကူခေါ်ရာ တိုးတက်ရေး သတင်းစာတွင် ၎င်းမှာ အယ်ဒီတာလုပ်နေ၍ အလုပ်နှစ်လုပ် လုပ်ခွင့် မရပြန်သဖြင့် မကူညီနိုင်ပြန်ရကား၊ ကျွန်မတစ်ယောက်တည်း စခန်းသွားနေရသည်။ တဖြည်းဖြည်း အလုပ်များလာသည့်အခါမှ စာရေးတစ်ယောက်ငှားကာ အိမ်၌ပင် ဤအလုပ်ကို နှစ်ယောက်ဖြစ်အောင် လုပ်ကြရသည်။ မြန်မာ့အလင်းတိုက်သို့ နေ့စဉ်လိုက်၍ မြန်မာ့အလင်းအလုပ်ကို နေ့စဉ်လေ့လာသူ ဖြစ်သဖြင့် ချက်ချင်းပင် အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ခြင်းဖြစ်၍၊ မြန်မာ့အလင်း ကျေးဇူးကြောင့်ပင်ဟု အမြဲတစေ မှတ်ထားခဲ့သည်။

ဂျာနယ်ကျော် အယ်ဒီတာမှာ ကျွန်မအမည်နှင့် ထွက်လိုက်၊ သူ့တပည့် ကိုအုန်းမြင့် အမည်နှင့် ထွက်လိုက်နှင့် သူ့အမည် မပေါ်သေးပေ။

ဂျာနယ်ကျော် ဦးချစ်မောင် ဟူ၍ အမည်ပေါ်ရပုံမှာကား တစ်ညသ၌ သူ အလုပ်မှ ည ၈ နာရီလောက် ပြန်လာသည်။ မကြာမြင့်မီ သူ့တပည့်ကြီး ည အယ်ဒီတာ ကိုစောဦး လိုက်လာသည်။ ယနေ့နံနက် ဖော်ပြလိုက်သော ထားဝယ်သွားသည့် အဒမ်ဆင်သင်္ဘောကြီးအနီး ဗုံးပေါက်ကွဲသည့် သတင်းနှင့် ပတ်သက်၍ ထိုသတင်းကို အစိုးရက မှားယွင်းကြောင်း ဖြေရှင်းချက် ပေးပို့နေကြောင်း၊ စင်စစ်ဖော်ပြခဲ့သော သတင်းမှာ ခိုင်လုံ၍ ယုံကြည်စိတ်ချရသော သတင်းတစ်ရပ်ပင်ဖြစ်ကြောင်းနှင့် ပြောလေသည်။ သူက 'သတင်းစာမှာ "ဖြေရှင်းချက်"ထည့်ရတာ သတင်းစာ အနာဆုံးပဲ။ အစိုးရ ဖြေရှင်းချက်များတော့ ဘယ်တုန်းကမှ အယုံအကြည် မရှိခဲ့ဘူး' ဟု ပြောပြီး သတင်းစာတွင် အစိုးရကပေးသော ဖြေရှင်းချက်ကို ထည့်ရန်မလိုဟု ကိုစောဦးအား မှာလိုက်သည်။

ဤသို့ ဖြေရှင်းချက် သူ မထည့်ဘဲ ထားသောအခါ ညတွင်းချင်းပင်

အရေးတော်ပုံတစ်ရပ် ပေါ်လာတော့သည်။ ထိုစဉ်က တိုက်အုပ် ဦးတင်အပြင် တိုက်တွင် လာရောက်နေထိုင်သော မန်နေဂျင်း ဒါရိုက်တာတစ်ဦးပါ ရှိသည်။ မန်နေဂျင်း ဒါရိုက်တာက သူ့ကို ဤဖြေရှင်းချက် သတင်းစာတွင် အမြန်ထည့်ရန် ညွှန်ကြားလေတော့သည်။

သူသည် သတင်းစာကို တိုက်ရှင်များ ပိုင်ပေသော်လည်း တိုင်းပြည်ကသာ ဆိုင်သဖြင့်၊ ဤကဲ့သို့ ဟုတ်မှန်သော သတင်းမျိုးကို မြန်မာ့အလင်းသည် ဘယ်အခါကမျှ ဖုံးကွယ်ဖျောက်ဖျက်ခြင်း မရှိဟု မထည့်ဘဲ အတိုက်အခံ လုပ်နေသည်။

ထိုည၌ သူ တိုက်သို့ ပြန်သွားသည်မှာ ည သန်းခေါင်အထိ အိမ်သို့ ပြန်မရောက်လာသဖြင့် စိတ်ထဲတွင် သံသယဖြစ်လျက် တထင့်ထင့်ဖြင့် မျှော်နေမိသည်။

မြို့ပေါ်တွင် အခြားသတင်းထူးကား မရှိ။ ဤသဘော်ကြီးအနီး ဖုံးပေါက်သည့် သတင်းသာ အရေးတကြီး လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ဤသတင်းကိစ္စအတွက် သူနှင့် တိုက်ရှင် သဘောချင်းကွဲလွဲနေ၍ ဤကိစ္စကြောင့်များ နောက်ကျနေလေရော့သလားဟု ထိုင်တွေးနေမိသည်။

သူလည်း သန်းခေါင်ကျော်မှပင် ပြန်လာသည်။ 'အရေးကြီးလို့လား ကိုကို' ဟု ဆီးမေးလိုက်သည့် အခါ၌ 'ဆိုပါတော့ တင်လေးရယ်' ဟု ညည်းညူသံနှင့် ပြန်ပြောသည်။

ဤအချိန်တွင်မှ ညစာ ထမင်းစားကြရတော့သည်။ ထမင်းစားနေကြစဉ်၌ သူသည် နယ်မှရောက်လာသော စာများနှင့် ဂျာနယ်အလုပ်ကိုသာ မေးမြန်းခြင်းပြုသည်။ ကျွန်မက 'ဘာလို့ နောက်ကျသလဲ' မေးသည်ကို 'ပြီးမှ ပြောတာပေါ့' ဟု ဆိုသဖြင့် ဆက်မမေးဘဲ နေလိုက်ရပေသည်။

ထမင်းစားပြီးကြ၍ အိမ်ရှေ့စားပွဲတွင် ထိုင်ကြသော အခါမှ သူကပင် စတင်၍ ပြောသည်။

'ကိုကိုနဲ့ တိုက်ရှင်နဲ့ စကားများလာကြပြီ'

'သဘော်ကြီးသတင်းလား ကိုကို'

'ဟုတ်တယ်၊ ဒီသတင်းပဲ။ ကိုကို့ကို ဒါရိုက်တာက အစိုးရဖြေရှင်းချက် အတင်းထည့်ခိုင်းတယ်။ ကိုကိုက မထည့်နိုင်ဘူးလို့ အတင်းငြင်းတယ်။ သူရိယ ဦးပုကလေးလည်း ရှိတယ်။ ကိုကိုက ကျွန်တော် တာဝန်ခံနေတဲ့အခါမှာ ကျွန်တော့်နာမည်နဲ့ ဖြေရှင်းချက် သတင်းစာမှာ အပါမခံနိုင်ဘူးလို့ အတင်းငြင်းခဲ့တယ်။ ကတ်သီးကတ်သတ် လုပ်တယ်လို့များ ထင်သလား မသိဘူး။ အမှန်တော့ သတင်းစာ အကျိုးပါပဲ'





'ပြောပါဦး ကိုကိုရဲ့၊ ပြောပါဦး။ ဒါနဲ့'

'ဒါနဲ့ သူတို့ကလည်း ထည့်မယ်၊ ကိုကိုကလည်း မထည့်ရဘူး ဖြစ်ကြတာပေါ့။ စာစီသမားတွေကလည်း ကိုကို့ကို အားနာပါရဲ့။ ခမျာတွေလည်း စီရမလား၊ မစီရဘူးလား မသိအောင် ဖြစ်နေကြတယ်'

'အဲဒီတော့'

'သူတို့က စည်းကမ်းချက် ပေးတယ်။ အယ်ဒီတာဟာ ဒါရိုက်တာခိုင်းတာ လုပ်ရမယ်တဲ့။ ကိုကိုက မလုပ်နိုင်ဘူးဆိုတော့ မလုပ်နိုင်ရင် ထွက်စာတင်ပါတဲ့'

'အံမယ် ကိုကိုက မတင်ခဲ့ဘူးလား'

'မတင်ပါဘူး၊ သဘောမကျရင် ထုတ်ပစ်လိုက်ပါလို့ ပြောခဲ့တယ်။ ကိုကို သူတို့ထုတ်မှပဲ ထွက်မယ်'

'သစ္စာနှယ် ကြီးလိုက်ပါဘိ၊ နို့ မထုတ်လိုက်ကြသေးဘူးလား'

ထိုအခိုက် တံခါးခေါက်၍ ထ ဖွင့်ပေးလိုက်သည်။ တိုက်မှ ဒရဝမ်ကုလားကြီးက ဒါရိုက်တာ၏ လက်မှတ်ကြီးနှင့် အမိန့်မနာခံ၍ "ချစ်မောင်" ကို အလုပ်မှ ယခုညပင် ထုတ်ပစ်လိုက်ကြောင်း စာလွှာကြီး လာပို့လေသည်။

စာသားအသုံးအနှုန်းမှာ မယဉ်ကျေးလှသဖြင့် ကျွန်မစိတ်နှင့်ဆိုလျှင် ခံနိုင်ဖွယ်ရာ မရှိရိုးအမှန် ဖြစ်ပါသော်လည်း၊ ထိုစာကို ဖတ်ပြီးပြီးချင်း မန်နေဂျင်း ဒါရိုက်တာကြီးကို ဦးသုံးကြိမ် ထိုင်၍ ရှိခိုးလိုက်ချင်သည်။

မြန်မာ့အလင်းမှ မထုတ်သမျှ ဂျာနယ်ကျော်တွင် သူ့နာမည် မထည့်ဘဲ ထားနေရ၍၊ ယခုသော် ဂျာနယ်ကျော်အယ်ဒီတာ ဦးချစ်မောင်ဟူ၍ တိုင်းပြည်အား ကြေညာရန် အခွင့်ပေါ်လာပြီ ဖြစ်သဖြင့် မည်ပုံမည်နည်းနှင့်ပင် ထုတ်ထုတ် ကျွန်မ၏ ဆန္ဒကို ဖြည့်စွမ်းပေးလိုက်သော ကျေးဇူးရှင်တစ်ယောက်အဖြစ် ဒါရိုက်တာကြီးကို အမြဲတစေ ကျေးဇူးတင်ခဲ့ရပေသည်။ ဤပုဂ္ဂိုလ်ကြီးကြောင့်ပင် သူကား ဂျာနယ်ကျော်ဦးချစ်မောင် ဖြစ်ရပေတော့မည်။ 'ဦးတင်သာ သိရင် စိတ်ကောင်းရှာတော့မှာ မဟုတ်ဘူး' ဟု ညည်းတွားနေသေးသည်။ ဦးတင်မှာ ဤကိစ္စအတွက် အလွန် စိတ်မကောင်းရှာဘဲ အလုပ်မှ ထုတ်မပစ်ရန် အတိုက်အခံများစွာ လုပ်ကြောင်း နောင်တွင် သိရလေသည်။

နောက်တစ်နေ့၌ မြန်မာ့အလင်း သတင်းစာတွင်မကဘဲ အင်္ဂလိပ်သတင်းစာ၊ မြန်မာသတင်းစာများတွင် အမိန့်မနာခံ၍ "ချစ်မောင်" ကို ထုတ်ပစ်လိုက်ကြောင်း ကြော်ငြာထည့်သည်ကို သူလည်း သတင်းစာများကို တစ်စောင်ပြီးတစ်စောင် စိတ်ဝင်စားစွာ ထိုင်ဖတ်ကြည့်နေသည်။

ကျွန်မသည်လည်း ဂျာနယ်ကျော်အယ်ဒီတာ ချစ်မောင်ဟူ၍ ဂျာနယ်

ကျော် ခေါင်းစီး စာစီပြီးသာ စာရွက်ပရကို ဖတ်ပြီး ဒေါပွနေသည်။ 'ဘာဖြစ်လို့ ဦး မထည့်သလဲ' ဟု သူ့ကို မေးရာ 'မလိုပါဘူး၊ ချစ်မောင်ဆို တော်ရောပေါ့' ဟု ပြန်ပြောသဖြင့်–

'တိုက်အုပ်က ဒေါ်တင်လှိုင်၊ အယ်ဒီတာက ချစ်မောင်။ ကြပ်ကြပ်လုပ်၊ အဲဒီလို ကြပ်ကြပ်လုပ်။ ကိုယ့်ကိုယ်ကိုယ် ဒီလိုနှိမ့်ချလွန်းလို့ သတင်းစာတွေထဲက နေ ချစ်မောင်လို့ ထည့်ပြီး ကြော်ငြာတဲ့အထိ အည့်ခံရတာ မဟုတ်လား။ ဒီတိုက်က တိုက်အုပ် အလိုကျကလေးတော့ လိုက်လျောပါဦး အယ်ဒီတာရယ်'

သူလည်း ရယ်မောကာ 'တိုက်အုပ်ကြီးခင်ဗျား၊ ထည့်ချင်သလို ထည့်ပါ' ဆို၍ အယ်ဒီတာ ဦးချစ်မောင်ဟု ဂျာနယ်ကျော်တွင် အမည်ထည့်ရိုက်လိုက်ရသည်။

မြန်မာ့အလင်းမှ ထွက်ခဲ့၍ ဂျာနယ်ကျော်ကို ဦးစီးထုတ်ဝေပြီဆိုသော ကြေညာချက် ခေါင်းကြီးကို အတင်းရေးခိုင်းသောကြောင့် မြန်မာ့အလင်းတိုက် ပေါ်တွင် အသက်ညှာဆုံးပြု၍ ရေးသည်။

သူတစ်ယောက်တည်းသာ ဖြစ်ပါက အပြစ်ရှိ၍ အထုတ်ခံရသလိုပင် တိုင်းပြည်က မှတ်ယူ၍ နေပေမည်။ သူသည် အံ့ဩလောက်အောင် ဒေါသတရား ကင်းမဲ့လျက် သည်းညည်းခံစိတ် ကြီးမားသော သူတစ်ယောက် ဖြစ်သည်ကို တွေ့ရသည်။

သူသည် မြန်မာ့အလင်းအား မည်မျှသံယောဇဉ် ငြိတွယ်သနည်း ဟူမူကာ ညက အလုပ်မှ ထုတ်ပစ်လိုက်သော်လည်း နံနက်စောစောတွင် တိုက်သို့ သွားမြဲ သွားကာ အလုပ်လက်ခံမည့် အယ်ဒီတာကို အလုပ်များ သွား လွှဲအပ်ပေးလိုက် သေးသည်။

မြန်မာ့အလင်းအပေါ်တွင် သူ သံယောဇဉ်ကြီးသကဲ့သို့ ကျွန်မတို့အပေါ် တွင် မြန်မာ့အလင်း ဦးတင်မှာလည်း သံယောဇဉ် ကြီးနေပေသည်။ ဂျာနယ်လုပ်ငန်း မှန်သရွေ့ အဘက်ဘက်မှ ချောမောအောင် ကူညီဆောင်ရွက် ပေးနေ၏။ ကျွန်မ မသိ၍ မေးမြန်းသမျှတွေကိုလည်း ကူညီသင်ပြပြီး အထူး အားပေးကူညီ ရှာလေသည်။

မြန်မာ့အလင်းမှ ထွက်လာပြီး မကြာမြင့်မီပင် သူ့တပည့်ကြီး ကိုစောဦး လည်း မြန်မာ့အလင်းမှ ထွက်ခဲ့၍ ဂျာနယ်ကျော်တွင် သူနှင့် ပူးပူးကပ်ကပ် လာလုပ်သည်။ အယ်ဒီတာ နှစ်ယောက်၊ စာရေး နှစ်ယောက်၊ တိုက်အုပ်နှင့် အိမ်တွင်ပင် အလုပ်ရုံးလုပ်၍ စခန်းသွားနေကြသည်။

ထိုသို့ ကိုယ့်အလုပ်နှင့်ကိုယ် လုပ်နေကြစဉ် မြန်မာ့အလင်းတိုက်ကြီးအား အစိုးရက "အိုင်စီအက်များ" ဟု ရေးလိုက်သော ခေါင်းကြီးအတွက် တစ်ချက်





လွတ် အမိန့်နှင့် ရုတ်တရက် ပိတ်ပစ်လိုက်ရာ၊ သူလည်း အစိုးရအပေါ်တွင် ဆတ်ဆတ်တုန် နာကြည်းပြီးလျှင် ဂျာနယ်ကျော်၌ မြန်မာ့အလင်းတိုက်အတွက် ပြင်းထန်လှသော အောက်ပါခေါင်းကြီးကို ရေးသားလိုက်လေသည်။

## မြန်မာ့အလင်းကို ပိတ်ပစ်လိုက်သည့်ကိစ္စ

**ကျွန်ုပ်တို့ကလည်း အစိုးရကို အတိအလင်း မေးရလိမ့်မည်။**

**အစိုးရကလည်း ကျွန်ုပ်တို့ကို အတိအလင်း ဖြေရလိမ့်မည်။**

မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေခြင်း မပြုရဟု မြန်မာပြည် အစိုးရတို့က ရုတ်တရက် အမိန့်ထုတ်ဆင့်လိုက်သဖြင့် မြန်မာ့အလင်း သတင်းစာမှာ ယခု တန်ဆောင်မုန်းလဆုတ် ၁၅ ရက်နေ့မှ စတင်၍ ပိတ်ထားလိုက်ရချေပြီ။ ပိတ်လိုက်ခြင်း၏ အကြောင်းရင်းကို မြန်မာပြည်အစိုးရတို့၏ ပြည်ထဲရေးနှင့် ကာကွယ်ရေးဌာန အတွင်းဝန်က ဖော်ပြရာတွင် ၁၉၄၀ ခု နိုဝင်ဘာလ ၂၆ ရက် နေ့ထုတ် မြန်မာ့အလင်း သတင်းစာ "အိုင်စီအက်များ" ဟူသော ခေါင်းစဉ်နှင့် ဒုတိယခေါင်းကြီးသည် ကာကွယ်ရေးဥပဒေ ပုဒ်မ ၃၄(၆)(အက်ဖ်) နှင့် (ကျူ) တို့ အဓိပ္ပာယ် သတ်မှတ်ထားသည့်အတိုင်း ဆောအန္တရာယ် များဖွယ်ရာ ဖြစ်သော သတင်းတစ်ခု ဖြစ်ကြောင်း။ ၎င်းသတင်းသည် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးများ အားလုံး အချင်းချင်း မုန်းတီးခြင်း ဖြစ်စေအောင် လှုံ့ဆော်ပေးနိုင်သော သတင်း၊ အများပြည်သူတို့၏ လုံခြုံရေး အကျိုးကျေးဇူးတို့ကို ထိခိုက်မည့် သတင်း ဖြစ်သည်ဟု တွက်ဆကြောင်း။ ၎င်းသတင်းစာအား တစ်ခါတုန်းက ဆင်ဆာ (သတင်းဖြတ်တောက် စစ်ဆေးမှု) လုပ်ခဲ့လေပြီ။ ၎င်းပြင် ကာကွယ်ရေး ဥပဒေပုဒ်မများကို ကျူးလွန်သော ဆောင်းပါးများကို မထည့်သွင်းရန် သတိပေးခဲ့သည်မှာ ၁၃ ကြိမ်ရှိပြီ။ အများအတွက် လည်းကောင်း၊ တိုင်းပြည်လုံခြုံရေးကို အကြောင်းပြု၍လည်းကောင်း မြန်မာ့အလင်းသတင်းစာကို ကာကွယ်ရေးဥပဒေ ပုဒ်မ ၄၁(၁) (ဘီ) အရ ပုံနှိပ်ထုတ်ဝေခြင်းကို တားမြစ်ရန် ဆုံးဖြတ်လိုက်ပြီးဖြစ်ကြောင်း။ သို့အတွက် မြန်မာ့အလင်း သတင်းစာကို တစ်ခါတည်း ထုတ်ဝေခြင်းမှ ရပ်စဲရန် အသင့်အား ညွှန်ကြားလိုက်ကြောင်းနှင့် ပါရှိသည့်အပြင် အဆိုပါ အမိန့်ကို ဖိဆန်က ပုဒ်မ ၃ တွင် ပါရှိသော အပြစ်ဒဏ် ရှိသေးကြောင်းကို ညွှန်ကြားလိုက်ကြောင်းနှင့်လည်း ပါရှိသည်ကို ကျွန်ုပ်တို့ တွေ့ရှိရချေသည်။

ဤသို့ အမိန့်ထုတ်ဆင့် ပိတ်ပင်တားမြစ်လိုက်ခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဖွယ်ရာ အချက်များ ရှိနေလေသည်။ အစိုးရတို့အား ကျွန်ုပ်တို့က အတိအလင်း မေးမြန်းဖွယ်၊ အစိုးရတို့က ကျွန်ုပ်တို့အား အတိအလင်း ဖြေရှင်းဖွယ် အချက်အလက်များလည်း ပေါ်ထွက်နေပေသည်။ ကျွန်ုပ်တို့ဟူရာတွင် (က) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများကို ပုံနှိပ်ထုတ်ဝေလျက်ရှိသော သူများနှင့် (ခ) ထိုသူများမှတစ်ဆင့် ထိုသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများကို ဖတ်ရှုနေသော တိုင်းသူပြည်သား လူအများကို ဆိုလိုပေသည်။

ယခု အစိုးရတို့ အရေးယူလိုက်သည်ဆိုသော တန်ဆောင်မုန်း လဆုတ် ၁၃ ရက်နေ့ထုတ် "အိုင်စီအက်များ" ဟူသော ခေါင်းစဉ်ဖြင့် မြန်မာ့အလင်း ခေါင်းကြီးပိုင်းသည် အစိုးရတို့ အကြောင်းပြလိုက်သည့်အတိုင်း ဘေးအန္တရာယ်များဖွယ်ရာ သတင်းဖြစ်သည်။ ၎င်းသတင်းသည် ဘုရင့်ကျေးကျွန် အချင်းချင်း အားလုံး မုန်းတီးခြင်းဖြစ်စေအောင် လှုံ့ဆော်ပေးစေနိုင်သည့် သတင်းဖြစ်သည်။ အများပြည်သူတို့၏ လုံခြုံရေး အကျိုးကျေးဇူးကို ထိခိုက်မည့်သတင်းဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ ယူဆကြရမည်ဖြစ်လျှင် အိုင်စီအက် အရာရှိ၊ သို့မဟုတ် အိုင်စီအက် မဟုတ်သော အခြားအရာရှိ တစ်ဦးဦး၏ ပြုလုပ်မှု တစ်စုံတစ်ရာသည် မိမိတာဝန်၏ နယ်နိမိတ်မှ ကျော်လွန်၍ အခြားသူတို့၏ အရိုအသေပြုရာ၊ အရိုအသေ ပြုထားရာသို့ ကျူးကျော်ဝင်ရောက်သည်ပင် ဖြစ်စေကာမူ၊ ထိုအကြောင်းကို လုံးဝ သတင်းစာ၌ မထည့်ရ၊ လူချင်း လူချင်း မဆွေးနွေးရ၊ မကျေနပ်လျှင် မကျေနပ်ကြောင်း မပြောရ၊ ဆိုင်ရာဆိုင်ရာတို့ အရေးယူဖို့ရန်ပင် သတိမပေးရဟူ၍ ဆိုလိုသလော။ ထိုသို့ပင် ကျွန်ုပ်တို့အားလုံး မှတ်ယူရတော့မည်လော ဟု ကျွန်ုပ်တို့ မေးမြန်းလိုပေသည်။

ကျွန်ုပ်တို့၏ သဘောမှာ အရာရှိတစ်ဦးဦး၏ ပြုလုပ်မှုသည် မဖွယ်မရာ ဖြစ်နေချေသော်၊ ထိုသို့ မဖွယ်မရာ ဖြစ်နေသဖြင့် အစိုးရတို့က အရေးယူကြပါဟူ၍ ရေးသားအကြံပေးသော သတင်းစာအား တစ်ချက်လွှတ် အာဏာဖြင့် အခုလို ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်ခြင်းထက် ထိုအရာရှိအား နောက်နောင် ယခုလို မပြုမလုပ်နှင့်။ ယခု ပြုလုပ်ပြီး ဖြစ်သမျှအတွက်လည်း၊ အကျယ်အကျယ် မငြိမ်းဖွယ်





မဖြစ်ရအောင် ဆိုင်ရာဆိုင်ရာတို့နှင့် ကျေအေးအောင် ပြုလိုက်ဟု အစိုးရတို့က အရေးတကြီး သွန်သင် ညွှန်ကြားလိုက်ခြင်းသာလျှင် ပိုမို ထိရောက်သည်၊ ပိုမို သဘာဝကျသည်ဟူ၍ ယူဆပေသည်။ ထိုအရာရှိကိုယ်တိုင်က ပြေအေးအောင် မပြုစွမ်းနိုင်ဟု အစိုးရတို့ ထင်မြင်ယူဆဖွယ်ရာ အခြေခံ တစ်စုံတစ်ခု၊ အချက်အလက် တစ်စုံတစ်ရာ ရှိလျှင်လည်း၊ အစိုးရတို့သည် ထိုသူအား နယ်ပယ်ရွှေ့ပြောင်းပေးခြင်းဖြင့် ဖြစ်စေ၊ အခြားသင့်လျော်ရာ နည်းတစ်စုံတစ်ရာဖြင့် ဖြစ်စေ ငြိမ်ဝပ်ပိပြားမှု မပျက်ပြားစေရန် ဖန်တီးစီမံနိုင်ကြပေသည်။

ယခုကိစ္စတွင် ဆိုင်ရာတို့သည် သတင်းစာတိုက်ကို အရေးတကြီး ပိတ်ရန် လက်မြန်သလောက်၊ ကာယကံရှင်၏ အမှုပုံကို အကြောင်းစုံလင်စွာ သိအောင် စုံစမ်းဖို့ နှေးသည်ကို တွေ့ရသဖြင့်၊ ကျွန်ုပ်တို့မှာ များစွာ အံ့သြခြင်း၊ ဝမ်းနည်းခြင်း ဖြစ်ရချေသည်။ သတင်းစာတိုက်ကို ပိတ်လိုက်သည့် အမိန့် ထုတ်ဆင့်၍ နာရီ အတန်ကြာမြင့်မှ ထိုကိစ္စကို အစိုးရ အရေးယူနေကြောင်း၊ အောက်ပါအတိုင်း ပြန်တမ်းတစ်စောင် ထွက်လာသည်ကို တွေ့ရရာ၊ ထိုပြန်တမ်းမျှဖြင့် ပြီးနိုင်နေပြီ၊ တိုင်းပြည်က ကျေနပ်နိုင်လောက်ပြီ ဖြစ်နေပါလျက် သတင်းစာအား ပိတ်သည့် အခြေသို့ပင် ဆိုက်ရောက်စေခဲ့ခြင်းသည် သတင်းတစ်ခု ပြန့်ပွားသွားမည်ကို စိုးရိမ်ခြင်းထက် အပြစ်ဒဏ်ပေးလို၍ ပိတ်ပင်ခြင်းကို အထင်အရှား ပြသရာ ရောက်နေတော့သည်ဟူ၍ ကျွန်ုပ်တို့ အဓိပ္ပာယ် ကောက်ယူရချေတော့သည်။

အစိုးရတို့ ထုတ်သော ပြန်တမ်းတွင် ဤကြေညာချက်ကို ထုတ်ပြန်ခြင်းမှာ၊ ပန်းတနော်မြို့နယ် မင်းဂရုရွာတွင် တည်ရှိသော ဘုရားတစ်ဆူ၏ ပရိဝုဏ်အတွင်းသို့ မအူပင်အရေးပိုင်က ဖိနပ်စီး၍ ဝင်ရောက်ကြောင်းနှင့် မြန်မာသတင်းစာများတွင် စွပ်စွဲရေးသားချက်များကို အစိုးရမင်းတို့က မည်ကဲ့သို့ အရေးယူပါသနည်းဟု စုံစမ်းမေးမြန်းချက်များကို ဖြေကြားရန် ဖြစ်ပေသည်။ သတင်းစာများတွင် အဆိုပါ စွပ်စွဲ ရေးသားချက်များ ပါရှိလျှင် ပါရှိချင်း အစိုးရက ဆိုင်ရာမှ အစီရင်ခံစာကို တောင်းဆိုခဲ့ကြောင်း။ ဤအစီရင်ခံစာသည် ယခုအခါ အစိုးရထံသို့ ရောက်ရှိပြီး ဖြစ်သော်လည်း၊ ၎င်းအစီရင်ခံစာမှာ မပြည့်စုံသဖြင့် အစိုးရက ဤကိစ္စတွင် နောက်ထပ် စုံစမ်းရန် ညွှန်ကြားခဲ့ကြောင်း။ ဤသို့ စုံစမ်း၍ ပြီးစီးသည့်အခါ အစိုးရက ထိုက်သင့်စွာ

အရေးယူရန် နှောင့်နှေးလိမ့်မည် မဟုတ်ကြောင်း။ အစိုးရက သာသနာ့ ဒါယကာကဲ့သို့ ဆောင်ရွက်မည့် အကြောင်းကို အများကြားသိအောင် ကြေညာထားသည်ကို အများပြည်သူတို့ သတိရကြပေမည် ဖြစ်ကြောင်း။ အစိုးရသည် ဗုဒ္ဓဘာသာ သာသနာကို စောင့်ရှောက်ရန် မည်သည့် ဗုဒ္ဓဘာသာ သာသနာဝင် ပြည်သူတစ်ဦးတစ်ယောက်မဆို၊ လိုလားသကဲ့သို့ပင် စောင့်ရှောက်ရန် လိုလားကြောင်း ပါရှိသဖြင့် သတင်းစာကို ပိတ်လိုက်ဖို့ရာ အကြောင်း ရှိသေးသလော၊ ရှိသေးလျှင် ထိုအကြောင်းသည် လုံလောက်သေးသလော ဟူ၍ ထပ်မံ စဉ်းစား ဆင်ခြင်ကြရန် ကျွန်ုပ်တို့က ဆိုင်ရာတို့ကိုပင် တာဝန် လွှဲအပ်လိုပေသည်။

ကမ္ဘာပေါ်တွင် နိုင်ငံရေးပညာနှင့် စီးပွားရေးပညာ အရာတွင် တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သည် ဟူ၍ ကျော်ကြားသည့် လန်ဒန် ဓနဗေဒနှင့် နိုင်ငံရေးရာ ပညာသင်ကျောင်း ပါမောက္ခကြီး ဟယ်ရိုးလတ်စကီ ရေး (Liberty in the Modern State) "ခေတ်ကာလ တိုင်းပြည်အတွင်း၌ လွတ်လပ်ရေး" ခေါ် စာအုပ်နှင့် ထိုပုဂ္ဂိုလ်ကြီးပင် စကားချီး ရေးသား၍ ကမ္ဘာပေါ်တွင် အားထားလောက်သော ကျမ်းတစ်စောင်ဖြစ်သည် ဟူ၍ ယူမှတ်ကြရသော ဒေါက်တာ ရောဘတ်ဒက်စမွန်ရေး ( The Press and World Affairs) "သတင်းစာနှင့် ကမ္ဘာ့ရေးရာများ" ခေါ် စာအုပ်ကြီးအပြင် ယခု မြန်မာပြည်အစိုးရတို့ ဘာသာပြန်ဆိုခိုင်းထားသော ကမ္ဘာကျော် သတင်းစာဆရာကြီး ဝစ်စတိတ် ရေး (The Press) "ပုံနှိပ်စက် သတင်းစာတိုက်လုပ်ငန်း" ခေါ် စာအုပ်များကို အစိုးရတို့ ဖတ်ရှုကြမည်ဆိုက၊ ယခု မိမိ တစ်ချက်လွှတ် ပြုလုပ်လိုက်သော အပြုအမူသည် နည်းလမ်းမမှန်ဘဲ အတန်ပင် ထန်ပြင်း လွန်လွန်းရာ ကျနေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

အစိုးရတို့အား ကျွန်ုပ်တို့ သတိပေးလိုသည်မှာ အစိုးရ အမှုထမ်း အရာရှိသည် အစိုးရ၏ အမှုထမ်းသက်သက်မျှ မကသေး၊ ၎င်းကိုယ်တိုင်လည်း ပြည်သူပြည်သား (ဘုရင့် ကျေးတော်မျိုး ကျွန်တော်မျိုး) တစ်ဦးပင် ဖြစ်ချေသည့်အတွက် ၎င်းကိုယ်တိုင်က ပြည်သူပြည်သား အချင်းချင်း (အစိုးရတို့ မြန်မာ့အလင်းသို့ ထုတ်ပေးသည့် စကားအတိုင်း သုံးစွဲရလျှင် ဘုရင်မင်းမြတ်၏ ကျေးတော်မျိုး ကျွန်





တော်မျိုး အချင်းချင်း) မုန်းတီးခြင်း ဖြစ်စေအောင် မလှုံ့ဆော်ထိုက်၊ မလှုံ့ဆော်သင့်။ လှုံ့ဆော်ပြီး ဖြစ်ခဲ့သော် ယခု မြန်မာ့အလင်း သတင်းစာ အပေါ်၌ အရေးယူရာတွင် တစ်ချက်လွှတ် နိုင်ခဲ့သလောက် တစ်ချက်လွှတ် အရေးယူဖို့သာ သင့်ပေသည်။ ဘေးအန္တရာယ် များပြားဖွယ်ရာသော အပြုအမူ တစ်ခုကို ပြုလုပ်မိလျှင် ထိုသို့ ပြုလုပ်သူသည် သတင်းစာတစ်စောင် မဟုတ်ဘဲ၊ အရာရှိတစ်ဦး ဖြစ်နေသည့်အတွက် ထိုသူမှာ သီးခြားသက်သာခွင့် သို့မဟုတ် နှေးဆေးစွာ အရေးယူခြင်း ခံရခွင့်ကို မခံစားထိုက်။ သတင်းစာ၌ ပါသော သတင်းသည် ပင်လျှင် အစိုးရတို့၏ စိတ်တွင် အများပြည်သူတို့၏ လုံခြုံရေး အကျိုးကျေးဇူးတို့ကို ထိခိုက်နေပြီဖြစ်က သတင်းစာက အခြေပြု၍ ရေးသားသော ကာယကံရှင်၏ အပြုအမူသည် အဘယ်သို့ ရှိလေမည်နည်း။ သတင်းကို ဖော်ပြသော သတင်းစာအား အရေးယူရန် မြန်ဆန်ထက်မြက်သော အာဏာသည် ထိုကာယကံရှင် အပေါ်တွင် အလားတူမျှ ဖြစ်စေ၊ မြန်ဆန်ထက်မြက်ခြင်း မရှိစေသင့်ပြီလော။ ဤကား ကျွန်ုပ်စိတ်တွင် အစီအစဉ်အားဖြင့် ပေါ်ထွက်လာသော မေးခွန်းများ ဖြစ်ပေရာ အစိုးရတို့သည် ဤမေးခွန်းများကို မည်သို့ဖြေမည်နည်း။ ရှင်းလင်းစေလို၍ မေးမြန်းခြင်းကိုပင် အာဏာနှင့် အရေးယူခြင်းဖြင့် ဖြေကြားနေဦးမည်လော။ မည်သို့ပင်ဖြစ်စေ အစိုးရတို့သည် မိမိတို့၏ အရေးတကြီး အရေးယူခဲ့ပုံ နေရာလွဲမှားနေခြင်း အဖြစ်ကို သိမြင်ကာ၊ ပိတ်ထားလိုက်သော သတင်းစာကို ပြန်လည်ဖွင့်လှစ် ထုတ်ဝေစေဖို့ အမြန် အမိန့်ထုတ်ဆင့်စေလိုကြောင်း အကြံပေးစကား ရေးသားဖော်ပြလိုက်ရပေသတည်း။

ထိုခေါင်းကြီးထွက်၍ နောက်နေ့တွင် အတွင်းဝန်ရုံးမှ အတွင်းဝန်ဦးကျော်က သူ့ကို ဤမျှ ပြင်းပြင်းထန်ထန် မရေးပါနှင့်ဟု တောင်းပန်ပြီးသကာလ ပုလိပ်မင်းကြီး ပရက်စကော့က 'ခင်ဗျားကို ဒီခေါင်းကြီးအတွက် ဒီနေ့ဖမ်းဖို့ရာ ဆိုင်ရှင်တောင်းလို့ ကျုပ် တားထားရပါတယ်။ ဒီလို မရေးပါနဲ့' ဟု တောင်းပန်လေသည်။

သူသည် အစိုးရကိုလည်း ဂရုမစိုက်။ သူ့ကို မြန်မာ့အလင်းမှ အမိန့်မနာခံဆို၍ ထုတ်ပစ်လိုက်သည်ကိုလည်း အမှတ်မထားဘဲ၊ ဂျာနယ်ကျော်တိုက်တွင်ပင် အယ်ဒီတာအစည်းအဝေးကြီး ဖိတ်ခေါ်ကာ မြန်မာ့အလင်းကို မဖွင့် ဖွင့်အောင် ကြိုးစား အားထုတ်လေသည်။

အစည်းအဝေးသို့ လာသမျှ အယ်ဒီတာ၊ ပုံနှိပ်တိုက်ရှင်တို့အား ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံရန်ပြော၍၊ ကျွန်မလည်း နယူးလိုက်မုန့်တိုက်မှ အစားအသောက်များ မှာယူ၍ တည်ခင်းကျွေးမွေး ဧည့်ခံသည်။ မြန်မာ့အလင်းအတွက် ရှေ့ဆုံးက ထွက်၍ ကာကွယ်ခုခံနေပုံများမှာ အူရော အသည်းပါ၊ စိတ်ရော လက်ပါ ထိထိရောက်ရောက် လုပ်လေသည်။ သူသည် မှန်မြတ်သော လမ်းစဉ်ကို ကျင့်သုံးသည့် နေရာ၌ ခွန်အားအရှိဆုံးသော သူတစ်ယောက် ဖြစ်လေသည်။

---

ဂျာနယ်ကျော် စာစောင်တစ်ခု။



## ၂၈ ။ ဂျာနယ်ကျော် မမလေး

ပမာနေသော ဖခင်ကြီးလည်း ထူနိုင် ထ နိုင်လျှင် ထ နိုင်ချင်း ရန်ကုန်သို့ လိုက်လာသည်။ အလုပ်နှင့်အိမ် တွဲလျက် လုပ်နေကြသည်ကို မကောင်းပါဘူးဟု အပြစ်တင်ပြန်သည်။ ဤနေရာကို အလုပ်တိုက်ဖွင့်ပြီး လူနေရန်အိမ်ကို ခြံနှင့်ဝင်းနှင့် အိမ်ကောင်းကောင်း ရှာပါ ပြော၍ လိုက်ရှာကြရာ၊ အလုံတွင် ရောဝတီကုမ္ပဏီမှ ဆောက်လုပ်ထားသော ဝင်းကြီးနှင့် အိမ်တစ်ဆောင်ရ၍ ထိုအိမ်သို့ ပြောင်းကြပြီး၊ အလုပ်တိုက်တွင် ဖခင် အစီအမံအတိုင်း စာခုံများဝယ်၍ တင်လိုက်ပြီး တိုက်တွင် ပင် စာစီသည်။ အလုံမှ မြို့ထဲသို့ ကားနှင့် အလုပ်တက်ကြရန် ကားတစ်စီး ဝယ်ခိုင်းသောကြောင့် ကားမဝယ်ဘဲ ပုံနှိပ်စက် ဝယ်ပေးပါရန် ပူဆာရသည်။ အလုပ်တိုက်သို့ကား ပဲရော့မှ ဦးဆန်နီကားကို မှာ၍ ကားနှင့်ပင် လာသည်။ ထိုသို့ ဂျာနယ်ကို တိုက်ပေါ်တွင်စီပြီး နဂါးနီတွင် ရိုက်နေရာမှ ရေကျော်ဘက် မောင်ဂိုမာရီ (ယခုအခါ ဗိုလ်ချုပ်အောင်ဆန်း) လမ်းမပေါ်တွင် အိမ်ခန်းတစ်ခန်း ရ၍ စက်တစ်လုံးဝယ်ပြီး စာခုံနှင့် စက်ကို ထိုလမ်းသို့ ပြောင်းရွှေ့ပေးပြီး၊ အယ်ဒီတာ ဌာနကိုလည်း ထိုလမ်း၌ပင် ထားလိုက်သည်။ နံနက်လင်းလျှင် သူက စက်နှင့် စာခုံရှိရာ ရေကျော်သွား၍ ကျွန်မက ဆူးလေဘုရား ပန်းခြံရှေ့ အလုပ်တိုက်သို့ သွားရသောကြောင့် ခရီးချင်း မတူကြပေ။

တစ်လလျှင် အလုပ်မှ နှစ်ယောက်အတွက် လခ ၅၀၀ ကျပ် ယူကြသည်။ အစစ စရိတ်များကို တိုက်က ကျခံစေပြီးလျှင် သူ့စာအုပ်ခန်းအတွက် စာရင်းတစ်ခုကိုဖွင့်ကာ သူ ဖတ်ချင်သမျှ စာအုပ်စာတမ်းများကို တိုက်က ဝယ်ပေးရလေသည်။ ဂျာနယ်မှာ အပတ်စဉ် စောင်ရေ ၆,၀၀၀ ကျော် ရိုက်ရသည်။ သူလည်း စာအုပ်ကို သဘောရှိ ဝယ်ဖတ်နေသည်။ မိဘများလက်ထဲတွင် ရှိစဉ်က သားသမီးများတွင် မည်သူ ကိုယ်ပိုင်လုပ်ငန်းနှင့် ရှိမည်မသိဟု အမြော်အမြင်ကြီးသော ဖခင်က ဘဏ်တွင် စာရင်းကိုင်အတတ်ပညာကို သားသမီးများအား သင်စေသည်။ ကျွန်မအလှည့်တွင် ကျွန်မအား မိဘများနှင့်တကွ ဒါရိုက်တာများကပါ သင်ခိုင်းစဉ်က ကျွန်မလည်း မျက်နှာဖြူများ လက်အောက်၌ မလုပ်ဟု ငြင်းပယ်ခဲ့ပြီး မလုပ်ဘဲ နေလာခဲ့၍ ကျွန်မ ညီမလေး ဝင်လုပ်ရသည်။ ကျွန်မ ညီမလေးမှာ စာရင်းကိုင်ပညာတွင် ကောင်းစွာ တတ်မြောက်ကျွမ်းကျင်၍ ဘဏ်တိုက်ကြီးမှ သူဌေးကြီးကိုယ်တိုင်ပင် စာရင်းစစ် အရာရှိများနှင့် မိတ်ဆက်ပြလို၍ ဖျာပုံသို့ ခေါ်ပြီး လက်ဖက်ရည်ပွဲများ တည်ခင်း ကျွေးမွေး မိတ်ဆက်ပြီးလျှင် ဘဏ်တိုက်ကြီးအတွက် များစွာ ဂုဏ်ယူလေသည်။ ယခုအခါ ညီမလေးမှာ အိမ်ထောင်

ကျသွားပြီးဖြစ်၍ သူ တတ်မြောက်သည့် ပညာရပ်များကို အိမ်သုံးစာရင်းနှင့် ဒိုဘီစာရင်းသာ ကိုင်နေရပြီး၊ ဤပညာရပ်များမှာ သူနှင့် အသုံးမဝင်တော့ဘဲ ကျွန်မနှင့် လာ၍ အသုံးတည့်နေလေတော့သည်။

ထိုစဉ်က ကျွန်မ ဝင်ရောက်မလုပ်သော်လည်း လုပ်ပုံလုပ်နည်း နည်းစနစ်ကို နေ့စဉ် မြင်တွေ့နေရ၏။ ကျွန်မ ကိုယ်ပိုင်လုပ်ငန်းကြီးတွင် ဘဏ်တိုက်ကြီးကဲ့သို့ အင်္ဂလိပ်နည်းစနစ်ဖြင့် စာရင်းကျနစွာ ထားကာ စည်းစနစ်ကြီးကြီး လုပ်ကိုင်နေသောကြောင့် အလုပ်ကောင်းသလောက် အဘက်ဘက်မှ လစ်ဟင်းခြင်း မရှိဘဲ စေ့၍ နေပေသည်။

အလုပ်တွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ၊ နိုင်ငံတွင်ဖြစ်စေ စည်းကမ်းသည် အရေးကြီးဆုံးသောအရာ ဖြစ်သည်ဟု ခေါင်းထဲတွင် စွဲလမ်းနေသည်။ စစ်ပွဲနိုင်ပုံ၊ တိုင်းပြည် ကြီးပွားတိုးတက်အောင် ထူထောင်ပုံ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပုံများမှာ စည်းကမ်းကြောင့် ဖြစ်ရသည်ဟု တစ်ထစ်ချ မှတ်ထားခဲ့သည်။ အလုပ်တိုက်၏ ထားရှိသော စည်းမျဉ်းများကို ကျွန်မက အစပြု၍ တစ်တိုက်လုံး လိုက်နာလုပ်ကိုင်စေရသည်။ အရပ်ရပ်မှ ကိုယ်စားလှယ်များကိုလည်း စည်းကမ်းကို ရှိသေလိုက်နာဖို့ရာ မပြတ်နှိုးဆော်၍ နေသည်။ မည်သည့်အလုပ်ပင်ဖြစ်စေ စည်းကမ်းကျန၍ စည်းကမ်းကောင်းလျှင် မည်သူမဆို ဝင်လုပ်၍ ရနိုင်သဖြင့် အလုပ်၏ အစွန့်ရှည်ရာရှည်ကြောင်းမှာ စည်းကမ်းကောင်းဖို့ပင် ဖြစ်လေသည်။

မြန်မာ့အလင်းတိုက်သို့ ညတိုင်းလိုက်လျက် ကျွန်မ စိတ်ကူးထဲတွင် တည်ဆောက်လာခဲ့သော အဆောက်အအုံကြီးမှာ ယခုအခါ၌ ကျွန်မ မျက်စိရှေ့တွင် အဆောက်အအုံကြီး ဖြစ်၍ လာခဲ့လေပြီ။ လောကတွင် ရည်ရွယ်ချက် ထား၍ မိမိရည်ရွယ်ချက်သို့ ရောက်အောင် လုပ်နိုင်စွမ်းသော ဇွဲရှိမှ အောင်မြင်မှုရသဖြင့် ဇွဲသည် မိန်းမ၊ ယောကျ်ား ခွဲခြား၍ မနေဘဲ လက်ငင်းချက်ချင်း အကျိုးတရားပေးပုံတို့ကို သင်ခန်းစာကြီးတစ်ရပ် ဖြစ်လာပေသည်။

ဤသင်ခန်းစာကြီးကို မိမိရရ ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် ဤသင်ခန်းစာ အဆောက်အအုံကြီးကို မှီးကဲ၍ အထွတ်အတက် ပြာသာဒ် အဆောင်ဆောင် ထုတ်ဖို့ရန် ဆက်လက်၍ ကြံစည်တွေးတောလျက် အလုပ်ကို ဉာဏ်ရှိသလောက် ကြိုးစား၍ မနားမနေ လုပ်နေသည်။ ထိုသို့လုပ်ရာ၌ နေရာတကာတွင် ပူပန်တတ်သော စိတ်မှာ တစ်ဖက်မှ အမြဲနှိပ်စက်နေ၍ သူ့ထက်ပို၍ ပင်ပန်းရသည်။ သူသည် ကျွန်မထံတွင် အယ်ဒီတာ လုပ်နေသကဲ့သို့သာလျှင် လုပ်၍နေသည်။ စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို မလွှဲမရှောင်သာမှ ဝင်ရောက်လုပ်ကိုင်ပြီး လျစ်လျူရှုနေသည်။ ထိုစဉ်က နေစိမ့်သည်ဟု သူ့အား ပြောမိသည်။ သူကား





ချမ်းသာမှု တကယ်ရအောင်ရှာပြီး ခပ်အေးအေးပင် ကံစီမံရာအတိုင်း စီးပွားရေးကို တိုးတက်ဖို့ရာ စိတ်ကူးမရှိဘဲ နေသည်။ သူ့အတွက်လည်း လုပ်ငန်းရပ်ထဲတွင် မပါဝင်ဘဲ ခေါင်းရှင်းရှင်းထား၍ ရေးသားနေဖို့ရာသာ ကောင်း၍ သူ့ကို အပူမကပ်တော့ဘဲ အရာရာ ကျွန်မပင် အုပ်စီး လုပ်ကိုင်လေသည်။

အလုပ်တိုက်နှင့် စာပုံနှိပ်စက်တွဲလျက် နေရာမရသဖြင့် နေ့နှင့်အမျှ နေရာကျယ်ကျယ်ဝန်းဝန်းရရန် ရှာဖွေနေရလေသည်။

ဂျာနယ်ကျော်မှာ အမြို့မြို့ အရပ်ရပ်သို့ ရောက်ပြီး အထူးပင် ခေတ်စားကျော်ကြားနေရကာ ဖတ်ရသူတိုင်း များစွာပင် ဗဟုသုတဖြစ်၍ ပညာဉာဏ်တိုးပွားကြရလေသည်။ 'သတင်းစာအလုပ်က လွယ်တယ်။ ဂျာနယ်က အသိဉာဏ် ပညာကို တကယ်ပေးရတဲ့ အလုပ်ဖြစ်လို့ ဂျာနယ်က သတင်းစာထက် အရေးကြီးတယ်။ စာ ပိုဖတ်ရလိမ့်မယ်' ဟုဆိုကာ ရှေးကထက် စာများကို ပိုဖတ်၍၊ ဂျာနယ်အတွက် မှတ်သားဖွယ်ရာ အခန်းတွေထည့်ရန် မပြတ်မလပ် စုဆောင်း ရှာဖွေနေသည်။

သူ့ကျန်းမာရေး အတွက်ကား မျက်စိအောက်တွင် အမြဲမပြတ် နှိုးဆော်၍ သတိပေးနေရသဖြင့် အခြေအနေ အတော်ပင် ကောင်းမွန်တိုးတက်နေသည်။ တစ်တိုက်နှင့်တစ်တိုက် တယ်လီဖုန်း ဆက်သွယ်ထား၍ အိမ်သာဝင်ရန်ကိုလည်း ဆူးလေဘုရားလမ်းတိုက်မှနေ၍ ရေကျော်အလုပ်ခန်းသို့ နေ့စဉ်မပြတ် တယ်လီဖုန်းဖြင့် သတိပေးရသည်။ သူကို ချမ်းသာစွာ ထားချင်သည့် စိတ်စေတနာအရ သူလည်း ယခင်ကလို မဟုတ်တော့ဘဲ ချမ်းသာစွာ နေရလေပြီ။ အိမ်တွင် သန့်သန့်ရှင်းရှင်း ခမ်းခမ်းနားနား ပြင်ဆင်ပေးထားသည်။ အိမ်နှင့်ခွဲ၍ အလုပ်လုပ်နေရပေသော်လည်း အိမ်ကို ရှေးကထက် ပို၍ သားနားအောင် ဂရုစိုက်၍ ပြင်ဆင်မွမ်းမံပေး၏။ အိမ်ပြန်လျှင် စိတ်ချမ်းသာမှုကို နှစ်ဦးစလုံး ရကြရသည်။ ၁၃၀၁ ခု နယုန်လတွင် သမီးလေး ခင်လေးမြင့်ကို ဖွားမြင်ခဲ့၍၊ သမီးကို အထိန်းနှင့်ထားပြီး အလုပ်ကို မပျက်မကွက် လုပ်ခဲ့သည်။ အိမ်၌ အခိုင်းအစေ သူ့ဌာနနှင့်သူ သုံးလေးယောက် ထား၍ အိမ်၏ စည်းကမ်း ဥပဒေများကိုလည်း တစ်ဖက်မှ ကျနအောင် စီမံ လုပ်ကိုင်ရသည်။ ဖခင်ကြီးမှာ ဒေါက်တာကွန်ဒူးနှင့် ဆေးလာကုသဖြင့် ဖခင်ကြီးအတွက် စောင့်ရှောက်ရန် သူနာပြု ဆရာမများအား နေ့တစ်ယောက်၊ ည တစ်ယောက် ထားကာ ဖခင်အတွက် တစ်မျိုး၊ ကလေးအတွက် တစ်မျိုး၊ လင် အတွက် တစ်မျိုး၊ အိမ်အတွက် တစ်မျိုး၊ အလုပ်အတွက် တစ်မျိုးနှင့် အမျိုးမျိုးသော ကိစ္စများဖြင့် စိတ်မအား လူမအား ဖြစ်နေသည်။

ဖခင်ကြီး၏ ဝေဒနာမှာ မသက်သာဘဲ တစ်နေ့တခြား သည်း၍လာသဖြင့်

ဆရာဝန်ကွန်ဒူး၏ ညွှန်ကြားချက်အတိုင်း ဖခင်ကြီးကို အစောင့်အရှောက်များ စီမံ၍ ကလောမြို့သို့ ပို့လိုက်ရသည်။ ကလောသို့ ပို့လိုက်ပြီး တစ်လလောက် အကြာတွင် ကျွန်မတို့ လိုက်သွားကြသည်။ ဝေဒနာ မသက်သာလွန်း၍ ကလောမှ ပြန်ခေါ်ခဲ့ရသည်။

ကလောမှအပြန် မီးရထား ပထမတွဲထဲတွင် အိပ်စင်လေးခု ပါရှိသည်။ ဖခင်နှင့် ကျွန်မအတွက် အိပ်စဉ်ယှဉ်လျက် ယူပြီး ကျွန်မဦးလေးမှာ ကျွန်မအပေါ်မှ အိပ်စင်တွင် တက်၍အိပ်သဖြင့်၊ သူကား တစ်ညလုံးထိုင်၍ ဖခင်အား စောင့်ရှောက်ပြီး လိုက်ပါလာသည်။ သန်းခေါင်ကျော်လောက် အိပ်ပျော်ရာမှ နိုး၍ မျက်လုံး ဖွင့်လိုက်သည့်အခါ သူ့လက်ကို ဖခင်က ဆွဲ၍ 'ငါ့သားကြီး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ' ဟု ဆုပေးနေသဖြင့် ကျွန်မလည်း လှဲနေရာမှ သူတို့ သားအဖ ချစ်ခင်ပုံကို ကြည့်ရင်း ကြည်နူးသွားရလေသည်။

ကလောမှ ရန်ကုန်သို့ ပြန်ရောက်လာသော်လည်း ဝေဒနာမှာ သက်သာသည် မရှိဘဲ၊ နောက်ဆုံး သေမည့်ရက်ကို ဆရာဝန်ကြီးများက ပိုင်းခြား၍ သွားသဖြင့် သေမည့်ရက်သာ စောင့်စားနေရသည်။ ကျေးဇူးရှင် ဖခင်ကြီး အသက်ထွက်မည့် နေ့တွင် အသက်မထွက်ခင် အချိန်၌ ကောင်းရာသို့ ရောက်ပါစေဆိုသော နောက်ဆုံး ကျေးဇူးဆပ်သည့်သဘောနှင့် နားနားတွင် ကပ်၍ ပရိတ် မေတ္တာသုတ်များကို ရွတ်ဖတ်ပေးလိုက်သည်။ သူလည်း ကြည့်မြင်တိုင် ဘုန်းကြီးကို အသက်မထွက်ခင် ပရိတ်တရားများ ကြားနာသွားရန် အပြေး သွားပင့်လာသဖြင့် မတိုင်ပင်ဘဲ နှစ်ယောက်စလုံး စိတ်ကူးခြင်း ကိုက်ညီနေကြသည်။ ဘုန်းကြီး ကြွလာလျှင် ကြွလာချင်း ဖခင်ကြီးလည်း ကျွန်မ၏ ပရိတ်တရားကို ကြားနာနေရာမှ လောကကြီးကို စွန့်သွားလေပြီ။

အားကိုးရာ တောင်ကြီး ပြိုလဲသွားသကဲ့သို့ မှတ်ထင်လိုက်ပြီး များစွာပင် ယူကြုံးမရ ပူဆွေးရလေသည်။ ကျွန်မရှေ့တွင် အသက်ထွက်သွားသော ဖခင်၏ ရုပ်အလောင်းကို တစိမ့်စိမ့်ကြည့်၍ မမြဲသော သဘောတရားကို သတိကြီးစွာဖြင့် သံဝေဂ ရလိုက်လေတော့သည်။

ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ပြီးနောက် ဖခင် ခေါင်းချသွားသော ဤခြံတွင် မနေလို၍ လမ်း ၅၀ တွင် အိမ်ရသဖြင့် အမြန် ပြောင်းလာခဲ့သည်။ ထိုလမ်းမှနေ၍ တလုံးတစည်းတည်း နေရာရရန် ကြိုးစား၍ အိမ်ရှာနေရသည်။

တစ်နေ့သော် ရေကျော်ရပ်ရှိ ဆယ်သန်း သတင်းစာတိုက် အားသဖြင့် တိုက်ရှင် ဦးတင်မောင်ထံတွင် ငှားလျှင် အခန်းရမည် ဖြစ်သောကြောင့်၊ စက်နှင့် အလုပ်ကို ပေါင်း၍ လူက လမ်း ၅၀ အိမ်ကနေပြီး အလုပ်ဆင်းကြလျှင် နီးသည်





ဆို၍ ဦးတင်မောင်ထံတွင် ငှားကြသည်။ ဂျာနယ်ကျော် ပုံနှိပ်စက်ထားရာသို့ သွားတိုင်း ပုံနှိပ်စက်နှင့်ကပ်လျက် နယူးဘားမား ဆေးတိုက်ကြီးကိုရရင် လူရော အလုပ်ပါ ကောင်းကောင်းကြီး နေနိုင်မှာပဲဟု တောင့်တမိသည်။ ထိုစဉ်က 'တိုက်ရှင် ကိုယ်တိုင်နေတာ ဘယ်ငှားမလဲ၊ မဖြစ်နိုင်တာ'ဆို၍ ငြိမ်နေခဲ့သော်လည်း၊ ဦးတင်မောင်ထံတွင် အခန်းငှားရန် ပြောနေသည့် အချိန်၌ပင် ဤတိုက်ကြီးကိုသာ စွဲလမ်း၍၊ ဦးတင်မောင်ထံမှ အပြန် လမ်းတွင်လည်း ဤတိုက်ကြီးကိုသာ လိုချင်ကြောင်း ပြောကြားလာသည်။ ကျွန်မတို့ ပုံနှိပ်စက်ထားရာ အခန်းရှေ့သို့ ရောက်လျှင် ရောက်ချင်း ထိုတိုက်ကြီး ဝရန်တာတွင် "ငှားရန်"ဟူသော ဆိုင်းဘုတ်ကို ပြေးမြင်လိုက်ရရာ၊ "ဘယ်နှယ်လဲ"ဆိုသည့် အဓိပ္ပာယ်နှင့် သူ့ကို လက်ညှိုးထိုးပြလိုက်သောအခါမှ 'တင်လေး စိတ်ထက်သန်ရင် ဖြစ်တယ်လို့ အဖေ ပြောသွားတာ တကယ်ပဲ' ဟု ဝန်ခံလေသည်။

ဆေးတိုက်ပေါ်သို့ ချက်ချင်း ပြေးတက်လိုက်၍ တိုက်ရှင်များထံတွင် တစ်တိုက်လုံး တစ်လ ၂၅၀ ကျပ်နှင့် ချုပ်၍ ငှားလိုက်လေတော့သည်။

သုံးဆောင်တွဲ ဤတိုက်ကြီးသို့ ပြောင်းရွှေ့ လာကြသော အချိန်တွင် အရှေ့ဘက် တစ်လွှား၌ စစ်ရိပ်စစ်ငွေ့များသင့်၍ ရွာတော့မည်မိုး၊ ပြိုတော့မည့် တောင်လို နဂိုအခြေများ ပျက်ယွင်းလျက်၊ ရန်ကုန်မြို့ကြီးတွင် မီးများကို ထိန်ထိန်လင်းလင်း မထွန်းကြဘဲ ဈေးဆိုင်များပင် ခပ်မှိန်မှိန် ပြုလုပ်ထွန်းညှိ နေကြရပေသည်။

လေကြောင်းကာကွယ်ရေးကို မှောင်ချပြီး လေ့ကျင့်နေသည်။ မြို့မှာ ကျက်သရေမဲ့၍ တကယ်ပင် စစ်ဖြစ်တော့မည့် အသွင်ကို ပြလျက်နေသည်။

တစ်အိမ်တည်း၊ တစုတလုံးတည်း တောင့်တခဲ့သည့် အကြံကြီး အထမြောက် အောင်မြင်သွားသဖြင့် ကျွန်မတွင် လာမည့်စစ်ကို စောင့်စားရင်း အလုပ်ကိုသာ တွင်တွင်ကြီး ကျုံးလုပ်လျက် ရှိသည်။ အပေါ်ထပ်ကြီးတွင် လူနေလျက် အောက်ထပ်ကြီးမှ အရှေ့ဆောင်တွင် ရုံးအလုပ်ခန်းထားပြီး အလယ်ဆောင်၌ အယ်ဒီတာခန်း ထားလျက်၊ နောက်ဆောင်တွင် စက်များ၊ စာစီခုံများ ချထားသည်။ ဤတိုက်တွင် နောက်ထပ် စက်တစ်လုံး ထပ်ဝယ်ကာ ဂျာနယ်ကို ၈,၀၀၀ ကျော် ၉,၀၀၀ ခန့် အပတ်စဉ် ရိုက်နေရသည်။

သူသည် မိုးလင်းလျှင် အောက်ထပ်သို့ဆင်း၍ စားပွဲတွင် ထိုင်ပြီးလျှင် လာသမျှ ဧည့်သည်များကို လက်ဖက်ရည်တိုက် ဧည့်ခံနေသည်။ ကျွန်မကား ၉ နာရီလောက် အလုပ်ဆင်းလာရာ သူ့စားပွဲတွင် လူမျိုးစုံ ဝိုင်းဖွဲ့ပြီး စကားပြောလက်ဆုံကျနေသည်ကို နေ့တိုင်း တွေ့ရသည်။ နေ့ တစ်ချက်၌ ထမင်းတက်စားကြ

ကာ နှစ်ချက်လောက် ပြန်ဆင်းလာကြသည်။ ထိုအခါတွင်လည်း ဧည့်သည်များနှင့် ဧည့်ခံ၍ နေသည်။ ဧည့်သည်များမှာ ညနေစောင်းအထိ တစ်ယောက်ပြီး တစ်ယောက် လာကြသောကြောင့် အစဉ်မပြတ် ဝင်လာမစဲအောင် ဖြစ်နေသည်။

ကျွန်မမှာ ဂျာနယ်ကို အချိန်မီ ပြီးနိုင်အောင် အတော်ပင် ကြိုးစားလုံးပမ်းရသည်။ ဤအလုပ်သည် အချိန်နှင့် ပြီးမှဖြစ်၍ အချိန်အရေးကြီးသလို အချိန်နှင့်ပိုက်ဆံ တွက်ပေးရသော အလုပ်ကြီးဖြစ်သဖြင့်၊ အချိန်ကြောင့် သူ့အား ကော်ပီများ စောစောရေးရန် တစ်နေ့မပြတ် နားပူ တိုက်တွန်းရသည်။ စာစီသမားများမှာ သူ့အနားတွင် တတွတ်တွတ် ကော်ပီစောင့်တောင်းနေပါလျက် မရကြလျှင် ကျွန်မ စားပွဲသို့ လာရောက်၍ ကော်ပီ မရကြောင်း ပြောပြီး ညဆင်းရမည် ဖြစ်သဖြင့် ညအတွက် (အိုဗာတိုင်း) အချိန်ပိုငွေများ ထုတ်ပေးရန် စာတင်ကြလေသည်။

ကျွန်မက သူ့အား ကော်ပီစောစောပေးရန် ဘယ်လိုပင်ပြောပြော သူသည် ညအချိန်၊ သို့မဟုတ် မရေးလျှင် မဖြစ်တော့သည့် အချိန်ရောက်၍ မလွှဲသာမှသာလျှင် ရေးတော့သည်။ ဧည့်သည်များနှင့် စကားပြောနေခိုက် ကော်ပီ အဆက်မပြတ်သေးလျှင် သူ့အား အတင်းဆက်ရေးပေးရန် ပြောရသည်။ သူ့ထံမှ ဖုတ်ပူမီးတိုက် ရေးပေးလိုက်သော စာရွက်တစ်ရွက်လောက်ကို လူတစ်ယောက် သုံးလေးကြောင်း စီ စီနှင့်ရန် ဖြတ်ကိုက် ဝေပေးရသည်။ သူကား ဧည့်သည်များနှင့်သာ မြို့ရေး၊ ရွာရေး၊ စစ်မက်ရေးတို့ကို ဆွေးနွေး၍ တစ်နေ့လုံး အချိန်ကို ကုန်လွန်ပစ်လိုက်သည်က များသည်။

ညကျလျှင်ကား သူ့လောက် အလုပ်များသည့်သူမှာ ရှိမှရှိပေမည်။ ဂျာနယ်အတွက် ကော်ပီများ သန်းခေါင်သန်းလွဲအထိ ရေးပြီး နိုင်ငံပေါင်းစုံမှ သတင်းစာ၊ စာရွက်စာတမ်း၊ စာအုပ်များကို လက်ကမချဘဲ မိုးလင်းခါနီးတိုင် ထိုင်၍ဖတ်နေသဖြင့် အိပ်ရာဝင်ဖို့ကို ထိုင်စောင့်ပြီး တောင်းပန်ရသည်။ ကျွန်မ၌ နေ့ဘက်ရုံးအလုပ်ကို တစ်နေ့လုံးလုပ်ပြီး ညဘက်တွင် သူ့ကော်ပီ နေ့ဘက်က မရ၍ ညဆင်းစီကြ၊ ရိုက်ကြရသော အလုပ်သမားများနှင့် အောက်ထပ် စက်ခန်း၊ စာခုံခန်းထဲတွင် စောင့်ကြပ်ကြည့်ရှုရပြီး သန်းခေါင်သန်းလွဲ အချိန်ကျမှ၊ တစ်ခါတစ်ရံ မိုးလင်းခါနီး အချိန်ကျမှ အပေါ်သို့ တက်အိပ်ရသည်။

မည်သည့်အချိန်မှပင် အိပ်အိပ် တရစပ် ရိုက်နေသော စက်သံများ ရပ်သွားလျှင် အလိုလို ချက်ချင်းနိုးလျက် ခုတင်ပေါ်မှ ခုန်ဆင်းကာ အောက်ထပ်သို့ ဆင်းပြေးခဲ့ရသည်။ အောက်ထပ်တွင် စက်ကျိုးသွားသည့် နေရာကို ဆက်ပြီး စက်ပြန်လည်သည်အထိ စောင့်ကြပ်ကြည့်ရှုရကာ ချောမော ပြီးစီးသွားမှ ပြန်အိပ်ရသည်။





ဂျာနယ်တစ်စောင်တွင်ပင် ဤမျှ အလုပ်မအား၍ စိတ်များနေရလျှင်၊ သတင်းစာ ထုတ်ရပါက သတင်းစာ မနက်လင်းလျှင် ထွက်သွားနိုင်အောင် တစ်နေ့လုံး တစ်ညလုံး ဘယ်မျှလောက် အလုပ်များ၍ စိတ်မအား ဖြစ်ရလိမ့်မည်ကို တွေးမကြည့်ဝံ့အောင်ပင် ဖြစ်ပေတော့သည်။

အမြို့မြို့ အရပ်ရပ်နှင့် ဆက်သွယ်နေရသော အလုပ်ကြီးကိုလုပ်၍ ဂျာနယ်ထွက်ရန်အတွက် တစ်တိုက်လုံး အုပ်ချုပ်စီမံနေရသည့် ကြားထဲမှပင် ဂျာနယ်အတွက် ကော်ပီမရှိဟု ညည်းလျှင် ကျွန်မ အလုပ်ကိုချ၍ ဂျာနယ်အတွက် ဆောင်းပါးများကို ဝိုင်းကူရေးပေးလိုက်ရသေးသည်။ တစ်ခါတွင် ဂျာနယ်အတွက် နယ်မှ ပေးပို့လိုက်သော ဝတ္ထုများ မကြိုက်၍ သူကလည်း ရေးရန်မအား၊ တွဲဖက် အယ်ဒီတာ ကိုစောဦးကလည်း စိတ်ကူး၍မရဟု ဆိုကြသဖြင့်၊ အချိန်မမီလျှင် ဒုက္ခပါပဲဟု ညည်းတွားကာ တစ်ခါမျှ ဝတ္ထု မရေးဖူးဘဲနှင့် ဂျာနယ်တွင် "မသိရလေခြင်း" ဟူ၍ ဝတ္ထုတိုတစ်ပုဒ်ကို ရေးပေးလိုက်လေသည်။ ဤဝတ္ထု ပုံနှိပ်ပြီး ဂျာနယ်ထွက်သောအခါ ရှေးဦးစွာ စာရေးဆရာ ဒဂုန်ခင်ခင်လေးက ချီးကျူးကြောင်းကို ဦးအုန်းခင်က တယ်လီဖုန်းဆက်၍ သူ့အား ပြောလိုက်သည်။ သူသည် ဤဝတ္ထုကို ဖတ်၍မျှ မကြည့်၊ ကိုစောဦးသာလျှင် ဖတ်ပြီး ထည့်လိုက်သည်။ ထိုအကြောင်းကို မသေခင်က ရေးမှတ်သွားသော သူ့မှတ်တမ်းတွင် ဖော်ပြရေးသား သွားသည်။ သူ၏ နေ့စဉ်မှတ်တမ်း* စာအုပ်ကြီးကို ရိုက်စဉ်က ဤစာပိုဒ်တွေ ဖြုတ်ခဲ့သည်မှာ ကျွန်မကို "မမလေး" မှန်း မသိစေလို၍ ဖြစ်သည်။ အောက်ပါအတိုင်း ရေးသွားခဲ့သည်။

> ဒဂုန်ခင်ခင်လေး၏ အကြောင်းကို ရေးစဉ်၊ လောလောဆယ် နာမည်မရ ဖြစ်နေသော ကျွန်ုပ်၏ ဇနီးသည်အကြောင်းကို တွေးမိလေသည်။ သူ့ကို ကျွန်ုပ်၏ အိမ်ထောင်ဖက် အဖြစ်ဖြင့် ရွေးချယ်လိုက်ခြင်းမှာ မြန်မာ့အလင်း သတင်းစာအတွက် သူ ရေးသားပေးပို့သော ဆောင်းပါးများကြောင့် ဖြစ်ခဲ့ရာ၊ သူသည် အကြံဉာဏ်နှင့် အရေးသားကောင်းသည့် အမျိုးသမီးတစ်ယောက် မဆွကပင် ဖြစ်ခဲ့လေပြီ။ ထိုစဉ်က သူနှင့် ကျွန်ုပ်မှာ လူချင်းလည်း မမြင်ဖူး။ သိဖို့ကား ဝေးစွ။ သူ၏ ဆောင်းပါးများသည် ထိုစဉ်က ကျွန်ုပ်လက်ဝယ်သို့ ရောက်ရှိလာလေ့ရှိသော အမျိုးသမီးများ ဆောင်းပါးများစွာတို့ထက် ပို၍ စိတ်ကူးဉာဏ်

* ဂျာနယ်ကျော် ဦးချစ်မောင်၏ အဆိုပါ "နေ့စဉ်မှတ်တမ်းကြီး" ကို ဤစာအုပ် နောက်ပိုင်းတွင် နောက်ဆက်တွဲအဖြစ် သီးသန့် ပူးတွဲရိုက်နှိပ် ဖော်ပြထားပါသည်။ ။ ရာပြည့်စာအုပ်တိုက်

ရင့်သန်ခြင်းကို ဖော်ပြနေရကား၊ "သူ့အား အိမ်သူအဖြစ် ရရှိသော် ကောင်းလေစွ"ဟု အကြံ ဖြစ်ပေါ်ရာက၊ ထိုအကြံ အောင်မြင်သည်အထိ နေရာကျခဲ့လေသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏ ဇနီးသည်မှာ ကျွန်ုပ်နှင့် အိမ်ထောင်မကျမီကပင် စိတ်ကူးဉာဏ် ထက်မြက်ရင့်သန်သော စာရေးကောင်းတစ်ဦး ဖြစ်ပြီး နေချေပြီ။ ကျွန်ုပ်နှင့် ရပြီးနောက် ဂျာနယ်ကျော်တွင် "မမလေး" ဟူသော အမည်ဖြင့် ဆောင်းပါးများကို ရေးသည့်အခါ၊ ကျွန်ုပ်နှင့် နီးစပ်သူ စာရေးဆရာ မိတ်ဆွေအချို့လည်း မမလေးမှာ သူပင်ဖြစ်ကြောင်း သိကြလေသည်။ သို့သော် ၎င်းတို့အနက် အချို့က ထို မမလေးအမည်ဖြင့် ကျွန်ုပ်၏ဇနီး ရေးသော ဆောင်းပါးတို့ကို ကျွန်ုပ်ပင် လုံး၀ သို့မဟုတ် တစ်ဝက် တစ်စိတ် ရေးပေးသည်ဟု ထင်မှားခဲ့ကြလေသည်။ စင်စစ်သော်ကား ထိုသို့မဟုတ်ပေ။ သူ့သဘောဖြင့် သူ ရေးခြင်းသာ ဖြစ်ရာ ကျွန်ုပ်မှာ ကောင်းပြီးသား ဆောင်းပါးတစ်ခုဖြစ်လျှင် ခေါင်းစဉ်လောက်၊ ခေါင်းခွဲကလေးများလောက်သာ တပ်ပေးရရုံး ရှိသည့် အယ်ဒီတာ၏ သာမန်လုပ်ငန်းထက် ပိုမို လုပ်ကိုင်ခဲ့ရဖူးသည် မရှိချေ။

တစ်ခါက ဂျာနယ်ကျော်ထဲတွင် ထည့်ရန် ဝတ္ထုတစ်ပုဒ် အရေးတကြီး လိုနေလေသည်။ တစ်ပုံတစ်ခေါင်းကြီး ရောက်နေသော ဝတ္ထုတိုများကို ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ လက်ထောက်အဖြစ် လုပ်နေသော စာရေးဆရာ ကိုစောဦးတို့သည် ဖတ်ရှုကြသော်လည်း ထည့်သွင်းဖော်ပြနေကျ ဝတ္ထုများ အဆင့်အတန်းကို မီသည့် ဝတ္ထုဟူ၍ တစ်ခုမျှ မရဖြစ်ချေသည်။

ကိုစောဦးကိုယ်တိုင်လည်း ထိုအချိန်တွင် ဝတ္ထုတစ်ပုဒ် ရေးပေးရန် အလုပ်မအားချေ။ ကျွန်ုပ်မှာ ဝတ္ထုအတွက်သာ မဟုတ်။ အခြားဆောင်းပါးအချို့ကိုပင် မကြည့်နိုင်အောင် အခြားတစ်ဖက်တွင် အလုပ်များလျက် ရှိနေရာ အခြေအနေမှာ နောက်တစ်နေ့အတွင်း ဝတ္ထုတစ်ပုဒ်မရက ကိုစောဦး သော်လည်းကောင်း၊ ကျွန်ုပ် သော်လည်းကောင်း တစ်ယောက်ယောက်က ရေးရတော့မည် ကဲ့သို့ ဖြစ်နေလေသည်။ ကိုစောဦးကလည်း မရေးချင်၊ ကျွန်ုပ်ကလည်း မရေးနိုင်နှင့် အကျပ်ကြုံနေစဉ်၊ ဂျာနယ်ကျော်၏ တိုက်အုပ်အဖြစ် ဆောင်ရွက်နေသော ကျွန်ုပ်၏ ဇနီးက ဝတ္ထုမရှိလျှင် သူရေးပေးမည်ဟု ဆိုပြီး၊ ဝတ္ထုတစ်ပုဒ် ကောက်ရေးလေတော့သည်။ ထို ဝတ္ထုကို ဂျာနယ်၌ မထည့်ရသေးမီ





ကိုစောဦးမှာ လုပ်နေကျအတိုင်း ဖတ်ရှုကြည့်လေသည်။ ကျွန်ုပ်မှာ ထိုစာမျက်နှာကို စက်တင် ပုံနှိပ်ပြီးမှပင် ဖတ်ရှုရရာ ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်သည်ကို တွေ့ရလေသည်။ အကြောင်းမသိသူ မိတ်ဆွေရင်းအချို့က ထိုဝတ္ထုကို ကျွန်ုပ် ရေးပေးသည်ဟု ထင်မြင်ကြလေသည်။

ရက်များမကြာမီကလည်း "အမျိုးသမီးများ၏ ပထမဆုံး တာဝန်" ဟူသော အမည်နှင့် ဆောင်းပါးတစ်စောင် ရေးလိုက်ရာ၊ မြန်မာ့အလင်းသတင်းစာက ထည့်သွင်း ဖော်ပြပေးလေသည်။ ထိုဆောင်းပါးတွင် ရေးသူမှာ "မတင်လှိုင် ဂျာနယ်ကျော်" ဟူ၍ ပါပြီး၊ ဆောင်းပါး စာကိုယ်တွင် ကျွန်ုပ်၊ ကျွန်ုပ်နှင့် ရေးသားထားသည့်အတွက် ဧကန္တ မတင်လှိုင် မရေး၊ သူ့ယောက်ျား ရေးခြင်းပင် ဖြစ်မည်ဟု ထင်ကြေး ပေးကြကြောင်းနှင့် ကာတွန်းဆရာ ကိုဟိန်စွန်း ပြောပြသဖြင့် သိရှိခဲ့ရလေသည်။

ကျွန်ုပ်မှာ စာရေးခြင်းကို မလွဲသာလွန်းမက မလွဲသာမှ ပြုလုပ်သူဖြစ်ရာ ကျွန်ုပ်ကိုယ်တိုင်လည်း မရေး၊ ကျွန်ုပ်၏ဇနီး ရေးခြင်းကိုလည်း အားပေးခြင်း မရှိ။ ပကတိ ခပ်အေးအေး နေခဲ့လေသည်။ သူ ရေးခြင်းကို မရေးရန်လည်း ဖျက်လိုဖျက်ဆီး မလုပ်ခဲ့ချေ။


သို့ဖြစ်ပါလျက် သူ ရေးသမျှ ကောင်းလေလေ၊ ကျွန်ုပ်၏ လုံ့လမကင်းဟု ယူဆခြင်း ခံရလေလေ ဖြစ်နေရသည်မှာ သူ့ အတွက် အတော်ပင် နစ်နာလေသည်။ သို့သော် သူ့ဆောင်းပါးကား မည်သူက မည်သို့ပင် ထင်စေ၊ သူ့ဆောင်းပါးပင် ဖြစ်၍ ကျွန်ုပ်၏ ဆောင်းပါး မဟုတ်ရကား၊ ကျွန်ုပ်တို့အဖို့ကား ရှင်းပြီး နေလေပြီ။

## ၂၉။ အတွင်းရေးများ

ဦးထမ်း ပဲ့ထမ်း ဆိုသကဲ့သို့ တစ်ယောက်ကိုတစ်ယောက် အဖော်လုပ်၍ သွားနေကြသော အိမ်ထောင်ရေး လမ်းကြောင်းကြီးတွင် ခလုတ်မရှိ ဆူးမငြိဘဲ စိတ်ချမ်းမြေ့ဖွယ်ရာ အောက်မေ့စရာ ဖြစ်ပေသော်လည်း၊ တစ်ဦးနှင့်တစ်ဦး စိတ်ချင်းမတူညီမှုကြောင့် အတွင်းရေး စိတ်မချမ်းသာစရာများ ပေါ်ပေါက်လျက် ရှိလေသည်။

အိမ်ထောင်မကျခင် သူ့ချွတ်ယွင်းချက်များကို ကြိုတင်၍ စဉ်းစားခဲ့ပြီးသား ဖြစ်သဖြင့်သာ ခံနိုင်နေပေတော့သည်။

အိမ်ထောင်သည်တိုင်း လင်သဘောဆိုး၍ စိတ်မချမ်းသာကြရသကဲ့သို့ သူ သဘောကောင်း၍ စိတ်မချမ်းသာစရာများကို ကျွန်မ ကြုံတွေ့ခဲ့ရသည်။


ဂျာနယ်ကျော်
THE WEEKLY THUNDERER
၁၂၄-၁၂၆—ပန်းဆိုးတန်း၊ ရန်ကုန်မြို့
124-126, PHAYRE STREET, RANGOON.

Dated the 26th January 1946.

This is to certify that Maung Than Nyunt, aged 20, is personally known to me as an honest and brilliant young man. He has served in my office in various capacities and been found to be quite dependable.

Proprietor,
The Weekly Thunderer.

• ဂျာနယ်ကျော် ဦးချစ်မောင်၏ ထောက်ခံစာတစ်စောင်





အလုပ်တိုက်၌ ကျွန်မကိုသာ ရွံ၍ သူ့ကိုကား သဘောကောင်းသည့်သူ တစ်ယောက်ဟု အမှတ်ထားကြလေသည်။ ကျွန်မ သြဇာလွှမ်းမိုးခြင်းကို အလိုမရှိ အပ်၍ ကျွန်မက သူ့သြဇာသာ လွှမ်းမိုးစေရန် နေရာထားပါသော်လည်း၊ ဤနေရာကို လက်မခံဘဲ ဖယ်နေပြီး သူကပါ အလုပ်သမားတစ်ယောက်နှင့် မခြား ရှိနေတော့သည်။

မိမိက ရစရာရှိ၍ တောင်းခံလျှင်လည်း 'သူပေးမှ ယူပါ။ မတောင်းပါနှင့်' ဟု ဝင်၍ ပြောတတ်သည်။ မိမိက ပေးရန်များကိုကား ကြွေးတောင်းသလို ကျွန်မကို မပေးသေးဘူးလား၊ ပေးလိုက်ပါ၊ ရက်မဆိုင်းပါနှင့် ဟု မပေးမချင်း နားပူအောင် ပြောတတ်သည်။ သူ့ကို အယ်ဒီတာအလုပ်အပြင် တိုက်အုပ်အလုပ်ကိုပါ တာဝန် ထမ်းရွက်စေမည်ဆိုလျှင် မုချပင် တိုက်ပျက်သွားပေလိမ့်မည်။ သူသည် နေရာတကာ၌ပင် အားနာတတ်သူ ဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ နည်းလမ်း မဟုတ်လျှင် သူ ဘယ်လိုပြောပြော သူ့အလို မလိုက်သော်လည်း၊ ကိုယ်ရေးတွက်တာ အရေး၌ကား နည်းလမ်း ကျသည်၊ မကျသည် မကြည့်ဘဲ သူ့စိတ်ကြိုက် အတိုင်း လုပ်၍ ပေးလိုက်ပြီး သဘောမကျလျှင်လည်း ကြည့်၍ပင် နေလိုက်ရသည်များလည်း ရှိသည်။

တစ်နေ့ တစ်နေ့ စားမှု၊ သောက်မှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှုတွေနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် ထိခိုက်ဖွယ်ရာ ရှိလေသမျှ အတိုက်အခံ လုပ်နေရ၍ စိတ်မချမ်းသာရသည့် အထဲ၌၊ နေရာတကာ စိတ်သဘောကောင်းမှုကြောင့် စိတ်ဆင်းရဲရခြင်းကား အရက်သမားတစ်ယောက်နှင့် ပေါင်းရသူများ စိတ်ညစ်ရသည့်နည်းတူ ကျွန်မလည်း စိတ်ညစ်စရာများနှင့် အမြဲ ရင်ဆိုင်ပြီးသာ နေရလေသည်။

အိမ်တွင် ထမင်းချက် သူငယ်တစ်ယောက်ထားရာ ထိုသူငယ်မှာ ကျွန်မထက် အသက်ငယ်ရွယ်လျက် သူက "ကျွန်တော်၊ ခင်ဗျား" နှင့် ခေါ်ပြောနေသည်။ ကျွန်မက "မင်းနဲ့ငါ" ပြောပြီး သူက "ကျွန်တော်၊ ခင်ဗျား"နှင့် ပြောနေလျှင် အိမ်ထောင်တွင် ယောကျ်ားဦးဆောင်သော အိမ်မျိုးနှင့် မတူဘဲ၊ မိန်းမဦးဆောင်နေသော အိမ်မျိုးဖြစ်ပြီး အိမ်ကျက်သရေ မရှိသောကြောင့် သူ့နေရာနှင့်သူ သဘောကောင်းပါရန် ပြော၍လည်း မရပေ။

ပြောဆို စီမံခန့်ခွဲသည့် နေရာ၌ ၁၈ နှစ်သား၊ ၁၉ နှစ်သားလောက်အရွယ် ထမင်းချက်ကို ဘယ်နည်းနှင့်မျှ ကျွန်မက ရှင်နှင့်ကျွန်မ မပြောနိုင်သောကြောင့် ကျွန်မကဲ့သို့ မင်းနဲ့ငါ ပြောပါရန် ပြောတိုင်း၊ သူ့ပါးစပ်က မထွက်ဘဲနေသဖြင့် အိမ်ထောင်ရေး၌ ဤအရေးကား တိုက်ရိုက်ကြီး ထိခိုက်သော စိတ်ညစ်စရာကြီး ဖြစ်နေသည်။

အိမ်တွင် အဖော်ထားသည့် မိန်းကလေးများကို စကားပြောခြင်း၊ မျက်နှာချင်း ဆိုင်ခြင်းကို လုံးလုံးမလုပ်ဘဲ ထမင်းချက်ကောင်ကလေးကိုသာ ကျွန်တော်နှင့် ခင်ဗျား ပြောဆိုနေသဖြင့် ကောင်ကလေးက အခွင့်အရေးယူပြီး မခိုးမခန့် ဖြစ်လာမည်ကို တွေးတောမှုပန်၍ အမျိုးမျိုး အကြောင်းပြသော်လည်း၊ ကျွန်တော် ခင်ဗျားနှင့်သာ ပြောပြီး ခိုင်းစရာကိုပင် သူ့နှုတ်မှ မခိုင်းဘဲ သူ့ဘာသာသူ ထလုပ်တတ်သောကြောင့် စိတ်ပျက်စရာ၊ စိတ်ညစ်စရာကြီးနှင့်သာ ရင်ဆိုင်နေရပေသည်။

ထမင်းချက်အပြင် အခိုင်းအစေ မိန်းကလေးများနှင့် ကျွန်မနှင့် သွေးသားမကင်းသော ညီမဝမ်းကွဲ မကြည်ဆိုသူ မိန်းကလေးတစ်ယောက်ပါ ခေါ်ထားပြီး အိမ်ကို သူ့အား လွှဲအပ်ကာ နေသားတကျဖြစ်အောင် စီမံခန့်ခွဲ စေခိုင်းထားသည်။

တစ်ညတွင် ကျွန်မတို့လည်း ညဥ့်နက်မှပင် အိပ်ရာသို့ ဝင်ကြသည်။ ဤအိမ်ကြီး အလယ်ဆောင်တွင် အခန်းရှစ်ခန်းရှိရာ ဘုရားစင်တစ်ခန်း၊ ကျွန်မတို့ တစ်ခန်း၊ ကလေးများနှင့် အထိန်းများ တစ်ခန်း၊ အစေခံမိန်းကလေးများ တစ်ခန်း၊ မကြည်နှင့် ကရင်အမျိုးသမီးကလေး တစ်ယောက်အတွက် တစ်ခန်း စသည်ဖြင့် အသီး အသီး အိပ်ကြသည်။ ည သုံးချက်လောက်တွင် မကြည်တို့ အခန်းမှ 'အစ်ကိုလေး၊ မမ၊ အစ်ကိုလေး' ဟု ဟစ်အော်လိုက်သော အသံကြော၊ ကျွန်မတို့လည်း အိပ်ရာမှ အလန့်တကြား ထပြီး မကြည်ရှိရာ အခန်းသို့ ပြေးသွားသည်။ အခန်းတံခါး ပိတ်ထား၍ အခန်းကို တွန်းကြရလေသည်။ တံခါး ချက်ချင် ပွင့်လာပြီး 'ဟိုကောင်၊ ဟိုကောင်။ ခေါင်းရင်းပေါက်က အခန်းထဲကို ဝင်လာ တယ်။ ကျွန်မ အော်တော့ ခေါင်းရင်းဘက်က တံခါးကြားကို ပြေးထွက်ပြီး ကပ်နေတယ်' ဟု ဒေါသတကြီး လက်ညှိုးထိုး ပြောပြ၏။ သူလည်း ခေါင်းရင်းမှ ဝရန်တာဘက် တံခါးရွက်ကို သွားတွန်းလိုက်သည်။ ထမင်းချက်ကောင်ကလေးသည် တံခါးရွက်တွင် ကွယ်ကပ်နေသည်ကို တွေ့ရသည်။

အခြားယောကျ်ားများဆိုလျှင် ဤကောင်လေးမှာ ဤနေရာ၌ပင် အသက်ပျောက်ချင် ပျောက်သွားပေလိမ့်မည်။ သို့မဟုတ်က အနည်းဆုံးဖြစ်စေ ထိုးရိုက်ကန်ကျောက်ခြင်း ခံရပေလိမ့်မည်။ ကျွန်မသည် ဒေါသ လွန်စွာထွက်လျက် ရှိသော်လည်း သူ့အကြောင်းကို သိလို၍ အံကြိတ်ပြီး လက်ပိုက်ကာ ရပ်ကြည့်နေသည်။ မကြည်လည်း ကျွန်မ နောက်မှ ကျွန်မကဲ့သို့ပင် ရပ်နေလေသည်။

'ဒီလို ရဲတင်းတာ မကောင်းဘူး။ မိန်းမပျိုလေးတစ်ယောက် အခန်းကို အချိန်မတော်ဝင်တာ စော်ကားချင်လို့ပဲ။ ဒါဟာ ယောကျ်ားများ လုပ်အပ်တဲ့ အလုပ်မျိုး မဟုတ်ဘူး' ဟု တစ်ခွန်းချင်း တစ်ခွန်းချင်း အဖေက သားကို ပြော သလို၊ ဆရာက တပည့်ကို ပြောသလို ထမင်းချက်ကို ပြောဆို ဆုံးမနေလေသည်။





ကောင်ကလေးက ဆောင့်ဆောင့်ထိုင်ချလျက် ခေါင်းငုံ့ပြီး နားထောင်နေသည်။

ကျွန်မမှာ ကောင်ကလေး လုပ်လိုက်ပုံကိုပါမက၊ သူ လုပ်နေပုံကိုပါ ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးလှသော်လည်း ချုပ်တည်းနိုင်သမျှ ချုပ်တည်းပြီး သည်တရားကို သူ ဘယ်လိုစီစဉ်မလဲဟု နားထောင်နေစဉ်၊ မကြည်သည် ကျွန်မတို့ အခန်းထဲမှ ဆောင်ဓားကြီး သွားဆွဲကာ ကျွန်မတို့မျက်စိအောက် လျှပ်တစ်ပြက် အတွင်း ဆောင်ဓားကြီးဖြင့် ကောင်ကလေး၏ လည်ကို ပိုင်းချလိုက်လေသည်။

ကျောဘက်ကနေ၍ ခုတ်လိုက်သည်ကို အလျင်အမြန် တိမ်းဖယ်လိုက်၍သာ ခေါင်းနှင့်ကိုယ် တခြားစီ မဖြစ်တော့သည်။

ပခုံးသားကို ခုတ်မိပြီး ချက်ချင်းပင် သွေးများ တရဟော သွန်းစီးသွားလေသည်။

မကြည်ကို ကျွန်မ ဆွဲခေါ်လာပြီး စိတ်ငြိမ်သက်သွားစေရန် အခန်းထဲသို့ သွင်းထားလိုက်သည်။ ကောင်ကလေး ဘာတွေဖြစ်၍ သူ ဘာတွေ လုပ်ပေးနေသည်ကိုမှ လှည့်မကြည့်တော့ဘဲ ဝရန်တာဘက်သို့ တစ်ခါတည်း ထွက်သွားသည်။

"သူ သဘောကောင်းလို့ ဒီလို စော်ကားရဲတာ။ သူ ဒီလို ဆုံးမပုံ မဟုတ်လို့ တစ်ဖက်သားမှာ အစေခံ ထမင်းချက်က စော်ကားရဲတာကို ဒေါသမပြောဘဲ လူသိနတ်ကြား ဒီအဖြစ်မျိုး ဖြစ်ရတာ။ သူ၏ ပျက်ကွက်ခြင်း" ဟု များစွာပင် ဝမ်းနည်းပက်လက် ဖြစ်မိပေသည်။

ဂတ်တွင် တိုင်ချက်ပေးပြီး ကောင်ကလေးကို သူ့ဟာသူ ဆေးရုံပို့နှင့် တစ်ညလုံး ဗျာများနေလေသည်။ နံနက် ၅ နာရီအထိ ကျွန်မ ဝရန်တာမှ အိမ်ထဲသို့ ဝင်မကြည့်ဘဲ စိတ်ညစ်စရာကောင်းသော ကျွန်မ ဘဝကိုသာ ဝမ်းနည်း၍နေသည်။

အားလုံး ပြုဖွယ်ကိစ္စများ ပြီးစီးသွားသည့်အခါ သူလည်း ကျွန်မအနီးသို့ လာလျက် ဆေးရုံတွင် ထားခဲ့ကြောင်းနှင့် ဒဏ်ရာကြီးကြောင်း ပြောပြသည်။

'ဒီကောင်လေးကို တွေ့တွေ့ချင်းက နားသယ်ပါးသယ်ကို ဆွဲရိုက်ပစ်လိုက်ရင် မကြည်က ယခုလို ဓားနဲ့ခုတ်တဲ့ အဖြစ်ကို ရောက်ပါဦးမလား။ ဒီကောင်လေးကို ကျွန်တော် ခင်ဗျား မပြောဘဲ မင်းနဲ့ ငါနဲ့သာ နောက်နောက်က ခေါ်ပြော စေခိုင်းခဲ့ရင် ဒီလို ဖြစ်ပါဦးမလား။ အခု မကြည် ဒီလိုဖြစ်ရတယ်။ နောက်ဆိုရင် ကင်လေးကိုပါ စော်ကားကြလိမ့်မယ်'

ရင်ထဲ၌ ချုပ်တည်းထားရသော ဒေါသကြီး ပေါက်ကွဲထွက်သွားပြီး စိတ်ဆိုး မာန်ဆိုး အပြစ်တင်မိသည်။

ဤတွင်မှ 'ကိုကို့ အပြစ်ပဲ။ နောက်ကို ကိုကို ဒီလို မဖြစ်စေရပါဘူး' ဟု ဝန်ခံ တောင်းပန်လေတော့သည်။

သူသည် လူတစ်ယောက်ကို မဆိုထားနှင့်၊ ခွေးတစ်ကောင်ကိုပင် သူ့ခြေနှင့် သူ့တစ်သက်တွင် ကန်မသွားဖူးပေ။

ဤသည်တို့ကား သဘောကောင်းလွန်းသဖြင့် စိတ်ညစ်စရာများအနက်၊ စိတ်ညစ်စရာတစ်ချက် ဖြစ်လေသည်။

## ၃၀ ။ စစ် စစ် စစ်

ကျွန်မသည် သူ့အကြောင်းအရာ အိမ်ကိစ္စများပါမက တိုက်လုပ်ငန်း အရပ်ရပ်၏ ခဲရာခဲဆစ် ပြဿနာများကို ဦးတင်က လှမ်း၍ ကူညီပံ့၊ ဖြေရှင်း ညွှန်ကြားပြပံ့တွေကို ဖြစ်ပေါ်လာသမျှသော အကြောင်းကိစ္စတိုင်း မှတ်တမ်းထဲတွင် ရေးမှတ်ထားသည်။

ဤသို့အားဖြင့် ဂျာနယ်ကို ချောမောစွာ ထုတ်ဝေလျက် ရှိနေသည်။ ငွေကို ထင်သလိုသုံး၍ စိတ်ကူးချက်တွေအတိုင်း ဖြစ်လာသည့်အခါ၌ နောက်ကြောင်းများကိုကား မေ့လျော့မနေဘဲ ယခင်နှင့် ယခုကို အမြဲယှဉ်၍ ကြည့်သည်။ "ငတ်မှ အကျိုးရှိတယ်" ဆိုသည့် စကားမှာလည်း နားထဲမှ မထွက်ပေ။ ချို့ချို့ငဲ့ငဲ့ ဘဝက ငွေဝင်ရအောင် ကြိုးစားခဲ့သည့် "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" စာအုပ်မှာလည်း ယခု စစ်ဖြစ်ခါနီးမှ သွက်သွက်ကြီး ရောင်းကုန်သွားသည်။ တစ်နေ့တော့ ကုန်မှာပဲဟု မလျှော့ခဲ့သော ဇွဲအတိုင်း ဖြစ်မြောက်လာသည့်အတွက် စိတ်ပျော်ရွှင်ရလေသည်။ ကျွန်မ၏ မှတ်တမ်းကြီးကား ဤတိုက်တွင် စာမျက်နှာကုန်ဆုံး၍ အသစ်တစ်အုပ် ပြောင်းရေးနေရပေသည်။

'ကိုကို စစ်နဲ့ပတ်သက်ပြီး "လာမယ့်စစ်ကြီး" လို့ စာအုပ်တစ်အုပ် ရေးချင်တယ်' ဆိုသဖြင့် ကျွန်မက စာအုပ်အဖြစ် မရေးဘဲ ဂျာနယ်တွင် အပတ်စဉ် ရေးပါရန် တောင်းပန်သောကြောင့်၊ ရွှေလင်းယုန် ငှက်ရုပ်ကြီးနှင့် စစ်မက်ရေးရာများကို ကြိုတင်သတိပေး ရေးသားသည်။ ထိုဆောင်းပါးကို လူတိုင်း နှစ်ခြိုက်ကျေနပ်ကြသဖြင့် ဂျာနယ်မှာ ထိုစဉ်က စက္ကူမရှိ၍သာ ကန့်သတ်ပြီး ၁၀,၀၀၀ သာ ရိုက်ထုတ်ဝေရသည်။ အမှာအတိုင်းဆိုလျှင် ၁၀,၀၀၀ ကျော် ရိုက်ရပေလိမ့်မည်။

စစ်ရိပ်စစ်ငွေ့များ မြန်မာပြည်ပေါ်သို့ ယိမ်းမိုးလာသောအခါ စစ်ကြောင်းမိနေသော ပြည်သူပြည်သားများမှာ တစ်နေ့ထက်တစ်နေ့ ညှိုးမှိန်နွမ်းခွေ၍ လာကြသည်။ နေရာတိုင်းတွင် အကာအကွယ် အသီးသီးလုပ်လျက် ရှိကြသည်။ လူတိုင်းပင် မိမိတို့ လုံခြုံရေးကို စီစဉ်နေကြသည်။ သားမယားများကို ရန်ကုန်၌ မထားကြဘဲ လုံခြုံမည်ထင်ရာ မြို့ရွာများသို့ ပို့ကြလေသည်။





ကျွန်မလည်း အများနည်းတူ သက်န်းကျွန်းတွင် ပြောင်းရွှေ့နေထိုင်သော မြန်မာ့အလင်း ဦးတင်အိမ်သို့ အဝတ်အစားများနှင့် စားစရာ အခြောက် ကုန်ပစ္စည်းများကို သေတ္တာများနှင့်ရိုက်၍ သွားပို့ထားလိုက်သည်။ ရန်ကုန်သို့ ဗုံးချလျှင် ခေတ္တ ပြောင်းရွှေ့နေထိုင်ရန် သက်န်းကျွန်း၌ အိမ်ရှာမရသဖြင့် ရွှေပိန်သောင်း၏ အိမ်ကလေးတွင်နေရန် ရာထား ထားသည်။

စစ်ကြေညာပြီး၍ စစ်ဖြစ်သည့်အခါ၌ ကျွန်မတို့လည်း ဂျာနယ်ကျော်အပြင် "နေ့စဉ်ကြေးမုံ" ညနေသတင်းစာ တစ်စောင်ကိုပါ ထုတ်ဝေလိုက်သည်။

ထိုအချိန်တွင် ကျွန်မ၌ လရင့်လျက်ရှိသော ပဋိသန္ဓေကို ဆောင်ယူလျက် ဂျာနယ်နှင့် သတင်းစာအလုပ်ကို နေ့မအား ညမအား ကြိုးစားပြီး လုပ်နေရသည်။

ရန်ကုန်ကို ဂျပန်များ ရှေးဦးစွာ ဗုံးလာချသည့် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်က ကျွန်မတို့တစ်တွေ အလုပ်ခွင်စားပွဲတွင် အသီးသီး အလုပ်လုပ်လျက် ရှိကြသည်။ လေကြောင်းဥဩ မှုတ်လိုက်သည့်အခါ အလုပ်သမားများ အလုပ်မလုပ်နိုင်အောင် တုန်လှုပ်ချောက်ချား နေကြသည်။ ကျွန်မကား စားပွဲမှ မထဘဲ အလုပ်ကိုသာလျှင် မဲလုပ်နေသည်။

ရန်သူလေယာဉ်ပျံများ မြို့ပေါ်သို့ ပျံသန်းလာပြီး ဗုံးချသည့်အခါမှ သူက ကျွန်မကို အတင်းခေါ်၍ စက္ကူပုံနောက်တွင် ထိုင်နေရသည်။ အပေါ်ထပ်မှ သမီးလေးနှင့် အိမ်ဖော်များကိုပါ အောက်သို့ ခေါ်ချလာပြီး ကျွန်မနား၌ အတူနေစေသည်။ ခင်လေးမြင့် ဆင်းလာမှပင် ကျွန်မ၌ သမီးလေးရှိကြောင်းကို အချို့အလုပ်သမားများ သိကြတော့သည်။

ဗုံးချသံ၊ ဗုံးပေါက်ကွဲသံတွေကို နားထောင်နေရင်းမှ မဖြစ်ဖြစ်အောင် ကြိုးစားလုံးပမ်း လုပ်ကိုင်လာခဲ့ရသော ဤလုပ်ငန်းကြီးသည် ရှေ့တွင် ယိမ်းယိုင်ပြိုလဲသွားမည့်ဘေးကို မလွှဲမရှောင်သာဘဲ ကြုံရတော့မှာပါလားဟု တွေးကြည့်ပြီး စိတ်မချမ်းသာခြင်း များစွာဖြစ်လေသည်။ သို့သော် "မိမိတို့၏ လမ်းကား မှန်သည်။ ကံကြမ္မာကား ဖန်သည်။ တစ်လုံးလုံး မရလျှင် တစ်ဝက်သည် တော်သေး၏။" ဟူသော အင်္ဂလိပ်စကားမျိုးကဲ့သို့ လည်းကောင်း၊ "ကံအကြောင်းတရား" ဟူသော မြန်မာစကားကဲ့သို့ လည်းကောင်း ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်အောင်သွားနေသော လမ်းမှာ မှန်သော်လည်း ကြမ္မာဖန်လျှင် ထိုလမ်းသို့ အဆုံးတိုင် မရောက်နိုင်ကြောင်းကို တွေးမိကာ စိတ်ကိုဖြေလျက်၊ ယခုအထိလောက် တစ်ဝက်တစ်ပျက်ဖြစ်မြောက်လာခြင်းသည်ပင် ကျေနပ်စရာများ ရှိသေး၏ဟု အောက်မေ့နှစ်သိမ့်ရလေသည်။ ရန်သူလေယာဉ်ပျံများ ထွက်သွားသောအခါ၌ မြို့ကြီးလည်း တစ်ခဏချင်း ချောက်ချားလျက် မြို့ပျက်သွားလေသည်။ လူတိုင်းလူတိုင်း အိုးအိမ်

အခြေအနေကို စွန့်ပစ်လျက် မြို့မှ နေ့ချင်းညချင်းပင် ဆုတ်ခွာ ပြောင်းရွှေ့ကုန်ကြလေသည်။

ရန်သူလေယာဉ်ပျံများ ပြန်ထွက်သွားပြီးနောက် မြို့ထဲတွင် နေရန်မဖြစ်တော့သဖြင့် သက်န်းကျွန်းသို့ ပြောင်းရွှေ့နေထိုင်ပြီး၊ အလုပ်ကို အရိပ်အခြည်ကြည့်ပြီးသာလျှင် ဆက်၍လုပ်မှ ရမည်ဖြစ်ကြောင်း ဆုံးဖြတ်စီစဉ်ရသည်။

အလုပ်သမားအားလုံးကို သင်္ကန်းကျွန်းတွင် ကျွန်မတို့နှင့်အတူ လိုက်နေလိုက စားသောက်ဖို့ရာ ဘာမှမပူပန်ရဘဲ မည်သူမဆို လိုက်နိုင်ကြောင်း ပြောကြားရပေသည်။ ရန်ကုန်တွင် မနေလို၍ လွတ်ကင်းရာနေရာသို့ သွားလိုသူတို့အားလည်း ငွေထုတ်ပေးမည်ဟု ပြောရသည်။

အိမ်ရှိပစ္စည်း၊ အလုပ်တိုက်ပစ္စည်းများကို ဘာမျှမယူဘဲ တိုက်ပိတ်ထားခဲ့ပြီးလျှင် သင်္ကန်းကျွန်းသို့ ထိုနေ့ပင် ပြောင်းရွှေ့ကြသည်။

သင်္ကန်းကျွန်းရှိ ရွှေပိန်သောင်းနေထိုင်သော အိမ်ကလေးမှာ လူပျို တစ်ကိုယ်တည်း နေထိုင်သော တစ်ထပ်အိမ်ကလေး ဖြစ်သည်။ တစ်ကိုယ်မှ လေးငါးဆယ် ကိုယ် နေကြရသောအခါ၌ လမ်းလျှောက်စရာ နေရာသော်မှ မရလောက်အောင် အိမ်ကလေးတစ်အိမ်လုံး လူအပြည့် တက်နေသလို ဖြစ်နေတော့သည်။

အချို့အလုပ်သမားများကား ကျွန်မတို့နှင့်အတူ လိုက်နေကြပြီး၊ အချို့အလုပ်သမားများကား ပြန်ကြသည်။ နံနက်တွင် သူနှင့်တကွ အလုပ်သမားများ မြို့ထဲသို့သွား၍ ဂျာနယ်ကို ဆက်လက်ထုတ်နိုင်သမျှ ထုတ်ရန် ရေးကြ၊ စီကြ၊ ရိုက်ကြသည်။ ကျွန်မကား အိမ်ကလေးတွင် နေရစ်ခဲ့လျက် အလုပ်ကို အိမ်ကလေးလိပ်စာနှင့်ပြောင်းကာ အမြို့မြို့သို့ ဂျာနယ်များကို ပို့နိုင်အောင် လုပ်ကိုင်နေရသည်။

ဤအချိန်တွင်ပင် ရှေ့အဖို့ အလုပ်အတွက် မျှော်လင့်ချက် မရှိတော့သည်ကို ရိပ်မိသော်လည်း၊ တိုင်းပြည်အတွက် ဝတ္တရားကျေလှသော သူ့စေတနာကြီးကို ရှိသေလေးစားလျက် ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူ လုပ်နေသရွေ့ လုပ်နေမည်ဟု ဆုံးဖြတ်လျက် ပါရမီ ကူညီဖြည့်နေလေသည်။

တစ်နေ့ထက်တစ်နေ့ အခြေအနေကြီးမှာ ကြောက်မက်ဖွယ်ရာ ဆိုးရွားလာလေသည်။ နံနက်မှ မိုးချုပ်၊ မိုးချုပ်မှ နံနက်တိုင် ရန်သူလေယာဉ်ပျံများ တစ်သုတ်ပြီးတစ်သုတ် ဗုံးလာကြဲသဖြင့် ဗုံးကျင်းထဲမှ ထွက်ရသည် မရှိတော့ပေ။ ညနေစောင်း၍ ရန်ကုန်မှ သင်္ကန်းကျွန်းသို့ ခြေကျင်လျှောက်ပြီး သူတို့ပြန်လာကြလျှင်၊ သူတို့အား အမောအပန်း ပြေစေပြီး ထမင်းစားပွဲကြီးများပြင်ကာ ကောင်းမွန်စွာ စိမ့်ချက်ပြုတ် ကျွေးမွေးရလေသည်။ ထမင်းစားပွဲထိုင်လျှင် သူက 'ကိုကိုတို့သာ ဒီလို စားရတာ၊ မြို့ထဲနေတဲ့ တချို့လူတွေမှာ ထမင်းဟင်းဆိုင်မရှိလို့ ဘာမှ





မစားကြရဘူး။ ငတ်နေကြပြီ။ ခွေးတွေ၊ ကြောင်တွေလည်း လမ်းပေါ်မှာပဲ ငတ်သေနေကြတယ်' ဆိုသဖြင့် ကျွန်မမှာ မျိုမကျနိုင်အောင် ရင်ထဲတွင် ဆို့သွားမိသည်။

ကျွန်မတို့ အစ်ကိုကြီးကလည်း ရန်ကုန်တွင် လူမရှိလောက်အောင် ပြောင်းရွှေ့ကုန်ပါလျက်၊ မျက်နှာမြင်ခါနီးဆဲဆဲ ဖြစ်နေသော ကျွန်မတစ်ယောက် ယခုတိုင် ဘိုကလေးသို့ မရောက်လာခြင်းအတွက် များစွာပူပန်ကာ ပြန်ခဲ့ဖို့ရာ သံကြိုးရိုက် ခေါ်နေလေသည်။

တစ်ခါတစ်ရံ ကျွန်မက 'အခြေအနေ မကောင်းတော့ပါဘူး။ ပစ္စည်းတွေ ပစ်ခဲ့ပါတော့။ ဘိုကလေးသာ သွားနေကြပါစို့' ဆိုလိုက်လျှင် 'တင်လေး ပြန်ရင်ကောင်းမယ်။ ကိုကိုတော့ ဒီစက္ကူတွေ အလကား မဖြစ်စေချင်ဘူး။ ထုတ်နိုင်သမျှ ထုတ်ပြီး ဝေပါရစေဦး'ဟု ပြောသည်။ ကျွန်မပြန်လျှင် သူလည်း မုချ ထမင်းနပ်မှန်စားရမည် မဟုတ်သည်ကိုသိ၍ "သေလည်း အတူပဲ" ဟု ကြောက်လန့်သည့် စိတ်ကို ဖျောက်လျက် မြို့မှ ထွက်သွားဖို့ရာ စိတ်မကူးတော့ပေ။ သို့သော် မြန်မာ့အလင်း ဦးတင်က သူတို့ပင် သုံးဆယ်သို့ ရွှေ့ပြောင်းနေတော့မည်ဖြစ်၍ ကျွန်မမှာ မျက်နှာ မြင်ခါနီးဆဲဆဲ ဖြစ်နေသဖြင့် မြန်မြန်ပြန်လျှင် ကောင်းမည်ဟု လာရောက် တိုက်တွန်း နှိုးဆော်လေသည်။ ဦးတင်သာ မဟုတ်၊ အခြား အသိမိတ်ဆွေများနှင့် အလုပ်သမားများကလည်း ကျွန်မကို ရန်ကုန်တွင် နေထိုင်ရန် မသင့်ကြောင်းကို ပြောကြလေသည်။

တစ်ညသ၌ သူက ဘိုကလေးသို့ပြန်ရန် ဖျောင်းဖျနေသည်။ အားလုံးသော သူများ အိပ်မောကျနေချိန် ဖြစ်သည်။ ကျွန်မက တစ်ခါတည်း ပြောင်းကြရန် ပြောသောအခါ၊ သူက ရန်ကုန်တွင် မနေရဟု မနှင်သမျှတော့ နေပါရစေ၊ ဂျာနယ်ကို တစ်ရွက်ပဲဖြစ်ဖြစ် ထုတ်ဝေပါရစေဟု တောင်းပန်နေသည်။ ကျွန်မ နေဖို့ရန် မသင့်သည်ကို ကျွန်မလည်း သိပေသည်။ ယခုအချိန် မျက်နှာမြင်ရလျှင် ဆရာမ မရှိ၊ ဆေး မရှိသည့်အပြင် ဗုံးတရစပ် ကြဲနေ၍ မပြေးနိုင်၊ မပုန်းနိုင်နှင့် ဒုက္ခများမည်ကို မသိ မဟုတ်ပေ။ သို့သော်လည်း ကျွန်မစိတ်မှာ ဤအရေးကို တွေး၍ ကြောက်လျှင် ခေတ္တခဏသာ ကြောက်လန့်ပြီး သူ့ကို ထားပစ်ခဲ့ရမည့်အခါ၌၊ ရန်ကုန်တွင် ထမင်းနပ်မှန် မတွေ့ရဘဲ ဗုံးအောက်တွင် အသက်ပျောက်သွားက အလောင်းမှ မတွေ့လိုက်ရဘဲ ရှိလေမည်ကို ပိုမို၍ ကြောက်လှသဖြင့် မပြန်ဘူးဟု ခေါင်းမာလျက် ရှိနေသည်။

ကျွန်မ မပြန်သဖြင့် စိတ်မချမ်းသာဘဲနှင့် ဂျာနယ်ကို သွားလုပ်နေရှာသည်။ ဤအချိန်အတွင်း သူ၏ 'ကိုသိန်းဖေတော့ လစ်ပြီ။ ဘယ်သူတွေနဲ့ ဘယ်သူတွေ

တော့ ဘယ်ကို ရောက်နေပြီ' စသည့် သတင်းထောက်လှမ်းရသမျှ ပြောပြချက်တွေကို မှတ်တမ်းတွင် ရေးမှတ်ခဲ့သည်။

နေ့ခင်းဘက် ရန်သူများ ပြင်းပြင်းထန်ထန်ကြီး ဗုံးလာချ၍ ထိုနေ့က မှောင်မှပင် သူတို့ ပြန်ရောက်ကြသည်။ ရောက်ရောက်ချင်း သူက ကျွန်မ မနက်ပြန်ပါ့ရန် အတင်းတိုက်တွန်းသည်။ သင်္ဘောလမ်းများ ပိတ်လျှင် ဒုက္ခပိုများမည်ဖြစ်၍ ပြန်ရမည်ဟုပြောပြီး သင်္ဘောဆိပ်သို့ မနက်ဆင်းရန် မြန်မာဘလောက်တိုက်ဦးဘတူ၏ ကားကို သွားငှားသည်။ ကျွန်မလည်း တစ်ယောက်နှင့်တစ်ယောက် ခွဲနေရမည့် အဖြစ်ကို များစွာ စိတ်မချမ်းသာခြင်း ဖြစ်မိသည်။

ရန်ကုန်၌ သူ နေထိုင်ဖို့ရန်မှာ သူတစ်ပါး လခစားအလုပ်ကြောင့်လည်း မဟုတ်၊ စီးပွားဥစ္စာကြောင့်လည်း မဟုတ်ဘဲ တိုင်းပြည်အတွက် သက်သက်လုပ်ရမည့် အလုပ်အတွက် အသက်စွန့်၍ သူလုပ်ရန် နေရဦးမည်ကို မည်သည့်နည်းနှင့်မျှ ခွင့်မပေးချင်အောင် ဖြစ်မိသည်။ တစ်ညလုံး ကျိတ်၍သာ ဆွေးမိသည်။ သူအနေအထိုင် အစားအသောက် ဆင်းရဲမည်ကို သိလျက်နှင့် မကန့်ကွက်သာဘဲ သူ စိတ်ချမ်းသာရန် ကျွန်မကား ပြန်ရမည် ဖြစ်လေတော့သည်။ နေ့နှင့်အမျှ စွဲလမ်းတွယ်တာလာသော အလုပ်ကြီးနှင့်၊ ထပ်တူထပ်မျှ ချစ်ခင်လာသော လင်သားကိုပါ စွန့်ခွာလျက် သွားရတော့မည့် အဖြစ်မှာ ကျွန်မအတွက် ကြေကွဲဖွယ်ရာကြီး ဖြစ်ပေတော့သည်။

အလုပ်သမား အားလုံးတို့အား သူ့ကို ဂရုစိုက်ပါရန် မှာကြားရသည်။ တစ်ယောက်က ချက်ကျွေးရန် မီးဖိုပစ္စည်းများကိုလည်း ထပ်မံ၍ ဖြည့်စွက်ဝယ်ရန် မှာရသည်။ သူ့အား မြို့ထဲတွင် မအိပ်ရန်၊ ရေချိုးရန်၊ နောက်ဖေးထွက်ရန်များကို တစ်ညလုံး တတွတ်တွတ် မှာရသည်။ သင်္ဘောလမ်းများ ပိတ်လျှင် ဘိုကလေးသို့ တစ်နည်းနည်းနှင့် ရောက်အောင် လာခဲ့ပါရန်ကိုလည်း မျက်ရည်စက်လက်နှင့် မှာကြား နေရလေသည်။

မိုးလင်းခါနီးလျှင် သူလည်း ကျွန်မကို စိတ်မချ၍ ဘိုကလေးသို့ လိုက်ပို့ပြီး နောက်တစ်နေ့ မနက် သင်္ဘောနှင့် ပြန်လာမည် ပြောသဖြင့် စိတ်သက်သာရာရသလောက် ရခြင်းကို ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်ရပေသည်။

သင်္ဘောဆိပ်သို့အဆင်း မြို့ပျက်ကြီးကိုကြည့်၍ သံဝေဂဖြစ်လျက် မည်သို့ပင် မှန်းထားရာသို့ရောက်အောင် ကြိုးစားလင့်ကစား ကံကိုမူ မလွန်ဆန်နိုင်ပါတကားဟု ပြောမိသည်။ သူက အဘိဓာသုတ်တရားကို သင်္ဘောပေါ်တွင် အကျယ်တဝင့် ပြောကြားလိုက်လာသည်။ ကျွန်မတို့မြို့သို့ ညနေ ၅ နာရီလောက်တွင် သင်္ဘောဆိုက်ကပ်သည်။ သင်္ဘောဆိပ်မှ အိမ်သို့ လျှောက်အသွား၊ အိမ်ပေါက်ဇေ့





ထွက်၍ ခုမှ ပြန်လာရသလားနှင့် အပြစ်တင်လိုက်ကြသည်မှာ မျက်နှာမထားတတ်အောင် ဖြစ်ရတော့သည်။ အိမ်သို့ရောက်လျှင် စစ်ပြေးလာစုနေကြသော ညီအစ်ကို မောင်နှမ တစ်အုပ် တစ်စုကြီးအပြင် ဆွေမျိုးညာတိ ဒွေးတော်၊ မိကြီးများပါ ကျွန်မကို ဝိုင်း၍ ကြိမ်းမောင်း ပြစ်တင်လိုက်ကြသည်မှာ ဆူပွက်သွားလေသည်။

အစ်ကိုကြီးက ကျွန်မကို မရိုက်ရုံ တမယ်ပင် ရှိတော့သည်။ ကရုဏာဒေါသောကြီးဖြင့် တဖျစ်တောက်တောက် ထိုင်၍ ကြိမ်းမောင်းနေသည်မှာ ည ၁၂ နာရီလောက်အထိ ဖြစ်သည်။ အားလုံး အိပ်ရာဝင်သွားကြ၍ ကျွန်မတို့လည်း အိပ်ရသော်လည်း တစ်ရေးမျှ အိပ်မရပေ။ "လူတွေ မရှိတော့ ခွေးတွေ၊ ကြောင်တွေ အစာမစားရလို့ လမ်းပေါ်မှာ သေနေပြီ" ဟု သူ ပြောသော စကားကို စဉ်းစားရင်း သူ့အတွက် ပြင်းပြစွာ ထိတ်လန့်ပူပန်မိသည်။

"တိုင်းပြည်အပေါ်မှာ တကယ့်ကို စိတ်ကောင်း၊ စေတနာကောင်း ရှိတဲ့လူမှန်း တိုင်းပြည်က မသိကြလေဘူး။ လွတ်ကင်းရာမှာ နေသာလျက်နဲ့များ သူပြန်ပြီး သေလမ်းခံတွင်းထဲကို ဝင်ဦးမယ့် လူဆိုတာ သူ့စေတနာအတိုင်း တိုင်းပြည်က တစ်နေ့ ခံစားသိရှိကြပါစေ" စသည်ဖြင့် အိပ်နေသည့် မျက်နှာကို တစိမ့်စိမ့်ကြည့်လျက် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးဆင်းနေသည်။

သူ့ကို ကြည်ညို၍ လက်ထပ်ခဲ့သည်။ သူသည် တိုင်းပြည်အပေါ်တွင် မျက်စိနှစ်လုံး ဖွင့်ရာမှ မျက်စိနှစ်လုံး မိတ်သည့်အတွင်း ရရှိသည့် အချိန်တွေကို သူ၏ ပျော်ရွှင်ရေး၊ ကျန်းမာရေးနှင့် ချမ်းသာရေးများ၌ အသုံးချခြင်း၊ အချိန်ပေးခြင်း လုံးလုံး မရှိခဲ့ဘဲလျက် မိနစ်တိုင်း၊ စက္ကန့်တိုင်း တိုင်းပြည် တိုးတက်ကြီးပွားကောင်းစားဖို့ရာ တာဝန်ကို အချိန်မလပ် ရှေးရှု ထမ်းရွက်လျက်၊ တိုင်းသူပြည်သားတစ်ယောက်အနေဖြင့် ဝတ္တရား ကျေလှသည့်နေရာတွင် သူလိုလူကား သူတစ်ယောက်သာလျှင် ရှိပေမည်။ နိုင်ငံရေးသမားများပင် တိုင်းပြည်ရေး၊ ကိုယ်ရေးနှစ်ရေးရှိကြသေးရာ သူ့အဖို့မူ သူ့အရေးအတွက်ကို ဗလာကျင်း၍ ထားသည့်သူမှန်း ကျွန်မသာ အသိဆုံး ဖြစ်ပေသည်။ တိုင်းပြည်အပေါ်တွင် ဤမျှ စေတနာထားပုံတွေကို ကျေးဇူးတင်ရသည့်အပြင် ကျွန်မအပေါ်တွင် တင်ရှိနေသော ကျေးဇူးများကား အနန္တောအနန္တ များပြားလှ၍ လက်ထပ်ပြီးမှ နီးနီးကပ်ကပ် တွေ့ရ၊ မြင်ရသော ကြည်ညိုဖွယ်ရာ အချက်တွေကို တစ်ညလုံး တစိမ့်စိမ့် ပြန်ပြောင်းတွေးတောကြည်ညိုလာရာက၊ ယနေ့ည ကျွန်မ ဘယ်မျှလောက် ကြည်ညိုချစ်ခင်မှန်းကို စာနှင့်ကား မပြနိုင်။ အဖြစ်အပျက်နှင့်သာ ပြရပေလိမ့်မည်။

နံနက် လေးနာရီထိုးလျှင် သူ့ပခုံးကို လှုပ်၍ နှိုးသည်။ သင်္ဘော ငါးနာရီ

ထွက်မည်ဖြစ်၍ ထရန် နှိုးလိုက်ပေသည်။ သူလည်း ကပျာကယာထကာ အောက်ထပ်သို့ မျက်နှာ ဆင်းသစ်သည်။ ကျွန်မလည်း အခန်းထဲသို့ပြေး၍ အခန်းထဲတွင် အိပ်နေသော ကျွန်မ ကြီးဒေါ်ကြီးကို အခြားသူများ မကြားအောင် လှုပ်နှိုးသည်။ ကြီးဒေါ် မျက်စိဖွင့်ကြည့်လျှင် နားနားကပ်၍ 'ကျွန်မကို ရန်ကုန်လိုက်ပို့ပါ။ ကလေးမျက်နှာမြင်ရင် ကျွန်မ ချက်ကြိုး မဖြတ်ရဲလို့ပါ ကြီးဒေါ်။ ကျွန်မကို လိုက်ပို့ပါ' ဟု အတင်းပူဆာသည်။ ကြီးဒေါ်ကား 'ဘယ်ဖြစ်မလဲ' ဟု အလန့်တကြား အော်ဟစ်လိုက်သည်။ ကြီးဒေါ်၏ ပါးစပ်ကို လက်ဝါးနှင့် အတင်းလိုက်ပိတ်ပြီး ကျိတ်၍ တောင်းပန်ရသည်။

ကြီးဒေါ်ကား အလွန်သတ္တိရှိသော ကြီးဒေါ်မှန်းသိ၍ ကလေးဖွားရန်အတွက် သူသာလျှင် အဖော်လိုက်ရဲမည့်သူဟု စဉ်းစားမိသည့်အတွက် လိုက်ပို့ပါရန်ကို တောင်းပန်ရသည်။ ပဋိသန္ဓေသာ မရှိခဲ့လျှင် မည်သူ့အားမျှ အသိမပေးဘဲ တိတ်တိတ် ပြန်လိုက်သွားမိမည် ဖြစ်သော်လည်း၊ ယခုကား ပဋိသန္ဓေ အရင့်အမာနှင့် ဖြစ်နေ၏။ ထို့ကြောင့်ပင် ကလေးကို ဘယ်နေရာတွင် ဖွား၍ ဘာလုပ်ရမှန်း မသိသည့်ပြင် မရဲလည်း မရဲသဖြင့်၊ ကြီးဒေါ်အား သနားအောင် အကြိမ်ကြိမ် ဦးချပြီး ခေါ်ရတော့သည်။

ကြီးဒေါ်လည်း မျက်ရည်များ သုတ်လျက် 'ကဲ ... ဒီလောက်ရှိလှတာ ပြန်လိုက်ခဲ့မယ်' ဟု သနားကြင်နာစွာ ပြောရှာတော့မှ၊ ကျွန်မ အိပ်ရာလိပ်များကို အပြေးလိပ်ရသည်။ အခိုင်းအစေ မိန်းကလေးများကို တစ်ယောက်စီ နှိုးလျက် ပစ္စည်းများကို အသံမကြားအောင် အစုခိုင်းရသည်။

အောက်ထပ်မှ တပိုတပါး သွားထွက်ပြီး မျက်နှာသစ်လျက် ပြန်တက်လာသော သူကား၊ အပေါ်ရောက်လျှင် ပစ္စည်းများ ထုပ်ပိုးနေကြသည်ကို မြင်၍ ကြက်သေသေကာ ငိုင်နေတော့သည်။

ကျွန်မအား ဘယ်လိုက်လို့ ဖြစ်မလဲ၊ မလိုက်ရဘူး စသည်ဖြင့် တတွတ်တွတ် ပြောနေသည်ကိုလည်း နားမထောင်။ သူ့ကိုလည်း တစ်ခွန်းမျှ ပြန်မပြော။ ပစ္စည်းများကို အောက်သို့ လူမနိုးအောင် ချခိုင်းသည်။ သူ့အပေါ်အင်္ကျီကို ချိတ်မှ ဖြုတ်ယူခဲ့လျက် အောက်သို့ ဆင်းလာခဲ့သည်။

သူလည်း ကျွန်မနောက်မှ ပြေးဆင်းလိုက်လာကာ မလိုက်ရန် တားမြစ်လေသည်။ 'ကိုယ်ဝန်ကြီးနဲ့ စဉ်းစားကြည့်စမ်း။ ဗုံးတွေ တရစပ် ကြဲနေတာ ဘယ်လောက် ဘေးများသလဲဆိုတာ မကြောက်ဘူးလား'

'မနေ့က ပြန်မယ်ဆိုလို့ လိုက်ပို့ရပြီး အခုမနက် ပြန်လိုက်မယ်လုပ်တာ ကိုသိန်းလွင်တို့သိရင် ဘယ်လိုများ ဖြစ်ကြမလဲ'





'မလိုက်ပါနဲ့ တင်လေးရယ်၊ ကိုကို တောင်းပန်ပါတယ်။ နေခဲ့ပါနော်။ ကိုကို မြန်မြန် ပြန်လာမယ်'

'တင်လေး ဒီလို လိုက်မယ်ဆိုရင် ကိုကိုတော့ အားလုံးကို နှိုးပြောမှာပဲ'

တစ်မျိုးပြီးတစ်မျိုး အမျိုးမျိုး လှည့်တားလေသည်။

သံ ဆွဲတံခါးကြီးကို အပေါ်ထပ်က မကြားအောင် ခပ်အုပ်အုပ်ဆွဲပြီး ဖွင့်လိုက်သည်။ အပြင်ဘက်တွင် အိပ်နေသော ချာပရာစီကို တံခါးသော့အပ်၍ ပြန်ပိတ်ရန် မှာခဲ့ပြီးလျှင် လမ်းမပေါ်သို့ ရောက်အောင် ပြေးထွက်သွားသည်။ သူလည်း စကားတစ်ခွန်းမျှ မပြောတော့ဘဲ စိတ်မချမ်းသာစွာဖြင့် ကျွန်မဘေးက လျှောက်လိုက်လာသည်။ သဘော်ပေါ်တွင် ရန်ကုန်အပြန်ဆို၍ ကျွန်မတို့ကလွဲပြီး အခြား ခရီးသည် တစ်ဦးမျှ မပါပေ။ မနက်လင်း၍ ကျွန်မ မရှိလျှင် တစ်အိမ်လုံး ကျွက်ကျွက်ဆူသွားမည်ကို မြင်ယောင်၍သာ နေလေသည်။

တစ်လမ်းလုံး ကျွန်မကို ထပ်တလဲလဲ အပြစ်တင်နေသည်။ စကားကို တစ်ခွန်းမျှ မပြောဘဲ ပြောချင်ရာ ပြောပါစေဟု ပေတေပြီး ငုတ်တုတ် ထိုင်လိုက်လာသည်။ ကျွန်မ စကားမပြော၍ စကားပြောအောင် လုပ်လေသည်လား မသိ။ ရန်ကုန်မဝင်ခင် သူက 'ဒါနဲ့များ ကမ္ဘာသကာ ကံပဲဆို။ ပစ္စည်းတွေ မခင်တွယ်ဘူး၊ လူမသေ ငွေမရှား ဆို။ အလုပ်ကို မေ့ပစ်လိုက်နိုင်တယ် ဆို' ဟု မခံနိုင်အောင် ပြောတော့မှ ကျွန်မက ယခု ကျွန်မ လိုက်လာခြင်းသည် အလုပ်အတွက် မဟုတ်၊ ငွေအတွက် မဟုတ်ဘဲ၊ ကိုကို့အတွက် ပြုစုဖို့ရာ အသက်စွန့်ပြီး လိုက်လာသောကြောင့် စေတနာကို ဤသို့ မပြောရန် ရှင်းလင်းပြောလိုက်သည်။ ထိုအခါမှ အပြစ်တင်ခြင်းကို ရပ်လျက် 'ဒီအဖြစ်ကို စာအုပ်သာ ရေးလိုက်ချင်တာပဲ' ဟု တောက်ခေါက်ပြီး ပြောသည်။

ဆင်း၍ ကြိုကြသော အလုပ်သမားများလည်း ကျွန်မ ပြန်ပါလာ၍ အံ့အားသင့်သွားကြတော့သည်။ ရန်ကုန်တွင် လူရိပ်ကိုမျှ မမြင်ရဘဲ လမ်းကြီးတွေ ရှင်းလျက် ခြောက်သွေ့နေသည်။ သက်န်းကျွန်း၌ ဂျာနယ်အလုပ်များကို ဘာမျှ မလုပ်တော့ဘဲ သူတို့ပြန်လာလျှင် ချက်ပြုတ်ကျွေးပြီး သူ့ကျန်းမာရေးကို မထိခိုက်ရန် အထူးပင် ဂရုစိုက်ကာ စောင့်ရှောက်ပြုစုနေသည်။ တစ်ခါတစ်ရံ ရန်သူများ ရန်ကုန်မြို့ထဲတွင် တအုန်းအုန်း ဗုံးတွေလာချလျှင် သူကား မြို့ထဲတွင် အလုပ်လုပ်နေ၍ သင်္ကန်းကျွန်း အိမ်ကလေးတွင် ကျွန်မတို့သာ ရှိသဖြင့် များစွာပင် အားငယ်ရသည်။ သင်္ကန်းကျွန်းပင်လျှင် မလုံမခြုံဖြစ်ပါက ပြေးစရာနေရာ မရှိတော့သဖြင့် ကိုယ်ဝန်ကြီးနှင့် ဒုက္ခဖြစ်ရမည့် အရေးကို တွေးမိတိုင်း မျက်ရည်လည်လာကာ "သေလည်း အတူပဲလေ" ဟု ကိုယ့်ကိုယ်ကိုယ် အားပေးရတော့သည်။

## ၃၁ ။ ခေတ်ပျက်ကြီး

ဗုံးချပုံ အလွန့်အလွန် ကြမ်းတမ်းလာပြီး သက်န်းကျွန်း၌ နေသူများပင် ပြောင်းရွှေ့ကုန်၍ လူမရှိသလောက်ဖြစ်မှ သူက ရန်ကုန်တွင်နေ၍ မဖြစ်တော့ကြောင်း။ သူ လုပ်ချင်ဦး၊ အလုပ်သမားများက မလုပ်ချင်ကြတော့သဖြင့် ဘိုကလေးသို့ပင် ပြန်၍ ဟိုကမှ ဖြစ်သရွေ့ ထုတ်မည်ဟု ဆုံးဖြတ်စီစဉ်တော့မှပင် ဘိုကလေးသို့ ပြန်ခဲ့ကြသည်။ ဘိုကလေးသို့ ညနေ ၅ နာရီလောက် ရောက်ရှိကြပြီး နံနက် ၉ နာရီတွင် သားလတ် မောင်ချစ်ရှိန်ကို ဖွားမြင်သည်။ သဘောလမ်း မပိတ်ခင် ရက်မတင်လေး ပြန်ခဲ့သဖြင့် စစ်ဘေးကြီးမှ သီသီလေး လွတ်သွားတော့သည်။

အလုပ်တိုက်မှ ပစ္စည်းများ၊ အိမ်မှ ပစ္စည်းများနှင့် သူ့စာအုပ်များကို လှေကြီးများဖြင့် အလုပ်သမားများ ယူဆောင်လာကြသည်။ အထက်ပိုင်းတွင် တိုက်တစ်လုံး ငှားကာ စက်၊ စာခုံ၊ စက္ကူထုပ်များကို ထိုတိုက်၌ ထားလိုက်သည်။ မျက်နှာမြင်ပြီး၍ ရက်မကြာခင် ကျွန်မတို့လည်း အစ်ကိုကြီးအိမ်၌ လူများ၍ စာတိုက်လမ်းတွင် အိမ်တစ်လုံးငှားပြီး နေထိုင်ကြသည်။ ဘိုကလေးမြို့၌ စက်ဆင်ပြီး ဂျာနယ်များကို ရိုက်ပြန်စဉ် သင်္ဘော၊ စာတိုက် အားလုံး လမ်းပိတ်သွားသဖြင့် မြို့ထဲတွင် စာအုပ်တွေကို ဝေပစ်လိုက်သည်။

ဤအချိန်တွင် စာဖတ်သည့် အလုပ်မှလွဲ၍ သူ့အတွက် အလုပ်မရှိ။ သို့သော် သူကား အလုပ်မရှိ အလုပ်ရှာ လုပ်သည်ဟု ပထမ သူ့ကို ဤသို့ ထင်မိသည်။ သူသည် စက္ကူကတ်လွတ် အဖြူစာရွက်ကြီး တစ်ရွက်တွင် ဘိုကလေးမြို့ မြေပုံကြီးကို တစ်နေကုန် တစ်နေခန်း ထိုင်ဆွဲနေသည်။

ရေလမ်း၊ ကုန်းလမ်း၊ ရေပေါက်၊ ကုန်းပေါက်များကို ကိုယ်တိုင် ကိုယ်ရောက် သွားရောက်ကြည့်ရှုလျက်၊ ခဲတံ အနီ အပြာ ရောင်စုံခြယ်၍ မြေပုံချည်းသာ ထိုင်ဆွဲနေသည်။ ကျွန်မက ‘ဘာလုပ်မလို့လဲ’ မေးသည့်အခါ၌ ‘လိုလိုမည်မည် ပဲလေ’ ဆိုသဖြင့် အကြောင်းမဲ့တော့ ဤမျှ ဝီရိယ မကြီးရာ။ သူသည် မည်သည့်ကိစ္စမဆို အပြောသမား မဟုတ်ဘဲ အလုပ်သမားသာဖြစ်၍ တစ်ခုခုပဲ ဟု သတိချပ်လျက် အမှတ်ထားလိုက်ရသည်။

ဤမြို့တွင် ပါတီစွဲမဟုတ်ဘဲ လူရွယ်လူငယ်ပိုင်းထဲက လူရွယ်တွေကို စကားပြောချင်လို့ မိတ်ဖွဲ့ပေးပါ ခိုင်းသဖြင့်၊ စာတိုက်လမ်းမှ ဦးမောင်ကြီး၏သား ကိုသူတော်၊ ကိုအုန်းကြွယ်တို့နှင့် ရှေးဦးစွာ ရင်းနှီးစေသည်။ တစ်ဖန် သူက ကျွန်မတို့ အစ်ကိုကြီးအိမ်တွင် မကြာမကြာ လာရောက်လည်သော တရားသူကြီး ဦးထွန်းမြင့်နှင့် အစ်ကိုကြီးက မိတ်ဆက်ပေး၍၊ ဦးထွန်းမြင့်အား ဤမြို့အတွက်





အစောင့်အရှောက် မြို့စောင့်တပ်ကလေး တစ်တပ် ဖွဲ့ရန် “စက်ရှင်မင်းကြီးကို ပြောလျှင် ဖွဲ့ခွင့် ပြုပေးရမှာမို့ ဤအရေးကို ဦး လုံးပမ်းပေးရင် ရမှာပဲ” ဟု သူ အကြံပေး၍ လုပ်သကဲ့သို့ မဖြစ်စေရဘဲ မြို့အုပ်မင်းကိုယ်တိုင် မြို့အုပ်မင်း လုပ်သည့် အလုပ်မျိုး ဖြစ်စေအောင် ပြောပြသည်။ ဤလိုပြောပုံမျိုးမှာ ကျွန်မနားတွင် အခါခါ အဖန်ဖန် ကြားခဲ့ရ၍ မဆန်းတော့သဖြင့် သူ့နောက်ကနေ၍ သူ့ခြေလှမ်းကို စောင့်ကြည့်ရန် သတိချပ်ထားလိုက်သည်။

ကိုသူတော် အမှူးထားသည့် လူငယ်လူရွယ်တစ်စုတို့ကို သူက ဤမြို့၌ မြို့စောင့်တပ်ကလေး တစ်တပ်ရှိလျှင် မြို့ရွာလုံခြုံစရာရှိ၍၊ ဦးထွန်းမြင့်က မြို့စောင့်တပ် ဖွဲ့ချင်သည် ပြောသောကြောင့် ဖွဲ့ဖြစ်လျှင် လက်နက်များ ကိုင်ရမည်ဖြစ်၍ လူသန့်သန့်ထဲမှ ပါဝင်ကြလျှင် ကောင်းမည်ဟု တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ ဆွယ်တရား ပြောသည်ကိုလည်း၊ မှတ်တမ်းကြီးတွင် သူပြောပုံအတိုင်း ရေးမှတ်ထားလိုက်သည်။ ဦးထွန်းမြင့် ဖျာပုံမှ ပြန်လာသောအခါ အမိန့်ရခဲ့သဖြင့် မြို့စောင့်တပ် ဖွဲ့ကြသည်။ ကိုသူတော်နှင့် ကိုအုန်းကြွယ်တို့ စုဆောင်းထားသည့် လူငယ်တစ်စုနှင့် ချက်ချင်းပင် မြို့စောင့်တပ် ဖွဲ့စည်း အောင်မြင်သွားလေသည်။

သေနတ်များကို ကျင်ကျင်လည်လည် ပစ်တတ် ခတ်တတ်ရန် လေ့ကျင့်ဖို့ရာ အတွက် ကျွန်မတို့ အစ်ကိုကြီးအိမ်သို့ အမြဲလာ၍ လည်သော ဌာနာအုပ်အား ‘ခင်ဗျားသာ သင်ပေးရင် သူတို့ ပိုနားလည်မှာပဲ’ ဟု သူ့အနေနှင့်သူ သင်ပေးအောင် ပြောပြန်၍၊ ဌာနာအုပ်ကိုယ်တိုင် လေ့ကျင့်သင်ကြား ပေးနေပုံကို တွေ့ရပြန်သောအခါ မှတ်တမ်းတွင် အလုံးစုံ ရေးမှတ်ရပြန်သည်။

အစိုးရများ ဆုတ်ခွာသွားရမည်ဟု အမိန့်ရလျှင် ဤမြို့ကို အုပ်ချုပ်နေသော အရာရှိများ ထွက်ခွာမသွားရန်၊ အရာရှိ စုံစုံရောက်သည့် ကျွန်မတို့ အစ်ကိုကြီးအိမ်တွင် သူလည်း တစ်လုံးသွင်း နှစ်လုံးသွင်း သွားသွင်းနေသည်။

ဘိုကလေးမြို့တွင်ရှိသည့် သခင်အသင်းမှာ သခင်ဗစိန်တို့အသင်း ဖြစ်နေ၍ မြို့ပေါ်ရှိ သခင်များနှင့်ကား ခပ်စိမ်းစိမ်းပင် ဖြစ်နေသည်။

အစိုးရတစ်ဖွဲ့လုံး ဆုတ်ရမည်ဟု သတင်းကြားလျှင်ကြားချင်း သူလည်း မြို့စောင့်တပ် အဖွဲ့မှ ကိုသူတော်နှင့် ကိုအုန်းကြွယ်တို့ကို လက်တို့၍ ဂတ်တဲပေါ်တွင် ထားရှိသည့် လက်နက်များကို ဆုတ်ခွာသွားမည့် တိုက်ပိုင်လက်ထဲမှ အနုနည်းနှင့် ယဉ်ယဉ်ကလေး တိုက်ယူလိုက်ကြသည်။ သေနတ်တွေကို တစ်ယောက်တစ်လက် ဆွဲယူပြီး ဂတ်ပေါ်မှ ကိုင်ဆင်းလာကြသည်။

မြို့တွင် အစိုးရ မရှိဟု ကြားလျှင်ကြားချင်း ရွာနီးချုပ်စပ်မှ လှေသမ္ဗန်များ တစ်ခဏချင်း ပလူပျံသလို မြို့ဆိပ်သို့ ဆိုက်ကပ်လာကြသည်။ လက်ထဲတွင် အသီး

သီး ဓားတစ်လက် အနည်းဆုံး ဆွဲကိုင်တက်လာကြသည်မှာ ကြောက်မက်ဖွယ်ရာကြီး မြင်တွေ့ရလေသည်။

သူကား ထိုအချိန်မှ သူဆွဲလာခဲ့သော သူ့မြေပုံကြီးကိုဖြန့်၍ မြို့စောင့်တပ်ဗိုလ်များအား ဘယ်သူက ဘယ်အပေါ်မှာစောင့်၊ ဘယ်သူက ဘယ်အပေါက်က ပိတ်နှင့် ချက်ချင်း လက်နက်ကိုင် တပ်သားများအား အစောင့်ချထားလိုက်လေသည်။

မြို့ကိုလုရန် တက်လာကြသော လူစုလူအုပ်ကြီးလည်း တစ်မြို့လုံး လက်နက်တွေနှင့် လူငယ်တွေက အုပ်ချုပ်ထားလိုက်သည်ကို မြင်ရ၍ ဓား တဝင်းဝင်းကိုင်ကာ လျှောက်ကြရုံမှ တစ်ပါး မလှုပ်ဝံ့ကြပေ။

မြို့အုပ်၊ မြို့ပိုင်၊ ဌာနာအုပ် စသည့် အရာရှိကြီးများအား အစ်ကိုကြီးတိုက်တွင် အားလုံး စုရုံးနေကြစေပြီးလျှင်၊ လူကြီးများကိုယ်တိုင် ဤတပ်ကို အုပ်ချုပ်စေလျက်၊ သူ့မှာမူ ဤအရေး ဤကိစ္စများနှင့် ဘာမျှ မပတ်သက် မပါဝင်သကဲ့သို့ သူ့ဘာသာ အိမ်တွင် ထိုင်စာဖက်နေသည်။

အထူးရာဇဝတ်တရားသူကြီး ဦးမှူက ပထမ သူ့အကြောင်း ဘာမျှ မရိပ်မိ၍. ကျွန်မအား 'မြို့ရှာသာ ပျက်နေတယ်၊ ခင်ဗျားယောက်ျားပဲ အေးတယ်။ စာဖတ်ရရင် သူက ပြီးတာပဲ'ဟု မြို့စောင့်တပ်ကြီးကို အုပ်စီးခန့်ခွဲနေရာက ချွေးပေါက်ကြီးတွေကို သုတ်ရင်း လှမ်းပြောသည်။ ကျွန်မလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိသည်။

ဤပွဲတွင် ကန့်လန့်ကာနောက်က ကြိုးဆွဲနေသည်ကို ပွဲကြည့်ပရိသတ်လည်း မမြင်။ ပွဲထဲတွင် ဝင်ကနေသည့် သူများပင် သူ ကြိုးကိုင်မှန်း မသိနိုင်အောင် သိပ်သည်းပိရိပုံကို သူ့အပေါ်တွင် ချီးမွမ်း၍ မကုန်နိုင်အောင်ရှိ၍ ခေါင်းတဆတ်ဆတ် ညိတ်ရသည်။ လူမသိဘဲနှင့် အကျိုးရှိအောင် လုပ်ချင်သည်ဟု သူ ပြောသည့်အတိုင်း ပွဲကောင်းဖြင့် မြင်ရပြီဟု များစွာပင် နှစ်သိမ့်မိလေတော့သတည်း။

မြို့ပေါ်ရှိ တို့ဗမာအစည်းအရုံး သခင်များက ဤမြို့ကို သူတို့သိမ်းလိုက်ပြီဟု မြို့ထဲတွင် မောင်းလည်ခတ်လေသည်။ သူတို့လက်ထဲ၌ကား လက်နက်ပြောပလောက်အောင် မရှိ၍ မြို့ကို ကြပ်ကြပ်တည်းတည်း စောင့်ရှောက်ကာကွယ်ထားသူ လူငယ်များထံမှ လက်နက်များ ပေးအပ်ရမည်ဟု တောင်းဆိုလေသည်။

တို့ဗမာအစည်းအရုံးဘက်မှ နေကြည့်လျှင် အစိုးရပိုင်းမှ လက်နက်ရှိသေးသည်ကို ထိုအချိန်က အင်္ဂလိပ်များ မန္တလေးတွင် ရှိသေး၍ မယုံစားနိုင်သောကြောင့် ဤသို့တောင်းဆိုခြင်း ဖြစ်သည်။ ဤတပ်နှင့် ဤအဖွဲ့ကို ကျွန်တော်ဖွဲ့တာပါဟု သခင်အသင်းနှင့် တပ်ကို ရောပေါင်းပေးလိုက်ရန်မှာလည်း သူ ဖျောင်းဖျ၍





လွှယ်ကူမည့် သခင်ကိုယ်တော်မှိုင်း အစည်းအရုံးမဟုတ်၍ သူကား အကျပ်ရိုက်နေတော့သည်။ နှစ်ဖက်စလုံး သင့်မြတ်ကြရန် သူက စေ့စပ်၍ ပေးသည်။ ထိုအချိန်က သခင်များမှာ စေ့စပ်၍မရအောင် အယုံအကြည် ကင်းမဲ့နေသဖြင့် မအောင်မြင်ပေ။ ထိုသို့ တစ်ဦးနှင့်တစ်ဦး မယုံကြည်ဘဲ မြို့မှာလည်း ကျိုးလန့်စာစား ဖြစ်နေစဉ် နောက်နောက်က နာမည်ဆိုးရှိခဲ့သော လူတစ်စုကို သခင်များက ထိုသူတို့နှင့် ပေါင်းသင်းလျက် လက်နက်များအပ်ရန် အပြင်းအထန် တောင်းဆိုလိုက်လေသည်။

လက်နက်ကိုင်၍ မြို့ကို လူဆိုးများ အခမ္ဘမကျင့်နိုင်ရန် စောင့်ကြပ်နေကြသော လူငယ်ပိုင်းမှာ မြို့ပေါ်မှ လူကုံထံများဖြစ်၍၊ အကယ်၍ လက်နက်များကို လူဆိုးများနှင့် ရောနေသော သခင်များအား ပေးအပ်လိုက်လျှင် အကျိုးနည်းတော့မည်ဟု တစ်မြို့လုံး ချောက်ချားနေကြသော်လည်း မည်သူမျှ မဟာဝံ့ကြတော့ပေ။

မြို့စောင့်တပ်ကြီးလည်း မိမိတို့ တာဝန်ဝတ္တရားအတိုင်း မြို့ကို ကြပ်တည်းစွာ စောင့်ရှောက်ထားလေသည်။

'ဒီနေ့ည ဗိုလ်ရန်နိုင် ရောက်မယ်။ အားလုံး မြို့စောင့်တပ်သားတွေ လက်နက်ကိုယ်စီ လာအပ်ရမယ်။ ဗိုလ်ရန်နိုင့် အမိန့်' ဟု မြို့စောင့်တပ်ကို သခင်များက အကြောင်းကြားလိုက်ရာ၊ ကိုသူတော်တို့လည်း သူ့အား လက်နက်များ အပ်ရန်၊ မအပ်ရန် လာရောက်မေးကြသည်။

သူက သွား၍ ပေးအပ်လိုက်ကြရန် ပြောလေသည်။

ည ဆယ်နာရီလောက်တွင် စက်သေနတ်ပစ်သံများ ကြားရသည်။ သူလည်း တံခါးပိတ်၍ အိပ်ရာထဲတွင် ဝင်အိပ်နေလေသည်။ ဗိုလ်ရန်နိုင် ရောက်ကြောင်းကို စက်သေနတ်သံဖြင့် သိရသည်။ မြို့စောင့်တပ်ကြီးလည်း ဗိုလ်ရန်နိုင် စခန်းချမည့်နေရာ ဦးသင် အိမ်သို့ လက်နက် ကိုယ်စီယူသွားလျက် အပ်ကြရလေသည်။

ဆယ်နာရီခွဲလောက်တွင် တံခါးလာပုတ်၍ ဖွင့်ပေးလိုက်သည်။ ဗိုလ်ရန်နိုင်က ဦးချစ်မောင် ဤမြို့တွင် ရှိသည်ကြား၍ တွေ့လိုကြောင်းနှင့် ယခု လိုက်ခဲ့ပါရန် ကားလွှတ်လိုက်လေသည်။

'အုပ်ချုပ်ရေးအဖွဲ့ကတော့ ဖွဲ့တော့မှာပဲ။ သခင်တွေကလည်း ဒီမြို့အုပ် မြို့ပိုင်တွေကို ထည့်မှာ မဟုတ်ဘူး။ သူတို့ချည်း ဖွဲ့လိုမှာပဲ။ ဘာမှ အရည်အချင်းမရှိတဲ့ လူတွေနဲ့ ဖွဲ့ရင်တော့ မြို့နာမှာပဲ။ ဒီအရာရှိတွေကို ခင်ဗျားတို့ပဲ ထိန်းသိမ်းရမယ်လို့ သခင်တွေက အပ်ပြီး သခင်တွေကပဲ ကြိုးကိုင်ထားရမယ်။ ဒါမှလည်း

အားကောင်းမယ်။ တတ်သိနားလည် ကျွမ်းကျင်တဲ့ ဒီလို အစိုးရ လူကြီးတွေကို အဖွဲ့ထဲမှာ မပါရဘူးဆိုရင်၊ အမြို့မြို့တိုင်း ဒီလိုလုပ်နေကြရင်တော့ ဒီအစိုးရ အရာရှိတွေ အင်္ဂလန်ကို အင်္ဂလိပ်တွေနဲ့ လိုက်ရင်လည်းလိုက်၊ ဒါမှမဟုတ် ဂျပန်နဲ့ ပူးပေါင်းရင် ပူးပေါင်း၊ သူတို့အဖို့မှာ ဒါပဲ နေရာရှိတော့မှာပဲ။ ဒီတော့ တိုင်းပြည်က နာဘက်ကြီးပဲ။ စောစောက ကြိုပြီး ပြင်ဆင်မှုမရှိတာ အသည်းနာစရာ ဘယ် လောက် ကောင်းသလဲ'

အိမ်မှ မထွက်ခင် အဝတ်လဲရင်း နှုတ်မှ ထိုသို့ တတွတ်တွတ် ညည်းထွက် သွားသည်။

ည တစ်ချက်လောက်မှ ပြန်ရောက်လာသည်။ ဗိုလ်ရန်နိုင်ထံသို့ ရောက် လျှင် ရောက်ချင်း လက်နက်များကို သခင်များ သိမ်းပြီးနေ၍ သူက ဗိုလ်ရန်နိုင်အား ဤတပ်ကြီးကို အင်္ဂလိပ်အစိုးရ မဆုတ်ခွာမီ သူဖွဲ့ခဲ့ကြောင်း၊ လက်နက်တွေကို အစိုးရများ ဆုတ်ခွာလျှင် ဖျောက်ဖျက်ပစ်မည်ကို ကြိုတင်သိ၍ သခင်များနှင့် ကျိတ်၍ ကြံဖို့ရန်လည်း ၎င်းတို့မှာ သခင်ဗစိန် သခင်များဖြစ်နေ၍ စိမ်းမနေသော ကြောင့်၊ မြို့ပေါ်ရှိ လူငယ်များနှင့် ဤမြို့၌ ရှိသမျှလက်နက်ကို အင်္ဂလိပ်အစိုးရ လက်ထဲမှ သူတို့ မဆုတ်ကြခင်ကလေးတွင် ရအောင် ယူလိုက်ရကြောင်း၊ အလုံးစုံ ရှင်းပြောပြ၍ ဗိုလ်ရန်နိုင်က 'ဦးချစ်မောင်ပဲ အုပ်ချုပ်ရေးအရာရှိ လုပ်ပါ' ဟု တိုက်တွန်းသဖြင့် သူက ရန်ကုန်သွားရမည် ဖြစ်၍ သူ မလုပ်နိုင်ကြောင်း ပြောခဲ့ သည်။ သေနတ်တွေကို လူငယ်များပင် ကိုင်ဆောင်စေရန်နှင့် အစိုးရအဖွဲ့ထဲတွင် အစိုးရအရာရှိများလည်း ပါရန် ညွှန်ကြားခဲ့ရကြောင်း ပြောပြသည်။

သခင်အစိုးရအဖွဲ့က ဂျပန်အလံ လွှင့်ထူသောအခါ၌ သူလည်း 'ဂျပန် အလံသာ မလွှင့်ဘဲ မြန်မာ ဒေါင်းလံနှင့် တွဲလွှင့်တာ ဂျပန်များ မြင်ပါစေ' ဟု အတင်း မရမက သွားပြောလေသည်။

သခင်များလည်း ဗိုလ်ရန်နိုင်မှာ ထိုစဉ်က သခင်ကိုယ်တော်မှိုင်း၏ သခင် ဘက်သားများနှင့် နီးစပ်ရာဖြစ်၍၊ သခင်ဗစိန် အဖွဲ့ဖြစ်သော ဗိုလ်မြင့်ဆွေကို သွား၍ ခေါ်ကြပြန်သည်။ ဗိုလ်မြင့်ဆွေတပ် ရောက်လာသောအခါ မြို့စောင့်တပ်မှ သေနတ်များကို သိမ်းရန်ဖြစ်သော်လည်း သူရှိနေ၍ မသိမ်းဘဲ မြို့ပေါ်တွင် တပ်ချ၍ နေလေသည်။

သူလည်း မြို့ရေး ရွာရေးများကို အဘက်ဘက်မှ အကူအညီပေးနေသည်။ မော်လမြိုင်ကျွန်းတွင် သခင်အစိုးရအဖွဲ့က မြို့ရွာရှိ ချမ်းသာသူများထံမှ ရွှေတွေ၊ ငွေတွေပါ သိမ်းကုန်ပြီဟု ထွက်ပြေးလာကြသူများထံမှ သတင်းရလျှင်၊ သူလည်း မော်လမြိုင်ကျွန်းသို့ အမီလိုက်ကာ ဤသတင်း မပြန့်ပွားရန် အုပ်လေသည်။





ထိုအချိန်က "မြန်မာများ လွတ်လပ်ရေးရလျှင်" ဟူသော ခေါင်းစဉ်ကြီး နှင့် အုပ်ချုပ်ရေး စည်းမျဉ်းကြီးကို လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် တစ်နေကုန် တစ်နေခန်း ထိုင်ရေးဆွဲနေလေသည်။ အမြို့မြို့သို့ လွှတ်မည့် သံအမတ်များကို အမည်နာမများနှင့်တကွ ရွေးချယ်ပြီး ရေးဆွဲနေသည်။ ကျွန်မက မြန်မာပြည် လွတ်လပ်ရေးရလျှင် ရှေးဦးစွာ ဘာလုပ်ရမလဲဟု သူ့အား မေးလိုက်သည်။ သူက ငွေစက္ကူ ထုတ်ရမည့်အလုပ်ကို ရှေးဦးစွာ လုပ်ရမည်ဟု ပြန်ပြောသည်။ ကျွန်မ မှတ်တမ်းတွင် ရေးမှတ်ခဲ့သည်။ ဤတွင်မက ဤအချိန်က နိုင်ငံရေး အပြောင်းအလွဲနှင့် နိုင်ငံရေးထင်မြင်ချက်၊ သခင်များ လုပ်ကိုင်ပုံ၊ ဂျပန်ခြေလှမ်း စသည့် အကြောင်းများ တင်ကြို၍ ပြောဆိုသမျှကို မှတ်တမ်းကြီးထဲ၌ အကျယ် တဝင့် ရေးသားထားသည်။

တစ်နေ့တွင် သမ္ဘန်သမားကြီးတစ်ယောက်ထံမှ ရခဲ့သော ဂျပန်စက္ကူ ဆင့်ရွက်ကလေးကို မိတ်ဆွေတစ်ယောက်က သူ့အား လာပေးသွားလေသည်။

ဧည့်သည်များပြန်သွားလျှင် သူလည်း အခန်းထဲသို့ မျက်စိမျက်နှာ ပျက် ပျက်နှင့် ဝင်လာသည်။ ကျွန်မကို 'အင်္ဂလိပ်ငွေစက္ကူများ ရှိသေးလား' မေး၍၊ ကျွန်မက အခ္ဓွန်ငွေရော အလုပ်ငွေရောရှိကြောင်း ပြောလိုက်သည်။ သူက မသုံး ဘဲ ဖြစ်၍ သိမ်းထားနိုင်မည်ဆိုလျှင် အင်္ဂလိပ်ငွေသာ ရှေ့တွင် အသုံးဝင်မည့် အကြောင်း ပြော၍ ကျွန်မမှာ ကြက်သေ သေသွားတော့သည်။

ထိုနောက် သူ့ကို 'မော်တော်တစ်စီး ရှာပေးပါ။ မြန်မာပြည်တော့ ဒီဂျပန် စက္ကူကြောင့် အကျိုးနည်းရတော့မယ်။ အမြန်လိုက်မှ' ဟုပြော၍ မိတ်ဆွေများက သူ့ကို မော်တော်တစ်စီး ရှာပေးကြသည်။

သူလည်း ညချင်းပင် ရန်ကုန်သို့ လိုက်သွားလေသည်။

သုံးရက်လောက်ကြာလျှင် သူ ရန်ကုန်မှ ပြန်ရောက်လာသည်။

မျက်စိမျက်နှာပျက်ကာ ပြန်လာသည်။ ကျွန်မမှာ သူ့ကို မြင်မြင်ချင်း စိတ်ပျက်လက်ပျက် ဖြစ်လာကြောင်းကို ရိပ်မိလိုက်ပေသည်။ ရောက်ရောက်ချင်း အဝတ်အစားများလဲ၍ ရေချိုးဖို့ရာ အဝတ်များကို ထုတ်ယူရန် ဗီရိုဖွင့်လိုက်သော အခါ၊ ဗီရိုထဲတွင် ထည့်ထားသော "လွတ်လပ်ရေးရလျှင်" ဆိုသည့် စည်းမျဉ်း စာရွက်ထပ်တွေကို ဆုတ်ပစ်နေသဖြင့် ကျွန်မက အတင်းလိုက်လုသော်လည်း မမီလိုက်ဘဲ လေးစိပ်လေးမွှာ ပြိုကုန်လေပြီ။

'ဘယ်လိုလုပ်တာလဲ ကိုကို။ ဘာဖြစ်လို့လဲ'

'အသုံးမဝင်လို့ပေါ့'

'ဘယ့်နှယ်ပြောနိုင်သလဲ'

'ပြောနိုင်လို့ ဆုတ်တာပေါ့။ မရဘူး တင်လေးရဲ့၊ မရဘူး။ ဂျပန့်လက်ထက်မှာ ဘာလွတ်လပ်ရေးမှ မရဘူး။ ဒီစည်းမျဉ်းဟာ အပိုပဲ။ အသုံးမဝင်ပါဘူး'

'နို့ ရန်ကုန်မှာ ဘယ်သူတွေနဲ့ တွေ့လာသလဲ'

'အားလုံးနဲ့ တွေ့လာတယ်၊ အားလုံးနဲ့လည်း သဘောချင်း ကွဲလာခဲ့တယ်။ ကိုကို့ကို သူတို့က သတင်းစာဆရာ၊ စာရေးဆရာတစ်ယောက်အဖြစ်က နိုင်ငံရေးသမား တစ်ယောက်အဖြစ်ကို တချို့က လက်မခံချင်ကြတာလည်း ရိပ်မိခဲ့တယ်'

'ဘာဖြစ်လို့လဲ'

'ကိုကိုက သူတို့လို နိုင်ငံရေးသမားတစ်ယောက်အဖြစ်နဲ့ ထင်ထင်ရှားရှား နာမည်မခံလို့ပေါ့'

'ကိုကိုက ဂျပန်ငွေစက္ကူ ထုတ်တဲ့အတွက် ထင်မြင်ချက်တွေရော မပြောခဲ့ဘူးလား၊ သတိမပေးခဲ့ဘူးလား'

'သတိပေးရုံ ဘယ်ကမလဲ၊ သခင်မြကို ကိုကို ပြောခဲ့တယ်။ ဂျပန်ကို မြန်မာပြည်မှာ ငွေစက္ကူ ဘယ်လောက် တန်ဖိုးထား ထုတ်သလဲလို့ အခုက မေးပါ။ ဒီအတိုင်းတော့ ကျွန်တော် ဘယ်နည်းနဲ့မှ ကြည့်မနေနိုင်ဘူး။ တစ်နေ့ တိုင်းပြည်ကို တိုင်ရလိမ့်မယ်လို့ ပြောခဲ့တယ်။ သူတော့ မေးမလား၊ မမေးဘူးလား မသိဘူး'

'သခင်အောင်ဆန်းက စစ်ဗိုလ်ကြီး၊ သခင်ထွန်းအုပ်က အုပ်ချုပ်ရေး ခေါင်းဆောင်ကြီးဆိုတာ အမှန်ပဲလား'

'ဆိုပါတော့၊ အခု အခိုက်အတန့်တော့'

'ရှေ့ကိုကော'

'ရှေ့ကို ဒေါက်တာဘမော် မသေသေးရင် သူ့ကို ဂျပန်က ခေါင်းဆောင် မြှောက်လိုက်မှာ အသေအချာပဲ'

'ရန်ကုန်မှာ ဂျပန်တွေ အများကြီး ရောက်လာပလား'

'နေရာတကာတိုင်းမှာ သူတို့ ရှိနေတယ်၊ ယဉ်ယဉ်ကျေးကျေးတွေ မဟုတ်ဘူး၊ အင်မတန်ပဲ ရိုင်းစိုင်းတယ်။ ဝတ်လစ်စလစ် နေလိုက်ကြတာ မြန်မာပြည်ဟာ သူတို့နေဖို့ရာ အရပ် မဟုတ်ဘူးဆိုတာ လူတိုင်းမျက်စိမှာ မြင်နိုင်ပြီ။ ဆေးထိုးတာကလည်း အရှမ်းကာရောပဲ။ လူတွေကို ခိုင်းမရရင် ပါးရိုက်ဖို့ရာ လက်ကလည်း မြန်ပါဘိသနဲ့။ မြန်မာထဲက ဂျပန်သွားကြတဲ့ ဘရားဆတ်ရော၊ ချွတ်တားဆတ်ရော သူတို့နဲ့ ရင်ဆိုင်တိုင်း ခါးသာ တွင်တွင် ကုန်းနေရတာပဲ။ ကိုကိုတို့ သခင်





အောင်ဆန်းရော သခင်မြရော ပါတယ်။ ဒီဗွန်းကုတ်ကနေပြီး ဗဟန်းဘက်ကို ခြေကျင်လျှောက်လာကြတော့ လမ်းမှာစောင့်နေတဲ့ ဂျပန်က သူ့ကို မကုန်းဘဲ ဖြတ်သွားရမလားလို့ အတင်းခေါ်ပြီး သေနတ်တဝင့်ဝင့်နဲ့ ကုန်းခိုင်းလို့ ကုန်းပြခဲ့ကြရတယ်။ တင်လေးသာ မြင်ရင်တော့ စိတ်ပျက်မှာပါပဲ။ ဒီကောင်တွေ မကြာပါဘူး၊ ပြေးရမှာပဲ။ သခင်အောင်ဆန်းက သိပ်ချချင်တယ်၊ ပြန်ချမယ် ကြံနေလို့ အချိန်မဟုတ်သေးဘူး လို့ ပြောခဲ့ရသေးတယ်'

'သူတို့ကို ပြန်ချရဦးမှာလား'

'ချရမှာပေါ့။ သူတို့ ဒီမှာ ကြာကြာနေရင် တစ်မျိုးလုံး ဒုက္ခဖြစ်ကုန်မှာပေါ့။ ကိုကို့သဘောတော့ မန္တလေး အခုလိုက်သွားပြီး ဒီကောင်တွေကို ပြန်တိုက်ထုတ်ဖို့ရာ အင်္ဂလိပ်နဲ့ အပေးအယူ လုပ်လိုက်ချင်တာပဲ။ ကိုသိန်းဖေတော့ ရောက်သွားမှာပါပဲလေ'

'ဒါဖြင့် ဂျပန်နဲ့ သခင်တွေနဲ့ အစေးမကပ်ကြဘူးပေါ့'

'တွေးမိတဲ့လူလည်း ရှိတယ်။ မတွေးမိတဲ့ လူလည်း ရှိတယ်။ အစတည်းက နှစ်ခြမ်းကွဲနေပြီ။ ရန်ကုန် ပြန်ကြပါစို့ တင်လေးရယ်။ ဟိုမှာမှ အလုပ်လုပ်စရာတွေ အများကြီး ရှိပါတယ်'

'ကိုကို့ကို စာရေးဆရာတစ်ယောက်လောက်သာ အောက်မေ့တယ် ထင်တယ်ဆိုတာ ဘယ်လိုလဲ'

'မင်္ဂလာဆောင်ရင် သူတို့သားအတွက် ဩဘာစာကို သတို့သား ကိုယ်တိုင် ရေးတယ်လို့ ကြားဖူးသလား။ ရေးတဲ့လူက တစ်ယောက် မဟုတ်ဘူးလား'

'အင်း ... ပြောပါဦး'

'သခင်ထွန်းအုပ်ပေါ့။ သူ ဘုရားပေါ်မှာ နိုင်ငံရေးခေါင်းဆောင်ကြီးအဖြစ် မိန့်ခွန်း မြွက်ကြားမယ့် စကားကို ကိုကို့ကို ရေးခိုင်းတယ်'

သူလည်း ပြုံးပြီး ရေချိုးခန်းသို့ ထွက်သွားသည်။ ကျွန်မလည်း သူ့နောက်မှ ထက်ကြပ်လိုက်၍ ရေချိုးခန်းပေါက်တွင် ထိုင်ပြီး မေးချင်ရာ လျှောက်မေးနေသည်။

'ကိုလှဖေနဲ့ကော မတွေ့ဘူးလား'

'တွေ့ခဲ့တယ်။ သူ့အိမ်မှာပဲ အိပ်ခဲ့တာပဲ'

'တိုင်းပြည်အပေါ်မှာ တကယ်သစ္စာရှိပြီး အရှည်ကြည့်တဲ့ လူဟာတော့ ကိုလှဖေပဲ။ ဒီလူဟာ ဘယ်တော့မှ ပေါ်ထင်မယ့်လူ မဟုတ်ဘူး။ အမြဲတမ်း သူ့အပေါ်မှာ တစ်ယောက်ရှိနေမှာပဲ။ တိုင်းပြည်ကောင်းရင် ပြီးရော၊ လူသိဖို့ မလိုဘူးလို့ သဘောထားနိုင်တာ ကိုကိုတစ်ယောက်တည်း မမှတ်နဲ့၊ ကိုလှဖေလည်း

ရှိသေးတယ်။ ဒီလူကြောင့် တိုင်းပြည်ဟာ တစ်နေ့ ကံကောင်းစရာတွေ ဖြစ်ချင်လည်း ဖြစ်လာမယ်။ သူ့နာမည်က ဗိုလ်လက်ျာတဲ့။ သခင်အောင်ဆန်းက ဗိုလ်တေဇတဲ့။ ကိုလှမောင်က ဗိုလ်ဇေယျတဲ့။ တင်လေးနဲ့ခင်တဲ့ သခင်အောင်သန်းကလေးက ဗိုလ်စကြာတဲ့။ ဗိုလ်စကြာ နာမည်ယူတာ ဒီလူနဲ့ မလိုက်ဘူးလား တင်လေး'

ဆပ်ပြာတွေ တစ်မျက်နှာလုံး တိုက်ထား၍ ဗိုလ်စကြာအကြောင်း ပြောရင်း သူ့ဟာသူ သဘောကျပြီး ရယ်လိုက်ရာ၊ ဆပ်ပြာများ ပါးစပ်ထဲ ဝင်ကုန်သဖြင့် တဖူးဖူးနှင့် မှုတ်ထုတ်နေသည်။

'နို့ … ကိုကို သွားတော့ ကိုလှဖေကို ငွေစက္ကူအကြောင်း ပြောမပြခဲ့ဘူးလား'

'သူ့ကို "ဒီဂျပန်တွေနဲ့ ဖြစ်မလား" လို့ ကိုကို သတိပေးခဲ့တယ်။ "အင်္ဂလိပ် ပြန်လာမလား" လို့ ကိုကိုက မေးတော့၊ သူက "ချက်ချင်းတော့ ပြန်မလာနိုင်ဘူး" ပြောတယ်။

'သူ့ခမျာ အများကြီးပဲ စိတ်ညစ်နေရှာတယ်။ ကိုကိုတော့ တိုင်းပြည်အတွက် ဒီလူတစ်ယောက်ကိုတော့ ယုံယုံကြည်ကြည်နဲ့ အားအထားဆုံးပါပဲ။ သခင်စိုးကြီးနဲ့ တွေ့လို့ စကားပြောလိုက်ရသေးတယ်။ ရေနံဆီ ၁၀ ပုံးဖိုး ကုန်ကျိုးနပ်ခဲ့တယ်။ သူတော့ ကိုယ်ဖျောက်ပြီး လစ်ရမှာပဲ'

'ရှေ့လျှောက် ဘာများဖြစ်မလဲ ကိုကိုရယ်'

'ရှေ့လျှောက် စိတ်မချမ်းသာစရာကြီး ဖြစ်မှာပဲ'

ကျွန်မလည်း သူ့ဘာသာသူ ရေချိုးပစေတော့ဟု ရေချိုးခန်းပေါက်မှ ထ လာခဲ့သည်။

ရန်ကုန်ပြန်၍ ဂျာနယ်ထုတ်မလားဟု မေးရာတွင် သူက လေးငါးနှစ်လောက် ကိုကိုတို့ ထိုင် မစားနိုင်ဘူးလား မေး၏။ ကျွန်မက 'အင်္ဂလိပ်ငွေနဲ့ စက္ကူထုပ်တွေ၊ လက်ဝတ်လက်စားတွေ ရောင်းရင်တော့ စားနိုင်သားပဲ' ပြောရာ၊ သူက ဂျာနယ်ကို ဂျပန်ပြန်မသွားမချင်း ထုတ်၍မဖြစ်ကြောင်း ပြောပြသောကြောင့်၊ ကျွန်မသည် အင်္ဂလိပ်ငွေများ မသုံးဘဲ၊ စက္ကူထုပ်နှင့် လက်ဝတ် လက်စားများကိုသာ ရောင်းသုံးမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

အစိုးရများ ဆုတ်ခွာသွားလျှင် တစ်မြို့လုံး လူဆိုးလက်ထဲ ရောက်သွားမည်ဘေးကြီးကို ကြိုတင်၍ မြင်ရကား၊ ဤမြို့၌ ခေတ္တခဏ နေရခိုက်ကလေးပင် ကြိုတင်မြင်သော အဆင်ခြင် အသိဉာဏ်များဖြင့် အင်္ဂလိပ်အစိုးရထံမှ လက်နက်များကို အစိုးရများ မဆုတ်မီ၊ ပရိယာယ် အနနည်းဖြင့် ရအောင်ယူလျက် မြို့ကို





တင်ကြိုကာကွယ်ထားလိုက်ကာ လူအပေါင်းတို့၏ အသက်စည်းစိမ် ချမ်းသာမှုကြီးကို နှလုံးရည်ဖြင့် ပေးခဲ့လေသည်။ ဤမြို့၌ လေးငါးယောက်မှ ပိုမို၍ သူ့အကြောင်းကို အသိမပေးခဲ့သဖြင့်၊ အကျိုးရှိဖို့ရာ လူမသိအောင် လုပ်ချင်သည်ဆိုသည့်အတိုင်း လူမသိအောင် လုပ်လိုက်သော ပွဲကလေးတစ်ပွဲကို ကြည့်ခဲ့ရပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့ကြသည်။

ပစ္စည်းများကိုလည်း အကုန်သယ်ခဲ့၍ ရန်ကုန် ရေကျော်လမ်းရှိ တိုက်၌ပင် နေထိုင်ကြသည်။ ဂျပန်များ လာရောက်၍ မဂ္ဂဇင်းတစ်ခုထုတ်ရန် လာပြောသဖြင့် သူလည်း ခေတ်သစ်မဂ္ဂဇင်း တစ်စောင်ထုတ်ရန် ဟန်ပြ စီစဉ်ပေးလိုက်သည်။

ရက်များမကြာမီ အတွင်းတွင် သူ့ကို သခင်နုက ပြန်ကြားရေးဆိုင်ရာ အတွင်းဝန်ကလေး ခန့်ထားလျှင် ကောင်းမည်ဟု ထောက်ခံကြောင်းကို ကိုအုန်းမြင့်က လာပြောကာ 'လက်မခံပါနဲ့ ဆရာရယ်' ဟု သူ့အရည်အချင်းကိုကြည့်၍ မခံချင်သလို ပြောသောအခါ 'သတင်းစာဆရာဆိုတော့ ဒီအလုပ်ပဲ နားလည်တယ် ထင်တာပေါ့ကွာ။ ငါလည်း မယူပါဘူး။ ဂျပန်ခေတ်မှာ ငါ ဘာရာထူးမှ လက်မခံပါဘူး' ဟု ဆိုလိုက်သည်။ ထိုညကပင် ကျွန်မကို နိုင်ငံရေးထဲ ခြေစုံပစ်ဝင်လုပ်ရ ကောင်းမလားဟု ပြော၍ သူ့ကို များစွာ တိုက်တွန်းအားပေးလိုက်သည်။

သူ့အား နိုင်ငံရေးနယ်ထဲသို့ ရောက်သွားအောင် တိုက်တွန်းမည်ဟု မှတ်တမ်းထဲတွင် ရေးထားခဲ့သည့်အတိုင်း မျှော်မှန်းချက်တစ်ခု လမ်းစပေါ်၍ လာပြန်ချေပြီ။

နောက်တစ်နေ့တွင် ကျွန်မအား သူ နိုင်ငံရေးလုပ်တော့မည်ဟု ဗိုလ်လက်ျာကို ဖွင့်ပြောလိုက်သောအခါ၌၊ ဗိုလ်လက်ျာက 'အခု မလုပ်နဲ့ဦး။ အလုပ်တစ်လုပ်သာ လုပ်ပါဦး' ဟု တားလိုက်သဖြင့်၊ သူပေးလိုက်သည့် အလုပ်ကို လက်ခံခဲ့ရပြီးဖြစ်ကြောင်း ပြောပြသည်။

'ဘာအလုပ်လဲ ကိုကို'

'လူမသိမယ့် အလုပ်'

'ကိုကို့မှာ လူသိရတဲ့ အလုပ်များ ရှိသေးလို့လား'

'မဟုတ်ဘူး။ ဒီအလုပ်က လူမသိရမယ့် အလုပ်'

'ဘယ်လို အလုပ်များလဲ ကိုကို။ တင်လေးရော ကူညီရမလား'

'တင်လေးကို အသိ မပေးမဖြစ်လို့ ဖွင့်ပြောရတာပေါ့'

'ဘာအလုပ်လဲ ကိုကို'

'သူလျှိုအလုပ်'

## ၃၂ ။ သူလျှိုဘဝ

လူ မသိသော သတင်းထောက်လှမ်းရေး သူလျှိုလုပ်ငန်းကြီးကို စ၍ လုပ်ကိုင်လေပြီ။

ကျွန်မတို့၌ ကရောင်းဆိုက်အရွယ် အစိမ်းနရောင် စက္ကူချောအထုပ် ၁၀ ထုပ်၊ အဝါရောင်စက္ကူချော ၅ ထုပ်နှင့် အပြာနရောင်စက္ကူထုပ် ၅ ထုပ် ရှိလေ၏။

စက္ကူထုပ်များထဲမှ စက္ကူများကို ဖူးစကက်ဆိုက်အရွယ် ဓားနှင့်ဖြတ်ကြပြီး စာရွက် ၁,၀၀၀ ဝင် အထုပ်ကလေးတွေ ပြောင်း၍ ထုပ်ကြ၏။

ထိုလုပ်ငန်းအတွက် ထိုစက္ကူများမှာ နောင်တွင် ရာဇဝင်တွင်မည့် စက္ကူများ ဖြစ်သည်။

ကမ္ဘာစစ်အခြေအနေ သတင်းများနှင့် စပ်လျဉ်း၍ သူသည် စုံလင်တိကျစေရန် အခြေအနေ လေ့လာမှုကို သူကိုယ်တိုင် လုပ်ဆောင်၏။ ညဉ့်နက် သန်းခေါင် ရေဒီယိုဖွင့်ကာ ခိုးကြောင်ခိုးဝှက် နားထောင်ပြီး သတင်းတွေကို ရေးမှတ်၏။ ကမ္ဘာစစ်မျက်နှာ အသီးသီးမှ စစ်သတင်းများ၊ ကမ္ဘာ့လက်နက် နိုင်ငံကြီးများ၏ စစ်ခေါင်းဆောင်များ ပြောကြားသည့် စစ်နှင့် သက်ဆိုင်သော အချက်အလက်များ၊ နိုင်ငံရေးနှင့် သက်ဆိုင်သော ပြောကြားချက်များ၊ ဤအချက်များအပြင် ဤသတင်း ဤအချက်များကို မှီလျက် ရှေ့တွင် ကမ္ဘာစစ်မက် စစ်ရေးများ မည်ကဲ့သို့ အခြေအနေ ဆိုက်ရောက်လိမ့်မည် စသည့် သူ၏ သဘောထား၊ သူ၏ ထင်မြင်ချက်၊ သူ၏ ဝေဖန်သုံးသပ်ချက်၊ သတိပေးချက်များပါ ထည့်သွင်းလျက် လက်နှိပ်စက်ပေါ်တွင် စိမ်းနရောင် စက္ကူချောဖြင့် တဖြောင်းဖြောင်း ရိုက်လေ၏။

ပြည်တွင်း နိုင်ငံရေးသတင်းများနှင့် စပ်လျဉ်း၍ သူလိုချင်သော သတင်းများကို လူ မသိအောင် စိတ်ချရမည့် သူတစ်စုကို တိတ်တိတ်ပုန်း လခထောက်ကာ ရှာဖွေထောက်လှမ်းခိုင်း၏။ သူကိုယ်တိုင်လည်း သတင်းထောက်လှမ်းယူ၏။ သတင်းရသည့်အခါ ရောင်စုံစက္ကူပေါ်၌ ရိုက်ချလိုက်သည်။ ဂျပန်စစ်ဘက်ဆိုင်ရာနှင့် မြန်မာအစိုးရ ဆက်ဆံရေး အခြေအနေနှင့် ပတ်သက်၍ သတင်းရရန် သူကိုယ်တိုင် အတွင်းကျကျ စုံစမ်းထောက်လှမ်းယူ၏။

မြန်မာတစ်ပြည်လုံးရှိ ဂျပန်စစ်ပုလိပ်များ ဖမ်းဆီးသတ်ဖြတ်သော အမှုအခင်း သတင်းအစုံ ရရှိရန်အတွက် ဂျပန်ကင်ပေတိုင်ရုံး၌ လုပ်ကိုင်လျက်ရှိသော မြန်မာအရာရှိများကို လူမသိအောင် စည်းရုံးကာ လစဉ် လစာပေးထား၏။

မြန်မာတစ်ပြည်လုံးရှိ ဂျပန်စစ်တပ်၊ စစ်ကြောင်း၊ စစ်စခန်းများနှင့် စစ်





စခန်းများထားရာ နေရာအသီးသီးမှ စစ်သတင်းများ၊ တိုက်ပွဲများ၊ ခဲယမ်းလက်နက် မီးကျောက် သိုဝှက်သိမ်းဆည်းသည့် နေရာများ။

စစ်ကြောင်း၊ စစ်တပ်၊ စစ်စခန်းများရှိရာ နေရာဒေသကို မြေပုံနှင့် ဖော်မပြဘဲ စာရွက်ပေါ်၌ လျှို့ဝှက်အမှတ်အသားအဖြစ် အစက်၊ မြား၊ မျဉ်းကြောင်းတို့ဖြင့် ထားရှိ၏။ ခရိုင်အလိုက် မြို့နယ် ရွာများကို စာလုံးဝှက်ဖြင့် အမှတ်အသား ပေးထားလေသည်။

ကျွန်မက 'သတင်းတွေ စုံလှချည်လား' ဆိုမိ၏။ သူက ဤသတင်းတွေမှာ တစ်ဦးတည်း လက်ဝယ်သို့ ရောက်ရမည့် သတင်းမျိုး မဟုတ်ဘဲ၊ လက်ခံရရှိသူက ဆိုင်ရာ ဆိုင်ရာသို့ ဖြန့်ဝေ၍ ပေးပို့ရမည် ဖြစ်ကြောင်း ပြောပြသည်။

စီးပွားရေးနှင့် ပတ်သက်၍ မြန်မာပြည်တွင် ဖွင့်လှစ်သော ဂျပန်ကုမ္ပဏီများ၏ စာရင်းကို ကောက်ယူထား၏။ ဂျပန်စစ်ဘက်မှ လည်းကောင်း၊ ဂျပန်ကုမ္ပဏီများမှ လည်းကောင်း၊ မြန်မာ့ထွက်ကုန် ပစ္စည်းများဖြစ်သော ဆန်၊ စပါး၊ ဝါဂွမ်း၊ ပဲ၊ ပြောင်း၊ ကျွန်းသစ်၊ ရေနံ၊ သတ္တု၊ လူသုံးကုန် စသည့် ပစ္စည်းအမျိုးမျိုးကို မည်သည့်နေ့ရက်က မည်သည့်သင်္ဘောနှင့် တန်ချိန်မည်မျှ ဂျပန်ပြည်သို့ ပို့ကြောင်း၊ ထွက်ကုန်ပစ္စည်း အမျိုးမျိုးအမည်၊ စာရင်းဇယားများနှင့်တကွ သတင်းအခိုင်အလုံ ရရှိရေးအတွက် အဖွဲ့ခွဲ တစ်ဖွဲ့ လူမသိအောင် ဖွဲ့ထား၏။ ထိုအဖွဲ့ခွဲမှ စစ်ဘက်နှင့် ကုမ္ပဏီများမှ မည်သည့်သတင်းများ ယူရန် ညွှန်ကြားချက် ပေးလိုက်ခြင်းဖြင့် သူလိုချင်သော သတင်းများကို ရရှိလေ၏။

ပြည်သူလူထု၏ စီးပွားရေးဆိုင်ရာ အခြေအနေ သတင်းအစုံစုံမှာ မြန်မာပြည် အထက်ပိုင်း၊ အောက်ပိုင်း၊ မြေလတ်ပိုင်းဟု နယ်အရပ်ဒေသ ခွဲခြား၍ ထား၏။ ရှမ်းပြည်နယ် တောင်တန်းဒေသနယ်များပါ အပါအဝင် စီးပွားရေးဆိုင်ရာ အခြေအနေ သတင်းစုံ ဖြစ်ပေသည်။

ထိုအလုပ်ကို လုပ်သည့်နေ့ကစ၍ ကျွန်မလည်း ရှေးကထက် သတိဝီရိယကြီးစွာထားလျက် မပေါက်ကြားနိုင်ရန် အထူးလျှို့ဝှက်ရပေတော့သည်။ သူလည်း ယုံကြည်ရမည့်သူများ ရွေးချယ်ကာ အဘက်ဘက်မှ သတင်းများရရန် နေ့စဉ်နေ့တိုင်း လုံးပမ်းကြိုးစား စေခိုင်းနေလေသည်။ ထိုသူများကို ပေးဝေရန် ဗိုလ်လက်ျာက သူ့အား တစ်လလျှင် ၁၅၀၀ ကျပ် ပေးလေသည်။ ဂျပန် ကင်ပေတိုင်ရုံးမှာ လုပ်လျက်ရှိသော မြန်မာအချို့လည်း သူ့အပေါ်တွင် ကြည်ညိုသည့်အလျောက် သူတို့သိသမျှ မထိမ်မဝှက် သတင်းပေးကြလေသည်။ ကျွန်မက ဤအလုပ်မျိုးမှာ ကိုယ့်အပေါ်တွင် သစ္စာမဖောက်သော သွေးရင်းသားရင်းရှိမှ သာ၍ ကောင်းမည် ပြော၍ သူ့ညီ ကိုသန်းထွန်းကို လက်ရုံးတစ်ဆူထား၍ လုပ်လေသည်။

မနက်လင်းလျှင် လွယ်အိတ်တစ်လုံးလွယ်လျက် လူများရာ လက်ဖက်ရည်ဆိုင်များဗွင် အချိန်ကုန်ထိုင်ခဲ့ပြီး ရလာသည့် သတင်းတွေကို အိမ်၌ စာရွက်ပေါ်တွင်မှ မတေးမမှတ်တော့ဘဲ လက်နှိပ်စက်တွင် ရောင်စုံစက္ကူတွေ တစ်ရွက်ပြီးတစ်ရွက် ထိုးထည့်လျက် အင်္ဂလိပ်ဘာသာဖြင့် လျင်မြန်စွာ ရိုက်နှိပ်လေသည်။ ရိုက်၍ ပြီးစီးသောအခါ ကျွန်မက ကျွန်မမှတ်တမ်းအတွက် ကူးလို၍ လိုက်ကူးရာ ကျွန်မလက်ထဲမှ ဖောင်တိန်ကို ဆွဲယူလျက် 'မလုပ်နဲ့၊ မလုပ်နဲ့။ ရေနွေးပူ မကြောက်ဘူးလား' ဟု ပြောဆို တားမြစ်သဖြင့် ကူးခွင့်မရပေ။ 'ဘယ်အချိန်လောက်မှာ ဘယ်သူ လာမယ်။ အဲဒီစာအိတ်ကို သူ့လက်ထဲ ထည့်ပေးလိုက်' ဟု အမှာအတိုင်း ကျွန်မလည်း စာအိတ်ကြီးကို ကိုယ်ထဲတွင် လွယ်လျက် ထိုသူရောက်လာလျှင် ထိုစာအိတ်ကို ထုတ်ပေးရလေသည်။

'ဒါဟာ ဘယ်သူ့ဆီကို ပို့ရတာလဲ။ ဗိုလ်လက်ျာဆီကိုလား' ဟု မေးသည့်အခါ 'ဗိုလ်လက်ျာဆီကို မဟုတ်ဘူး' ဆို၍ ကျွန်မက 'ဘယ်သူ့ဆီကိုလဲ' မေးမြန်းရာ 'ကိုကိုလည်း မသိဘူး' ဟု ပြောသည်။

လျှို့ဝှက်သည့် အလုပ်ကြီး ဖြစ်သည့်အတိုင်း သူ့ဆီက သွားသော စာများကို မည်သူ့ထံသို့ ဝေငှပို့ပေးရသည်ကို သူ့အား အသိမပေးသည့်အတိုင်း၊ သူ့ထံမှ သွားကြောင်းကိုလည်း ဗိုလ်လက်ျာက မည်သူ့အားမျှ အသိပေးမည် မဟုတ်ကြောင်း သူ ပြောပြ၍ မှတ်တမ်းထဲ၌ မှတ်ထားရသည်။

မြို့ထဲမှ ရလာသည့် သတင်းတွေကို လက်နှိပ်စက်ရိုက်ပြီး ထိုသတင်းတွေအောက်က ဆိုင်ရာဆိုင်ရာ ဌာနအသီးသီးသို့လည်း မည်သို့ ပြင်ဆင်သင့်သည်၊ မည်သို့လုပ်ရမည်၊ မည်သို့ပြုပြင်ပါဟု ကြိုတင်အကြံဉာဏ် ပေးသွားပုံတွေမှာလည်း နေ့စဉ်နေ့တိုင်း စိတ်ဝင်စားဖွယ်ရာ ဖတ်ရလေသည်။

သူသည် နိုင်ငံအတွက် တကယ့်လုပ်ငန်းကြီးကို လုပ်၍နေသည်။ သူ့လုပ်ငန်းကြီးကား ကောင်းကင်တွင် ပုန်းကွယ်နေသော လေယာဉ်ပျံကို မြေပြင်မှ ရှာပေးသော ဆလိုက်မီးကြီးနှင့် တူလေသည်။ ဤမီးရောင်ထဲတွင် မိနေသော လေယာဉ်ပျံကို တိုက်ထုတ်ပစ်ခတ် ဖျက်ဆီးနိုင်အောင် အရှိန်ကြီးစွာ ဖြန့်၍ လိုက်ထိုးပြပေးနေသော အားကောင်းလှသည့် မီးမှန်ဘီလူးကြီးပေတည်း။

သူသည် အင်္ဂလိပ်စာကို မိမိဘာသာ မြန်မာစာထက်ပို၍ နိုင်နင်းလှသည်ဟု ဆိုချင်သည်။ သူ့နားနှင့် ကြားခဲ့ရသမျှနှင့် သူ့ခေါင်းထဲတွင် ရှိသမျှများကို အင်္ဂလိပ်စာလုံးအဖြစ် ရိုက်ပစ်လိုက်ပုံမှာ စကားလုံး တွေးတော စဉ်းစားနေသည်မှ မရှိဘဲ တရစပ် တစ်ရှိန်တည်း ရိုက်သွားသောကြောင့် ဖြစ်ပေသည်။ သူ့လက်ရာကား လူမသိသော လက်ရာများဖြစ်၍ နေ့စဉ်နေ့တိုင်း သူ့ထံမှ ဤစာရွက်ရောင်စုံတွေကို ဖတ်ရသူ နိုင်ငံရေးခေါင်းဆောင်များသာ သိကြ၏။





ကျွန်မတို့ အလုပ်မလုပ်လျှင် ဂျပန်က သို့လောသို့လော သံသယဖြစ်မည်ကြောက်၍ အောက်ထပ်တွင် စာအုပ်ဆိုင်ခန်း ဖွင့်ထားသည်။ ရန်ကုန်တွင် မြန်မာ့အလင်း ဦးတင် ကြီးမှူး၍ ငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့ထားရာ ဤအဖွဲ့ထဲတွင် ပြည်သူ့ပြန်ကြားရေးဌာနမှ သူ့အား လုပ်ပါရန် တိုက်တွန်းသဖြင့် အလုပ်တစ်ခုရှိလျှင် ကောင်းမည်၊ ဤအလုပ်လည်း ခဏသာဖြစ်ကြောင်း ကျွန်မက တိုက်တွန်းသဖြင့် လက်ခံပြီး ခေတ္တ လုပ်လိုက်သည်။

ဂျပန်က အုပ်ချုပ်ရေး လွှဲအပ်မည့်အခါ၌ သခင်ချစ်လာ၍ သခင်များထဲမှ မည်သူ အစိုးရအဖွဲ့ထဲတွင် ပါလျှင် ကောင်းမည်နည်းဟု မေးသည်။ သူက သခင်သန်းထွန်းသည် နိုင်ငံ၏ အခြေမှန် အနေမှန်ကို သိ၍ အရည်အချင်းများစွာ ရှိသောကြောင့် သူ့ကိုထည့်မှ ဖြစ်မည်ဟု ပြောလိုက်လေသည်။

ဒေါက်တာဘမော်ကို ဂျပန်များ အစောင့်အရှောက်နှင့် ခေါ်ယူလာပြီဟု သိရလျှင် သိရချင်း "ဒေါက်တာဘမော် အသက်ရှင်ရင် ခေါင်းဆောင်ဖြစ်မယ်" ဟု ပြောခဲ့သည့် စကားများကို ဟုတ်လိုက်လေခြင်းဟု အောက်မေ့ဖို့ရာ မရှိတော့ဘဲ၊ အင်္ဂလိပ် ပြန်လာမည်ဆိုသည့် စကားကို တစ်ထစ်ချ မှတ်ယူလျက် အင်္ဂလိပ်ငွေများကို ဘာအကြောင်းနှင့်မျှ ထုတ်မသုံးတော့ပေ။ ဂျပန်ပြန်လျှင် သတင်းစာထုတ်ရန် ကျွန်မ လုပ်ငန်းကြီးကို ပြန်စမည်ဟု စိတ်အားတက်လျက် ဇွဲတင်းထားလိုက်ပြန်သည်။

စက္ကူထုပ်များ အထုပ် ၂,၀၀၀ ကျော် ၃,၀၀၀ ခန့်ရှိ၍ စက္ကူများကို တရုတ်တန်းမှ ကုန်သည်တစ်ဦးက တစ်ထုပ်လျှင် ဂျပန်ငွေ ၂၅ ကျပ်နှင့် ဈေးဆိုင်လာသည်။ ဝယ်စဉ်က အင်္ဂလိပ်ငွေ ၇ ကျပ် ၈ ပဲခန့်ကျ၍ ၂၅ ကျပ်ပေးမည်ဟု ဆိုသဖြင့် ကိုယ့်စရိတ်နှင့် ဘိုကလေးမှာ သွားယူနိုင်က ရောင်းမည်ဟု စကားပြန်လိုက်သည်။

ညနေဘက် သူ ပြန်လာသောအခါ ကျွန်မက ငွေ ၂၅,၀၀၀ ကျပ်နှင့် စက္ကူများ အချို့ရောင်းတော့မည်ပြောရာ သူက ဒေါက်တာဘမော် အစိုးရ ထုတ်ဝေမည့် ဗမာ့ခေတ် သတင်းစာတွင် အယ်ဒီတာ လုပ်ရန်ပြော၍ မလုပ်နိုင်ကြောင်း ငြင်းပယ်ခဲ့သော်လည်း၊ ရှိသည့်စက္ကူများကို ဝယ်ရင်းဈေးနှင့် အစိုးရအား အားလုံး ကူညီသည့် သဘောနှင့် ပေးမည့်အကြောင်း ပြောခဲ့၍ ကတိမဖျက်နိုင်ကြောင်း ပြောလေသည်။ ကျွန်မလည်း သူ့ကတိ မပျက်ရန် တရုတ်ကုန်သည်အား မရောင်းတော့ဟု ချက်ချင်း အပြောခိုင်းလိုက်သည်။

စက္ကူများကို ဘိုကလေးတွင် ထားခဲ့၍ တစ်သုတ်ပြီးတစ်သုတ် သမ္ဗန်နှင့် သယ်ယူပြီး အစိုးရအား ပေးအပ်သည်။ 'အချိန်ကုန်သွားပြီ၊ လက်မှတ်မထိုးနိုင်

ဘူး။ မယူနိုင်ဘူး၊ ပြန်သယ်သွား’ ဟု အော်ဟစ်ငေါက်ငန်းလွှတ်သည့် အခါများ၌ ကျွန်မလည်း ဒေါသအလွန်ထွက်ကာ ‘ကျန်တဲ့အထုပ်တွေ တစ်ထုပ်မှ သွားသယ်မပေးဘူး’ ဟု ခေါင်းခါနေလိုက်သည်။ ကိုယ့်စရိတ်ကိုယ်ခံ၍ ဥညြ ခဏခဏ မှတ်နေသည့်ကြားထဲမှ လက်တွန်းလှည်းနှင့် အစိုးရပုံနှိပ်စက်အရောက် ဝယ်ရင်းဈေးအတိုင်း ဂျပန်ငွေနှင့် သွားအပို့လွှတ်ပါလျက် မထေမဲ့မြင် လုပ်ကြသည်ကို ဒေါပွမိတိုင်း သူက သည်းခံရန် ဖျောင်းဖျလေသည်။

ရေကျော် မြောင်းကြီးလမ်းကို ဗုံးကျသည့်နေ့တွင် ကျွန်မလည်း သားအငယ်ဆုံး မိုးဟိန်းကို ၇ လဖြင့် ဖွားမြင်ရလေသည်။ မြို့ထဲတွင် စိတ်မချရ၍ ဦးအုန်းခင်တို့က သူတို့ပြောင်းရွှေ့သွားသော ဗဟန်းရပ်ကွက် သူတို့အိမ်အနီးတွင် အိမ်ကလေးတစ်လုံးရှိ၍ ပြောင်းဖို့ရန် တိုက်တွန်းသည်။ ထိုအိမ်ကို ယခုတိုင် ကျွန်မ မမြင်ဖူးပေ။ သူက အိမ်တော့ ကောင်းသည်၊ ရပ်ကွက်က လူစုံ၍ နေဖို့သင့် မသင့် စဉ်းစားရန် ပြောသဖြင့်၊ ကျွန်မက တစ်အိမ်နှင့်တစ်အိမ် ဝေးသော နေရာမျိုးကို ရအောင် လိုက်ရှာပါဟု ပြောသည်။ ဦးအုန်းခင်တို့ မေးလျှင် အိမ်ကျဉ်း၍ မနေချင်ကြောင်း ပြောပါဟု မှာလိုက်ရသည်။

အိမ်ကား မရ။ မြို့ထဲ၌ အင်္ဂလိပ်များ ဗုံးတရစပ် လာချနေ၍ ဗိုလ်လက်ျာက သူ ပျဉ်းမနားတွင် နေမည်ဖြစ်၍၊ ရွှေတောင်ကြားလမ်းရှိ သူယူထားသော အိမ်တွင် ခေတ္တ ပြောင်းရွှေ့နေထိုင်ရန် လာပြောသောကြောင့် ရွှေတောင်ကြားလမ်းသို့ ပြောင်းခဲ့ရပြန်ပေသည်။

ရွှေတောင်ကြားလမ်း ဗိုလ်လက်ျာအိမ်တွင် သခင်ဗဟိန်းတို့လည်း ရှိ၊ သခင်သန်းထွန်း အိမ်နှင့်လည်း နီးလှသဖြင့် သူ့အလုပ်ကို လူမရိပ်မိအောင် မည်မျှလောက် လျှို့ဝှက်၍ လုပ်လေသည်မှာ၊ လက်နှိပ်စက် ရိုက်တတ်သူ သူငယ်တစ်ယောက်ကို လခပေးငှားကာ ဂျပန်သတင်းစာများမှ စီးပွားရေး၊ ကြီးပွားရေးအခန်းများကို လျှို့ဝှက်ရာဌာနကြီးသို့ ပေးပို့နေသော စာရွက်အပြာ၊ အဝါများနှင့်ပင် နေ့စဉ်နေ့တိုင်း ကူးရိုက်ခိုင်းသည်။ စက်သံတဒက်ဒက် နေ့တိုင်းကြားရ၍ ကျွန်မတို့နှင့် အတူနေသော ကိုဗဟိန်းက ‘နေ့တိုင်းပဲ ဘာများ ရိုက်နေတာလဲ’ ဟု မေးသဖြင့်၊ သူက ရိုက်ပြီးသား စာရွက်များကို ပြ၍ ဂျပန်သတင်းစာများမှ မှတ်စုများကို စုဆောင်းနေတယ်ဟု ပြောပြသည်။ လက်နှိပ်စက်စာရေး ထမင်းပြန်စားချိန်တွင် အခန်းတံခါး ပိတ်လျက် စက်ခုံတွင် ဝင်ထိုင်ကာ လျှို့ဝှက်ရာစခန်းသို့ ပို့ရန် သတင်းများကို တဂျောင်းဂျောင်း ရိုက်ချလိုက်သည်။ သူသည် ဤနည်းဖြင့် လက်နှိပ်စက်သံကို ရွှေတောင်ကြားလမ်း၌ ပေါက်မထွက်အောင် လက်နှိပ်စက်သမားတစ်ယောက် ခေါ်၍ လျှို့ဝှက်ထားလေသည်။





ဂျပန်တို့မှာ သူတစ်ပါးအသက်ကို ဖက်ရွက်လောက်မှ ပမာမထားဘဲ သတ်လား၊ ဖြတ်လား၊ နှိပ်စက်လားနှင့် ကြမ်းကြုတ်လှချေသောကြောင့် ဤအလုပ်ကို ကျွန်မ မကြောက်ဘူးလားဟု စစ်ကြောမေးဖွယ်ရာ ရှိလေသည်။ လျှို့ဝှက်သည့်နေရာတွင် သူ့လောက် ပိရိသိပ်သည်းပြီး အနားက မခွာသော ကျွန်မပင် အကင်းမပါးလျှင် သူ့အကြောင်း ဘာမျှမသိနိုင်အောင် နေထိုင်ကျင့်ကြံတတ်သူဖြစ်၍ ပေါက်ကြားမည်ကိုကား စိုးစဉ်းမျှ မပူပေ။ ဤအလုပ်ကို သူ့အား ရွေးချယ်၍ အပ်သည့်သူကိုပင် ချီးမွမ်းနေမိပေသည်။ သူသည် အလွန်သေချာသော သူတစ်ယောက် ဖြစ်သည်။ အနာဂတ်ရေ့ရေးကို သေသေချာချာတွက်၍ ပစ္စုပ္ပန် လုပ်ရမည့် အလုပ်တွေကို သေသေချာချာ လုပ်တတ်ပြီးလျှင် အပြောကိုလည်း သေချာမှ ပြောလျက်၊ အကျင့်စာရိတ္တ အနေအထိုင် အသွားအလာတွင်လည်း သေသေချာချာ ကျင့်ကြံနေထိုင်သူ တစ်ယောက် ဖြစ်လေသည်။

ရွှေတောင်ကြားလမ်းသို့ ပြောင်းသောအခါ ဆိုင်ရာအစိုးရအား ကျွန်မတို့ ပြောင်းပြီဖြစ်၍ ရေကျော်တွင် ထားခဲ့ရသော စက္ကူထုပ်များကို ယနေ့အကုန် သယ်ယူရန်နှင့် မသယ်နိုင်က အစောင့်မရှိ၍ ယနေ့ပင် လက်လွှဲရောင်းလိုက်ပါရစေ ဟု အကြောင်းကြားလိုက်သည်။ ညနေ ၄ နာရီထိုးလောက် ကားနှင့်လာ၍ အားလုံး သယ်ယူမည်၊ မရောင်းပါနှင့် ဆိုသဖြင့် လူတစ်ယောက် စေလွှတ်၍ စက္ကူများ ထုတ်ပေးရန် မှာလိုက်သည်။ မိုးချုပ်သည့်တိုင်အောင် ကားမလာ၍ ထိုသူငယ်လည်း မနေရဲသဖြင့် အခြားတွင် သွားအိပ်သည်။ နံနက်လင်းသောအခါ တိုက်တွင် စက္ကူထုပ်များ တစ်ထုပ်မျှမရှိဘဲ လူခိုးကုန်ပြီဖြစ်ကြောင်း သိရလေသည်။ အစိုးရဘက်မှ ကျွန်မကို ဝမ်းနည်းပါသည်ဟု ပါးစပ်နှင့် ပြောသောအခါ ကျွန်မလည်း အစိုးရကို အပြစ်မတင်ဘဲ သူ့ကြောင့်ဟု သူ့သာလျှင် အပြစ် နင်းတင်မိတော့သည်။

အလုပ်အကိုင် ဘာမျှမလုပ်ဘဲ ရှိသည့် ရွှေများကိုသ  လ တိုင်း ရောင်း၍ ဝမ်းစာအတွက် အေးအေးချမ်းချမ်းပင် နေထိုင်ကြသည်။ သူလည်း သူ့လုပ်ငန်းကြီးသာ လူမသိအောင် ကျိတ်လုပ်နေလေသည်။ သူ့ကို ဤလုပ်ငန်းအတွက် လစဉ်ပေးသော ငွေ ၁,၅၀၀ ကျပ်မှာ တစ်ခါတစ်ခါ လစဉ်မဟုတ်ဘဲ နှစ်လထပ်နေသည့် အခါများတွင် ကျွန်မကို ပေးစရာများ ဝိုင်းနေ၍၊ သူ မျက်နှာပူလွန်းလို့ စိုက်ပေးထားပါဆိုသဖြင့် ကျွန်မအိတ်ထဲမှ ၁,၅၀၀ ကျပ် စိုက်လိုက်ရသည့် လများလည်း ရှိခဲ့သေးသည်။

သူ့ကို လူတစ်ယောက်က ဂျပန်တိုက်ဖျက်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းအတွက် ရန်ကုန်တွင် ခေါင်းဆောင်လုပ်ဖို့ရန် သခင်စိုးကြီးက ပြောခိုင်း

လိုက်ကြောင်း ပြောပြသည်။ ပြောသူမှာ လူငယ်လူရွယ်လေးဖြစ်၍ 'ဟုတ်မှ ဟုတ်ပါ့မလား မသိဘူး' ဟု စဉ်းစားရခက်သလို ပြောလျက်၊ သူလုပ်နေသော အလုပ်မှာ အလွန်အရေးကြီး၍ ဤအလုပ်ကို လက်လွှတ်ဖို့ရာ မဖြစ်နိုင်ကြောင်း ပြောပြသည်။

တစ်နေ့တွင် သူက လျှို့ဝှက်ရာဌာနသို့ ပေးပို့နေသော သတင်းများမှာ သခင်သန်းထွန်းလက်မှ တစ်ဆင့် သွားကြောင်းကို သူ သိရပြီဖြစ်ကြောင်း ပြောပြသည်။

'ဘယ်လို သိသလဲ' ဟု ကျွန်မက မေးကြည့်သည်။

'မနေ့က ကိုကိုတို့ ပို့လိုက်တဲ့ သတင်းကို သူက ကိုကို ဒီသတင်း မသိဘူး အထင်ရှိပြီး ကိုကို့ကိုပြောမှ သူ့ဆီက တစ်ဆင့် သွားတာပါလားဆိုတာ ကိုကို ရိပ်မိခဲ့တယ်။ သူကတော့ မသိရှာဘူး'

'သူ့ဆီပဲလား၊ ဒီသတင်းတွေ ဒီ့ပြင် ဘယ်သူ့ဆီ သွားနိုင်သေးလဲ'

'စစ်သတင်းတွေနဲ့ ပတ်သက်သမျှတော့ ဗိုလ်ချုပ်ဆီ သွားတယ် ထင်တယ်။ မြေအောက်အတွက်က သခင်သန်းထွန်းနဲ့၊ အခြားသတင်းတွေက သခင်မြဆီ သွားလိမ့်မယ် ထင်တယ်'

သခင်သန်းထွန်းကား အိမ်ချင်းကပ်လျက် နေကြသော်လည်း ဤအလုပ်ကို သူ လုပ်နေကြောင်း လုံးဝ မသိပေ။

ပျောက်ဆုံးသွားသော စက္ကူထုပ်များမှာ နဂိုအထုပ်နှင့် မဟုတ်ဘဲ အစိုးရအား ပေးအပ်သည့်အခါ လွယ်ကူရန် ကိုယ့်ဘာသာအထုပ်များ လုပ်ထားသည်ဖြစ်၍ အမှတ်အသားနှင့် ဂတ်တွင် ပျောက်ဆုံးကြောင်း တိုင်ချက်ပေးလိုက်သည်။ မကြာမီ ပုလိပ်များ လုံ့လဖြင့် စက္ကူထုပ်များကို အကုန်ပြန်မိလေသည်။ စက္ကူထုပ်များ ပြန်၍ မိသော်လည်း ဤအထုပ်များကို အစိုးရကပင် တစ်ဆင့် ပိုက်ဆံပေးပြီး ဝယ်ထားပြီးသော စက္ကူများ ဖြစ်နေ၍ ကနဦးကလို အစိုးရနှင့် ကျွန်မတို့မှာ ရောင်းသူ ဝယ်သူ အဖြစ်မျိုး မဟုတ်ကြတော့ဘဲ၊ ဤကုန်ပစ္စည်းများနှင့်ပင် တရားလိုနှင့် တရားခံအဖြစ်ဖြင့် မျက်နှာချင်း ဆိုင်ကြရပေတော့မည်။

သူကား အစိုးရပစ္စည်း ဖြစ်ကုန်ပြီ ဆိုလျှင်ဆိုချင်း စက္ကူထုပ် ပြန်ရရာ ရကြောင်းကို လုံ့လမထုတ်၊ ရုံးသို့လည်း တစ်ခေါက်မျှ မသွားဘဲ သူ့ခေါင်းထဲတွင် စက္ကူအကြောင်းကို ထည့်၍မျှ မစဉ်းစားတော့ပေ။

ကျွန်မလည်း အလုပ်အကိုင်မလုပ်၍ ဒါတွေကို ရောင်းသုံးမည်ဟု အားထားလာရာ၊ ဂျပန်ငွေစက္ကူ တန်ဖိုးမရှိ ဖြစ်လာသဖြင့် စက္ကူတစ်ထုပ်လျှင် နေ့ချင်းညချင်းပင် ၂၅-၃၀ ကျပ် မှ ၃၀၀-၄၀၀ ကျပ်သို့ ဈေးတက်နေ၍ တန်ဖိုး တစ်သိန်းကျော်နေသောကြောင့် အားထားချက်ကြီး ပျက်ပြားသွားရသဖြင့် "သူ





အညံ့ခံလို့" ဟု သူ့ကိုသာ တွင်တွင်ကြီး အပြစ်ပြောရလေသည်။ သူ့လုပ်ငန်းအတွက် နေ့စဉ် အပြင်ထွက်ရ၍ ကျွန်မထံတွင် စရိတ်တောင်းတိုင်း ကျွန်မက 'ကိုကို့ ပေးတဲ့ငွေ ၁,၅၀၀ ကျပ်ထဲက စရိတ်အတွက်မှ မဖယ်တော့ဘူးလား' ဟု အပြစ်တင်ပြန်သည့် အခါလည်း 'ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ ပို့ပါ တင်လေးရာ' ဟု ကျွန်မထံ အလျှော့ခံနေ၍၊ ဤလုပ်ငန်းကြီးအတွက် ကျွန်မကပါ အလျှော့ထည့်နေရတော့သည်။

ဗိုလ်လက်ျာအိမ်တွင် နေစဉ် သူက သခင်သန်းထွန်းမှာ လူပျိုဖြစ်၍ အစစအရာရာ ချို့ငဲ့နေကြောင်း ခဏခဏ ညည်းတွားပြီးလျှင် တတ်နိုင်သမျှ 'သူ့အိမ်ကို အိမ်နဲ့တူအောင် လုပ်ပေးစမ်းပါ' ဟု ခိုင်းပြန်သေး၍၊ ကျွန်မမှာ အလုပ်မရှိဘဲ အားလပ်ခွင့် ရနေသူ ဖြစ်သဖြင့် ကိုယ့်အိမ်အရေးတွင်မကဘဲ သခင်သန်းထွန်းအိမ်ကိုပါ ကူညီပြည့်စွက် စောင့်ရှောက်လုပ်ကိုင် ပေးနေရလေသည်။

ဗိုလ်လက်ျာတို့ ပျဉ်းမနားမှ ရန်ကုန်သို့ ပြောင်းရမည် ဖြစ်သောအခါ ကျွန်မတို့လည်း အိမ်ရှာကြရာ အိမ်မရသဖြင့်၊ ကံဘဲ့တွင် စာတိုက်ဗိုလ် လုပ်နေသော ကျွန်မနှင့် ညီအစ်မအရင်းမက ချစ်ခင်သည့် စုစုတို့အိမ်သို့ ခေတ္တရွှေ့ကြပြီးလျှင် ကံဘဲ့ကမှ နေထိုင်ရန် အိမ်ကို လိုက်လံရှာဖွေရလေသည်။

အိုးအိမ် အတည်တကျမရှိဘဲ ပစ္စည်းများလည်း အကြိမ်ကြိမ် အဖန်ဖန် ပြောင်းရဖန် များလှသဖြင့် ပျက်ယွင်းလာပြီဖြစ်သောကြောင့် ကျွန်မဘဝကို ကျွန်မပင် မုန်းတီး၍ လာပေတော့သည်။ အိမ်ကောင်းကောင်းဆိုလျှင် ဂျပန်များသာ နေသည်ဖြစ်၍ အိမ်ရနိုင်မည် မဟုတ်သဖြင့် ကျွန်မကို မြေယာကွက်လပ်တစ်ခုထဲတွင် တဲထိုးနေရန် နားချနေသည်။ ကျွန်မမှာ အိမ်ရှာရသည်မှာ ဖတ်ဖတ်မောနေသဖြင့် စိတ်တိုနေသောကြောင့် 'ကိုကို့အရည်အချင်းမျိုး တစ်ဝက်လောက်သာ တင်လေးမှာ ရှိစမ်း။ ဘုရင်ခံအိမ်ပေါ်မှာ ဂျပန်တွေ မနေရဘူး။ တင်လေး သွားနေတာ ကြာလှပြီ' ဟု စိတ်ပေါက်ပေါက်နှင့် ပြောမိသည်။ ကျွန်မတို့တွင် ကိုယ်ရည်မဟုတ်ဘဲ ကလေးတွေပါ ရှိနေသည်။ သူတို့မှာ စစ်ဖြစ်ခါနီး စစ်ထဲတွင် လူဖြစ်လာကြ၍ အေးငြိမ်းချမ်းသာမှုကို တစ်ကွက်မျှ မခံစားရဘဲ လူကြီးတွေကဲ့သို့ပင် လိုက်၍ ဒုက္ခရောက်နေကြရစဉ်၊ သူတို့အား အိမ်နှင့်မထားဘဲ တဲနှင့် ထားရမည်မှာ ကျွန်မ အသက်ရှင်နေသရွေ့ တဲနှင့်ဖြင့် မနေစေရဘူးဟု ဆုံးဖြတ်ချထားသည်။ တဲထိုးရန် အကြံပေးချက်ကို နားနှင့်မျှ မကြားနိုင်အောင် ဖြစ်ပေသည်။ စုစု မေမေကလည်း ကျွန်မကဲ့သို့ပင် စိတ်ထက်သူ၊ ဇွဲကြီးသူ တစ်ယောက်ဖြစ်၍ ကျွန်မနှင့် စိတ်ချင်း သဘောချင်း ကိုက်လွန်းသဖြင့် မအေနှင့် သမီးလို ဖြစ်သွားကြလျက် အိမ်ရအောင် လိုက်လံ ရှာဖွေကြရလေတော့သည်။

သူ့မှာ မြင်းလှည်းရလျှင် မြင်းလှည်းနှင့် ရန်ကုန်သို့ သွားသည်။ မြင်းလှည်း မရလျှင် ထီးတစ်လက်နှင့် ငါးမိုင်ခရီးလောက်ကို ခြေကျင်လျှောက်လျက် သူ့အလုပ်ကြီးကို နေ့စဉ်ရက်ဆက် ပင်ပန်းကြီးစွာ လုပ်၍ နေရလေသည်။ နံနက် ကိုးနာရီထိုးလျှင် ထမင်းအကျက်မှ မစောင့်နိုင်ဘဲ မြို့ထဲသို့ လွယ်အိတ်တစ်လုံး လွယ်ပြီး ထွက်သွားလေသည်။ ညနေ မှောင်လုခါနီးရှိမှ မြို့ထဲမှ ဆိုက်ကားမရလျှင် ခြေကျင်လျှောက် ပြန်လာခဲ့သည်။ အိမ်ရောက်ပြန်လျှင် အမောအပန်းမှ မဖြေဘဲ လက်နှိပ်စက်တစ်လုံးရှေ့တွင် ထိုင်ကာ တဒက်ဒက်နှင့် ရိုက်နှိပ်နေတော့သည်။ ညက ရိုက်ထားသော စာများကို လျှို့ဝှက်စခန်းသို့ ပို့ရန် လာယူလိမ့်မည်ဟု ပေးထားခဲ့ပြီးလျှင် မိုးလင်းလျှင် ထွက်သွားပြန်လေတော့သည်။ နေ့စဉ်နှင့်အမျှ ခြေထောက်အားကိုးနှင့် လုပ်နေရ၍ သူ့ခြေထောက်၌ ဖိနပ်ပေါက်ပြီး အနာကြီး ဖြစ်လာသည်။ သူ့အပြန်ကို စောင့်စောင့်ပြီး ဒေါ်ဒေါ်က ဆေးထည့်ပေးရသည်။ မည်မျှနာနာ၊ နာသည် မပြောဘဲ တစ်နေ့မပျက် မြို့ဘက်သို့ ထွက်သွားနေသဖြင့် ကျွန်မတင်မက ဒေါ်ဒေါ်ကပင် သူ့ကိုနားရန် ဆူပူ ကန့်ကွက်လာကြသည်။

တစ်နေ့ကုန် တစ်နေ့ခန်း မြို့ထဲသို့ ထွက်သွားရာ မနက်ကိုးနာရီက ညနေ ခြောက်နာရီအထိ ဆီးတစ်ခါမှ မသွားဘဲ နေသောကြောင့် လူလည်း ချုံချာလာသည်။ ကျန်းမာရေးကို အထူးဂရုစိုက်ပေးပါလျက် မစိုက်သောကြောင့် 'ငယ်ငယ်ရွယ်ရွယ်နဲ့တော့ မုဆိုးမ ဖြစ်တော့မှာပဲ' ဟု သူ့ကို ပြောမိသည်။ ဒေါ်ဒေါ့အိမ်တွင် နေရ၍ ဒေါ်ဒေါ့သမာဓိကို ယုံကြည်ပြီးလျှင် ဒေါ်ဒေါ့ကို သူက ဤအလုပ် လုပ်နေကြောင်း အရိပ်အငွေ့ ပြောပြထားသည်။ သူ ထွက်သွားပြီဆိုလျှင် 'ဦးချစ်မောင် ခဏ နေပါဦး။ မြင်းလှည်း လာပါလိမ့်မယ်။ အဝေးကြီးပဲ၊ မလျှောက်ပါနဲ့။ နေပူပါတယ်' ဟု အရပ်ပျက်တော့မတတ် ပြေးထွက်ပြီး အော်တတ်သည်။ တစ်ရပ်လုံးပင် ထွက်ကြည့်ကြသည်။

ယောလုံချည် အနက်ကို စည်းလျက် ပင်နီအဝါကြမ်းကြီးကို ဝတ်ပြီး လွယ်အိတ်ကြီးလွယ်ကာ မြို့ဘက်သို့ လျှောက်သွားသော သူ့ပုံပန်းကို အိမ်ပေါက်ဝမှ လှမ်း၍ ကြည့်နေသော ကျွန်မမျက်လုံးများ၌ မျက်ရည်တွေဖြင့် ပြည့်နေသည်။

သူ့ကို ဂျပန်ခေတ်က လက်ဖက်ရည်ဆိုင်တွင် အမြဲတွေ့၍ ဘာအလုပ်မှ မလုပ်သည့် သူတစ်ယောက်ဟု ပြောကြသည်။ လက်ဖက်ရည်ဆိုင်ကား စေတနာဝန်ထမ်း ဦးချစ်မောင်၏ ရုံးခန်း ဖြစ်လေသည်။ သူ့လူများကား လက်ဖက်ရည်ဆိုင်တွင် ချိန်းလျက် ရသမျှ သတင်းတွေကို အစီရင် ခံကြလေသည်။

ကျွန်မနှင့်ဒေါ်ဒေါ်မှာ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် မလျှော့သောလုံ့လဖြင့် အိမ်ရှာကြသည်။ အိမ်မရနိုင်သဖြင့် တစ်နေ့တွင် သင်္ကန်းကျွန်းသို့ သွားကြ





သည်။ ဝတ်လုံတော်ရ ဦးမောင်ကြည်အိမ်သို့ ဝင်ကြသောအခါ သူ့တွင် တာမွေ မြင်းပြိုင်ကွင်းနား၌ ဥယျာဉ်ကြီးရှိ၍ ထိုဥယျာဉ်မြေတွင် သူ့အစ်ကို၏ အိမ်နှစ်လုံး ရှိကြောင်း၊ တစ်အိမ်မှာ ဂျပန်နေ၍ တစ်အိမ် အားကြောင်း ပြောလိုက်သည်။ ကျွန်မတို့လည်း ချက်ချင်းသွားကြည့်ကြရာ နှစ်အိမ်စလုံး အားသည်ကို တွေ့ရ၍ လက်ဝဲဘက် တိုက်အိမ်သစ်ကို ၅၀၀ ကျပ်ဖြင့် ငှားလိုက်ကြသည်။

ဤအိမ်ရပုံ ထူးဆန်းလွန်း၍ မှတ်တမ်းကြီးတွင် အကျယ်တဝင့် ရေးမှတ်ခဲ့သည်။

ဥယျာဉ်ကြီး၌ ရေကန်နှစ်ကန်ရှိသည့်ပြင် ပန်းမျိုးစုံ၊ သစ်ပင်မျိုးစုံဖြင့် အလွန်သာယာလှပေသည်။ မြို့နှင့်ဝေးလျက် ဆိတ်ငြိမ်သာယာလှသော ဥယျာဉ်ကြီးထဲရှိ အိမ်သစ်ကြီးသို့ အမြန်ဆုံး ပြောင်းရွှေ့လာခဲ့ကြသည်။

လေကောင်းလေသန့်ရပြီး သန့်ရှင်းစင်ကြယ်စွာ နေထိုင်၍ ဂျပန်ခေတ်တွင် အခြားကလေးများကဲ့သို့ ကျွန်မကလေးများ ဝဲမပေါက်၊ မချုံချာဘဲ သူတို့၏ ကျန်းမာရေးကား ပူပန်စရာ မရှိအောင် အခြေအနေ ကောင်းသည်။ ကရင်မိန်းကလေး နှစ်ယောက်ထား၍ အိမ်ကို မွမ်းမံ ပြင်ဆင်ပြီးလျှင် သူ့အား အိမ်သုခကို အစွမ်းကုန် ပေးနေသည်။ အလုပ်တိုက်ရှိ စားပွဲ ဗီရို ပစ္စည်းများကို မြန်မာ့ကပ်မတော်သို့ အချို့လှူ၊ အချို့ရောင်းပြီး စက်နှင့် စာခုံများသာ သွားလေရာသို့ အိမ်ထောင်ပစ္စည်းများနှင့် အတူ ရွှေ့ယူခဲ့သည်။ လူ အရောက်အပေါက်နည်း၍ မြို့နှင့်လည်း ဝေးသဖြင့် သူလည်း လက်နှိပ်စက်ကို ပုန်းလျှိုးဝှက်လျှိုး မရိုက်ရတော့ဘဲ စိတ်စက်အေးအေးဖြင့် ရိုက်ရလေသည်။

ဗိုလ်လက်ျာ ပျဉ်းမနားမှ ရန်ကုန်သို့ ပြောင်းလာသဖြင့် အားလုံး ခေါင်းဆောင်များကို ဖိတ်၍ နိုင်ငံရေးအတွက် တိတ်တဆိတ် တိုင်ပင်ဆွေးနွေးကြရန် ထမင်းကျွေးပွဲ လုပ်ပါဟုခိုင်းလျှင် ဂျပန်ခေတ်တွင် မရနိုင်သော အစားအစာများကို ရအောင်ရှာလျက် ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေး ဧည့်ခံပြုစုသည်။

ယခင်က နိုင်ငံခြားနှင့် ဆက်သွယ်၍ ကြီးပွားလာသော ပိုက်ဆံရှိသူ လူချမ်းသာတစ်ဦးက သူ့အိမ်ထောင်ပစ္စည်းများ စစ်အတွင်း မပြောင်းနိုင်၊ မရွှေ့နိုင်၍ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဂျပန် မဝင်ခင်က သွားထားရာ၊ ယခုအခါ သူလည်း အိမ်မရသဖြင့် ပစ္စည်းများ ရောင်းချင်ကြောင်း စကားစပ်မိ၍ သူ့ပစ္စည်းများကို ဝယ်ယူလိုက်လေသည်။ စန္ဒရား၊ ရေခဲစက်၊ အိမ်ထောင်ပရိဘောဂများကို ၎င်းထံမှ ဝယ်ယူပြီး ရှိရင်း ပစ္စည်းများနှင့် အိမ်ကို ခမ်းခမ်းနားနား ပြင်ဆင်ထားလိုက်သည်။ ဗိုလ်လက်ျာ ကျွန်မတို့ထံသို့လာလျှင် 'ဒီအိမ်လာရင် ဘယ်လိုများ စိတ်ချမ်းသာမှန်း မသိဘူး' ဟု ထုတ်၍ပင် ပြောသည်။ ကျွန်မအိမ်ကို

လာလျှင် မည်သူမျှ စစ်ဖြစ်နေသည်ဟု သတိရမည် မဟုတ်ပေ။ ကျွန်မသည် လင်သားနှင့် တကွ ကလေးများပါ စစ်ကာလကို အိမ်သုခဖြင့် သာယာချမ်းမြေ့ ဖြေဖျော်ပေးရလေသည်။

ဥယျာဉ်ကြီးကား လွန်စွာ ကျယ်ဝန်းသည်။ ရေကန်နှစ်ကန်က ဥယျာဉ်ကြီး၏ ကျက်သရေကို ဆောင်လျက် နေလေသည်။ ရေကန်ပေါင်တွင် အခင်းလိုက် အခင်းလိုက် စိုက်ပျိုးထားသော နှင်းဆီနှင့် စံပယ်ပင်တွေလည်း ဖွေးဖွေးလှုပ်အောင် ပွင့်လျက် ရှိသည်။ နံနက်လင်း၍ လသာဆောင်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ရေကန်ထဲ ဗျိုင်းငှက်တွေ အအုပ်လိုက် ရေလာသောက်နေကြသည်။ တောင်ကုန်းကြီးပေါ်မှ ခြောက်ထပ်ကြီး ဘုရားကြီးကို လှမ်းဖူးလိုက်ပြီး တိတ်ဆိတ် ညှို့မှိုင်းနေသော ဥယျာဉ်ကြီးကို နံနက်တိုင်း ဝရန်တာမှ ထွက်ကြည့်သည်။ ညို့ညို့ရိပ်ရိပ် ကိုင်းအုပ်နေသည့် မရမ်းပင်၊ သရက်ပင်ကြီးတွေပေါ်၌ ရှဉ့်ကောင်ကလေးများလည်း ခုန်လွှား ဆင်းတက် ကစားနေကြသည်။ ပန်းမျိုးစုံ၊ သစ်ပင်မျိုးစုံတွေကြားထဲမှ ယုန်ကလေးများ ကြောက်ကြောက်လန့်လန့်နှင့် ပြေးဖြတ်သွားသည်ကို တစ်ခါတစ်ခါ မြင်လိုက်ရသည်။

စံပယ်၊ ဇီဇဝါ၊ နှင်းဆီ၊ သရဖီ၊ စံကားဝါ၊ စံကားစိမ်း စသည့် ပန်းပင်တို့မှ အပွင့်တွေလည်း ပန်ဆင်မည့်သူကို စောင့်လင့်နေကြသလို ပွင့်ချင်တိုင်း ပွင့်နေရာ၊ အိမ်ထောင်မကျခင်က သူပို့လိုက်သော ကဗျာတစ်ပုဒ်ကို မမေ့လေအောင် သတိပေးနေသကဲ့သို့ ဖြစ်တော့သည်။

ငွေသရဖီ ပန်းမှုန်ကြွေ့မှာတော့၊ လေပလီ ဖျန်းသုန်လို့ဝေ့ရင်
ဖြင့်၊ ဆွေမဒီ စန်းယုန်မေ့ကိုလ၊ လွမ်းဟုန်ငွေ့ ပွေဗျာစီ။ ။ မေမလွမ်း
ပြီလ၊ ရေသွန်းတော် ခါတိုင်တော့မထင့်၊ မဟာမြိုင် ပင်ရုံမြင့်ငယ်က၊
ညာအနိုင် ယဉ်ရုံနှင့် ပွင့်ရှာကြတယ်ကွယ်၊ ထူးတင့်ခါမီ။ ။ ခါဂါမေ
နွေအစွန့်ပေမို့၊ ညာလိန်ကြွေ မြေကိုကွန့်ရှာကြ၊ ဘွေသလွန့် စက်ရာ
ဆီမှာ၊ လက်ျာချိုပုံက လွန်ယဉ်ကျေး။ ။ ယခုနှယ်လေလေ့၊ သမုန္ဒယ်
တင်တင်ရှိတာဖြင့်၊ မိမိငယ် ဆင်တော်မူရအောင်၊ ဆောင်တံချူ ကိုင်
မညွတ်သော်လဲ၊ ခေါင်ယွှင့်ငွေရည်တံနှင့်၊ ကေသီပန် မေဆင်မြန်း
ရအောင်၊ ဝတ်ရည်ကို ဆွတ်ခြွေလို့ မလှမ်းလိုက်ရလေခြင်း၊ မှန်းရော်မိ
တစ်ယောက်ကညာ ကလေးရယ်တို့ (တင်လေးရေ) ပန်းဂေါ်ဖီ
ပိတောက် စံကားဝါ အမွေး။

ဤရာသီမှာ လွန်စွာ လွမ်းဆွတ်ဖွယ် ဖြစ်ပေသည်။ ရွက်ဟောင်းများ အပင်အောက်သို့ ကြွေကျလျက် ရွက်ညွန့် ရွက်သစ်ကလေးများလည်း လှန်စ





ပြုလေပြီ။ လေပြည်ကလေး သွေး၍ ရွက်နုကလေးများလည်း မငြိမ့်တငြိမ့် ငြိမ့်တငြိမ့်နှင့် လွင့်ပါး ကစားနေကြသည်။ မြူခိုးမင်းလွင်တို့လည်း ရီမှုန်မှိုင်းဝေလျက် ရှုလေတိုင်း လွတ်ဆွတ်ဖွယ်သာ ဖြစ်တော့သည်။ ဤရာသီကား သာမန်လူများကို မဆိုထားဘိ၊ သောတာပန်များသော်မှ စိတ်မလှုပ်ရှားဘဲ မနေနိုင်အောင် ဖြစ်ရကြောင်းကို သျှင်ဥတ္တမကျော်ရေး တောလားတွင် "သည်ချိန်ခါကို၊ သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှောင်ခဲ့" ဟု စပ်ဆိုလေသည်။

နံနက်တွင် ဥယျာဉ်ကြီးထဲမှ ပန်းမျိုးစုံခူး၍ ဘုရားကျောင်းဆောင်အတွက်နှင့် ဧည့်ခန်း၊ စားခန်း၊ အိပ်ခန်းတွေတွင်ရှိသော ပန်းအိုးအသီးသီးတို့အတွက် လသာဆောင်၌ ပန်းသစ်လဲလှယ် ထိုးရသည့်အလုပ်ကို နံနက်တိုင်း ကိုယ်တိုင်လုပ်လေသည်။ ဘုရားတွင် ပန်းကပ်၊ ဘုရားရှိခိုး ပြီးခဲ့လျှင် ကလေးများကို ခေါ်ကာ ဥယျာဉ်ထဲသို့ ဆင်းလေသည်။ ရေကန်စည်းရိုးပေါင်တွင် ထိုင်ကာ မဟာသမယသုတ်နှင့် ဓမ္မစကြာသုတ်များကို ရွတ်လျက် ကျွန်မတို့နှင့် တစ်ဝင်းတည်း နေထိုင်သော ရက္ခစိုးနတ်များကို အမျှပေးဝေသည့် အလုပ်ကိုလည်း နေ့စဉ် မပြတ်မလပ် ပြုလုပ်နေသည်။ နောက်နောက်က အခြားနေရာများ၌ နေခဲ့ရသည်နှင့် မတူဘဲ ဤဥယျာဉ်ရောက်မှ ရှေးကထက် စိတ်နှလုံး သိမ်မွေ့နူးညံ့ပြီးလျှင်၊ ရတနာသုံးပါးကိုလည်း ရှေးကထက် ဆည်းကပ်လျက် သဒ္ဓါတရား လွန်စွာ ဖြစ်ရလေသည်။

'ပတ်ဝန်းကျင်ဟာ လူ့စိတ်ကို ကောင်းကျိုး ဆိုးကျိုး ပေးနိုင်တဲ့သတ္တိရှိပေတယ်' ဟု သူ့ကို အခါခါ ပြောမိသည်။

အိမ်ထောင်မကျခင်က အသိဉာဏ်များနှင့် ယခု အိမ်ထောင်ကျပြီးမှ သူနှင့် နီးနီးကပ်ကပ် နေထိုင်ရ၍ ပညာဉာဏ် တိုးပွားပြီး ဉာဏ်ရင့်လာပုံကို ကျွန်မကိုယ်ကိုယ် ကျွန်မ အထူးသတိပြုမိသည်။ သူ၏ အတွေးအဆများ၊ အမြင်အသိများကို တစ်ဦးနှင့်တစ်ဦး နေ့စဉ် ဆိုကြ ပြောကြရာတွင် စိတ်ဝင်စား၍ မှတ်သားဖွယ်ရာ စကားများမှာ နေ့စဉ်မှတ်တမ်း သားရေဖုံး စာအုပ်ကြီး၏ စာမျက်နှာတိုင်း၌ မှတ်ခဲ့သည်။ သူနှင့် မည်သည့်ပညာသည်ပင် တွေ့တွေ့၊ သူ့ထံမှ မိမိပညာနှင့် ပတ်သက်သည့် စကားများကို မှတ်သားလောက်အောင် ကြားနာ၍ သွားရသည်သာ ဖြစ်သည်။ သူသည် မည်သည့်ပညာသည်ကိုမဆို အလေးပြုသည့် စိတ်ထား ရှိသည်။ မတိုးတက် မကြီးပွားဘဲ ပညာအစအန ရှိသူများကို ကျွန်မ မျက်စိအောက်၌ ပညာသည်ကြီးတစ်ယောက် ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း လုံလောက်သွားအောင် သူ လုပ်ပေးလိုက်သည့် ဗေဒင်ဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ၊ ရုပ်ရှင်ပညာသည်၊ လက်မှုပညာ၊

စက်မှုပညာ စသည့် သူ့ကျေးဇူးမကင်းသူ ပညာသည်များ အများအပြား ရှိလေသည်။ အသက်အရွယ် ငယ်ငယ်နှင့် သူ့လောက် အဘက်ဘက်က ပြည့်စုံသူမှာ သူလိုလူမျိုး တစ်ယောက်သာလျှင် ရှိလေသည်။ ပညာရပ်မျိုးစုံကို အလုံးစုံ စိတ်ဝင်စားလျက် လေ့လာလိုက်စား မှတ်သားသည်မှာလည်း သူလိုလူမျိုး သူတစ်ယောက်သာလျှင် ရှိပေသည်။ သူကား မည်သည့်ပညာကိုမျှ အထင်မသေးသော သူတစ်ယောက် ဖြစ်သည်။

ဤအိမ်ကြီးတွင် ကျွန်မတို့အပြင် သူ့သူငယ်ချင်း နှစ်ယောက်လည်း လာရောက် နေထိုင်သည်။ ဗုံးချလျှင် အကာအကွယ်ဖြစ်အောင် အိမ်တွင် တပ်ဆင်ထားသော ကျောက်လှေကားဖြူကြီးကို စစ်ဖြစ်ခါနီး၌ ဗုံးအာမခံ သောင်းနှင့်ချီ၍ အကုန်ခံကာ ဆောက်ထားသောကြောင့်၊ ဗုံးကျင်းမတူးဘဲ လေယာဉ်ပျံလာလျှင် ၎င်းလှေကား အောက်၌ပင် ဝင်၍ ပုန်းကြသည်။

အလွန်သာယာသော ခြံကြီးထဲ၌ အလွန်လှပသော အိမ်ကြီးတွင် စိတ်ရောလူပါ ချမ်းချမ်းသာသာ နေထိုင်ကြစဉ်၊ တစ်ညသ၌ မော်တော်ကားတစ်စီး အိမ်ရှေ့တွင် ထိုးရပ်ပြီး တံခါးကို လာပုတ်သဖြင့် တံခါး ဖွင့်ပေးလိုက်ရသည်။ ဧည့်သည်သည် မိတ်ဆွေများ မဟုတ်ဘဲ ဂျပန်များ ဖြစ်နေလေသည်။ အိမ်ထဲသို့ ဝင်လာကြပြီး ဂျပန်ဘာသာနှင့် 'ဤအိမ်ကို လာသိမ်းသည်၊ မနက်လင်းရင် ဖယ်ကြ' ဟု စစ်ဗိုလ်က မိုက်မိုက်ရိုင်းရိုင်း ပြောလေသည်။ ကျွန်မလည်း 'ကိုကို ဘာမှ မပြောနဲ့၊ တင်လေး ပြောမယ်' ဟု သူ့အား ဟန့်တားလိုက်ကာ 'မင်းတို့ စစ်ဗိုလ်ကို ပြောလိုက်၊ ဖယ်မပေးဘူး'ဟု ဂျပန် စကားတတ်သော ကားမောင်းသမားကလေးကို ပြောလိုက်သည်။ စကားပြန်က စကားပြန်လိုက်လျှင် ဂျပန်စစ်ဗိုလ်လည်း ဣန္ဒြေဣန္ဒြာ မဆည်နိုင်အောင် ဒေါထသွားသည်။ တစ်အိမ်လုံးကို အိပ်ခန်း၊ အိမ်သာခန်း မကျန် အနှံ့အပြား လျှောက်ကြည့်လျက် 'မနက်ဖြန်ကျရင် ကြီးကြီးမားမားတာ လာမယ်၊ အားလုံး ပြောင်းဖို့ အသင့်ပြင်ထား'ဟု ဆိုပြီး ထွက်သွားကြသည်။

ဤအိမ်မှာ အင်္ဂလိပ်အိမ် မဟုတ်၊ မြန်မာပိုင်အိမ် ဖြစ်သဖြင့် သူတို့ ဖယ်ခိုင်းတိုင်း ဖယ်ရမလားဟု ဒေါသ အလွန်ဖြစ်သွားသည်။ သူကား ဂျပန်များ ပြန်ထွက်သွားသည်အထိ စကား တစ်ခွန်းမျှ ဝင်မပြောပေ။ ကျွန်မကို သူတို့နှင့် တုလို့တော့ မဖြစ်ဘူး၊ ပြောင်းဖို့ရာသာ ပြင်ထားတော့ ဆိုသဖြင့် ကျွန်မက ဘယ်အိမ်ကိုလဲ မေးသည့်အခါ ယခုအခါ ဘယ်အိမ်မှ မြို့ပြင်ဘက်တွင် အလွတ်မရှိတော့၍ တဲထိုးနေဖို့ရာ ပြောလေသည်။ 'တဲနဲ့များတော့ ဘယ်တော့များမှ မနေဘူး'ဆိုပြီး သူ့နားမှ ထ၍ အပေါ်ထပ်သို့ တက်သွားသည်။ တစ်ညလုံး အိပ်မရအောင် စိတ်ရှုပ်ရလေသည်။





နောက်တစ်နေ့တွင် သူလည်း သူ့အလုပ်ရှိရာ ဗဟန်း လက်ဖက်ရည်ဆိုင်သို့ ထွက်သွားသည်။ သူ ထွက်သွားပြီး မကြာခင်ပင် ဂျပန်များ ရောက်လာကြသည်။ ဂျပန်တစ်ယောက်မှာ စစ်ဘက်မှ ကာနယ်စစ်ဗိုလ်ဖြစ်ပြီး၊ အခြား နှစ်ယောက်မှာ စစ်ဝတ်စစ်စား ဝတ်မထားသဖြင့် စကားပြန်များဟု ထင်ရသည်။ စစ်ဗိုလ်က ကျွန်မကို တွေ့လျှင်တွေ့ချင်း ရူးရူးရဲရဲနှင့် ဂျပန်စကားကို နားကြားပြင်းကတ်လောက်အောင် ပြောလေသည်။ သူပြောသမျှ စကားတွေကို သူနှင့် လိုက်လာသူ နှစ်ယောက်အနက်မှ ပုပုဂျပန်က အင်္ဂလိပ်လို ဘာသာပြန်ပြောသည်။ ကျွန်မမှာ ဂျပန်လူမျိုးထဲက လေယူလေသိမ်း အင်္ဂလိပ်အသံနှင့် မခြားအောင် မွန်မွန်ရည်ရည်တတ်သူ တစ်ဦးမျှ မတွေ့ဖူး၍ များစွာ အံ့အားသင့်သွားသည်။

ဤအိမ်မှာ ရန်သူပိုင်အိမ် မဟုတ်၍ ကျွန်မတို့ ဖယ်မပေးနိုင်ကြောင်း၊ ကျွန်မတို့ ခုချက်ချင်း ဆင်းသွားလို့ ဖြစ်တဲ့ လူစားမျိုး မဟုတ်ကြောင်းကို စစ်ဗိုလ်နားလည်အောင် ပြောပြဖို့ရာ ပြောပြလိုက်သည်။ ကျွန်မစကားကို ဘာသာပြန်က စစ်ဗိုလ်ကို ပြန်ပြောသောအခါ စစ်ဗိုလ်က နှုတ်ခမ်းမွေးကြီးများ ထောင်ထလာအောင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အော်ဟစ် ပြောဆိုသောအခါ၊ ရောက်ကတည်းက စကားတစ်ခွန်းမျှ မပြောဘဲ ဂျပန်ရုပ်နှင့်လည်း လုံးလုံးမတူ၊ ဂျာမနီစပ်ကြီးလို ထောင်ထောင်မောင်းမောင်း ဂျပန်အဘိုးကြီးက စစ်ဗိုလ်ကို ဘာဝင်ပြောသည် မသိ။ တစ်စုံတစ်ရာ ပြောလိုက်ရာ စစ်ဗိုလ် လေပျော့သွားပြန်တော့သည်။

'စစ်အချိန်မှာ စစ်က အလိုရှိရင် ဖယ်ရတာ တိုင်းသူပြည်သားရဲ့ အလုပ်တစ်ခုပဲ။ ဒီအိမ်ကို စစ်သားများ နေစေဖို့ အရေးကြီးတဲ့အတွက် အမြန်ဆုံး ဖယ်ပေးပါ'

'ကျွန်မတို့က ဘယ်သွားနေရမှာလဲ'

'ခင်ဗျားတို့ တဲဆောက်နေနိုင်သားပဲ'

'စစ်သားဟာ ဒီလိုအိမ်မျိုး နေဖို့မဟုတ်ဘူး။ စစ်သားများသာ တဲဆောက်နေရမယ်။ အရပ်သူ အရပ်သားဟာ ကြာရှည်လေးမြင့် တဲနဲ့ မနေနိုင်ဘူး'

'တခြား အိမ်တစ်အိမ်ကို ပြောင်းနေပါလား'

'အိမ်မရှိဘူး'

'စစ်ဗိုလ်က အိမ်ရှိတာ မရှိတာ သူတို့နဲ့ မဆိုင်ဘူးတဲ့။ အားလုံး နက်ဖြန်ရွှေ့ပါတဲ့'

'နက်ဖြန်ရွှေ့ရအောင် ကျွန်မတို့က ဒီပစ္စည်းတွေနဲ့ ဘယ်သွားရွှေ့နေရမှာလဲ၊ မရွှေ့နိုင်ဘူး။ ကျွန်မစိတ်ကြိုက် အိမ်မရဘဲ ကျွန်မ ဘယ်နည်းနဲ့မှ ရွှေ့မပေးနိုင်ဘူး'

'စစ်အမိန့်'

ဂျပန်စစ်ဗိုလ် အော်သလို ဘာသာပြန်ကလည်း အော်၍ ပြောသည်။

'ကျွန်မကို ရှင်တို့ သေနတ်နဲ့ ပစ်ပြီးမှ ဒီအိမ်ကို ရလိမ့်မယ်။ ပစ်လိုက်၊ ပစ်လိုက်'

သူတို့ထက် ပိုပြီး အော်ပြောလိုက်သည်။

သူတို့အချင်းချင်း ဘာပြောနေကြသည် မသိ။ တစ်တိုက်လုံး သူတို့အသံများနှင့်သာ ဆူညံနေလေသည်။ ကျွန်မကား ကြောက်ရမှန်းကို မသိတော့ပေ။ သေမှ ဖယ်ပေးမည်ဟု စိတ်ကို တုံးတုံးချပြီး ပြောလိုက်ခြင်း ဖြစ်သည်။

အရပ်ရှည်ရှည် ဂျပန်အဘိုးကြီးက ကျွန်မကို စိန်းစိန်းကြီး စိုက်ကြည့်လျက် ဘာသာပြန်ကို 'ကျွန်မ ယောကျ်ား ဘာလုပ်သလဲ၊ ကျွန်မ ယောကျ်ား ဘယ်သူလဲ' ဟု မေးခိုင်းသည်။ ကျွန်မက 'ဦးချစ်မောင်'ဟု ပြောသည့်အခါ ချစ်ဆိုသည့်စကား သူတို့ဂျပန်တွင် မရှိသဖြင့် အခက်အခဲ ဖြစ်နေကြသည်ကို ရိပ်မိ၍ ကျွန်မက သူ ငြိမ်းချမ်းရေးတွင် ခေတ္တ ဝင်လုပ်စဉ်က ဂျင်နရယ်အီးဒါး ပေးသွားသော လက်မှတ်ကြီးကို ဗီရိုအံဆွဲထဲမှ ထုတ်ယူ၍ နာမည်ကို လက်ညှိုးနှင့် ထောက်ပြလိုက်သည်။ အရပ်မြင့်မြင့် ဂျပန်က ထိုစာရွက်ကို ဦးညွှတ်ပြီးမှ ဖတ်ကြည့်သည်။ စာရွက်မှာ ဗီရိုအံဆွဲထဲတွင် ထိုးညှပ်ထား၍ ခေါက်လိမ် တွန့်ကြေနေသဖြင့် "ဤစာရွက်ကို ဤလိုမထားဘဲ ပေါင်သွင်းပြီး ချိတ်ထားရန်" ပြောလေသည်။ ကျွန်မလည်း စိတ်ပေါက်ပေါက် ရှိနေ၍ စာရွက်ကို ဆိုဖာ ကုလားထိုင်ပေါ်သို့ ပစ်ချလိုက်ပြီး ပါးစပ်မှလည်း (Useless) 'အသုံးမကျဘူး' ဟု ဆိုလိုက်သည်။ ထိုအခါ အရပ်ရှည်ရှည် အဘိုးကြီးက စာရွက်ကို လှမ်းကောက်လျက် "ရိုရိုသေသေ ရှိရန်" ကျွန်မကို ပြောခိုင်းသည်။ ကျွန်မက 'ဂျင်နရယ်ရဲ့ လက်မှတ်ကြီး ပိုင်ဆိုင်ထားတဲ့ သူတစ်ယောက်ကို အောက်တန်းစားသူများလို ချက်ချင်း ဖယ်ပေးရမယ် အမိန့်ပေးနေမှဖြင့် ဒီစာရွက်မျိုး ကျွန်မအိမ်မှာ တရိုတသေ ထားဖို့ရာ ဘယ်နေရာမှ မရှိဘူး' ဟု ပြောပစ်လိုက်သည်။ အချင်းချင်း ဂျပန်စကား ပြောနေကြပြန်ပြီး၊ အိမ်ကို ကြည့်ပါရစေ ပြောပြန်၍ တစ်အိမ်လုံး လိုက်ပြရသည်။ အပေါ်ထပ် အလယ်ဆောင်ကြီးတွင် မှန်ဗီရိုတွေနှင့် အပြည့် ထည့်ထားသော စာအုပ် ထောင်ပေါင်း များစွာကို တွေ့ရှိသောအခါ၊ ဤလောက်များလှသည့် စာအုပ်များကို တစ်ခါမျှ မမြင်ဖူးကြောင်း ဝန်ခံကြသည့်အလား ထူးထူးဆန်းဆန်း တအံ့တသြကြီး ဖြစ်နေကြသည်။

အံ့သြမည် ဆိုကလည်း အံ့သြဖွယ်ပင် ဖြစ်ပေသည်။ သူဖတ်သည့် စာအုပ်များမှာ စာရင်းအရ၊ ထိုအချိန်က အုပ်ရေ တစ်သောင်း ကျော်၍ နေပေပြီ။





ကျွန်မယောကျ်ား ဖတ်သည့် စာအုပ်များဖြစ်ပြီး သူကား သတင်းစာဆရာ တစ်ယောက် ဖြစ်ကြောင်း ပြောပြလိုက်သည့်အခါ၊ အောက်တုန်းကလောက် မျက်နှာပေးများ မဆိုးလှတော့ချေ။ အခန်းစေ့ ဝင်ကြည့်ပြီးလျှင် 'မြန်မာပြည်မှာ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း အိမ်ရှေ့ နောက်ဖေးနေတာ ခင်ဗျားတို့အိမ်ပဲ မြင်ဖူးတယ်' ပြော၍ ကျွန်မက 'စစ်မဖြစ်ခင်က မြန်မာပြည်ကို ရှင် ရောက်ဖူးရင် အားလုံးအိမ်တွေ ဒီလိုပဲ တွေ့ရမယ်' ဟု ပြောလိုက်သည်။

အောက်ထပ်ဧည့်ခန်းသို့ ပြန်ဆင်းကြပြီးနောက် ပြောင်းရွှေ့ပေးရန် လေအေးနှင့် ပြောကြပြန်သည်။ သူတို့သုံးယောက်တွင် အရပ်မြင့်မြင့်နှင့် ဂျပန်ကြီးမှာ အပြောအဆို သိမ်မွေ့၍ စကားလည်း နည်းသည့်ပြင် တစ်ချိန်လုံး ကျွန်မကိုသာ အကဲခတ်နေသည်။

နောက်ဆုံး၌ ကန်တော်ကြီး ဝင်ဒါမီယာဘက်ရှိ ဘိုအိမ်များတွင် ကျွန်မကြိုက်သည့်အိမ် ပေးပါမည်။ ဤခြံကြီးကို မြင်းတပ်ထားချင်၍ အိမ်ပြောင်းနေပါရန် တောင်းပန်ကြပြီး၊ ကျွန်မကို ကြိုက်ရာအိမ် လိုက်ပြပါဟု ပြောကြသည်။ ကျွန်မလည်း စုစုတို့ မေမေ ဒေါ်ဒေါ်ကို ခေါ်၍ သူတို့နှင့် လိုက်သွားသည်။ တစ်အိမ်ပြီး တစ်အိမ် ကားဆိုက်၍ လိုက်ပြသည်။ အိမ်တွေမှာ အိမ်အား မဟုတ်ဘဲ စစ်ဘက်မှ စစ်သားများ နေထိုင်သော အိမ်များ ဖြစ်နေသည်။ အိမ်ညံ့ညံ့ဆိုလျှင် ကျွန်မက နှာခေါင်းရှုံ့၍ ခေါင်းခါပြီး အထဲကိုမှ ဝင်မကြည့်ဘဲ နေလိုက်သည်။ သူတို့ပြသော အိမ်များမှာ ခဏခဏ ဗုံးချနေသော နေရာများဖြစ်၍၊ အချို့အိမ်များကို ကြိုက်သော်လည်း မနေရဲသောကြောင့် မကြိုက်ဘူးချည်းသာ ပြောပြီး ပြန်ခဲ့သည်။

နံနက်တိုင်း ခြံထဲသို့ဆင်းကာ နတ်များအား ပရိတ်ရွတ်၍ အမျှ ပေးဝေပြီးနောက်၊ ကျွန်မကို မကူညီနိုင်တော့ဘူးလားဟု တမ်းတ တိုင်တည်မိတော့သည်။ ဂျပန်များလည်း အလုံးအရင်းနှင့် ဉယျာဉ်ကြီးထဲသို့ ပြောင်းရွှေ့လာကြကာ သစ်ပင်ကြီးများကို ဖြိုလှဲလျက် အိမ်ကလေးတွေ ဆောက်နေကြသည်။ အိမ်မရမချင်း အိမ်ပေါ်မှ ဖယ်မပေးဟု ပေတေပြီး နေရသော်လည်း စစ်သားတွေနှင့် ရောနှောနေဖို့ရာ မဖြစ်နိုင်သည့်အတွက် ကျိတ်၍ အိမ်ရှာရပြန်ပါသည်။

သူတို့ ပြောင်းရွှေ့လာကြပြီး ရက် ၂၀ လောက်ကြာသော် အရပ်မြင့်မြင့်နှင့် ဂျပန်အဘိုးကြီး တစ်ညနေ ပေါက်လာ၏။ စစ်ဗိုလ်နှင့် သူ လိုက်ခဲ့သည်မှာ စကားပြန်အဖြစ် မဟုတ်ကြောင်း၊ သူသည် သားရေနယ်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာဖြစ်၍ စစ်ဗိုလ်နှင့် ခင်သဖြင့် အလုပ်ရုံသို့အသွား စစ်ဗိုလ်ကားနှင့် လာခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာပြည်တွင် သတင်းစာဆရာ မိသားစုအား ဤသို့

ရှိင်းပျစွာ ပြုမူခြင်းကို မနှစ်မြို့က်၍ ဆိုင်ရာ စစ်ဗိုလ်များကို အတင်းအဓမ္မ မပြုကျင့်ရန် သူ လုံးပန်း၍သာ အဖယ်မခိုင်းခြင်း ဖြစ်ကြောင်းနှင့်၊ အကယ်၍ စစ်သားများနှင့် ယခုလို နေရ၍ စိတ်မချမ်းသာလျှင် ဘောက်ထော်တွင် သူ့ ကုမ္ပဏီမှ သိမ်းထားသော အိမ်နှစ်လုံးရှိ၍ တစ်အိမ်ကို မြန်မာနှင့်ဂျပန် ချစ်ကြည် ရေး အလွန်လိုလားသောကြောင့် ပေးမည်ဖြစ်ကြောင်း လာပြောလာသည်။ ကျွန်မ ယောကျ်ား အကြောင်းကို မြို့ထဲတွင် စုံစမ်းသည့်အခါ မျိုးချစ်စိတ် အလွန်ရှိသော သူတစ်ယောက်ဟု သိခဲ့ရသဖြင့်၊ သူလည်း သူ့အမျိုးကို အလွန်ချစ်သော သူ တစ်ယောက်ဖြစ်၍ ဤကဲ့သို့သော လူမျိုးကို လေးစားသည့်အကြောင်း အင်္ဂလိပ် ဘာသာဖြင့် ပြောပြသည်။ ကျွန်မတို့မှာ ပထမက အဘိုးကြီး အင်္ဂလိပ်စကား မတတ်ဘူးဟု အထင်ရှိနေကြ၍ များစွာ အံ့သြရလေသည်။

ဂျပန်နှင့် အိမ်ချင်းကပ်၍ နေဖို့ရန် မိမိအလုပ်အကိုင်နှင့် ဖြစ် မဖြစ် စဉ်းစားကြည့်သောအခါ၊ လောလောဆယ် ဂျပန်တွေ တစ်အုပ်ကြီးနှင့် ရောနေရ သည်ထက် တစ်အိမ်စီ နေရသည်က သင့်သေးသည်ဟု ဆုံးဖြတ်ရပြီး ဘောက် ထော်သို့ ကျွန်မ လိုက်ကြည့်သည်။ အိမ်မှာ နေလောက် ထိုင်လောက်အောင် ကောင်းသော်လည်း ကျွန်မက မသန့်ရှင်းကြောင်း ညည်းညူ၍၊ သန့်ရှင်းစွာ နေတတ်သူများကို အလွန် လေးစားသည့်အတိုင်း ဤအိမ်ကြီးကို နေမည်ဆိုလျှင် သစ်သစ်လွင်လွင်ဖြစ်အောင် အားလုံး ပြင်ဆင်ပေးမည်ဟု ပြောလျက်၊ ကုလား တစ်ယောက်ကို အိမ်ပြင်ဖို့ ကန်ထရိုက် ပေးလိုက်သည်။

ကျွန်မတို့လည်း ဘောက်ထော်သို့ ပြောင်းခဲ့ရပြန်လေပြီ။ ဂျပန်အဘိုးကြီး က ညာဘက် တစ်ထပ်တိုက်ကလေးတွင် နေ၍ ခြံချင်းကပ်လျက်ရှိ နှစ်ထပ်တိုက် ကို ပေးသည်။ ကျွန်မတို့ ရောက်သည့်နေ့က စ၍ ကျွန်မ သဘောကျအတိုင်း တစ်အိမ်လုံး ဆေးသုတ်၊ ရေပိုက်များ သွယ်ပေးနှင့် မမျှော်လင့်မိသော ဂျပန်ထံမှ အကူအညီကို အလိုလို ရရှိသဖြင့် 'နတ်တွေ အမှုဝေတဲ့ တန်ခိုးပဲ' ဟု သူက နောက်နေသည်။

ဂျပန်များနှင့် နီးနေ၍ အစစ သတိဝီရိယ ရှိကြရန် တစ်ဦးကိုတစ်ဦး သတိပေးလျက် အထူး သတိထား၍ နေကြရလေသည်။

အဘိုးကြီးမှာ အလုပ် မသွားခင်နှင့် အလုပ်အပြန်တွင် ကျွန်မတို့ ခြံဘက် ဆီသို့ ကူးလာပြီး အိမ်ထဲမဝင်ဘဲ အိမ်ပေါက်ဝမှ သူ့ကို လာ၍ နေ့စဉ် ဦးညွတ် သည်။ မိသားစု စိတ်ချမ်းသာရဲ့လား၊ ဘာအလိုရှိသလဲနှင့် သူတို့ ဂျပန်ပြည်ကို ကျွန်မတို့ သွားလည်နေသလို သူတို့က အိမ်ရှင်၊ ကျွန်မတို့က ဧည့်သည်ကဲ့သို့ ပြုစုနေသည်။ မည်သည့် ဂျပန်တစ်ယောက်မှ ဤဘက်သို့ ကူးမလာစေရဘဲ





ကျွန်မတို့ အမြင်တွင် ဂျပန်လူမျိုးများ အလွန်ရိုင်းသည်ကို တတ်နိုင်သမျှ ပြေလည် ရန် ကျွန်မတို့အပေါ်တွင် အလွန် ယဉ်ကျေးကြောင်း ပြကြလေသည်။ သူ့ကိုလည်း ဂျပန်ကို ဘာ့ကြောင့် မြန်မာ မကြိုက်သလဲ ဆိုသည့် ဆောင်းပါးတစ်စောင် ရေးပေး ရန် ပြော၍ သူက အင်္ဂလိပ်ဘာသာဖြင့် ဂျပန်လူမျိုးများ၏ ယုတ်မာရိုင်းစိုင်းလှ သော အမှားများကို ရှည်လျားစွာ ရေးသားပြီး ပေးလိုက်သည်။ အဘိုးကြီးမှာ အလွန် အကင်းပါးသော အဘိုးကြီးဖြစ်သည်။ လက်နှိပ်စက်သံ နေ့တိုင်းကြားသည် ကို ဘာများ နေ့တိုင်း ရိုက်သလဲဟု အမှတ်တမဲ့ သူ မရှိသည့်အခါ လာမေးသည်။ ကျွန်မက လက်နှိပ်စက်ခုံတွင် သူ တင်ထားသော အရှေ့အာရှတိုက်၏ ကြီးပွားရေး၊ စီးပွားရေး အကြောင်းအရာများကို ယူပြပြီး နေ့စဉ် လေ့လာရိုက်ကူးနေကြောင်း ပြောပြသည့်အခါ၌ အလွန် သဘောကျသွားလေသည်။

ကျွန်မတို့အိမ်သို့ နိုင်ငံရေးသမားများ အဝင်အထွက် မစဲဘဲ၊ အထူးသဖြင့် ဗိုလ်လက်ျာ ခဏခဏ အလာအများဆုံး ဖြစ်သောကြောင့်၊ ကျွန်မကို ဗိုလ်လက်ျာ ခဏခဏ ဘာ့ကြောင့် လာသလဲဟု မေးသည်။ ကျွန်မက ဗိုလ်လက်ျာနှင့် ကျွန်မ ခင်ပွန်းမှာ ပန်းချီ အလွန်ဝါသနာပါကြပြီး၊ သူ့ပန်းချီကားများကို လာပြလျက် ကျွန်မတို့ ပန်းချီကားများကိုလည်း လာကြည့်ပြီး၊ အသစ်ကားများကို ထပ်ဆွဲခိုင်း ရန် တစ်ယောက်နှင့်တစ်ယောက် လာတိုင်ပင်ကြောင်း ပြောကာ ပန်းချီကားများ ထုတ်ပြရသည်။ အိမ်ကို ဆေးသုတ်ပြင်ဆင်နေရ၍ မချိတ်ရသေးပေ။ နေထွက်က မနေဝင် နေ့စဉ် လွယ်အိတ်တစ်လုံးလွယ်ကာ မြို့ထဲသို့ သူ ထွက်ထွက် သွား သည်ကိုလည်း 'ဦးချစ်မောင် မြို့ထဲမှာ ဘာအလုပ်ရှိသလဲ' မေးပြန်သည်။ ကျွန်မက သူ့လောက် အလုပ်များသောသူ မရှိကြောင်း၊ မြို့ရေး ရွာရေးနှင့်တကွ အစိုးရ အဖွဲ့ကို အကြံဉာဏ်ပေးပြီး နေ့စဉ်ပင် ဟိုအစည်းအဝေး၊ သည်အစည်းအဝေးတွေ အမြဲ သွားနေရကြောင်း ပြောပြလိုက်သည်။

ဤအိမ်ရောက်လျှင် သူလည်း ဘာစိတ်ကူးရသည် မသိ။ သားရေဖုံး ဈေးသုံးစာအုပ်ကြီးထဲတွင် နေ့စဉ်မှတ်တမ်း ဒိုင်ယာရီကြီးကို ရက်စွဲထိုး၍ ရေး လသည်။

မြို့ထဲသို့ သူ မသွားသည့်အခါ လျှို့ဝှက်သတင်းများကို သူ့ညီ ကိုသန်း ထွန်းက အိမ်သို့ လူယုံများနှင့် အရောက် ပို့ပေးလေသည်။

ရက်များမကြာမီ ဤအိမ်တွင် သူခိုး အခိုးခံရရာ သူနှင့် ကိုသိန်းမောင် နှစ်ယောက် ဂတ်သို့ ထွက်သွားကြပြီး၊ အပြန်တွင် သူခိုးခိုးခံရသည့် တေးထပ် တစ်ပုဒ် ဂတ်တွင် ရေးစပ်လာသော စာရွက် ကျွန်မကို ထုတ်ပြသည်။

သူသည် အပြင်လူကို မဆိုထားနှင့်၊ အိမ်သူအိမ်သားများနှင့်ပင် အလ

ဟာသ စကားမျိုးကို တစ်ခွန်းတလေမှ ပြောလေ့ပြောထ မရှိဘဲ သူပြောသမျှ စကားများမှာ သူ့ခေါင်းထဲတွင် မှတ်သားထားသမျှတွေကိုသာ လေးလေးနက်နက် အမြဲပြောလျက် နေထိုင်သည်။ အိမ်၏ ငွေရေးကြေးရေးကိုမူကား အလျှင်း ဘာမျှ ဂရုမမူဘဲ နေထိုင်သည်။ ငွေရေးကြေးရေးပင် မဟုတ်၊ သူ့ကိုယ်ရေးကိုလည်း ပစ်စလက်ခတ် ထားနေပြီးလျှင် နေ့စဉ်နေ့တိုင်း တိုင်းပြည်ကိစ္စနှင့် မအားအောင် ရှိနေသည်။ စာရေးဆရာအသင်း ကိစ္စ၊ ဝါဒဖြန့်ချိရေးဝန်ကြီး ဗန္ဓုလဦးစိန်၏ ရုံးတွင် နိုင်ငံတော်ရေးရာ အဖြာဖြာနှင့် အစိုးရတို့ လုပ်ဆောင်ဖွယ်ရာတို့ကို သွားရောက် အကြံပေးခြင်း၊ ဦးလှမင်းရုံးတွင် စည်ပင်ရေးအဖွဲ့ လုပ်ငန်းစစ်ဆေးရေး ဆိုင်ရာ အစည်းအဝေးသို့လည်း သွားရောက်၍ အစိုးရနှင့် စည်ပင်ရေးအဖွဲ့တို့ လုပ်ပုံကိုင်ပုံတွေကို ညွှန်ပြ ပြောဆိုရခြင်း၊ နီးစပ်ရာ ဝန်ကြီးတွေအိမ်သို့ မဖိတ်မခေါ်ဘဲ သွားရောက်၍ အကြံပေး၊ အကူအညီ ပေးသည့်အပြင် သူကိုယ်တိုင် ဆောင်ရွက်နိုင်မည့် ကိစ္စဖြစ်က ဆောင်ရွက်၍ ဝန်ကြီးများသာ ဆောင်ရွက်နိုင်မည့် ကိစ္စဖြစ်က ထိုသူ ဆောင်ရွက်နိုင်လောက်အောင် နောက်ပိုင်းက စေ့စုံအောင် စီစဉ်ပေးခြင်း၊ မြန်မာ့ဝန်ထမ်း သင်တန်းသို့ သွားရောက်၍ သတင်းနှင့် ဆောင်းပါးရေးနည်းများ အကြောင်းကို သင်တန်းပေးခြင်း၊ လျှို့ဝှက်လုပ်ငန်းကြီးအတွက် သွားရောက် သတင်းထောက်လှမ်းရခြင်း စသည်ဖြင့် အမျိုးမျိုး ကိစ္စများလှသည်။ နံနက်က ထွက်လျှင် ညနေစောင်းမှ အိမ်ပြန်ရောက်သည်။ အိမ်သို့ရောက်လျှင် ထမင်းစားပြီးပြီးချင်း စားပွဲတွင် ထိုင်ပြန်ကာ မြန်မာအဘိဓာန် ဆောလျင်စွာ ထုတ်လုပ်နိုင်ရန် ဦးအောင်မြတ်ထွဋ်၊ ဦးဇနိယ၊ ဖျာပုံဦးသြဘာသ၏ အဘိဓာန်များကို ထိုင်၍ စစ်ဆေးပြီး၊ မြန်မာ့ယဉ်ကျေးမှု ရာဇဝင်အတွက် ဒေါက်တာဘဟန်၊ ဒေါက်တာ ထင်အောင်၊ ဦးဖေမောင်တင်တို့နည်းတူ တစ်ခန်းဝင်၍ ရေးရန်ရှိသည်ကို စ၍ ရေးခြင်း၊ ဦးလှမင်းက တိုင်းပြည်အတွက် အစီအစဉ်တစ်ခု ရေးဆွဲပေးပါဟု တောင်းထားသည်ကို ရေးဆွဲရခြင်း၊ နိုင်ငံအခွန့်ရှည်စွာ အကျိုးခံစားနိုင်မည့် စာပေများကို ပြုစုဖို့ရာ လွှတ်လပ်ရေးရလျှင် လူငယ်များ ပြုလုပ်ဖွယ်ရာများ ရေးသားခြင်း၊ မိတ်ဆွေကြီးတစ်ယောက် လွှတ်တော်အတွင်း၌ ဆိုရန် ပြောရန် စကားအရပ်ရပ် အဆို အပြင်ပြင်ကို စီစဉ်ရေးသားခြင်း၊ နေ့စဉ်မှတ်တမ်းကို ရေးရခြင်း၊ နေ့လယ်က ရလာသည့် သတင်းတွေကို လျှို့ဝှက်ရာ စခန်းသို့ပို့ရန် လက်နှိပ်စက်ရိုက်ရခြင်း စသည့် တစ်မျိုးပြီး တစ်မျိုး လုပ်ဖို့ရာ ရှိသမျှများကို ည လေယာဉ်ပျံများ လာလျှင် ဗုံးကျင်းထဲသို့လည်း ဝင်ရသေးသောကြောင့် နံနက် သုံးနာရီ၊ လေးနာရီအထိ လုပ်ရလေသည်။

သူ့နားမှာထိုင်၍ 'ညဉ့်နက်လှပြီ'ဟု တတွတ်တွတ် သတိပေးနေသော်





လည်း သူရေးသမျှတွေ ထိုင်ဖတ်နေသဖြင့် စိတ်ဝင်စားနေသောကြောင့် မိုးလင်းခါနီးတော့မည်ကိုမှ မသိဘဲနေသည့် ညများလည်း ရှိလေသည်။

တစ်ညတွင် ရေးစရာတွေ အကုန်ကျုံး၍ ရေးနေစဉ် လေယာဉ်ပျံများ ည နှစ်ချက်လောက် ဗုံးလာကြဲသဖြင့် ကျင်းထဲတွင် နံနက် သုံးနာရီနီးနီးလောက် နေရလေသည်။ ဘေးရန်ကင်းရှင်းသော ဥသြ မှုတ်လျှင် တစ်ခါတည်း အိပ်ရာဝင် အိပ်ပါတော့ဟု သူ့ကို ပြောထားသည်။ အချက်ပေး ဥသြမှုတ်၍ အိမ်ပေါ်သို့ တက်ကြလျက် အိပ်ရာထဲ ဝင်ရောက်ပြီးမှ 'မနက် ကိုကို မြို့ထဲမှာ ကိုဆောင်းနဲ့ အစောကြီး ချိန်းထားလို့ သွားရမယ့် ကိစ္စရှိတယ်။ တပ်မတော်လည်း ရေးပေးစရာ ကျန်နေသေးတယ်။ မနက် ရေးပေးလို့ မမီဘူး။ အခုရေးမှ ဖြစ်မယ်'ဟု ပြောပြောဆိုဆို အိပ်ရာမှ ထ လျက် အောက်သို့ ပြန်ဆင်းသွားသည်။

ခြေသံမကြားအောင် အောက်ထပ်သို့ တိတ်တိတ်ကလေး ဆင်းလာခဲ့ပြီး၊ သူ ဘာများ ရေးနေသလဲဟု သူ့နောက်မှ စီးကြည့်သည်။ တစ်ကြောင်းပြီး တစ်ကြောင်း အသော့ ရေးနေသည်ကို အမိလိုက်ဖတ်ကြည့်နေရာက သူ့ခေါင်းထဲက ဦးနှောက်တွေဟာ လူသာမန်တွေရဲ့ ခေါင်းက ဦးနှောက်တွေနဲ့မှ တူရဲ့လားဟု အောက်မေ့မိလေသည်။

'အမှတ်သညာ၊ အသိဉာဏ်တွေကို ခေါင်းထဲတွင် ဘယ်လိုများ ထည့်မှတ်ထားသနည်း' ဟု သူ့ကိုမေး၍ သူက 'အကန့်နဲ့ အကန့်နဲ့ ထားတယ်' ဟု ပြောသည်။

တပ်မတော်သို့ပို့ရန် အိပ်ရာထဲ ရောက်ပြီးမှ ပြန်ထ၍ ရေးလိုက်သော စာကလေးကား–

မြန်မာနိုင်ငံတော်
မြန်မာ့တပ်မတော်
ဗိုလ်မှူး ဗိုလ်လက်ျာ ထံသို့။

၁၃၀၆ ခု ကဆုန်လဆုတ် ၉ ရက်။

ဗိုလ်မှူးခင်ဗျား

ဗိုလ်မှူး ပေးလိုက်သော ဘွဲ့မည်ရည်များကို ရာဇဝင်ကြောင်း ညှိနှိုင်း ကြံဆကြည့်ရာ၊ အောက်ပါအတိုင်း မှည့်ခေါ်ရန် သင့်တော်သည်ဟု သဘောရရှိပါသည်။

၁။ မဟာသူရိန်
၂။ ဇေယျပျံချီ (သို့မဟုတ်) သိဃ်ပျံချီ
၃။ သီဟယော်ဓာ

၄။ ရွှေတောင်အာကာ (သို့မဟုတ်) အာကာကျော်စွာ။

၅။ .................။

၆။ ပညာဗလ (သို့မဟုတ်) ဝေရကျော်ထင်။

၁ တွင် မဟာသူရိန်ဟူ၍ ယူခြင်းမှာ မဟာ၊ ကြီးသော မြတ်သော။ သူရိန်၊ ချပ်တန်ဆာနှင့်တကွ သမုဒ္ဒရာကို ကူးနိုင်အံ့၊ သို့မှတ်ထင်၍ ကိုယ်ပင် အရဲအစွမ်းကို ယုံလှစွာလျက် အဖော်မရှာ ကိုယ်တည်းသာလျှင် ထွက်ဝံ့သော သူရဲကောင်း အကြီးအကဲဟူ၍ အနက်ရခြင်းကြောင့် မဟာသူရိန်ကို ယူခြင်း ဖြစ်ပါသည်။ မဟာ သီဟသူရထက်ပင် ကဲလွန်ထူးခြားသော ဘွဲ့ဖြစ်ပါသည်။ ကြိုက်သော် ယူပါ။ ရှေးက သူရိန် တန်ဆောင်၊ နေမျိုး သူရိန်၊ မဟာ သူရိန်၊ မင်းကြီး မဟာ သူရိန် ဟူ၍ သူရိန်ကိုပင် အဆင့်ဆင့် ခွဲခြား ဘွဲ့ပေး သွားကြပါသည်။

၂ တွင် ဇေယျပျံချီ (သို့မဟုတ်) သိင်္ဃပျံချီ ဘွဲ့မည် မှည့်ရန် အကြံပေးခြင်းမှာ၊ ပျံချီဟူသည် မကြောက်မရွံ့ မလန့်မထိတ် ရဲစိတ်ရဲအားရှိသော သူရဲကောင်း၊ ငှက်ပျံသကဲ့သို့ ထကြွလျှင်မြန် ခုန်ပျံတိုက်ခိုက်နိုင်သော သူရဲကောင်းဟူ၍ အနက်ရလျက်၊ ဇေယျ ဆိုသည်မှာ အောင်နိုင်သော၊ သိင်္ဃ ဆိုသည်မှာ ခြင်္သေ့ကဲ့သို့သော ဟူ၍ အဓိပ္ပာယ် ရပါသည်။ သို့ဖြစ်၍ ခြင်္သေ့လို ရဲခြင်းကို စွဲ၍ ပေးလိုသော်၊ သိင်္ဃပျံချီ။ အောင်နိုင်ခြင်း သက်သက်ကိုပင် စွဲ၍ ပေးလိုသော် ဇေယျပျံချီ။ ဤနှစ်မည်တွင် အရည်အချင်း ကြိုက်ရာ ရွေးသင့်ပါသည်။

ပျံချီအနက်ကို အကျယ်သိရန် ပါဠိမပါ အနက်သာ ပေးရလျှင် "အကြင် သူရဲသူခက်တို့သည် အဘယ်သူ၏ ဦးခေါင်းကို လည်းကောင်း၊ လက်နက်ကို လည်းကောင်း ဆောင်ရကုန်အံ့နည်း။ ဤသို့ဆို၍ ဤမည်သို့သော သူရဲ၏ ဦးခေါင်းကို လည်းကောင်း၊ လက်နက်ကိုင်ကို လည်းကောင်း ဆောင်ယူချေတော့။ ဤသို့ မှာဆိုအပ်သည်ရှိသော် စစ်မြေ သူ့တပ်သို့ ခုန်ပျံ ပြေးဝင်၍ ထိုမှာ ဆိုတိုင်းသသူ၏ ဦးခေါင်း လက်နက်ကိုပင်လျှင် သိန်းစွန် ကုပ်သကဲ့သို့ သုတ်သုတ် ဆောင်ယူနိုင်ကုန်၏။ ဤသူရဲတို့သည် ရန်သူဗိုလ်ထု သူ့စစ်သည်အတွင်းသို့ ကောင်းကင်ပျံလွှား သားတစ်ချီသော သိန်းစွန်ကဲ့သို့ ချွန်ချွန် ဝင်နိုင်ကုန်၏" ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် "ပုံတောင်နိုင် မော်ကွန်း"တွင် သူရဲပျံချီ အကြောင်းကို ဆိုလို၍ "ရဲခေါင်တိုင်လှ၊ ရဲကိစ္စဖြင့်၊ မြို့က ပစ်မြောက်၊ မီးပေါက်





မည်၊ လေသံမစဲ၊ ကြောသဲညီညာ၊ မျက်နှာပန်းသွင်၊ လန်းလန်းရွှင်လျက်၊ လွင်ပြင်ထွက်ခုတ်၊ သိန်းနှယ်သုတ်လျက်၊ ထိုးခုတ်တွေ့တိုင်း၊ ပိုင်းရရိုင်းလျှင်၊ ပည်းလှိုင်းသူကောင်၊ ဦးလည်ဆောင်၍၊ ရန်အောင်မှို့ကောင်း" အစရှိသဖြင့် သျှင်ရဋ္ဌသာရ စပ်ဆိုပါသည်။

သို့ဖြစ်သောကြောင့် သီဟသူရ သက်သက်ဆိုလျှင်၊ ခြင်္သေ့ကဲ့သို့ ရဲရင့်သော သူရဲဟုသာ အနက်သာမန် ရပါလိမ့်မည်။ ပျံချီ (ဇေယျပျံချီ၊ သိင်္ဃပျံချီ) ဟူ၍ ကြိုက်ရာပေးသော် (Individual Bravery) ဆိုသော အလုပ်နှင့် အလွန်တိုက်ဆိုင် ပနံရ နည်းလမ်းကျပါသည်။ ကျွန်တော့်သဘောတွင် ဇေယပျံချီကိုပင် ပို၍ နှစ်ခြိုက်ပါသည်။

၃ အတွက်ကိုမူ သီဟယော်ဓာဟူ၍ ပေးစေချင်ပါသည်။ သီဟမှာ ခြင်္သေ့၊ ယော်ဓာမှာ မကြောက်မလန့် ကောင်းစွာ ထိုးပစ် တိုက်ခိုက်သည့် သူရဲ၊ ခြင်္သေ့ကဲ့သို့ မကြောက်မရွံ့ မလန့်မထိတ် ရဲစိတ်ရဲအားဖြင့် ကောင်းစွာ ထိုးပစ် တိုက်ခိုက်တတ်သော သူရဲဟူ၍ ဆိုလိုပါသည်။ မဟာဝင်တွင် ဒုဋ္ဌဂါမဏိ မင်းကြီး အထူးရည်ညွှန်းရာကို ထူးချွန်စွာ ဖြိုဖျက် တိုက်လှဲနိုင်သည့် အကြောင်း ပါရှိ၍၊ မြန်မာဘုရင်များလည်း ထူးချွန်သော အကျင့်အကြံ အလုပ်အကိုင်နှင့် အထူးအားဖြင့် အမှုထမ်းသော် ယော်ဓာဟူသော ဘွဲ့ကို ပေးကြပါသည်။

မြန်မာဘုရင်များမှာ Distinguished Conduct အတွက်ကို သီဟယော်ဓာ၊ Meritorious Service အတွက်ကို နန္ဒယော်ဓာ ဟူ၍ နှစ်မျိုး ခွဲခြား ပေးလေ့ပေးထ ရှိပါသည်။ နှစ်မျိုးစလုံး ပေါင်း၍ ပေးသည့်အခါ မဟာယော်ဓာ ဟူ၍ ပေးကြပါသည်။ တုလွတ်ကျော်ခေါင် ဟူ၍ ပေးခဲ့သော် အဓိပ္ပာယ်အားဖြင့်ပင် ရဲခေါင် ရဲဖျားအရာ၌ အတုမရှိသူဟု ပေါ်နေ၍ Outstanding Bravery သမားထက်ပင် အဓိပ္ပာယ် ပိုမြင့်နေပါသေးသည်။ ဤအချက်ကို သတိပြုမိလိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါသည်။

၄ အတွက်မှာ မြန်မာ့စဉ်ဆက် ဒဏ်ရာရသူမှုကို ဒဏ်ရာရခြင်း အကြောင်းကြောင့် ဘွဲ့ချီခြင်း နည်းပါးပါသည်။ မြန်မာတို့၏ သူရဲကောင်း အယူအဆတွင် ဒဏ်ရာရလျှင် ကိုယ်ဖျင်းညံ့၍ ရသည်ဟု ယူဆကာ၊ ကိုယ်တွင်လည်း ဒဏ်ရာမရ၊ အောင်ပွဲကိုလည်း ရယူရမည်ဟူသော စိတ်နှလုံးဖြင့် စစ်မြေသို့ သွားတတ်ကြပါသည်။ သို့ဖြစ်၍ ဤဘွဲ့မှာ ဘွဲ့သစ်ကဲ့သို့ ဖြစ်ပါလိမ့်မည်။ ရှေးကနှင့် အနီးစပ် ဆုံးဘွဲ့ကို

ယူရသော် ရွှေတောင်အာကာ ဘွဲ့သည် တော်လိမ့်မည် ထင်ပါသည်။ ရွှေတောင် ဆိုသည်မှာ ရွှေပြည်ရွှေနန်းကို ဆို၍၊ အာဂ ဆိုသည်မှာ စွန့်စွန့်စားစား ကြီးပမ်းသော အမှုထမ်းသူကို ဆိုလိုပါသည်။ အာဂလူ၊ အာဂယောက်ျား ဟူ၍ ချီးမွမ်းသော အနက် ဖြစ်ပါသည်။ ရဲကျော်စွာ ဆိုသောဘွဲ့မှာ သန့်လှ ခံ့လှသော်လည်း ဒဏ်ရာရသူတို့အတွက် သုံးနှုန်းခြင်းမှာ မသင့်။ အရဲကျော်လျှင် ဒဏ်ရာ မရထိုက် ဟူသော ရှေးမြန်မာ့သူရဲကောင်း အယူအဆ ရှိနေပါသည်။ ရဲခြင်းကိုသာ ချီးမွမ်းသေးသည်။ အာဂလူဆိုလျှင် လူများက တစ်စုံတစ်ခုသော အလုပ်အတွက် အံ့သြချီးကျူးရသော အဖြစ်၌ အနက် ရှိပါသည်။ တကယ့်လူ၊ အာဂလူ ဆိုသော စကားကို သုံးရာ၌ အနက် မည်သို့ရှိသည်ကို သတိပြုစေလိုပါသည်။ ဤစကားကိုလည်း ကြိုက်သော် ယူပါ၊ မကြိုက်သော် ပယ်ပါလေ။

၅ မှာ အထူးဆိုဖွယ် မရှိပါပြီ။

၆ ကို ပညာဗလ ပေးခြင်းသည်လည်း ပညာ ဟူသော် ကျယ်ဝန်းလွန်းလှပါသည်။ ဝေရကျော်ထင် ဆိုလျှင် သင့်မည် ထင်ပါသည်။ ယခင်က ဝေရကျော်၊ ဝေရကျော်ထင်၊ သိခ်ဝေရ စသည်ဖြင့် ဘွဲ့မည်ပေးခြင်း ရှိပါသည်။ ဝေရ ဆိုသည်မှာ ရဲရင့်ခြင်းကို သာမန်ဟော၍ လုံ့လဉဿာဟရှိခြင်း၊ အားထုတ်ခြင်းကို အထူးဟောပါသည်။ လွန်သော လုံ့လရှိသူ၊ သူတစ်ပါးကို နင်းနယ်ခြင်းရှိသူ ဟူ၍ အဓိပ္ပာယ်ရပါသည်။ ရဲစွမ်းလုံ့လရှိသော အမှုထမ်း မှူးမတ်ဟူ၍ ဆိုလိုပါသည်။ Technical Service မှာ အမှုထမ်းများ ရှိသည့်အနက် မိမိဆိုင်ရာဌာန၌ သူတစ်ပါးထက် ထူးချွန်၍ လုံ့လဉဿာဖြင့် အမှုတော်ထမ်းသူကို ပိုမို ရည်ရွယ်ရမည်ဖြစ်ရာ ရှေးက ဤ "ဝေရ"ပါသော ဘွဲ့များကို အလုပ်ကောင်းခြင်း၊ ကျွမ်းကျင်စွာ လုပ်တတ်ခြင်းအတွက် ပေးသွားခဲ့ပါသည်။

အကျဉ်းမျှသာ ရေးလိုက်သော်လည်း ရှည်လျားတန်သလောက် ရှည်လျားသွားပြီ ထင်ပါသည်။ ရှေး ဘွဲ့မည်များကို မှည့်လျှင်လည်း နည်းကျကျ လမ်းကျကျ မှည့်စေလိုသော ဆန္ဒဖြင့်သာ ယခုကဲ့သို့ ရေးသားအကြံပေးခြင်း ဖြစ်ပါကြောင်း။

(ပုံ) **ချစ်မောင်**

ဂျာနယ်ကျော်





'တစ်နေ့တလေများ အိမ်မှာ နားပါဦး'ဟု တောင်းပန်၍ မရပေ။ တစ်နေ့တစ်မျိုး မဟုတ်ဘဲ တစ်နေ့တစ်နေ့ အမျိုးမျိုး အလုပ်များနေသည်။ တစ်နေ့တွင် ဝမ်းနုတ်ဆေးသောက်ရန် စောစောထ၍ တိုက်ရာ 'ကုန်သည်ကြီးများ အသင်းမှာ ကုန်သည်ကလေးတွေအတွက် သွားပြောဟောရဦးမယ်။ မသောက်နိုင်သေးဘူး' ဆိုပြီး စောစောကြီး ထွက်သွားသဖြင့် 'တစ်နေ့ ဒုက္ခ ဖြစ်ပါလိမ့်မယ်၊ ဒုက္ခဖြစ်မယ်' ဟု သူ့ကို အော်ပြီး ပြောမိသည်။

ဦးချစ်မောင်တစ်ယောက် ဘာအလုပ်မှ မလုပ်ဘူးဟု လူတိုင်းက ပြောကြသည်။ နိုင်ငံရေးသမားအချို့က သူ့ကို အထင်သေးကြသည်။

သူ၏ နေ့စဉ်မှတ်တမ်းကြီး စာမျက်နှာ ၈၆ တွင် ရေးသွားခဲ့သည့်အတိုင်း "ဘုံကျွန်"အလုပ်မှာ တစ်နေ့တခြား ပေါ့လာသည် မရှိဘဲ ပို၍သာ များပြားလာတော့သည်။ ကိုယ့်စရိတ်ဖြင့် သူများအလုပ်ကို ကြိုးကြိုးပမ်းပမ်း တာဝန်ယူ၍ လုပ်ပေးနေရခြင်းကို မညည်းညူလိုသော်လည်း၊ ကိုယ့်အတွက် အချိန်များများကျန်ရှိလျှင် နိုင်ငံ အစွန့်ရှည်စွာ အကျိုးခံစားနိုင်မည့် စာပေများကို ပိုမိုပြုစုနိုင်ဖို့ ရှိလေသည်ဟု တန်ခူးလဆန်း ၇ ရက် နေ့စွဲတွင် သူ့ကိုယ်သူ ဘုံကျွန်ဟု ဖော်ထုတ်၍ ရေးသွားသဖြင့်၊ နိုင်ငံရေးကို ဘုံကျွန် လုပ်ချင်သည့် သူ့ဆန္ဒအတိုင်း ဖြစ်နေလေပြီ။ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးစနစ်ကြီးကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲနေစဉ် သူ့ကို 'ဘယ်သူက ခိုင်းပြန်လို့လဲ' မေးသည့်အခါ သူက 'ဘဏ္ဍာရေးဝန်ကြီးလုပ်တော့ သုံးရအောင်လေ'ဟု ရယ်စရာ ပြောလေ၏။ ကျွန်မက 'ဘိုကလေးတုန်းကလို ဆုတ်ပစ်ဖို့လား'ဟု ပြန်၍ ရယ်စရာ ပြောလိုက်သည်။ ဘဏ္ဍာရေးကို အခြားအရေးများထက် ထူးကဲ ပိုမို၍ လေ့လာ ဆည်းပူးခဲ့သည်။

လက်ထပ်ပြီးခဲ့သည့် နေ့က စ၍ တစ်ခါမျှ အအား ထိုင်နေသည်ကို မတွေ့ခဲ့ရဖူးပေ။ တစ်ခါမျှလည်း မရှိပေ။ အိမ်သာ ဝင်လျှင်ပင် ဖတ်စရာ စာအုပ်နှင့်ခဲတံ မပါလျှင် ဘယ်သောအခါမျှ မဝင်ပေ။

ဗိုလ်စကြာက "မြန်မာပြည် တောင်သူလယ်သမား အရေးတော်ပုံကြီးဖြစ်ပွားရခြင်း အကြောင်းရင်း"ကို ဂျပန်တို့က တောင်း၍ နိုင်ငံရေးတွင် ဦးချစ်မောင် နားလည်သူဖြစ်သည့်အတိုင်း အကျိုးအပြစ် ကျနစွာ ဝေဖန်ပြီး အမြန်ရေးသားပေးရန် တောင်းပန်ပြန်ရာ၊ သူလည်း အင်္ဂလိပ်ဘာသာဖြင့် ရှည်လျားစွာ ရေးသည်။ အဆိုပါ "သာယာဝတီ တောင်သူလယ်သမား အရေးတော်ပုံအကြောင်းရင်းမှန်များ" ကို ရေးစဉ် ၁၉၄၃ ခု အစိုးရ ထုတ်ပြန်ချက်ကို တောင်းသဖြင့် ရဲရဲတောက် ဗီရိုကြီးထဲမှ စုဆောင်းလာခဲ့သည့် အရေးတော်ပုံနှင့် ပတ်သက်၍ အစိုးရ ထုတ်ပြန်ချက် အုပ်တွဲများကို လိုက်ရှာ၍ ပေးရသည်။ ထိုနောက်၌ကား

အဆိုပါ "သာယာဝတီ တောင်သူလယ်သမား အရေးတော်ပုံ၏ အကြောင်းရင်းမှန်များ" စာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားလေသည်။

ယခုအခါ မည်သို့ပင် ဘုံကျွန် လုပ်နေစေ၊ တစ်နေ့တွင် ပွင့်ပွင့်လင်းလင်းကြီး နိုင်ငံရေးနယ်ထဲသို့ သွတ်သွင်းကာ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးလိုက်စားလာခဲ့သော သူ့အရည်အချင်း၊ သူ့အသိဉာဏ်များဖြင့် မြန်မာပြည်အားနိုင်ငံကြီးများနှင့် အမီဖြစ်ရစေမည် ဟု သန္နိဋ္ဌာန်ချလျက် သူများဝန်ထမ်း လုပ်နေသည်ကို အခါမရောက်သေးသဖြင့် ကြည့်နေလိုက်သည်။ သူ့အရည်အချင်းကို ဂျပန်ခေတ်၌ နီးနီးကပ်ကပ် ဆက်ဆံကြသူတိုင်းပင် လူရည်ချွန်တစ်ယောက်အဖြစ်ဖြင့် ရိပ်မိတန်သလောက် ရိပ်မိကုန်ကြကာ၊ မသေးသိမ်မှန်းကို သိသွားကြသည့်အတိုင်း တစ်နေ့တွင် သူ့အလှည့်ရောက်၍ နေ့နှင့်အမျှ အဘက်ဘက်က ဆည်းပူးလာခဲ့သော အရည်အချင်းများကို မီးကုန်ယမ်းကုန် ထုတ်သုံးခွင့် ပေါ်ပေါက်လာသည့် အခါ၌၊ နိုင်ငံတော်တွင် သူသည်လည်း အရေးကြီးသော သူတစ်ယောက် မြေကြီးလက်ခတ်မလွဲ ဖြစ်ရမည်ဟု ကျွန်မ ယုံကြည်ထားခြင်းကို လက်ခံသဘောတူ၍ ယုံနိုင်သူလည်း ရှိပေမည်။ သဘောမတူ၍ မယုံနိုင်သူလည်း ရှိပေမည်။ သူကား အလွန်သိပ်သည်း၍ မတီးလျှင် မမြည်သည့် စည်ကြီးသဖွယ် ကျင့်သုံးလျက် သူ့ဇာတိကို ဖုံးနိုင်သမျှ ဖုံးနေသည်။

ဘောက်ထော်အိမ်၌လည်း တာမွေအိမ်ကြီးက ကဲ့သို့ပင် ပြုပြင်မွမ်းမံပြင်ဆင်နေသည်။ သန့်ရှင်းစွာ နေထိုင်ကြသဖြင့် ဂျပန်များ ကျွန်မတို့အိမ်ကို အကြောင်းကိစ္စမရှိဘဲ ဘယ်တော့မျှ မလာဘဲ၊ လာပြန်လျှင်လည်း ဖိနပ်ပေနေ၍ပါ ဟု တောင်းပန်ပြီး အိမ်ပေါက်ဝကပင် ကိစ္စကို ပြောကြသည်။ ကျွန်မလည်း အလုပ်မရှိတိုင်း စိမ်ခန့်ခွဲလျက် တာဝန်ဝတ္တရားများကို နံနက်မှ မိုးချုပ်အထိ လက်တွေ့ စူးစမ်းလေ့လာ လုပ်ကိုင်ကြည့်နေသဖြင့် သူက စာအုပ်တစ်အုပ် ရေးရန် အားပေးသည်။

တစ်နေ့တွင် သူ မြို့ထဲ မသွား၍ စကားထိုင်ပြောကြရင်းမှ စာရေးဆရာ စောဦး၏ "တို့နှင့်မတန်" ဝတ္ထုတိုကလေးကို စာအုပ်ရိုက်ဖို့ရာ၊ ကျွန်မ တိုက်တွန်းသောကြောင့် စာအုပ်ကလေး ထုတ်ဖြစ်သွားသည်။ စာအုပ်ရိုက်အပြီးတွင် ကျွန်မကို 'ဝတ္ထုရှည် တစ်ပုဒ်လောက် ကြိုးစားပြီး ရေးကြည့်စမ်းပါ' ဟု အားပေးတိုက်တွန်းလှသောကြောင့် ရေးမည်ဟု ကတိပြုလိုက်သည်။ ကတိသာ ပေးလိုက်ရသော်လည်း ဘာက စ၍ ဘာရေးရမည်ကို စိတ်ကူး မရနိုင်သဖြင့် စားပွဲတွင် ထိုင်ကာ စဉ်းစားနေစဉ်၊ နောက်ဖေးက တံခါးကို တွန်းဝင်လာသော အသံကျွိခနဲ ထွက်ပေါ်လာရာ၊ ကျွိခနဲ စကားလုံးက စ၍ ဝတ္ထုတစ်ပုဒ် ရေးလေသည်။





ဤဝတ္ထုမှာ ရိုက်နှိပ်ဖို့ရာ မရည်ရွယ်ဘဲ ပထမ အစမ်းရေးကြည့်သော ဝတ္ထုရှည်ဖြစ်သည်။ ဝတ္ထုအပြီး၌ ထိုဝတ္ထုကို "အဖြူ" ဟု နာမည်ပေးလိုက်ပြီး သူ့ကို ပေးလိုက်သည်။ သူလည်း ဖတ်ကြည့်ပြီးလျှင် 'ပုံနှိပ်လို့ မဖြစ်သေးတဲ့ ဝတ္ထုပဲ' ဟု ပြောလေ၏။

အိမ်၏ စီးပွားရေးဆိုင်ရာ ဝင်ငွေဆို၍ တစ်ဆင့်မှ မရှိဘဲ၊ ရှိသည့် ရွှေတွေကိုသာ ထုခွဲရောင်းချလျက် စားသောက်နေကြရသောကြောင့် ရွှေများ ကုန်၍ စိန်များပင် အချို့ ချရောင်းနေရသည်။ တစ်နေ့တွင် သူလည်း မြို့ထဲသို့ မသွားခင် ကိစ္စရှိ၍ ဆိုလျက် ကျွန်မကို အပေါ်ထပ်သို့ ခေါ်တင်လာသည်။ 'တင်လေး ကိုကို့ကို ငွေ ၄,၅၀၀ လောက် မပေးနိုင်ဘူးလား'

'လိုပြန်ပြီလား ကိုကို။ ဗိုလ်လကျ်ာက မပေးဘူးလား'

'ပေးတဲ့ငွေ ၁,၅၀၀ က ဟိုလတွေက မပေးရတာ ပေးရလို့ ကုန်ပြီ။ ပေးရတဲ့ လူတွေကလည်း အများကြီး။ မလောက်ဘူး တင်လေးရယ်'

'မပေးရင်လည်း မလုပ်နဲ့ပေါ့ ကိုကိုရဲ့။ ဒီအလုပ်ကြီးမျိုးလုပ်ပြီး တစ်လကို ငွေ ၁,၅၀၀ ပေးတာ ဟုတ်ပေမယ့်၊ ပေးတဲ့ ဂျပန်စက္ကူ ၁,၅၀၀ ဟာ ဘယ်လောက်များ တန်လို့လဲ'

'မလုပ်လို့ ဘယ်ဖြစ်မလဲ။ သူ့မှာလည်း ငွေအား သိပ်မတောင့်ဘူး ထင်ပါရဲ့'

'ဒီအလုပ်မျိုးလုပ်ရင် ငွေမရှိဘူးဆိုတာတော့ မဟုတ်နိုင်ဘူး။ သိန်းနဲ့ သန်းနဲ့ ချီလုပ်ရတဲ့ အလုပ်ကြီးကို ၁,၅၀၀ တည်းနဲ့ စရိတ်ငြိမ်း ချနေတာတော့ တော်တော် အရုပ်ဆိုးတာပဲ။ ပိုပေးပါလို့ ပြောပါလား'

'ဒါတော့ ကိုကို မပြောချင်ဘူး။ သူတို့ သိရင်လည်း ပေးပေါ့။ ကိုကို့ အလုပ်က ဘယ်လောက် ငွေကုန်တယ်ဆိုတာ သူတို့လည်း သိပါတယ်'

'သိပါလိမ့်မယ်။ ဒီ ၁,၅၀၀ ပေးတာတောင် ကိုကို သုံးဖို့ပါများ ထည့်ထားသေးလားမှ မသိတာ'

'ဒါကိုတော့ ဗိုလ်လကျ်ာ သိပါတယ်။ ဒီငွေနဲ့ ကိုကို ထမင်းစားနေတာမှ မဟုတ်ဘဲ။ သက်သက် လုပ်ပေးနေတယ်ဆိုတာ ဒီလူ သိပါတယ်'

'၄,၅၀၀ တောင် ပေးရမယ်ဆိုတော့ များလှချည်လား။ အိမ်မှာလည်း ဟစ်ခုပြီး တစ်ခု ရောင်းနေရတာပဲ။ တစ်လ တစ်လ ကိုကို မြို့ထဲသွားတဲ့ စရိတ်ကလည်း မနည်းဘူး။ အိမ်အတွက် ကိုကို ဘာမှ ပူရတာ မဟုတ်ဘဲနဲ့ အလုပ်အတွက် တင်လေးကို လာလာပူတာတော့ မကောင်းဘူး'

'ပေးနိုင် ပေးပါ တင်လေးရယ်။ သူတို့ ပျက်ကွက်နေပေမယ့် ကိုကို ပျက်ကွက်လို့ မဖြစ်ဘူး တင်လေးရဲ့'

'ကိုကို ပျက်ကွက်မှာစိုးတိုင်း တင်လေးကချည်း လိုက်ဆပ်နေရတာများ သူတို့ သိကြမှာ မဟုတ်ဘူး'

'ဒါကို နိုင်ငံအကျိုးပဲလို့ သဘောထားလိုက်ပါတော့'

'တင်လေး ပေးနေတာတွေဟာ နိုင်ငံအကျိုးချည်း မဟုတ်ဘူး။ ကိုယ့်ယောကျ်ား မျက်နှာမပူရအောင်လည်း ပါတယ်'

'တင်လေး ကျေးဇူးတွေလည်း များလှပါပြီ။ ကိုကိုလည်း ဒီလိုပြောရတာ သိပ် စိတ်ညစ်တာပဲ။ စိတ်လည်း မကောင်းပါဘူး'

သူ အလွန် စိတ်ညစ်သွားရှာပုံ ရသည်။ စိတ်ထဲ၌လည်း ထိခိုက်နေပေသည်။ စိတ်ဆင်းရဲသွားရုံမက ဝမ်းနည်းသည့် ပုံပန်းဖြင့် ခေါင်းငုံ့ထားသည်။

နိုင်ငံတော်၏ ပစ္စုပ္ပန် အနာဂတ် အကျိုးကြီးကို တစ်ယောက်တည်း ခေါင်းနှင့်ရွက်ပြီးလျှင်၊ နိုင်ငံရေး လုပ်နေကြသော ပုဂ္ဂိုလ်များအား ၎င်းတို့ လုပ်ငန်းတွေတွင် အထောက်အပံ့ကြီး ရစေအံ့သောငှာ နောက်ပိုင်းမှနေ၍ ဂျပန်ကို တိုက်နေကြသော သူတို့အတွက် တစ်မျိုး၊ ဂျပန်နှင့် ရင်ဆိုင်မျက်မှောက်တွင် လုပ်နေရသော သူတို့အတွက် တစ်မျိုး၊ သက်ဆိုင်ရာများဆီသို့ ဂျပန်များ မရိပ်မိအောင် အသက်စွန့်လျက် သတင်းပေး လမ်းညွှန် စီမံခန့်ခွဲ လုပ်ကိုင်ပြင်ဆင် စိုင်းပြင်းပေးရှာသော သူတစ်ယောက် စိတ်ဒုက္ခ ရောက်လျက်ရှိပြီး ခေါင်းကိုမျှ မဖော်နိုင်အောင် ဖြစ်နေပုံမှာ နောက်ဆုံး၌ ကျွန်မသာ ရှိသမျှ ပစ္စည်းတွေ အကုန်ချ၍ ပေးလိုက်ဖို့ရာ တာဝန်ကြီး ကျလာလေတော့သည်။

ကျွန်မသည် ဂျပန်များ ပြေးလျှင် အလုပ်တိုက် ပြန်ဖွင့်ရန် မသုံးစွဲဘဲ သိမ်းဆည်းထားသော အင်္ဂလိပ် စက္ကူများကို ထုတ်ရသည်။

ထိုအတွင်း ဒေါ်ဒေါ် ရောက်လာသည်။

ကျွန်မက အကျိုးအကြောင်းပြောပြီး အင်္ဂလိပ်ငွေများကို ဂျပန်ငွေများနှင့် လဲပေးရန် တောင်းပန်သောအခါ၊ ဒေါ်ဒေါ်လည်း မခံမရပ်နိုင်လောက်အောင် စိတ်မာန်ထွက်လျက် ဆူပွက်လေတော့သည်။

'ဦးချစ်မောင်ရယ်၊ ဒေါ်ဒေါ် အသည်းနာပါရဲ့။ ဒီလောက်တောင် ဦးချစ်မောင် လုပ်ကိုင်ပေးနေပါလျက်နဲ့များ လောက်လောက်ငင ငမပေးကြတာ ရှိင်းလချည်လား။ ဦးချစ်မောင် ဒီလို ဖြစ်နေရတယ်ဆိုတာများ ဒေါ်ဒေါ် မခံချင်လိုက်တာ။ သွားလည်း ကုန်ကြောင်း၊ စားလည်း အချိန်မရှိ၊ လုပ်ရတဲ့ အလုပ်ကလည်း ဂျပန် မိရင် သေဖို့ရာပဲ ရှိတယ်။ ကားကလေးတစ်စီးလောက် သွားရေးလာရေး အတွက် စီစဉ်မပေးကြတာ အသည်းနာပါရဲ့။ သူတို့မတော့ ကားတွေ တစ်စင်းစီနဲ့'





'ဒါကတော့ ဒေါ်ဒေါ်၊ ကျွန်တော်တို့ တိုင်းပြည်အကျိုးသက်သက် လုပ်နေတာပါပဲ။ အားလုံး အားလုံး ကောင်းကြဖို့ လုပ်နေကြတာပါပဲ'

'ကဲ ဒေါ်ဒေါ်၊ အားလုံး ကောင်းမယ့် အထဲမှာ ဒေါ်ဒေါ်လည်း ပါတယ်။ လဲသာ ပေးလိုက်ပါတော့' ဟု ပြောကာ ဒေါ်ဒေါ့် လက်ထဲသို့ ငွေများ ထည့်ပေးလိုက်ရလေသည်။

ပေးသာ ပေးလိုက်ရသော်လည်း ဒေါ်ဒေါ်ကဲ့သို့ပင် သူ့ကို "ဒီလို လုပ်ထားကြသလား" ဟု တစ်နေ့လုံး မကျေမချမ်းနိုင်ဘဲ စိတ်များ ခက်ထန်မာကျောနေ၍ ကိုယ့်ကိုယ်ကိုယ် မေတ္တာပွားနေရသည်။

စိတ်နှင့်ပတ်သက်၍ သူ နူးညံ့သိမ်မွေ့သလောက် ကျွန်မ ခက်ထန်မာကျောလွန်း၍ အရာရာတွင် စိတ်နေနူးညံ့အောင် အတန်တန် ဆုံးမယူရသည်။ လူတစ်ယောက် ယုတ်မာလာလျှင် ထိုသူကို ကြည့်၍ မရတတ်အောင်ဖြစ်ပြီး အလကားလူ ဟုလည်း စိတ်ထဲ၌ မှတ်ထားတတ်သည်။

သူ့မိတ်ဆွေတစ်ယောက် ဒေါ်ဒေါ့်ထံမှ ငွေများ လိမ်လည်ထွက်ပြေးပြီး တိမ်းရှောင်နေရာ၊ မိန်းမသားများထံမှ ယောကျ်ားတန်မဲ့ ဤသို့ လုပ်ရက်သလားဟု များစွာပင် စိတ်ထိခိုက်ကာ ထိုသူကို ကြည့်၍ မရအောင် ဖြစ်နေသောအခါ၌၊ အခွင့်လွှတ်ရန် နားဝင်လောက်အောင် တရားချလေသည်။

'အကျင့်ဆိုးယုတ်တဲ့ လူတွေကို တင်လေး ကြည့်လို့မရဘူး၊ ပေါင်းလို့မဖြစ်နိုင်ဘူးဆိုတာ၊ ဒါ သူတော်ကောင်းတို့ရဲ့ စိတ်ကလေးပဲ တင်လေးရဲ့။ သို့သော်မဲ့ ဒီ သူတော်ကောင်းစိတ်ကလေးမှာ တစ်ခု လိုနေသေးတယ်။ ဒီ လိုနေတဲ့ နှလုံးသွင်းတာကလည်း အတော် အရေးကြီးတယ်။ ကိုကိုတို့၊ တင်လေးတို့မှာက လူယုတ်ဆိုလျှင် မပေါင်းသင်းချင်၊ မဆက်ဆံချင်ဘူး။ ဒါက အသေဝနာစ ဗာလာနံ ဆိုတဲ့ မင်္ဂလာတရားတော်ရဲ့ စိတ်ပဲ။ ဒါပေမဲ့ ဒီကမ္ဘာမှာ ဒီမင်္ဂလာ တရားတော်အတိုင်း ဗာလာနံကို အသေဝနာစ ရရင် ကိုယ့်အဖို့မှာ စိတ်ချမ်းသာစရာ ရနိုင်တာမှန်သော်လည်း ဗာလာနံတွေဟာ ကောင်းလာကြမယ်တဲ့လား။ မြတ်စွာဘုရားဟာ လေးပါးသော သစ္စာတရားကို အကြွင်းမဲ့ သိမြင်လို့ သဗ္ဗညုတ ဉာဏ်ကို ရတော်မူတဲ့အခါမှာ ဒီလောကကြီးကို ဉာဏ်ကွန်ယက်မှာ ဖြန့်ကြက်လို့ ကြည့်တော်မူတယ်။ ဒီအခါ လောကကြီး တစ်ခုလုံး အဝိဇ္ဇာ ပိတ်ဖုံးပြီး သတ္တဝါတွေဟာလည်း လောဘတုံး၊ ဒေါသတုံး၊ မောဟတုံး၊ အတုံးကြီးတွေ၊ အခဲကြီးတွေ ဖြစ်နေကြတာ မြင်ရတော့ ဒီလောကကြီးတော့ ပျက်စီးပြီရယ်လို့ စိတ်ပျက်တယ် မဟုတ်လား။ သိထားတဲ့ အသိဉာဏ်ကြီးအရ တရားဟောပြောမယ် ရည်ရွယ်ပေမဲ့ လောကကြီးရဲ့ ဖြစ်ပျက်နေပုံကို တွေ့မြင်ရတော့ မဟောတော့ဘူး။ နောက်တော့ ဗြဟ္မာစိုရ်

တရားလေးပါး သက်ဝင်ပြီး တောင်းပန်သူကလည်း တောင်းပန်တော့ အခုန ဒေါသတုံးကြီးတွေ၊ မောဟတုံးကြီးတွေကို ဟောရ ပြောရနဲ့ ကျွတ်တမ်းကို ဝင်စေတယ် မဟုတ်လား။

'ဒီတော့ အခုလို လိမ်သွားရမလားလို့ လူယုတ်မာစာရင်းသွင်းပြီး မခေါ်မပြော မပေါင်းမသင်း မဆက်ဆံဘဲ နေမယ်ဆိုရင်၊ ဒီလူယုတ်မာတွေဟာ ကောင်းလာကြမယ်လည်း မဟုတ်လေတော့၊ သူတို့ကို ဖျောင်းဖျတန်ရင် အကြောင်းပြနဲ့ ဖျောင်းဖျလို့၊ တရားပြတန်ရင်လည်း တရားပြလို့၊ ခြိမ်းခြောက်တန်ရင်လည်း ခြိမ်းခြောက်လို့ လုပ်ကြရင် မကောင်းပေဘူးလား။ ကိုကိုလည်း တင်လေးလိုပဲ လူ့ကျင့်ဝတ်တရား ပျက်ကွက်တဲ့ လူဆိုရင် မကြည့်ချင်ဘူး။ ခေါ်ဖို့ ပြောဖို့ ဝေးစွ၊ ဆွေဆွေ မျိုးမျိုး ကြီးကြီး ငယ်ငယ် မကောင်းတဲ့လူဖြင့် မကောင်းတဲ့ လူပဲရယ်လို့ သဘောထားတော့ ဒီလောကမှာ မကောင်းတဲ့ လူတွေသာ များလာတော့ စိတ်ဟာ ခက်ထန်လာတာ တွေ့ရတယ်။ တော်ရုံတန်ရုံ လူတစ်ဖက်သားမှာ ဒုက္ခ ရောက်နေရင် မသနားချင်တော့သလို ဖြစ်လာတယ်။ အဲဒါဟာ ကြမ်းကြုတ်ခြင်းရဲ့ အစပဲ။ သူတို့ကို စက်ဆုပ်ရတာနဲ့ ကိုယ့်မှာ ဒေါသတရားနဲ့ မာနတရားဟာ ကြီးမားမှန်းမသိ ကြီးမားပြီး၊ ဒီလူတွေကို မေတ္တာပို့ရမှာ ခက်ခက်လာတယ်။ အဲဒါလောက်အထိဖြစ်လို့ သူတို့ ပျက်စီးတာ ယုတ်မာတာကို ကိုယ်က ရှုတ်ချနေရင် ကိုယ်လည်း ဒီလိုပဲ ခက်ထန်ကြမ်းကြုတ်သလို ဖြစ်လာတာပဲ။ နောက်မှ ဗြဟ္မစိုရ်တရား လေးပါးကို တတ်နိုင်သမျှ နှလုံးသွင်းပြီး ဟိုလူဒီလူနဲ့ ဆက်ဆံခြင်း ပြုရတယ်။ ဒါတောင် ဟိုတုန်းက ခက်ထန်လာတဲ့ စိတ်မာန်တွေဟာ မပျောက်ဘူး။

'အရင်ကဆိုရင် မကောင်းတာ လုပ်နေတဲ့ လူကို အပေါင်းအသင်း မလုပ်ဘူး။ သူ့ကို စက်ဆုပ်ရွံရှာကြောင်းကို အဲဒီလိုပဲ ပြလိုက်တယ်။ အခုတော့ သနားရတော့တာပဲ။ သူတို့ကို များများ မေတ္တာပို့ရတော့တာပဲ။ ကိုကို ဆိုလိုရင်းက သူတို့အတွက် ဝမ်းနည်းတယ်။ ကိုယ်လည်း ဒီလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ်။ သူတို့လည်း ဒီလို မဖြစ်ပါစေနဲ့လို့ မေတ္တာပို့တယ်။ သွန်သင် သတိပေးတယ်။

'အကျင့်ချင်း မတူကြတော့ သူတို့နဲ့ ပေါင်းရတာ မသိုးမသန့်တော့ ဖြစ်သေးတာပဲ။ ခက်ထန်လာခဲ့တဲ့ ကိုယ့်မာနက ပြောရစေတော့၊ အခုတောင် မကျချင်ဘူး။ စက်ဆုပ်ချင်တဲ့ စိတ်ဟာ ကိုကို့မှာ ဘယ်လောက် ပြင်းထန်တယ်ဆိုတာ ကိုကို့ဟာ ကိုကို အံ့ဩမိတယ်။ ရေးသမျှ စာတွေမှာလည်း ဒီ စိတ်စက်ဆုပ်ဆုပ်နဲ့ ရေးတာ ဖြစ်နေသေးတယ်။ ကိုယ့်ကိုယ်ကိုယ် မေတ္တာများများ ပို့ရတော့မှာပဲ။





'တင်လေးကော ဒီလူကို မသနားနိုင်ဘူးလား'

ပြောသမျှ စကားတွေ တစ်လုံးစီ ခေါင်းထဲ ဝင်သွားပြီး သူပြော၍ မဆုံးခင် တစ်ဝက်လောက်ကပင် မာနပါလားဟု တရားသက်ဝင်သွားလျက်၊ ပြော၍ ဆုံးသွားသည့် အခါ၌ကား ထိုသူ့ပေါ်တွင် ခွင့်လွှတ်ပစ်လိုက်သည်မှာ ယနေ့ထက်တိုင် ဖြစ်တော့သည်။

ယခုနေထိုင်ရာ ဘောက်ထော်အိမ်ကို စစ်ဘက်မှ အလိုရှိ၍ ပြောင်းပေးရန် ဆိုလာပြန်သဖြင့် ပြောင်း၍မဆုံး ပြောင်းပြီးရင်း ပြောင်းရင်း ဖြစ်နေရသော ဘဝကို ငွေလည်းကုန်၊ လူလည်း ပန်းလှသဖြင့် ဘိုကလေးသို့သာ ရွှေ့ပြောင်းနေပါရစေတော့ဟု ပြောမိသည်။ ယခုကဲ့သို့ အိမ်ခြေ အတည်တကျ မဖြစ်ရခြင်းမှာ လွန်ခဲ့သည့် ဘဝက မြူနီစီပယ် အခွန်ကောက်သူ ဖြစ်ခဲ့ဖူးသလား မသိဘူးဟု ညည်းနေသည်။

စစ်ဘက်မှ သုံးရက်အတွင်း ဖယ်ပေးရန် ဆိုလာပြန်သည်။ ဤအခါတွင် ကျွန်မတို့ချည်း မဟုတ်ဘဲ၊ ဂျပန်အဘိုးကြီး အိမ်ပါ ဖယ်ရမည်ဖြစ်၍ သုံးရက်အတွင်း ဤပစ္စည်းတွေကို ရွှေ့ပြီး ထားရမည့်နေရာ မရှိသောကြောင့် အကျပ်ရိုက်ကြ ပြန်ပေပြီ။

ဗိုလ်လကျ်ာ အိမ်ဘေးတွင် မြန်မာအိမ်တစ်အိမ် ရှိ၍ ဤအိမ်ကို အပြီးပြောင်းကြရန် စီစဉ်ပြီး၊ ဤအိမ်မှ ဂျပန်များကို အဘိုးကြီးနှင့် ဖယ်ခိုင်းသည်။ တစ်လလောက်ကြာမှ ဖယ်ပေးလိမ့်မည် ပြောလျက် တစ်လလောက် သူနှင့်အတူ ပြည်လမ်းသို့ လိုက်နေရန် ခေါ်လေသည်။ အဘိုးကြီးနေမည့် အိမ်ကြီးမှာ ပြည်လမ်း ကောလိပ်ကျောင်းနှင့် မျက်နှာချင်းဆိုင် အလွန်ကျယ်ဝန်းသော မက်ကရိုကာ၏ အိမ်ကြီး ဖြစ်သည်။ ဤအိမ်ကြီး၌ ခေတ္တပြောင်း၍ နေပြီး ဗိုလ်လကျ်ာ အိမ်ဘေးသို့ ပြောင်းကြရန် ဖြစ်သော်လည်း၊ ဂျပန်တွေနှင့် တစ်အိမ်တည်း နေဖို့ရာ မဖြစ်၍ ထိုစဉ်က ကျွန်မဖြင့် ပစ္စည်းများကို လူတကာသာ ဝေပစ်လိုက်ချင်ပေတော့သည်။

အဘိုးကြီးက ကျွန်မတို့ အကျပ်ရိုက်နေမှန်း သိပြီး၊ ဂျပန်များနှင့် ရောနှော မနေချင်မှန်းလည်း အကဲခတ်မိသဖြင့်၊ သူနှင့်လိုက်လျှင် သူတစ်ယောက်က လွဲ၍ ဂျပန်တစ်ယောက်မျှ မနေစေရဘဲ ကျွန်မတို့ ရွှေ့သွားမှ ဂျပန်များ ပြန်ခေါ်ယူမည် လာပြောသည်။

မနက်ကျလျှင် ပြောင်းရတော့မည့် အချိန်ဖြစ်နေ၍ ဂျပန်ကြီးနှင့် တစ်လလောက် အတူလိုက်နေရန် မျက်စိမှိတ်ပြီး ဆုံးဖြတ်ကြရတော့သည်။ ကျွန်မကို ကောင်းပါးပြီး လိမ္မာမှ ဖြစ်လိမ့်မည် ပြော၍၊ ကျွန်မလည်း သတိကြီးစွာ ချပ်ပြီး

နံနက်တွင် ဂျပန်ကြီးနှင့် ပြည်လမ်းအိမ်ကြီးသို့ ပြောင်းရွှေ့ခဲ့ရ ပြန်ပေပြီ။ သူ့ထမင်းချက်၊ သူ့အစေခံများကို တစ်ယောက်မှ မခေါ်စေဘဲ ကျွန်မက ကျွေးမည်ပြောပြီး၊ ကျွန်မတို့ အိမ်တွင် ဂျပန်ကြီးက ဧည့်သည်အဖြစ်ဖြင့် နေသလို အတွင်းနှင့် အပြင် ခြားလိုက်ရလေသည်။

ဤအိမ်ကြီးသို့ ရွှေ့ပြီး ဆယ်ရက်လောက်အကြာတွင် စင်ကာပူ၌ ကိစ္စရှိသဖြင့် တစ်ပတ်လောက် သွားရမည်ဖြစ်၍၊ ဂျပန်ကြီးက ကျွန်မတို့ချည်းနေလျှင် အနှောင့်အယှက် မများအောင် ရိုးပေ့၊ ယဉ်ပေ့ဆိုသည့် ဂျပန်ကလေးကို ရွေး၍ အိမ်စောင့် ထားခဲ့သည်။ ဂျပန်လေးမှာ ညတွင် အောက်ထပ်၌ လာ၍ စောင့်အိပ်ပြီး နံနက်တွင် အလုပ်ထွက်သွားလေသည်။

ကမာရွတ်မှ နေ၍ မြို့ထဲသို့ ကုန်းကြောင်းချည်း သွားရဖန်များသဖြင့် သူလည်း ဗိုလ်လကျ်ာကို ဆိုက်ကားတစ်စီး ဝယ်ပေးဖို့ရန် ပြောသောအခါ၊ ဗိုလ်လကျ်ာက သူ့ကို ဆိုက်ကားတစ်စီး ဝယ်၍ ပေးလေသည်။

ဆိုက်ကားနင်းရန် ယုံကြည်စိတ်ချရသော သူ့တပည့် ပိုလိုကို လိုက်ရှာ၍ ၎င်းကို နင်းခိုင်းပြီး၊ သွားလေရာ လာလေရာ၌ ဤလမ်းတွင် ဂျပန်တွေ ရှာနေသည် ဆိုက ဟိုလမ်းက ချိုးခိုင်းပြီး ဂျပန်တွေကို ရှောင်ကွေ့၍ ပြေးရသည်။

ဂျပန်ကြီးလည်း တစ်ပတ်ကြာမည်ဆိုလျက် ထွက်သွားလိုက်ရာ၊ နှစ်လသုံးလ ကြာမြင့်နေ၍ ကျွန်မတို့မှာ သူပြန်လာမှ ဗိုလ်လကျ်ာ အိမ်ဆောသို့ ရွှေ့ရမည်ဖြစ်သောကြောင့် ပြည်လမ်းတွင်ပင် သောင်တင်၍ နေပြန်သည်။

ဤအိမ်တွင် နေ့စဉ်မှတ်တမ်းကို ဆက်မရေးပြန်တော့ဘဲ၊ ၎င်းစာအုပ်စာမျက်နှာလွတ်ကြီးတွင် "မြန်မာရာဇဝင် ထင်မြင်ဝေဖန်ချက်"ဟု ခေါင်းစီးတပ်ပြီး "အဘိရာဇာသည် မြန်မာတို့၏ ပထမဆုံးဘုရင် မဟုတ်" ဟူ၍ စ ရေးပြန်လေပြီ။ ဤစာအုပ် မရေးခင် ကျွန်မကို ဤစာအုပ်ကို ကျောင်းသားများအတွက် ရေးချင်၍၊ ရာဇဝင်စာအုပ်များ အိမ်ရှိ လိုက်ဘရယ်ရီမှာ ရှာပေးရန် ခိုင်းသောကြောင့် စာအုပ်များကို ယူထုတ်ပေးရသည်။ ၎င်းစာအုပ်အတွက် သူ ကိုးကားသွားသော စာအုပ်များကား များပြားလှပေသည်။ ဤစာအုပ် ရေးရန်အတွက် ကိုးကားသွားသော စာအုပ်များတွင် အင်္ဂလိပ်ဘာသာဖြင့် စာအုပ်များကား –

1. The Teaching of History In Schools.
2. The Material of English History.
3. History of the Orient.
4. The Travels of Fa-hsien.





5. Cambridge Histories, Vol. XI and XII.
6. A Prima of World History.
7. 7th Congress of Far Eastern Assn: Souvenir The Indian Empire
8. Burmese Sketches, Vol. II.
9. The Soul of a People.
10. Journal of Burma Research Society, Vol. I; part I.
11. The Land of the Gold pagoda.
12. The Burmese Empire.
13. Ancient Geography of Burma.
14. Soo Thah.
15. The Loyal Karens of Burma.
16. Correspondence for 1826-1843. In office of Commissioner, Tennasserim Division.
17. British Residency in Burma.
18. G.E. Harvey's History of Burma (Outline).
19. Report on the Kyaukku Temple.
20. Lower Chindwin District Gazetteer.
21. Burma Police Journal, Vol. II; No. I.
22. Upper Burma and Shan States Gazetteer, Vol. I; Part I.
23. Administration of Burma.
24. Far East in Modern Times.
25. The Frantic Master.
26. History of Rangoon.
27. A Burmese Enchantment.
28. Sketches From the Karen Hills.
29. A Burmese Arcady.
30. A People at School.
31. Burmese Silver.
32. Lords of the Sunset.
33. Neath Burmese Bells.

34. South of the Clouds.

35. A Burman: His Life & Nations.

မြန်မာဘာသာဖြင့် စာအုပ်များကား –

(၁) ဦးဖိုးကျား၏ ခေတ်မီရာဇဝင်အကျဉ်း
(၂) လွှတ်တော်မှတ်တမ်း
(၃) မှန်နန်းရာဇဝင် ပထမတွဲ
(၄) သုတောမိတ
(၅) ကုန်းဘောင်ဆက်
(၆) ဦးဘသန်း ရာဇဝင်
(၇) ဦးအုန်းမောင် ကျောင်းသုံးရာဇဝင်၊ ကုန်းဘောင်ခေတ်
(၈) ရာဇဝင်သံခိပ်နှင့် အဖြေ၊ ဦးဘရင်
(၉) ချောင်းများ
(၁၀) ရခိုင် ရာဇဝင်သစ်
(၁၁) သာသနာလင်္ကာရ
(၁၂) မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း

အားလပ်ခွင့် ရရှိချိန်ကလေးကို စာမဖတ်တော့ဘဲ ဖောင်တိန် လက်က မချ ရေးနေပြန်သည်။ ဤစာအုပ် ရေးနေရင်းမှ ကြိုးကြားကြိုးကြား ညှပ်၍ "လွတ်လပ်ရေးရလျှင် မြန်မာပြည်ကို မည်သို့ ပြန်လည် ထူထောင်မည်နည်း" ဟူ၍ ရေးပြန်သောကြောင့် 'ရာဇဝင် စာအုပ်က အရင်ပြီးမလား။ ဒီစာအုပ်က အရင်ပြီးမလား' ဟု မေးရာ 'တစ်ခုမပြီး တစ်ခုပေါ့'ဟု ပြောသည်။

အိမ်ကြီး ကျယ်လွန်း၍ သူက အခန်းတစ်ခန်းကို သတင်းစာ အတတ် ပညာနှင့် သတင်းထောက်ပညာ သူ သင်ပေးချင်၍ ကျောင်းဖွင့်ချင်သဖြင့်၊ ကျောင်းလာတက်ကြမည့် လူငယ်များကို ထမင်းကျွေးနိုင်မလား မေးသည်။ သည် လောက် အလုပ်မအားလှရသည့် ကြားထဲမှ သူမို့ စိတ်ရှိပလေတယ်ဟု သူ့စေတနာ ကို ကြည်ညိုသွားသော်လည်း၊ ဂျပန်ခေတ်တွင် ဤတာဝန်ကြီးကို မထမ်းနိုင်သဖြင့် များစွာမှပင် ဝမ်းနည်းမိပေသည်။ သတင်းစာပညာအကြောင်းကို ပြောရင်းမှ သူက "ကွိ" စာအုပ်ကို ကျွန်မ ဖတ်ဖို့ ကောင်းကြောင်း တိုက်တွန်းသည်။ ကျွန်မက အင်္ဂလိပ်စာ လွန်စွာ ခက်၍ မဖတ်နိုင်ကြောင်း ပြောသောအခါ 'စာအုပ် ဘယ်မှာ ထားသလဲ' ဟု မေးသောကြောင့် 'ဗီရိုထဲမှာ' ဟု ပြောလိုက်သည်။ ကျွန်မထံ၌ သော့တောင်းပြီး အပေါ်ထပ်သို့ တက်သွားမှ ကျွန်မလည်း နေ့စဉ်





မှတ်တမ်းနှင့် မှတ်စုမှတ်ရာများ ဤစာအုပ်ကလေးနှင့်အတူ ထားသည်ကို သတိရ ၍ အပြေးလိုက်သွားသည်။ အပေါ်ထပ် အိမ်ခန်းကြီးအတွင်းရှိ ဗီရိုကြီးရှေ့၌ သူလည်း ကျွန်မ၏ နေ့စဉ်မှတ်တမ်းကို ဖွင့်၍ ဖတ်နေသည်။

'မဖတ်ပါနဲ့ဦး ကိုကို။ နောက် စာအုပ်ရေးမှ ဖတ်ပါ'

'တင်လေး ဘယ်တုန်းကများ ရေးထားတာတွေလဲ။ ကြည့်စမ်း၊ ဒီမှာလည်း Report တွေပါလား။ မီးရှူးခိုင်းတာတွေ ဘယ့်နှယ် မီးမရှူးဘဲ ဒီမှာ ဝှက်ထားသလဲ။ ဂျပန်နဲ့ နေရတာများ မကြောက်ဘူးလား တင်လေးရယ်။ ဒီနေ့ ဆက်ဆက် ဒါတွေကို အကုန်ရှို့ပစ်ပါ။ ဘေးများတယ်'

သူလည်း ကျွန်မ ဝှက်ထားသော လျှို့ဝှက်ရာ စခန်းသို့ ပို့သည့် သတင်း တွေကို အကုန်မီးရှို့လို၍၊ စိတ်မချသည့် အမူအရာနှင့် တစ်ဗီရိုလုံး ဖွ၍ ရှာလေ သည်။

ယခုလို မြင်သွားမှတော့ ရှာချင်သလို ရှာပစေတော့ဟု သဘောအတိုင်း ခွင့်ပြုထားလိုက်ကာ၊ ခုတင်ပေါ်တွင် ထိုင်ပြီး ကြည့်နေသည်။

စာအိတ်တွေကို ဖောက်ပြီး ကြည့်သည့်အခါ၌ စာအိတ်တွေထဲမှ ဆံပင် တွေကို တွေ့သောအခါ၊ တစ်အိတ်ပြီး တစ်အိတ် ရက်စွဲများကို လိုက်ဖတ်ပြီး ကျွန်မဘက်သို့ လှည့်၍ "You are my perfect wife"ဟု လှည့်ပြောလေသည်။

'ဆံစတွေကို ဘာပြုလို့ မပစ်သလဲ' ဟု မေး၍ ကျွန်မက 'ကလေးတွေ ကြီးလာရင် မင်းတို့အဖေ အသက်ငယ်ငယ်နဲ့ ဆံပင်တွေ ဖြူနေတာကို ပြချင်လို့ သိမ်းထားခဲ့တယ်'ဟု ပြောပြလိုက်သည်။

မှတ်တမ်းကြီးကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်နေပြီး 'ဘယ်လို အသုံး ချမလဲ' ဟု မေးပြန်သဖြင့် ကျွန်မက 'My Husband အတ္ထုပ္ပတ္တိရေးဖို့' ဟု ပြောလိုက်သည်။ ထိုအခါ သူကလည်း 'ကိုကိုလည်း My Wife ဆိုပြီး စာအုပ်ရေးဖို့ စိတ်ကူးထားတယ်။ ရေးမယ်။ ဒီစာအုပ်ကို မိန်းမတွေအဖို့ ရေးရမယ်။ ကိုကို့ အပေါ်မှာ တင်နေတဲ့ ကျေးဇူးကြွေးတွေထဲမှာ "ကျွန်ုပ်၏ ဇနီး" စာအုပ်တစ်အုပ် ပါ ထည့်မှတ်လိုက်' ပြောသဖြင့် ကျွန်မက 'အတိုးရော မပေးဘူးလား' ဟု မေးကြည့်သည်။

'အကြွေး မဆပ်ခင် အတိုးပေးရမယ်လား။ ဒါဖြင့်၊ လာ လာ'

ကျွန်မကို အောက်သို့ ခေါ်ချသွားပြီး သူ့လက်ထဲမှ ကိုင်လာသော "ကွိ" စာအုပ်ကလေးကို လှန်လျက် မြန်မာလို ဘာသာပြန် ဖတ်ပြလေသည်။ ပထမ သုံး လေးရွက်လောက်တွင် ကျွန်မလည်း ဝတ္ထုကို စိတ်မဝင်စားဘဲ သူ့ကိုသာ စိတ်ဝင်စားပြီး နေသည်။ မြန်မာစာအုပ်တစ်အုပ်ကို ကိုင်၍ ဖတ်ပြနေသလို ဖတ်နေ၍ အံ့သြနေမိပေသည်။

အိမ်ကိစ္စများ ရှိ၍ ထ လုပ်ရလျှင် သူလည်း ကျွန်မရှိရာသို့ လိုက်လာပြီး 'မပြီးသေးဘူးလား တင်လေးရဲ့။ လာလေ၊ နားထောင်ပါ'နှင့် တကောက်ကောက် လိုက်ခေါ်ပြီး ဖတ်၍ ပြသည်။ တစ်ခန်း နှစ်ခန်း ပြီးသွားသည့် အခါ၌ကား ကျွန်မလည်း မြို့ထဲမှ သူပြန်ရောက်လျှင် စာအုပ်ကို သူ့လက်ထဲသို့ ထည့်၍ အတင်းဖတ်ခိုင်းပြီး၊ မြို့ထဲ ထွက်သွားသည့် အခိုက်အတန့် ဖြတ်ထားရသည်ကို ဆန့်တင့်င့် ဖြစ်နေလျက် စာအုပ်ကို အစွဲကြီး စွဲ၍ နေလေပြီ။ လူတွေနှင့် မရောသည့် ပညာရှိ လူရိုးတစ်ယောက်နှင့် အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော မိန်းကလေး တစ်ယောက် ထူးထူးဆန်းဆန်း သွားတွေ့ကြပြီး မိန်းကလေးက လူ့နယ်ထဲသို့ ဆွဲသွင်းပေးကာ လူဇာတ်သွင်းပေးပုံ၊ ထိုမှတစ်ဖန် အယ်ဒီတာကြီးတစ်ယောက် အောင်အောင်မြင်မြင် ဖြစ်မြောက်သွားပုံ ဇာတ်လမ်းကြီးဖြစ်၍၊ ဇာတ်ကွက်ဆင်ပုံ မှာလည်း အံ့သြလောက်အောင် ထူးခြားလှလေသည်။

ဇာတ်လိုက် လူရိုးကြီး "ကွိ"၏ ပေါင်းသင်းဆက်ဆံရေး၊ အကျင့်စိတ်ဓာတ် ရိုးသားပုံများ၌ မူတစ်မူ ဖြစ်လောက်အောင် စံတင် မှတ်သားလောက်ရသည့်အထဲ တွင်၊ မျက်စိအောက်က အင်္ဂလိပ်စာလုံးအတိုင်း နှုတ်ဖျားမှ မြန်မာစာလုံးများကို ရှာရှာဖွေဖွေ လက်ရွေးစင်ရွေး၍ စီကာပတ်ကုံးနှင့် တစ်လျှောက်တည်း ဘာသာ ပြန်သွားပုံတို့မှာ နမူနာ စံတင်ထားလောက်အောင် မှတ်ဖွယ်ရာ၊ အံ့သြဖွယ်ရာ ကောင်းလွန်း၍ အနှစ်နှစ်အလလ တရိုတသေ သိမ်းထားသော စာအုပ်ကလေး လည်း ဗီရိုထဲမှာ ထားရာက ယနေ့မှ အသည်းနှလုံးထဲသို့ ထုတ်ချင်းဖောက် ဝင်ရောက်လာပေတော့သည်။

ဤစာအုပ်ကို လမ်းဘေးဆိုင်တွင် သူ သွား၍ တွေ့သည်မှာ အလွန် ထူးပေသည်။ ထိုမှတစ်ဖန် ဤစာအုပ် ကျွန်မကို မြန်မာလို ဖတ်ပြပုံက သာ၍ ထူးသေးသည်။

စာအုပ်ကလေးကို ၃၄ လမ်း အိမ်တွင် ဖတ်မည်ဟု လှန်ကြည့်စဉ်က စာလုံးတွေ ခက်လွန်းလှသဖြင့် စိတ်ပျက်ပြီး မဖတ်တော့ဘဲ သိမ်းမြဲသာလျှင် သိမ်းလာခဲ့သည်။ ယခု သူ ဖတ်ပြမှပင် ဇာတ်လိုက် မိန်းကလေး ရှာလီဝေလင်မှာ "ကွိ"နှင့် တွေ့ပြီး၊ "ကွိ"ပြန်သွားလျှင် ပညာပါရဂူကြီး"ကွိ"ပြောသွားသော စကားရပ်များကို မိန်းကလေးကိုယ်တိုင် နားမလည်၍ အဘိဓာန် လှန်ဖွင့်ကြည့်ရ သည်ဟု ပါရှိသဖြင့်၊ စကားလုံး အသုံးအနှုန်း မည်မျှ ခက်သည့်စာအုပ် ဖြစ်သည်ကို စာဖတ်သူများ ခန့်မှန်း၍သာ ကြည့်ဖို့ ရှိပေသည်။

ညဆိုလျှင် လေယာဉ်ပျံလာမှ ဗုံးကျင်းထဲသို့ ဆင်းကြပြီး နှစ်ချက် သုံးချက် အထိ သူက ဖတ်ပြ၍ ထိုင်နားထောင်ရသည်။ စာအုပ်ထဲတွင် သူ့စိတ်ကြိုက်နှင့်





တွေ့ထားသည့် စာကြောင်းတွေကို ခဲတံနှင့် ခြစ်ထားရာသို့ ရောက်သောအခါ၊ မြန်မာလို ပြန်ပြောသွားပြီးမှ 'သူ့ အင်္ဂလိပ်မူအတိုင်း ဒီလို ရေးထားတယ်'ဟု ဆိုပြီး အင်္ဂလိပ်စာကြောင်းများကို ဖတ်ပြလျက်၊ တစ်ဖန် အနှစ်ခြိုက်ဆုံး မြန်မာ စကားလုံးတွေ ရွေးချယ်လျက် ထပ်မံ၍ မြန်မာလို ပြန်ဖတ်သွားပြန်သည်။

စာမျက်နှာ လေးရာကျော်တွင် စာလုံးကလေးကလည်း သေးလှ၍ ဤ စာအုပ်ကို လေးငါးနေ့၊ လေးငါးည ဆက်၍ ဆုံးအောင် နားထောင်ရပေသည်။

ဤမျှ ခက်လှသည့် စကားလုံးများကို ဉာဏ်အထိုင်းဆုံးသော သူတစ် ယောက်ပင် နားထဲသို့ ပစ်သွင်း၍ ရှင်းရှင်းကြီး နားလည်သွားအောင် ပြန်လိုက် သော မြန်မာဘာသာပြန်ကား၊ ဘယ်နေရာမှ လိုက်ဖမ်း၍ မရတော့ဘဲ လေထဲတွင် ပျောက်ကွယ်၍ သွားလေပြီ ဖြစ်ခြင်းကြောင့် ကျွန်မလည်း လက်ရေးတို မတတ်ခဲ့ ခြင်းကို ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်ပေတော့သည်။

သူ့ကို တိုင်းပြည်အတွက် "ကွိ"စာအုပ်ကို ဘာသာပြန်ပါဟု ရေးခိုင်းလျှင် ၁၀ နှစ် နေ၍မှ ရေးဖြစ်မည် မဟုတ်ပေ။ ရေးဖြစ်သည့် တိုင်အောင်လည်း သူ လောက် ကိစ္စများသူ မရှိ၍ မည်သည့်အခါမှ ပြီးမည်ကို မခန့်မှန်းနိုင်အောင် ဖြစ်ပေသည်။ ယခုသော် လေးငါးည၊ လေးငါးနေ့နှင့် ပြီးပါလျက် မည်သို့မျှ အရာထင် မသွားခြင်းအတွက် လက်ရေးတို မတတ် ကောင်းရမလား ဟု ကိုယ့် ကိုယ်ကိုယ်သာ ရိုက်ချင်ပေတော့သည်။ ဤစာအုပ်ကို သူ ဘာသာပြန်ထားပုံ ကို ဖတ်ကြရမည် ဆိုလျှင် လူ ၁၀၀ တွင် ၇၅ ယောက်လောက် ကိုယ်ကျင့်တရား ကောင်းသွားနိုင်သဖြင့်၊ စာအုပ်အဖြစ် ရောက်မသွားသည်ကို နှမြောပြီးရင်း နှမြောရင်း ဖြစ်နေရလေသည်။

ကျွန်မ ကျေးဇူးကြွေးတွေ ရှိသည်ဆိုပြီး ဤကြွေးတွေကို မဆပ်ခင် အတိုး ပေးသွားသော ဘာသာပြန်မှာ အရင်းထက် နှစ်ပြန်လောက် ကျေသွား၍၊ ကျွန်မ က သူ့ကို ဆပ်ရန်ရှိသော ကြွေးများလည်း ရှိရင်းထက် နှစ်ဆ ပြန်တက်သွားပေ တော့ သည်။

ဂျပန်ကြီးကား ခုနစ်ရက်ဆိုပြီး ထွက်သွားလိုက်ရာ လေးငါးလကြာ၍ နေလေပြီ။ ကျွန်မတို့ကို မည်သည့် ဂျပန်မှ မနှောင့်ယှက်သဖြင့် အေးဆေးစွာ နေရသည်။ သူ့အလုပ်ကား နံနက် အိပ်ရာထ လက်နှိပ်စက်ရိုက်ပြီး၊ နေ့ကို မြို့ထဲ သွားလျက်၊ ညကို စာအုပ်များ ရေး၍ နေသည်။ ကျွန်မသည် သူ့ကို တစ်နေ့ထက် တစ်နေ့ ပို၍သာ ကြည်ညိုလာပြီး တစ်နေ့တစ်ထက် တစ်နေ့ တိုး၍သာ စိတ်နှလုံး ချမ်းသာစေချင်သည့်အတွက်၊ ကျွန်မ တတ်နိုင်သည့် မယား ဝတ် ငါးပါးကို သူ့မျက်စိ၌ လစ်ဟင်းပါလားဟု မမြင်ရအောင် ဝတ်ကြီးဝတ်

ငယ် ပြုလျက်နေသည်။ ညတွင် သူကဲ့သို့ပင် မအိပ်ဘဲ သူနှင့် အတူထိုင်ကာ စာရေးလျက် ဤအိမ်ကြီး၌ ဝတ္ထုတစ်ပုဒ် ပြီးသွားခဲ့လေသည်။ ဤဝတ္ထုကို "သူမ" ဟု သူက အမည်ပေးလိုက်ပြီး မြန်မာ့အလင်းတွင် သွား၍ ရိုက်ပေးသည်။

သူနှင့် ကျွန်မမှာ ဝါသနာချင်းတူ၊ စိတ်ချင်းတူသည်ဟု သာမန်အားဖြင့် ထင်ရသော်လည်း တစ်ယောက်နှင့်တစ်ယောက် စိတ်ချင်း မည်မျှတူ၍ မည်မျှ ခြားနားသည်ကို ကျွန်မလည်း နှိုင်းယှဉ်စဉ်းစား၍ ကြည့်မိသည်။ ကျွန်မ နှိုင်းယှဉ် စဉ်းစား၍ ကြည့်သည့် အချက်များကို စာရွက်ပေါ်တွင် ယှဉ်၍ ကြည့်သည့်အခါ သူနှင့် ကျွန်မမှာ –

| | |
|---|---|
| ● လူအေး။ | လူပူ။ |
| ● သည်းခံစိတ်ကြီး ရှိသူ။ | စိတ်နေမြင့်သူ။ |
| ● စိတ်နိမ့်ချသူ။ | မခံချင်တတ်သည့်စိတ် ရှိသူ။ |
| ● အရာခပ်သိမ်း ချင့်ချိန်တတ်သည့် စိတ် ရှိသူ။ | အရာခပ်သိမ်း တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်လိုက်ချင်သူ။ |
| ● စကားကို လေးလေးနက်နက် နူးနူးညံ့ညံ့ ပြောတတ်သူ။ | စကားကို ထက်ထက်မြက်မြက် ထန်ထန်မာမာ ပြောချင်သူ။ |
| ● ပုံးဖိ မျိုသိပ်၍ သိပ်သိပ်သည်းသည်း ကျစ်လစ်သူ။ | ပြောင်ပြောင် ပွင့်ပွင့် ဘွင်းဘွင်းကြီး လုပ်ချင်သူ။ |
| ● လူတစ်ယောက်ကို မကြိုက်ဟု နှုတ်နှင့် အမူအရာနှင့်မှ မပြသူ။ | လူတစ်ယောက်ကို မကြိုက်လျှင် ကြည့်မရအောင် ဖြစ်တတ်သူ။ |
| ● စိတ်အေးအေး ထားတတ်သူ။ | စိတ်ပူပူ နေတတ်သူ။ |
| ● စိတ်ဓာတ်ရင့်သူ။ | စိတ်ကြီးသူ။ |
| ● ခေါင်းကို အမြဲငုံ့ထားသူ။ | မျက်နှာ အမြဲပင့်ထားသူ။ |
| ● အမြဲတမ်း နောက်က နေချင်သူ။ | အမြဲတမ်း ရှေ့က နေချင်သူ ။ |

ဤမျှ ကွာခြားလေသည်။

တစ်နေ့တွင် သူ မြို့ထဲမှ နေ့လယ်လောက် ပြန်လာပြီး ကျွန်မ ရေချိုးနေသည်ကို တံခါးလာပုတ်ကာ 'မြန်မြန် လာစမ်းပါ' ခေါ်၍ ဘာအကြောင်းများလဲဟု ကပျာကယာ တံခါးဖွင့်လိုက်ရသည်။

'တင်လေး၊ ကိုကို့ကို အိပ်ရာလိပ်ကလေး မြန်မြန် ပြင်ပေးပါ။ ကိုကို့ကို တော်တော်ကြာ လာဖမ်းလိမ့်မယ်'

'ဖမ်းမယ်။ ဂျပန်တွေ လာဖမ်းမယ်လား၊ ပေါ်ကုန်ပြီလား'

'ဂျပန်က ဖမ်းမှာ မဟုတ်ဘူး။ ကိုကို့ကို မြန်မာအစိုးရက ဒီနေ့ ဖမ်းမှာ သေသေချာချာ သိခဲ့ရတယ်'





'ဘယ်လိုကြောင့်လဲ'

'သူတို့အစိုးရကို အနှောင့်အယှက် ပေးတယ်ထင်လို့ ကာကွယ်ရေးနဲ့ ဖမ်းမှာပေါ့'

'ဘုရား ဘုရား၊ ကပ်ကြီးသုံးပါး ဆိုက်ကုန်ကြပါလိမ့်မယ်'

အိပ်ရာလိပ်ကို ကပျာကယာ လိပ်ပေးနေစဉ် သူလည်း ဗီရိုတွေ ဖွင့်၍ ထောင်ထဲတွင် ဖတ်ရန် စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ရွေးယူနေသည်။

သူ့အား ဖမ်းလိုက်လျှင် နိုင်ငံရေးတွင် ယခုလို နိုင်ငံအတွက် အဘက်ဘက်က လူမသိအောင် သက်စွန့်ဆံဖျား လုပ်နေသည်ကို လူထုကြီးက မသိကြသည် ရှိစေဦး။ ဦးချစ်မောင်ကို ဖမ်းသွားပြီဆိုလျှင်ပင် ဖမ်းရမည် မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို ဖမ်းရမလားဟု လူအသီးသီးက အစိုးရအဖွဲ့ကို အကြည်ညိုပျက်သွားမည်မှာ ဧကန်မလွဲ ဖြစ်၍၊ သူတို့ဘေးမှ သူတို့ မစဉ်းစားဘူးလားဟု အောက်မေ့ မိသည်။ အစိုးရအဖွဲ့ထဲတွင် ပါဝင်နေကြသော တွဲဖော်တွဲဖက် နိုင်ငံရေးသမားများမှာ ဒေါက်တာဘမော် အမိန့်ကို မလွန်ဆန်နိုင်ကြ၍ ကြည့်နေရသလားဟုလည်း တွေးကြည့်မိသည်။ မည်သူကပင် ဖမ်းချုပ်ချုပ်၊ နိုင်ငံအတွက် ဤမျှ သယ်ပိုးနေသော သူလို လူမျိုးကို ဖမ်းလျှင် ဖမ်းသည့် ပုဂ္ဂိုလ်မှာ သူတော်ကောင်းကို ပြစ်မှားသော အဖြစ်သို့ ရောက်ရလိမ့်မည် ဖြစ်သည့်အတွက် ကြက်သီးများပင် ထ သွားမိသည်။

'ဂျပန်ကြီးလည်း မလာသေးဘူး။ တင်လေးတို့ ဘယ်လို နေထိုင်ရမလဲ။ ကိုကို့ကို ထောင်ချထားမယ်ဆိုရင် တင်လေးတော့ ပစ္စည်းတွေနဲ့ ကလေးတွေကို ဘိုကလေးသာ အေးအေးချမ်းချမ်း ပို့ထားချင်တာပဲ'

'ကောင်းသားပဲ၊ ပို့လေ။ ကိုကို ဗိုလ်လကျ်ာကို စာရေးထားခဲ့မယ်။ ကိုကို မရှိရင် သူတော့ တင်လေးတို့ သားအမိကို အကူအညီပေးပြီး စောင့်ရှောက်မှာပါပဲ။ မပူပါနဲ့'

ဗိုလ်လကျ်ာထံသို့ သူ့ကိုဖမ်းလျှင် ကျွန်မတို့အား တတ်နိုင်သမျှ စောင့်ရှောက်ကူညီ၍ ဘိုကလေးသို့ ပို့ပေးရန် စာရေးလေသည်။ ဗိုလ်လကျ်ာထံမှ မည်သို့မျှ စိတ်မပူဘဲ ကျွန်မနှင့် ကလေးများကို သူ စောင့်ရှောက်လိုက်ပါမည်ဟု အကြောင်းပြန်လိုက်ပြီး သူလည်း ဤကိစ္စအတွက် လုံးပန်းနေကြောင်းပါ ပြန်ကြားလိုက်သည်။

အိပ်ရာလိပ် လိပ်လျက် လာဖမ်းမည့် ပုလိပ်များကို မျှော်နေသော်လည်း မိုးချုပ်သည့်တိုင်အောင် ပေါ်မလာပေ။ နောင်လည်း ပေါ်မလာတော့ပေ။ မည်သူက မည်သို့ ကြိုးစားပြီး ကာကွယ်ပေးလိုက်ကြသည်ကို ယနေ့တိုင် ကျွန်မတို့ မသိခဲ့ရ

ပေ။ သူ့ကို လာမဖမ်းသော်လည်း သူ့ညီ ကိုသန်းထွန်းကို ဖမ်းသွားပြီး ကမာရွတ် ဂတ်တဲတွင် ချုပ်ထားသဖြင့်၊ သူ့အစား ကိုသန်းထွန်းကိုပင် နေ့တိုင်း ထမင်းပို့ပေး နေရလေသည်။

သူ့ညီကို ဖမ်းထားသော်လည်း သူကား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှတ်ပေးရန် မပြောဆိုဘဲ နေလေသည်။

သူ ရေးသော "မြန်မာ့ရာဇဝင် ထင်မြင်ချက်"ကြီးမှာ အတော်ပင် ခရီး ရောက်နေပြီး၊ ၎င်းနှင့် တစ်ချိန်တည်း ရေးသော ပြန်လည်ထူထောင်ရေးမှာလည်း စာမျက်နှာ ၅၀–၆၀ ခန့် ရှိ၍နေပြီး၊ အားလပ်တိုင်း ဤစာအုပ်နှစ်အုပ်ကို တစ်ပြိုင် တည်း ရေး၍နေသည်။

ဤအိမ်ကြီး ရောက်ပြီး၍ ခြောက်လလောက် အကြာတွင် သားရေနယ် ကုမ္ပဏီ၌ လူသတ်မှုကြီးတစ်ခု ဖြစ်ပွားသည့်အခါမှ ဂျပန်ကြီးလည်း စင်ကာပူမှ ပြန်ရောက်လာလေသည်။

ကျွန်မတို့အတွက် ဗိုလ်လက်ျာ အိမ်ဘေးရှိ ဂျပန်များ အိမ်ကို ဖယ်ခိုင်းရာ သူတို့၌ နေရာမရ၍ မဆင်းနိုင်သေးကြောင်း ပြောသောကြောင့်၊ သူတို့ကို ဖယ် နိုင်သည့် အထက်အရာရှိ ဂျပန်များနှင့် လုံးပန်းကြိုးစားနေရ၍ ရတ်တရက် မပြောင်းရကြသေးပေ။

ဂျပန်ကြီးမှာ နံနက်မှ မိုးချုပ် အလုပ်နှင့် လက်နှင့် မပြတ်အောင် တစ်အိမ် သားလုံး အတွက် အဘက်ဘက်မှ စီမံလုပ်ကိုင် ရွက်ဆောင်နေသော ကျွန်မအား သူတတ်နိုင်သည့်ဘက်က ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးတတ်ပြီး၊ တစ်နေ့ထက် တစ်နေ့လည်း ချစ်ခင်လေးစားလာကာ သားသမီးနှင့်မခြား သဘောထားလာပုံကို အထင်အရှား တွေ့လာရသည်။

ဂျပန်များထဲတွင် လူတိုင်း မယုတ်မာ မရိုင်းစိုင်းဘဲ ယဉ်ကျေးလှသော လူကြီးလူကောင်းများလည်း ရှိသည်ဟု၊ ဘုရင်ခံ ဆာဒေါမန်စမစ်၏ သမက် "ကပ္ပတိန်ကွတ်" မြန်မာပြည်မှ မထွက်ခင်က သူ့အား ပြောသွားသော စကားကို သတိရမိပေသည်။ ဤဂျပန်ကြီးကား ဂျပန်နှင့် မတူဘဲ ဂျပန်တွေကပင် သဘော ထား မြင့်မြတ်လှသော ဂျပန်ကြီးဟု ခေါ်ဆိုကြလေသည်။ ကျွန်မတို့ ဂျပန်ကို မကြိုက်ကြောင်း၊ ဂျပန်၏ လွတ်လပ်ရေးသည် အစစ်မဟုတ်၍ လက်မခံနိုင် ကြောင်းကို သိရှိသော်လည်း 'အမျိုးကို ချစ်သူတိုင်း ထားရှိသည့် စိတ်နှလုံးပဲ' ဟု ခဏခဏ ထုတ်ဖော်ပြောသည်။

ဂျပန်ကြီး ရောက်လာလျှင် လာချင်း စာရွက်များကို မီးရှို့ခိုင်းသဖြင့်၊ တစ်နေ့တွင် ကျွန်မလည်း မီးဖိုခန်းကြီးကို အလုံပိတ်ကာ လျှို့ဝှက်ရာ စခန်းသို့







* (ဝဲမှယာ) မစ္စတာ ရော်ရှီဒါ (ကုန်သည်)၊ ဦးတင်ဝင်း (စာရေးသူ၏ မောင်)၊ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် စာရေးသူတို့ကို ဂျပန်ခေတ်တွင် အတူတကွ တွေ့ရစဉ်။

---

အင်္ဂလိပ်ဘာသာနှင့် ပို့သော ရောင်စုံ စာရွက်သတင်းများနှင့် ညွှန်ကြားချက်များ ကို တစ်နေ့တွင် စာအုပ်ထုတ်မည်ဟု မသိအောင် စုဆောင်းလာခဲ့ပြီးမှ တွေ့ရှိသွား သောကြောင့် မီးရှို့ခိုင်းသဖြင့် မီးရှို့ဖို့ရာ ပြင်ဆင်ရလေသည်။

ဤစာရွက်တွေကို "ကွိ"စာအုပ်ကို ယူရင်း တွေ့ရှိသွားစဉ်အခါက မီးရှို့ ခိုင်းသော်လည်း ကျွန်မ မရှို့ခဲ့ပေ။ ဂျပန်ကြီး ရောက်လာသည့်နောက် နေ့ရှိသမျှ တတွတ်တွတ်ခိုင်းပြီး သူ့ဟာသူ ယူရှို့တော့မည် လုပ်ခါမှ ရှို့ပါမည်ဟု ကတိပြု လိုက်ရသည်။

မီးဖိုပေါ်တွင် ကျွန်မ ကူးယူထားသော စာရွက်များကို အားလုံးပုံကာ ရေနံဆီလောင်းရန် ရေနံဆီခွက်ကြီးကို ကိုင်ပြီးလျှင် မလောင်းနိုင်ရက်အောင် ဖြစ်လျက်နေပုံကို သူကား မသိရှာပေ။ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် မည်သို့

ဆောင်ရွက်ခဲ့သည်ဆိုသော အထိမ်းအမှတ် စာရွက်များကို ဖျောက်ဖျက် ရှိပစ်ရမည့် အလုပ်မှာ လူမသိအောင် လုပ်ချင်သည်ဆိုသော သူ့ဆန္ဒအတိုင်းပင် ဖြစ်သော်လည်း၊ လူသိရမည်ဟူသော ကျွန်မဆန္ဒကြီး ပျက်ပြားရပေပြီ။

နောင်လာနောက်သားများအတွက် ဤလုပ်ငန်းကို မည်သို့ လုပ်ရမည်ဟူသော သင်ခန်းစာလည်းဖြစ်၊ အင်္ဂလိပ်စာ အရေးအသား အသုံးအနှုန်းတို့၌လည်း နည်းယူ အတုခိုးဖွယ်ရာလည်းဖြစ်ပြီး၊ နိုင်ငံတော်တွင် ဂျပန်ဖက်ဆစ်တော်လှန်ရေးအတွက် မည်သို့မည်ပုံ စိုင်းပြင်းလုပ်ကိုင် ဆောင်ရွက်ပေးသွားလေသည် ဟူ၍လည်း သက်သေခံမည့် ဤစာရွက်တွေကို အစအနမျှ မကြွင်းကျန်ရစ်ခဲ့ရအောင် မီးလောင်တိုက် သွင်းသည့်သူမှာ ကျွန်မပင်ဖြစ်၍၊ မီးဖိုပေါ်တွင် စာရွက်တွေ တဟုန်းဟုန်း လောင်ကျွမ်းကုန်သည့်နည်းတူ၊ ကျွန်မ အသည်းနှလုံးတွေလည်း လောင်ကျွမ်း၍ နေပေတော့သည်။

လူမသိအောင် လုပ်မည်ဟူသော သူ့ဆန္ဒအတိုင်း သူ့လက်ရာတွေကား ပြာ ပြကတေ့ ဖြစ်၍ သွားလေပြီ။

ဂျပန်ကြီး ရောက်လာပြီး တစ်လလောက်အကြာတွင် စစ်ဘက်မှ ဤအိမ်ကြီးကို လာသိမ်းပြန်သဖြင့်၊ ကျွန်မတို့ ချက်ချင်းရွှေ့ဖယ်ပေးရမည် ဖြစ်လာပြန်သည်။

အတည်တကျ မဖြစ်ရသည်မှာ ဇာတာ ဘယ်လောက်များ ညှိုးမှိန်လို့ပါလိမ့်ဟု ညည်းညူမိ၍၊ သူက ဗေဒင်ကြည့်ရအောင် ဆိုသဖြင့် ကျွန်မလည်း စိတ္တသုခလမ်းရှိ ဆရာဦးလှမောင်အား ဇာတာနှစ်စောင် သွား၍ ပြသည်။ ဤဆရာကို နောက်တုန်းက မသိ။ ဒေါ်ဒေါ် ခေါ်သွားမှပင် တွေ့ဖူးခြင်း ဖြစ်သည်။ သူ့ဇာတာကို စစ်ဆေးပြီးနောက် ပစ္စည်းကုန်၊ လူသေဟု ဟောလွှတ်လိုက်သဖြင့် စိတ်များ သက်သာရာ ရမလာဘဲ၊ နောက်ကျုပြီး ပြန်လာခဲ့ရသည်။

'ကိုကို ဗေဒင်ဟောတိုင်း မယုံပါဘူး။ မယုံပေမယ့်လည်း ဒီပညာကို ဘယ်အခါကမှ အထင်မသေးခဲ့ဘူး။ ဒို့ပြင် ပညာရှိတွေ မေးသေးတာပေါ့ တင်လေးရယ်' ဟု ကျွန်မကို စိတ်ကောင်းအောင် နှစ်သိမ့်ပြီး၊ ရဟန်းရှင်လူ ဗေဒင်ပညာရှိများအား သူ့ဇာတာကို စစ်ဆေးစေသည့် အခါ၌ ဇာတာ အလွန်ညံ့နေသော်လည်း မွေးလလွန်လျှင် ကောင်းမည်ဟု အဟောရှိလိုက်ကြောင်း စိတ်သက်သာရာရအောင် ကျွန်မကို ပြောသည်။

ချက်ချင်းပြောင်းရမည့် အမိန့်အရ ဤအိမ်ကြီးနှင့် သုံးလေးအိမ်ခြားအိမ်ကို ဂျပန်ကြီးရ၍၊ ထိုအိမ်သို့ပင် ခေတ္တရွှေ့ရပြီး ဂျပန်ကြီးက ဗိုလ်လကျာ အိမ်ဘေးက အိမ်ကို ဂျပန်များ အမြန်ဆင်းရန် သွားရောက် ဖယ်ခိုင်းနေသည်။





မြန်မာပြည်တွင် သတင်းစာဆရာ မိသားတစ်စုတို့ အိမ်အတွက် ဒုက္ခရောက်နေရသည်မှာ မြင်းဖြိုင်ကွင်းက အိမ်ကြီးကို ဂျပန်များ အတင်းဝင်နေ၍ ယခုလို အရုပ်ဆိုးစွာ ဖြစ်ရကြောင်းဖြင့် ဂျပန်ကြီးက အထက်အရာရှိ ဂျပန်တွေကို တွေ့တိုင်း အပြစ်တင်၍ မပြီးနိုင်အောင် ဖြစ်နေသည်။

ဤအိမ်ကိုလည်း ဆေးကြော သုတ်သင်၍ သန့်သန့်ရှင်းရှင်း ပြင်ဆင်မွမ်းမံပြီး နေလိုက်သည်။ ဂျပန်ကြီးကို အိပ်ခန်း တစ်ခန်းပေး၍ တစ်အိမ်လုံး ကျွန်မ အိမ်ကဲ့သို့ ဖြစ်စေပြီး၊ ရောက်ရာဘဝတွင် စိတ်ချမ်းသာကြဖို့ရန် လုပ်ကိုင်ပေးနေရတော့သည်။

နံနက် ၅ နာရီထိုးလျှင် ဂျပန်ကြီးကို နံနက်စာ ထမင်းပြင်ကျွေး၍ ၎င်းအလုပ်သွားချိန်တွင် သူလည်း အိပ်ရာမှထလျက် နံနက် လက်ဖက်ရည်သောက်ပြီး မြို့ထဲသို့ ထွက်သွားသည်။ ညနေစောင်းမှ အဘိုးကြီးနှင့် သူတို့ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြသည်။ အဘိုးကြီးကို အရင် ထမင်းတစ်ပွဲ ကျွေးလိုက်ပြီးမှ ကျွန်မတို့ဘာသာ တစ်ပွဲစားကြသည်။

အဘိုးကြီးမှာ အစားအသောက် ပိုက်ဆံတစ်ပြားမျှ မကုန်ရဘဲ အကောင်းစားရပြီး အနေအထိုင်၌လည်း ဘိလပ်သားတစ်ယောက်လို သန့်သန့် ခန့်ခန့်ကြီးနှင့် အစစ အဆင်သင့် ဖြစ်၍နေအောင် ပြုစုပေးသဖြင့်၊ အလွန်တရာ အားနာစွာဖြင့် အလိုက်သိကာ ဘာအကြောင်းနှင့်မျှ စိတ်ညစ်ညူးအောင် မပြုပေ။

'တင်လေး လိမ္မာရင် ဂျပန်နဲ့နေရလို့ ဆားမဖြစ်ဘဲ ဘေးတောင် ကင်းနိုင်သေးတယ်' ဟု ပြောသည့်အတိုင်း တတ်နိုင်သမျှ အလိမ္မာသုံးပြီး နေရပေသည်။

ဂျပန်အဘိုးကြီးကား သူ့ကို ကြည်ညိုရုံမက သားသမီးများလို တစ်စတစ်စ သံယောဇဉ် တွယ်တာ၍နေပြီး၊ ဗုံးလာကြလျှင် သူ့ကျင်းနှင့် သူပုန်းသော်လည်း ကျင်းထဲ ကျွန်မတို့ မဝင်လျှင် အပြေးထွက်လာပြီး 'ခင်ဗျားတစ်ယောက် သေသွားရင် မြန်မာပြည်ဟာ သိပ်နစ်နာမယ်။ ခင်ဗျား ကျင်းထဲဝင်ပါ။ မရဲပါနဲ့' စသည်ဖြင့် လာရောက်ပြောဆိုပြီး တွင်းထဲသို့ အတင်းဆွဲသွင်းပြီး သူလည်း သူ့ကျင်းထဲသို့ ပြန်ပုန်းလေသည်။ သူ့အရည်အချင်း၊ သူ့အကျင့်စာရိတ္တ၊ သူ့စိတ်နေသဘောထားကို အတူနေရသဖြင့် ပိုမို၍ သိရှိလာရသည့်အတွက် အလွန်ကြည်ညိုကြောင်းကို ကျွန်မအား ခဏခဏ ပြောသဖြင့်၊ သူ၏ သမာဓိဂုဏ်နှင့် မေတ္တာဂုဏ်များ ကြီးလွန်းလှ၍သာ ရန်သူကပင် ချစ်ခင် ကြည်ညိုရပါကလားဟု အောက်မေ့မိတော့သည်။

တစ်ညတွင် ခြံထဲ၌ဆင်းပြီး အေးအေးလူလူ စကားပြောနေကြစဉ် ဂျပန်ကြီးက ကျွန်မ ဝတ်ပုံ စားပုံနှင့် သူ ဝတ်ပုံ စားပုံမှာ အလွန်ကွာခြားသဖြင့် ဘယ်ပုံဘယ်နည်း ညားကြသလဲဟု စကား စ လာသည်။

'ကျွန်မက မိန်းမ၊ သူက ယောကျ်ား ဝတ်ပုံ နေပုံချင်း ဘယ်တူနိုင်မလဲ' ဟု အတိုဆုံး အဖြေကို ဖြေရှင်းပြလိုက်ရသည်။

နိုင်ငံတကာ သူလှည့်လည်၍ လာရာ ကျွန်မတို့လို တစ်ဦးကိုတစ်ဦး ချစ်ကြည်မြတ်နိုးကြသည့် လင်မယားမျိုး ဘယ်နိုင်ငံမှာမှ သူ မတွေ့ဖူးခဲ့ကြောင်း ပြောပြသေးသည်။

တစ်နေ့တွင် ဗမာ့တပ်မတော်မှ ဂျပန်ကို ပြန်ချလိမ့်မည်ဖြစ်၍ သူလည်း ဗိုလ်လကျ်ာတို့ ရှောင်တိမ်းလျှင် လိုက်ရမည် ဖြစ်ခြင်းကြောင့် ယခုက ကြိုတင်၍ ဘိုကလေးသို့ ပြန်နှင့်ရန် ပြောလေသည်။ ထိုအချိန်က မြစ်ထဲတွင် လေ့ သမ္ဗန်များကိုပင် စက်သေနတ်နှင့် လိုက်ပစ်နေသဖြင့် ရေလမ်းခရီးဆိုလျှင် ကလေးများနှင့် ဒုက္ခရောက်မည် ဖြစ်၍ရကား ကျွန်မက ရန်ကုန်တွင်ပင် ဒေါ်ဒေါ်တို့နှင့် နေရစ်မည် ဟု ပြောလိုက်သည်။

အခြေအနေ တစ်နေ့ထက်တစ်နေ့ အလျင်အမြန် ပြောင်းလဲ၍ လာလေပြီ။ မြန်မာကို ဂျပန်ကြောက်သည့် အချိန်ကြီး ချက်ချင်းရောက်လာလေသည်။ အဘိုးကြီးလည်း တိုင်းပြည် မငြိမ်မသက် ဖြစ်လာ၍ ကျွန်မကို ရှေးကထက် ကြင်နာစွာ ဂရုတစိုက် စောင့်ရှောက်နေသောကြောင့် သတိကြီးစွာထားကာ နေထိုင်ရသည်။ ကျွန်မ ရန်ကုန်တွင် နေရစ်ခဲ့မည်ကို ရန်ကုန်၌လည်း စိတ်မချရသည့်အပြင် သူ လစ်သွားလျှင် ကျွန်မအား ဂျပန်များက များစွာ ဒုက္ခပေးလိမ့်မည်ကို ပူပန်၍ တောသာ ပြန်တော့ ဆိုသဖြင့်၊ သူ့တပည့် ကိုဖိုးလူကို ဘိုကလေးပြန်ရန် သမ္ဗန်များ ငှားခိုင်းရသည်။ ညနေ ဂျပန်ကြီး ရုံးမှ ပြန်လာလျှင် ကျွန်မတို့အမေ လူလွှတ်ခေါ်သောကြောင့် ပြန်ရတော့မည်ဟူ၍ ပြောရန် စီစဉ်ထားကြသည်။

နေ့ တစ်ချက်လောက်အချိန်တွင် လေကြောင်းဥသြမှုတ်၍ ကျွန်မတို့လည်း ကျင်းထဲသို့ ကလေးများကို သွင်းကာ ကျင်းထိပ်တွင် အေးအေးဆေးဆေး ထိုင်ကြပြီး အမြန်ဆုံး ပြန်နိုင်အောင် သမ္ဗန် အလွယ်တကူ ရဖို့ရာ ကိုဖိုးလူနှင့် တိုင်ပင်နေကြသည်။

လေယာဉ်ပျံများ ခေါင်းပေါ် ဝဲလာမှ ကျင်းထဲသို့ ဝင်ပုန်းကြသည်။ စစ်အတွင်း ရန်ကုန်တွင် နေရသဖြင့် ဗုံးကြဲပုံ အကြိမ်ကြိမ် ကြုံခဲ့သော်လည်း ယခုတစ်ကြိမ် အိမ်ရှေ့ခြံက ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးကို ကြဲနေ၍ မြည်ဟည်း ပြိုလဲသွားသံတွေမှာ နားမခံနိုင်အောင် ကြောက်မက်ဖွယ်ရာကြီး ဖြစ်ပေသည်။

ကျင်းထဲသို့ ဗုံးဆန်များ ပစ်သွင်းသလို လွင့်လွင့်ပြီး စဉ်လာ၍ မထိခိုက်မိရန် ကလေးတွေကို ရင်အောက်တွင် ဝှက်ထားရသည်။ ကျင်းကြီးမှာ ကျင်းအိုကျင်းပျက်ကြီး ဖြစ်လေသည်။ အသစ်တူးသော ကျင်းများ မပြီးသေး၍ ဤကျင်းထဲသို့ပင် ဝင်ရသည်။

ကျွန်မတို့ အိမ်ပတ်ပတ်လည်သာ ကြဲနေ၍ ကျင်းက ထွက်လျှင် အိမ်ပင် ရှိတော့မည် မဟုတ်တော့ဟု ထင်မှတ်ရသည်။ မီးခိုး ယမ်းခိုးတွေ မှောင်မည်းပြီး ကျင်းထဲ၌ တစ်ယောက်ကို တစ်ယောက် မမြင်ရတော့ဘဲရှိရာ 'သတိထားနော်၊ ဒါ မြေရှုံ့ဝင်သွားတာ။ ခု မြေ ပြန်မြင့်လာပြီ' စသည်ဖြင့် သူက သတိပေးနေလေသည်။ မြေကြီးမှာ ရှုံ့ဝင်သွားလိုက်၊ ပြန်မြင့်လာလိုက်၊ သွက်သွက် ယမ်းခါသွားလိုက်နှင့် သင်္ဘော လှိုင်းမိနေကြသလို ဖြစ်နေသည်။

လေယာဉ်ပျံသံများ မစဲဘဲ ဤတစ်ဝိုက်သာလျှင် ပြင်းပြင်းထန်ထန် သဲသဲမဲမဲကြီး လှည့်ဝဲ၍ ဗုံးချလာသောအခါ၌ သူလည်း "သမ္ဗုဒ္ဓေ" ရွတ်၍ ကလေးတွေကိုပါ အရွတ်ခိုင်းသည်။ ကလေးများလည်း ငိုယိုခြင်း မလုပ်ကြဘဲ မီးခိုးလုံးကြီးတွေ လိမ့်ဝင်နေ၍ မှောင်မည်းမည်းကြီးထဲ၌ပင် သမ္ဗုဒ္ဓေဂါထာကို ပီသစွာ ရွတ်ကြသည်။ ကျွန်မတို့ အိမ်ဝင်းထဲသို့ ဗုံးဖြုတ်ချလိုက်သည့် အခါ၌ကား သိမ့်သိမ့်တုန် ခါသွားလေရာ၊ သူလည်း ကျွန်မလက်ကို ဆုပ်ညစ်ပြီး 'တင်လေး' ဟု ကရုဏာဖြစ်စွာဖြင့် ခေါ်လိုက်သည်။ ကျွန်မက 'မိသားတစ်စု အတူတူ သေမှာပဲနော်' ဟု သူ့လက်ကို ပြန်ဆုပ်ပြီး ပြောလိုက်သည်။

တအုန်းအုန်း တဖြုန်းဖြုန်း ထပ်ကာထပ်ကာ ဖြုတ်ချလာသည့်အခါ၌ ကျွန်မလည်း အသက်မှ ချမ်းသာရန် နတ်များကို တိုင်တည်၍ သစ္စာပြုသည်။ သူ့ဂုဏ်ကျေးဇူး၊ သူ့သစ္စာ၊ သူ့သမာဓိ၊ သူ့မေတ္တာ တန်ခိုးနှင့် အသက်ဘေးမှ လွတ်ပါစေသားဟု အကြိမ်ကြိမ် အခါခါ တိုင်တည်၍ သစ္စာပြုနေရသော်လည်း သေခြင်းဆိုး သေရတော့မှာပါလား ဟူသော စိတ်များက ဆုတ်နစ်၍ နေသည်။

လေယာဉ်ပျံများ လှည့်လှည့် ပျံနေသံမှာ တဖြည်းဖြည်း ဝေးဝေး ပျောက်သွားသည့်အချိန်တွင်၊ အနီးတစ်ဝိုက်မှ တဟုန်းဟုန်းလောင်နေသည့် မီးရောင်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် မြင်ကြရသည်။ ဘေးရန် ကင်းရှင်းပြီဟု ဥသြ မမှုတ်ခင် သူလည်း ကျင်းပြင်ဘက် ထွက်၍ ကြည့်ပြီး၊ ကျွန်မတို့အား ကျင်းထဲမှ မထွက်ရန် မှာခဲ့ကာ အိမ်ဘက်သို့ ပြေးလေသည်။

အိမ်ပေါ်က အလွယ်တကူ ထားရှိသော အဝတ်အထည် ပစ္စည်းတွေကို တတ်နိုင်သမျှ သယ်ပိုးထမ်းလာပြီး ကျင်းထဲသို့ လာပို့၍၊ ကျွန်မက နောက်တစ်ခေါက် ပြန်မယူရန် အတင်းအကျပ် တားထားရသည်။

ဘေးရန်ကင်းရှင်းကြောင်း ဥသြမှုတ်လိုက်သည့် အချိန်မှာ ညနေ ငါးနာရီခွဲခန့် ရှိနေပြီ။ ကျင်းမှ ထွက်လျှင်ပင် ကျွန်မတို့ ခြံထောင့်တွင် ဗုံးတစ်လုံး မပေါက်

သေးဘဲ မြေတွင် စွပ်ဝင်နေ၍ ဘယ်ပြေးရမှန်း မသိအောင် ထိတ်လန့်သွားကြသည်။

အိမ်ရှေ့က အဆောက်အုံများ မရှိတော့ဘဲ ကျွန်မတို့အိမ် တစ်အိမ်သာ ကွက်ကျန်ရစ်ခဲ့သော်လည်း၊ အိမ်ကြီးမှာ နေ၍ မဖြစ်အောင် ခေါင်မိုးများ ပြိုပြီး ပစ္စည်းတွေပေါ်တွင် အုတ်ကြွပ်တွေ ပိလျက် ဖရိုဖရဲကြီး ဖြစ်နေသည်။

ဂျပန်တွေက အလောင်းတွေကောက်ရန် သွားလမ်းလာလမ်းများ အားလုံး ပိတ်ထားသဖြင့် အပြင်သို့လည်း မထွက်နိုင်၊ အိမ်ထဲ၌လည်း ဗုံးကြီးရှိနေ၍ ထိုအချိန်က စိတ်နောက်သွားတော့မလောက်ပင် စိတ်ညစ်ညူးပြီး ရန်ကုန်တွင် မြို့ရေး၊ ရွာရေး၊ နိုင်ငံရေးနှင့် နေ့စဉ် အချိန်ကုန်ခဲ့ရလျက် နောက်ဆုံး၌ ဆရာဦးလှမောင် အဟောရှိလိုက်သလို ပစ္စည်းကုန်၊ လူလည်းသေ ဆိုသည့်အတိုင်း မေတ္တာရိ သေကြရဦးမှာလားဟု တွေးကြည့်မိသည်။

ဂျပန်ကြီး ရုံးမှ အမြန်ပြေးလာပြီး ကျွန်မတို့ ဖြစ်ပုံကိုကြည့်လျက် စိတ်ဆင်းရဲ သွားရှာကာ ကျွန်မအား 'စိတ်ကောင်းကောင်း ထားပါ။ ဒီခြံထဲက ဗုံးကြီး မပေါက်တာဟာ ဦးချစ်မောင် မြန်မာပြည်မှာ တစ်စုံတစ်ခု လုပ်ဖို့ရာ ကျန်သေးလို့ မြေကြီးထဲ စွပ်ဝင်နေတာပဲ။ ဒီဗုံးသာ ပေါက်ခဲ့ရင် အားလုံးသေကြမှာမို့ မပေါက်ဘဲ မြေထဲသာ ဝင်နေတာ။ အခု ဒုက္ခရောက်သလောက် တစ်နေ့ သုခကြီး ခံစားဖို့ရာ အမှန် ဖြစ်လာပါလိမ့်မယ်' ဟု တတွတ်တွတ် ဖျောင်းဖျနစ်သိမ့်ပြီး ချက်ချင်း ပြောင်းဖို့ရန် အိမ်ကို ရှာပေးလေသည်။ မြို့ထဲရှိ သောမတ်ကွတ် ဘဏ်တိုက်ကို နေရန် အလံဝါ စစ်ဗိုလ်တစ်ယောက် မှောင်လုမှောင်ခင်ရှိမှ လာပြော၍ ကျွန်မက 'မနေချင်ဘူး၊ ကျွန်မ မိုးလင်းရင် တောပြန်မယ်' ဟု ပြောလိုက်သည်။

တစ်ညလုံး ခဏခဏ ဥသြမှုတ်နေ၍ ကျင်းထဲ ဆင်းလိုက်၊ တက်လိုက် လုပ်နေကြရသဖြင့် မီးလည်း မထွန်းကြရသောကြောင့်၊ ဘာပစ္စည်းမှ ကောင်းကောင်း မရှာဖွေကြရဘဲ ကျင်းထဲ၌သာ ညအချိန် ကုန်ခဲ့ရသည်။

မိုးလင်းလင်းချင်း သက်န်းကျွန်းဘက်သို့ ပြေးပြီး၊ ထိုမှ တစ်ဖက်ကမ်းရှိ သိမ်ကျောင်းရွာကလေးသို့ ပြေးရန် စီစဉ်ကြရသည်။ ထိုရွာကမှ နေ၍ သမ္ဗန် ရလျှင် တောသို့ ပြန်မည်ဟု ဆုံးဖြတ်ရသည်။

နံနက် ၅ နာရီတွင် ဂျပန်ကြီးအား ဤပစ္စည်းတွေကို ရွှေ့၍ သိမ်းဆည်းပြီး ဗဟန်း သူ့အလုပ်ရုံ၌ ခေတ္တထားရန်နှင့်၊ ကျွန်မ သမ္ဗန်နှင့် တိုက်ယူလျှင် ပို့ပေးပါရန် မှာကြားပြီးနောက်၊ သက်န်းကျွန်းက သိမ်ကျောင်းရွာဘက်သို့ နံနက် စောစောကြီး ကူးပြေးလာခဲ့ကြသည်။

သိမ်ကျောင်းရွာ၌ အိမ်တစ်အိမ် ငှား၍ နေကြပြီး ဖြစ်သလိုပင် ဆင်းရဲစွာ





နေထိုင်ကြကြောင်းကို ဂျပန်ကြီးထံသို့ အကြောင်းကြားလိုက်သည်။ ကျွန်မ ဤသို့ နေရသည်ကို သိလျှင်သိချင်း နောက်တစ်နေ့တွင် အဘိုးကြီးမှာ ကြမ်းပေါ်တွင် ထမင်း မစားရန်၊ ကြမ်းပေါ်တွင် မထိုင်ရန်၊ အိမ်ထောင်ပစ္စည်း အချို့ကို သမ္ဗန်နှင့် အမြန်တင်ပို့ပေးပြီး၊ သူ့စာအုပ်များကို ဗီရိုထဲမှ အားလုံးထုတ်ယူကာ သူကိုယ်တိုင် လော်ရီကားပေါ်သို့ ထမ်းတင်လျက် သမ္ဗန်များနှင့် တစ်ဖက်ကမ်းသို့ ပို့ပေးလိုက်သည်။ ကျွန်မကိုလည်း ဒီဘက်ကမ်းသို့ သူ့ကို မခေါ်ခဲ့ဘဲ တစ်ယောက်တည်း ဒေါ်ဒေါ်တို့ အိမ်သို့ အမြန်လာခဲ့ရန် မှာကြားလိုက်၍ ကန်ဘဲ့သို့ လိုက်လာရာ၊ အဘိုးကြီးက 'ဦးချစ်မောင်ကို ဂျပန်ပုလိပ်များ ဖမ်းတော့မယ်။ ဒီဘက်ကမ်းကို မလာပါစေနဲ့၊ ပုန်းနေပါ။ အကယ်၍ ဒီရွာမှာရှိတာ သတင်းရလို့ လာဖမ်းကြရင် ဒီစာကို ပြပါ' ဟု ဆိုပြီး စာတစ်စောင်ကို ထုတ်ပေးသည်။ ထိုစာကို လက်မှတ်ပေါင်း မျိုးစုံ ဂျပန်အရာရှိတွေ လက်မှတ်စုထိုး ထားကြသည်။ ဤသူသည် ဂျပန်သူလျှို ဖြစ်၍ အနှောင့်အယှက် မပေးရန် အဓိပ္ပာယ်ဖြစ်ကြောင်း ဖတ်ပြ၍၊ အရေးထဲ၌ မှုမပျက်မိအောင် မနည်းပင် သတိထား နားထောင်ရသည်။

'ကျုပ် အသက်ရှင်နေသရွေ့ ဦးချစ်မောင် ဒုက္ခ မဖြစ်စေရဘူး။ ဂျပန်တွေ ဘယ်လို ရိုင်းပေမဲ့ ကျုပ်ဟာ မြန်မာအပေါ် မရိုင်းဘူးဆိုတာ အမြဲ သတိရပါ။ ကျုပ်လက်နဲ့ မြန်မာတစ်ယောက်ရဲ့အသက်ကို ဘယ်အဖြစ်ရောက်လို့မှ မသတ်ခဲ့ဘူး ဆိုတာ ဦးချစ်မောင်ကို ပြောလိုက်ပါ။ ဂျပန်လူမျိုးများဟာ အမျိုးကိုချစ်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ဆိုရင် ရန်သူ ဖြစ်ပစေ၊ လေးစားကြည်ညိုတယ်။ ဦးချစ်မောင် ဒီဘက်ကမ်း မလာပါစေနဲ့' ဟု မှာကြားပြောဆိုပြီး ကျွန်မကို ပြန်လွှတ်လိုက်သည်။ ကျွန်မ နောက်သို့ သူများ လိုက်လာပြီလားဟု စိတ်ပူကြီးစွာဖြင့် တစ်ဖက်ကမ်းသို့ အမြန် ပြန်ပြေးခဲ့ရသည်။

နောက်တစ်နေ့တွင် သုံးရက်ကြာလျှင် မြန်မာပြည်မှ ထွက်ခွာသွားရတော့မည် ဖြစ်သဖြင့်၊ ဗဟန်းတွင် ပြောင်းရွှေ့သယ်ယူ သိမ်းထားသော ကျွန်မတို့ပစ္စည်းများကို ရွာထဲက သမ္ဗန်များ ရသလောက် ငှား၍ နက်ဖြန် လာယူပါဟု အဘိုးကြီးထံမှ စာတစ်စောင် ရောက်လာသည်။

ရွာထဲတွင် သမ္ဗန်များ ရသရွေ့ ငှားပြီး နံနက် မိုးမလင်းခင် သူနှင့် ကိုသိန်းမောင် သမ္ဗန်များနှင့် ပစ္စည်းများသယ်ရန် ရန်ကုန်သို့ ထွက်သွားကြသည်။

ကိုသိန်းမောင်သာ လွှတ်ဖို့ရာ ပြောသော်လည်း 'ဂျပန်တွေ ပြေးကုန်ပါပြီ။ မဖမ်းပါဘူး' ဆိုပြီး လိုက်သွားသည်။ တစ်နေ့လုံး သူတို့အပြန် စောင့်၍၊ သိမ်ကျောင်းသို့ ပြောင်းပြေးလာသော သူ့မိတ်ဆွေကြီး ဇဝနနှင့် ထိုင်ကာ စကားပြောပြီး သူတို့အလာသာ မျှော်နေသည်။

ညနေစောင်းတွင် သူတို့ ရောက်လာကြသည်။ ခွေးကြီးတစ်ကောင်ကို ကြိုးနှင့်ချည်၍ အိမ်ဝင်းထဲသို့ ဝင်လာကြသော အခါ၌၊ ကျွန်မက ပစ္စည်းများကော ဟု ဆီးမေးလိုက်ရာ သူက လက်ခါ၍ ပြသည်။

အဘိုးကြီးလည်း ကျွန်မတို့ကို စာပို့လိုက်သည့်နေ့ ညကပင် အရေးတကြီး ဆုတ်ခွာ၍ သွားရသည်။ သူမသွားခင် သူ့ကုမ္ပဏီမှ အလုပ်သမား မြန်မာများနှင့် သူ့အစေခံ ကုလားများအား ဦးချစ်မောင်လာလျှင် ပစ္စည်းများအားလုံး ပေးလိုက်ရန် ရေငတ်သလို မှာကြားသွားပြီး၊ သူ့ပစ္စည်းများကိုလည်း ကျွန်မအား လက်ဆောင် ပေးလိုက်ပါရန် မှာ၍ အပ်ခဲ့သည်။ သူတို့ ရောက်သွားသောအခါ အစောင့်ဂျပန်ကလေးက ပစ္စည်းများကို လက်ညှိုးထိုးပြပြီး ထွက်သွားလျှင် သွားချင်း၊ အနီးအနား တစ်ဝိုက်ရှိ လူများက ဂျပန် မရှိတော့ဘူးဟု အိမ်ထဲသို့ အတင်းပြေးလာပြီး အိမ်ထဲက ပစ္စည်းများကို လုကြ ယက်ကြ၍၊ သူက မလုရန်နှင့် အေးအေးဆေးဆေး ယူကြရန် ဖျောင်းဖျ၍၊ တစ်ယောက်နှင့်တစ်ယောက် မလုကြဘဲ ထုပ်ပိုး သယ်ယူနေကြသည်ကို ထိုင်ပြီး ကြည့်နေခဲ့သည်။ အချို့က ကုလားထိုင်ဖုံး အဝတ်တွေကို ဓားနှင့်ဖြတ်၍ သူ့လက်နှင့် ကုလားထိုင်တွင် စွပ်ထားသည့် အဝတ်ကြီးတွေကို ဝင်ချွတ်ပေးလိုက်သည်။ အိမ်ထဲတွင် လူ ၁၀၀ ခန့် ရှိပြီး အိမ်ပြင်ဘက်၌လည်း လူအုပ်ကြီး စုဝေးပြီး တက်ယူကြရန် စည်းဝေးနေသောကြောင့်၊ အိမ်ထဲကလူများ မျှားမျှား ရသွားရန် အိမ်ရှေ့တံခါး ပိတ်ပေးလိုက်ရသေးသည်။ အပြင်ဘက်က လူများ တံခါး အတင်းချိုးပြီး ဝင်လာကြသည့် အခါ၌ သူလည်း လက်ပိုက်ပြီးသာ ကြည့်နေတော့သည်။

လေးငါးရှစ်နှစ် စုဆောင်းလာခဲ့ရသော အဖိုးတန် ပစ္စည်းတွေကို နမြောမိသည်မှာ ပြောဖွယ်ရာ မရှိပေ။ ထိုထက်ပို၍ နမြောမိသည်ကား သူ့အတ္ထုပ္ပတ္တိ ရေးရန် သိမ်းစုလာခဲ့သော ဖိုင်တွဲများနှင့် နေ့စဉ်မှတ်တမ်း စာအုပ်များဖြစ်၍၊ အနှစ်နှစ် အလလပတ်လုံး ကြိုးစားလာခဲ့သမျှ အလကား ဖြစ်ရပြီဟု ဝမ်းနည်းပက်လက် ဖြစ်သွားပြီး အိပ်ရာထဲတွင် သွား၍ ခွေလဲနေလိုက်သည်။

'မှတ်စုမှတ်တမ်းတွေ ဆုံးတာကလည်း လူတစ်ယောက်လုံး သေသလို ကျနေတာပဲ။ ကိုကို တစ်ယောက်လုံး ရှိသေးတာပဲ။ တစ်နေ့ပြန်ရေးရင် ရနိုင်တာပေါ့' ဟု မည်သို့ပင် အနားက အားပေး အားပေး၊ မည်သို့ပင် စားချင် သောက်ချင်အောင် ကျွေးကျွေး ကျွန်မကား လူမမာကြီးလို ဖြစ်၍ သွားလေသည်။

ပစ္စည်းတွေ ဆုံးရှုံးခြင်းမှာ နောင်တွင် ပြန်လည်၍ ထူထောင်လျှင် ရနိုင်သောအကြောင်း ရှိပေသော်လည်း၊ ဤမျှ များပြားလှသော မှတ်စုမှတ်ရာ မှတ်တမ်းများကား လုံးဝဥဿုံ အစုံအစေ့ ပြန်လည် စုဆောင်းနိုင်ဖို့ရာ ခက်လေသည်။ သူ့





အကြောင်းအရာကို "သူလိုလူ"ဟု လုံးစုံစေ့စေ့ ခရေစေ့တွင်းကျ လက်ညှိုး ထိုးပြခဲ့မည် ဟူသော နေ့ရှိသရွေ့ လုံးပန်းအားထုတ်လာသည့် ရည်ရွယ်ချက်ကြီး ပျက်ပြားသွားကာ၊ လူမသိချင်ဘူးဆိုသော သူ့ဆုတောင်းကိုသာ စိတ်နာပြီးရင်း စိတ်နာရင်းနှင့် စိတ်မကျေနိုင်ဘဲ ရှိလေတော့သည်။

အိမ်ထဲတွင် ရှိရှိသမျှ ပစ္စည်းများကို ဝေဿန္တရာကြီးကဲ့သို့ အလှူတော်မင်္ဂလာကြီး ပေးပြီး၊ ပစ္စည်းများ ကုန်၍ လူရှင်းသွားသည့် အချိန်၌ အိမ်ထဲတွင် ခွေးကြီးတစ်ကောင်သာ ကျန်ရှိ၍၊ ဤခွေးကြီးကို ကရုဏာသက်ပြီး ကြိုးတစ်ချောင်းရှာ ချည်လျက် ရန်ကုန် တစ်ဖက်ကမ်းမှ သိမ်ကျောင်းရွာ တစ်ဖက်ကမ်းသို့ အပါ ဆောင်ယူလာခဲ့ပေတော့သည်။

ပစ္စည်းများထားရာ ဇဟာန်းနေရာ တစ်ဝိုက်တွင် မပြောင်းမရွှေ့ဘဲ နေထိုင်ကြသော မိတ်ဆွေများ ပတ်ပတ်လည် ရှိနေ၍၊ ကျွန်မသာ လိုက်ပါသွားပါက ပစ္စည်းတွေ အကုန်မဆုံးသည့်အပြင် မှတ်တမ်းတွေကိုလည်း ဗီရိုတွေထဲမှ ရအောင် ယူမည်ဖြစ်၍၊ လိုက်ပါမသွားသဖြင့်သာ ယခုလို ဖြစ်ရသည်ဟု တဖျစ်တောက်တောက် ပြော မပြီးအောင် ဖြစ်နေသည်။

'လူတွေ လာ လုကြ ယက်ကြတုန်းက ကိုကို သူတို့ကို ကြည့်နေရင်း စိတ်ထဲမှာ လူတွေ အကျင့်စာရိတ္တ စိတ်ဓာတ် ပျက်ပြားကုန်တာကို မြင်ရတာ ဘယ်လိုများ နမြောမိမှန်း မသိဘူး' ဆို၍ မှတ်တမ်းကြီးသာ ရှိသေးလျှင် သူ နမြောပုံနှင့် ကျွန်မ နမြောပုံ နှိုင်းယှဉ် ရေးမှတ်လိုက်ဦးမည် ဖြစ်ပေသည်။

အင်္ဂလိပ်စစ်တပ်များ မဝင်ရောက်ခင် ကျွန်မတို့ကို ကန်ဘဲ့တွင် နေထိုင်သော ဒေါ်ဒေါ်က သူ့အိမ်ဘေးတွင် အိမ်တစ်လုံးရှိသဖြင့်၊ အမြန်ရှင်းလင်းထားလိုက်ပြီး ကန်ဘဲ့သို့ ပြောင်းခဲ့ရန် မှာလိုက်၍ ပြောင်းလာခဲ့ရသည်။

ရန်ကုန်တွင် ယာဉ် ရထား ဘာမျှမရှိဘဲ လမ်းကြီးအသွယ်သွယ် ခြောက်သွေ့ တိတ်ဆိတ် ရှင်းလင်းနေပြီ။ ဖရိုဖရဲ ပြိုလဲနေသော မြို့ပျက်ကြီးသို့ စိတ်ပျက်လက်ပျက်ကြီးနှင့် ပြန်ဝင်လာခဲ့ ရသည်။

ကန်ဘဲ့ရောက်ပြီး နောက်တစ်နေ့တွင် သူလည်း နိုင်ငံရေးကိစ္စများဖြင့် မြို့ထဲသို့ ခြေကျင် ထွက်သွားသည်။ သူ ထွက်သွားလျှင် သွားချင်း ကျွန်မလည်း ကျွန်မ ပစ္စည်းများ ဆုံးရှုံးရာ အိမ်ကြီးဆီသို့ မှတ်တမ်းမှတ်စု ဖိုင်တွဲများ ကျန်လိုကျန်ငြား သွားရှာမည်ဟု ဒေါ်ဒေါ်နှင့် နှစ်ယောက် ခြေကျင် လျှောက်လာခဲ့သည်။

အိမ်ကြီးဆီသို့အဝင် ဖရိုဖရဲ ကျိုးပဲ့ပျက်စီးနေသော မှန်ကွဲမှန်စများနှင့်၊ မယူနိုင် မသယ်နိုင်သဖြင့် ချိုးဖဲ့ ဖျက်ဆီးထားကြသော ကျွန်မ၏ အဝတ်ဗီရိုများကို တွေ့ရရာ ရင်ထဲတွင် ဆို့၍ သွားသည်။

အပေါ်ထပ်သို့ တက်သည့်အခါ တိုလီမိုလီပစ္စည်းများ ထည့်သွင်းထားသော ကျွန်မ သံသေတ္တာကလေးကို လူသုံးယောက် ဓား၊ ပုဆိန်နှင့် ဖွင့်ရန် ကြံနေကြသည်ကို ပက်ပင်း သွား၍ တွေ့လေသည်။ ကျွန်မလည်း ကပျာကယာ ပြန်ဆင်းလာပြီး မြန်မာ့အလင်းတိုက် ဦးတင်ထံသို့ ပြေး၍ အကူအညီတောင်းရာ၊ ဦးတင်နှင့် ထိုင်စကားပြောနေကြသော စကော့ဈေး (ယခု ဗိုလ်ချုပ်ဈေး) စိန်ဘရားသားတိုက်ရှင် သူဌေးဦးမှတ်ကြီးတို့ အပြေးလိုက်လာပြီး သူခိုးလက်မှ ပြန်၍ လုပေးလိုက်ကြသည်။ နွားလှည်းတစ်စီးနှင့် ဤပစ္စည်းကို ကန်ဘဲ့သို့ အရောက်ဆောင်ယူလာရာ 'ဘာမှ မရှိပါဘူးလို့ ပြောထားတာတောင် ဒီအချိန်ကြီးမှာ ဒီဟာကို သူခိုးလက်ကများ ကန်ဘဲ့အရောက် ပြန်ယူလာတာ တင်လေးကိုတော့ ကိုကို အံ့ပါတယ်။ တင်လေးအကြောင်းရေးရင် ဒီအခန်းပါ ရေးရလိမ့်မယ်'ဟု ရယ်မောပြီး ပြောသောကြောင့် ကျွန်မက 'ကျွန်မသာ ဟိုစဉ်က အတူလိုက်ခဲ့ရင် ဘာပစ္စည်းမှ မဆုံးဘူး' ဟု ဆိုလိုက်သည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ ဂျပန်ငွေများ တန်ဖိုးမရှိ၍ လက်ထဲတွင် အလုပ်လုပ်ရန် သိမ်းထားခဲ့သော အင်္ဂလိပ်ငွေများကို ထုတ်သုံးကြရသည်။ ပစ္စည်းများ အားလုံး ပျက်စီးဆုံးပါးကုန်၍ အလုပ်ကို ဘယ်လိုစ၍ ဘယ်လို တည်ထောင်ရမည်ကို နေ့ရှိသရွေ့ အကြံထုတ်နေရသည်။ သူကား မိုးလင်းလျှင် ယခင်နည်းအတိုင်းပင် လွယ်အိတ်တစ်လုံး လွယ်လျက် မြို့ဘက်သို့ နိုင်ငံရေးကိစ္စများဖြင့် သွားရောက်ပြီး နေစောင်းမှသာ ပြန်လာလေသည်။

ကန်ဘဲ့နှင့် ရန်ကုန်မှာ လေးငါးမိုင်ဝေး၍ အချိန်နှင့်မသွား၊ အချိန်နှင့် မပြန်လျှင် ခြေကျင် လျှောက်ရသည်သာ များသောကြောင့် လုပ်ငန်းပြန်စ၍ နေရာကျလျှင် သူ့ကို အမြန်ဆုံး ကားတစ်စီး ဝယ်ပေးနိုင်အောင် ပစ္စည်းလုပ်မည်ဟု သူ့ကို ပြောပြသည်။

'နိုင်ငံရေးကို ဘေးကနေတော့ မလုပ်ပါနဲ့။ ဒီတစ်ခါ ခြေစုံပစ်ဝင်ပြီး ထင်ထင်ရှားရှား လုပ်စမ်းပါ။ စားဖို့သောက်ဖို့ အတွက်တော့ ဂျာနယ်ကျော် ပြန်ထုတ်ပြီး ပုံနှိပ်တိုက် ပြန်ထောင်မယ်'ဟု သူ့ကို ပြောဆိုပြီး လုပ်ငန်းအတွက် စက္ကူ၊ စာလုံး၊ စက် ရရန် နေ့စဉ် ရှာဖွေနေရသည်။

ဘယ်လိုပင် ကြမ္မာငင်၍ ပျက်စီးကုန်ရသည်ဖြစ်စေ၊ လောကတွင် အောင်မြင်မှု၌ စိတ်သာ ပဓာနဟု စိတ်တင်းလျက် ယခုအခါတွင် နောက်နောက်က ထားခဲ့သော ရည်မှန်းချက်ကြီး နှစ်ခုကို ဖြစ်မြောက်အောင် တစ်ပြိုင်တည်း ပြန်၍ လုပ်မည်ဟု ဆုံးဖြတ်လိုက်ပြန်လေသည်။

အပျက်အစီးနှင့် တွေ့တိုင်း တွေ့တိုင်း ကျွန်မ စိတ်မလျှော့လေဘဲ





စိတ်တင်း၍ ခွဲကြီးကြီး ထားနိုင်ခြင်းမှာလည်း သူ့ကျေးဇူးကြောင့် ဖြစ်ပေသည်။ သူသည် တစ်ခါက ကျွန်မကို အဖိုးတန်လှသော အောက်ပါ အင်္ဂလိပ် လင်္ကာကလေးကို ရေး၍ ပေးဖူးသည်၊ ဤလင်္ကာကလေးကို အရကျက်၍ ခေါင်းထဲတွင် စွဲထားရန်လည်း မှာကြားသည်။

IT IS ALL IN THE STATE OF MIND

(i) *If you think you are beaten, you are:*
*If you think that you dare not, you don't;*
*If you'd like to win, but you think you can't*
*It's almost a cinch you won't.*
*If you think you'll lose, you're lost*
*For out in the world you'll find*
*Success begins with a fellow's will;*
*It's all in the state of mind.*

(ii) *Full many a race is lost*
*Ere even a step is run,*
*And many a coward fails*
*Ere even his works, begun*
*Think big, and your deeds will grow,*
*Think small and you will fall behind.*
*Think that you CAN and you WILL;*
*It is all in the state of mind.*

(iii) *If you think you're out-classed, you are:*
*You've got to think high to rise;*
*You've got to be sure of yourself before*
*You can ever win a prize.*
*Life's battles don't always go*
*To the stronger or faster man.*
*But soon or late the man who wins*
*Is the fellow who thinks he can.*

## ၃၃ ။ ဖ ဆ ပ လ

အင်္ဂလိပ်စစ်တပ်များ အနံ့အပြား ရောက်လာလျှင် ရောက်လာချင်း သူ့ကို အင်္ဂလိပ်စစ်ပုလိပ်များ လိုက်ရှာပြီး သူတို့ရုံးတွင် ခေါ်ယူစစ်ဆေးသည်။ စက္ကူဖြူစာတမ်းကို ဘယ်လို သဘောရရှိသလဲဆိုတာ စာနဲ့ အခု ရေးပြပါ ခိုင်းကြ၍၊ သူလည်း သူတို့ရှေ့မှောက်တွင်ပင် စက္ကူဖြူ မနှစ်မြို့ကြောင်းကို အချက်အလက်များ ပြည့်စုံစွာဖြင့် ရေး၍ ပေးလိုက်သည်။ သူ့စာရွက်ကို ဖတ်ကြည့်သော စစ်ဘက်အရာရှိ မြန်မာလူမျိုး ဦးအောင်သန်းဆိုသူက 'တယ်ကောင်းတဲ့ အင်္ဂလိပ်စာပါလား။ အင်္ဂလိပ် သတင်းစာထုတ်ဖို့ ကောင်းတယ်ဗျာ' ဟု သူ့ကို ပြောလိုက်ကြောင်း ပြန်ပြောပြသည်။

သူ့ကို ခေါ်ယူစစ်ဆေး၍ ၎င်းတို့ မေးခွန်းတွေကို ဖြေရှင်းပြောရာတွင် သူက အင်္ဂလိပ်ဝါဒ မပြောင်းခဲ့လျှင် ဘယ်နည်းနှင့်မျှ မိတ်ဆွေအဖြစ် မပေါင်းနိုင်ဘူး ဟု အဖြေပေးခဲ့သဖြင့်၊ နောက်တစ်နေ့တွင် သူ့ကို စုံထောက်ဘက်မှ မျက်နှာဖြူများ ဂျစ်ကားနှင့် လာခေါ်ပြီး ရန်ကုန်ထောင်ကြီးထဲတွင် ချုပ်ထားလိုက်ကြလေသည်။

အင်္ဂလိပ်များက ကျွန်မကို ထောင်ထဲတွင် သူတို့ ကောင်းစွာ ထားမည်ဖြစ်ကြောင်း ပြောသွား၍၊ သူက ကျွန်မကို အင်္ဂလိပ်များရှေ့တွင် ဂျော့ဘုရင်မင်းမြတ်၏ အထူးထောင်သား ဧည့်သည်တော်အဖြစ် သွားမည်ဖြစ်၍ ဘာမျှ စိတ်မပူရန် ပြောသည့်အခါ၌၊ အင်္ဂလိပ်များ မျက်နှာပျက်သွားကြသည်။

ရန်ကုန်ထောင်ကြီးထဲတွင် တစ်နေ့နှင့်တစ်ည ချုပ်ထားကြပြီးမှ အကျယ်ချုပ် သဘောဖြင့် မည်သည့်မြို့ရွာကိုမျှ မသွားရဘဲ ရန်ကုန်တွင် နေရမည်ပြောကာ ပြန်လွှတ်လိုက်သည်။

ရန်ကုန်ထောင်ကြီးထဲတွင် တစ်ညအိပ်ပြီးသကာလ အကျယ်ချုပ်နှင့် ပြန်လွှတ်လိုက်သည်။ သူသည် အင်္ဂလိပ်များနှင့် ဆိုရေး ပြောရေး လုပ်ဆောင်ဖွယ်ရာကိစ္စ အရပ်ရပ်များကို စီမံဆောင်ရွက် လုပ်ကိုင်စီစဉ်လျက် ရှိလေသည်။

ဗိုလ်လက်ျာကား ဂျပန်မပြေးမီ ကိုယ်ဖျောက်လစ်သွားရာမှ အင်္ဂလိပ်ဝင်လာလျှင် လာချင်း ၎င်းတို့နှင့် မျက်နှာချင်းမဆိုင်ခင် ကျွန်မတို့ အိမ်သို့ရောက်လာပြီး ခေတ္တခဏ လာ၍ တိမ်းရှောင်နေသည်။ အလွန် ပင်ပန်း နွမ်းနယ်၍ လာပုံရသည်။ ကျွန်မသည် နိုင်ငံအတွက် သက်စွန့်ဆံဖျား လုပ်ကိုင်ဆောင်ရွက်ကြသော သူတို့ကို အလွန်ကြည်ညိုလေသည်။ ကျွန်မ အိမ်တွင် ခေတ္တလာနေခိုက်၌ မိန်းမတစ်ယောက်၏ ယုယကြင်နာ ပြုစုမှုမျိုးကို တတ်နိုင်သမျှ ပေးလိုက်မည်ဟု





နှလုံးသွင်း၍၊ ဗိုလ်လက်ျာအား စားမှု သောက်မှု၊ နေမှု ထိုင်မှုတို့အတွက် အစစအရာရာ စိတ်ချမ်းမြေ့သွားစေအောင် ဂရုစိုက် ပြုစုစောင့်ရှောက်လိုက်သည်။

သူတို့နှစ်ယောက် အားနာတတ်ပုံ၊ စိတ်သဘော ဖြူဖြောင့်ပုံတို့၌ သဘောချင်း အလွန်ကိုက်ညီရုံမက၊ လူချင်းလည်း ညီအစ်ကိုကဲ့သို့ ဆင်ဆင်တူကြသည်။ လူငယ်ပိုင်းထဲတွင် ကျွန်မခင်ပွန်း၏ အချစ်ဆုံး၊ အခင်ဆုံးသော မိတ်ဆွေတစ်ယောက်ကို လက်ညှိုးထိုးပြပါဟု ဆိုလျှင် သူကလွဲ၍ ပြစရာလူ မရှိပေ။ ဗိုလ်လက်ျာသည် သူ့ကို မိတ်ဆွေသူငယ်ချင်း ပေါင်းဖော်ဖက်ကဲ့သို့ မဆက်ဆံဘဲ ရွယ်တူချင်းဖြစ်သော်လည်း ညီက အစ်ကိုကို ဆက်ဆံသလို လေးလေးစားစား ကြည်ကြည်ညိုညို ရိုရိုသေသေ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံသည်။ နိုင်ငံတွင် အရေးတကြီး ကိစ္စတစ်ခု ဖြစ်တိုင်း ဖြစ်တိုင်း သူ့ထံသို့ လာရောက် တွေ့ဆုံ၍ နှစ်ယောက်သား တိုင်ပင်ဆွေးနွေး လုပ်ကိုင်ကြသည်သာ ဖြစ်သည်။

အင်္ဂလိပ်အစိုးရ ပေးသော အုပ်ချုပ်ရေးကို ဗိုလ်လက်ျာတို့ အလိုမရှိသဖြင့် ကန့်ကွက်ဖို့ရာအတွက် အကြံတောင်းရာ၊ သူက အင်္ဂလိပ်အလံကို မီးရှို့ပြဟု အကြံပေးလိုက်ပြီး အလံပါ ဝယ်ပေးမည်ဟု ဒကာ ခံလိုက်လေသည်။ ဆူးလေဘုရားလမ်းထောင့် ဟာတာကုမ္ပဏီတွင် ယူနီယံဂျက်အလံ ဝင်ဝယ်သောအခါ၊ ဟာတာသူဌေးက အကြောင်းကို မေး၍ အလကား ပေးလိုက်လေသည်။

ဗိုလ်လက်ျာတို့ နိုင်ငံရေး မည်မျှ စိတ်ထက်သန်၍ အုပ်ချုပ်ရေးကို စက်ဆုပ်လွန်းသဖြင့် မည်မျှ ဒေါထန်ကြပုံကား ယူနီယံဂျက် ပိတ်အလံကို ဓာတ်ဆီလောင်း၍ ရှို့မှ မီးလောင်ကျွမ်းသွားမည် အထင်နှင့်၊ စိတ်တွေ မွန်ထူပြီး မီးခြစ်နှင့်အလွယ်တကူ မရှို့လိုက်ကြဘဲ ဓာတ်ဆီလိုက်၍ ရှာကြရသည်အထိ ဖြစ်ကြလေသည်။ ဗိုလ်လက်ျာကား လူပုံပျော့၍ နုနယ်သော်လည်း နိုင်ငံရေးလုပ်ရာတွင် သူ့စိတ်ကား သံချောင်း တစ်ချောင်းကဲ့သို့ အလွန်မာထက်သော သူတစ်ဦး ဖြစ်ပေသည်။

ဂျာနယ်ထုတ်ရန် အနီးအနားတစ်ဝိုက်က စက္ကူများကို လိုက်လံရှာဖွေဝယ်ရ၍၊ စက္ကူထုပ်များ ရလာလျှင် ဗိုလ်လက်ျာလည်း အိမ်အောက်ထပ်မှ စက္ကူများကို သူကိုယ်တိုင် သယ်၍ အိမ်ပေါ်သို့ ဝိုင်းကူတင်ပေးသည်။ လူ့အလိုက်သိတတ်၍ အားနာတတ်သည့်စိတ်မှာ သူကဲ့သို့ပင် စိတ်ထားရှိသည်။

သူသည် ဗိုလ်လက်ျာတို့နှင့် နိုင်ငံရေးကို လုံးပန်းလျက် ရှိလေသည်။

ကျွန်မလည်း ဂျာနယ် ပြန်ထုတ်ဖို့ရန် အရေးအတွက် စိုင်းပြင်း၍ နေသည်။ ခဲစာလုံးပစ္စည်းနှင့် စက္ကူထုပ်များ ဝယ်စုလှောင်နေ၍ နေ့စဉ်လည်း သုံးစွဲ စားသောက်ရသဖြင့်၊ လက်ထဲ၌ အင်္ဂလိပ် ငွေ ၈,၀၀၀ ကျပ်ခန့် ကုန်ခါနီးလာသည့်

အခါ၊ စက်ဝယ်ဖို့ရန်အတွက် စိန်ထည်ပစ္စည်းများကို ချရောင်းရန် စီစဉ်ရသည်။ ထိုအခါ သူက ပစ္စည်းများကို မရောင်းဘဲ အဓိဋ္ဌာန် ငွေတွေထဲမှ ခေတ္တ ယူသုံးရန် ပြောဆိုသည်။ ကျွန်မက အဓိဋ္ဌာန်ငွေမှာ သူနှင့် အိမ်ထောင်ကျလာခဲ့သည့် နေ့ရက်က စ၍ အင်္ဂလိပ် ငွေစက္ကူများကို လစဉ်လတိုင်း ဘယ်ရွေ့ ဘယ်မျှ မကန့်သတ်ဘဲ တတ်နိုင်သလောက် စုလာခဲ့သည်။ ကျွန်မအသက် ၄၀ ပြည့်လျှင် ပြည့်သည့်နေ့၌ မိတ်ဆွေများကို ဖိတ်ပြီး မိတ်ဆွေများ ရှေ့တွင် ဖွင့်၍ တစ်ဝက်လှူ၊ တစ်ဝက် အိုစာမင်းစာအတွက် ဘဏ်သို့ သွင်းမည်ဟု ရည်ရွယ်ပြီး စုလာခဲ့ခြင်း ဖြစ်သည်။ ၅ကျပ် တတ်နိုင်လျှင် ၅ ကျပ် ထည့်၍ ၅၀၀ ကျပ် တတ်နိုင်လျှင် ၅၀၀ ကျပ် ထည့်ခဲ့သဖြင့် မည်ရွေ့မည်မျှ ရှိသည်ကို ကျွန်မ မသိပေ။ အသက် ၄၀ ပြည့်မှ ဖွင့်ကြည့်မည်ဟု အရေအတွက် မထားဘဲ ၇ နှစ်၊ ၈ နှစ် တိုင်တိုင် အကြိမ်ကြိမ် ထည့်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်မ သေသွားလျှင် အသက် ၄၀ ပြည့်သွားသည့်အထိ ဆက်လက်၍ စုရန် သူ့အားလည်း မှာထားသည်။ သူက ဤအိတ်ကြီးကို ဖွင့်၍ ခေတ္တ ချေးယူသည့်သဘောနှင့် သုံးရန် ပြောသောအခါ ကျွန်မ ခေါင်းမာနေ၍ ဒေါ်ဒေါ်ကိုပင် ပြောခိုင်းသည်။ ဒေါ်ဒေါ်ကရော သူပါ ကျွန်မကို ခေတ္တသုံးရန် ပြောကြသည်။ ကျွန်မ အဓိဋ္ဌာန် အသက် ၄၀ ပြည့်မှ ဖွင့်မည်ဖြစ်၍ ဤအတွင်း ဘယ်အကြောင်းနှင့်မှ မဖွင့်ဟု ခေါင်းခါပြီး အချို့ပစ္စည်းများကို ချရောင်း၍ စာပုံနှိပ်စက်များ ဝယ်ယူလိုက်သည်။

နိုင်ငံရေးသမားများ အစုံအညီ ရောက်လာကြ၍ ဖ ဆ ပ လ အဖွဲ့ကြီးကို တည်ထောင်ရန် စိုင်းပြင်းနေချိန် ဖြစ်သည်။ တစ်ညနေတွင် သူ ပြန်ရောက်လာပြီး နိုင်ငံရေးသမားများနှင့် အတူလုပ်ရတာ စိတ်သဘောချင်း မတိုက်ဆိုင်ကြောင်း ပြော၍ ကျွန်မက အကြောင်းမေးသည့်အခါ၊ ဗမာ့တပ်မတော်ကြီးကို စစ်သေနာပတိ မေဂျာ ဂျင်နရယ်စလင်းက ဖျက်သိမ်းဖို့နှင့် ပြန်လည်ဖွဲ့စည်းဖို့အတွက် ဗိုလ်ချုပ်ထံသို့ စာပို့လိုက်ရာတွင် ဗိုလ်ချုပ်အား မေဂျာ ဂျင်နရယ်အောင်ဆန်းဟူ၍ အမည်လိပ်စာ မတပ်ဘဲ၊ စတိုင်မေဂျာ ဂျင်နရယ်အောင်ဆန်းဟူ၍ အမည်တပ်ပေးသည့် စာကို သူ သွားတွေ့၍ ထိပ်စီးခေါင်းစဉ်ကို ဖတ်ပြီး ဒီစာ တစ်စောင်လုံးကို ဘာမျှ လက်ခံစဉ်းစားဖို့ မရှိကြောင်း၊ မေဂျာ ဂျင်နရယ်အောင်ဆန်းဟု အမည်တပ် ရေးမှ စာပြန်ကြားရမည်ဖြစ်ကြောင်း ပြောသော်လည်း အရေးမကြီးသည့် ကိစ္စလို လုပ်နေကြကြောင်း ညည်းညည်းညူညူ ပြောပြသည်။

နိုင်ငံရေးတွင် အကြံပေးနေသလို မလုပ်ဘဲ ကိုယ်တိုင်ကိုယ်ရောက် အားတိုက် ခွန်တိုက် ဆောင်ရွက်ဖို့ရာ အတွက်တွေကို တိုက်တွန်း အားပေးရပြီး၊ တက်စုံလက်စုံ စုံလင်သွားသော ဂျာနယ်ကျော် လုပ်ငန်းအတွက်ကိုလည်း ကော်ပီများ ရေးသားပေးရန် ပူဆာရသည်။





၁၃၀၇ ခု ဝါခေါင်လဆန်း ၁၀ ရက်နေ့တွင် ဂျာနယ်ကျော်ပြန်ထွက်လာသည်။ ဂျာနယ်ကျော်တွင် ဦးစီးအယ်ဒီတာ ဦးချစ်မောင်၊ တွဲဖက်အယ်ဒီတာ ဦးစောဦး ဟု အမည်များ ထည့်လိုသော်လည်း ကိုစောဦးကား ဘယ်ဆီတွင် ရှိနေမှန်းပင် မသိရသေးပေ။ နိုင်ငံရေးအလုပ်တွေ မပြတ်မလပ်သည့် ကြားထဲ၌ ဂျာနယ်ကို တစ်အုပ်လုံး သူသာ ရေးပေးရလေသည်။

"ဘာကြောင့် ဂျာနယ်ကျော် ယခု အချိန်မှ ထွက်ပေါ်လာရသနည်း အခန်း၊ မြန်မာပြည်သည် ခြွင်းချက် ဖြစ်ရမည် ဟူသော ခေါင်းကြီး၊ စစ်ပြီးပြီ မပြီးသေး၊ ရွှေလင်းယုန်၊ နယ်များ၌ မည်သို့ဖြစ်နေပြီနည်း၊ ပာစ်တလာ၏ အမျိုးမျိုး သေခြင်း၊ မြန်မာပြည်အတွက် ဘိလပ်အစိုးရနှင့် စကားပြောလိုသည်၊ ယခု ယခု ယခု ရေးသူ ဦးချစ်မောင်၊ ဘားမင်းဂေဇက် ခေါင်းကြီးပိုင်း အဆို၊ ဒေးလီးဝပ်ကား သတင်းစာ နိုင်ငံရေးသတင်းထောက် အဆို၊ ထရီဗြွန်းသတင်းစာ အဆို၊ အာဘော်ခန်း၊ ဤအချက်များ မကျေနပ် အခန်း၊ မန္တလေးတောင်နှင့် နန်းတော် ဂျပန်တိုက်ပွဲ၊ မြန်မာ့ သတ္တိ ဗျတ္တိ၊ သူတို့အပြော အခန်း၊ နိုင်ငံရေးသတင်း အတိုအထွာများ"ကို တစ်အုပ်လုံး အမည်အမျိုးမျိုးနှင့် ရေးပြီး မည်သည့် စာရေးဆရာများထံမှ ဝတ္ထု မရ၍ "အခု ရေစက်" ဟူသော အမည်နှင့် ဝတ္ထုတိုပါ ရေးရသေးသည်။

ကျွန်မက တစ်မိုးလုံး ဖျောက်ဆိပ်ချည်း ဖြစ်နေ၍ 'အယ်ဒီတာတွေဟာ တစ်ယောက်တည်းနဲ့လည်း အမည် အမျိုးမျိုးနဲ့ တိုင်းပြည်ကို ညာတာပဲ' ဟု ရယ်စရာ ပြောလိုက်သည်။

'ဒီလုပ်ငန်းကို သေသေချာချာ သိလာရင် Sir Thomas Broune ဆိုတဲ့ ပညာရှိတစ်ဦး ပြောတဲ့ စကားကို ဟုတ်မှတ်ကြောင်း ဝန်ခံရလိမ့်မယ်။ Broune က "An ambassador goes abroad to tell lies for the sake of his country and a journalist sits at home to tell lies for the sake of his purse" လို့ ပြောတယ်။ ဒီလိုဆိုတာကို သတင်းစာဆရာကြီးများက မငြင်းပေမယ့်လည်း ပထမ lies မှာ Black lies ဖြစ်ပြီး၊ ဒုတိယ lies မှာ မည်သူ့ကိုမျှ ထိခိုက်နစ်နာခြင်း မရှိဘဲ နှစ်ခြိုက်ပျော်ရွှင်ပါစေကြောင်း ရည်သန်၍ ဉာဏ်ကစားကြရခြင်းသာ ဖြစ်လို့ white lies လို့ ပြေရှင်းရေးတယ်။ လူတစ်ယောက်က တစ်ခုတည်းဖြစ်တဲ့ ကလောင်အမည်ကို ယူပြီး ဂျာနယ်တစ်စောင်လုံး အပြည့်ရေးမှန်းကို သိကြရင် စိတ်ဝင်စားဖို့ ဝေးစွ၊ ဖတ်ကြမှာ မဟုတ်ဘူး။ ကလောင်အမျိုးမျိုးပါမှ ကြိုက်နှစ်သက်ရာ အခန်းကို အရင် ရွေးဖတ်ကြတာ တင်လေး' ဟု ရှင်းလင်း ပြောပြသည်။

ကျွန်မ မှတ်တမ်းကြီး မရှိသည့် နေ့ရက်က စ၍ ကျွန်မလည်း စာအုပ်ထဲ

တွင် ဘာမျှ မမှတ်တော့ချေ။ နိုင်ငံရေးကိစ္စများကို သူ ပြောသည့်အခါ ခေါင်းထဲတွင်သာ မှတ်ထားတော့သည်။

ကျွန်မ အလုပ်အတွက် မြို့ထဲတွင် အလုပ်တိုက် နေရာရရန် နေ့စဉ်လိုက်ရှာနေရပြီး၊ အနယ်နယ် ဂျာနယ် ဖြန့်ချိ ဝေငှ လုပ်ကိုင်နေရသဖြင့် သူနှင့် မျက်နှာချင်း မဆိုင်အားဘဲ အလုပ်များ၍ နေကြသည်။

တစ်ညနေတွင် မြို့ထဲမှ သူ ရောက်လာကာ ရောက်ရောက်ချင်း ဧည့်ခန်းထဲ ဝင်လာပြီး ‘တင်လေးတော့ အံ့သြများ သွားမလားဘဲ’ ဆိုသဖြင့်၊ သူ့ကို ‘ဘာများလဲ’ ဟု မေးရသည်။

‘အင်တီဖက်ဆစ် ဖရီးဒမ်းကြီးတော့ ဖွဲ့တော့မယ်’

‘ဟုတ်လား၊ ကိုကို့ကို ဘယ်နေရာမှာ ထားကြသလဲ’

‘ဘယ်နေရာမှ မထားဘူး။ ဒီအဖွဲ့ကြီးထဲမှာ ကိုကို့ကို မထည့်ဘူး’

ကျွန်မသည် သည်းမခံနိုင်ပြီ။ သို့သော် ဤအကြိမ် သည်းမခံနိုင်ခြင်းကား ယခင်က သည်းမခံနိုင်ခြင်းမျိုး မဟုတ်။ ကျွန်မ ထုတ်ဖော် ဖွင့်ဟ မရေးတတ်သော သည်းမခံနိုင်ခြင်းမျိုး ဖြစ်လေသည်။ သို့ဖြစ်၍ သူ့အနီးသို့ သွက်သွက်ကြီး လှမ်းသွားကာ မခံချင်စိတ် ကြီးမားသွားသည့်အတိုင်း ပါးစပ်မှ–

‘အလို၊ ဘယ်သူကလဲ’

‘သခင်စိုးကြီးက’

စစ်ဖြစ်၍ ဘိုကလေးသို့ ပြေးကြစဉ်က “မြို့ရွာသာ ပျက်နေတယ်၊ ခင်ဗျား ယောက်ျားပဲ အေးတယ်၊ ဘာမှ မလုပ်ဘူး” ဟု တရားမမြို့အုပ် ဦးမှူ ကိုယ်တိုင် ပြောလိုက်သည့် စကားကို ကြားခဲ့၍ နားထဲ၌ စွဲလာသော ကျွန်မကား ဤအဖြစ်မျိုးတွေ မဆန်းလှ၍သာ အံ့အားသင့်၍ ပက်လက်လန်မသွားတော့ပေ။

ဖဆပလ အဖွဲ့ကြီး ဖွဲ့ရာတွင် သခင်စိုးကြီးက သူ့ကို ‘ဒီလူဟာ တိုင်းပြည်ကိစ္စဆိုရင် ဘာမှ ထိထိရောက်ရောက် ကူဖော် မရဘူး။ အနစ်နာခံတော့ ကျုပ်တို့က၊ အဖွဲ့ဖွဲ့တော့ သူက ပါမယ်ဆိုတာ မဖြစ်နိုင်ဘူး’ စသည်ဖြင့် အဖွဲ့တွင် မထည့်ရန် အပြင်းအထန် ကန့်ကွက်လေသည်။ ထိုသို့ အသီးသီး ကန့်ကွက်ပြီးကြသည့် အခါ၌ ဗိုလ်လက်ျာက သခင်စိုးကို ‘ခင်ဗျား နေ့တိုင်း ဖတ်နေရတဲ့ သတင်းတွေဟာ ဘယ်က ရတယ် ထင်သလဲ’ ဟု ပြောလိုက်မှ သခင်စိုးကြီးကလည်း ‘ဟာ သိပ်အဖိုးတန်တဲ့ အလုပ်ကြီးပဲ၊ ဘာမှ ကန့်ကွက်စရာ မရှိတော့ပါဘူး’ ဟု ပြော၍ ငြိမ်သွားလေတော့သည်။

ဂျပန်ခေတ်က လုပ်လာခဲ့သော ရောင်စုံစာရွက်များကို သခင်စိုးကြီး တစ်ဌာန၊ သခင်သန်းထွန်း တစ်ဌာန၊ ဗိုလ်ချုပ် တစ်ဌာန၊ ပေါင်း သုံးဌာနသို့





ဗိုလ်လက်ျာက ပေးပို့ပေး ရလေသည်။ အကယ်၍သာ ဗိုလ်လက်ျာ မရှိ၍ ဖြစ်စေ၊ ဗိုလ်လက်ျာကသာ ဖွင့်မပြောလိုက်ပါလျှင် သူကား နိုင်ငံရေးသမား အသီးသီးတို့၏ မျက်စိတွင် အပိုလူတစ်ယောက် ဖြစ်နေပေလိမ့်မည်။ သူကိုယ်တိုင်က ဒီအလုပ်ကြီးကို ကျွန်တော် လုပ်ခဲ့တာပါဟု ဒီဘဝတွင်မက၊ ဆယ်ဘဝပင် ဖြစ်စေ ပြောမည့်သူ မဟုတ်၍ သူ ဖဆပလ အဖွဲ့ကြီးတွင် ပါရေး၊ မပါရေးမှာ ထိုစဉ်က ဗိုလ်လက်ျာ၏ နှုတ်ဖျားပေါ်တွင် တည်ရှိလေသည်။ သူကား သူ ရေးသားသော ဝတ္ထုထဲက “သူ” ပင် ဖြစ်လေသည်။

ဗိုလ်လက်ျာက သူပဲဟု “လူကောင်” ဖော်လိုက်မှသာ ဖဆပလ အဖွဲ့ကြီးတွင် ပါဝင်ခွင့် ရပြီး၊ ဖဆပလ ဦးစီးအမှုဆောင် လူကြီးတစ်ယောက် အဖြစ်ဖြင့် အဖွဲ့ကြီး၏ ပထမဦးဆုံး ထုတ်ပြန်လိုက်သော ကြေညာချက်ကြီးကို သူ ရေးရခြင်း ဖြစ်လေသည်။

ဤကား ဖဆပလရုံးတွင် ဗိုလ်လက်ျာဘေး၌ ထိုင်ရေး၍ ဖဆပလ အဖွဲ့ကြီးအတွက် ရှေးဦးစွာ အမှုထမ်းလိုက်သော အဖွဲ့ကြီး၏ ပထမဦးဆုံး ထုတ်ပြန်ကြေညာချက် စာတမ်းကြီး ဖြစ်လေသည်။

ပန်းဆိုးတန်းတွင် အလုပ်တိုက်ခန်း နှစ်ထပ် ရ၍၊ အလုပ်ခန်းကို မြို့ထဲ၌ ဖွင့်လိုက်ပြီး၊ နံနက်တွင် သူက ဖဆပလသို့ သွား၍ ကျွန်မက ရုံးသို့ လာသဖြင့် ညနေ ညနေမှပင် လူချင်း ဆုံကြသည်။ ကန်ဘဲ့လမ်းများမှာ အလွန်ပင် ပျက်စီးနေ၍၊ မြို့ထဲသို့ မြင်းလှည်းနှင့် လာရသဖြင့် အသွားအပြန် စီးလိုက်လျှင် လမ်းကြမ်း၍ လှည်းဆောင့်လွန်းသဖြင့် အိမ်ပြန်ရောက်သည့်အခါ ထုရိုက်ထားသလို တစ်ကိုယ်လုံး နာကျင်၍သာ နေသည်။

သူလည်း သခင်သိန်းထွန်းထံမှ ကားတစ်စီး လေးထောင်နှင့် ဝယ်ယူလာ၍ အသစ် ပြန်ပြင်ဆင်ကြရာ၊ ခုနစ်ထောင်ခန့် ကုန်သော်လည်း ကားမှာ ပျက်မြဲပျက်၍ သည်အတိုင်းသာ ထိုးဆိုက်ထားလိုက်ရတော့သည်။

တက်ဘုန်းကြီး ကိုသိန်းဖေ အိန္ဒိယမှ ပြန်ရောက်လာ၍ ကန်ဘဲ့အိမ်တွင် ဗိုလ်လက်ျာ၊ စောကြာဒိုး၊ ကိုသိန်းဖေတို့ကို ထမင်းစား ဖိတ်ကျွေးသည်။ ကိုသိန်းဖေအား ကူညီသည့်သဘောနှင့် ငွေပေးပါရစေဟု တောင်းသောကြောင့် ငွေ ၅၀၀ ကျပ် ကျွန်မ ပေးလိုက်သည်။

ကွန်မြူနစ်များ ဘုန်းတန်ခိုးအရှိန် ကြီးနေချိန် ဖြစ်သည်။ သူ့အား ကွန်မြူနစ်များက ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူတစ်ယောက်ဟု ကွန်မြူနစ်ဝါဒ နှစ်သက်သူ တစ်ယောက်အဖြစ်သို့ လက်မခံနိုင်ကြပေ။ မှန်လှပါပေသည်။ သူသည် ဗုဒ္ဓဘာသာကို အလွန်လေးစားကြည်ညိုသော တကယ့် ကွန်မြူနစ် အစစ်ဟု

ကျွန်မ ဆိုရပေမည်။ ၁၁ နှစ်သားလောက် ကျောင်းသားအရွယ်ကလေးက လက်ပံတန်းတွင် ကျောင်းနေစဉ် သူတို့မြို့သို့ ကမ္ဘာလှည့် ဆပ်ကပ်ပွဲတစ်ခု ရောက်လာပြီး၊ မြို့ပြင် ကျောင်းနားတွင် ဆပ်ကပ်ရုံကြီး ထိုး၍ ထားသည်။ ညနေ ညနေ လမ်းလျှောက်ရင်း ဆပ်ကပ်အဖွဲ့ထဲ၌ လိုက်ပါလာသော လူပြက် ရုရှားလူမျိုး တစ်ယောက်နှင့် အသိ ဖြစ်ကြသည်။ သူကား နုယ်နုယ်ရရ သူငယ်လေး မဟုတ်ဘဲ ကမ္ဘာ့အခြေအနေနှင့် စာပေ အတော်အတန် ခေါက်မိနေသူကလေး ဖြစ်၍၊ သူ မရှင်းလင်း၍ မေးသမျှသော ကွန်မြူနစ် မေးခွန်းတွေကို ရှင်းလင်းဖြေကြားသွားပြီး ရုရှားသို့ ပြန်ရောက်သောအခါ၊ ထိုလူပြက်က သူ့အား အခြားဖတ်ရန် စာအုပ်များထဲတွင် ကွန်မြူနစ်စာတမ်းများ ထည့်ညှပ် ချုပ်၍ မပြတ် မပြတ် ပို့ပေးနေသောကြောင့်၊ ငယ်ငယ်ရွယ်ရွယ်ကလေးကပင် ကွန်မြူနစ်ဝါဒကို လေ့လာ၍ လာခဲ့သည်။ အခြေအနေကိုကြည့်၍ ပြောင်းလွှဲရမည်ဟူသော ဝါဒ၏ ညွှန်ကြားစဉ်တွေကို အလွန် နှစ်ခြိုက်ခဲ့သည်။ ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ စာအုပ်စာတမ်းများကို နှစ်ပေါင်းများစွာ မလွတ်တမ်း ဆည်းပူးခဲ့၍ ယထာဘူတကျအောင် ယူဆခဲ့ပြီးလျှင် မြန်မာပြည်တွင် မြန်မာများ လက်ခံနိုင်သော ကွန်မြူနစ်ကြီးတစ်ယောက် မဆွကပင် ဖြစ်နေပေပြီ။ ဤဝါဒသာလျှင် ဗုဒ္ဓဘာသာ တရားတော်နှင့် နီးစပ်၍ ဤဝါဒကို လူတိုင်း လေးစား နှစ်သက်ထိုက်သည်ဟု ပြောဆိုလေသည်။ ဂျာနယ်ကျော် အုပ်တွဲ ၂ တွင် သူ လက်ခံထားသော ကွန်မြူနစ်ဝါဒကို ရွှေလင်းယုန် အမည်ဖြင့် အတိုချုပ် ရေးသားသည်။

ထိုဆောင်းပါးသည် ကွန်မြူနစ် ပါတီကို တစ်စိတ် တစ်ဒေသ အားပေးရာ အားပေးကြောင်း ဆောင်းပါးကြီးဖြစ်၍၊ အချို့ ထိုဆောင်းပါးကို နှစ်သက်၍ ကွန်မြူနစ်ဝါဒကို လက်ခံကြသူများ အများပြား ရှိလေသည်။ ကွန်မြူနစ်ပါတီကို လစဉ် ၁၀၀ ကျပ်လောက် ထောက်ပံ့ချင်ကြောင်း ပြော၍ ကျွန်မက နောက်တော့ လှူတာပေါ့ ဟု ပြောရသည်။

*

ဆာ ဒေါမန်စမစ် မြန်မာပြည်သို့ ပြန်ရောက်သောအခါ The Governor has failed to deliver the goods. ဟူ၍ ခေါင်းကြီး၌ ရေးလိုက်ပြီး၊ ဖဆပလအဖွဲ့ထဲ၌လည်း ဤစကား ထ ပြော၍ အများ ရယ်မောကြကြောင်း ပြောပြသည်။

ထိုစဉ်က သိန်းသန်းပါတီက အစထား၍ ရာထူးလက်ခံမည့်သူများက တစ်ဖက်၊ သူက လက်မခံသင့်သည်က တစ်ဖက်နှင့် ဖ ဆ ပ လ ထဲတွင် အငြင်းအခုံ ဖြစ်ပွားလျက် ရှိသည်။ သူသည် တစ်ချိန်လုံးလုံး ဘိလိပ်သွားပြီး စက္ကူဖြူကို တိုက်ဖျက်ရမည်ဟု မလျှော့တမ်း ပြော၍၊ ဘိလပ်သွားရေး အဆိုကိုသာ ထပ်တလဲလဲ တင်သွင်းသောကြောင့် အငြင်းပွားနေကြသည်။





ဗိုလ်ချုပ်က ဘိလပ်သွားရေး သူ့အဆိုကို ပြန်ရုပ်သိမ်းရန် ပြောသည့်အခါ၊ သူလည်း ဘိလပ် မရောက်ဘဲနှင့် မြန်မာပြည်ဘုရင်ခံနှင့် ဘယ်လိုမျှ ဤကိစ္စများ အောင်မြင်နိုင်ခြင်း မရှိသဖြင့်၊ ဤအဆိုကို မရုပ်သိမ်းနိုင်ကြောင်း ပြောပြလိုက်သည်။

တစ်နေ့တွင် ကိုစောဦးနှင့် ကျွန်မ မြို့ထဲက အပြန် သူ့ကို ဖ ဆ ပ လ တွင် ဝင်ခေါ်ရာ သူက မလိုက်နိုင်ကြောင်း ပြောသည်။

'ရှုံးပါပြီ တင်လေးရယ်။ အားလုံး ရာထူးလက်ခံကြမယ် လုပ်နေကြတယ်။ ကိုကို တစ်ယောက်တည်းနဲ့ အများ တိုက်ရတော့ ကိုကို အရှုံးပေးရတော့မှာပဲ။ ဆာဒေါမန်စမစ် ပေးတဲ့ရာထူးကို ခုနေများ အားလုံး ဝင်ယူလိုက်ကြရင် ဖ ဆ ပ လ ကြီးရဲ့ အင်အားတိုးတက်ဖို့ မမြင်လို့ ကိုကိုတော့ မယူဖို့ရန် နောက်ဆုံး မိနစ်ကလေးပဲ ကျန်ကျန် တိုက်ဦးမယ်။ တင်လေးတို့သာ ပြန်တော့'

ထိုညက ညဉ့်နက်မှ သူ ပြန်ရောက်လာသည်။ အိမ်ဝင်လာလာချင်း 'နေရာကျခဲ့တယ် မဟုတ်လား' ပြုံး၍ ဆီးမေးလိုက်သည်။

'အားလုံး ရာထူး ယူကြမယ်လို့ ဆုံးဖြတ်ကြတယ်။ ကိုသိန်းဖေရဲ့ ရာထူး လက်ခံသင့်တယ်ဆိုတဲ့ အကြောင်းအချက်တွေကို မငြင်းသာလို့ ကိုကိုတော့ အတိုက်အခံ သိပ်မလုပ်ခဲ့ပါဘူး။ လုပ်မယ်ဆိုရင်လည်း ကိုကို တစ်ယောက်တည်းမို့ ရှုံးမှာပဲ။ သူတို့ ဆုံးဖြတ်ပြီးလို့ နောက်ဆုံးကျမှ ကိုကိုက ထပြီး "ဘုရင်ခံနဲ့ ဆက်ဆံရုံမျှနဲ့ တိုင်းပြည် အကျိုးဖြစ်ထွန်းနိုင်မယ်လို့ မယုံကြည်နိုင်ဘူး။ မဆွကပဲ ဘိလပ်နဲ့ တိုက်ရိုက်အရေးဆိုဖို့ ပြောခဲ့တယ်။ အခုယူကြတဲ့ ရာထူးဟာ လျှော့ဈေးနဲ့ ယူတဲ့ ရာထူးလို့ ကျွန်တော် ဆိုချင်တယ်။ ဘုရင်ခံရဲ့ စီမံကိန်းတွေကို မြန်မာလူမျိုးက လုံးဝ မကျေနပ်ကြဘူးဆိုတာ အတွင်းမှာရော အပြင်မှာရော၊ ခုရော နောင်ရော ထပ်တလဲလဲ ပြောဖို့ အရေးကြီးတယ်။ ရာထူး လက်ခံကြမယ်ဆိုရင် ဘာမှ မရတဲ့အတွက် မကျေနပ်ဘဲနဲ့ လက်ခံရပါတယ် ဆိုတာကို မိမိရော၊ အပေါင်းအသင်းတွေရော၊ မြန်မာရော၊ ကမ္ဘာရော သိအောင် လုပ်ဖို့ လိုတယ်။ ဘုရင်ခံနဲ့ အနည်းဆုံး ဘယ်အချက်တွေကိုဖြင့် ရအောင် တောင်းရမယ်" လို့ ရှင်းလင်းပြီး ပြောပြတယ်။ ဒါကြောင့် "ရာထူး ယူကြမယ်ဆိုရင် စည်းကမ်း ကလနား သတ်ပြီးမှ ရာထူးယူရေး ကိစ္စကို ဆုံးဖြတ်ချက် ချပါ"လို့ ပြောလိုက်တယ်။

'ဒီတော့ ဗိုလ်ချုပ်က "စည်းကမ်းသတ်မှတ်ချက်နဲ့ ရာထူး လက်ခံရန် အစည်းအဝေးက ဆုံးဖြတ်ကြတယ်။ စည်းကမ်းသတ်မှတ်ဖို့အတွက် ဦးချစ်မောင် ရေးဆွဲပါ" ပြောရင်ပဲ ဦးဘဖေကြီးက ဘယ်လောက် နိုင်ငံရေးမှာ လျှင်သလဲဆိုတာ

ကိုကို့ ခြေလှမ်းကို မြင်တော့ ကိုကို တစ်ယောက်တည်း ရေးဆွဲရင် ကိုကိုက ရာထူးလက်ခံမှာ မကြိုက်တဲ့လူ ဖြစ်နေလို့၊ ဘယ်နည်းနဲ့မှ ဘုရင်ခံ လက်ခံမှာ မဟုတ်ဘူးဆိုတာ မြင်လို့ ကိုကို တစ်ယောက်တည်း မလုပ်စေဘဲ ဒေါက်တာ ဦးဆက်နဲ့ ကိုသိန်းဖေတို့ပါ ပါဖို့ ထပြောတယ်။ ဘယ်လိုလူတွေပဲ ပါပါလေ၊ ကိုကိုကတော့ ကိုကို နိုင်လိမ့်မယ်လို့ အားရှိလာတာပဲ'

ဘုရင်ခံ ဒေါ်မန်စမစ်က သူတို့ တောင်းဆိုချက်များကို ငြင်းဆန်၍ သခင် ထွန်းအုပ်တို့အား ဆွဲခန့်လိုက်သောအခါ၌၊ သူကား မှိုရသော မျက်နှာကဲ့သို့ ဖြစ်ပြီး 'အခုသာ ဖဆပလ အားမကြီးသေးတာ။ ရာထူးလက်မခံလိုက်တဲ့အတွက် ကြည့်နေ၊ တစ်နေ့ တစ်ပြည်လုံး အိမ်စေ့အိမ်တိုင်း အားလုံး ဖဆပလ ချည်း ဖြစ်ကုန်ကြမယ်' ဟု ပိန္နဲပင်ကြီးအောက်တွင် ညှော်ရှောင်နေသော ကျွန်မကို ဖဆပလ တရားများ လာဟောပြောနေသည်။

ဤတွင်မက 'အင်္ဂလိပ်အစိုးရက အလိုင်းအဆွဲကောင်းတဲ့ ဘုရင်ခံတွေ တစ်ယောက်ပြီးတစ်ယောက် လွှတ်ပြီး ဖဆပလကို ရာထူးနဲ့ ဆွယ်ဦးမှာပဲ။ ကိုယ့်လိုဘ အပြည့်မရရင် ရာထူး မယူဘဲ တောင့်ခံကြရမယ်' ဟု အစဉ်လိုပင် ပြောဆိုတတ်သည်။

ဖဆပလ လူထုအင်အားကြီး ပြ၍ ခဏခဏ အားစမ်းရာ သူက 'အစိုးရ ဘက်သား အမှုထမ်း အရာထမ်းများပါ ဖဆပလ ပရိသတ်ကြီး ဖြစ်လာမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ တင်လေးရယ်။ ဒီလိုများ ဖြစ်လာရင် ဖဆပလ စင်ပြိုင် အစိုးရသာ ထောင်ပြလိုက်စမ်းပါ။ ဒီက ဘိလပ်တောင် မသွားရဘူး။ ဟိုက ဒူးတုပ်ပြီး လိုက်လာရမယ်' ဟုလည်း ခဏခဏ ကြုံးဝါးတတ်သေးသည်။

ဖဆပလထဲတွင် မည်မျှ အရေးပါ၍ အရာရောက်သော ပုဂ္ဂိုလ် တစ် ယောက် ဖြစ်မှန်းကို အမှုကိစ္စရှိ၍ အားလုံး ဆုံးဖြတ်ကြသည့်အခါတိုင်း ဗိုလ်ချုပ် ကိုယ်တိုင်က ဦးချစ်မောင်ကော သဘောတူပါသလားဟု အမြဲ မေးတတ်ကြောင်း သူ ပြောပြ၍ သိရလေသည်။ ဤတွင် ဗိုလ်ချုပ်နှင့်တကွ အမှုဆောင် လူကြီးများ ကပါ သူပေးသော အကြံဉာဏ်များကို နှစ်သက်လက်ခံ၍ လုပ်ကြသည်သာချည်း ဖြစ်သည်။

တစ်ဖက်သားလုပ်အောင် အကြံပေး လမ်းပြ ပြောဆိုသည့်အခါ အမှုအရာ များမှာ အမိန့်ပေးနေလျက်နှင့်ပင် အမိန့်ပေးနေပုံ မရ။

သူ အကြံပေး လမ်းပြလိုက်သော အလုပ်ကို ဖြစ်မြောက်အောင် လုပ်သွား သူသာလျှင် အမိန့်ထုတ်နိုင်သော ပုဂ္ဂိုလ်ကြီးများ ဖြစ်သွားလေသည်။

ဖဆပလ အမှုတော်ကို ထမ်း၍ နေ့စဉ်နေ့တိုင်း မြင်းလှည်း အဆောင့်ခံ





ဖန် များလွန်းသဖြင့်၊ သူ့မှာ လိပ်ခေါင်းရောဂါဖြစ်လာပြီး အိမ်ရောက်လျှင် မထိုင်နိုင်ဘဲ အိပ်ရာထဲတွင် ပက်လက်ကြီး လှန်နေရသည်။

ဘုရားပေါ်တွင် ဖဆပလနိုင်ငံရေး ညီလာခံကြီး ကျင်းပနေခိုက်၌ အထက် မြန်မာပြည်မှလာသော သတင်းစာ ကိုယ်စားလှယ်များကို ကျွန်မ စားပွဲ တွင် ခေတ္တ စောင့်ကြပါဦးဟု ထားခဲ့ကာ ဘုရားဘက်သို့ ကားနှင့် ထွက်လာခဲ့ သည်။ ဘုရားသို့ ရောက်လျှင် အဖော်ခေါ်လာသော အလုပ်တိုက်မှ စာရေးအား သူ့ကို သွားခေါ်ဟု ခိုင်းလိုက်ပြီး အလယ်ပစ္စယံတွင် စောင့်နေသည်။

'တင်လေး၊ ဘာ အရေးကြီးလို့လဲ။ ဘာအကြောင်းလဲ'

'အကြောင်းက ဟိုသံချေးကြီးကို သက်သေပြုထားတဲ့ ကိစ္စ။ တစ်နေ့ကျ စင်ပေါ်ကို ရောက်ရမယ်လို့ တင်လေး ပြောထားတာလေ။ အခု ဘယ့်နှယ်လဲ'

'သြော် တင်လေး: You are quite right'

အလုပ်တိုက်သို့ ပြန်လာရာ လမ်းတွင် အိမ်ထောင်ကျလာခဲ့ရာ၌ ယခု လောက် စိတ်ပျော်ရွှင်ပုံများကို တစ်ခါမျှ မကြုံဖူးပေ။ လောကတွင် ရည်ရွယ်ချက် ထားလိုက်လျှင်ပင် ပျော်ရွှင်ဖွယ်ရာကြီး တစ်ခုဖြစ်၍ ရည်ရွယ်ချက်အတိုင်း ဖြစ် မြောက်သည့်အခါ တကယ့်ပျော်ရွှင်ဖွယ် အစစ်အမှန်ကြီး ဖြစ်သွားသည်။

ဂျာနယ်ကျော်ကို ရည်မှန်းချက်အတိုင်း ပြန်လည်ထူထောင်ရာတွင် အောင် အောင်မြင်မြင်ကြီး ဖြစ်မြောက်သွားသော်လည်း၊ အောက်ထပ် စက်များထားရန် အခန်းမရ၍ မြို့ထဲတွင် အလုပ်ရုံဖွင့်ပြီး အိမ်တွင် စက်များ၊ စာခုံများ ခေတ္တ ထားလုပ်ရသည်။

တစ်နေ့၌ အလုပ်များပြားလွန်း၍ ညနေစောင်းမှ ကန်ဘဲ့သို့ ပြန်ရောက် သွားသည်။ ကျွန်မ ဝင်သွားလျှင် သွားချင်း ဗိုလ်ချုပ်က တစ်ယောက်ထိုင် ဆိုဖာ ပေါ်တွင် ထိုင်၍၊ သူက နှစ်ယောက်ထိုင် ဆိုဖာကြီးတွင် ထိုင်ကာ စကားပြော နေကြသည်ကို တွေ့မြင်ရသည်။

အသံမပြုဘဲ သူတို့နောက် ထမင်းစားခန်းတွင် ဝင်ရောက်ထိုင်ကာ သူတို့ နှစ်ယောက် စကားပြောနေကြသည်ကို နားထောင်ပြီး နေမိသည်။ သူက စကား တစ်ခွန်းမျှ မပြောဘဲ ဗိုလ်ချုပ် ပြောသမျှသာ စိတ်ဝင်စားစွာ နားထောင်နေသည်။

ဗိုလ်ချုပ်မှာ အလွန်စကားပြောနိုင်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေ သည်။ စက်သေနတ်ထဲတွင် ထည့်၍ ပြောသလို အဆက်မပြတ် ပြောပြီး နေလေ သည်။ ကုလားထိုင် မှီထိုင်ရင်းမှ ပြောလိုက်သည့် စကားများမှာ တဖြည်းဖြည်း ကုလားထိုင်ဖျား အစွန်းသို့ လူ ရောက်လာသည်။

တစ်ချိန်လုံးလုံး ဦးစော အကြောင်းကိုသာ ပြောနေသည်။ ဦးစော ဂျပန်

ပြည် သွားခန်း၊ ဦးစော လုပ်ခဲ့သော နိုင်ငံရေးများအပေါ် ထင်မြင်ချက်များနှင့် တကွ တွင်တွင်သာ ပြောနေသည်။

ဗိုလ်ချုပ် မောသလောက် ရှိ၍ ပြန်ခါနီးမှ သူက 'ဖဆပလအဖွဲ့ကြီးဟာ အဖွဲ့ ပေါင်းစုံ၊ အသင်းပေါင်းစုံ စုစည်းပြီး ဖွဲ့ထားတာလို့ ကျွန်တော်တို့ ကြေညာပေမယ့် ဒီအဖွဲ့ထဲမှာ ဦးစော မပါရဘူး။ ဦးစောကို ထည့်လို့ မဖြစ်ဘူး။ ဒါကို ကျွန်တော် ပြောတယ်' ဟု စကား ပြန်ပြောလိုက်သည်။

ဗိုလ်ချုပသည် ခေါင်းတညိတ်ညိတ်ဖြင့် ကားပေါ်သို့ တက်ပြီး ထွက်သွားလေသည်။

ဘုရားပေါ်တွင် ညီလာခံလုပ်စဉ် ကျွန်မမှာ အလုပ်တစ်ဖက်နှင့် မအားလွန်း၍ တစ်ခေါက်မှ သွားရောက် နားမထောင်နိုင်သဖြင့် သူက 'တင်လေး လာခဲ့ပါဆိုတာ မလာဘူး' ဟု အပြစ်တင်သည်။ ကျွန်မက 'ဂျူဗလီမှာ ဖဆပလ ညီလာခံ ထပ်လုပ်တဲ့ အချိန်ကျတော့ လာနားထောင်မှာပေါ့' ဟု စ မိ၍ 'မှတ်ထားနော်၊ ဒီစကားကို။ နောက်တော့သာ မလာဘဲ မနေနဲ့' ဟု ဆိုလေသည်။

## ၃၄ ။ ဒီသား ဒီသမီး

ကွန်မြူနစ် နှစ်ခြမ်းကွဲသွားသည့် အခါ၌ ကျွန်မက 'နိုင်ငံရေးသမားများဟာ မိန်းမနဲ့ ပတ်သက်ရင် နာမည် ပျက်ချင်လာတာပဲ' ဟု ပြောမိသည်။

သူကိုယ်တိုင်က မိန်းမနှင့် ပတ်သက်၍ ဂုဏ်ဒြပ် တည်ကြည်ရှိပါလျက်၊ ကျွန်မ ပြောသည့်အတိုင်း ထောက်ခံခြင်း မလုပ်ဘဲ သူကိုယ်တိုင်ကပင် ခွင့်လွှတ်လျက် အပြစ်မထားထိုက်ကြောင်း ပြောသေးသည်။

'ကိုကို ရာဇဝင်သင်တုန်းက အိုင်ယာလန်ပြည်က Parnell ရဲ့အကြောင်းကို သင်ရစဉ်က အတော်ကြေကွဲမိတယ်။ Parnell ဟာ အိုင်ယာလန်ပြည်ကို ဟုမ်းမရူး ရအောင် အသက်ပေးပြီး ဆောင်ရွက်ခဲ့တဲ့ ခေါင်းဆောင်ကြီး တစ်ယောက်ပဲ။ အဲ နောက်တော့ Kitty Oshea ဆိုတဲ့ မိန်းမနဲ့တွေ့ပြီး ချစ်ကြိုက်ကြရာက အရှုပ်အထွေးတွေဖြစ်ပြီး သူ့ကို ခေါင်းဆောင်အဖြစ်က ဖြုတ်ချ၊ ပါလီမန်က နှင်ထုတ်နဲ့ တော်တော် အကျနာသွားတယ်။ ဟုမ်းမရူး ရဖို့ရာ တဲတဲကလေး လိုတော့တာပဲ။ သူ ခေါင်းဆောင်အဖြစ်က ပြုတ်ကျတာနဲ့ မရတော့ဘဲ နောက်လူတွေက အသစ်တစ်ခါ ကြိုးစားကြရတယ်။ သူ့ကို အဖွဲ့က ဖြုတ်ချ၊ တိုင်းပြည်က လက်ညှိုးထိုး၊ ကမ္ဘာက ရှုတ်ချနဲ့ ဖြစ်လို့ သူချစ်တဲ့ မိန်းမဆီ သွားနေရတယ်။ နှလုံးရောဂါနဲ့ သေသွားရှာတယ်။ သူ မသေခင် ပြောသွားတဲ့ စကားတစ်ခုဟာ အတော် ဆင်ခြင်စရာ ကောင်းတယ်။





'သူ့ဂိုဏ်းသားတွေက ကစ်တီနဲ့ ရှုပ်ရှုပ်ထွေးထွေ ဖြစ်ရမလား ဆိုပြီး သူ့ကို ဖြုတ်ချပြီး ဂိုဏ်းသစ် ထောင်ကြတာကိုး။ သူ့အဖွဲ့မှာ သူတစ်ယောက်ပဲ ကျန်တယ်။ သေခါနီးတော့ သူ့ဂိုဏ်းသားတွေကို တစ်ဆိတ် မလာလာအောင် ခေါ်ပေးပါဆိုတော့ ခေါ်ပေးရတယ်။ ဟိုလူတွေက အစက မျက်နှာမကြည့်ချင်အောင် ရွံရှာသွားကြပေမယ့် သေခါနီးပြီဆိုတော့ လာကြတယ်။ လာတော့ Parnell က ခင်ဗျားတို့ ဟုမ်းမရူး မရရအောင် ခေါင်းဆောင်သစ် တစ်ယောက် ရွေးပြီး ကျုပ် ဆောင်ရွက်ခဲ့သလို ဆောင်ရွက်ကြပါ။ ခေါင်းဆောင်သစ် ရွေးပြီးတဲ့ အခါ "ဒီခေါင်းဆောင်သစ်ဟာ ဘုရား ရဟန္တာ မဟုတ်ပါကလား၊ လူသာမန် ဖြစ်ပါကလားလို့ စိတ်ထဲမှာ မှတ်ထားကြပါ။ အဖွဲ့ကြီး တစ်ခုအဖြစ်နဲ့ စုစည်းလုပ်ကိုင်ကြတဲ့ နေရာမှာ လူတစ်ယောက်ရဲ့ မှားခြင်း၊ မှန်ခြင်းကို သိပ်ပြီး ဂရုတစိုက် အရေးတယူ မလုပ်ကြပါနဲ့" ဆိုပြီး သေသွားတာပဲ။

'၁၈၈၅ ခုနှစ် သီပေါမင်းကို ဖမ်းသွားတော့ တချို့က ကင်းဝန်မင်းကြီးနဲ့ မှူးကြီးမတ်ရာတွေ သစ္စာဖောက်လို့ ပြောကြတယ်။ အချို့ကလည်း မိဖုရားကြောင့်လို့ ပြောကြတယ်။ မိဖုရားကြောင့်လို့ ပြောသူက နည်းလေတော့ ဦးလူကလေးက ကောက်ချက်ချတဲ့ ကဗျာထဲမှာ–

"သံသရာကို၊ မျက်နှာရှေးရှု၊ နေသသူတို့၊ မြူအနုတိုင်၊
ဘယ်တည်ကြည်နိုင်ပါ့မယ်၊ မပိုင်ခြင်းရာ၊ မငြင်းသာဘု၊ ဇြဟ္မာ
ကျွမ်းဆောက်၊ လူ့ကျွန်းသို့ ရောက်တော့ပ၊ ထောက်မ ခဲအံ၊ မီးအလျှံ
လို၊ မှန်သလိုသာ၊ ကေစီဝါလည်း၊ လိမ္မာနောက်ဆုတ်၊ သေနာ ကုတ်လို့၊
မဟုတ်သောထွေ၊ ဖြစ်ရလေရော့။"

လို့ စပ်ထားတယ်။ သံသရာကြီးကို မျက်နှာချင်းဆိုင်ပြီး ခွေ့နေရတဲ့ လူတွေဟာ အနုမြူကလေးအထိ လိုက်ပြီး ဘယ်မှာ တည်ကြည်နိုင်ကြပါ့မလဲတဲ့။ Parnell ပြောတဲ့စကားနဲ့ တင်လေး နှိုင်းပြီး ကြည့်ဖို့ ကောင်းတယ်။ ကိုကို ဆယ်တန်းစာမေးပွဲ ဖြေတုန်းက မြန်မာစာ၊ အင်္ဂလိပ်စာအပြင် ရာဇဝင်မှာလည်း ဂုဏ်ထူးနဲ့ အောင်ခဲ့တယ်။ အဲဒီတုန်းက အင်္ဂလိပ်ရာဇဝင်မှာ အဲဒီ ဦးလူကလေးရဲ့ ကဗျာကလေးကို အင်္ဂလိပ်လို လင်္ကာရေးပြီး ထည့်ဖြေလိုက်သေးတယ်'

မိန်းမနှင့် ဤမျှကင်းပြီး သန့်ရှင်းအောင် နေထိုင်သော သူက ဤလို ဆင်ခြင်ပြီး ဤလို နှလုံးသွင်းပုံများမှာ ရတ်တရက်တွင် နားလည်ရခက်မည် ဖြစ်ပေသော်လည်း၊ အဖြေမှန်ကို စဉ်းစားကြည့်ရှုကြလျှင် ကင်းရှင်း၍သာ ဤသို့ နှလုံးသွင်းနိုင်ခြင်းဟု အောက်မေ့လိုက်ရသည်။

ခင်လေးမြင့် အသက် ၇ နှစ်ထဲ ဝင်လာပြီ. မောင်ချစ်ရှိန်မှာ ၅ နှစ်ထဲသို့



မခင်လေးမြင့်
( ၇ နှစ် အရွယ် )



မောင်ချစ်ရှိန် (ခေါ်)
မောင်သိန်းတန်
( ၆ နှစ် အရွယ် )



မောင်မိုးဟိန်း
( ၄ နှစ် အရွယ် )

ကူး၍ မိုးဟိန်းလည်း ၄ နှစ်ထဲသို့ ရောက်လာပြီ၊ ကလေးသုံးယောက်စလုံးပင် သူကဲ့သို့ ဦးခေါင်းမျိုး ဖြစ်သည်။ ကလေးသုံးယောက်စလုံးအတွက် အရုပ်ပါသော စာအုပ်တွေသာ တစ်ပုံတစ်ပင် ဝယ်ပေးသည်။ ကလေးတွေမှာ စာအုပ်တွေရလျှင် တစ်ရွက်ပြီးတစ်ရွက် ထိုင်၍ ဆုတ်ကြသည်။ ကျွန်မက စာမတတ်သေးခင် ဝယ်ပေးလျှင် ဆုတ်ပစ်မည်သာဖြစ်၍ မဝယ်ခဲ့ရန် ပြောသည့်အခါ၌ 'အနည်းဆုံး အရောင်ကို သူတို့ အရင်မှတ်မိမယ်။ တိရစ္ဆာန်တွေကို သူတို့ ခေါ်တတ်သွားမယ်။ စာလုံးတွေကို မျက်စိယဉ်သွားမယ်။ ဒီသုံးယောက်ထဲမှာ ဘယ်သူက စာဝါသနာ ပါတယ်ဆိုတာ တင်လေး အကဲခတ်ကြည့်ပါ' ဟု ပြောသည်။ သူ ပြောသည့် အတိုင်းပင် ကလေးတွေမှာ အစိမ်း၊ အနီ၊ အဝါ၊ အပြာ အရောင်တွေကို ငယ်ငယ် ကလေးနှင့် အမှန် ပြောတတ်သွားကြသည်။ အေ ဘီ စီ ဒီ စာလုံးတွေကို စာမသင် ခင်က သိနှင့်သည်။ ဤမျှ မဟုတ်သေးဘဲ သူ ဖတ်သော စာအုပ်တွေကို အမည်ပါ မှန်အောင် ပြောနိုင်ကြပြီး၊ ဗီရိုထဲက ယူခိုင်းလျှင် မှန်အောင် ယူပေးနိုင်ကြသည်။

ကွိ၊ ဒစ်စရေလီ၊ ဘားနတ်ရှော၊ ရှိတ်စပီးယား၊ နပိုလီယန် စာအုပ်တွေကို အားလုံးမှတ်မိပြီး ပုဂ္ဂိုလ်တွေ၏အကြောင်းအရာတွေကို ကလေးသုံးယောက်စလုံး ပြောနိုင်ကြသည်။

မောင်ချစ်ရှိန် စားပွဲတွင် ထမင်းထိုင်ပြီး စားနေစဉ် ထမင်းစားပွဲတွင် စာရေးနေသော သူက သားလုပ်သူကို 'ဟေ့ကောင်ကြီး မင့်ပန်းကန်ထဲမှာ စပါးလုံး ကြီး၊ ဖယ်လိုက်ဦး' ဟု လှမ်းပြောသည်။ ကျွန်မလည်း အနားတွင်ရှိ၍ လက်ညှိုး ထိုးပြီး အဖယ်ခိုင်းသည်။

ကျွန်မတို့ကို တစ်လှည့်စီကြည့်ကာ 'ဘယ်ကလာ စပါးလုံး ဟုတ်ရမလဲ ဖေဖေရဲ့' ဟု စပါးလုံးကို သူ့လက်ဝါးပေါ်တွင် ယူတင်ပြီး ပြောသည်။

'နို့၊ ဘာလဲကွ'

'မှတ်ထား ဖေဖေရဲ့။ ဒါ မျိုးစေ့ မျိုးစေ့'

'တင်လေးရေ၊ ဒီကောင် ကြီးလာရင် အယ်ဒီတာဖြစ်မယ်' ဟုပြောပြီး မျက်ရည်များ ထွက်အောင်ပင် ရယ်မောလေသည်။

အငယ် မိုးဟိန်းကား မောင်ချစ်ရှိန်ကဲ့သို့ မဟုတ်ဘဲ ဖျိုးဖျိုးဖျတ်ဖျတ် ဆိုးဆိုးဆတ်ဆတ်နှင့် အကြောက်အရွံ့ ကင်းမဲ့ပြီး သတ္တိရှိလှ၍ 'ဒီကောင်ကြီးရင် အယ်ဒီတာဖြစ်မှာ မဟုတ်ဘူး ထင်တယ်။ ဆရာဝန်ရင်လည်း ဖြစ်၊ စစ်ဗိုလ်ရင် လည်း ဖြစ်မယ်' ဟု မှတ်ချက်ချထားသည်။

တစ်နေ့ နေ့လယ်တွင် အခန်းထဲ၌ စာရင်းများကို ထိုင်တွက်နေစဉ် နေ့ တစ်ချက်တီး ရှိနေပြီး ကလေးများအားလည်း တစ်ရေးသိပ်ချိန် ဖြစ်၏။ သို့သော် မိုးဟိန်းမှာ မအိပ်သေး၍ စာရင်းတွက်နေရင်းမှ မိုးဟိန်းကို လှမ်းခေါ်သည်။

သူလည်း အပြင်ခန်းမှနေ၍ မိုးဟိန်းကို ခေါ်လာပြီး ခုတင်ပေါ်တွင် တက်အိပ်ရန် ပြောလိုက်သည်။

'မိုးဟိန်း အိပ်ချိန်ကျပြီ။ အိပ် အိပ်'

'မအိပ်ချင်ဘူး'

'မေမေက အိပ်ရမယ်တဲ့ကွ။ အိပ်လေ၊ အိပ်'

'မအိပ်ချင်ဘူး'

'ခက်တဲ့ကောင်ပဲ၊ အိပ်လို့ဆို။ တက်လေ'

'မတက်ဘူး၊ မအိပ်ချင်ပါဘူး'

'မအိပ်ချင်ရင်လည်း မသိပ်ပါနဲ့ တင်လေးရယ်'

'ဘယ့်နှယ် ဒီလို ကလေးရှေ့မှာ ပြောရတာလဲ။ သူတို့ နေ့တိုင်း ဒီအချိန်ဟာ အိပ်တဲ့အချိန်။ အိပ်ရမယ်'

'ဒီကောင် ခေါင်းမာနေတယ်။ ကိုကို ပြောလို့ အိပ်မှာ မဟုတ်ဘူး။ တင်လေးပဲ ပြောတော့'

'အခုမှ တင်လေး ဝင်ပြောလို့ မဖြစ်တော့ဘူး။ ကိုကို ခေါ်လာတာ ကိုကိုပဲ ခုတင်ပေါ်တက်အောင် လုပ်ရမယ်။ နောက်ဆိုရင် အမေ့သာ ကြောက်ပြီး အဖေကို မကြောက်ရဘူးလို့ မှတ်သွားရင် မခက်ဘူးလား'

ကျွန်မတို့ချင်း ကလေးနားမလည်အောင် အင်္ဂလိပ်လို ပြောကြသည်။

'မိုးဟိန်း၊ ခုတင်ပေါ်တက်။ အိပ်'

'မအိပ်ချင်ဘူး'

'အိပ်လို့ ပြောနေတာ'

'မိုးဟိန်း မအိပ်ချင်ပါဘူး'

'ကိုင်း၊ ဘယ့်နှယ်လဲ တင်လေး။ မအိပ်ချင်ဘူးတဲ့၊ ဘယ့်နှယ်လုပ်ရမလဲ။ မအိပ်ချင်ရင် နေပါစေ'

ကျွန်မလည်း စာရင်းတွက်နေရာမှ 'ရအောင် သိပ်' ဟု ပြောလိုက်သည်။

'ဟေ့ မင်း မအိပ်ရင် မင့်းမေမေက ရိုက်လိမ့်မယ်'

---

စာမျက်နှာ(၃၄၅) ရှိ ....

အပေါ်ပုံတွင်– စာရေးသူနှင့် သမီး၊ သားများ။

အောက်ပုံတွင်– ဒါဂျီလင်ကျောင်း သွားခါနီးတွင် တွေ့ရသည့် သားများ (မောင်မိုးဟိန်း၊ မောင်ချစ်ရှိန်) နှင့် စာရေးသူ၊ တူမများ ဖြစ်သည့် မလှမြင့်နှင့် မလှစိန်။









'ဘယ့်နှယ် ဒီလိုပြောရသလဲ' ဟု ကျွန်မက လှမ်းအော်လိုက်သည်။

'နို့၊ ဘယ့်နှယ်ပြောရမလဲ'

'တက်အိပ်၊ မအိပ်ရင် အရိုက်ခံရမယ်လို့ ပြောပါလား'

'မိုးဟိန်း မတက်ဘူးလား။ မတက်ရင် အရိုက်ခံရလိမ့်မယ်။ ဘယ့်နှယ်လဲ'

'မိုးဟိန်း မတက်ဘူး '

'ကိုင်း ဘယ့်နှယ်လုပ်မလဲ။ တင်လေး ပြောပါဦး'

'ပေတံလေးနဲ့ ခြောက်ပြီး တက်အောင်လုပ်ပါ'

'မိုးဟိန်း ဒီမှာနော် ပေတံ၊ ကောင်းကောင်းတက်ပြီး အိပ်ရင် ဖေဖေက မရိုက်ဘူး။ မအိပ်ရင် ဖေဖေက ရိုက်မယ်။ ဘယ့်နှယ်လဲ၊ အိပ်မလား'

'မိုးဟိန်း မအိပ်ဘူး'

'ကိုင်း ကိုကို မပြောဘူးလား။ မအိပ်ပါဘူး ဆိုတာ'

'အခု အခြေအနေဟာ သူ အိပ်ဖို့ မဟုတ်တော့ဘူး။ ခုတင်ပေါ် သူ တက်အောင် ကိုကို လုပ်ရလိမ့်မယ်။။ သူ သိတတ်ပြီ။ နို့မို့ရင် သူ တစ်သက်လုံး ကြောက်မှာ မဟုတ်ဘူး။ ဒါ လွန်ဆွဲနေတာပဲ။ လျှော့လို့ မဖြစ်ဘူး'

'မိုးဟိန်း အိပ် အိပ်။ တက်၊ ခုတင်ပေါ်ကို တက်'

'မိုးဟိန်း မတက်ချင်ဘူး'

'မတက်ရင် မင်းကို ဖေဖေက ရိုက်လိမ့်မယ်'

'မအိပ်ချင်ဘူး'

'ဘယ့်နှယ်လုပ်ရမလဲ တင်လေးရဲ့'

'ရိုက် ကိုကိုရဲ့၊ ရိုက်'

'ဟိုး ကိုင်းကွာ၊ ဖေဖေ ရိုက်မယ်နော်။ ခုတင်ပေါ် တက်လေ'

'မိုးဟိန်း မအိပ်ချင်ဘူး'

ကျွန်မ တစ်ချက်ငေါက်လိုက်လျှင် ငေါက်ရုံဖြင့် မိုးဟိန်း ခုတင်ပေါ် မုချ ရောက်သွားလိမ့်မည် ဖြစ်သော်လည်း၊ လက်တောက်လောက်ကလေးက အစ သူ မရိုက်မှန်းသိ၍ မကြောက်ဘဲနေသောကြောင့် သားနှင့်အဖေ ဖြစ်နေသဖြင့် သူ့ကို ကြောက်သွားအောင် တစ်ခွန်းမျှ ဝင်မငေါက်ဘဲ စာရင်းသာ ထိုင်တွက်နေသည်။

ပေတံ တဝင့်ဝင့်ဖြင့် ခုတင်ပေါ်သို့ တက်ဖို့ရန် ပြောသော်လည်း မိုးဟိန်းကား ကျွန်မ စကားတစ်ခွန်းလောက်မျှ ကြောက်ရွံ့ခြင်း မရှိလှပေ။

'ကဲ၊ တင်ပါးကို ရိုက်ပေတော့'

'မရိုက်ဘဲနဲ့ မပြီးဘူးလား တင်လေး'





'အဲဒါမှ အဆိုးရှားဆုံးပဲ'

တင်ပါးကို တစ်ချက် ရိုက်လိုက်ပြီး အိပ်ရန်ပြောသော်လည်း မအိပ်ပေ။ မရိုက်ဖူးသူက ရိုက်ရမည်လားဟု ပို၍ပင် ကောက်သွားပြီး ကပ်ဖဲ့လုပ်နေသည်။

'တင်လေး၊ ရိုက်လို့လည်း မတက်ဘူး။ နေပါစေတော့'

'ခုနေများ အလျှော့ပေးလိုက်ရင် သာ ဆိုးသွားဦးမယ်၊ နာအောင် ရိုက်ပါ'

သူလည်း တစ်ချက်ထက် တစ်ချက် ကြိုးစားပြီး ရိုက်သည်။ မိုးဟိန်းသည် ခုတင်ပေါ်တက်ဖို့ရာ ဝေးစွ၊ ခုတင်ဘက်သို့ပင် လှည့်၍ မကြည့်သဖြင့် နာအောင် ရိုက်ဖို့ရာ တစ်ယောက်တစ်ပြန် အတော်ကြာကြာပြောမှ ရိုက်ပေတော့သည်။

ဆင့်ကဲဆင့်ကဲ ခပ်ဆတ်ဆတ်ရိုက်၍ နာလာမှ ခုတင်ပေါ်သို့ တက်သွားပြီး မှောက်လျက်ကြီး သွားငိုနေသည်။

သူလည်း ကျွန်မ စာရင်းတွက်နေသော သေတ္တာပေါ်တွင် လာထိုင်ပြီး သူ့လက်မောင်းတွင် အသီးလိုက် ယိုထွက်နေသော ချွေးလုံးချွေးပေါက်ကြီးတွေကို လက်ညှိုးနှင့် သပ်ချလျက် 'စိတ်ပင်ပန်းလိုက်တာ တင်လေးရယ်၊ ကိုကိုဖြင့် သူ့ကို ရိုက်ရတာ ဇောချွေးတွေကို ပြန်ကျလာတာပဲ။ ချစ်လွန်းလို့သာ ရိုက်ရတော့တာပဲ' ပြောနေရာ စိတ်ထဲ၌ သနားသွားမိသည်။

နောက်နေ့တွင် ကလေးများကို အပြစ်ပေးရမည်ဆိုလျှင် မရိုက်ဘဲ အခန်းထဲတွင် လှောင်၍ တံခါးပိတ်လိုက်ပြီး၊ အပြစ်ကို တောင်းပန်မှ သူ ဖွင့်ပေးလေသည်။

ကလေးသုံးယောက်စလုံး ကျွန်မက ထိုင်ဆိုလျှင် မည်သူမျှ မထဝံ့ကြသလို၊ သူ့ကိုလည်း တုတ်ကိုင်သည့် နေ့မှစ၍ ကျွန်မကဲ့သို့ပင် ကြောက်ရမှန်း သိလာကြပေသည်။

'ဒီကောင် နှစ်ကောင် မြန်မြန်ကြီးလာရင် ကောင်းမယ်'ဆို၍ ကျွန်မက 'အယ်ဒီတာ ဖြစ်စေချင်လှပလား' ဟု မေးရာ၊ 'မဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင် ခေါ်သွားမလို့။ ဒီနေရာကမှ တကယ့်ဗဟုသုတတွေ ရှိတယ်' ဟု ပြန်ဖြေသည်။

## ၃၅ ။ စိန်ဘယက်ကြီး

တွဲဖက်အယ်ဒီတာ ကိုစောဦး ပြန်ရောက်လာသဖြင့် ဂျာနယ်ကို တစ်အုပ်လုံး မရေးတော့ဘဲ ခေါင်းကြီး၊ နိုင်ငံရေး၊ ရွှေလင်းယုန်၊ အာဘော်၊ လေပြေခန်း များကိုသာ ရေးသားပြီး ပေးသည်။ ကိုစောဦးလည်း ကျွန်မတို့ အိမ်ပေါ်တွင်ပင် နေထိုင်သည်။ ကိုစောဦးအပြင် ပန်းချီဆရာကြီး ကိုအုန်းလွင်ပါ လာရောက် နေလေသည်။

နံနက်လင်းလျှင် ကိစ္စများကိုယ်စီဖြင့် နေအိမ်မှ ထွက်သွားကြပြီး ည ထမင်းစားပွဲတွင်မှ လူဆုံကြသည်။ ထမင်းပန်းကန်ပြား သိမ်းကုန်သော်လည်း စားပွဲမှ မထဘဲ စကားပြောကြရာ ညတိုင်းလိုပင် တစ်ချက် နှစ်ချက်အထိ ပြောကြသည်။ ကိုစောဦးနှင့် ကိုအုန်းလွင်တို့ အိပ်ရန် အပေါ်ထပ်သို့သွားမှ ဂျာနယ်အတွက် ဆောင်းပါးများကိုရေး၍ ည သုံးနာရီ လေးနာရီမှပင် အိပ်စက်ကြရလေသည်။

တစ်ညတွင် စားပွဲ၌ထိုင်၍ စာရင်းများတွက်နေစဉ် သူက ကိုစောဦးအား 'ကျွန်တော် အိမ်ထောင်ကျလာတာ တစ်ခါမှ နောင်တမဖြစ်ခဲ့ဘူး။ အိမ်ထောင်ကျရတဲ့အတွက် ကျွန်တော့်မှာ သုခနှစ်မျိုး ရတယ်။ သုခတစ်မျိုးက စိတ်ချမ်းသာရလွန်းလို့ ရတဲ့သုခ ဖြစ်ပြီး၊ သုခတစ်မျိုးက စိတ်မချမ်းသာရတဲ့ အဖြစ်မျိုး မဖြစ်ရတဲ့ သုခကြီးပဲ' ဟု ပြောသည်။

ကျွန်မစိတ်ထဲတွင် သူ့အပေါ်၌ ကျွန်မလောက် နားပူသူ တစ်ယောက်မှ မရှိ၍ အဟုတ်ပဲ စိတ်ချမ်းသာရဲ့လားဟု စဉ်းစားမိသည်။ "ရေချိုးပါ၊ အိမ်သာဝင်ပါဦး" ဤစကားကို လူချင်း၊ မျက်နှာချင်းဆိုင်တိုင်း နားပူအောင် တတွတ်တွတ် ပြောတတ်လွန်း၍ သူက 'ရေချိုးခိုင်းတာနဲ့ နောက်ဖေးသွားခိုင်းတာကလည်း ကြွေးတောင်းတာ ကျနေတာပဲ' ဟု ပြောဖူးသည်။

ဖဆပလ ညီလာခံကြီး ကျင်းပနေခိုက် အလုပ် လွန်စွာများသဖြင့် ရေမချိုးဘဲ ရှိနေရာ၊ ပြက္ခဒိန်တွင် ခဲတံပြာနှင့် ထိုရက်များကို မှတ်ထားခဲ့သည်။ ၆ ရက်လောက် ရှိလာသည့်နေ့တွင်ကား နောက်တစ်နေ့ညနေတွင် ဆက်ဆက် ရေချိုးရန် တောင်းပန်ရသည်။ 'နောက်နေ့ညနေ ရောက်လို့မှ ရေမချိုးဘူးဆိုရင် ကိုကို့အပေါ်မှာ မကျေနပ်တဲ့ အထိမ်းအမှတ်ကြီး လုပ်ရလိမ့်မယ်' ဟုလည်း ပြောပြရသည်။ သူက 'စိတ်အေးအေးသာနေ၊ နက်ဖြန်ကို ဆက်ဆက်ချိုးမယ်' ဟူ၍ ပြော၍ ပြက္ခဒိန်တွင် နက်ဖြန်ရေချိုးတော့မည့် ရက်ဖြစ်ကြောင်း မင်နီကြီးနှင့် ကွင်းဝိုက် ပြထားလိုက်သည်။ ရေတွင်းနှင့် နီးကပ်သော ပိန္နဲပင်ကြီးအောက်တွင် ယောကျ်ားတွေ ရေချိုးရန် ရေစည်ကြီးများ ရှိသဖြင့် မာလီကို တွင်းမှ ရေများ ဆွဲခိုင်းပြီး စည်ကြီးထဲတွင် အပြည့် လောင်းခိုင်းထားလိုက်သည်။

ညနေ သူ ပြန်ရောက်လာလျှင်လာချင်း ကျွန်မက ရေချိုးရန် ပြင်ဆင်ထားကြောင်း ပြောရာ 'မချိုးအားတော့ဘူး တင်လေး၊ သခင်မြနဲ့ ကိုကျော်ငြိမ်းက ဆိုရှယ်လစ်ပါတီက မျက်နှာဖြူ ဘိုတစ်ယောက်ကို မြန်မာပြည် နိုင်ငံရေး အခြေအနေတွေ ရှင်းလင်းပြောပြစရာ ရှိနေလို့၊ ကိုကို့ကို ဆက်ဆက်လာပြီး နိုင်ငံရေး အခြေအနေမှန်ကို ပြောလှည့်စမ်းပါ ခေါ်ထားလို့ အခု ပြန်သွားရမယ်။ နက်ဖြန်မှပဲ ချိုးနိုင်မယ် ထင်တယ်'





ပြောပြောဆိုဆို ကိုကျော်ငြိမ်းအိမ်သို့ ပြန်ထွက်သွားသည်။

ကျွန်မလည်း နောက်ဖေးဘက်သို့ ထွက်သွားပြီး စည်ကြီးကိုလှဲကာ ရေတွေကို သွန်နေစဉ်၊ ဒေါ်ဒေါ်ရောက်လာပြီး ကျွန်မတို့ အထိမ်းအမှတ်ကို သိ၍ ခွက်ထိုး ခွက်လန် ထိုင်ရယ်နေသည်။

'ပြောသမျှ သဲထဲရေသွန်သလို အလကားဖြစ်ရတယ်ဆိုတာ ဒါမှ အလကား အမှန်ဖြစ်တာ' ဟုပြောလျက် ဒေါ်ဒေါ်နှင့်အတူ ထိုင်၍ပင် ရယ်ရတော့သည်။

နောက်တစ်နေ့တွင် အလုပ်တိုက်သို့ ကျွန်မ အစောကြီး ထွက်သွားရသည်။ သူလည်း ဖဆပလ သို့သွားရန် လှည်းပေါ်သို့အတက် တစ်ဖက်အိမ်က ဒေါ်ဒေါ်က လှည်းပေါ်မှ အတင်းခေါ်ချ၍ ရေအတင်းချိုးခိုင်းမှ ရေချိုးဖြစ်ကာ 'ဒေါ်ဒေါ်ရယ် ကျေးဇူးတင်လိုက်တာ၊ လူဟာ ရှင်းပြီး ပေါ့သွားတာပဲ' ဟု ဆိုသွားလေသည်။

လက်ဦးမဆွက သူ အဆိုတင်လာခဲ့သည့်အတိုင်း ဖဆပလမှ ဘိလပ်သို့ ကိုယ်စားလှယ်များလွှတ်ရန် ရွေးချယ်သောအခါ ဗိုလ်လက်ျာက 'နိုင်ငံရေးသမားများကို ခင်ဗျားတို့ ဘယ်သူ့လွှတ်လွှတ်၊ ဦးချစ်မောင်တော့ ပါရမယ်' ဟု ပြောသည်။

ဘိလပ်သို့ သွားရလျှင် ရာသီဥတု အလွန်အေး၍ အင်္ဂလိပ်အဝတ်အစား ဝတ်ရန် ပြောသည့်အခါ 'ငွမ်းအဝတ်တွေကို အထဲက ရှပ်ရော၊ ဘောင်းဘီရှည် ကိုယ်ကျပ်ရော ချုပ်ပေးပါ။ အပေါ်က မြန်မာအဝတ်ပဲ ဝတ်မယ်။ အင်္ဂလိပ်အဝတ်တော့ မဝတ်နိုင်ဘူး' ဟု ပြောသည်။ 'ဘိလပ်ရောက်လျှင် မြန်မာပြည်ရဲ့ဆန္ဒကို ဘိလပ်က လူတွေသိအောင် ဘိလပ်သတင်းစာကြီးတွေထဲမှာ ကိုကို ရေးရမယ်။ ဘိလပ်က လူတွေ မြန်မာပြည် အကြောင်းမှန်ကို အကုန်သိအောင် လုပ်ရမယ်။ အခု ဘိလပ် သွားရမှာ နိုင်ငံရေးပုဂ္ဂိုလ်တစ်ယောက် အဖြစ်နဲ့ သွားရပေမယ့် ဟိုမှာ အယ်ဒီတာ အလုပ်မျိုးလည်း လုပ်ရဦးမှာပဲ။ အခွင့်သာခဲ့လို့ရှိရင် စာအုပ်ကုမ္ပဏီ တစ်ခုခုမှာ ကိုကို စာအုပ်တစ်အုပ် ရေးမယ်လို့ စေ့စပ်ခဲ့မယ်။ သတင်းစာတွေထဲမှာ ရေးလိုက်တဲ့ ကိုကို့ ဆောင်းပါးတွေကို ဖတ်ရရင် စာအုပ်ထုတ်တဲ့ ကုမ္ပဏီက ကိုကို ရေးမယ့် မြန်မာပြည်စာအုပ်ကို လိုချင်ရမှာပဲ။ မြန်မာကို ကမ္ဘာက သိရမယ် ဆိုတဲ့ ရည်ရွယ်ချက်ဟာ ဘိလပ်ရောက်မှ ဖြစ်မြောက်တော့မှာပဲ' ဟု ပြောပြသည်။

ဘိလပ်သွားနေတုန်း ဂျာနယ်ကို တစ်ပတ်မပျက် ဖြစ်အောင်ထုတ်ရန် ပြော၍ 'ကိုကို မရှိပေမယ့်လည်း ဂျာနယ်တော့ ကိုစောဦးနဲ့ အဆက်မပြတ်အောင် ထုတ်မယ်' ဟု ပြောလိုက်သည်။

ဘုရင်ခံက 'လေယာဉ်ပျံ မပေးနိုင်ဘူး' ဟု အကြောင်းပြန်သည့်အခါ သူလည်း 'ဘာပဲဖြစ်ဖြစ် ကိုကိုတော့ သင်္ဘောနဲ့ သွားချင်တာပဲ။ ဟိုကို သွားဖို့က သိပ်အရေးကြီးတာ။ ဟိုရောက်မှ လိုရာ ခရီးတွေ အကုန်ပြီးမှာပဲ' ဆိုသောကြောင့် ကျွန်မက 'လွတ်လပ်ရေးကို တိုက်မယူပဲ ရပါ့မလား' ဟု မေးကြည့်သည်။ 'ရအောင် ယူတတ်ရင် အခုအချိန်ဟာ မတိုက်မခိုက်ဘဲ လွတ်လပ်ရေး ချောင်ချောင်ကလေး ရနိုင်တဲ့ အချိန်ပဲ။ ခေါင်းလိုတယ်၊ အရည်အချင်း လိုတယ်၊ အလုပ်လိုတယ်' ဟု ဆို၍ ဘိုကလေးမြို့၌ ဂတ်တွေကိုစီး၍ လက်နက်တွေ လုယူရမည့် သခင်များ၏ အစီအစဉ်အတိုင်း မဟုတ်ဘဲ၊ လက်နက်တွေကို အင်္ဂလိပ် လက်ထဲမှ ယဉ်ယဉ်ကလေး အပိုင် လှည့်ယူထားလိုက်ပုံကို ကိုယ်တွေ့ဖြစ်ခဲ့သောကြောင့် "ဉာဏ်လိုတယ်၊ အလုပ်လိုတယ်" ဆိုသည့် စကားများ၏ လေးနက်ခြင်း ရှိလှပုံကို စဉ်းစားကြည့်မိသည်။

မှတ်တမ်းကြီးများ ပျောက်ဆုံးကုန်သော်လည်း စိတ်မကျေနိုင်ဘဲ နိုင်ငံရေးတွင် ထင်ထင်ရှားရှား ဝင်လုပ်ပြီ ဖြစ်သောကြောင့်၊ မှတ်စုများရအောင် ဖဆပလသို့ လက်ရေးတို စာရေးတစ်ယောက် လွှတ်၍ စည်းဝေးသတင်းများကို ယူခိုင်းလိုက်ပြီး၊ အိမ်တွင် လက်နှိပ်စက်နှင့် ရိုက်ခိုင်းကာ ဖိုင်များတွင် တွဲနေလေသေးသည်။

ဘိလပ်သို့ ယခု မသွားရသေးသော်လည်း တစ်နေ့တွင် သူ သွားရမည်ဟု ယုံကြည်ထားလေသည်။ ဘိလပ် ပါလီမန်တွင် ပြောဆိုသုံးနှုန်းသည့် စကားများကို လွန်စွာ ကြားလိုသည်။ ပူဆာလွန်းသဖြင့် သူက ပါလီမန် အသုံးအနှုန်းပါသည့် စာအုပ်စာတမ်းများကို ဗီရိုထဲမှ ရှာဖွေပေးသည်။

ယောကျ်ားကြီးတစ်ယောက် ထူးလောက်အံ့လောက်အောင် ဖြစ်ရမည်ဟု ရည်ရွယ်ထားသည့် ရည်မှန်းချက်ကြီးကား အချိန်အကြာကြီး စောင့်စားနေဖို့ရာ မရှိတော့ပေ။ ပါလီမန် မိန့်ခွန်းတွေကို ဖတ်ပြနေရင်းက ဘိလပ်ပါလီမန်ကြီးထဲတွင် မြန်မာပြည်အတွက် မိန့်ခွန်းမြွက်ကြားနေမည့် သူ့မိန့်ခွန်းတွေကို ယခုပင် နားထောင်နေရသလို စိတ်ထဲ၌ ဝင်စားနေမိသည်။

"One day you will become a great man definitely" ဟု ကျွန်မက အဆုံးသတ် မှတ်ချက်ချလိုက်သည်။ သူက "One day I will make you a great lady" ဟု ပြန်ပြောသည်။

ဖဆပလ လုပ်ငန်းတွေကို နေ့နှင့်မပြတ် အမှုထမ်းနေရ၍ ဂျာနယ်လုပ်ငန်းတွင် မကဘဲ ဂျာနယ်ထဲတွင် မပြတ်မပြတ် ဝတ္ထုတိုများ ကူကူရေးပေးနေရလေသည်။ ဂျာနယ်တွင် ဦးချစ်မောင်၏ "မြန်မာ့ဗိမာန်" ဟူ၍ စာအုပ်ထုတ်ရန်





ရေးသားကြော်ငြာလိုက်၍ ကျွန်မက တကယ်ရေးမှာလား မေးလိုက်ရာတွင်၊ ဂျပန်ခေတ်က မြန်မာပြည် ပြန်လည်ထူထောင်ရေးကို အဆုံးသတ်ရေးပြီး "မြန်မာ့ဗိမာန်" အမည်ဖြင့် ထုတ်မည်ဟု ပြောသည်။ ဤသို့ ပြောပေသော်လည်း ဤသို့သာ အပြော ရှိသည်။ ဤစာအုပ် ရေးရန်အတွက် ဖဆပလက သူ့ကို အချိန်အား မပေးနိုင်၍ အပြောသာပင် ရှိပြီး ယခုတိုင် အဆုံးမသတ်ရပေ။

ဤတွင်သာ မဟုတ်သေးဘဲ "သူတို့လင်မယား" ဆိုသော ဝတ္ထုရှည်ကြီး တစ်ပုဒ် ရေးထားသည်ကလည်း စာမျက်နှာ ၁၀၀ ကျော်လောက် ပြီး၍ အဆုံး မသတ်နိုင်ခဲ့ပေ။

ဂျာနယ်ထဲ၌ပင် "နိုင်ငံရေးရှင်းတမ်းစာ" ထုတ်ဝေမည် ကြော်ငြာပြန်၍ ဤစာအုပ်ကော ဘယ်တော့ရေးမလဲဟု မေးရိုးမေးစဉ်အတိုင်း မေးလိုက်သေးရာ 'ခက်တယ်၊ တစ်နေ့လုံးလည်း ဖဆပလနဲ့ အချိန်ကုန်ရ၊ ညကျ ဂျာနယ်ရေးရနဲ့။ တစ်နေ့တော့ ရေးနိုင်မှာပေါ့လေ' ဟု ပြောသည်။ ဤအတိုင်း ပြောပေသည်။ ဤလိုသာ အပြောရှိပြီး အလုပ်ဖြစ်ဖို့ အချိန်မရှိပေ။

ကြော်ငြာတစ်ခု ထည့်ပြန်လေပြီ။ ဤစာအုပ်အမည်မှာ "တွေးတစိမ့်စိမ့်" ဖြစ်ပေသည်။ ယခုအကြိမ်၌ ဘယ်တော့ ရေးဖြစ်မလဲဟု သူ့အား မမေးတော့ဘဲ တစိမ့်စိမ့်သာ တွေးကြည့်ပေတော့ဟု နှုတ်မှ ထွက်သွားမိသည်။

တစ်နေ့တွင် ညနေ ၅ နာရီလောက် ဖဆပလမှ ပြန်ရောက်လာပြီး ကျွန်မကို အခန်းထဲသို့ခေါ်၍ ပျဉ်းမနား ဦးသန်းမောင် ရေးပေးလိုက်သော ဟောစာတမ်း နှစ်စောင် ထုတ်ပြသည်။ သူ့ဟောစာတမ်းတွင် ရောဂါဥပဒ်ကြီး ဖြစ်လိမ့်မည့် အကြောင်း ဟော၍၊ ကျွန်မ ဟောစာတမ်းတွင် အသက်ဘေး စိုးရိမ်စရာရှိသဖြင့် အနက်အဝတ်များ မဆင်မြန်းရန် အချက်များ ဟောထားသည်ကို ဖတ်ရသည်။

'ဗေဒင်မေးဖို့ မလိုပါဘူး။ ကိုကို့ လိပ်ခေါင်းနဲ့ ဆီးရောဂါဟာ ဒီလိုသာ ဂရုမစိုက်ရင် ဒုက္ခပေးမှာပဲ။ တင်လေး သေမယ်လို့ ဟောတာက ရောဂါကို ကိုကို ဂရုမစိုက်လို့ စိတ်ဆင်းရဲပြီး သေသွားမှာပဲ'

'ဘယ် ဒီလိုဟုတ်မလဲ၊ ကိုကိုလည်း ဂရုစိုက်ပါ့မယ်။ တင်လေးလည်း အနက် မဝတ်နဲ့နော်။ အနက်ပစ္စည်းဆိုရင် ဘာမှမဝတ်နဲ့'

'တင်လေးများ ဗေဒင်ဟောသလို သေရမယ်ဆိုရင် အခုက မှာထားစမ်းပါရစေ။ တင်လေး သေသွားရင် တစ်ယောက်တည်း မနေပါနဲ့။ ကိုယ့်ကို ကြင်ကြင်နာနာနဲ့ စောင့်ရှောက်မယ့် မိန်းမတစ်ယောက်ကို မြန်မြန်ယူလိုက်ပါ။ နို့မှလည်း တင်လေး စိတ်ဖြောင့်ဖြောင့် သေနိုင်မှာပဲ။ ကတိပေးပါလား ကိုကိုရယ်'

'ဒီမေးခွန်း ဖြေဖို့ရာ အကြောင်း မပေါ်ပေါက်ပါဘူး'

'ပေါ်ပေါက်လာမယ် ဆိုရင်ကော တင်လေးကို ကတိမပေးတော့ဘူးလား။ တင်လေး စိတ်ချမ်းသာ မသွားစေချင်ဘူးလား'

'ကိုကို့ဆီမှာ ဒီအဖြေမျိုးတောင်းရင် တင်လေးလည်း ဒီအဖြေမျိုး ပေးရလိမ့်မယ်။ တင်လေး စိတ်ချမ်းသာဖို့အတိုင်း ကိုကိုက ကတိပေးပါပြီ တဲ့။ တင်လေး မသေဘဲ ကိုကို သေသွားရင်ကော ကိုကိုလည်း တင်လေးကို စိတ်ချမသွားရဘူးလား'

'တင်လေးက ယောကျ်ားယူရမယ်လား'

'နို့ ကိုကို့ကို မိန်းမယူဆို၊ ကတိပေးလေ'

'ကိုကို မသေပါဘူး။ တင်လေးသာ ဗေဒင်က သေမယ်ဆိုလို့ ပြောရတာ။ တင်လေး ပေးမယ်ဆိုရင် ကိုကို ပေးမလား။ ဒါဖြင့် ပေးလိုက်ပါတယ်။ ကိုကိုသာ ကတိပေးစမ်းပါ။ ပေးလေ'

'တင်လေး ကိုကို့ကို ချစ်တဲ့ အချစ်ဟာ ကိုကိုနဲ့မှ ထိုက်တန်ရဲ့လားလို့ ကိုကို တစ်ခါတလေ စဉ်းစားကြည့်တယ်။ ကိုကို စိတ်ချမ်းသာအောင် တင်လေးတောင် ပေးနိုင်သေးတာ၊ ကိုကိုလည်း တင်လေး စိတ်ချမ်းသာအောင် ပေးရမှာပေါ့။ ဒါပေမဲ့ ဗေဒင်ကို ဟောတိုင်း မှန်ရမယ်လို့ မမှတ်ရဘူး တင်လေးရဲ့။ သတိရှိရမယ်။ ပညာနဲ့ ဆင်ခြင်ရမယ်။ အနက်ရောင် မဝတ်နဲ့နော်။ ယတြာအတိုင်း အကုန် လုပ်လိုက်။ စိတ်ထဲမှာလည်း မစွဲလမ်းကောင်းဘူး'

ဗေဒင်ဟော၍ သေရမည်ဟု စွဲလမ်းကြောက်ရွံ့မှု တစိုးတစိမျှ မရှိပေ။ ထိုသို့ မရှိ၍သာ ဦးလှမောင်က သူ့ကို စည်းစိမ်ရော အသက်ပါ ဆုံးရှုံးမည်ဟု ဂျပန်ခေတ်က ဟောလိုက်စဉ်ကတည်းက 'သူ မသေပါစေနဲ့။ သေချင်းသေ ကျွန်မသာ သေရပါစေ' ဟု ဆုတောင်းခဲ့ခြင်းကြောင်း၊ ယခုလို သေရမည် ဟောလိုက်ခြင်းကို ကိုယ့်ဆုတောင်းအတိုင်း ဖြစ်များနေမလားဟု အောက်မေ့ကြည့်လိုက်ပြီး၊ မတော်တဆ ကျွန်မ သေသွားခဲ့လျှင် သူတစ်ယောက်တည်းများ နေလေမလားဟု တွေးမိ တိုင်း ပူပန်စိတ်များ ဖြစ်ပေါ်လာတတ်လေသည်။

မြန်မာပြည်အရပ်ရပ်တွင် လူဆိုးများ သောင်းကျန်း၍ ဓားပြမှုများ များပြားလာသည့်အခါ၌၊ သူက ကန်ဘဲ့တွင် ဓားပြဘေးရန် စိတ်ပူစရာရှိ၍ လက်ဝတ်လက်စားများနှင့် အဓိဋ္ဌာန်ငွေများကို ကန်ဘဲ့အိမ်တွင် မထားဘဲ အလုပ်တိုက်က ငွေများကဲ့သို့ ဘဏ်တွင်ထားရန် သတိပေးသည်။ ကျွန်မက အဓိဋ္ဌာန်ငွေအိတ်ကို အသက် ၄၀ မပြည့်ဘဲ မဖွင့်ဟူ၍ ဆုံးဖြတ်ထားသည်ဖြစ်၍ ဤကြားထဲ ဓားပြတိုက်တိုက်၊ ခြ ကိုက်ကိုက် ရှိပစေဟု ခေါင်းခါပစ်လိုက်သည်။

'ထုတ်သုံးဖို့ ကိုကို ပြောတာ မဟုတ်ဘူး။ ဘဏ်မှာ အပ်ထားဖို့ ပြောတာ။





ဓားပြတိုက်ခံရလို့ ပါသွားရင် ဒီလောက်တောင် အဓိဋ္ဌာန်ကြီးနဲ့ စုလာခဲ့တာ၊ အလကားဖြစ်ကုန်မယ် မဟုတ်လား။ သွားထားစမ်းပါ'

'ဘဏ်မှာ အသက် ၄၀ ပြည့်မှ အပ်မယ် ဆုံးဖြတ်ထားတာ။ ခုတော့ မအပ်ဘူး' ဟု ခေါင်းမာနေသော်လည်း သူ စိတ်ပူနေ၍ စိတ်အေးသွားအောင် ငွေအိတ်ကို သူ့ရှေ့တွင် ဖွင့်၍ ရေကာ မြို့ထဲရှိ အလုပ်တိုက်သို့ လာခဲ့ပြီးလျှင်၊ ကျွန်မ အလုပ်အံဆွဲတွေထဲတွင် ထည့်၍ သော့ပိတ်ထားလိုက်သည်။ သူကား ဘဏ်တွင် အပ်ထားသည်ဟု အထင်ရှိလေသည်။ ငွေများကို ဖွင့်၍ ရေကြစဉ် ကျွန်မ ရည်ရွယ်ချက် ပျက်ရသည်ကို စိတ်မကောင်း ဖြစ်သွားတော့သည်။ ငွေများကား ၇,၀၀၀ ကျပ်ခန့် ရှိလေသည်။ ကျွန်မက တစ်ဝက်တစ်ပျက်ကြီးမှာ ဖွင့်ကြည့်ရတာ နိမိတ်မကောင်းပါဘူး ဆို၍ ဒေါ်ဒေါ်က 'သုံးတာမှ မဟုတ်ဘဲ၊ ဘဏ်မှာ ထားတာပဲ။ ဘာ စိတ်မကောင်းစရာ ရှိသလဲ' ဟု ဖျောင်းဖျ နှစ်သိမ့်ရှာပေသည်။

ဂျာနယ်ကို စက္ကူထုပ် တစ်ထုပ်လျှင် ၁၀၀ ကျပ်–၂၀၀ ကျပ်နှင့် ဝယ်ရိုက်နေရသဖြင့် ငွေမလည်နိုင်အောင် ဖြစ်နေချိန်တွင်၊ ရန်ကုန်မြို့ မျက်မှန်ဦးစိုးတင်က တစ်ဦးဦးကို စပ်၍ ရောင်းပေးပါ ခိုင်းသည်ဆိုပြီး စိန်ဘယက်ကြီး တစ်ကုံးကို စုစု ယူလာ၍ ပြသည်။ ရတီချိန် ၂၀ လောက်ရှိ၍ တန်ဖိုးငွေ ၈,၀၀၀ ကျပ်ဟု ဆိုသည်။ သူလည်း ဘယက်ကြီးကို လှမ်းမြင်လိုက်၍ တောင်းယူကြည့်ကာ ကျွန်မအား ဝယ်ရန် ပြောသည်။

'ဘာလုပ်ဖို့လဲ ကိုကိုရယ်။ အင်္ဂလိပ်ငွေ ၈,၀၀၀ ကျပ်ဆိုတာ မနည်းဘူး။ စာပုံနှိပ်စက်တစ်လုံး ဝယ်လိုက်မယ်။ ဘယက်တော့ မဝယ်ဘူး။ တင်လေးလည်း မဆွဲချင်ပါဘူး' ဟု ဆိုပြီး စုစုအား ပြန်ပေးလိုက်သည်။

စုစု ပြန်သွားသည့် အချိန်ကစ၍ ဤဘယက်ကိုဝယ်ရန် တတွတ်တွတ် လိုက်ပြောနေသည်။ တစ်ညလုံးလည်း ဘယက်ဝယ်ရန်သာ တတွတ်တွတ် ပြောသည်။

'ဘယက်က ဘာများ အရေးကြီးလို့လဲ။ တင်လေး မလိုချင်ပါဘူး'

'ကိုကို ဝယ်ပေးပါရစေ တင်လေးရယ်။ ဒါ ဆက်ဆက်ယူလိုက်ပါ။ ကိုကို ဝယ်ပေးတဲ့ ဘယက်ကြီးဆိုပြီး အမြဲ သတိရစေချင်တယ်'

'ဩော် ၈,၀၀၀ ကျပ်တောင် အဖိုးက ကြီးလိုက်တာ။ မဆွဲချင်ပါဘူးဆိုတာ ဘာပြုလို့ ဒီလောက်တောင် အတင်း ပြောနေရတာလဲ'

'တင်လေး မေ့နေပလား။ ရန်ကုန် လိုက်မယ့်နေ့က တင်လေး စုထားတဲ့ ဘယက်ပုံစံတွေ ကိုကို ယူကြည့်တာလေ။ အဲဒီတုန်းကတည်းက တစ်နေ့ ဘယက်

တစ်ကုံး ဝယ်ပြီး ကိုကို့လက်နဲ့ ဆွဲပေးမယ်လို့ ဆုံးဖြတ်ထားလိုက်တယ်။ ဖွင့်သာ မပြောခဲ့တာ၊ ကိုကို အမြဲပဲ သတိရတယ်။ ခု ကိုကို ဝယ်ပေးပါရစေ။ တင်လေး ဆွဲတာကို ကိုကို မြင်စမ်းပါရစေ'

သူ ပြောမှပင် သတိရတော့သည်။ ထိုစဉ်က ထိုင်၍ ကျွန်မကို စိုက်ကြည့်နေသည်။ တစ်နေ့ ကျွန်မကို ဝယ်ပေးမည်ဟု စိတ်ထဲ၌ ဆုံးဖြတ်နေကြောင်းကို ယခု ဖွင့်ပြောမှပင် သိရလေတော့သည်။

မမေ့မလျော့ အမြတ်တနိုးထား၍ ဝယ်ပေးမည့် လက်ဆောင်ကြီးဖြစ်၍ များစွာ အဖိုးထားပြီး လက်ခံလိုလှပေသော်လည်း အဖိုးကြီးလွန်းလှသဖြင့် ယခု မဝယ်သေးရန်၊ နောက်မှ ဝယ်ပေးရန် သူ လက်ခံနိုင်လောက်အောင် တောင်းပန်ရပေတော့သည်။

သို့သော် သူ့ကို မည်သို့မျှ တောင်းပန်၍ မရပေ။ နောက်မှ ဝယ်ပေးရလျှင် အသက်အရွယ်ကြီးနေ၍ ဆွဲနိုင်မည် မဟုတ်သဖြင့် ယခု ငယ်ငယ်ရွယ်ရွယ်တွင် အမိ ဝယ်ပေးပါရစေဟု ဇွတ်ပြောလျက်၊ မျက်မှန်ဦးစိုးတင်ထံမှ စိန်ဘယက်ကြီးကို ၈,၀၀၀ ကျပ်ဖြင့် အတင်းဝယ်ခိုင်းပြီး ကျွန်မတို့ကို ဗိုလ်လက်ျာအိမ်က ထမင်းဖိတ်ကျွေးသည့်နေ့၌ သူကိုယ်တိုင်ပင် ဆွဲပေးလိုက်သေးသည်။

အိမ်ပုံစံများ စုထားခဲ့သည့်အတိုင်း တစ်နေ့တွင် ကျွန်မအကြိုက် အိမ်ကြီး တစ်ဆောင် ဆောက်ပေးဦးမည်ဟု ဘယက်ဆွဲပေးရင်း ပြောပြသေးသည်။ ဗိုလ်လက်ျာ၏ အိမ်တွင် ထမင်းစားသည့် အခါ၌ ဦးငွေကိုင် ရေးဆွဲသည့် ဗိုလ်လက်ျာ၏ ဇနီး ဒေါ်ခင်လှ၏ ပုံတူပန်းချီကားကြီးကို ဗိုလ်လက်ျာက အမည်မှည့်ရန် စဉ်းစားခိုင်းသည့်အခါ သူက "Emerald" ဟု အမည်ပေးသည့်အခါ ဗိုလ်လက်ျာ၏ ဇနီးလည်း နှစ်သိမ့်ရွှင်မြူးသွားပေတော့သည်။

*

'ကိုကို့ကို သခင်နုက သူ "ရှမ်းပြည်နယ်ကို တရားဟောသွားမလို့ ခင်ဗျား လိုက်ခဲ့ပါ။ နိုင်ငံရေးကို ခင်ဗျားပိုမြင်တာမို့ ဟိုမှာ စော်ဘွားတွေနဲ့ ပြောရေးဆိုရေးမှာ ခင်ဗျားပါရင် သိပ်ကောင်းမှာပဲ။ ဆက်ဆက်လိုက်ပါ" လို့ ခေါ်နေတယ်။ ကားနဲ့ သွားမယ်။ ကိုကို လိုက်သွားမယ်'

'ဘယ်ဖြစ်မလဲ။ ကိုကို့ရဲ့ရောဂါက သက်မှ မသက်သာဘဲ။ ဖ ဆ ပ လ က ပြန်လာရင် ကိုကို ထိုင်တောင် မထိုင်နိုင်ဘူး မဟုတ်လား။ အိပ်ရာထဲမှာ ပက်လက်လှဲနေရတယ် မဟုတ်လား။ အိမ်သာက ထွက်လာရင် ကော်ဖီသောက်လည်း မတ်တတ်၊ ထမင်းစားလည်း မတ်တတ်၊ စာရေးလည်း မတ်တတ်နဲ့ မထိုင်နိုင်လို့ ဘယ်လောက်ဒုက္ခ ရောက်ရသလဲ။ ဖ ဆ ပ လ ကို နေ့တိုင်း သွားနေတာတောင်





တားမရလို့ ကြည့်နေရတာ။ ခရီးရှည်ကြီး ကားနဲ့ သွားမယ်ဆိုရင် သူများလိုလည်း ဆီး ခဏခဏသွားတာ မဟုတ်ဘူး။ ဆီးချုပ်ဝမ်းချုပ်နဲ့ ရောဂါ သာပြီး ပိုတိုးလာမယ်။ သက်သာတော့မှပဲ သွားပါ ကိုကို'

'ကိစ္စမရှိပါဘူး တင်လေးရဲ့။ ဝမ်းသွားမှသာ မခံနိုင်အောင် ဖြစ်တာပါ။ သွေးတွေ ကျနေတာလည်း ဆောင်းဘီခံပြီး ဝတ်ရင် ဖြစ်ပါတယ်။ ကိုနု ခေါ်လွန်းလို့ လိုက်ပါရစေ တင်လေးရယ်။ ကိုကို မလိုက်ရင် မကောင်းဘူး။ ကိုနုလည်း စိတ်ကောင်းမှာ မဟုတ်ဘူး'

'ရှိခိုးပါရဲ့ ကိုကိုရယ်။ ခရီးလမ်းက ကြမ်းလွန်းလို့ လမ်းတစ်ဝက်မှာ ကိုကို ဒုက္ခရောက်မှာပဲ။ ဒီရောဂါကို မပေါ့ပါနဲ့။ ပျောက်အောင် ကုပြီးမှ သွားပါ။ အခု မလိုက်ပါနဲ့ဦး'

'သွားပါရစေ တင်လေးရယ်။ သွားပါရစေ'

'မသွားပါနဲ့ဦး ကိုကိုရယ်။ မသွားပါနဲ့ဦး'

ရှမ်းပြည်နယ် မလိုက်ရသဖြင့် သူလည်း မှိုင်၍နေတော့သည်။ ကျွန်မလည်း လိုက်ဖြစ်မှာကို အလွန်စိုးနေသည်။ ဆီးချုပ် ခံလွန်းသဖြင့် ဆီးမှာလည်း ပုပ်နေလေပြီ။ ဖ ဆ ပ လ အလုပ်များကို အနားယူပြီး ဆရာဝန်နှင့် ပြသကုသရန် ပြော၍ မရသည့် အကြားထဲက ကားနှင့် ခရီးရက်ရှည်ကြီး သွားဦးမည် ဆိုခြင်းကြောင့်၊ လမ်းတွင် သူများလို ဆီးသွားမည့်သူ မဟုတ်၍ သူ့အကျင့်ကို သိသဖြင့် တွင်တွင်သာ တောင်းပန်ရလေသည်။

'တင်လေးရယ်၊ ကိုကို သိပ်လိုက်ချင်တာပဲ။ သွားပါရစေ' ဟု ထပ်ပြောတိုင်း အင်မတန်မှ လွတ်ချင်သည့်စိတ် ရှိလျက် သူ့ကျန်းမာရေးကို ကြည့်၍ တားနေရသည်။

သူ မလိုက်ပါဘဲ သခင်နုသာ ရှမ်းပြည်နယ်သို့ ထွက်ခွာ၍ သွားလေသည်။

## ၃၆ ။ သူ့ဘဝ လမ်းခရီး၏ အဆုံး

ဟပေါင်းလ ကုန်ခါနီး၌ သူလည်း ဂျာနယ်ကို တော်လှန်ရေးစာစောင် အထိမ်းအမှတ်ဖြစ်အောင် တစ်အုပ်လုံး သူတစ်ယောက်တည်း ရေးမည်ဟု စိစဉ်ပြီး တော်လှန်ရေး စာစောင်ကြီးကို ဝတ္ထုမှလွဲ၍ အစကအဆုံး သူပင် ရေးလေသည်။ ဤစာစောင်ကြီး အဆုံးသတ်ရာ၌ ကျောဘက်မျက်နှာဖုံးတွင် "သို့ဖြစ်ခြင်းကြောင့်" ဟူ၍ ခေါင်းတပ်ကာ အဆုံးသတ်ရေးပြီး အောက်မှ "ဂျာနယ်ကျော်ချစ်မောင်" ဟု လက်မှတ်ရေးထိုးထားသည်။

ဂျာနယ်တစ်အုပ်လုံး လက်မှတ်ရေးထိုးပြီး တစ်ခါမှ မထုတ်ဖူး၍ 'ကိုကို ကလည်း ဆန်းလိုက်တာ၊ အမိပွာယ်ကလည်း တစ်မျိုးပဲ။ ဘယ်လိုကြောင့် ဒီလို ထုတ်ချင်တာလဲ' ဟု မေးမိသည်။

' "သို့ဖြစ်ခြင်းကြောင့်" ဆိုတာ ခရစ်ယာန်များ တရားဟောပြီးလို့ အဆုံးသတ်ရင် "သို့ဖြစ်ခြင်းကြောင့်" အဲဒီလိုပဲ ပြောတတ်တယ် တင်လေးရဲ့။ ကိုကို ကလည်း အဆုံးသတ်လိုက်တာလေ။ လက်မှတ်ထိုးတာက အားလုံး မမေ့ကြရ အောင် အထိမ်းအမှတ်ကြီးပေါ့'

ကျွန်မလည်း ဟိုလို သည်လို မစဉ်းစားတော့ဘဲ နားထောင်နေလိုက်ရ ပြီးမှ ဂျာနယ်ထွက်၍ ဂျာနယ်တစ်အုပ်လုံး ဖတ်ကြည့်သည့်အခါ၌ စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်ကာ၊ ဤစာအုပ်ကို သူပြောသကဲ့သို့ မမေ့နိုင်အောင် အထိမ်း အမှတ် ထားရမလိုလို၊ ဘာလိုလို ဇဝေဇဝါစိတ်များ ဖြစ်မိသေးသည်။

ဤစာအုပ် သောကြာနေ့တွင် ထွက်၍ တနင်းလာနေ့တွင် မြို့ထဲသို့ အလုပ်သွားရန် ပြင်ဆင်နေစဉ်–

'တင်လေး၊ အလုပ်တိုက်ကို ဒီနေ့ ကိုကို လိုက်ခဲ့မယ်၊ ဖဆပလကို သွားစရာ မရှိဘူး' ဆိုပြီး သူလည်း ကျွန်မနှင့် အလုပ်တိုက်သို့ လိုက်လာသည်။ အလုပ်တိုက် ရောက်ကြသည့်အခါ 'စီးတီးဘွတ် စာအုပ်ဆိုင် မရောက်တာ နှစ်ပတ် လောက် ရှိသွားပြီ။ ဘာစာအုပ်တွေ ရောက်နေသလဲ မသိဘူး။ သွားကြည့်ဦးမယ်' ဆို၍ ကျွန်မသာ အလုပ်တိုက်ပေါ်သို့ တက်လာခဲ့သည်။

အချိန်အတော်ကြာမှ ပြန်ရောက်လာ၍ 'ကြာလိုက်တာ' ဟု ဆီးပြော သည့်အခါ 'တက္ကသိုလ်ထင်ကြီးနဲ့ တက္ကသိုလ်မျိုးသန့်တို့ကို သွားတွေ့နေလို့ စကားပြောနေရတာနဲ့ ကြာသွားတယ်။ ကိုကို့ကို သတင်းစာ မထုတ်သေးဘူးလား လို့ မေးတယ်။ ကိုကိုက မြို့ထဲမှာ စက်ထားဖို့ နေရာရရင် ထုတ်မယ်၊ နေရာမရလို့ ပြည်သူ့ဟာစ်တိုင် ဆိုင်းဘုတ်ပဲ ချိတ်ထားရသေးတယ်။ တကယ်လို့ နေရာရလို့ ထုတ်ဖြစ်ရင် ခင်ဗျားတို့နှစ်ယောက်ကို ခေါ်မယ်လို့ ပြောခဲ့တယ်။ တက္ကသိုလ် ထင်ကြီးကိုတော့ သတင်းထောက် လုပ်ခိုင်းမယ်။ တက္ကသိုလ်မျိုးသန့်ကိုတော့ ဘာသာပြန်အယ်ဒီတာ လုပ်ခိုင်းရမယ်။ ဒီလူနှစ်ယောက် ဒီဘက်မှာတော့ တော်တဲ့ လူတွေပဲ။ မြို့ထဲမှာ နေရာရတာနဲ့ တစ်ပြိုင်နက် မြန်မာသတင်းစာ၊ အင်္ဂလိပ် သတင်းစာ နှစ်စောင်ထုတ်မယ်။ ဘာသာပြန်စာအုပ်တွေကို ကိုကို ကိုယ်တိုင် ပြန်ပြီး အများကြီး ထုတ်မယ်။ တစ်နိုင်ငံလုံးကို အဘက်ဘက်က မျက်စိဖွင့်ပေး ချင်တယ်။ မြို့ထဲမှာ နေရာရဖို့နဲ့ ကိုကို့မှာ အချိန်အားဖို့ပဲ လိုတာပဲ။ တင်လေး ဘယ်အချိန် ပြန်မလဲ'





'တင်လေး ညနေမှ ပြန်မယ်'

'ဒါဖြင့် ကိုကို ပြန်တော့မယ်။ ရင်ထဲမှာ ဘာဖြစ်လာမှန်း မသိဘူး'

'ဘယ်လိုဖြစ်သလဲ ကိုကို'

'ရင်ထဲမှာ ခုန်နေတယ်။ ကိုကို ပြန်မယ်နော်'

'ပြန်ပါ။ အိမ်ရောက်ရင် အိပ်ရာထဲမှာ လှဲနေပါ။ စာလည်း မဖတ်နဲ့နော်။ နို့ဖြစ်ဖြစ် သောက်လိုက်နော်။ တင်လေး စောစောလာခဲ့မယ်'

'ကိစ္စ မရှိပါဘူး။ ပင်ပန်းလွန်းလို့ ဖြစ်တာ။ Rest ယူလိုက်ရင် ခဏလေး ကောင်းသွားမှာပဲ။ စိတ်ပူမနေနဲ့နော်။ သွားပြီ'

ညနေ လေးနာရီလောက် အိမ်သို့ ပြန်ရောက်သွားသည်။ အိမ်ခန်းထဲသို့ ဝင်လိုက်လျှင် ဝင်ချင်း သူ့ကို ခုတင်ပေါ်တွင် စာဖတ်နေသည်ကို တွေ့ရသဖြင့် ဘယ်မှာလဲ အနားယူမယ်ဟူ၍ ဆိုကာ စာအုပ်ကို ဆွဲယူသည့်အခါ၊ သူ့လက်များ ခြစ်ခြစ်တောက်ပူနေသည်ကို စမ်းမိသောကြောင့် ဖျားနေမှန်း သိရလေသည်။

ခေါင်း ကြီးသွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော်လည်း သူကား စကားပြောမပျက်၊ ဟန်မပျက်။ ညောင်းညာလှဲ့သလို ဟန်နှင့်ပင် လှဲနေသည်။

ဆရာဝန်ခေါ်မည် ပြောသောအခါ 'နေပါဦး၊ နောက်နေ့ ကိုယ်ပူ ချို သွားမှာပါ။ ဆရာဝန် လာရတာက အဝေးကြီးပဲ တင်လေးရယ်။ မသက်သာမှဘဲ ခေါ်ပါ့မယ်' ဆိုကာ မြန်မာငန်းဆေးကိုပင် သောက်သည်။

နှစ်သစ်ကူး အထူးစာစောင်ကြီးထုတ်ရန် ကြော်ငြာထားရာ၊ ကော်ပီများ မပြီးသေးသဖြင့် အိပ်ရာထဲမှပင် ကိုစောဦးကို ခေါ်ပြီး အစီအစဉ်များ ပြောပြသည်။ စီစဉ်ပေးသည်။

စ၍ ကိုယ်ပူလာခဲ့သည့်ရက်က စပြီး သုံးရက်မြောက်သည့်တိုင်အောင် အပူလည်း မကျ၊ တစ်ကိုယ်လုံး မိတ်ဖုတွေ ထွက်လာသည်။ ဆရာဝန်ကြီး ကာနယ် မင်းစိန်ကို ခေါ်ပြရန် ပြောသည့်အခါ၊ သူ့သူငယ်ချင်း ဒေါက်တာအောင်ခင်ကို ပထမ ခေါ်၍ပြပြီးမှ ဆရာဝန်ကြီးကို ခေါ်ဖို့ လိုသည်ဆိုလျှင် ခေါ်မည်ပြောသဖြင့် သူ့စိတ်ကြိုက်အတိုင်း ဒေါက်တာအောင်ခင်ကို ခေါ်သည်။ ဒေါက်တာလည်း မိတ်ဖုလား၊ ဝက်သက်လား ယခု မပြောနိုင်သေး၍ ဆေးများ သောက်ရန်သာ ပေးသွားသည်။

ထိုနေ့ ညနေပင် ဗိုလ်လက်[illegible]က်လာ၏။ အိပ်ရာထဲတွင် နေမကောင်း သည်ကို မြင်သဖြင့် သူ့ညီ [illegible]ဝန် ဦးလှရွှေကို ပြန်၍ ခေါ်ပြီး ရောဂါကို စစ်ဆေးစေသည့်အခါ ဒေါက်တာလှရွှေကလည်း အပူဖု၊ သို့မဟုတ် ဝက်သက် တစ်ခုခုပင် ဖြစ်မည်။ ရက်နုသေး၍ အမှန်မပြောနိုင်သေးဘူးဆိုပြီး ဒေါက်တာ

အောင်ခင် ပေးသော ဆေးများကို သဘောကျသည့်အတွက် ဤဆေးသာ သောက်ရန် ပြောသည်။

စိတ်ထဲ၌ ဝက်သက်ဟူ၍ မထင်မိဘဲ ကျောက်ပေါက်သည် ထင်သဖြင့် သူ့ကို တောင်းပန်ကာ၊ သူ့မျက်စိကိုသာ တွင်တွင်ကုန်းကာ လျှာဖြင့် လျှက်ပေးရသည်။ မြန်မာဆရာများနှင့် ကုလိုစိတ် ပြင်းထန်လာသည့်အတိုင်း မြန်မာဆရာ ခေါ်ရန် သူ့ကို ပြောကြည့်သည်။ သူကား မြန်မာဆရာ ခေါ်ဖို့ရာ မဆိုထားဘိ၊ မြန်မာဆေးကိုပင် ကြားဝင်၍ တိုက်မရတော့ပေ။

'ဆရာဝန် ခေါ်ထားတုန်း ဒီဆရာ့ဆေးသာ သောက်ရမယ်။ သေရင်သာ သေရမယ်၊ ဒီဆရာ့ လက်ထဲမှာ ဘယ်ဆေးမှ မသောက်ရဘူး' ဆိုပြီး မြန်မာဆေးများကို မသောက်တော့ပေ။

ညဘက်တွင် ပုံနှိပ်စက်မှ စက်များလည်း ရိုက်နေ၍ အိပ်သည့်အခန်းနှင့် နီးကပ်လွန်းသဖြင့် အနှောင့်အယှက် မဖြစ်စေရန် စက်များကို ရပ်ခိုင်းရသည်။

'တင်လေး၊ ဘယ်လိုလုပ်တာလဲ။ ဘာဖြစ်လို့ စက်ကို ရပ်ခိုင်းတာလဲ'

'ကိုကို အိပ်ရအောင်လေ'

'တင်လေးရယ် ဒီလိုများတော့ မလုပ်ပါနဲ့။ ကိုကို ဖျားနေတယ်လို့ ဒီစက်သံက ဘာမှ အနှောင့်အယှက် မပေးပါဘူး။ ဆယ်နှစ် ဆယ့်ငါးနှစ် စက်သံနဲ့ နေလာတာ ကိုကို့ နားမှာ ဘယ်လိုမှ မည့်ဘူး။ အခုလို အရပ်ခိုင်းတာ ကိုကို့ စိတ်မှာ အနှောင့်အယှက် လာဖြစ်တာပဲ။ ရိုက်ခိုင်းလိုက်ပါ'

'နေကောင်းတုန်းကတော့ ဟုတ်တာပေါ့ ကိုကိုရဲ့။ နေမှ မကောင်းတာ ဘယ်ရိုက်ရမလဲ၊ ရပ်ထားရမယ်'

'အခု ရိုက်ခိုင်းစမ်းပါ။ အခု သွားပြောပါ။ အနှောင့်အယှက် မဖြစ်ဘူး ဖြစ်တယ် ဆိုတာ ကိုကိုသာ သိတယ်။ သွားပါ၊ ရိုက်ပါလို့ ပြောပါ။ ဂျာနယ် မီမှာ မဟုတ်ဘူး'

'မမီလည်း နေပစေပေါ့။ နေမှ မကောင်းတာ။ ခဏ ရပ်ထားမယ်'

'တင်လေး လာဦး၊ ဂျာနယ်ကိုလေ ကိုကို သေတောင် မရပ်နဲ့။ ဘယ်တော့မှ မရပ်နဲ့။ ကိုကို အင်မတန် မြတ်နိုးတဲ့ အလုပ်ကို မထိခိုက်ပါစေနဲ့။ သွား သွား။ ရိုက်ခိုင်း'

ပုံနှိပ်စက်မှ မရိုက်လျှင် သူ့ရောဂါပင် တိုးတော့မလို ဖြစ်နေ၍ စိတ်ဆင်းရဲကြီးစွာဖြင့် စက်ကို ရိုက်ခိုင်းရပြီး သူ့အလို လိုက်ရသည်။

'တင်လေး ဒီလိုမအိပ်ဘဲနဲ့ ထိုင်နေတာဟာ ကိုကို့ စိတ်ကို နှောင့်ယှက်တာနဲ့ အတူတူပဲ။ မနက် အလုပ်သွားရမှာ၊ အိပ်ပါ တင်လေးရယ်'





'မနက်ကို တင်လေး မသွားဘူး။ ကိုကို နေကောင်းမှ သွားမယ်'

'ကိုကို နေကောင်းပါတယ်။ ဒီည ဝမ်းနှုတ်ဆေး သောက်ပြီးရင် မနက်ကျ ပေါ့သွားမှာပဲ။ အိပ်ပါ'

'ဝမ်းနှုတ်ဆေးတော့ မသောက်စေချင်ဘူး၊ အဖုတွေက ဘာမှန်းလဲ မသိဘူး။ ဝမ်းနှုတ်လိုက်လို့ ဝင်ပြုကုန်ရင် ခက်ဦးမယ်။ မသောက်ပါနဲ့လား ကိုကိုရယ်'

'မသောက်လို့ မဖြစ်ဘူး၊ ကိုကို့ပါးစပ်က သိပ်နံတယ်။ ဝမ်းက သိပ်ချုပ်တာ။ ဆီးကလည်း မလိုက်ဘူး။ သောက်လိုက်ရင် ပေါ့သွားမှာပဲ။ ဆရာဝန်ပေးတဲ့ ဆေးကို တင်လေးကလည်း ပူစရာမရှိ ပူတာကိုး'

ဝမ်းနှုတ်ဆေး အချိန်ရောက်၍ တိုက်လိုက်ရသည်။ နောက်ဖေးအိုးခုံကို အိပ်ခန်းထဲသို့ သွင်းထားလိုက်ပြီး သူ့အား အဆင်သင့်ရှိကြောင်း ပြောပြထားသည်။ ထိုနေ့ညအတွက် ယခင်ညများလို ထိုင်နေခွင့် မရသဖြင့် အိပ်ချင်ယောင်ဆောင်နေရသည်လည်း စိတ်ညစ်စရာ ကောင်းသည်။

ညနှစ်ချက်တွင် သူလည်း လှဲရာမှ ထ ထိုင်၍၊ ကျွန်မပါ ငေါက်ခနဲ ထိုင်လိုက်မိသည်။

'တင်လေး အပြင် ခဏ ထွက်နေဦး။ ကိုကို ဝမ်းသွားမလို့'

'သွားလေ၊ သွား။ တင်လေး အထဲမှာ နေပါရစေ'

'ဘယ် မဟုတ်တာ။ အပြင်ထွက်ပါ ဆိုမှပဲ'

'မတော်တဆ မူးပြီး လဲသွားပါ့မယ်။ တင်လေး ဖေးထားပါရစေ'

'ကိုကို နေကောင်းပါတယ်။ အပြင်ကို ထွက်စမ်းပါ'

ကျွန်မ စိုးရိမ်မကင်းဖြစ်၍ ပြောဆိုပြုစုသမျှ လက်မခံဘဲ ငြင်းဆန်ကာ လူမမာကို ကျွန်မကများ စိတ်ညစ်အောင် လုပ်နေသည်နှင့် တူနေရော့သလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစား ကြည့်ရသည်။ အနံ့အသက် နံမည်စိုး၍ နှင်လွှတ်လိုက်ခြင်း ဖြစ်သဖြင့် ပြုစုချင်သလို မပြုစုရသည့်အတွက် စိတ်ညစ်မိတော့သည်။ ထိုနေ့ည သုံးလေးခါ ထ ရသည်။ ထ တိုင်း လိုက်ထသည်ကြောင့် မအိပ်ရကောင်းလား ဟူသည်ကလည်း တစ်ပြစ်။ အပြင်ထွက်ခိုင်းသည်ကို ပေကပ်နေ၍ သူလည်း စိတ်ညစ်၊ ကျွန်မလည်း စိတ်ညစ်နှင့် မိုးလင်းကြရပေသည်။

မနက်လင်း၍ မျက်နှာများ သစ်ပေးသည့်အခါတွင် ကိုယ်ပေါ်၌ ထွက်နေသော အဖုများ တစ်ဖုမှ မရှိတော့၍ လွန်မင်းစွာ ထိတ်လန့်သွားမိသည်။ သူလည်း သူ့လက်မှ အဖုတွေကို မတွေ့သဖြင့် ကျွန်မ စိတ်မကောင်းဖြစ်မည် စိုးသည့် စိတ်နှလုံးနှင့် မသိဟန် ဆောင်နေပေသည်။

ဒေါက်တာအောင်ခင်နှင့် တိုင်ပင်၍ ကျောက်ဆေးရုံမှ ဆရာဝန်ကြီးကို

ပင့်ပြီး ပြကြည့်သည်။ ကျောက်ရောဂါလို့လည်း အတပ် မပြောနိုင်ဘူး။ ငယ်ငယ်ကလည်း ပေါက်ပြီးသား၊ ကျောက်လည်း ထိုးပြီးသား ဆိုသဖြင့် ဝက်သက်ဖြစ်ရင်လည်း ဖြစ်နိုင်ကြောင်း။ သူ့ဆေးရုံသို့ တက်လိုလျှင် တက်ရန် တိုက်တွန်းကြောင်း ပြောပြီး သောက်ရန် ဆေးများ ပေးသွားသည်။

တစ်နေ့လုံး သူ့အနားတွင် ထိုင်လျက် "သူလိုမိန်းမ" ဝတ္ထုကို ရေးနေသည်။ သူက ရေးပြီးသော စာရွက်များကို ဖတ်ပြပါဆို၍ ဖတ်ပြရသည်။ 'အိပ်ရာထဲမှာ လေးငါးရက်နေတာ စိတ်ညစ်ပါဘိတော့။ ဖဆပလ အလုပ်တွေလည်း ပျက်ကွက်ကုန်ပြီ တင်လေးရယ်။ နိုင်ငံရေး သိပ်အရေးကြီးနေတဲ့ အချိန်ကြီးမှာ ဒီလိုဖြစ်ရတယ်။ ဆာစဘက်ဖို့ကရစ် အိန္ဒိယကို လာရင် ကိုကို သွားပြီး တွေ့ချင်တယ်။ ဖဆပလကတော့ ကိုကို့ကို မျှော်နေကြမှာပဲ။ ကိုကိုတော့ ပျက်ကွက်တာပဲ' စသည်ဖြင့် တတွတ်တွတ် ညည်းတွားနေလေသည်။ ထွေထွေရာရာ စိတ်မရောက်အောင် ပျော်ရွှင်စရာ စကားများကို ငယ်စဉ်က အမူအရာအတိုင်း ကလေးကလေး တစ်ယောက်လို ပြောဆို ပြနေရသည်။

ကျွန်မ စိုးရိမ်ကြောင်းကို အမူအရာနှင့် မပြဘဲ သူ စိတ်ကောင်းအောင် လုပ်နေသလို၊ သူကလည်း ကျွန်မ စိတ်ကောင်းအောင် နေကောင်းသလို နေပြနေပုံတွေမှာ ဘယ်လိုပင် ဖုံးကြ ဖုံးကြ တစ်ယောက်နှင့်တစ်ယောက် မပြောဘဲနှင့် ရိပ်မိနေကြလေသည်။

ပြုစုရန်ရှိသော ယတြာများနှင့် လှူဖွယ်ဝတ္ထု အလှူဒါနများကို ကုသိုလ်ဆက်လေအောင်ဟု၊ သူ မသိအောင် အမျိုးစုံ နောက်ပိုင်းမှ လုပ်လိုက်သည်မှာလည်း စုံလင်သွားပေတော့သည်။

သေလိမ့်မည်ကိုကား စိတ်ထဲ၌ အနည်းငယ်မျှ မပူပန်ဘဲ၊ ဝေဒနာကို ပြင်းပြစွာ ခံရရှာလေတော့သည်ဟု သနားကရုဏာသက်လျက်၊ သက်သာရာ သက်သာကြောင်းသာ ရှေးရှု၍ ပြုစုနေရလေသည်။ သူ့ဝေဒနာ သက်သာမည်ဆိုလျှင် ထိုအချိန်က ဘာမဆို လုပ်ရန် ဝန်မလေးဘဲ အလွန် လျင်မြန်ဖျတ်လတ် ပေါ့ပါးနေလေသည်။

'တင်လေး ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံ အမူအရာကလေးတွေဟာ ဆေးရုံက နပ်စ်ဆရာမတွေတောင် တင်လေးလို လျင်ကြမယ် မထင်ဘူး။ တင်လေးသာ ဆရာမလုပ်ရင် ဆေးရုံက လူနာတွေတော့ ရောဂါပျောက်တောင်မှ နေမကောင်းချင်ယောင် ဆောင်နေကြမှာပဲ'

'ကိုကိုလည်း နေမကောင်းချင်ယောင် ဆောင်နေပြီနဲ့ တူတယ်။ မှန်း၊ မှန်း။ သွေးစမ်းမယ်'





ထိုသို့ ချစ်ခင်စွာပြောလျက် သွေးစမ်းသည့် ဟန်နှင့် လက်ကို ကိုင်လိုက်သည့်အခါ ခြစ်ခြစ်တောက်အောင် ပူနေသော လက်ကြီးကို ကိုင်ရ၍၊ ပြုံးသယောင်ယောင်ဖြင့် ဘယ်လိုပင် ဟန်ဆောင်ကာ ကိုင်လိုက်သော်လည်း စိတ်ထဲ၌ကား မကောင်းလှပေ။

ကိုယ်ပူကား မကျ။ အဖုများ ဝင်သွားသည့် ယနေ့၌ နံနက်နှင့် နေ့လယ် မတူတော့ဘဲ အပူသာ ကြီးသထက် ကြီးလာသည်။ အင်္ဂလိပ်ဆေးများ မတိုက်ဘဲ၊ မြန်မာဆရာ ပင့်ရကောင်းမလားဟု တွေးတောပြန်လျှင်လည်း ဒေါက်တာလှရွှေနှင့် ဒေါက်တာအောင်ခင်တို့ ကုနေသဖြင့်၊ သူ ကိုယ်တိုင်က ပျောက်ရမည်ဟု ယုံကြည်မှု ထားခြင်းကြောင့် ဖွတ်ခေါ်ဖို့ရာလည်း ခက်ပေသည်။ ဆရာဝန်များ ပေးသော ဆေးများမှာ ဆေးစွမ်းပြကြပေသော်လည်း၊ သူ့ရောဂါမှာ ယခုမှ ရုတ်တရက် ဖြစ်သည့် ရောဂါမျိုးလို မဟုတ်ဘဲ အနှစ်နှစ် အလလ ပင်ပန်းကြီးစွာ စိတ်အလုပ် လူအလုပ် များခဲ့ပြီး ဆီးချုပ်၊ ဝမ်းချုပ် ခံခဲ့လွန်း၍ ယခုမှ စုကိုင်လာသဖြင့် ရုတ်တရက် ဆေးမတိုးနိုင်အောင် ဖြစ်နေသည်။

ကလေးများကို တစ်ဖက်ခြံက ဒေါ်ဒေါ်တို့အိမ်သို့ သွားပို့ထားသည်။ သူ့နားတွင် ဒေါ်ဒေါ်နှင့် စောင့်၍ ပြုစုနေကြရာ၊ ဆီးသွားချိန် ဝမ်းသွားချိန်များ၌ အတင်းမောင်းထုတ်ပြီး သူ့ဘာသာ ဒယိမ်းဒယိုင်နှင့် ထနေ၍ ကျွန်မလည်း အပြင်မထွက်ဘူးဟု အတိုက်အခံ လုပ်နေရသည်။

မည်သို့ပင် တောင်းပန် တောင်းပန်၊ မည်သို့ပင် အသနားခံခံ၊ မည်သို့ပင် နားဝင်လောက်အောင် အချိုအသာနှင့် နေပါရစေဟု ခွင့်တောင်းစေကာမူလည်း၊ ကျွန်မကို နောက်နောက်က မပြောဆိုစဖူးသည့် 'တယ်၊ သွားပါဆိုတာ' စသဖြင့် ငေါက်ငမ်း၍များပင် အော်ဟစ်ပြောဆို ထွက်ခိုင်းသဖြင့် စိတ်ချမ်းသာပါစေတော့ဟု ထွက်လာခဲ့ရလေသည်။

သူ သွားသည့် ဆီးကား အပုပ်နံ့ အလွန်ပြင်းလေသည်။ အနံ့ မဆိုးရန် ကျွန်မကို ညာခြင်းကြောင့် 'မယားတောင် အားနာတဲ့လူ ဒေါ်ဒေါ်ရဲ့။ ကျွန်မကို ငဲ့ညာလိုက်တာ ဝမ်းမသာနိုင်ဘူး။ ကျွန်မ စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိဘူး' ဟု ဒေါ်ဒေါ့်ကို ဖက်၍ မျက်ရည်စက်လက်နှင့် တိုင်မိသည်။

သူ့ဒိုင်ယာရီ စာအုပ်ကလေးတွင် ၁၉၄၆ ခု မတ်လ ၂၅ ရက် တနင်းလာနေ့ စာမျက်နှာရွက်၌ "ကိုကို ကိုယ်ပူလာသောနေ့" ဟု ရေးမှတ်သည်။

၂၆ ရက် အင်္ဂါနေ့တွင်–

"ဒီဂရီ ၁၀၅ ရှိသောနေ့" ဟု ရေးမှတ်သည်။

၂၇ ရက် ဗုဒ္ဓဟူးနေ့တွင်–

"အဖုကလေးများ ထွက်သောနေ့" ဟု ရေးမှတ်သည်။

၂၈ ရက် ကြာသပတေးနေ့။

"အဖျားကျ၍ အဖု ပိုထွက်သောနေ့။"

၂၉ ရက် သောကြာနေ့ မနက်။

"အဖုများ ဝင်သွားပြီ။"

နေ့စဉ် နေ့တိုင်း ရေးမှတ်လေသည်။

ဤနေ့ညတွင် ဗိုလ်လက်ျာနှင့် ဒေါက်တာလှရွှေတို့ လာကြသည့်အခါ၌ သူလည်း ပက်လက်နေရာမှ သူ့ အမှားတွေကို ပြောပြ ဝန်ခံလေသည်။

'ကျွန်တော် မှားခဲ့ပြီ။ ကျွန်တော်ဟာ ငယ်ငယ်ရွယ်ရွယ် ကလေးဘဝ ကတည်းက အရက်အကြောက် အလွန်ကြီးခဲ့တယ်။ ကျွန်တော် ဆီးသွားနေတုန်း များ မနီးမဝေးက လူသံကြားရင် ဆီးသွားလို့ မရတော့ဘူး။ ဆီးချုပ် အလွန် ခံခဲ့မိတယ်။ စာထိုင်ရေးနေရင်း၊ စကားထိုင်ပြောနေရင်း ကျွန်တော် ဆီးသွားဖို့ရာ လုံးလုံးပဲ မေ့နေတယ်။ အခုတော့ ဒုက္ခဖြစ်ပြီ။ ကျွန်တော် ဆီးသွားလို့ မရတော့ဘူး။ ဆီးသွားလို့ ရအောင် ဆေးပေးကြပါ'

'ဦးချစ်မောင် အခုပေးတဲ့ ဆီးဆေးကိုသာ သောက်ပါ။ သွားပါလိမ့်မယ်။ အမ်ဘီဆေးပြားလည်း မှန်မှန်စားပါ။ ဆီးသွားလာပါလိမ့်မယ်' ဟု ဒေါက်တာ လှရွှေက ပြန်ပြောသည့်အခါ၌ သူလည်း မချိပြုံး ပြုံး၍ နေသည်။

သူ့ခုတင် ခြေရင်းတွင် ရပ်နေသော ကျွန်မမှာ ရှေးဦးမဆွကပင် ကျန်းမာရေး ချို့ငဲ့၍ သနားရာက မေတ္တာသက်ဝင် ချစ်ခင်လာရသူဖြစ်သဖြင့်၊ အိမ်ထောင် ကျလာသည့်အခါ၌ နေ့စဉ် ဆီးသွားရန်သာ တွင်တွင် နားပူနားဆာ လုပ်ပြီး တစ်နေ့နေ့တွင် ဘုံးဘုံးလဲသွားလိမ့်မည်ကို ပူပန်လာလေခဲ့ရာ၊ ယခုသော် နောက် နောက်က ပူပန်ခဲ့သည့်အတိုင်း ဇုန်းဇုန်းလဲရုံမက ဒုက္ခဖြစ်ပါပေါ့ကလားဟု အသည်းကို အပ်နှင့် ဖောက်သလို အခံရ ခက်လှလေသည်။

ဗိုလ်လက်ျာလည်း မျက်စိ မျက်နှာပျက်ကာ တစ်မျက်နှာလုံး ညိုမည်း လျက် အိမ်ရှေ့ဆိုဖာကြီးတွင် မျက်နှာညိုညိုနှင့် ထွက်ထိုင်နေသည်။

နက်ဖြန်တွင် အခြေအနေကြည့်၍ နေရာမကျလျှင် ကျောက်ဆေးရုံသို့ တင်ရန် သဘောတူကြပြီး ညဥ့်နက်မှ ပြန်သွားကြသည်။

မတ်လ ၃၀ ရက်နေ့ စနေနေ့ ဖြစ်သည်။

'တင်လေးရဲ့၊ ရင်ထဲက ပူတယ်။ ဆီးသွားလို့လည်း မရဘူး။ မျက်စိတွေ လည်း ကြည့်လို့ မကောင်းဘူး' ဆိုသဖြင့် ဆရာဝန်အား အကြောင်းကြားလိုက် သည်။ ဆရာဝန် ရောက်လာ၍ ဆေးများ တိုက်ပြီးသည့် အခါ၌ "နက်ဖြန်တွင်





ကျောက်ဆေးရုံ တက်တော့မည် ဖြစ်၍ ဖဆပလမှ လယ်သမားကိစ္စ စာရွက် စာတန်းတွေ ပြန်ပို့ပါ။ ပညာရေးကော်မတီ အစည်းအဝေးကိုလည်း မတက်နိုင်ဘဲ ကိုကို ပျက်ကွက်နေလို့ ထွက်စာ ရေးတင်လိုက်ပါ။ သခင်ကိုယ်တော်မှိုင်း စာရွက် တွေလည်း ပြန်ပို့ပါ" စသည်ဖြင့် မှာကြားနေ၏။ ကျွန်မက သူ စိတ်ကောင်းအောင် စာရွက်တွေ သူ့ရှေ့တွင် ယူပြပြီး မှာသည့်အတိုင်း လုပ်ပါမည်ဟု ပြောရသည်။

သူ့သူငယ်ချင်း ဆရာဝန်ဦးအောင်ခင်၏ မျက်နှာကိုတစ်လှည့်၊ ကျွန်မ မျက်နှာကို တစ်လှည့် ကြည့်နေပြီး ဗိုင်တွဲတွေ ဗီရိုထဲ ပြန်ထည့်ရန် အပေါက်ဝသို့ အထွက် "All are miserable" ဟု သူ့နှုတ်ဖျားမှ တစ်လုံးချင်း ဒေါက်တာ အောင်ခင်အား ပြောလိုက်သံကို ကြားရ၍၊ စာရွက်တွေကို ကုလားထိုင်ပေါ်တွင် ပစ်ခဲ့ပြီး ချက်ချင်း ပြန်ဝင်လာခဲ့သည်။

ထိုအချိန်တွင် သူလည်း မှိန်းနေသည်။

ဒေါက်တာက အိပ်လိုက အိပ်စေရန် ပြောပြီး ကျွန်မကို အပြင်ဧည့်ခန်းသို့ ခေါ်လာခဲ့သည်။ ကျွန်မပါ လဲမသွားအောင် အိပ်ဖို့၊ စားဖို့ရာ သတိပေးသည်။

ဆရာဝန်ကြီး ပြန်သွားလျှင် အခန်းထဲသို့ ဝင်လာသည်။ မလှုပ်မယှက် နေနေ၍ အိပ်များ ပျော်နေသလားဟု မျက်နှာနားအပ်ကာ အသက်ရှူသံ နားထောင် လိုက်၊ လက်ကို စမ်းလိုက်၊ ခြေကို စမ်းလိုက်ဖြင့် မနေတတ် မထိုင်တတ်အောင် ဖြစ်နေရသည်။ တစ်နာရီလောက်ကြာသော် စိတ်မချ၍ ခေါ်ကြည့်သည်။ သူ့ထံမှ ပြန်ထူးသံ မရတော့မှ သတိလစ်နေပြီ ဖြစ်ကြောင်းကို သိရလေသည်။

တစ်နေ့လုံး ဘယ်စောင်း ညာပြန် လူးလိမ့်ကာဖြင့် ဝေဒနာကို ပြင်းထန်စွာ ခံစား၍ နေရှာလေသည်။

ညဘက်တွင် ဗိုလ်လက်ျာ ရောက်လာပြီး ဒေါက်တာလှရွှေကို ပြန်ခေါ် လျက် ဆေးထိုးသည်။ ဗိုလ်လက်ျာလည်း ထိုညက ဗျာပါမီးတောက်၍ နေရှာ သည်။ ကျွန်မကိုလည်း စိတ်မပူရန် အတန်တန် အားပေးလေသည်။ ကျွန်မ စိတ်ထဲ၌ ထိုအချိန်က ဖြစ်နေသည့် အခြင်းအရာများကို မည်သူ့ကိုမျှ ထုတ်ပြော လိုချင်သည့်စိတ် မရှိတော့ပေ။ မည်သူ တစ်ဦးတစ်ယောက်မျှလည်း သိဖို့ ကြား ဖို့ရန် မလိုလားအပ်သော အလွန်တရာ ဆိုးရွားလှသည့် စိတ်ဒုက္ခဝေဒနာကြီး ကျရောက်လျက် နေပေပြီ။ သူ နောက်ဆုံး ပြောနိုင်သော "All are miserable" စကားအတိုင်း အားလုံး ဆွေးစရာ ဒုက္ခကြီး ဖြစ်ကုန်ကြပြီ။

ဗိုလ်လက်ျာနှင့် ဒေါက်တာလှရွှေတို့ နံနက်သုံးနာရီ ထိုးမှ ပြန်သွားကြ လေသည်။

တစ်ညလုံး ဒေါက်တာအောင်ခင်နှင့် သူ့နားတွင် စောင့်၍ နေကြသည်။ သူ့ကို ခေါ်သည့်အခါ 'တင်လေး' ဟု ပြန်ထူးဖော်ကလေးမှ မရတော့ပေ။

၁၉၄၆ ခု မတ်လ ၃၁ ရက် တနင်္ဂနွေနေ့ မနက်ဘက်သို့ ကူးလာပြီ။ နံနက်စောစောတွင် ဒေါက်တာလှရွှေက ကျောက်ဆေးရုံသို့ ပို့ရန် ကားလွှတ်မည်ဆို၍ ကားကို မျှော်နေကြသည်။

သူကား သတိလစ်လျက်ပင် ရှိသည်။ တစ်နေ့လုံး တစ်ညလုံး တစ်မနက်လုံး မြောနေသည်။

တိုက်ရှိ အလုပ်သမားများက မြန်မာဆရာခေါ်ရန် ဝိုင်း၍ တောင်းပန်ကြသည်။ မြန်မာဆရာ ခေါ်ကု၍ ဆရာကောင်းနှင့် မတွေ့ဘဲ အသက်သေသွားလျှင် လောကဓာတ် ဆေးပညာကြီး ထွန်းကား၍ အင်္ဂလိပ်ဆေးကိုသာ အသက်ပုံအပ်နေကြသော မြန်မာတစ်မျိုးလုံးက ကျွန်မကို လူသတ်မိန်းမကဲ့သို့ ဝိုင်း၍ လက်ညှိုးထိုးကြပေလိမ့်မည်။ မြန်မာဆေးပညာဘက်၌ သမားကောင်းရှားပြီး မြန်မာပြည်တွင် သမားယောင်များသာ ပေါများနေသောကြောင့်၊ အသေ အရှင် လုဖို့ရာ အရေးကြီးနေခိုက် လက်တည့် မစမ်းရဲအောင် ဖြစ်နေသည်။ နောက်နောက်က ကိုယ့်အသက်ကို ယုံယုံကြည်ကြည်နှင့် ပုံအပ်ထားရန် ဆရာကောင်း ရှာမထားမိသော ချွတ်ယွင်းမှုကြီးကို တစ်ချက်တည်း မြင်မိတော့သည်။

စိတ်တွေကို မဝေခွဲနိုင်အောင်ဖြစ်ကာ အော်ဟစ်၍ ငိုချင်သလို၊ လျှောက်၍ပဲ ပြေးချင်သလို စိတ်ဖောက်ပြန်ချင်၍ အတန်တန် ထိန်းသိမ်းထားရသည်။

ဆေးရုံကားကြီး ရောက်လာသည့်အခါ၌ ခုတင်ပေါ်မှ သူ့ကို ပွေ့ကာ ကပ်စင်ပေါ်သို့ တင်သည့်အခါ၊ သူလည်း တက်သွားပြီး လေငန်းဆွဲသလို လက်နှစ်ချောင်း မြှောက်ထောင်ကာ သွက်သွက်ခါ ယမ်းနေသည်။ မျက်လုံးကြီးများလည်၍ နှုတ်ခမ်းမှ အမြှုပ်တစီစီ ထွက်လာပြီး အမောဖောက်လာသဖြင့် ကပ်ပေါ်ရောက်မှ အားလုံး ကြက်သေ သေကုန်ကြသည်။ 'ဆရာဝန်ကြီး ကာနယ်မင်းစိန်ကို ဆေးရုံက ခု ခေါ်ပေးကြပါ' ဟု အမြန် ပင့်ခိုင်းရသည်။

ဆရာဝန် မရောက်ခင် နာရီပိုင်းအတွင်း ပုံပန်းကား အသက်ထွက်တော့မည့်ပုံ မျက်ဖြူလန်၍ ချွဲကျပ်နေလေပြီ။ ဓာချွေးတွေ ပြန်၍ လာသည်။ တစ်အိမ်သားလုံး သူခံစားနေရသည့် ဝေဒနာကို မကြည့်ရက်သကဲ့သို့ အပြင်သို့ ထွက်သွားကြသည်။

သူ့ညီ ကိုသန်းထွန်း၊ ဆရာစိန်၊ ဇဝနတို့လည်း ရှိနေ၍ သူတို့ကပါ အသက်ထွက်လိမ့်မည် အထင်ရှိပြီး မကြည့်ရက်သဖြင့် အပြင်သို့ ထွက်သွားကြသည်။

ဤတွင် ကျွန်မလည်း 'မသေရဘူး၊ သူ မသေရဘူး' ဟု ထွက်သွားတော့မည့် အသက်ကို အတင်းဆွဲလု ယူတော့မလို၊ စိတ်ရော ကိုယ်ပါ သံချောင်းကြီး





ကဲ့သို့ အကြောပေါင်းစုံ ထောင်ထ မာကျောလာပြီး၊ သူ့ကို ပွေ့ကာ လုသေကို အသက်သွင်းနေသော ဇော်ဂျီကြီးတစ်ယောက်ကဲ့သို့ ဇောချွင်သုတ်၊ အပြင်အောင်ခြင်း၊ ဓာရဏပရိတ် ပါဠိတော် စသည့် တန်ခိုးကြွဒ္ဓိပါဒ် ရှိလှသည့် ဂါထာပရိတ်ပါဠိတော်၊ ဘုရားမန္တန်များဖြင့် ယောင်ယမ်းရွတ်ဖတ် မန်းမှုတ်နေမိသည်။

ကျွန်မ လုပ်နေပုံ၊ ရွတ်ဖတ်နေပုံကို ကြည့်လျှင် ရယ်စရာကောင်းမည်ဖြစ်သော်လည်း တစ်အိမ်သားလုံး မျက်ရည်မဆည်နိုင်အောင် ဖြစ်လျက် မကြည့်ရက်အောင် ဖြစ်ကြရကုန်သည်။ ကျွန်မလည်း မည်သူ့ကိုမျှ ဂရုမစိုက်မိပေ။ မန်း မှုတ် ရွတ်ဖတ်မြဲသာ မန်း မှုတ် ရွတ်ဖတ်နေမိသည်။

ကျွန်မ မန်းမှုတ်နေသော ဂါထာများကြောင့် ဆရာဝန်မရောက်ခင် အသက်မထွက်ဘဲ နေရမည်ဟု ယုံကြည်မှု ရှိသည်မှာလည်း၊ ကျွန်မကိုယ်ပင် ကျွန်မ မပြောတတ်လောက်အောင် အံ့ဩမိလေသည်။

တစ်နာရီ နီးနီးလောက်တွင် ဗိုလ်လက်ျာ ရောက်လာသည်။ မကြာမီပင် ဆရာဝန်ကြီး ကာနယ်မင်းစိန်လည်း ရောက်လာသည်။ ဆရာဝန်၏ အမူအရာမှာ အသက်ထွက်တော့မည့် လူတစ်ယောက်ရှေ့မှောက်တွင် အေးအေးဆေးဆေး ရှိလှသဖြင့် ဆရာဝန်၏ အမူအရာကို အရေးထဲ၌ သဘောကျလိုက်သည်ဖြစ်ခြင်းမှာလည်း မပြောပြနိုင်အောင်ပင် သဘောကျမိပေသည်။

ဆရာဝန်က ရေပတ်တိုက်ဆိုလျှင် တစ်ကိုယ်လုံး ရေပတ်တိုက်ပေးသည်။ ဝမ်းချုလိုက်ဆိုလျှင် ဝမ်းချုသည်။ အရှက်အကြောက် အလွန်ကြီးသည့် လူကြီးတစ်ယောက် အများရှေ့တွင် မြင်မကောင်း ရှုမကောင်း ဖြစ်နေပုံကို နေကောင်းမှ ပြောပြဦးမယ်ဟု စိတ်ထဲ၌ မှတ်ထားလိုက်သေးသည်။

အပေအရေတွေကို စက်ဆုပ်ရွံရှာသည့်စိတ် မရှိ၍ ရွံတတ်သည့် စိတ်များလည်း ဘယ်သို့ဘယ်ဆီ ရောက်ကုန်ပြီ မသိပေ။

သူကား ထမ်းစင်ကလေးပေါ်တွင်ပင် တင်ထားရာမှ လက်နှစ်ချောင်း ထောင်မြှောက်ယမ်းခါပြီး မျက်ဖြူလန်ကာ၊ အမြှုပ်တစီစီထွက်ကာ မြော၍ပင် နေသည်။

ဆရာဝန်ကြီးက သူ့ရောဂါကို ကျောက်ရောဂါဟု သူ မစွဲနိုင်ကြောင်း၊ ဦးနှောက်ရောဂါ ဖြစ်ချင်လည်း ဖြစ်နိုင်ကြောင်း၊ ကျောရိုးက ဖောက်၍ ကြည့်လျှင် ဦးနှောက်ထဲတွင် သွေး ရောက် မရောက် ဆေးရုံမှာ စစ်ရမည်မို့ ကျောက်ဆေးရုံသို့ မပို့ဘဲ ရန်ကုန်ဆေးရုံကြီးသို့ ယခုပင် ပို့ရန် ပြောပြီး ပြန်သွားသည်။

သူနာပြုကားကြီးပေါ်တွင် သူ့ကို တင်၍ ဆေးရုံကြီးသို့ ယူလာကြသည်။ လမ်းတစ်လမ်းလုံး စောစောက ပုံအတိုင်းဖြစ်ကာ လိုက်ပါလာ၏။ ကျွန်မစိတ်ထဲ

၌ ဆေးရုံရောက်လျှင် သေလိမ့်မည်ဟူသော အတွေးကို လက်မခံဘဲ ထားလေသည်။ ဆေးရုံရောက်လျှင် ရှင်မှာပဲဟု ထင်သော အထင်မှာလည်း မိမိစိတ်ကို သက်သာမှု ရှာခြင်းသာဖြစ်၍ လုံးလုံးလည်း စိတ်မချနိုင်ဘဲ ဖြစ်နေသည်။

ဆေးရုံသို့ ရောက်သည့်အခါ လူနာအမည် သွင်းရသော နေရာတွင် ကပ်စင်ကြီး ချ၍ အကြာကြီး စောင့်နေကြရသည်။

အကြာကြီး စောင့်နေကြရ၍ "အကယ်၍များ ဤနေရာတွင်ပင် အသက်ထွက်သွားလျှင် မြန်မာပြည်ရဲ့ သားကောင်းတစ်ယောက် ဆုံးပြီဟု လူတွေ နှမြောလိုက်ကြမယ့် ဖြစ်ခြင်း။ အခုတော့ ဘယ်ပုဂ္ဂိုလ်ကမှ အရေးတယူ ပျာပျာသလဲ အရေးတကြီး မရှိလိုက်ကြတာ" ဟု တွေး၍ များစွာပင် ဝမ်းနည်းပက်လက် ဖြစ်သွားမိသည်။

နေရာမရ၍ ကျွန်မတို့မှာ လူဖြတ်လျှောက်သွားသော စင်္ကြံလမ်းတွင် ပထမတစ်ရက် နေရသည်။

သူ့နား၌ ထိုင်ကာ ပါးစပ်မှ ထွက်နေသည့် အမြှုပ်တွေ သုတ်ပေးရင်း တစ်နေ့လုံး တစ်ညလုံး အချိန်ကုန်သွားသည်။ သူလည်း သတိလစ်ကာ မြော၍ပင် နေသည်။

နောက်တစ်နေ့တွင် အခန်းလေး တစ်ခုထဲသို့ ပို့လိုက်ကြသည်။ ထိုအခန်းထဲတွင်လည်း သတိလစ်လျက်၊ အမြှုပ်ထွက်လျက်ပင် ရှိသည်။

ဆရာဝန်ကြီး ကာနယ်မင်းစိန်လည်း နံနက် ၉ နာရီလောက်တွင် ဆေးရုံလူနာများကို လည်စစ်ဆေးရင်း လာကြည့်သည်။ တစ်နေ့လုံး သူ့ညွှန်ကြားချက်အတိုင်း ဆေးထိုး ဆေးသွင်းပေးခြင်း ကိစ္စများကို ဆရာဝန် ဆရာမများက လုပ်ပေးသည်။

ဆေးရုံ၌ ဒိုင်ယာရီ စာအုပ်ကလေး လှန်၍ ဤသို့ ရေးလေသည်။

၁၉၄၆ ခု မတ်လ ၃၀ ရက် စနေနေ့။

"ပြင်းထန်စွာ ဝေဒနာခံစား၍ နေ့နှစ်ချက်တီးတွင် သတိပြန်လည်သည်၊ သတိ..."

"ပြင်းထန်စွာ ဝေဒနာခံစား၍ နေ့နှစ်ချက်တီးတွင် သတပြစ်နေသည်။"

၁၉၄၆ ခု မတ်လ ၃၁ ရက် တနင်္ဂနွေနေ့။

"ယနေ့မနက် ဆေးရုံယူရန် ထမ်းစင်ပေါ်အတင် တက်သွားသည်။ လက်နှစ်ဖက်မြှောက်ပြီး လှုပ်နေသည်။ ကာနယ်မင်းစိန်ကို ပင့်၍ ဝမ်းချုသည်။ အလွန်ပင် ရုက်တတ်သူတစ်ယောက် မြင်မကောင်း ရှုမကောင်း ဖြစ်သည်။ နေ့ နှစ်ချက်တွင် ဆေးရုံသို့ ကားနှင့်ယူခဲ့သည်။ တစ်လမ်းလုံး မေတ္တာသုတ် ရွတ်လိုက်ခဲ့ရသည်။"

၁၉၄၆ ခု ဧပြီလ ၁ ရက် တနင်္လာနေ့။





"ယနေ့ စောစော ကိုကို ပြန်၍ ငြိမ်သက်သွားသည်။ မြန်မာ့အလင်း ဦးတင်တို့ လင်မယား လာသည်။ ဒေါက်တာလှရွှေ ဇနီး လာခေါ်၍ ၎င်းတို့အိမ်သို့ ခဏ လိုက်သွားရသည်။ ခုတင်ပေါ်တွင် မျက်စိစုံမှိတ်ပြီး ငြိမ်သက်နေသည့် ကိုကို့ကို ကြည့်နေရင်း မျက်ရည်တွေ တဖြိုင်ဖြိုင် စီးကျနေ၍ ဆရာဝန်က စိတ်ကောင်းကောင်း ထားရန် ပြောသွားသည်။ ဆေးရုံပြတင်းပေါက်မှ ကြည့်လိုက်ရာ ကိုကို့ မိတ်ဆွေကြီး ကိုသခင်ါ အောက်က လာထိုင်စောင့်နေသည်။ အလွန် စိုးရိမ်ပူပန်နေရှာသည်။ ဘယ်လိုနေသေးသလဲ မေး၍ ငြိမ်သွားပြီလို့ ပြောလိုက်သည်။ 'ဆရာကြီး ပိမိုးနင်း ဆေးရုံမှာပဲ ကိစ္စများသွားတော့ ကျွန်တော်ဖြင့် သူ ဆေးရုံတက်ရပြီ ဆိုကတည်းက ပူလိုက်ရတာ။ အခုမှပဲ စိတ်နည်းနည်း အေးတော့တယ်။ ညနေ တစ်ခါ လာဦးမယ်' ပြောကာ သူ ပြန်သွားသည်ကို လှမ်းကြည့်၍ ရင်ထဲတွင် ဖိုလာသည်။ ကိုကို မသေရဘူး။ ဆရာကြီးလို ကိုကို မသေရဘူး။ ဘုရား ကယ်ပါ။ သမ္မာဒေဝ နတ်များ စောင့်ရှောက်ပါ။ တစ်နေ့လုံး တစ်ညလုံး ပရိတ် ရွတ်သည်။"

၁၉၄၆ ခု ဧပြီလ ၂ ရက် အင်္ဂါနေ့။

"ကိုကို၊ ကိုကို သတိပြန်ရပြီ။ ညက ၂ ချက်လောက်မှာ ကိုကို သတိပြန်ရပြီ။ မေးလေး မေးခိုင် ဖြစ်နေလို့ စကားတစ်ခွန်းမှ မပြောနိုင်သေးဘူး။ တင်လေး ဘယ်လို ဝမ်းသာရတယ်ဆိုတာ မရေးတတ်တော့ဘူး။ အဲသလို ခေါင်းကလေး ညိတ်ပြ ယမ်းပြရုံနဲ့ပဲ ဝမ်းသာလှပါပြီ။ မနေ့ညနေက အမောဖောက်လာလို့ ကာနယ်ကို အကြောင်းကြားလိုက်တော့ ပင်နီဆီလင် လာထိုးပေးတယ် ကိုကိုရေ့။ ကိုကို အင်မတန် မြတ်နိုးတဲ့ ချီးမွမ်းတဲ့ဆေး ကိုကို့ကို ညက ကယ်ပြီလေ။ ကိုကို မသေဘူးလို့ အားလုံးက ပြောကြပြီ။ ကိုကို့ မိတ်ဆွေတွေ အားလုံး လာကြတယ်။ ဗိုလ်လက်ျာလည်း သိပ်ဝမ်းသာသွားတယ်။ သေမှာ စိုးရိမ်လို့ နေမထိထိုင်မထိနဲ့၊ ကိုယ်ဖိရင်ဖိရှိတဲ့ နိုင်ငံရေး ပေါင်းဖက်တွေထဲကတော့ ဗိုလ်လက်ျာ တစ်ယောက်ပဲ တွေ့ရတယ် ကိုကိုရေ။"

ဤ အင်္ဂါနေ့ ကွက်လပ်စာရွက်ကို ညနေဘက် သတင်းမေးလာကြသူများ ပြန်သွားသည့်အခါ ထိုင် ရေးမှတ်လိုက်သည်။ ခေါ်လိုက်လျှင် ခေါင်းညိတ်ပြဖော် ရရုံဖြင့် ကျွန်မမှာ အကျေနပ်ကြီး ကျေနပ်လျက်၊ ထောင်းထောင်းကြေထားသည့် စိတ်တွေကို ယုယပွတ်သပ် ဆုပ်နယ်ပေးသလို သက်သာရာ ဖြစ်လှလေသည်။ သူ နေကောင်းလာလျှင် ဤမှတ်တမ်းကလေးတွေကို ဖတ်၍ ပြုံးလိမ့်ဦးမည်ဟု တွေးမိသေးသည်။

နေစောင်း၍ မှောင်လာပြီး ည ၈ နာရီလောက်တွင် ဒေါက်တာလှရွှေ

ရောက်လာသည်။ ပင်နီဆီလင်ဆေးပင် ဦးချစ်မောင်ကို ကယ်နိုင်သည် ဟု ပြောသည်။ ဤဆေးမှာ ကာနယ်မင်းစိန်ထံသို့ လေယာဉ်ပျံနှင့် ညနေက ရောက်လာ၍ လတ်ဆတ်သဖြင့် ဆေးသတ္တိရှိကြောင်းလည်း ပြောသည်။ ၃ နာရီ တစ်ကြိမ် ဆေးထိုးရမည် ဖြစ်၍ ယနေ့ည ၉ နာရီ၊ ၁၂ နာရီ၊ ၃ နာရီ၊ နံနက် ၆ နာရီ ထိုးပြီးလျှင် နက်ဖြန်၌ စကားပြောနိုင်လိမ့်မည်ဟု အားရပါးရ ပြောသည်။

သို့သော် ည ၉ နာရီပတ်အတွက် ဆေးနှင့် ည ၁၂ နာရီ၊ ၃ နာရီ၊ နံနက် ၆ နာရီတွင် ထိုးရန် ဆေးကုန်ပြီ။ ဆေးရုံ၌လည်း မရှိတော့ဟု မိုးကြီးချုပ်မှ သိရသည့် အခါ၌ကား၊ ဆေးရုံတွင် ဤညက ကျွန်မ မောင်ကလေးနှင့် သူ့တပည့်ကြီး မောင်သိန်းဖေ နှစ်ယောက် လာစောင့်အိပ်ကြ၍သာ သူတို့နှစ်ယောက်ကို မြို့ထဲမှာ ဆေး လည်ရှာပါဟု အမြန် လွှတ်လိုက်နိုင်တော့သည်။ သူတို့နေဖို့ ခွင့်မပြုဘဲ ကျွန်မတစ်ယောက်တည်း ခွင့်ပြု၍ သူတို့သာ ထိုညက ခေါ်မထားမိပါက အချိန်မှဲ့ကြီး ဘယ်မှ လည်ရှာတတ်မည် မဟုတ်ပေ။

ဆေးရုံရောက်ကတည်းက ဘယ်အစားအစာမှ မစားနိုင်၍ ယနေ့ည ဒေါက်တာလှရွှေက နှာနို့ကို နှာခေါင်းမှ သွင်းပေးသည်။ အကြိမ်ကြိမ် သီးနေသဖြင့် နားပြီး သွင်းရသည်။ နွားနို့ သွင်းပြီးသောအခါ မောနေ၍ ဒေါက်တာလှရွှေက 'နွားနို့သွင်းလို့ နည်းနည်း မောတာ။ ကိစ္စမရှိပါဘူး။ ဆေး ရတယ် မရတယ် သူ့ကို အကြောင်းကြားပါ' ဆိုပြီး အိမ်သို့ ပြန်သွားသည်။

ကျွန်မနှင့် သူသာ အခန်းထဲတွင် ရှိကြသည်။ ကျွန်မတို့ ခြေရင်းခန်းတွင် ရှိသော လူနာတစ်ယောက်လည်း သူ ဖြစ်သကဲ့သို့ လက်နှစ်ချောင်းထောင်၍ ယမ်းခါနေပြီး အမြှုပ်တွေ တစီစီထွက်လျက် နေသည်ကို မြင်ရသဖြင့် ကရုဏာဖြစ်လွန်း၍ သွားကြည့်လိုက်သေးသည်။ ဆရာမက 'ရေခဲရည်ရှိရင် ဒီလူအတွက် ကောင်းတယ်' ဆို၍ ကျွန်မ ရေခဲများကို ပြေးလှူလိုက်သေးသည်။

အချိန်မှာ ည ၁၀ နာရီလောက် ရှိနေသည်။ ဆေးရှာသွားသော သူများလည်း ပြန်မလာကြသေးပေ။ ဆေးရုံတွင် ညဘက် မီးမထွန်း၍ အခန်းထဲတွင် ဖယောင်းတိုင်ကလေး ထွန်းထားရသည်။

'ကိုကို မောသလား။ သိပ် မောသလား။ သက်သာမှာပဲနော်။ တော်တော်ကြာ ဆေးထိုးရင် အမောပြေမှာပဲနော်'

မျက်လုံးကြီးများပြူး၍ မေးထိုးပြီးသာ မောနေရှာသည်။ စကား ပြန်မပြောနိုင်သော်လည်း ကျွန်မ ပြောသည်ကို ကြားလိမ့်မည်အထင်နှင့် တွင်တွင်သာ အားပေးရလေသည်။ ၉ နာရီတွင် ထိုးရမည့် ဆေးကား ၁၀ နာရီ ထိုးသည့်တိုင် မထိုးရသေးပေ။





တစ်ဖက်ခန်းမှ အသက်ထွက်တော့မည့် လူမမာကြီးကို ကျွန်မတို့ အခန်းက မီးရောင်နှင့် အတိုင်းသားကြီး မြင်နေရသည်မှာ ကြောက်မက်ဖွယ်ကြီး ဖြစ်သည်။ အားကိုးရာ ကိုယ့်လင်သားကို ကြည့်ပြန်ပါကလည်း အသက်ရှင်နေသေးလျက် အသေနှင့်မခြား ဘာမျှ သတိတရား မရတော့ဘဲ မျက်လုံးကြီးပြူးပြီး မေးသာ ထိုးနေသောကြောင့် အခန်းထဲတွင် တစ်ယောက်တည်း ကြက်သီးတဖြန်းဖြန်း ထ လျက် အားငယ်မိလေသည်။

ဆယ်နာရီခွဲ ရှိမှ မြို့ထဲမှ ဆေးရှာလို့ ရခဲ့ကြတော့သည်။ တစ်ဆိုင်ပြီး တစ်ဆိုင် ရှာရဆိုင်ကပဲ ဝယ်ခဲ့ရသည့် ဆေး။ ကြာနေပလား၊ လတ်သေးရဲ့လားတော့ မသိဘူး ဆို၍ စိတ်လေးသွားသည်။ ၁၁ နာရီထိုးမှ ဆေးထိုးပေးရသည်။ ည ၁၂ နာရီတွင် ဆရာဝန်တစ်ယောက် ဆေးလာထိုးပေးရာ ကာနယ်ကြီးက ပင်နီဆီလင်ဆေးကို ပေါင်မှာ ထိုးရန် ရေးဆွဲပြ၍ ချိတ်ထားပါလျက် လက်မောင်းကို ဆွဲထိုးသွားသောကြောင့် စိတ်မကောင်း ဖြစ်ရသည်။

ည သုံးနာရီပတ် ဆေးထိုးရန် ထိုင်စောင့်နေသည်။ နာရီပြန်နှစ်ချက်လောက်တွင် အိပ်ချင်လိုက်သည်မှာ မျက်လုံး ဖွင့်၍ မရတော့ပေ။ စ၍ နေမကောင်းသည့် ရက်ကစပြီး ညစဉ် အလင်းနေခဲ့လျက် ယနေ့ညမှ ထူးထူးဆန်းဆန်း အိပ်ချင်လာသည်ကို ကိုယ့်မျက်လုံးကိုပင် ခဏ ခဏ ပွတ်နေရသည်။ မောင်လေးနှင့် မောင်သိန်းဖေက 'မမ တစ်ရေးအိပ်လိုက်ပါ။ ကျွန်တော်တို့ တစ်ယောက်တစ်ဖက် ထိုင်ကြည့်နေမယ်။ မှိန်းလိုက်ပါဦး' ဟု တိုက်တွန်းကြ၍ သုံးနာရီထိုးလျှင် သူတို့ နှိုးမှာပဲဟု မျက်စိ မှိတ်ထားလိုက်ရသည်။

မျက်စိ ပြန်ဖွင့်လိုက်သောအခါ အလင်းရောင်လိုလို မြင်ရ၍ နာရီကို ကြည့်လိုက်ရာ ၅ နာရီ ထိုးခါ နီးနေသည်။ လူမမာကား ဟပ်ထိုး မောနေလေသည်။

'ကြည့်စမ်း။ ၅ နာရီတောင် ထိုးတော့မယ်။ သုံးနာရီ ဆေးထိုးတုန်းက ဘာပြုလို့ မနှိုးသလဲ'

'ဘယ်ဆရာဝန်မှ လာမထိုးကြဘူး။ ကျွန်တော်တို့လည်း ဆရာမတွေ လိုက်ရှာပြောတော့ ဆရာဝန်တွေ ပြန်ပြီလို့ ပြောတယ်'

'ဖြစ်မှ ဖြစ်ရလေ၊ ငါ့ နှိုးရောပေါ့'

ဤစကားကို အခန်းထဲတွင် တစ်ဝက်လောက်သာ ပြောနိုင်ခဲ့ပြီး တစ်ဆေးရုံလုံး ဆရာဝန် လည်ရှာသည်မှာ ဒေါင်ချာစိုင်းနေလေတော့သည်။ ဆရာဝန် ဆို၍ တစ်ယောက်မျှ မတွေ့ဘဲ ဆရာမတွေသာ တွေ့လေသည်။ 'ဤအခန်းကို သက်ဆိုင်သည့် ဆရာဝန်လာမှ ထိုးပေးမှာ။ တခြားဆရာဝန်က ထိုး

ပေးမှာ မဟုတ်ဘူး’ ဟု စည်းကမ်း ကြီးနေကြသည်။ ဆေးရုံထဲတွင် အော်ဟစ်ပြီးသာ ငိုပစ်လိုက်ချင်တော့သည်။

ထိုအချိန်တွင် ခြေရင်းခန်းက လူမမာကြီး သေသွား၏။ အလောင်းထုတ်လာသည်ကို မြင်ရ၍ သာပြီး စိတ်နောက်သွားသည်။

၆ နာရီထိုးလျှင် ထိုးချင်း ပန်ချာပီဆရာဝန် ရောက်လာ၍ ဆေးထိုးပေးသွားသည်။ မနေ့ကလို ဟိုဟိုသည်သည် မျက်လုံးလည်၍မျှ မကြည့်တော့ဘဲ တစ်နေရာတည်း စိုက်ပြူးကြည့်ပြီး အမောကြီး မောနေသည်။ ‘အမော သက်သာအောင် လုပ်ကြပါဦး’ ဟု ဆရာဝန်ကို ပြောရာတွင် ‘ကာနယ် ၉ နာရီ လာပါလိမ့်မယ်’ ဟု ကျွန်မကို နှစ်သိမ့်ထားသည်။ ဆေးလည်း ထိုးသွားသည်။

မောင်ကလေးကို ကန်ဘဲ့သို့ အကြောင်းကြားခိုင်းလိုက်သည်။ ယနေ့နံနက်တွင် သူနှင့် ကျွန်မသာ အခန်းထဲတွင် ရှိပေသည်။

တစ်ချိန်ထက် တစ်ချိန် ခေါင်းယမ်းပြီး မောသည်ထက် မောလာသည့်အခါမှ “ဆရာဝန်ကြီး မလာခင် သေတော့မယ် ထင်ပါရဲ့” ဟု စိတ်လျှော့လိုက်လျှင်ပင် ကျွန်မ အနားမှာနေက ကျွန်မကို စွဲလမ်းသွားသည့်အတွက် အယူတိမ်းသွားလေမည်ဟု အသိတစ်ခု မတွေးတောဘဲ ခေါင်းထဲကို ချက်ချင်း ရောက်လာ၏။ ဇော မပြတ်ကောင်းနေသော သူတစ်ယောက် ဖြစ်မှန်းကို သတိမေ့လျက် အခန်းပြင်ဘက်သို့ ထွက်သွားကာ အုတ်နံရံတွင် သွားကပ်နေသည်။

ဆရာကြီးပီမိုးနင်း အသက်ထွက်ခါနီး ဤဆေးရုံကြီးသို့ ကျွန်မတို့နှစ်ယောက် ရောက်လာကြသည်။ သူသည် ဂီလာန ဘုန်းကြီးတစ်ပါးကို သွားပင့်လာပြီး ပရိတ်ရွတ်ခိုင်းပုံတွေကို မျက်စိထဲတွင် ဘွားခနဲ ပေါ်လာသည်။ အုတ်နံရံ ကပ်နေရာမှ အခန်းထဲကို အပြေး ပြန်ဝင်လျက် သူ့ ရင်ပေါ်တွင် လက်တင်ကာ ပရိတ်ကြီးကို စ ရွတ်လေတော့သည်။

ဇဝနနှင့် ကိုအုန်းမြင့်တို့ ရောက်လာကြသည်။ သူ့အနားတွင် ရပ်ကြည့်နေကြသည်။ သူတို့ကို တစ်ခွန်းမျှ စကားမပြောနိုင်ဘဲ ပရိတ်သာ နားနားတွင် ကပ်လျက် ရွတ်မြဲ ရွတ်ပေးနေမိသည်။ သူတို့လည်း ဟန်ပုံမရသဖြင့် ချက်ချင်း ပြန်ထွက်သွားကြပုံ ရသည်။

ပရိတ်ရွတ်နေပုံသည် ဆေးရုံ ယူမလာခင် မန်းမှုတ်သလို ဒေါနှင့်မာန်နှင့် မရှိတော့ဘဲ၊ အရဏ်တက် ဝတ်ပြုသကဲ့သို့ အသံအေးအေးနှင့် နာလိုဖွယ်ရာ တရားရေအေး တိုက်ကျွေးနေသလို ရွတ်ဖတ်ပေးနေသည်။ အခန်းပြင်ဘက်က ကျွန်မကို ဝတ်တက်နေသလားဟု ထင်မှတ်ကြပေလိမ့်မည်။

သူ့ကို နောက်ဆုံး ကျေးဇူးပြုခြင်းဟု သတိကို မြဲမြဲထိန်းလျက် ကျွန်မ





စိတ်ကို အနိုင်နိုင်ကျင့်ကာ ဤသို့ ကြည်လင်သာယာစွာ ရွတ်ဖတ်နေစဉ် ကန်ဘဲ့က ဒေါ်ဒေါ် ရောက်လာသည်။ ‘အမယ်လေး’ ဟု တစ်ခွန်းသာ ဒေါ်ဒေါ် အော်နိုင်လျက် အမောပြေစေရန် သူ့လက်မှာ ပါလာသော စံပယ်ပွင့်တွေကို နှာဝသို့ လာကပ်ပေးထားသည်။

မျက်နှာချင်းအပ်ပြီး ပရိတ် ရွတ်နေသောကြောင့် မောလွန်း၍ မေးထိုးပြီး ခေါင်းယမ်းနေပုံတွေကို မြင်ရသော်လည်း “ဘဝကူး ကောင်းပါစေ” ဟူသော စေတနာကြီးက ကြီးမားနေခိုက်ဖြစ်၍ အသံတုန်ခြင်း၊ ထစ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ မှားယွင်းခြင်းမှ မဖြစ်ပါပေ။ နောက်ဆုံး ခေါင်းယမ်းလျက် ချွဲအန်လိုက်သည့်အခါ၌ကား လက်ဝါးပြင်နှင့် ကပျာကယာ ထိုးခံပေးလိုက်သည်။ ကျိုက်ကျိုက်ဆူနေသော ရေနွေးကဲ့သို့ ပူလှသည်နှင့် အသက်ထွက်ခါနီး ဖောက်ပြန်လာသည့် အခြင်းအရာများပါကလား ဟု ဤတွင် ကြီးစွာ ထိတ်လန့်သွားသည်။ ပရိတ်ရွတ်ရင်းမှ သင်္ခါရ တရားကို မျက်မြင်ကိုယ်တွေ့ ရှုနေရ၍ သေခါနီး၌ပင် မယားကို တရားပေးသွားလေသည်။

ဓမ္မစကြာသုတ် ပါဠိတော် မဆုံးမီကလေး နောက်တစ်ကြိမ် ချွဲဟတ်လိုက်ရာ အသက်ပါ ထွက်သွားလေတော့သည်။

သံပတ်ကုန် တင်းရစ်ထားသည်ကို လက်လွှတ်ပစ်လိုက်၍ အခွေအပတ်တွေ တစ်ခွေနှင့်တစ်ခွေ ရိုက်ပြီး တစ်ရှိန်ထိုး ပြေးထွက်သွားသလို အသက်ထွက်သွားသည်နှင့် တစ်ပြိုင်နက်၊ တစ်လျှောက်လုံး တင်းထားသည့် စိတ်များလည်း တအား လျော့ကျသွားကာ ရင်ထဲ၌ ထိမိခိုက်မိ နာကျင်လှမိသည့် ဒဏ်နှင့်တကွ သူ့ရင်ခွင်ထဲသို့ ဇက် ကျိုးကျသွားလေသည်။

တစ်ကိုယ်လုံးပေါ်သို့လည်း များလှစွာသော ပြာသာဒ်အဆောင် အထွတ်အတက်များ ထုတ်ထားသည့် ဘုံကြီးတစ်ခုမှ အဆောင်လိုက် အဆောင်လိုက် ပြုတ်ကျလာသလို ပိသွားလေတော့သည်။

အထွတ်အတက် ပြာသာဒ်အဆောင်များမှာ သူ့ကိုမျှ အသိမပေးဘဲ တစ်ယောက်တည်း ဆောက်ထားသော မှန်းထားချက် အဆောင်အထွတ်အတက်များ ဖြစ်လျက်၊ ဗိမာန်ကြီးမှာလည်း ရှေ့လာမည့် မိမိတို့ စိုးစံရာ အနာဂတ်ဗိမာန်ကြီး ဖြစ်လေသည်။ ယခုသော် “ဗိမာန်ရှင်” ကွယ်လွန်သွားပြီ ဖြစ်ခြင်းကြောင့် ဘုံဆောင်ကြီးတစ်ခုလုံး ရစရာမရှိအောင် ဖရိုဖရဲ ပြိုလဲကျလာကာ၊ ဖိလိုက်သည့် ဒဏ်တွေကိုပါ စိစိမွမွကျေအောင် ခံလိုက်ရလေတော့သည်။

ယင်းသို့ ကိုယ်ပေါ်မှာ ပုံပိနေသည့် အပျက်အယွင်းတွေကို လွန့်လူးတိုးမှေ့လျက် ရင်ခွင်ထဲမှ ခေါင်းထူကြည့်လိုက်သည့်အခါ၊ မြန်မာ့အလင်း ဦးတင်နှ





အပေါ်- (ဝဲ) ဦးချစ်မောင်၏အုတ်ဂူ

(ယာ) ဦးချစ်မောင်၏ ရုပ်ကလာပ်ကို စာရေးဆရာ အစည်းအရုံးက ဦးဘရီဇရပ်မှ ထမ်းယူလာပုံ

အောက်- (ဝဲ) ဦးချစ်မောင်၏အုတ်ဂူရှေ့တွင် တစ်နှစ်မြောက် ဂါရဝ။

(ယာ)တစ်နှစ်မြောက် ဂါရဝပြုစဉ် ဦးချစ်မောင်၏ အုတ်ဂူရှေ့က စာရေးသူနှင့် သား၊ သမီး။





သခင်နု ဝင်လာကြသဖြင့် သခင်နုကို မြင်လိုက်လျှင် မြင်လိုက်ချင်း "ရှမ်းပြည်နယ်ကို မထည့်မိလေခြင်း" ဟု ထပ်၍ ဆို့သွားပြန်သဖြင့် မျက်ရည်တစ်စက်မှ ထွက်လို့မရတော့ပေ။

ဤအချိန်က ရင်ထဲတွင် ဆို့နေသည်လည်း ကောင်းပါပေသည်။ သခင်နုကို မြင်၍ ငိုယိုလိုက်မည်ဆိုလျှင် မျက်ရည်မထွက်ဘဲ အသက်သာ ထွက်သွားပေလိမ့်မည်။

သူ့အလောင်းကို ဦးသုံးကြိမ် ထိုင်ချလျက် ဒေါက်တာလှရွှေ၏ဇနီး မခင်ရီ ဆွဲခေါ်လာရာ သူတို့အိမ်ဘက်သို့ လိုက်ပါလာရလေသည်။

'မတင်လှိုင် ငိုပါ၊ ငိုလိုက်ပါ။ ဒီလို ထိုင်မနေပါနဲ့၊ ငိုပါ။ အကျယ်ကြီး ဟစ်အော်ငိုပါ' ဟု မခင်ရီက အတင်းငိုခိုင်းသည်။

မျက်ရည် မကျနိုင်အောင် ဆို့တားထားသည့် အချက်ကို မသိရှာ၍သာ တတွတ်တွတ် အငိုခိုင်းနေသည်။ မခင်ရီ စိတ်ကျေနပ်ရုံကလေးမျှ တစ်စက်ကလေးမှ မျက်ရည်များကလည်း ထွက်ကျမလာပေ။

ဒေါက်တာလှရွှေ ရောက်လာပြီး ကျွန်မကို ကြည့်၍ သူ့ဇနီးကဲ့သို့ပင် ငိုလိုက်စမ်းပါ၊ ငိုလိုက်ပါနှင့် ပြောရှာလေသည်။

ကျွန်မ တစ်စုံတစ်ခု ဖြစ်သွားမည်ကို စိုးရိမ်ကြသည်နှင့် လင်မယားနှစ်ယောက်စလုံး သူတို့ အိပ်ရာပေါ်တွင် ခဏလှဲပါ ခိုင်းကြသည်။ သူတို့စေတနာအတိုင်း လှဲချလိုက်ရသည်။ ရင်ထဲမှာ အားရှိသွားအောင် ကော်ဖီလေး သောက်လိုက်ပါဦး ဆိုပြီး ယူလာကြသဖြင့် သောက်ချလိုက်ရသည်။

'အလောင်းကို သူတို့ လုပ်ပါလိမ့်မယ်။ ဇရပ်ရွှေ့မှ လိုက်သွားပါ။ မသွားပါနဲ့' ဆို၍ ခေါင်းညိတ်လိုက်ရသည်။

ဒုက္ခဖြစ်လေပြီဟု ကရုဏာသက်လျက် မိန်းမတစ်ယောက်၏ အစွမ်းကုန်ပေးလိုက်သော ကရုဏာဖြစ်သည့် မခင်ရီ၏ လှိုက်လှိုက်လှဲလှဲ ကြင်နာယုယမှုကလေးများကို ခံယူလျက်၊ မငိုပြနိုင်သည်မှ တစ်ပါး သူ့ကရုဏာအတိုင်း သူပြောသမျှများကို မငြင်းမဆန် နားထောင်ပြီး လုပ်လိုက်ရသည်။

အလောင်းကို စတုဒိသာ ဇရပ်ကြီးသို့ ယူသွားပြီဆို၍ စတုဒိသာဇရပ်ကြီးသို့ လိုက်သွားခဲ့သည်။ ဇရပ်သို့ ရောက်လျှင် ဖဆပလမှ ဝမ်းနည်းကြေကွဲသည့်စာတမ်းကို သခင်သန်းထွန်းက ဆိုးပေးရာ၊ စဉ်းတီတုံးပေါ်တွင် ဆွဲလှဲ၍ တစ်ခါတည်း နုပ်နုပ် ခုတ်စဉ်းလိုက်သလို ပြင်းပြစွာ နာကျင်လွန်း၍ မျက်ရည်များ ထွက်စို့လာပေသည်။





ဗိုလ်လက်ျာ လိုက်လာ၍ သူနှင့် တွေ့သည့်အခါ၌ကား မျက်ရည်တွေလည်း ဤတွင်မှ မဆည်နိုင်အောင် တဖြိုင်ဖြိုင် စီးဆင်းကျလာသည်။ ဗိုလ်လက်ျာလည်း ဇရပ်တိုင်ကွယ်တွင် ထိုင်လျက် ချုံးပွဲချ ငိုလေတော့သည်။

ကလေးတွေ အိမ်မှ လိုက်လာကြသည့်အခါတွင် မှဆိုးမအဖြစ်နှင့် ကလေးတွေကို တစ်လှည့်၊ အလောင်းကို တစ်လှည့် ကြည့်လျက် အသည်းကြွေလုမတတ် တဖျပ်ဖျပ် တလှပ်လှပ် ဖြစ်ရသည်။

ကျွန်မကို ဇရပ်တွင် နေရန် ခွင့်မပြုဘဲ ဗိုလ်လက်ျာက အိမ်သို့ အတင်းပြန်ပို့သည်။ ကန်ဘဲ့ရောက်သောအခါ အိမ်သို့ ကားမဆိုက်ဘဲ ဒေါ်ဒေါ်တို့ အိမ်သို့ အဆင်း၊ ကျွန်မတို့ အိမ်ဘက်မှ ပုံနှိပ်စက် ရိုက်နေသံတွေကို ကြားလိုက်သည့်အခါ၌ကား၊ နားမချမ်းသာလွန်း၍ စက်ကို ရပ်ခိုင်းမည်ဟု ကြံရွယ်ပြီးမှ "တင်လေးကိုကို သေတောင် မရပ်နဲ့။ ကိုကို မြတ်နိုးတဲ့ အလုပ်ကြီးကို ကိုကို သေတောင် မရပ်နဲ့" ဟု မသေခင်ကလေး သူ ပြောသွားသည်ကို သတိရသဖြင့် နားမခံနိုင်အောင် ဖြစ်လျက် အောင့်ခံလိုက်ရလေသည်။

အိပ်ရာထဲတွင် တစ်ဖက်အိမ်က စက်သံတွေကို နားထောင်လျက် တစ်ညလုံး ဖြောင်းဆန်နေလေသည်။ ရင်နာလွန်း၍ ခဏခဏလည်း ရင်ကို ထပွတ်ရသည်။ ရင်ပူလွန်း၍ ရေကိုလည်း ခဏခဏ ထ သောက်ရသည်။ စက်သံတွေကား နားမခံနိုင်အောင် တစ်ညလုံး အဆိုးရွားဆုံး နှိပ်စက်နေပေသည်။

သူနှင့် တွေ့ခဲ့သည့် အင်ဒိုဘားမား ဆေးတိုက်က စ၍၊ ဆေးရုံပေါ်တွင် သေသွားသည်အထိ နောက်ကြောင်းတွေကို ပြန်တွေးကြည့်ပြီး အနားတွင် သူ ရောက်လာသလိုလို၊ သူ ရှိနေသလိုလို လာ၍ လှည့်စားနေသည်။

တစ်ညလုံး တွေးသမျှ၊ စဉ်းစားသမျှ သက်သာရာ သက်သာကြောင်းကလေးမှ မရဘဲ၊ စိတ်နှလုံး ကြေကွဲသည်ထက်သာ ကြေကွဲလျက် ရပ်တည်ရာမရအောင် ပူဆွေးလှပေသည်။

နိုင်ငံရေးကိစ္စများ မပြတ်မလပ်လှသဖြင့် အချိန်အားလပ်ခွင့်ရက်များ မရလိုက်မှုကြောင့်၊ နောင်လာနောက်သားများအတွက် အကျိုးဖြစ်စေမည့် စာပေများကို စေတနာတွေအတိုင်း မပြုစုသွားနိုင်ခင် ဆုံးရှုံးလိုက်ရခြင်းအတွက် နှမြောလွန်းလှသည်။

သူ မဆုံးခင်က သူ၏ မွေးနေ့တွင် ရေးသွားသော နေ့စဉ်မှတ်တမ်းစာအုပ်ကြီးကို သတိရကာ ပိုမို ကြေကွဲလာလေသည်။

ထို နေ့စဉ်မှတ်တမ်းထဲတွင်–

## ၁၃၀၅ ခု ပြာသိုလဆန်း ၁၃ ရက်

ယနေ့ ကျွန်ုပ် မွေးနေ့ ဖြစ်၏။ ၃၂ နှစ် တင်းတင်းပြည့်၍ ၃၃ နှစ်အတွင်း ရောက်ရပြီ။ နောက်ကို ပြန်ကြည့်လိုက်လျှင်၊ အားရ လောက်အောင် လုပ်ကိုင် ပြီးစီးခဲ့မှု မရှိသေး။ သက်တမ်းအတိုင်း ဆိုလျှင် ခရီးတစ်ဝက် ကျိုးခဲ့ပြီ။ ရည်ရွယ်ချက် များစွာပင် လုပ်ဆောင် ရန် ကျန်နေချေသေး၏။

ထိုရည်ရွယ်ချက်များမှာ ကိုယ်ရေးကိုယ်တာထက် နိုင်ငံတော် အရေးကို ပိုမို၍ အာရုံစူးစိုက် ရည်ရွယ်မိသည်ကသာ များ၏။ နိုင်ငံ တော် အရေးကို ဆောင်ရွက်ရင်း၊ ကိုယ်ရေးကိုယ်တာ အလိုလို ပြည့်ဝပြီး ဖြစ်နိုင်လေရာ၏။ နိုင်ငံတော် ဝ ပြောလျှင် ကိုယ်လည်း ဝ လေရာ၏။ နိုင်ငံတော် မ ဝ ပြောက ကိုယ်က ဝ ပြောနေစေကာမူ ထို ဝ ပြောခြင်းမှာ အရိပ်အယောင်ပြမျှသာ ဖြစ်နိုင်လေသည်။

ကျွန်ုပ်အား တစ်ညသ၌ စကားစမြည် ပြောဆိုနေကြစဉ် မစ္စတာရော်ရှီဒါက စာဖတ်ကို ရပ်၍ အလုပ်ကို လုပ်ပါတော့ဟု အကြံ ပေးသွား၏။ စဉ်းစားစရာပင် ဖြစ်၏။ စာဖတ်တတ်သည့် အရွယ်ကပင် နိုင်ငံတော်၏ ဒုက္ခဝေဒနာများကို မိမိဉာဏ်ဖြင့် ကုသ သက်သာစေ မည်ဟု အာရုံစော၍ လာခဲ့သူဖြစ်ရကား စားချိန်၊ အိပ်ချိန်၊ သွားချိန်မှ လွဲ၍ အခြားအချိန်များတွင် တစ်နေ့ တစ်ရက် မပြတ်၊ စာအမျိုးမျိုးကို ဗဟုသုတ အလို့ငှာ ဖတ်ရှု ဆည်းပူးခဲ့၏။ လုံလောက်လှပြီ ဟူ၍ မဆိုသာသေး။ သို့သော် မိမိ၏ဗဟုသုတ အကျိုးကို နိုင်ငံတော်က ထိရောက်စွာ ခံစားဖို့ရန် အချိန်တန်လေပြီ ထင်မိ၏။

သို့ဆိုလျှင် မိမိ နာမည်ကျော်ကြားမှု၊ တွင်ကျယ်မှုတို့ကို လုပ် ရတော့မည်ကဲ့သို့ ဖြစ်လာ၏။ တွင်ကျယ်အောင် လုပ်ကိုင်နိုင်ဖို့မှာ နာမည်ကြီးဖို့က ပထမအရင်းခံ ဤနိုင်ငံတွင် ဖြစ်နေတော့၏။ နာမည် ကြီးအောင် လုပ်ရန်မှာလည်း ကျွန်ုပ် အလွန်စက်ဆုပ်သော အလုပ်တစ်ခု ဖြစ်ချေ၏။ အရေးသမားမှာ အလုပ်သမား မဟုတ်သကဲ့သို့ ဖြစ်လျက်၊ အပြောသမားသာ အလုပ်သမား ဖြစ်သည်ဟူ၍ ယူဆနေသေးသော အသိုင်းအဝန်းထဲတွင် အရေးသမားများကို နိုင်ငံရေးရာတွင် တာဝန် ပေးအပ်ထိုက်သည် ဟူသော ယူဆမှုသည် ဖြစ်ပေါ်နိုင်ရန် ခဲယဉ်းပေ၏။

သို့သော် ကျွန်ုပ်တို့ ထားအပ်သော စေတနာသည် အချည်း အနှီး မဖြစ်။ အားနှင့် အင်နှင့် နေပမာ ထွန်းထွန်းတောက်တောက် ထိထိရောက်ရောက် နိုင်ငံအကျိုး ခံစားရအောင် ယခု မလုပ်နိုင်





သော်လည်း၊ လ ကဲ့သို့ ဖြည်းညင်းစွာ အကျိုးပေးနိုင်နေသေးသည် ကိုပင် ဝမ်းသာဖွယ် ဖြစ်တော့၏။

အသက်ခရီးမှာဖြင့် တစ်ဝက်ကြီး ကျော်ခဲ့ပြီ။ ။ ထိရောက် စွာ ဘယ်အလုပ်တွင်မှ၊ ကယ်ဟုတ်စွာ နိုင်ငံကျိုးကို၊ သယ်ပိုး မဆောင်ရွက်နိုင်လို့၊ စိတ်စက်မကြည်။ ။ ပါရမီ ကံလိုထင့် သည် ဘဝ။ ။ နိုင်ငံတော် မှုကုန်ထမ်းဖို့မှာ၊ ဉာဏ်စွမ်း မယိုမင့်သော်လဲ၊ ခွင့်လှည့်မကျ။

ကျွန်မနှင့်သာ အကြောင်းမပါခဲ့လျှင် ဤရွှေ့ဤမျှလောက်မှ နိုင်ငံ့အတွက် လုပ်ကိုင် မသွားနိုင်ဘဲ စောစောကပင် သေပွဲ ဝင်၍ သွားမည်။ ယခုသော် ပြုဖွယ်ရာ လုပ်ဖွယ်ရာ ကလေးများကို ဖြည်းညင်းစွာ လုပ်သွားနိုင်သေးသည်ဟု ဤသို့လည်း ကျေနပ်ကြည့်သည်။

တိုင်းပြည်အတွက် သူ ရည်ရွယ်ထားသည့် လုပ်ငန်းကြီးများ သူ့စေတနာ အလျောက် အဆုံးတိုင် လုပ်မသွားရသဖြင့် သူ့ဆန္ဒအတိုင်း မပြည့်ရပေတကား။ ဤသို့လည်း မကျေမနပ် ဖြစ်လာသည်။

နံနက် မလင်းခင်၊ ဤညတွင်းပင် မုဆိုးမဘဝဖြင့် အနာဂတ်အတွက် တစ်ခုခုကို ဆုံးဖြတ်ရလိမ့်မည်။ မိမိ ဆုံးဖြတ်ရမည့် အလုပ်တွင် ကိုယ့်အကြိုက်ကို ကြည့်၍ မဆုံးဖြတ်ဘဲ သူ့အကြိုက်ကိုသာ ဆုံးဖြတ်ရန် ဆန္ဒရှိလျက်၊ သူ့အကြိုက် တွေ၊ သူ့အကြိုက်တွေ၊ တွေ တွေ တွေကို လျှောက်ပြီး စဉ်းစားကြည့်လေသည်။

နံနက် မလင်းခင် ဤသို့ ဆုံးဖြတ်သည်။

"ဂျာနယ်ကျော်ကို ဆက်လက် ထုတ်ဝေမည်။"

ဒေါ်ဒေါ်လည်း တစ်ညလုံး မအိပ်ရှာပေ။

သူ အသက်ထွက်ပြီး ဒေါက်တာလှရွှေတို့ အိမ်သို့ သွားကြသည့်အခါ ကျွန်မ စုလာသော အမိဌာန်ငွေများကို တစ်ပြားမကျန် မသာကိစ္စအတွက် သုံးလိုက်မည် ဟု ဆုံးဖြတ်ချက် ချလိုက်သည်ကို ပြောပြမိသည်။ 'ကလေးတွေ ရှိပါသေးတယ်။ ဒီငွေကို အမိဌာန်အတိုင်း အသက် ၄၀ ထိအောင် ဆက်စုပြီး ကလေးတွေအဖို့ ထားပါ' ဟု အတင်း တောင်းပန်ရှာသည်။

သူ မရှိဘဲနှင့် ဆက်လက်၍ ဤငွေတွေကို အမိဌာန်ရက်ထိအောင် စုချင် ပါမည်လော။ ဤငွေနှင့် ဤအမိဌာန်ကို ရှေ့အတွက် စုံမက်ချင်စရာ အလျှင်း မရှိတော့ပြီ။

ဤအတွက် ဒေါ်ဒေါ်လည်း လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပက်လက်ကြီး ဖြစ်နေရှာသည်။

ဤညက ဒိုင်ယာရီမှာ ၁၉၄၆ ခု ဧပြီ ၂ ရက်။ တန်ခူးလဆန်း ၂ ရက်နေ့ စာမျက်နှာတွင် ဤသို့ ရေးမှတ်လိုက်သည်။

"တစ်မျိုးလုံး ဆုံးရှုံးကြပြီ။"

ဒိုင်ယာရီ ရေးမှတ်ပြီး တန်ခူးလဆန်း ၂ ရက် နေ့စွဲကို စိုက်ကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာသည်။

တန်ခူးလကို သူက ဤသို့ မှတ်တမ်းတင်ခဲ့သည်။

### ၁၃၀၆ ခု တန်ခူးလဆန်း ၁၅ ရက်

ယခုရက်များ အတွင်းမှာလည်း စာမှန်အောင် မရေးနိုင် ရှိရပြန်ချေပြီ။ စိတ်ညစ်စရာ များစွာပင် တွေ့ကြုံနေရ၏။ တန်ခူးလကို စာရေးဆရာ၊ ကဗျာဆရာ အပေါင်းတို့က အလွန့်အလွန် သာယာကြောင်းများဖြင့် တခမ်းတနား ဖွဲ့ဆို ရေးသားကြ၏။ ကျွန်ုပ်မူကား တန်ခူးလ၏ သဘာဝ သာယာခြင်းများကို ထိုသူတို့ကဲ့သို့ မခံစားနိုင်။ တန်ခူးလတိုင်း တန်ခူးလတိုင်း စိတ်ညစ်စရာတို့ကိုသာ တစ်မျိုးပြီး တစ်မျိုး တွေ့ကြုံခဲ့ရ၏။ တွေ့လည်း တွေ့ကြုံဆဲပင် ဖြစ်၏။ ရှေ့ရှေ့ လာလတ္တံ့သော တန်ခူးလတိုင်းတွင်လည်း ထိုနည်းနှင်နှင် ဖြစ်မည်သာ ဟူ၍ တွေးထင်ရတော့၏။ ဆရာတော် ဦးဒေဝါနန္ဒကလည်း "တန်ခူးလတိုင်း စိတ်ညစ်စရာ တွေ့ဖို့သာပြင်" ဟု ဗေဒင်ဟောထား၏။ ဤသို့ ဘာ့ကြောင့် ဟောရသည်ကိုလည်း ကိန်းကလေး ထုတ်သွားသေး၏။

ကျွန်မသည် သူ၏ မှတ်တမ်းထဲက အတိုင်းပင် တန်ခူးလ၏ သဘာဝ သာယာခြင်းများကို မခံစားနိုင်။ တန်ခူးလသည် သူ သေသော လ ဟုသာ မှတ်ရပေတော့မည်။

## ၃၇ ။ သူလိုလူ

စတုဒိသာ ဇရပ်ကြီးတွင် အလောင်းကို ၃ ရက်ထားသည်။ သင်္ဂြိုဟ်စရိတ်ကို တိုင်းပြည်အတွက် ကျေးဇူးများစွာ ပြုသွားသူဖြစ်၍ ဖ ဆ ပ လ မှ ကုန်မည်ဟု ဆုံးဖြတ်ကြလေသည်။

သူကား သူ့မသာ သူ ချသွားသော သူတစ်ယောက် ဖြစ်လေသည်။





အမြတ်တနိုး စုလာသည့် ငွေတွေကို သူ့အတွက်ဟု သီးသန့်ပြုကာ အကုန်ထုတ်သုံးရန် လှူပစ်လိုက်တော့သည်။ အသက် ၄၀ ပြည့်မှ သုံးမည့်ငွေများမှာ အသက် ၂၉ နှစ် အဝင်တွင် ဤအဖြစ်ကြောင့် ပျက်ပြားရခြင်း ဖြစ်သဖြင့် စိတ်ဖြေစရာ ဖြစ်ရတော့သည်။

ဧပြီလ ၅ ရက် သောကြာနေ့တွင် သက်စေ့ဘုန်းကြီး ၃၅ ပါးကို ပင့်ကာ လှူဖွယ်ဝတ္ထုများဖြင့် ရေစက်သွန်းချ လှူဒါန်းလျက် သရဏဂုံ တင်ပြီးလျှင် စတုဒိသာ ဇရပ်ကြီးမှ ကြံတောသင်္ချိုင်းသို့ ယူဆောင်ကြသည်။

ကလေးသူငယ်မှအစ လူထုကြီးကား ဘုရားခြေတော်ရင်းမှ နေ၍ ကြံတောသို့ အရောက် ခြေကျင် လျှောက်ပို့ကြသည်။ ကျွန်မကား သူ့ခေါင်းနောက်မှ ကပ်၍ လျှောက်လိုက်ခဲ့သည်။

တစ်ခါက ရသေ့ဦးစံသိန်း သူနှင့် လမ်းမှာ တွေ့၍ "မောင်၊ မောင်၊ တစ်ပြည်လုံး ချစ်တဲ့မောင်၊ တစ်နိုင်ငံလုံး ချစ်တဲ့ ဦးချစ်မောင်"ဟု သူ့ကို ခေါ်ကြောင်း သူ ပြောပြဖူးသည်။ သူ့၌ မေတ္တာစိတ်ဓာတ် အလွန်ကြီးမားသည်နှင့်အမျှ တစ်ပြည်လုံးက မေတ္တာဓာတ် တုံ့ပြန် ချစ်ခင်ကြသည်ကို သေသည့်အခါမှ ဘွားဘွားကြီး ပေါ်လာသည်။

တစ်ပြည်လုံးချစ်သည့် ဦးချစ်မောင်ကြီးကို မမြှုပ်ကြခင် ဇရပ်ထဲ၌ သူ့ခေါင်းကို ရှေ့တွင် ချ၍ ဗိုလ်ချုပ်က တရားဟောသည်။

'သူများ နိုင်ငံတွေလို မလွတ်လပ်လို့၊ ဆေးဘက်မှာ အဆင့်အတန်းမမီဘဲ မတိုးတက် မထွန်းကားရတာကြောင့် ဒီလိုပုဂ္ဂိုလ်ကြီး သေရတယ်' ဟု ပြောသည်။ ဆေးရုံတွင် ဆေးမရှိ၊ ဆရာဝန် မရှိ၍ ဖြစ်ခဲ့ရပုံတွေကိုကား ဗိုလ်ချုပ် မသိရှာပေ။

ဗိုလ်ချုပ် တရားဟောနေစဉ် သူ့ကျေးဇူးဂုဏ်တွေကိုသာ ထပ်တလဲလဲ အောက်မေ့၍ ဦးတင်ပြီး ထိုင် ရှိခိုးနေခဲ့မိသည်။

မြှုပ်မည့်နေရာသို့ စာရေးဆရာအသင်းမှ ခေါင်းကို ထမ်းယူသွားကြသည့်အခါ ခေါင်းနောက်မှ လျှောက်လိုက်သွားသည်။

ဗိုလ်အောင်ကျော် ဂူဘေးတွင် သူ့ကို မြှုပ်ကြလိမ့်မည်။ ဗိုလ်အောင်ကျော် မသာချစဉ်က မြှုပ်သည့်နေရာကို မရောက်ခဲ့ရ၍ တဖျစ်တောက်တောက် မကျေမနပ် ဖြစ်ခဲ့ဖူးရာ၊ ယခု သူ့ကို မြှုပ်ရန် ယူလာမှ ဗိုလ်အောင်ကျော် ဂူကို တွေ့ရ၍ စိတ်သာ မခိုင်လုံလျှင် ဤနေရာတွင်ပင် ပုံလဲ မြောမေ့သွားပေမည်။ သူတို့ သေကြပုံကား လူလူချင်း မသိဘဲနှင့် နီးစပ်ခြင်း ရှိလှသည်။ ဂူ ဂူချင်းလည်း နီးကပ်ခြင်း ရှိလှသည်။

ရဲဘော်များ၏ နောက်ဆုံး ခေါင်းမြေချ အထိမ်းအမှတ် ဝမ်းနည်းဖွယ်ရာ ဘင်ခရာ တီးမှုတ်လိုက်ကြသည့်အခါ၌ ခေါင်းကို ဖွင့်ကြည့်ကာ ဦးသုံးကြိမ် ချလျက်၊ အနီးအနားမှ မြေကြီးခဲများကို ကောက်ယူပြီး တွင်းထဲသို့ ပစ်ထည့်နေသည်ကို အားလုံး မြင်ကြသည်။

သူတို့အဖို့တော့ ခဲတွေကို ပစ်ထည့်သည်ကိုသာ မြင်ကြသည်။

ဤခဲတွေမှာ မြေခဲတွေ မဟုတ်ဘဲ သစ္စာအစိုင်အခဲတွေ ဖြစ်မှန်း သူတို့ မသိကြပေ။

ကတိသစ္စာခဲတွေကို တွင်းထဲသို့ ပစ်သွင်းလိုက်ပြီး မည်သူ့ကိုမျှ လှည့်မကြည့်တော့ဘဲ တစ်ချက်တည်း သုသာန်မှ ထွက်ခဲ့ကာ အိမ်သို့ ပြန်ခဲ့သည်။

ဤနေ့က စ၍ သူနှင့် ကျွန်မ ခွဲကြရလေပြီ။

ကျွန်မ၏ အဖော်မဲ့သော အနာဂတ် ဘဝသက်တာ၌ တွေ့ကြုံရဦးအံ့သော ရှေ့လာမည့် လောကဓံကို ကြံ့ကြံ့ခံရန် စိတ်တင်းနိုင်ဖို့ အရေးကြီးလေသည်။

ကိုးနှစ်တိုင်မျှ သူနှင့် အတူတကွ နေခဲ့သော ကာလအတွင်းဝယ် အဖြစ်နှင့် အပျက်တို့ကို ဒွန်တွဲလျက် တွေ့ကြုံရဖန် များလွန်းသဖြင့်၊ စိတ်တင်းနိုင်စေရန် ကျွန်မအတွက် အောက်ပါ ကဗျာတစ်ပုဒ်ကို နေ့စဉ်မှတ်တမ်း၌ ရေးမှတ်ထားခဲ့သည်။

အလိုဆန္ဒ၊ မပြည့်ဝမှု၊ စိတ်ကသိုထိုင်း၊ ရုပ်ဝါမှိုင်း၍၊ တိမ်ဆိုင်း
လသွင်၊ လင်းမထင်ဘဲ၊ ရောင်စင်မပ၊ ညှိုးရော်ကြ၏၊ ဆန္ဒအလို၊
ကယ်ပြည့်ပိုသော်၊ လိုလိုသားပင်၊ နှလုံးရွှင်၍၊ ကြည်လင်မှုရာ၊
လက္ခဏာသွက်လက်၊ ရောင်ပျက်ဝင်းဝင်း၊ ပ ထွန်းလင်း၏၊ ခပင်း
ကျက်သရေ၊ ရွှန်းရွှန်းဝေသည်၊ ကြည့်လေတင့်တယ်၊ လွန်သပ္ပာယ်၏၊
ဆိုဖွယ်ရှစ်စုံ၊ လောကဓံဝယ်၊ လာဘ် အလာဘော၊ ယသော အယသော၊
သဘောချင့်အပ်၊ အထပ်ထပ်လျှင်၊ သုံးသပ်တရား၊ ဤကြောင်းလျားကို၊
မခြားစေ့ရေ၊ ပွားများလေလော့၊ သရေကြည်ဝင်း၊ လနယ်လင်းလည်း၊
မကင်းဘိဇ္ဇနှ၊ အနိစ္စတည့်၊ လျှော့ကျညှိုးရော်၊ တစ်နေ့သော်မူ၊
ယွင်းချော်ပျက်ကွက်၊ လှမတက်ဘဲ၊ သဘက်ဘီလူး၊ သားစားကြူးလျှင်၊
မိန်းမူးခွေပြတ်၊ အစာငတ်၍၊ မပတ်လျောက်စွာ၊ ဝေဒနာဖြင့်၊ ကပ်
လာနှိပ်စက်၊ ဖိကြိတ်နှက်၍၊ ရုပ်ပျက်ပိုမို၊ အသွင်အိုသို့၊ မြင်လိုစရာ၊
ဘဇာလောက်မျှ၊ မရှိရဇစ်၊ ကြောင်းသနစ်ကို၊ ဖြစ်ဖြစ်ကုန်စင်၊ သိလေ
မြင်လော၊ မရွှင်မူရာ၊ ရွှင်မူရာကား၊ စိတ်သာပဓာန၊ စိတ်က တည်
ငြိမ်၊ တရားစိမ်သော်၊ ရွှေအိမ်နှလုံး၊ ရွှေရောင်ဖုံး၍၊ ကိုယ်လုံး ဖြန့်ဝေ၊
ကျက်သရေတည်ကြည်၊ အနံ့တည်၏။





ဤကဗျာသည် ကျွန်မ၏ နှလုံးအိမ်ဝယ် အစဉ်အမြဲ ကိန်းဝပ်လျက် ရှိပေတော့အံ့။

သူနှင့် ကွေကွင်း ခွဲခွာနေရသည့် နေ့ရက်ကစ၍ သူ့ကို အစဉ်သတိရ လွမ်းဆွတ်ကြောင်းကို သူ သိအောင် မပြောနိုင်ရသည့် ဘဝပေတကား။

တစ်ခါက ကျွန်မ သူ့ကို ခွဲခွာပြီး ခရီးထွက်သွားသည့် တစ်နေ့ တစ်ရက်ကို ဤသို့ ရေးသွားသည်။

ဤစာမူမှာ အင်္ဂလိပ် ဒူးဂဏန်း ကြေးဂဏန်းနှင့် ဝှက်ရေးထားသဖြင့် ဂဏန်းတွေကို စကားလုံးဖော်မည် ဆိုလျှင်–

My Dear Tin Lay

Since you went away I have grown so fond of those moments that not a second passed in which I do not remember you.

Tell me dear. Tell me if it is the same with you.

C.M.

ဤစာ၏ အဓိပ္ပာယ်မှာ–

တင်လေး

တင်လေးနဲ့ ဆိုကြ ပြောကြ နေကြတဲ့ အချိန်တွေကို ပြန်ပြီး လွှိုက်လွှိုက်လှဲလှဲ ဖြစ်နေရလို့ တင်လေး သွားပြီ ဆိုကတည်းက တစ်စက္ကန့်ကလေးမှ တင်လေးကို ကိုကို မမေ့ဘူး။

ပြောပါဦး တင်လေးရယ်၊ ပြောပါဦး။ တင်လေးရော ကိုကို့လိုပဲ မဟုတ်လား။

ချစ်မောင်

ကျွန်မသည်လည်း တစ်နေ့မှ မေ့သည်ဟူ၍ မရှိ။

ကျွန်မသည် သူနှင့် ကွဲရ၍ တစိမ့်စိမ့် လွမ်းဆွတ်လျက်က **ဂျာနယ်ကျော်**ကို တစ်ပတ်မပျက် ထုတ်နေသည်။

***ဂျာနယ်ကျော်***တွင်မက သူ့အလိုဆန္ဒအတိုင်း ***ပြည်သူ့ဟစ်တိုင်*** သတင်းစာကြီးကို သူ ကွယ်လွန်ပြီးနောက် မနိုင်မနင်း ကြိုးပမ်းစွန့်စားပြီး ထုတ်ဝေရသည်။

ဂျာနယ်ကျော် ဦးချစ်မောင်ဆိုလျှင် အယ်ဒီတာကြီးတစ်ယောက်ဟု အမှတ် ရကြသည်။ သူသည် အယ်ဒီတာကြီးတစ်ယောက် ဖြစ်သည်။ အယ်ဒီတာအလုပ်

မှာ ပစ္စုပ္ပန်၊ အနာဂတ်အတွက် ကိုယ်ပိုင်ဉာဏ်ကို စေစား၍ တွေးတောကြံဆ လမ်းပြရသော တကယ့်အလုပ်ကြီး တစ်ခုဖြစ်သည်။ သူ့ကို အယ်ဒီတာကြီး တစ်ယောက်ဟုသာ အမှတ်ရကြသူ များလေသည်။

ဂျပန်တို့ လက်အောက်သို့ ရောက်လျက်ရှိသော မြန်မာနိုင်ငံတော်ကို ပြန်လည်တိုက်ကြရာ၌ လွယ်ကူ လမ်းဖြောင့်ကြစေရန်၊ လူသိမခံဘဲ ပုန်း၍ အနစ်နာခံကာ ကူညီတိုက်ခိုက် ပေးခဲ့သဖြင့် စစ်တိုက်နေချိန်တွင် ပကတိ စစ်မှုထမ်းကောင်းကြီး တစ်ယောက်လည်း ဖြစ်ခဲ့သည်။

လူတို့တွင် အဓိက လုပ်ရပ်ကြီးတစ်ခု ဖြစ်သော ကိုယ်ကျင့်တရား ကောင်းမွန် ရေးရာနှင့် ပတ်သက်၍လည်း၊ သူသည် တင်းပြည့်ကျပ်ပြည့် ကိုယ်ကျင့်တရားများနှင့် အံကျ ပုံသွန်းလောင်းထားသော ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ စံနမူနာပြသွားရုံမက၊ ကိုယ်ကျင့်တရား ကောင်းရာကောင်းကြောင်း ဖြစ်အောင် လမ်းဆောင် ညွှန်ပြသွားသော စာရေးဆရာကြီး တစ်ယောက်လည်း ဖြစ်သည်။

သူသည် ပြည့်ဝသော သူတစ်ယောက် ဖြစ်သည်။ ကိုယ်ထိလက်ရောက် လက်တွေ့ပြသ ပြုလုပ်ရမည့် အလုပ်တွေကို လုပ်ဆောင်ရာ၌ "သူလိုလူ" မှာ သူတစ်ယောက်သာ ဖြစ်တော့သည်။ မ တစ်ထောင် တစ်ကောင်ဖွားသာ ဟူ၍ ခေါ်ဆိုရမည်။

လူများနှင့် ပေါင်းသင်းဆက်ဆံမှု၌လည်း လူအပေါင်းတို့အား သူ၏ ပကတိ ထက်မြက်ပြည့်ဝလှသည့် အပြောကျယ်လှသော သူ့ပညာရပ်များကို၊ အဘက်ဘက်မှ အလိုရှိသသူတို့အဖို့ အကျိုးဖြစ်ထွန်းသွားနိုင်အောင် အချိန်မရွေး ခပ်သောက် သုံးစွဲစေဖို့ရာ ဘယ်သောအခါမျှ မခန်းမခြောက်သော ရေသောက်မြစ်ကြီးကဲ့သို့ အခါမလင့် ခပ်သုံးခွင့် ပေးခဲ့သည့် ပညာရှင်ကြီး ဖြစ်သည်။

လက်အောက်ခံ နိုင်ငံတစ်ခုမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်သော လွတ်လပ်ရေးကြီးကို မျိုးစေ့ချ၍ ပေးသွားသော မျိုးချစ်ပုဂ္ဂိုလ်ကြီး တစ်ယောက်ဟုလည်း မမေ့သင့်ကြပေ။

သူ၏ ကျေးဇူးများသည် နိုင်ငံတော်အပေါ်တွင် ဤသို့အားဖြင့် အမျိုးမျိုး တင်ရှိလေသည်။

နိုင်ငံတော်ရေးရာနှင့် ပတ်သက်၍ အကျိုးဖြစ်စေသည်ထက် ဖြစ်စေအောင် မိမိ စိတ်နှလုံးကို နှိမ့်ချနိုင်သမျှ နှိမ့်ချလျက် လူအား၊ ဉာဏ်အားဖြင့် ကူညီမှုများနှင့် ပတ်သက်၍ သူ့သက်တာတွင် အောင်မြင်မှု ရှိပါ့မလားဟု ယုံမှားသံသယ စိတ်ဒွိဟ ဖြစ်ဖွယ်ရာ မလိုတော့ပေ။ နိုင်ငံအတွက် အလုပ်နှင့်မပြတ်သော သူ့တစ်သက်တာမှာ အောင်မြင်မှုများဖြင့် ပြီးသွားသည်။

သူသည် တကယ့် အလုပ်သမားကြီးတစ်ယောက် ဖြစ်သည်။ သို့သော်





သူသည် ဤသို့ဖြင့်သာလျှင် ကျေနပ်လျက်ရှိသည်။ ဤရွေ့ ဤမျှနှင့်ပင် တင်းတိမ်ရောင့်ရဲသည်။ သူသည် အလွန်လျှင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသောသူ ဖြစ်သည်။ ဤသည်တို့မှ အခြားမဲ့ကား သူ့သက်တာ ကိုယ်ကျိုးအတွက် ဟာလာဟင်းလင်း ဗလာကျင်း၍ ထားသည်။

လူတို့၏ သက်တာ၌ အဇ္ဈတ္တနှင့် ဗဟိဒ္ဓအားဖြင့် သက်နေနှစ်မျိုး ရှိသည်တွင် အပြင်တစ်မျိုး၊ အတွင်းတစ်မျိုး၊ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ရှိကြရာ သူ့ကိုယ်တိုင်၌ကား သက်နေတစ်မျိုးတည်းသာ ရှိလေသည်။ ပြောသည့်အတိုင်း လုပ်သည့် တစ်မျိုးတည်းသော လူတစ်ယောက်သာ ဖြစ်သည်။

သူ၏ပတ်ဝန်းကျင် တစ်ဝိုက်လုံးရှိ လူအပေါင်းတို့သည် ကိုယ်ကျိုး ကိုယ့်တွက်တာ ကိုယ်ရေးကိုယ်တာတို့၌သာလျှင် အချိန်ကို ကုန်လွန်ပစ်စေသည်နှင့် အမျှ သူ့၌ကား ကိုယ်ရေးတွက်တာဟူ၍ အချိန် အလျှင်း မရှိခဲ့ပေ။

သူသည် လူနှင့် မတူဘဲ အရှိန်မပြတ် မရပ်မနား လည်လျက်ရှိသော စက်ကြီးနှင့်သာ တူသည်။ တစ်နိုင်ငံလုံးအား အလင်းရောင်ပေးရန်အတွက် ဖြစ်သော အတုမရှိသည့် လုပ်ငန်းကြီးကို ပုံသွန်းပြုလုပ်လျက်ရှိသည့် စက်ကြီး ဖြစ်သည်။ နိုင်ငံတွင် အစားမထိုးနိုင်သော စက်ကြီးတစ်စက် ဖြစ်သည်။

ဂျာနယ်ကျော် ဦးချစ်မောင်အမည်သည် အဘက်ဘက်တွင် အသိဉာဏ် ပြည့်သည့်၊ အသိဉာဏ်ကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဟု လူအများ အဓိပ္ပာယ်ရှိအောင် ခံယူသွားသော အမည်ဖြစ်သည်။ အသိဉာဏ်၊ မေတ္တာ၊ သမာဓိတို့ကို တစ်မည်စီ ဖျော်စပ်ရေးထားသော ဂျာနယ်ကျော်ဦးချစ်မောင် ဖြစ်သည်။

လောကတွင် မိမိ၏ အစွန်းအထင်း တင်မကျန်ရစ်ခဲ့ရအောင် လုပ်သွားသည့် "သူလိုလူ" တွေထဲတွင် သူလည်း "သူလိုလူ" တစ်ယောက်ဖြစ်သည်။

ခေတ်သဘောဟာမို့၊ ဖြစ်မပြောသာဘု၊ စစ်ကြောပါလိုက်
လျှင်။ ။ တန်ခိုးပြ စိုးရကာ ကြိမ်မတော့၊ သမ္ဘာရှိန်ဝင့်ကာ မောက်ကြ
ပေသပေါ့၊ ကြောက်စရာ့ပင်။ ။ ပြည်သဘောကိုလ၊ မကြည်မောနိုင်
တဲ့ အင်၊ ကိုယ်ထင်ရာ လုပ်တမ်း။ ။ သည်အတိုင်းသာဖြင့်၊
ပြည်တိုင်းမှာ ဆာပူလို့၊ ညာသူသာ ဘုန်းရှိန်တောက်ပါလိမ့်၊ ကဲ
ရောက်လျှင် အာဏာနှင့် နှိပ်မှာမို့၊ ပဏ္ဍိတ်သူတော်စင်တို့၊ ပွဲမဝင်
သဲဘွင်ထိတ်လို့ရယ်၊ နှုတ်ဆိတ်မည့်လမ်း။

နိုင်ငံတော်၏ နိုင်ငံရေးရာနှင့် ပတ်သက်၍ မည်သို့ တင်ကြို တွေးမြင်သွားသည် မသိ။ သူ၏ နောက်ဆုံးပိတ် ရေးစပ်ထားခဲ့သော ကဗျာလေးအတိုင်းပင် သူသည် နှုတ်ဆိတ်သွားပြီ ဖြစ်ပေသတည်း။



ဂျာနယ်ကျော်
ဦးချစ်မောင်
နေ့စဉ်မှတ်တမ်း
ပထမအကြိမ်အုပ် နေ့စဉ်မှတ်တမ်းစာအုပ်၏ မျက်နှာဖုံး။

ဤစာအုပ်မျိုး အုပ်ရေ ၁၀၀၀-သာ မြန်မာပြည်တွင်ရှိပါသည်။ ထိုစာအုပ် ၁၀၀၀-အနက် ယခုစာအုပ်မှာ စာအုပ်စဉ်အမှတ်အား ဖြင့် ____________ ရှိပါသည်။

ဤစာအုပ်သည်ယခုသော်၎င်း၊၊နောင်သော်၎င်း၊၊စာအုပ်ဦးရေ တိုးပွားလာမည့်စာအုပ်မျိုးမဟုတ်ပါ၊မြန်မာနိုင်ငံတော်တွင်လူဦးရေ အဘယ်မျှပင် တိုးတက်များပြားလာစေကာမူ၊ ဤစာအုပ်ဦးရေကား မည်သည့်အခါမျှ တိုးတက် ပွားများလာမည်မဟုတ်ပါ။ ယခု စာအုပ် ကိုမြဲဆုပ်ပစ်လျှင် အုပ်ရေ ၁၀၀၀-ထဲမှ စာအုပ်တအုပ်လျော့သွား ပါလိမ့်မည်၊ ထိုအခါတွင် မြဲပစ်သူသည်ကျန် ၉၉၉-ယောက်အပေါ် ၌ တာဝန်ပျက်ကွက်ရာရောက်လိမ့်မည်ဖြစ်ပါသည်။

ဂျာနယ်ကျော် ။

"နေ့စဉ်မှတ်တမ်း"စာအုပ်တွင် ပါရှိသည့် အထူးအမှာစာ။ (မူရင်းသတ်ပုံအတိုင်း)



ဦးချစ်မောင်၏ လက်ရေး



ဂျာနယ်ကျော် ဦးချစ်မောင် ၏

## နေ့စဉ်မှတ်တမ်း

[ ၁၃၀၅ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်မှ
၁၃၀၆ ဝါခေါင်လဆုတ် ၁၄ ရက်အထိ ]

### ထုတ်ဝေသူများ၏ အမှာ *

စာအုပ်တစ်အုပ်ကို မိမိတစ်ကိုယ်တည်း ထိုင်၍ ဖတ်ရှုခြင်းထက် ထိုစာအုပ်ကို ကျေကျေ လည်လည် ဖတ်ရှုနားလည် ပြီးစီးသူတစ်ဦးက နှုတ်ဖြင့် ပြန်လည် ရှင်းလင်း ဟောပြ ခြင်းက နားထောင်ရသူတွင် ပို၍ သဘောပေါက်လွယ်၊ နားလည်လွယ်နိုင်ကြလေသည်။

တစ်ဖန် သူတစ်ပါး ဟောပြော ရှင်းပြနေသည်ကို နားထောင်သမားအဖြစ် နာယူမှတ်သားရသည်ထက် စာအုပ်ပါ အချက်အလက်များကို နှီးနှောခြင်း၊ ဆွေးနွေးခြင်း၊ အယူအဆ၊ အတွေ့အမြင်၊ ဗဟုသုတချင်း တင်ပြဖလှယ်ခြင်းက တစ်ထိုင်တည်း၌ပင် စာအုပ်ပေါင်း ထောင်သောင်း ဖတ်ရှုရသည်နှင့်အမျှ အကျိုးကျေးဇူး ပွားထူးနိုင်ပြန် လေသည်။

ဂျပန်ခေတ် တစ်ခေတ်လုံးတွင် ကျွန်ုပ်တို့ ဂျာနယ်ကျော်ကို မထုတ်ဝေဘဲ ခေတ္တ ရပ်ဆိုင်းထားခဲ့ရာ၊ ထိုခေတ် တစ်ခေတ်လုံးတွင် ဂျာနယ်ကျော် ဦးချစ်မောင် မှာ စာရေးခြင်းထက် "စာဖတ်နှင့် စာအန်" ခြင်း အလုပ်ဖြင့်သာ အချိန်ကို ကုန်လွန် စေခဲ့လေသည်။ ထိုခေတ် တစ်ခေတ်လုံးတွင် ဦးချစ်မောင်အား ထိုနေရာတစ်ခု၌ တွေ့ရ အံ့။ ထိုနေရာတွင် စုမိသမျှသော ပရိသတ်ရှေ့၌ "စာအန်" ၍ နေမည်ကို တွေ့ရပေမည်။ အိမ်၌ တစ်ဖန် တွေ့ရပြန်သည်ဆိုအံ့။ အိမ်၌ပင်လည်း ဦးချစ်မောင်မှာ စာဖတ်လျှင်ဖတ်၊ စာမဖတ်လျှင် အိမ်သူအိမ်သားများကိုပင် ဆည်းပူးစုဆောင်း ထားသမျှသော စာပေ ဗဟုသုတ၊ အတွေ့အကြုံ အရပ်ရပ်ကို ပြန်၍ အန်ထုတ်ပို့ချ နေသည်ကို တွေ့ကြရ ပေမည်။

* ၁၉၄၆ ခုနှစ် ဂျာနယ်ကျော်တိုက်က အုပ်ရေ ၁,၀၀၀ မျှသာ ပုံနှိပ်ထုတ်ဝေခဲ့စဉ်က "အမှာ" ဖြစ်[illegible]။
[ ရာပြည့်စာအုပ်တိုက်]

ရန်သူလေယာဉ်ပျံများ၏ ဘေးရန်ကြောင့် ညဘက်တွင် တစ်မြို့လုံး မှောင်ချထား၍ အိမ်များတွင်လည်း တံခါး အလုံပိတ်ကာ မီးရောင်ကို အပြင်မထွက်စေရန် အလွန်မှေးမှိန်သော အလင်းရောင်ကလေးမျှကိုသာ ထွန်းညှိထားရသော ညများတွင်၊ ဂျာနယ်ကျော်ဦးချစ်မောင်မှာ အိမ်သူအိမ်သားများနှင့် ဝိုင်းဖွဲ့၍ မိမိ ဖတ်ခဲ့ရဖူးသော စာအုပ်ပေါင်း ထောင်သောင်းတို့အနက်မှ ကောင်းနိုးရာရာ ဟူဟူသမျှတို့ကို မနားတမ်း အန်ထုတ်၍ ပိဋကတ်တံခါးကို ဖွင့်လေ့ရှိသည်မှာ ညစဉ်နှင့် အမျှပင် ဖြစ်ခဲ့လေသည်။

ထိုခေတ် တစ်ခေတ်လုံးတွင် ဦးချစ်မောင်မှာ ဂျာနယ် ထုတ်ဝေရသည့် အလုပ်မရှိတော့သဖြင့် ကလောင်တံကို လုံးဝ စွန့်ပစ်ထားလေတော့ရာ၊ မိတ်ဆွေ သင်္ဂဟများစွာနှင့် ကျွန်ုပ်တို့က ယခုကဲ့သို့ အားလပ်နေသောအချိန် အခိုက်အတန့်၌ နိုင်ငံတော် အကျိုးရှိရာ ရှိကြောင်း စာအုပ်စာတမ်းများ ရေးသားပါရန် အကြိမ်ကြိမ် တောင်းပန်တိုက်တွန်းခြင်း ပြုခဲ့သော်လည်း၊ ဦးချစ်မောင်မှာ ဂျပန့်လက်မှ လွတ်မြောက်ရန် တိုင်းပြည်အတွက် လျှို့လျှို့ဝှက်ဝှက် ကိစ္စများကို လူသိမခံဘဲ နေ့မနား ညမအား လုပ်ကိုင်နေရသည်လည်း တစ်ကြောင်း၊ အသစ်ပြန်လည်ထူထောင်မည့် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အသင့်ဖြစ်စေရန် အဘက်ဘက်မှ အပတ်တကုတ် လေ့လာဆည်းပူး နေခြင်းကြောင့်လည်း တစ်ကြောင်း ဤနေ့စဉ်မှတ်တမ်း စာအုပ်ကြီးတစ်ခု၊ မြန်မာပြည် ရာဇဝင်သစ် တစ်ပိုင်းတစ်စ၊ ဝတ္ထုရှည်ကြီး တစ်ပိုင်းတစ်စနှင့် အခြား စာတိုစာစ အနည်းငယ်တို့မှတစ်ပါး စာအုပ်တစ်အုပ် အဖြစ်ဖြင့် ထုတ်ဝေနိုင်ရန် အပြီးသတ် နိဂုံးချုပ်အထိ ရေးသားခဲ့သော စာမူများဟူ၍ မကျန်ရှိခဲ့သလောက် ဖြစ်ခဲ့လေသည်။

နေ့စဉ်မှတ်တမ်းကြီးဟု ဆိုရာ၌လည်း ထိုမှတ်တမ်းကြီးကို ရေးစဉ်က စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေမည်ဟူသော ရည်ရွယ်ချက်ဟူ၍ ဦးချစ်မောင်တွင် လုံးဝမရှိခဲ့။ မိမိ၏ အိမ်သားများနှင့်ဖြစ်စေ၊ မိတ်ဆွေသင်္ဂဟများနှင့်ဖြစ်စေ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဖြစ်စေ၊ အချင်းချင်း တွေ့ဆုံဆွေးနွေးမိကြသည့်အခိုက် ပေါ်ပေါက်လာသော ပြဿနာရပ်များ၊ နိုင်ငံတော် အရေးအရာများ၊ မိမိတို့ အချင်းချင်း ဆိုပြောဆွေးနွေးခဲ့သော အကြောင်းအချက်များ၊ မိမိ၏ အယူအဆ အကြံအဆများ၊ တစ်ပါးသူ၏ အယူအဆ အကြံအဆများကို အမှတ်တရ ဖြစ်စေနိုင်ရန် အချိန် ရတုန်းရခိုက် အားတုန်းအားခိုက် နေ့စဉ်မှတ်တမ်းအဖြစ် ပြန်လည်ရေးသား မှတ်တမ်းတင်ထားခြင်းသာ ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့က ဖော်ပြရပေမည်။

ယခု ဦးချစ်မောင် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပြီးသည့် နောက်၌ ဦးချစ်မောင်၏ လက်ရာများကို တိုင်းပြည်သို့ ထုတ်ဝေဖြန့်ချိလိုသော အာသီသဖြင့်၊ ပုံမနှိပ်ရသေးဘဲ ကျန်ရှိရစ်သည့် ဦးချစ်မောင်၏ စာမူများကို ပြန်လည်စစ်ဆေး ရှာဖွေသည့်အခါ၌ ဤနေ့စဉ်မှတ်တမ်းကြီးမှာ ပညာဗဟုသုတ၊ နိုင်ငံရေး ဗဟုသုတ၊ ရာဇဝင်ဗဟုသုတ၊





ပထဝီဝင် ဗဟုသုတမှအစ ဗဟုသုတပေါင်းစုံ ဟင်းလေးအိုးကြီး တစ်ခု ဖြစ်ရှိနေသည်ကို တွေ့ရှိရသည့်အတွက်၊ မူလက စာအုပ်တစ်အုပ် အဖြစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေမည်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားထားသော မှတ်တမ်းကြီးတစ်ခု မဟုတ်စေကာမူ၊ ကွယ်လွန်သူ ဦးချစ်မောင်၏ နောက်ဆုံးလက်ရာ အဖြစ်ဖြင့် တိုင်းပြည်သို့ ထုတ်ဝေဖြန့်ချိသင့်သည်ဟု ယူဆ သဘောရရှိသည့်အတိုင်း ယခုကဲ့သို့ ရိုက်နှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်လေသည်။

ဤသို့ ဖြန့်ချိထုတ်ဝေခြင်းပြုရာ၌ နေ့စဉ်မှတ်တမ်းကြီး၌ ပါရှိသည့် ယခု အသက်ထင်ရှား ရှိနေသော ပုဂ္ဂိုလ်ကြီးအချို့နှင့် စပ်လျဉ်းသည့် ဦးချစ်မောင်၏ ဝေဖန်ချက်များကို လည်းကောင်း၊ မလျော်သည်ကို မလျော်ဟု ထင်မြင်၍ ထင်မြင်သည့် အတိုင်းလည်း မလျော်လှသော အပြုအမူများ ဖြစ်သည်ဟူ၍ မှတ်တမ်းတင်ထားခဲ့သော ပုဂ္ဂိုလ်ကြီးအချို့တို့၏ အတွင်းရေးများကို လည်းကောင်း ကျွန်ုပ်တို့သည် ကွယ်လွန်သူ ဦးချစ်မောင်၏ မဟုတ်မခံ မှန်တိုင်းရေးပိမ့် ဟူသော ဝါဒမွန် ဝါဒရဲကြီးကို ဦးထိပ်ရွက်ပန် ထက်သန်ခိုင်မြဲစွာ လေးစားသမှု ရှိသည်မှန်လျက်နှင့် တိုင်းပြည်၏ လက်ရှိအခြေအနေကို ထောက်ထားလျက် ထည့်သွင်းမဖော်ပြဘဲ ချန်လှပ်ထားခဲ့ရခြင်းအတွက်၊ ကွယ်လွန်သူ ဦးချစ်မောင်၏ အပေါ်တွင် ကျွန်ုပ်တို့ တာဝန် မကျေကြောင်းကိုလည်း ဝမ်းနည်းစွာဖြင့် မှတ်တမ်းတင်ရပေမည်။

သို့သော် ယခု မှတ်တမ်းကြီးမှာ တိုင်းပြည်သို့ တိုင်းသိပြည်သိ စာအုပ်အဖြစ် ထုတ်ဝေမည်ဟူ၍ ရည်ညွှန်းကြံစည်၍ ရေးသားထားခဲ့ခြင်း မဟုတ်ဘဲ၊ မိမိတစ်ဦးတည်း အမှတ်တရ ဖြစ်နိုင်စိမ့်သောငှာသာ ရေးသားထားခဲ့သော မှတ်တမ်းကြီး ဖြစ်နေသည့်အတွက်၊ ဤသို့ အတွင်းရေးများကို ကျွန်ုပ်တို့ ချန်လှပ်ထားခဲ့ခြင်းဖြင့် တိုင်းပြည်အပေါ်တွင် လည်းကောင်း၊ ကွယ်လွန်သူ ဦးချစ်မောင်အပေါ်တွင် လည်းကောင်း ကျွန်ုပ်တို့ သစ္စာဖောက်ဖျက်ရာ မရောက်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ အပေါ်၌သာ ညှာတာရာ ရောက်သည် ဟူ၍လည်း ကျွန်ုပ်တို့ ယူဆနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ ယခု ပုံနှိပ်ထုတ်ဝေလိုက်သော ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကြီးသည် တိုင်းပြည်က အလွန် "ဆာလောင်" လျက် ရှိသော နိုင်ငံတော် အရေးနှင့် ပတ်သက်သည့် ဗဟုသုတ အရပ်ရပ်ကို စာတစ်အုပ်တည်းဖြင့် ပြည့်စုံအောင် ဦးချစ်မောင် အန်ထုတ်သွားခဲ့သော ဗဟုသုတ ဟင်းလေးအိုးကြီး စာအုပ်ကြီးတစ်အုပ် ဖြစ်သည့်အတိုင်း၊ ဦးချစ်မောင်အား ချစ်ခင်မြတ်နိုး ကြည်ညိုသူများအတွက် အစဉ်တစိုက် သတိတရ သိမ်းဆည်းထားနိုင်ကြစေရန် လက်ဆောင်ကြီးတစ်ခု ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည် မျှော်လင့်ရပေသတည်း။

၁၃၀၈ ခု တန်ဆောင်မုန်းလဆန်း ၆ ရက်

ဂျာနယ်ကျော်

# ပ ထ မ ပိုင်း

[ ၁၃၀၅ တန်ဆောင်မုန်းလဆုတ် ၁၂ ရက်မှ
နတ်တော်လဆန်း ၁၀ ရက်အထိ ]

## တန်ဆောင်မုန်းလဆုတ် ၁၂ ရက်

( အင်္ဂါနေ့ )

ရက်ကား တန်ဆောင်မုန်းလဆုတ် ၁၂ ရက်။ နေ့ကား အင်္ဂါနေ့။ ဘာက ဘယ်လို စိတ်ကူးရသည် မသိ။ စာရေးချင်စိတ် ပေါ်လာသလိုလို ရှိသည်နှင့် စာရေးစက္ကူ အုပ်ဟောင်းများ ရှာဖွေပြီး ရရှိသော စာရင်းစာအုပ်ဟောင်း တစ်အုပ်တွင် ရတတ်သမျှသော နေရာကွက်လပ်ကလေးများ၌ ကြိုးကြား ကြိုးကြား ရေးသားသွားရန် စိစဉ်မိသည်။

တစ်စုံတစ်ရာ ရေးခြင်း သားခြင်း မပြုဘဲ နေခဲ့သည်မှာ ကာလအတန် ကြာမြင့်ခဲ့ပြီဖြစ်၍ စာရေးရန် စိတ်မှာ ဘယ်အထိသာ စွဲမြဲထက်သန်မည်ကို မသိ။ အာမ မခံနိုင် ရှိတော့သည်။ စာဖတ်ရန်သာ ပိုမို စိတ်စောလျက် ရှိလေတော့သည်။ မျက်စိများလည်း သိဝေလျက် ရှိသည်ဖြစ်၍ စာရေးမှုကို ကြာရှည်စွာ အားထုတ်နိုင်ပါမည်လားဟု တွေးမိသည်။ ဂျာနယ်ကျော်နှင့် နေ့စဉ် ကြေးမုံကို မထုတ်ရဘဲ ပိတ်ထားလိုက်ရသည့် နေ့မှစ၍ ယနေ့သို့တိုင် တစ်စုံတစ်ရာ ကြီးခိုင်သော စာများ ရေးသားခြင်း အလျှင်း မပြုဘဲ၊ ပျင်းရိပေါ့တန်စွာ စာအုပ်များ တစ်အုပ်ပြီးတစ်အုပ် အဆက်မပြတ် ဖတ်ရှုခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သည်။ နေ့စဉ်မှတ်တမ်းမျှလောက်ကိုပင် ရေးမှတ်ခြင်း မရှိခဲ့သည်ကို ထောက်လျှင် အဘယ်မျှလောက် ကျွန်ုပ်၏ စိတ်သည် စာရေးသားမှု အပေါ်တွင် ပြတ်တောင်းနိုင်သည်ကို အကဲခတ်နိုင်ဖို့ ရှိပေသည်။

သို့သော် ကျွန်ုပ်သည် အကယ်ပင် စာရေးသားခြင်း လုပ်ငန်းကို လုံးဝ စွန့်လွှတ်ရမည် ဟူ၍ြောအုံ၊ စွန့်လွှတ်နိုင်ပါမည်လော။

ကျွန်ုပ် စိတ်က လုံးဝ စွန့်လွှတ်နိုင်သည်ဟု ပိုင်းဖြတ်ပြီး ဖြစ်စေကာမူ ကျွန်ုပ်ကဲ့သို့ အခြေပျိုးခံထားခဲ့သူ တစ်ဦးအား စာရေးသားခြင်း လုပ်ငန်းကို လုံးဝ စွန့်လွှတ်စေထိုက်ပါသလော။





ကျွန်ုပ် စိတ်ထင် ကျွန်ုပ်၏နေအိမ်တွင် အိမ်သူအိမ်သား မိတ်ဆွေသင်္ဂဟများနှင့် နေ့စဉ်အားဖြင့် ပြောကြား ဆွေးနွေးကြအပ်သော စကားရပ်မျှလောက်ကိုပင် နေ့စဉ်မပြတ် မှတ်တမ်းတင်ခဲ့လျှင်၊ အသေးငယ်ဆုံးသော ကိစ္စကလေးများမှသည် အကြီးဆုံးသော ပြဿနာရပ်များအထိ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း ဆွေးနွေးပြီး ဖြစ်ခဲ့သည်ကို အထင်အရှား တွေ့မြင်ရပေလိမ့်မည်။ ကျွန်ုပ်တို့ ဆွေးနွေး ပြောဆိုသည့် စကားများမှာ ကျွန်ုပ်တို့ ဖတ်ရှုဖူးသော ထောင်သောင်းမက အရေအတွက်ရှိသော စာအုပ်များထဲမှ သော်လည်းကောင်း၊ အခြားသောသူတို့၏ အတွေ့အမြင်များထဲမှ သော်လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ အတွေ့အမြင် အယူအဆ အကြံအဆ စသည်တို့မှ သော်လည်းကောင်း ဖွက်ပေါ် ပေါင်းစပ် ပြောဆိုအပ်သော စကားများဖြစ်ရာ၊ အကယ်၍ ထိုစကားရပ်များကို ရေးမှတ်ထားခြင်းရှိခဲ့၍ ထိုရေးသားချက်ကို တစ်စုံတစ်ယောက်သောသူသည် တွေ့မြင် ဖတ်ရှုရခဲ့လျှင် စာအုပ်ပေါင်း ထောင်သောင်းကို မိမိကိုယ်တိုင် ဖတ်ရှုရသော ဒုက္ခမှ သော်လည်းကောင်း၊ သို့လော သို့လော တွေးတောနှစ်ခွ ကြံဖွံ့ဟဖြင့် မကျမတင် မဆင်ခြင် မဝေခွဲတတ် ဖြစ်ရာသော သံသယ ကုက္ကုစ္စ အဝဝမှ သော်လည်းကောင်း၊ ကျွန်ုပ်သည် နိုင်ငံတော်အတွက် တစ်စုံတစ်ရာ ကြောင့်ကြပူပန်ခြင်းမရှိ၊ ပြကတေ့ ကိုယ်ကောင်းကြံသောအားဖြင့် အပျင်းထူကာသာလျှင် အနားယူ ခိုကပ်နေသည်ဟူသော အထင်အမြင် လွဲမှားမှုမှ သော်လည်းကောင်း ကောင်းစွာ လွတ်မြောက်ရမည် ဧကန်ပင် ဖြစ်ပေသည်။ သို့သော် ကျွန်ုပ်မှာ ထိုစကားရပ်များကို ရေးသားမှတ်တမ်း တင်ထားလောက်အောင် လုံ့လဝီရိယလည်း မရှိ၊ စိတ်ကလည်း မဆော်ညွှန်း၊ လူကလည်း မတိုက်တွန်းရကား ထိုစကားများမှာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားရလေတော့သည့် အပြင် ကျွန်ုပ်တွင်လည်း အပျင်းသာ အဖတ်တင် ကျန်ရှိချေတော့သည်။

သို့သော် ကျွန်ုပ်သည် နိုင်ငံတော်ကြီး လောလောဆယ် အကျိုးရှိအောင် ဝီရိယ မထုတ်ခြင်းကထက် ပိုလွန်ပျင်းရိခြင်း မရှိ။ ကျွန်ုပ်သည် စင်စစ်အားဖြင့် လူပျင်း တစ်ယောက် မဟုတ်ဘဲ ကျွန်ုပ်၏အကူအညီ၊ အဆုံးအဖြတ်၊ အကြံပေး ဉာဏ်ပေး စသည်တို့ကို အလိုရှိ၍ တောင်းလာသူတို့အား ကျွန်ုပ် စုဆောင်း သိမ်းထားအပ်သော ဗဟုသုတထဲမှ သင့်လျော်ရာ ရွေးယူ၍ အကြောင်းတိုက်ဆိုင် လုံလောက်အောင် ကူညီဖြည့်တင်းပေးခြင်း၊ နိုင်ငံတော်ကိစ္စ ချုတ်ချော်တိမ်းပါးမည်ကို မြင်က သက်ဆိုင်သသူ သို့မဟုတ် ထိုသူနှင့် ထွက်ဝင်သွားလာ နီးစပ်သသူတို့ကို ပြောဆိုပြသ တဖွဖွ သတိပေးခြင်း၊ စာပေ မပြတ် ဖတ်ရှုခြင်းဖြင့် နိုင်ငံတော်၏ အမှုတော်များကို တစ်နေ့သည့် ကုံလုံချောမောအောင် ထမ်းဆောင်ဖို့ စိုင်းပြင်းလေ့လာခြင်းတို့ကို အခါမလပ် မပြတ် တစေ ပြုကျင့်လျက် ရှိလေရကား၊ ကျွန်ုပ်အား လူပျင်းတစ်ယောက် ဟူ၍ စာရင်း မကောက်ယူထိုက်ပါပေ။

## တန်ဆောင်းမုန်းလဆုတ် ၁၃ ရက်

( ဗုဒ္ဓဟူးနေ့ )

ယမန်နေ့ညက ကျွန်ုပ်တို့အတွက် နေထိုင်ရန် အိမ်ပေးထားသူ နီပွန်တင်နင် သားရေကုမ္ပဏီမှ မစ္စတာဆိုင်တို၊ မစ္စတာရော်ရှီဒါ၊ မြင်းဘက် ဆေးကုဆိုင်ရာ အရာရှိ မစ္စတာ အင်နိုးဝေးနှင့် အမည်မသိ ၎င်းလက်ထောက်အရာရှိ အဘိုးကြီး တစ်ဦး၊ ပေါင်း လေးဦးတို့အား ကျွန်ုပ်တို့က ညစာ တည်ခင်းကျွေးမွေးရာ နိုင်ငံတော်အစိုးရ၏ လုပ်ပုံကိုင်ပုံကို သဘောမကျ အားမရသည့် စကားမျိုး များစွာ ပြောကြားသွားသည်။ ကျွန်ုပ်တို့ကလည်း သင့်လျော်သလို စကားပြေ ပြောရသည်။ နိုင်ငံတော်တွင် လာဘ်စားမှု များပြားသည့်အကြောင်း၊ သူခိုးလူဆိုးများ ပေါများသည့်အကြောင်း၊ ရောဂါဘယ ထူထပ်လှသည့် အကြောင်းတို့ကို ၎င်းတို့က ပြောပြပြီး၊ ထိုပြဿနာရပ်များကို မြန်မာအစိုးရတို့က အရေးတကြီး အမြန်ဆုံး ဖြေရှင်း သုတ်သင်ပစ်ထိုက်သည့် အကြောင်း တိုက်တွန်း ပြောဆိုကြသည်။

တိုကျိုမြို့သို့ သွားရောက်လျက်ရှိသော မြန်မာသတင်းစာဆရာ နှစ်ဦးနှင့် ၎င်းတို့ ဆိုကြ ပြောကြသည့် စကား၊ ထိုစကားရပ်များနှင့် စပ်လျဉ်း၍ နီပွန်လူမျိုးများ ထင်မြင်ယူဆချက်တို့ကို ပြောပြကြသည်။ ကျွန်ုပ်ကဲ့သို့သော သူသည် ဘာကြောင့် လိုက်ပါမသွားသနည်း စသည်ဖြင့် အတော်စိတ်ဝင်စားစွာ ပြောဆိုကြသည်။ သတင်းစာများ ရှေ့အဖို့ကာလတွင် ယခင့် ယခင်ကထက် ပိုမို အရေးပါ အရာရောက်လာမည့် အကြောင်း၊ ၎င်းတို့၏ လုပ်ငန်းတာဝန်မှာ အဆပေါင်းများစွာ ပိုမို ကြီးလေး အရေးကြီး လာမည့်အကြောင်း ၎င်းတို့က ပြောကြသည်။

မြန်မာသတင်းစာများ ယခင်ခေတ်က မည်ကဲ့သို့ ထုတ်ဝေသည်ကို မေး၍ စုံလင်စွာပင် ပြောပြလိုက်သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ မည်သည့် အကြောင်းအရာ ပြဿနာတို့ကို ရေးလေ့ရေးထ ရှိကြသည်ကို မေး၍၊ အခြားနိုင်ငံများမှာကဲ့သို့ မနုဗေဒဆိုင်ရာ စာစောင်တစ်မျိုး၊ ကူးသန်းရောင်းဝယ်ရေး တစ်မျိုး၊ စက်မှု တစ်မျိုး၊ လက်မှု တစ်မျိုး၊ နိုင်ငံရေး တစ်မျိုး စသည်အားဖြင့် တစ်မျိုး တစ်မျိုးစီ ခွဲခြားထုတ်ဝေခြင်း မပြုနိုင်။ အင်္ဂလိပ်အစိုးရတို့ လက်ထက်၌ ပေါ်ထွက်သမျှ ကိစ္စအဝဝတို့ကို အကြောင်းအားလျော်စွာ ရေးသားနေခဲ့ရကြောင်း၊ သီးသန့် ထုတ်ဝေကြပြန်လျှင်လည်း ကောင်းစွာ အောင်မြင်ခြင်း မရှိ။ ပြဿနာ တစ်ခုတည်းကို အမြဲ စူးစူးစိုက်စိုက် လုပ်မနေနိုင်ကြကြောင်း၊ ဤစစ်ကြီး ပြီးဆုံး၍ လွတ်လပ်သော နိုင်ငံတော်တွင် အရှိန်ရသွားသောအခါ အခြားနိုင်ငံများတွင်ကဲ့သို့ သူ့ဘာသာနှင့်သူ သီးခြား ထုတ်ဝေ သွားနိုင်လိမ့်မည် ဖြစ်ကြောင်းနှင့် သဘောပေါက်အောင် အတော် ပြည့်ပြည့်စုံစုံ ရှင်းပြောလိုက်သည်။

မြန်မာသတင်းစာ ဆရာများတွင် မည်သူက မည်သည့်ဘက်၌ ဝါသနာ





ပါသည်ကို မေးသည်။ ထို့နောက် အဖြေကို မစောင့်ဘဲ ကျွန်ုပ် မည်သည့်ဘက်ကျွ လေ့လာလိုက်စား ထက်သန်သည်ကို မေးသည့်အတွက်၊ ပထမအမေးကို မဖြေရတော့ဘဲ ကျွန်ုပ်အဖို့ရာတွင် နိုင်ငံရေးနှင့် ဘောဂဗေဒကို လိုက်စား ထက်သန်သည့်အကြောင်း ပြောပြသည်။

ကျွန်ုပ် ပညာကို အနောက်နိုင်ငံတွင် သင်ခဲ့ဖူးသလောဟု မေး၏။ မြန်မာပြည် အပြင်ဘက်သို့ မရောက်ခဲ့ဖူးကြောင်း၊ သွားရောက်ရန် အခွင့်ပေါ်ပေါက်စဉ်ကလည်း အလွန် အလုပ်များသည့် အယ်ဒီတာဘဝတွင် တာဝန်ခံ အယ်ဒီတာအဖြစ် နေ့နေ့ညည လုံးပန်းနေရ၍ သူတစ်ပါးကိုသာ စေလွှတ်လိုက်ရတော့ကြောင်း ပြောပြရသည်။ ထိုညက စကားနိုင်းနှောကြခြင်းမှာ စိတ်ဝင်စားဖွယ်ရာချည်းပါပေ။

နံနက် မိုးလင်း၍ ၇ နာရီထိုးလျှင် ဦးတင် လွှတ်လိုက်သောကား အိမ်ရောက်လာ၍ လင်မယားနှစ်ယောက် ချိန်းထားသည့်အတိုင်း လိုက်သွားကြသည်။ နံနက် ၈ နာရီထိုးလျှင် ဟံသာဝတီ ဦးညွှန့် တိုက်အိမ်၌ ရွှေပိန်သောင်းနှင့် ဦးညွှန့် တူမ မတင်စောတို့၏ မင်္ဂလာဆည့်ခံပွဲတွင် ကျွန်ုပ်တို့ ရောက်ရှိနေကြလေပြီ။ ရွှေပိန်သောင်း တစ်ယောက် အိမ်ထောင် အတည်တကျနှင့် ဖြစ်သွားပြီဟူသော အခြင်းအရာပင်လျှင် ကျွန်ုပ်နှင့်တကွ သူ၏ အပေါင်းအဖော် အားလုံးကို ဝမ်းမြောက်စေခဲ့လေပြီ။ သူ လက်ထပ်သော မိန်းကလေးမှာ ကြွယ်ဝသော ဆွေမျိုးများထဲတွင် အချစ်ဆုံးခံရသော သူငယ်မတစ်ဦး ဖြစ်ကြောင်း သိရသည့်အခါ သာ၍ပင် သူ့အတွက် ဝမ်းသာကြရသည်။ ဝမ်းသာမှုမှာ သူ့ဘက် မိန်းကလေးဘက် နှစ်ဖက်စုံညီ ဖြစ်၏။ သာပြီး ကောင်းလေတော့သည်။

ဦးတင်နှင့် လဆုတ် ၉ ရက် စနေနေ့ နေ့လယ်ကတည်းက မတွေ့။ တနင်္ဂနွေနေ့ ညနေ တွေ့ရန် ချိန်းခဲ့သော်လည်း ဧည့်သည်များ အိမ်လာနေ၍ မသွားရောက်နိုင် ရှိခဲ့သည်။ ထိုညအလွန် တနင်္လာနေ့ဘက် အကူးတွင် ကိုရွှေသူခိုး အိမ်ဝင်ခိုးသွား၍ နံနက်စောစော ဦးတင် လွှတ်တက်အမီ ကိုယ်တိုင် သွားမည်ဟု ကြံထားချက်ကို ပယ်ဖျက်ပြီး၊ စာတစ်စောင်ရေးကာ မောင်တင်ဝင်းကိုပင် စေလွှတ် အကြောင်းကြား လိုက်ရတော့သည်။ ထိုနေ့နံနက် လွှတ်တော်တွင် ဦးတင် မည်သည့် အချက်အလက်တို့ကို ပြောဆိုသင့်ကြောင်း စာဖြင့်ပင် မှာလိုက်ရတော့သည်။ ထိုနေ့က တက္ကသိုလ် ဥပဒေကြမ်းကို တင်သွင်းဖို့ အစီအစဉ်၌ ရှိရာ၊ ထိုဥပဒေကြမ်းတွင် တက္ကသိုလ် အုပ်ချုပ်ရေး အရာရှိအား တက္ကသိုလ်အဖွဲ့ကိုပင် ကျော်လွန်ဆောင်ရွက်သင့်က ဆောင်ရွက်နိုင်ရန် အခွင့်ကို ပေးထားသဖြင့် ၎င်းကို ပြင်ဆင်ချက် ပြုလုပ်တင်သွင်းရန် ရေးသား မှာကြားလိုက်ရသည်။ အချိန် မရ၍ ဘဏ်နှင့် အမြတ်တော်ခွန် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြင်ဆင်ဖြည့်စွက်ဖို့ မမှာကြားလိုက်ရ ဖြစ်သည်။

ထိုရက်မှသည် ယနေ့နံနက်သို့တိုင်အောင် ဘောက်ထော်မှ ရန်ကုန်သို့ မပြွက်

ရောက်၍ ထိုဥပဒေကြမ်းများ မည်သို့ဖြစ်သည်ကို မမေးမြန်း မစုံစမ်းရ ဖြစ်နေရာ၊ မင်္ဂလာဆောင်အိမ်ကျမှပင် လူ ရှင်းနိုက် မေးရတော့သည်။ ကျွန်ုပ် ပေးလိုက်သော ပြင်ဆင်ချက်ကို ဦးတင် တင်သွင်းဖြစ်၍ ၎င်းမှာ အတည်ဖြစ်သွားကြောင်း ဦးတင်က ဝမ်းမြောက်ဝမ်းသာ ပြောသည်။

ဦးတင် လွှတ်တော်အမတ် ဖြစ်စကပင် ကျွန်ုပ်မှာ တတ်နိုင်သမျှ လိုအပ်သော အကြံဉာဏ်များကို ပေးနေခဲ့သည့်အပြင် လွှတ်တော်အစည်းအဝေး ကျင်းပချိန်တွင် မေးဖို့၊ မြန်းဖို့၊ ဆွေးနွေးဖို့၊ တင်သွင်းပြောဆိုဖို့တို့ကို လိုလေသေး မရှိရအောင် ကျွန်ုပ် တတ်နိုင်သမျှ နောက်ပိုင်းကနေ၍ စီစဉ်ပေးခဲ့လျက်၊ တစ်ဖက်ကလည်း ဦးတင်ထက် ပိုပြီးသိသူ လွှတ်တော်တွင် များများစားစား မရှိ၍ အားငယ်ဖို့ မရှိကြောင်း ကြိမ်ဖန်များစွာ အားပေးခဲ့သည်။

ကျွန်ုပ် ပြောသည့်အတိုင်း မှန်ကန်ကြောင်း သူ ယခု တွေ့ရပြီဟု ဆိုလေပြီ။

ကျွန်ုပ်ကား ထိုမှန်သောတရားကို ယခု ဂျပန်ခေတ် အရဏ်တက်စကပင် စတင်၍ တွေ့မြင် သိရှိခဲ့လေသည်။ ယခင်ခေတ်က တော်သည်ဟု ကျွန်ုပ် ထင်မှတ်ခဲ့သော သူများပင် တကယ့်အခြေ၊ တကယ့်လက်တွေ့သို့ ရောက်သောအခါ စောစောက နိုင်ငံရေးတရား များများကြီး ဟောပြောခဲ့သလောက် ခြေခြေမြစ်မြစ် နားမလည်ဘဲ ယောင်ယောင်ဝါးဝါးတွေသာ များသည်ကို ကိုယ်တိုင် တွေ့ခဲ့ရရုံမျှမက၊ ထိုသူတို့၏ ယောင်ဝါးမှု၊ နားမလည်ဘဲ နားလည်သည်ထင်ကာ လည်းကောင်း၊ စမ်းသပ်လုပ်ကိုင်လျှင် ဖြစ်သည်ထင်ကာ လည်းကောင်း လုပ်ကိုင်မှုတို့ကြောင့် နိုင်ငံတော်မှာ မနစ်နာတန်ဘဲ နစ်နာရသည်ကို ရင်ထုမနာ သိရှိခဲ့ရလေသည်။

ယခုလည်း နစ်နာဆဲပင်။

ထိုသူတို့မှာ ကျွန်ုပ် ရှေ့တွင် သူတို့ နိုင်ငံတော်ရေးရာကို ကောင်းစွာ နားလည်ပြီး ဖြစ်လေဟန် လုပ်ကြသည်။ ကျွန်ုပ် နောက်ကွယ်တွင်ကား သက်ဆိုင်ရာ ရတတ်သမျှ စာအုပ်များကို တပည့်လွှတ်၍ ငှားရမ်းခိုင်းကြတုန်းပင် ရှိချေသည်။ ကျွန်ုပ်က ၁၅ နှစ် လုံးလုံး ဆည်းပူးရရှိအပ်သော ဗဟုသုတများဖြင့် နိုင်ငံတော်၏ ပြဿနာများကို မည်သို့ ဖြေရှင်းထိုက်သည်ဟု ပြောလျှင်၊ ထိုသူတို့က ‘ဒါတွေ ကျွန်တော်တို့ လုပ်နေပါပြီ’ ဟူ၍ လည်းကောင်း၊ ‘ဒါတွေ ကျွန်တော်တို့ လုပ်ဖို့ စီစဉ်ထားပါပြီ’ ဟူ၍ လည်းကောင်း စကားကို အပိတ် ပြောကြသည်။

ထို့နောက် ဗဟုသုတ ကောင်းစွာ မပြည့်ဝသူတို့ထံမှ စာအုပ်ငှားခြင်း၊ အကြံဉာဏ် တောင်းခြင်း ပြုလုပ်ကာ ကျွန်ုပ်ပြောသော အရာများကို ပြုလုပ်ဖို့ ပြင်ဆင်ကြလေသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဝန်ကြီးတစ်ဦးကား ကျွန်ုပ်က အကြံဉာဏ် တစ်စုံတစ်ရာ





ပေးလျှင် ဆုံးသည်အထိ ဘာမျှ မပြောဘဲ နားထောင်နေတတ်ပြီးမှ ထိုအကြံကို အလုပ်ဖြစ်အောင် လုပ်လေသည်။ ထိုသူသည် ယခုခေတ်တွင် ကျွန်ုပ်၏ ရှေ့၌ အရိုးသားဆုံး လူတစ်ယောက် ဖြစ်သည်ကို ကျွန်ုပ် ဒိဋ္ဌ သိရှိရလေသည်။

ကျွန်ုပ်မှာ ထိုမိတ်ဆွေမှတစ်ပါး အခြားခေါင်းဆောင်နေသူများကို သနားမိသည်ထက် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့ကို ပိုမို သနားမိသည်။ အင်္ဂလိပ်များ လက်ထက်က “မှီ” ထားသော “အပ” များကို တစ်ဖက်က ပျောက်အောင်လုပ်၍၊ အခြားတစ်ဖက်က နိုင်ငံတော်သစ်အင်္ဂါနှင့် ညီညွတ်အောင် ထူထောင်ပြီးလျှင်၊ ကျန်တစ်ဖက်က စစ်ကြီးအောင်နိုင်ရန် နီပွန်တို့ လုံးပန်းနေကြစဉ် ကျွန်ုပ်တို့က နောင်အရှည်အတွက် တစ်ခါတည်း ကျင့်သားရပြီးဖြစ်အောင် လူအင်အားဖြင့် ကူညီခြင်း၊ စီးပွားအားဖြင့် ကူညီခြင်းတို့ကို ပြုလုပ်ရမည့်အခါတွင် ခေါင်းဆောင်လုပ်သူများသည် လက်တည့်စမ်း နည်းစနစ်များကို လိုက်နာနေက နိုင်ငံတော်မှာ အဘယ်မျှ နစ်နာမည်နည်း။ အနာကိုကား သိပြီ၊ ဆေးကိုလည်း ရိပ်မိပြီ၊ ဆေးကား အသင့်မရှိ။ သို့ဖြစ်လျှင် ဆေးကို စမ်းတဝါးဝါးဖြင့် ဖော်စပ် ကုစားမည်လော၊ ဆေးချက်ဖော်စပ်နည်း နားလည်သူတို့အား သာလျှင် တာဝန်ပေး၍ ကုစားစေမည်လော။

ရွှေပိန်သောင်း၏ မင်္ဂလာပွဲတွင် စေတနာ့ဝန်ထမ်း ဦးဘခင်နှင့်လည်း အနည်းငယ် ပြောဆို ဆွေးနွေးခဲ့သေးသည်။ သူက ယခုတစ်လအတွင်း မြန်မာနိုင်ငံတော်သစ် ဖန်တီးရေး စာတစ်အုပ် အပြီးရေးပေးရန် တိုက်တွန်းသည်။ ကျေးလက် တောရွာ ပြုပြင်ရေးအကြောင်း သူက နောက်ဆက်တွဲ ရေးမည် ပြောသည်။ ကောင်းသောအကြံ ဖြစ်သည်။ ကျွန်ုပ် အောင်မြင်အောင် လုပ်ပေးနိုင်မည်လား မသိ။

နိုင်ငံတော်သစ်၏ ပြဿနာရပ်အချို့နှင့် လက်ရှိနိုင်ငံတော် အစိုးရများ လုပ်ကိုင်ပုံ အကြောင်းများကို အင်္ဂလိပ်ဘာသာဖြင့် အသင့်ရေးပြီး ရှိလေပြီ။ အဘယ်ကြောင့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားရသနည်း။ မြန်မာ့ခေတ်တွင် မြန်မာစာကို တတ်နိုင်သလောက် သုံးရမည် မဟုတ်တုံလော။ မြန်မာစာကိုလည်း သုံးရမည် မှန်၏။ အင်္ဂလိပ်စာကိုလည်း ယခင်ကထက် ပို၍ သုံးရမည် မှန်၏။ မြန်မာစာကို နိုင်ငံတော်အတွင်း ကိစ္စဟူသမျှအတွက် သုံး၍၊ အင်္ဂလိပ်စာကို ကမ္ဘာပေါ်ရှိ ကျန်နိုင်ငံ ဟူသမျှအတွက် သုံးရမည် ဖြစ်၏။ မြန်မာမှု၊ မြန်မာ့ပြဿနာများကို ကမ္ဘာက သိအောင် အင်္ဂလိပ်လို စာအုပ်များ၊ စာတမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ များပြားစွာ ထုတ်ဝေပေးရတော့မည် ဖြစ်၏။ စစ်ပြီး၍ စက္ကူ ပေါ်များ ချောင်ချိစွာ ရနိုင်သောအခါ ကျွန်ုပ်သည် မြန်မာဘာသာဖြင့်သာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စာအုပ်စာတမ်းများ ထုတ်ဝေရန် မကြံရွယ်ဘဲ၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်စာတမ်းကလေးများ လစဉ်ထုတ် သို့မဟုတ် ရက်သတ္တပတ်စဉ်ထုတ် သို့မဟုတ် နေ့စဉ်ထုတ် သတင်းစာ၊ စာစောင်များကိုပါ

တွင်ကျယ်စွာ ထုတ်ဝေရန်လည်း ကြံရွယ်ထားသည်။ ထိုအကြံ အောင်မြင်ရန်မှာ ငွေရင်း အပေါ်တွင် အမှီပြုနေ၍ ငွေရင်း တောင့်တင်းရန်သာ ကျွန်ုပ်မှာ ကြောင့်ကြ တောင့်တဖို့ ရှိတော့သည်။ ထိုမှတစ်ပါး အခြား ပူပန်ဖွယ် မရှိပြီ။

မြန်မာစာဖြင့် နိုင်ငံခြား စာအုပ်စာတမ်းများ၊ ပညာ ဗဟုသုတများကို တစ်ဆင့် ပြန်ဆို ဖြန့်ချိပေးဖို့လည်း စစ်ပြီး၍ စက္ကူပေါ်များစွာ ရနိုင်လျှင် စီစဉ်လုပ်ကိုင်ရန် ကျွန်ုပ်တွင် ကြံရွယ်ချက် ရှိလေသေး၏။ နိုင်ငံတော်အစိုးရ ပညာရေးဌာန စာပေနှင့် စာကြည့်တိုက် ဌာနခွဲသည် ဘာသာပြန်ကိစ္စကို တွင်ကျယ် နိုင်နင်းစွာ လုပ်နိုင်မည် မဟုတ်၍ ဘာသာပြန်လုပ်ငန်းကို ထိုဌာနတစ်ခုတည်းသို့ လွှဲထားပြီး အေးမနေထိုက်။ အပြင်အပမှလည်း ကိုယ် အားသန်ရာ သန်ရာ ဝိုင်းဝန်းစီစဉ် ထုတ်ဝေကြမှ ဖြစ်ချိမ့်မည်။

ဤတွင် "စီစဉ်" ဟူသော စကားကို သတိပြုဖွယ် ဖြစ်သည်။ ဘာသာပြန် စာအုပ်၊ အထူးသဖြင့် နိုင်ငံရေးနှင့် စပ်လျဉ်းသည့် ဘာသာပြန်စာအုပ်များ ထုတ်ဝေမှု တွင် အစီအစဉ် မရှိက နိုင်ငံတော်၏ အသိဉာဏ်မှာ အဖောက်ဖောက် အပြန်ပြန်နှင့် အမှန်အမှား မဝေခွဲတတ် ဖြစ်တတ်သည်။ ဤကို မဆွကပင် မြင်သိ၍ နဂါးနီ ပုံနှိပ် တိုက်ကို ထောင်စက နိုင်ငံရေးစာပေများကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယ အဆင့် စသည်အားဖြင့် အနုမှ အရင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် လမ်းမှန်ဖြစ်အောင် စီစဉ်ထုတ်ဝေပေးဖို့ ထိုက်တွန်းခဲ့သည်။ သို့သော် အလေးမမူခဲ့ဘဲ လက်လှမ်းမီရာ အစီ အစဉ် မရှိ ပြန်ဆို ထုတ်ဝေကြသဖြင့် နိုင်ငံတော်တွင် အယူအဆ မျှတစွာ ယူတတ်သူ၊ နားလည်သူ နည်းပါးပြီးလျှင် တစ်အုပ်တွေ့ နှစ်အုပ်တွေ့နှင့် လွေ့လွေ့ရမ်းရမ်းသမား တို့သာ များလာခဲ့သည်။ ယခု နိုင်ငံတော်သစ် ထူထောင်ရာတွင် ထိုသူများ တွင်ကျယ် လာကြပြီဖြစ်ရာ၊ အခြေခံ မခိုင်မာခြင်းကြောင့် လက်တည့်စမ်း စနစ်များသာ များနေ တော့သည်ကို ဆင်ခြင်ဖွယ် ဖြစ်လေသည်။

ဤတွင် စကားအလျဉ်းသင့်၍ အရေးကြီးသည်ထင်သော စကားတစ်ရပ်ကို ထည့်သွင်း ရေးမှတ်ရဦးမည်။

ဂျပန်များကို အနောက်နိုင်ငံသားများက "ကမ္ဘာပေါ်တွင် အများဆုံး အတုခိုး သူများ၊ အကြီးဆုံး အတုခိုးသမားများ" ဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ကြသည်။ ဤကား လွဲမှားသော အယူအဆပင် ဖြစ်သည်။ ဤကဲ့သို့ အထင်အမြင် သေးမှုသည် ယခုစစ်ကြီးတွင် အနောက်နိုင်ငံသားတို့အား အကြီးအကျယ် ကိုယ်ကျိုးနည်းစေလေပြီ မဟုတ်လော။ ဂျပန်သည် ပထဝီသဘောအားဖြင့် လည်းကောင်း၊ မျိုးရိုးအားဖြင့် လည်းကောင်း အရှေ့နိုင်ငံတစ်ခု ဖြစ်၏။ သို့သော် အရှေ့ နိုင်ငံကြီးများ၏ အတွေးအယူ၊ အကြံအဆ၊ အမြော်အခေါ်၊ အတီအထွင်မှုဖြင့် ရောင့်ရဲခြင်း မရှိမူ၍ အနောက်နိုင်ငံကြီး များ၏ အတွေးအယူ၊ အကြံအဆ၊ အမြော်အခေါ်၊ အတီအထွင်တို့ကို လျင်မြန်စွာ






လည်းကောင်း၊ ကျနစွာ လည်းကောင်း လေ့လာပြီးလျှင် မိမိနှင့် အသင့်လျော်ဆုံးဖြစ် အောင် မူကို လုပ်ကိုင်ပြောင်းလဲခြင်းအားဖြင့် အရှေ့နိုင်ငံတစ်ခုမျှသာ ဖြစ်သော်လည်း အရှေ့နိုင်ငံလို မဟုတ်တော့ဘဲ ကမ္ဘာ့နိုင်ငံကြီး တစ်ခုအဖြစ်သို့ သီးသန့် ရောက်ရှိလာခဲ့ လေသည်။ ကမ္ဘာ၏ အကောင်းဆုံးသော နည်းစနစ်များကို မိမိ၏ "မူ" ဖြစ်အောင် လျင်မြန်စွာ လွှဲပြောင်း လုပ်ကိုင်နိုင်မှုသည် ဉာဏ်အသွားဆုံး အလုပ်ဖြစ်ရာ၊ သာမန်နိုင်ငံ တစ်ခုသည် ကမ္ဘာ့အရှေ့ပိုင်းတွင် ရှိသည်ဖြစ်စေ၊ အနောက်ပိုင်းတွင် ရှိသည်ဖြစ်စေ ဤလုပ်ငန်းများကို ကျန အောင်မြင်စွာ လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ လုပ်နိုင်လျှင် ထိုသို့လုပ်နိုင်သော နိုင်ငံသည် မုချပင် ဂျပန်ပြည်ကြီးကဲ့သို့ ကြီးပွားရမည် ဧကန် ဖြစ်တော့သည်။ သာမန် ဗဟုသုတ ရှိကြရာ၌ ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်ရသကဲ့ သို့ ပင်တည်း။

ဤသဘောတရားကား စေ့စေ့တွေးလျှင် အဆန်းမဟုတ်။ ကျွန်ုပ်တို့ နိုင်ငံ တော် ရာဇဝင်မှာပင် အထောက်အထား အလုံအလောက် ရှိလေပြီ။ အနော်ရထာနှင့် ကျန်စစ်သားမင်းများ လက်ထက်တွင် နိုင်ငံတော်ကြီးပွားခြင်းမှာ မိမိတို့၏ ရှိရင်းနယ် ပယ် နယ်နိမိတ် အကန့်အသတ်တွင်းမှ အပြင်သို့ ထွက်ရောက်၍ ကိုယ်တိုင် အကြား အမြင် များပြားခြင်း အကြောင်းတစ်ပါး၊ အခြားနိုင်ငံများမှ အကြားအမြင်ရှိသူ၊ တတ် ကျွမ်း နားလည်သူတို့ကို မိမိတို့ နိုင်ငံတော်တွင်းသို့ ဝင်ရောက်၍ ရောနှောလုပ်ကိုင် စေခြင်း အကြောင်းတစ်ပါး၊ ဤအကြောင်းနှစ်ပါးကြောင့် ဖြစ်လေတော့သည်။

အကယ်၍ အနော်ရထာမင်းစောသာ သထုံမြို့ကြီးကို ထွက်ရောက် သိမ်းပိုက် ကာ ပေါက္ကံရာမသို့ တစ်မြို့လုံးကို ရွှေ့ပြောင်းမလာက ပုဂံခေတ်မှာ ထိုမျှလောက်



ကြီးကျယ်ဖွယ်ရာ မရှိ။ နောက်ခေတ်များအတွက် အခြေခံကောင်းကြီး တစ်ခု ဖြစ်မြောက်နိုင်ဖွယ်ရာ မရှိ။ တစ်ဖန် သထုံမြို့ကြီးကို ပေါက္ကံသို့ ရွှေ့ပြောင်းလာရာ၌ သထုံမှုနှင့် ပေါက္ကံမှုကို ရောနှောစေရာတွင် သထုံမှု အတိုင်းချည်းသာ ဖြစ်စေက ပုဂံခေတ်ဟူ၍ ထွန်းကားလာဖွယ်ရာ မရှိ။ သထုံခေတ် အထက်မြန်မာပြည်သို့ သွားရောက် ထွန်းကားနေခြင်းသာ ဖြစ်ခဲ့လေရာသည်။ ယခုသော် ထိုသို့ မဟုတ်။ သထုံမှု၊ ကုလားမှု (နှောင်းသောအခါ တရုတ်မှု) များသည် မူရင်းအတိုင်း မကျန်ရှိမူ၍ မြန်မာမှု၏ ပကတိရူပမူလအခြေခံ မှုကြီးအဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။


ဂျပန်ပြည်ကြီး ယခုအခြေသို့တိုင်အောင် ရောက်လာခြင်းမှာလည်း ဤသဘောတရား အတိုင်းပင်ဖြစ်ရာ၊ ဤသဘောနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော် ရာဇဝင်ကို အကြောင်းစေ့စုံအောင် ထုတ်ဆိုရေးသားနေက ကျမ်းတစ်စောင် တစ်ဖွဲ့ပင် ဖြစ်နိုင်လေရာ၏။ သို့ဖြစ်၍ သဘောသိရန် အမြွက်မျှသာ ပြလိုက်တော့သည်။ အချိန်လုံလောက်စွာ ရသည့် တစ်နေ့တွင် အခြားနိုင်ငံမှုများကို ကိုယ့်မှုလုပ်၍ နိုင်ငံတော် ဆူဖြိုးလာပုံ၊ ကိုယ့်မှုမျှဖြင့် တင်းတိမ်ရောင့်ရဲနေမိသော ခေတ်များတွင် နိုင်ငံတော်မှာ ကြုံလှီသွားပုံတို့ကို စေ့စုံစွာ ဇယားကွက်ချ၍ ရေးပြဦးမည်။ ဇယားကွက်ကိုလည်း သဘောပေါက်ရုံ အကြမ်းပြ ပြလိုက်ဦးမည်။

ဤကား ခေတ်ကြီးများကို အကြမ်းသဘောအားဖြင့် ပြခြင်းမျှသာ ဖြစ်သည်။ ပြည်၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ စသော ခေတ်ငယ်ကလေးများကို ထည့်သွင်း ဖော်ပြခြင်း မရှိသေး။ အဆင့်အတန်းဟူရာ၌ နိုင်ငံတော် အကျယ်အဝန်း အဆင့်အတန်း၊ နိုင်ငံတော် ဗဟုသုတ တိုးတက်ပွားများမှု အဆင့်အတန်း၊ လက်မှု စက်မှု စသည်ဘက် အဆင့်အတန်း၊ အုပ်ချုပ်ပုံ အဆင့်အတန်း စသည်အားဖြင့် အနုစိတ် ခွဲခြား ပြသခြင်း မရှိသေး။ ထို့ပြင် ခေတ်တစ်ခေတ် အတွင်းမှာပင် တစ်မင်းလက်ထက်နှင့် တစ်မင်းလက်ထက် မတူ။ အဆင့်အတန်း၊ အနိမ့်အမြင့်၊ အကြုံအဆူ ရှိသေးပုံကိုလည်း မပြရသေးချေ။ တစ်နေ့တွင် အချိန်လုံလောက်စွာ ရရှိက နိုင်ငံတော်ရာဇဝင်ကို ဇယားကွက်သက်သက်ဖြင့် ရေးဆွဲဖော်ပြရန် အကြံ ရှိသည်။ အချိန်ရ မရကား မပြောတတ်သေး။ သို့သော် အထက်ပါ ဇယားမှာကဲ့သို့ သဘောပေါက်ရုံ အကြမ်းမျှ အကွက်ချ၍ ဖော်ပြထားလိုက်ဦးမည်။ သို့မှ ကျွန်ုပ်ကိုယ်တိုင် မလုပ်နိုင်စေကာ အခြားပုဂ္ဂိုလ်တစ်ဦးဦး အကြံဉာဏ် အစရကာ ပြီးစီးအောင် လုပ်ကိုင်နိုင်ပေလိမ့်မည်။

နိုင်ငံတော် အကျယ်အဝန်း၊ အဆင့်အတန်း စသည်ကို အကြမ်းပြရာသော ဇယားကွက်ကို ခေတ်ကြီးများအလိုက် ပြရလျှင် အထက်က ပြပြီး ဇယားအတိုင်းပင် ပြရလိမ့်မည်။ ခေတ်တစ်ခေတ်မှ မင်းဆက် အစီအစဉ်အတိုင်း ပြလျှင် ပိုမိုရှင်းလင်းလွယ်ကူလိမ့်မည်။ ခေတ်အားဖြင့်လည်း ပြရလိမ့်မည်။ မင်းစဉ်မင်းဆက် အားဖြင့်လည်း








ကုန်းဘောင် တစ်ဆယ့်တစ်ဆက်

ပြရလိမ့်မည်။ ကုန်းဘောင်ခေတ်ကို ဇယားသွင်းရာတွင်ကား နိုင်ငံတော်တစ်ခုတည်း အဆင့်အတန်းကို ပြရုံမျှဖြင့် မဖြစ်နိုင်။ မဟုတ်မှန်နိုင်ရာချေ။ ထိုခေတ်တွင် ကမ္ဘာ့နိုင်ငံရေးများ လှိုင်းတံပိုး ခတ်လာချေပြီ ဖြစ်၍ ထိုကမ္ဘာ့နိုင်ငံရေး အခြေအနေကိုပါ ဇယား ယှဉ်ရလိမ့်မည်။

သို့သော် အခြားအဆင့်အတန်းများနှင့် ပတ်သက်၍ သဘောပေါက်ရန်မျှ အတွက် ကုန်းဘောင်မင်းဆက်များကိုပင် (ကမ္ဘာ့နိုင်ငံရေး အခြေအနေ နှိုင်းယှဉ်ချက် မပါဘဲ) စံပြ ထုတ်ပြလိုက်တော့မည်။ [ယင်းဇယားကို တစ်ဖက်တွင် ဖော်ပြထားပါသည်။ **ရာပြည့်စာအုပ်တိုက်**] အကြောင်းကား ကုန်းဘောင်မင်းဆက်များကို ယခု သူငယ်တို့သည် အခြားမင်းဆက်များထက် ပိုမို မှတ်မိပြီး ဖြစ်သည် ထင်မြင်သောကြောင့်တည်း။

ယင်းသို့ ဖော်ပြရာပါ ဇယားတို့ကား သင်္ကေတ စံပြမျှသာ ဖြစ်သေး၍ အနုစိတ် တိကျသည်အထိ မဟုတ်သေးပေ။ အန စိတ်ချင်သလို စိတ်၍ ရှင်းလင်းအောင် ပြနိုင် သင့်လေသည်။ သို့သော် ဤမျှဖြင့်ပင် သင့်တော်လောက်လေပြီ။


## တန်ဆောင်မုန်းလဆုတ် ၁၄ ရက်

(ကြာသပတေးနေ့)

ဦးဘခင် ရေးရန် တိုက်တွန်းသော စာအုပ်ကို ယမန်နေ့က မှတ်တမ်းတင်ထားသည့် အချက်များကိုပင် အကျယ်ချဲ့၍ ရေးပေးလိုက်က ကောင်းလေမည်လား တွေးမိသည်။ "မြန်မာသစ် ဖန်တီးမှု" ဆိုသော စကားကလေးကိုပင် စာအုပ်အမည် တပ်၍ ရေးရလျှင် အကြောင်းလည်း တိုက်ဆိုင်မည်။ အကျိုးလည်း ရှိမည်။ ရေးရန် အချက်များမှာ ကျယ် ဝန်းလှသည်။ စိစစ်ရန် အချက်အလက်များလည်း များလှလေသည်။ နိုင်ငံတော် လက်ရှိ အစိုးရများ၏ ဝါဒနှင့် လက်ကိုင် စနစ်တို့ကို စိစစ်မိ၍ အလိုမကျက အဖြတ်အတောက်၊ အပြင်အဆင် ခံရမည့်ဘေးလည်း ရှိသေးသည်။ ရေးလျှင်လည်း တိတိကျကျပင် ရေးချင်သည်။ ကျွန်ုပ်တို့၏ စိတ်ဓာတ်မှာ "ချစ်လုံးလုံး၊ မုန်းလျားလျား" ဆိုသော စကားကဲ့သို့ "ယတိပြတ်" နိုင်လှသည်ဖြစ်၍ အလုပ် လုပ်ရမည်မှာ ခွကျတတ ဖြစ်နေတော့သည်။

ဤတွင် ကျွန်ုပ်မှာ သက်တူရွယ်တူ လူငယ်ခေါင်းဆောင်များနှင့် များစွာ ကွာခြားလျက် ရှိတော့သည်။ အလုပ်တစ်ခုကို လုပ်ဖို့ ရှိလာလျှင် ထိုအလုပ်၏ အကျိုး အပြစ်တို့ကို အလိုလို စိစစ်မိလျက်သား ဖြစ်တော့သည်။ သို့စိစစ်၍ မိမိ လုပ်ခြင်း အားဖြင့် မိမိတွင် ဂုဏ်သိက္ခာ ထိခိုက်မည်၊ သို့မဟုတ် တိုင်းပြည်၏ အကျိုးကို ထိခိုက် မည်ဖြစ်က ထိုအလုပ်ကို မလုပ်လိုတော့ချေ။ အပြစ်သန့်စင်သည့်၊ အပြစ်တင်ကင်းမည့် အလုပ်မျိုးကိုသာ လုပ်လိုစိတ် ရှိသည်။ လောကီမှု ဆိုင်ရာတွင် ဤအလုပ်မျိုး ဘယ်မှာ





ရှိပါသနည်း။ ရှိလျှင် ဘယ်နခါ ပေါ်ပါသနည်း။ ဤနေရာတွင် ကျွန်ုပ်မှာ ဘုရားအစစ်အပွင့်ကို စောင့်သော ရဟန္တာဒီတို့နှင့် တစ်ထပ်တည်း တူနေတော့သည်။ ရဟူဒီတို့မှာ ရှေးသရောအခါကပင် ၎င်းတို့၏ လက္ခဏာကျမ်းနှင့် ညီညွတ်သော ဘုရားအပွင့်ကို စောင့်နေကြရာ လောက၌ ဘုရားတစ်ဆူ ပွင့်ပြီဟူသော သတင်းကို ကြားလျှင် ထိုဘုရားရှိရာသို့ သွားရောက်၍ မိမိတို့ သိထားသော လက္ခဏာကျမ်းဖြင့် စစ်ဆေးကြည့်ကြသည်။ ယခုအချိန်သို့ တိုင်အောင် သူတို့လက္ခဏာကျမ်းနှင့်ညီသည့် ဘုရားမပွင့်သေး၍ ဘုရားပွင့်ရန် စောင့်နေကြရတုန်းပင် ဖြစ်ချေသည်။ ကျွန်ုပ်မှာလည်း မိမိဂုဏ်သိက္ခာကို ငဲ့လွန်း၍ သော်လည်းကောင်း၊ နိုင်ငံတော် အကျိုးယုတ်သည်ကို မလုပ်မိရန် ထိန်းသိမ်းလွန်း၍ သော်လည်းကောင်း စာရေးပြီး တိုင်းပြည်ပြုခြင်းမှ လွဲ၍ မည်သည့် အလုပ်ကိုမျှ ခြေစုံပစ်၍ ဝင်ရောက်လုပ်ကိုင်ခြင်း မပြုရသေး။ ထိုအပြစ်နှစ်ပါးနှင့် ကင်းလွတ်မည့် အလုပ်ကား ဘယ်တော့ခါမှ ပေါ်ထွက် လွင့်ပေါက်လာမည် မသိ။ ကျွန်ုပ်၏ မိတ်ဆွေများကား ကျွန်ုပ်မျှလောက် အစိုးအကြောက် မရှိကြ။ အခွင့် ပေါ်ပေါက်လျှင် ပေါ်ပေါက်သလို မီးစင်ကြည့်ပြီး က သွားကြရာ အာဏာလိုချင်လျှင် ၎င်းတို့၏ လုပ်ပုံသည် နည်းလမ်း ကျနမှန်ကန်သည်ဟု ဆိုရမည် ဖြစ်လေသည်။ မျိုးချစ်ဟူ၍ ဦးစွန်းတလူလူနှင့် တစ်ခေတ်တစ်ခါက ဝင့်လာသူတို့သည် အဓိပတိကြီး ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် အဘယ့်ကြောင့် ပါဝင် နေနိုင်ကြရသနည်း။ သခင်များသည် အဘယ့်ကြောင့် ဒေါက်တာဘမော်၏ ခေတ်သစ် ညွန့်ပေါင်းအစိုးရတွင် ပါဝင်ယှဉ်တွဲ နေနိုင်ကြသနည်း။ အဖြေကား မဝေးပါလေ။ လျောက်လျားအတိုင်း မီးစင်ကြည့်၍ က ခြင်းဖြစ်ရာ နိုင်ငံရေးရာတွင် အပြစ်မတင်သာ။ လူတစ်ယောက် အနေဖြင့်သာ မျက်နှာကြောင်ရာ ကျသည်။

ဤတွင် သူတို့လည်း မမှား။ ကျွန်ုပ်လည်း မမှား။ မမှားရာချင်း တူလျှင် သူတို့က အာဏာအသင့်အတင့် လက်ကိုင် ရရှိလုပ်ကိုင်နိုင်၍၊ အာဏာအပြည့်ရမှ တကယ်လုပ်မည်ဟု ကျွန်ုပ်က ဘေးက ကြည့်ပြီး စိတ်မောနေရရုံ ရှိလေသည်။ သူတို့မှာ ကံရာဇာငယ်၏ ပရိယာယ်ကို သုံးလျက်၊ ကျွန်ုပ်မှာ ကံရာဇာကြီး၏ ပရိယာယ်ကိုပင် အာရုံငြိတွယ်နေလေသည်။ ကံရာဇာငယ်သည် ဘုရင်ရွှေးကောက်ပွဲဘုရားကို ဖြစ်ကတတ်ဆန်း အထည်များဖြင့် ဖြစ်ရုံမျှလောက် ရှေးရှုကာ အပြီး တည်ပြသူ ဖြစ်၏။ ကံရာဇာကြီးကား အခါကို မချင့်၊ အခွင့်ကို နားမလည်၍ ဘုရားပီသအောင် သစ်ကြီးဝါးကြီးများဖြင့် လုံးပန်း ဆောက်လုပ်သောကြောင့် မင်းအဖြစ်မှ လွဲခဲ့သူ ဖြစ်လေသည်။

တိုင်းပြည်တစ်ပြည်သည် အခိုင်အမာလည်း အခြေပျိုးရ၊ လက်တစ်လုံးခြားပရိယာယ်ဉာဏ်ဖြင့်လည်း အခြေမပျက်စေရန် သော်လည်းကောင်း၊ အခြေ တိုးတက်





စေရန် သော်လည်းကောင်း အခါအားလျော်စွာ ပျိုးထောင်လျှင် ကံရာဇာငယ်သည် ဘုရင်ဖြစ်ရုံမျှ အတွက်သာ ဘုရားကို ဖြစ်ကတတ်ဆန်း တည်၏။ နိုင်ငံတော် တည်ထောင်ရာတွင် ဘုရားကို ဖြစ်သလို တည်ခဲ့သလို လုပ်၍ မရချေ။ လုပ်လျှင်လည်း ၎င်းနိုင်ငံတော်မှာ ခိုင်မြဲဖွယ်ရာ ရှိမည် မဟုတ်ပေ။ အနော်ရထာမင်းစောသည် ပထမမြန်မာနိုင်ငံတော်ကြီးကို ကံရာဇာကြီး၏ စနစ်ဖြင့် ထူထောင်ခဲ့၍သာ နောက်နိုင်ငံတော်များအဖို့ အခြေခံကောင်းကို ဖန်တီးပေးနိုင်ခဲ့ခြင်း ဖြစ်၏။ ကံရာဇာငယ်၏ စနစ်ဖြင့် ထိုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့က ယခုအခါ ကံရာဇာငယ် တည်သောဘုရား အစရှာ၍ မရတော့သလို၊ ထိုနိုင်ငံတော်၏ အမွေအနှစ်တို့မှာ ယခုအချိန်တွင် ကျန်ရှိရစ်တော့မည် မဟုတ်။

နိုင်ငံတော် ထူထောင်မှုအတွက် အာဏာအလုံအလောက် ရရန် အားထုတ်ရာတွင် ကံရာဇာငယ်၏ “အနိုင်” ပရိယာယ်သည် အကောင်းဆုံးလည်း ဖြစ်၏။ အထက်မြက်ဆုံးလည်း ဖြစ်လေသည်။ သို့ဖြစ်ရာ အာဏာလုံးပန်းမှုတွင် ကံရာဇာငယ်ကဲ့သို့ မရှက်မကြောက် လုပ်ခြင်းကို ရှုတ်ချဖွယ်ရာ မရှိပေ။

သို့သော် နိုင်ငံတော်ကို အရှည်တည်တံ့ ထွန်းကားအောင် ပျိုးထောင်ရာတွင်ကား “အခိုင်” ကိုသာ ရှေးရှုရမည် ဖြစ်၏။ ကံရာဇာကြီးကဲ့သို့သာ လုပ်လေရာ၏။ ကံရာဇာငယ်ကဲ့သို့ တစ်နေရာတွင် လုပ်အံ့။ ထိုနေရာသည် နောင်သောအခါ လစ်လပ်ချွတ်ယွင်း နစ်နာခြင်း ရှိလေရာ၏။

ဤသဘောတရားနှစ်ရပ်ကို အချုပ်အမြွက်မျှသာ ပြလိုက်၏။ အစဉ်ထာဝရအားဖြင့် ကံရာဇာကြီး၏ “အခိုင်” အပြုအမူကို အတုယူ လုပ်ဆောင်အပ်၏။ အကျဉ်းအကျပ် ကျလာလျှင် သို့မဟုတ် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် ကံရာဇာငယ်၏ “အနိုင်” ပရိယာယ်မျိုးကို နိုင်ငံတော်အတွက် မရှက်မကြောက် သုံးရာ၏။

မြန်မာနိုင်ငံတော်၏ ရာဇဝင်အစတွင် ကံရာဇာကြီး၊ ကံရာဇာငယ် မင်းအဖြစ်ယှဉ်ပြိုင်ရွေးကောက်ပွဲသည် အလွန် အရေးကြီးခဲ့၏။ ယခု လွတ်လပ်သော နိုင်ငံတော်ကြီး အဖြစ် ပြန်၍ ပထမ အခြေပျိုးရာတွင် ကံရာဇာကြီး၏ စနစ်ကို လိုက်နေသလော။ ကံရာဇာငယ်၏ ပရိယာယ်ကို လိုက်နေသလော။ စောကြောဖွယ် ဖြစ်လာ၏။ ကံရာဇာကြီး၏ စနစ်တစ်ခုတည်းဖြင့် သော်လည်းကောင်း၊ ကံရာဇာငယ်၏ ပရိယာယ် တစ်ခုတည်းဖြင့် သော်လည်းကောင်း နိုင်ငံတော်သစ်ကို အခြေပျိုးခြင်းငှာ မဖြစ်စကောင်း။ အကြောင်းအားလျော်စွာ နှစ်ဖြာသော ပရိယာယ်တို့ကို သုံးကြမှ အရှည်ကောင်းမည် ဖြစ်၏။ အနိုင်လည်း ကြံရာ၏။ အခိုင်လည်း လုပ်ရာ၏။ အာဏာရအောင်လည်း ကြိုးပမ်းရာ၏။ ရသောအာဏာဖြင့် အခိုင်လုပ်နိုင်အောင်လည်း ဆောင်ရွက်ရာ၏။

"အနိုင်" လုပ်ခြင်းသည် "အခိုင်" လုပ်ခြင်း၏ ပထ မစခန်းမျှသာ ဖြစ်၍ အလို အလျောက် ဆုံးနေသော လမ်းတစ်လမ်း မဟုတ်ကြောင်း မပြတ် သတိရကြရာ၏။

စစ်ကာလအတွင်းဖြစ်၍ စစ်နိုင်မှုအတွက် လုံးပန်းသမျှတွင် "အနိုင်" ပရိယာယ် ဖြင့် စေစားလျက်၊ လွတ်လပ်သော နိုင်ငံတော်အဖြစ် အခွန့်ရှည်စွာ တည်တံ့အောင် အခြေစိုက်လေသမျှတွင် "အခိုင်" စနစ်ကို လိုက်နာရာ၏။

လက်ရှိ အစိုးရအဖွဲ့တွင် ကံရာဇာငယ်များလည်း ပါလေရာ၏။ ကံရာဇာ ကြီး များလည်း ပါတန်ရာ၏။ အခါအခွင့်ကို ကြည့်၍ လုပ်ကိုင်သွားကြမှ နိုင်ငံတော် အကျိုးပွားစီးမည် မှန်၏။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရများသည် လည်းကောင်း၊ နိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် လည်းကောင်း အမြင်ရှင်းကြဖို့ အရေးကြီး၏။ ရာဇဝင် ပဝေ အစဉ် အခြေပြုဖြစ်သော ကံရာဇာ ညီနောင်၏ သင်ခန်းစာသည် ယခု ကျွန်ုပ်တို့ မျက်မှောက် နိုင်ငံတော်ကြီးအတွက် အကျိုးရှိစေရာ၏။

"အနိုင်" နှင့် "အခိုင်" ပရိယာယ်များအကြောင်း ရေးရာတွင် ဆက်လက် ဖော်ပြဖွယ် အကြောင်းများ ပေါ်ထွက်လာ၏။ နိုင်ငံရေးသမားများ (အာဏာရရန် လုံးပန်းဆဲဖြစ်သော သူများ) မှာ "အခိုင်" လုပ်မည်ဟု ဟန်ပြ ဆွဲဆောင်၍ "အနိုင်" ကိုသာ လုံးပန်းကြရာ၏။ "အခိုင်" ဖြင့် ဟန်ပြပြီး "အနိုင်" မလုပ်ဘဲ "အခိုင်"ကိုပင် ကြိုးပမ်းက "အနိုင်"မရဘဲ လိမ့်လဲ တတ်ကြ၏။

အစိုးရများ (အာဏာ လက်ကိုင်ရရှိ အုပ်ချုပ်သူများ) မှာ "အနိုင်" ပရိယာယ် ကို လိုသောအခါ၌သာ လိုသလောက်ထက် မပိုစေဘဲ သုံးလျက် "အခိုင်"ကိုသာ အားခဲ လုံးပန်းကြရာ၏။ "အနိုင်" ပရိယာယ်ဖြင့် နိုင်ငံရေးသမားများ အစိုးရဖြစ်လာလျှင် "အခိုင်"ကို ပြောင်းလွဲ ရှေးရှုဖို့ အလွန်အရေးကြီး၏။ အစိုးရ ဖြစ်သည့်တိုင်အောင် "အနိုင်" ပရိယာယ်တွင်သာ ငြိတွယ်နေက နိုင်ငံ နစ်နာတတ်၏။

အင်္ဂလိပ်ဘာသာတွင် နိုင်ငံရေးသမားကို Politician (ပေါ်လတစ်ရှင်း) ဟူ၍ ခေါ်လျက်၊ အုပ်ချုပ်သူ အစိုးရကို Statesman (စတိတ်မင်း) ဟု ခေါ်၏။ Politician ကား "အနိုင်" လုံးပန်းရေးသမား။ Statesman ကား "အခိုင်" လုံးပန်းရေး သမား ဟူ၍ တစ်နည်း မှတ်သားနိုင်ကြ၏။

"အနိုင်"ကား အနိုင်ရရန် ရည်ရွယ်သည့် ပရိယာယ် တစ်ခုမျှသာ ဖြစ်၏။ "အခိုင်"ကား အနိုင်ရပြီးသူတိုင်း မမေ့မလျော့၊ မပေါ့မတန်၊ မနှေးကန်ဘဲ အမှန် ပြုသင့်သည့် "အလုပ်အစစ်" ဖြစ်သင့်၏။

"အနိုင်" ရလျက် "အခိုင်" ရခိုက် "အခိုင်" မလုပ်က အနိုင်ရကျိုး မနပ်။ ကာလ အခွန့်မရှည်ကြာ။ လျင်မြန်စွာ ရွေ့လျောရာ၏။ "အနိုင်" ရခိုက် "အခိုင်" လုပ်က လုပ်သလောက် အကျိုး ဖြစ်ထွန်းလေရာ၏။ ဥဒါန်းတွင်ရစ် လေရာ၏။



## တန်ဆောင်မုန်းလဆုတ် ၁၅ ရက်
### (သောကြာနေ့)

ယမန်နေ့ ညက ထမင်းစားပြီးနောက် ကိုဇဝန ထုတ်ဝေမည့် "သက်န်းဝတ်" ဝတ္ထု အတွက် နိဒါန်းရေးပေးမည် အကြံအစည်ဖြင့် သုံးလေးကြောင်းမျှ စ လိုက်ရသေးစဉ် ဥသြမှုတ်သဖြင့် တစ်ခါတည်း ရပ်ထားလိုက်ရတော့သည်။ မီးကျည်များ အခိုင်လိုက် အခိုင်လိုက် ချ၍ ဗုံးများ ကြဲသွားသည်။ ကျွန်ုပ်စိတ်ထင် ညဘက် ဗုံးလာကြဲသမျှ ဤအကြိမ်သည် မီးရှူးအများဆုံး၊ ဗုံးအချဆုံးဟု ထင်မှတ်မိတော့သည်။ တစ်မြို့လုံး လင်းထိန်ပြီး နေတော့သည်။ ၁၀ နာရီခန့်တွင်မှ ဘေးရန် ကင်းရှင်းကြောင်း အချက်ပေး ဥသြ မှုတ်တော့သည်။

ည သန်းခေါင်ကျော် ၂ နာရီ ၁၀ မိနစ်တွင် လေကြောင်း အချက်ပေးပြန်သည်။ ရန်သူလေယာဉ်ပျံ လာ၍ ဗုံးကြဲပြန်သည်။ မီးကျည်ပါ ချ၏။ သို့သော် ညဦးကလို အခိုင်လိုက် အတွဲလိုက် မဟုတ်ဘဲ ခါတိုင်းသုံးနေကျ မီးဝါ မီးကျည် တစ်လုံးစီ တစ်လုံးစီ ဖြစ်သည်။ ညဦးကမူ မီးဝါများကို ၃ လုံးမှ ၅ လုံး၊ ၆ လုံးအထိ အခိုင်လိုက် အတွဲလိုက် နေရာပေါင်းများစွာတွင် တစ်ပြိုင်နက်တည်း လည်းကောင်း၊ ဆင့်ကာ ဆင့်ကာ လည်းကောင်း ချ၍ မီးစိမ်းပြာ တစ်လုံးကိုလည်း ၎င်းတို့အထက်မှ ချသွားလေသည်။ ညဦးက မီးစိမ်းပြာ ၃ လုံးခန့် တစ်ခုပြီးတစ်ခု ချသွားကြသည်ကို မြင်လိုက်ရသည်။

ရန်သူလေယာဉ်ပျံများကို ဂျပန်လေယာဉ်ပျံများနှင့် လေယာဉ်ပျံပစ် အမြောက်များက အကြိတ်အနယ် ခုခံတိုက်ခိုက် ပစ်ခတ်ကြလေသည်။ ဘယ်နှစင်း ပျက်သည်၊ ထိသည်ကို ရက်များမကြာမီ ကြားရလိမ့်မည် ထင်သည်။ ယမန်နေ့ နေ့ခင်း ကလည်း ရန်သူ ၉ စင်းလာရာ ဆီးကြို ပစ်ခတ်သဖြင့် ၃ စင်း ပျက်ကျသွားသည်ဟု ကြားရသည်။ ဤကဲ့သို့ ရန်သူတို့လာတိုင်း အပျက်အစီးရှိအောင် များများ ပစ်ချပေး နိုင်က ဗုံးဘေးမှာ တစ်ကြိမ်ထက် တစ်ကြိမ် ကင်းဝေးသွားဖွယ်ရာ ရှိသည်။

စစ်တိုက်ရာတွင် ဗုံးချခြင်းဖြင့် အရှုံးအနိုင် ပြတ်ပြတ်သားသား မရနိုင်ချေ။ ဗုံးချမှုကို အစီအစဉ် ကျကျနနဖြင့် စနစ်ရှိရှိ မပြုလုပ်က စစ်နိုင်ဖို့ အထောက်အပံ့ တစ်ခုအဖြစ် အသုံးမတည့်။ အလကားပင် ဖြစ်လေတော့သည်။ ဂျပန်များ၊ ဂျာမန် များနှင့် ရုရှားတို့သည် ဗုံးကြဲခြင်းကို မိမိတို့ တပ်ဦးအတွက် လွယ်ကူစေရန် ရန်ဖြို လက်နက်တစ်ရပ်အဖြစ် ထိရောက်အောင်မြင်စွာ အသုံးချခဲ့ကြလေပြီ။ ယခု မြန်မာ ပြည်တွင် ရန်သူတို့ ဗုံးလာကြဲပုံကား စစ်ဖြစ်လျှင် ဗုံးကြဲရသည်ဟူသော အသိတရား အတိုင်း လာရောက် ကြဲချနေသကဲ့သို့ ဖြစ်လေတော့သည်။ အပြစ်ကင်းမဲ့သော အရပ် ဒေသများ၊ လူများ၊ အဆောက်အအုံများသာ ထိခိုက်ပြိုပျက်သည် များသည်။ ... ကိုယ့်တပ်အကျိုးအတွက် သူ့အခြေကို ဖျက်ရာ၌ အထိရောက်ဆုံး သုံးနိုင်လျှင် ...

သုံးနိုင်သူသည် ဖုံးချခြင်းဖြင့် အကျိုးအများဆုံး ခံစားရသည်ဟု မှတ်ယူရပေမည်။ ယခု ရန်သူတို့ လုပ်ပုံကား ဖုံးသွန်ခြင်းပင်ဖြစ်၍ အချည်းနှီးပင်၊ ခရီးမမြောက် ဖြစ်ချေသည်။

ရန်သူတို့ဘက်က လက်နက်များမှာ ကျွန်ုပ်တို့၏ လက်နက်များထက် ပို၍ ကောင်းကောင်း ကောင်းပေလိမ့်မည်။ ရန်သူတို့ဘက်က လက်နက်အင်အားမှာ ကျွန်ုပ်တို့ ဘက်က လက်နက်အင်အားထက် အဆပေါင်းများစွာ ကြီးမားကောင်း ကြီးမားပေလိမ့်မည်။ သို့သော် လက်နက်ကောင်းရုံ၊ လက်နက်များရုံဖြင့် စစ်နိုင်လိမ့်မည်ဟု ထင်မှတ်စရာလော။ ထင်မှတ်စရာ မဟုတ်။ ထင်မှတ်လျှင် မှားချိမ့်မည်။

ဤစစ်ကြီးတွင် လွန်လေပြီးသော စစ်ကြီး၊ စစ်ငယ်များမှာကဲ့သို့ လည်းကောင်း၊ နောင် လာလတ္တံ့သော စစ်ကြီးစစ်ငယ်များကဲ့သို့ လည်းကောင်း၊ စိတ်ဓာတ်ထက်သန် ခိုင်မြဲ ဖွဲ့နပဲကောင်းသော နိုင်ငံသာ နိုင်ရလိမ့်မည်။ လက်နက်သည် အခရာမဟုတ်။ စိတ်ဓာတ်သာ အခရာဖြစ်၏။ လက်နက်မိုးပျံအောင် ကောင်းနေစေကာမူ စိတ်ဓာတ် မထက်သန် မခိုင်မြဲက လက်နက်ကောင်းခြင်းမှာ အချည်းနှီးသာ။ သိကြားမင်း၏ ဝရဇိန်လက်နက် ဖြစ်စေကာ တိုက်ရာခိုက်ရာ၌ စိတ်မာန်နှင့် ဖွဲ့ လစ်ဟင်းပေါ့လျော့နေက အောင်ပွဲရမည် မဟုတ်။ ဝါးရင်းတုတ်သည် တစ်ခုတည်းသော လက်နက်ဖြစ်စေကာမူ တိုက်ရာ ခိုက်ရာ၌ စိတ်မာန်နှင့်ဖွဲ့ ရှိချေက မုချအောင်မြေ နင်းရလိမ့်မည်သာ။

ဤအကြောင်းများနှင့် စပ်လျဉ်း၍ နန္ဒိသေနအကြောင်း အကျယ်တဝင့် ရေးချင်သေးသည်။ ရေးလျှင် ကျမ်းကလေးတစ်စောင် ဖြစ်လောက်သည်။

*

ယမန်နေ့ (လဆုတ် ၁၄ ရက်၊ ကြာသပတေးနေ့) ညနေက အိမ်ခြံဝင်းအတွင်း၌ ပျိုးခင်း ၃ ခု ခင်းပြီးလျှင် ရုံးပတီ၊ ချဉ်ပေါင်၊ ဂေါ်ဖီနှင့် ကြက်သွန်နီ ဤလေးမျိုးကို မျိုးစေ့ ချခဲ့သည်။ နွားချေး တစ်လှည်းတိုက် ၈ ကျပ်နှင့် ဝယ်ရန်မှာ ရောင်းသူနှင့် မဆုံသေး၍ မဝယ်ရ။ ရှိရင်း မြေအတိုင်းပင် စိုက်ရသည်။ ပထမ သုံးမျိုးကို အစေ့ပျိုး၍ ကြက်သွန်နီကိုမူ ကြက်သွန်ဥပင် ထည့်ပျိုးသည်။ ဘယ်နေ့ ဘယ်အပင်က ဘယ်လို အရွက်အခက် ထွက်မည်ကို ကြည့်မှတ်ရဦးတော့မည်။ ကျောင်းသားဘဝက လယ်ယာစိုက်ပျိုးရေးကို သင်ခန်းစာ ဘာသာတစ်ရပ်အဖြစ် သင်ယူခဲ့ဖူးသည့်အပြင်၊ ကိုယ်တိုင်ပင်လျှင် ဟင်းသီးဟင်းရွက်တို့ကို ကျောင်းဥယျာဉ်တွင် တာဝန်ယူ စိုက်ပျိုးခဲ့ဖူးရကား စိုက်ပျိုးရာ၌ အခြေခံ အတန်ရှိသည်ဟု ဆိုရပေမည်။ သို့သော် ကျွန်ုပ်၌ အခြေခံရှိရုံဖြင့် မပြီး။ မြေသြဇာ အခြေခံရှိမှ အပင်ဖြစ်မြောက်မည် ဖြစ်၍ နွားချေး အမြန်ဝယ်မှ ဖြစ်မည်။

မြန်မာအိမ်ထောင်တိုင်း ယခုကဲ့သို့ တတ်နိုင်သမျှ စိုက်ပျိုးလုပ်ကိုင်ကြမည် ဆိုက စရိတ် အကုန်အကျ များစွာ သက်သာမည့်အပြင် လတ်ဆတ်သော ဟင်းသီး





ဟင်းရွက် တို့ကို စားရရုံမျှမက စိတ်အကျင့်၊ ကိုယ်လက်လှုပ်ရှားရေး အကျင့်တို့လည်း ရလိမ့်ဦးမည်။ ပန်းဥယျာဉ် စိုက်ပျိုးခြင်းသည် လူ၏စိတ်ကို လန်းဆန်းစေသည်သာ မဟုတ်။ နပျိုခြင်း၊ ဖျတ်လတ်ခြင်းကိုလည်း ဖြစ်စေနိုင်လေသည်။

မြန်မာမြေကြီးနှင့် ပတ်သက်၍ အင်္ဂလိပ်လူမျိုး မြန်မာရာဇဝင်ဆရာ ဂျီ၊ အီး၊ ဟာဗေ သုံးနှုန်းသွားသော စကားလုံးတစ်ခုကို သွားပြီး သတိရမိသေးသည်။ မြန်မာလူမျိုးများ အလုပ်လုပ်ရန် ပျင်းရိခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအကျိုး စိစစ်ဝေဖန်ရာဝယ် ဂျီ၊ အီး၊ ဟာဗေက မြန်မာပြည်၏ ရာသီဥတုမှာ နေ့လယ် နေ့ခင်းဘက်တွင် အလွန်အမင်း ပူပြင်းလှသည် ဖြစ်၍ နေ့လယ်တွင် မည်သူမျှ အလုပ် မလုပ်နိုင်ကြကြောင်း၊ ၎င်းပြင် မြန်မာပြည်၏ မြေသြဇာမှာ အဘယ်မျှ ကောင်းနေသနည်းဟူမူ မြေကြီးကို ထယ်ဖြင့် ကလိလိုက်ရုံမျှဖြင့် မြေကြီးမှာ အသီးအနှံဖြင့် ပွင့်ပေါက်ပြုံးရယ်လျက် ရှိနေရကား၊ မြန်မာလူမျိုးတို့မှာ ကြိုးစားလုပ်ကိုင်နေရန် မလိုတော့ကြောင်းဖြင့် ဆိုသွားလေသည်။ ဤစကား မှန်သည်။ မှန်ရုံသာလော မဟုတ်သေး။ စကားအသုံးလည်း လှလေသေးသည်။ လူကို လက်ဖြင့် ကလိထိုးလျှင် ရယ်သံ တစ်ခါတည်း ထွက်ပေါ်လာ၏။ ထို့နည်းတူ မြန်မာမြေကြီးကို ထယ်ဖြင့် တစ်ချက် ကလိလိုက်လျှင် အသီးအနှံ တည်းဟူသော ရယ်သံမှာ တစ်ချက်တည်း ထွက်ပေါ်လာလေသည်။

၎င်းစာအုပ်ကို လွန်ခဲ့သည့် ၁၃-၄ နှစ်လောက်ကပင် စွန့်လွှတ်ခဲ့သည် မှန်သော်လည်း၊ ၎င်းသုံးနှုန်းသွားသော ထိုစကားကလေးကို ယခုအထိ သတိရနေခြင်းမှာ ကျွန်ုပ်၏မှတ်ဉာဏ်ထက် ၎င်း၏စကားလုံးများက အထူးတလည် ဟုတ်မှန်လှပစွာ ကောင်းမွန်နေသောကြောင့်သာ ဖြစ်လေသည်။ ၎င်း၏စကားအရင်းတိုင်း အသုံးအနှုန်းမှာ "The land tickled with a hoe laughs with a harvest" ဟူ၍ ဖြစ်သည်။

ထိုစာအုပ်တွင် ကျွန်ုပ် သဘောကျ၍ မမေ့နိုင်သော စကားအချို့ ရှိသေးလေသည်။ သမ္မာကျမ်းစာတွင် ခရစ်တော်ယေရှုက "ငါသည် ဖျက်ဆီးရန် လာသည် မဟုတ်။ လိုရာဖြည့်ပေးရန် လာခြင်းဖြစ်သည်" ဟု မြွက်ကြားသွား၏။ ရာဇဝင်ဆရာ ဟာဗေက ထိုစကားကို သံယောင်လိုက်ကာ "မြန်မာပြည်ကို အင်္ဂလိပ် သိမ်းပိုက်မှု ရောက်ရှိလာခြင်းမှာ ဖျက်ဆီးရန် မဟုတ်။ ဖြည့်စွက်ရန် ဖြစ်သည်" ဟု အကြီးအကျယ်လုပ်ကာ ဆိုလိုက်လေသည်။

အင်္ဂလိပ်များ မြန်မာပြည်၌ ဖျက်ဆီးခြင်း၊ ဖြည့်စွက်ခြင်း။ ဤအခြင်းအရာ နှစ်ရပ်အနက် မည်သည့်အရာကို ပို၍ လုပ်သွားသည်ကို မြန်မာတိုင်း ကောင်းစွာ သိကြ၏။ သို့သိကြသဖြင့်သာလျှင် အင်္ဂလိပ်တို့ လက်အောက်၌ တစ်နေ့မျှ မပျော်ပိုက် မကျေနပ်နိုင်ကြခြင်း ဖြစ်လေသည်။ သို့သိကြသဖြင့်သာလျှင် အင်္ဂလိပ်အား အာရှကိုက်

မှ နှင်ထုတ်ရန် တတ်စွမ်းနိုင်သည့် တစ်ဦးတည်းသော ပြည်ဂျပန်ကို အားသွန် အားကိုးခဲ့ကြခြင်း ဖြစ်လေသည်။

အင်္ဂလိပ်တို့သည် လိုရာကို ဖြည့်စွက်မပေးခဲ့သလော ဟူငြားအံ့၊ ဖြည့်စွက်ပေးပါ၏။ သို့သော် ဖြည့်စွက်ခြင်းထက် ဖျက်ဆီးခြင်းက ပိုမို များပြား၏။ မြန်မာ့လက်ငုတ်လက်ရင်းတို့ကို ပျက်စီးခြင်းပြုပြီးမှ ဘယ်တော့မှ မပြည့်နိုင်သည့် ဖြည့်စွက်ခြင်း မျိုးဖြင့် ဖြည့်စွက်ပေးခဲ့၏။

သဘောမှာ ကျွန်ုပ်တို့ နိုင်ငံတော်တွင် ရှိပြီးဖြစ်သော ခြေလက်အစုံကို ရိုက်ချိုးပစ်ပြီးမှ လူကြားကောင်းရုံ၊ သူ့အပေါ် မှီခိုနောက်လိုက်ဖို့ တုတ်တစ်ချောင်း လှမ်းပေးသကဲ့သို့သာ ဖြစ်ချေ၏။ သူ့တုတ်ကို တွယ်မှီလိုက်ဖို့ရန် နိုင်ငံတော်မှာ ခြေလက်အစုံနှင့်လူကောင်းပြကတော့ အဖြစ်မှ ခြေကျိုးပေးခဲ့ရ၏။

ဤစကားရပ်များကို ကျွန်ုပ်သည် အခြေခံ အထောက်အထား ကင်းမဲ့စွာ ပြောသည် မဟုတ်။ ဤစကားရပ်တွင် ပါရှိသော စကားလုံးတိုင်းအတွက် ကျွန်ုပ်တွင် သက်သေခံ အလုံအလောက် အခိုင်အမာအားဖြင့် ရှိ၏။ ထိုသက်သေခံသည် ကျွန်ုပ်တစ်ဦးတည်းတွင်မှ ထူး၍ပိုင်သော သက်သေခံ မဟုတ်။ နိုင်ငံတော်အတွင်းရှိ မြန်မာတိုင်းနှင့် သက်ဆိုင်သော (ဝါ) မြန်မာတိုင်း ပိုင်ဆိုင်ပြီးဖြစ်သော ရာဇဝင် သက်သေခံပင်ဖြစ်တော့၏။

အဘယ်သို့နည်း။

ဤ စာ ၄ လုံးသာပါသော မေးခွန်းကလေးကို ဖြေရလျှင် စာအုပ်ကြီး တစ်အုပ်ဖြစ်နိုင်၏။ ဖြစ်လည်း ဖြစ်စေသင့်၏။ ဦးဘခင် တောင်းသော "မြန်မာသစ် ဖန်တီးမှု" စာအုပ်ကို ဤမေးခွန်းကလေး အဖြေနှင့် အခြေပျိုး၍ ရေးရသော် ကောင်းလေမည်လော။ သို့တည်းမဟုတ် တခြားစီ ရေးရသော် ကောင်းလေမည်လော။ ဤအမေးများကို မေးရာတွင် ကျွန်ုပ်သည် စာရေးပျင်းသူတစ်ယောက် ဖြစ်သည်ကို ကျွန်ုပ်ကိုယ်တိုင် သတိမမူမိပါ၏လော။

## နတ်တော်လဆန်း ၁ ရက်

(စနေနေ့)

ခံနက်စောစော ကိုရင်ဇဝန စာအုပ်အတွက် နိဒါန်းကို အပြီးရေး၍ မြန်မာ့အလင်းတိုက်သို့ သွားရောက် ပေးအပ်သည်။ သူ့ "သက်န်းဝတ်" ဝတ္ထုကို စင်္ကာပူရနိုင်ငံက အင်္ဂလိပ်လိုပါ တစ်ပါတည်း တွဲထုတ်ဖို့ အကြံပေးခဲ့သည်။ နှစ်ခြိုက်ဟန် တူသည်။ ဦးတင်နှင့် စီစဉ်ပြီး ကြည့်ဦးမည်ဟု ဆိုသည်။ ရန်သူတို့ လေယာဉ်ပျံအစင်း ၅၀ ကျော်နှင့် လာရောက်ကြသည်။ မြောက်ဘက်ဆီက ဗုံးချသံ ကြားရသည်။ ဒုတိယ တစ်ကြိမ်





၉ စင်း လှည့်ဝင်ပြန်သည်။ တတိယ အကြိမ် လေဘေး အချက်ပေးရာတွင်ကား သင်းတို့ မလာကြ။

အပြန်တွင် "တိုင်းပြည်ပြု"သို့ ဝင်ရာ ကိုအုန်းခင်နှင့် တွေ့သည်။ မောင်တင်အေး ရေးဆွဲထားသော "မြေပဒေသာ" ဝတ္ထုစာအုပ် မျက်နှာဖုံး ရုပ်ပုံကားကြီး အိမ်ထဲ၌ ဆွဲချိတ်ထားသည်ကို မြင်ရသည်။ မြေပဒေသာဝတ္ထုမှာ နာမည်ကျော် "ဠတ်အာ့သ်" ခေါ် ဝတ္ထုကြီးမှ ဘာသာပြန်သော ဝတ္ထုဖြစ်၍ တစ်အုပ်လျှင် ၁၅ ကျပ်နှင့် သတင်းစာများ၌ ကြော်ငြာလျက် ရှိသည်။ "ဠတ်အာ့သ်" ကို ရေးသူမှာ အမေရိကန်ပြည်သူ စာရေးဆရာမကြီး ပါးလ်ဘတ်ဖြစ်ရာ ထိုဝတ္ထုရေး၍ ပူလစ်ဇာ ဆုကြီးကို ရခဲ့လေသည်။ ထိုဝတ္ထုကို မူတည်၍ ပေါလ်မူနီက ယောကျ်ားဇာတ်လိုက်၊ လူဝီရိန်နာက မိန်းမဇာတ်လိုက် လုပ်ပြီး ရုပ်ရှင် ပြသသွားသည့်အတွက်လည်း ထိုစာအုပ်မှာ ပိုမို နာမည်ကြီးလာခဲ့သည်။ ထိုရုပ်ရှင်ကား မြန်မာပြည်သို့ ရောက်လာပြီးနောက် များမကြာမီ မြဒေါင်းညိုက "ဝသုန်ဤမြေ" ဟု အမည်တပ်ပြီး ဘာသာပြန်ဆို ထုတ်ဝေသေးသည်။ သို့သော် ကျနခြင်း မရှိချေ။ သို့အတွက်ပင် တိုင်းပြည်ပြု တိုက်ရှင် ဦးအုန်းခင်က မြန်မာဘာသာသို့ ထပ်မံ ပြန်ဆိုစေခြင်း ဖြစ်သည်။

စာအုပ်ထွက်ခါနီးတွင် နိဒါန်းတစ်စောင် တခမ်းတနား ရေးပေးစေလိုကြောင်းဖြင့် ပြောဆိုသဖြင့် "မြေပဒေသာ" ဆိုသည့်အတိုင်း လယ်ယာစိုက်ပျိုးရေး ဝန်ကြီး သခင်သန်းထွန်းကို နိဒါန်းရေးခိုင်းလျှင် ပို၍ မကောင်းပါလောဟု အကြံပေးလိုက်ရာ၊ ကိုအုန်းခင်လည်း နှစ်ခြိုက်သဘောကျသည်နှင့် ကျွန်ုပ်တွင် တာဝန်တစ်ခု ပေါ့လျော့သွားလေတော့သည်။

စင်စစ်မှာလည်း ကျွန်ုပ်ထက် သခင်သန်းထွန်းက နိဒါန်းရေးရန် ပို၍ အခြေကောင်းပေသည်။ လယ်လုပ်ခြင်းအကြောင်း အသားပေး၍ ရေးထားသော ဘာသာပြန်ဝတ္ထုကို လယ်လုပ်ရန် နှိုးဆော်ဖို့ အများကြီးလိုနေသည့် အချိန်ကာလ တစ်ခု၌ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးပင် နိဒါန်းရေးခွင့် ရဖို့ ကောင်းသည်ဟု ကျွန်ုပ် ယူဆမိသည်။ ကျွန်ုပ်လည်း လေးနက်သော အကြံဉာဏ်များဖြင့် ပြည့်စုံဝေဆာအောင် ရေးနိုင်ပါ၏။ သို့သော် သူ့အား ရေးခိုင်းစေခြင်းက အကြောင်းကြောင်းကို ထောက်၍ ပိုပြီး ကောင်းလိမ့်မည်ဟု အထင်ရှိပေသည်။ သူလည်း အတော်လေ့လာသော လူတော်တစ်ယောက် ပါပေ။ အရေးလည်း ကောင်းပါပေသည်။ "သုပဏ္ဏက" ဟူသော အမည်ဖြင့် သူ ရေးသော ဆောင်းပါးများကို ကျွန်ုပ် အယ်ဒီတာဖြစ်စဉ်က ထည့်သွင်း ဖော်ပြပေးခဲ့ဖူး လေပြီ။ သခင်အစည်းအရုံးတွင် သူတစ်ယောက်မှာ နိုင်ငံရေး စာပေ ဗဟုသုတကို အဆည်းပူးဆုံးဖြစ်သည်ကို ကျွန်ုပ် အကဲခတ်မိသည်။ နိုင်ငံတော်၏ အမြော်[illegible] အမှန်ကိုလည်း အတော်ပင် စမ်းဝါးမိသူ ဖြစ်ပေသည်။

## နတ်တော်လဆန်း ၂ ရက်

(တနင်္ဂနွေနေ့)

ညက ဖုံးခိုကျင်းထဲ ဆင်းရသေးသည်။ ရန်သူ လာရောက်ဖုံးကြဲရာ အောက်က ပစ်သည်မှာလည်း တဖြောင်းဖြောင်း တဒိန်းဒိန်း။ အပေါ်က မိစ္ဆာများ ရမ်းလိုက်သည်မှာလည်း တဒိုင်းဒိုင်း တဖြုန်းဖြုန်း။ စစ်အတွင်း အဆန်းမဟုတ်တော့၍ ဤနေ့စဉ်မှတ်တမ်းများတွင် ထည့်သွင်းဖော်ပြရန်ပင် အလိုမရှိတော့ပေ။

နံနက်ဘက်တွင် ၈ နာရီထိုး အမီ သူရိယတိုက်အရောက် စာရေးဆရာအသင်းအစည်းအဝေးသို့ တက်ရောက်ရန် သွားခဲ့ရသည်။ အခြားကိစ္စများအနက် အမှုဆောင်လူကြီးတစ်ဦးမှာ အသင်းအဖွဲ့ခွဲ တစ်ခုတွင်သာ တာဝန်ခံအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် အသင်းလုပ်ငန်းများကို ပိုမိုတွင်ကျယ်အောင် ဆုံးဖြတ်ပြီး ဆုံးဖြတ်ချက်အရ အဖွဲ့ခွဲများပြန်လည်ဖွဲ့စည်းမှုမှာ အရေးကြီးလေသည်။ ကျွန်ုပ်တို့မှာ မဂ္ဂဇင်းအယ်ဒီတာအဖြစ်ဖြင့်လည်းကောင်း၊ စာပေ စုဆောင်းရေးနှင့် ဟောပြောပွဲအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ ရုပ်ပြစာပေအဖွဲ့ ဆော်သြသူအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်နေရရာ မဂ္ဂဇင်းအယ်ဒီတာ လုပ်ငန်းကို ဇဝနသို့ လွှဲအပ်ပေးရန် ကိုယ်တိုင် တိုက်တွန်း အဆိုသွင်းခဲ့လေသည်။ ရုပ်ပြစာပေအဖွဲ့မှာ ယာယီအဖွဲ့မျှသာဖြစ်ရာ အစည်းအဝေးခေါ်၍ မရနိုင်သည့်အတွက် ပျက်ပြီး ဖြစ်နေလေပြီ။ ထိုအဖွဲ့ကို သခင်နုက တာဝန်ခံကြီးမှူးဖို့ တာဝန်လွှဲလိုက်လေသည်။ စာပေစုဆောင်းရေးနှင့် ဟောပြောပွဲဌာနကို ကျွန်ုပ်ထက်ပို၍ တွင်ကျယ်အောင် လုပ်နိုင်မည့် အမှုဆောင်လူကြီး တစ်ဦးဦးအား လွှဲအပ်ပေးရန် ကျွန်ုပ်တိုက်တွန်းရာ၊ ထိုတိုက်တွန်းချက်ကို လက်မခံကြဘဲ၊ ကျွန်ုပ်ကိုသာ ဆက်လက်လုပ်ကိုင်ရန် တာဝန် ထားကြသောကြောင့် လက်ခံထားလိုက်ရသည်။ ရှေ့လလောက်တွင် မရရအောင် အခြားတစ်ယောက်ယောက်သို့ လွှဲအပ်ပေးဖြစ်အောင် ပေးရမည်။ ကျွန်ုပ်မှာမူ နိုင်ငံတော်အတွက် ပိုမို အကျိုးရှိမည့် စာပေများကို ပြုစုခြင်း၊ တစ်နေ့ နိုင်ငံတော်ဝန်ကို ကိုယ်တိုင် ထမ်းဆောင်ရသည့်အခါ နိုင်ငံတော်၏ရေးရာတို့ကို နိုင်နင်းစွာ ဆောင်ရွက်စီမံနိုင်ရန် ပြင်ဆင် လေ့လာဆည်းပူးခြင်း စသည်အားဖြင့် ပိုမို ခိုင်မြဲကြီးမားသော အလုပ်များကို လုပ်ဖို့ ရှိနေရကား အသင်းအတွက် အချိန်များစွာ ပေးနိုင်တော့မည်မထင်ချေ။ ဖြစ်နိုင်လျှင် အမှုဆောင်လူကြီး နေရာမှပင် ကျွန်ုပ် နုတ်ထွက် ပေးချင်လေပြီ။

ယနေ့ အစည်းအဝေးတွင် အထူးအရေးပါသော ဆုံးဖြတ်ချက်တစ်ရပ်မှာ ယခုနှစ် ထွက်ပြီးဖြစ်သော ဝတ္ထု၊ ရာဇဝင်၊ သိပ္ပံ၊ နိုင်ငံရေး၊ ပြဇာတ်၊ လင်္ကာ ဤဘာသာရပ်များနှင့်ဆိုင်ရာ စာအုပ်များအနက်မှ အကောင်းဆုံးကို ရွေးချယ်၍ ၅၀၀ ကျပ်ဆု တစ်ခုစီ အသင်းက ကြီးမှူး အလှူခံ၍ ချီးမြှင့်ရန်ဟူသော ဆုံးဖြတ်ချက် ဖြစ်လေသည်။ သခင်နုက အကောင်းဆုံး ပြဇာတ်ဆုငွေ ၅၀၀ ကျပ် အတွက် ချက်ချင်း တာဝန်ယူသွား





လေသည်။ မည်သည့် စည်းမျဉ်းချက်များကို အခြေပြု ရွေးချယ်ရမည်ကို စီစဉ် ရေးဆွဲရန် တာဝန်ကို ကျွန်ုပ်အား လွှဲအပ်လိုက်ကြလေသည်။

ဤဆုမျိုးကို ဂျာနယ်ကျော် ရှိစဉ်ကပင် တစ်နေ့နေ့၌ ပေးရန် စိတ်ကူးထားပြီး ဖြစ်ခဲ့လေသည်။ သို့သော် ငွေကြေး မလုံလောက်၍ ထိုအကြံ အထမမြောက်ခဲ့ချေ။ တစ်နေ့သ၌ ဤဆုမျိုးကို ကျွန်ုပ်ကိုယ်တိုင် အဆင့်အတန်းကျနစွာ စီစဉ်ပေးအပ်နိုင်လိမ့်မည်ဟု ယုံကြည် စွဲမြဲလျက်ပင် ရှိပေသည်။

## နတ်တော်လဆန်း ၃ ရက်

(တနင်္လာနေ့)

ကြက်သွန်နှင့် ရုံးပတီစေ့မှ အညွန့်အညောက်ကလေးများ ထွက်လာကြပြီ။ ဂေါ်ဖီနှင့် ချဉ်ပေါင်စေ့များမှာ အောင်ပုံ မရကြ။ ရုံးပတီစေ့များပင် စင်စစ် စိုက်သလောက် မအောင် မဖြစ်ထွန်းကြ။ အစေ့များမှာ ၂ နှစ်ကျော် သုံးနှစ် ကြာမြေ့နေဟန် ရှိလေပြီ။

နိုင်ငံတော်တွင် ဝင်းခြံမြေလပ်ရှိသော အိမ်တိုင်း အိမ်တိုင်းမှာ ကိုယ့်ပန်းခြံ၊ ကိုယ့် စိုက်ခင်းပျိုးခင်းကလေးနှင့်ဆိုလျှင် များစွာ ကောင်းမွန်မည်ဖြစ်ကြောင်းနှင့် ၁၀ နှစ်ခန့်ကပင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများက နှိုးဆော်ခဲ့ကြသည်။ စိုက်သူလည်း စိုက်ခဲ့ပြီ။ စိုက်၍လည်း အမျိုးမျိုး အကျိုးရှိခဲ့ပြီ။

စိုက်၍ သစ်ပင်၊ ပန်းပင်၊ စားပင် ရခြင်းအပြင် အဘယ်အကျိုးများ ရှိသေး၍ အမျိုးမျိုး အကျိုးရှိသည်ဟု ဆိုရသနည်းဟု မေးဖွယ် ဖြစ်နေသည်။

စားပင်မှာ စားရ၍ အဝယ်ရသက်သာ၊ စရိတ် အကုန်အကျ နည်း၏။ ဤအကျိုးကား တိုက်ရိုက် ထွက်ပေါ်လာသော ပေါ်လွင်သည့် အကျိုးပေးဖြစ်၏။ ပန်းပင်တွင် တိုက်ရိုက်ပေါ်လွင်သော အကျိုးကား ပန်ရခြင်း ဖြစ်၏။

သို့သော် ဤမျှသာ မဟုတ်သေး။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ ပန်းပွင့်တို့ကို ရခြင်းသည်ပင် အကျိုးကုန် မဟုတ်သေး။ ပန်းပင်များကို ကိုယ်တိုင် ပြုစုရခြင်း၊ ကိုယ်တိုင်ပြုစုရသော ပန်းပင်ကလေးများ၏ နေ့စဉ်တိုးတက်မှုကို အထူးအာရုံပြုနေရ၏။ ထိုသို့ အာရုံပြုရာတွင် စိမ်းလန်းစိုပြည်သော ရွက်နုခက်နုကလေးများ ထွက်လာခြင်းကို မြင်ရလေလေ၊ စိတ်လက် လန်းဆန်းစိုပြည် လာလေလေ ရှိခြင်း၊ စိတ်ရှည်ရှည်ထားသော အလေ့ရခြင်း၊ မှန်မှန် ဝတ်မပျက် လုပ်ကိုင်ရသော အကျင့်ကို ရခြင်း၊ တစ်နေ့ တစ်မျိုး၊ တစ်နေ့ တစ်မျိုးနှင့် ကစားလွှင့်ပျံ့သော စိတ်မျိုး ထား၍မရသော အကျိုးရှိခြင်းတို့ ပေတည်း။

ဤသို့ ရအပ်သော စိတ်ဓာတ်တို့သည် အိမ်ထောင်တစ်ခုကို သော်[illegible] ကောင်း၊ နိုင်ငံတစ်ခုကို သော်လည်းကောင်း ကောင်းမွန် နိုင်နင်းစွာ အုပ်ချုပ်စီမံ [illegible]

နိုင်သည်အထိ စွမ်းဆောင်နိုင်ရာ၏။ နီပွန်ပြည်တွင် ပန်းအိုးစိုက် ပြုပြင်နည်းကို မိန်းကလေးများ အထူးတလည် လေ့လာသင်ကြားရင်း၊ ပန်းအိုးထဲသို့ ပန်းထိုးလိုက်လျှင်ပြီးသောကိစ္စ ဖြစ်သော်လည်း စိတ်ရှည်မှု၊ အဆင်အပြင် နားလည်မှု၊ အသိအထားကျင်လည်မှု စသည့် အချက်အလက်တို့ကို စောင့်စည်းရသည့်အထိ သင်ကြားပေးထားသောကြောင့် လူမျိုးအတွက် အဖိုးတန်သော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လာရ၏။ မြန်မာတွင် အိမ်ထောင်ရှင်မတစ်ဦးကို အကဲခတ်လိုသော် ရေအိုးစင်နှင့် မီးဖိုချောင်ကို ကြည့်ရ၏။ ရေအိုးစင်တွင် ရေမပြတ်ခြင်း၊ သောက်ချင့်စဖွယ်ရှိအောင် အမြဲသန့်ရှင်းခြင်း၊ ရေမှုတ် ရေခွက်တို့၌ ချွဲကျိမှု မရှိ၊ ပြကတေ့ အသစ်စက်စက်ကဲ့သို့ ရှိခြင်း၊ မီးဖိုချောင်တွင် တစ်ခုနှင့်တစ်ခု မရောယှက်စေရဘဲ အိုးနေရာ အိုး၊ ပန်းကန်ခွက်ယောက်နေရာ ပန်းကန်ခွက်ယောက် ရှိပြီးလျှင် အိုးမည်း မပေရခြင်း၊ ကြမ်းပြင်နှင့် အိုးခွက်ပန်းကန် သန့်ရှင်းခြင်း၊ လန်သည့်အိုးက လန်၊ မှောက်သည့်အိုးက မှောက်နှင့် ယောက်ယက်ခတ် မနေဘဲ သုံးပြီး အိုးကို ကောင်းစွာ မှောက်ထားခြင်း၊ သုံးဆဲအိုးကို ကောင်းစွာ ဖုံးထားခြင်း၊ ပန်းကန်များကို သုံးပြီးဖြစ်လျှင် ဆေးကြော မှောက်ထားခြင်း၊ သုံးဆဲဖြစ်လျှင် ကောင်းစွာ ဆေးကြောဖုံးအုပ်ထားခြင်း စသည်တို့နှင့် ပြည့်စုံမှသာ အိမ်ထောင်ရှင်ကောင်းဟူ၍ ဆုံးဖြတ်ရ၏။ ဆန်အိုး၌ ဆန်မပြတ်စေရခြင်း၊ ဆီအိုး၌ ဆီမပြတ်စေရခြင်း စသည်တို့သည်လည်း အခြား အကဲခတ် ခံရရာ အခြင်းအရာများ ဖြစ်ကြ၏။

အပျိုဖြစ်၍ အိမ်ထောင်ဖက်မည်ဟု ရည်ရွယ်သော် ငရုတ်သီးထောင်းပုံကို ကြည့်၍ ဆုံးဖြတ်ခြင်းကို တစ်ခေတ်က ယေဘုယျအားဖြင့် ပြုလုပ်ကြ၏။ ငရုတ်စေ့၊ ငရုတ်ကောင်းများ ဘေးဘက်သို့ လွင့်စဉ် ကျရောက်ခြင်း စသည့်အပြင် ပုံပန်းကိုလည်း ကြည့်ရှု၏။ ငရုတ်စေ့၊ ငရုတ်ဖတ် ညက်သည်အထိ ထောင်း မထောင်းကိုလည်း ကြည့်ရှု၏။ ညက်နေအောင် ထောင်းတတ်ပါက မိန်းမကောင်း ဟူ၍ လက်ခံပြီးလျှင် အိမ်ထောင် ပြုတတ်ကြ၏။ ဤကား စိတ်ဓာတ်ကို သက်သေခံ စံပြု ချင့်ချိန်ဖွယ်ရာ အခြေခံများ ဖြစ်ကြရာ၊ လူတစ်မျိုးနှင့် တစ်မျိုး အခြေခံချင်း မတူသော်လည်း ရည်ရွယ်ချက်များကား တူကြ၏။

ယောက်ျားတို့ တတ်အပ်ရာသော အဋ္ဌာရသ သိပ္ပအပြား တစ်ဆယ့်ရှစ်ပါးကိုကား ကျမ်းလာရှိ၍ သိနိုင်ကြပြီး၊ မိန်းမတို့ တတ်အပ်ရာသော သိပ္ပအပြားစီစဉ် ပေးထားသည်ကိုကား ကျွန်ုပ် မတွေ့ရသေး။ ယခု စီစဉ်ကြမည်ဆိုလျှင် ယောက်ျားတို့အတွက် သတ်မှတ်ထားသော အတတ် အရေအတွက်ထက် နည်းလျှင်သာ နည်းရမည်။ မများစေထိုက်။ ၁၈ ပါးပင် ထားလျှင် သင့်သည်သာ ဖြစ်မည်။ ယောက်ျားသည် အတတ် ၁၈ ပါးကို တတ်လျှင်၊ မိန်းမလည်း သူ့အတတ် ၁၈ ပါးကို တတ်ကောင်းသည်သာ။ လျော့လျှင် မိန်းမများက ခံချင်ကြမည် မဟုတ်။ ပိုလျှင် ယောက်ျားများက ခံနိုင်ကြမည်





မဟုတ်ရာ။ ၁၈ ပါးစီ အတူထားလျှင် တော်လောက်ပြီ ထင်မှတ်မိတော့သည်။ အထက်၌ "နည်းလျှင်သာ နည်းရမည်၊ မများစေထိုက်" ဟု ဆိုခြင်းမှာ အနည်းထက် အများကို အလိုမရှိ၍ ဖြစ်သည်။

ယောက်ျားတို့ အတတ် ၁၈ ပါးကိုပင်လည်း ကာလနှင့်လျော်အောင် အဓိပ္ပာယ်ချဲ့ထွင် ပြုပြင်ပေးဖို့ လိုသည်ဟု ကျွန်ုပ်တို့ သဘောရ၏။ ထိုသို့မဆိုမီ ရှိရင်းအတတ် ၁၈ ပါး၏အနက်ကို ကြည့်ကြဦးစို့။ ထို ၁၈ ပါးအနက်မှ မိန်းမများအတွက် အဘယ်အတတ်ကို တတ်မြောက်စေထိုက်သည်ကို စိစစ်ကြဦးစို့။

* ၁။ အကြားအမြင်အတတ် (သုတိ)။
  ၂။ ဓမ္မသတ် အတတ် (သမ္မုတိ)။
* ၃။ အရေအတွက်နှင့်ဆိုင်သော ဂဏန်းအတတ် (သင်္ချာ)။
  ၄။ တံစဉ် စူးဆောက် စသော အတတ် (ယောဂ)။
* ၅။ လူတို့အား ဆိုဆုံးမရာသော နီတိကျမ်းအတတ် (နီတိ)။
* ၆။ ယာယီ ယတြာစသော ဗျာကရိဏ်းအတတ် (ဝိသေသကာ)။
* ၇။ စောင်းငြင်းကဗျာ လင်္ကာအတတ် (ဂန္ဓဗ္ဗာ)။
* ၈။ လက်ဆစ်ချိုး၍ ရေတွက်သော အတတ် (ဂဏိကာ)။
  ၉။ ဒူးလေး လင်းလေး အတတ် (ဓနုဗေဒ)။
* ၁၀။ စကားဟောင်း အတတ် (ပုရာဏာ)။
* ၁၁။ ဆေး အတတ် (တိကိစ္ဆာ)။
* ၁၂။ ရယ်ရွှင်မှု အတတ် (ဣတိဟာသ)။
  ၁၃။ ဗေဒင် အတတ် (ဇောတိ)။
  ၁၄။ လှည့်ပတ်တတ်သော အတတ် (မာယာ)။
  ၁၅။ ဆန်းကျမ်း အတတ် (ဆန္ဒာတိ)။
* ၁၆။ သံတမန် အတတ် (ကေတု)။
  ၁၇။ မန္တန် အတတ် (မန္တာ)။
  ၁၈။ သဒ္ဒါကျမ်းအတတ် (သဒ္ဒါ)။

ဤအတတ်အားလုံးကို ယောက်ျား မိန်းမ ဟူသမျှတို့ မည်သည့်ခေတ်၊ မည်သည့်ကာလမဆို တတ်လျှင် ကောင်းသည်သာ ဖြစ်၏။ ဤ(*) အမှတ် ပြထားရာ အတတ်တို့ကို မိန်းမများမှာ အဖျင်းဆုံးအားဖြင့် တတ်အပ်၏။ (လှည့်ပတ်တတ်သော အတတ်ကို အထူးသင်ဖွယ်ရာ လိုသေးလျှင် ထိုအတတ်ကိုပါ သင်သင့်၏။ သို့သော် လိုမည် မထင်။ နဂိုရှိပြီး မာယာသည်ပင် များလှပေပြီ။) လောကသာရတွင် "သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်ပါ

အပ်စွ၊ ထိုသိပ္ပကို၊ နံ့မျှလုံးခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုကုန်အောင်၊ စီးပွားဆောင်လော့” ဟူ၍ ဆိုသည်။ တတ်သိအပ်၏။ အကုန်မတတ်လျှင် တစ်စုံတစ်ခုကို တတ်အောင် ပြုရာ၏။ များများတတ်လေလေ ကောင်းလေလေပင် ဖြစ်တော့၏။

ဤအတတ် ၁၈ ပါးကို သေချာစွာကြည့်လျှင် လူသည် အကြားအမြင် များရမည် (သုတိ)။ လူသည် ရေတွက်တတ်ရမည် (သင်္ချာနှင့် ဂဏိကာ)။ ဆောက်လုပ်တတ်ရမည်(ယောဂါ)။ ကောင်းမွန်စွာ ကျင့်ကြံနေထိုင် သက်မွေးတတ်ရမည် (နီတိ)။ နောက်ကြောင်း အထောက်အထားဖြင့် ဆိုတတ် ပြောတတ်ရမည် (ပုရာဏာ)။ အချင်းချင်း မှုခင်း တစ်စုံတစ်ရာဖြစ်သော် တရားနှင့်အညီ ဆုံးဖြတ်တတ်ရမည် (သမ္မုတိ)။ စိတ်ကူးဉာဏ် အဆန်းတကြယ် ကစားရန် သို့မဟုတ် ကိုယ်လိုရာအတိုင်း လူတို့ လိုက်နာကျင့်ဆောင်စေရန် စာစီစာကုံး ကောင်းစွာ ဖွဲ့နွဲ့တတ်ရမည် (သဒ္ဒါ၊ ဆန္ဒာတိ)။ စိတ်လက်ရွှင်ပျ နပျိုနေအောင် ဖျော်ဖြေပြောဆို လုပ်ကိုင် တတ်ရမည် (ဣတိဟာသ)။ ယဉ်ကျေးနူးညံ့သော စိတ်၊ ရွှင်လန်းနပျိုနေသော သတ္တိရှိအောင် ဖျော်ဖြေတီးမှုတ်တတ်ရမည်(ဂန္ဓဗ္ဗာ)။ ရောဂါဘယ မနှိပ်စက်အောင် ကာကွယ်ရန်၊ နှိပ်စက်သော် ဆေးဝါးဖြင့် ဖြိုနှိမ် ကုစားတတ်ရမည် (တိကိစ္ဆာ)။ ဉာဏ်ဖြင့် မမြင်ရာသော အနာဂတ်ကို မြင်ရန် တွက်ချက်တတ်ရမည် (ဇောတိ)။ လောလောဆယ် ဖြစ်ပျက်တတ်သော အစီးအနင်း၊ အဖျက်အဆီးနှင့် အခက်အခဲများ၊ နောင် ဖြစ်လတ္တံ့သော အဖျက်အဆီးများကို ပညာဖြင့် စီရင်ဖယ်ရှား ဖြိုခွင်းတတ်ရမည် (ဝိသေသကာ)။ ကိုယ် မလိုရာကို ဖယ်ရှား၍ လိုရာကို မန်းမှုတ်ကာမျှဖြင့် ဖြစ်စေတတ်ရမည် (မန္တာ)။ အကြောင်းကိစ္စ တစ်စုံ တစ်ခုဖြစ်၍ မိမိအား အကျိုးယုတ်စေမည်ရှိသော် သို့မဟုတ် မိမိအား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စတစ်ခု ဖြစ်စေလိုသော်လည်း မဖြစ်နိုင် ရှိ၍နေသော် ကိုယ်လိုရာသို့ ရောက်အောင် လှည့်ပတ်ပြောဆို ပြုလုပ်တတ်ရမည် (မာယာ)။ ကိုယ်ဖြစ်စေလိုသော ကိစ္စကို ဖြစ်ရန်၊ မဖြစ်စေလိုသော ကိစ္စကို ဖျောက်ရန်၊ အခြားသူတို့အား ဖြစ်စေ၊ အခြားနိုင်ငံ တိုင်းခြားတို့အား ဖြစ်စေ သွားရောက်၍ ပြေပြစ်ကျစ်လျစ်စွာ ကိုယ်လိုရာသို့ ဆွဲငင်ပြောဆို ဆက်ဆံတတ်ရမည် (ကေတု)။ မိမိအား ထိပါးလာသော ရန်သူ ဟူဟူသမျှတို့အား ချဉ်းနင်းဖြိုဖျက်နိုင်ရန် အပစ်အခတ် အတိုက်အခိုက်ကို တတ်ရမည် (ဓနုဗေဒါ)။ ဤသို့ အနက် စီစဉ်ပေးလျှင် ကာလ လူများနှင့် ပိုမို ဝင်ဆံ့ပေမည်။ သို့မဟုတ်က အတတ် ၁၈ ပါးကို ယခုခေတ် တတ်ကောင်းသည်ဟု ထင်မြင်နိုင်ဖွယ်ရာ မရှိ။ ရှေးလူများနှင့်သာ သက်ဆိုင်သော ပညာရပ်များ ဖြစ်သည်ဟု အမှတ်မဲ့ ပေါ့ဆစွာ ယူမှတ်နေမိ ကြပေလိမ့်မည်။

လူသည် အစုအဝေးနှင့်မှ နေနိုင်သော သတ္တဝါဖြစ်၏။ လူသည် အစုအဝေးနှင့်





ဖြစ်သော သတ္တဝါ ဖြစ်၏။ အစုအဝေးတို့သည် ဆွေမျိုးနီးစပ်သည်၊ ဝေးလံသည်၊ တော်စပ်သည်၊ မတော်စပ်သည်တို့ကို လိုက်၍ များစွာ ဖြစ်ကြကုန်၏။ ထိုသို့ အစုအဝေးတို့သည် များစွာ ဖြစ်ကုန်လတ်သည်ရှိသော် အစုလိုက် အအုံလိုက် မိမိတို့ သဘောနှစ်ခြိုက်ရာ ရွေးချယ် စုဝေးနေမှုသည် ဖြစ်လာ၏။ အချို့မှာ လွှင်ပြင်ကို ကြိုက်၏။ အချို့မှာ ကုန်းမြင့်ကို ကြိုက်၏။ အချို့မှာ အအေးကို ကြိုက်၏။ အချို့မှာ အပူကို ကြိုက်၏။ မကြိုက်သော်လည်း ကြိုက်ရသောအဖြစ်၊ ကြိုက်ရသော အခြေသို့ ရောက်သည်လည်း ရှိ၏။

ဤသဘောတရားသည် ရွာငယ် ရွာကြီးများ၊ မြို့ငယ် မြို့ကြီးများ၊ ပြည်ငယ် ပြည်ကြီးများ၊ နိုင်ငံငယ် နိုင်ငံကြီးများကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေသော ရွာများ၊ မြို့များ၊ ပြည်များ၊ နိုင်ငံများ တည်မြဲရန်၊ ကောင်းစွာ တည်မြဲရန်၊ ရှည်စွာ တည်မြဲရန်၊ ခိုင်မာ တောင့်တင်းစွာ တည်မြဲရန်မှာ အထက်ပါ အတတ် ၁၈ ရပ်စလုံးပင် ကိုယ်စီကိုယ်စီ တတ်မြောက်ပြီး ရှိကြမှ ဖြစ်နိုင်ရာ၏။

ယခု ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတော်သစ်ကို ဖန်ဆင်း တည်ထောင် နေကြ၏။ စစ်ကြီး ဖြစ်ဆဲဖြစ်၍ စစ်နိုင်မှုကို အဓိကထားကာ ကံရာဇာငယ် ပရိယာယ်ဖြင့် လုပ်ကိုင်နေကြရဆဲ ဖြစ်၍ အရှည် တည်မြဲစေဖို့၊ အခိုင်အမာ တည်မြဲစေဖို့ အခြေခံကြီးများကို ကောင်းစွာ မချရသေး။ ချနိုင်သလောက် ချထားသင့်ကြောင်းကိုကား အထက်က မှတ်တမ်းများတွင် ဆိုခဲ့ပြီ။

နိုင်ငံတော်သစ်ကို အတတ် ၁၈ ပါးဖြင့် တည်ထောင်ကြည့်ကြစို့။

နိုင်ငံတော်သစ် တစ်ခုကို ထူထောင်မည် ရှိသည့်အခါ ကျွန်ုပ်တို့မှာ များသော အကြားအမြင် ရှိဖို့ လို၏ (သုတိ)။ ရှိလည်း ရှိကြပါ၏။ (ကျွန်ုပ်တို့ နိုင်ငံတော်တွင် အခြားနိုင်ငံများအကြောင်းကို ကိုယ့်နိုင်ငံတော် အကြောင်းထက်ပင် ပို၍ သိသူ အများရှိ၏။ ထိုသူများမှာ ထိုသို့ သူ့နိုင်ငံအကြောင်း ပိုသိ၍ ကိုယ့်နိုင်ငံတော်အကြောင်း ရှိသလောက်ပင် မသိသောကြောင့် ကိုယ့်နိုင်ငံကို များစွာ အထင်သေးကြ၏။–**ဤကားစကားချပ်။**) သို့ သုတရှိမှ မည်သည့်နိုင်ငံက မည်သို့ စသဖြင့် အကောင်းများကို ရွေးယူ၍၊ အညံ့ အပြစ်များကို ဖယ်ရှား ရှောင်ကွင်း၍ မိမိနိုင်ငံတော်ကို အပြစ်ကင်းစွာနှင့် အကောင်းချည်းဖြစ်အောင် ထူထောင်နိုင်လေရာ၏။ နိုင်ငံတို့သည် စ တည်စဉ်က မည်သို့ သဘောရှိသည်၊ ထိုနောက် မည်ကဲ့သို့သော အကြောင်းများ ဖြစ်ပေါ်လာ၍ မည်သို့သော အခြေအနေ ပြောင်းလဲခြင်းများ ရှိသည်။ ယခု မည်ကဲ့သို့ ဖြစ်နေပြီစသည် နိုင်ငံရေးတရား၊ စီးပွားရေးတရား တို့ကိုလည်း ဆင်ခြင် လေးစားကြရာ၏။

“သုတိ” ကို အသုံးချပြီးပြီ။ ဒုတိယ မည်သည့်အတတ်ကို အသုံးချရမည်နည်း။

"သချ်ာနှင့် ဂဏိကာ" ကို အသုံးပြုရာ၏။

နိုင်ငံတော်တွင် လူဦးရေ ယခု မည်မျှရှိသည်၊ အိမ်ထောင်ဦးရေ အဘယ်မျှ ရှိသည်၊ ထိုသူတို့၏ အလုပ်သည် အဘယ်ကဲ့သို့ အမျိုးမျိုးအစားစား ကွဲပြားသည်၊ တစ်မျိုးတစ်မျိုး၌ လူဦးရေ အဘယ်မျှ လုပ်ကိုင်ကြသည်၊ ၎င်းတို့၏ ဝင်ငွေ ဘယ်မျှ ရှိသည်၊ ၎င်းတို့၏ အသုံး ဘယ်မျှ ရှိသည်၊ ၎င်းတို့၏ သက်တမ်း ဘယ်မျှ ရှိသည်၊ ၎င်းတို့၏ အလုပ်လုပ်ချိန် ဘယ်မျှ ကြာသည် စသည်တို့ကို နိုင်ငံတော်သစ် ထူထောင်ရာတွင် အကုန် ရေတွက် စာရင်းကောက်ယူပြီး ရှိသင့်၏။ လက်ရှိ ရွာရေ၊ မြို့ရေ၊ လုပ်ငန်းရေ၊ အိမ်ရေ၊ ယာဉ်အစားစားရေ စသည်တို့ကိုလည်း ရေတွက် မှတ်သားထားပြီး ရှိသင့်၏။

ဤကဲ့သို့ နိုင်ငံတော်တွင် ရေတွက်အပ်သမျှသော အရာတို့ကို ရေတွက်ပြီး ရှိသင့်၏။ အတိုးအယုတ်ကိုလည်း မပြတ်အားဖြင့် သိနိုင်အောင် ရေတွက်လျက်သာ ရှိနေရာ၏။ နိုင်ငံတော် ထူထောင်သောအခါ လူအစားစားနှင့် လျော်အောင် (ဝါ) လုံလောက်အောင် နိုင်ငံတော်၌ မြို့ပြ၊ ပြည်ရွာ၊ အိမ်၊ ဈေး၊ လုပ်ငန်းဌာန စသည်တို့ကို မည်ရွေ့မည်မျှ ရှိစေရမည်ဟု ရေတွက်ရမည့်အပြင် တွက်ချက်တတ်ရမည် ဖြစ်၏။ ထိုသို့ ပြည့်စုံအောင် လုပ်သည့်အခါ မည်သည့်အရာဝတ္ထုက အဘယ်မျှ ကုန်ကျမည်၊ ငွေက ဘယ်မျှ ကုန်ကျမည်၊ ဘယ်နနှစ်ကြာမှ စရိတ် ကျေနိုင်မည်၊ တစ်နှစ် တစ်နှစ် စရိတ်ကျေအောင် မည်သို့ အခွန်အကောက် ခန့်ခွဲရမည် စသည်တို့ကို သိဖို့လိုရာ၊ ဤအသိတို့မှာ "သချ်ာ" နှင့် "ဂဏိကာ" တို့၏ အရာပင် ဖြစ်တော့၏။

သုတိ၏ အစွမ်းအားဖြင့် ကျွန်ုပ်တို့သည် စည်ပင်ဝပြောသာယာ၍ လူတိုင်းကျန်းမာ ချမ်းသာ လောက်လုံကုံလုံသော နိုင်ငံတော်ကြီး ထူထောင်ဖို့ စိတ်ကူးရှိပြီ။ "သချ်ာ" နှင့် "ဂဏိကာ" အစွမ်းအားဖြင့် နိုင်ငံတော်သူ နိုင်ငံတော်သားတိုင်း လူတန်းစေ့ ကျန စေ့ငစွာ နေထိုင်ဖို့ အားလုံး တွက်ချက်ပြီးပြီ။ ဤအချိန်တွင် ကျွန်ုပ်တို့ ဆောက်လုပ်ကြရပေတော့မည်။ အပူအအေးနှင့် လူဆိုးသူခိုးရန်ကို ကာကွယ်နိုင်ရုံလောက်သာ ဆောက်လုပ်ကြမည်လော၊ သို့မဟုတ် နေ၍ထိုင်၍ ဖြစ်ရုံမျှလောက်သာ ဆောက်လုပ်ကြမည်လော။ သို့မဟုတ် နေချင်စဖွယ်၊ သက်တမ်းရှည်စဖွယ် "ဂေဟာ" များကို ဆောက်လုပ်ကြမည်လော။ ဤတွင် "ယောဂါ" အတတ်ဖြင့် အစွမ်းကုန် နေချင့်စဖွယ် အိမ်များ၊ သက်တမ်းရှည်စဖွယ် အိမ်များ၊ လက်မှုစက်မှု လုပ်ငန်းခွင်များ၊ အဆောက်အအုံများ၊ ရွာများ၊ မြို့များကို တည်ဆောက်ရမည် ဖြစ်ပေ၏။ လယ်ယာကိုင်းကျွန်း စသည့် လက်မှုလုပ်ငန်း ဟူသမျှ "ယောဂါ" ထဲ၌ အကျုံးဝင်စေသင့်၏။

ယခုအခါ ကျွန်ုပ်တို့တွင် လူတိုင်းစေ့၊ လူတန်းစေ့ အဆောက်အအုံနှင့် ဖြစ်ကြပေပြီ။ သို့ဖြစ်၍ ကောင်းစွာ နေထိုင်ကြရပေပြီ။ ထိုသို့ ကောင်းစွာနေထိုင်ရန် အခင်း





အကျင်းများ ရပြီဖြစ်ရာ လူများကလည်း တစ်ဦးနှင့်တစ်ဦး ကောင်းစွာ ဆက်ဆံခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ မိမိအကျိုး သူတစ်ပါးအကျိုးကို ထောက်မျှော်၍ မတော်လောဘ မထွက်၊ တရားနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းတို့ကို ပြုလုပ် တတ်ရပေမည်။ ဤတွင် "နီတိ" အတတ်ကို လေ့လာ ပြွမ်းတီးရပေမည်။ နီတိသော်ကား အခါအလိုက် စရိုက်နှင့်ညီအောင် တီထွင်အပ်သော နီတိနှင့် ရှေးကနီတိ နှစ်မျိုးစလုံးပင် ရှိသင့်၏။ လူများ တရားနှင့်အညီ သက်မွေးနေထိုင် ကျင့်ကြံခြင်းလျှင် ပဓာနအရင်း ဖြစ်တော့ရကား၊ လျော်ရာကို လေ့လာတတ်မြောက် စေရာ၏။ အဟောင်းပစ်၍ အသစ်ကိုသာ ဖြစ်စေခြင်း။ ဤသို့ နှစ်ဖက် မတင်းထိုက်ပေ။

"ပုရာဏ" ခေါ် စကားဟောင်း အတတ်သည် လူတို့အား မိမိတို့၏ အစီအစဉ် ရာဇဝင်ထွက် အချက်အလက် အတွက်အခင်းတို့ဖြင့် လက်ငင်းပြဿနာများကို မတိမ်းမစောင်း မသွေမဖည်စေရဘဲ ဆုံးဖြတ်ချက် ချနိုင်စေတတ်သော အတတ်ဖြစ်၏။ လူတစ်ယောက်သည် မိမိ၏ အတိတ်မှ လုံးဝ လွတ်မြောက်အောင် ရုန်းကန်ခြင်းငှာ မစွမ်းနိုင်ရာသကဲ့သို့၊ နိုင်ငံတစ်ခုလည်း အတိတ်၏ ဒဏ်ချက်တို့မှ လုံးဝ မလွတ်ထွက်နိုင်ချေ။ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော တော်လှန်မှုကြီးများပင်လည်း အတိတ်ကို အကုန် မဖြိုဖျက်နိုင်ကြ။ အတိတ်မှ လုံးဝ မလွတ်မြောက်နိုင်ကြချေ။ အနာဂတ်၏ အတိတ်ဖြစ်ရမည်ဖြစ်သော ပစ္စုပ္ပန်ကိုသာ တတ်အားသမျှ ပြောင်းလဲ ပြုပြင်နိုင်ကြရာ ပစ္စုပ္ပန်၏ အတိတ်မှ ပယ်၍ လွယ်ကူစွာ မရစကောင်းသော အချက်တို့ကိုမူ ပစ္စုပ္ပန်တွင် ထည့်၍ ထားကြရသေးသည်သာ ဖြစ်လေသည်။ အနာဂတ်ဟူသော အချိန်သို့ ရောက်လာသည့်အခါ ထိုအတိတ်၏ အလိုမရှိသော အာနိသင်တို့မှာ တဖြည်းဖြည်း တိမ်ကောသွားဖို့ ရှိလေသည်။ သို့သော် အတိတ်ကို ကာလနှင့် လျော်အောင် တစ်နည်းတစ်ဖုံ ပြင်ဆင်ချက်မျှသာ ဖြစ်နိုင်ပေမည်။ လုံးဝ အစားထိုးခြင်း ပြုနိုင်ရန် မလွယ်ပေ။ ပုရာဏ အတတ်သည် အတိတ်ကို ဆင်ခြင်စေနိုင်သော အတတ်၊ အတိတ်မှ သင်ခန်းစာ ရ၍ ပစ္စုပ္ပန်နှင့် အနာဂတ်ကို လျော်အောင် ပြုပြင်ဖို့ အခြေခံပြုသည့် အတတ်ဖြစ်ရကား ဤအတတ်သည်လည်း နိုင်ငံတော်သစ်တစ်ခုတွင် လိုလားအပ်ပေသည်။

လူတို့သည် တစ်ဦးတစ်ယောက်ထက် ပို၍ စုပေါင်းနေထိုင်ကြလျှင် တစ်ဦး၏ အလိုနှင့် အခြားတစ်ဦး၏ အလိုဆန္ဒတို့ ငြိတင်ထိပါးခြင်း ရှိလာလေသည်။ ကိုယ့်အလိုပြည့်ရေး၊ ကိုယ့်အိမ်သားတစ်စု အလိုပြည့်ရေး စသည်အားဖြင့် လုံးပန်းလာကြသည့်အခါ အငြင်းအခုံ အရှုပ်အထွေးများ ဖြစ်လာရလေသည်။ သူ့နေရာ၊ ကိုယ့်နေရာ၊ သူ့ပိုင်နက်၊ ကိုယ့်ပိုင်နက် စသည်အားဖြင့် ခွဲခြား တွေးယူလာလေလေ အငြင်းအခုံ အတင်အငြိများ တိုးတက်လာလေလေ ဖြစ်သည်။ သို့ဖြစ်ရာ ထိုအမှုအခင်းများကို မျက်နှာမလိုက်ဘဲ ဖြေဖျန်ရန် တစ်စုံတစ်ရာ စီရင်ထုံး သတ်မှတ်ပြီး ဥပဒေရပ်များ

ပြုလုပ်ရပေမည်။ နိုင်ငံတော်အကျိုးနှင့် နိုင်ငံတော်သား တစ်ဦးတစ်ယောက်၏ အကျိုး၊ ဤနှစ်မျိုးတွင် တစ်ဦးတစ်ယောက်၏ အကျိုးသည် နိုင်ငံတော်အကျိုးထက် မည်သို့မည်ပုံ မပိုလွန်စေရ၊ မည်ရွေ့မည်မျှ ဝင်ဆံ့စေရမည် စသည်အားဖြင့် အခြေပြု ဥပဒေရပ်များလည်း ရှိရပေလိမ့်မည်။ နိုင်ငံတော်ကို အများအကျိုး ဖြစ်စေရအောင် မည်သို့ အုပ်ချုပ်မည် ဟူသော အရင်းခံ ဥပဒေရပ်များလည်း ရှိရပေလိမ့်မည်။ သူ့နိုင်ငံနှင့် ကိုယ့်နိုင်ငံ မည်သို့ ဆက်ဆံရမည် ဟူ၍လည်း ဥပဒေထုံးတမ်း ရှိရပေလိမ့်မည်။ ဤသို့ အရပ်ရပ်သော ဥပဒေ တတ်သိမှုကို "သမ္မုတိ" ဟူ၍ ဆိုရပေလိမ့်မည်။ လူတို့ အစုအဝေးတွင် တရားရှိမှ၊ ရှိသည့် တရားကိုလည်း တရားနှင့်အညီ စီရင်မှ၊ တရားကို လူတို့ ရိုသေလေးစားမည်။ တရားကို လူတို့ ရိုသေလေးစားမှ နိုင်ငံတော်မှာ စည်ပင် ဝ ပြောရာ ဝ ပြောကြောင်း ပိပြားစွာ စီမံလုပ်ကိုင်နိုင်မည်။ သို့ဖြစ်ရာ နိုင်ငံတော်သစ်တွင် "သမ္မုတိ" အရေးကြီးကြောင်း ထင်ရှားလေပြီ။

လူတို့သည် ယခု အိုးနှင့် အိမ်နှင့်၊ မြို့နှင့် ရွာနှင့် ကောင်းစွာ နေထိုင်ရပြီ။ ကောင်းစွာလုပ်ကိုင် ကျင့်ကြံ သက်မွေးရပြီ။ တစ်ဦးအကျိုးနှင့် တစ်ဦး ဆန့်ကျင်သော် ညှိနှိုင်းစီရင် ဖြေဖျန်ဖွယ်ရာ တရားဥပဒေ ရှိပြီ။ အချုပ်ကို ဆိုရသော် အေးချမ်းသာယာ စည်ပင် ဝ ပြောစွာ နေနိုင်ကြလေပြီ။

နောက်တစ်ဆင့် ဘာလိုသေးသနည်း။

ကျွန်ုပ်တို့ နိုင်ငံတော်သည် လူဦးရေ အလွန်အမင်း ဆုတ်ယုတ်ခြင်းများ၊ ရောဂါဘယ ကပ်ရောက် နှိပ်စက်ခြင်းများမှ လွတ်ကင်းအောင် ကြံဆောင်ဖို့ ရှိသေးလေသည်။ အလိုရှိအပ်လျှင် လူဦးရေပွားများ တိုးတက်ဖို့ကိုလည်း ကြံဆောင် အားထုတ်ဖို့ ရှိလေသည်။ လူဦးရေ ပွားတိုးရန်မှာလည်း အမှန်ပင် အလိုရှိအပ်ပေသည်။ စားမှုသောက်မှု ယခု အခြေအတိုင်းပင် ကျပ်တည်းနေရစဉ် လူဦးရေ တိုးတက်ဖို့ စကားကို နားခါးကြပေလိမ့်မည်။ သို့သော် အရှည်မျှော်ရှုလျှင် ယခုလက်ရှိ လူဦးရေ အတိုးအလျော့နည်းအတိုင်း တစ်စုံတစ်ရာ မပြုပြင်ဘဲ ဆက်လက်တည်မြဲ နေစေခြင်းငှာ မထိုက်။ အတိုးများအောင်နှင့် အလျော့နည်းအောင် အားထုတ်ရန် အထူးလိုအပ်လေသည်။

ဤ လူဦးရေ တိုးပွားရေးစကားကို ကျွန်ုပ်တို့သည် နိုင်ငံတော် စည်ပင်ဝပြောသည့် အခြေကျမှ ထည့်သွင်း စာရင်းတင်ပြသည်ကို ထောက်ချင့်၍၊ စားမှုသောက်မှု ကျပ်တည်းစဉ် လူဦးရေ တိုးရေးစကား ပြောကြားသည်ကို နားခါးသူများနှင့် ကျွန်ုပ်တို့သည် သဘောမကွဲလွဲကြကြောင်း ထင်ရှားသင့်လေပြီ။

ဤသို့ လူများ ကျန်းမာမှု၊ သန်စွမ်းမှု၊ များပြား စီစဉ်မှုတို့ကို ပြုနိုင်ရန်မှာ "တိကိစ္ဆာ" ဟူသော ဆေးအတတ်ကို တတ်မှသာ ဖြစ်နိုင်ပေမည်။ ဆေးအတတ် ဟူရာ၌ အင်္ဂလိပ်ဆေး အတတ်၊ ဂျာမန်ဆေး အတတ်၊ ဂျပန်ဆေး အတတ်၊ တရုတ်





ဆေး အတတ်၊ မြန်မာဆေး အတတ် စသည်ဖြင့် ခွဲခြားမှုကို ကျွန်ုပ်တို့ အလျှင်းအလို မရှိပေ။ အနာပျောက်ကင်းအောင် စွမ်းဆောင်နိုင်သမျှသည် ဆေးကောင်းချည်းဖြစ်ရာ၊ ထိုဆေးကောင်းကို ပေးနိုင်သော အတတ်ဟူသမျှသည် တတ်အပ်သော ဆေးအတတ်ချည်း ဖြစ်လေတော့သည်။ ဘိုးတော်ဘုရား လက်ထက်တွင် အီတလီပြည် ရောမမြို့တော်ကြီးပေါ်၌ မြန်မာဆေးသမားတစ်ဦးသည် ဆေးဝါးကုစားခြင်းဖြင့် အသက်မွေး နေထိုင်ဖူးလေသည်။ ၎င်းမှာ ဆေးပေးကုစားခြင်းထက် ခွဲစိတ် ကုသခြင်းကို ပိုမို လေ့လာတတ်မြောက်သူ ဖြစ်လေသည်။ မင်းတုန်းမင်းတရား လက်ထက်တွင် နေပြည်တော် လူအိုရုံ၌ မြန်မာသမားတော်ကြီးများသာ မဟုတ်။ မာဘိခေါ် ဂျာမန်သမားတော်ကြီး တစ်ယောက်ကိုပါ စောင့်ရှောက်ကုမရန် ခန့်အပ်ထားခဲ့ဖူးလေသည်။ ယင်းလက်ထက်တွင်ပင် တရုတ်ပြည်မှ ဆေးကျမ်း၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလိပ်မှ ခွာတ်ခွဲကျမ်း စသည်တို့ကို မြန်မာဘာသာ ပြန်ဆိုနေလေပြီ။ သက္ကတနှင့် ပါဠိမှလည်းကောင်း၊ အခြား ကုလားဘာသာမှ လည်းကောင်း ဆေးအတတ်နှင့် ပတ်သက်၍ ဘာသာပြန်မှုတို့မှာ ထို့ထက် စောစွာကပင် ရှိနှင့်ပြီး ဖြစ်လေပြီ။ မြန်မာဆေးပညာကိုလည်း ပြန်လည် စူးစမ်း လေ့လာသင့်၏။ နိုင်ငံရပ်ခြား ဆေးပညာများကိုလည်း လေ့လာဆည်းပူး တတ်မြောက်ကြရာ၏။ မြန်မာဆေးပညာနှင့် စပ်လျဉ်း၍ကား နိုင်ငံတော်အစိုးရက ဆေးပညာစုံစမ်းရေး အထူးအရာရှိ အဖြစ်ဖြင့် ဆရာဝန်ကြီး ဦးဘခက်ကို ခန့်ထားလိုက်သည်ဟု ကြေညာစဉ်ကပင် မြန်မာ့အလင်းသတင်းစာတွင် ခေါင်းကြီးပိုင်းနှစ်ပိုင်း ကျွန်ုပ် ရေး၍ ထင်မြင်ချက် ပေးခဲ့ပြီ။ ထိုအကြံပေးချက်တို့ကို လိုက်နာလုပ်ကိုင်လျှင် နိုင်ငံတော်တွင် များစွာ အကျိုးကျေးဇူး ဖြစ်ထွန်းလေရာသည့်အပြင် နိုင်ငံတော်သူ နိုင်ငံတော်သားတို့လည်း ဝေဒနာမငြိ ဘေးမထိဘဲ ပြကတေ့ ကျန်းမာသန်စွမ်းခြင်း ရှိကြလေရာ၏။

ဤအခြေတွင် ကျွန်ုပ်တို့ ကျန်းမာဝဖြိုးစွာ ရှိကြပြီ။ ကျွန်ုပ်တို့၏ နိုင်ငံတော်သစ်သည် အဘယ်အတတ်ဖြင့် အကျိုး ရှိနိုင်သေးသနည်း။

နိုင်ငံတော် တစ်ဝန်းတွင် အိုးနှင့်အိမ်နှင့် လုပ်ငန်းနှင့် ပြည့်စုံချမ်းသာစွာ ရှိကြပြီ။ ကျန်းမာသန်စွမ်းစွာလည်း ရှိကြပြီဖြစ်ရာ၊ ဤအဆင့် ဤအခြေ၌ နိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် စိတ်ကူးဉာဏ် အဆန်းတကြယ် ကစား၍ စာပေ ကျမ်းဂန်များ ပြုနိုင်လေပြီ။ ကိုယ့်နိုင်ငံတော်သူ နိုင်ငံတော်သားများ အလို့ငှာသာ မဟုတ်။ အခြားနိုင်ငံများအလို့ငှာလည်း ကိုယ်လိုရာသို့ ညွတ်အောင် စီကုံးဖွဲ့နွဲ့ ရေးသားနိုင်ချိန် ရောက်လေပြီ။ ဤတွင် "သဒ္ဒါ၊ ဆန္ဒာတိနှင့် သုတိ" တို့သည် များစွာ အရေးပါလာကြ၏။

ဤမျှသာလော။

မဟုတ်သေး။ စိတ်လက်ရွှင်ပျ နပျိုနေအောင် ဖျော်ဖြေခြင်း၊ ယ

နူးညံ့သော စိတ်နှင့် ရွှင်လန်းနုပျိုနေသော စိတ်ရှိအောင် သာယာနာပျော်ဖွယ် တီးမှုတ်ကခုန်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်ကြပေပြီ။ စိတ်လက်ရွှင် နုပျိုနေအောင် ဖျော်ဖြေရန်မှာ "ဣတိဟာသ" အတတ်ကို တတ်ဖို့ လို၏။ လူသည် စိတ်ပြုပြင်ရာ အတိုင်း ဖြစ်ရာ၏။ စိတ်ပျို ကိုယ်နု၏။ ကိုယ်နုမှ ဝန်ကို ထမ်းဆောင်နိုင်၏။ သို့ဖြစ်၍ စိတ်ပျိုအောင် အမျိုးမျိုး လုပ်ပေးရာ၏။ သို့ လုပ်ပေးရာတွင် ရယ်ရွှင်မှု ဣတိဟာသ အတတ်သည် အလွန် အရေးပါ၏။ သာယာနာပျော်ဖွယ် တီးမှုတ်ကခုန်ခြင်း တည်းဟူသော "ဂန္ဓဗ္ဗာ" အတတ်သည် များစွာ တာသွား၏။

ဤမျှဖြင့် ကိုယ့်နိုင်ငံအတွင်းဝယ် ကျန်းမာချမ်းသာ ရွှင်ပျသာယာစွာ နေနိုင်ကြလေပြီ။

သို့သော် လောကတွင် မိမိတို့ တစ်ဦးတည်း မဟုတ်၊ တစ်အိမ်ထောင်တည်း မဟုတ်၊ တစ်မျိုးတည်း မဟုတ်၊ တစ်နိုင်ငံတည်း မဟုတ်ရကား၊ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင်၊ တစ်မျိုးနှင့် တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြည်အသာ ဆက်ဆံနိုင်ဖို့ရန် အလွန် အရေးကြီးလာ၏။ တစ်ဦးနှင့်တစ်ဦး အကြည်အသာ ဆက်ဆံမှုထက် တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင် အကြည်အသာ ဆက်ဆံမှု၊ တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင် အကြည်အသာ ဆက်ဆံမှုထက်၊ တစ်မျိုးနှင့်တစ်မျိုး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြည်အသာ ဆက်ဆံမှုတို့မှာ တစ်ဆင့်ထက်တစ်ဆင့် ပိုမို အရေးကြီးလာ၏။ သို့ဖြစ်ရာ အနူးအညွတ်ဖြင့် သဘောကွဲလွဲမှုများ ပြီးပြတ်အောင် သို့မဟုတ် ပြေပျောက်အောင် ဆောင်ရွက် ရန် "မာယာ" ခေါ် လှည့်ပတ်မှုအတတ်သည် အရေးပါလာ၏။ "မာယာ"၌ ကျွမ်းကျင်သော် မပင်ပန်းဘဲ ကိုယ်လိုရာကိစ္စသည် ပြီးစီးရ၏။ "မာယာ" ၌ မကျွမ်းသော် ကိုယ်လိုရာကိစ္စ ပြီးဖို့ကို ကိုယ်ပင်ပန်းကြီးစွာဖြင့် ကြံစည်အားထုတ် ရတတ်၏။ ထိုသို့ အားထုတ်သော်လည်း ကိစ္စပြီးချင်မှ ပြီးတတ်၏။ "မာယာ" စေစားသော်ကား မရှိမနွမ်းဘဲ ကိစ္စ အောင်လေရာ၏။

တစ်ဖန် ထိုသို့ အကြည်အသာ ဆက်ဆံမှုသည် နိုင်ငံတစ်ခုအတွင်းမှာ မဟုတ်ဘဲ အခြားနိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံတကာနှင့် ပတ်သက်လာသော် ကိုယ့်နိုင်ငံမှ ထွက်ရောက်၍ သွားလာဆောင်ရွက်ရန်၊ သူ့နိုင်ငံအကြောင်း အဆိုးအကောင်းနှင့်တကွ ပြည့်စုံစွာ သိအောင်လုပ်ခြင်း လိုလာ၏။ ကိုယ့်နိုင်ငံအတွက် အများဆုံး အကျိုးရှိအောင် ဆောင်ရွက်ခြင်း၊ ကိုယ့်နိုင်ငံဂုဏ်ကို အများဆုံး တင်နိုင်ခြင်း၊ ကိုယ် ဖြစ်စေလိုသော ကိစ္စကို ဖြစ်စေ၍ မဖြစ်စေလိုသော ကိစ္စကို မဖြစ်စေခြင်း၊ စကားဆိုရေး၊ လူချင်း ဆက်ဆံရေးနှင့် အထူးအားဖြင့် ကျွမ်းကျင်လိမ္မာခြင်းတို့ကို သံတမန်အတတ် တည်းဟူသော "ကေတု" သာလျှင် ပေးစွမ်းနိုင်ရာ၏။ သို့ဖြစ်၍ ဤအတတ်၌လည်း အမျိုးသားတို့သည် အထူး ကျွမ်းကျင်ရာ၏။





ဤကဲ့သို့ အကြည်အသာ၊ အနူးအညွတ်၊ အပြေအပြစ်၊ စေ့စပ်လှည့်ပတ် ဖြားယောင်းဆွဲငင် လုပ်ကိုင်သော်လည်း မအောင်မြင်သော် ကိုယ်က သူ့ကို အကြမ်းအားဖြင့် လိုရာရအောင် လုပ်ရလိမ့်မည် ဖြစ်၏။ သူကသော်လည်း ကိုယ့်ကို လုပ်လာလေရာ၏။ ဤအခါမျိုးအတွက် အမြဲတမ်း အသင့်ရှိစေရန် အပစ်အခတ်၊ အထိုးအခုတ်၊ အတိုက်အခိုက် တည်းဟူသော "ဓနုဗေဒ" အတတ်ကို ကောင်းစွာ လည်းကောင်း၊ ထက်မြက်စွာ လည်းကောင်း တတ်မြောက်ပြီး ရှိကြလေရာ၏။ သို့မဟုတ်လျှင် လက်နက်သာရာ၊ အပစ်အခတ် အတိုက်အခိုက် ကျွမ်းကျင်ရာ၊ အောင်နိုင်စိတ်ဓာတ် ထက်သန် စွဲမြဲရာဘက်က နိုင်သွားပေမည် ဖြစ်ရကား၊ ကိုယ်ကသာ လက်နက်သာရာ၊ အပစ်အခတ် အတိုက်အခိုက် ကျွမ်းကျင်ရာ၊ အောင်စိတ် ထက်သန် စွဲမြဲရာ ဖြစ်စေရာ၏။ ဦးစွာလည်း ဖြစ်စေရာ၏။ စွဲမြဲစွာလည်း ဖြစ်စေရာ၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့သည် စည်ပင်သာယာ ဝပြော၍ ရန်သူကို ဖြိုဖျက်နိုင်သော နိုင်ငံတော်ကြီးတစ်ခုကို "သုတိ၊ သချၤာ၊ ဂဏိကာ၊ ယောဂါ၊ နီတိ၊ ပုရာဏာ၊ သမ္မုတိ၊ တိကိစ္ဆာ၊ သဒ္ဒါ၊ ဆန္ဒာတိ၊ ဣတိဟာသ၊ ဂန္ဓဗ္ဗာ၊ မာယာ၊ ကေတုနှင့် ဓနုဗေဒ" တည်းဟူသော အတတ်ပညာ ၁၅ ရပ်ဖြင့် တည်ထောင်ခဲ့လေပြီ။

ကျန်ရှိသော "ဝိသေသကာ၊ ဇောတိနှင့် မန္တာ" ပညာ သုံးရပ်အကြောင်းကို အထူးအားဖြင့် ဆိုဖွယ်ရာ ကျန်ရှိလေသေး၏။ နိုင်ငံတော်ဟောင်းများကို မြန်မာဘုရင်များ တည်ထောင်ဖန်ဆင်းရာ၌ ဤပညာ သုံးရပ်လည်း ပါဝင်ခဲ့ကြသည်သာ ဖြစ်၏။

ဤသို့ ဆိုသော်၊ ယခုခေတ်ကာလ နိုင်ငံတော်များ ထူထောင်မှုထက် ပိုမိုကျယ်ဝန်းသော ပညာများကို စေစားထားရာ၏။ အဘယ်ကြောင့် ထိုနိုင်ငံ လက်ဟောင်းများသည် ကြာရှည်လေးမြင့်စွာ မတည်တံ့မူ၍ ယိမ်းယိုင်ပြိုကွဲ ဖရိုဖရဲ ဖြစ်ခဲ့ကြဘိသနည်းဟု စိစစ်ဖွယ် ရှိပေ၏။

ထိုသို့ စိစစ်သော် အလွန်မှတ်သားအပ်သော အဖြေတစ်ခုသည် ထွက်ပေါ်လာလတ္တံ့၊ အဘယ်အဖြေနည်း ဟူမူကား အခြားအခြားသော ပညာရပ်များထက် "သုတိ" သည် အရေးကြီးရာ၊ "သုတိ" ဓာတ်အား များစွာ မသန်စွမ်းသောကြောင့် အဘက်ဘက်က ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဖြစ်ကာ လျှောကျဆင်းသက်ရခြင်း ဖြစ်သည်ဟူသော အဖြေပေတည်း။

"သုတိ" သည် "ဓနုဗေဒ" ပင်လျှင် အပါအဝင်ဖြစ်သော ကျန်ပညာရပ် အားလုံး၏ အချက်အချာ မဏ္ဍိုင်ကြီးစင်စစ် ဖြစ်တော့၏။ သုတိ လှည့်ပေးသလော သာ ကျန်ပညာရပ်များသည် သွက်သွက်လည် လှည့်နိုင်၏။ သုတိသည် စက်ကြီး ကို တစ်စုံတစ်ခုသော အဟုန်ဖြင့် မောင်းနှင်သွားလာစေတတ်သော မာ

တူ၏။ အခြား ပညာရပ်များကား ထိုစက်ကြီး၏ အစိတ်အပိုင်း အသီးသီးတို့နှင့် တူ၏။ သုတိမှာ မြင်းအကောင်အားပါသော ဒိုင်နမိုစက်နှင့်တူ၍ အခြားပညာရပ်များကား စက်ကြီးနှင့်တူ၏။ ဒိုင်နမိုလည်မှ ကျန်စက်များ လည်၏။ ဒိုင်နမို အားကောင်းသလောက် ထိုစက်လည်း လည်၏။ မြင်းအကောင် နှစ်ကောင်အားရှိသော ဒိုင်နမိုထက် ၄ ကောင်အား၊ ၈ ကောင်အား၊ ၁၆ ကောင်အား၊ ၁၀၀ အား၊ ၁၀၀၀ အားတို့သည် အစဉ်သဖြင့် အားရှိ ဆွဲဆောင်နိုင်သကဲ့သို့တည်း။

ကျွန်ုပ်တို့၏ နိုင်ငံတော်ဟောင်းများမှာ သုတိဓာတ်အား နည်းခဲ့၏။ နိုင်ငံခြားနှင့် အဆက်အသွယ် အလှည့်အကူး များသည့် အချိန်ကာလများတွင် ထိုနိုင်ငံတော်ဟောင်းများမှာ ထိပ်တန်းသို့ တက်ရောက်နိုင်ခဲ့ကြ၏။ အပြင်အပနှင့် အသွယ်အလှယ်နည်းသည်နှင့် တစ်ပြိုင်နက် အင်အားယုတ်လျော့ ချွေပျော့ယိမ်းယိုင် မခိုင်ခြေလက်ကြေပျက်ပြုန်းတီး အရှုံးကြီး ရှုံးခဲ့ကြရ၏။ သို့ဖြစ်၍ သုတိကို အခါမလပ် ပွားများလျက်သာ နေစေရာ၏။

အထက်တွင် "ဝိသေသကာ၊ ဇောတိနှင့် မန္တာ" ပညာသုံးရပ်အကြောင်း အထူးအားဖြင့် ဆိုဦးမည်ဖြစ်ကြောင်း ပဋိညာဉ် ပြုခဲ့၏။

"ဝိသေသကာကို ယာယီယတြာ စသော ဗျာကရိဏ်းအတတ်ဟူ၍ အနက်ပေးထား၏" စသော ဟူ၍ မဆိုဘဲ အကုန်အစင် ဆိုခဲ့သော်၊ နောင်လာနောက်သားတို့ အတွက် အတွေးရ အကြံရ သက်သာလေရာ၏။

ကျွန်ုပ် ဤစကားနှင့် စပ်လျဉ်း၍ ပါဠိကျွမ်းကျင်သူ တစ်စုံတစ်ယောက်နှင့် မနီးနှောရသေးသဖြင့် ယခု ရေးလတ္တံ့သော အချက်အလက်တို့မှာ အတ္တနောမတိမျှသာ ဖြစ်ကြောင်း ဦးစွာ ဆိုရပေမည် ဖြစ်၏။

"ဝိသေသကာ" ကို အဆန်းတကြယ် စီရင်သော အတတ်ဟူ၍ ကျွန်ုပ် ယူဆ၏။ ဤအယူအဆကို အထောက်အထားပြုလျက် "ဝိသေသကာ" တွင် လောကဓာတ်ပညာကိုလည်း ထည့်သွင်းလို၏။ လောကဓာတ် သိပ္ပံပညာသည် ယာယီ ယတြာကဲ့သို့ ကိစ္စတစ်ခု ပြီးမြောက်အောင် အဆန်းတကြယ် စီမံသောပညာ ဖြစ်၏။ တစ်ခုသာကွာကြ၏။ ယာယီယတြာမှာ ခဏတာမျှသော အကျိုးကို ပေး၏။ လောကဓာတ်ပညာ အစီအရင်ကား ကြာရှည်စွာ အကျိုးပေး၏။ ယတြာသည် မလိုချင်သော တစ်စုံတစ်ခုကို ဖယ်ရှား၍ လိုချင်သော တစ်စုံတစ်ခုသို့ ဖြစ်စေ၏။ လောကဓာတ်ပညာသည်လည်း ထိုသဘောအတိုင်းပင် တထေ၀ တူမျှ ညီညွတ်၏။ အနည်းငယ်မျှသော လုံ့လဖြင့် များစွာသော အကျိုးကို မြန်စွာ ပေးနိုင်စွမ်းသော သတ္တိရှိရာ၌ တစ်ခုနှင့် တစ်ခုမှာ အတူတူပင် ဖြစ်တော့၏။

လောကဓာတ်ပညာသည် များစွာသော အကျိုးကို မြန်စွာ ပေးစွမ်းနိုင်ကြောင်း





ဆိုခဲ့ရာတွင်၊ အကျိုးဟူသည်မှာ ကောင်းကျိုး ဆိုးကျိုး နှစ်မျိုးစလုံးပင် ပါဝင်၍ အကြောင်းအားလျော်စွာ မှတ်ယူရာသည့် အဖြစ်ကို သတိပေးဖို့ လိုကောင်း လိုပေလိမ့်မည်။ လောကဓာတ်ပညာကြောင့် ခံစားနိုင်ရသော ကောင်းကျိုးလည်း များစွာ ရှိ၏။ လောကဓာတ် ပညာကြောင့် ခံစားရသော ဆိုးကျိုးလည်း များစွာ ရှိလေသည်။

လောကဓာတ်ပညာသည် များစွာသော အကျိုးကို မြန်စွာ ပေးစွမ်းနိုင်ပုံကို ဥဒါဟရဏ် ဆိုကြစို့။

လူ ၅၀၀၀ ဂေါ်ပြား ကိုယ်စီကိုင်လျက် တစ်နေ့တည်း ၁၀ နာရီလုံးလုံး မရပ်မနား ကော်ထုတ် ဖြိုဖျက်မှရသော မြေကြီးအပုံတစ်ခုကို လျှပ်စစ်ဓာတ်ဖြင့် ပြုလုပ်အပ်သော "ဂေါ်ပြားစက်" သွား တစ်သွားသည် ၈ နာရီအတွင်း ပြီးစီးအောင် ဖြိုဖျက်ဖယ်ရှားပစ်နိုင်၏။

ဤအရာတွင် အလုပ်ရှင်အဖို့မှာ ကောင်းကျိုး၊ အလုပ်သမား အဖို့ကား ဆိုးကျိုးဖြစ်တော့၏။

ယခင်က လူ ၁၀ ယောက်သည် လျှပ်စစ်ဓာတ် မီးလုံး မီးသီးများကို လက်ဖြင့် လုပ်ရာ တစ်နေ့လျှင် အလုံးရေ ၆၅၀ ပြီး၏။ ယခု လောကဓာတ်ပညာ၏ အစွမ်းဖြင့် လူ ၁၀ ယောက်သည် တစ်နေ့တည်းတွင် မီး အလုံးရေ ၆၅၀,၀၀၀ ပြီးနိုင်၏။ ၎င်းကို ထောက်၍ လူဦးရေ ပိုမလာဘဲနှင့် စက်ကြောင့် လူ့လက်ထက် အဆ တစ်ထောင် ပိုမို ပြီးမြောက်လာသည်ကို ကောင်းစွာ သိနိုင်၏။

ကျောက်မီးသွေးသုံးသော မီးသင်္ဘောကြီးတစ်စင်းမှာ မီးထိုးသမား ၉၅၁ ယောက်လို၏။ ဓာတ်ဆီဖြင့်သွားသော မီးသင်္ဘောကြီးတွင် လုပ်သား ၂၆၃ ယောက် သာ လိုလေသည်။

တစ်နာရီလျှင် ထွန်သွား ၉၆ ချောင်းဖြင့် ထွန်ယက်က တစ်ဧက ပြီး၏။ ထရက်တာ ခေါ် ထွန်စက် မော်တော်ကားကြီး တစ်စင်းသည် တစ်ဧကကို ၅ မိနစ် ၄ ပိုင်း တစ်ပိုင်းဖြင့် ပြီးလေသည်။

လူ ၂၀ လက်ဖြင့် အုတ်ခဲများ ပုံလျှင် တစ်နာရီလျှင် အုတ်ခဲ ၉၀၁ စီ ပြီး၏။ စက်ဖြင့် လူ ၂၀ စီလျှင် တစ်နာရီအတွင်း အုတ်ခဲ ၃၀,၀၀၀ စီ၍ ပြီးနိုင်လေသည်။

၁၉၀၀ ပြည့်နှစ်က လူ ၁၀ ယောက်သည် သံမဏိတစ်တန် ထွက်ရန် ၇ နာရီ လုပ်ရ၏။ ၁၉၂၉ ခုနှစ်တွင် သံမဏိတစ်တန်ကို ၁ နာရီနှင့် ၃ ပုံ တစ်ပုံအတွင်း ထိုမျှလောက်သော လူဦးရေဖြင့်ပင် ရနိုင်လေသည်။ [မှတ်ချက်။ ။ ယခု ဖော်ပြ[illegible]သော နှိုင်းယှဉ်ချက်များမှာ ဟီလင်ကော့စ်ဆိုသူ ရေး "စီးပွားရေး လွတ်လပ်မှု[illegible]" ခေါ် စာအုပ်မှ ထုတ်နုတ်ချက် ဖြစ်လေသည်။ ထိုစာအုပ်မှာ ၁၉၃၇ ခုနှစ်က [illegible]

ခဲ့ရာ ယခုအချိန်တွင် အဘယ်မျှ ပိုမို မြန်ဆန် များပြားစွာ ဖြစ်ထွန်းနိုင်သည်ကို ကိုယ်တိုင် ခန့်မှန်း ကြည့်ကြရန်ပင် ဖြစ်ပေတော့သည်။]

လောကဓာတ်ပညာအစွမ်းကို ကျွန်ုပ်တို့ ကိုယ်တွေ့မျက်မြင်ဖြစ်၍ သိကြပြီ။ ယာယီယတြာတို့၏ အာနိသင်ကို ကျွန်ုပ်တို့ ကိုယ်တွေ့ ရှိကြ သိကြပြီလော။ "ယတြာကောင်းလျှင် အင်းစောင်း၍၊ မင်းလောင်းပင် ပျောက်ရသည်" ဟူသော စကားသည် ယတြာ၏ အာနိသင်ကို ပြလေသည်။ သို့သော် ယခုခေတ် လူများ လောကဓာတ်ပညာ၏ ဆန်းကြယ်မှုလောက် ဆန်းကြယ်လိမ့်မည်ဟု ယူဆနိုင်ကြမည် မဟုတ်ပေ။ ထက်မြက်သော ယတြာများကို စီရင်လုပ်ကိုင်ပေးနိုင်သော ပုဂ္ဂိုလ်တို့မှာ နိုင်ငံတော်တွင် တစ်နေ့တခြား ရှားပါးလာလေပြီ။

ဆရာကောင်းကိုမှီ၍ နိသျှည်းရလိုက်သော ပုဂ္ဂိုလ်များမှာ ထိုနိသျှရည်းကို မိမိတို့ သေသည်အထိ လျှို့ဝှက် သွားကြသောကြောင့် နည်းနာကောင်းများကို ကျွန်ုပ်တို့ လက်လွှတ်ခဲ့ကြရလေသည်။

ယခုအခါ ကျွန်ုပ်ကိုယ်တိုင် ကောင်းစွာ သိရှိခဲ့ရသမျှ ယတြာပေး အလွန်ကောင်းသော ရဟန်းတော်တစ်ပါး ရှိလေသည်။ ထိုရဟန်းတော်မှာ အကျဉ်း အကျပ်ထဲသို့ ကျ၍ လူ့အကြံဉာဏ်ဖြင့် လွတ်မြောက်ရန်းကန်ခြင်းငှာ မတတ်နိုင်သောအခါ ပညာပါရမီ၊ မေတ္တာပါရမီ အလို့ငှာ ဓာတ်ယတြာ ဆင်ပေးခြင်းဖြင့် ထိုသတ္တဝါ၏ ဒုက္ခကို ငြိမ်းပျောက်စေနိုင်သော သတ္တိရှိလေသည်။ ထိုပုဂ္ဂိုလ်၏ ပညာကျေးဇူးကို ကျွန်ုပ် ကြိမ်ဖန်များစွာ ခံယူရဖူးလေပြီ။ ကျွန်ုပ်သာ မဟုတ်၊ ကျွန်ုပ်နှင့် သိသမျှ မိတ်ဆွေသင်္ဂဟများ အလွန်အမင်း အကျပ်အတည်းထဲ၌ ကျရောက်နေသည်ကို တွေ့ရှိရလျှင် ထိုမိတ်ဆွေကို အဆိုပါ ဆရာတော်ထံအရောက် လွှတ်ခြင်းဖြင့် သက်သာချောင်ချိခွင့်ကို ရခဲ့လေသည်။ ထိုဆရာတော်ကား ဝါတော်လည်း အလွန်ကြီးရင့်လေပြီ။ ယတြာပေးခြင်းဖြင့် လာဘ်လာဘ ရှာမှီးသည် မဟုတ်။ အကြောင်း ပေါ်လာသော်သာ ပညာပါရမီအလို့ငှာ သက်သာရာ ရအောင် ယတြာဆင်ပေးတော်မူခြင်း ဖြစ်ပေသည်။ ထို ပုဂ္ဂိုလ်၏ ယတြာများ အာနိသင် စူးရှ ထက်မြက် ထိရောက်လှပုံကို ကျွန်ုပ်သာ မဟုတ်၊ ကျွန်ုပ်၏ ဒုက္ခသည် မိတ်ဆွေများပါ ကောင်းစွာ သိရှိကြလေသည်။ ထိုဆရာတော်၏ ပညာများ နိုင်ငံတော်မှ ပျောက်ပျက် တိမ်ကောမသွားဖို့ အလွန် အရေးကြီးပေသည်။

ကျွန်ုပ်နည်းတူ ယတြာ၏ အာနိသင်ကို ကောင်းစွာ ခံစား သုံးဆောင်ရဖူးသူများ ရှိကြပေလိမ့်မည်။ ရာဇဝင်တွင်လည်း ယာယီယတြာ၏ အကျိုးကျေးဇူး ခံစားရပုံများ အထင်အရှား ပါရှိလေပြီ။ ဝတ္ထု ကျမ်းဂန်တွင်လည်း အတန်တန်သော သာဓက၊ အဝဝသော အစွမ်းတို့ကို အပြည့်အစုံ မှတ်တမ်းတင်ပြီး ရှိလေပြီ။





ယခု လူများအနက် မယုံကြည်သူတို့မှာ အနောက်နိုင်ငံ၏ မနူးမနပ်သော အတ္တနောမတိဖြင့် အနမာန မျက်ရမ်းဆလျက် ပြောကြဆိုကြသော စကားကို ပိုမို ယုံကြည်အားထားခြင်း၊ မိမိကိုယ်တိုင် ဒိဋ္ဌ မတွေ့မမြင်ကြရဖူးခြင်း တည်းဟူသော အကြောင်းကြီး နှစ်ရပ်ကြောင့် မယုံကြည်ကြခြင်း ဖြစ်လေသည်။ အနောက်နိုင်ငံမှာပင် ယခုအခါ မိမိတို့ အထက်က အကြောင်းမတန်ဟု ပစ်ပယ်ထားသော အခြင်းအရာတို့ကို ပိုမိုပြည့်ဝသော ဉာဏ်ဗဟုသုတဖြင့် ပြန်လည်ဝေဖန် ဆင်ခြင်နေကြလေပြီ။ ယာယီယတြာနှင့် လောကဓာတ်ပညာမှာ အာနိသင်ချင်း တူသလောက် တူကြ၏။ တစ်ခုသာ ကွာခြား၏။ ယတြာမှာ တစ်ယောက် သို့မဟုတ် တစ်ဖွဲ့ သို့မဟုတ် တစ်မြို့ကို တစ်ခုသော အချိန်ကာလအတွင်း တစ်စုံတစ်ရာသော အကျိုးကို ဖြစ်စေနိုင်၏။ လောကဓာတ်ကား ယတြာထက် ပိုမို၍ နယ်နိမိတ် ကျယ်ဝန်းစွာ လည်းကောင်း၊ ရှည်မြင့်စွာ လည်းကောင်း အကျိုး ဖြစ်ထွန်းစေနိုင်၏။ ယတြာ အာနိသင်ကောင်းကို လူတိုင်း အစေ့အငှ မခံစားရဘိသကဲ့သို့၊ လောကဓာတ်၏ အာနိသင်ကောင်းကိုလည်း လူတိုင်း မခံစားကြရ။ မြန်မာနိုင်ငံတော်မှာ ချမ်းသာ ကြွယ်ဝ၏။ မြန်မာနိုင်ငံတော်သူနိုင်ငံတော်သားတို့မှာ အင်္ဂလိပ်များလက်ထက်တွင် အတော်ပင် ဆင်းရဲနွမ်းပါး ခဲ့ကြ၏။ အမေရိကန်၊ အင်္ဂလန် စသော နိုင်ငံကြီးများတွင်လည်း လောကဓာတ်ပညာ၏ အကျိုးအာနိသင်ကို လူတိုင်း မသုံးဆောင် မခံစားကြရချေ။

သို့သော် "ဝိသေသကာ" တည်းဟူသော လောကဓာတ် စသည့် အဆန်းတကြယ် ပညာများအတွက် နိုင်ငံများမှာ ရှေ့သို့လည်းကောင်း၊ အထက်သို့ လည်းကောင်း တစ်ဟုန်တည်း တစ်ရှိန်တည်း တက်ရောက်ခဲ့ကြရ၏။ ကြီးပွားခဲ့ကြရ၏။ ထိုကြီးပွားမှုကို လူတိုင်း မခံစားရသည်၊ ခံစားရသည်မှာ နိုင်ငံရေးနှင့် ဓနဗေဒ စနစ်သာလျှင် အကြောင်းရင်းခံ ရှိပေ၏။

မင်းတုန်းမင်း လက်ထက်နှင့် သီပေါမင်း လက်ထက်တွင် ကျွန်ုပ်တို့နိုင်ငံတော်မှာ စက်မှုလက်မှုလုပ်ငန်းတို့ဖြင့် အတော်ပင် ခေတ်မီခဲ့၏။ ထိုနောက် အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်၍ နိုင်ငံတော်မှာ အင်ပါယာရထားကြီးထဲတွင် ကုန်တွဲ တစ်တွဲအဖြစ် ဆွဲရာ လိုက်ပါနေခဲ့ရ၏။ ယခုလည်း စစ်ဖြစ်နေဆဲဖြစ်၍ နိုင်ငံတော်၏ သဘာဝပစ္စည်းအားလုံးကို နိုင်ငံတော်သားတို့ သုံးဆောင်ခွင့် မရှိကြသေး။ စစ်အတွက် ရှိသမျှပုံအား အားထုတ် လုံးပန်းနေကြရဆဲပင် ဖြစ်၏။ စစ်ကြီး ပြီးစီး အောင်နိုင်သောအခါ နိုင်ငံတော်၏ သဘာဝပစ္စည်းများကို ကျွန်ုပ်တို့သဘောကျ စီမံခန့်ခွဲ လုပ်ကိုင်ခံစားနိုင်ကြလိမ့်မည် ဖြစ်၏။ ထိုအခါတွင် "ဝိသေသကာ" အတတ် အဖြာကို စေစားကြရလိမ့်မည် ဖြစ်၏။

"ဝိသေသကာ" အကြောင်း အမြွက်မျှ ဆိုခဲ့ပြီ။ "ဇောတိ"နှင့် "မန္တာ" အကြောင်းကို အနည်းငယ် ဖော်ပြလိုသေး၏။

"ဇောတိ" မှာ ဗေဒင်အတတ်ပင် ဖြစ်၏။ ဗေဒင်ကို လူငယ်ပိုင်းက ပညာတတ် ဆိုသူများ မယုံကြည်ကြ။ အနောက်နိုင်ငံက ဗေဒင်ကို ကောင်းစွာ မယုံကြည်ကြသေးသောကြောင့် တစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ထိုပညာ၏ ထက်မြက်သော အာနိသင်နှင့် အသုံးဝင်ပုံကို ကိုယ်တိုင် မကြုံမတွေ့ဖူးသေးသောကြောင့် တစ်ကြောင်း မယုံကြည်ကြသေးခြင်း ဖြစ်၏။

ပွင့်လင်းသောစိတ်ဖြင့် တကယ့်ပညာရှင်နှင့် တကယ့်ဗေဒင်တတ်သော ပုဂ္ဂိုလ်များကို တွေ့ရှိက ၎င်းတို့သည် ထိုပညာကို အထင်သေးကြတော့မည် မဟုတ်။ ဗေဒင်ဆရာကိုကြည့်၍ ဗေဒင်ပညာကို ဆုံးဖြတ်ခြင်းမှာ ဆေးသမားကို ကြည့်၍ ဆေးပညာတစ်ခုလုံးကို ဆုံးဖြတ် ရှုတ်ချသကဲ့သို့ ဖြစ်တော့၏။

ဗိုလ်ချုပ် ဗိုလ်တေဇသည် ဗေဒင်ပညာကို လွန်စွာပင် ပစ်ပယ်ခဲ့သူ ဖြစ်၏။ ဗေဒင်ယုံသူကိုလည်း လူညံ့ဟု ထင်မှတ်ခဲ့၏။ သားတစ်ယောက် ရသောအချိန်တွင် အိပ်မက်များ၊ ဗေဒင်များကို များစွာ ယုံကြည်လာလေသည်။ အခြား သက်တူရွယ်တူ နာမည်ကြီး လူငယ်များ ရှိကြသေး၏။ ထိုသူတို့အနက် အများမှာ ယခုတိုင် မှုတစွာ မယူဆတတ်ကြသေး။

လူငယ်ပိုင်းတွင် သခင်နတစ်ယောက်သည် ရတနာသုံးပါးကို များစွာ ကိုင်းရှိုင်းသူ ဖြစ်၏။ ဗေဒင်ကိုလည်း ယုံ၍ မကြာခဏ မေး၏။ သူ့ကို လူညံ့တစ်ယောက်ဟု သူ့အား အမှီပြုကာ ထိပ်တန်းရောက်လာကြသော လူငယ်ပိုင်းက အမှတ်ထားကြလေသည်။

လွန်ခဲ့သည့် ၆ လခန့်က နာမည်ကြီး လူငယ်ခေါင်းဆောင်တစ်ယောက်နှင့် ကျွန်ုပ်မှာ ရင်းနှီးစွာ နေထိုင်ခဲ့ရာ ကျွန်ုပ်၏ ဗဟုသုတကို ထိုသူသည် အထင်မသေးခဲ့ချေ။ တစ်နေ့၌ ဘာသာအကြောင်းသို့ စကားရောက်သွားရာ ကျွန်ုပ်မှာ ဘာသာကို ယုံနိုင်သူ ဖြစ်လျက် ရှိသည်ကို တွေ့ရ၍ ကျွန်ုပ်အား လူတော်လား၊ လူညံ့လားဟု များစွာ အတွေးရခက်ကာ အထင်အမြင် သေးသွားလေသည်။ ဗေဒင်ပညာမှာ အရင်းခံအားဖြင့် များစွာခိုင်လုံသော ပညာတစ်ရပ်ဖြစ်ကြောင်း ကျွန်ုပ်ထံမှ ကြားရသည့်အခါ ထိုသူမှာ ကျွန်ုပ်အား လူညံ့စာရင်းသို့ အပြီးသား ထည့်သွင်းလိုက်လေသည်။

ဤကား မှုတစွာ မယူတတ်မှုကြောင့်ပင် ဖြစ်ပေသည်။ မယူတတ်ခြင်းမှာလည်း ပွင့်လင်းသောစိတ်ဖြင့် မစူးစမ်းခြင်းကြောင့်ပင် ဖြစ်ချေတော့သည်။ ပြင်သစ် "ကျား" ခေါ် ဂျော့ကလီမင်ရှုကု "အသက် ၂၀ အရွယ်တွင် သင်သည် ဆိုရှယ်လစ်ဇင်း ခေါ် သမစိတ္တဝါဒကို နှစ်ခြိုက်စွဲလမ်းသူ မဟုတ်က သင်သည် စိတ်ထက်သန်မှု





ကင်းမဲ့သော သူတစ်ယောက် ဖြစ်ချေမည်။ အကယ်၍ အသက် ၃၀ အရွယ်တိုင်အောင် သင်သည် ထိုဝါဒကို စွဲလမ်းနေသေးသူဖြစ်က သင်သည် ခေါင်း (ဉာဏ်) ကင်းမဲ့သူ တစ်ယောက် ဖြစ်ချေမည်" ဟု ပြောသွားဖူးလေသည်။

လူငယ်များသည် အသက် ၃၀ ကျော်ပြီးဖြစ်လျက်၊ နိုင်ငံရေး ဗဟုသုတ ဆည်းပူးပြီးဖြစ်လျက် ဘာသာနှင့် ဗေဒင်မန္တရားများကို ယုံနေသေးက၊ ထိုသို့ ယုံနေသူတို့အား "ခေါင်း"မရှိသူများ ဟူ၍ ထင်မှတ်ကြရာလေသည်။ သို့သော် တစ်နေ့တွင် လူကြီးများသည် သူတို့ထင်သလောက်၊ သူတို့ထင်သလို "မိုက်မဲသူ၊ တွေဝေသူများ" မဟုတ်ဘဲ၊ အကျိုးနှင့် အကြောင်းနှင့် မှုတစွာ ဝေဖန်စဉ်းစားတတ်သူများ ဖြစ်ကြောင်း ၎င်းတို့ ကိုယ်တိုင် ကျွန်ုပ်တို့အရွယ်သို့ ရောက်၍၊ ကျွန်ုပ်တို့ကဲ့သို့ အတွေ့အကြုံ များလာသော အခါ သိလာကြပေလိမ့်မည်။

လူငယ်၏ဉာဏ်မှာ တစ်ခုသောတောင်ကို တက်နေဆဲ ယောက်ျားသည် ထိုတောင်၏ အမြင့်ကိုသာ မြင်ပြီး၊ တစ်စုံတစ်ရာ ထင်မြင်ယူဆ စွဲလမ်းပြောဆိုနေသကဲ့သို့ လောကရေးရာ၊ လောကီပညာ၊ လောကုတ္တရာ ပညာတို့ကိုလည်း မိမိတို့ မြင်သမျှလောက်ဖြင့်သာ ဆုံးဖြတ်နိုင်ကြလေသည်။ "အလို၊ ဆင်ဆိုသည်ကား အုတ်နံရံကြီးနှင့် တူပါတကား။ အလို၊ ဆင်ဆိုသည်ကား ယပ်တောင်ကြီးနှင့် တူပါတကား" စသည်အားဖြင့် ကိုယ်မိရာ မိရာလောက်ဖြင့် ထောက်ထား ပြောဆိုကြသကဲ့သို့တည်း။

တောင်ထိပ်သို့ ရောက်သောအခါ မိမိတို့ စောစောက မြင်ရသော အရာများသာ ရှိသည် မဟုတ်။ အခြားအခြား မည်သို့အားဖြင့် ရှိသေးသည် စသည်တို့ကို ကျယ်ဝန်းပြန့်ပြူးစွာ မြင်သိ လာရလေသည်။ ထို့နည်းအတူ ၎င်းတို့၏ အယူလည်း အသက်ကြီးလာလေလေ ပတ်ဝန်းကျင်နှင့် ပိုမို ဝင်ဆံ့လာလေလေ ဖြစ်ရပေမည်။

"မန္တာ" ခေါ် မန္တန်အတတ်မှာ ဗေဒင်အတတ်ထက်ပင် တကယ် တတ်မြောက်ကျွမ်းကျင်သူ နည်းပါး ယုတ်လျော့လာလေပြီ။ ဤပညာသည် တစ်ခေတ် တစ်ခါက အလွန်အဖိုးတန်သော ပညာကြီးတစ်ရပ် ဖြစ်ခဲ့၏။ ယခုမူ ပညာ၏ အာနိသင် အစွမ်းကို အတွေ့အကြုံရ နည်းသောကြောင့် မှေးမှိန်ကွယ်မြုပ်နေပြီ ဖြစ်လေသည်။ အကျိုးထိရောက်ထက်မြက်စွာ မန်းမှုတ်နိုင်သူများ ရှိသေးလျှင် ထိုပုဂ္ဂိုလ်တို့သည် ထိုမန္တန်များ မပျောက်မပျက်ရအောင် အများအကျိုးအတွက် ထုတ်ဖော်ပေးခဲ့ဖို့ ကောင်းလှပေသည်။

ဤမျှဖြင့် အတတ် ၁၈ ပါး အနက်ဖြည့်စာတမ်း အကြမ်းအားဖြင့် ပြီးစီးပြီ။ နတ်တော်လဆန်း ၃ ရက်နေ့မှစ၍ ကြိုးကြား ကြိုးကြား ရေးခဲ့သည်မှာ ယခု နတ်တော်လဆန်း ၈ ရက်သို့ ရောက်ခဲ့လေသည်။ ဧည့်များ မပြတ်ရောက်ခြင်း၊ အိမ်မှုကိစ္စရှိခြင်းတို့ကြောင့် အကြောင်းတစ်ခုကို တစ်နေ့နှင့်အပြီး မရေးနိုင်ဘဲ ရက်ကြာလာခဲ့ခြင်း ဖြစ်ပေသတည်း။

## နတ်တော်လဆန်း ၉ ရက်

(တနင်္ဂနွေနေ့)

ကျွန်ပ်အိမ် သူခိုး ခိုးခံရသည့် သတင်းကို ကြားကြသူများမှာ ရယ်မောကြလေသည်။ စားပြတိုက်ခံရလျှင် သနားကရုဏာသက်ကြလျက် သူခိုး ခိုးခံရလျှင် ရယ်ဖွယ်ရာ တစ်ခုကဲ့သို့ သဘောထားခြင်းကို နေရာတကာတွင် တွေ့မြင်ကြရလေသည်။ သူခိုး ခိုးခံရလျှင် ခိုးခံရသူအား အထင်သေးဖွယ်ဖြစ်ရာက စ ဟန် တူလေသည်။ သူခိုး ခိုးခံရခြင်းမှာ ကိုယ့်အညံ့ ဖြစ်နေလေသည်။ အအိပ်ကြီးလွန်း၍သာ အခိုးခံရသည် ဟု ယူဆကာ သူခိုး ခိုးခံရသည် ကြားလျှင် ရယ်ကြခြင်း ဖြစ်လေသည်။ ဟုတ် သလောက်လည်း ဟုတ်ပေသည်။ သူခိုး ဝင်ခိုး၍မှ မသိလျှင် သူခိုးအပြစ်ထက် မသိသူ အိမ်ရှင် အပြစ်သာ ထင်ရှားနေလေတော့သည်။

ကျွန်ပ်၏နေအိမ်သို့ ဝင်ခိုးသွားသူများမှာ ခိုးရုံသာ မဟုတ်၊ နံနက် ရုံးသွား မည့်သူ နှစ်ဦးအတွက် ညကချက်ထားသော ဝက်သားနှင့် မျှစ်ချဉ်ဟင်းကို အားပါး တရ စားသွားကြလေသည်။ ဤအကြောင်းကို ကြားရလေလေ ကျွန်ပ်တို့အပေါ်တွင် ရယ်ဖွယ်ရာ ဖြစ်လေလေ ဖြစ်တော့သည်။ ခိုးသွားရာတွင် အပေါ်ထပ် အပြင်ဘက်၌ လှမ်းထားသော ကျွန်ပ်၏ ချည်လုံချည်တစ်ထည်နှင့် အောက်ထပ်၌ ဆွဲချိတ်ထားသော ဇာလိုက်ကာ ခန်းဆီးအရှည်ကြီး နှစ်စုံသာ ကျွန်ပ်ပစ္စည်းထဲမှ ပါသွားလေသည်။ အောက်ထပ်မှ စာရေးကြီး ကိုအာယု၊ စာရေးကြီး ကိုသိန်းမောင်နှင့် ကျွန်ပ်၏ ယောက်ဖ ဖြစ်သူ မောင်တင်ဝင်းတို့ အဝတ်အစားအားလုံးပင် သူတို့ အိပ်ရာအောက်၌ ထားသည့် သေတ္တာကို ကတ်ကတ်သတ်သတ် ထုတ်၍ ယူသွားကြလေသည်။ သေတ္တာကို လွယ် ကူစွာ ထုတ်၍ မရနိုင်။ ထုတ်ရာတွင်လည်း အသံမပြည်ဘဲ မဖြစ်နိုင်။ သူတို့ ၃ ယောက် အိပ်နေကြသော ခုတင် တစ်ခုနှင့် မဟုတ် တစ်ခုနှင့် ထိမိခိုက်မိကာ အသံမြည်ရမည် သာ ဖြစ်ပေသည်။ သူတို့ ၃ ယောက်အနက်၊ ကိုသိန်းမောင်နှင့် ကိုအာယုတို့မှာ လွန်စွာ အအိပ်ဆတ်သူများ ဖြစ်သော်လည်း ထိုညက မနိုးကြ။ ခါတိုင်း ချွတ်ဆိုလျှင် နိုးတတ်ကြ လျက် ထိုညက မနိုးကြ။ အိပ်ရာက ထမှ သူခိုး ခိုးသွားကြောင်း သိကြကာ ၎င်းတို့ မနိုးရခြင်းမှာ အိပ်မွေ့ချ ခံရ၍လောဟု တွေးတောကြလေသည်။ ကျွန်ပ်လည်း အအိပ် ဆတ်သူ တစ်ဦးဖြစ်လျက် အောက်ထပ်တွင် ဖြစ်နေခြင်းကြောင့်ပေလော၊ ကိုယ့်အနားမှ ဖြတ်၍ အောက်ထပ်သို့ လှေကားဖြင့် ဆင်းသွားပါလျက် မသိလိုက်ခြင်းမှာ သူတို့ ပြောသလို အိပ်မွေ့မိနေ၍လော မသိ၊ လုံးဝ မနိုးချေ။ သို့ဖြင့် စာရေးကြီးများ၏ ဝတ်စားအစုံ အကုန်မကြွင်း ပါသွားလေတော့သည်။

မိတ်ဆွေများ တိုက်တွန်းချက်အရ ကိုသိန်းမောင်နှင့် ကျွန်ပ်သည် ကန်ဘဲ့ ကင်းဂတ်နှင့် မရမ်းကုန်းဌာနသို့ သွားရောက် တိုင်ကြားရလေသည်။ တိုင်ရာတွင်





ကျွန်ပ်မှာ အိမ်ရှင်ဖြစ်၍ ကျွန်ပ်ပင် တိုင်ရမည်၊ သို့မဟုတ် အများဆုံး ပစ္စည်းပါသွား သော ကိုသိန်းမောင်ပင် တိုင်ရမည်၊ ဌာနာ၌ မေးကြည့်ရာ ပစ္စည်းတွေ့က ဆွဲထုတ် ပြသနိုင်မည့် ပစ္စည်းရှင်သာလျှင် တိုင်သင့်ကြောင်း ပြော၍ ကိုသိန်းမောင်က တိုင် ချက်ကို ပြုလုပ်ရလေသည်။ သူ့တိုင်ချက်ကို ဌာနာပိုင်က ရေးနေစဉ် ကျွန်ပ်မှာ ကဗျာ တစ်ပုဒ် လုပ်ချင်သော စိတ်ပေါက်လာလေသည်။ လူ၏ဉာဏ်သည် တစ်ပါးသူ ကသိ ကအောက် ဖြစ်ရချိန်တွင် ပြောင်လှောင်လိုစိတ်၏ စေ့ဆော်တိုက်တွန်းချက်အရ၊ ပိုမို ထွက်လွယ်သည်ဟု ကျွန်ပ် ထင်မြင်မိလေသည်။ ကဗျာကောင်းတစ်ပုဒ်ထက် စာချိုး တစ်ပုဒ်က အလုပ်ရ လွယ်လေသည်ကို ကဗျာလိုက်စားသူများ သဘောပေါက်ပြီး ဖြစ်ကြ ပေလိမ့်မည်။ သို့ ကဗျာကောင်းထက် စာချိုးက အဖြစ်လွယ်သော်လည်း စာချိုးမှာ စာကောင်းကဲ့သို့ပင် ထိဖို့မိဖို့ အရေးကြီးလေသည်သာ ဖြစ်၍ လျော့ပေါ့သော ဂုဏ် ရှိသည်ဟု မထင်ထိုက်ပေ။ ရယ်စရာဖြစ်နေ၍ ရယ်ရအောင် လုပ်ချင်စိတ် အားကြီးခြင်း အစွမ်းဖြင့်သာ ပိုမိုမြန်ဆန်စွာ ပြီးစီးရခြင်း ရှိလေသည်။ စာကောင်းမှာ စာဖတ်ပရိသတ် ကို ဣန္ဒြေရစွာဖြင့် နှစ်သက်ရွှင်မြူး စေတတ်၏။ တစ်မဟုတ်ချင်း လုပ်သော စာချိုးမှာ ကြားရသူကို တစ်ခဏချင်း ဟက်ဟက်ပက်ပက် မျက်ရည်များ ကျအောင်ပင် ရယ်မော စေနိုင်သော သတ္တိရှိဖို့ လိုလေသည်။ သို့ဖြစ်ရာ စာချိုးလုပ်ခြင်း အတတ်ကို သေးငယ် သည်ဟု မထင်မှတ်သင့်ပေ။

ကျွန်ပ် ရေးလိုက်သော စာချိုးမှာ ထိလှ မိလှပြီ ထင်မှတ်၍ ဤသို့ ဂုဏ်ဖော် ရေးသားနေခြင်း မဟုတ်ပေ။ "စာချိုးများ" ကို အထင်အမြင် မသေးသိမ်စေခြင်းငှာ စကားအလျဉ်းသင့်၍ သဘောပေါက်အောင် ရေးသားလိုက်ခြင်း ဖြစ်လေသည်။ မြန်မာ စာပေတွင် စာချိုးများသာ မရှိက၊ ဟာသဘက်တွင် များစွာ လစ်ဟင်းဖို့ ရှိလေသည်။ တစ်နေ့တွင် "စာချိုး" များကို သီးသန့်၍ တစ်စောင်တစ်ဖွဲ့ ပုံနှိပ် ထုတ်ဝေကြဖို့ ကောင်းလေသည်။

စာချိုးရေးသူများမှာ တတ်နိုင်လျှင် မိမိတို့ရေးသည့် စာချိုး အချိန်မည်မျှဖြင့် ပြီးကြောင်း ရိုးဖြောင့်စွာ မှတ်သားထားဖို့ ကောင်းပေသည်။ စာကောင်း ဖွဲ့ဆိုရာတွင် လည်း အချိန်မှတ်သောစနစ်သည် များစွာ အထောက်အပံ့ ဖြစ်စေလေသည်။ ကာလ အကြာအမြင့်ကို ကြည့်၍ ဉာဏ်မီး တောက်ပုံ အရှိန် နည်း မနည်း၊ အလျော့ အတိုး စသည်ကို ကိုယ်တိုင် ခန့်မှန်း ချိန်ဆ ကြည့်နိုင်လေသည်။

မြန်မြန်ပြီးခြင်းသည် စာချိုးစာကောင်းတို့၌ ဂုဏ်ယူ၍ ရသော သဘောတရား ဖြစ်လေသည်။ စာကောင်းကို မြန်မြန် မပြီးသော်လည်း၊ စာကောင်း၏ အင်္ဂါမှာ [illegible] ယုတ်လျော့သွားခြင်း မရှိပေ။ စာစပ်သူ ပုဂ္ဂိုလ်၏ ဉာဏ်မီးတောက်ပုံကိုသာ [illegible] ရှိလေသည်။ နာခံတော် ဝေါကြီးမှူး ဦးခြို၏ တေးကဗျာများမှာ လွန်စွာပင် [illegible]

ခံ့ညားထည်ဝါလျက် အနက်အဓိပ္ပာယ် ပြည့်စုံ လေးနက်လေသည်။ ထိုဝေါကြီးမှူးသည် တေးထပ်တစ်ပုဒ်ကို တစ်နေ့ ယူ၍ စပ်ဆိုလေသည်။ ဤကား ဉာဏ်မီးနန့်နဲ့ခြင်းကြောင့်ဟု မထင်သင့်။ စကားအသုံးအနှုန်းများကို ပြင်ပြီးရင်း ပြင်ရင်းနှင့် ပို၍ ကောင်းသည်ထက် ကောင်းအောင် မွမ်းမံခြယ်လှယ် သုံးသပ်၍ မဝနိုင်ခြင်းကြောင့် ဖြစ်လေသည်။

ဦးပြုံးချို မဟာဂီတတွင် ဝေါကြီးမှူး ဦးခြို၏ တေးထပ်အချို့ ပါပြီးဖြစ်၍ မဖော်ပြလိုက်ပြီ။ စာဆိုတော် မောင်မောင်ဘိုးလည်း ဦးခြိုကဲ့သို့ပင် ဆန်းပေ့၊ ယဉ်ပေ့၊ ခံ့ညား လေးနက်ပေ့ဆိုသော စကားလုံးများကို အဖန်ဖန် ရွေးချယ်စိစစ်ပြီးမှ သုံးနှုန်းဖွဲ့နွဲ့သူ ဖြစ်လေရာ၊ ၎င်း၏တေးထပ်များမှာ ဦးခြို၏ တေးထပ်များကဲ့သို့ပင် ယဉ်၊ သန့်၊ ခံ့ လှပေတော့သည်။ ဦးမောင်မောင်ဘိုး၏ စာများကို အတွေ့ရ နည်းလေသည့်အတွက် စံပြအဖြစ် အောက်တွင် ဆောင်းဘွဲ့တစ်ပုဒ်ကို ထုတ်ဖော် ပြသ လိုက်ရပေဦးမည်။

## ဦးမောင်မောင်ဘိုး ရေး ဆောင်းဘွဲ့

ဖော်မစုံ အော်တုံ့ရှောင်ယယ်လို၊ မော်ပုံပေါ့ ရွှေဉာဏ်။ တော်ရုံ
နေ့ ဟေမန်ငယ်၊ လေပြန်ဝယ်ဆင့်ကဲ။ ။ တင့်ရဲလို့ ဘွင့်သည်း
မှာ ကြင်သည်၊ ဟင့် ဆဲချင်သာနှင့် နှင့်ပဲ။ ။ ရင့်နွဲ့လို့ ညဉ့်စဲကုန်
အောင်၊ ပင့်ဆွဲခြို သင့်နဲ။ ပွင့်လဲဖုံ ပြင့်ထဲ၊ ခင့်တွဲလို့စုံခါ။ ။
တုံ့ရာမှာ ခြိုလွှာလှပ်နိုင်ငဲ့၊ ကုမ္ဘာဓာတ် သွေးမို့ လုံ့စွာ။ ။ ငုံ့ကြာချပ်
စုံနှစ်မြွာကို၊ ထုံနံ့သာရည် လူးတော့၊ ကြည်နူးပေါ့ လေးလအကုန်၊
ရွေးမှုမဖြို။ ။ တစ်ရေးမှု မေးရတုံပေါင်၊ တွေးဆပုံ စိတ်ကူးနှင့်
လေး။ ။

တေးထပ်တွင် တောင်သမန်လယ်စား ဦးဖေငယ်၊ အချုပ်တန်းဆရာဖေ၊ နောက်ခေတ်တွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့သည် အလွန့်အလွန် တော်ကြသော ကဝိများ ဖြစ်ပါပေသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တေးထပ်များမှာ အခါပေါင်း များစွာပင် ဦးဖေကြီး၊ ဦးဖေငယ်တို့ တေးထပ်ထက်ပင် သာလွန် ကောင်းမွန်ပါပေသည်။ ဦးမောင်ကြီး၏ နောက်တွင် ကျိုက်လတ် ဆရာချစ်၊ ရှင်သန်းမေတို့သည် တေးထပ် အရေးကောင်းသူများ ဖြစ်ကြပေသည်။ တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်း အရေးအစပ် အလွန်ကောင်းသူများ ရှိကြပါ၏။ တေးထပ်အများ အစပ်အဟပ် ကောင်းသူတို့ကိုသာ ထုတ်ဖော်လိုက်ရခြင်း ဖြစ်ပေသည်။

တစ်မှုဟုတ်ချင်း ရေးစပ်သော (ဝါ) နှုတ်ဖြင့် ရုတ်ခြည်းစပ်သော စာချိုး၊ သို့မဟုတ် အဖွဲ့အနွဲ့ ကဗျာများမှာ နက်၊ လေး၊ ခံ့ညားမှုတွင်ကား ညံ့လိမ့်မည်။ သို့သော် အထက်တွင် ဆိုခဲ့သည့်အတိုင်း သူ့အဆင့်အတန်းနှင့်သူ ချီးမွမ်းဖွယ်ပင် ဖြစ်လေတော့





သည်။ ရှေးရှေးက စင်ပေါ်မှနေ၍ ရုတ်တရက် စပ်ဆိုသော သံချိုများမှာလည်း ဤ "စာချိုး"သဘောတွင် ပါဝင်ပြီး ဖြစ်တော့သည်။ ထိုကဗျာမျိုးကို အင်္ဂလိပ်ဘာသာဖြင့် "Impromptu Rhymes"ဟု ခေါ်သည်။ မြန်မာလို "တခဏပွဲတွင်ကဗျာ" ဟူ၍ ခေါ်ထိုက်ပေသည်။

ကျွန်ုပ် ဖော်ပြခဲ့သော မရမ်းကုန်းဌာနာတွင် ကျွန်ုပ်၏မိတ်ဆွေ ကိုသိန်းမောင် တိုင်ချက်ပေးနေစဉ် ၁၀ မိနစ်အတွင်း ရေးစပ်မိသော တေးထပ် စာချိုးကို ဖော်ပြရဦးမည်။

## သူခိုး ခိုး ခံရခြင်းဘွဲ့ တေးထပ်

ဘောက်ထော်ကို အရောက်ရတွင်မှ၊ နောက်စရာ့ စိတ်မှာ။
မထောက်စာ့ တိတ်ဆိတ်စာ ပြေတွာသူခိုး။ ။ ရှိသမျှ ဝတ်အစုံကို၊
ကျွတ်အကုန် လစ်တော့သကိုး။ ။ ဝက်သားချက် မှုစ်ချဉ်ကို၊
အသင့်ဝင် သူတို့။ အပြစ်တင် ဘယ်သူပဲ ငြိုးစေတော့၊ ပူမစိုး ပွဲတော်
တည်။ ။ ကျနစွာ စားလင့်ပြီးခါမှ၊ တံခါးဖွင့်ပြီး ထွက်တော်မူ
သည်။ ။ သိန်း အာ ဝင်း စိတ်မကြည်ပြီ၊ အအိပ်ညီ အိပ်ကြီးလို့၊
တစ်မိုတ်တည်း ကြွပေါ့ဝတ်စုံ၊ ကျရှော့ ချွတ်ချုံ။ ။ ကိုစောရ
ကျောပုံကို၊ ဒေါ်သူပုန် ထပါလို့လေး။ (အို) ကိုစောရ ကျောလှပုံကို၊
ဒေါသကုန် ထွက်ပါလို့လေး။ ။

ကျွန်ုပ်သည် ကျောင်းသားဘဝတွင် လည်းကောင်း၊ ကျောင်းဆရာဘဝတွင် လည်းကောင်း၊ သတင်းစာဆရာဘဝတွင် လည်းကောင်း အင်္ဂလိပ် မြန်မာ လင်္ကာ ကဗျာများကို မကြာမကြာ ရေးစပ်ခဲ့လေသည်။ သို့သော် ကိုယ်တိုင် စိတ်တိုင်းမကျ။ အောင်မြင်လှသည် မရှိချေ။

ကဗျာတစ်ပုဒ်ကား အောင်မြင်သည်ဟု ကျွန်ုပ် ဆိုချင်လေသည်။ သို့သော် ထိုစကားကို ကျွန်ုပ်တစ်ဦးတည်း ပြောချက်ဖြင့် မှန်လှပြီဟု ထင်နိုင်ဖွယ် မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဟုတ် မဟုတ်၊ မှန် မမှန်ကို ကျွန်ုပ်ထက် ပို၍ ဝန်ခံနိုင်သော အခြားသူတစ်ဦး ရှိသေးသောကြောင့် ဖြစ်လေသည်။ ထိုသူမှာ အခြားမဟုတ်။ ကျွန်ုပ်၏ ဇနီးပင် ဖြစ်လေသည်။ ရေးသောကဗျာမှာ သူ့ထံသို့ စာရေးရာတွင် ထည့်၍ ပေးလိုက်သော ကဗျာလေးဆစ်ကလေးဖြစ်ရာ ၃–၄ မိနစ်ဖြင့် စပ်၍ ပြီးစီးခဲ့လေသည်။ လူချင်း သိစက အထူးအဆန်း သိကျွမ်းခဲ့ရခြင်းကို အကြောင်းပြု၍ ရေးစပ်ခဲ့ခြင်း ဖြစ်လေသည်။ စကားအလျဉ်းသင့်၍ ထည့်သွင်းဖော်ပြ လိုက်ရဦးမည်။

ဘယ်ရှေးကံ အဘိယာစကကြောင့်၊ သိလာရ ခုပုံ။ ။
ဘယ်ဆုတောင်း အကြောင်း ဘယ်လိုတဲ့လို့၊ မြတ်ဘုန်းမို သက်တော်

ရှိလျှင်ဖြင့်၊ ကွက်ပေါ်အောင် မြွက်ဖော် သိစေလိမ့်မယ်လို့၊ စောမိ
အာရုံ။ ။ စဆုံးငယ် စုံ၊ ဥသုံပ မကြွင်း။ ။ အတိတ်ကယ့်
အလို၊ ခုများ ဘယ်မှုပိုလို့၊ နာဂတ်ကို ဘယ်လိုဖြစ်မယ်လို့၊ သနစ်ကုန်
ပြန်လှန် လျှောက်လိုက်ချင်လ၊ ရှေ့နောက် အခင်း။ ။

ထိုကဗျာသည် ကျွန်ုပ်၏ ထိုအခါက တကယ်မသိခြင်းကို အစင်းသား ပြလျက် ရှိလေသည်။ သူနှင့်ကျွန်ုပ် ထူးဆန်းစွာ တွေ့ရခြင်းမှာ ပါရမီ ဖြည့်ဖော်ဖြည့်ဖက် ဖြစ်၍ ဖြစ်ကြောင်း နောက်မှ သိလာရလေတော့သည်။

ဤကဗျာသည် ဤဘက်တွင် မအောင်မြင်ခဲ့၊ ဤကဗျာကြောင့် သူနှင့် ကျွန်ုပ် ညားခဲ့ခြင်း မဟုတ်ဟု ကျွန်ုပ်၏ဇနီးက ငြင်းဆိုခဲ့လျှင် ကျွန်ုပ်တွင် အောင်မြင်သော ကဗျာဟူ၍ တစ်ပုဒ်မျှ မရှိတော့ပေ။ စင်စစ်သော်ကား ကျွန်ုပ်မှာ ကဗျာအရေးကောင်းသူ မဟုတ်။ စာလည်း အရေးမကောင်းသူ တစ်ဦး ဖြစ်ချေသည်။

ကျွန်ုပ် အယ်ဒီတာ ဖြစ်လာခြင်းမှာ စာရေးဝါသနာပါခြင်းကြောင့် မဟုတ်ပေ။ များသောအားဖြင့် သတင်းစာနယ်ထဲသို့ ရောက်ကြရခြင်း၊ စာရေးဆရာ ဖြစ်ကြရခြင်းတို့မှာ စာရေးဝါသနာ ထက်သန်စွာ ပါလာခြင်းကြောင့် ဖြစ်ကြလေသည်။ ကျွန်ုပ်ကား စာရေးဝါသနာ မပါ။ မလွဲသာလွန်းမက မလွဲသာမှသာလျှင် စာကို ရေးလေသည်။ ရေးရမည်မှန်း သိသော စာပင်လည်း မရေးလျှင် မဖြစ်တော့လွန်းမက မဖြစ်တော့သော အချိန်တွင်မှ ရေးခဲ့လေသည်။ ဤအကြောင်းကို ကျွန်ုပ်နှင့် လုပ်ဖူးသော စာစီသမားများသည် အသိဆုံး ဖြစ်ကြလေတော့သည်။ အဘယ်မျှလောက် အရေးကြီးသောစာ ဖြစ်စေ၊ ကျွန်ုပ်သည် ဖုတ်ပူမီးတိုက် မရေးရဘဲနှင့် ပုံနှိပ်ပြီးသား ထွက်မလာချေ။ ယခု ရေးနေသော နေ့စဉ်မှတ်တမ်း တစ်ခုသာလျှင် ပုံနှိပ်ခွင်သို့ မတင်နိုင်သေးမှန်းသိလျက် ကြိုကြိုတင်တင် ရေးဖူးသေးခြင်း ရှိလေသည်။

ကျွန်ုပ် စာရေးပျင်းကြောင်း ဝန်ခံခဲ့ပြီ။ စာရေးလည်း ဝါသနာ မပါ။ ပျင်းလည်း ပျင်းလျက်နှင့် အဘယ်ကြောင့် စာမရေးလျှင် မဖြစ်သော နယ်ပယ်တစ်ခုထဲသို့ ဝင်ရောက်ခဲ့သနည်းဟု မေးဖွယ် ရှိလေသည်။

ကျွန်ုပ် အသက် ၁၂ နှစ် ကျော်ကျော်တွင် အင်္ဂလိပ်၊ မြန်မာ ၇ တန်းကို အောင်မြင်၍ လက်ပံတန်းမြို့ အစိုးရ အထက်တန်းကျောင်းသို့ ကူးပြောင်း အပ်နှံခြင်း ခံရလေသည်။ ကျောင်းအပ်သည့်နေ့တွင် ကျွန်ုပ်၏ မိဘနှစ်ပါးသည် ကျွန်ုပ်အား ဆရာကြီးထံ လိုက်လံ အပ်နှံပေးကြလေသည်။ ဆရာကြီးက ကျွန်ုပ်အား 'မင်း ကြီးရင် ဘာလုပ်မလဲ' ဟု မေးလေသည်။ (နောင်သောအခါ ထိုဆရာကြီး ဦးအောင်ထွန်းသည် ကျောင်းသားသစ်တိုင်းကို ဤကဲ့သို့ပင် မေးမြန်းကြောင်း၊ မေးမြန်းသည့်အခါ အဆင်သင့် မဖြေနိုင်သူသာ များကြောင်းဖြင့် သိရလေသည်။)





ကျွန်ုပ်က 'ဆရာဝန်ဖြစ်ဖြစ်၊ အယ်ဒီတာဖြစ်ဖြစ် လုပ်ချင်ပါတယ်' ဟု ပြန်ဖြေခဲ့လေသည်။

'မင်း လူတစ်ယောက်တည်းကို ဘယ့်နှယ်လုပ်ပြီး အလုပ်နှစ်လုပ် လုပ်နိုင်မလဲ။ တစ်ခုဆိုရင် တစ်ခုပဲ မင်း ကြိုးစားရမှာပေါ့။ ပြောစမ်း၊ ဒီနှစ်ခုမှာ ဘယ်ဒင်းကို ပိုပြီး ဝါသနာ ပါသလဲ၊ ဘယ်ဟာ ပိုဖြစ်ချင်သလဲ'

'အယ်ဒီတာ ပိုပြီး ဖြစ်ချင်ပါတယ်' ဟု ကျွန်ုပ်သည် မတွေမဝေ၊ မဆိုင်းမတွ ဖြေခဲ့လေသည်။ ထိုအချိန် မတိုင်မီအထိ ကျွန်ုပ်၏စိတ်မှာ နှစ်ခွ ဖြစ်နေခဲ့ရာ ထိုတစ်ခဏတွင် ဆရာကြီးပြောသော စကားမှာ ဟုတ်မှန်လှသည် တစ်ကြောင်း၊ တစ်ခုခုကို ဆုံးဖြတ်၍ မပြောက မပြီးနိုင်သည်လည်း တစ်ကြောင်းကြောင့် တစ်ခုတည်းသော အဖြေကို ထိုတစ်ခဏတွင်ပင် စိတ်အလုပ် အမြန်လုပ်ကာ ပိုင်းခြားဝေဖန်၍ ပေးလိုက်ရလေသည်။

ဆရာကြီးက 'ဒီလိုဆိုရင် မင်း စာများများ ဖတ်ရမှာပေါ့။ မင်း စာဖတ်ပျင်းသလား' ဟု ထပ်ဆင့်၍ မေးလေသည်။

ကျွန်ုပ်က 'မပျင်းပါ' ဟု သာမန်မျှသာ ဖြေလိုက်လေသည်။ ကျွန်ုပ်၏ မိဘများက ကျွန်ုပ်မှာ မိုးလင်းမှ မိုးချုပ် စာတစ်အုပ်အုပ်ကို မပြတ် ဖတ်ရှုနေသည်မှာ ထမင်းစားတုန်းပင် စာအုပ်ကို မချ၍ များစွာ ဆိုရ ပြောရကြောင်းဖြင့် ဝင်၍ ထောက်ကြလေသည်။

ဆရာကြီးလည်း ကျွန်ုပ်အား ဘာမျှ ပြန်မပြောဘဲ သူ့ကျောင်းတွင် လက်ခံလိုက်လေသည်။ ထို့နောက် အခြားကျောင်းသားသစ်များ လက်ခံရန် တစ်ယောက်ပြီးတစ်ယောက် ဆက်ခေါ်သဖြင့် ကျွန်ုပ်တို့လည်း သူ့ရှေ့မှောက်မှ ထွက်လာခဲ့လေသည်။

ဆရာကြီးအား ကျွန်ုပ် တစ်ခဏချင်း ပေးခဲ့ရသော အဖြေကို ယနေ့တိုင် အရင်းခံအားဖြင့် မှားသည်ဟု ကျွန်ုပ် မယူဆပေ။

ထိုသို့ တစ်ခုခုကို ယတိပြတ် မဆုံးဖြတ်ရမီက ကျွန်ုပ်၏စိတ်တွင် အဘယ်သဘောဖြင့် ဤနှစ်ခုကိုမှ နှစ်ခြိုက်ရွေးချယ်ထားကြောင်း သိဖို့လိုပေသည်။

ကျွန်ုပ်မှာ သူတစ်ထူး ဆင်းရဲဒုက္ခရောက်နေခြင်းကို မရှုရက်ပေ။ တစ်စုံတစ်ရာ ဝင်ရောက် ကူညီလိုက်ခြင်းဖြင့် ထိုသူ၏ ဆင်းရဲဒုက္ခကို သက်သာခွင့် ရစေချင်သော ဆန္ဒမှာ လွန်စွာပင် ပြင်းပြခဲ့လေသည်။ ကျွန်ုပ်တို့ နေထိုင်သောလမ်းတွင် အဘိုးအိုကြီး တစ်ယောက်တည်း အလွန် စုတ်စုတ်ချာချာနှင့် ဆင်းရဲစွာ နေထိုင်လျက်ရှိရာ ထိုအဘိုးအိုကြီးထံ ကျွန်ုပ်တို့ စားရန်ဖြစ်သော ချက်ပြုတ်ပြီး ဟင်းလျာများ၊ ဆီ၊ ဆန်စသော ချက်ပြုတ်စရာများနှင့် ပိုက်ဆံကြေးငွေများကို မကြာခဏ ပို့ပေးခဲ့လေသည်။

ကျွန်ုပ်၏မိခင်နှင့် အဘွားသည် ထိုသို့ ပို့ခြင်းကို ကျပ်တည်းစွာ မတားမြစ်ကြ။ သို့သော် ထိုအဘိုးကြီး ယခုလို နေရခြင်းမှာ အခြားသူ၏ အပြစ်မဟုတ်။ သူ၏အပြစ်ပင် ဖြစ်၍ အပြစ် ပြုလုပ်သူကို ကြည့်ပြီး အားပေးထိုက်မှ အားပေးရမည်ဟု သတိပေးကြလေသည်။

ကျွန်ုပ်မှာ ထိုလူကြီး၏ ဆင်းရဲကိုသာ မြင်ခဲ့ရာ အပြစ်ကို လုံးဝ မသိမမြင်ခဲ့ချေ။ ကျွန်ုပ်၏မိခင်နှင့် အဘွားသည် သူတစ်ဖက်သားအပေါ်တွင် မတရား မဟုတ်မမှန် မပြောကြကြောင်းကို ကျွန်ုပ် ကောင်းစွာ ယုံကြည်ပြီးဖြစ်ရကား၊ ကျွန်ုပ် မသိသေးသော အကြောင်းတစ်ခု ရှိနေသည်ကို စုံစမ်းဖို့ ဖြစ်ပေါ်လာခဲ့လေသည်။

ထိုသို့ စုံစမ်းကြည့်သောအခါ ထိုလူကြီးမှာ အဓိပတိ ယစ်ထုတ်ကြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုအခါ ကျွန်ုပ်၏စိတ်တွင် များစွာ စိတ်မကောင်းခြင်း ဖြစ်မိလေသည်။ သနားစိတ်လည်း မကုန်ခန်း၊ ဆက်လက်၍ ထောက်ပံ့ရန်မှာလည်း သူ့အပြစ်မှာ သူ ဖျောက်လျှင် ပျောက်နိုင်၍၊ သူ မဖျောက်က သူ့တာဝန်ပင် ဖြစ်သည်ဟုလည်း စိတ်ကထင်နှင့် များစွာပင် စိတ်ပင်ပန်းခဲ့လေသည်။ ထိုနေ့ကစ၍ ကျွန်ုပ်သည် ထိုလူကြီးအား ပိုက်ဆံကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မပေးတော့ချေ။ တစ်ခါတစ်ရံ အကျီ လုံချည်အဟောင်းများ၊ ဟင်းများလောက်သာ ပို့ခဲ့လေတော့သည်။

ပိုက်ဆံ ကျွန်ုပ်ထံမှ မရသောအခါ ထိုလူကြီးသည် ဖွင့်၍ ကောင်းလေသည်။ ကျွန်ုပ်က မပေးနိုင်တော့ကြောင်းဖြင့် သာမန် ပြောခဲ့လေသည်။ ထိုလူကြီးက ဒေါနှင့်မာန်နှင့် 'မင်းက ငါ့ကို အရပ်က မုန်းပြီး ကုန်းတိုက်တာ ယုံလို့လား' စသည်ဖြင့် ပြောကာ အရပ်ကို ရစရာမရှိအောင် ဆဲလေတော့သည်။

ကျွန်ုပ်က အရက်ဖိုးဖြစ်မည့်အတွက် မပေးလိုခြင်းဖြစ်ကြောင်း အရပ်က ပြောရန် မလို၊ သူ့ထံမှပင် အရက်နံ့က ထွက်နေပြီဖြစ်ကြောင်းနှင့် ပြောလိုက်လေသည်။ (ထိုအချိန် မတိုင်မီက ထိုအဘိုးကြီးအနားသို့ ရောက်လျှင် အနံ့တစ်မျိုး နံကြောင်းကိုကား သိခဲ့လေသည်။ အရက်သောက်၍ ဤအနံ့ထွက်ကြောင်း ကျွန်ုပ် လုံးဝ မသိပေ။ နောက်စုံစမ်း၍ အရက်သောက်မှန်း သိရမှ ထိုအနံ့သည် အရက်နံ့ဖြစ်ကြောင်း သိရလေတော့သည်။ ထိုအနံ့ကို မဆွကပင် ကျွန်ုပ် ကောင်းစွာ မခံနိုင်ခဲ့ပေ။ သို့သော် အရက်နံ့ဟူ၍ မသိခဲ့ပါ။ စွန် စသည့် အပုပ်ခံထားသော အရာဝတ္ထုတစ်ခုမှ ထွက်သည့် အနံ့ဟူ၍ပင် ထင်မှတ်ခဲ့လေသည်။ အနံ့နှင့် ပတ်သက်၍ ကျွန်ုပ်၏ညံ့ပုံကို စကား အလျဉ်းသင့်၍ ပြောရဦးမည်။ ကျွန်ုပ်မှာ အသက် ၁၃ နှစ်၊ အင်္ဂလိပ်လို ၈ တန်း ရောက်သည်အထိ "ညှော်သည်" ဆိုသော စကားအဓိပ္ပာယ်ကို နားမလည်ခဲ့ချေ။ တစ်အိမ်အိမ်က တစ်ရံတစ်ခု ကြော်လှော်လျှင် ကျွန်ုပ်က "မွှေးသည်" ဟု ပြောခဲ့လေသည်။ ထိုအမွှေးနံ့ကို နှစ်နှစ် ခြိုက်ခြိုက်ပင် ရှူရှိုက်တတ်ရာ၊ ထိုသို့ ရှူသည့်အခါတွင် ဝမ်းဗိုက်၌ ဟာ၍ လာလျက် လျှာဖျားတွင်လည်း သွားရည်ယိုလာလေသည်မှာ ယခု အသက်အရွယ်အထိ





ဖြစ်တော့သည်။ ၈ တန်းရောက်၍ သိတင်းကျွတ် ကျောင်းပိတ်ချိန်တွင် နေရင်းမြို့သို့ ပြန်စဉ် အိမ်တစ်အိမ်သို့ သွားလည်နိုက်၊ ဆီသတ်ကြော်လှော်သော အနံ့ကို ရ၍ 'မွှေးလိုက်တာ၊ ထမင်းကို ဆာလာတာပဲ' ဟု ပြောမိရာ၊ အနားက အဒေါ်ကြီးက 'ခွေးကောင်ကလေး မတောက်တခေါက် ပြောရော့မယ်။ သူများဖြင့် ညှော်လို့ ခါးနေတာပဲ' ဟု ပြောမှ "ဪ၊ ညှော်တာ ဒါကိုး" ဟု အစင်းသား သိခဲ့လေသည်။ ထိုအခါတွင်ပင် "ဪ ကိုယ်ကြိုက်ရင် အမွှေးနံ့၊ မကြိုက်ရင် အညှော်နံ့။ တစ်ခုတော့ တစ်ခုတည်းပဲ" ဟု တွေးမိကာ အဒေါ်ကြီးကို စောဒကတက်မည် ကြံမိသေးသည်။ သို့သော် ကြောက်ရွံ့၍ နှုတ်မှ မထွက်ခဲ့ပေ။ စိတ်ထဲတွင်သာ လူ့အလိုကို လိုက်၍ စကား ဆိုသည်မှာ ဖြစ်လာရပါသည်တကား။ လိုတစ်မျိုး မလိုတစ်မျိုးဆိုသော စကားသည် ဤသဘောတရားပင် ဖြစ်ပါတကားဟု အမှတ်ထားလိုက် မိလေတော့သည်။ အနံ့ အကြောင်းကား ရှည်သွားပြီ။ လိုရင်းကို ပြန်ကောက်ရဦးမည်။)

အဘိုးကြီးမှာ ယမ်းပုံမီးကျ ဖြစ်သွားလေသည်။ အရပ်ကို ပို၍ ဆဲလေသည်။ ထို့နောက် ကျွန်ုပ်အား စေ့စေ့ကြည့်၍ 'ဝေဿန္တရာတောင် အရက် လှူသေးတာပဲ' ဟု ပြောလေသည်။

'ဘကြီး၊ အဲဒါမှာတော့ ဝေဿန္တရာနဲ့ ကျွန်တော်နဲ့ သဘောချင်း မတိုက်ဘူး။ သူ အရက်ကို မလှူထိုက်ဘူး၊ သူ့အလှူဟာ လူတိုင်း ခံစားရတာပဲဆိုတဲ့ နာမည်ကောင်း ရဖို့အတွက် မလှူတန်တဲ့ ပစ္စည်းကို လှူတာပဲ။ ဒါ ကျွန်တော် ဝေဿန္တရာ ဖတ်ကတည်းက မကြိုက်ဘူး'

'ဘာ၊ မင်းလို လက်မလောက်ရှိတဲ့ ကောင်ကလေးက ဘုရားအလောင်းရှင်မာကြီး လုပ်တာကို မကြိုက်ဘူးလေး ဘာလေးနဲ့၊ တယ်ကြီးကျယ်ပါကလား။ သွားသွား။ မင်း ငါ့ဆီ မလာနဲ့တော့' ဟု ကျွန်ုပ်အား ခက်ထန်စွာ မောင်းနှင်ထုတ်လိုက်လေသည်။

ကျွန်ုပ်က သူ့ကို ဖဲရမည်ကို သူက ကျွန်ုပ်အား ဖဲသွားလေသည်။ လမ်းတွင် တွေ့၍မှ ကျွန်ုပ်အား လှည့်မကြည့်တော့ပေ။ ကျွန်ုပ်ကား ဟင်းခွက်ကို ကိုယ်တိုင်မပို့ဘဲ၊ ကျွန်ုပ်၏ ညီငယ်တစ်ဦးကို လွှတ်၍ အပို့ခိုင်းသေးလေသည်။ သို့သော် ဟင်းများကို ရှေ့တွင်ပင် သွန်မှောက် လွှင့်ပစ်လိုက်သည်ဟု ညီက ပြော၍ ကျွန်ုပ်လည်း ဝမ်းနည်းစွာနှင့် နောက်ဆုတ် နေခဲ့ရလေသည်။ သူလည်း ရက်များမကြာမီ ကျွန်ုပ်တို့နေသော မြို့မှ ထွက်ခွာသွားလေတော့သည်။ ဤကား အရပ်က ဝိုင်းပယ်ထား၍ ကျွန်ုပ် ကိုယ်တိုင်ပင် မကောင်းမှန်း သိနေပြီဖြစ်သော လူတစ်ဦးတစ်ယောက်အပေါ်တွင် ကျွန်ုပ်၏ ကရုဏာသက်မှုမှာ မပြတ်စဲကြောင်း ပြယုဂ်တစ်ရပ် ဖြစ်လေသည်။

ကျွန်ုပ်တို့ နေသော အိမ်အနီးတွင် ဆေးလိပ်ခုံတစ်ခုံ၌ တစ်နေ့ကုန် ကပ်၍

ခန်း အလုပ်လုပ်ရသော မိန်းကလေးနှစ်ယောက် ရှိလေသည်။ ထိုမိန်းကလေး နှစ်ယောက်မှာ ကျွန်ုပ်ထက် အနည်းငယ် အသက်ကြီး၏။ သူတို့၏မောင်မှာ ကျွန်ုပ်နှင့် သက်တူရွယ်တူ ဖြစ်လေသည်။ အတူတူနေစဥ် ကစားကြသောကြောင့် ကျွန်ုပ်တို့မှာ လွန်စွာ ခင်မင်ရင်းနှီး နေကြလေသည်။ သူတို့မှာ တစ်ခါတစ်ရံ ရာသီကုန်ကလေး ကူးခြင်းဖြင့် ပိုမိုချောင်ချိခြင်း ရှိ၏။ သို့သော် အမြဲအားဖြင့်ကား များစွာ ချောင်လည်လှသည် မရှိဘဲ ညီအစ်မနှစ်ယောက် လုပ်စာအပေါ်တွင် တစ်အိမ်ထောင်လုံး မှီနေရလေသည်။ သူတို့အား ကျွန်ုပ်၏မိခင်က မကြာမကြာ ငွေစများ ထောက်ပံ့ကြည့်ရှု၏။ အရင်းအနှီးကလေးများပင် ထုတ်ပေး၏။ သို့သော် ပေးခိုက်တွင်သာ ချောင်လည်၍ စားလိုက် သောက်လိုက်ဖြင့် အရင်း ပျောက်ပျောက်သွားသည်မှာ မကြာခဏ ဖြစ်လေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်၏မိခင်က အရင်း ထုတ်မပေးတော့ဘဲ အကြောင်းရှိမှပင် ငွေစများ ကြည့်၍ ပေးလေတော့သည်။

တစ်နေ့တွင် ခါတိုင်းကဲ့သို့ ညဘက် လသာသာ စုရုံး ကစားကြရာ၌ ညီအစ်မနှစ်ယောက် ပေါ်မလာချေ။ သူ့မောင်ကလေးကို မေးသောအခါ 'အစ်မလေး နေမကောင်းနေလို့' ဟု ပြော၍ သာမန်ပင် အောက်မေ့ကာ ဆက်လက်၍ ပျော်ပါးစွာ ကစားနေခဲ့လေသည်။ နောက်တစ်ည ကစားချိန်တွင်လည်း မလာသောအခါ 'တစ်ယောက်က နေမကောင်းနေလို့ မလာဘူး။ မင်းအစ်မကြီးကကော ဘာပြုလို့ မလာလဲ' ဟု မသိသား ဆိုးရွားစွာ မေးမိလေသည်။ ထိုအခါ ကျွန်ုပ်မှာ ၁၁ နှစ်သား သာသာ ရှိသေးလေသည်။ ခုနစ်တန်းသို့ကား ရောက်နေလေပြီ။

'ဟာ ဘယ်လာနိုင်မလဲကွ။ မနက်ဆို အစောကြီး ထွက်သွားရတယ်။ ညဘက်ကို နှစ်ယောက်စာကို တစ်ယောက်တည်း ကျုံးလုပ်နေရတော့ ညဘက် အပြန်လည်း မိုးချုပ်တာပေါ့' ဟု မောင် ဖြစ်သူက ပြန်ပြောလေသည်။

'ဘာဖြစ်လို့ နှစ်ယောက်စာကို တစ်ယောက်တည်း လုပ်ရမှာလဲ'

'ပိုက်ဆံရအောင်ပေါ့ကွ။ နို့မဟုတ်ရင် ဘယ့်နှယ်လုပ်ပြီး စားမလဲ။ ဆရာခေါ်ရတာကလည်း ရှိသေးတယ်' ဟု ပြောသဖြင့် ထိုညက စိတ်ဖြောင့်ဖြောင့် မကစားနိုင်တော့ဘဲ အိမ်သို့ စောစော ပြန်လာခဲ့လေသည်။

အိမ်ရောက်လျှင် မိခင်အား ကြည့်ရာ၊ အိပ်နေပြီဖြစ်၍ အိမ်မှ ပြန်ထွက်ခဲ့ပြန်လေသည်။ မိခင်ကိုတွေ့လျှင် ပိုက်ဆံပေးဖို့ တောင်းပန်မည်ကြံရာ ယခု အိပ်နေပြီဖြစ်၍ မတောင်းရတော့သဖြင့် ဆေးလိပ်ခုံကို သွားတောင်းမည်ဟု ပြန်ထွက်ခဲ့ခြင်း ဖြစ်လေသည်။ ဆေးလိပ်ခုံမှာ ကျွန်ုပ်တို့ အိမ်နှင့် များစွာ မကွာလှမ်းရာ ဖော်ပြရာပါ မောင်ဖြစ်သူကို အတင်းခေါ်၍ အရောက် သွားခဲ့လေသည်။ "ဘာဖြစ်လို့ နှစ်ယောက်စာကို တစ်ယောက်တည်း လုပ်ရမှာလဲ" ဟူသော အမေးသည် ကျွန်ုပ်၏ သွေးများကို ဆူလျက် ရှိနေစေလေသည်။





ထိုအိမ်မှာ ခွေးရှိရာ ကိုက်မည်ကိုပင် မကြောက်ဘဲ အိမ်ပေါ်အရောက် တက်၍ 'ဒေါ်ကြီး ... ဒေါ်ကြီး' ဟု အရေးတကြီး ခေါ်မိလေသည်။ ပါလာသော အဖော်မှာ အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်တွင် နေရစ်ခဲ့လေသည်။

အိမ်ပေါ်တွင် လသာ မှန်အိမ်ကြီးအောက်၌ မိန်းမကြီးတစ်စု ဆေးလိပ်သောက်ရင်း ဝိုင်းဖွဲ့ကာ အေးအေးလူလူ မပူမပန် စကားပြောနေကြသည်ကို မြင်ရရာ ကျွန်ုပ်မှာ သာ၍ပင် မခံနိုင် ဖြစ်လာလေသည်။

'ဘာလဲဟဲ့၊ ဘယ်သူလဲ။ ခွေးကိုက်မယ်နော်။ ဟဲ့ ... ခွေး ကြည့်လိုက်စမ်း။ မှန်း ... ဘယ်သူလဲ။ ဩ ... စောယု သားပါလား။ (ကျွန်ုပ်၏မိခင်မှာ ဒေါ်စောယုဖြစ်လေသည်။) ဘာများလဲ' ဟု တစ်ဆက်တည်း ပြောသံများကို ကြားရလေသည်။

'ဘာဖြစ်လို့ စောတင် ဖျားနေတာကို မစောက နှစ်ယောက်စာ လိပ်ပေးရမှာလဲ' ဟု ကျွန်ုပ်က ဒေါသဖြင့် အော်၍ မေးမိလေသည်။

'နေစမ်းပါဦး ဟဲ့။ နင် ... ဘာဖြစ်လာသလဲ။ လာစမ်း ဒီကို' ကျွန်ုပ်လည်း ရှေ့တိုးသွားလေသည်။

'စောတင် မလာလို့ မစောကို နှစ်ယောက်စာ လိပ်ခိုင်းတယ်ဆို' ကျွန်ုပ်က မထိုင်ဘဲ ပြောပြန်လေသည်။

'အေး ... ဒါ ဘာဖြစ်သလဲ'

ဝိုင်းရယ်ကြလေသည်။ 'ခက် ခက်ရချည်သေး' ဟု ပြောသံလည်း ကြားရလေသည်။ ကျွန်ုပ်မှာ သာ၍ပင် ဒေါသ ထွက်လာလေသည်။

'ရယ်တာလား။ ဟိုမှာ သေချင် သေနေမှာကို ရယ်တယ်လား။ ပိုက်ဆံတွေ အများကြီး ရှိနေပြီးတော့ ဒါလောက်ကလေးကို မပေးဘူးလား' ဟု ပြောကာ တစ်ခါတည်း ဆောင့်အောင့် ထွက်လာခဲ့ရာ၊ ရယ်သံများမှာ ပို၍ ကျယ်လာလျက် 'အရူးကလေးပဲ' ဟူသော အသံမှာ ကျွန်ုပ်၏နားတွင် အကျယ်လောင်ဆုံးဟု ထင်မှတ်ရလောက်အောင် နားထဲသို့ ဝင်လာခဲ့လေသည်။

ကျွန်ုပ်လည်း မန်ကျည်းပင်အောက်က စောင့်နေသော သူငယ်ချင်းကို အတင်းဆွဲခေါ်ပြီး 'သိပ် မတရားတာဘဲ။ လာ သွားကြမယ်' ဟု ပြောကာ ထွက်လာကြလေသည်။ ကျွန်ုပ်သာ ဆဲရေးသော အလေ့အထရှိလျှင် ထိုအခါက များစွာ ဆဲမိပေလိမ့်မည်။ ထိုအခါက များစွာ ဆဲချင်နေလေသည်။ သို့သော် ဆဲလေ့မရှိ၍ မျိုသိပ်ထားရလေလေ၊ ဒေါသ အဆောက်အအုံမှာ ကြီးမားလေလေ ဖြစ်လေတော့သည်။

ထိုညက သူတို့အိမ်သို့ လိုက်သွားပြီး ကြည့်ရာ၊ ရေနံဆီခွက်ကလေး မှိတ်တုတ် မှိတ်တုတ်နှင့် မီးရောင်အောက်တွင် မစောမှာ ဆေးရွက်ကြီးများကို တစ်ပုံပြီး တစ်လုံး လုံးနေလျက်၊ အနားတွင် စောတင်မှာ ပက်လက်ကလေး မှိန်းမနေပြီ သူတို့အမေမှာ ဆောင့်ကြောင့်ကြီးထိုင်ကာ ဆေးလိပ် ဖွာနေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်မှာ ဒေါသကြောင့် ဘာစကားမျှ မပြောနိုင်။ ဘာစကားမျှ မပြောချင်တော့ပေ။ အေးမောင်ကသာ ဆေးလိပ်ခုံကို ရောက်ခဲ့သည့်အကြောင်း ပြောပြနေလေသည်။

'ဒီလိုပဲ လုပ်ရတာပဲဟဲ့။ ဘယ်သူက ပိုက်ဆံအလကား ပေးမလဲ။ ကိုယ်လုပ်လို့ ပြီးသလောက်အတွက်သာ ပိုက်ဆံ ပေးတော့မပေါ့။ ဘယ်သူလာတာ မလာတာက အရေးကြီးတာ မဟုတ်ဘူး။ အလုပ်ပြီးတာကသာ အရေးကြီးတာ။ အလုပ်ကြည့်ပြီး ပိုက်ဆံရှင်းတာပဲဟာ။ နင် ...သွားပြောတော့ နင် ... အရှုံးဖြစ်တာပေါ့' ဟု မစောက ဆေးလုံးလုံးရင်း အေးဆေးစွာပင် သူနှင့် မဆိုင်သလို ကျွန်ုပ်အား ပြောပြလိုက်ရာ၊ ကျွန်ုပ် စိတ်ထဲတွင် စောစောက ဗရန်းဗရင်း ဖြစ်နေသမျှသော ဒေါသတို့သည် ရုတ်ခြည်း ပြေငြိမ်းသွားလေတော့သည်။ သူ၏ အဖြေစကားကို ကြားရ၍ မဟုတ်ဘဲ သူ၏ အေးဆေးစွာ သူနှင့် မဆိုင်သလို၊ သူ အကျေနပ်ကြီး ကျေနပ်နေသလို ဖြေဆိုပုံကို မြင်ရသဖြင့် အအံ့သြကြီး အံ့သြခြင်းသည် ကျွန်ုပ်၏ ဒေါသကို တစ်ချက်တည်း ငြိမ်းပစ်လိုက်ခြင်း ဖြစ်လေသည်။

သို့သော် ကျွန်ုပ်၏စိတ်တွင် ထိုညက မကျေနပ်။ ဆေးလိပ်ခုံရှင်များ အပေါ်တွင်လည်း မကျေနပ်။ ကျေနပ်နေသူ မစော အပေါ်တွင်လည်း မကျေနပ်နှင့် အတော်ပင် စိတ်ဆင်းရဲခဲ့လေသည်။ နောက်တစ်နေ့တွင်လည်း ကျွန်ုပ်၏စိတ်တွင် တစ်စုံတစ်ခုကို မကျေနပ်သကဲ့သို့ ဖြစ်နေခဲ့လေသည်။

ကျွန်ုပ်၏မိခင်သည် နောက်တစ်နေ့ ညနေတွင် 'ငါ့သားကြီး ဟိုဘက် ဆေးလိပ်ခုံ ဘာသွားပြောသလဲ' ဟု ပြုံး၍ ကျွန်ုပ်၏ ဆံပင်ကို သပ်ရင်း မေးလေသည်။ အကြောင်းစုံကို ပြောပြရာ ကျွန်ုပ်၏မိခင်က 'မင်း ... ပြောတာ ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ သူ့အလုပ်ရှင်နဲ့ သူ့လုပ်သား ကျေနပ်ပြီး လုပ်နေရင် မင်း ကြားက ဘယ်လိုလုပ်ပြီး ဝင် စိတ်ဆိုးနိုင်မှာလဲ။ ကိုယ့်အလုပ်ဆိုရင်တော့ ကိုယ့်စိတ်တိုင်းကျ မင်း စီမံနိုင်မှာပေါ့။ ဒါကို မင်းက ကြားက မကျေမနပ်နဲ့ ဖြစ်မနေနဲ့။ မမလည်း ဒီနေ့ပဲ သူတို့ ဆရာလေး ဘာလေး ခေါ်ကုဖို့ ငွေ အစိတ် ပေးလိုက်တယ်' ဟု ပြောဆိုလေသည်။ (ကျွန်ုပ်သည် မိခင်ကို မမ ဟူ၍ ခေါ်လေ့ခေါ်ထ ရှိလေသည်။)

မစော ညက ပြောစဉ်က ကျွန်ုပ်မှာ ဒေါသ ထွက်ကောင်းတုန်း ဖြစ်၏။ သို့သော် သူ့စကားကို ကြားရသောအခါ အံ့သြခြင်းသည် ကျွန်ုပ်၏ဒေါသကို တစ်ချက်တည်း ငြိမ်းပစ်လိုက်၏။ ထို့နောက်တွင် မီးငွေ့မှာ တငွေ့ငွေ့လောင်လျက်ပင် ရှိခဲ့လေသည်။ ယခု ကျွန်ုပ်၏မိခင်က ပြောပြသောအခါ ကျွန်ုပ်မှာ ကျေနပ်ခြင်းဖြင့် စိတ်သက်သာရာကို အပြီးရခဲ့လေသည်။ ထိုအဖြစ်အပျက်ကလေးတွင် တွေ့ကြုံ ကြားသိခဲ့ရသော စကားရပ်များသည် ကျွန်ုပ်စိတ်တွင် စွဲမြဲစွာ ချိတ်တွယ်လျက် ကျန်ရစ်လေ





သည်။ နောက်တစ်နှစ် ကြာသောအခါ ဆရာဝန်အလုပ်နှင့် အယ်ဒီတာ အလုပ် ဘယ်အလုပ်ကို ပို၍ ဝါသနာပါသနည်းဟု အမေးခံရ၍ တစ်ခုတည်းကို ယတိပြတ် ဖြေရစဉ်၊ ထိုသို့ စွဲမြဲစွာ ချိတ်တွယ်ကျန်ရစ်သော မှတ်ဉာဏ်သည် အရေးကြီးစွာ ပါဝင် ဆုံးဖြတ်ချက် ချခဲ့လေသည်။ ထိုအကြောင်းကို နောက်မှ ရှင်းမည်။

ကျွန်ုပ် ဆရာဝန်အလုပ် လုပ်ချင်စိတ် ဖြစ်ပေါ်လာပုံကို ဖော်ပြရဦးမည်။

ကျွန်ုပ်၏ဖခင်မှာ အင်္ဂလိပ်မြန်မာ ဆေးပညာကို အတော်ပင် ဝါသနာ စူးစိုက်လိုက်စားခဲ့လျက်၊ အိမ်တွင် အင်္ဂလိပ်ဆေး အမျိုးမျိုး၊ မြန်မာဆေး အမျိုးမျိုးကို ဖော်စပ်ခဲ့လေသည်။ အင်္ဂလိပ်ဆေးကျမ်းများ၊ လစဉ်ထုတ် အင်္ဂလိပ်ဆေး မဂ္ဂဇင်း ဂျာနယ်များ၊ ဆေးစပ် ကိရိယာများ၊ အခြင်အတွယ်များ ပြည့်နှက်လျက် ရှိနေလေသည်။ ထိုဆေးများဖြင့် ကုစား၍ ပျောက်သည်ကို တွေ့ရသည့်အခါ ကျွန်ုပ်မှာ ဆရာဝန်ဖြစ်ဖို့ စိတ်ကူးမိလေသည်။ သို့သော် ထိုစိတ်ကူးမှာ သူငယ်တို့ဘာဝ စိတ်ကူးမျှသာ ဖြစ်သေး၍ အနိုင်အမာ အမြစ်မတွယ်သေးချေ။

ကျွန်ုပ်တို့အိမ်နှင့် ကပ်လျက်အိမ်တွင် ဦးဘကျော်ဆိုသူ ရှိလေသည်။ ထိုဦးဘကျော်မှာ ၁၉၁၄–၁၈ ခုနှစ် ကမ္ဘာစစ်ကြီးတုန်းက မက်ဆိုပိုတေးမီးယား အထိ စစ်သားတစ်ဦးအဖြစ် လိုက်ပါ တိုက်ခိုက်ခဲ့သူ ဖြစ်ရာ၊ ၎င်းတွင် မျက်နှာပေါ်၌ ဓားမ အမာရွတ်ကြီးတစ်ခု ပါရှိလာခဲ့လေသည်။ ထို ဦးဘကျော်နှင့် ကျွန်ုပ်၏ ဖခင်မှာ မိတ်ဆွေကြီးများဖြစ်ရာ စစ်ပြီး၍ ပြန်လာသည့်အခါ၊ ဦးဘကျော်တွင် အလုပ်အကိုင် အတည်တကျမရှိ၍ ကျွန်ုပ်၏ဖခင်ကပင် မိတ်ဆွေတို့ ဝတ္တရားအတိုင်း ပေးကမ်းစောင့်ရှောက် နေခဲ့လေသည်။ နှစ် လ များမကြာမီ ကျွန်ုပ်၏ဖခင်ကပင် ငွေပင်ငွေရင်းစိုက်ထုတ်လျက် ရန်ကုန် ဂျာနယ်၊ အာဇာနည်၊ လွတ်ငြိမ်းဖွယ်၊ ပညာ့အလင်း၊ သူရိယ၊ ဝံသာနု စသော သတင်းစာ ဂျာနယ်များ၊ ပညာ့အလင်း၊ သူရိယ၊ ဒဂုန် စသော မဂ္ဂဇင်းများ။ အသုံးတော်ခံ၊ ကြည်တော်မူ၊ ပျော်တော်ဆက်၊ မနောမယ၊ ရွှေလိပ်ပြာ စသော ဝတ္ထုစာစောင်များကို ကျွန်ုပ်တို့ မြို့အတွက် ကိုယ်စားလှယ် ခံယူပေးကာ ဦးဘကျော်အား အလုပ်တစ်ခု တည်ထောင်ပေးခဲ့လေသည်။ ကျွန်ုပ်၏မိဘ နှစ်ပါးစလုံးပင် စာဖတ်ဝါသနာပါသူများ ဖြစ်ကြခြင်း၊ ကျွန်ုပ်၏အဘွားမှာ နန်းတော်ထဲတွင် စာတော်ဖတ် ဖြစ်ခဲ့ဖူးသည့်အပြင် ကိုယ်တိုင်ပင် ကဗျာလင်္ကာနှင့် ပိဋကတ်စာပေတို့ကို ၎င်း၏ဖခင် ရွှေကျင်ဝန်ကြီးကဲ့သို့ပင် တတ်မြောက်သူဖြစ်ခြင်း တည်းဟူသော အကြောင်းရင်းခံများ ရှိနေကြရာတွင်၊ ဦးဘကျော်ထံ မှန်မှန်ရောက်လာသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုတို့မှာ ကျွန်ုပ်တို့၏ စာဖတ်ဓာတ်ခံကို ပိုမို ရင့်သန်စေလေတော့သည်။ ကျွန်ုပ် တစ်ဦးတည်းသာ လူငယ်များထဲမှ စာဖတ်ဝါသနာ ထက်သန်သည် မဟုတ်။ ညီငယ် အားလုံးလည်း စာဖတ် အလွန်သန်ကြလေသည်။ ဤသည်တို့ကား ကျွန်ုပ်၏ အခြေခံများပင် ဖြစ်လေတော့သည်။

ဦးဘကျော်ကို ပထမ ကျွန်ုပ် နီးကပ်စွာ မချဉ်းဝံ့ပေ။ သူ့မျက်နှာပေါ်က အမာရွတ်ကြီးသည် သူ့အား လူဆိုးတစ်ယောက်၏ အသွင်ကို ဆောင်ယူနေစေလေသည်။

တစ်နေ့တွင် ဦးဘကျော်ထံ ကျွန်ုပ် မသွားလိုခြင်း အကြောင်းကို မိခင်အား ပြောပြမိလေသည်။

ဤတွင် ကျွန်ုပ်၏ မိခင်က "အမာရွတ်ကို ကြည့်ပြီး ဆိုးတာ ကောင်းတာ မဆုံးဖြတ်နိုင်ဘူးကွယ့်။ အမာရွတ် ဘာကြောင့် ရတယ်ဆိုတာ ကြည့်ရသေးတယ်။ မင့် ဦးလေး ကိုဘကျော်ရဲ့ အမာရွတ်ဟာ ဆိုးလို့၊ နိုးလို့ ရလာတာ မဟုတ်ဘူး။ စစ်ကြီးဖြစ်တုန်းက မြန်မာတွေ စစ်ထဲလိုက်ဖို့ အမြို့မြို့ကို လိုက်ပြီး လူစုတော့ တို့ဆီက တယ်ပြီး မထွက်ကြဘူး။ သူလည်း မြို့ဂုဏ်ပျက်ချေရဲ့ဆိုပြီး စွန့်လိုက်သွားတာ၊ စစ်ထဲက ရခဲ့တဲ့ ဒဏ်ရာကွယ့်။ ဒီတော့ သူ့ကို မင်း လူဆိုးလို့ ထင်ဖို့ ရှိသေးသလား။ တို့လမ်းထဲ ဖြတ်ပြီး လျှောက်လျှောက်သွားတဲ့ ကိုဖိုးကြီးကို မြင်တယ် မဟုတ်လား။ အဲ သူ့မှာလည်း မျက်ခုံးမှာ ဒဏ်ရာကြီးနဲ့ပဲကွယ့်။ သူကတော့ အိမ်တစ်အိမ် တက်ခိုးလို့ လုမ်းပြီး အိမ်ပေါ်က ဓားနှင့် ခုတ်လိုက်တာနဲ့ ရလာတဲ့ အမာရွတ်ကွယ့်။ ဒီတော့ အမာရွတ်ချင်း မတူဘူး။ ကြောက်သင့်မှ ကြောက်ရတယ်' ဟု ရှင်းလင်း ပြောပြလေသည်။

ထိုအချိန်မှစ၍ ဦးဘကျော်၏ အမာရွတ်ကြီးကို မကြောက်တော့ပေ။ ဦးဘကျော်နှင့် ကျွန်ုပ်မှာ အရွယ်ချင်း များစွာ ကွာခြားသော်လည်း ဧရာမ မိတ်ဆွေကြီးများလို ဖြစ်လာလေသည်။

တစ်နေ့တွင် ဦးဘကျော် ရက်ရှည် ဖျားနေရာသို့ ရောက်သွားလေသည်။ ဆရာဝန်တစ်ယောက်ကို ကျွန်ုပ်၏ဖခင်က ခေါ်ပေးရာ၊ ထိုနေ့က ကျွန်ုပ်၏ဖခင်မှာ ကိစ္စတစ်ခုနှင့် မော်ဓာသို့ ခရီးထွက်နိုက် ဖြစ်နေလေသည်။ ဦးဘကျော်ထံ ကျွန်ုပ် ရောက်သွားချိန်တွင် သူ၏ဇနီးနှင့် ဆွေစမျိုးစ နှစ်ယောက် သုံးယောက်သာ ရှိလေသည်။ ဆရာဝန်လည်း ထိုနေ့အဖို့ ရောက်မလာသေးချေ။ ကြည့်နေရင်းပင် ဦးဘကျော်မှာ ရောဂါဖောက်လာလေသည်။ သူ့ဇနီးက ကျွန်ုပ်အား ဆရာဝန် အမြန်လာရန် ခေါ်ပေးဖို့ လွှတ်သဖြင့် ကျွန်ုပ်လည်း နေပူကြီးထဲ ဒုန်းစိုင်း၍ ပြေးခဲ့လေသည်။ ပထမ ဆေးတိုက်သို့ သွားရာ ထမင်းစား ပြန်သွားပြီဆို၍ မြို့စွန်ရှိ အိမ်သို့ ထပ်မံ ပြေးရလေသည်။ အိမ်သို့ ရောက်၍ အကျိုးအကြောင်း အရေးတကြီး ပြောပြရာ 'ထမင်းစားပြီး တအောင့်တနား နေပြီး လာခဲ့မယ်' ဟု ပြောလေသည်။ ဤတွင် ကျွန်ုပ်မှာ များစွာ အံ့ဩသွားလေသည်။ ထိုအချိန်တွင် ကျွန်ုပ်မှာ မျှတစွာ မစဉ်းစားတတ်သေးပေ။ ဆရာဝန်ဆိုလျှင် ခေါ်ခေါ်ချင်း ခေါ်ရာသို့ လိုက်ရမည်။ ကိုယ့်ကိစ္စ အဘယ်မျှ အရေးကြီးစေ၊ နောက်ချန်ထား၍ လူမမာ ကိစ္စကိုသာ ဦးစွာ ထားရမည်ဟု ပြင်းထန်စွာ အယူသီးနေသော အချိန်





အရွယ် ဖြစ်လေသည်။ သို့ဖြစ်၍ 'ဟိုမှာ သေမယ် ရှင်မယ် မသိဘူး၊ နောက်မှ စားပါ၊ အခု လိုက်ခဲ့ပါ' ဟု ဇွတ်တရွတ် ခေါ်လေသည်။ သို့သော် ဆရာဝန်မှာ ကျွန်ုပ်ထက် ဇွတ်ပိုကျသူ ဖြစ်ရကား ချက်ချင်း လိုက်မလာဘဲ ကျွန်ုပ် ပြန်နှင့်ရန်သာ မောင်းနှင်ထုတ်လေသည်။

လမ်းတစ်လျှောက်လုံး ဆရာဝန်အပေါ်တွင် မကျေမနပ် ဖြစ်လာခဲ့လေသည်။ ထိုသို့ မကျေနပ်သည့် စိတ်ထဲမှ "ငါကိုယ်တိုင် ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်။ ငါ ဆရာဝန်ဖြစ်ကဲ့ အခါကျမှ အသက်တွေကို ကယ်ပြလိုက်ဦးမယ်။ ဝေဒနာတွေကို ကုပြလိုက်ဦးမယ်" ဟူသော အဓိဋ္ဌာန်တစ်ခု ပြတ်သားစွာ ထွက်ပေါ်လာလေသည်။

ဦးဘကျော်၏ အိပ်ရာဘေးသို့ ရောက်သောအခါ ချက်ချင်း ကြီးပြီး ဆရာဝန် ဖြစ်ချင်သောစိတ် ပြင်းထန်နေလေသည်။ ဦးဘကျော်၏ ဝေဒနာ ပြင်းပြသည့် အလျောက် ကျွန်ုပ်၏ စိတ်ဝေဒနာမှာလည်း ပြင်းထန်နေလေတော့သည်။

ဆရာဝန် နေစောင်းမှ ရောက်လာလေသည်။ သို့သော် ဦးဘကျော်ကား ဆုံးလေပြီ။

ကျွန်ုပ်၏ အဓိဋ္ဌာန်မှာ ပို၍သာ စွဲမြဲလာခဲ့လေသည်။ ထိုဆရာဝန်ကိုလည်း ကြည့်မရတော့ပေ။

ထိုအတိုင်းသာ သွားပါက ကျွန်ုပ်သည် ဆရာဝန်သာ ဖြစ်ဖို့ ရှိပေသည်။ ကျွန်ုပ်၏ မိခင်ကလည်း ဆရာဝန်အလုပ်သည် မွန်မြတ်၍ ဆေးကျောင်းသို့ သွားချင်က ပို့ပေးမည်ဟု ကတိပေးလေသည်။ သူတစ်ဖက်သား မချိမဆံ့ ဖြစ်နေသော ဝေဒနာမှ သက်သာရာရအောင် လုပ်နိုင်ခြင်းသည် အလွန်မွန်မြတ်သည့် အကြောင်း၊ အသက်ကိုပါ ချမ်းသာအောင် ကယ်ဆယ်နိုင်က သာ၍ပင် မွန်မြတ်တော့ကြောင်းဖြင့် မကြာမကြာ ပြောကြားသဖြင့်၊ ကျွန်ုပ် အရွယ်ရောက်လျှင် ဆေးကျောင်းသို့ သွားမည် ဟူသော နားလည်မှုသည် အထင်အရှားဖြစ်ပြီး ရှိနေလေသည်။

ကျွန်ုပ် ၆ တန်းသို့ ရောက်သောအခါ စိတ်နှစ်ခွဖြစ်ဖို့ အကြောင်းကြီးတစ်ခု ပေါ်လာလေသည်။ ကျွန်ုပ် ၆ တန်းသို့ ရောက်သောနှစ်တွင် လေးမျက်နှာမြို့မှ ဆရာစိန်ဆိုသူသည် ဘီအေ နောက်ဆုံးနှစ်တွင် ကျောင်းမှ ထွက်၍ ကျွန်ုပ်တို့ အတန်းဆရာအဖြစ် လာရောက် သင်ကြားပေးလေသည်။ ထိုနှစ်မှာ ၁၉၂၃-၂၄ ခုနှစ် ဖြစ်လေသည်။ ထိုအချိန်တွင် သပိတ်ကြီး မှောက်ပြီးစဖြစ်၍ အမျိုးသားစိတ်ဓာတ်များ တဖွားဖွား ထက်သန်နေခိုက် ဖြစ်ပြီးလျှင်၊ နယူးဘားမား သတင်းစာမှာ လေသံပြင်းပြင်းနှင့် အင်္ဂလိပ်မင်းတို့အား အင်္ဂလိပ်ဘာသာဖြင့်ပင် ရေးသားခုခံ၍ ကောင်းတုန်း အချိန်ဖြစ်လေသည်။

ဆရာစိန်မှာ ကိုယ်တိုင်က မျိုးချစ်စိတ် ထက်သန်သူ ဖြစ်သည့်အပြင် [illegible] ဂဏန်း စသော ပညာရပ်များကို များစွာ ဝါသနာ မပါ၍၊ အင်္ဂလိပ်ဘာသာ [illegible]

တည်းကိုသာ ဖိပြီး အမျိုးမျိုး သင်ကြားပေးရာတွင် နယူးဘားမား သတင်းစာကိုပါ အတန်းသုံးစာပေ ပြုလုပ်ပေးလေသည်။ နယူးဘားမား သတင်းစာမှာ ရက်သတ္တ တစ်ပတ်လျှင် သုံးကြိမ်ကျ ထုတ်၍၊ ဆရာစိန်သည် မိမိပိုက်ဆံဖြင့် မှာယူ ကြည့်ရှုနေခြင်း ဖြစ်လေသည်။ ထိုသတင်းစာ၏ အင်္ဂလိပ်လို အရေးအသားများမှာ လွန်စွာ လေသံပြင်းလျက် စကားလုံးလည်း ကြီးလှလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မှာ ပထမ၌ အလွန်ခက်နေကြလေသည်။ သို့သော် ဆရာစိန်၏ လက်ပူးလက်ကြပ် သင်ကြားပို့ချပေးမှုအရ၊ ထိုသတင်းစာကို ၆ လလောက် ကြာ၍ ဆရာစိန် အလုပ်မှ နုတ်ထွက်သွားသောအခါ အဘိဓာန်တစ်ခု၏ အကူအပံ့ဖြင့်၊ အလိုလို စမ်းဝါးဖတ်ရှုနိုင်သော ပညာအခြေသို့ ကျွန်ုပ်တို့ အတန်းသားများမှာ ရောက်ရှိခဲ့ကြလေသည်။

ထိုသတင်းစာကို ဖတ်စာအဖြစ် သင်ကြားပေးခြင်းကြောင့် ကျွန်ုပ်တို့မှာ အင်္ဂလိပ်စာကို ပိုမို တတ်သိရသည့် အကျိုးရှိလေသည်။ ထိုအကျိုးကို အတန်းသားတိုင်း တစ်ယောက်မကျန် ရရှိခဲ့လေသည်။ သို့သော် ထိုသတင်းစာသည် အခြားသော အကျိုးကျေးဇူးများကိုလည်း ကျွန်ုပ်အား ပေးခဲ့လေသေးသည်။ မြန်မာနိုင်ငံတော်၏ ပြဿနာများ၊ အင်္ဂလိပ်တို့၏ စေတနာ နည်းပုံများနှင့် နိုင်ငံရေးစိတ်ဓာတ် တက်ကြွနေပုံများကိုပါ ကျွန်ုပ်သည် လေးနက်စွာ မှတ်ယူခဲ့လေသည်။ ရေးပုံရေးနည်းကိုလည်း အကဲခတ်ခဲ့လေသည်။

ထို နယူးဘားမား သတင်းစာကို ဆရာစိန် ထွက်သွားသည့်တိုင်အောင်၊ ဆရာစိန်က တိုက်တွင် နေရပ် လွှဲပြောင်းသွားခြင်း မရှိ။ ကျွန်ုပ်တို့ အားလုံးအတွက် ငွေကြွက်ကာ လှူခဲ့ခြင်းကြောင့် ကျွန်ုပ်တို့မှာ စွဲလမ်းစွာ ဆက်လက်ဖတ်ရှု နေခဲ့ရလေသည်။ ကြီးကျယ်သော နိုင်ငံ၏ ဒဏ်ရာဒဏ်ချက်များနှင့်၊ ကျယ်ဝန်းသော နိုင်ငံရေး သဘောတရားများသည် ကျွန်ုပ်၏ စိတ်ဓာတ်အတွင်းသို့ ဝင်ရောက်နေလေပြီ။ ဆေးလိပ်ခုံရှင် သဘောထား စသည့် မကျေနပ်ဖွယ်ရာ အပြုအမူမျိုးကို ပြုပြင်ရန် အကောင်းဆုံးအလုပ်မှာ အယ်ဒီတာအလုပ်ဖြစ်ကြောင်း သဘောပေါက်၍၊ ကိုယ်တိုင် အယ်ဒီတာအဖြစ်ဖြင့် နိုင်ငံရေးဆောင်ရွက်ရန် စိတ်ကူးမိလာလေပြီ။

သို့ဖြင့် ၇ တန်းအောင်၍ ၈ တန်း ဆက်လက်သင်ကြားရန် ၁၉၂၅ ခု မေလအတွင်း လက်ပံတန်း ကျောင်းဆရာကြီး ရှေ့မှောက်သို့ ကျောင်းအပ်ရောက်ခဲ့၍၊ တစ်ခုသော စကားကိုသာ ပြောကြားရန် အမေးခံရသည့်အခါ ကျွန်ုပ် နှစ်ခြိုက်သည့် အလုပ်နှစ်ခုတွင် တစ်ခုခုကို ပယ်ချရမည့် အခြေသို့ ဆိုက်လာလေသည်။

ထိုတစ်ခဏမျှအတွင်း ကျွန်ုပ်၏စိတ်သည် လျင်မြန်သော ခွဲခြားမှုကို ပြုလုပ်လိုက်လေသည်။ ဆရာဝန်ဆိုသည်မှာ လူတစ်ယောက်၏ ဝေဒနာကိုသာ သက်သာခွင့် ရစေနိုင်သည်။ လူတစ်ယောက်လျှင် ဝေဒနာ ၉၆ ပါးသာ ရှိသည်။ တိုင်းပြည်မှာ





အင်္ဂလိပ်စနစ်ကြောင့် ဝေဒနာအမျိုးမျိုး ခံစားနေရသည်။ လူ့ဝေဒနာနှင့် တိုင်းပြည်ဝေဒနာ [illegible]စ်ခုတွင် ကြီးရာကို ကုစားဖို့သာ ကောင်းသည်ဟု လျင်မြန်စွာ တွက်ပြီးလျှင် ‘အယ်ဒီတာ ပိုဖြစ်ချင်ပါတယ်’ ဟု မတွေမဝေ ပြောဆိုခဲ့ခြင်း ဖြစ်ပေသည်။

စာရေးဝါသနာ ပါလွန်း၍ မဟုတ်ပေ။ စာရေးခြင်းမှာ လိုရာခရီးသို့ ရောက်အောင် သွားရာတွင် အသုံးပြုသော ယာဉ်တစ်ခုမျှသာဖြစ်ရာ ထိုကဲ့သို့သာ ကျွန်ုပ်စိတ်တွင် အစဉ်အမြဲ သဘောပိုက်ခဲ့လေသည်။

အယ်ဒီတာအလုပ်သည် ပဓာနအားဖြင့် စာရေးကောင်းကြောင်းကို ပြရမည့် အလုပ် မဟုတ်။ ဉာဏ်ရင့်ကြောင်းကို မိမိပေးသော အကြံဖြင့် ပြရမည့် အလုပ်ကြီး ဖြစ်သည်ဟု ကျွန်ုပ် ယူမှတ်ခဲ့လေသည်။ ဉာဏ်ရင့်ရန်မှာလည်း ကိုယ့်နိုင်ငံနှင့် တကွ ကမ္ဘာတစ်ပန်းလုံးရှိ နိုင်ငံများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုပါ ကောင်းစွာ သိအောင် ဗဟုသုတ ဆည်းပူးဖို့ လိုအပ်ရာ၊ ကျွန်ုပ်၏ ဆရာကြီးဖြစ်မည့် ပုဂ္ဂိုလ်က ကျွန်ုပ် အယ်ဒီတာ ဖြစ်ချင်ပါသည် ဟု ဖြေစဉ်က ပြောသော ‘ဒီလိုဆိုရင် မင်း စာများများ ဖတ်ရမှာပေါ့’ ဟူသော စကားသည် တကယ့် ချက်ကျသော စကားတစ်ရပ် ဖြစ်သည်ဟု ကျွန်ုပ် အစဉ်မပြတ်ပင် လေးစား အမှတ်ထားခဲ့လေသည်။

ထိုအချိန် ထိုနှစ်က စ၍ ကျွန်ုပ်သည် ကျောင်းစာများ ကျက်မှတ်ရသည့် အချိန်နှင့် အိပ်ချိန်၊ စားချိန်များမှ လွဲ၍ ကျန် အချိန်ရှိသမျှတွင် ကျွန်ုပ်၏လုပ်ငန်းကို တစ်နေ့သ၌ အထောက်အပံ့ ဖြစ်စေမည့် အနိုင်နိုင်ငံ အကြောင်းအရာ စာအုပ်စာတမ်းများကို လေ့လာ ဖတ်ရှုခဲ့လေသည်။ ထိုအချိန်မှစ၍ အိမ်ထောင်ပြုသည့် ၂၆ နှစ် အရွယ်အထိ တစ်နေ့ ၂၄ နာရီ ရှိရာတွင် သုံးလေးနာရီထက် ပို၍ မအိပ်ဘဲ ကျွန်ုပ် လိုအပ်သည့် ဗဟုသုတတို့ကို လောဘတကြီး ရှာမှီးခဲ့လေသည်။ ၁၃ နှစ်ခန့်မှ နေ၍ ၂၆ နှစ်အထိ တစ်နေ့ သုံး လေး နာရီသာ အိပ်ခဲ့လျက်၊ ကျန်အချိန်တွင် ကိုယ့်ဝမ်းစာ သက်မွေးဝမ်းကျောင်းအတွက် ကျောင်းဆရာလုပ်ကာ တပည့်တပန်းများအား စာသင်ပေးခြင်း၊ နောက် အယ်ဒီတာ ဖြစ်လာသောအခါ စာရေးခြင်းတို့မှ လွဲ၍ စာပေ ဗဟုသုတကိုသာ တရစပ် မရပ်မနား ရှာဖွေလာခဲ့သည့် ဒဏ်သည် ကျွန်ုပ်အား အိမ်ထောင်ပြုချိန်၌ လူရုပ်မပေါ်စေဘဲ ငါးဖောင်ရိုးခြောက် ဖြစ်စေခဲ့ပြီးလျှင်၊ ဆံပင်ကိုလည်း အရွယ်နှင့်မလိုက်အောင် ဖြူစေခဲ့လေသည်။

အိမ်ထောင်ကျသော အချိန်တွင်ကား အစားမှန်၊ အအိပ်မှန် ဖြစ်အောင် ကျွန်ုပ်၏ ဇနီးက အတော် ကျပ်ကျပ်တည်းတည်း နှိုးဆော်တိုက်တွန်းခြင်းကြောင့် လူ့ကျန်းမာရေး ဘက်မှာ အခြေအနေ ပိုမို ကောင်းမွန်လာလေသည်။

ကျောင်းနေစဉ်က ကျွန်ုပ်သည် ကျောင်းစာများကို များစွာ ဂရုစိုက် စိုက်[illegible] သင်ကြားရသည့် မရှိပေ။ ကျွန်ုပ်၏လုပ်ငန်းတွင် အထောက်အပံ့ ဖြစ်စေမည့် [illegible]

ကို အားရအောင် ကြည့်ရှုခွင့် ရရှိခဲ့ပေသည်။ ကျွန်ုပ်၏ ဆရာကြီးကလည်း ကျောင်းရှိ ပိဋကတ်တိုက်ကို သော့နှင့်တကွ အပ်နှံထားလေသည်။ ပိဋကတ်တိုက်မှာ တောကျောင်းနှင့် မလိုက်အောင် နောက်ဆုံးပေါ်စာအုပ် အများအပြားပင် ရှိလေသည်။

စာမေးပွဲများတွင် ကျွန်ုပ် ဆုရသည့်အခါတိုင်း ဆရာကြီးသည် ကျွန်ုပ်အား အခြားသူများကဲ့သို့ စာအုပ်ဆုကို အဓိကထား၍ မပေးဘဲ၊ ကိုယ်လက် လေ့ကျင့်လှုပ်ရှားရေးဆိုင်ရာ အင်ဒီယန်းကလပ်၊ ဒမ်းဘဲလ် စသည်တို့ကို ဆုအဖြစ် နှစ်စဉ်ပေးလေ့ ရှိလေသည်။

ကျွန်ုပ် ကျောင်းထွက်ပြီးနောက် ထိုဆရာကြီးနှင့် အခြားဆရာများက လူချင်းတွေ့လျှင် ဖြစ်စေ၊ စာရေးလျှင် ဖြစ်စေ တစ်ခုသာ သတိပေးကြလေသည်။ ၎င်းမှာ ကျန်းမာရေးကို ဂရုစိုက်ဖို့ ဟူသော အချက်ပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျွန်ုပ် အိမ်ထောင်ကျပြီး ဝဝဖြိုးဖြိုး ရှိနေသည်ကို တွေ့ရသည့်အခါ ကျွန်ုပ်အတွက် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရာပေသည်။

ဆရာကြီးနှင့် ထိုဆရာတို့၏ ကျေးဇူးကား ကျွန်ုပ်အပေါ်တွင် လွန်စွာ ကြီးကြပါပေသည်။

(ဤမှတ်တမ်းကို နတ်တော်လဆန်း ၁၀ ရက်နေ့တွင်မှ အဆုံးသတ်နိုင်ခဲ့လေသည်။)

# ဒုတိယပိုင်း

[ ၁၃၀၅ နတ်တော်လဆန်း ၁၁ မှ ၁၃၀၇ ဝါခေါင်လဆုတ် ၁၄ အထိ ]

## နတ်တော်လဆန်း ၁၁ ရက်

(အင်္ဂါနေ့)

လဆန်း ၉ ရက်နေ့ညက တစ်ဖက်အိမ်မှ မစ္စတာဆာတိုနှင့် မစ္စတာရော်ရှီဒါတို့ စကားစမြည် အေးဆေးစွာ ပြောလိုသည်ဟု ကျွန်ုပ်တို့ ခြံဘက်သို့ ကူးလာလေသည်။ ထိုအချိန်တွင် ကျွန်ုပ်မှာ ရေချိုးခိုက်ဖြစ်၍ ကျွန်ုပ်၏ဇနီးက ညှိခံနှင့်လေသည်။ သူတို့ ဘာပြောနှင့်ကြသည် မသိ။ ကျွန်ုပ် အောက်သို့ ဆင်းလာချိန်တွင် ဂျပန်ပြည်၌ မိန်းမများမှာ ယောကျ်ားလောက် မြတ်သည်ဟု ဘယ်သူမျှ အမှတ်မထားကြောင်း၊ မိန်းမများမှာ ရူးနှမ်းနေသော ယောကျ်ားထက်ပင် ယုတ်သေးကြောင်း၊ ယောကျ်ား အလုပ်တွင် မိန်းမ မပါဝင်လျှင် ဖြစ်စေ၊ ယောကျ်ားသေ၍ ယောကျ်ားအလုပ်ကို မိန်းမက ဆက်လက်လုပ်ကိုင်လျှင် ဖြစ်စေ ထိုအလုပ်မှာ မအောင်မြင်နိုင်၊ ပျက်စီးရမည်ဟု တစ်ထစ်ချယုံကြည်တတ်ကြကြောင်း၊ မြန်မာနိုင်ငံတွင် မိန်းမများသည် ယောကျ်ားများနှင့် တန်းတူနေထိုင်ကြ၍ အလုပ်လုပ်ရာတွင် ဦးစီးခေါင်းဆောင်ပင် ပြုကြသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ ဖြစ်ခြင်းမှာ ယောကျ်ားများ ပျင်းရိပြီး ဘာမျှ မလုပ်ချင်ကြသောကြောင့် ဖြစ်ဟန်တူကြောင်းနှင့် မစ္စတာဆာတိုက ပြောနေသည်ကို ကြားရလေသည်။

ကျွန်ုပ်က ကျွန်ုပ်တို့ မြန်မာများလည်း ဟိန္ဒူအယူ၏ အငွေ့အသက်ကြောင့် မိန်းမများကို များစွာ ယုတ်ညံ့သည်ဟု ယူဆကြသည်သာ ဖြစ်ကြောင်း၊ တရားတော်တွင်မူ မိန်းမ ယောကျ်ား မထူးခြားဘဲ အကုသိုလ်စရိုက် ထူပြောကြသည်သာ ဖြစ်သည်ဟု လာရှိကြောင်း၊ မြန်မာစကားပုံတွင် "မိန်းမဖျက်၍ ပြည်ပျက်" သည်ဟု လာရှိကြောင်း၊ မြန်မာစကားတွင် မိန်းမထက် ခွေးထီးက မြတ်သည် ဟု အဆိုရှိကြောင်း၊ သို့သော် ၎င်းကို အစွဲလမ်းကြီးစွာ မထားကြဘဲ လုပ်ငန်းများတွင် မိန်းမများကပင် ဦးစီးခေါင်းဆောင် လုပ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်သော သတ္တိကို ရှေးကပင် ပြခဲ့ကြကြောင်း၊ ဗုဒ္ဓဘာသာ မြန်မာမိန်းမကို မဆိုထားဘိ၊ မိန်းမကို ယောကျ်ား၏ကျွန် အလုပ်အကျွေး သက်သက်ဟု သဘောထားသည့် မဟာမေဒင် ဘာသာဝင် မြန်မာမိန်းမများမှာ အခြား

နိုင်ငံများရှိ မဟာမေဒင် မိန်းမများထက် များစွာ ပိုမို လွတ်လပ်ခွင့်ရ၍၊ ယောကျ်ားများနည်းတူပင် ရှေ့တန်းကနေ၍ ဆောင်ရွက် လုပ်ကိုင်နေကြကြောင်း၊ မြန်မာမိန်းမများ၏ ထက်မြက်သော ဉာဏ်နှင့် ဖျတ်လတ်သော စိတ်ကို မည်သည့် ချုပ်ချယ်သော ဘာသာကမှ နိုင်နင်းစွာ ချုပ်ချယ်မထားနိုင်ကြောင်းဖြင့် ရှင်းလင်းပြောပြပြီးနောက်၊ ကျွန်ုပ်၏ ဂျာနယ်အလုပ်ကို ကျွန်ုပ်၏မိန်းမသာ တိုက်အုပ်အဖြစ် အုပ်စီးလုပ်ကိုင်ခဲ့ခြင်း မရှိဘဲ ကျွန်ုပ်ကိုယ်တိုင် လုပ်ကိုင်ခဲ့ရပါက ယခုမျှလောက် အောင်မြင် ထမြောက်ခဲ့မည် မဟုတ်ကြောင်းဖြင့် ဥဒါဟရဏ် ထုတ်ဆောင်ခဲ့လေသည်။

မစ္စတာဆာတိုက မြန်မာနိုင်ငံသစ် ထူထောင်ရာတွင် ဘယ်သူ ဘာပြောပြော အဝတ်အစားကို ပထမဆုံး ခေတ်ဆန်အောင် ပြုပြင်ကာ ဘောင်းဘီဝတ်မှ အားလုံးကိစ္စညီညွတ် ချောမောမည်ဖြစ်ကြောင်းနှင့် ပြောလေသည်။

ကျွန်ုပ်က မြန်မာတိုင်း ဘောင်းဘီ ဝတ်ရမည်ဟု အတင်းအကျပ်ဆိုလျှင် မုချ ထကြွ တော်လှန်ကြလိမ့်မည် ဖြစ်ကြောင်း၊ မြန်မာများမှာ အင်္ဂလိပ်တို့ ဖျက်ဆီးခြင်းကို အချို့သော နေရာတို့တွင် ခံခဲ့ကြရသော်လည်း အဝတ်အစားတွင်ကား အဖျက်ဆီး မခံခဲ့ကြကြောင်း၊ တခြား မပြောဘဲ သခင်များ သခင်ခေတ်က ပင်နီနှင့် တိုင်းရင်းဖြစ် ဖိနပ်များကို ဝတ်ဆင်ရာမှ ယခုခေတ် ဘောင်းဘီဝတ်လာကြ၍ နိုင်ငံက ၎င်းတို့ အပေါ်တွင် လွန်စွာပင် အထင်အမြင် သေးကုန်ကြပြီ ဖြစ်သည်ကို ကြည့်စေလိုကြောင်း၊ ဘောင်းဘီသည် ဥရောပ အဝတ်အစား မဟုတ်တော့ဘဲ ကမ္ဘာ့အဝတ်အစားတစ်ခု ဖြစ်နေပြီကို မိမိ သိကြောင်း၊ သို့သော် မိမိကိုယ်တိုင် ဘောင်းဘီဝတ်ရန်မှာ မစဉ်းစားဝံ့အောင် ဖြစ်ကြောင်း၊ ဘောင်းဘီ မဆိုထားနှင့် ရှူးဖိနပ်ဝတ်ဖို့ပင် အတော် ဝန်လေးနေပြီ ဖြစ်ကြောင်း၊ ယခုမှ ဝတ်ရမည်မှာ ယခင်က ပြောခဲ့ ဟောခဲ့သမျှနှင့် မညီညွတ်၍ မိမိ စကားကို မိမိဖျက်ရာ ကျချေတော့မည် ဖြစ်ကြောင်း၊ ယခင်က ထိုမျှလောက် အမျိုးသား စိတ် ပြင်းထန်ပြရခြင်းမှာ နိုင်ငံတွင်းရှိ တိုင်းရင်းလုပ်ငန်းကလေးများကို ကာကွယ်စောင့်ရှောက်ရန် တစ်ကြောင်း၊ အင်္ဂလိပ်များအပေါ်တွင် အစိုင်အခဲ မကျေနိုင်အောင် မုန်းတီးကြစေရန်တစ်ကြောင်း ဖြစ်ကြောင်း၊ လုံချည်နှင့် အင်္ကျီမှာ စစ်အတွင်း ချွေတာမှု မဖြစ်စေနိုင်လျှင် ချွေတာနိုင်သလောက် ချွေတာသောနည်းအားဖြင့် လုံချည်ကို လည်းကောင်း၊ အင်္ကျီကို လည်းကောင်း တစ်ထွာစီ လျှော့နိုင်ကြောင်း စသည်အားဖြင့် ဖြေရှင်းခဲ့ရလေသည်။

ထိုနောက် မစ္စတာဆာတိုက ကျွန်ုပ်အား အလွန့်အလွန် အရေးကြီးသော မေးခွန်း တစ်ချပ်ကို မေးလေသည်။

ထိုမေးခွန်းမှာ 'မြန်မာလူမျိုးများသည် လွတ်လပ်ရေး ရသည့်အခါ အဘယ်ကြောင့် ဝမ်းမြောက်ရွှင်မြူးသည့် အမူအရာကို မပြကြသနည်း။ ဥပမာ ရေပက်ပွဲတွင်





ဝမ်းသာရွှင်မြူး အထူး ကခုန်ကြပါလျက် ထို့ထက် အလွန်အရေးကြီးသော လွတ်လပ်ရေးပွဲတွင် ဘာ့ကြောင့် ဝမ်းသာပုံ မပြကြသနည်း' ဟူသော မေးခွန်းပင် ဖြစ်ပေသည်။

ထိုမေးခွန်းမှာ မေးလည်း မေးထိုက်ပါပေသည်။ နားမလည်မည် ဆိုကလည်း နားမလည်ထိုက်ပါပေသည်။ အံ့သြမည်ဆိုကလည်း အံ့သြထိုက်ပါပေသည်။

လွတ်လပ်ရေးပွဲမှာ ရေပက်ပွဲကဲ့သို့ မဟုတ်။ ရေပက်ပွဲမှာ ပူစရာ ပင်စရာ တစ်စုံတစ်ရာ မရှိ၊ ပြကတေ့ ပျော်ပါးသော ပွဲတစ်ပွဲဖြစ်၍ အကြောင့်ကြကင်းမဲ့စွာ ဝမ်းသာ ရွှင်ပျနိုင်ကြကြောင်း၊ လွတ်လပ်ရေးပွဲမှာမူကား မိမိတို့၏ တာဝန်ကို ထမ်းဆောင်ဖို့ တာဝန်လာပေးသော ပွဲတစ်ပွဲဖြစ်၍ အကြောင့်ကြ မကင်းမဲ့နိုင်ကြကြောင်း၊ လွတ်လပ်ရေးပွဲမှာ ရေပက်ပွဲထက် ပိုမို ကြီးကျယ် လေးနက်သော သဘောရှိသည့် ပွဲကြီးတစ်ပွဲ ဖြစ်၍ ချိန်ချိန်ဆဆ စဉ်းစားဆင်ခြင်ကြရကြောင်းနှင့် စကားပလ္လင်ခံပြီးမှ၊ မြန်မာတို့၏ စိတ်၌ တကယ်ဖြစ်နေပုံ သဘောတရားကို အရင်းခံနှင့်တကွ ရှင်းလင်းပြလိုသောကြောင့် 'ယခုဖြစ်နေသော တကယ့်အခြေအနေမှာ ယခု ရရှိသော လွတ်လပ်ရေးသည် မြန်မာများ၏ စိတ်ထဲတွင် ယခင်က မျှော်လင့် မှန်းထားခဲ့သော လွတ်လပ်ရေးနှင့် မတူဘဲ ယုတ်လျော့နေသည်ကို တွေ့ကြရသောကြောင့် စိတ်ပါလက်ပါ ရွှင်မြူးမှု မရှိခြင်းပင် ဖြစ်ကြောင်း၊ လွတ်လပ်ရေးဆိုသော သဘောတရားမှာ စင်စစ်အားဖြင့် လောကတွင် ဘယ်မှာမှ မရှိနိုင်တော့သည်ကို ကျွန်ုပ်တို့မှာ နိုင်ငံရေးသမားများ အဖြစ်ဖြင့် လည်းကောင်း၊ သတင်းစာဆရာများ အဖြစ်ဖြင့် လည်းကောင်း၊ မဆွကပင် ကောင်းစွာ သိကြပြီး ဖြစ်ကြောင်း၊ လွတ်လပ်ရေး ဆိုသည်မှာ ပြောရိုးပြောစဉ်သာ ရှိ၍ စင်စစ် တကယ်မရှိ သော မက်လုံးတစ်လုံးသာ ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမျှ တကယ် မလွတ်လပ်ကြတော့ကြောင်း၊ လွန်ခဲ့သည့် ကမ္ဘာစစ်ကြီး အပြီးတွင် ချုပ်ဆိုခဲ့သော ဗာဆိုင်းစာချုပ်မှသည် ယခု စစ်ကြီး စတင်ဖြစ်ပွား ပေါ်ပေါက်လာသည့် အချိန်အထိ နိုင်ငံလွတ်လပ်ရေးဆိုသည့် စကားအဓိပ္ပာယ်မှာ တဖြည်းဖြည်း ကုန်ခန်း ခြောက်သွေ့သွားခဲ့ကြောင်း၊ ယခုမှစ၍ ရှေ့အဖို့တွင် Independence ဆိုသော စကားမှာ ပြောရိုးပြောစဉ် မက်လုံးစကား တစ်ခုမျှသာ ဖြစ်ချေတော့မည် ဖြစ်ကြောင်း၊ ***Interdependence*** ခေါ် တစ်ပြည်နှင့် တစ်ပြည် အညီအညွတ် အမှီသဟဲ ပြုမှုဆိုသော သဘောတရားသာလျှင် တကယ် ရှိလည်း ရှိနိုင်၍ ဖြစ်လည်း ဖြစ်နိုင်ကြောင်း၊ ဥပမာ-မြန်မာနိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် အခြား မည်သည့်နိုင်ငံကိုမျှ မမှီမတွယ်ဘဲ ရပ်တည်ခြင်းငှာ မဖြစ်နိုင်တော့ကြောင်း၊ နိုင်ငံအတွင်း ကြီးပွားဝပြောဖို့ အတွက် ဖြစ်လျှင် အခြားနိုင်ငံကြီးတစ်ခု သို့မဟုတ် အများအပေါ်တွင် စက်မှုကိရိယာများအတွက် ဖြစ်စေ၊ ငွေပင်ငွေရင်းအတွက် ဖြစ်စေ မှီခိုရဦးမည်သာ ဖြစ်ကြောင်း၊ တစ်ဖန် ကိုယ့်နိုင်ငံအတွင်းရှိ အကာအကွယ်လောက်ကလေးနှင့် မည်သည့်နည်းနှင့်မျှ

တည်တံ့မနေနိုင်၊ တစ်ဖက်တွင် သန်းပေါင်း ၃၅၀ ကျော်၊ အခြားတစ်ဖက်တွင် သန်းပေါင်း ၅၀၀ ကျော် အမြဲ ငတ်မွတ်ခေါင်းပါး နေသည့် ပြည်ကြီးနှစ်ပြည် ညှပ်လျက်ရှိနေသဖြင့် သာ၍ပင် ကိုယ့်နိုင်ငံကလေး တစ်ခုတည်း ကွက်၍ အကာအကွယ်ကလေး လုပ်ကာ တည်တံ့နေဖို့ မမျှော်လင့်နိုင်ကြောင်း၊ အလွန်ခေတ်မီ၍ အဘက်ဘက်က အင်အားကြီးမားသော ကမ္ဘာ့နိုင်ငံကြီး တစ်ခုခုကို မုချ အမှီသဟဲပြုကာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကိုယ်လိုရာ သူ့ဆီမှ ယူ၍ သူလိုရာ ကိုယ်က ပေးခြင်းဖြင့် သင့်တင့်မျှတစွာ နေမှသာ အရှည် တည်တံ့နိုင်ဖို့ ရှိကြောင်းကို ကျွန်ုပ်တို့ ယခင်ကပင် ကောင်းစွာ သိခဲ့ကြပြီး ဖြစ်ကြောင်း။

သို့သော် ထိုအသိကို နိုင်ငံအား ဖွင့်၍ မပြောနိုင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေး ဆိုသည်မှာ တကယ်မရှိသည့် တရားတစ်ခုဟု နိုင်ငံတစ်နိုင်ငံလုံးက ယူဆလျှင် အင်္ဂလိပ် အစိုးရတို့အား အတိုက်အခံပြုကြရန် စိတ်အားသန်ကြတော့မည် မဟုတ်၍ အမျိုးသား စိတ်များကို အဆမတန် မြှောက်ပင့်ပေးခဲ့ရကြောင်း၊ လွတ်လပ်ရေးကိုပင် တကယ့်တရား ကြီး လုပ်ခဲ့ကာ မက်လုံး ပြခဲ့ကြရကြောင်း၊ အကယ်၍ ထိုစဉ်က ကျွန်ုပ်တို့သိပြီး နိုင်ငံရေး သဘောတရားအကုန်ကို ပြောပြခဲ့က ‘ဒါဖြင့် ဘာဖြစ်လို့ လွတ်လပ်ရေးအတွက် လုပ်နေကြမှာလဲ၊ အခုအတိုင်း နေကြရုံပေါ့။ ပြီး နိုင်ငံကြီး တစ်ခုခုကို ကိုယ့်လုံခြုံရေး၊ ကာကွယ်ရေးအတွက် အမြဲ မှီနေရဦးမယ် ဆိုရင်လည်း ဘာဖြစ်လို့ နိုင်ငံရေး လုပ်နေဦးမလဲ။ အင်္ဂလိပ်ကိုပဲ မှီနေလိုက်ရုံပေါ့’ ဟူ၍ ယူဆကာ ပေါ့ဆအေးဆေး နေခဲ့ကြပေလိမ့်မည် ဖြစ်ကြောင်း။

ကျွန်ုပ်တို့မှာ အင်္ဂလိပ်လက်အောက်တွင် လုံး၀ မနေလိုကြောင်း၊ ကမ္ဘာ့နိုင်ငံကြီး တစ်ခုခုကို မှီရလျှင် အရှေ့ဘက် တိုင်းသားချင်းဖြစ်သော ဂျပန်နှင့်သာ ဆက်ဆံ၍ မှီခို အားကိုးချင်ကြကြောင်း၊ သို့သော် ထိုသဘောကိုလည်း အတိအလင်း မပြောနိုင်ခဲ့ ကြောင်း။

သို့ဖြစ်၍ လွတ်လပ်ရေးကိုသာ အဓိကထားစေ၍ တဖွဖွ လှုံ့ဆော်ပေးခဲ့ကြရာ၊ မြန်မာတို့၏စိတ်တွင် လွတ်လပ်ရေးဆိုသည်မှာ ကိုယ့်တိုင်းပြည်ထဲတွင် နိုင်ငံခြားသား တစ်ယောက်မျှ မရှိတော့ဘဲ ကိုယ့်သဘောကျ ကိုယ်ထင်ရာကို ကိုယ်ထင်သလို လုပ်နိုင်သော အခွင့်အရေး အခြေအနေကို ဆိုလိုသည်ဟု ထင်မြင်ယူဆ နေခဲ့ကြကြောင်း၊ လွတ်လပ်ရေးဆိုသည်မှာ ကိုယ့်လူမျိုး၌ ကိန်းအောင်းအပ်သော မျိုးချစ်စိတ်အတိုင်း အခြား မည်သည့်အရာကိုမျှ မငဲ့ကွက်ရဘဲ ထင်သလို လုပ်နိုင်သည့် အဆင့်အတန်းဟူ၍ နားလည်လာခဲ့ကြကြောင်း၊ သို့ နားလည်လာရခြင်းမှာ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် တိုက်နေရသော တိုက်ပွဲကြီးတွင် အဖိုးတန်သည်ထက် တန်အောင်၊ စွဲမြဲသည်ထက် စွဲမြဲအောင် သိဒ္ဓိတင်ပြီး တန်ဖိုးထားခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း။





တစ်ဖန် ယခုအချိန်မှာ စစ်ကြီးတစ်ခု ဖြစ်နေချိန်၊ ကျွန်ုပ်တို့နိုင်ငံမှာ အဓိက စစ်တလင်းကြီးတစ်ခု ဖြစ်နေချိန်တွင် နိပ္ပွန်တို့၏ကျေးဇူးကြောင့် ရအပ်သော လွတ်လပ်ရေးမှာ မြန်မာများ၏ နဂိုက နားလည်ပြီးဖြစ်သော သဘောတရားနှင့် မပြည့်စုံဖြစ်နေရာ နိပ္ပွန်တို့အပေါ်တွင် လွတ်လပ်ရေးကို နာမည်ဖြစ်သာ ပေးသည်ဟု အထင်အမြင် လွဲမှားယ်ရာ ဖြစ်လာရကြောင်း၊ စစ်မဖြစ်မီ သို့မဟုတ် စစ်ပြီးမှ လွတ်လပ်ရေးပေးလျှင် ထို လွတ်လပ်ရေး၏ အရသာတို့ကို ရှိ ရှိသလောက် သိနိုင်ကြဦးမည် ဖြစ်ကြောင်း၊ စစ်ဖြစ်ချိန်တွင်မူ စစ်အောင်နိုင်ရေးကို အဓိကထားကာ ဆောင်ရွက်ရမည်သာဖြစ်ရာ စစ်အောင်နိုင်ရေးအတွက် လုံးပန်းမှုတွင် မြန်မာများထက် နိပ္ပွန်တို့က နားလည်ကျွမ်းကျင်ပြီး ဖြစ်ရကား နားလည်ကျွမ်းကျင်သူကပင် ဦးစီးကာ အရာရာ လုပ်ကိုင်သွားကြရမည် ဖြစ်ကြောင်း၊ အတွေ့အကြုံ မရှိသေး၊ ရှိလျှင်လည်း မစုံသေး၍ နားမလည်ဘဲ စမ်းတဝါးဝါး လုပ်နေသူများနှင့် စစ်လုံးပန်းမှုကို လုံး၀ လွှဲထားရက စစ်အောင်နိုင်မှုကို ထိခိုက်ဖွယ်ရာသာ ရှိတော့ကြောင်း၊ သို့သော် မြန်မာများမှာ ကောင်းစွာ အမြင်မရှင်း ကြသေးကြောင်း၊ သို့ဖြစ်၍လည်း လွတ်လပ်ရေးရခြင်းအတွက် ဟက်ဟက်ပက်ပက် ဝမ်းသာရွှင်မြူးမှု မပြသကြခြင်း ဖြစ်ကြောင်း၊ အရည်လည်လာသည့်အခါ မြန်မာများ သည် မိမိတို့နိုင်ငံ၏ အခြေအနေသစ်အတွက် ဂုဏ်ယူဝမ်းမြောက်ကြမည်သာ ဖြစ် ကြောင်း၊ အရည်လည်လာအောင် လုပ်ပေးဖို့မှာ ကျွန်ုပ်တို့တွင် တာဝန်ရှိသည်ကို နားလည် ၍ တတ်နိုင်သလောက် ဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်း ပြောပြရာ၊ မစ္စတာ ဆာတိုနှင့် မစ္စတာ ရော်ရှိဒါတို့က ယခုမှပင် ရှင်းရှင်း နားလည်ကြ ရ၍ ဝမ်းမြောက်ကြောင်း၊ မိမိတို့သည် မည်သူ့ထံကမျှ ယခုမျှလောက် ပွင့်လင်းသော အဖြေကို မရခဲ့ကြကြောင်း၊ မြန်မာများ အမြန်ဆုံး အမြင်ရှင်းအောင် လုပ်ကိုင်ဆောင်ရွက် ပေးလိမ့်မည် မျှော်လင့်ကြောင်း ပြောဆိုကြလေသည်။

အထက်တွင် ကျွန်ုပ် ရှင်းလင်းပြောဆိုခဲ့သော စကားတို့သည် ယခုမှ ကြား ကောင်းရုံ ပြောသော စကားရပ်များ မဟုတ်ဘဲ၊ ထိုအခါက အမှန်ပင် ထိန်ချန်မျိုသိပ် ထားခဲ့ရသော စကားရပ်များ ဖြစ်ပေသည်။ “Independence” ဆိုသော “လွတ်လပ် ရေး” စကားသည် ကမ္ဘာကြီး ကျဉ်းမြောင်းလာလေလေ အဓိပ္ပာယ် ပေါ့ပျက်လေလေ ဖြစ်ရပေမည်။ ယခုခေတ်တွင် ကျွန်ုပ်တို့ တစ်အိမ်ထောင်တည်း အခြားအိမ်ထောင်စုနှင့် တစ်စုံတစ်ရာ မဆက်ဆံဘဲ နေ၍ မဖြစ်နိုင်သကဲ့သို့ တစ်နိုင်ငံတည်း လွတ်လပ်ချင်သလို လွတ်လပ်နေ၍ မဖြစ်။ အမှီအတွယ် ရှာရ၊ ရှိရပေလိမ့်မည်။ ကိုယ့်အပေါ်တွင် သွေးစုပ်၊ အဆီစား၊ အသားမျိုမည့်သူများကို မှီတွယ်မနေဖို့ အရေးကြီးခြင်းကြောင့် အင်္ဂလိပ် လက်အောက်က လွတ်အောင် ရုန်းကန်လာခဲ့ကြခြင်း ဖြစ်လေသည်။ ယခု နိပ္ပွန်နှင့် ဆက်ဆံရာတွင် “ဟက်ကိုအစ်ချိယု” ခေါ် သာတူညီမျှ ဝါဒသည်သာ အရှေ့အာရှကို

တလုံးတစည်းတည်း တည်တံ့ မြဲမြဲစေလိမ့်မည် ဖြစ်၍ နှစ်ဦးနှစ်ဝမက အကျိုးရှိကြဖို့ ရှိလေသည်။

## နတ်တော်လဆန်း ၁၂ ရက်

(ဗုဒ္ဓဟူးနေ့)

ယနေ့ အရှေ့အာရှစစ်ကြီး ဒုတိယနှစ် စေ့မြောက်ကုန်လွန်သော အထိမ်းအမှတ်နေ့ ဖြစ်သည်။

ဦးတင်နှင့် သူ့ဇနီးအပြင်၊ သူ့ဇနီးဘက်က တူမကလေးပါ အိမ်လည်လာကြသည်။ ဆရာတော်ဘုန်းကြီးထံ ရက်များမကြာမီ သွားရောက်ဖူးမြော်မည့် အကြောင်း ဦးတင်က ပြောပြသည်။ အိမ်အကြောင်း၊ သစ်ပင် ပန်းပင်များအကြောင်း၊ ငါး သားစသော အစားအသောက်များအကြောင်း ပြောဆိုကြပြီး ဦးတင်တို့ ပြန်သွားသည်။

သကြားမရှိ၍ ထန်းလျက်နှင့် ကော်ဖီဖျော်တိုက်ရာ ဦးတင်က သကြား နောက်တစ်နေ့ မနက် ပေးလိုက်မည် ပြောသွားသည်။ ကျေးဇူးပါပေ။

## နတ်တော်လဆန်း ၁၃ ရက်

( ကြာသပတေးနေ့ )

လက်သမား ကိုအောင်ကျော် နံနက်စောစောကြီး ဦးတင် ပေးလိုက်သော သကြားထုပ်ကို ယူလာသည်။

ယနေ့ လက်သမားများကို ကြည့်ရ ရှုရနှင့် စာမရေးအားပေ။

## နတ်တော်လဆန်း ၁၄ ရက်

(သောကြာနေ့)

မြန်မာ့အလင်းသို့ အသွားတွင် ယခင်က ကျောင်းနေဖက် မောင်ညွန့်နှင့် တွေ့သည်။ သူ ပုလိပ်ဘက်မှာ လုပ်နေကြောင်း ပြောပြ၍ ဝမ်းသာရသည်။ အသက်ကြီးလာကြသော်လည်း ငယ်မူငယ်ရာ မပျောက်ကြသေးသည်ကို ယခုလို နှစ်များစွာ ကွေကွဲနေပြီးမှ လူချင်း ပြန်တွေ့ရသည့်အခါ ထူးထူးခြားခြား မြင်သိ မှတ်မိခြင်းပင်လျှင် ထူးခြားသော အရသာတစ်မျိုး ဖြစ်တော့သည်။ "မင်း" နှင့် "ငါ" နှင့် တစ်တစ်ခွခွကြီး ပြောဆို နှုတ်ဆက်ရခြင်းပင်လျှင် ဟက်ဟက်ပက်ပက် ရှိလှတော့သည်။ ကျွန်ုပ်နှင့် ငယ်ပေါင်းကြီးဖက် မိတ်ဆွေအချို့နှင့် ယခု ပြန်တွေ့လျှင် သူတို့က ယခင်ကလို မဟုတ်တော့သည်ကို သတိပြုလျက် "ခင်ဗျား" "ကျွန်တော်" နှင့် ပြောကြသည်။ ထိုသို့ ပြောလျှင်ပြောချင်း ကျွန်ုပ်က လက်ကာလျက် 'ဟေ့ ဒီအရသာကလေးတစ်ခုပဲ ကျန်တော့တာကို မင်းက





ဖျက်မပစ်ချင်ပါနဲ့။ အသက်ကြီးလာလေလေ မင်းနဲ့ငါနဲ့ ရင်းရင်းနှီးနှီး ပြောနိုင်သေ... ငယ်သူငယ်ချင်းနဲ့ တွေ့ပြီး၊ မင်းနဲ့ငါနဲ့ ပြောရတာဟာ အရသာ ရှိလေလေပဲ။ ဒီတော့ ဒါတစ်ခုတော့ ချမ်းသာပေးကြပါကွယ်ရို့။ မင်းကလည်း ငါ့ကို ခင်ဗျား ကျွန်တော်နဲ့ ခုမှ ပြင်ပြောမနေနဲ့၊ ငါကလည်း ခင်ဗျား ကျွန်တော်နဲ့ ပြင်ပြောမနေနိုင်ဘူး။ လူတွေဟာ ကြီးကြီးလာတော့ ကြီးသိတွေနဲ့သာ အနေရများပြီး သင့်လျော်အောင် ဆက်ဆံပြောဆို နေရတယ်ကွ။ ဒီတော့ ငယ်သိ ငယ်ပေါင်းတွေနဲ့ တွေ့တော့၊ ငယ်ငယ်က အရသာကို အသစ်ပြန် ခံစားရသလို ဖြစ်တယ်။ ဒီ မင်းနဲ့ငါနဲ့ ပြောတာဟာ ဟို ငယ်ငယ်က ဟာတွေကို အကုန်ပြန်ပြီး သတိရအောင် လုပ်ပေးတယ်ကွ။ ဒါ့ကြောင့် မင်းက ဒီအရသာကလေးကို ဖျက်ပစ်မယ် မလုပ်ပါနဲ့။ တို့ အခုမှ ၃၀ ကျော်ကျော်ကလေး ရှိသေးတယ်။ ၆၀ လောက်မှာ အဘိုးကြီးချင်းချင်း မင်းနဲ့ငါနဲ့ ပြောနေရရင် ဘယ်လောက် ပိုပြီး အရသာရှိမယ်ဆိုတာ မင်းတော့ မပြောတတ်ဘူး။ ငါတော့ အခုကတည်းကကို မြည်းဖူးသလို ဖြစ်နေပြီ' ဟု ပြောပြရလေသည်။ ထိုအခါမှ ကျွန်ုပ် ငယ်ပေါင်း မိတ်ဆွေများမှာ ရယ်ကာ ပြုံးကာနှင့်၊ မင်းနှင့်ငါနှင့် သွက်သွက်ကြီး ပြောနိုင်တော့သည်။ ခင်ဗျားနှင့် ကျွန်တော်နှင့် ပြင်ပြောနေကြရခြင်းမှာ ယခင်ကလို မဟုတ်သောကြောင့် ချောမောသွက်လက်ခြင်းလည်း မရှိဘဲ၊ ရှန့်တန့်တန့် ဖြစ်နေတတ်လေသည်။ ထိုရှန့်တန့်မှုသည် မင်းနှင့်ငါနှင့် ပြောရုံမျှဖြင့် တစ်ခါတည်း လွင့်ပျောက်သွားရုံမျှမက ငယ်မူအားလုံးကိုပါ ပြန်လည် ပေါ်ပေါက်စေလေသည်။

ရှန့်တန့် ရှန့်တန့်ဖြင့်ပင် ခင်ဗျားနှင့် ကျွန်တော်ဟု ပြင်ပြောခြင်း အောင်မြင်သွားပါက နှစ်ယောက်စလုံးပင် လူကြီးလို ဆက်ဆံဖို့သာ ရှိလာလေတော့သည်။ သို့ကြီးမှ သိလာရသည့် လူများလို ဆက်ဆံရလျှင်ပင် ငယ်သူငယ်ချင်း ဖြစ်လာရခြင်းတည်းဟူသော အရသာသည် ပျက်လေပြီ။ ဆုံးရှုံးလေပြီ။ နစ်နာလေပြီ။

ယနေ့ ညနေဘက်က စ၍ များစွာပင် အေးလာသည်။ ကလော စသော တောင်ပေါ် အရပ်ဒေသများမှာ အေးသကဲ့သို့ပင် အေးနေတော့သည်။ ညဘက်တွင်လည်း အလွန့်အလွန် အေးနေလေသည်။ ဤကဲ့သို့ အအေးဓာတ်ကို အသည်းကျင်အောင် ခံစားရသည့်အခါ တခိုက်ခိုက် တုန်ချမ်းနေသည့်ကြားထဲမှ အအေးနှင့် စပ်လျဉ်း၍ ရေးကြ စပ်ကြသော ကဗျာလင်္ကာတို့ကို သွား၍ သတိရမိတော့သည်။

ရက်အတန်ကြာက တင်ထားခဲ့သော မှတ်တမ်းတစ်နေရာ၌ စာဆိုတော် မောင်မောင်ဘိုး၏ ဆောင်းဘွဲ့ခံတေးကို ဖော်ပြခဲ့ပြီ။ "ဖော်မစုံ အော်တုံရော့ငယ်လို့၊ မော်ပုံပေါ့ ရွှေညာဏ်၊ တော်ရုံနော့ ဟေမန်ငယ်၊ လေပြန်ဝယ် ဆင့်ကဲ။ ။ ကင့်ရဲလို့ ဘွင့်သည် မှာကြင့်သည်၊ ဟင့် ဆဲချင်သာ နှင့်နှင့်ပဲ" ဟူ၍ ချီလိုက်ပုံပင်လျှင် ကျွန်ုပ်၏ စိတ်တွင် ယနေ့ ဖြစ်ပေါ်လာသော ဆန္ဒနှင့် ညီညွတ်လှပေတော့သည်။

ခြား၏။ သူက ဆဲချင်သလို ဖြစ်လာလျက် ကျွန်ုပ်က စာဖွဲ့ချင်သလို ဖြစ်လာသည်။ သို့သော် ချမ်းလွန်း တုန်လွန်း၍ ကလောင်ကိုပင် အနိုင်နိုင် ကိုင်နေရတော့သည်။

ဆောင်းအကြောင်း စာဖွဲ့သူများမှာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အလွန်ပင် အဖော်တကြလေသည်။ ယောကျ်ား စာရေးဆရာများကို မဆိုထားဘိ၊ မိန်းမ ကဗျာကဝိများပင် အဖော်ကို ပွင့်ပွင့်လင်းလင်းကြီး တောင့်တလေဟန် ရေးစပ်ကြလေသည်။

"ရွှေလှန် ဝန်ကတော်ကြီး ဒေါ်ခင်ဆုံ" ရေး ဆောင်းဘွဲ့ တေးထပ်ကို ကြည့်ပါဦး။

ကြာခြည် လေပြည်သွဲ့တော့၊ ကြွေမည်မယ့် ပုံသွင်၊ ခင်ခင်
လေး မြရင်မှာ၊ စတင်ကာ စိမ့်အေး။ ။ တိမ်လွှာညွှန့် ရထည်ခြုံ၊
သည်ပုံကို နွေးဖို့အဝေး။ ။ သည်လိုနှင့် တာရှည်လျှင်၊ ညာမဒီ
ခက်သေး။ ကမ္ဘလာထည်နှင့် ထွေးပေမယ့်၊ သည်အအေး မလုံ။ ။
ငွေဒန္တာ မနေးရိုက်၊ သွေးလှိုက်လို့ သည်းရင်ဝခုံ။ ။ ဘယ်နည်းနှင့်
ဘယ်ပုံ၊ မယ်လုံအောင် ကြံဖန်ရမယ်တုံး၊ ပြန်လှန်ဆ တယောင်ယောင်၊
ဝဲတိုက် ကြာညောင်။ ။ ဖူးစာရှင် ခင်မေ့ မောင်ရယ်၊ ရင်ငွေ့ရောင်
လှုံစမ်းချင်လှလေး။

"အချုပ်တန်း ဆရာဖေ" ကလည်း–

အေးမယ်လို့ အေးတော့၊ ထွေးလို့မှ မလုံ၊ မေးခိုက်ခိုက် ခုတုန်
ပြီ၊ ကြုံလာရ ကိုယ်ရေး။ ။ ငွေပွမ်းထပ် ရွှေစောင်ကို၊ သောင်း
ခြောက်ထောင် လွှမ်းလို့ မနွေး။ ။ ရွှေမီးနှင့် အငွေ့ယူလျှင်၊ ရှေ့ပူ
လို့ နောက်အေး။ ။ ပွေ့မယ့်သူ ဖော်ဝေးမှ၊ ဆော်သွေးတဲ့ လေ
ပြန်။ ။ နှင်းမြူကို သွင်းယူပင့်ပါလို့၊ မင်းမူကျင့် ဆိုးတဲ့ဟေ
မန်။ ။ ကိုးရာမယ့် ချမ်းသူ့ကံငယ်၊ ညဥ့်သန်းယာမ် ပဟိုရ်နှက်
တောင်မှ၊ အို စက်လို့ပျော်နိုင်ပြီ၊ အေးတဲ့ရာသီ။ ။ ခင်ထွေးလို့
ပိုက်ချီလျှင်၊ မငိုက်မိ ပျော်သေးရဲ့လေး။

ဟူ၍ စပ်ဆိုပြီးလျှင်၊

"စလေဆရာကြီး ဦးပုည" က–

ပုလဲဥ နှင်းပေါက်၊ ကင်းထောက်တဲ့ လေပြန်၊ မင်းမြှောက်
မယ့် ဟေမန်၊ မသေကျန် ကံကောင်း။ ။ လူမို့သာ လျှလျှခံတယ်၊
မြရေနံ ခဲရတဲ့ဆောင်း။ ။ အေးလှလို့ ဝဇီရာ၊ ဗိဇနာ ရင့်ညောင်း၊
ကတ္တီပါ စောင်ပေါင်း၊ ထောင်သောင်းလောက် ခြုံတယ်။ ။ ခန်း
ဆောင်မှာ ချမ်းအောင်တွေ့၊ မန်းတောင်ငွေ့ နီးတာမို့ကွယ်။ ။





နန်းဆောင်မြေ့ ထီးလယ်မှာ၊ ပြီးစဖွယ် သာဖက်လို့၊ ဟာ စက်ဖျာ
ကြောင်မြီးတိုနော်၊ စားလိမ့်ကိုယ်တော်။ ။ ငိုစိတ်နှင့် အို အိပ်
ပျော်အောင်၊ ကိုယ်သိပ်တော် မူစမ်းလှဲ့လေး။

ဟူ၍ စပ်ဆိုလေသည်။

"တောင်တွင်းဆရာကျော့" က–

ငွေကတန် ဝေယံကြွမှာလ၊ ရေမတန် ဖေစံရ၊ ဟေမန္တ ခါ
မို့ကွယ်။ ။ လေစမြို့ရယ်က၊ ဧွတုံ့ ဝေဝေမှုန်လို့၊ ရွှေမေရုံ
တောင်မြင့်နန်းဆီက၊ ပုလဲရီ သဲဆီဖြန်းတာမို့၊ ချမ်းလိုက်လှတယ်
။ ။ ကေပွင့်ညာ သူမဖက်တာဖြင့်၊ ရေနှင့်သာ အတူစက်သည်သို့၊
ကြူကနက် ဆောင်ရိပ်လယ်၊ ဆိတ်ကယ်မျှ မပျော်ဆုံး။ ။လက်
ဦးငယ်ရင်၊ ဖက်ဖူးဆင် မေခင်ကြိုက်ကယ်နှင့်၊ ခြုံပိုက်ကာ လာ မပွေ့
တာကြောင့်၊ တုန်လိုက်ထာ ဘမယာမွေ့မှာ ချမ်းမြေ့ရေတုံး။

ဟူ၍ စပ်ဆိုလေသည်။

"စစ်တောင်းဝန့်သမီး အမွေဝန်ကတော် မယ်ခွေ" (အချို့က မယ်ခွေးဟု ခေါ်မှားကြသည်။ နန်းတော်သူ မယ်ကေ၊ မယ်ခွေဟူ၍ ညီအစ်မ ထင်ရှားကြသည်)က ၁၂ ရာသီအဲချင်း တန်ဆောင်မုန်းလဘွဲ့တွင်–

နာရီအန္တ၊ ဂဏန်းဆနှင့်၊ ချမ်းစပြုတုံး၊ တန်ဆောင်မုန်းကို၊
ပတ်ကုံးဝန်းကျင်၊ ဇမ္ဗူပြင်မှာ၊ ကြင်သူမရှိ၊ ကညာမိတို့၊ ကယိကနွမ်း၊
မယ့်နှယ်လွမ်းလို့၊ စက်ခန်းဘုံခွင်၊ ငိုလျက်သာ ဝင်လိမ့်မယ်၊ နှင်းရွှင်ရွှင်
ဟေမန်မိုးက၊ ဆော်နိုးကြွေး။

ဟူ၍ စပ်ဆိုရာ၊

ကြင်သူမရှိသော သူတို့က ထိုမျှဖြစ်လျှင် ဖြစ်ပါစေဦး။ အဖော်ရှိပြီး ဖြစ်သော သူတို့က အဘယ့်ကြောင့် ညည်းညူကြသည်ကို တွေးမရပေ။

"မြင်စိုင်းမင်းသမီး"က

ဟေမန္တာ လေသွေးတော့၊ တအေးအေး စိမ့်တုန်၊ မယ့်ရင်ဝ
သည်းအုံမှာ၊ တခုန်ခုန် မနား။ ။ ဖဲပိုးညွှန့် ထပ်ကာခြုံတယ်၊ မလုံနိုင်
အေးလိုက်တာများ။ ။ ဖူးအရင့် ကေခိုင်ရယ်၊ နေနိုင်တော်နေအား၊
ရင်ငွေ့တော် တူနှစ်ပါး လှည့်ခြားလို့ခိုလှုံ။ ။ သဠာလီ ဘုံကြွ၊
သည်လိုမှ နွေးလိမ့်တစ်ပုံ။ ။ ဘယ်တော့များ တူဆုံမယ်၊ ရွှေရင်အုံ
လေခတ်တော့၊ သေမတတ် ခန်းကြာညောင်၊ တမိ ဘုန်းခေါင်။ ။
ဘယ်ကာလ ဘွေဆောင်မှာ၊ မယ်နှင့်မောင် နီးမယ် သိလေး။

ဟူ၍ စပ်ဆိုလိုက်ခြင်းကို လည်းကောင်း၊

"ရွှေနန်းဘွဲ့ မှာတမ်းများရေးသူ ဦးစံတူ" က–

မစုံသူ ခက်လှပေါ့၊ သဏ္ဌာန်ရှာသီ၊ ကွက်မလှ ညာညီတယ်၊
တစ်နာရီ မနွေး။ ။ လေးရောင်ပြည့် နတ်ဒိသာ၀ယ်၊ ကြတ္တိကာ
ထွန်းခိုက်မို့လေး။ ။ ပြတင်းနန်း ပြင်လမ်းချီတယ်၊ ပင်ပန်းပြီ
အရေး။ ထင်မှန်းရည် မျှော်တွေးလို့၊ ဖော်ဝေးသူ ခက်ပုံ။ ။ ဥတ္တရာ
လေယာဉ် သပါလို့၊ ရွှေရင်၀ အေးမြမြခံ။ ။ မြေမခ ပင်စုံမှာ၊
သဇင်ငုံ ကြွေဆင်းလို့၊ ငွေနှင်းရွှေဆောင်သဉ်ဖွေ၊ အေးရတဲ့ဖေ။ ။
ဆွေးစေတဲ့ အကြောင်းခေတယ်၊ ဆောင်းသန္တေ တည်စမို့လေး။

ဟူ၍ ဆောင်းလအခါ မစုံသူတို့ ခံ့မှတာ ခက်လှပုံ စပ်ဆိုလိုက်ခြင်းကို လည်းကောင်း ကျွန်ုပ်တို့ ကောင်းစွာ နားလည်နိုင်ပေသည်။

ဆောင်းဥတုနှင့် စပ်လျဉ်း၍ ဖွဲ့ဆို စပ်ဟပ်ကြသော ကဗျာအရပ်ရပ်တို့တွင် စာရေးကြီး ဦးမောင်ကလေး ရေး နတ်တော်လဘွဲ့ ၈၀ ပေါ် တေးထပ် အချီကလေးသည် အလွန်ပင် နယဉ်လှပါပေသည်။ စာရေးကြီးက–

နတ်လဟေမန် ၀သန်ကြွင်းကို၊ ဖန်ဖန်ငွေနှင်း ရီ့တရီ၊
ပြန်လှန်လေညင်း ချီ့တချီငယ်၊ ကရိကသီ နိုင်ရန်ကော့။ ။ တစ်ဇကေ
တို့ ရွှေမျှာခွင်၀ယ်၊ ပွေစင်ငင် ခြုံဆဲတုန်ကြရော့။

ဟူ၍ စပ်ဆိုလိုက်လေသည်။

ထိုအစပ်အဟပ်ကလေးသည် ကျွန်ုပ်၏အာရုံတွင် စွဲလမ်းငြိတွယ်၍ နေခဲ့လေသည်။ သို့ဖြစ်၍ ၁၃၀၂ ခုနှစ်က ပြာသိုလဆန်း ၈ ရက် စနေနေ့ နေ့စွဲဖြင့် ထုတ်ဝေရန်ဖြစ်သော ဂျာနယ်ကျော်၏ မျက်နှာဖုံးတွင် ပန်းချီဆရာကြီး ဦးအုန်းလွင်က ချမ်းခိုက်ခိုက် တုန်နေသည့် မိန်းမပျိုကလေးတစ်ဦး၏ပုံကို ရေးဆွဲပေးသဖြင့် တေးထပ်တစ်ပုဒ် ချက်ချင်းလုပ်၍ ထည့်သွင်း ဖော်ပြရမည် ရှိသောအခါ၊ ကျွန်ုပ်၏ စိတ်ကူးဉာဏ်၌ ငွေနှင်းကလေး မရီ့တရီတွင် လေညင်းကလေး မချီ့တချီဖြစ်၍ ကရိကသီနိုင်ပုံ စာရေးကြီး ဦးမောင်ကလေး ရေးခဲ့သည့် အစပ်အဟပ်ကလေးသည် ဆတ်ခနဲ ခုန်ထွက်ပေါ်ပေါက်လာလေသည်။ ထိုအစပ်အဟပ်ကလေးကိုပင် ဖွဲ့နွဲ့၍ ရေးချင်စိတ်သာ ပြင်းပြနေလေတော့သည်။ သို့သော် စိတ်ကူးသစ်လွင်သော ဆောင်းဘွဲ့တစ်ပုဒ်လည်း ဖြစ်စေချင်သော ဆန္ဒ ရှိနေပြန်လေသည်။ ရှေးက ရေးခဲ့သော ဆောင်းဘွဲ့များနှင့် မူချင်းမတူစေလိုပေ။ ထိုဆောင်းဘွဲ့များထက် စိတ်ကူး ပိုမို ဆန်းချင်နေလေသည်။ အချိန်ကလည်း များစွာ မရပေ။

ထို့နောက် ဟေမန္တ အချမ်းဘုရင်အား ပန်းမဆင်နိုင်အောင် ကွေးနေရသည့် အတွက်၊ အအေးစစ်တပ်ကြီးကို ရုပ်သိမ်းပေးရန် တောင်းပန်သည့် သဘောသွားမျိုးဖြင့်





ရေးစပ်ရန် စိတ်ကူး ပေါက်လာလေသည်။ ချမ်းအေးခြင်းကို ဟေမန္တ ဘုရင်က စေလွှတ်သည့် လက်နက်အင်္ဂါ တပ်မဟာတစ်ခုအဖြစ် ထားရမည်။ ရာသီအလိုက် ပန်းများကလည်း ဝေဆာစွာ ပွင့်နေရာ မိန်းကလေးတို့ ဘာ၀ အခိုင်လိုက် အခိုင်လိုက် ပန်ချင်သည့် စိတ် ပြင်းပြနေသော်လည်း ချမ်းလွန်း၍ မပန်နိုင်ဘဲ ကွေး၍သာ နေရတော့သည့် အတွက်၊ အအေးတပ်ကြီးကို ပြန်လည်ရုပ်သိမ်းပေးရန် ဟေမန္တ ဆောင်းဘုရင်ကို တောင်းပန်လေဟန် ရေးစပ်မည်ဟု တွေးမိလေသည်။

ဤကဲ့သို့ ဘာကိုဖွဲ့နွဲ့မည်ဟု ပိုင်းဖြတ်ရမိလျှင်ပင် ကာရန်တို့မှာ အလိုက်သင့် ပေါ်ထွက်လာတော့သည်။ ပေါ်ထွက်လာပုံကား–

ဤဆောင်းဟေမန် ခါတော်အ၀င့်၊ စာတော်သဘင့် ရင့်
ကျူးစရာ၊ ခါလျော်အသင့် ပွင့်ဖူးလာသည်၊ ပွင့်မှူးမာလာ ၀နာ
တစ်ခိုအပြည့်။ ။ ခိုင်ပေါ်ခိုင်ဆင့် မြပန်းခွာညိုငယ်၊ သမယ မကာရုံး
ပြာသို တင့်ကြောင်းဖန်တော့ညည့်။ ။ ရာသီမှာတော့ နေရင်းပလီ
သည်၊ ငွေနှင်းမရီ ရီတရီ့၊ လေညင်းမပီ ပီတပီ့ငယ်နှင့်၊ ကသီ ကရိ
ကြုံတော့သာ။ ။ တစ်မေပျိုခင် ခြုံလွှာနှင့် ထွေးသော်လဲ့၊ တုန်ကာသာ
အေး ရွှေသည်းခိုက်ပေါ့ဗျာ။ ။ ကြိုင်လှိုင်သင်းပေ့ မြမာလာကို၊
အလှတန်ဆာ ဝေဖြာရော့လို့၊ ကေသာခွေလျော့ ပြိုင်မရယဉ်ကျော့ယည်၊
ခိုင်တကော့ ဆင်တော့ချင်။ ။ တုန်တုန်အေးတဲ့ သေခမန့် သေနင်ကို၊
ဟေမန့်ဆွေဘုရင် ရုပ်သိမ်းပါဦးလေး။ ။

ဤတေးထပ်တွင် ရတ်တရက် ကြည့်လိုက်လျှင် အဓိကအားဖြင့် လွဲမှားနေသော အချက်ကြီးတစ်ခု ရှိသည်ဟု ထင်မှတ်ဖွယ် ရှိနေလေသည်။ အခါလိုက် ဖူးပွင့်လာသော ပန်းမှာ ခွာညို ဖြစ်လေသည်။ ခွာညိုသည် ပုပ္ဖသဒ္ဒါပန်းဖြစ်၍ မာလာ မဟုတ်။ မာလာဟူသည်မှာ အနွယ်မှ ပွင့်အပ်သော ပန်းတို့သာဖြစ်၍ ပန်းမန်ဟူ၍ ခေါ်ဝေါ်ကြရာ၌ ပန်းမှာ အပင်မှ ပွင့်သည့် ပုပ္ဖ၊ မန်မှာ အနွယ်က ပွင့်သည့် မာလာကို ဆိုလိုကြောင်း။ သစ်သီး၀လံ၊ သို့မဟုတ် သစ်သီးသစ်လံ ဟူရာမှာလည်း အပင်မှ သီးသည်ကို သစ်သီး၊ အနွယ်မှ သီးသည်ကို ၀လ္လံ၊ ၀လံ၊ သစ်လံ ဟူ၍ နားလည်အပ်ကြောင်းဖြင့် ဆိုကြပေလိမ့်မည်။ မုံရွေးဇေတ၀န် ဆရာတော်ဘုရားကြီးက သမန္တစက္ခုတွင် "ပန်းနှင့်မန်သည် အဓိပ္ပာယ် အထူးမကြံရာပြီ။ အတူတူပင် ဖြစ်ပေသည်ဟု ယူသင့်သည် ထင်ကြောင်း" ဖြင့် အမိန့်ရှိသည်။ တန်ဆာဆင်ယင်ခြင်း အကျိုးငှာ ပြုလုပ် သီကုံးအပ်သော ပန်းတို့ကို မာလာဟူ၍ ဆိုအပ်ကြောင်းဖြင့်လည်း အမိန့်ရှိထားရကား ခွာညိုကို မာလာဟု ဆိုလိုက်ခြင်းသည် မမှားဟု ယူဆမိပေတော့သည်။

၁၃၀၃ ခု နတ်တော်လအတွင်း ထုတ်ဝေသော ဂျာနယ်ကျော် စာစောင်တွင်

လည်း မျက်နှာဖုံး ရုပ်ပုံ အကြောင်းအရာအဖြစ် အချမ်းဘွဲ့အကြောင်း ရေးခဲ့ဖူးသေးသည်။ သို့သော် ထိုစာစောင်ကို ရှာ၍ မရ။ ထိုစာစောင်ကို ရှာရင်းဖြင့်ပင် တစ်ရက် တစ်ရက်နှင့် အချိန် ကုန်လွန်လာခဲ့သည်မှာ နတ်တော်လဆုတ် ၄ ရက်သို့ပင် ရောက်ခဲ့လေပြီ။

အေးကျင်းက တူးမပြီးသေး၍၊ ဝါးရက်သူက တစ်မျိုး၊ လက်သမားက တစ်မျိုးနှင့် ကောင်းစွာမအား ရှိတော့သည်။ စာလည်း မရေးအားလှပေ။ ကုန်သည်ကြီးများ အသင်းက စစ်ဆေးဖို့ ပေးထားသော စာစီစာကုံးပြိုင်ပွဲဝင် စာစီစာကုံး ၄ ပုဒ် စစ်ဆေးပြီးစီးသွားခြင်းသာလျှင် ပြောပလောက်အောင် အလုပ်တွင်ကျယ်မှု ရှိလေတော့သည်။ ရွှေပိန်သောင်း၏ "ဗိုလ်အာရှ" ဝတ္ထုအတွက်လည်း နိဒါန်းရေး၍ ပြီးသွားလေသည်။

## နတ်တော်လဆုတ် ၅ ရက်

(ကြာသပတေးနေ့)

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ နားရွက်ခန်းတွင် "အဝေးပေါင်း ကောင်းသော်လည်း အနီးပေါင်း ဆိုးသည့် ဆွေမျိုးဉာတိ မိတ်ဆွေယောင်တို့ အများရှိသည်" ဟူ၍ လည်းကောင်း၊ "အတွေးအချစ်ခန်းတွင် ပျော်မွေ့ဖွယ် ထင်ရသလောက် ကိုယ်တွေ့တွင် လွမ်းခန်းနှင့် တွေ့ကြုံရတတ်သည်" ဟူ၍ လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရလေသည်။ ဤ နားရွက်ခန်းကို ဦးတင်ကိုယ်တိုင် ရေးလေ့ရှိသည်ဟု သိရသည်။ သို့သော် ယခု ဖော်ပြလိုက်သော နားရွက်ကိုမူ ဦးတင်ကိုယ်တိုင် တပ်လိုက်သည်ဟု ထင်မှတ်ရန် ခက်ဘိတောင်း။

ဤနားရွက်ကို ဦးတင် တပ်ခြင်း မဟုတ်ရိုးမှန်လျှင် ကေန္တ မြန်မာ့အလင်း တိုက်သား တစ်ဦးဦးတွင် လက်ငင်းတွေ့နေသော ကိစ္စတစ်ခုကို ဖြန်းခနဲ ကောက်၍ ရေးတပ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ တစ်ခါတစ်ခါ ကြားလူက ဝင်၍ ရေးထည့်လိုက်သော စကားများသည် တရားစောင်းများဖြစ်သဖြင့် ဖတ်ရှု၍ အလွန်ကောင်းလေသည်။ တိုးတက်ရေး သတင်းစာတွင် ပထမ မျက်နှာအောက်ခြေ၌ တိုက်ရှင် ဦးစိန်ကိုယ်တိုင် လက်တွေ့စကားပုံကလေးများကို ရေးလေ့ ရှိလေသည်။ ထိုစကားပုံကလေးများမှာ လွန်စွာ အဖိုးတန်ကြပါပေသည်။ နီတိတန်ဖိုးလည်း ရှိသည့်အပြင် တစ်ခါတစ်ရံ တိုက်၏ အတွင်းရေးများကိုလည်း ဖော်ပြနေတတ်လေသည်။

ကျွန်ုပ် မြန်မာ့အလင်းတွင် အလုပ်လုပ်စဉ်က "ယနေ့သတိပြုရန်" အခန်းကို စတင်တီထွင် ထည့်သွင်းခဲ့လေသည်။ ထိုအခန်းတွင် အစောင်းအချိတ်များကို မသုံးဘဲ၊ သဘောတရား အမှန်တို့ကို နိုင်ငံအကျိုးအတွက်၊ တဲ့တိုး တွေးကြံ ရေးသားခဲ့လေသည်။ ကျွန်ုပ် အလုပ်က ထွက်သောအခါ "ယနေ့ သတိပြုရန်" ကို ဟိုလူရေး သည်လူရေး





နှင့် မကြာမြင့်မီ တိုက်သားအချင်းချင်း စောင်းမြောင်းချိတ်ခတ်ရာ တလင်း ဖြစ်သွားလေသည်။

တိုးတက်ရေး အောက်ခြေ စကားပုံအကြောင်း ပြောရဦးမည်။ ထိုအခန်းတွင် တကယ်အဖိုးတန်သော အကြံဉာဏ်များ၊ ဗဟုသုတများ ပါရှိတတ်လေသည်။ သို့သော် တစ်ခါတစ်ရံ အလုပ်သမားများ ကျေးဇူးသစ္စာ မရှိပုံနှင့် ပတ်သက်၍ ခပ်ညည်းညည်း ရေးလိုက်သော အသံများကို တွေ့ရလေသည်။

တစ်နေ့တွင် ထိုအခန်း၌ "ရှာသိမ်ရှာငယ်သည် လူလည်း မိုက်၏။ ခွေးလည်း ကိုက်၏" ဟူသော စကားကို ဖတ်ရှုရလေသည်။ ထိုစကား၏ ဟုတ်မှန်ခြင်းကို ဖတ်မိလျှင် ဖတ်မိချင်း အသံများ ထွက်အောင်ပင် ပြုံးရယ်မိလေသည်။ မှန်ကြောင်း မငြင်းလိုပေ။ သို့သော် ရေးသူသည် အဘယ်အကြောင်းကြောင့် ဤသဘောတရားကိုမှ ရေးခါနီး အချိန်တွင် သွား၍ စဉ်းစားမိရလေသနည်းဟု တွေးကြံမိလေသည်။ သို့သော် အဖြေ မပေါ်ပေ။ များမကြာမီပင် ထိုစကားနှင့် စပ်လျဉ်း၍ အကြောင်းမှန်ကို သိရလေသည်။ ထိုစကားပုံကို ဦးစိန် မရှိ၍ ကြားလူတစ်ယောက်က တိုက်ထဲမှ လူကြီးတစ်ဦးဦးကို စိတ်နာနာနှင့် ဝင်၍ တရားစောင်း ရေးထည့်လိုက်ခြင်း ဖြစ်လေသည်။

ယခုလည်း မြန်မာ့အလင်း နားရွက်တပ်ချက် ဆန်းလှသည်။ ရွှေပိန်သောင်းနှင့်များ တစ်စုံတစ်ရာ ပတ်သက်နေသလား မသိ။ ပထမ တစ်ဝက်ကိုကား မသိ။ ဒုတိယတစ်ဝက်မှာ သူ့ကို စောင်းချိတ်ရေးသားခြင်း ဖြစ်လေသလော။ မြန်မာ့အလင်းသို့ ရောက်မှ သိရတော့မည်။ မြန်မာ့အလင်းသို့ နေ့စဉ် ရောက်နေခဲ့ရာမှ ယခု မရောက်သည်မှာ ကြာသွားပြီ။ အိမ်တွင် လက်သမားများကို စောင့်ကြပ် ကြည့်ရှုနေရခြင်းကြောင့် မြို့သို့ မထွက်ရောက်နိုင်တော့ပေ။ ယခုတစ်ဖန် ယနေ့မှ စ၍ အိမ်ကို ဆေးသုတ်နေပြန်လေပြီ။ ဆေးသုတ်ကုလားများမှာ အသုတ်ကောင်းသူများ ဖြစ်ကြလေသည်။ သူတို့ နံရံများကိုသာ သုတ်သည် မဟုတ်။ လစ်သမျှ အိမ်နှင့် ပစ္စည်းကိုလည်း သုတ်တတ်ကြသေးလေသည်။

သူတို့ကို စောင့်ကြည့်နိုင်မှ တော်ကာကျတော့သည်။

## နတ်တော်လဆုတ် ၆ ရက်

(သောကြာနေ့)

ယနေ့ ကိုအောင်း အိမ်လည်ရောက်လာသည်။ သူ့မှာ ထူးဆန်းသော စာတစ်စောင် ပါလာသည်။ စာမှာ စာတိုက်မှ ပို့သော စာဖြစ်ရာ လိပ်စာ အပြည့်အစုံ မပါခြင်းကြောင့် စာသေရုံးသို့ပင် ရောက်သွားရာမှ၊ သူ့အသိတစ်ယောက်က သူ့စာမှန်း သိ၍ ယူလာ[illegible] အပ်သော စာဖြစ်ရာ ဤတွင်ပင် ဆန်းနေလေပြီ။ စာရေးသူမှာ ကိုအောင်း လုံး[illegible]

ဦးလေးစိန် အမည်ခံသူ ဖြစ်ခြင်းသည်လည်း အဆန်းတစ်ခုပေ။ ထိုစာတွင် ကိုဆောင်း၏ အကျိုးကို သယ်ပိုးချင်၍ မျိုးချစ်စိတ် ထက်သန်ပြင်းပြသော မိန်းကလေးတစ်ဦးကို ယူရန် နေရပ်နှင့်တကွ နတ်လမ်း ညွှန်ထားလေသည်မှာလည်း အဆန်းပေ။ ထိုစာနှင့်ပတ်သက်၍ ကျွန်ုပ်၏အကြံဉာဏ်ကို တောင်းလေသည်။ ကျွန်ုပ်က ဖူးစာသည် သေမင်းကဲ့သို့ပင် နည်းအမျိုးမျိုးနှင့် လာရောက်တတ်ကြောင်း၊ တစ်ယောက်ဆီသို့ တစ်မျိုးနည်းဖြင့် လာလေ့ရှိရာ ဤစာသည်လည်း ရှေ့ရေးအတွက် "ဗီဇ" များစွာ ပါရှိသည့် စာတစ်စောင် ဖြစ်ဟန်တူကြောင်း၊ စာအရ စုံစမ်း၍ ကျေနပ်ဖွယ်ရှိလျှင်လည်း လက်ထပ်ယူနိုင်ဖွယ် ရှိကြောင်းဖြင့် ပြောလိုက်လေသည်။

ယနေ့ မိန်းမ ယောကျ်ား ညားတတ်ကြသည့် သဘာဝများကို အချိန်အတန်ကြာ ပြောဆိုကြပြီး လူချင်း ခွဲသွားကြလေသည်။

## နတ်တော်လဆုတ် ၁၀ ရက်

(အင်္ဂါနေ့)

လွန်ခဲ့သည့် ရက်များက ဤမှတ်တမ်းဆီသို့ လက်မရောက်နိုင်ပေ။ စာတစ်အုပ်ကို ပြီးသည့်တိုင်အောင် ဖတ်ရှုနေသည် တစ်ကြောင်း၊ ကုလားများက ဆေးသုတ်၊ တရုတ်များက တံခါးတပ်၊ ဗီရို ဆင်၊ မြန်မာများက အေးကျင်း အကာအရံထည့်နှင့် တစ်လှည့်စီ ကြည့်ရှုဆိုပြောနေရသည် တစ်ကြောင်းကြောင့် စာမရေးအားခဲ့ပေ။ မြို့သို့ကား မရောက်သည်မှာ ရက်အတန် ကြာခဲ့လေပြီ။ သတင်းစာများတွင် ပါသော သတင်းများမှ တစ်ပါး အခြားသတင်းများကို လုံးဝ မကြား မသိရပေ။

တမြန်နေ့ကသာ အုတ်ဖိုတွင် ရန်သူတို့ ဗုံးကြဲသွားသည့်အတွက် ဈေးကွက်နှင့် ကျွန်ုပ်၏ မိဘဆွေမျိုးများ နေထိုင်ရာ ရွာမရပ်ကွက်မှာ ပျက်စီးမီးလောင်သွားကြောင်း သတင်းကြားရသည်ဟု မောင်သန်းထွန်း ပြောလာသောကြောင့်၊ ဆွေမျိုးဉာတိများ နေရေးထိုင်ရေး အခြေအနေကို စုံစမ်းထောက်ပံ့ရန် မောင်သန်းထွန်းအား ယမန်နေ့ နံနက်က ငွေပေး၍ လွှတ်လိုက်ရသည်။ ရန်သူတို့သည် အုတ်ဖိုကဲ့သို့သော မြို့ကလေး တစ်မြို့ကို အဘယ်ကြောင့် ဖျက်ဆီးချင်ကြပါသနည်း။ ကုလားမနိုင်၊ ရခိုင်မဲ ဆိုသကဲ့သို့ လေဆောင်းအကာအကွယ် ကင်းမဲ့ရာ နေရာတို့ကိုမှ ရွေးချယ်ကာ လူမိုက် အစွမ်းပြခြင်းလော။ အုတ်ဖိုကဲ့သို့သော မြို့တစ်မြို့ကို ဗုံးကြဲခြင်းသည် ရန်သူတို့၌ သတ္တိမရှိကြောင်း ထင်ရှားစွာပြသော သာဓကတစ်ရပ် ဖြစ်လေသည်။

လက်နက်အဘယ်မျှပင် သာလွန်ထက်မြက်စေကာမူ သတ္တိမကောင်းက စစ်နိုင်ကြောင်း မဟုတ်၊ စစ်နိုင်ကိန်း မရှိကြောင်း တစ်ခါက ကျွန်ုပ် မှတ်တမ်းတင်ထားခဲ့ဖူးလေပြီ။ လက်နက်ပေါများခြင်းသည် လည်းကောင်း၊ လက်နက်ပိုမို ထက်မြက်ခြင်း





သည် လည်းကောင်း စစ်နိုင်ကြောင်း မဟုတ်သေးချေ။ သတ္တိနှင့်ခွဲ တည်းဟူသော အဖိုးတန် လက်နက်နှစ်ရပ်ကို အမြဲမပြတ် သုံးနေနိုင်ပါမှ စစ်နိုင်ဖို့ရန် လမ်းရှိသည်ဟု ကျွန်ုပ် အစဉ် ယုံကြည်ခဲ့လေသည်။

ကျွန်ုပ်သာ မဟုတ်၊ တစ်ခေတ်က လူတိုင်း ယုံကြည်ခဲ့ကြဖူးလေသည်။ သို့သော် ၁၆၉၅ ခုနှစ်က ချား ဒီ အက်ဗနင့် (Charles D. Avenant) ဆိုသူက "စစ်လုံးပန်းမှု နည်းလမ်းများဆိုင်ရာ အကြောင်းစာများ" (Essay on Ways and Means of Supplying the War) ခေါ် စာအုပ်တွင် သတ္တိကို ထိုသူက စစ်တပ်တစ်တပ်၏ အဓိက အရည်အချင်းနေရာမှ အရာလျှောချခဲ့ရာ၊ ထိုအချိန်အခါက စ၍ အယူကွဲပြားပြီးလျှင် သတ္တိကို ယုံမှားသူတို့ ပေါများလာခဲ့လေသည်။

ထိုသူ၏ ရေးသားချက်ကို သက်ဆိုင်သလောက် ဖော်ပြရဦးမည်။

ထိုသူက–

" For War is quite changed from what it was in the days of our Fore-fathers, when in a hasty Expedition and a pitch'd field, the Matter was decided by Courage, but now the whole Art of War is in a manner reduced to Money; and now-a-days that Prince, who can best find Money to feed, clothe, and pay his Army, not he that hath the most valiant Troops, is surest of Success and Conquest.

> အဘယ်ကြောင့်နည်းဟူမူကား စစ်မှာ ကျွန်ုပ်တို့ အဘိုး အဘွားများ လက်ထက်ကကဲ့သို့ မဟုတ်တော့ဘဲ လုံးဝ ပြောင်းလဲနေလေပြီ။ ထိုအခါက ရုတ်တရက် စစ်ချီထွက်၍ စစ်မြေပြင် တစ်ကွက်တွင် "ကိစ္စ" ကို "သတ္တိ" ဖြင့် ဆုံးဖြတ်ကြ၏။ သို့သော် ယခုအခါ၌မူ စစ်ဆင်ခြင်းတည်းဟူသော အတတ်ပရိယာယ် တစ်ခုလုံးမှာ ငွေသာလျှင် အခရာအဖြစ်သို့ ရောက်လာရတော့၏။ မိမိ၏စစ်တပ်ကို ဝလင်စွာ ကျွေးမွေးရန်၊ အဝတ်တန်ဆာ ပေးအပ် ဆင်ယင်နိုင်ရန်နှင့် ကောင်းစွာ ပေးကမ်းချီးမြှင့်နိုင်ရန် ငွေအရှာ အကောင်းဆုံးသော မင်းသားသည် စစ်နိုင်ခြင်းနှင့် တိုင်းပြည် သိမ်းပကားခြင်းအတွက် အသေချာဆုံးဖြစ်တော့၏။ အရဲရင့်ဆုံးသော တပ်များရှိသည့် မင်းသားသည် စစ်နိုင်သူ၊ နိုင်ငံသိမ်းပကားနိုင်သူ မဟုတ်တော့ပေ။

ဟူ၍ ရေးသားလေသည်။

ငွေသည် စစ်ကို မနိုင်စေတတ်ချေ။ စစ်ကို လက်နက်အင်အားနှင့် လူ[illegible] သည်သာ နိုင်စေတတ်လေသည်။ လက်နက်အင်အား အဘယ်မျှ ကောင်း[illegible]မှ

လူအင်အား မပြည့်တင်းက များစွာ အရာမရောက်။ လူအင်အား ပြည့်တင်းသော်လည်း သတ္တိနှင့်ဇွဲ ကင်းမဲ့က စစ်နိုင်ခြေ မရှိ။ သံဝေရပျို့တွင် "သစ္စာ ဓမ္မ၊ ဝီရိယနှင့်၊ စာဂ ဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခု" ဟု ပြထားလေသည်။ စာဂဟူရာတွင် ပေးကမ်းစွန့်ကြဲခြင်းကို ဆိုလိုရကား ငွေကြေးတောင့်တင်း၍ ပေးနိုင် ကမ်းနိုင်ခြင်း၊ ဝလင်စွာ ကျွေးမွေးနိုင်ခြင်း၊ ဝတ်စားဆင်ယင်နိုင်ခြင်းတို့လည်း အပါအဝင် ဖြစ်ချေသည်။ သို့သော် ဤသို့ ပေးကမ်းစွန့်ကြဲနိုင်သော်လည်း ဝီရိယ ရှေ့ဆောင်မှ စစ်အောင်နိုင်ချိမ့်မည်။ ဤသို့ ပေးကမ်းခြင်းသည် စစ်အောင်ဖို့ ဝီရိယကို ဖြစ်စေနိုင်ရုံမျှသာ ရှိသည်။ ဝီရိယကား စစ်အောင်နိုင်မှုတွင် အဓိကပင် ဖြစ်သည်ဟု ယူသင့်လေသည်။

ဝီရိယ ဟူရာ၌လည်း သတ္တိနှင့် ဇွဲကိုပင် ဆိုလိုလေသည်။ သတ္တိရှိရှိ ဇွဲကောင်းကောင်းနှင့် လုံ့လထုတ်ခြင်းသည် ရန်နိုင်စေတတ်လေသည်။ သတ္တိနှင့်ဇွဲကို ရတ်တရက် ငွေပေးဝယ်ယူ၍ မရစကောင်းချေ။

စစ် လုပ်ကြံတိုက်ခိုက်မှုအကြောင်း ဆွေးနွေးတိုင်းပင် "နန္ဒိသေန"ဝတ္ထုကို သတိရမိလေသည်။ ထိုဝတ္ထုမှာ ၅၅၀ တွင် လာလေသည်။ သို့သော် "ရှုင္ဂကလိင်္ဂ" ဟူသော အမည်ဖြင့် လာရှိလေသည်။ နန္ဒိသေနမှာ စစ်နိုင်အောင် လုပ်ကြံပေးသော ပညာရှိအမတ်ကြီးဖြစ်လေသည်။ နန္ဒိသေနအကြောင်းကို အကျယ်တဝင့် ရေးချင်သေးသည်။ တန်ဆောင်မုန်းလဆုတ် ၁၅ ရက်နေ့က မှတ်တမ်းတွင်လည်း စစ်လုံးပန်းမှုအကြောင်း ရေးသားရာမှ နန္ဒိသေနအကြောင်း အကျယ်တဝင့် ရေးချင်သေးသည့် အကြောင်း မှတ်သားထားခဲ့ပြီ။ ဘယ်တော့ ရေးဖြစ်မည် မသိ။

ဇဝနက စာရေးဆရာစာစောင် အမှတ် ၁၀ တွင် ထည့်သွင်းနိုင်ရန် သေနင်္ဗျူဟာနှင့် ဗျူဟာစက္ကပျို့ စာအုပ်ဝေဖန်ချက်ကို စာရေးတောင်းလျက် ရှိသည်။ ရေးပေးရဦးမည်။ ထိုအထဲမှာပင် နန္ဒိသေနအကြောင်း ရေးပေးလျှင် သင့်လိမ့်မည် ထင်သည်။ နန္ဒိသေနအကြောင်းကို လက်ဝဲသုန္ဒရ အမတ်ကြီးပင်လျှင် ပျို့တစ်စောင် စီကုံး ရေးသားခဲ့သေးရာ၊ ကျမ်းပြုဆရာ တစ်ဦးတည်းဖြစ်ခြင်းကို အကြောင်းပြု၍ တစ်ခါတည်း ရေးပေးလိုက်လျှင် များစွာ ကောင်းမွန်ပေလိမ့်မည်။ လက်ဝဲသုန္ဒရကား တကယ့်ပညာရှိ ပုဂ္ဂိုလ်ကြီး ပါပေ။ မြန်မာစာပေကို အဘက်ဘက်မှ တိုးတက် ကြွယ်ဝအောင် အဆောင်ဆောင်သော ကဗျာရတု အစုစုသော ပျို့တို့ကို ပြုစုသွားရှာလေသည်။ တကယ့် မျိုးချစ် ပုဂ္ဂိုလ်ကြီး တစ်ယောက်လည်း ဖြစ်ပေသည်။ တကယ့် သူရသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းကြီး တစ်ယောက်လည်း ဖြစ်ပေသည်။ တကယ့် ဉာဏဗလနှင့် ပြည့်စုံသော ပညာရှင်ကြီးတစ်ယောက်လည်း ဖြစ်ပေသည်။ တကယ့် တရားနှင့်ပြည့်စုံသော ဘုရင့်အမတ်ကြီးတစ်ပါးလည်း ဖြစ်ပေသည်။

လက်ဝဲသုန္ဒရကို မဲဇာတောင်ခြေရတု ရေးသူ အဖြစ်ဖြင့်သာ အမှတ်ရကြသူ





များလေသည်။ ဟံသာဝတီတို့ လက်အောက်သို့ ရောက်လျက်ရှိသော နိုင်ငံတော်ကို အသက်ပေး၍ ပြန်လည်တိုက်ခိုက်ရာ၌ ပါဝင်ခဲ့ပုံများကို ကောင်းစွာ မသိကြ။ စစ်တိုက်ချိန်တွင် ပြကတေ့ စစ်သားကြီးဖြစ်၍ ငြိမ်းချမ်းချိန်တွင် ပြကတေ့ ပညာရှိကြီး ဖြစ်ပြီးလျှင်၊ သာယာဝပြောချိန်တွင် ပြကတေ့ ထက်မြက် တည်ကြည်သော တရားသူကြီး တစ်ဦး ဖြစ်ခဲ့လေသည်။

လက်ဝဲသုန္ဒရ၏ ကျေးဇူးသည် နိုင်ငံတော်အပေါ်တွင် ဤသို့အားဖြင့် အမျိုးမျိုး တင်ရှိခဲ့လေသည်။ သူ့အကြောင်းကို အတ္ထုပ္ပတ္တိကြီး တစ်စောင်ဖြစ်အောင် တစ်နေ့နေ့တွင် ရေးကြဖို့ ကောင်းလေသည်။ လွမ်းခန်း ဆွေးခန်းတို့လည်း အရန်သင့် ပါပြီးဖြစ်၍၊ ရေးတတ်လျှင် ကကယ့် အဖိုးတန်ဝတ္ထုကြီး တစ်စောင် ဖြစ်နိုင်လေသည်။ မည်သူ ရေးပါမည်နည်း။

## နတ်တော်လဆုတ် ၁၃ ရက်

(သောကြာနေ့)

အလုပ်သမားများကို စောင့်ကြပ် ဆော်ဖန်နေရသဖြင့် စာမရေးနိုင် ရှိပြန်သည်မှာ ယနေ့သို့တိုင် ဖြစ်တော့သည်။ လာမည့် ၁၀ ရက်၊ ၁၅ ရက်အတွင်း ယခုကဲ့သို့ပင် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေချေတော့မည်။

ယနေ့ ဦးတင်ထံမှ ၁၉၄၄ ခုနှစ်အတွက် အိတ်ဆောင်မှတ်တမ်း စာအုပ်ကလေး တစ်အုပ် ရရှိ၍ ကိုင်တွယ်ကြည့်ရှုရင်း၊ ဗလာဖြစ်နေသော စာမျက်နှာများတွင် ပါရှိသည့် နေ့စွဲ ရက်စွဲတို့တွင် မိမိ ဘာဖြစ်နေမည် မသိရပုံကို တွေးမိသည်။ "လူ၏ ရှေ့ရေးကို လူသည် မိမိ၏နှာခေါင်းဖျားထက် ပို၍ မမြင်နိုင်" ဆိုသော စကားပုံကို သတိရမိလေသည်။ လူ၏ အနာဂတ်သည် ဦးတင် ပေးလိုက်သော အိတ်ဆောင်မှတ်တမ်း စာအုပ်ကလေးထဲက စာရွက်များလို ကွက်လပ်ကြီး ဖြစ်နေလေသည်။ မည်သည့် အရေးထင်မည်၊ မည်သို့ ထင်မည်ကို မခန့်မှန်းသာ ရှိတော့သည်။ တစ်နည်းအားဖြင့်လည်း တိမ်တောင် တိမ်မည်းတို့ တစ်ခဲနက် ပိတ်ဆိုင်းလျက်ရှိသော လကွယ်နေ့ညတွင် ဘာမျှ မမြင်ရသကဲ့သို့ ရှိနေလေသည်။

ဗေဒင်ပညာသည် ရှေ့ရေးကို ဟောပြောနိုင်စွမ်းသည် မှန်သော်လည်း ညဥ့်မှောင်ကို နေရောင်ပယ်ဖျောက် ထင်းလင်းစေသကဲ့သို့ကား မတတ်နိုင်ပေ။ တစ်ချက် တစ်ချက် လျှပ်အပြက်တွင် လက်ခနဲ လက်ခနဲ အဝင်း၌ မထင်းတထင်း မြင်လိုက်ရသကဲ့သို့သာ ဗေဒင်ပညာ၏ အစွမ်းသည် အနာဂတ် ညဥ့်မှောင်ကို ထိုးဖောက် ပြသနိုင်လေသည်။ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးသည် သုံးတောင့်ထိုး၊ နှစ်တောင့်ထိုး လက်နှိပ်[illegible] တို့ထက် အလင်းအားကို ဆောင်ကြဉ်း၍ အမှောင်ကို ပိုမို ပယ်ခွင်းနိုင်[illegible]

ပိုမို ကျွမ်းကျင်တတ်မြောက်သော ပုဂ္ဂိုလ်တို့သည် မတတ်မြောက်လှသော ပုဂ္ဂိုလ်တို့ ထက် အနာဂတ် အမည်းမှောင်ကို ဉာဏ်ရောင် ထိုးပြနိုင်ကြသည်သာ ခြားနားလေတော့ သည်။

ယနေ့ မြန်မာ့အလင်း သတင်းစာတွင် ကျွန်ုပ်၏ မိတ်ဆွေကြီး တစ်ဦးဖြစ်သော စက်စုဌာနာအုပ် ကိုတင်အောင် ထူးဆန်းစွာ သေဆုံးသွားသည့် သတင်းကို ဖတ်ရှုရလေသည်။ ကံ၏ ဆန်းကြယ်သော သဘောတရားနှင့် ရှင်တော်ဘုရား၏ တရားတော်၌ ပိုမို အံ့ဩမိလေတော့သည်။ ကိုတင်အောင် သေဆုံးပုံမှာ ဒေါင့်ကြီးက သူ့မိတ်ဆွေတစ်ဦး ဆုံး၍ ရိုင်ဖယ်သေနတ်ကို တပည့်အား ကိုင်စေပြီး မသာ လိုက်ပို့ကြခိုက်၊ တပည့်က ထုံးစံအတိုင်း သေနတ်အဖောက်လိုက်တွင် ၎င်း၏ နောက်မှ လူသုံးယောက်ခြား၍ လိုက်လာသော ကိုတင်အောင်၏လည်မျိုကို ယမ်း နောက်ပြန်ဝင်သဖြင့် မတ်တတ်က လဲပြို သေဆုံးသွားခြင်း ဖြစ်သည်ဟု သတင်းစာ၌ ပါရှိလေသည်။ သေနတ်ဖြစ်စေ၊ ယမ်းတောင့်ဖြစ်စေ တစ်ခုခုက တစ်နေရာရာ၌ တစ်စုံတစ်ရာ ချွတ်ယွင်းနေက ပစ်သူ သို့မဟုတ် ရှေ့နှင့် နောက်ရှိ အနီးဆုံးလူများကိုသာ ထိမှန်ဖို့ အခွင့်အရေးများပါလျက် သူ့ကိုမှ လာ၍ ထိမှန်ရခြင်းမှာ သူ့ကံတရားပင် ဖြစ်ချေတော့သည်။

အဘိဏှသုတ်တွင် "ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓု၊ ကမ္မပ္ပဋိသရဏော၊ ယံကမ္မံ ကရိဿာမိ၊ ကလျာဏံဝါ၊ ပါပကံဝါ၊ တဿဒါယာဒေါ၊ ဘဝိဿာမိတိ၊ အဘိဏှံ၊ ပစ္စဝေက္ခိတဗ္ဗံ" ဟု လာသည်။ အနက်ကား– အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်း ရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေအမျိုး ရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာလျှင် ကိုးကွယ် လဲလျောင်းရာ ရှိသည်။ အမှိ၊ ဖြစ်၏။ ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှု မကောင်းမှု ကံ၏။ ဒါယာဒေါ၊ ကောင်းမွေ ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဥ့်မပြတ်။ ပစ္စဝေက္ခိ တဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဤ အဘိဏှသုတ် တရားကို ကျွန်ုပ်တို့ နေ့စဥ်နေ့တိုင်း မပြတ် ဆင်ခြင်အပ်ပေသည်။ ဆင်ခြင်ရန်လည်း ဘုရားအဆူဆူ၊ ဘုရားတိုင်း ဘုရားတိုင်း ဟောပြောတော်မူခဲ့ကြပေသည်။ ကိုတင်အောင်ကဲ့သို့ အဆန်းတကြယ် သေသည်ကို တွေ့ရ မြင်ရသည့် အခါ အဘိဏှသုတ် တရားတော်၏ ဆန်းကြယ် ဟုတ်မှန်ခြင်းကို ပိုမို ညွတ်နူးလာဖို့ ဖြစ်ပေတော့သည်။

ထို့ကြောင့်–

ညိုးသမ္ဗာ ခေကံနွမ်းချိန်မို့ ပေထင့်၊ ဆိုးကြမ္မာ မွေဉာဏ်





သွမ်းတာကြောင့်၊ (အို) သေကံဆန်းလေတဲ့ ကျုပ်ဖိုဟ်ဆွေ။ ။ ဩော် သဟာအလို့ရယ်လို့၊ မသာပို့ သည်စဥ်ခါ၌၊ မကြည်ရွှင်စွာ လိုက်လာဆဲတွင်မှ၊ ကံမွဲသူ ကံကုန်အောင်လို့၊ ကံယူဆောင် ကျည်ဆန် လွှင့်ပါလို့၊ သူ့ဆီ သူ့လည်ကိုမှ သင့်သတဲ့ဗျာ၊ ချင့်ကြ အခြေ ။ ။ သုံးယောက်ကျော် ကြားလူ ခြားသော်လဲ့၊ ခြားသူများမှာဖြင့် ဘေးရန်ကွေ၊ ဩော် ရေးကံခေလေတဲ့ ကျုပ်မိတ်ဆွေကိုမှ ထိရာ တကား။ ။ ကြံဆပါသော်၊ ဓမ္မက္ခန္ဓာ အာဘော်မှာတော့၊ ကမ္မဒါယာဒေါ ကံ အမွေအတိုင်းပါတဲ့၊ စံပြစရာနော် ဉာဏ်အခြေဝယ် ပိုင်းကြပေတော့၊ ကသိဏ်းပမာ့ တန္တိုင်းနှိုင်း တဆဆနှင့်၊ ရှိုင်းစရာ ချိန်ခါမလတ် ပွားကြပေတော့၊ (အို မိတ်ဆွေတို့ရဲ့) တိုင်းဘုရား အဘိဏှ မြတ်ဘုရား။ ။

ဤကဗျာကလေးကို ကျွန်ုပ်မှာ နာရီဝက် လုပ်ရလေသည်။ အလေ့အကျင့် နည်းသည်လည်း တစ်ကြောင်း၊ ဉာဏ်ထိုင်းမှိုင်းလာသည်လည်း တစ်ကြောင်းကြောင့် ဤမျှ အချိန်ကြာမြင့်ရခြင်း ဖြစ်လေသည်။ ဉာဏ်မီးတောက်စ အခါကာလကမူ ဤကဲ့သို့သော စာမျိုးကို စကားပြေ ရေးသကဲ့သို့ တစ်ဖြောင့်တည်း တောက်လျှောက် ရေးသွားနိုင်ပေလိမ့်မည်။ မှတ်မိသေးတော့သည်။ လွန်ခဲ့သည့် ၁၄ နှစ်ခန့်က ကျွန်ုပ်မှာ အသက် ၁၈ နှစ်မျှ ရှိစဥ် ကျွန်ုပ်ထံသို့ တပည့်တစ်ယောက်ထံမှ သူ့ အားကိုးရာဖြစ်သူ သူ့အစ်ကိုကြီး သေဆုံး၍ ကြေကွဲ တသ မဆုံးနိုင် ရှိရကြောင်းဖြင့် စာတစ်စောင် ရောက်ရှိလာရာ၊ ကျွန်ုပ်လည်း တစ်မဟုတ်ချင်းပင် အောက်ပါ သံဝေဂလင်္ကာကို သတင်းကြားကာ တစ်ခဏမှာပင် ရေးစပ် စီကုံး ပေးလိုက်ခဲ့လေသည်။

### သံဝေဂ လင်္ကာ

မှတ်စိမ့်သေချာ၊ မိန့်ကြားမှာအံ့၊ ကဏ္ဍာသုခ၊ နားချမ်းမြအောင်၊ သောတပန်ဆင်၊ သိကျွမ်းကျင်လော့၊ ထင်ထင်ပြက်ပြက်၊ ဆရာမြွက်ပိမ့်၊ ဖြစ် ပျက် ရ ကုန်၊ ဆုံ ကွဲ ရှင် သေ၊ ဤရှစ်ထွေကား၊ တစေနိစ္စ၊ မမြဲကြဘူး၊ လောကတစ်ခွင်၊ မြင်မြင်ရာရာ၊ အနိစ္စချည်း၊ မှန်သတည်းရှင့်၊ ဖြစ်လည်းဖြစ်ကြ၊ ဖြစ်သမျှလည်း၊ ပျက်ရမသွေ၊ တစ်ထွေမှတ်ပ၊ ရသမျှလည်း၊ ပျောက်ရှကုန်ဆုံး၊ ကျေကာပြုန်းခဲ့၊ ကိုက်လုံးလောက၊ ကျင်လည်ကြသား၊ သတ္တဝေ နေ၊ ပေါင်းဖိုလ်ခြေတို့၊ ဆုံလေတွေ့က၊ မကြာလှဘူး၊ ကြမ္မာသဘော၊ စုဒ်မစောဘဲ၊ လိုက်လျော ကာန်၊ ကွဲရပြန်ခဲ့၊ တစ်ဖန်ထို့နှယ်၊ ကုသိုလ်တွယ်သော်၊ အံ့ဖွယ်မျက်မြင်၊ အသက်ရှင်၍၊ လိုအင်ဆန္ဒ၊ ပြည့်တုံကလည်း၊ ဘိဋ္ဌနဓမ္မာ၊ မရ[illegible]

သေမင်း၊ ထောင်ညွတ်ကွင်းသို့၊ သက်ဆင်းရချေ၊ ရှစ်ထွေဓမ္မ၊ သဘာဝ ကား၊ ကာလပတ်လုံး၊ တည်မြဲထုံးဟု၊ နှလုံးမှတ်စွဲ၊ စိတ်ဝယ်မြဲလျက်၊ လွန်ကဲချစ်တိုး၊ မေတ္တာမိုးလျှင်၊ ထစ်ကြိုးသွန်းလျှောက်၊ အားကိုး လောက်သား၊ တစ်ယောက်ကိုယ်ကြီး၊ ကွယ်တပြီးရှင့်၊ ပူမီးလောင် ကျွမ်း၊ သောကပွမ်းလည်း၊ သေလမ်းကြွသူ၊ ပုံ့မကူခဲ့၊ ရာဇူသေနင်း၊ မင်းမင်းဥသျှောင်၊ ဘုန်းခေါင်ပရမေ၊ ပေါင်းဗုဒ္ဓေတို့၊ လေးထွေသစ္စာ၊ မြင်ပြီးခါလည်း (တစ်နည်း။ ။ ငါးထွေမာယာ၊ အောင်ပြီးခါလည်း) မရဏာပြောင်းကြွ၊ စုတေရ၏၊ ထိုမျှဖြစ်လျှင်၊ ဩဃယဉ်ဝယ်၊ ကျင်လည်ကြခိုက်၊ မောဟမြိုက်၍၊ အမိုက်ပွမ်းပွမ်း၊ ရာဂသွမ်း၍၊ အောင်လမ်းမသာ၊ မြောကြရှာသား၊ သတ္တဝါဟူထ၊ သာမည၌၊ ဘယ်မျှတစိ၊ ဆိုဖွယ်ရှိအံ့၊ မိမိဉာဏ်မြင်၊ သမ္ပဇဉ်နှင့်၊ ဆင်ခြင်သုံးသပ်၊ မီးကိုသတ်၍၊ အေးဓာတ်မွေးမြူ၊ မဂ်လမ်းမူ၍၊ ပိုက်ယူမနော၊ သံဝေ ဇောလျက်၊ စိတ်ဇောသိမ်မွေ့၊ တငွေ့ငွေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ် ပွား၍၊ တရားရိပ်မြုံ မြဲခိုလှုံ။ ။

ဤသံဝေဂ လင်္ကာသည် ဆီးဘန်နီ ဆရာတော်ဘုရားကြီးနှင့် မန်လည် ဆရာ တော်ဘုရားကြီးတို့၏ စာနံ့ သင်းနေလေသည်။ (စာစော် နံ့နေသည်ဟု ဆိုရမည်ကို ထိုသို့မဆိုဘဲ စာနံ့သင်းနေသည် ဆိုခြင်းမှာ ထိုဆရာတော်ဘုရားကြီး နှစ်ပါး၏ ဂုဏ် ကျေးဇူးကို မထိမ်မြူးလို၍ ဖြစ်သည်။ မိမိစာကို ချီးကျူးလို၍ မဟုတ်ပေ။) "သတ္တဝါ ဟူထ၊ သာမည၌၊ ဘယ်မျှတစိ၊ ဆိုဖွယ်ရှိအံ့" ဟူသော စပ်ထုံးမှာ မန်လည်ဆရာတော်၏ မဟာသုတကာရီမှ ဖြစ်လေသည်။ "စိတ်ဇောသိမ်မွေ့၊ တငွေ့ငွေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍" ဟူသည့် အစပ်အဟပ်မှာ ဆီးဘန်နီ ဆရာတော်ကြီး၏ ပါတော်မူ လင်္ကာ ဖြစ်လေသည်။ သံဝေဂလင်္ကာ တစ်ပုဒ်လုံးပင် အဆိုပါ ဆီးဘန်နီ ဆရာတော် ကြီး၏ ပါတော်မူလင်္ကာကို နွယ်၍ ရေးစပ်ထားရင်း ဖြစ်ကြောင်းကို "မှတ်စိမ့်သေချာ၊ မိန့်ကြားမှာအံ့" ဟူသော အချီဖြင့်ပင် သိသာနိုင်လေသည်။

## နတ်တော်လဆုတ် ၁၄ ရက်

### (စနေနေ့)

အေးကျင်းကား ယနေ့ ပြီးသွားပြီ။ ထိုအတွက် စိတ်အေးရပြီ။ ဖုံးကျစရာ မြေယာ ဖျက်စိတစ်ဆုံးရှိလျက် ကိုယ့်ကျင်း တစ်ကွက်စာလောက်ကိုမျှ တည့်တည့်လာ၍ ကျသော် မခံပျော်စရာ မရှိ။ မိမိ၏ကံ ရည်ညွှန်းရာအတိုင်း ဖြစ်သည်ဟု ယူဆရပေမည်။ "ကံအရင်းပေ၊ ဉာဏ်တင်းကာ ဖြေရမည်၊ မြန်မြေလုံး တစ်ခိုမှာ၊ တရား ကိုယ်ထင်





အလင်းငယ်နှင့်၊ ရှင်းပနော်နော့" ဟူ၍ မဟာဒါဏ်ဝန် ဦးမှူး၏ ပါတော်မူအခြေ [illegible] ကြီးတွင် အဆုံးသတ်သကဲ့သို့ ကံအရင်းသာ ဖြစ်တော့သည်။

*

နတ်တော်လဆုတ် ၁၃ ရက်နေ့ထုတ် သတင်းစာများတွင် မနီလာမှ ဒီဇင်ဘာလ [illegible] ရက် နေ့စွဲဖြင့် လာသော ကြေးနန်းအရ၊ ၁၉၄၄ ခုနှစ်အတွက် ဖိလစ်ပိုင်ကျွန်း [illegible] အသုံးစရိတ် ရန်ပုံငွေကို ၅၆,၆၄၂,၉၂၇ ပီဆော့ သတ်မှတ်လိုက်ကြောင်း၊ ၎င်း[illegible] ငွေပေါင်း ၂၀,၅၇၀,၀၀၀ ပီဆော့ကို ပညာ၊ ကျန်းမာနှင့် ပြည်သူ့ အကျိုးစီးပွားအတွက် အသုံးချမည် ဖြစ်ကြောင်းနှင့် ဖော်ပြပါရှိလေသည်။ သတင်း အကျယ်တဝင့် မပါ၍ ကျွန်ုပ်တို့ နိုင်ငံတော်နှင့် ကျနစွာ မနှိုင်းယှဉ်သာ ဖြစ်ချေတော့သည်။ အသုံးသာ ပြထား လျက် ငွေဝင် ခန့်မှန်းခြေ ပြမထားခြင်းမှာ မည်သို့မျှ မခန့်မှန်းသာအောင် ဖြစ်ရလေ တော့သည်။ အကယ်၍ ငွေဝင် ငွေသုံး ခန့်မှန်းခြေကို ဖော်ပြပါက ကျွန်ုပ်တို့ နိုင်ငံတော် အခြေအနေနှင့် အကျိုးရှိစွာ နှိုင်းယှဉ် စိစစ်နိုင်ပေလိမ့်မည်။

ကျွန်ုပ်တို့ နိုင်ငံတော်မှာ ၁၉၄၃-၄၄ ခုနှစ်အတွက် ဘဏ္ဍာတော်ဝင်ငွေ ၁၈၇,၉၅၇,၄၁၁ ကျပ်၊ အသုံးငွေ ၁၈၇,၉၅၇,၄၁၁ ကျပ် ခန့်မှန်းထားလေသည်။ ဝင်ငွေမှာ အခွန်အရပ်ရပ်အဖြစ် ဝင်မည်ဟု ခန့်မှန်းရသောငွေ ၄၁,၇၂၃,၁၃၇ ကျပ်နှင့် ချေးငွေ ၁၄၆,၂၃၄,၂၇၄ ကျပ် နှစ်ရပ် ပေါင်းစပ် ပြသထားသောငွေ ဖြစ်လေသည်။ ဤသည်မှာ လည်း ၁၂ လ တစ်နှစ်အတွက် မဟုတ်ဘဲ၊ လွတ်လပ်ရေး အသိအမှတ်ပြုသည့် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၁၉၄၄ ခု မတ်လ ၃၁ ရက်နေ့အထိ ၈ လ တစ်နှစ် အတွက်သာ ဖြစ်လေသေးသည်။

ချေးငွေ မပါဘဲ ဘဏ္ဍာတော်အဖြစ် ဝင်လာမည်ဟု ခန့်မှန်းထားသော ငွေ မှာ အသုံးစရိတ်အတွက် ခန့်မှန်းထားသောငွေနှင့် ဆိုလျှင်၊ ၄.၅ (၄ ဆခွဲ)မျှ လျော့ နေလေရာ၊ တစ်နည်းအားဖြင့် ဆိုလျှင် အသုံးခန့်မှန်းခြေက အခွန်အဝင် ခန့်မှန်းခြေ ထက် ၄ ဆခွဲ ပိုနေသေးလေသည်။ နိုင်ငံတော်သစ် ထူထောင်ရမည့် အရာဖြစ်၍ ကုန်သင့် ကုန်ထိုက်သမျှ ကုန်ကျခြင်းအတွက် တစ်စုံတစ်ရာ စေ့ငုနေဖွယ် မရှိပေ။

ဖိလစ်ပိုင် ဘဏ္ဍာရေး သုံးစွဲပုံသတင်းမှ တွက်ချက်ရသမျှမှာ အရပ်ရပ် အသုံး စရိတ်များအနက် ပညာ၊ ကျန်းမာနှင့် ပြည်သူ့အကျိုးစီးပွားအတွက်ကို အသုံးစရိတ် အားလုံး၏ ၂.၇ အချိုးအစားဖြင့် သတ်မှတ်ထားရကား၊ တစ်ဝက်ကျော်ကျော်ကြီး ဖြစ်၍ များစွာ ကျေနပ်ဖွယ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့နိုင်ငံတော် ဘဏ္ဍာရေးစနစ်နှင့် စပ်လျဉ်း၍ ရေးချင် [illegible] အချက်ပေါင်းများစွာ ရှိလေသည်။ အတိုင်ပင်ခံလွှတ်တော် ကျင်းပ[illegible] တစ်ဆင့် ပြောသလောက် ပြောခဲ့ရပြီဖြစ်သည် မှန်သော်လည်း၊ ပြောရန် [illegible]

ရာပြည့်စာအုပ်တိုက်

ပင် ကျန်ရှိနေလေသေးသည်။ တစ်နေ့တွင် ကျွန်ုပ်တို့ လွတ်လပ်စွာ ရေးပြော ဆွေးနွေးနိုင်လိမ့်မည်ဟု ထင်မျှော်ရတော့သည်။

## ပြာသိုလဆန်း ၁ ရက်

### (တနင်္ဂနွေနေ့)

ယနေ့လည်း စာ ကောင်းစွာ ရေးခွင့် မရပေ။ တစ်ဖက်အိမ်မှ ဂျပန်မိတ်ဆွေများနှင့် စစ်ဗိုလ်များ သောက်စားမူးယစ်ကာ အိမ်လည်လာသောကြောင့် ဧည့်ခံနေရလေသည်။ ကျွန်ုပ် ယခုနေသည့် နေအိမ် ဧည့်ခန်းတွင် ကျွန်ုပ်၏မိတ်ဆွေ ပန်းချီဆရာကြီး ဆရာဆောင် ရေးဆွဲသော ရေကား အများပင် ဆွဲချိတ်ထားရာ၊ ၎င်းတို့အနက် မန္တလေး ရွှေနန်းတော်ကြီး၏ ကျုံး၊ ကြာပန်း ကားတစ်ကားလည်း ပါဝင်လေသည်။ ဂျပန်ဧည့်သည်များသည် ထိုကားများ၏ လက်မြောက်ခြင်းကို အထူးချီးကျူးကြလျက် ရေးဆွဲသူမှာ မြန်မာ မှန်ပါ၏လောဟု မေးကြလေသည်။

ဂျပန် ကော်တွန်ထရိတ်ဒင်း ကုမ္ပဏီမှ မန်နေဂျာဖြစ်သော ဂျပန် တစ်ဦးလည်း ထိုနေ့က ဧည့်သည်များအထဲတွင် အပါအဝင်ဖြစ်ရာ ကားများအကြောင်း ရှင်းလင်းပြသရင်း နန်းတော်၊ ကျုံး၊ ကြာ ကားဆီသို့ ရောက်သွား၍ ထိုကားမှာ နန်းတော်ကား ဖြစ်ကြောင်း ကျွန်ုပ်က ပြောပြသည့်အခါ၊ သူသည် ခြေထောက်ကို စုံရပ်ကာ ကားဆီသို့ ဦးခေါင်းညွှတ်ပြီး အရိုအသေ ပြုလေသည်။

ဤတွင် ကျွန်ုပ်မှာ ဂျပန်လူမျိုးများ၏ စိတ်ဓာတ်ကို များစွာ ကြည်နူး ကျေနပ်မိလေသည်။ ဂျပန်လူမျိုးများမှာ ဘုရင်ဧကရာဇ်ကိုပင် တိုင်းကြီးအဖအဖြစ် ရိုသေလေးမြတ်ကြသည်ဖြစ်၍ မည်သူမဆို မည်သည့်ယာဉ်ဖြင့်ပင် သွားသွား၊ နန်းတော်ကြီးနားသို့ ရောက်လျှင် ရပ်တန့်၍ ဦးညွှတ်ကာ နန်းတော်ကြီးအား အရိုအသေ ပြုကြလေသည်။ ရပ်ဝေး နိုင်ငံခြားသား ဧည့်သည်များ လာရောက်လျှင်လည်း အခြား ဘယ်ကိုမှ ခေါ်မသွားသေးမီ နန်းတော်ကြီးသို့ သွားရောက် ဦးညွှတ်စေလေသည်။ တိုင်းပြည် အကြီးအကဲ (ဘုရင်ပင်ဖြစ်ဖြစ်၊ သမ္မတပင်ဖြစ်ဖြစ်) ကိုယ့်တိုင်းသူပြည်သားတို့ ဤမျှ ဦးညွှတ်လျှင် ထိုတိုင်းပြည်ကား တစည်းတလုံးတည်း ရှိရတော့မည်သာ ဖြစ်ပေတော့သည်။

ကမ္ဘာပေါ်ရှိ ဘုရင်အုပ်ချုပ်သော တိုင်းပြည်နိုင်ငံ မှန်သမျှ ဘုရင်ကို အသီးသီး ကြည်ညိုလေးမြတ်ကြသည် မှန်သော်လည်း၊ ဂျပန်ပြည်မှာလောက် မည်သည့်ခေတ်အခါ မည်သည့်နေရာတွင်မျှ ဘုရင်ဧကရာဇ်ကို ရိုသေလေးစားခြင်း၊ အားထားခြင်း၊ ကြည်ညိုခြင်း၊ ကိုင်းရှိုင်းခြင်း၊ အာရုံပြုခြင်း မရှိပေ။ ဘာသာတရားကဲ့သို့ အလွန်အရေးကြီးသော အခြင်းအရာကြီး တစ်ရပ်ပင်လျှင် ဘုရင့်ထက် မြင့်လွန်းသော အဆင့်အတန်းကို လူတို့၏ စိတ်နှလုံးထဲဝယ် မရရှိချေ။ ဘုရင်သည် ပထမ၊ ဘာသာစသော အခြားကိစ္စ အဝဝသည်





ဒုတိယ ဖြစ်လေသည်။ ဘုရင်ကို Tenno ဟု ခေါ်ရာ ထိုသို့ ဘုရင်သာလျှင် ပထမ ဟူသော အယူဝါဒကို Tennocracy ဟူ၍ ခေါ်ရပေမည်။ ဂျာမနီပြည်သားတို့သည် ဟစ်တလာအား ပြည်သူ့အဖ (Feuhrer) ဟူ၍ ကိုင်းရှိုင်းကြ၏။ သို့သော် တစ်ပြည်လုံး အညီအညွတ် ကြည်ညိုကြသည် မဟုတ်တန်ရာ။ အဘယ်ကြောင့်နည်းဟူမူ ဟစ်တလာမှာ သူလို ကိုယ်လိုထဲမှ ထိပ်တန်းသို့ တက်ရောက်လာခဲ့သူဖြစ်ရကား အနှစ် ၂၅၀၀ ကျော် အစီအစဉ်မပျက် ဆင်းသက် စိုးစံလျက်ရှိသော ဂျပန်ဘုရင်ဧကရာဇ်ကဲ့သို့ တစ်ပြည်လုံး၏ အနူးအညွတ် ကြည်ညိုမှုမျိုးကို မရနိုင်ပေ။ ဂျပန်လူမျိုး၏ ဘုရင်ကြည်ညိုမှုမှာ တကယ့် သွေးထဲသားထဲကဖြစ်၍ ဂျာမနီပြည်၏ ဟစ်တလာ ကြည်ညိုမှုမှာ သွေးထဲသားထဲရောက်အောင် အစွမ်းရှိသမျှ လှုံ့လဖြင့် တအားသွင်းပေးနေရသော အခြေတွင်သာ ရှိသေးလေသည်။ သို့ရာတွင် ဂျပန်လူမျိုးလောက် မျိုးချစ်စိတ် ရင့်မာထက်သန်သည့်လူမျိုး ကမ္ဘာတွင် မရှိနိုင်တော့ပေ။

## ပြာသိုလဆန်း ၁၃ ရက်

### (သောကြာနေ့)

စာမရေးနိုင်သည့်ရက် အတော်ပင် များသွားလေပြီ။ ဤကြားတွင် ဗန္ဓုလ ဦးစိန် ရုံးသို့ တစ်ကြိမ်၊ ဝါဒဖြန့်ဖြူးရေး အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးသို့ နှစ်ကြိမ်၊ မြန်မာ့အလင်းသို့ နှစ်ကြိမ် ရောက်ခဲ့၏။ တစ်ဖက်အိမ်က မစ္စတာရာ့ရှိဒါ အချိန်အတော်ကြာက တောင်းပန်ခဲ့သော "ဂျပန်များအပေါ် မြန်မာများ ထင်မြင်ယူဆချက်" ကို ဆောင်းပါး တစ်စောင်အဖြစ် အင်္ဂလိပ်ဘာသာဖြင့် အတော်ပြည့်စုံ ရှည်လျားစွာ ရေးသားပြီးစီးခဲ့၏။ နက္ခတ်ဗေဒင် ဆရာငွေ လာ၍ ဗေဒင်မေးခြင်းကိစ္စ၊ ပညာဆွေးနွေးခြင်းကိစ္စ ဖြစ်ခဲ့၏။ ဆာချားမောလက် ရေးသော လှိုက်ဂျော့ အုပ်ချုပ်ရေး စစ်တမ်းကြီးကို ဖတ်ရှု ပြီးစီးခဲ့၏။ ကျွန်ုပ်တို့ နိုင်ငံတော် အဓိပတိနှင့် လှိုက်ဂျော့တို့ သဘောတူညီသည့် အခြင်းအရာ အချက်အလက် အတော်များပြားစွာပင် တွေ့မြင်ရ၍ အံ့သြမိသေး၏။ ကိုခင်မောင်လှနှင့် မောင်တင်ဝင်းတို့ ပုသိမ်မှ ရောက်လာကြ၏။ ဆရာစိန် နှစ်ခေါက် ဝင်လာသဖြင့် တွေ့ရပေ၏။ ကိုဆောင်းလည်း နှစ်ခေါက် လာရောက်ပေ၏။

ယမန်နေ့က ဒုတိယအကြိမ်အဖြစ် ကျင်းပသော ဝါဒဖြန့်ဖြူးရေး အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးက အင်္ဂလိပ်တို့ လာရောက်ကြဲချသော "လေနတ်သား" များကို စုရုံး၍ ချေပ ရှင်းလင်းဖြို့ခွင်းရန်၊ နိုင်ငံတော်အစိုးရအတွက် စာတမ်းတစ်စောင် စီစဉ် ရေးသားပေးဖို့ ကျွန်ုပ်အား တာဝန်ပေးကြ၍ တာဝန်ယူခဲ့ရ၏။ ရှေ့အပတ် အစည်းအဝေးတွင် တင်ပြရမည် ဖြစ်၏။

ယနေ့ ကျွန်ုပ်မွေးနေ့ ဖြစ်၏။ ၃၂ နှစ် တင်းတင်းပြည့်၍ ၃၃ နှစ်သို့ကူး

ရောက်ရပြီ။ နောက်ကို ပြန်ကြည့်လိုက်လျှင် အားရလောက်အောင် လုပ်ကိုင်ပြီးစီးခဲ့မှု မရှိသေး။ သက်တမ်းအတိုင်းဆိုလျှင် ခရီးတစ်ဝက် ကျိုးခဲ့ပြီ။ ရည်ရွယ်ချက်များစွာပင် လုပ်ဆောင်ရန် ကျန်နေချေသေး၏။

ထိုရည်ရွယ်ချက်များမှာ ကိုယ်ရေးကိုယ်တာထက် နိုင်ငံတော်အရေးကို ပိုမို၍ အာရုံစူးစိုက် ရည်ရွယ်မိသည်ကသာ များ၏။ နိုင်ငံတော်အရေးကို ဆောင်ရွက်ရင်း ကိုယ်ရေးကိုယ်တာ အလိုလို ပြည့်ဝပြီး ဖြစ်နိုင်လေရာ၏။ နိုင်ငံတော် ဝပြောလျှင် ကိုယ်လည်း ဝ လေရာ၏။ နိုင်ငံတော် မဝပြောက ကိုယ်က ဝ ပြောနေစေကာမူ ထို ဝ ပြောခြင်းမှာ အရိပ်အယောင်ပြမျှသာ ဖြစ်နိုင်လေသည်။

ကျွန်ုပ်အား တစ်ညသ၌ စကားစမြည် ပြောဆိုကြစဉ် စမ္မတာရော်ရှိဒါက စာဖတ်ကိုရပ်၍ အလုပ်ကို လုပ်ပါတော့ဟု အကြံပေးသွား၏။ စဉ်းစားစရာပင် ဖြစ်၏။ စာဖတ်တတ်သည့် အရွယ်ကပင် နိုင်ငံတော်၏ ဒုက္ခဝေဒနာများကို မိမိ ဉာဏ်ဖြင့် ကုစား သက်သာစေမည်ဟု အာရုံစော၍ လာခဲ့သူ ဖြစ်ရကား စားချိန်၊ အိပ်ချိန်၊ သွားချိန်မှ လွဲ၍ အခြားအချိန်များတွင် တစ်နေ့တစ်ရက် မပြတ်၊ စာအမျိုးမျိုးကို ဗဟုသုတ အလို့ငှာ ဖတ်ရှုဆည်းပူးခဲ့၏။ လုံလောက်လှပြီဟူ၍ မဆိုသာသေး။ သို့သော် မိမိ၏ ဗဟုသုတ အကျိုးကို နိုင်ငံတော်က ထိရောက်စွာ ခံစားဖို့ရန် အချိန်တန်လေပြီ ထင်မိ၏။

သို့ဆိုလျှင် မိမိ နာမည်ကျော်ကြားမှု၊ တွင်ကျယ်မှုတို့ကို လုပ်ရတော့မည်ကဲ့သို့ ဖြစ်လာ၏။ တွင်ကျယ်အောင် လုပ်ကိုင်နိုင်ဖို့မှာ နာမည်ကြီးဖို့က ပထမ အရင်းခံ ဤနိုင်ငံတွင် ဖြစ်နေတော့၏။ နာမည်ကြီးအောင် လုပ်ရန်မှာလည်း ကျွန်ုပ် အလွန် စက်ဆုပ်သော အလုပ်တစ်ခု ဖြစ်ချေ၏။ အရေးသမားမှာ အလုပ်သမား မဟုတ်သကဲ့သို့ ဖြစ်လျက်၊ အပြောသမားသာ အလုပ်သမား ဖြစ်သည်ဟူ၍ ယူဆနေသေးသော အသိုင်းအဝိုင်း ထဲတွင် အရေးသမားများကို နိုင်ငံရေးရာတွင် တာဝန် ပေးအပ်ထိုက်သည်ဟူသော ယူဆမှုသည် ဖြစ်ပေါ်နိုင်ရန် ခဲယဉ်းပေ၏။

သို့သော် ကျွန်ုပ်တို့ ထားအပ်သော စေတနာသည် အချည်းနှီး မဖြစ်။ အားနှင့်အင်နှင့် နေပမာ ထွန်းထွန်းတောက်တောက် ထိထိရောက်ရောက် နိုင်ငံအကျိုး ခံစားရအောင်၊ ယခု မလုပ်နိုင်သော်လည်း လ ကဲ့သို့ ဖြည်းညင်းစွာ အကျိုးပေးနိုင် နေသေးသည်ကိုပင် ဝမ်းသာဖွယ် ဖြစ်တော့၏။

အသက်ခရီးမှာဖြင့်၊ တစ်ဝက်ကြီး ကျော်ခဲ့ပြီ။ ။ထိရောက်စွာ ဘယ်အလုပ် တွင်မှ၊ ကယ်ဟုတ်စွာ နိုင်ငံကျိုးကို၊ သယ်ပိုး မဆောင်ရွက်နိုင်လို့၊ စိတ်စက်မကြည် ။ ။ပါရမီ ကံလိုထင့် သည်ဘဝ။ ။နိုင်ငံတော် မှုကုန်ထမ်းဖို့မှာ၊ ဉာဏ်စွမ်း မယိုမင့်သော်လုံ၊ ခွင့်လှည့်မကျ။



## တပို့တွဲလဆန်း ၈ ရက်

(အင်္ဂါနေ့)

ကျွန်ုပ်မှာ နေ့စဉ်မှတ်တမ်းကိုပင် မှန်အောင် မရေးနိုင်လောက်အောင် လွန်ခဲ့သည့် ရက်များအတွင်း အလုပ်ကိစ္စ များခဲ့လေသည်။ ထိုကိစ္စများမှာ ကိုယ်ရေးကိစ္စ မဟုတ်။ အရပ်ကိစ္စ၊ အသင်းကိစ္စများ ဖြစ်ကြလေသည်။ ရန်ကုန် စည်ပင်ရေးအဖွဲ့ အစည်း အဝေးများသို့ တက်ရောက်၍ အကြံဉာဏ်ပေးခြင်း၊ ကြာသပတေးနေ့တိုင်း ဝါဒဖြန့်ချိရေး ဝန်ကြီး ဗန္ဓုလဦးစိန်၏ ရုံးတွင် နိုင်ငံတော်ရေးရာ အဖြာဖြာနှင့် အစိုးရတို့ လုပ်ဆောင်ဖွယ်ရာတို့ကို အကြံဉာဏ်ပေးခြင်းတို့ကို ပြုလုပ်နေခဲ့လေသည်။

နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ရာဇဝင်စာစောင်ကို ပြုစုမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကြိုးကြားကြိုးကြား ရေးသားခဲ့ရာ၊ သရေခေတ္တရာ ပျက်သည့်ခေတ်အထိ ယခု ရေးသားပြီးစီးလေပြီ။ ကျွန်ုပ်တို့ ရေးလိုသော အချက်အလက်တို့မှာ ရာဇဝင် ထွက်ရှိပြီး မဟုတ်၍ အရေးရ မလွယ်ကူလှပေ။ များစွာ ညှိနှိုင်းချိန်ဆဖို့ လိုခဲ့လေသည်။

စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌ ပြုလုပ်ပုံအချို့မှာ မိမိ နီးစပ်ရာလူများကို လမ်းမကျစွာဖြင့် လက်သင့်ရာ မြောက်စားဖန်များသည် တစ်ကြောင်း၊ အသင်း၏ ဥက္ကဋ္ဌနေရာကို အသုံးပြုလျက် အဓိပတိ အတိုင်ပင်ခံလွှတ်တော်သို့ တက်ရောက်ခွင့်ရရန် ထောက်ခံပေးဖို့ ဝန်ကြီးများထံ ကပ်ရပ်ပြောဆိုသည်ဟု ဒိဋ္ဌသိရှိရသည် တစ်ကြောင်း၊ လောလောဆယ် ကိစ္စများကို ရေလိုက်ငါးလိုက် ဆောင်ရွက်ကာ အချိန်ကုန်လွန်စေခြင်းထက် ပြည်သူအများ နောင် အခွန့်ရှည်စွာ အကျိုးရှိမည့် စာပေလုပ်ငန်းများကို ရေးသားကာ အချိန်ကုန်စေခြင်းက ပိုမိုအကျိုးများလိမ့်မည် ယုံကြည်ခြင်းကြောင့် တစ်ကြောင်း၊ စာရေးဆရာအသင်း တာဝန်ခံ အမှုဆောင်လူကြီးတစ်ဦးအဖြစ်မှ နုတ်ထွက်ခွင့်ပေးရန် တောင်းပန်ခဲ့လေသည်။ သို့သော် လွန်ခဲ့သည့် တနင်္ဂနွေနေ့ အမှုဆောင် အစည်းအဝေးက ကျွန်ုပ်၏ နုတ်ထွက်ခြင်းကို လက်မခံခဲ့သည့်အပြင် တာဝန်သစ်များပင် ပေးခဲ့ပြန်ချေသေးသည်။ သို့သော် ကျွန်ုပ်၏စိတ်မှာ ပြဋ္ဌာန်းပြီး ဖြစ်လေပြီ။

စာရေးဆရာတစ်ယောက် ဖြစ်လျက် တစ်လ တစ်ကြိမ် ကျင်းပသည့် စာရေးဆရာအသင်း အစည်းအဝေးသို့ကား မတက်နိုင် ဆိုသည်။ စည်ပင်ရေးအဖွဲ့က ကျင်းပသည့် တစ်လ အစည်းအဝေး ၃ ခုကိုကား တက်ရောက်နိုင်ရာသလော။ တစ်ပတ်လျှင် တစ်ကြိမ်အားဖြင့် တစ်လ ၄ ကြိမ် ကျင်းပသည့် ဗန္ဓုလဦးစိန်၏ ဝါဒဖြန့်ချိရေး အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးများသို့ကား တက်ရောက်နိုင်သလော ဟု စောဒနာကြားအုံ။ ကျွန်ုပ်၏အဖြေကား ကျွန်ုပ် စာရေးဆရာ ဖြစ်လာရခြင်းမှာ စာရေးသားရာ ဖြစ်ချင်၍ မဟုတ်။ မြို့ရေး၊ ရွာရေး၊ နိုင်ငံရေးတို့ကို ဆောင်ရွက်ချင်၍ ဖြစ်ရာ၊ ထိုအရေးကို ဆောင်ရွက်နိုင်မည့် နေရာမျိုးတွင်သာ ပိုမို အာရုံ စူးစိုက်နိုင်ပေမည်။ ဤအကြောင်းကို

ဤ နေ့စဉ်မှတ်တမ်း တစ်နေရာတွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်၍ အကျယ်ထပ်လောင်း ဆိုဖွယ် မရှိပြီ။

ယနေ့ ဦးလှမင်း ရုံးတွင် ကျင်းပသော စည်ပင်ရေးအဖွဲ့ လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ပြီးလျှင် အစိုးရနှင့် စည်ပင်ရေးအဖွဲ့ လုပ်ပုံကိုင်ပုံများကို အတော်ပင် ပြောဆိုခဲ့သည်။

တပို့တွဲလဆန်း ၆ ရက်နေ့၊ ည သန်းခေါင်ကျော် လဆန်း ၇ ရက်နေ့ အရုဏ်နက် ၁ နာရီခွဲမှ ၃ နာရီခန့်အထိ မစ္စတာ ရော်ရှီဒါတို့၏အိမ် မော်တော်ကားထားရုံနှင့် ကားမောင်းသမားများ နေရာ နှစ်ထပ်အိမ်ကို မီးသင့်လောင်လေသည်။ အဖိုးတန်ပစ္စည်းများ လောင်ဆုံးသွား၍ များစွာ ဝမ်းနည်းဖွယ်ပင် ဖြစ်ချေတော့သည်။

ကျွန်ုပ်တို့ ယခုနေထိုင်ရာ အိမ်ကို စစ်ဘက်က အလိုရှိသည်ဟု ဆိုလာပြန်သဖြင့်၊ ကျွန်ုပ်တို့မှာ နေရေးထိုင်ရေး စိတ်မအေးဖွယ် ဖြစ်ရပြန်ချေပြီ။ မျက်စောင်းထိုးအိမ်ကို ပြောင်းနေနိုင်သည်ဟု သိရသော်လည်း၊ ထိုအိမ်မှာ ကျွန်ုပ်တို့ကို ပေးသောအိမ် မဟုတ်ဘဲ နီပွန်တင်နင် ကုမ္ပဏီကို ပေးသောအိမ် ဖြစ်နေ၍ ထိုကုမ္ပဏီက အလိုရှိလျှင် ဖယ်ပြောင်းပေးရဦးမည် ဖြစ်တော့သည်။ သို့ဖြစ်၍ ပြောင်း၍မဆုံး၊ ပြောင်းပြီးရင်းပြောင်းရင်း ဖြစ်နေ၍ ငွေလည်း ကုန်ခန်းလှပြီ။ လူလည်း ပန်းလှပြီ။ ကျွန်ုပ်၏ မိန်းမကမူ ဘိုကလေးသို့ ပြောင်းနေဖို့သာ ပြောတော့သည်။

ကျွန်ုပ်တို့မှာ အိမ်နှင့် ပတ်သက်၍ အတော်ပင် အကျဉ်းအကျပ် တွေ့ခဲ့ရပြီ။ ယခုလည်း တွေ့ရဦးတော့မည်။ ယခုမျှလောက် အိမ်ခြေ အတည်တကျ မဖြစ်ရခြင်းမှာ လွန်ခဲ့သည့်ဘဝက မြူနီစီပယ် အခွန်ကောက်သူ ဖြစ်ခဲ့ဖူး၍လား မသိပေ။

## တပို့တွဲလဆန်း ၉ ရက်
### (ဗုဒ္ဓဟူးနေ့)

ယနေ့နံနက် သခင်ကျော်စိန် ထူးထူးဆန်းဆန်း ပေါက်လာပြီး နိုင်ငံရေးကို ဆွေးနွေးလေသည်။ တို့ဗမာအစည်းအရုံး တည်ထောင်ရန် စိတ်အား ထက်သန်နေပုံ ရလေသည်။ နိုင်ငံတော်၌ ယခုအစိုးရတို့ စီမံခန့်ခွဲနေပုံတို့မှာ စနစ်မရှိ၊ မကျနသည့် အကြောင်းတို့ကို များစွာ ပြောဆိုလေသည်။

ဤအရာတွင် ကျွန်ုပ်လည်း ထိုနည်းပင် သဘောရလေသည်။ စီစဉ်ချက်များ ပြတ်ပြတ်သားသား မရှိ။ လုပ်ကိုင်နေကြသူပေါင်း များစွာမှာလည်း အလုပ် သဘောကို ကောင်းစွာ မစမ်းဝါးမိကြသေးရာ၊ စစ်ဖြစ်ချိန်မှာ သာလွန် အကျိုးထိခိုက်ဖွယ်ရာ ဖြစ်နေလေတော့သည်။ စစ်အောင်နိုင်ရေးနှင့် နိုင်ငံတော်သူ နိုင်ငံတော်သားများ သက်သာနိုင်သမျှ သက်သာချောင်ချိရေးကို ထိရောက်စွာ စနစ်ထုတ်၍ အလုပ်လုပ်ဖို့ များစွာ လိုနေသေးလေသည်။



## တပေါင်းလဆန်း ၇ ရက်
### (အင်္ဂါနေ့)

နေ့စဉ်မှတ်တမ်းမှာ လစဉ်မှတ်တမ်း ဖြစ်ခမန်း ရှိနေလေပြီ။ အလုပ်တစ်ခုကို မှန်ကန်စွာ မလုပ်မြင်းသည် အလွန်ဖျင်းညံ့သော ကိုယ်ကျင့်တရားတစ်ခု ဖြစ်လေသည်။ မှန်ကန်စွာ မလုပ်နိုင်ခြင်းတွင် လုံလောက်သော အကြောင်းများ ရှိစေကာမူ မှန်ကန်စွာဖြစ်မ... လုပ်ခြင်းကို အမှန်မုချပင် အမြဲမပြတ် လိုအပ်လေသည်။ မှန်မှန်လုပ်နိုင်သည့် အလုပ်ကို မှန်မှန် လုပ်ခြင်းသည် အဆန်းမဟုတ်။ မှန်မှန် မလုပ်နိုင်သည့် ကြားထဲက မှန်မှန် လုပ်နိုင်အောင် ကြိုးစားခြင်းသာ လူတစ်ယောက်၏ အရည်အချင်းကို ပြလေရာ ကျွန်ုပ်မှာ ထိုအရည်အချင်းသာ မဟုတ်၊ မှန်မှန် လုပ်နိုင်သည့်အလုပ်ကို မှန်မှန် လုပ်ရန်ပင် မတတ်စွမ်းနိုင်ခဲ့ပေ။

ဤအလုပ်ကို လွန်ခဲ့သည့် ရက်များအတွင်း မှန်မှန် မလုပ်နိုင်သော်လည်း ကျွန်ုပ် မှန်မှန် လုပ်နိုင်ခဲ့သော ကိစ္စများ ရှိခဲ့လေသည်။ ၎င်းတို့မှာ ရပ်မှုရွာမှုနှင့် တိုင်းပြည်မှု ကိစ္စများ ဖြစ်ကြလေသည်။ မိမိကိုယ်တိုင် ရွက်ဆောင်နိုင်သည့်နေရာက ရွက်ဆောင်ခြင်း၊ သူတစ်ပါး ဆောင်ရွက်နိုင်မည့် ကိစ္စဖြစ်က ထိုသူ ဆောင်ရွက်နိုင်လောက်အောင် နောက်ပိုင်းက ဇွဲစုံအောင် စီစဉ်ပေးခြင်းတို့ကို ပြုလုပ်နေခဲ့ရလေသည်။

ဘိုကလေးမြို့သို့ တစ်ခေါက် ရောက်ရှိခဲ့လေသည်။ ထိုသို့ ရောက်ရှိရာတွင် မြို့ပေါ်ရှိ လူကြီးများနှင့် တွေ့ဆုံ၍ ဆန်စပါး စိုက်ပျိုးရေးကိစ္စများနှင့် လက်ရုံးတပ်စုဆောင်းရာတွင် တွေ့ကြုံနေရသော ကိစ္စများကို ဆွေးနွေးခဲ့ရလေသည်။ စီးပွားရေးနှင့် ပတ်သက်၍ ကုန်စုံဆိုင်ကြီး အနည်းဆုံး တစ်ခုဖြစ်မြောက်အောင် ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းခဲ့လေသည်။ လက်ရုံးတပ် စုဆောင်းရာတွင် တွေ့ကြုံနေကြရသော အဖြစ်အပျက်များနှင့် ပတ်သက်၍ လာမည့် အတိုင်ပင်ခံ လွှတ်တော် အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းဖို့ ဦးတင်အား စီစဉ်ရေးသား ပေးထားပြီးလေပြီ။

ဘိုကလေးမြို့တွင် လူငယ်များနှင့်လည်း ရင်းနှီးစွာ တွေ့ဆုံ ဆွေးနွေးခွင့်ရရှိခဲ့လေသည်။ သတင်းစာ အရောက်မမှန်။ ရောက်ပြန်ပါသော်လည်း လူတိုင်း စေ့ငစွာ မဖတ်ရ၍ နေ့စဉ် လူစည်ကားစွာ ရောက်နိုင်မည့် အချိန်တစ်ခုကို ရွေးချယ်၍ သတင်းများကို သေချာစွာ စီစဉ်ကာ ပိုင်းခြား ဖတ်ကြားပြသဖို့ အနုစိတ် အကြံပေးခဲ့လေသည်။ ထို့ပြင် မြန်မာအက္ခရာ စာလုံးများကို တစ်လုံးစီ စက္ကူကတ်ကလေးများတွင် ရေး၍ မှောက်ထားပြီးလျှင် တစ်ယောက်ကို ၇ ချပ်စီသာ ညီတူဝေပေးပြီး ကိုယ့်လက်ထဲရှိ စာလုံးများဖြင့် စကားတစ်လုံးစီဖြစ်အောင် ဆက်၍ ကစားခြင်း၊ တစ်ချပ်စီ တစ်ချပ်စီ အလှည့်ကျ လှန်ပြီး သူတစ်ပါး စကားကို ဖဲ့၍ ယူခြင်း၊ ကိုယ့်စာလုံး ... မသွားအောင် တိုးချဲ့ပြင်ဆင်ခြင်း စသည်ဖြင့် ဗဟုသုတ တိုးပွားအောင်နှင့် ...

ကျွမ်းကျင်အောင် လေ့ကျင့်ကစားကြဖို့လည်း တိုက်တွန်းခဲ့လေသည်။ စာအုပ်များကို သန့်ရှင်းသန့်ရှင်းဖတ်ပြီး၊ မဖတ်နိုင်သူများအား တစ်ဆင့် ဟောကြားခြင်းဖြင့် ဗဟုသုတ ဖြစ်စေဖို့ နှိုးဆော်ခဲ့လေသည်။ ဦးထွန်းလင်းနှင့် တောရွာများသို့ သွားရောက်ပြီးလျှင် ရွာအခြေအနေ၊ ရွာနေလူများ အခြေအနေ၊ လုပ်ခင်းကိုင်ခင်း အခြေအနေတို့ကို သွားရောက် စုံစမ်းခဲ့လေသည်။

ရန်ကုန်မြို့တွင် ကုန်သည်ကြီးများ အသင်း၌ ကုန်သည်ကလေးများ အကျိုးငှာ ကုန်သည်များ၏ ရှေ့ရေး ဟောပြောချက်တစ်ခုကို ဟောပြောခဲ့လေသည်။

မြန်မာ့အလင်းသတင်းစာတွင် တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ကျ စာရေးဆရာများ၏ အထူးဆောင်းပါးတို့ကို ၂ ကော်လံမျှ ထည့်ပေးဖို့နှင့်၊ ၎င်းတို့အတွက် ငွေ ၂၅ ကျပ် ကျစီ ချီးမြှင့်ဖို့ ဦးတင်နှင့် စီစဉ်ပေးခဲ့လေသည်။

စာရေးဆရာအသင်းက တာဝန်ပေးထားသော ဝတ္ထု၊ နိုင်ငံရေး၊ ရာဇဝင်၊ သိပ္ပံနှင့် ပြဇာတ် အကောင်းဆုံးအတွက် ဆုများပေးရန် စည်းမျဉ်းများကိုလည်း ရေးဆွဲပေးခဲ့လေသည်။

လာမည့် အတိုင်ပင်ခံ လွှတ်တော် အစည်းအဝေးတွင် တင်ရန် ကဿက ဦးဖိုးမြကလည်း အဆိုများ စီစဉ်ပေးဖို့ တောင်းလျက် ရှိလေသည်။ ဦးတင် တင်သွင်းနိုင်ဖို့ ဥပဒေကြမ်း တစ်ခုလည်း ရေးဆွဲပေးရန် တာဝန်ယူထားလေသည်။

## တပေါင်းလဆန်း ၈ ရက်

(ဗုဒ္ဓဟူးနေ့)

ညက ရန်သူတို့ လာရောက်၍ အတော်ပြင်းထန်စွာ ဗုံးများ ကြဲသွန်ချရာ အောက်က အမြောက်များက ဆူညံစွာ ဆီးကြိုပစ်ခတ် တွန်းလှန်ကြလေသည်။ ရန်သူလေယာဉ်ပျံ ၂ စင်း ပျက်ကျသည်ဟု ကြားရလေသည်။

ယနေ့အဖို့ ကျွန်ုပ် အပြင်သို့ ထွက်ရောက်ခြင်း မပြုပေ။ နေပူလွန်းလှသည် တစ်ကြောင်း၊ အပြင်ထွက် တက်ရောက်လုပ်ဆောင်ဖွယ် တစ်စုံတစ်ရာ မရှိသည် တစ်ကြောင်းကြောင့် မထွက်တော့ဘဲ အိမ်မှာပင် နေခြင်း ဖြစ်လေသည်။ မောင်တင်ဝင်း၏ အကူအညီဖြင့် မြန်မာစာအုပ်များကို အက္ခရာစီစဉ်လျက် စာကြည့်ဗီရိုထဲတွင် ထည့်သွင်းသည့် အလုပ်ဖြင့် နေ့ဝက် အချိန်ကုန်ခဲ့လေသည်။ ယခုအခါ ကျမ်းအမည် သိရုံဖြင့် စာအုပ်များကို လွယ်လင့်တကူ ဆွဲငင် ကြည့်ရှုနိုင်လေပြီ။ ယခင်က မရှိသေးသော စာအုပ်များကို ယခု ဝယ်ယူ ဖြည့်ခြင်းကြောင့် ငွေများစွာ ကုန်ကျလျက် ရှိလေသည်။ ထို့ပြင် ယခု စစ်ကြီးကို ကျော်နင်းနိုင်မည် မဟုတ်သော အချို့သော စာအုပ်များကိုလည်း ရှာဖွေစုဆောင်းလျက် ရှိနေခဲ့ရာ၊ ယခင်က တစ်မတ်မျှ ပေးရသော စာအုပ်ကို





ယခု ၁ ကျပ်–၅၀ ဆင့်မှ ၃ ကျပ်–၅၀ ဆင့်ပင် ပေးရသောကြောင့် အဘယ်မျှလောက် ငွေကုန်သည်ကို ခန့်မှန်းနိုင်လေသည်။ ယခင်က တစ်ပဲ နှစ်ပြား ရောင်းသော စာအုပ်မှာ ယခု အနည်းဆုံး ၇၅ ဆင့် ပေးရလေသည်။

## တပေါင်းလဆန်း ၉ ရက်

(ကြာသပတေးနေ့)

ယနေ့လည်း အပြင်သို့ မရောက်ချေ။

Aldous Huxley ရေးသည့် Autic Hay နှင့် Masterman ရေးသည့် The Worry Letter ခေါ် ဝတ္ထုများကို ဖတ်ရှုပြီးစီးလေသည်။ နိုင်ငံရေးနှင့် ပတ်သက်သော စာအုပ်များကို အတော်ပင် ငြီးငွေ့လာသောကြောင့် ထိုဝတ္ထုများကို ကောက်ယူ ဖတ်ရှုမိခြင်း ဖြစ်လေသည်။ Autic Hay ဝတ္ထုတွင် ပန်းချီဆရာများနှင့် ဗိသုကာများ တွေးခေါ်ပြောဆိုပုံတို့မှာ များစွာ မှတ်သားဖွယ် ကောင်းလေသည်။ စကားလုံးကြီးကြီးဖြင့် လောကကို ပြက်ရယ်ပြုထားသော စာတစ်အုပ် ဖြစ်လေသည်။ The Worry Letter မှာ စုံထောက်ဝတ္ထုဖြစ်၍ ဂျီကေချက်စတာတင်က ထိုဝတ္ထုသည် သူ့ကို လှည့်စားနိုင်ခဲ့သည်ဟု ဝန်ခံထားလေသည်။ ထိုဝန်ခံချက်အတိုင်းပင် ဟုတ်မှန်သည်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရလေသည်။ စုံထောက်ဝတ္ထု ဖတ်ရှုသူများသည် များသောအားဖြင့် စုံထောက်များလောက် ဉာဏ်သွားကာ မည်သူ သတ်သည်၊ မည်သူ မသတ်ဘူးဟု သိတန်သလောက် သိနိုင်ကြလေသည်။ ဤဝတ္ထုတွင်ကား ထိုသို့ မသိနိုင်ပေ။ သိ၍ မရပေ။

တပေါင်းလဆန်း ၇ ရက်နေ့ ညက မြန်မာလို စကားလုံး ကစားနည်းကို စတင် တီထွင်ကာ မောင်သိန်းမောင်၊ မောင်တင်ဝင်းတို့နှင့် ကစားကြည့်ရာ အတော်ပင် အောင်မြင် အထမြောက်သည်ကို တွေ့ရလေသည်။ စတင် စမ်းသပ်ခြင်းမျှ ဖြစ်သောကြောင့် က–၆ လုံး၊ ခ–၆ လုံး၊ ဂ–၆လုံး၊ င–၆ လုံး၊ စ–ဆ–ဇ–ည–တ–ထ–ဓ–န–ပ–ဖ–ဘ–ဗ–မ–ရ–ယ–လ–ဝ–သ–ဟ–အ ၆လုံးစီနှင့် ာ ၆ လုံး၊ ိ ၆ လုံး၊ ေ – ၆ လုံး၊ ီ ၆ လုံး၊ ဲ ၆ လုံး၊ ု ၆ လုံး၊ ူ ၆ လုံး၊ ံ ၆ လုံး၊ ် ၆ လုံးစီနှင့်သာ ကစားခဲ့လေသည်။ နောက်ဆုံး စာလုံးအားလုံးကုန်၍ တစ်ဦးစကားကို တစ်ဦး ဖျက်ယူပြီးသည့် နောက်တွင် မောင်သိန်းမောင်ထံ၌ (၁) ဆုရစာ၊ (၂) ခနီ၊ (၃) ဒသ၊ (၄) ပါပ၊ (၅) တံဆာ၊ (၆) ဇဝန၊ (၇) ညာဏ–ငါမစ၊ (၈) ထူဟ ထဟ၊ (၉) ပရဟိတ၊ (၁၀) ဧညာ၊ (၁၁) တဲလခ အစိရ၊ (၁၂) ဒလဆန်၊ (၁၃) ဂူဝတ တဒူဒူ၊ (၁၄) [illegible]၊ (၁၅) ပဲစိ မဓဂရ၊ (၁၆) ဖဲဒလံဒုက္ခ ဟူ၍ ကျန်ရစ်လေသည်။ မောင်တင်[illegible] (၁) ဒေါ်အုံ [illegible] ပဲနီ စားရသလား၊ (၂) ဖားညီအစ်မ ကံဝတ္ထု (၃) [illegible]၊ (၄)

အဆ၊ (၅) ပဒါ၊ (၆) မဟီယံ၊ (၇) ညညစ၊ (၈) ဆုအရ ဟူ၍ ရပြီးလျှင် ကျွန်ုပ်ထံ၌မူ (၁) သူ့အဖ ဘေထံကလဲ စာမရ၊ (၂) ငါ့တူ မညားရန် အသိ၊ (၃) ခနထ၊ (၄) ငဖေ ငါ့ဖိစေဟ၊ (၅) ဝဇီရ၊ (၆) ငါ့ဆီခေါ်၊ (၇) ပဒါး၊ (၈) ဖစကားက မသော့ ဟူ၍ ရလေသည်။ စာလုံးမဖွဲ့နိုင်ဘဲ ကျန်နေသော စာလုံးပေါင်း ၁၅ ရှိလေသည်။ စက္ကူ အပျော့ပေါ်တွင် စမ်းသပ်ရုံမျှသာ ရှိသေး၍ တစ်ကြောင်း၊ ထိုညက ညတွင်းချင်းပင် အကျိုးအကြောင်း သိလိုခြင်းကြောင့် တစ်ကြောင်း စာလုံးများ စေ့စုံအောင် မထည့်နိုင်ခဲ့ချေ။ သို့ဖြစ်၍ စာလုံးများ ဖွဲ့ရာတွင် သတ်ပုံကို စည်းမစောင့်သာ ဖြစ်ချေသည်။ စကားလုံးများ စေ့စုံလုံလောက်စွာ ထည့်ပြီးသည့်အခါ သတ်ပုံကျန မှန်ကန်ခြင်းကို အထူး ဂရုပြုရပေလိမ့်မည်။

ထိုညက စမ်းသပ်ကစားရင်း ရန်သူလာ၍ ရပ်တန့်ပြီး၊ ဘေးရန် ကင်းရှင်းမှ ဆက်လက် ကစားကြရလေသည်။ ထိုမျှလောက်သော စကားလုံးကို သာမန်အားဖြင့် အချိန် မည်မျှ ကြာမြင့်စွာ ကစားရသည်ကို မမှတ်လိုက်မိခြင်းမှာ များစွာ နစ်နာလေသည်။ တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဝိုင်းနှင့် တစ်ဝိုင်း၊ စကားယူခြင်း၊ ဖွဲ့ခြင်းတို့မှာ အချိန် တူညီကြမည် မဟုတ်သော်လည်း အချိန်မှတ်ထားနိုင်က သာ၍ပင် ကောင်းမွန်လေသည်သာ။ နောက်တစ်ကြိမ် ဤစာလုံးစုဖြင့်ပင် ကစားကြည့်ဦးမည်။ သို့မှ အချိန်ကိုလည်း မှတ်နိုင်မည့်အပြင် အခြား မည်ကဲ့သို့သော စကားလုံးများ၊ ဝါကျများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ကို ပိုမိုသိနိုင်ပေလိမ့်မည်။

ထို့နောက် တစ်ကြိမ် ကစားရာတွင် "သည်"၊ "၏" ဟူသော ကြိယာပစ္စည်းများကို ထည့်ပေးဖို့ လိုလိမ့်မည်။ သို့မဟုတ်က ယခု တစ်ကြိမ်မှာကဲ့သို့ ဝါကျ တိတိကျကျ မဖြစ်ဘဲ "တဲလခ အစိရ"၊ "သူ့အဖ ဘေထံကလဲ စာမရ" ဆိုသော ဝါကျများကဲ့သို့သာ အဆုံးသတ်ထား ရချေလိမ့်မည်။ "၏" ကား တစ်လုံးတည်း ဖြစ်၍ သေချာပြီ။ "သည်"မှာ စကားနှစ်လုံးစပ် ဖြစ်၍ တစ်လုံးအနေ ထားမည်လော၊ နှစ်လုံးပင် ခွဲခြားထားမည်လော။ စဉ်းစားဖွယ် ဖြစ်ချေသည်။ ကျွန်ုပ်သဘောကား "သည်" ကို တစ်လုံးအနေဖြင့် ထားချင်လေသည်။

## တပေါင်းလဆန်း ၁၀ ရက်

(သောကြာနေ့)

ယနေ့ ဆရာချစ်နှင့် ကဗျာဉာဏ် အသုံးချနည်းကို အတော်ကြာမြင့်စွာ ပြောခဲ့လေသည်။ သူ၏ ကဗျာဉာဏ်ကို ငွေပေး ရေးခိုင်ရာတွင် ပေါပေါမသုံးဘဲ စာပေနယ်ပယ် ကျယ်ဝန်းလာအောင် ချဲ့ထွင်ဉာဏ်ကွန့် ရေးသားရာတွင် အသုံးပြုဖို့ အကျယ်တဝင့် ပြောပြခဲ့လေသည်။



## ၁၃၈၆ ခု

## တန်ခူးလဆန်း ၇ ရက်

(ကြာသပတေးနေ့)

ကြာမြင့်စွာပင် နေ့စဉ်မှတ်တမ်းနှင့် ဝေးနေပြီးသည့်နောက် ယနေ့ ပြန်၍ ကောက်ပြန်ချေပြီ။ ဘယ်နေ့တွင် ပြတ်သွားဦးမည် မသိ။ ဘုံကျွန်အလုပ်မှာ တစ်နေ့တခြား ပေါ့လာသည် မရှိဘဲ ပို၍သာ များပြားလာတော့သည်။ ကိုယ့်စရိတ်ဖြင့် သူများအလုပ်ကို ကြီးကြီးပမ်းပမ်း တာဝန်ယူ၍ လုပ်ပေးနေရခြင်းကို မညည်းညူလိုသော်လည်း၊ ကိုယ့်အတွက် အချိန်အား များများကျန်ရှိလျှင် နိုင်ငံ အစွန့်ရှည်စွာ အကျိုးခံစားနိုင်မည့် စာပေများကို ပိုမိုပြုစုနိုင်ဖို့ ရှိလေသည်။

ထိုရက်မှ ဤရက်အထိ ကုန်လွန်ခဲ့သော အချိန်ကာလအတွင်း ကျွန်ုပ်သည် ဦးတင် လွှတ်တော်အတွင်း၌ ဆိုရန်ပြောရန် စကားအရပ်ရပ်၊ အဆိုအပြင်ပြင်ကို စီစဉ်ရေးသား ပေးခဲ့လေသည်။ နေပြည်တော် စည်ပင်ရေးအဖွဲ့၏ များမြောင် ရှုပ်ထွေးသော အမှုကိစ္စတို့ကို စိတ်ပါဝင်စားစွာဖြင့် တတ်နိုင်သမျှ ကူညီ ဖြေရှင်းခဲ့လေသည်။ မြန်မာပြည် ကုန်သည်ကြီးများအသင်း၏ ပြိုင်ပွဲဝင် ဆောင်းပါးများကို ဖတ်ရှုစိစစ်ကာ ဆုများအတွက် ရွေးချယ် ဝေဖန်ပေးခဲ့လေသည်။ မြန်မာ့ဝန်ထမ်း သင်တန်းသို့ သွားရောက်၍ "သတင်းနှင့် ဆောင်းပါးရေးနည်း" အကြောင်း ဟောပြောခဲ့သည်မှာ သုံးကြိမ် ရှိလေပြီ။

အဘိဓာန်တစ်စောင် ဆောလျင်စွာ ထုတ်ဝေနိုင်ဖို့အတွက် ဦးအောင်မြတ်ထွတ်၏ တပည့် ဦးဓနိယ ဆိုသော ပုဂ္ဂိုလ် စီရင်သည့် အဘိဓာန်နှင့်၊ ဖျာပုံ ဦးသြဘာသ၏ အဘိဓာန် အစိတ်အပိုင်းတို့ကို နှိုင်းယှဉ်စစ်ဆေး ပေးခဲ့လေသည်။ လိုအပ်သော အရာတို့တွင် ပြင်ဆင်ရန် စံနမူနာပြ တစ်ရွက်စာမျှ ရေးသားစီရင်ပေးဖို့လည်း တာဝန်ယူခဲ့လေသည်။ သို့သော် ထိုအလုပ်ကို ယခုအထိ မစတင်ရသေးချေ။

စစ်ရုံးမှ ဒုတိယစစ်ဝန်ကြီး ဗိုလ်စကြာက "မြန်မာပြည် သာယာဝတီ တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားရခြင်း အကြောင်းရင်းများ" ကို နီပွန်တို့က တောင်းနေ၍ အကြောင်းစုံလင်စွာ ရေးသားပေးရန်မှာ ၎င်းတို့ကိုယ်တိုင်က ထိုစဉ်က ငယ်သေးသဖြင့် ကောင်းစွာ မသိမမှတ်မိခဲ့ကြောင်း၊ ကျွန်ုပ်မှာမူ သတင်းစာဆရာတစ်ယောက် ဖြစ်သည့်အပြင် နိုင်ငံရေးကို နားလည်သူတစ်ဦးဖြစ်၍ အကျိုးအပြစ်ကျနစွာ ဝေဖန်ပြီး ရေးသားနိုင်မည် ဖြစ်သောကြောင့် ၎င်းတို့အား ကူညီစေလိုပါကြောင်းနှင့် ပြောဆိုသည့်အတွက် မငြင်းသာ၍ တာဝန်ခံယူခဲ့လေသည်။ ၎င်းကို[illegible] မစတင်ရသေး။

[illegible]ရှမာရှင်ဘွန်း ခေါ် နီပွန်သတင်းစာက "မြန်မာပြည် ယဉ်ကျေးမှု [illegible]" စာအုပ်ကြီးကို [illegible]စောင်တစ်ဖွဲ့ ထုတ်ဝေလိုပါ၍ သခင်ကိုယ်တော်မှိုင်း[illegible]

ဘဟန်၊ ဦးဖေမောင်တင်၊ ဒေါက်တာထင်အောင်တို့နည်းတူ တစ်ခန်း တစ်ကဏ္ဍ တာဝန်ယူ၍ ရေးပေးရန် တောင်းထားသည်ကိုလည်း မငြင်းသာသည်နှင့် တာဝန်ယူလိုက်ရလေသည်။ ၎င်းကိုလည်း မ စ ရသေး။

ဦးလှမင်းကလည်း တိုင်းပြည်အတွက် အစီအစဉ်တစ်ခု ရေးဆွဲပေးဖို့ တောင်းထားသည်။ ယခု ကြာသပတေးနေ့လောက်တွင် ရပါရစေဟု ဆိုသည်။ ယနေ့ ဗုဒ္ဓဟူးဖြစ်နေပြီ။ နက်ဖြန် ပေးနိုင်ဦးမည် မထင်။

ဤရက်များအတွင်း ဝါဒဖြန့်ချိရေးဝန်ကြီး ဗန္ဓုလ ဦးစိန်၏ တိုက်တွန်း စီစဉ်ချက်အရ ကူးသန်းရေးဝန်ကြီး ဦးမြနှင့် ပူးပေါင်းရေးဝန်ကြီး ဦးထွန်းအောင်တို့နှင့် သွားရောက်တွေ့ဆုံကာ၊ နယ်တွင် ဖြစ်ပျက်နေသည့် အခြေအနေတို့နှင့်တကွ ထိုအခြေအနေများ အကောင်းဘက်သို့ ပြောင်းလဲလာအောင် မည်သို့မည်ပုံ ပြုလုပ်ထိုက်သည်ကို တိုးတက်ရေး ဦးစိန်၊ သခင်တင်မောင်ကြီးတို့နှင့်အတူ သွားရောက် ပြောပြခဲ့ရလေသည်။

ထို့ပြင် နိုင်ငံတော်အမိပတိက အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံးအား ၆ နှစ်မှ ၁၈ နှစ်အရွယ် လူငယ်များ၏ စည်းလုံးရေး၊ ကြီးပွားရေး တာဝန်ကို ဆောင်ရွက်ရန် တာဝန်လွှဲပေးရာ၊ ထိုလူငယ်များကို မည်သို့သော လုပ်ငန်းအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်ကို အကြံပေးဖို့ သခင်သိန်းထွန်းအေး ခေါ်လာ၍ ကိုမောင်မောင်ဆိုသူအား အရေးကြီးသည့် အခြေခံလုပ်ငန်းနှင့် ရည်ရွယ်ချက်တို့ကို ပြောပြခဲ့ရလေသည်။

## တန်ခူးလဆန်း ၈ ရက်

(သောကြာနေ့)

ယမန်နေ့ နေ့ခင်းက စပါးနက် ဆန်ဈေးမှာ တစ်အိတ် ၅၅ ကျပ် ကြည့်မြင်တိုင်ဘက်တွင် ဖြစ်နေလေသည်။ ညနေဘက်တွင် ဘောက်ထော်ဈေး၌ မေးစေရာ လွန်ခဲ့သည့် ၁၀ ရက်ခန့်ကမှ ၂၉ ကျပ်မျှသာ ဖြစ်သေးသော စပါးနက် ဆန်အိတ်ကို ၇၀ ကျပ်ဟု ဆိုနေလေသည်။ ယနေ့နံနက် ရွှေဂုံတိုင်သို့သွားရင်း စုံစမ်းရာ ကမ်းနားတွင်ပင် စပါးနက်မှာ ၉၀ ကျပ်၊ ၉၅ ကျပ် ဖြစ်နေပြီ။ ယမန်နေ့ ညနေဘက်က အချို့မှာ ဆန်ဝယ်၍ပင် မရ ဖြစ်သည့်အကြောင်း ကြားရသည်။ ဝမ်းနည်းရုံသာ ရှိတော့သည်။ အံ့သြဖို့ကား မကောင်းတော့ပေ။ ဆန်ဈေး တက်ပြီ ဟူသော ကောလာဟလသည် ပိုက်ဆံရှိသူများအား ဆန်အိတ် ရနိုင်သမျှ များများရအောင် ပြေးလွှားဝယ်ယူ သိုလှောင်စေခဲ့လေသည်။ ထိုသူများသည် စားသုံးရန် သိုလှောင်ကြသည် မဟုတ်။ ဈေးပိုမို တိုးမြင့်လာသောအခါ အမြတ်ကောင်းကောင်းဖြင့် ပြန်လည်ထုတ်ရောင်းရန် သိုလှောင်ကြခြင်း ဖြစ်လေသည်။

ယခုနှုန်းအတိုင်းဆိုလျှင် ဆန်ဈေးမှာ ရှေ့ရက်များအဖို့တွင် တစ်ရှူးထိုးတက်သွားဖို့ ရှိနေသေးလေသည်။ ဆန်တစ်အိတ် ငွေ ၄–၅၀၀ ကျပ် ပေးရသည်အထိ





ကျွန်ုပ်တို့ တွေ့မြင်ရပေလိမ့်မည်။ ၄–၅၀၀ ကျပ် မျှလောက်ဖြင့် တန့်လျှင်ပင် ကျေးဇူးတင်ကြရဦးမည်။ ငွေစက္ကူ ပိုမို ပေါများလာဦးမည့် အရိပ်အကဲကို ချင့်လျှင် ၄–၅၀၀၀ ကျပ် အထိပင် ဈေးတက်ဖို့ အခြေရှိနေလေသည်။

သို့သော် အစိုးရတို့ ကျနထိရောက်စွာ လုပ်တတ်လျှင် ယခုထက်များစွာ ဈေးတိုးမြင့်ဖို့နှင့် ရှားပါးဖို့ မရှိပေ။ အစိုးရတို့သည် ပြဿနာများကို ရစ်သီရစ်သီ လုပ်ရုံမျှဖြင့် ဖြေရှင်းနိုင်ကြမည် မဟုတ်။ ပြဿနာကို ဖြိုခွင်းနိုင်မှ အောင်နိုင်လိမ့်မည်။ တစ်ဝက်တစ်ပျက်နှင့် မရ။ အခြေက ကိုင်မှ ရလိမ့်မည်။

ထင်းဈေးမှာ ၆၀ ကျပ်၊ ၆၅ ကျပ်မှ ၇၅ ကျပ်၊ ၁၀၀ ကျပ် အထိ ယနေ့တက်လာလေပြီ။ တောထင်းပင် တစ်ရာကို ၃၅ ကျပ် ဖြစ်နေပြီ။ ဆီဈေးမှာ လက်လီ ၃၀ ကျပ် ဖြစ်သွားပြီ။ ကြက်သွန်နီမှာ အကျများသောကြောင့် ၁၇ ကျပ်မှ ၅ ကျပ်၊ ၃ ကျပ် အထိ ဈေးကျလာ၏။ အပုပ်အနွမ်းများကို ၁ ကျပ်–ဂဲ၊ ငါးမတ်နှင့်ပင် ရောင်းနေ၏။ ပဲပြုတ်မှာ ယခု တစ်ပိဿာ ၂ ကျပ် ဂဲ ဖြစ်လေပြီ။ ၎င်းကို တိုးကြိတ် ဝယ်ယူမှသာ ရနိုင်တော့၏။

လခစားများ၊ ဝင်ငွေမရှိဘဲ ကျွန်ုပ်ကဲ့သို့ ရှိသမျှကလေးနှင့် ထိုင်စားနေသူများမှာ မည်ကဲ့သို့ ပြုလုပ်ကြရမည်နည်း။ စစ်ဖြစ်လျှင် ရှားပါးသည်။ ကျပ်တည်းသည်။ ကျဉ်းကျပ်သည်ကို ကျွန်ုပ် ကောင်းစွာ နားလည်၏။ သို့သော် မြန်မာနိုင်ငံတော်တွင် အစီအမံ အခန့်အခွဲသာ ကောင်းမွန်က အခြေအနေမှာ ယခုကဲ့သို့ ယခုမျှလောက် ဆိုးရွားလာဖို့ရာ မရှိ။ ယခုအချိန်မျိုးတွင်၊ ယခုအခြေမျိုး၌ ယခုမျှလောက် မဖြစ်သင့်သေး။ သို့လျက် ယခု ဖြစ်နေလေပြီ။ မည်သူ့အပြစ်နည်း။ အစိုးရတို့ အပြစ်ဟူ၍ ဖြေကြမည်။ မှန်၏။ သို့သော် ၎င်းတို့အပြစ်ထက် တိုက်ရိုက်ကြီးလေးသော အပြစ်ရှိသူများမှာ အစိုးရ အရာထမ်း အမှုထမ်းများ ဖြစ်ကြ၏။ အကောင်းဆုံး စေတနာနှင့် အစိုးရတို့ လုပ်လိုက်သော အလုပ်တစ်ခုမှာ အစိုးရ အမှုထမ်းတို့ကြောင့် အဆိုးဆုံး အပြစ်သို့ ကျရောက်သွားရ၏။ အစိုးရ အမှုထမ်းများကို ယခုကဲ့သို့ ဖောက်လွဲဖောက်ပြန် ပြုနေရာမှ အစိုးရတို့သည် ဖြုတ်ပယ်ပစ်နိုင်၏။ မဖြုတ်မပယ်လျှင် အစိုးရ အပြစ်ပင် လုံးဝ ဖြစ်လေရာ၏။

ယနေ့ ဦးတင်နှင့် တွေ့၍ ကျွန်ုပ် စီစဉ်ပေးသော အဆိုများ၊ မေးခွန်းများ အကြောင်း မေးရာ၊ မေးခွန်းများကို ယနေ့မှ ဖြေမည်။ အဆိုများအနက် ရာထူးဝန်အဖွဲ့ အဆိုနှင့် ယစ်မျိုးဖျက်သိမ်းရေး အဆိုတို့ကို သွင်းပြီးပြီ။ အစိုးရတို့က ကျွန်ုပ်တို့ ပြသော အကြောင်းအချက်တို့ကို မချေဖျက်နိုင်။ ရာထူးဝန်အဖွဲ့နှင့် စပ်လျဉ်း၍ အကြံပေးချက်တို့ကို လက်ခံမည်။ ယစ်မျိုး လုံးဝ ဖျက်သိမ်းရန်ကိုကား ချက်ချင်း မလုပ်နိုင်။ လုပ်ရန် ကြိုးစားမည် ဖြေဆိုကြောင်း သိရ၏။ ယခုမျှလောက် ဆိုလျှင်

တော်လာပြီ။ သို့သော် ဖျက်သည်အထိ ကြိုးစားရဦးမည်။ အခြားအမတ်များကလည်း အတော်ပင် ဝိုင်းဝန်း ထောက်ခံကြသည်ဟု ဦးတင်ထံမှ သိရ၏။

## တန်ခူးလဆန်း ၁၅ ရက်

(သောကြာနေ့)

ယခုရက်များ အတွင်းမှာလည်း စာမှန်အောင် မရေးနိုင် ရှိရပြန်ချေပြီ။ စိတ်ညစ်စရာများစွာပင် တွေ့ကြုံနေရ၏။ တန်ခူးလကို စာရေးဆရာ၊ ကဗျာဆရာ အပေါင်းတို့က အလွန့်အလွန် သာယာကြောင်းများဖြင့် တခမ်းတနား ဖွဲ့ဆို ရေးသားကြ၏။ ကျွန်ုပ်မူကား တန်ခူးလ၏ သဘာဝ သာယာခြင်းများကို ထိုသူတို့ကဲ့သို့ မခံစားနိုင်။ တန်ခူးလတိုင်း တန်ခူးလတိုင်း စိတ်ညစ်စရာတို့ကိုသာ တစ်မျိုးပြီး တစ်မျိုး တွေ့ကြုံခဲ့ရ၏။ တွေ့လည်း တွေ့ကြုံဆဲပင် ဖြစ်၏။ ရှေ့ ရှေ့ လာလတ္တံ့သော တန်ခူးလတိုင်းတွင်လည်း ထိုနည်းနှင်နှင် ဖြစ်မည်သာ ဟူ၍ တွေးထင်ရတော့၏။ ဆရာတော် ဦးဒေဝါနန္ဒကလည်း 'တန်ခူးလတိုင်း စိတ်ညစ်စရာ တွေ့ဖို့သာပြင်' ဟု ဗေဒင် ဟောထား၏။ ဤသို့ ဘာ့ကြောင့် ဟောရသည်ကိုလည်း ကိန်းကလေး ထုတ်သွားသေး၏။

## ကဆုန်လဆန်း ၈ ရက်

(စနေနေ့)

အလိုဆန္ဒ၊ မပြည့်ဝမူ၊ စိတ်ကညိုထိုင်း၊ ရုပ်ဝါမှိုင်း၍၊ တိမ်ဆိုင်း
လသွင်၊ လင်းမထင်ဘဲ၊ ရောင်စင်မပ၊ ညှိုးရော်ကြ၏၊ ဆန္ဒအလို၊
ကယ်ပြည့်ပိုသော်၊ လိုလိုသားပင်၊ နှလုံးရွှင်၍၊ ကြည်လင်မူရာ၊
လက္ခဏာသွက်လက်၊ ရောင်ပြက်ဝင်းဝင်း၊ ပ ထွန်းလင်း၍၊ ခပင်း
ကျက်သရေ၊ ရွှန်းရွှန်းဝေသည်၊ ကြည့်လေတင့်တယ်၊ လွန်သပ္ပာယ်၏၊
ဆိုဖွယ်ရှုစ်စံ၊ လောကဓံဝယ်၊ လာဘ် အလာဘော၊ ယသော အယာ
သော၊ သဘောချင့်အပ်၊ အထပ်ထပ်လျှင်၊ သုံးသပ်တရား၊ ဤကြောင်း
လျားကို၊ မခြားစေ့ရေ၊ ပွားများလေလော့၊ သရေကြည်ဝင်း၊ လနယ်လင်း
လည်း၊ မကင်းဘိဇ္ဈနု၊ အနိစ္စတည့်၊ လျှောကျညှိုးရော်၊ တစ်နေ့သော်မူ၊
ယွင်းချော်ပျက်ကွက်၊ လှမတက်ဘဲ၊ သဘက်ဘီလူး၊ သားစားကြူးလျှင်၊
မိန်းမူးခွေပြတ်၊ အစာငတ်၍၊ မပတ်လျှောက်စွာ၊ ဝေဒနာဖြင့်၊ ကပ်လာ
နှိပ်စက်၊ ဖိကြိတ်နှက်၍၊ ရုပ်ပျက်ပိုမို၊ အသွင်အိုသို့၊ မြင်လိုစရာ၊ ဘဇာ
လောက်မျှ၊ မရှိရဇစ်၊ ကြောင်းသနစ်ကို၊ ဖြစ်ဖြစ်ကုန်စင်၊ သိလေမြင်
လော၊ မရှုင်မူရာ၊ ရွှင်မူရာကား၊ စိတ်သာပဓာန၊ စိတ်ကတည်ငြိမ်၊





တရားစိမ်သော်၊ ရွှေအိမ်နှစ်လုံး၊ ရွှေရောင်ဖုံး၍၊ ကိုယ်လုံးဖြန့်ဝေ၊
ကျက်သရေတည်ကြည်၊ အနံ့တည်၏။ ။

## သင်္ကြန်အပျိုဘွဲ့ သုံးထောင့်အိုင်

ချစ်တဲ့သူငယ်လေ။ ။ သူငယ်ချင်းရယ်ကောင်း၊ ယောက်မ
တို့လေ။ ။ ရာသီငယ်မှ တန်ခူး၊ ဆော်လေညင်း မင်းလွင်မြူး၊
စိတ်ရူးထလို့ လွမ်းတတ်တယ်။ ။ သင်္ကြန်ခါများ ကြိမ်လာငြားမူ၊
ယောကျ်ားကြီးငယ်၊ ရွှင်လိုအားနှင့် တစ်ပါးမယ်ကို၊ ဘယ်ဝယ်ဝိုင်းဝန်း၊
ရေတံပိုး အညိုးနှင့်သွန်းလျှင်၊ ရွှေခွန်းမတုံ့၊ အသာငုံ့လို့၊ သူ့ဘုံကြားက၊
လျင်လျားစောစွာ၊ မထွက်လာမူ၊ ဆက်ကာဆက်ကာ ပက်တတ်
တယ်။ ။ ပြွန်တံကြီး ရေထဲမှာ စိုက်၊ အသာပိုက်လို့ လာလိုက်ခဲ့လျှင်၊
ကညာရယ်မှ ပျိုဖြန်း၊ ကျောတွေချမ်းလို့ ခြေလှမ်းငင်၊ ကြွေးရှင်တွေ့နှယ်
သုတ်ခဲ့ကွယ်။ တလှုပ်လှုပ်နှင်၊ မသုတ်ခဲ့လျှင်၊ ကိုရွှေယောကျ်ား၊ အထင်
မှားလို့၊ နောက်များတစ်ဖန်၊ သူ့ရွှေပြွတ် ရေလွှတ်ပြန်မူ၊ မတန်
ကျိုးနည်း၊ မယ့်ရှိရင်း တွင်းပစ္စည်းတို့၊ ရောင်ငြိုးဝင်းလက်၊ လျှပ်စစ်
ပြက်သို့၊ သူ့မျက်စိဝယ်၊ ငြိတတ်တယ်။ ။ မိဘဘိုးဘွား၊ ဆိုစကားကို၊
နားမှုမဝင်၊ ထိမထင်ဘဲ၊ ပျိုလွင်ဖြူထွား၊ ကိုယ့်စွမ်းအားကို၊ ယုံစား
တည့်လို့၊ မရှားခဲ့မူ၊ ယောကျ်ားသောင်းထောင်၊ မယ့်ကိုယ်တွင်း ထွင်း
ဖောက်အောင်ကို၊ ကန်ပေါင်ကျိုးသို့၊ တံပိုး ရေလွှတ်၊ မယ့်မှာစွတ်လို့၊
အဝတ်ပါးလှပ် သားမှာကပ်လို့မို့၊ ချပ်ရပ်နိမ့်မို သွင်နကို မြင်လို
ကြည့်ကြ၊ မဆိုသော်လည်း၊ ဆိုကာပြသို့၊ တစ်စငယ်မှ မချန်၊ ကိုယ်
ရောင်လွှတ်ဖို့၊ တမွတ်ဖန်၊ လေလံပေးသို့ တွေးတတ်တယ်။ ။
အမယ်မင်း ဖြစ်ရလေခြင်း သင်္ကြန်ခါတော်၊ ပျို တစ်ဖော်တို့၊ မတော်
တန်သင့်၊ ရှက်ကုန်ဖွင့်မယ်လို့၊ တဖြင့်ကြဲလျှင်၊ နိုင်ငံတော် မျက်နှာ
မွဲလို့၊ ရှက်ကွဲမယ့်ရှင်၊ အို အပျိုစင်၊ ငယ်ကကျွမ်းတာမို့၊ ခွန်းဆို
မြစ်တား။ ။

## ကဆုန်လဆန်း ၉ ရက်

(တနင်္ဂနွေနေ့)

ချစ်တဲ့သူငယ်လေ။ ။ သူငယ်ချင်းရယ်မြောက်၊ ယောက်မ
ကိုလေ။ ။ စစ်မီးငယ်မှတောက်ပြောင်၊ ရှူန်းရှူန်းလောင်၊ [illegible]
[illegible]ကယ်သို့ သတ်ပါ့မယ်။ ။ မြန်တစ်လွှား၊ ဉာဏ်အား မ[illegible]၊

အသာဆုတ်လို့ မလုပ်နေလျှင်၊ ပြည်ဖော်ရယ်မှ ပြည်ဖက်၊ ကမ္ဘာထက်မှာ တက်တက်စင်၊ ဖွတ်ဝင်သည့်နှယ် မွဲလိမ့်မယ်။ ။ စစ်ဖြစ်ချိန်ခိုက် အားအန်စိုက်လို့၊ ကိုယ့်တိုက်စိုးရန်၊ တစ်စုံတစ်ခု စုမကြဲလျှင်၊ တိုင်းမြန်ကိုယ်ကျိုး နည်းလိမ့်မယ်။ ။ တခြားပြည်နှင့်၊ ကိုယ့်ပြည်မတူ၊ လူကနည်းပါး၊ လုပ်ရန်များလျက်၊ ပျင်းအားထူလျှင်၊ ကြားသူဖုံးလို့ လွှမ်းတတ်တယ်။ ။ ကိုယ့်ရတနာအသိုက်၊ အလိုက်ကယ်မှ မတန်၊ သူ့ကိုပေးလို့ အရေးကြဲလျှင်၊ ကိုယ်အန်အားယုတ် ဆုတ်တတ်တယ် ။ ။ ကိုယ့်ပစ္စည်း ကိုယ်ထည်းသက်သက်၊ ညီညာ ကြိုး၍၊ အကျိုးထွက်အောင်၊ မရှက်နိုင်လျှင်၊ သူပင်ကိုင်ချုပ်၊ လက်ဝါးအုပ်လို့၊ တစ်ဆုပ်မကျန် သိမ်းတတ်တယ်။ ။

ပျင်းဖို့ရာ မကြဲလေနှင့်၊ အမြန်အားထုတ်၊ ဝိုင်းဝန်းလုပ်မှ၊ ကိုယ့်ထုတ်ကိုယ့်ထည်၊ ကိုယ့်လက်ဝယ်တွင်၊ ကျန်ဖွယ်ရှိတောင်း၊ ရလိုအားနှင့် အများပေါင်းမှ၊ အကြောင်းကိုယ်ဖို့ ညီလိမ့်မယ်။ ။ ပျော်လိုအားနှင့်၊ ပစ်ထားလျှင်မူ၊ တိုင်းခွင်ဥစ္စာ ပြုန်းတတ်တယ်၊ ရှေးခေတ်ခါနှင့်၊ ခုခါမတူ၊ ကိုယ့်ပစ္စည်း ကိုယ်မယူ၊ ဖြုံခါကျ၍ မွဲတတ်တယ်။ ။ အမယ်မင်း ဖြစ်ရလေခြင်း၊ စစ်တွင်းမှာပင်၊ အပျော်ကြူးလို့ မေ့မူးလျှင်မူ၊ တိုင်းခွင်မွဲတွင်း နစ်တော့မယ်။ ။

အစိုးရဟု၊ လူများအရှင်၊ ရေးကုန်စင်အောင်၊ တွင်တွင်ဆောင်ရွက်၊ အားအန်ခဲလို့၊ ခပဲပြည်သူ၊ ဖြိုးကြွယ်ဆူအောင်ကြံယူလျက်၊ ထက်ထက်မြက်မြက် လုပ်ဖူးပါစဗျာ။ ။ သေစာအရက်၊ ဝန်ကြီးမတ်ဗိုလ်၊ ပျော်လိုသော့အား၊ သောက်စားလျက်၊ နေ့ရက်မခြား နေခဲ့ပါမူ၊ မြန်မာတို့ရေး၊ ပျောက်ကာမေးလို့၊ ရှေ့ရေးခက်ဖွယ်၊ အို မင်းကြီးစိုးရ ဟူသမျှတို့ ပန်ကျမယ်၊ သည့်နှယ် သိထားပါစဗျာ။ ။ ယခုမှာမူ၊ မဟာစိုးရ၊ တေဇာကြွ၍၊ သောက်ကြမြူးပျော်၊ ပြဿနာစု လျစ်လျူပြု၍ မရှုနော်၊ မူတော်ခက်ဖို့ ဖြစ်တော့မယ်။ ။ စကားကျယ်ကြီး၊ ဟမိန့်ပြီး၊ ခရီးက မတွင် အလုပ်ခွင်၊ မျောချင်တိုင်းသာ မျောတော့မယ်။ ။

ချစ်တဲ့သူငယ်လေ ။ ။ သူငယ်ချင်းရယ်မြောက်၊ ယောက်ဖတို့လေး။ ။ မဝင်သာသည်၊ မင်းမှာစိုးသူ၊ အဆောင်ငယ်ကြီးသည့်၊ ဦးစီးလူကို၊ မြှုလိုလိုက်ရတော့မလား။ ။ မတွင်သာသည်၊ မင်းမှာသူနှင့်၊ အယူငယ်ညီတဲ့၊ ဓိပတိလူကို၊ ချူလို မြှိုက်ရတော့မလား ။ ။ မဝင်သာသည်၊ သူ့မှာ ဝန်ကြီး၊ အသီးသီးနှင့်၊ ကြံရိုးကြံရာ၊





ရှိပြီးဟာမို့၊ အသာဆုတ်လို့ နေရတော့မယ်။ ။ မတွင်သာသည်၊ မောင့်မှာ ဉာဏ်စွမ်း၊ ကြံမခန်းလဲ၊ ခွင့်လမ်းမသာ၊ ကံမပေး ရေးဗလာမို့၊ ကြမ္မာငုပ်လို့ သွေ့ရတော့မယ်။ ။ မဝင်သာသည်၊ သူ့မှာလိုလိုက်ပရိသတ်နှင့်။ ။ မတွင်သာသည်၊ မောင့်မှာကိုယ်ကြိုက် စိတ်ဓာတ်နှင့်၊ အလိုလေးအိုင် စစ်အတွင်းမှာ၊ သူသာမှုန်းပါတဲ့၊ ခွင်လုံးပိုင်လေး။ ။

## ကဆုန်လဆန်း ၁၀ ရက်

(တနင်္လာနေ့)

ယနေ့ ဆရာငွေထံမှ လူကြုံဖြင့် ကဗျာတစ်ပုဒ် လက်ဆောင်ရရှိလေသည်။ ကဗျာမှာ တေးထပ်ဖြစ်၍ မည်သည့်နှစ်ကဟု မသိ။ ဝါခေါင်လထုတ် ဒဂုန်မဂ္ဂဇင်း တစ်စောင်တွင် ကျွန်ုပ် ရေးသားသည်ဟူ၍ ဖော်ပြပါရှိလေသည်။ မဂ္ဂဇင်းတွင် ထည့်သွင်းရန် မူလက ကျွန်ုပ် ရေးစပ်ပေးခြင်း မဟုတ်မူ၍ မြစ္စာညိုခေါ် ရုပ်ရှင်ဇာတ်ကားကို သွားကြည့်၍ ရုံကအထွက် အဝတွင် ရေးစပ်ပေးခဲ့ခြင်း ဖြစ်သည်ဟု မဂ္ဂဇင်းတွင် တစ်ဆင့် ကူးယူဖော်ပြစဉ်က ထိပ်က ခေါင်းတပ် အညွှန်းထားခြင်းကြောင့် သိရှိရလေသည်။ ကျွန်ုပ်အဖို့ သော်ကား ထိုတေးထပ်ကို လုံးဝ မမှတ်မိတော့ပေ။ ဆရာငွေက ထိုမဂ္ဂဇင်းမှ မူအတိုင်း အပြည့်အစုံ ကူးပေးလိုက်သဖြင့်သာ ပြန်လည် သတိရပေတော့သည်။

မြန်မာ့အလင်း အယ်ဒီတာက ရုံ့ဝတွင် ရေးပေးသွားသော

### မြစ္စာညို ဇာတ်ကားကောင်းကြီးဘွဲ့ တေးထပ်

ချိန်ဟုတ်ပေါင် ခါမသင့်ပါဘဲ၊ လာပွင့်တဲ့ စွာညို၊ စွာဝင့်မယ့် ခရာပိုသည်၊ ဘာလိုလို မူဆန်း။ ။ ပလာဇော့ ရုံနန်းဆီမှာ၊ ထုံနံ့ရည်သင်းတဲ့ သည်ပန်း။ ။ တော်ပါပေ့ ဟံသာဗွေမှာ၊ မြန်မာ့ဆွေ အေဝမ်း၊ ကြံကြပေ မသွေတမ်းသာပ၊ အခြေမှန်း မြင့်အောင်။ ။ ပလီအင် စီစဉ်တတ်ပါပေ့၊ တီထွင် ဇာတ်ကားများထိပ်ခေါင်။ ။ ထုံရနံ့ ရုံနံ့လျောင်သည်၊ ဂုဏ်ပုံ့အောင် လေပြည်ဖျန်းပါပေ့၊ နေပြည်ဝှမ်း ဝေးနီးကြော်ညာ၊ မွှေးပြီးမွှေးရာ။ ။ ပန်းစွာညို့ တော်မာလာငယ်၊ ဩော် ခါခါ သင်းလေငဲ့လေး။ ။

ချစ်မောင်၊ မြန်မာ့အ[illegible]

## ကဆုန်လဆုတ် ၁၄ ရက်

(စနေနေ့)

ကဆုန်လ[illegible] ၁၂ ရက်နေ့က နံနက် ၇ နာရီခွဲအချိန်တွင် ငါးထပ်ကြီး[illegible] အောင်မြေသ[illegible] ပါဠိဘာရတီအသင်း ပါဠိဒိနံ ပါဠိနေ့တစ်[illegible]

ရွေးချယ်ရေးအတွက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရာသို့ ကျွန်ုပ် ရောက်ရှိခဲ့လေသည်။ ထိုအသင်းကြီးတွင် အကျိုးဆောင်ဖြစ်သော ဦးဓမ္မပါလကို ကျွန်ုပ် ယခင်ခေတ်ကပင် ကောင်းစွာ သိရှိခဲ့လေသည်။ အစည်းအဝေးတွင် ပါဠိနေ့ သတ်မှတ်ရန် စဉ်းစားကြဖို့ အခြေသို့ ရောက်သောအခါ၊ အကျိုးဆောင်ဆရာတော်က မြတ်စွာဘုရား ဖွားမြင်ရာ၊ ဘုရားဖြစ်ရာ၊ ပရိနိဗ္ဗာန်ပြုရာဖြစ်သော ကဆုန်လပြည့်နေ့ကို ဖြစ်စေ၊ ပထမ သင်္ဂါယနာတင်ကြသော နေ့ကို ဖြစ်စေ၊ သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်သော နေ့ရက်ကိုဖြစ်စေ၊ ဤ သုံးရက်ထဲမှ ပါဠိနေ့ အထိမ်းအမှတ် အဖြစ် တစ်နေ့နေ့ကို ရွေးချယ်ရန် အကြံပေးလေသည်။ ပါဠိဆရာကြီး ဆရာညွန့်က အမျိုးသားနေ့ စသော နေ့များ အထိမ်းအမှတ်ယူကာ ရွေးချယ်သကဲ့သို့ ပါဠိနေ့ကိုလည်း မြန်မာနိုင်ငံတော်တွင် ပါဠိ ဘာရတီအသင်းကြီး စတင် တည်ထောင်သည့်နေ့ ဖြစ်သော ကဆုန်လဆန်း ၁၂ ရက်ကိုပင် သတ်မှတ်ရွေးချယ်ရန် သင့်ကြောင်းနှင့် ပါဠိလို အတော် သွက်လက်စွာပင် လျှောက်ထားလေသည်။ နာယက ငါးထပ်ကြီးဆရာတော်ဘုရားက ပါဠိ ဘာသာကြီး ပြန်လည်ခေတ်စား ထွန်းကားလာရန်အတွက် ထူထောင်အပ်သော အသင်းကြီးက ပါဠိဘာသာကို အထိမ်းအမှတ်ပြုသောအားဖြင့် တစ်နှစ်တွင် တစ်ရက် ရွေးချယ်ရာတွင် အခြား ဗုဒ္ဓဘာသာ တိုင်းပြည်များဖြစ်သော ယိုးဒယား(ထိုင်း)၊ လင်္ကာဒီပ (သီရိလင်္ကာ) စသည်တို့ကပါ ကျေနပ် သဘောတူနိုင်လောက်သည့် ရက်ကို ရွေးချယ်သင့်သည် ထင်ကြောင်း၊ မြန်မာပြည်၌ အသင်းတစ်သင်း တည်ထောင်သည့် ရက်ကို စွဲ၍ သတ်မှတ်လျှင် အကြောင်းပြချက် ခိုင်လုံမည် မဟုတ်ဟု စဉ်းစားဖို့ လိုကြောင်းဖြင့် ပါဠိဘာသာနှင့်ပင် အမိန့်ရှိလေသည်။ ထိုအစည်းအဝေးတွင် ပါဠိဘာသာကို တတ်နိုင်သမျှ သုံးစွဲပြောဆိုကြရာ၊ ရှေးခေတ်က ရဟန်းများ၊ ရဟန္တာများ စကား ပြောပုံဆိုပုံများကို ကြားနေရသယောင်ယောင် ထင်မှတ်ဖွယ် ရှိနေလေတော့သည်။

ဆရာညွန့်က ကဆုန်လဆန်း ၁၂ ရက်နေ့ကိုပင် သတ်မှတ်က သင့်လျော်မည် ထင်ကြောင်း၊ မြန်မာပြည်က စတင် ထူထောင် ကြိုးစားခြင်း ဖြစ်၍၊ ထိုသို့ စတင် ကြိုးစားရာ ရက်ကို ယူလျှင် သင့်မည်ဖြစ်ကြောင်းနှင့် ထပ်လောင်း လျှောက်ထားလေသည်။ နာယကဆရာတော်ကြီးက ရက်ယူ စဉ်းစားလျှင် သင့်မည်ဟု ထင်ကြောင်းနှင့် အမိန့်တော်ရှိရာ၊ မြန်မာ့အလင်း ဦးတင်က နာယကဆရာတော်ကြီးကို ထောက်ခံလေသည်။ ကျွန်ုပ်က ပါဠိနေ့ကို ရွေးချယ်ရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာ တည်ထွန်းရာ တိုင်းပြည်များကပါ လက်ခံနိုင်ရာသော နေ့ရက်ကို ရွေးချယ်စေသင့်ကြောင်းဖြင့်၊ နာယကဆရာဟော်ဘုရားကြီး သတိပေးချက်ကို တပည့်တော် သဘောကျကြောင်း၊ ဤအချက်မှာ အလွန်အရေးကြီးသော သတိပေးချက်ကြီးပင် ဖြစ်ကြောင်း၊ တပည့်တော် သဘောမှာ အသင်းတစ်သင်း၏ စတင် ထူထောင်ဆောင်ရွက်သော နေ့ရက်သည် ပါဠိနေ့





ခေါ်တွင်နိုင်လောက်အောင် အရေးကြီးသည် မထင်ကြောင်း၊ ကမ္ဘာက လက်ခံနိုင်လော[illegible] သော နေ့ရက်သာ ဖြစ်ရမည်ဖြစ်၍ ထိုရက်ကို စဉ်းစားကြရာတွင် ဓမ္မစကြာတရား ဟောကြားတော်မူသော ဝါဆိုလပြည့်နေ့ကို အထူးစဉ်းစား၍ ထိုနေ့ကိုပင် ပါဠိနေ့ ထားစေချင်ကြောင်း၊ ကဆုန်လပြည့်နေ့သည် ဘုရားဖွားမြင်ရာ၊ ဘုရားဖြစ်ရာ၊ ပရိနိဗ္ဗာန်ပြုရာသောနေ့ မှန်သော်လည်း ပါဠိဘာသာအတွက် တစ်စုံတစ်ရာ ထူးခြားစွာ သတ်မှတ်အပ်သော နေ့တစ်ခုဟု တပည့်တော် မယူဆကြောင်း၊ ပါဠိဘာသာမှာ ဂေါတမဘုရား မပွင့်မီကပင် သုံးစွဲနေသော စကား ဖြစ်ကြောင်း၊ ပါဠိမှာ ဘာသာဖြစ်၍ ယခု တပည့်တော်တို့ ကိုးကွယ်နေသော တရားမှာ ဗုဒ္ဓသာသနာဖြစ်ကြောင်း၊ ဘုရားပွင့်သည့် ခေတ်က ပါဠိမဟုတ်ဘဲ အခြားဘာသာတစ်ရပ်ကို သုံးစွဲနေလျှင် ဗုဒ္ဓ သာသနာကို ထိုဘာသာထဲတွင်ပင် ရှာယူရမည်ဖြစ်ကြောင်း၊ ပါဠိဘာသာမှာ ဘုရားမပွင့်မီကပင် ရှိနှင့်ပြီးဖြစ်၍ ဘုရားဖွားမြင်ခြင်း၊ ဘုရားဖြစ်ခြင်း၊ ပရိနိဗ္ဗာန် စံခြင်းတို့မှာ ပါဠိဘာသာကို အထူးတလည် ကျေးဇူးပြုသည်ဟု ယူဆရန် မရှိကြောင်း၊ အကယ်၍ သဗ္ဗညုတဉာဏ်ကို မရခဲ့လျှင်၊ ရပြီး မဟောပြောဘဲ နေခဲ့ပြန်လျှင် ထို ကဆုန်လပြည့်နေ့မှာ သာမည နေ့တစ်နေ့ပင် ဖြစ်သွားလျက် ပါဠိဘာသာ တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် သက်ဆိုင် ထိနိုက်မည် မထင်ကြောင်း၊ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကြီးကို ဝါဆိုလပြည့် နေ့တွင် တရားဦး တရားထူးအဖြစ် စတင် ဟောပြောတော်မူရာ ပါဠိ ဘာသာတွင် တွေးခေါ်မှု အသိသစ္စာတရားကြီး တိုးတက် ကြွယ်ဝလာခဲ့ကြောင်း၊ ထို တရားကို ဟောတော်မူရာ ဝါဆိုလပြည့် မတိုင်မီ မြတ်စွာဘုရားသည် သစ္စာ ၄ ပါး တရားစစ် တရားမှန်ကို သိတင်းသုံးဖော်သုံးဖက် ဖြစ်ခဲ့သူတို့အား ပါဠိဘာသာဖြင့် ဟောပြောခဲ့ သော်လည်း တစ်ဦးစ နှစ်ဦးစကဲ့သို့ ဖြစ်၍ ပရိသတ်ကြီးနှင့်ချီပြီး ဟောပြောတော်မူခဲ့ခြင်း မဟုတ်ကြောင်း၊ ဓမ္မစကြာတရားကြီးကို ပရိသတ်နှင့် ချီ၍ ဦးဦးဖျားဖျား ဟောကြားသော ဓမ္မစကြာ ဝါဆိုလပြည့်နေ့ကို သတ်မှတ်လျှင် အခြားသော တိုင်းပြည်တို့ကလည်း နှစ်ခြိုက်စွာ လိုက်နာဖွယ်ရာ အကြောင်းရှိသဖြင့်၊ ထိုအချက်ကို ထည့်သွင်း စဉ်းစားတော်မူကြပါမည့် အကြောင်းနှင့် လျှောက်ထားခဲ့လေသည်။ ကျွန်ုပ်၏သဘောမှာ ပါဠိနေ့ လုပ်ချင်ကြလျှင် တစ်ပြည်တည်းကို ကွက်ကြည့်ပြီး မလုပ်သင့်။ ကမ္ဘာနှင့် ချီ၍ လက်[illegible] မည့် နေ့ကိုသာ ရွေးချယ်စေချင်သော ဆန္ဒ ရှိလေသည်။ ရှေ့အဖို့တွင် ကျွန်ုပ်[illegible] ကမ္ဘာနှင့် ချီ၍သာ အလုပ် လုပ်သွားကြရဖို့ရှိရာ တစ်ပြည်တည်း ကွက်၍ [illegible] လုပ်ကိုင်မှုတို့သည် ထိုပြည်၏ တိုးတက်မှုကို ခံဆွဲထားသကဲ့သို့ လေးလံ[illegible] ဟု ကျွန်ုပ် ယုံကြည်လေသည်။

[illegible]ကန်းတော်များမှာ အချို့ ကျွန်ုပ် ပြောသည့်နေ့ကို နှစ်ခြိုက်ကြ[illegible] ပင်လျှင်လည်း ထိုနေ့ကို နှစ်ခြိုက်ကြောင်း ပြော၏။ ထို့နောက် အချိန်ယူ[illegible]

အတွက် လည်းကောင်း၊ အများဆန္ဒကို စုံစမ်း ထောက်လှမ်းနိုင်ရန်အတွက် လည်းကောင်း ထိုကိစ္စကို ရွှေ့ဆိုင်းလိုက်ဖို့ ဆုံးဖြတ်လိုက်လေသည်။

ထိုပါဠိအသင်း၏ ရည်ရွယ်မှန်းထားချက်တစ်ခုမှာ ပါဠိ ပြန်လည်ခေတ်စားဖို့ ဖြစ်ရာ၊ ရှိရှိသမျှ ပါဠိကျမ်းဂန် အတန်တန်ကို မြန်မာဘာသာဖြင့် အကုန်အစင် ပြန်ဆိုဖို့ လုပ်ငန်းလည်း လိုအပ်သည့် အကြောင်းကို အကျိုးဆောင် ဆရာတော်အား ကျွန်ုပ် အကြိမ်ပေါင်းများစွာ အကြံပေးခဲ့လေသည်။ တစ်ယူသန် အလုပ်ဆိုလျှင် ကျွန်ုပ်သည် များစွာ မနှစ်မြို့က်၍ အားမပေးလိုပေ။ ဗန္ဓုလဦးစိန်က အစည်းအဝေးတွင် အစိုးရကိုယ်စား လျှောက်ထားရာ၌ ရဟန်းတော်များကလည်း ပါဠိ ခေတ်စား တွင်ကျယ်အောင် လုပ်ပါ။ လူများ အဖို့အရာမှာ ပါဠိသာ မဟုတ်။ အခြားသင်ရန် ဘာသာခြားများက အရေးတကြီး ရှိနေ၍ အချိန်အား ဉာဏ်အား လုံလောက်စွာ စိုက်နိုင်ကြမည် မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ရဟန်းတော်များဘက်ကသာ ပါဠိအတွက်ကို စွမ်းဆောင် အားထုတ်ကြစေလိုပါကြောင်း၊ အစိုးရကလည်း သာသနာပြုမင်းများ ထုံးတမ်းနှင့်အညီ အားပေးသွားမည်သာ ဖြစ်ပါကြောင်းနှင့် လျှောက်ထားပြီးလျှင် ကျစွာမင်း သမီးပေး၍ ပရိယတ္တိကို ချီးမြှောက်ပုံတို့ကို အကျယ်တဝင့် ဟောပြောသွားလေသည်။

ကဆုန်လဆန်း ၁၃ ရက်နေ့တွင် ညနေ ၃ နာရီအချိန်၊ ဗန္ဓုလဦးစိန်ရုံး၌ ဝါဒဖြန့်ချိရေး အတိုင်ပင်ခံ အစည်းအဝေး ကျင်းပရာသို့ တက်ရောက်ခဲ့လေသည်။ ဝန်ကြီးက မော်ကွန်းတိုင်များ ခရိုင်မြို့ကြီးတိုင်းတွင် ထားမည့်အကြောင်း ပြောဆို၍၊ မော်ကွန်းတိုင်များ ပုံစံကို ပြသကာ အကြံဉာဏ်တောင်းလေသည်။ ထို့နောက် နေပြည်တော် စည်ပင်ရေးအဖွဲ့က ပြင်ပေးထားသော လမ်းအမည်များကို စဉ်းစားရန်နှင့် မော်ကွန်းတိုင်များအကြောင်း စဉ်းစားရန် နောက် ဗုဒ္ဓဟူးနေ့ (ကဆုန် လဆုတ် ၄ ရက်) သို့ ရွှေ့ဆိုင်းလိုက်လေသည်။ ထိုနေ့ ညနေက ၄ နာရီခွဲအချိန် တွင် စည်ပင်ရေးအဖွဲ့ ထမင်းစားပွဲသို့ တက်ရောက်ခဲ့သေးလေသည်။ ထိုထမင်းစားပွဲမှာ ဝန်ကြီး ဦးလှမင်းနှင့် စည်ပင်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးတို့ တစ်ဦးပေါ်တစ်ဦး မကျေမချမ်း ဖြစ်နေကြသည်ကို စကားပြော စေ့စပ်ရန် ကျင်းပသော ထမင်းစားပွဲ ဖြစ်လေသည်။

ကဆုန်လပြည့်နေ့က အရဟံအသင်းသို့ တက်ရောက်၍ အရဟံတရားအကြောင်း ဟောပြောရန် ဖြစ်သော်လည်း အစိုးရဘက်က ဘုရားပေါ်တက်ပြီး ညောင်ရေသွန်းလောင်းမည့် အစီအစဉ်များ ရှုပ်ထွေးနေသည်ကို မရှုလို၍၊ သွားရောက် မဟောပြောဘဲ ခွင့်တောင်းကာ အိမ်တွင်ပင် ဥပုသ်စောင့်နေလေသည်။ ထိုနေ့ ညနေ ၄ နာရီခွဲတွင် နီပွန်မြန်မာ ယဉ်ကျေးမှုအသင်း ညစာစားပွဲသို့ ဖိတ်ထားသော်လည်း မသွားခဲ့ပေ။

ကဆုန်လဆုတ် ၁ ရက်နေ့တွင် နံနက် ၈နာရီအချိန် နီပွန်မြန်မာ ယဉ်ကျေးမှု အသင်း တည်ရာဌာနသို့ ယိုးဒယား (ထိုင်း)၊ နီပွန် ယဉ်ကျေးမှုအသင်း အကျိုးဆောင်





မစ္စတာ မတ်ဆူမိုတို လာရောက်ဟောပြောသော တရားကို သွားရောက် နားထောင်ခဲ့လေသည်။ နီပွန်ပြည်ကို အနောက်နိုင်ငံနှင့် အမေရိကန် အတွေးအကြံများက ပည်ကဲ့သို့ အကျိုးဆက်ကြပုံကို ဟောပြောလေသည်။ သူ့ဟောပြောချက်တွင် ကျွန်ုပ် အထူးနှစ်ခြိုက်သော စကားတစ်ရပ် ရှိလေသည်။ နီပွန်ပြည်မှာ ရှေးခေတ်က နိုင်ငံခြားသားများ ဝင်ထွက် ကူးသန်းနေခြင်းကို ခွင့်ပြုနေရာမှ အနှစ် ၃၀၀ ခန့် နိုင်ငံခြားသားများ ပြည်တွင်း မဝင်ရဟု တံခါးပိတ်ဆို့ထားသော စနစ်ကို လိုက်နာခဲ့လေသည်။ ထို့နောက် ကိုယ့်နည်းနှင့် ကိုယ် ကြီးပွားဖို့ရန် ကြံစည် အားထုတ်ကြလေသည်။ သို့သော် များစွာ ခရီးမတွင်သဖြင့်၊ အနှစ် ၃၀၀ ကြာသောအခါ နိုင်ငံခြားသားများအား တံခါးဖွင့်ပေးရသော အခြေသို့ ရောက်ကာ၊ မိမိတို့ ကိုယ်တိုင်လည်း ကမ္ဘာသို့ ထွက်ရောက်၍ နည်းနာနိဿယ ရှာမှီးအတုခိုး လုပ်ကိုင်ခဲ့ရလေသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ မစ္စတာ မတ်ဆူမိုတို ပြောပုံမှာ အလွန် ဣန္ဒြေရလေသည်။ သူက ရှေးလူကြီးများသည် လမ်းနှစ်လမ်းနှင့် ရင်ဆိုင်တိုးခဲ့ကြကြောင်း၊ တစ်လမ်းမှာ နောင်လာနောက်သားများ ဘာဖြစ်ဖြစ် မိမိတို့ မာနကို မချဘဲ နိုင်ငံခြားသားတို့၏ နည်းနာနိဿယတို့ကို အတုမခိုးဘဲ ပေတေနေရန် လမ်းဖြစ်၍၊ အခြားတစ်လမ်းမှာ မိမိတို့ မာနကိုပင် ချတော့မည်၊ နောင်လာနောက်သားများ တိုးတက်ကြီးပွားဖို့ကိုသာ ရှေးရှုရမည်။ ကိုယ် ယခု အောက်ကျခြင်းမှာ ခဏကလေးသာဟု ယူဆပြီး နိုင်ငံခြားသားတို့ အောက်သို့ ပညာရယူရန် အောက်ကျို့သောလမ်း ဖြစ်လေသည်။ ထို ၂ လမ်းတွင် နောက်လမ်းကို လိုက်ခဲ့သဖြင့်သာ နီပွန်ပြည်မှာ ယခုအခြေသို့ ဆိုက်ရောက်ရသည်ဖြစ်၍ ထိုလူကြီးများ၏ စိတ်ဓာတ်ကို ချီးကျူးမိကြောင်းနှင့် ပြောဟောသွားလေသည်။

## နယုန်လဆန်း ၂ ရက်

### (အင်္ဂါနေ့)

ငှင်းနေ့နံနက်တွင် စာရေးဆရာအသင်း၏ ၄ လပတ် အစည်းအဝေးကို ၁၁ နာရီ အချိန် ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း ဒေါ်ကြီး ဒေါ်မေ ဇရပ်တွင် ကျင်းပလေသည်။ အစည်းအဝေး အစီအစဉ်မှာ (၁) လေးလပတ် အစီရင်ခံစာကို ဖတ်ကြားအတည်ပြုရန်၊ (၂) စာရေးဆရာအသင်းမှ ကိုယ်စားလှယ်တစ်ယောက်ကို အတိုင်ပင်ခံလွှတ်တော်အဖွဲ့ အမတ်တစ်နေရာ၌ ခန့်ထားရန် တောင်းဆိုဖို့ သင့် မသင့် စဉ်းစားရန်၊ (၃) မကျေနပ်သော အချက်များရှိက ပြောဆိုကြရန်ဟူ၍ ဖြစ်လေသည်။ ကျွန်ုပ်မှာ မဆွကပင် ဥက္ကဋ္ဌ၏ အတိုင်ပင်ခံ လွှတ်တော်အမတ်ဖြစ်ရေးအတွက် [illegible] မတိုင်ပင်ဘဲ ပြုလုပ်ခြင်းကို မနှစ်သက်၍ အမှုဆောင်အဖြစ်မှ နုတ်ထွက် [illegible] ဤဒုတိယ [illegible]ကို စဉ်းစားဖို့ လက်ခံခြင်းကိုပင် မနှစ်ခြိုက်နိုင် ရှိခဲ့လေ[illegible]။ [illegible]

တောင်း၍လည်း ရလိမ့်မည် မဟုတ်သော အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေကို ကျွန်ုပ်တို့မှာ ကောင်းစွာ သတိပြုမိပြီးဖြစ်၍၊ ဤကဲ့သို့သော အဆိုမျိုး တင်သွင်း လက်ခံ စဉ်းစားခြင်းကို မနှစ်မြို့က်နိုင်ဘဲ ရှိခြင်း ဖြစ်လေသည်။

ထိုနေ့က အစည်းအဝေး ဖွင့်လျှင်ဖွင့်ချင်း ဥက္ကဋ္ဌက ဥက္ကဋ္ဌ မိန့်ခွန်းကို ဖတ်ကြားလေသည်။ ထိုမိန့်ခွန်းတစ်ခုလုံးမှာ ဒုတိယကိစ္စဖြစ်သော လွှတ်တော်တွင် နေရာတောင်းရေးနှင့် ပတ်သက်၍ သူ့အလိုသို့ လိုက်ရန် ဆွဲဆောင် ဆင်ပြင်ထားသော အချက်များသာ ပါရှိလေရာ၊ ကျွန်ုပ်က ဥက္ကဋ္ဌသည် အချိန်မကျရောက်သေးသော အဆိုတစ်ခုအကြောင်းကို အကျိုးအပြစ် ဤမျှလောက် ရှည်လျားစွာ ပြောဆိုရန် တာဝန်မရှိ၍ မပြောထိုက်ကြောင်းနှင့် ထ၍ ကန့်ကွက်လေသည်။ မည်သူကမျှ ထ ၍ မထောက်ခံ၊ ထ ၍လည်း မကန့်ကွက်ဘဲ ရှိ၍ ဥက္ကဋ္ဌကလည်း ဗွတ်အတင်းပင် သူ့တွင် ပြောလိုသမျှ ပြောရန် အာဏာရှိသည်ဟု ဆိုပြီး ဆက်လက် ဖတ်ကြားလေတော့သည်။ ကျွန်ုပ်မှာ ထိုအချိန်တွင်ပင် အစည်းအဝေးမှ ထွက်၍ လာခဲ့ချင်သော်လည်း အလွန် အရုပ်ဆိုးသော အဆိုတစ်ခု ပြဋ္ဌာန်းချက် ကျသွားမည်စိုးသောကြောင့် သည်းခံ၍ ဆက်လက် ထိုင်နေခဲ့လေသည်။ ထို့နောက် ၄ လ ပတ် အစီရင်ခံစာကို အတွင်းရေးမှူး ဖတ်ပြလေသည်။ ကျွန်ုပ်က ထိုအစီရင်ခံစာကို လက်ခံရန် အဆိုသွင်း၍ သခင်တင်မောင်ကြီးက ထောက်ခံသောကြောင့် အတည် ဖြစ်သွားလေသည်။ ထို့နောက် အလွန်အရေးကြီးသော လွှတ်တော် တစ်နေရာ တောင်းရန် အဆိုသို့ ရောက်လာလေသည်။ ဤအချိန်တွင် ဆရာစိန်က ဤအစည်းအဝေးသည် ဤကိစ္စကို စဉ်းစားနိုင်သလော၊ ဤအစည်းအဝေးသည် အထူးအစည်းအဝေးလော၊ ၄ လပတ် အစည်းအဝေးလော၊ ၄ လပတ် အစည်းအဝေး ခေါ်ရန် ဟူ၍ စည်းမျဉ်းရှိသလော၊ အထူးအစည်းအဝေးဖြစ်လျှင် ယခုရောက်ရှိသော ပရိသတ်ဖြင့် အစည်းအဝေး ထ မြောက်ပါမည်လော စသဖြင့် မေးခွန်းများထုတ်ရာ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပြင် အမှုဆောင် လူကြီးများထဲမှ ဆရာဟိန်နှင့် ဆရာကျော်တို့ကပါ အစည်းအဝေး လုပ်နိုင်သည့် အကြောင်းများကို ဝင်ရောက် ပြောဆိုကြလေသည်။ ဤနေရာတွင် အချီအချ ဒေါနှင့် မာန်နှင့် ပြောနေကြ၍ ကျွန်ုပ်က ဥပဒေ အကြံပေးလူကြီး ဦးကျော်မြင့်လည်း ရောက်ရှိနေသည်ဖြစ်၍ ဦးကျော်မြင့် အဆုံးအဖြတ်ကို တောင်းဖို့ အကြံပေးလေသည်။ ဥက္ကဋ္ဌက ဗွတ်မိုတ်ပြီး အစည်းအဝေး လုပ်နိုင်သည်ဟုသာ ပြောနေလျက်၊ ရက်တရက် အနားမှာ ကပ်နေသော ဦးကျော်မြင့်ထံမှ အကြံဉာဏ် မတောင်းယူသေးချေ။ နောက်မှ အများက ဝိုင်း၍ ပြောသောကြောင့် ဥပဒေစည်းမျဉ်း ကိုးကားရန် ဥပဒေစည်းမျဉ်းကို ရှာရာ၊ မည်သူ့တွင်မျှ ဥပဒေစည်းမျဉ်း ပါမလာသဖြင့် မြန်မာ့ရုပ်ရှင် ဦးအောင်မောင်က တစ်နေရာမှ သွား၍ ယူဆောင်လာရလေသည်။ ဦးကျော်မြင့်နှင့်တကွ အမှုဆောင်လူကြီး တစ်ဦးဖြစ်သော ဦးဘဆွေတို့က ဥပဒေစည်းမျဉ်းကို ကြည့်ပြီးလျှင်





ယခု အစည်းအဝေးမှာ အထူးအစည်းအဝေး အတန်းအစားဝင် ဖြစ်ကြောင်း၊ အသင်းသား ဦးရေ တစ်ဝက်တက်ရောက်မှ အစည်းအဝေး အထမြောက်နိုင်ကြောင်းနှင့် ပြောဆိုလေသည်။ လူရေတွက်ရာ စုစုပေါင်း ၃၆ ယောက်သာ တက်ရောက်သည် ဖြစ်သောကြောင့် အစည်းအဝေး မကျင်းပနိုင်ဟု ဆုံးဖြတ်လိုက်ရကာ အစည်းအဝေး ဖျက်သိမ်းလိုက်ရလေသည်။ ဥက္ကဋ္ဌက အစည်းအဝေးကို ရှေ့အပတ်သို့ ရွှေ့ဆိုင်းမည်။ ရှေ့အပတ်တွင် လာသမျှ လူနှင့်ပင် စည်းဝေးမည်ဟု ပြောလေသည်။ ရွှေ့ဆိုင်းသော အစည်းအဝေးများ၏ သဘောမှာ လာသမျှ လူနှင့်ပင် ကျင်းပနိုင်ရကား ကျွန်ုပ်တို့လည်း ဘာမျှ မကန့်ကွက်ပေ။

ထိုအချိန်တွင် အမှုဆောင် လူကြီးတစ်ဦးဖြစ်သော ဦးဘဆွေက ထ၍ ဥက္ကဋ္ဌက ယခုအဆိုကို ပျော့ပျော့ပါးပါး ငြင်းခုံကြစေလိုသည် ဆိုသော်လည်း မုချ စိတ်ဝမ်းကွဲပြားမည့်အရာ ဖြစ်နေကြောင်း၊ လေးလေးနက်နက် Seriously လုပ်ခြင်း မဟုတ်ပါဟု ဆိုလျှင် ထိုကိစ္စကို လုံးဝစဉ်းစားခြင်း မပြုထိုက်တော့ကြောင်းနှင့် ပြောဆိုပြီး ကော်မတီ အစည်းအဝေး ချက်ချင်းခေါ်ယူ ဆုံးဖြတ်ဖို့ အကြံပေးလေသည်။ အမှုဆောင် အစည်းအဝေးကို ချက်ချင်း ထိုနေရာ၌ပင် ဆက်လက် စည်းဝေးပြီးလျှင် ထိုအဆိုကို ထပ်မံ မတင်သွင်း မစဉ်းစားရန် လုံးဝ ပယ်ရှားလိုက်ဖို့ ဆုံးဖြတ်လိုက်လေသည်။

အကယ်၍ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့သည် ရွှေ့ဆိုင်းသော အစည်းအဝေးတွင် ထိုအဆိုကို အနိုင်အထက် တင်သွင်း ဆုံးဖြတ်ကြဦးမည်ဆိုက၊ ကျွန်ုပ်မှာ ထိုအသင်းမှ တစ်ခါတည်း နုတ်ထွက်ဖို့ရန်သာ ရှိလေတော့သည်။ ဤမျှ ရှက်ဖွယ် လိလိဖြစ်၍ ရနိုင်မည်လည်း မဟုတ်သော တိုးလျှိုးတောင်းပန်မှုမျိုးကို ကျွန်ုပ်သည် အလိုမရှိချေ။ ဥက္ကဋ္ဌက အကယ်၍ အမတ် တစ်နေရာတောင်းဖို့ အစည်းအဝေးက ဆုံးဖြတ်လျှင် သူ ဝင်ရောက်အရွေးခံမည် မဟုတ်ကြောင်းဖြင့် စကားပြေ ပြောလေသည်။ သို့သော် ဤအရာသည် ပဓာန မဟုတ်။ နေရာတောင်းခြင်းသည်သာ ပဓာန ဖြစ်နေလေသည်။

## နယုန်လဆန်း ၁၃ ရက်

### (စနေနေ့)

ကဆုန်လဆုတ် ၂ ရက်နေ့က ပညာရေးဝန်ကြီး ဦးလှမင်းရုံးတွင် စာဆိုတော်နေ့ ကျင်းပရေးအတွက် ဆွေးနွေးပွဲတစ်ခု ညနေ ၃ နာရီအချိန် ချိန်းထားလေသည်။ ၂ နာရီ မိနစ် ၂၀ တွင် ကျွန်ုပ် ရွှေဂုံတိုင်သို့ ရောက်သွားရာ ကုန်သည်ကြီးများအသင်းမှ အတွင်းရေးမှူး ကိုသိန်းက ကျွန်ုပ်အား ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးမြနှင့် လူကြီးများက ကိုင်ပင်ဆွေးနွေးရန်ရှိ၍ အရေးတကြီး ရှာဖွေနိုင်းသောကြောင့် လိုက်မျှ

ရကြောင်း၊ ခေတ္တမျှ လိုက်ခဲ့ပါမည့်အကြောင်းနှင့် ပြောလေသည်။ ကျွန်ုပ်က ဦးလှမင်း အစည်းအဝေးသို့ သွားရန် ရှိ၍ အချိန်ကပ်နေပြီဖြစ်ကြောင်းနှင့် ပြောဆိုသော်လည်း ခဏမျှ လိုက်ခဲ့ပါ၊ ဟိုမှာလည်း တိုင်းပြည်အတွက် အလွန်အရေးကြီးသော ကိစ္စ ဖြစ်နေပါသည်။ ဦးမြက အထူးသဖြင့် ရှာခိုင်း၍ လာရခြင်း ဖြစ်ပါသည်ဟု ပြောသဖြင့် မငြင်းသာတော့၍ လိုက်သွားရသည်။ ရောက်လျှင် ကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌ အတိုင်ပင်ခံ လွှတ်တော်အမတ် ဦးမြ၊ ဒုတိယ ဥက္ကဋ္ဌ တိုးတက်ရေး ဦးစိန်၊ ဦးသံတိုင်၊ နိုင်ငံတော်ဘဏ် ဒါရိုက်တာလူကြီး ဦးလှကြည်တို့ကို တွေ့ရလေသည်။ ဦးမြက Inflation ငွေပေါများခြင်းကြောင့် အစိုးရက ထိုကိစ္စကို စဉ်းစားလို၍ ဒုတိယဝန်ကြီးချုပ် သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဦးဆက်၊ အခွန်တော်ဝန်ကြီး ဦးအေးနှင့် ဦးမြတို့ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ နည်းလမ်း ရှာဖွေလုပ်ကိုင်ရန် အကြံပေးရမည် ဖြစ်နေသဖြင့် အကြံဉာဏ် ပေးစေလိုကြောင်းဖြင့် ပြောဆိုလေသည်။ ကျွန်ုပ်က အစည်းအဝေးတစ်ခုသို့ သွားဖို့ရန်လည်း ရှိနေသဖြင့် အရေးကြီးမည်ထင်သော အကြံဉာဏ်အချို့ကိုသာ အမြွက် ခင်းကျင်း အကြံပေးခဲ့လေသည်။

ဦးလှမင်း ရုံးသို့ ရောက်သောအခါ ၄ နာရီ ၁၀ မိနစ် ရှိလေပြီ။ အစည်းအဝေး စနှင့်လေပြီ။ စ ကာ ရှိသေးသည်။ ကျွန်ုပ်ကို စောင့်နေကြသည်ဟု ဦးလှမင်းက ပြောလေသည်။ စာဆိုတော်ဆိုသည်မှာ မည်သူမည်ဝါကို ဆိုလိုကြောင်း အဆိုနှစ်ပြင် ပေါ်ပေါက်၍ ဆွေးနွေးဆဲ ဖြစ်လေသည်။ ကျွန်ုပ် ရောက်ကာမတ္တတွင် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က တတိယအမိဖွာယ် ရှင်းတမ်းတစ်ခု ထုတ်ဆဲ ဖြစ်လေသည်။ ကျွန်ုပ်က ထိုတတိယ ရှင်းတမ်း ကောင်းမည်ထင်ကြောင်း ပြောရာ အားလုံးနှစ်ခြိုက်ကြသဖြင့် ၎င်းကို လက်ခံလိုက်လေသည်။ ထို့နောက် လနှင့် နေ့ရက် ရွေးချယ်ဖို့ ကိစ္စကို ဆက်ကြလေသည်။ ဘယ်လကို ယူမည်ကို စဉ်းစားကြလေးသည်။ ဦးလှမင်းက ဆရာလင်း ရေးပေးလိုက်သော စာကို ကျွန်ုပ်အား လက်ဆင့်ကမ်းလေသည်။ ထိုစာတွင် မိုးရာသီ အသွားအလာ စိုစွတ်ခက်ခဲသည့် အချိန်ကို မရွေးဖို့ အကြံပေးလေသည်။ မည်သည့် လ ရက် ကို ရွေးပါဟု မဆိုထားချေ။ ကျွန်ုပ်က နတ်တော်လသည် ကောင်းမည် ထင်ကြောင်း၊ ရှေးက မြန်မာဘုရင်များသည် ဤနတ်တော်လတွင် ဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပ၍ မင်းပရိသတ်တို့အား ထိုက်သင့်သလို ချီးမြှောက် ဘွဲ့အပ်၊ မည်ပေး ပြုလုပ်ခဲ့ကြောင်းနှင့် အကြံ စတင်ပေးလေသည်။ သူရိယ ဦးသိန်းမောင် ကလည်း နတ်တော်လကိုပင် ကြိုက်ကြောင်း၊ ကဝိများ ကိုယ်တိုင်ကလည်း အခြားလများထက် နတ်တော်လကို ပိုမို ကြူးသီဖွဲ့ဆို ရေးသားကြကြောင်းဖြင့် ပြောဆို ထောက်ခံလေသည်။ မည်သူမျှ မကန့်ကွက်၍ ထိုလကိုပင် ရွေးချယ်လိုက်လေသည်။ ထိုလကို ရွေးချယ်ရန် အကြံပေးဖို့ ကျွန်ုပ် စောစောက ကြိုတင်စဉ်းစားထားခြင်း မရှိချေ။ လကို





ရွေးပါဆိုသည့် အခါတွင်မှ မင်းဇေယျန္တ မိတ်ဆို အင်းဝမြို့ဘွဲ့ ရတုပိုဒ်စုံတွင် "နတ်လ သဘင်၊ ရောက်ပြန်လျှင်မူ၊ ဖျင်မှုအုံထပ်၊ ဘွဲ့အပ်မည်ပေး၊ ဆုံရေးတိုက်ဖက်၊ စွယ်ယှက် ခေါင်ခေါင်၊ ဆင်ပြောင်မုံရု၊ နန်းရတုကို၊ ဇမ္ဗူ့သခင်၊ မရွှင်တင့်တောင်း၊ ရန်ညောင်း ပယ်နှံ့၊ သီကြားစံသို့၊ မင်းဝံရွှေတောင်၊ တပြောင်ပြောင်သည်၊ ဖြာရောင်မကျွန်း လှည့် လေလော" ဟူ၍ ဆိုသော စာပိုဒ်ကလေး ကျောင်းနေစဉ်က သင်ဖူးသည်ကို ပြေး၍ သတိရသည့်အတွက်၊ ရုတ်တရက် အကြံပေးလိုက်ခြင်း ဖြစ်လေသည်။ "ခါညောင် မသွန်း လှည့်လေလော၊ ဖြာရောင်မကျွန်း လှည့်လေလော" နောက် အချတစ်ပိုဒ်ကို မမှတ်မိတော့ပေ။ သာခေါင်မထွန်း လှည့်လေလော ဆိုသလား၊ မမှတ်မိ။ မင်းဝံရွှေ တောင်၊ တပြောင်ပြောင်သည်၊ သာခေါင်မထွန်း လှည့်လေလော ဟူ၍ပင်လည်း ဖြစ်ကောင်းဖြစ်ပေမည်။ ကောင်းစွာ မမှတ်မိတော့ပေ။ ဖြာရောင်မထွန်း လှည့်လေလော၊ သာခေါင်မကျွန်း လှည့်လေလော ဟူ၍ပင် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ စာပြန် ကြည့်ရဦးမည်။ နောက်ဆုံး အချနှစ်ခုက ပို၍ မှန်သည် ထင်သည်။ စာပြန်ကြည့်မှပင် သိနိုင်တော့သည်။

လ ကို ရွေးပြီးပြီ။ ရက် ကို ရွေးဖို့ ဦးလှမင်းက ပြောပြီးလျှင် လဆန်း ရွေးမည်၊ လဆုတ် ရွေးမည် စဉ်းစားဖို့ ပြောလေသည်၊ ကျွန်ုပ်က လဆန်းကောင်းကြောင်း၊ လဆန်း ဆိုရာမှာလည်း လဆန်း ၁ ရက်ပင် အဦးဆုံးရက်ဖြစ်၍ ၎င်းကိုပင် ရွေးသင့်သည် ထင်ကြောင်းဖြင့် အကြံပေးလေသည်။ အားလုံး ကြိုက်ညီကြလေသည်။

ကျွန်ုပ်က ကျွန်ုပ်သဘောတွင် တစ်နှစ်တွင် တစ်ရက်မျှ သတ်မှတ်ခြင်းသည် အလကားပင် ဖြစ်ကြောင်း၊ ထိုရက်မှ စ၍ ရက်သတ္တပတ်ခန့်ကို စာပေအမျိုးမျိုး၊ ဝေဖန်ချက်အသစ် နားလည်ချက် စသည်ဖြင့် ဆက်တိုက် အသံလွှင့်၍ တစ်မျိုး၊ စကားပြော၍ တစ်မျိုး ပြုလုပ်သွားသင့်ကြောင်းဖြင့် ပြောဆိုအကြံပေးရာ၊ အမှုဆောင် အဖွဲ့ ဖွဲ့စည်းသည့် အခါတွင်မှ စဉ်းစားဖို့ အကြံပေးကြလေသည်။ ထို့နောက် အမှုဆောင် အဖွဲ့ကို နာယကတစ်ဖွဲ့၊ အမှုဆောင်တစ်ဖွဲ့ ဤသို့အားဖြင့် နှစ်ဖွဲ့ ဖွဲ့လိုက်လေသည်။ အမှုဆောင်အဖွဲ့တွင် ကျွန်ုပ်အား ဥက္ကဋ္ဌလုပ်ဖို့ ဦးလှမင်းက တိုက်တွန်းလေသည်။ ဇော်ဂျီက ထောက်ခံလေသည်။ ဦးသိန်းမောင်၊ ဆရာဟိန်တို့က လူကြီးထဲက ထားလျှင် ပိုကောင်းမည်ဆိုပြီး ဦးဖေမောင်တင်ကို ထားဖို့ အကြံပေးလေသည်။ ကျွန်ုပ်က လက် မခံလိုကြောင်း၊ ဆရာကြီး ဦးဖေမောင်တင်ပင် ကောင်းကြောင်း ပြော၍ ဦးဖေမောင်တင် ကိုပင် ဥက္ကဋ္ဌရွေး၍ ကျွန်ုပ်အား အတင်း "ဆော်ဩသူ" လုပ်နိုင်းသောကြောင့် ကျွန်ုပ်မှာ မငြင်းသာ၍ လက်ခံလိုက်ရလေသည်။

ထို့နောက် စာဆိုနေ့ကို ရုံးပိတ်ရက် လုပ်ပေးဖို့ ဦးသိန်းမောင်က အဆိုပြု၍ အကြံပေးလေသည်။ ဤအတွက်ကိုမူ ကျွန်ုပ်မှာ စိတ်ပါဝင်စားခြင်း မရှိ၍ ကန့်ကွက်

ဝင်မပြောပေ။ ကျွန်ုပ်သဘောမှာ ရုံးပိတ်ရက်လုပ်ရန် မလိုဟုပင် သဘောရရှိလေသည်။ သို့သော် သူတို့၏ အထူး စိတ်ထက်သန်ခြင်းကို မဖိနှိပ်လို၍ ဘာမျှမပြောဘဲ တုဏှိဘော လုပ်နေလိုက်လေသည်။ ဦးလှမင်းက ကျွန်ုပ်အား သူ့ရုံးခန်းတွင် သဘောရှိလာရောက် လုပ်ကိုင်ရန် ဖိတ်မန္တက ပြုလေသည်။ ထို့နောက် အစည်းအဝေး ရုပ်သိမ်းလိုက်လေသည်။

ကဆုန်လဆုတ် ၄ ရက်နေ့တွင် ဝါဒဖြန့်ဖြူးရေး အတိုင်ပင်ခံအဖွဲ့ စည်းဝေး၍ မြို့အမည်၊ လမ်းအမည်များ စဉ်းစားခဲ့ကြလေသည်။ မေမြို့ကို ပြင်ဦးလွင်ဟူ၍ ပေးဖို့နှင့် အခြားအကြံများကို ပေးခဲ့လေသည်။ လဆုတ် ၅ ရက်နေ့ ကျိုက္ကဆံ လယ်သမား ညီလာခံရှိသော်လည်း မသွားရောက်ခဲ့ပေ။ လဆုတ် ၆ ရက်နေ့ စည်ပင်ရေးအဖွဲ့ အထူး အစည်းအဝေးသို့ တက်ရောက်ရာ ဦးကျော်ဇံ မြို့တော်ဝန်အဖြစ် ပထမဆုံးအကြိမ် လာရောက်တက်လေသည်။ ထိုနေ့က စစ်ဝန်ကြီးရုံးက ဘွဲ့တံဆိပ်များ မြန်မာအမည် မှည့်ရေးအတွက် အစည်းအဝေး ဖိတ်ခေါ်ရာသို့ မသွားရောက်နိုင်ခဲ့ပေ။ နောက်မှ ၎င်းတို့ လိုသောအကြံဉာဏ်များကို စာရေး၍ အကြံပေးလိုက်ရလေသည်။ ထိုစာကို စာပေးစာယူဖိုင်တွဲတွင် တွဲထားလေသည်။ ထိုဖိုင်တွဲကိုလည်း ထိုစာဖြင့်ပင် စတင် ဖွင့်လှစ်ရလေတော့သည်။

## ဝါခေါင်လဆုတ် ၁၄ ရက်

(အင်္ဂါနေ့)

ဘယ်နေ့ ဘယ်ရက်က ရေးစပ်ထားသည် မသိ။ အိမ်ပြောင်းရတော့မည် ဖြစ်၍ စာရွက်အတိုအစများ ရှင်းလင်းရာတွင်၊ အောက်ပါ ကဗျာကလေးတစ်ပုဒ် စက္ကူစုတ် တစ်ရွက်ထဲမှ ထွက်ပေါ်လာလေသည်။

ခေတ်သဘောဟာမို့၊ ဖြစ်မပြောသာဘူ၊ စစ်ကြောပါလိုက်
လျှင်။ ။ တန်ခိုးပြ စိုးရကာ ကြိမ်မတော့၊ သမ္မာရှိန် ဝင့်ကာ
မောက်ကြပေသပေါ့၊ ကြောက်စရာပင်။ ။ ပြည်သဘောကိုလ၊
မကြည်မောနိုင်တဲ့အင်၊ ကိုယ်ထင်ရာလုပ်တမ်း။ ။ သည်အတိုင်း
သာဖြင့်၊ ပြည်တိုင်းမှာ ဆာပူလို့၊ ညာသူသာ ဘုန်းရှိန်တောက်ပါ
လိမ့်၊ ကဲရောက်လျှင် အာဏာနှင့် နှိပ်မှာမို့၊ ပဏ္ဍိတ် သူတော်စင်တို့၊
ပွဲမဝင် သည်းဘွင်ထိတ်လို့ရယ်၊ နှုတ်ဆိတ်မည့်လမ်း။ ။

[ ဤအထိသာ ရေးသားခဲ့သည်။ ]

*ဂျပန်နိုင်ငံ စာအုပ်လောကတွင် ပထမ ၆ လအတွင်း အုပ်ရေ ၄ သန်းနီးပါး ရောင်းခဲ့ရသည့် ရောင်းအကောင်းဆုံး စာအုပ်။

*စာရေးသူက လက်နှင့်မရေး၊ နှလုံးသွေးနှင့် ရေးခဲ့သည်ဟု ဖွင့်ဟခဲ့သောကြောင့် Top-Selling author ဖြစ်ခဲ့ရသော စာအုပ်။

*ထိုစာအုပ်ကို အကြောင်းပြု၍ ဂျပန် မီဒီယာ လောကကြီးတွင် သည်းသည်းလှုပ် Media Star ဖြစ်လာသည့်ပြင် ...

*လူမှုရေး နှလုံးသားအရန်အတား ဖယ်ရှားရေးလုပ်ငန်းကြီး၏ ဦးဆောင် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်လာခဲ့ရသူ ...

အိုတိုးထာကဲ ဟီရိုးထဒါ ၏ ကိုယ်တိုင်ရေး

အတ္ထုပ္ပတ္တိကို

( ရဲမြလွင် [ ဂျပန်ဘာသာက တိုက်ရိုက်ပြန်ဆိုလိုက်သော ] )

**ခြေမစုံ လက်မစုံ ကျွန်တော့်ဘဝ အတွေ့အကြုံ**

● မွေးကတည်းက ခြေနှစ်ချောင်းသာမက လက်နှစ်ဖက်ပါ မပါခဲ့သည့် လူငယ်ကလေး တစ်ဦး၏ ဘဝကို စိန်ခေါ်၍ အနိုင်ယူခဲ့သည့် "ကိုယ်အင်္ဂါ အစုံအလင်ဖြင့် သန်သန်မာမာ မွေးဖွားလာသည့်တိုင် လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ ဆိုသကဲ့သို့ အမြဲဆိုသလို စိတ်ဆင်းရဲနေတတ်သူများလည်း ရှိပါသည်။ သို့ဆိုလျှင် ခြေလက်မစုံလင်ဘဲ မွေးဖွားလာလင့်ကစား အမြဲပျော်နေသူလည်း ရှိနိုင်မည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ကိုယ်အင်္ဂါ မသန်စွမ်းမှုနှင့် ပျော်ရွှင်မှု ဆိုသည်မှာ တခြားစီ ဖြစ်ပါသည်" ဟူသော လောကအမြင်ဖြင့် ...

●မူကြိုကျောင်းသားအရွယ်တွင် အခြားကလေးများကို မိမိ၏ ဘီးတပ်ကုလားထိုင်ပေါ်က နေ၍ အခန့်သားထိုင်ကာ လူတွင်ကျယ်လုပ် အမိန့်ပေးခဲ့ပြီး...

●မူလတန်းကျောင်းသားဘဝတွင် ပညာချွန်ကာ...

●အလယ်တန်းတွင် ဘတ်စကက်အသင်းမှာ ဝင်ကစားသည့်ပြင် ကျောင်းကောင်စီဝင် ဖြစ်လာ၍ ...

● အထက်တန်းတွင် မြို့နယ်လုံးဆိုင်ရာ အင်္ဂလိပ် စကားပြောပြိုင်ပွဲတွင် ပထမ ရွံကာ ...

● ယခုအခါ ထိပ်တန်းတက္ကသိုလ် ဝါဆဲဒါတွင် နိုင်ငံရေး စီးပွား[illegible] နောက်ဆုံး နှစ် ကျောင်းသားအဖြစ် ဆည်းပူးရင်း...

● ဂျပန်တစ်နိုင်ငံလုံးသို့ သုံးဘီးတပ် ကုလားထိုင်တစ်စီးဖြင့် [illegible] လှုပ်ရှားနေသူ ဂျပန်လူငယ်ကလေး၏ ဘဝတိုက်ပွဲ အောင်လံထူထောင်[illegible] ဖြစ်ရပ်များ။

စာမူခွင့်ပြုချက်အမှတ် [ ၄၅၉/ ၂၀၀၀(၆) ]



## DIED BUT NOT DEAD

*In the end the man fell*
*never to rise again.*
*But his pen defied death*
*to resurrect a flame.*

*The little words were his blood*
*the little lines his veins.*
*All he wrote and nobly did*
*would ever serve his aims.*

*We see him clear, we hear him well*
*we feel him within us.*
*We know his pen has rightly said*
*" My master died but not dead. "*

**Moe Hein**
**(Son) Journal Kyaw**
**22-7-2000**

# သူဂိုဂျူ
# ဂျာနယ်ကျော်မမလေး